မြန်မာ့
စွယ်စုံကျမ်း
နှစ်ချုပ်



၂၀၀၃

မြန်မာ့
စွယ်စုံကျမ်း

နှစ်ချုပ်



ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၀၃ ခုနှစ်၊ အုပ်ရေ ၇၀၀၀

၂၅၉၁၈

အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်)
(မှတ်ပုံတင်အမှတ် ၉၆၁ - ယာယီ) ဖြင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၈၅- ယာယီ) ဖြင့် ထုတ်ဝေသည်။

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

*စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချမှုန်းကြ။

မြန်မာ့ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်အပါအဝင် မြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များ စီစဉ်ရေးအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၀၃ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်-

(၁) ဦးသော်ကောင်း - ဥက္ကဋ္ဌ
မြန်မာသမိုင်းအဖွဲ့ဝင်၊
မြန်မာသမိုင်းအဖွဲ့

(၂) ဒေါက်တာကျော်စိန် - အဖွဲ့ဝင်
အငြိမ်းစားပညာရေးဝန်ကြီး၊
ပညာရေးဝန်ကြီးဌာန

(၃) ဒေါက်တာမျိုးသန့်တင် - အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ခတ္တိယနည်းပညာ
ပြန့်ပွားရေးလုပ်ငန်း

(၄) ဒေါက်တာ ဦးခင်အေး - အဖွဲ့ဝင်
(မောင်ခင်မင်-နေ့ဖြူ)
ပါမောက္ခ၊ မြန်မာစာဌာန၊
ရန်ကုန်တက္ကသိုလ်

(၅) ဒေါ်တင်ဘုန်းနွယ် - အဖွဲ့ဝင်
စာကြည့်တိုက်မှူးကြီး
တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်

(၆) ဦးမြင့်ကြိုင် - အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်၊
ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန

(၇) ဒေါက်တာ တိုးလှ - အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
တက္ကသိုလ်များသမိုင်းသုတေသန
ဦးစီးဌာန

(၈) ဒေါက်တာခင်မောင်ညွှန့် - အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့ဝင်၊
မြန်မာသမိုင်းအဖွဲ့

(၉) ဦးထွန်းအောင်ချိန် - အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့ဝင်၊
မြန်မာသမိုင်းအဖွဲ့

(၁၀) ဦးတင်ခ (တက္ကသိုလ်တင်ခ) - အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး၊
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(၁၁) ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) - အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ပြန်ကြားရေး
နှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန

(၁၂) ဦးလှကြိုင် (ပါရဂူ) - အဖွဲ့ဝင်
စာရေးဆရာ

(၁၃) ဦးဘသန်း (မဟာဝိဇ္ဇာ) - အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊
ဝန်ထမ်းရေးရာဦးစီးဌာန

(၁၄) ဦးမင်းနိုင် - အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူး၊
ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန

(၁၅) ဒေါ်ကြန် (မကြန်) - အဖွဲ့ဝင်
မြန်မာစာအဖွဲ့ဝင်
မြန်မာစာအဖွဲ့ ဦးစီးဌာန

(၁၆) ဦးမျိုးသန့် (မောင်ဆုရှင်) - အဖွဲ့ဝင်
အကြံပေးအရာရှိ၊ စာပေဗိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁၇) ဦးထွန်းတင့် - အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူး၊
မြန်မာစာအဖွဲ့ ဦးစီးဌာန

(၁၈) ဦးမောင်လှိုင် (မောင်ဆွေငယ်) ... အတွင်းရေးမှူး
စာတည်းမှူးချုပ်၊ စာပေဗိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေးရေးလုပ်ငန်း

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၃) ခုနှစ်
စာတည်းအဖွဲ့

စာတည်း (တာဝန်ခံ) ဦးအုန်းလွင်
စာတည်းများ ဦးခင်မောင်လေး
ဦးစိုးမြင့်သန်း(စိုးမြင့်သန်းမောင်)
ဒေါ်မျိုးမျိုးကြည်

မာတိကာ

ဤကျမ်းကို မရှုစားမီ

အပိုင်း(၁)

၂၀၀၂ ခုနှစ် လအလိုက်ဖြစ်စဉ်များ - - - - - ၁

အပိုင်း(၂)

စာအုပ်စာပေ၊ ပန်းချီပန်းပုယဉ်ကျေးမှု ရေကြောင်းသိပ္ပံ၊ နည်းပညာ၊ အားကစားနှင့်အာသာသာသနာစသည့် နှစ်ချုပ်ဆောင်းပါးများ -

* ရွှေရတုပညာတန်ဆောင် - ဦးသန်းဦး - ၃၄
* မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် - မောင်ကြင်နာ - ၄၈
* ရန်ကုန် ပန်းချီပန်းပုကျောင်း ရွှေရတု အထိမ်းအမှတ် ပန်းချီပန်းပုပြပွဲ - ဦးမင်းနိုင် - ၅၈
* ရည်ညွှန်းစာအုပ်များနှင့် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်၏ အခန်းကဏ္ဍ - ဦးစိုးမြင့်သန်း - ၆၄
* ၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် မြန်မာ - ဒေါက်တာ တင်ထွန်းဦး - ၇၂
* မြန်မာ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ - နွေသင်နိုင် - ၈၂
* စာပေနှင့် သုတဆိုင်ရာစာတမ်းဖတ်ပွဲများ (၂၀၀၂) - ဦးကြည်ထွဏ်း - ၉၂
* နိုင်ငံတော်ပရိယတ္တိသာသနာ တက္ကသိုလ်ကြီးများ - ဦးထွန်းနိုင် (သာသနာရေး) - ၁၀၂

အပိုင်း(၃)

၂၀၀၂ ခုနှစ် အကြောင်းရပ်များ - ၁၀၉
အကျဉ်းချုပ်အညွှန်း - ၃၀၈

ဤကျမ်းကို မရှုစားမီ

ဖော်ပြပါလမ်းညွှန်ကို လေ့ထာဝားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်ဆူအဖြစ် လွယ်ကူစွာအသုံးပြုနိုင်ပါသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီးမြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၃ ခုနှစ်ကို ယခင်ကထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၂ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်ဆစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၀၂ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၂၀၀၃ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၂၀၀၃ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၄ ခုနှစ် ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည်ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြားချ၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၀၂ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့်ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် စာအုပ်စာပေ၊ ပန်းချီပန်းပုယဉ်ကျေးမှု၊ ရေကြောင်းသိပ္ပံနှင့် အခြားနှစ်ချုပ်အထူးဆောင်းပါး စုစုပေါင်း ၈ ပုဒ်ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ တတိယပိုင်း၌ဖော်ပြထားသောအကြောင်းရပ်များသည် ၂၀၀၂ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်းများ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း နိုင်ငံတကာရေးရာများတွင် ထင်ရှားသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသောနှစ်ချုပ်ကျမ်းတွင် ၂၀၀၂ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ-စွယ်စုံနှစ်ချုပ် ၁၉၉၉) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၃ ခုနှစ်ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကိုညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ညွှန်းထားပါသည်။

စာပေဗိမာန်

အပိုင်း - ၁

၂၀၀၂ ခုနှစ် ဖြစ်ရပ်များ

၂၀၀၂ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာမှ ထင်ရှားသည့် ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစု ဖော်ပြထားပါသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၃)

မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များ

၂၀၀၂ ခုနှစ် ဖြစ်ရပ်များ

ဇန်နဝါရီလ

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းည့်ခံသည့် (၅၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ညည့်ခံပွဲနှင့် ညစာစားပွဲကို ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံတွင် ကျင်းပသည်။

၅ ကမ္ဘာလှည့် ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှု ကော်မတီ (၁/၂၀၀၂) အစည်းအဝေးတွင် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) က မြန်မာနိုင်ငံ အရှေ့၊ အနောက်၊ တောင်၊ မြောက်နေရာဒေသများတွင် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားမည့် နေရာများလက်ညှိုးထိုးမလွဲရှိကြောင်း၊ သို့သော် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်း မရှိသေးကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာအောင် တွေးခေါ်ကြံဆ နည်းလမ်းရှာကြံဆောင်ရွက်ရန်လိုကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

၆ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မြို့နယ်အားကစားကွင်းတွင် ကျင်းပသည်။

၈ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို မန္တလေးတိုင်း ချမ်းအေးသာမြို့နယ် ခင်မွန်ကျေးရွာ အားကစားကွင်းတွင် ကျင်းပသည်။

၉ ကရင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ဘားအံမြို့ အနောက်ခြမ်း သံလွင်တံတားအနီးရှိ ဘားကပ်ကျေးရွာတွင် ကျင်းပသည်။

၉ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို မုံရွာခရိုင် ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာ အားကစားကွင်းတွင် ကျင်းပသည်။

၉ ကယားပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို လွိုင်ကော်မြို့ မြို့နယ် အားကစားကွင်းတွင် ကျင်းပသည်။

၁၀ ချင်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ဟားခါးမြို့ ဦးဝမွသူးမောင် အားကစားကွင်းတွင် ကျင်းပသည်။

၁၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပဲခူးတိုင်း ပဲခူးမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် အမှတ် (၂) စက်မှုဝန်ကြီး ဌာန၏ အင်းတကော်စက်မှုနယ်မြေ အလုပ်ရုံများကို ကြည့်ရှုစစ်ဆေး လမ်းညွှန်သည်။

မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို မကွေးမြို့နယ် ကန်ပြားကျေးရွာ အားကစားကွင်းတွင် ကျင်းပသည်။

မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို မော်လမြိုင်မြို့နယ်ရှိ ရာမည အားကစားပြိုင်ဝင်းတွင် ကျင်းပသည်။

၁၂ တနင်္သာရီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ထားဝယ်မြို့ တိုင်းအားကစားကွင်းတွင် ကျင်းပသည်။

၁၃ ပဲခူးတိုင်း (အရှေ့) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ပဲခူးမြို့ နယ် ဘုရားကြီးကျေးရွာရှိ အားကစားကွင်းတွင် ကျင်းပသည်။

၁၄ ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို အောင်ပန်းမြို့ ဘူတာကြီးရှေ့ရှိ ညောင်ပင်ထောင်ကွင်းပြင်တွင် ကျင်းပသည်။

ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို စစ်တွေမြို့ အမြင့်ကွန်းကျေးရွာအနီးရှိ မင်းကျောင်းတံတားကွင်းပြင်တွင် ကျင်းပသည်။

၁၅ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နဝဒေးတံတားကြီးအနီး မင်းကြီးတောင်ပေါ်ကွင်းတွင် ကျင်းပသည်။

၁၆ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု အားကစားကွင်းတွင် ကျင်းသည်။

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ညောင်တုန်းမြို့နယ်၊ သောင်တန်းရွာအနီး ဗိုလ်မြတ်ထွန်းတံတားဘေးတွင် ကျင်းပသည်။

၁၇-၁၉ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် တာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) သို့ သွားရောက်ပြီး မိုင်းလားဒေသ ဘိန်းအစားထိုး နှစ်ရှည်စိုက်ပျိုးရေးခြံ၊ မိုင်းလား အခြေခံပညာအထက်တန်းကျောင်း၊ တာချီလိတ်-မြန်မာ ချစ်ကြည်ရေး တံတားတည်ဆောက်ရေးလုပ်ငန်း၊ လွယ်ဆမ်ဆောဒေသ ဘိန်းအစားထိုး စိုက်ပျိုးရေးစိမံကိန်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ ပုံပါကျင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးလမ်းညွှန်သည်။

၂၀ ၂၀၀၁ ဘဏ္ဍာရေးနှစ် (မတ်လ ၃၁) ကုန်ပိုင်းတွင် ငွေကြေးအကျပ်အတည်း မဖြစ်ပေါ်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းသွားမည်ဟု ဂျပန်ဝန်ကြီးချုပ် ဂျွန်နီချီရိုကုအိဇုမိက ကတိကဝတ်ပြုလိုက်ကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

၂၁ မြန်မာ - ထိုင်းနှင့် ထိုင်း - မြန်မာ ယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်းများက ပူးပေါင်းဆောင်ရွက်ပြုလုပ်သော မြန်မာ - ထိုင်း ချစ်ကြည်ရေးကုန်စည်ပြပွဲ (၂၀၀၂) ခုနှစ် ဖွင့်ပွဲကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ရိုဂျိနားရှမ်းရိုးမကုန်တိုက်တွင် ပြုလုပ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်အမှာစကား ပြောသည်။

၂၁ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့သည် ကမ္ဘောဒီးယား-ထိုင်းနယ်စပ်ဒေသတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဒေသကြီးတစ်ခုကို ပူးတွဲဖန်တီးဖော်ဆောင်သွားရန် ဆုံးဖြတ်ထားကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်ကပြောကြားသည်။

၂၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ ဝမ်ကျူးယုခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိသည်။ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

၂၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး ရောက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ ဝမ်ကျူးယုနှင့်အဖွဲ့အား ပြည်သူ့လွှတ်တော် အဆောက်အအုံ၊ သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

၂၃ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာဝမ်ကျူးယုခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးကောလင်းပါဝဲလ်သည် ပါကစ္စတန်သမ္မတ ဗိုလ်ချုပ်ကြီးပါဗက်ဇ်မူရှာရက်ဖ်နှင့် တောင်အာရှဒေသ၏ နောက်ဆုံးအခြေအနေကို တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးကြောင်း နိုင်ငံတကာသတင်းကွန်ရက် (အင်အင်အိုင်) က သတင်းထုတ်ပြန်သည်။

၂၄ အစွမ်းရေဝန်ကြီးချုပ် အေရီယယ် ရှာရွန်သည် ဖေဖော်ဝါရီလ (၇) ရက်၌ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်သို့ သွားရောက်လည်ပတ်ပြီး အမေရိကန်သမ္မတ ဂျော့ခ်ျဒဗလျူဘုရှ်နှင့် ဆွေးနွေးမည်ဖြစ်ကြောင်း ရှာယွန်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

၂၅ အစ်စရေးဝန်ကြီးချုပ် အေရီယယ် ရှာရွန်သည် ဖေဖော်ဝါရီလ (၇) ရက်၌ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်သို့ သွားရောက်လည်ပတ်ပြီး အမေရိကန်သမ္မတ ဂျော့ခ်ျဒဗလျူဘုရှ်နှင့် ဆွေးနွေးမည်ဖြစ်ကြောင်း ရှာယွန်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

၂၆ နယ်ချဲ့ တော်လှန်ရေး ခေါင်းဆောင် ဆရာစံ နယ်ချဲ့တော်လှန်ရေးကာလက စခန်းချခဲ့သည့် သမိုင်းဝင်အလံတောင်ခြေတွင်ရှိ လယ်ယာမြေဧက ငါးသောင်းကျော် ရေပေးဝေနိုင်မည့် သုံးဆယ် ရေလှောင်တမံဖွင့်ပွဲအခမ်းအနား ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောသည်။

၂၇ The Grand Mee Ya Hta Executive ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းအဆိုပါအဆောက်အအုံတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောသည်။

၂၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေ၊ ဗိုလ်ချုပ်ကြီးမောင်အေး(ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး)နှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး)၊ အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးချုပ် မစ္စတာဝမ်ကျုံးယုနှင့် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်

၂၉ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ် (၃၄) သင်တန်းသား သင်တန်းသူများက ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ မဂ်လာခန်းမတွင် တွေ့ဆုံဂါရဝပြု ဩဝါဒခံယူကြသည်။

၃၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ် (၃၄) မှ သင်တန်းသား၊ သင်တန်းသူများအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံဧည့်ခံဆောင်တွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဖေဖော်ဝါရီလ

၁ ပထမအကြိမ် အာဆီယံလူငယ် (ယူ ၂၀) ဘောလုံးပြိုင်ပွဲ အကြို ဗိုလ်လုပွဲစဉ်များကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပရာ ဒုတိယအကြိုဗိုလ်လုပွဲစဉ်တွင် မြန်မာလူငယ်အသင်းက လာအိုလူငယ်ကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲစဉ်သို့ တက်သည်။ မြန်မာလူငယ်ရှေ့တန်း တိုက်စစ်မှူး ရန်ပိုင်က အဆုံးအဖြတ်ဂိုး သွင်းပေးခဲ့သည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူ ဘုရှ်သည် ၂၀၀၃ ခုနှစ် ဘဂ္ဂလားရေးနှစ်အတွက် ကာကွယ်ရေးဘတ်ဂျက်အစိတ်အပိုင်းအဖြစ် လက်နက်များနှင့် အခြားစစ်ဘက်ဆိုင်ရာ ပစ္စည်းများဝယ်ယူရန် အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၇ ဘီလီယံ တောင်းဆိုမည်ဖြစ်ကြောင်း ဒေသလူထုဆက်သွယ်ရေးက ဖော်ပြသည်။ ယင်းငွေသည် ယခင်နှစ်က လက်နက်ဝယ်ရန် ပင်တဂွန်က ရရှိခဲ့သည့် ဒေါ်လာ ၆၀ ဘီလီယံထက် ၁၀ ရာခိုင်နှုန်း ပိုသည်။

၂ အင်ဒိုနီးရှား သမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီသည် ဂျာကာတာမြို့ အလယ်ပိုင်းမှ ရဲဘောဒုက္ခသည်များထံ သွားရောက်ကြည့်ရှုအားပေးသည်။ ရေလွှမ်းမိုးမှုကြောင့် ဂျာကာတာမြို့ရှိ ဆေးရုံ အချို့ ရေအောက်မြုပ်သည်။

၃ ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကုအိဇုမ်က ဂျပန်နိုင်ငံစီးပွားရေးကျဆင်းနေမှုကို ကယ်တင်ရန်၊ ငွေကြေးအကျပ်အတည်းကို ရှောင်လွှဲရန် လုပ်ဆောင်နိုင်မည့် နည်းလမ်းအားလုံး အပါအဝင် ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်သွားမည်ဟု ပဋိညာဉ်ပြုလိုက်သည်။

၄ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မော်ဘိဗဟိုပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမတွင် ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှု သင်တန်းအမှတ်စဉ် (၄) နှင့် အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၂၃) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ဩဝါဒစကား မြွက်ကြားသည်။

သြစတြေးလျ ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်သည် အင်ဒိုနီးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိပြီး ဒေသဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များကို အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီနှင့် ဆွေးနွေးသည်။

၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယ ဗိုလ်ချုပ်မှူးကြီး) ၏ ဖိတ်ကြားချက်အရ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် Admiral Narong Yuthavong (RTN) နှင့် လက်နှင့် အဖွဲဝင်များသည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိသည်။ ထိုင်းချစ်ကြည်ရေးအဖွဲသည် ဤလ (၉) ရက်နေ့၌ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသည်။

၈ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိသော ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် Admiral Narong Yuthavong (RTN) နှင့်အဖွဲအား ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

၁၀ ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ (၆၁) ရပ်ကွက် စစ်တောင်းလမ်းရှိ ဓမ္မာစရိယတက္ကသိုလ်အလို တော်ပြည့် ကျောင်းတိုက်တွင် တည်ဆောက်မည့် အာဟာရသုခဆွမ်းစားဆောင် ဆောက်လုပ်ရေးနှင့် ဓမ္မာစရိ

ဂျာကာတာမြို့အလယ်ပိုင်း ရေလွှမ်းမိုးမှုမြင်ကွင်းတစ်ခု

ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယ ဗိုလ်ချုပ်မှူးကြီး) နှင့် ဇနီး ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိ ချုပ်နှင့် အဖွဲ့ဝင် များအားကြိုဆို နှုတ်ဆက်စဉ်

ယ တက္ကသိုလ်ဆောက်လုပ်ရေးအတွက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) ထံ ရုပ်ရှင် သရုပ်ဆောင်အကယ်ဒမီထက်ထက်မိုးဦး က ကျပ်သိန်း ၄၅၀၊ ဒေါ်သက်ရီ (ဂျက်ကော့)က ကျပ် ၁၀ သိန်း အပါ အဝင် အလှူရှင်အသီးသီးက အလှူငွေ အစုစုလှူဒါန်းကြသည်။

၁၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ၂၀၀၂ ခုနှစ် (၅၅) နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ ကို ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်ဝင်းအတွင်း မြက်ခင်းပြင်တွင် ကျင်းပသည်။

၁၄ ဧရာဝတီတိုင်း ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် နတ်မောက် တိုက်နယ် စခန်းကြီးကျေးရွာအုပ်စု ရွာမ နယ်မြေနေ တောင်သူကြီး ဦးမြင့်ကြည် ၏ လယ်မြေအတွင်း ၈-၁၁-၂၀၀၁ ရက် နေ့က မြေကြီးတူးရာမှ ရွှေဟောင်းရွှေ ထည်ပစ္စည်းများ တွေ့ရှိပြီး ယင်ကျေးမှု ဝန်ကြီးဌာနသို့ ပေးအပ်ခဲ့ကြသူ ခုနစ်ဦး ကို ဂုဏ်ပြုဆုငွေ ကျပ် ၁၆ သိန်း ချီးမြှင့် လိုက်သည်။

သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် ရန်နီးဝိကရီမီဆင်ဂီနှင့် အဆင့်မြင့်အရာ ရှိကြီးများသည် နှစ်နိုင်ငံအကြား ကမ္ဘာ လှည့်ခရီးသွားလုပ်ငန်း တိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရန် စင်ကာပူ နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွား ရောက်သည်။

၁၈ ထူထောင်ရန် စီစဉ်ထားသော အမေရိကနိုင်ငံများ၏ လွတ်လပ် သော ကုန်သွယ်ရေးဒေသ (အက်ဖ်တီ အေအေ) သည် အမေရိကန်ပြည် ထောင်စု၏ ကိုလိုနီပြုရေး လက်နက်ကိရိ ယာတစ်ခုသာ ဖြစ်ကြောင်း ကျူးဘား သမ္မတ ဖီဒယ်ကက်စထရိုက ဝေဖန်ပြော ကြားလိုက်သည်။

၁၉ ပြည်ထောင်စု ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်းလုံးကျွတ် အထူးအစည်းအဝေး (၂၀၀၂) ပထမနေ့ အစီအစဉ်များကို မော်ဘိမြို့နယ် ပဟို ပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စု ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှူ ဆောင်များ စီမံခန့်ခွဲရေးသင်တန်း ကျောင်း၏ ပြည်ထောင်စုခန်းမတွင် ကျင်းပသည်။ပြည်ထောင်စု ကြံခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်ဩဝါဒစကား မြွက်ကြား သည်။

၂၀ ပြည်ထောင်စု ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း သင်းလုံးကျွတ်အစည်း အဝေး (၂၀၀၂) သို့ တက်ရောက်လာကြ သည့် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း အသီးသီးမှ ကိုယ်စားလှယ် များအား ကုန်းမြင့်သာယာလေယာဉ်ကွင်း ခန်းမတွင်ဂုဏ်ပြုစကားပြောကြားခဲ့သည်။

၂၁ အရှေ့တောင်အာရှ နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ တံခါးပိတ် အစည်းအဝေးကို ထိုင်းနိုင်ငံတောင်ပိုင်း အပန်းဖြေမြို့တော်ဖူးကက်တွင် ကျင်းပသည်။ ယင်းအစည်းအဝေးတွင် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး၊ ဒေသတွင်း ပိုမိုလွတ်လပ်သည့် ကုန်သွယ်မှုရရှိအောင် ဆောင်ရွက်ရေးနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ ဆန်းသစ်ရှင်သန်လာစေရေး အစီအစဉ်များကို ဆွေးနွေးကြသည်။

၂၂ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌနှင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) ထံသို့ အလှူရှင်များက အလှူငွေ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို အင်းလျားလမ်း တပ်မတော်ဧည့်ဂေဟာတွင် ကျင်းပသည်။

၂၄ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် သံဃာတော်အပါး ၁၀၀၀ အရုဏ်ဆွမ်းလောင်းလှူပွဲကို မင်းဓမ္မကုန်းတော်တွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူသည်။

၂၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။ အတွင်းရေးမှူး (၁) သည် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ၊ သင်ကြားရေး ပရဆေးဥယျာဉ်၊ ပုသိမ်ကြီးမြို့နယ်ရှိ အစိုးရနည်းပညာကောလိပ်တို့ကို စစ်ဆေးသည်။ Flying Wheel စက်မှုကုန်ထုတ်လီမိတက်၏ စပါးနှံတံဆိပ်စက်ဘီးတာယာနှင့် ကျွတ်စက်ရုံဖွင့်ပွဲ၊ စီဝိုင်တီစက်မှုကုန် ထုတ်လီမိတက်၏ ပျံလွှားချည်မျှင် စက်ရုံဖွင့်ပွဲများကို တက်ရောက်ချီးမြှင့်သည်။

၂၇ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် မင်္ဂလာအခမ်းအနားကို မင်းဓမ္မကုန်းတော်တွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား အရုဏ်ဆွမ်းနှင့် ရွှေကြာသင်္ကန်းကပ်လှူပူဇော်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) သည် တာဝန်ရှိသူများ လိုက်ပါလျက် သကြားစက် (ကန့်ဘလူ) စီးပွားဖြစ် သကြားထုတ်လုပ်မှုကို သွားရောက်စစ်ဆေးသည်။

၂၈ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တာဝန်ရှိသူများ လိုက်ပါလျက် ဧရာဝတီတိုင်း ညောင်တုန်းမြို့သို့ ရောက်သည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရွှေလောင်းတံတားနှင့် ဝါးခယ်မတံတား စီမံကိန်း၊ ပန်းတနော်မြို့နယ် မိုးကုပ် - ဒီးဒုတ် (တောင်) ရေနက်ကွင်း နွေစပါး အောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုစစ်ဆေးပြီး ပုစွန်မွေးမြူရေး စီးပွားဖြစ်လုပ်ကိုင်ရန်၊ ဆီအုန်းတိုးချဲ့ စိုက်ပျိုးရန် လမ်းညွှန်သည်။

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ ကမ္မဗလကုန်းတော်တွင် တည်ထားကိုးကွယ်သည့် မဟာရွှေစည်ကြီးစေတီတော် ဒုတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ယင်းစေတီတော် ပရိယတ္တိစာသင်တိုက် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနား ကျင်းပသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက် ကြည်ညိုကြသည်။

မတ်လ

၁–၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) သည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မန္တလေးမှ ကချင်ပြည်နယ် ပူတာအိုမြို့သို့ ရောက်ရှိသည်။ ပူတာအိုမြို့ ဗန္ဓုလခန်းမတွင် ပူတာအိုခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။ ဤလ ၂ ရက်နေ့၌ မချမ်းဘောမြို့နယ် ရှေးဟောင်းသမိုင်းဝင်ကောင်းမှုလုံ စေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ ဇနီး ဒေါ်မြမြစန်းနှင့်အတူ တက်ရောက်ကြည်ညိုသည်။ ဤလ ၃ ရက်နေ့၌ မိုးညှင်းမြို့နယ် အင်းတော်ကြီး ဒေသ ရွှေမဥူဘုရားကို ဖူးမြော်ကြည်ညိုသည်။ ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယ ဗိုလ်ချုပ်မှူးကြီး) သည် ဤလ ၁ ရက်မှ ၄ ရက်အထိ ပူတာအို၊ မချမ်းဘော၊ ဆွမ်ပရာဘွမ်၊ ဖားကန့်မြို့များသို့ လှည့်လည်သွားရောက်ကာ ကချင်ပြည်

နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး လမ်းညွှန်သည်။

၂ အီဂျစ်သမ္မတ ဟို့စ်နီမူဘာရက်သည် အစ္စရေး - ပါလက်စတိုင်း ကိစ္စအပါအဝင် ဆော်ဒီအာရေဗျနိုင်ငံ၏ ငြိမ်းချမ်းရေး ဦးဆောင်မှုအသစ်နှင့် စပ်လျဉ်း၍ အမေရိကန်သမ္မတ ဒဗလျူ ဘုရှ်နှင့် ဆွေးနွေးရန် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသည်။

၃ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အာဆီယံလူငယ် (ယူ ၁၇) ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲကာ ချန်ပီယံဆုဖလားနှင့် အသန့်ရှင်းဆုံးဆုဖလား ဆွတ်ခူးရရှိသည့် မြန်မာလူငယ်ဘောလုံး အသင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွှန့် (ယခု ဗိုလ်ချုပ်ကြီး) က မြန်မာလူငယ်အသင်းအား ရန်ကုန်တက္ကသိုလ်ရှေ့တွင် နှုတ်ဆက်ဂုဏ်ပြုသည်။

၅ ဆွစ်ဇာလန်နိုင်ငံ ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်ရေးကို လိုလားကြောင်း ဆွစ်ပြည်သူများက ဆန္ဒမဲပေးခဲ့ကြသဖြင့် စိတ်သက်သာရာရ၊ ဝမ်းသာပျော်ရွှင်ကြရကြောင်း ဆွစ်ဇာလန်နိုင်ငံရှိ တာဝန်ရှိပုဂ္ဂိုလ်များက ဂျီနီဗာမြို့တွင် ထုတ်ဖော်ပြောဆိုသည်။

၆ ရန်ကုန်မြို့ အင်းလျားလမ်း တပ်မတော် ဧည့်ဂေဟာတွင် သက်ဆိုင်ရာက ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့် တွေ့ဆုံ၍ အထူးသတင်းစာ ရှင်းလင်းပွဲတစ်ရပ် ကျင်းပသည်။ သတင်းစာရှင်းလင်းပွဲတွင် ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ်ဗိုလ်ချုပ်ကျော်ဝင်းက မေခလမ်းနေ ဦးအေးဇော်ဝင်းနှင့် သားများဖြစ်ကြသော အေးနေဝင်း၊ ကျော်နေဝင်းနှင့် ဇွဲနေဝင်းတို့အား နိုင်ငံတော်အာဏာသိမ်းရန် ကြံစည်မှုနှင့် တပ်မတော်အတွင်း သွေးခွဲ၍ ပဋိပက္ခဖြစ်စေရန် လှုပ်ရှားဆောင်ရွက်မှုများကြောင့် သက်ဆိုင်ရာက အချိန်မီထိန်းသိမ်းလိုက်ကြောင်း၊ အဆိုပါ ဦးအေးဇော်ဝင်းသည် ဦးနေဝင်း၏ သားမက်၊ ဒေါ်ခင်စန္ဒာဝင်း၏ ခင်ပွန်းဖြစ်ပြီး အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့သည် ဦးနေဝင်း၏ မြေးများဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၁၁ အမေရိကန်ပြည်ထောင်စု၏ မူးယစ်ဆေးဝါးဆိုင်ရာ နှစ်စဉ်အစီရင်ခံစာနှင့် သမ္မတအိမ်ဖြူသတင်းပြန်ကြားရေးအတွင်းဝန်က ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ထုတ်ပြန်သော "တရားမဝင် မူးယစ်ဆေးဝါးများ ထုတ်လုပ်သည့် နိုင်ငံများနှင့် မူးယစ်ဆေးဝါးဖြတ်သန်းသယ်ဆောင်သည့် နိုင်ငံများအပေါ် အမေရိကန်သမ္မတ၏ နှစ်စဉ်အကဲဖြတ်ခြင်း" တို့၌ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အားထုတ်ဆောင်ရွက်ချက်များအပေါ် အမေရိကန်ပြည်ထောင်စုက မသိကျိုးကျွံထပ်မံပြုလုပ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။

၁၂ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် တွေ့ဆုံလျက် အထူးသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ အင်းလျားလမ်း တပ်မတော်ဧည့်ဂေဟာတွင် ကျင်းပသည်။ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီ ပေါ်ပေါက်ရေး ဖော်ဆောင်နေသည့် တပ်မတော်အစိုးရ၏ မူဝါဒကို သွေဖည်ပြီး ဦးအေးဇော်ဝင်း၊ အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့ နိုင်ငံတော်လုပ်ကြံမှုကြီးတစ်ခု ကျူးလွန်ရန် ကြံစည်ခဲ့ကြောင်း၊ တပ်အင်အား တစ်ခုသုံးပြီး ဦးနေဝင်း၏အရှိန်အဝါဖြင့် လက်ရှိ နိုင်ငံခေါင်းဆောင်များအား အကျပ်ကိုင်ရန် ရည်ရွယ်ခဲ့ကြောင်း၊ မိသားစု အာဏာထူထောင်ရေးနှင့် မိသားစုအကျိုးစီးပွား တစ်ခုတည်းကိုသာ ရှေ့တန်းတင်ပြီး လှုပ်ရှားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံသားအားလုံး လိုလားနေသည့် ခေတ်မီဖွံ့ဖြိုးသောနိုင်ငံတော်သစ် ဖော်ဆောင်ရေးလမ်းကြောင်း တိမ်းစောင်းသွားနိုင်ကြောင်း၊ ရာဇဝတ်ကြောင်းအရ ပြစ်မှုများသာမက စီးပွားရေးဆိုင်ရာ ဥပဒေချိုးဖောက်မှုများ ကျူးလွန်ထား၍ အရေးယူသွားမည်ဖြစ်ကြောင်း စသဖြင့် အထူးသတင်းစာရှင်းလင်းပွဲတွင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်ဗိုလ်ချုပ်ကျော်ဝင်းက ရှင်းလင်းပြောကြားသည်။

၁၆ ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အကျုံးဝင်သော မအူပင်မြို့တွင် တက္ကသိုလ်နှင့်ကောလိပ်များ တည်ဆောက်ရေး၊ ခုတင် ၂၀၀ ဆံ့ အထူးကုဆေးရုံကြီး အဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းများ၊ လုပ်ငန်းရပ်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွှန့် (ယခု ဗိုလ်ချုပ်ကြီး) သည် တာဝန်ရှိသူများလိုက်ပါလျက် မအူပင်မြို့သို့ ရောက်ရှိသည်။ အတွင်းရေးမှူး (၁) သည် မအူပင်တက္ကသိုလ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်များ တည်ဆောက်မည့်မြေနေရာ၊ မအူပင်ခရိုင်ဆေးရုံ၊ မအူပင် စက်မှုလက်မှုသိပ္ပံများအပြင် မအူပင်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အနေအထားများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

၁၈ နိုင်ငံတော်အာဏာသိမ်းရန် ကြံစည်မှုနှင့် တပ်မတော်အတွင်း သွေးခွဲ၍ ပဋိပက္ခဖြစ်စေရန် လှုပ်ရှားဆောင်ရွက်မှုများကြောင့် သက်ဆိုင်ရာက အချိန်မီထိန်းသိမ်းခဲ့ပြီးနောက် ထပ်မံဖော်ထုတ်ရရှိသည့် အချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပသတင်းစာ

ဆရာများနှင့် တွေ့ဆုံကာ အထူးသတင်းစာ ရှင်းလင်းပွဲတစ်ရပ်ကို အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဝေဟာတွင် ကျင်းပသည်။ သတင်းစာရှင်းလင်းပွဲတွင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက နိုင်ငံတော်အာဏာသိမ်းယူရေးနှင့် တပ်မတော်ဖြုံခွဲရေးကြိုးပမ်းမှုတွင် ဦးနေဝင်း၏မိသားစုများ ပါဝင်နေကြောင်း၊ ဦးအေးဇော်ဝင်း၊ ဒေါ်ခင်စန္ဒာဝင်းနှင့်သားများ ဦးနေဝင်း၏လုံခြုံရေးတပ်ခွဲအား ခါးပိုက်ဆောင်တပ်အသွင် အသုံးချခဲ့ကြောင်း၊ ဘိုးတော်ဆိုသူတစ်ဦးကို ဖွင့်ဟပြောဆိုပြီး အောင်မြင်စေရေး စောင့်ရှောက်ပေးရန် ပြောကာ ငွေကျပ် သုံးသိန်းပေးခဲ့ကြောင်း စသည်ဖြင့် ထည့်သွင်းရှင်းလင်းပြောကြားသည်။

၂၀ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုဆောင်၌ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟို အဖွဲ့၏ မြန်မာနိုင်ငံမူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပသည်။ သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်နိုင်ငံသံရုံး ယာယီတာဝန်ခံ Ms. Priscilla A Clapp က ဝါရှင်တန်မြို့၌ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Rand Beers ၏ ပြောကြားချက်ကြောင့် ရှုပ်ထွေးခဲ့ရသည်ကို ဝါရှင်တန်က စိတ်မကောင်းဖြစ်ရပါကြောင်း၊ "ညီညွတ်သော'ဝ' ဒေသစစ်တပ်ကို အမေရိကန်က အကြမ်းဖက်အုပ်စုတစ်ခုအဖြစ် မရှုမြင်ပါကြောင်း" ရှင်းလင်းပြောကြားသည်။

၂၁ SURA ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူ ရွက်ဆစ်အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချနေမှုများ၊ ပါခြိုးစခန်းတိုက်ပွဲတွင် လုပ်ကြံဖန်တီးခဲ့မှုနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့် တွေ့ဆုံသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို အင်းလျားလမ်းတပ်မတော်ဧည့်ဝေဟာတွင်ကျင်းပသည်။

၂၂ ၇၄ ကြိမ်မြောက် အော်စကာဆုခံမြှင့်ပွဲအခမ်းအနားကို အမေရိကန် ပြည်ထောင်စု လော့စ်အိန်ဂျလိတွင် ကျင်းပသည်။ အေဗျူးတီးဖူးလ်မိုင်းက အကောင်းဆုံး ဇာတ်ကားဆု၊ အကောင်းဆုံး ဒါရိုက်တာဆုကို ယင်းကားရိုက်ကူးသူ ရွန်.ဟိုးဝပ်က ရရှိပြီး ဒဏ္ဍဝါရှင်တန်က 'ထရိန်နင်ဒေး' ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆု၊ ဟေးလီဘယ်ရီက 'မွန်းစတားဘောလ်' ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆု အသီးသီးဆွတ်ခူးရရှိသည်။

၂၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တာဝန်ရှိသူများ လိုက်ပါလျက် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိပြီး (၅၇) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ပြသမည့်ပြခန်းများကို ကြည့်ရှုစစ်ဆေးလိုအပ်သည်များကို လမ်းညွှန်သည်။

၂၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော်ဩဝါဒိစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို တပ်မတော်မွာရုံတွင် ကျင်းပသည်။

၂၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဦးဝိစာရလမ်း၊ တော်လှန်ရေးပန်းခြံတွင် ကျင်းပသော (၅၇) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၂၆ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ကျင်းပသည်။ အဆိုပါဆက်ကပ်လှူဒါန်းပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်၍ သံဃာတော်အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်သည်။

SURA ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူ ရွက်ဆစ်အဖွဲ့၏ အကြမ်းဖက်မှု လုပ်ရပ်များ၊ မူးယစ်ဆေးဝါးထုတ်လုပ် ရောင်းချနေမှုများ၊ တပ်မတော် ပါခြိုးစခန်းတိုက်ပွဲတွင် လုပ်ကြံဖန်တီးမှုများနှင့် ပတ်သက်၍ ကိုယ်တိုင်ပါဝင်ခဲ့ကြပြီး မကြာမီက လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်လာခဲ့ကြသော ရွက်ဆစ်အဖွဲ့မှ တပ်ခွဲမှူးအဆင့် ကွမ်းခမ်း၊ တပ်စုမှူးအဆင့် အိုက်မောင်နှင့် တပ်သားအဆင့် အိုက်ပီးတို့အား မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများက ဖြစ်ရပ်အမှန်များနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခြင်း အခမ်းအနားကို တပ်မတော်ဧည့်ဝေဟာ

တွင် ကျင်းပသည်။ ဤလ ၂၉ ရက်နေ့တွင် အဆိုပါရွက်ဆစ်အဖွဲ့မှ ကွမ်းခမ်း၊ အိုက်မောင်နှင့် အိုက်ပီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများက ဖြစ်ရပ်မှန်များနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခြင်း အခမ်းအနားကို ဆက်လက်ပြုလုပ်သည်။

ဧပြီလ

၁ တရုတ်နိုင်ငံ၏ ရှန်ကျိ (၃) ဟု အမည်ပေးထားသော တတိယမြောက် လူမပါသည့် အာကာသယာဉ်ထိပ်ဖူးသည် ကမ္ဘာကို (၁၀၈) ကြိမ်မြောက် လှည့်ပတ်ပြီးနောက် မွန်ဂိုလီးယားဒေသတွင် ကမ္ဘာမြေပြင်သို့ အောင်မြင်စွာ ပြန်ဆင်းနိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ကြေညာသည်။

၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယ ဗိုလ်ချုပ်မှူးကြီး) သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Commission of Science, Technology and Industry for Nation Defence, Vice Minister, Mr. Zhang Weimin နှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၅ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၄) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက် မိန့်ခွန်းပြောကြားပြီး သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

၆ အိန္ဒိယ၊ မြန်မာ၊ ထိုင်းသုံးနိုင်ငံ သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (India-Myanmar-Thailand Ministerial Meeting on Transport Linkages) ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွှန့် (ယခု ဗိုလ်ချုပ်ကြီး ခင်ညွှန့်) တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၇ အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီ ဆိုကာနိုပူထရီသည် အလည်အပတ်ရောက်ရှိနေသော အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ် ဘီဇိုလစ်နှင့် တွေ့ဆုံပြီး အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးနှင့်နိုင်ငံရေးအခြေအနေအပြင် နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စများကို ဆွေးနွေးကြကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၈ ကျိုင်းတုံမြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ရောက်ရှိလာရာလေဆိပ်တွင်တာဝန်ရှိသူများက ကြိုဆိုကြစဉ်

မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ တြိုက်ဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ကျိုင်းတုံမြို့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် အစိုးရနည်းပညာကောလိပ် တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို လှည့်လည်စစ်ဆေးကြည့်ရှုပြီး ကျိုင်းတုံမြို့နယ်ရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တောင် အာရှဒေသအတွင်း ဆင်းရဲနွမ်းပါးသူ ပိုမိုများပြားလာခြင်းနှင့် လုံခြုံမှုကင်းမဲ့ခြင်းတို့ကို ကျော်လွှားနိုင်မည့် အစီအစဉ်တစ်ရပ် ဖော်ဆောင်သွားရန် တောင်အာရှဒေသ အတွင်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (အက်စစ်အေအေအာစီ) ဝင်များအား ပါကစ္စတန် သမ္မတ ပါဗက်ရ်မူရှာရက်ဖ်က ဆော်သြလိုက်သည်။

၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ဖောင်တော်ဦးဘုရားရုပ်ပွားတော်များနှင့် ရွှေဟောင်းသမိုင်းဝင် အလိုတော်ပေါက် ဘုရားတို့ကို ဖူးမြော်ကြည်ညိုကြသည်။

၁၂ အာရှတိုက်သည် ပြန်ကြားရေးနည်းပညာခေတ် အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ပြီး ၂၁ ရာစုအတွင်း ကမ္ဘာ့စီးပွားရေးအချက်အချာဒေသတစ်ခုဖြစ်လာအောင် ကိုယ်တိုင်ဖန်တီးသွားရန် ကြိုးပမ်းသင့်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် လီဟန်ဒွန်က ပြောကြားလိုက်သည်။

၁၃–၁၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မန္တလေးတိုင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းများသို့ သွားရောက်၍ လမ်း၊ တံတားတည်ဆောက်ရေး စီးမံကိန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၁၇ အိန္ဒိယမီးရထား နှစ် (၁၅၀) ပြည့် အခမ်းအနားကို နယူးဒေလီမြို့ရှိ ရထားပြတိုက်တွင် ကျင်းပရာဝန်ကြီးချုပ် အတားလ်ဘီဟာရီဗာဂ်ပါယီ တက်ရောက်၍ အခမ်းအနားကိုဖွင့်လှစ်ပေးသည်။

၁၆ တူနီးရှားနိုင်ငံနှင့် နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆက်သွယ်မှုများ ပိုမိုခိုင်မာအောင်ပြုလုပ်ရန် အထူးသဖြင့် အဆင့်မြင့်ဆက်ဆံမှုများ ပြုလုပ်သွားရန် တူနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်သမ္မတ ကျန်ဇီမင်းက ကမ်းလှမ်းပြောကြားလိုက်သည်။

၀၉ နိုပေါနိုင်ငံသည် တရုတ်ပြည်နှင့် ကောင်းမွန်သော ဆက်ဆံမှုများ ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း ဘုရင်ဂျာနင်ဒရာက သန္နိဋ္ဌာန်ပြုပြောကြားသည်။

တူရကီနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှုများ တိုးမြှင့်ရန်အတွက် ပိုမိုဆောင်ရွက်ကြရန် တူရကီ၌အလည်အပတ်ရောက်ရှိနေသော တရုတ်ဝန်ကြီးချုပ် ကျွန်ုံကျိက အစ္စတန်ဘူလ်မြို့တွင် တိုက်တွန်းလိုက်သည်။

၂၀ ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိုသည် အလည်အပတ်ရောက်ရှိနေသော တရုတ်အိုလံပစ်ကော်မတီဥက္ကဋ္ဌ ယွမ်ဝီမင်းခေါင်းဆောင်သည့် တရုတ်အားကစားကိုယ်စားလှယ်အဖွဲ့အား ဟာဗားနားမြို့၌ လက်ခံတွေ့ဆုံဆွေးနွေးကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

၂၁ နိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ပဲခူးတိုင်းအနောက်ပိုင်း မင်းလှမြို့နယ် ကံတင်ဘီးလင်းရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၃–၂၆ ပြည်ထောင်စု မြန်မာနိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့် ဇနီး ဒေါ်မြမြစန်းတို့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

၂၉ အမေရိကန် ပြည်ထောင်စုသည် တရုတ်-အမေရိကန်ဆက်ဆံရေး ပိုမိုကောင်းမွန်အောင်ဖန်တီးကာ တရုတ်တစ်ပြည်တည်း မူဝါဒနှင့် တရုတ်-အမေရိကန် ပူးတွဲကြေညာချက် သုံးရပ်ကို တိတိကျကျ အလေးထားလိုက်နာလိမ့်မည်ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံက မျှော်လင့်ထားကြောင်း သမ္မတကျန်ဇီမင်းက ပြောကြားသည်။

၂၆ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် အထူးလေယာဉ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့် ဇနီးဒေါ်မြမြစန်းတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

၂၇ ဂျပန်နိုင်ငံနှင့် မိတ်ဆွေဖြစ်မှု၊ ပူးပေါင်းဆောင်ရွက်မှုကို ကျစ်လျစ်ခိုင်မာအောင် ဆောင်ရွက်ရေးနှင့် တိုးချဲ့သွားရန်မှာ ဗီယက်နမ်နိုင်ငံ၏ တစ်သမတ်တည်းနှင့် ရေရှည်သဘောဆောင်သော မူဝါဒပင်ဖြစ်သည်။ ဧည့်သည်တော် ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကိုအိဇုမိနှင့် တွေ့ဆုံဆွေးနွေးစဉ် ဗီယက်နမ်ဂန်ကြီးချုပ် ဖန်ဗန်ခိုင်က ယင်းသို့ ထုတ်ဖော် ပြောကြားလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၉ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ရန်ကုန်မြို့ တပ်မတော် ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားပြီး ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သည်။

အမေရိကန်နှင့် ရုရှားနိုင်ငံတို့ မေလ ထိပ်သီးအစည်းအဝေး မတိုင်မီ နျူကလီးယားလက်နက်များ လျှော့ချရေး သဘောတူချက်မရနိုင်ဆိုသော အခြေအနေ လက္ခဏာများ ပေါ်ပေါက်နေခိုက်မှာပင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစ်ဖဲလ်သည် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီအိုင်ဗာနော့နှင့် မော်စကိုလေဆိပ်တွင် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်ဟု ရိုက်တာကသတင်းဖော်ပြသည်။

၃၀ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသည့်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) အား နှုတ်ဆက်စဉ်

အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၀၂) ကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖန္ဓမ်းပင်မြို့ ဗွီးပရိမီရိုအရပ်၌ ဘုရင့်လယ်ယာစိုက်ပျိုးရေး လယ်ထွန်မင်္ဂလာအခမ်းအနား ပွဲတော်ကြီးကို ဘုရင်နိုရိုဒွန်သီဟာနုနှင့် မိဖုရားမိုနီနိတ်သီဟာနုတို့ ကြီးကြပ်မှုဖြင့် ကျင်းပသည်။ ယင်းပွဲတော်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ ပျိုးကြရာသီ စတင်သည့်အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်သည်။

မေလ

၁ ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဒုတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်အောင်မြင်ပြီးစီးခြင်း ရေစက်ချမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညိုပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) က ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်တွင် တင်လှူပူဇော်ပေးသည်။

၂ မြန်မာ - အိန္ဒိယ အဏ္ဏဝါသိပ္ပံ ပညာရှင်များ ပူးပေါင်းဆောင်ရွက်သည့် ကပ္ပလီပင်လယ်ပြင် လေ့လာသုတေသနပြုခြင်း ဆိုင်ရာ ရှင်းလင်းတင်ပြပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ နန်းသီတာဆိပ်ကမ်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်ချီးမြှင့်သည်။

ဆူကလီးယား ထိပ်ဖူးများ သိုလှောင်ထားမှုကို လျှော့ချရန်အတွက် အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့၏ စေ့စပ်ဆွေးနွေးမှုများမှာ တိုးတက်မှုရှိလာကြောင်း၊ သို့သော် ကွဲလွဲချက်များ ရှိနေသေးကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ပြောကြားသည်။

၄ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ရဲမြင့်(ယခု ဒုတိယဗိုလ်ချုပ်ကြီး)၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဦးစီးအရာရှိချုပ် (ရေ)၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မန္တလေးတိုင်းနှင့် ပဲခူးတိုင်းသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက် တိုးတက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၅ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာထရန်ဒတ်လောင်ခေါင်းဆောင်သည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

၆ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာထရန်ဒတ်လောင်က ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

မျက်မှောက်ခေတ်ကာလတွင် ကမ္ဘာပေါ်၌ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှု အခြေအနေသစ်များကို ရင်ဆိုင်ကြုံတွေ့နေရပေရာ ထိုအခြေအနေမျိုးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်ကြရာ၌ မိမိကိုယ်ကို အန္တရာယ်ဖြစ်စေသည့် မည်သည့်စနစ်၊ မည်သည့်သဘောတရားရေးကိုမဆို လက်မခံသင့်ကြောင်း၊ မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က ပြောကြားသည်။

၇ မြန်မာ - တရုတ်နိုင်ငံ သဘောတူညီချက်များ အကောင်အထည်ဖော်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်ဆွေးနွေးမှာကြားသည်။

၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေး

နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မေ ၅ ရက်မှစတင်၍ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သော ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ထရန်ဒတ်လောင်ခေါင်းဆောင်သည့် ဗီယက်နမ်နိုင်ငံ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

၉/၁၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယ ဗိုလ်ချုပ်မှူးကြီး) သည် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ရှမ်းပြည်နယ်သို့ သွားရောက်၍ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၀) သင်တန်းဆင်းပွဲနှင့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀၅) သင်တန်းဆင်းပွဲများသို့ တက်ရောက်ချီးမြှင့်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၁၀ ဗီယက်နမ်နိုင်ငံသည် တရုတ်ပြည် အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်ပြီး ဒေသအတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်စေရန် အစဉ်ထာဝရဆန္ဒပြုကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်ဖန်ဗန်ခိုင်ကပြောကြားသည်။

၁၄ Bagan Cybertech Company Limited နှင့် ထိုင်းနိုင်ငံ Shin Satellite Company Limited တို့အကြား သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ချုပ်ဆိုပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) ၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်ချီးမြှင့်သည်။

၁၅ ပါကစ္စတန်သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ် မူရှာရက်ဖ်သည် ပါကစ္စတန်နိုင်ငံသို့ လာရောက်လည်ပတ်နေသော ဧည့်သည်တော်တရုတ်ပြည်သူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတကြီး မစ္စတာထရန်ဒတ်လောင်နှင့်အတူ စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်တွင် အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) အလုပ်သင်ဗိုလ်လောင်းအမှတ်စဉ် (၃၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ အလုပ်သင်ဗိုလ် ဗိုလ်လောင်း သီဟအောင်အား ငွေဆုချီးမြှင့်စဉ်

သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတန်ကြားရွှန်အား ရဝါပင်ဒီမြို့ရှိ ၎င်း၏သမ္မတရုံးတွင် လက်ခံတွေ့ဆုံသည်။

၁၆ ဂျက်ရှိရက် (၆၉)နှစ်ကို ပြင်သစ်နိုင်ငံ၏ သမ္မတအဖြစ် ငါးနှစ်သက်တမ်းသစ်အတွက် တရားဝင်အပ်နှင်းလိုက်သည်။

ယခင် ဆိုဗီယက်ပြည်ထောင်စုထံမှ အမွေဆက်ခံရရှိထားသော သက်တမ်းကြာမြင့်နေပြီဖြစ်သည့် လက်နက်အစုအပုံများကို ရှင်းလင်းဖယ်ရှားပစ်ရန် အတွက် ဥပဒေမူကြမ်းရေးဆွဲရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က အစိုးရအဖွဲ့ကို တိုက်တွန်းလိုက်သည်။

၂၁ မြန်မာ - ထိုင်း နယ်စပ်ရှိ မိမိတပ်စခန်းများအား ဘိန်းမှောင်ခိုအကြမ်းဖက် သောင်းကျန်းသူ SURA နှင့် ထိုင်းတပ်အချို့ ပူးပေါင်းအဖွဲ့များလာရောက် တိုက်ခိုက်စဉ် ထိုင်းတပ်မှ လက်နက်ကြီးများဖြင့် ပစ်ကူပေးပစ်ခတ်တိုက်ခိုက်သည့် သတင်းဆက်နှင့် ပတ်သက်ပြီး ပြည်တွင်း ပြည်ပသတင်းစာ ဆရာများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဝေဟာ၌ ကျင်းပသည်။

ရုရှားနှင့် အမေရိကန်ပြည်ထောင်စု၊ ၂၄ စုတွင် စုပုံနေသော နျူကလီးယား လက်နက်များကို သုံးပုံနှစ်ပုံ လျှော့ချရေး သဘောတူစာချုပ်တစ်ရပ်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ကျော့ဒဗလျူဘုရှ်တို့သည် မော်စကို၌ လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်ကြသည်။

ပြင်သစ်သမ္မတ
ငါးနှစ်သက်တမ်းထပ်မံဆောင်ရွက်ခွင့်
ရရှိသွားသည့် ပြင်သစ်သမ္မတ
ဂျက်ရှီရက်

၂၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၅၄) ကြိမ်မြောက် တိပိဋကဓရ ကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် 'ရောမ ကြေညာစာတမ်း' ကို ရောမမြို့တွင် လက်မှတ်ရေးထိုးလိုက်သည်။ ဤသို့ လက်မှတ်ရေးထိုးလိုက်ခြင်းဖြင့် မြောက်အတ္တလန်တိတ် စစ်စာချုပ်အဖွဲ့ (နေတိုး) နှင့် မိတ်ဖက်နိုင်ငံအဖြစ် ဖော်ထုတ်ပြသလိုက်သည်။

၂၉ ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်း ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများ လှူဒါန်းသည့် အခမ်းအနားကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ မြို့နယ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်၍ ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများ လှူဒါန်းသည်။

လာမည့် လေးနှစ်သက်တမ်းအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌ ရွေးချယ်ပွဲကို ဆိုးလ်မြို့တော်တွင် ကျင်းပရာ လက်ရှိ ဥက္ကဋ္ဌဖြစ်သူ ဆက်ဘလတ်တာက ၎င်း၏ အဓိကပြိုင်ဘက် ကင်မရွန်းမှ အစ်ဆာဟာယာတို့ကို အနိုင်ရရှိပြီး ဒုတိယအကြိမ် ပြန်လည်အရွေးခံရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

၃၀ ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်၍ အမှာစကားပြောကြားသည်။

မော်စကိုမြို့တွင် ကျင်းပသော နှုတ်ကလီးယားလက်နက်များသုံးပုံနှစ်ပုံ လျှော့ချရေးစာချုပ်လက်မှတ်ရေးထိုးပွဲတွင် အမေရိကန်သမ္မတလျော့ဒဗလျူဘုရှ်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ကို တွေ့ရစဉ်

ဌာန်လ

၁ ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်သော အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၄) သင်တန်းဖွင့်အခမ်းအနားကို မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး ခင်ညွန့်) တက်ရောက်အမှာစကား ပြောကြားသည်။

၂ နယ်စပ်ဒေသ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိပါးနေသော SURA နှင့် KNU သောင်းကျန်းသူ အဖျက်သမားများအား ရှုတ်ချပွဲအခမ်းအနားကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ) ညွှန်ကြားရေးမှူး လျော့တီနက်သည် အီဂျစ်သမ္မတ ဟို့စနီမူဘာရက်နှင့် တွေ့ဆုံပြီး လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးသည်။

၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏

အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) အဆင့်မြင့်စီးပွားရေး အရာရှိကြီးများသည် လာအိုနိုင်ငံ ဗီယင်ကျင်းမြို့တွင် သုံးရက်ကြာအစည်းအဝေးတစ်ရပ် ကျင်းပကာ အာဆီယံစီးပွားဖက်နိုင်ငံများနှင့် ဒေသတွင်းစီးပွားရေး ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မည်သို့မည်ပုံ တိုးမြှင့်သွားမည်ဆိုသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်ဟု လာအိုသတင်းဌာန (ကေပီအယ်လ်) က ကြေညာသည်။

တရုတ်နိုင်ငံသည် အက်စ်တိုးနီးယားအစိုးရနှင့် လုပ်ငန်းအတူဆောင်ရွက်ရန် အသင့်ရှိကြောင်းနှင့် တရုတ် - အက်စ်တိုးနီးယား ဆက်ဆံရေး ညှိသာစွာ တိုးတက်လာမည့် ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းသစ်များကို ရှာဖွေသွားရန် အသင့်ရှိကြောင်း တရုတ်သမ္မတ ကျန်ဇီမင်းက တားလ်လင်းမြို့၌ ပြောကြားလိုက်သည်။

၁၅ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌက ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် ခဲတံများထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်အမှာစကား ပြောကြားသည်။

၁၇ ပျောက်ဆုံးနေသော ကူဝိတ်နိုင်ငံ၏ အမျိုးသားရေး သမိုင်းဝင်မှတ်တမ်းများကို ပြန်လည်လွှဲပြောင်းပေးရေး၊ အီရတ်နိုင်ငံ၏ သဘောတူညီချက်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ကြိုဆိုလိုက်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပေဒပစ္စည်းများ ဖျက်ဆီးသည့် အခမ်းအနားကို လာရှိးမြို့ အားကစားကွင်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် တရားမဝင်မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် သုံးစွဲမှုတို့ကို တိုက်ဖျက်ရာတွင် အစိုးရအား အခွင့်အာဏာပိုမိုပေးမည့် ဥပဒေတစ်ရပ်ကို သမ္မတဂလိုရီယာ မကာပါဂါးအာရိုယိုက လက်မှတ်ရေးထိုးပေးလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။

၈ နယ်စပ်ဒေသ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိပါးနေသော SURA နှင့် KNU သောင်းကျန်းသူ အဖျက်သမားများအား ဒေသခံတိုင်းရင်းသားပြည်သူများက ရှုတ်ချသည့်လူထုအစည်းအဝေးများကို ကြိုဆိုထောက်ခံပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် အချုပ်အခြာအာဏာကို လေးစားဂုဏ်ပြုသည့် အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

၁၂ ပြည်ထောင်စု ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ဗဟို ပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှု သင်တန်းအမှတ်စဉ် (၅) နှင့် အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်ဩဝါဒ စကား မြွက်ကြားသည်။

လမ်းညွှန်မှုဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ၂၀၀၁ - ၂၀၀၂ ပညာသင်နှစ် ပထမအကြိမ် ဝိဇ္ဇာ (ဗုဒ္ဓဓမ္မ) BA.(B.Dh)ဘွဲ့ဘွဲ့နှင်းသဘင် အခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသဘင်ဓမ္မာရုံကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး ခင်ညွန့်) တက်ရောက်ကြည်ညိုသည်။

၅ ရုပ်ရှား၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတို့အကြား ဆက်ဆံရေး ပိုမိုကောင်းမွန်မှုသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုပါ ကောင်းမွန်စေလိမ့်မည်ဟု တရုတ်ပြည်သူ့သမ္မဂ္ဂနိုင်ငံ သမ္မတ ကျန်ဇီမင်းက စိန့်ပီတာစဘတ်မြို့တွင် ပြောကြားသည်။

၆ ပြီးခဲ့သည့် မေလ ၂၀ ရက်နေ့က မိမိတပ်မတော်စခန်းများနှင့် ပြည်သူ့စစ်စခန်းများကို SURA ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ယိုးဒယားစစ်တပ်တို့ ပူးပေါင်းတိုက်ခိုက်ခဲ့သဖြင့် ဆုံးရှုံးခဲ့သည့်စခန်းများကို ပြန်လည်တိုက်ခိုက်မည့် ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအား ရှင်းလင်းပြောကြားသည့် ရှင်းလင်းပွဲကို ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ရေဟာ၌ ကျင်းပသည်။

၇ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ တောင်သူများ အစုံနှံသည့်ဘိန်းမျိုးစေ့များနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေဇနီး ဒေါ်ကြိုင်ကြိုင်က မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့်
လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတန်ဆောင်း၌ ဘက်စုံတည်ဆောက်ရေး
အတွက် အလှူတော်ငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်

၁၈ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့အကြား ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း တိုးမြှင့်ရေးဆိုင်ရာ ဦးဆောင်ကော်မတီ ပထမအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း တိုးမြှင့်ရေး ဆိုင်ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်ဆွေးနွေး မှာကြားသည်။

၁၉ မြန်မာ - မလေးရှား နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကျင်းပရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်ဆွေးနွေး မှာကြားသည်။

၂၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေဇနီး ဒေါ်ကြိုင်ကြိုင်သည် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်း ကော်မတီက ကြီးမှူး၍ ဇူလိုင် ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သော လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တောင်ဘက်မုခ်အနီး၌ ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ခဲ့မြင့်ပြီး သစ်ပင်များပါဝင်စိုက်ပျိုးသည်။

၂၃ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ကချင်ပြည်နယ်သို့ သွားရောက်၍ မြစ်ကြီးနားမှက်မမြင်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို တက်ရောက်ချီးမြှင့်ပြီး ဗန်းမော်မြို့ ပညာရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ရွှေဖိနပ်ဆု ရရှိသွားသော ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုကို မိမိအသင်း အတွက်ရရှိသော ကမ္ဘာ့ဖလားကြီးကို ပွေ့ပိုက်လျက်တွေ့ရစဉ်

၂၄ မြန်မာ - ယိုးဒယား နယ်စပ်ရှိ SURA ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူများ သိမ်းယူထားသော မိမိတပ်စခန်းများကို မိမိတပ်မတော်က ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ခြင်းနှင့် ပတ်သက်ပြီး ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ကျင်းပသည်။

၂၇ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တိုင်ပင်ဆွေးနွေးရန် အတွက် ရုရှားနိုင်ငံသို့ ယခုနှစ်ကုန် ဒီဇင်ဘာလ (သို့မဟုတ်) လာမည့် နှစ်ဆန်းပိုင်း ဇန်နဝါရီလတွင် သွားရောက်ရန်စီစဉ်ထားကြောင်း ကနေဒါနိုင်ငံ၌ ရောက်ရှိနေသော ဧည့်သည်တော် ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကိုအိဇုမိက ပြောကြားသည်။

နီပေါဘုရင် ဂျာနင်ဒရာသည် အိန္ဒိယနိုင်ငံသို့ ခြောက်ရက်ကြာ တရားဝင်ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်ပြီးဆုံးသည်။

၃၀ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားကို ချီးမြှင့်သည့် ယာရှင်ဆုကို ဂျာမနီအသင်းမှ ဂိုးသမားကြီး အိုလီဗာခန်း (၃၃) နှစ်အား ချီးမြှင့်လိုက်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ကြေညာသည်။

အသန့်ရှင်းဆုံး အသင်းဆုကို ဘယ်လ်ဂျီယံက ရရှိပြီး ဂိုးအများဆုံးသွင်းသူကို ချီးမြှင့်သည့် ရွှေဖိနပ်ဆုကို ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုက ရရှိသွားသည်။

ဇူလိုင်လ

၁ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ပြုလုပ်သော ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရရှိသူများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်သည်။

၂ ကမ္ဘာ့ဖလားဘောလုံးပွဲတွင် ပူးတွဲအိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့ပြီး အတိတ်ကနာကြည်းဖွယ်ရာ ဖြစ်ရပ်များအား မေ့ပျောက်လျက် ရင်းနှီးမှုတည်ဆောက် ရေးအတွက် ရည်ရွယ်ကာ ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိသော တောင်ကိုရီးယား သမ္မတ ကင်ဒေးဂျုံသည် ဂျပန်ဘုရင် အကီဟီတိုနှင့် တွေ့ဆုံဆွေးနွေးသည်။

၅ ၂၀၀၂ ကမ္ဘာ့ ပတ်ဝန်းကျင်နေ့ အခမ်းအနားကို ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

၁၀ တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော နီပေါနိုင်ငံ၊ ဘုရင် ဂျာနင်ဒရာဘီဟာဘီခရမ်ရှားဒေ့သည် တရုတ် ဒုတိယသမ္မတ ဟူကျင်တောင်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်လုပ်ကိုင်မည် ဖြစ်ကြောင်း ဆွေးနွေးကြသည်။

၁၁ ၂၀၀၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာစီးပွားရေး ဗဟိုဌာန၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၁၃ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ဧရာဝတီတိုင်း မအူပင်တက္ကသိုလ် တည်ဆောက်ရေး

ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) လွှိုင်ကော်မြို့ မြို့တော်ခန်းမတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်

လုပ်ငန်း၊ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာ ထန်းတပင် အဆင့် မြင့်ကွန်ကရစ်ခင်းလုပ်ငန်းနှင့် ရန်ကုန်မြို့အနောက်ပိုင်းတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် နှစ်အတန်ကြာ အချိန်ယူရဦးမည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ပြောကြားလိုက်သည်။

၁၅ အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် ယင်းအဖွဲ့အစည်း၏ အသားကျနေပြီဖြစ်သော အခြေခံမူများ၊ လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်များကို ဆက်လက် လိုက်နာကျင့်သုံးမည် ဆိုလျှင် အာဆီယံဒေသအတွင်း ငြိမ်းချမ်းရေးကို ထာဝစဉ် ထိန်းသိမ်းထားနိုင်မည် ဖြစ်ကြောင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဆယက် ဟာမက် အယ်လ်ဘာကပြောကြား သည်။

၁၆ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) သည် ကယားပြည်နယ် လွှိုင်ကော်မြို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး လွှိုင်ကော်မြို့ မြို့တော်ခန်းမတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

၁၇ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) သည် ရှမ်းပြည်နယ် မောက်မယ်မြို့သို့ ရောက်ရှိပြီး ဂေါဒန် ကျောက်အလှဆင်ပစ္စည်းထုတ်လုပ်သည့် အိမ်တွင်းမှုလုပ်ငန်း၊ ဆိုက်ခေါင်- နမ့်စန် ရထားလမ်း ဖောက်လုပ်ရေး လုပ်ငန်း၊ ပွန်ချောင်းတံတားတည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၁၈ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မော်ဘိမြို့နယ် ဗဟိုပြည်သူ့ဆက်ဆံရေးတပ်၊ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့်

အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ် (၅) နှင့် အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၂၄) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းဩဝါဒစကား မြွက်ကြားသည်။

၁၉ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ဒဂုံအရှေ့၊ စက်မှုမြို့ စီမံခန့်ခွဲရေးရုံး၊ ကနောင်ခန်းမ၌ ဒဂုံအရှေ့ စက်မှုမြို့၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားပြီး ဒဂုံအရှေ့ စက်မှုမြို့ရှိ စက်ရုံအလုပ်ရုံများနှင့် ရန်ကုန်သန်လျင်တံတား အမှတ် (၂) တည်ဆောက်ရေး စီမံကိန်း တည်ဆောက်မှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

၂၁ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဖွင့်လှစ်ရေး၊ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

၂၃ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့၏ (၂/၂၀၀၂) ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ် (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်အမှာစကား ပြောကြားသည်။

၂၄ ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ နိကာယ်ငါးရပ်၊ ပဋ္ဌကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အဆိုပါစာသင်တိုက်ကြီး၏ ပြည်လုံးချမ်းသာ၊ မဟာသိမ်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၂၆ ပညာရေးဝန်ကြီးဌာန၏ ၂၀၀၂ ခုနှစ်၊ ကျောင်းနေအရွယ်ကလေးများ၊ ကျောင်းနေရေးလုပ်ငန်းစဉ် အောင်မြင်မှု ဂုဏ်ပြုပွဲအခမ်းအနားကို ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

၂၇ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး)သည် မန္တလေးတိုင်း၊ မိတ္ထီလာမြို့သို့ ရောက်ရှိ၍ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်း၊ မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် မိတ္ထီလာစက်မှုဇုန်များအား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၂၈ အမျိုးသမီးကဏ္ဍဆိုင်ရာ အထူးအစည်းအဝေးကို ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတကာရေးရာနှင့် သုတေသနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ နာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ဩဂုတ်လ

၂ ပါကစ္စတန်သမ္မတ ပါဗက်ရှ်မူရှာရက်ဖ်သည် တရုတ်သမ္မတ ကျန်ဇီမင်းနှင့် ဘေဂျင်းမြို့တော်တွင် တွေ့ဆုံဆွေးနွေးသည်။ ယင်းဆွေးနွေးမှုသည် အိန္ဒိယနိုင်ငံနှင့် တင်းမာမှုဖြစ်ပေါ်ခဲ့ခြင်းကို ကျားကန်ပေးရန်အတွက် အလားအလာ တစ်ရပ်ဖြစ်သည်ဟု နိုင်ငံရေး အကဲခပ်သမားများက ပြောကြားသည်။

၄ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စယိုရိကိုကာဝါဂူချိနှင့် အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

၅ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စယိုရိကိုကာဝါဂူချိနှင့် အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော်သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၆ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဆူရာကီယတ်ဆတ်သီရာ ထိုင်းနှင့်အဖွဲ့ဝင်များအား ကုန်းမြင့်သာလေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၈ ၃၅ ကြိမ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် အခမ်းအနားကို အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ အာဆီယံ ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်မိန့်ခွန်းပြောကြားသည်။

၉ နိုင်ငံတော်နှင့် တပ်မတော်ကို ကမ္ဘာက အထင်အမြင် လွဲစေရန်နှင့် မြန်မာ-ထိုင်းနယ်စပ်ပြဿနာပေါ်စေရန် သောင်းကျန်းသူဆန့်ကျင်ဖက်အုပ်စုနှင့် ထိုင်းမီဒီယာများပေါင်းပြီး မဟုတ်မမှန် လုပ်ကြံသတင်းဖြန့်ခြင်းနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ သတင်းစာဆရာများအား တွေ့ဆုံပြုလုပ်သည့် ပုံမှန်သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့အင်းလျားလမ်း တပ်မတော်ဧည့်ဂေဟာ၌ ကျင်းပသည်။

၁၀ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ရှမ်းပြည်နယ် နမ့်စဉ်၊ မိုင်းပန်၊ လွိုင်လင်၊ လင်းခေးမြို့များသို့ သွားရောက်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

၁၃ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး ခင်ညွန့်) သည် ပဲခူးမြို့ရှိ တမ္ပလောဟာမဟာမုနိ ကြေးသွန်းရုပ်ပွားတော်ကြီး သွန်းလောင်းအပူဇော်ခံရန် နမူနာထုလုပ်ထားမှုကို ကြည့်ရှုကြည်ညိုသည်။

အာဆီယံအဖွဲ့ဝင်သစ်နှင့် အဖွဲ့ဝင်ဟောင်း ပေါင်းစပ်ဖွဲ့စည်းရေးကြိုးပမ်းအားထုတ်ခြင်း ဖွံ့ဖြိုးမှုကွာဟခြင်းကို ကျဉ်းမြောင်းသွားအောင် လုပ်ဆောင်ရန် အာဆီယံအတွင်းရေးမှူးချုပ် ရှဒိုဖိုဆီဗီရိနိုက အာဆီယံနိုင်ငံများအားလုံးကို တိုက်တွန်းလိုက်သည်။

၁၇ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်များ အသင်းတို့၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ရန်ကုန်မြို့၊ လှိုင်မြို့နယ်ရှိ MICT. Park ၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက် အမှာစကားပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စယိုရီကိုကာဝါဂူချီနှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်စဉ်

၂၅၉၁၈

၁၈ ပြည်ထောင်စု မြန်မာနိုင်ငံသို့ အလည်အပတ် ရောက်ရှိလာသည့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ ဒေါက်တာမဟာသီဘင်မိုဟာမက်နှင့် ဇနီး ဒါတင်ဆရီ ဒေါက်တာစီတီဟက်စ်မာဟာဂျိမိုဟာမက်အလီတို့ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

၁၉ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အလည်အပတ်လာရောက်ခဲ့ပြီး ပြန်လည်ထွက်ခွာသွားသော မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီဒေါက်တာ မဟာသီဘင်မိုဟာမက်နှင့် ဇနီးနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လိုက်ပါပို့ဆောင်နှုတ်ဆက်သည်။

ကုလသမဂ္ဂ ကလေးလူငယ်များရန်ပုံငွေအဖွဲ့ (ယူနီဆက်) အမှုဆောင်ညွှန်ကြားရေးမှူး ကာဂိုးဘယ်လာမီသည် အာဖရိက လေးနိုင်ငံရှိ အမျိုးသမီးများနှင့် ကလေးလူငယ်များအား ထိခိုက်နစ်နာစေသော ပြဿနာများအပြင် ယင်းဒေသရှိ ပညာရေးနှင့် ကျန်းမာရေးအခြေအနေများကို ကိုယ်တိုင်လေ့လာသုံးသပ်နိုင်ရန် မာလာနိုင်ငံသို့ စတင်ထွက်ခွာသွားသည်။

၂၁ တစ်ကမ္ဘာလုံး လွှမ်းခြုံဖြစ်ပေါ်မှုစဉ်နှင့် အရှေ့တောင်အာရှဒေသတွင် လွှမ်းခြုံဖြစ်ပေါ်မှု စဉ်ဆိုင်ရာ နိုင်ငံတကာ နှီးနှောဖလှယ်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းတက္ကသိုလ်တွင် စတင်ကျင်းပရာ ပညာရှင်တစ်ရာခန့် တက်ရောက်ကြသည်။

တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသော တန်ဇန်နီးယား ပြည်ထောင်စုသမ္မတနိုင်ငံတွင် ပါဝင်သည့် ဇန်ဇီဘာသမ္မတအာမေနီအဘစ်ကာရိုမေသည် တရုတ်သမ္မတကြီး ကျန်ဇီမင်းကို သွားရောက်တွေ့ဆုံသည်။

၂၃ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများအား အဓမ္မပြုကျင့်သည်ဟူသော စွပ်စွဲချက်နှင့် ပတ်သက်၍ မဟုတ်မှန်ကြောင်း သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။

နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသည့် ကမ္ဘာ့အိုဇုန်းလွှာပါးလွှာမှု အခြေအနေသည် အန္တာတိကဒေသတွင် စတင်ဖြစ်ပေါ်လျက်ရှိကြောင်း အိုဇုန်းလွှာအပေါက်သည် ပိုမိုကျယ်ပြန့်ကြီးထွားလာမည်ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ပြောကြားသည်။

၂၄ ဗဟိုဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်) ၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မန္တလေးတိုင်း၊ ဗဟိုဝန်ထမ်းကက္တသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၅ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် မန္တလေးတိုင်း၊ အမရပူရမြို့နယ် မှန်တန်းရပ်ရှိ ဗားမဲ့ဆရာတော် လှူဒါန်းခဲ့သော သံသေဓာတ်သားဖြင့် ဗဒုံမင်း (ဘိုးတော်ဘုရား) တည်ထား ကိုးကွယ်ခဲ့သည့် ရွှေဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့် မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

၂၆ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ဗဟိုဝန်ထမ်းကျောင်းတော်ကြီး၌ ပြုလုပ်သော ဗဟိုဝန်ထမ်းကျောင်းတော်ကြီး ဆရာတော်ဘုရားကြီး၏ ပရိနိဗ္ဗာန်စာရင်းပြုပွဲသို့ တက်ရောက်ကြသည်။

၂၇ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး Mr, Barrister Nagmul Huda နှင့် အဖွဲ့အား ကုန်းမြင့်သာရှိ ဇလျှာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် လူငယ်များမူးယစ်ဆေးဝါးသုံးစွဲမှုများပြားလာသဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုများကို နှိမ်နင်းပြီး မူးယစ်ဆေးဝါး ရောင်းဝယ်သူများအားလုံးကို ဖမ်းဆီးရန် မြို့တော်ရဲတပ်ဖွဲ့ဝင်များအား ဖနွမ်းပင်အာဏာပိုင်များက အမိန့်ပေးလိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၂ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) မှ ၂၀၀၈-၂၀၀၂ အင်ဂျင်နီယာသင်တန်း အောင်မြင်ခဲ့သည့် ကျောင်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အမေရိကန်က အီရတ်နိုင်ငံအား စစ်ရေးအရ တိုက်ခိုက်ရန် ရှိမှုနှင့် ပတ်သက်၍ အာရပ်နိုင်ငံများအားလုံး ဆန့်ကျင်ကြရန် အီဂျစ်သမ္မတဟိုစနီမူဘာရက်က တိုက်တွန်းလိုက်သည်ဟု ဆင်ဟွာသတင်း ဌာနက ဖော်ပြသည်။

၂၈ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ

နိုင်ငံ သံအမတ်ကြီး Mr. Ahmed Rahim နှင့် အဖွဲ့အား ကုန်းမြင့်သာရှိ လေယာဉ်ကွင်းတွင် လက်ခံတွေ့ဆုံသည်။

၂၉ ကမ္ဘောဒီးယားအစိုးရသည် ဒုက္ခရောက်နေသော လူငယ်များအတွက် ၃ နှစ် ပညာရေးစီမံကိန်း ချမှတ်အကောင်အထည်ဖော်ရန်နှင့် ဆင်းရဲနွမ်းပါး ကလေး ၃၀၀၀ ကျော်အတွက် အကျိုးဖြစ်ထွန်းစေမည့် မျှော်လင့်ချက်ဖြင့် ယင်းသို့ အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်ကြောင်း ကမ္ဘောဒီးယားဒေးလီး သတင်းစာက ဖော်ပြသည်။

၃၀ ကုလသမဂ္ဂ ပိုစတာပြပွဲ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့၊ ကုန်းမြင့်သာရှိ လေယာဉ်ကွင်းတွင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုလသမဂ္ဂပိုစတာပြပွဲ ကျင်းပရေး ကော်မတီနာယက အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) တက်ရောက် ဆွေးနွေးမှာကြားသည်။

စက်တင်ဘာလ

၁ အီရတ်သည် မိမိနိုင်ငံကာကွယ်ရေးအတွက် ဖြစ်နိုင်သည့်နည်းလမ်းအားလုံးကို သုံးသွားမည်ဖြစ်ကြောင်း အီရတ်ဒုတိယသမ္မတ တာဟာယာဆင် ရာမာဒန်က ပြောကြားလိုက်သည်ဟု ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။

၂ ရန်ကုန် အမျိုးသားဇာတ်ရုံ၌ ကျင်းပသော ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၏ ဆဋ္ဌမအကြိမ် ဘွဲ့ယူ ကျောင်းသားကျောင်းသူများ၏ လက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်မှုအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) တက်ရောက် ချီးမြှင့်သည်။

၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ပိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယပိုလ်ချုပ်မှူးကြီး) သည် ပြင်ဦးလွင်မြို့၊ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ နန်းမြင့်မျှော်စင် တည်ဆောက်ရေး လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးသည်။

၄ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံအနီးရှိ MRTV New Studio Complex အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

၅ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဆွေးနွေးရန် ရုရှားသို့ သွားမည်ဟု ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

၆ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံ အနီးရှိ MRTV New Studio Complex အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုဖီအာနန်သည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် တွေ့ဆုံဆွေးနွေးစဉ် အီရတ်အားစစ်ရေးအရ တိုက်ခိုက်မှု မှန်သမျှကို ဆန့်ကျင်ကြောင်း ပြောကြားခဲ့သည်ဟု ဆင်ဟွာက ရေးသားသည်။

၇ ရန်ကုန်မြို့ စိန်ရတုခန်းမ၌ ကျင်းပသော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) တက်ရောက်မိန့်ခွန်းပြောကြားသည်။

၈ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) သည် စစ်ကိုင်းတိုင်းမုံရွာမြို့ လေယာဉ်ပြေးလမ်း တည်ဆောက်ခြင်းလုပ်ငန်း၊ ချင်းတွင်းတံတားနှင့် စက်မှုဇုန်တို့ကို ကြည့်ရှုစစ်ဆေးသည်။

၁၀ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) သည် စစ်ကိုင်းတိုင်း မကွေးဇောက်လျှပ်စစ်မြစ်ရေတင် လုပ်ငန်း၊ မန္တလေးတိုင်း၊ မန္တလေးမြို့ သီရိမန္တလာစေ့းနှင့် ရတနာပုံစေ့း၊ မန္တလေး တက္ကသိုလ် ဘွဲ့နှင်းသဘင်တည်ဆောက်ရေး လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆွစ်ဇာလန်နိုင်ငံသည် ကုလသမဂ္ဂ၏ ၁၉၀ မြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

တောင်အာဖရိကနိုင်ငံ သမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလား၏ အမေရိကန်ပြည်ထောင်စုကို ကမ္ဘာ့ငြိမ်းချမ်းရေး၏ အန္တရာယ်ကောင်ဟု ကင်ပွန်းတပ်လိုက်သည်ဟု ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

၁၃ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) သည် ၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့အားကစားအဖွဲ့အား တွေ့ဆုံအမှာစကားပြောကာ အောင်နိုင်ရေးအလံကို အပ်နှင်းသည်။

၁၄ ဒသမအကြိမ် မြန်မာ့ရိုးရာ အဆိုအကအရေးအတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုဖီအာနန်သည် အီရတ်နှင့်အရှေ့အလယ်ပိုင်းပြဿနာကို ညှိနှိုင်းရန်အတွက် အာရပ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကုလသမဂ္ဂဌာနချုပ်တွင် တွေ့ဆုံဆွေးနွေးသည်။

၁၅ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွှန့် (ယခု ဗိုလ်ချုပ်ကြီး) သည် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အဆင့်မြင့်မီးခံအုတ်စက်ရုံ (တိုးချဲ့) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဩစတြေးလျနှင့် တရုတ်သည် နယ်ပယ်အသီးသီး၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် ဝန်ကြီးချုပ်နှစ်ဦးဖြစ်သည့် ဂျွန်ဟောင်းဝပ်နှင့် လီဖုန်းတို့တွေ့ဆုံစဉ်၌ သဘောတူညီ ဆွေးနွေးကြသည်ဟု ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။

၁၆ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး(ယခု ဒုတိယ ဗိုလ်ချုပ်မှူးကြီး) သည် အိန္ဒိယ သမ္မတနိုင်ငံ Army Headquarters မှ Lt. General Sjs Saighal နှင့် အဖွဲ့ဝင်များအား ကုန်းမြင့်သာ၊ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

၁၇ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ အစည်းအဝေး (၇/၂၀၀၂) သို့ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှု ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွှန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်ဆွေးနွေး မှာကြားသည်။

ကုလသမဂ္ဂ လက်နက်စစ်ဆေးမှုများအား ပြန်လည်လာရောက်ခွင့်ပြုရန် အီရတ်နိုင်ငံက ဆုံးဖြတ်ပြီးနောက်တွင် အီရတ်နိုင်ငံအပေါ် ကုလသမဂ္ဂ၏ အရေးယူမှုများကို ပယ်ဖျက်ပေးသင့်ကြောင်း မလေးရှားနိုင်ငံက တိုက်တွန်းလိုက်သည်။

၁၉ ၅၇ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ မူဘောင်အတွင်း တရားရေးလုပ်ငန်းဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဘေဂျင်းမြို့၌ ကျင်းပရာ တရုတ်နှင့်နိုင်ငံခြားကိုယ်စားလှယ် ၄၀၀ ကျော် တက်ရောက်ကြသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၀ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(အေ) တွင် နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့ သရုပ်ပြတီးမှုတ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်



အဖွင့်အမှာ စကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့မြင့်သည်။

၃၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်သည်။

အောက်တိုဘာလ

၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံတွင် ရောက်ရှိသည့် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာ အလက်စ်ဇန္ဒားဒေါင်နာအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၄ အဆင့်မြင့် မွမ်းမံပြင်ဆင် ပြီးစီးသွားသည့် စံပြအဆင့်မြင့် ရုပ်ရှင်ရုံသစ်ဖွင့်လှစ်ပွဲ အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ကျုံးကြီးလမ်းထောင့်ရှိ အဆိုပါ စံပြအဆင့်မြင့်ရုပ်ရှင်ရုံသစ်ရှေ့ ဥပစာ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အားပေးပြီး စံပြအဆင့်မြင့်ရုပ်ရှင်ရုံသစ်ကို ကြည့်ရှုစစ်ဆေးသည်။

၅ ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာ

ပြည်လမ်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေး ခန်းမ၌ နိုင်ငံတော် သံဓုံတီးဝိုင်းဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

တရုတ်ပြည်နှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများသည် ပထဝီအနေအထားအရ နီးစပ်ပြီး သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများနှင့် ဆိုးရွားသော စိန်ခေါ်မှုများကိုပါ ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ တရုတ်ပြည် သယ်ယူပို့ဆောင်ရေး ဝန်ကြီးဟောင်း ရှန်ဒွန်က ဂျကာတာမြို့၌ ပြောကြားသည်။

၂၁ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့ မြို့တော်ခန်းမ၊ အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများအား တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဂျဗားပြည်နယ်၊ ဆလာဝီမြို့တွင် မီးရှူးမီးပန်းစက်ရုံတစ်ခု၌ ဗုံးပေါက်ကွဲရာ တစ်ဦးသေဆုံးပြီး ၁၉ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၂ အမျိုးသား ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဗဟိုအလုပ်အမှုဆောင်များအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ မှာကြားသည်။

တရုတ်နှင့် ဂျပန်တို့၏ ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးသည် ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ဖွံ့ဖြိုးရေးတို့ကို ဖြစ်ထွန်းစေကြောင်း တရုတ်သမ္မတကျန်ဇီမင်းက ဘေဂျင်းမြို့တွင် ပြောကြားသည်။

၂၃ လူဦးရေ သန်း ၁၀၀ ကျော် နေထိုင်သော ဥရောပမြို့ကြီးပေါင်း ၁၃၀၀ ကျော်တွင် တနင်္ဂနွေတစ်ရက်က

ကား မမောင်းရန်နှင့် သတ်မှတ်ခဲ့ရာ အောင်မြင်မှုများ ရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၄ အစ္စရေးတပ်ဖွဲ့များ အနောက်ဘင်္ကာမ်းမှ အပြန်ဆုံးရုပ်သိမ်းရန်နှင့် ရာမာလာမြို့ရှိဌာနချုပ်အား ဝိုင်းရံမှု အဆုံးသတ်ရန် တောင်းဆိုထားသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၄၃၅ ကို ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်က ကြိုဆိုလိုက်သည်။

၂၅ ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့် တွေ့ဆုံ၍ ပုံမှန်သတင်းစာရှင်းလင်းပွဲကို အင်းလျားလမ်း တပ်မတော်ဧည့်ရေဟာ၌ ကျင်းပသည်။

အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံမှ မီဒီယာလုပ်ငန်း ကိုယ်စားလှယ်များသည် တရုတ်ပြည် ဘေဂျင်းမြို့တော်ရှိ ဆင်ဟွာသတင်းဌာနသို့ သွားရောက်လေ့လာကြသည်။

၂၆ ကုလသမဂ္ဂ၏ လုံခြုံရေးကောင်စီကောင်စီဝင်အဖြစ် ဂျာမနီ၊ စပိန်၊ ပါကစ္စတန်၊ ချီလီနှင့် အင်ဂိုလာနိုင်ငံတို့သည် အဖွဲ့ဝင်သစ်ငါးနိုင်ငံအနေနှင့် ဖြစ်ပေါ်လာသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၈ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဆင်းအခမ်းအနားတွင် အမှာစကား ပြောကြားသည်။

၂၉ ဗဟိုဝန်ထမ်း တက္ကသိုလ်၊ အခြေခံဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄၉) သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွှန့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ် MRTV -3 ထုတ်လွှင့်ခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားစဉ်

စကားပြောကြားပြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးဆုရရှိသူများနှင့် လိုဂိုဒီဇိုင်းဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

၉ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ် MRTV 3 ထုတ်လွှင့်ခြင်းနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

၁၀ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်သည် ရန်ကုန်တိုင်း လှိုင်မြို့နယ်၌ ဖွင့်လှစ်ထားသည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ အဆောက်အအုံ (MICT Park) လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

၁၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်သည် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ သစ်တောဦးစီးဌာန တော်ဝင်ခန်းမ၌ ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း လီမိတက်၏ နဝမအကြိမ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၁၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် အင်းလေးဒေသကျေးရွာများသို့ ဒေသစာရီကြွချီအပူဇော်ခံခဲ့ပြီး ညောင်ရွှေမြို့ အဌဒိသာဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်ကြီး၌ သုံးညတာကိန်းဝပ်စံပယ် အပူဇော်ခံရန် ညောင်ရွှေမြို့သို့ ကြွချီတော်မူလာသည့် အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

(၁၄) ကြိမ်မြောက် အာရှအားကစားဘောလုံးဗိုလ်လုပွဲကို ယှဉ်ပြိုင်ကစားရာ အီရန်အသင်းက ဂျပန်အသင်း

ကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ရွှေတံဆိပ် ဆွတ်ခူးသွားသည်။ အီရန်အသင်းသည် ၁၉၇၄၊ ၁၉၉၀ နှင့် ၁၉၉၈ ခုနှစ်တို့တွင် ရွှေတံဆိပ်ရရှိခဲ့ပြီး ယခုစတုတ္ထအကြိမ် ရွှေတံဆိပ်ရရှိခြင်း ဖြစ်သည်။ တတိယနေရာလုပ္ပဲတွင် တောင်ကိုရီးယားက ထိုင်းကို သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး ကြေးတံဆိပ်ဆွတ်ခူးသွားသည်။

၁၆ ၂၀၀၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွာရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၁၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဧရာဝတီတိုင်းအတွင်း တည်ဆောက်လျက်ရှိသော လမ်းသမိုင်တံတား တည်ဆောက်ရေးစီမံကိန်း၊ ဝါးခယ်မတံတား တည်ဆောက်ရေးစီမံကိန်းနှင့် စပါးစိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

၁၈ ဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ဂျပန်စီးပွားရေးကို အားသစ်၊ မာန်သစ်ပြန်ဖြည့်ပေးရန် ထင်ရှားပြတ်သားပြီး ပျော့ပျောင်းသောအစီအမံများ ချမှတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကုအိဇုမိက ဂျပန်လွှတ်တော် အထူးအစည်းအဝေး၌ ပြောကြားသွားသည်။

၁၉ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကြီး၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နိုင်ငံတကာသတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

၂၀ ဂျပန်အိမ်ရှေ့မင်းသား၏ ကြင်ရာတော် မာဆာကို၏ ခမည်းတော် အပါအဝင် ပုဂ္ဂိုလ်ငါးဦးတို့အား ကုလသမဂ္ဂ၏ ထိပ်တန်းတရားစီရင်ရေး အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ တရားရုံးတရားသူကြီးများအဖြစ် ကိုးနှစ်သက်တမ်း တာဝန်ထမ်းဆောင်ရန် ကုလသမဂ္ဂက ရွေးချယ်လိုက်သည်။

၂၃ သြစတြေးလျနိုင်ငံတွင် မိုးခေါင်ရေရှားဒဏ် ခံနေရသည့် လယ်ယာစိုက်ပျိုးမြေများကို ဖြတ်သန်းတိုက်ခတ်လာသော လေပြင်းနှင့်အတူပါလာသည့် ဧရာမဖုန် မုန်တိုင်းကြီးသည် သြစတြေးလျနိုင်ငံ၏ အကြီးဆုံးမြို့ကြီးဖြစ်သည့် ဆစ်ဒနီမြို့ကို ဖုံးလွှမ်းသွားခဲ့သည့်အပြင် ပြည်နယ်လေးခုကိုပါ ဖြတ်သန်းသွားကြောင်း သိရသည်။

၂၄ (၅၇) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံသဘင်ဆောင်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

၂၅ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ဒုတိယအကြိမ်ဖျက်ဆီးသည့် အခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အားကစားကွင်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်သည်။

၂၆ အာရှဒေသတွင် အကြီးမားဆုံး ရုပ်ရှင်ပွဲတော် ဖြစ်သည့် (၁၅) ကြိမ်မြောက် တိုကျို နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ဂျပန်နိုင်ငံတိုကျိုမြို့တော်၌ ဖွင့်လှစ်လိုက်သည်။ ၁၀ ရက်ကြာ ပြုလုပ်မည့် ယင်းရုပ်ရှင်ပွဲတော်တွင် ကမ္ဘာအရပ်ရပ်မှ ရုပ်ရှင်ကားပေါင်း ၁၂၁ ကား ပါဝင်ပြသမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ရုပ်ရှင်ကားများအနက် ဆုများအဖြစ် တိုကျိုဂရမ်ပရီဆုနှင့် ငွေသားယန်းငွေ ၁၀ သန်း (ဒေါ်လာ ၈၀၆၀၀) ချီးမြှင့်သွားမည်ဖြစ်သည်။

၂၇ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘရာမန်ဘာရီမြို့အနီးရှိ အဇမ်ပူဝါ ရထားဘူတာရုံ၌ ခရီးသည်ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိခဲ့ရာ လူခုနစ်ဦး သေဆုံးပြီး ၃၀ ဒဏ်ရာရရှိခဲ့သည်။

၂၈ ၃၁ ဗီယက်နမ်သမ္မတ ထရန်ဒတ်လောင်သည် ပြင်သစ်နိုင်ငံသို့ လေးရက်ကြာ လာရောက်လည်ပတ်သည်။ ပြင်သစ်နှင့် ဗီယက်နမ်တို့ ၁၉၇၃ ခုနှစ်တွင် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ချိန်မှစပြီး ဗီယက်နမ်နိုင်ငံ၏ နိုင်ငံအကြီးအကဲတစ်ဦး ပြင်သစ်သို့လာရောက်လည်ပတ်ခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်သည်ဟုဆိုသည်။

နိဒါန်း

၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ကျရောက်ခဲ့သည့် (၅၇) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသသည့် ကုလသမဂ္ဂပို့စတာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်မီရှင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်[1]တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။

၁ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ၂ ဝန်ကြီးချုပ် ကျ။ရုံကျိသည် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် ဖနွမ်းပင်မြို့တွင် တွေ့ဆုံကာ နှစ်နိုင်ငံပိုမိုချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်ကဝန်ကြီးချုပ် ကျ။ရုံကျိ၏ခရီးသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေလိမ့်မည်ဟု ပြောကြားသည်။

၃ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ နိုင်ငံဘာ ၃ ရက်မှ ၅ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပမည့် ပထမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးညီလာခံ၊ အဋ္ဌမအကြိမ် အာဆီယံထိပ်သီးညီလာခံနှင့် အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ အကြီးအကဲများ ညီလာခံနှင့် အာဆီယံ-အိန္ဒိယထိပ်သီးညီလာခံများသို့ တက်ရောက်ရန် နိုင်ငံဘာ ၃ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ထွက်ခွာသွားသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ရှိနေစဉ် အတွင်း နိုင်ငံဘာ ၃ ရက် ညနေပိုင်းတွင် Hotel Inter - Continental ၌ ကျင်းပသည့် ပထမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးညီလာခံ (The First Greater Mekong Subregion Summit)၊ နိုင်ငံဘာ ၄ ရက်နေ့တွင် ကျင်းပသည့် အဋ္ဌမအကြိမ် အာဆီယံထိပ်သီးညီလာခံ၊ နိုင်ငံဘာ ၅ ရက်နေ့တွင် ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၊ အစိုးရအကြီးအကဲများ၏ ညီလာခံနှင့် အာဆီယံ - အိန္ဒိယထိပ်သီးညီလာခံများသို့ တက်ရောက်သည်။ နိုင်ငံဘာ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၂ ခုနှစ် ကုလသမဂ္ဂပို့စတာပြပွဲ အထိမ်းအမှတ်ပြုင်ပွဲ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်

၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ရန်ကုန်တိုင်းမှော်ဘီမြို့နယ်နှင့် လှည်းကူးမြို့နယ်အတွင်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

၂ ဒေသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော်

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိကြသူများအား ဆုများကို ချီးမြှင့်သည်။

၉ ကာကွယ်ရေးဝန်ကြီးဌာန (၄၉) ကြိမ်မြောက် မိသားစုဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ကာကွယ်ရေးဝန်ကြီးဌာန အနော်ရထာခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

၁၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် မကွေးတိုင်းရှိ ဧရာဝတီတံတား (မကွေး) တည်ဆောက်ပြီးစီးမှုနှင့် မကွေးလေယာဉ်ကွင်းသစ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို လည်းကောင်း၊ မန္တလေး ပျဉ်းမနားမြို့၌ ဆောင်ရွက်လျက်ရှိသည့် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကိုလည်းကောင်း လှည့်လည်သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

၁၅ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူး၍ 'နိုင်ငံခေတ်မီဖွံ့ဖြိုးဖို့၊ တူယှဉ်လက်တွဲကြိုးပမ်းစို့' ဆောင်ပုဒ်နှင့်အညီ ခင်းကျင်းပြသမည့် မြန်မာအမျိုးသမီးများ၏ ကြိုးပမ်းစွမ်းဆောင်မှုပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်တက်ရောက်၍ မြန်မာအမျိုးသမီးများ၏ ကြိုးပမ်းစွမ်းဆောင်မှုပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြပွဲ၌ ခင်းကျင်းပြသထားသော မြန်မာအမျိုးသမီးများ၏ ကြိုးပမ်းစွမ်းဆောင်မှုပြကွက်များနှင့် သရုပ်ပြတင်ဆက်မှု အစီအစဉ်များကို ကြည့်ရှုအားပေးသည်။

၁၅–၁၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နိုဝင်ဘာ ၁၅ ရက်နေ့တွင် ရှမ်းပြည်နယ် လဲချားမြို့နယ် အတွင်းရှိ လွိုင်လင် - ပန်ကေတု-သီပေါလမ်း အဆင့်မြှင့်တင် ဖောက်လုပ်ရေးလုပ်ငန်းများနှင့် မိုင်းရှူးရတနာတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်းပန်မြို့ တပ်နယ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ မဟာဗျူဟာလမ်းများနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် ဆက်စပ်လျက်ရှိသည့် မဟာဗျူဟာလမ်းများတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးကိစ္စများကို မှာကြားသည်။

၁၆ ကာကွယ်ရေး ဝန်ကြီးဌာန တပ်မတော်ထောက်လှမ်းရေး မိသားစု (၁၃) ကြိမ်မြောက် ဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်လမ်းရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တက်ရောက်၍ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရှာယက်ဖ်သည် ဖွဲ့စည်းပုံစည်းမျဉ်းအရ ပါကစ္စတန်နိုင်ငံသမ္မတအဖြစ် ငါးနှစ်တာဝန်ထမ်းဆောင်ရန် သမ္မတနန်းတော်၌ ကျမ်းသစ္စာကျိန်ဆိုသည်။

၁၈ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၂) စတုတ္ထနေ့အစည်းအဝေးသို့ တက်ရောက်၍ ဩဝါဒစကား မြွက်ကြားသည်။

၁၉ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) သတ္တမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ အနုမောဒနာရေစက်ချတရားပွဲနှင့် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ စွယ်တော်မြတ်စေတီတော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ဓမ္မစက္ကမုဒြာဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

၂၀ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး

မစ္စတာ မိုရှက်ခန်းနှင့်အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံ - ညောင်ဦးသို့ ရောက်ရှိပြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောဇီလျှပ်စစ်မြစ်ရေတင် စီမံကိန်းနှင့် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့သရောက်လျှပ်စစ်မြစ်ရေတင် စီမံကိန်း၊ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၂၄ မကွေးတိုင်း ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ ဒေသများနှင့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ဒေသများကိုလည်းကောင်း၊ ရခိုင်ပြည်နယ်နှင့်လည်းကောင်း ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူစေရေးအတွက် မကွေးမြို့နှင့် မင်းဘူးမြို့ကို ဆက်သွယ်ပေးထားသော ဧရာဝတီမြစ်ကူး ဧရာဝတီတံတား (မကွေး) ဖွင့်ပွဲအခမ်းအနားကို မကွေးမြို့ ဧရာဝတီတံတား (မကွေး) တည်ဆောက်ရေး စီမံကိန်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်ချီးမြှင့်ပြီး ပြည်သူလူထုအား နှုတ်ခွန်းဆက်စကား ပြောကြားသည်။

၂၅-၂၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းတမံဘက်စုံစီမံကိန်း၏ လျှပ်စစ်ဓာတ်အား ပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်း၊ ပခုက္ကူအထည်စက်ရုံ စီမံကိန်း၊ စက်မှုဇုန်နှင့် လေယာဉ်ကွင်းသစ် ဖောက်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ သာကြီးတောင် ရေနံမြေ၌ ရေနံစိမ်းထွက်ရှိမှုကို ကြည့်ရှုပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေ ပေးအပ်သည်။ မုံရွာစက်မှုဇုန်နှင့် ချင်းတွင်းတံတား (မုံရွာ) တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဒီဇင်ဘာလ

၁/၂ ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တရုတ်သမ္မတ ကျန်ဇီမင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်၌ လည်ပတ်ရန် ဒီဇင်ဘာ ၁ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ဘေဂျင်းသို့ ရောက်ရှိလာသည်။ ဒီဇင်ဘာ ၂ ရက်နေ့တွင် ရုရှားသမ္မတပူတင်သည် တရုတ်သမ္မတ ကျန်ဇီမင်းနှင့် တွေ့ဆုံဆွေးနွေးသည်။

၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ရန်ကုန်မြို့၌ ရောက်ရှိနေသော အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ ရိုဒိုလ်ဖိုးစီဆာဗာရီနိုဂျူနီယာအား ရန်ကုန်မြို့ ကုန်းမြင့်သာယာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂/၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒီဇင်ဘာ ၂ ရက်နေ့တွင် မန္တလေးမြို့ စက်မှုဇုန် ကနောင် စက်မှုခန်းမ၌ မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားပြီး စက်မှုဇုန်ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးအားပေးသည်။ ဒီဇင်ဘာ ၃ ရက်နေ့တွင် စစ်ကိုင်းတိုင်း ကလေးမြို့သို့ ရောက်ရှိပြီး တမူး - ကလေး - ကလေးဝကားလမ်းနှင့် မြစ်သာမြစ်ကူး မြစ်သာတံတား (ကလေးဝ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ဒီဇင်ဘာ ၄ ရက်နေ့တွင် အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ကလေးမြို့တွင်းလမ်းများနှင့် ကလေးမြို့ဖွံ့ဖြိုးစည်ပင်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဒီဇင်ဘာ ၅ ရက်နေ့ညပိုင်းတွင် မဟာမုနိဘုရားကြီးသို့ သွားရောက်ပြီး မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းဆက်ကပ် လှူဒါန်းသည်။ ဒီဇင်ဘာ ၆ ရက်နံနက်ပိုင်းတွင် မန္တလေးတောင်တော်ရှိ ဆုတောင်းပြည့် မြတ်စွာဘုရားကိုလည်းကောင်း၊ ဒီဇင်ဘာ ၇ ရက်နေ့ နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ်ရှိ ရွှေစာရံစေတီတော်ကိုလည်းကောင်း သွားရောက်ဖူးမြော် ကြည်ညိုခဲ့သည်။ နိုဝင်ဘာ ၂၂ ရက်နေ့တွင် စတင်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ၁၆ ရက်ကြာ ၂၃ မြို့နယ်ခရီးစဉ်သည် ဒီဇင်ဘာ ၇ ရက်နေ့တွင် ပြီးဆုံးခဲ့ပြီး ယင်းနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၃/၅ ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အိန္ဒိယနိုင်ငံတွင် သုံးရက်ကြာလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အိန္ဒိယနိုင်ငံနယူးဒေလီမြို့သို့ ဒီဇင်ဘာ ၃ ရက်နေ့တွင် ရောက်ရှိလာသည်။ အိန္ဒိယနိုင်ငံတွင် ရှိနေစဉ် အိန္ဒိယ ဝန်ကြီးချုပ် အတားလ်ဘီဟာရီ ဗာ့ဂျ်ပါယီနှင့် တွေ့ဆုံပြီး အီရတ်နိုင်ငံကိစ္စ၊ အကြမ်းဖက်လုပ်ရပ်ကိစ္စနှင့် ကုန်သွယ်ရေးနှင့် ကာကွယ်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

၅ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည်

ရန်ကုန်မြို့ ပြည်လမ်းဟံသာဝတီအဝိုင်းအနီးရှိ စာပေဗိမာန်ဝင်း၌ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ၁၃၆၄ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် စာအုပ်စျေးပွဲတော်သို့ လာရောက်ပြီး စာအုပ်ဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

၆ ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆုနှင့် (၁၃) ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

၆ ___ ၈ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် အရှေ့မြောက်ဒေသများသို့ လှည့်လည်ပြီး နယ်စပ်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေး နိုင်ငံတော်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လေ့လာကြည့်ရှုစစ်ဆေးသည်။

၈ အဋ္ဌမနေ့ အမျိုးသားကာကွယ်ရေး ဆေးတိုက်နေ့များ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပရာ အမျိုးသားကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

၁၃ ___ ၁၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဒီဇင်ဘာ ၁၃ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်ရှိ သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေး စီမံကိန်းကို လည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နှင့် ဘားအံမြို့များသို့ သွားရောက်ကာ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

၁၅ တတိယအကြိမ် မြန်မာတိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သဝဏ်လွှာပေးပို့ပြီး အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ညီလာခံအဖွင့်မိန့်ခွန်း ပြောကြားသည်။

၁၇ ___ ၁၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဒီဇင်ဘာ ၁၇ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့သို့ ထွက်ခွာသွားကြသည်။ အထူးလေယာဉ်သည် ဇီယာအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိရာ ဧည့်သည်တော် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘိဂမ်ခါလီဒါဇီယာက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။ ဒီဇင်ဘာ ၁၇ ရက်နေ့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့် ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ ညပိုင်းတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘိဂမ်ခါလီဒါဇီယာက ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား Bangladesh - China Friendship Conference Centre ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းကျွေးခဲ့သည်။ ဒီဇင်ဘာ ၁၈ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အီယာဇျဒင်အာမက်ဒ်တို့သည် သမ္မတအိမ်တော်ရှိ သီးသန့်ခန်းမ၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံကြသည်။ ထို့နောက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့က သမ္မတအိမ်တော်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းကျွေးခဲ့သည်။ ယင်းနေ့ ညနေပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ပြန်လာည်ရောက်ရှိသည်။

၂၀ မီလီနီယံ ဒီမိုကရက်တစ် ပါတီ (အမ်ဒီပီ) မှ သမ္မတလောင်းရိုမူဟွန်သည် တောင်ကိုရီးယားသမ္မတရွေးပွဲတွင် ပြိုင်ဖက်အားလုံးကို အနိုင်ရရှိ

တောင်ကိုရီးယားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ရွေးချယ်တင်မြောက်ခံရသည့် မီလီနီယံ ဒီမိုကရက်တစ်ပါတီမှ ရှီမူဟွန် (ယာ)

လိုက်ကြောင်း အမျိုးသား ရွေးချယ် တဆများပြားနေခြင်းကို လျော့နည်းသွား ပြီး လေထုညစ်ညမ်းမှုကို လျှော့ချနိုင် မည်ဟု ဆိုသည်။ အိန္ဒိယဝန်ကြီးချုပ် အတားလ်ဘီဟာရီ ဗာဂ်ပေယီသည် တောင်ကိုရီးယားနိုင်ငံလုပ် ရထားတွဲ များတွင် စီးနင်းလိုက်ပါကာ ထိုရထား လမ်းကို ဖွင့်လှစ်ပေးခဲ့သည်။

၂၈ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး သည် အကြိမ် (၂၀) မြောက် မြန်မာ - ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့် (ကြည်း) တပ်မတော် အမှတ် (၃) စစ်တိုင်း တိုင်းမှူးခေါင်း ဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား ရန်ကုန်မြို့ ကုန်းမြင့်သာယာရှိ ဇေယျာ သီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

၂၉ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်း ပသည့် တတိယအကြိမ် တိုင်းရင်းဆေး နှင့် ဆေးပစ္စည်းပြပွဲကို လာရောက် ကြည့်ရှုစစ်ဆေးအားပေးသည်။

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ တွင် မြေအောက်မီးရထားလမ်းပိုင်းတစ်ခု ကို စတင်ဖွင့်လှစ်လိုက်သည်။ ယင်းကဲ့သို့ ဖွင့်လှစ်လိုက်ခြင်းဖြင့် နယူးဒေလီမြို့၌ လမ်းပေါ်ပို့ဆောင်ရေးယာဉ်များ မတန်

၃၀ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ပဲခူးတိုင်း သနပ်ပင်မြို့နယ်၌ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆) က တာဝန်ယူတည်ဆောက်ပြီးစီး သွားသည့် တာဝရထိန်းတံခါးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာ စကား ပြောကြားသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထရန်ဒတ်လောင်အား
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များ ဝမ်ဟုတ်ဒေသမှထွက်ရှိသည့်
ကျောက်မီးသွေးနမူနာများကို ကြည့်ရှုစစ်ဆေးစဉ်

ဗိုလ်ချုပ်ကြီး ခင်ညွှန့်. တောင်သူများအပ်နှံသည့်ဘိန်းမျိုးစေ့များကို ရှမ်းပြည်နယ် (မြောက်ပိုင်း)
လားရှိုးမြို့တွင် ၂၅-၁၀-၂၀၀၂ ရက်နေ့က စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးစဉ်

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရ
မေသန်းနုအား ရွှေစင်ရုပ်ဆုခိုးမြင့်စဉ်

ရုပ်ရှင်ထူးချွန်ဆု (၅) ဆု ထူးထူးခြားခြားရရှိသွားသော “နှလုံးလှလူမိုက်” မှ
ရုပ်ရှင်အနုပညာရှင်များ၊ ထုတ်လုပ်သူနှင့် ဒါရိုက်တာတို့ကို အတူတကွတွေ့ရစဉ်

ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသားကျောင်းသူကလေးများ
ဖျော်ဖြေတင်ဆက်နေကြစဉ်

ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့နယ် ကံတင်ဘီးလင်းရေလှောင်တမံ ရေထိန်းမျှော်စင်

ရောဝတီတိုင်း ဝါးခယ်မမြို့နယ် ပန်းတနော်-ရွှေလောင်း-ဝါးခယ်မလမ်းပေါ်ရှိ
ရွှေလောင်းတံတားသစ်ကြီး

အပိုင်း - ၂

စာအုပ်စာပေပန်းချီပန်းပုယဉ်ကျေးမှုရေကြောင်းသီပို့နည်းပညာ အားကစားနှင့်ဘာသာသာသနာစသည့်နှစ်ချုပ်ဆောင်းပါးများ

* ရွှေရတုပညာတန်ဆောင် ... ဦးသန်းဦး ... ၃၄
* မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ... မောင်ကြင်နာ ... ၄၈
* ရန်ကုန်ပန်းချီပန်းပုကျောင်း ရွှေရတု အထိမ်းအမှတ်ပန်းချီပန်းပုပြပွဲ ... ဦးမင်းနိုင် ... ၅၈
* ရည်ညွှန်းစာအုပ်များနှင့် မြန်မာ့ စွယ်စုံကျမ်းနှစ်ချုပ်၏ အခန်းကဏ္ဍ ... ဦးစိုးမြင့်သန်း ... ၆၄
* ၁၄ ကြိမ်မြောက်အာရှအားကစား ပြိုင်ပွဲနှင့်မြန်မာ ... ဒေါက်တာတင်ထွန်းဦး ... ၇၂
* မြန်မာ့သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ... နွေသင်နိုင် ... ၈၂
* စာပေနှင့်သုတဆိုင်ရာ စာတမ်းဖတ်ပွဲများ (၂၀၀၂) ... ဦးကြည်ထွက်း ... ၉၂
* နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများ ... ဦးထွန်းနိုင်(သာသနာရေး)... ၁၀၂



ကိုးကွယ်ဘွယ်
ဗုဒ္ဓဘာသာပညာ



ရွှေရတု ပညာတန်ဆောင်
(၁၉၅၂-၂၀၀၂)

ပညာတန်ဆောင်
တည်ထောင်ခဲ့သူ
ဆရာကြီး
ဦးထွန်းအောင်၏
ပုံတူပန်းချီကား

ပညာအလင်းရောင်

သုံးလောက ထွတ်ထား၊ ရှင်တော်မြတ်ဘုရားက "ပညာ သမာ၊ အာဘာ နတ္ထိ" "ပညာနှင့် တူသော အလင်းရောင်သည် မရှိ" ဟူ၍ အတိအလင်း ဟောဖော်မိန့်မှာ ညွှန်ပြခဲ့ပါသည်။

မြန်မာပညာရှိ ညောင်ပင်သာ ဦးပုည (မြန်မာသက္ကရာဇ် ၁၁၉၀-၁၂၆၃) ကမူ ဖော်ပြပါ မြတ်ဗုဒ္ဓ၏ ဟောဖော်ညွှန်ပြချက်ကို မှတ်ရလွယ်ကူအောင်၊ ဆောင်ရလွယ်ကူအောင် ရည်သန်၍ "သုတ ရတနာ ဆုံးမစာ" ၌-

"မိုးရောင် လရောင် နေရောင် ဥာဏ်ရောင် လွှမ်း၍မိုး၊ ပညာ သမာ အာဘာ နတ္ထိ၊ မြတ်မုနိ၊ ဟောရှိ ကျမ်းကိုကိုး၊

ထို့ကြောင့် များစွာ လူတကာ "ပညာ" ရအောင် ကြိုးဟူ၍ပင်၊ ပညာ **အရောင် အလင်း**" ကို ထင်းထင်းရှင်းရှင်းကြီး မြင်သွားစေရန် အလို့ငှာ မိုးမောင်းထိုးပြီး အထင်အရှား ပြသထားပေသည်။ မှတ်သားလောက်ပါသည်။

သမိုင်းနောက်ခံ

"ပညာအရောင်အလင်း" ကို ထွန်းညှိဖြန့်ဝေမှုအနေဖြင့် ပြိတိသျှကိုလိုနီခေတ်၊ မြန်မာနိုင်ငံတွင် "**ပညာသတင်းစာ**" တစ်စောင်ကို ၁၉၀၆ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်၊ ကြာသပတေးနေ့မှ စတင်၍ ရန်ကုန်မြို့၊ စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း)ရှိ၊ ပြိတိသျှဘားမားပုံနှိပ်တိုက်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့ဖူးသည်။ ပညာသတင်းစာအနေဖြင့် ထိုသို့ကြိုးစားအားထုတ် ဖြန့်ချိခဲ့ရာတွင် နောက်ပိုင်း၌ အရှုံးပေါ်လာသဖြင့် ပညာသတင်းစာထုတ်ဝေခြင်းမှာ ရပ်ဆိုင်းသွားခဲ့ရပေသည်။

တစ်ဖန် မြန်မာနိုင်ငံ ပညာရေးဌာန (Department of Public Instruction) ၏ အားပေးမှုဖြင့် "ပညာမဂ္ဂဇင်း" ကို ပညာရေးဌာန၊ ပညာမင်းကြီး၏ အပါးတော်မြဲ ဆရာကြီးဦးထွန်းအောင်က အကျိုးတော်ဆောင်အယ်ဒီတာချုပ်အဖြစ် တာဝန်ယူ၍ ထုတ်ဝေနိုင်ရန် ကြိုးစားအားထုတ်ခဲ့ပြန်ရာ ၁၉၃၈ ခုနှစ် ဇန်နဝါရီလ (၁)ရက် စနေနေ့တွင် စတင်ထုတ်ဝေဖြစ်ခဲ့ပါသည်။ ထိုပညာမဂ္ဂဇင်းသည်လည်း

ဒုတိယကမ္ဘာစစ်မီးကြီး မြန်မာနိုင်ငံသို့ ကူးစက်လောင်ကျွမ်းလာမှုကြောင့် ၁၉၄၁ ခုနှစ်ကုန်ခန့်တွင် ရပ်စဲခဲ့ရဖူးလေသည်။

ပညာတန်ဆောင်စာစောင် ပေါ်ထွန်းလာခြင်း

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် "ပြည်တော်သာ ဘဝသစ် ဖန်တီးမှု ပညာရေး စီမံကိန်း" အရ ပြည်ထောင်စုမြန်မာနိုင်ငံ ကျောင်းများရှိ ဆရာ၊ ဆရာမများ၏ ပညာသင်ကြား သင်ယူမှု ကောင်းမွန်တိုးတက် ဖွံ့ဖြိုးစေရေးကို ရှေးရှုလျက် ပညာမင်းကြီး၏ မေတ္တာရပ်ခံ တိုက်တွန်းအားပေးချက်တို့ဖြင့် အငြိမ်းစားလက်ထောက် ပညာမင်းကြီး ဦးထွန်းအောင်သည် ပညာမဂ္ဂဇင်းအစား "ပညာတန်ဆောင်" စာစောင်အမည်ဖြင့် ၁၉၅၂ ခုနှစ် ဇန်နဝါရီလ (၁) ရက် အင်္ဂါနေ့တွင် စတင်ထုတ်ဝေခဲ့သည်။

စတင်ထုတ်ဝေစဉ်ကပင် "**ပညာတန်ဆောင်**" ထုတ်ဝေဖြန့်ချိရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပညာမင်းကြီး၏ ထောက်ခံအားပေးမှုကို ကောင်းစွာရရှိခဲ့ပါသည်။ ထိုသို့ ရရှိခဲ့လင့်ကစား ပညာတန်ဆောင် ရေရှည်တည်တံ့ခိုင်မြဲရှင်သန်တိုးတက်စေရန် ရည်သန်လျက် အစိုးရအဖွဲ့အစည်းမဟုတ်သော "**ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့**"ကို ၁၉၅၂ ခုနှစ် ဇန်နဝါရီလ (၃) ရက် ကြာသပတေးနေ့တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

ပညာတန်ဆောင်သည် စတင်တည်ထောင်ဖွဲ့စည်းခဲ့သည့် အချိန်မှစ၍ ပုဂ္ဂလိကအကျိုးအမြတ်အတွက် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်မဟုတ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြု၊ အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သော အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ရပ်သာ ဖြစ်ကြောင်းတို့ကို ပထမဆုံးစာစောင် ထုတ်ဝေစဉ်ကပင် တိုင်းသိပြည်သိဖြစ်စေရန် စာစောင်၏နောက်ကျောဖုံးတွင် "လစဉ်" "နှစ်လုံးပေါက်" အောက်ပါအတိုင်း အတိအလင်း ထည့်သွင်းဖော်ပြထားပါသည်-

"ပညာတန်ဆောင်သည် တစ်ဦးတစ်ယောက်သောသူ၏ အကျိုးစီးပွားအလို့ငှာ ထုတ်ဝေသော စာစောင်မဟုတ်၊ နိုင်ငံတော်တစ်ဝန်းလုံးရှိ နိုင်ငံတော်ကျောင်းများနှင့် အသိအမှတ်ပြုကျောင်းများ၏အကျိုးကျေးဇူးကို ရှေးရှုလျက် အုပ်ချုပ်ရေးအဖွဲ့က စောင့်ရှောက်သောအနေဖြင့် ကြပ်မတ်ထုတ်ဝေသော စာစောင်ဖြစ်ကြောင်း သိစေလိုပါသည်။"

"ပညာတန်ဆောင်အတွက် ရရှိသောနှစ်စဉ်ကြေးများသည် စာသင်ကျောင်းများ၏ အကျိုးကျေးဇူးအတွက်သာလျှင် အသုံးပြုရန် ဖြစ်ပါကြောင်း"

"ပညာတန်ဆောင်" ပထမဆုံးထုတ်စာစောင်တွင် စာစောင်၏ "အမှတ်အသား" (Logo) အဖြစ် "ပွင့်နေသော စာအုပ်နှင့် ထိန်ထိန်လင်းနေသော ဖယောင်းတိုင်" တို့၏အောက်ဝယ် "ပညာသမာ အာဘာ နတ္ထိ" ဟူသော "ဆောင်ပုဒ်" ကို တိတိကျကျ ရှင်းရှင်း လင်းလင်း ကွက်ကွက်ကွင်းကွင်း ဖော်ပြထားပါသည်။ ထို့ပြင် "သဟ်တေဇာ၊ နေစကြာသို့၊ ပညာတန်ဆောင် အလင်းဆောင်အံ့" ဟူ၍လည်း ကြွေးကြော်ကြုံဝါးချက်ကို အားပါးတရ ဖော်ပြထားသည်ကို ထပ်လောင်းတွေ့ရှိရပါသည်။

သို့ဖြင့် ပညာတန်ဆောင်စာစောင်သည် "ပညာ သမာ၊ အာဘာ နတ္ထိ" ဟူသော ဆောင်ပုဒ်ကို ခိုင်ခိုင်မြဲ မြဲဦးထိပ်ပန်ဆင်လျက် "ပညာတန်ဆောင် အလင်းဆောင်အံ့" ဟူသော ကြိုးပမ်းအားထုတ်ချက်ဖြင့် ပေါ်ထွက်လာသည့် မြန်မာ့ပညာရေးလောက၏ မိုးရှူးတန်ဆောင်သဖွယ် အလင်းရောင်ဖြန့်ဝေပေးနိုင်သည့် ပညာရေးပညာပေး စာစောင်အဖြစ် တွေ့မြင်နေရပေသည်။

အထက်တွင် ဖော်ပြထားသည့် ပညာတန်ဆောင်၏ အမှတ်အသားကိုပင် နှစ်ငါးဆယ်လုံးလုံးယနေ့သို့တိုင် ဆက်လက်သုံးစွဲလျက် ရှိနေပေသည်။

ပညာတန်ဆောင်၏ ရည်ရွယ်ချက်

"ပညာတန်ဆောင်" သည် မူလကနဦးကပင် "နိုင်ငံတော်၏ ပညာရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပညာစာစောင်တစ်ခုဖြင့် စွမ်းဆောင်ဖြည့်ဆည်းနိုင်သလောက် စွမ်းဆောင်ဖြည့်ဆည်းပေးရန်၊ အထောက်အကူပြုရန်" ဟူသော အဓိကရည်ရွယ်ချက်ဖြင့် ထုတ်ဝေခဲ့သည့် စာစောင်ဖြစ်ပါသည်။ ထို့အဓိက ရည်ရွယ်ချက်နှင့် အညီ ပညာတန်ဆောင်သည် မိမိ၏မူလလည်းဖြစ်၊ အဓိကလည်းကျသည့် အဆိုပါ ရည်ရွယ်ချက်အတိုင်း မျက်ခြည်မပြတ် တစ်စိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပညာတန်ဆောင်အဖွဲ့ဝင်အချို့ (ဝဲမှယာ)
(၁) ဝဏ္ဏကျော်ထင် ဦးသန်းမောင်၊ ငွေထိန်း (၂) ဆရာကြီး ဦးတိုးမြိုင်၊ တွဲဖက်စာတည်း (၃) ဝဏ္ဏကျော်ထင် ဦးဘဖေ၊ လက်ထောက်ပညာမင်းကြီး (၄) ဆရာကြီး ဦးရွှေဖုံးရင် (၅) ဦးသန့်၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်း (၆) ဝဏ္ဏကျော်ထင် ဦးဘိုးသွယ် (စာတည်း) (၇) ဦးဘဘွား၊ တက္ကသိုလ်ပညာရေး မဟာဌာနမှူး (၈) အမှူထမ်းကောင်း တံဆိပ်ရမင်း ဦးထွန်းဆောင်၊ အမှူဆောင်

သို့ဖြင့် "ပညာတန်ဆောင်" သည် "မြန်မာ့ပညာရေးလောကတွင် သက်တမ်း အရှည်ကြာဆုံး ပညာရေးစာစောင် တစ်စောင်အဖြစ် ခိုင်မြဲစွာ ရပ်တည်နိုင်ခဲ့ပြီး "ခေတ်" "စနစ်" အဆက်ဆက်၌ ဖော်ပြပါ နိုင်ငံတော်၏ ပညာရေးကဏ္ဍဆိုင်ရာ တာဝန်ကို ဦးလည်မသုန် ကျပွန်စွာ ထမ်းဆောင်လာခဲ့ပါသည်။

ခေတ်စနစ်အရ ပြောင်းလဲဖြစ်ထွန်း တိုးတက်နေသော နိုင်ငံတော်၏ ပညာရေးလုပ်ငန်းများနှင့် လိုက်လျောညီထွေဖြစ်စေရန်၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်း အမျိုးမျိုးတို့နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ပိုမိုသွက်လက် ထက်မြက်ထိရောက်စေရန် ရည်သန်လျက် ပညာတန်ဆောင်အဖွဲ့ စည်းမျဉ်းကို ပြုပြင်မွမ်းမံရေးဆွဲ အတည်ပြုပြဋ္ဌာန်းခဲ့ရာ၌ ပညာတန်ဆောင်၏ ရည်ရွယ်ချက်များကိုလည်း၊ အောက်ပါအတိုင်း သတ်မှတ်ခဲ့ပါသည်-

(က) နိုင်ငံတော်က ချမှတ်ထားသည့်ကျောင်းတွင်း ကျောင်းပြင်ပ အခြေခံပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် အထောက်အကူ ဖြစ်စေရန်၊

(ခ) အခြေခံပညာဆိုင်ရာ ဆရာဆရာမများအား ခေတ်မီပညာရေး အတွေးအခေါ်၊ ပညာရေးသဘောတရားနှင့် လက်တွေ့လုပ်ငန်းများ အကျွမ်းတဝင် ရှိစေရေးအတွက် အထောက်အကူပြုရန်၊

(ဂ) ဆရာ ဆရာမများ၏ အရည်အသွေးနှင့် သင်ကြားမှုစွမ်းရည် တိုးတက်မြင့်မားလာစေရေးအတွက် အထောက်အကူပြုရန်၊

(ဃ) အခြေခံပညာရေးဆိုင်ရာ ကျောင်းတွင်း ကျောင်းပြင်ပသင်ကြားမှု သင်ယူမှုအခြေအနေများ တိုးတက်ကောင်းမွန်လာစေရေးအတွက် အထောက်အကူပြုရန်၊

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ပညာရေးဝန်ကြီးဌာနဝန်ကြီးတို့အား
ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်

(၎) အခြေခံပညာရေးဆိုင်ရာ အရာထမ်းများ၊ ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေး လုပ်ငန်းများတွင် အထောက်အကူပြုရန်၊

(စ) ကျောင်းတွင်း ကျောင်းပြင်ပ အခြေခံပညာရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ရသော ပညာရေးသုတေသနလုပ်ငန်းများကို အထောက်အကူပြုရန်၊

(ဆ) ဖော်ပြပါ ရည်ရွယ်ချက်များနှင့် အညီ ကျောင်းတွင်း ကျောင်းပြင်ပ အခြေခံပညာရေး ဖွံ့ဖြိုးတိုးတက်ရန် သက်ဆိုင်ရာ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတော်အဖွဲ့အစည်းများနှင့် အခါအားလျော်စွာပူးပေါင်းဆောင်ရွက်ရန်။

အထက်ပါ ပညာတန်ဆောင်၏ ရည်ရွယ်ချက်များကို ဆန်းစစ်ကြည့်ပါက ပထမမူလအဓိကရည်မှန်းချက်ကို အခြေခံပြီး ခေတ်စနစ်ပြောင်းလဲတိုးတက် ဖြစ်ထွန်းလာမှုများနှင့်အညီ ပိုမိုမြင့်မားကျယ်ပြန့် နက်ရှိုင်းလာသော ရည်ရွယ်ချက်များဖြစ်ကြောင်းကို တွေ့မြင်ရပေမည်။ သဘောသဘာဝအားဖြင့် နိုင်ငံတော်၏ ပညာအဆင့်အတန်းနှင့် အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန် မြင့်မားလာစေရန်၊ ဆရာ ဆရာမများကိုသာမက ပညာရေးဝန်ထမ်းကြီးငယ်များ၊ ကျောင်းသူ ကျောင်းသားများ၊ မိဘ ပြည်သူအများကိုပါ ပညာဖြန့်ဝေပေးရန် ရည်ရွယ်မျှော်မှန်းထားကြောင်း ကောင်းစွာပေါ်ပေါက်မြင်ရပေသည်။

ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့

ပြည်ထောင်စုမြန်မာနိုင်ငံ စာသင်ကျောင်းများတွင် ပညာသင်ကြားမှု တိုးတက်ကောင်းမွန်စေရေးအတွက် ဆရာဆရာမများအဖို့ ပညာပေးစာစောင်တစ်စောင်ကို လစဉ်အချိန်မှန် ထုတ်ဝေဖြန့်ချိသွားရန် လိုအပ်သည့်အလျောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပညာမင်းကြီး၏ ထောက်ခံအားပေးတိုက်တွန်းမှုဖြင့် ပထမဆုံး "ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့" ကို ထိုစဉ်က ဖွဲ့စည်းခဲ့ရာ၌ အဆိုပါအုပ်ချုပ်ရေးအဖွဲ့တွင် ပါရှိသည့်အဖွဲ့ဝင်များမှာ-

(၁) သီရိပျံချီ စည်သူ ဦးသန့် ဥက္ကဋ္ဌ
အတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန

(၂) သီရိပျံခို ဦးဘိုးသုန် လက်ထောက်ပညာမင်းကြီး — အဖွဲ့ဝင် — ဆောင်ရွက်ခဲ့ကြပါသည်။ နှစ်ငါးဆယ်ကာလ အတွင်း ခေတ်အဆက်ဆက် ပညာရေးဝန်ကြီးများ၊

(၃) ဦးဘဘွား ကျောင်းအုပ်ကြီး နိုင်ငံတော်ဆရာအတတ်သင်သိပ္ပံ — အဖွဲ့ဝင် — ဒုတိယဝန်ကြီးများ၊ ပညာမင်းကြီးများ (ပညာညွှန်ကြားရေးဝန်/အခြေခံပညာညွှန်ကြားရေးမှူးချုပ်) သည် ရာထူးအရ နာယကများအဖြစ်အုပ်ချုပ်

(၄) ဦးရွှေဖုံးရင် ကျောင်းအုပ်ကြီး ပုဇွန်တောင်မြို့နိစပါယ်ကျောင်း — အဖွဲ့ဝင် — ရေးအဖွဲ့က တင်မြှောက်ခဲ့ကြသည်။ ခေတ်ပြောင်းကာလဖြစ်သည့်အလျောက် ၁၉၈၈ ခုနှစ် စက်တင်ဘာလမှ ၁၉၈၉ ခုနှစ် ဇွန်လအထိ နာယကများ မရှိခဲ့ချေ။ သို့ရာတွင် ၁၉၈၉ ခုနှစ် ဇူလိုင်လမှစ၍ အခြေခံပညာညွှန်ကြားရေးမှူးချုပ်များသာ နာယကများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ထူးခြားချက်တစ်ရပ်မှာ ၁၉၉၉ ခုနှစ် ဧပြီလမှစ၍ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တာဝန်မှအနားယူသွားခဲ့သော ဦးထင်ကြီးအား ပထမဆုံးဂုဏ်ထူးဆောင်နာယကအဖြစ် တင်မြှောက်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ပညာတန်ဆောင်စတင်ထုတ်ဝေသည်မှ အစပြု၍ (၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလထုတ်မှ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလထုတ်အထိ) နှစ်ငါးဆယ်ကာလအတွင်း ပညာရေးဝန်ကြီး (၉) ဦး၊ ဒုတိယဝန်ကြီး (၇)ဦး၊ ပညာမင်းကြီး/ ပညာညွှန်ကြားရေးဝန်/ အခြေခံ ပညာညွှန်ကြားရေးမှူးချုပ် (၂၀)ဦးအပြင် ဂုဏ်ထူးဆောင် နာယကအပါအဝင် စုစုပေါင်း (၃၇) ဦးသည် ပညာတန်ဆောင်စာစောင်၏ နာယကကြီးများအဖြစ် ထမ်းရွက်ခဲ့ကြကြောင်း တွေ့ရပါသည်။

(၅) ဦးထွန်းအောင် အထူးအရာရှိ — အမှုဆောင် နှင့် — မသင်မနေရ မူလတန်းပညာရေး အတွင်းရေးမှူးတို့ဖြစ်ကြောင်း၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့၏သင်းဖွဲ့မှတ်တမ်းတွင် တွေ့ရှိမှတ်သားရပါသည်။ စင်စစ် အားဖြင့် ဤအုပ်ချုပ်ရေးအဖွဲ့သည် မူလရည်ရွယ်ချက်ဖြစ်သည့် "ပညာတန်ဆောင် စာစောင်ထုတ်ဝေဖြန့်ချိရေးအတွက် မူဝါဒလမ်းညွှန်မှုများ ချမှတ်ပေးသည့် အမြင့်ဆုံးအဖွဲ့" ဖြစ်သည်။ အကျိုးဆောင် စေတနာဝန်ထမ်း ထမ်းရွက်ကြသည့် အဖွဲ့တစ်ရပ်လည်း ဖြစ်ပေသည်။ (အဖွဲ့ ဥက္ကဋ္ဌ ဦးသန့်သည် ၁၉၅၂ ခုနှစ် ဇန်နဝါရီလမှ ၁၉၅၇ ခုနှစ် ဇူလိုင်လအထိ ၅ နှစ် ၇ လ၊ ထမ်းဆောင်ခဲ့ပြီးနောင်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဖြစ်ခဲ့ပါသည်။)

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ရည်ရွယ်ချက်များ တိုးချဲ့ကျယ်ပြန့်လာသည်နှင့်အမျှ အုပ်ချုပ်ရေးအဖွဲ့၏ တာဝန်များသည်လည်း ကျယ်ပြန့်လာရာ ပညာတန်ဆောင်အဖွဲ့လုပ်ငန်းများကို အနီးကပ်ကြီးကြပ်နိုင်ရန်နှင့် လုပ်ငန်းများစနစ်တကျ ပိုမိုတွင်ကျယ်စွာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အလို့ငှာ ၁၉၉၉ ခုနှစ် မတ်လ (၂၆) ရက် သောကြာနေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် "ပညာတန်ဆောင်အဖွဲ့၏ စည်းမျဉ်း" ပုဒ်မ (၁၀)၊ (ယ) ဖြင့် "အလုပ်အမှုဆောင်ကော်မတီ" တစ်ရပ်ကိုလည်း ထပ်မံဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

အုပ်ချုပ်ရေးအဖွဲ့၏နာယကများ

ပညာတန်ဆောင် စတင်ထုတ်ဝေစဉ်ကပင် (၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလထုတ်မှစ၍) ပညာရေးဝန်ကြီးဌာနနှင့် ပညာမင်းကြီး (ညွှန်ကြားရေးဝန်/အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်) တို့သည် စာစောင်၏နာယကများအဖြစ် ကူညီလမ်းပြ

တင်းတင်းပြည့်သည့် ၂၀၀၂ ခုနှစ် ဇန်နဝါရီလတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်ဦးရေ ၂၁ ဦးရှိလာကြောင်း တွေ့ရသည်။ ထိုအုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဥက္ကဋ္ဌ ၁ ဦး၊ ဒုတိယဥက္ကဋ္ဌ ၁ ဦး၊ ငွေထိန်း ၁ ဦး ၊ အတွင်းရေးမှူး ၁ ဦး၊ တွဲဖက်အတွင်းရေးမှူး ၁ ဦး နှင့် အဖွဲ့ဝင် ၁၆ ဦးတို့ပါဝင်ပါသည်။

ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့အောက်တွင် ပညာတန်ဆောင်ရုံးကို ပညာတန်ဆောင် အုပ်ချုပ်ရေးမှူးက ရုံးအကြီးအကဲအဖြစ် တာဝန်ယူရပါသည်။ ထိုအုပ်ချုပ်ရေးမှူးသည် ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ကွင် ရာထူးအရ လည်း အတွင်းရေးမှူးတာဝန်ကိုပါ ထမ်းဆောင်ကြရပါသည်။

နှစ်ငါးဆယ်ကာလအတွင်း အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ထမ်းဆောင်ခဲ့သူ ၁၀ ဦးမှာ ဦးသန့်၊ ဦးမြင့်၊ ဦးဘဖေ၊ ဦးကွန်း၊ ဦးရွှေဖုန်းရင်၊ ဦးစံမြင့်၊ ဦးအေးမောင်၊ ဦးဘိုးသွယ်၊ ဦးထင်ကြီးနှင့် ဦးသန်းဦး တို့ ဖြစ်ကြသည်။ ဒုတိယ ဥက္ကဋ္ဌများအဖြစ် ထမ်းဆောင်ခဲ့သူ ၅ ဦးမှာ ဦးအေးမောင်၊ ဦးသောင်းထွဋ်၊ ဒေါက်တာ ရဲအောင်၊ ဦးထင်ကြီးနှင့် ဦးသန်းဦးတို့ဖြစ်ကြသည်။ ထို့ပြင် ငွေထိန်းအဖြစ် ၁၆ ဦး၊ အုပ်ချုပ်ရေးမှူးများ/အတွင်းရေးမှူးများအဖြစ် ၆ ဦး၊ အဖွဲ့ဝင်များအဖြစ် ၅၀ ဦးတို့ သည် ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ တာဝန်ခံများအဖြစ် ထမ်းရွက်ခဲ့ကြကြောင်း ကောင်းစွာမှတ်တမ်းတင်ထားပါသည်။

ပညာတန်ဆောင်စာတည်းအဖွဲ့

ပညာတန်ဆောင်စာတည်းအဖွဲ့သည် စာစောင်၏ ဦးနှောက်သဖွယ် အမြဲထာဝရ စီစဉ်တိုထွင်ဖန်တီးပုံဖော်ပေးနေရသည့် အဖွဲ့တစ်ရပ်ဖြစ်ပေသည်။ ပညာရေး ပညာရပ်ဆိုင်ရာ စာစောင်ဖြစ်သည့်အပြင် ဆရာ ဆရာမများသာမက ပညာရေးဝန်ထမ်းကြီးငယ် အားလုံးအတွက်ကိုပါ ပညာဝေငှပေးသည့် စာစောင်မျိုးဖြစ်သဖြင့် စာတည်းအဖွဲ့သည် ကြီးလေးမြင့်မြတ်လှသည့် စာပေလုပ်ငန်းအရပ်ရပ်ကို တာဝန်ခံ ထမ်းဆောင်လျက်ရှိပါသည်။ စာတည်းအဖွဲ့တွင် ဝါရင့်သမ္ဘာရင့် ပညာရှင်စာတည်းမှူးနှင့် စာတည်းများပါဝင်သည်။ စာတည်းများတွင် ဘာသာရပ်စာတည်း၊ အထွေထွေစာတည်းအပြင် အကျိုးဆောင်စာတည်းဟူ၍ သတ်မှတ်ပါရှိသည်။

နှစ်ပေါင်း ငါးဆယ်ကာလအတွင်း ပညာတန်ဆောင် စာစောင်တွင် တာဝန်ယူတည်းဖြတ်ရသော အချိန်ပြည့် တာဝန်ထမ်းဆောင်ခဲ့သည့် စာတည်းအဖွဲ့ဝင် ဦးရေပေါင်းမှာ လက်ရှိစာတည်းအဖွဲ့ဝင်များ အပါအဝင် ၁၅ ဦးရှိပေသည်။ ဘာသာရပ်အလိုက် တာဝန်ယူဆောင်ရွက်ရသော တတ်ကျွမ်းနှံ့စပ်သည့်အကျိုးဆောင် စာတည်းဦးရေမှာ ၅ ဦးရှိသည်။

ပညာတန်ဆောင် စာတည်းအဖွဲ့သည် စာစောင်ပါ (က) အကြောင်းအရာ (ခ) စာပေပုံသဏ္ဌာန် (ဂ) စာပေအရည်အသွေး (ဃ) စာစောင်အပြင်အဆင်စသည်တို့အ တွက် စာတည်းအဖွဲ့အနေဖြင့် တာဝန်ယူဆောင်ရွက်ကြရပါသည်။

ပညာတန်ဆောင်၏ စာပေခရီး

ပညာတန်ဆောင်စာစောင်သည် ပညာရေးစာစောင် တစ်စောင်ဖြစ်သည်။ ဆရာ ဆရာမများ၊ ပညာရေး ဝန်ထမ်းများ၊ အရာထမ်းများကို ပညာပေးဝေငှသော စာစောင်တစ်စောင်လည်း ဖြစ်ပေသည်။ အထူးသဖြင့် မူလတန်းပညာရေးနှင့် မူလတန်းအဆင့်သင် ဆရာဆရာမများ အတွက် အထောက်အကူပြုရန် ပိုမိုအာရုံစိုက် အလေးပေးသော စာစောင်တစ်စောင်ဖြစ်သည်။

အငြိမ်းစား စာကြည့်တိုက်မှူး၊ လက်ရှိပညာတန်ဆောင် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင် ဒေါ်ဂေးလ် ဒါထွေး ပြုစုသော "ပညာတန်ဆောင်၏ ၁၉၅၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလအထိ အညွှန်းများ" အရ ပညာတန်ဆောင်စာစောင်၌ ပါရှိသည့်အကြောင်းအရာ ခေါင်းစဉ်စုံစုပေါင်း ၈၂၉ ခုပါရှိသည်။ ထိုပါရှိသည့် အကြောင်းအရာများကို အုပ်စုကြီးအလိုက် စုစည်းခွဲခြားကြည့်ပါက (၁)နိုင်ငံတော်ပညာရေး မူဝါဒ စီမံကိန်းနှင့်စီမံချက်များ (၂) အတ္ထုပ္ပတ္တိများ (၃) ကျောင်းသင်ဘာသာရပ်များ (၄) ဆရာအတတ်သင် ပညာရပ်ဆိုင်ရာဘာသာရပ်များ (၅) ဆရာ့သိက္ခာ၊ စေတနာ၊ မေတ္တာစသည့် ဆရာ့စိတ်ဓာတ်မြင့်မားရေး အကြောင်းအရာများ (၆) ဆရာများ၏ ပညာအရည်အသွေး ပိုမိုမြင့်မားရေး (၇) ဆရာ့ဘဝ ဆရာ့အလုပ် သရုပ်ဖော်ပုံများ (၈) ပညာရေးသုတေသန

လုပ်ငန်းများ (၉) နိုင်ငံတကာပညာရေး အခြေအနေ (၁၀) အထွေထွေ ဗဟုသုတအကြောင်းအရာများ ဟူ၍ ခွဲခြားတွေ့ရှိရပါသည်။

ပညာတန်ဆောင်စာစောင် စတင်ခဲ့သည့်ကာလမှ မျက်မှောက်ကာလအထိ ပညာတန်ဆောင်တွင် တင်ပြခဲ့သော၊ တင်ပြ နေဆဲလည်းဖြစ်သော စာပေပုံသဏ္ဌာန်အစုံစုံ အဖုံဖုံတို့ကို အုပ်စုအလိုက် ထပ်မံစုစည်းကြည့်ပါက (က) စကားပြေ ဆောင်းပါးမျိုးစုံ (ခ) ကဗျာအမျိုးမျိုး (ဂ) ဝတ္ထုတို/ရှည်များ၊ (ဃ) ပြဇာတ် (င) အတ္ထုပ္ပတ္တိများ (စ) သဝဏ်လွှာများ၊ မိန့်ခွန်းများ (ဆ) စာညွှန့်/စာနုများ (ဇ) ရုပ်ပြောင်ကာတွန်းများ (စျ) ပညာရေးဟာသများ (ည) အိတ်ဖွင့်ပေးစာများ (ဋ) မေးဖြေပုံစံများ (ဌ) ဓာတ်ပုံသတင်း၊ ပညာရေးသတင်း (ပြည်တွင်း/နိုင်ငံတကာ) စသည်ဖြင့် ခွဲခြားတွေ့ရှိရမည်ဖြစ်ပါသည်။

နှစ်ငါးဆယ်ကာလအတွင်း နှစ်အလိုက်စာစောင်ဈေးနှုန်း၊ စာမျက်နှာဦးရေနှင့် ထုတ်ဝေဦးရေတို့ကို အောက်တွင် ဖော်ပြထားပါသည်-

နှစ်	ဈေးနှုန်းဦးရေ	စာမျက်နှာဦးရေ	ထုတ်ဝေ
၁၉၅၂	၃/	၆၂	၄၅၀၀
၁၉၅၅	၃/	၁၂၀	၉၀၀၀
၁၉၅၅	၃/	၁၂၀	၉၀၀၀
၁၉၆၀	၃/	၁၀၈	၁၂၀၀၀
၁၉၆၅	၃/	၁၃၂	၁၃၀၀၀
၁၉၇၀	၃/	၁၂၈	၁၄၅၀၀
၁၉၇၅	၃/	၈၀	၁၇၀၀၀
၁၉၈၀	၃/၂၅း	၇၂	၁၉၀၀၀
၁၉၈၅	၅/	၆၀	၂၂၀၀၀
၁၉၉၀	၉/	၄၈	၂၅၁၅၀
၁၉၉၅	၁၀/	၆၄	၃၈၀၀၀
၂၀၀၀	၂၅/	၆၄	၄၀၀၀၀
၂၀၀၁	၂၅/	၆၄	၄၀၀၀၀
၂၀၀၂	၃၅/	၆၄	၄၂၀၀၀

ပညာတန်ဆောင်စာစောင်၏ စာပေခရီးစဉ်တွင် နှစ်ငါးဆယ်ကာလအတွင်း စက္ကူဈေးနှုန်းအဆမတန် ကြီးမြင့်တိုးတက်လာမှုကြောင့် စာစောင်ဈေးနှုန်းကို မြှင့်တင်ရမှုတို့နှင့် မလွဲမသွေ ရင်ဆိုင်ခဲ့ရပေသည်။ မည်သို့ပင် ရင်ဆိုင်ခဲ့ရစေကာမူ ပညာတန်ဆောင်၏ မူလရည်မှန်းချက်အတိုင်း အကျိုးအမြတ်ကို ပမာနမထားဘဲ အသက်သာဆုံးဈေးနှုန်းဖြင့် ဖြန့်ဝေနိုင်ရန် ထာဝရကြိုးစားအား ထုတ်ခဲ့ကြသည့်အတွက် ဈေးနှုန်းအတက်ကြမ်းတမ်းခြင်း မရှိခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (Unicef)ကလည်း အခြေခံပညာသင်ကျောင်းများအားလုံးသို့ "ပညာတန်ဆောင်စာစောင်" ဖြန့်ချိရောက်ရှိနိုင်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ စက္ကူ။ ပုံနှိပ်မင် စသည်တို့ကိုလည်းကောင်း၊ နောက်ပိုင်း၌ ပုံနှိပ်စက်ကိုလည်းကောင်း၊ ပံ့ပိုးကူညီလာသည့်အတွက် ပညာတန်ဆောင်အနေဖြင့် တွေ့ကြုံရင်ဆိုင်ရသည့် အခက်အခဲ အကျပ်အတည်းများကြားမှ အခြေခံပညာသင်ကျောင်းများအားလုံး (နယ်စပ်ဒေသများအပါအဝင်)သို့ စာစောင်ပုံမှန်ပေးပို့ ရောက်ရှိရေးကို မဖြစ်မနေကြိုးပမ်းအားထုတ်ခဲ့ရာ အောင်မြင်ခဲ့ပါသည်။

ပညာတန်ဆောင် (၁၉၅၂) စတင်ထုတ်ဝေစဉ်က စာစောင်အရေအတွက် ၄၅၀၀ ဖြင့်စတင်ခဲ့ရာမှ နှစ်ငါးဆယ်ပြည့်သည့် ရွှေရတုပညာတန်ဆောင် (၂၀၀၂) စာစောင်ကို စောင်ရေလေးသောင်းနှစ်ထောင် (၄၂၀၀၀) သို့ပင် တိုးမြှင့်ထုတ်ဝေလာနိုင်ပြီဖြစ်သဖြင့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများအားလုံး (နယ်စပ်ဒေသများအပါအဝင်) ပညာရေးကောလိပ်များအားလုံးနှင့် အခြေခံပညာပြည်/နယ်တိုင်း၊ မြို့နယ်ပညာရေးမှူး ရုံးများအားလုံးသို့ပင် အရောက်ဖြန့်ချိပေးပို့ နိုင်လာပြီဖြစ်ပါသည်။

ပညာတန်ဆောင် သင်ကြားမှု ထောက်ကူပြုကားချပ်များ

ပညာတန်ဆောင်၏ ရည်မှန်းချက်နှင့်အညီ စာ သင်ကျောင်းများတွင် သင်ကြားမှု/သင်ယူမှုကို အထောက် အကူပြုနိုင်စေရေးအတွက် ပညာတန်ဆောင်စာစောင်၏ နောက်ဆက်တွဲအဖြစ် "သင်ကြားမှုအထောက်အကူပြု ကားချပ်များ" ကို စာသင်ခန်းသုံး/သင်တန်းသုံးအဖြစ် ၁၉၅၂ ခုနှစ် စက်တင်ဘာလထုတ် စာစောင်ထုတ်ဝေသည့်လမှစ၍ ၁၉၈၂ ခုနှစ်အထိ သုံးလတစ်ကြိမ် စာသင်ကျောင်းများသို့ ပုံမှန်ပို့ပေးဖြစ်ခဲ့သည်။ ထိုသို့ပေးပို့ခဲ့သည့် သင်ကြားမှုထောက်ကူပြုရုပ်ပုံ/မြေပုံ/သရုပ်ဖော်ပုံ၊ ပညာရေးပြကွဒိန်ကားချပ်များသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ္ခါ၊ သိပ္ပံ၊ ပထဝီဝင်၊ သမိုင်း စသည့် ဘာသာရပ်ဆိုင်ရာ ကျောင်းသင်ခန်းစာများ

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွှန့် ရွှေရတုပညာတန်ဆောင်အထိမ်းအမှတ်
ပြခန်းအတွင်းကြည့်ရှုနေစဉ်

သင်ကြားသင်ယူမှုနှင့် လေ့ကျင့်ရေးတို့အတွက် များစွာစိတ်ဝင်စားမှုနှင့်အထောက်အကူပြုမှုရရှိပါသည်။

၁၉၈၃ ခုနှစ်နောက်ပိုင်းကာလတွင်မူ အဆိုပါ ပညာတန်ဆောင် သင်ကြားမှုထောက်ကူပြုကားချပ်များကို သုံးလတစ်ကြိမ်အစား နှစ်လတစ်ကြိမ် ပုံနှိပ်ပြီးပညာတန်ဆောင်စာစောင်များနှင့် အတူ ကျောင်းများသို့ ပုံနှိပ်မီဒီယာအဖြစ် ပုံမှန်ဖြန့်ချိပေးပို့လျက်ရှိပါသည်။

ပညာတန်ဆောင် အထူးစာစဉ်များ

သင်ကြားပြသသည့်ဆရာ ဆရာမများနှင့် သင်ယူသူ တပည့်များအတွက် သင်ကြား/သင်ယူမှုကို ပံ့ပိုးအား ဖြည့်ပေးသည့် လက်စွဲသဖွယ်လည်းအသုံးပြုနိုင်သော "ပညာတန်ဆောင်အထူးစာစဉ်များ" ကို ၁၉၉၂ ခုနှစ်မှ စ၍ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ်ၤာ၊ ရူပဗေဒစသည့် ဘာသာရပ်ဆိုင်ရာများအနေဖြင့်လည်းကောင်း၊ သင်ကြား သင်ယူသူတို့၏ စိတ်ဓာတ်ပိုင်းနှင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ မြင့်တင်ပေးမှုအနေဖြင့်လည်းကောင်း၊ ကျောင်းသားကျောင်းသူလူငယ်များ၏ ဘက်စုံဖွံ့ဖြိုးရေး အတွက် ပြုစုပျိုးထောင်မှုဆိုင်ရာ ပံ့ပိုးပေးခြင်းအနေဖြင့် လည်းကောင်း၊ အထူးစာစဉ် အမျိုးအမည်ပေါင်း (၃၃) မျိုးကို ပုံနှိပ်ပြီးဈေးနှုန်း ချိုသာစွာဖြင့် ဖြန့်ချိပေးခဲ့ပါသည်။

ဖော်ပြပါ အထူးစာစဉ် စာအုပ်များသည် မြန်မာ့ပညာသင်ကြားရေး စာပေလောက က ကျော်လွန်၍နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုများကိုပင် ဆွတ်ခူးနိုင်ခဲ့ကြောင်း တွေ့ရသည်။ ပညာတန်ဆောင် အထူးစာစဉ်အနက် အောက်ဖော်ပြပါ ပညာတန်ဆောင် အထူးစာစဉ်စာအုပ်များသည် အမျိုးသားစာပေဆုကို ရရှိခဲ့ကြပါသည်။

(၁) "မင်္ဂလာပါ ဆရာမ"၊ ဦးသန်းထွတ် (တိုက်စိုး) ၁၉၉၆ခုနှစ်အမျိုးသားစာပေဆု (သာသာပြန်ရသဆု)

(၂) "မြန်မာနိုင်ငံ ပညာရေးဌာနသမိုင်း"(ဦးသန်းဦး) ၁၉၉၉ ခုနှစ် အမျိုးသားစာပေဆု(သုတပဒေသာ-ဝိဇ္ဇာဆု)

(၃) "မြန်မာ့ပညာရေးရှုခင်း" (ဦးသောင်းထွဋ်)
၂၀၀၀ ပြည့်နှစ် အမျိုးသားစာပေဆု (သုတ
ပဒေသာ-ဝိဇ္ဇာဆု)

အထိမ်းအမှတ် အထူးထုတ်စာစောင်များ

ပညာတန်ဆောင်သည် အရေးကြီးသည့် ပညာရေးနှင့်လူမှုရေးအထိမ်းအမှတ် နေ့ကြီးရက်ကြီး အခါကြီးများ၊ ပညာတန်ဆောင်နှင့်သက်ဆိုင်သည့် အမှတ်တရဖြစ် ထွန်းမူဆိုင်ရာ နေ့ရက်များကို ရည်ညွှန်းဖော်ကျူး ဂုဏ်ပြုသောအားဖြင့် "ပညာတန်ဆောင်အထူးထုတ် အထိမ်းအမှတ်ထုတ်စာစောင်များ"ကို အကြောင်းအားလျော်စွာနှင့် အခါအားလျော်စွာ ပြုစုပုံနှိပ်ထုတ်ဝေ ဖြန့်ချိလျက်ရှိပါသည်။ အထူးထုတ် အထိမ်းအမှတ်ထုတ် စာစောင်များမှာ-

(၁) အထက်တန်း ကျောင်းအုပ်ကြီးများ၏ ဥာဏ်နှီးနှောဖလှယ်ပွဲစာစောင် (ဧပြီလ၊ ၁၉၅၈ ခုနှစ်)
(၂) ပညာတန်ဆောင် ဆယ်နှစ်မြောက်စာစောင် (ဇန်နဝါရီလ-၁၉၆၂ ခုနှစ်)
(၃) ဦးထွန်းအောင် အထိမ်းအမှတ် စာစောင် (ဒီဇင်ဘာလ၊ ၁၉၆၉ ခုနှစ်)
(၄) နိုင်ငံတကာ ပညာရေးနှစ် စာစောင် (ဇန်နဝါရီလ၊ ၁၉၇၀ ပြည့်နှစ်)
(၅) ကလောင်သစ် အထိမ်းအမှတ် စာစောင် (ဇန်နဝါရီလ၊ ၁၉၇၂ ခုနှစ်)
(၆) ပညာတန်ဆောင် (ဆရာအတတ်သင်) စာစောင် (ဇန်နဝါရီလ၊ ၁၉၇၃ ခုနှစ်)
(၇) ပညာတန်ဆောင် (သုတေသန) စာစောင် (ဖေဖော်ဝါရီလ၊ ၁၉၇၃ ခုနှစ်)
(၈) ငွေရတုသဘင်အထိမ်းအမှတ်စာစောင် (ဇန်နဝါရီလ၊ ၁၉၇၇ ခုနှစ်)
(၉) ပညာတန်ဆောင် စာကြည့်တိုက်အထိမ်းအမှတ် စာစောင် (နိုဝင်ဘာလ၊ ၁၉၈၂ ခုနှစ်)
(၁၀) ဆရာအတတ်သင်အထူးထုတ်စာစောင် (မတ်လ၊ ၁၉၈၄ ခုနှစ်)
(၁၁) ပညာရေးလုပ်သား အထူးစာစောင် (ဧပြီလ၊ ၁၉၈၄ ခုနှစ်)
(၁၂) ပညာတန်ဆောင် ဦးသျှောင်ဆရာကြီးများအား ဂုဏ်ပြုစာစောင် (ဧပြီလ၊ ၁၉၈၉ ခုနှစ်)
(၁၃) အားလုံးအတွက် ပညာရေးစာစောင် (ဇန်နဝါရီလ၊ ၁၉၉၁ ခုနှစ်)
(၁၄) လေးဆယ့်ငါးနှစ်မြောက် ပညာတန်ဆောင် စာစောင် (ဇန်နဝါရီလ၊ ၁၉၉၇ ခုနှစ်)
(၁၅) ပညာတန်ဆောင် နှစ် (၅၀) ပြည့်အထူး စာစောင်
(ဇန်နဝါရီလ၊ ၂၀၀၂ ခုနှစ်)
(၁၆) ရွှေရတုသဘင်မှတ်တမ်း အထူးစာစောင်
(ဖေဖော်ဝါရီလ၊ ၂၀၀၂ ခုနှစ်)

တို့ဖြစ်သည်။ ပုံမှန်အထိမ်းအမှတ်အဖြစ် နှစ်စဉ်ထုတ်ဝေလျက်ရှိသော အထူးထုတ်ပညာတန်ဆောင် စာစောင်များမှာ-

(၁) ဇန်နဝါရီလ၊ ပညာတန်ဆောင် မွေးဖွားသည့်လ၊ နှစ်သစ်ကူးအထူးစာစောင်။
(၂) ဖေဖော်ဝါရီလ၊ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အထိမ်းအမှတ်စာစောင် (ပြည်နယ်/ တိုင်း တစ်ခုစီမှ ကလောင်ရှင်များပါရန် စီစဉ်သည်။)
(၃)စက်တင်ဘာလ၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာစောင် (မြန်မာနိုင်ငံ စာတတ်မြောက်ရေး ကြိုးပမ်းမှုများ ဖော်ပြရန်စီစဉ်သည်။)
(၄) နိုဝင်ဘာလ၊ စာကြည့်တိုက် အထိမ်းအမှတ် စာစောင် ဆရာကြီး ဦးထွန်းအောင်အား အမှတ်တရဖော်ပြသည့်စာစောင်
(၅) ဒီဇင်ဘာလ၊ ၁၉၉၈ ခုနှစ်မှစ၍ ပညာတန်ဆောင်စာပေပြိုင်ပွဲ/ဆုနှင်းသဘင်ဆုရစာမူများ ဖော်ပြသည့် စာစောင်

တို့ဖြစ်သည်။

သို့ဖြင့် ပညာတန်ဆောင်စာစောင်သည် ကြီးမား မွန်မြတ်လှသော

- "သမိုင်းပေးတာဝန်"
- "ပညာရေးတာဝန်"
- "စာပေတာဝန်"

ကြီးသုံးရပ်ကို မပျက်မကွက် ဆောင်ရွက်နိုင်စွမ်းရှိသည့် စာစောင်တစ်စောင်အဖြစ် ကောင်းစွာမှတ်ကျောက် တင်နိုင်ပြီဖြစ်ပါသည်။

စာပေပြိုင်ပွဲများ

ပညာတန်ဆောင်သည် ဆရာဆရာမများအတွက် ပညာရေးအတတ်ပညာ၊ ဆရာ့အတတ်ပညာ၊ ခေတ်မီနည်းပညာ စသည်များကို ဖြန့်ဝေပေးရေးတာဝန်ကို သာမက ဆရာဆရာမများ၏ စိတ်ဓာတ်နှုန်းဖွဲ့ ထိုးထွင်းမှု၊ တီထွင်ဖန်တီးဖော်ထုတ်မှု စသည့်အရေးအသားစွမ်းပကား၊ ကလောင်စွမ်းအား တို့ကိုပိုမို ရှင်သန်ထက်မြက်လာစေရန် ရည်သန်လျက် ကလောင်သွေးပေးရေး တာဝန်ကိုပါ တစ်ပါတည်းဆောင်ရွက်ခဲ့ ဆောင်ရွက်လျက်ရှိနေပေသည်။

ပညာတန်ဆောင်သည် ကလောင်သစ် ဆရာဆရာမများကို ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးသည့်အနေဖြင့် ဆရာဆရာမများ၏ လက်စွမ်း ကလောင်စွမ်းကိုပိုမိုထက်မြက် လာစေရန် ဆောင်ရွက်ပေးသည့် လုပ်ငန်းများအနက် "ပညာတန်ဆောင် စာပေပြိုင်ပွဲ ကျင်းပပေးခြင်း" သည် ပညာတန်ဆောင်၏ လုပ်ငန်းတစ်ရပ် ဖြစ်လာပါသည်။

ပညာတန်ဆောင် စာပေပြိုင်ပွဲများကို ၁၉၅၄ ခုနှစ်မှ စတင်ကျင်းပခဲ့သည်။ ထိုစဉ်က ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲတို့ဖြင့်သာ စတင်ခဲ့ရခြင်းဖြစ်ပေသည်။ ဝတ္ထုတိုပြိုင်ပွဲကို ၁၉၈၆ ခုနှစ်၊ ဘာသာပြန်ပြိုင်ပွဲကို ၁၉၉၆ ခုနှစ်၊ ဦးသန်းညွန့်စာပေပြိုင်ပွဲကို ၁၉၉၉ ခုနှစ်နှင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကို ၂၀၀၀ ပြည့်နှစ်တို့မှ စတင်ကျင်းပလာခဲ့သည်။ စာပေပြိုင်ပွဲများကိုသာမက သင်ကြားမှုအထောက်အကူပြု ကားချပ်ပြိုင်ပွဲကိုလည်း ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပလာခဲ့သည်။

ပညာတန်ဆောင်သည် အဓိကဦးတည်သူ ဆရာ ဆရာမများကိုသာမက ကျောင်းသား ကျောင်းသူများကိုပါ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးသည့် အနေဖြင့် စာစီစာကုံး (အထက်တန်း)၊ စာစီစာကုံး (အလယ်တန်း)၊ စာစီစာကုံး (မူလတန်း) စာပေပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှစတင်ကျင်းပဆောင်ရွက်ပေးလျက်ရှိနေသည်။

ပညာတန်ဆောင်စာပေပြိုင်ပွဲများကို ၁၉၅၄ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ကျင်းပခဲ့ရာ၌ စာပေအမျိုးအစားအလိုက် ကျင်းပဖြစ်သော ပြိုင်ပွဲအကြိမ်နှင့်ဆုရဦးရေတို့ကို အချုပ်အားဖြင့် ဖော်ပြရသော်-

(၁) ဆောင်းပါးပြိုင်ပွဲ ၁၀ ကြိမ်၊ ဆုရဦးရေ (၅၉)
(၂) ကဗျာပြိုင်ပွဲ ၃ ကြိမ်၊ ဆုရဦးရေ (၁၆)
(၃) ဝတ္ထုတိုပြိုင်ပွဲ ၅ ကြိမ်၊ ဆုရဦးရေ (၂၆)
(၄) စာစီစာကုံး (အထက်တန်းဆင့်) (၅) ကြိမ်၊ ဆုရ ဦးရေ (၂၀)
(၅) စာစီစာကုံး (အလယ်တန်းဆင့်) (၇) ကြိမ်၊ ဆုရဦးရေ (၃၀)
(၆) စာစီစာကုံး (မူလတန်းဆင့်) (၇) ကြိမ်၊ ဆုရဦးရေ (၃၀)
(၇) ဘာသာပြန် (၇) ကြိမ်၊ ဆုရဦးရေ (၂၁)
(၈) ဦးသန်းညွန့်စာပေဆု (၄) ကြိမ်၊ ဆုရဦးရေ (၁၀)
(၉) ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ (၃) ကြိမ်၊ ဆုရ ဦးရေ (၉)
(၁၀) သင်ကြားမှု ထောက်ကူပြုကားချပ်ပြိုင်ပွဲ (၄) ကြိမ်၊ ဆုရဦးရေ (၂၄)

တို့ဖြစ်ပါသည်။

သို့ဖြင့် ပညာတန်ဆောင် စာစောင်သည် စာစောင်သက်တမ်းကာလအတွင်း ဆရာ ဆရာမများကိုသာမက ကျောင်းသား ကျောင်းသူများနှင့်ပါ ထိတွေ့ပြီးလျှင် ပညာဗဟု "သုတ" နှင့်ပ ညာ "ရသ" မျိုးစုံတို့ ဖန်တီးဖော်ထုတ်နိုင်စွမ်း ရှိလာစေသည့် အပြင် ထိုမှတစ်ဆင့် အောင်မြင်သည့် ကလောင်ရှင်များ ပြုစုမွေးထုတ် ပေးလာနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်အဆင့် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေ စာပေဆု စသည်တို့ကို ဆွတ်ခူး ရရှိလာနိုင်သည့် ပညာတန်ဆောင်ကလောင်ရှင်များအဖြစ်ဖြင့်ပင် တက်လှမ်းရောက်ရှိလာမှုများကို အားပါးတရတွေ့မြင်နေကြရသဖြင့် ဝမ်းသာကြည်နူးစွာ ဂုဏ်ယူမှတ်တမ်းတင်ပါသည်။

၁၉၉၃ ခုနှစ်တွင် ကျင်းပသော ပညာတန်ဆောင် စာပေပြိုင်ပွဲ ဆုနှင်းသဘင်မှ စတင်၍ "နိုင်ငံတော်အဆင့် စာပေပြိုင်ပွဲအသီးသီးတွင် ဆုချီးမြှင့်ခံရသော ပညာတန်ဆောင်ကလောင်ရှင်များ" အား ပညာတန်ဆောင်က ထပ်ဆင့်ဂုဏ်ပြုလျက်ရှိပါသည်။ သို့ဖြင့်လည်း ပညာတန်ဆောင်သည်

ပညာ တန်ဆောင်

ဒဂုန်တာရာ ဇော်နေဝါဒိုလ

ပြည်ထောင်စု မြန်မာ နိုင်ငံတော်

အစိုးရ

ပဉ္ဇာဝဏ္ဍိုဇနဒီပနီ

၏

ဆုချီးမြှင့်တင်ခြင်း

၁၉၉၂ ခုနှစ်၊ ဇွန်လ

ပညာ

ပထမဦးဆုံး ပညာတန်ဆောင်စာစောင်ရှေ့ဖုံးနှင့် နောက်ကျောဖုံးဒီဇိုင်းပုံ

"ပညာရေးတာဝန်" အပြင် "စာပေတာဝန်" ကိုပါ တစ်ဖက်တစ်လမ်းက တက်လှမ်းကာ တာဝန်ကျေ ပွန်စွာ ဆက်လက်ထမ်းဆောင်လျက် ရှိနေပါသည်။ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှု

ပညာတန်ဆောင်အဖွဲ့သည် နိုင်ငံတော်၏ အမျိုးသား ပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိ၏အင်အားကို အခြေခံလျက် ချမှတ်ထားသည့် မူလရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်လျက် ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှု လုပ်ငန်းများကို ပိုမိုထိရောက် စွာအထောက်အကူ ပြုစေရန် ပညာတန်ဆောင်အဖွဲ့သည် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူး ပေါင်းဆောင်ရွက်နိုင်သည့် အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ နိုင်ငံတော်ရှိ ကလေးသူငယ် များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ကို ကူညီပံ့ပိုးပေးနေသော "ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့" (Unicef) နှင့် ဆက်သွယ်ကာ အကူ အညီများ ရရှိခဲ့ပါသည်။ အထူးသဖြင့် ပညာ တန်ဆောင်ထုတ်ဝေရန် လိုအပ်သော ပုံနှိပ်စက္ကူ၊ ပုံနှိပ်စက်မင်များ စသည်ပစ္စည်းအချို့ကို ၁၉၉၀ ပြည့်နှစ်မှ စတင်ရရှိခဲ့သဖြင့် ပညာတန်ဆောင် အတွက် အကျိုးဖြစ်ထွန်းလျက် ရှိသည်။

ပညာတန်ဆောင်အဖွဲ့သည် ယူနီဆက် အဖွဲ့၏ အကူအညီကိုရယူပြီး "ပညာတန်ဆောင် ဖတ်ရှုမှုအခြေအနေ လေ့လာဆန်းစစ်ချက်" တစ်ရပ် ကို ဆောင်ရွက်ရာ၌ ၁၉၉၂ နှင့် ၁၉၉၄ ခုနှစ် များတွင် ပြည်နယ်နှင့်တိုင်း ၁၄ ခုရှိ မြို့နယ်ပေါင်း

ပညာတန်ဆောင်အုပ်ချုပ်ရေး

ရန်ကုန်မြို့—ဘွဲ့—နိုဝင်ဘာလ—ဆေးဆောင်း၊ ခိုင်တိုက်အွင် မိုက်ခိုင်နှ
ဦးထွန်းအောင်၊ စာ—ထ°—အယ်ဒီ၊ ဘ°—စာပေကထုတ်ဝေသည်

၁၆ မြို့နယ်သို့ ပညာတန်ဆောင် အဖွဲ့ဝင်များ ကွင်းဆင်းကာ ဆရာ ဆရာမများ ပညာရေး ဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းလေ့လာခဲ့သည်။ ထို့ပြင် "မေးမြန်းစုံစမ်းလွှာ" ၃၀၀၀ ကို ပြည်နယ် နှင့်တိုင်းအနှံ့ရှိပညာတန်ဆောင် စာဖတ်ပရိသတ် များထံ ပေးပို့တောင်းခံစုစည်း ဆန်းစစ်လေ့လာ သုတေသနပြုဖြစ်ခဲ့သည်။

ပညာတန်ဆောင်အဖွဲ့သည် ပညာရေး ဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ယူနီဆက်အဖွဲ့နှင့်ပူးပေါင်း ဆောင်ရွက်မှုတစ်ရပ်အဖြစ် "အာရှဒေသဆိုင်ရာ လူတိုင်းအတွက် ပညာရေးဆွေးနွေးပွဲကြီး" (ဝန်ကြီး များအဆင့်)ကို ၁၉၉၅ ခုနှစ် မတ်လ (၂၈) ရက်နေ့ မှ မတ်လ (၃၀) ရက်နေ့အထိ ရန်ကုန်မြို့ ကရိတ် အဆောက်အအုံခန်းမတွင် ကျင်းပနိုင်ခဲ့ပါသည်။

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ပညာတန်ဆောင်အဖွဲ့အတွက် ခေတ်မီပုံနှိပ်စက် တစ်လုံးကို ၂၀၀၀ ပြည့်နှစ်၊ မေလ (၁၈) ရက် ကြာသပတေးနေ့တွင် လှူဒါန်းခဲ့ပါသည်။

ထို့ပြင် "ရေးဦးကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် ပရိုဂျက်" တစ်ခုကို ၂၀၀၀ ပြည့်နှစ်မှစ၍ ပညာတန်ဆောင်နှင့်ဆက် သွယ်ကာ ရန်ကုန်မြို့စွန်ရှိ မြို့နယ်ငါးမြို့နယ်မှ အခြေခံပညာ မူလတန်းကျောင်း (၅၁) ကျောင်း၊ ရပ်ရွာငါးခုတို့တွင်လည်းကောင်း၊ မန္တလေးမြို့၊ မြို့နယ်တစ်မြို့နယ်မှ အခြေခံပညာ မူလတန်း ကျောင်း (၁၀) ကျောင်းတို့တွင်လည်းကောင်း၊ စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ယူနီဆက်၊ ဂျပန်နိုင်ငံ Ministry of Post and Telegram Department ဝန်ထမ်း အဖွဲ့နှင့် Rishi Ko Sakai အဖွဲ့တို့မှ အကူအညီ ကိုရယူရန် အခြေခံပညာဦးစီးဌာနများနှင့် ညှိနှိုင်းပြီး၊ ပညာတန်ဆောင်သည် မြို့နယ်ပေါင်း ၁၄ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ပေါင်း ၂၀၆၇ မှ မူလတန်း ကျောင်းသားကျောင်းသူ ၁၈၉၈၀၀ ၏ ပညာရည်တိုးမြှင့်ရေးလုပ်ငန်း များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ပညာတန်ဆောင်စာကြည့်တိုက်

ပညာတန်ဆောင် စာကြည့်တိုက်သည် ပညာ တန်ဆောင်ကို ထူထောင်ခဲ့သူ ပညာတန်ဆောင် ဖခင်ကြီး ဦးထွန်းအောင် ကွယ်လွန်ခဲ့သည့် (၁၀) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ထူထောင်ခြင်းဖြစ် သည့်အလျောက် ၁၉၇၉ ခုနှစ် နိုဝင်ဘာလ (၂၅) ရက် တနင်္ဂနွေနေ့တွင် စမ်းချောင်းမြို့နယ်၊ ရန်အောင်လမ်း၊ အမှတ် (၃) တွင် စတင် ဖွင့်လှစ် ဖြစ်ခဲ့သည်။

ပညာတန်ဆောင် စာကြည့်တိုက်ကို မြန်မာ နိုင်ငံ ပညာရေးရည်ညွှန်းစာကြည့်တိုက် တစ်ခု အဖြစ်လည်းကောင်း၊ ပညာရေးမော်ကွန်းတိုက်တစ်ခု အဖြစ်လည်းကောင်း တည်ရှိလာစေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဖြစ်မြောက်လာ စေရန် ဦးတည်လျက် ပညာတန်ဆောင် စာကြည့် တိုက်တွင်-

(က) မြန်မာနိုင်ငံ ပညာရေး ဆင်ဒီကိတ်၊ အစီရင် ခံစာများ၊ စစ်ကြိုခေတ် ပညာမင်းကြီးရုံး နှစ်လည်အစီရင်ခံစာ အပါအဝင်၊ ပညာရေး ကော်မတီများ၏ အစီရင်ခံစာများ၊ ပညာရေး ထောက်အထား စာအုပ်စာတမ်းစသည်များ စုစုပေါင်း ၁၅၀၀ ကို သိမ်းဆည်းထားရှိသည်။

(ခ) ပညာရေး ကိုဓဉပဒေ အပါအဝင်ပညာရေး အက်ဥပဒေများ၊ ပညာရေးမူဝါဒ၊ ပညာရေး စီမံကိန်းဆိုင်ရာ များ၊ ပညာရေး ပြက္ခဒိန်များ၊ စုစုပေါင်း ၃၅၀ ကို စုစည်းထားရှိသည်။

(ဂ) ပညာရေး သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာ ဆိုင်ရာ စာအုပ်စာတမ်းများ စုစုပေါင်း ၃၅၀ ကို စုဆောင်းရရှိထားသည်။

(ဃ) စစ်ကြိုခေတ်မှ မျက်မှောက်ခေတ်အထိ၊ ကျောင်းများတွင် ပြဋ္ဌာန်းအသုံးပြုခဲ့သည့် ကျောင်းသုံးစာအုပ်များ၊ ပညာရေး ကောလိပ် နှင့် ဆရာအတတ်သင်ကျောင်းနှင့် သိပ္ပံများ တွင် သင်ကြားပို့ချခဲ့သည့် သင်တန်းသုံးစာအုပ် များ အပါအဝင် ကျောင်းသုံးစာအုပ် စုစုပေါင်း ၃၁၃၀ ကိုလည်း စုဆောင်းရရှိထားသည်။

(င) ပညာရေးဆိုင်ရာ ရှားပါးမဂ္ဂဇင်းများအပြင်၊ မျက်မှောက်ခေတ် တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများမှ ထွက်ရှိသည့် ကျောင်းမဂ္ဂဇင်းများ အပါအဝင်၊ ပညာရေး မဂ္ဂဇင်းစုစုပေါင်း ၂၇၅၀ ကိုလည်း ထိန်းသိမ်း ထားနိုင်ပြီဖြစ်သည်။

(စ) ပညာရေးဆိုင်ရာ ရည်ညွှန်းကိုးကားနိုင်သည့် ပညာ ရေးမဟာဘွဲ့ကျမ်း၊ မြန်မာစာ ပါရဂူ

ဘွဲ့ကျမ်းနှင့်တကွ ရည်ညွှန်းစာအုပ်ပေါင်း (အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့်) ၅၅၀၀ ၊ မြန်မာစာပေ၊ အင်္ဂလိပ်စာပေ တို့အတွက် ရည်ညွှန်း ကိုးကားနိုင်သည့် စာအုပ်ပေါင်း ၂၅၀၀ ကို စင်တင်ထားရှိပြီဖြစ်သည်။

ပညာတန်ဆောင် စာကြည့်တိုက်စတင် ထူထောင်သည့် အချိန်မှစ၍ ဝယ်ယူခြင်း၊ အလှူခံခြင်း၊ စာကြည့်တိုက်အချင်းချင်းဖလှယ်ခြင်း၊ မိတ္တူကူးပွားရယူ ခြင်း စသည့်နည်းလမ်းများဖြင့် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလအထိ စုစည်းခဲ့ရာ၊ စာအုပ်ပေါင်း ၁၇၉၅၇ ကို စုဆောင်းရရှိထားပြီး ဖြစ်ပါသည်။

အထိမ်းအမှတ်သဘင် ဆင်ယင်ကျင်းပခြင်း

ပညာတန်ဆောင်၏ ဌေရတုသဘင် အခမ်းအနားတစ်ရပ်ကို၊ ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက် ခန်းမဆောင်၌ ဆုပေးပွဲနှင့်အတူ တခမ်း **တနား** သိုက်သိုက်မြိုက်မြိုက် ဆင်ယင်ကျင်းပနိုင်ခဲ့ပါသည်။

"ရွှေရတုသဘင်" ပညာတန်ဆောင် ရွှေရတုသဘင် အထိမ်းအမှတ် အခမ်းအနားများကို ရန်ကုန်မြို့ကမာရွတ်မြို့နယ်၊ ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့၊ ရုပ်ရှင်ခန်းမ၌ ဆင်ယင်ကျင်းပရာ၌-

(က) ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်၊ အင်္ဂါနေ့တွင် အသက် ၇၅ နှစ်အထက် ပညာတန်ဆောင် ကလောင်ရှင်ကြီး ၁၉ ဦးအား ပူဇော်ကန်တော့သည့် "သက်ကြီးပူဇော်ပွဲ" တစ်ရပ်ကို အမှတ်တရ ကျင်းပခဲ့သည်။

(ခ) ၂၀၀၂ ခုနှစ် ဇန်နဝါရီလ(၂) ရက်၊ ဗုဒ္ဓဟူးနေ့နံနက် ၈ နာရီတွင် ကျင်းပသည့် "ပညာတန်ဆောင် ရွှေရတုသဘင်ဖွင့်ပွဲ" အခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုဗိုလ်ချုပ်ကြီးခင်ညွန့်) တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားခဲ့ခြင်းဖြင့် စတင်ခဲ့သည်။

(ဂ) "ပညာတန်ဆောင် ရွှေရတုသဘင်၊ စာတမ်းဖတ်ပွဲ"ကို မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ရုပ်ရှင်ခန်းမ၌၊ ၁-၁-၂၀၀၂ (အင်္ဂါနေ့) နှင့် ၂-၁-၂၀၀၂ (ဗုဒ္ဓဟူးနေ့) တို့တွင် ကျင်းပခဲ့သည်။

(ဃ) နှစ်ငါးဆယ်ပြည့် ပညာတန်ဆောင် စွမ်းဆောင်အောင်မြင်မှုတို့နှင့် စပ်လျဉ်း၍ မှတ်တမ်းတင်ဖော်ပြထားသည့် "ပညာတန်ဆောင် ရွှေရတုအထိမ်းအမှတ် ပြခန်း" ကိုလည်း ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နှင့် (၂) ရက်နေ့များတွင် ဖွင့်လှစ်ပြသခဲ့သည်။

(င) ပညာတန်ဆောင် နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်အဖြစ် " ရွှေရတု ပညာတန်ဆောင် မဂ္ဂဇင်း"ကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီတွင် စောင်ရေ သုံးသောင်းထုတ်ဝေခဲ့ပါသည်။

နိဂုံး

အခြေပ်အားဖြင့် "ပညာတန်ဆောင်" သည် စတင် ထူထောင်ခဲ့သည့် ၁၉၅၂ ခုနှစ် ဇန်နဝါရီလ(၁) ရက်၊ အင်္ဂါနေ့မှ နှစ်ငါးဆယ် တင်းတင်းပြည့်မြောက်သည့် ၂၀၀၂ ခုနှစ် ဇန်နဝါရီလ (၁) ရက် အင်္ဂါနေ့အထိ နှစ်ငါးဆယ် စာပေခရီးစဉ်ကာလအတွင်း ကြီးမားမြင့်မြတ်လှသည့်-

(က) သမိုင်းအစဉ်အလာ
(ခ) ပညာရေး အစဉ်အလာ
(ဂ) စာပေအစဉ်အလာ

ကောင်းသုံးရပ်တို့နှင့်အညီ မိမိစွမ်းဆောင်နိုင်သည့် ဘက်မှ ကျယ်ပြန့်သည့် "ပညာရေးမိဒီယာကွန်ရက်" အဖြစ် နိုင်ငံနှင့်အဝန်း ဖြန့်ကြက်လျက် "အမျိုးသားပညာရေးတာဝန်များ" အဖြစ် အမျိုးသားရေးအင်အားစု တစ်ရပ်အနေဖြင့် တစ်တပ်တစ်အားအင်တိုက်အားတိုက်ပါဝင် ကြိုးပမ်းထမ်းဆောင်လျက်ရှိနေပါကြောင်း မှတ်တမ်းဝင် မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ဦးသန်းဦး





မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

MMU ဖွင့်လှစ်ရေးညီနှိုင်းဆွေးနွေး

ရေကြောင်းပညာတက္ကသိုလ် ဖွင့်လှစ်ရေးအတွက် အတွင်းရေးမှူး (၁) လမ်းညွှန်ဆွေးနွေးစဉ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်သည် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များကို မွေးထုတ်နိုင်ရန် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဆိုင်ရာကဏ္ဍ (၄) ရပ် ချမှတ်ခဲ့သည်။ ၎င်းတို့မှာ -

၁။ နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော်တစ်ခုအဖြစ် တည်ဆောက်နိုင်စွမ်းရှိသည့် လူစွမ်းအားအရင်း အမြစ်ကို ဖန်တီးရန်။

၂။ ပညာစွမ်းရည်၊ ဉာဏ်စွမ်းရည်၊ လူမှုစွမ်းရည် မြင့်မားသည့် အရင်းအမြစ်သည် အလားအလာကောင်းသည့် အနာဂတ်ဖြစ်စေရန်အတွက် အာမခံချက်ဖြစ်သည်ကို တစ်မျိုးသားလုံးခံယူလျက် မြန်မာ့ပညာရေးစနစ်ကို တည်ထောင်ရန်။

၃။ မြန်မာ့ ပညာရေးစနစ်သည် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ပင်မအရင်းအမြစ်ဖြစ်စေရန်နှင့် အလားတူမြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးကိုလည်း မြန်မာ့ပညာရေးစနစ်၏ အရင်းအမြစ် အသုံးပြုနိုင်စေရန်။

၄။ နိုင်ငံတော်တွင် အရည်အချင်းမြင့်မားသည့် လူစွမ်းအား အရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်သော လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုများ တည်တံ့ခိုင်မြဲတိုးတက်နေစေရန် တို့ဖြစ်ပါသည်။

အမျိုးသားပညာရည် မြင့်မားရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ထိုမျှမက အမျိုးသားရေးဂုဏ်သိက္ခာစောင့်ရှောက်မြှင့်တင်ရေး၊ အမျိုးသားရေးစွမ်းဆောင်ရည် တိုးပွားခိုင်မာရေးတို့အတွက် ပဓာနကျသည့် လိုအပ်ချက်လည်းဖြစ်သည်။

ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိပြီး မြစ်ချောင်းပေါများသော မြန်မာနိုင်ငံ၏ ပထဝီအနေအထားတို့ကို အခြေခံ၍ ရေကြောင်းပညာရပ်များဖြစ်သော ရေတမံတည်

အတွင်းရေးမှူး (၁) စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးစဉ်



အတွင်းရေးမှူး (၁) အင်္ဂလိပ်ဘာသာစကား လက်တွေ့သင်ကြားခန်းမကို ကြည့်ရှုစဉ်

ဆောက်မှုပညာရပ်၊ ဆိပ်ကမ်းတည်ဆောက်မှု ပညာရပ်၊ မြစ်ချောင်းနှင့် ပင်လယ်ရေတိမ်ပိုင်း ထိန်းသိမ်းရေးပညာရပ်နှင့် နိုင်ငံရပ်ခြားသွားလာမှုပညာရပ်စသည်တို့ လိုအပ်လျက်ရှိပါသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မရှိမဖြစ်လိုအပ်ချက်ဖြစ်သည့် ရေကြောင်းပညာရပ်များ အဆင့်မြင့်သင်ကြားနိုင်ရေးအတွက် စီမံဆောင်ရွက်ရန်လမ်းညွှန်ခဲ့ပါသည်။ ရေကြောင်းပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံတကာကုန်သွယ်စီးပွားရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ကာကွယ်ရေးကဏ္ဍတို့သာမက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍနှင့် အခြားသောနိုင်ငံတော်စီးပွားရေးကို အထောက်အကူပြုသည့်ကဏ္ဍများတွင်လည်း လွန်စွာအရေးပါသည်။

ပင်လယ်ရေကြောင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးအတွက် ရေကြောင်းပညာရပ်များ အဆင့်မြှင့်တင်နိုင်ရန် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် MYAN - MAR MARITIME UNIVERSITY ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်ကာ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့နှင့် အောက်တိုဘာလ ၁၄ ရက်နေ့များတွင် ညီနှိုင်းအစည်းအဝေးများကျင်းပ၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဖြစ်မြောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် ဖြစ်မြောက်ရေး ဦးစီးကော်မတီတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က နာယကအဖြစ် ဆောင်ရွက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကာ အဖွဲ့ဝင် (၁၂) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ဆပ်ကော်မတီ (၅) ခုကိုလည်း သက်ဆိုင်ရာပညာရှင်များဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

(၁) တက္ကသိုလ် ဥပဒေပြုစုရေး၊ ဆရာ ဆရာမများ ရရှိရေးနှင့် တက္ကသိုလ်ဖွဲ့စည်းပုံရေးဆွဲရေးဆပ်ကော်မတီ

(၂) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးဇယားရေးဆွဲရေး ဆပ်ကော်မတီ

(၃) အဆောက်အအုံများ တည်ဆောက်ရေးဆပ်ကော်မတီ

(၄) စာအုပ်စာတမ်းနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူစုဆောင်းရေး ဆပ်ကော်မတီ

(၅) ဘဏ္ဍာရေးဆပ်ကော်မတီ တို့ဖြစ်ပါသည်။

၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေအမှတ် (၁/၂၀၀၂) ကို အခန်း (၉)ခန်းဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

အခန်း (၁) အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်
အခန်း (၂) တက္ကသိုလ် တည်ထောင်ခြင်း
အခန်း (၃) တက္ကသိုလ်၏ ရည်မှန်းချက်များ
အခန်း (၄) ကောင်စီဖွဲ့စည်းခြင်း
အခန်း (၅) ကောင်စီ၏ လုပ်ငန်းတာဝန်များ
အခန်း (၆) တက္ကသိုလ် ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့များ ဖွဲ့စည်းခြင်း
အခန်း (၇) ဝန်ထမ်းဖွဲ့စည်းခြင်း
အခန်း (၈) ဘဏ္ဍာရေး
အခန်း (၉) အထွေထွေ တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သည် ပါမောက္ခချုပ် အပါအဝင် အရာထမ်း (၂၄၈)နေရာ၊ အမှုထမ်း (၅၈၃) နေရာ စုစုပေါင်း (၈၃၁) နေရာဖြင့် ဖွဲ့စည်းထားပါသည်။ စီမံခန့်ခွဲရေးဌာနတွင် သင်ကြားရေးဌာနဟူ၍ အစု (၂) စုရှိပြီး အောက်ပါအတိုင်း ဖွဲ့စည်းထားရှိပါသည်။



ရေကြောင်းပညာတက္ကသိုလ် ကွန်ပျူတာခန်းမ



အတွင်းရေးမှူး (၁) Electronic ခန်းမကို စစ်ဆေးကြည့်ရှုစဉ်

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်



မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် ခိုးမြှင့်အပ်နှင်းမည့်ဘွဲ့၊ ဒီပလိုမာနှင့် ခွင့်ပြုကျောင်းသားဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

စဉ်	ဘွဲ့ဒီပလိုမာ အမည်	ပညာသင်နှစ်	ပထမနှစ်	ခွင့်ပြုမည့် ကျောင်းသားဦးရေ
၁	B.E (Naval Architecture)	၅	၁၀၀	၅၀၀
၂	B.E (Marine Engineering)	၅	၁၀၀	၅၀၀
၃	B.E (Port and Harbour Engineering)	၅	၁၀၀	၅၀၀
၄	B.E (River and Ocean Engineering)	၅	၁၀၀	၅၀၀
၅	B.E (Marine Electrical Systems and Electronics)	၅	၁၀၀	၅၀၀
၆	B.Sc (Hons Nautical) (Science)	၅	၁၀၀	၅၀၀
၇	Dip:S.M (Post-graduate Diploma in Shipping Management)	၁	၁၀၀	၁၀၀
၈	Dip:P.M (Post-graduate Diploma in Port Management)	၁	၁၀၀	၁၀၀
၉	Dip:Naut Studies (Diploma in Nautical Studies)	၂	၂၀၀	၄၀၀
၁၀	Dip:Mar. Tec. (Diploma in Maritime Technology)	၂	၂၀၀	၄၀၀

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားကို ကြည့်လျှင် သဘာဝအားဖြင့် မြစ်ချောင်းအင်းအိုင်များ၊ အဏ္ဏဝါရေပြင်များဖြင့် ဖွဲ့စည်းတည်ရှိနေကြောင်း တွေ့ရမည်ဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေကြောင်းလုပ်ငန်းရပ် အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရန် အလွန်အရေးကြီးသကဲ့သို့ ရေကြောင်းသွားလာမှုနှင့်ပတ်သက်သော လုပ်ငန်းတာဝန်များ ဆောင်ရွက်သွားရန် ပညာရှင်များ လိုအပ်လျက်ရှိသည်။ အဆိုပါ လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်မည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကြီးကို ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ ပထမနှစ်တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ်ၤာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် ကွန်ပျူတာဘာသာရပ်များကို ပိုင်နိုင်ကျွမ်းကျင်စေရန် အဓိကသင်ကြားပို့ချပေးလျက် ရှိပါသည်။ စာတွေ့၊ လက်တွေ့မှတစေရန် စီစဉ်ထားပြီး အထောက်အကူပစ္စည်းများ၊ စာအုပ်စာတမ်းများ၊ ဓာတ်ခွဲခန်းပစ္စည်းများ၊ English Language Lab ပစ္စည်းများ၊ ကွန်ပျူတာများဖြင့် သင်ကြားပေးလျက်ရှိသည်။ စာသင်နှစ်တစ်တန်းပြီးတစ်တန်း တက်လာသည်နှင့်အမျှ လိုအပ်မည့်ခေတ်မီသင်ကြားမှု အထောက်အကူပြုပစ္စည်းများ၊ စာအုပ်စာတမ်းများ၊ Software များကို တင်သွင်းရန် စီမံထားရှိပြီးဖြစ်သည်။

စာသင်နှစ်တိုင်းတွင် အပိုင်းနှစ်ပိုင်း (Terms) ခွဲခြားသင်ကြားပေးပြီး လက်တွေ့ဓာတ်ခွဲခန်းသာမက သဘော်ကျင်း၊ စက်ရုံ၊ အလုပ်ရုံများတွင် လက်တွေ့ဆည်းပူးခြင်း၊ (Terms) တစ်ခုနှင့်တစ်ခုကြားတွင် Sea Training (ပင်လယ်ပြင်လေ့ကျင့်ခန်း) များ စီစဉ်ထားရှိကာ သင်ယူသည့်ဘာသာရပ်အတွက် အကျိုးများ

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်



မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဖွင့်ပွဲ အခမ်းအနား

၂၀၀၂-၂၀၀၃
အကြီးတန်း
သစ်လွင်ကြိုဆိုပွဲ
ပါမောက္ခချုပ်
အမှာစကား

သည်ထက်များစေရန် ထားရှိသည်။ ထို့အပြင် သဘော်တည်ဆောက်ရေး၊ ဆိပ်ကမ်းတည်ဆောက်ရေး၊ ရေကြောင်းဆိုင်ရာ သွားလာရေးနယ်ပယ်အသီးသီးမှ စာတွေ့လက်တွေ့ ကျွမ်းကျင်သူပညာရှင်များကိုယ်တိုင် ပါဝင်ပို့ချပေးလျက် ရှိသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သည် နိုင်ငံတကာအဆင့်မီဘွဲ့၊ ဒီဂရီသင်ကြားအပ်နှင်းပေးသည့် တက္ကသိုလ်ကြီးဖြစ်သည်။ ကမ္ဘာအရပ်ရပ်ရှိ ရေကြောင်းပညာတက္ကသိုလ်များ သင်ရိုးဇယားများအား စိစစ်၍ မြန်မာကျောင်းသားများအတွက် အထိရောက်ဆုံး သင်ကြား တတ်မြောက်စေရန်နှင့် လက်တွေ့နယ်ပယ်သို့ တိုက်ရိုက်ဝင်ရောက်ပို့ဆောင်နိုင်ရန် ဦးတည်ချက်ထားရှိ ဆောင်ရွက်လျက်ရှိသည်။ အဓိကထား သင်ကြားပေးမည့် ဘာသာရပ်မှာ ရေယာဉ်ဒီဇိုင်း ထုတ်လုပ်ရေးဆွဲရေးနှင့် ရေယာဉ်တည်ဆောက်မှုပညာရပ်ဖြစ်သည်။ ယင်းပညာရပ်ကို အထောက်အကူဖြစ်စေရန် လျှပ်စစ်နှင့်အီလက်ထရွန်းနစ်ဘာသာရပ်၊ ရေယာဉ်သုံး စက်ကိရိယာဘာသာရပ်၊ ရေယာဉ်ကိုင်တွယ် မောင်းနှင်သည့် ဘာသာရပ်များဖြင့် ပံ့ပိုးထားသည်။ တိုးတက်ထွန်းကားသည့် နိုင်ငံတိုင်းတွင် မရှိမဖြစ်လိုအပ်သည့် ဆိပ်ကမ်းတည်ဆောက်မှုဘာသာရပ်၊ မြစ်ချောင်းနှင့် ရေတိမ်ပိုင်း ထိန်းသိမ်းမှုဘာသာရပ်ဖြင့် အထောက်အကူပြုပေးထားပါသည်။

၎င်းအပြင် ဘွဲ့၊ ဒီဂရီ ရပြီးသူများအနေဖြင့် ပင်လယ်ပြင်ရေကြောင်းတွင် ရေယာဉ်မာလိန်မှူး၊ အင်ဂျင်နီယာမှူးများအဖြစ် ကုန်သွယ်ရေကြောင်းဘက်တွင် ဝါသနာထုံပါက ပေါင်းကူးစနစ်ဖြင့် ကူးပြောင်းနိုင်ရေးအတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီး International Maritime Organization(IMO) မှတ်ချက်များ နှင့်ညီညွတ်သည့် သင်ရိုးညွှန်းတမ်းများ ရေးဆွဲပို့ချ သွားမည်ဖြစ်သည်။ ဘာသာရပ်အသီးသီးတွင် ထူးချွန်သည့်ကျောင်းသားများကို နိုင်ငံတကာတက္ကသိုလ်များသို့ စေလွှတ်သင်ကြားစေပြီး မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် မျိုးဆက်သစ်များအား ပို့ချသင်ကြားစေရန် စီစဉ်ထားရှိပါသည်။ ထို့အတူ လက်ရှိသင်ကြားရေးဆိုင်ရာ ဆရာ၊ ဆရာမများကိုလည်း ပြည်တွင်းပြည်ပ အဆင့်မြင့် ဘွဲ့လွန်ဒီဂရီသင်တန်းများသို့ တက်ရောက်သင်ကြားစေမည် ဖြစ်ပါသည်။ မိမိတို့ သင်ကြားတတ်မြောက်လာသည့် အဆင့်မြင့်ပညာရပ်များ၊ အတွေ့အကြုံများ၊ သုတေသနတွေ့ရှိချက်များကို အသုံးချ၍ နိုင်ငံတော်နှင့် အမျိုးသားရေးအကျိုးစီးပွား ဖြစ်ထွန်းစေရန်၊ မြန်မာ့ပညာရေး နိုင်ငံတကာနှင့် ရင်ဘောင်တန်းယှဉ်တွဲ ရပ်တည်နိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကို ယာယီအားဖြင့် ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ ရန်ကုန်မြို့ရှိ ရေကြောင်းပညာသိပ္ပံကျောင်းဝင်းအတွင်း၌ (၄) ထပ်ကျောင်းဆောင်နှင့် စာသင်ခန်း (၂) ခုကို တည်ဆောက်ဖွင့်လှစ်ထားသည်။ နိုင်ငံတကာအဆင့်မီတက္ကသိုလ်တွင် အောက်ပါအဆောက်အအုံများ ပါဝင်တည်ဆောက်ထားပါသည်။

၁။	ပင်မအဆောက်အအုံ (၁)	ဆောင်
၂။	စာသင်ဆောင်များ	(၆) ဆောင်
၃။	Lecture Theatre	(၃) ဆောင်
၄။	အလုပ်ရုံ (Black Smit Carpentry/ Fitting)	(၂) ဆောင်
၅။	Multi - purpose Hall	(၁) ဆောင်
၆။	Recreation Centre	(၁) ဆောင်

ပါရှိပြီး ယင်းတက္ကသိုလ်ကို ရန်ကုန်မြို့ တစ်ဖက်ကမ်းရှိ သံလျင် - သီလဝါဒေသတွင် တည်ဆောက်လျက်ရှိရာ ၂၀၀၃ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့ နံနက် (၈း၃၀) တွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် "ရတနာအုတ်မြစ်တော်စိ" အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

၁၀ ကြိမ်မြောက် ပစိဖိတ် ဒေသဆိုင်ရာ သက်ဆိုင်ရာရေကြောင်း၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ညီလာခံ (The Tenth Pacific Congress on Marine Science and Technology) (PACON 2002) အား ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်မှ (၂၆) ရက်အထိ ကျင်းပခဲ့သည်။

ဒုတိယပါမောက္ခချုပ်က ဒေါက်တာဝါတာနာဘီအား ကျောင်းသားများနှင့်မိတ်ဆက်ပေးစဉ်

ဒေါက်တာဝါတာနာဘီ၏ အထူးပို့ချချက်

PACON ၏ ၂၀၀၂ ခုနှစ်ဆောင်ပုဒ်မှာ သမုဒ္ဒရာရာစုနှစ် (The Ocean Century) ဖြစ်သည်။ အဆိုပါညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၂၄) နိုင်ငံမှ ပညာရှင်ပေါင်း (၃၀၀) ခန့် တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) အား တက်ရောက်စေခဲ့ပါသည်။

ညီလာခံ၌ ပညာရှင်များက ဘာသာရပ်ဆိုင်ရာစာတမ်းများ၊ သုတေသနစာတမ်းများ ဖတ်ကြားတင်သွင်းခဲ့ကြသည်။ မြန်မာနိုင်ငံ ကိုယ်စားလှယ်က ညီလာခံ၏ Forum ၌ Education For Maritime Science and Technology in Myanmar စာတမ်းဖတ်ကြားတင်သွင်းခဲ့သည်။ PACON Chairman Dr Kengi Hotta က ညီလာခံတက်ရောက်သည့် ပညာရှင်များနှင့် မိတ်ဆက်ပေးသည်။ မြန်မာနိုင်ငံ၌ ဖွင့်လှစ်သည့် ရေကြောင်းပညာတက္ကသိုလ်အား ပညာရပ်ပိုင်းဆိုင်ရာအကူအညီများပေးရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ အမေရိကန်နိုင်ငံမှ Mr Shinme Oh က မြန်မာနိုင်ငံ၏ ပညာတိုးတက်မှုအား ဝမ်းသာကုဏ်ယူကြိုဆိုပါကြောင်းနှင့် ဂျပန် - မြန်မာအကျိုးတူပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ Professor Dr Susumu Ishii က ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံပြီး မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အတွက် လိုအပ်ချက်များ ကူညီဖြည့်ဆည်းလိုပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များ၊ ပါမောက္ခနှင့် အထောက်အကူပစ္စည်းများ၊ ထူးချွန်သူများအား ပညာတော်သင်စေလွှတ်ရေး ဆိုင်ရာနည်းများ အတွက် ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ရေကြောင်းတက္ကသိုလ်အား နိုင်ငံခြားအဖွဲ့အစည်းများက ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆက်သွယ်ညှိနှိုင်းခြင်း၊ ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ခြင်း၊ ဘာသာရပ်ဆိုင်ရာပညာရှင်များအား စေလွှတ်၍ ဆရာ၊ ဆရာမများနှင့် ဆွေးနွေးပို့ချခြင်း၊ ကျောင်းသားများအား Special Lecture များ ပို့ချခြင်းပြုလုပ်ခဲ့ကြသည်။ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း 42nd International Boat Show သို့ တက်ရောက်ရန် ဖိတ်ခေါ်ခဲ့ရာ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) အား တက်ရောက်စေခဲ့သည်။ တိုကျို ရှိ Nihon တက္ကသိုလ်၊ Saitima တက္ကသိုလ်နှင့် တိုကျို ရေကြောင်း ပညာတက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ ပညာရေးညှိနှိုင်းဆောင်ရွက်မှုများ၊ ထူးချွန်ကျောင်းသားများအား ပညာသင်စေလွှတ်နိုင်ရေး၊ နည်းပြဆရာ၊ ဆရာမများအား အဆင့်မြင့်ပညာ သင်ကြားရေးအတွက် စေလွှတ်နိုင်ရေးဆွေးနွေးသဘောတူညီမှုများ ရရှိခဲ့သည်။

၂၀၀၃ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့၌ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ဂျပန်- မြန်မာအကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဒုတိယဥက္ကဋ္ဌ Professor Dr Kengi Hotta (Professor of Oceanic Architecture and Engineering Depts College of Science and Technology, Nihon University, Japan) သည် Technology for Ocean and Coastal Space Utilization ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချမှုကို ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲအပြီးတွင် ဂျပန် မြန်မာချစ်ကြည်ရေးအသင်းက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ ကျပ်ငွေ ၇ သိန်း လှူဒါန်းခဲ့သည်။ ယခင်က ကျပ်ငွေ (၁၀) သိန်း လှူဒါန်းခဲ့ပြီးဖြစ်သည်။ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများက ထူးချွန်ကျောင်းသားများအား ဆုများချီးမြှင့်မည့် အစီအစဉ်များလည်း ကမ်းလှမ်းထားပါသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သည် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် (အကြိုးတန်း) အား ၂၀၀၂ ခုနှစ်၊ သြဂုတ်လ (၁) ရက်နေ့၊ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့တွင် အငယ်တန်းမောင်သစ်လွင်ကြိုဆိုပွဲများ ပြုလုပ်၍ နိုင်ငံတော်အကြိုးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ သင်ကြားပို့ချပေးလျက် ရှိသကဲ့သို့ ကမ္ဘာ့ရေကြောင်းဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာ ရေကြောင်းတက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပညာရေးဆိုင်ရာ ဆွေးနွေးမှုများ၊ နိုင်ငံတကာအဆင့်မီသင်ကြားပို့ချမှုများဖြင့် လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်စွာ ဝင်ရောက်အမှုထမ်းဆောင်နိုင်သည့် အထိ သင်ကြားပို့ချပေးလျက်ရှိပါကြောင်း တင်ပြရေးသားလိုက်ရပေသည်။

(မောင်ကြင်နာ)

ရန်ကုန်ပန်းချီပန်းပုကျောင်း ရွှေရတုအထိမ်းအမှတ် ပန်းချီပန်းပုပြပွဲ

ရွှေရတုပန်းချီပန်းပုဖွင့်ပွဲအခမ်းအနားတွင် တွေ့ရသောပန်းချီပန်းပုပညာရှင်များ

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိသည်။ လွတ်လပ်သော နိုင်ငံ၏ဂုဏ်အင်္ဂါနှင့် အညီ ဝန်ကြီးဌာနအသီးသီးကို ဖွဲ့စည်းထူထောင်ရာ၌ ယဉ်ကျေးမှုဝန်ကြီးဌာနသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာနကို ၁၉၅၂ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ပြီးသည့်နောက် ထိုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ပန်းချီပန်းပုကျောင်းကို ဖွင့်လှစ်သည်။

ပန်းချီပန်းပုကျောင်းကို ဘုရားလမ်း ဂျူဗလီဟော ဝင်းအတွင်းတွင် ဖွင့်လှစ်ပြီး များမကြာမီ ပန်တျာကျောင်းကိုပါ ဂျူဗလီဟောဝင်းအတွင်းတွင် ဖွင့်လှစ်သည်။ ပထမဦးဆုံး ပန်းချီပန်းပုကျောင်းအုပ်မှာ "ရေမင်းသားဆရာဆောင်" ဖြစ်ပြီး ခန့်အပ်စာရရှိသည့်နေ့မှာပင် ဆရာဆောင် ကွယ်လွန်ခဲ့ရာ "ဦးခင်မောင်" ကို ကျောင်းအုပ်ကြီးအဖြစ် ဆက်လက်ခန့်အပ်သည်။ ထိုစဉ်အခါက နည်းပြဆရာများမှာ ဦးမြတ်ကျော်၊ ဦးသိန်းဟန်နှင့် ဦးအမ်တင်အေးတို့ ဖြစ်ကြပြီး ပန်းပုနည်းပြဆရာများအဖြစ် ဦးဟန်တင်နှင့် ဦးစံဖေတို့ကို ခန့်အပ်သည်။ ပန်းချီပန်းပုကျောင်းမှာ ၃ နှစ်သင်တန်းဖြစ်ပြီး ကျောင်းအုပ်ကြီး ဦးခင်မောင်၏ လက်ထက်တွင် ကျောင်းဆင်းလက်ရာပြပွဲတစ်ပွဲ ကျင်းပကြောင်းကို မှတ်သားရဖူးသည်။

၁၉၆၂ ခုနှစ်တွင် ပန်းချီပန်းပုကျောင်းကို တက္ကသိုလ်ရိပ်သာလမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ ကျောင်းအုပ်ကြီး ဦးခင်မောင် အနားယူသွားသဖြင့် ဆရာဦးမြတ်ကျော်က ကျောင်းအုပ်ကြီးတာဝန်ကို ဆက်လက် ထမ်းဆောင်သည်။ ပန်းချီနည်းပြအဖြစ် ဦးလွန်းကြွယ်ကို ဖြည့်စွက်ခန့်အပ်ပြီး ပန်းပုနည်းပြအဖြစ် ဦးအောင်သွင်ကို ဖြည့်စွက်ခန့်အပ်သည်။ ထိုအချိန်တွင် ပန်းပုနည်းပြ ဦးစံဖေသည် နုတ်ထွက်သွားပြီးဖြစ်သည်။ ကျောင်းအုပ်ကြီး ဦးမြတ်ကျော်၏ လက်ထက်တွင် ကျောင်းဆင်းလက်ရာပြပွဲတစ်ကြိမ် ကျင်းပသည်ကို တွေ့ရဖူးသည်။

၁၉၆၄ ခုနှစ်တွင် ပန်းချီပန်းပုကျောင်းကို ဗဟန်း အမှတ် (၈) ကိုယ့်မင်းကိုယ့်ချင်းလမ်းသို့ ပြောင်းရွှေ့ ဖွင့်လှစ်သည်။ ထိုအတောအတွင်း ကျောင်းအုပ်ကြီး ဦးမြတ်ကျော် ကွယ်လွန်ခဲ့ပြန်ရာ

ဦးလွန်းကြွယ်နှင့် ဦးသုခတို့က ကျောင်းအုပ်တာဝန်များကို ဆက်လက်ထမ်းဆောင်ကြသည်။

၁၉၇၈ - ၇၉ ခုနှစ်တွင် ဦးအမ်တင်အေးက ကျောင်းအုပ်အဖြစ် တာဝန်ယူဆောင်ရွက်သည်။ ညနေပိုင်းသင်တန်းများကို အရှိန်မပျက် ဆက်လက်ပို့ချပေးသည်။ ကျောင်းဆင်းလက်ရာပြပွဲများကိုလည်း မှန်မှန်ကျင်းပပေးသည်ကို တွေ့ရသည်။ ၁၉၈၁ ခုနှစ်တွင် ဦးအမ်တင်အေး အနားယူသွားပြီးသည့်နောက် ၁၉၈၂ ခုနှစ်တွင် ဦးသန့်စင်က ကျောင်းအုပ်အဖြစ် ဆောင်ရွက်သည်။

၁၉၈၂ ခုနှစ်နောက်ပိုင်း ထူးခြားချက်တစ်ရပ်မှာ ရှေးရိုးမြန်မာပန်းချီကို တိုးချဲ့သင်ကြားပေးခြင်းဖြစ်သည်။ ရှေးယခင်က ပန်းချီပန်းပုကျောင်းတွင် အနောက်တိုင်းနည်းကိုသာ ဦးစားပေးပြီး သင်ကြားခဲ့သည်။ ခေတ်အဆက်ဆက် ရှေးရိုးမြန်မာပန်းချီနှင့် အဆက်ပြတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပန်းချီပညာသည် ပုဂံခေတ်ကတည်းက စတင်ထွန်းကားခဲ့ပြီး မြန်မာတို့၏ရိုးရာအနုပညာတွင် ပန်းချီလည်းတစ်ခု အပါအဝင်ဖြစ်သည်။ ပုဂံခေတ် (၁၁ မှ ၁၃)ရာစုအတွင်း နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးများအဘက်ဘက်မှ ထွန်းကားလာသည့်နည်းတူ ပန်းချီပန်းပုပညာသည်လည်း အထွတ်အထိပ်သို့ရောက်ရှိခဲ့သည်။ ပုဂံပျက်သုဉ်းပြီးနောက် အင်းဝခေတ်တွင် ဆက်လက်ထွန်းကားလာခဲ့ပြီး တောင်ငူခေတ်တွင်မူ ပန်းချီပညာထွန်းကားသင့်သလောက် မထွန်းကားဟု ပညာရှင်များက ယူဆကြသည်။

ကုန်းဘောင်ခေတ်တွင် မြန်မာပန်းချီပညာပြန်လည်ရှင်သန်ဖွံ့ဖြိုးလာခဲ့ပြီး နန်းတွင်းပန်းချီ အစုအစည်းနှင့် မှတ်တမ်းတင်လုပ်ငန်းများလည်း ပေါ်ထွက်လာသည်။ ပုရပိုက်ပန်းချီများလည်း အရှိန်ရလာသည်။ ထိုသို့ အရှိန်ရပြီး အားကောင်းနေဆဲ ၁၈၈၆ ခုနှစ်တွင် နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့လေရာ မြန်မာ့ရိုးရာပန်းချီပန်းပုပညာရပ်များ ရှင်သန်ခွင့်မရတော့ပေ။ ရိုးရာပညာရပ်များ တစ်စတစ်စပျောက်ကွယ်လာခဲ့ရာ ရှေးရိုးမြန်မာပန်းချီကဏ္ဍာသည်လည်း မှေးမှိန်လာခဲ့ပေသည်။

ထိုသို့ မှေးမှိန်ပျောက်ကွယ်လာသည်ကို သိမြင်လာကြသည့်အတွက် ရှေးရိုးမြန်မာပန်းချီ ပြန်လည်ထွန်းကားရေးကို နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းအားထုတ်လာကြသည်ကို တွေ့ရပေသည်။ ထိုသို့ ကြိုးပမ်းအားထုတ်ကြရာ၌ ပန်းချီပန်းပုကျောင်းများ၌ ရှေးရိုးမြန်မာပန်းချီသင်ကြားရေးသည် တစ်ခန်း တစ်ကဏ္ဍအဖြစ် ပါဝင်ပေသည်။ ၁၉၈၂ ခုနှစ် နောက်ပိုင်းမှစ၍ ပန်းချီပန်းပုကျောင်း ဒုတိယနှင့် တတိယနှစ်သင်တန်းများတွင် ရှေးရိုးမြန်မာပန်းချီ သင်ကြားပို့ချရေးကို သင်ရိုးညွှန်းတမ်း မာတိကာများ ရေးဆွဲပြီး စီစဉ်ဆောင်ရွက်ခဲ့သည်။

ပန်းချီပန်းပုကျောင်း၏ ပထမဦးဆုံး ရှေးရိုးမြန်မာပန်းချီနည်းပြဆရာမှာ " ဦးဆေးရိုး" ဖြစ်သည်။ ဦးဆေးရိုး ကွယ်လွန်သည့်အခါ ဆရာဦးသန်းကြွယ်က နည်းပြဆရာအဖြစ် ဆက်လက်ဆောင်ရွက်သည်ကို တွေ့ရသည်။ ကျောင်းဆင်းလက်ရာပြပွဲများတွင် ရှေးရိုးမြန်မာပန်းချီကို ကဏ္ဍာတစ်ရပ်အဖြစ် တွေ့မြင်ရသည်မှာ အားရကြည်နူးဖွယ် ဖြစ်သည်။

ဦးသန့်စင် ပြောင်းရွှေ့သွားပြီးသည့်နောက် ဦးစိုးတင့် (ပန်းပု) သည် ကျောင်းအုပ်ဖြစ်လာခဲ့ပြီး ဦးစိုးတင့် ပြောင်းရွှေ့သွားသည့်အခါ ဦးအောင်မြင့်က ကျောင်းအုပ်တာဝန်ကို ဆက်လက်ထမ်းဆောင်သည်။ ၁၉၉၇ - ၉၈ ခုနှစ်တွင် ဦးကျော်အုန်းက ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူသည်ကို တွေ့ရသည်။

၂၀၀၂ ခုနှစ်အထိ နှစ်ပေါင်း (၅၀) ခန့်အတွင်း ပန်းချီပန်းပုပညာရှင်ပေါင်း (၄၀၀၀) ကျော်ကို ရန်ကုန် ပန်းချီပန်းပုကျောင်းမှ မွေးထုတ်နိုင်ခဲ့ပြီး ကျောင်းဆင်းလက်ရာပြပွဲများကိုလည်း မှန်မှန်ခင်းကျင်း ပြသနိုင်ခဲ့ပေသည်။ ပြည်ထောင်စု၊ လွတ်လပ်ရေး၊ တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့၊ အမျိုးသားနေ့ စသည့်နေ့ကြီးရက်ကြီးများနှင့် လှေပွဲ၊ ဆင်ခင်း၊ မြင်းခင်း အားကစားပွဲတော်စသည့်ပွဲလမ်းသဘင်များတွင်လည်း ပန်းချီပန်းပုကျောင်းအနေဖြင့် ကျရာအခန်းမှ တာဝန်ယူလုပ်ဆောင်ခဲ့ရာ နည်းပြဆရာများနှင့် ကျောင်းသားကျောင်းသူတို့၏ လက်ရာများ အများအပြား ပါဝင်ခဲ့ပေသည်။ ယနေ့ အနုပညာလောကတွင် ထင်ပေါ်ကျော်ကြားနေကြသူများ၊ ပညာရှင်များနှင့် အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေကြသူများတွင် ပန်းချီပန်းပုကျောင်းဆင်းများ အများအပြား ပါဝင်ကြပေသည်။

နှစ်ပေါင်း ၅၀ ခန့်အတွင်း ကျောင်းသားဟောင်းများသည် ဌာနအသီးသီး၊ လုပ်ငန်းအသီးသီးနှင့် နေရပ်အမျိုးမျိုးတွင် ကျင်လည်ကျက်စားလျက်

ရှိကြရာ ကျောင်းသားဟောင်းများကို ပြန်လည်စုစည်းပြီး စနစ်တကျစည်းရုံးလှုပ်ရှားနိုင်ရန်အတွက် မိတ်ဆုံပွဲတစ်ရပ်ကို ရိုးရာပညာရှင်များ အစည်းအရုံး (ဗဟို) က ကြီးမှူး၍ ၂၀၀၂ ခု၊ ဇူလိုင်လ ၁ ရက်နေ့က ရန်ကုန်မြို့ မြေပဒေသာကျွန်းတွင် ကျင်းပခဲ့ပေသည်။ ယင်းမိတ်ဆုံပွဲသို့ ကျောင်းအုပ်ကြီးများ၊၊ ကျောင်းသားဟောင်းများ၊ အငြိမ်းစားများ၊ ကျောင်းသူ ကျောင်းသားများနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပေသည်။ မိတ်ဆုံပွဲ၏ရလဒ်ကား "နှစ်ငါးဆယ်ပြည့် ရွှေရတုသဘင်ကြီး" ပင်ဖြစ်ပေသည်။

ရွှေရတုသဘင်ဖြစ်မြောက်ရေးအတွက် ဥက္ကဋ္ဌ ဦးသောင်းဟန် ဦးဆောင်သောအဖွဲ့ဝင် ၃၆ ဦး ပါဝင်သည့် ပြပွဲကော်မတီက စည်းရုံးလှုပ်ရှားခဲ့ကြရာ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ကြီးတွင် တခမ်းတနား ခင်းကျင်းပြသနိုင်ခဲ့ပေသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်. တက်ရောက်ချီးမြှင့်ပြီး ပန်းချီပန်းပုကျောင်းသို့ ပထမဦးဆုံး သင်တန်းတက်ရောက်ခဲ့သူ ဦးစံရင်၊ ဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် ကျောင်းအုပ် ဦးကျော်အုန်းတို့က ပြပွဲကိုဖဲကြိုးဖြတ်ပြီး ဖွင့်လှစ်ပေးသည်။ ပြပွဲကြိုးဖြစ်မြောက်ရေးအတွက် ကျောင်းသူ ကျောင်းသားဟောင်းများက အားကြိုးမာန်တက်ရေးဆွဲပေးပို့ကြရာ ဆီ ၂၃၈၊ ရေ ၇၈၊ အကလိုင်းလစ် ၁၂၂၊ ဖယောင်း ၅၊ ခဲ ၁၊ ပါတိတ် ၁၊ ရွှေချည်ထိုး ၁၊ ကနုကမာ ၂ နှင့် ပန်းပု ၂၀ ခန့် ဖြစ်သည်။ အရေအတွက်များပြီး လက်ရာစုံသလောက် ပေမိုကိုက်မီ အဆင့်အတန်းမြင့်သည့် လက်ရာများ အများအပြားပါဝင်သည်။

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ့ပန်းချီပန်းပုအနုပညာကို ဤသို့တက်ရောက်ချီးမြှင့်စဉ်

တက်ရောက်ကြသူများတွင် ကျောင်းအုပ်ကြီးများ၊ အငြိမ်းစားများ၊ ဆရာကြီးများ၊ ကျောင်းသူ ကျောင်းသားများ၊ နာယကကြီးများနှင့် ယဉ်ကျေးမှု တက္ကသိုလ်မှ ပါမောက္ခများ၊ ကထိကများနှင့် ပန်းချီပန်းပုကို စိတ်ပါဝင်စားကြသူ အများအပြား ပါဝင်ကြသည်။ ပထမထပ်တွင် နာမည်ကျော် ပန်းချီဆရာကြီးများ ဖြစ်ကြသည့် ဦးဘညာဏ်၊ ဆရာဆောင်၊ ဦးစံဝင်း၊ ဦးမောင်မောင်မြ၊ ဦးဘကြည်၊ ဦးလှရှိန်၊ ဦးမြတ်ကျော်၊ ဦးအမ်တင်အေး၊ ဦးသိန်းဟန်၊ ဦးသုခ

ရန်ကုန်ပန်းချီပန်းပုကျောင်းရွှေရတုအထိမ်းအမှတ်ပန်းချီပန်းပုပြပွဲ

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွှန့် ပြခန်းအတွင်းလှည့်လည်ကြည့်ရှုစဉ်

နှင့် ဦးလွန်းကြွယ်တို့၏ ပုံတူပန်းချီကားကြီးများကို တခမ်းတနား ချိတ်ဆွဲထားရာ အားရကြည်နူးဖွယ် ဖြစ်သည်။

ကွယ်လွန်ကုန်ကြပြီဖြစ်သည့် ဆရာကြီးများ၏ ရေဆေး၊ ဆီဆေးလက်ရာများကို ခက်ခက်ခဲခဲရှာဖွေ စုဆောင်းပြသထားရာ ရှားပါးလက်ရာများဖြစ်သည် နှင့်အမျှ အတုယူဖွယ်ကောင်းသည့် လက်ရာများဟု ဆိုရမည်။ ဆရာကြီး ဦးငွေကိုင်၏ နှစ်ပေါင်း ၃၀ ကျော်က ရေဆေးကားတွင် မြန်မာတို့ဝတ်စားဆင်ယင်ပုံနှင့် ဓလေ့စရိုက်များ ပေါ်လွင်လျက်ရှိသည်။ သီချင်းဆိုနေသူ အမျိုးသမီးနှင့် စောင်းတီးနေသည့် အမျိုးသားမှာ ဝတ်စားဆင်ယင်ပုံ မြန်မာဆန်သဖြင့် လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ခန့်က မြန်မာတို့ဆင်ယင်ထုံးဖွဲ့ပုံကို ပြန်ပြောင်းသတိရစေသည်။

ရေမင်းသား ဆရာဆောင်၊ အမ်တင်အေး၊ ဦးခင်မောင်နှင့် ဦးမောင်မောင်မြတို့က ရေမျှောနည်းဖြင့် ရေးခြယ်ထားပုံမှာ နည်းယူစရာကောင်းလှသည်။ ဘိုကလေးကျော်လှိုင်က တစ်နေရာတည်းကို အချိန်ခွဲပြီး (၂) ပုံ ရေးခြယ်ထားရာ တစ်မျိုးတစ်ဘာသာစီ ကောင်းသည်ဟု ဆိုရမည်။ ဦးတင်အေး (မန္တလေး) ၏ "တောင်ကြီး မီးထွန်းပွဲတော်" သည်လည်း လက်ရာမြောက် ဆီဆေးကားတစ်ချပ် ဖြစ်သည်။ အကြောင်းအရာကား ဖွဲ့စည်းပုံနှင့် အသွေးအရောင်တို့သည်လည်း လူငယ်ပန်းချီဆရာများ လေ့လာဖွယ်ကောင်းပေသည်။

ပန်းချီဆရာအများစုတွင် အမျိုးသမီးပန်းချီဆရာမ ကိုးဦးပါဝင်ပြသရာ ထူးခြားချက်တစ်ရပ်ဟု ဆိုရပေမည်။ ဒေါ်မြင့်ခိုင်၊ ဒေါ်ခင်မိုးပွင့်၊ ဒေါ်စန်းနုယဉ်၊ နော်လဲ့လဲ့အုန်း၊ ဒေါ်ဖြူဖြူဝင်း၊ ဒေါ်မြနှင်းလှိုင်၊ ဒေါ်ခင်သန့်စင်၊ ဒေါ်လဲ့လဲ့ဝင်းနှင့် သမီးမြတ်ကျော်တို့ ပါဝင်ရာ အမျိုးသမီးများ အတုယူဖွယ်ဖြစ်သည်။ ဒေါ်မြင့်ခိုင်သည် ပန်းချီကျောင်းဆင်းဖြစ်ပြီး ဆရာကြီး ဦးငွေကိုင်၏ဆုကို ဆွတ်ခူးခဲ့သူဖြစ်ရာ ရှားပါးသည့်အမျိုးသမီးပန်းချီဆရာမဟု ဆိုရမည်။

ဆရာ ကြည်သိန်း၊ မင်းဝေအောင်၊ ဝသုန်၊ လှဘုန်းအောင်၊ ရွှေသို့ရဲမြင့်၊ မင်းတင်အောင်ထိုက်၊ စိုးမိုးနှင့် ဝင်းမြင့်မိုးတို့၏ လက်ရာများသည် ထူးခြား

သည်။ ပြပွဲတင် ပန်းချီကားများအနက် ဆရာကြည်သိန်း၏ "မင်္ဂလာ" အမည်ရှိ ကားသည်လည်း ထူးခြားသည်။ ရှေးရိုးမြန်မာပန်းချီနည်းကို အခြေခံ၍ ရေးခြယ်ထားပြီး ကျေးတောသူ၏အလှနှင့် လှည်းယဉ်တို့သရုပ်ဖော်ထားရာ ရှားပါးလက်ရာမျိုးတွင် အကျုံးဝင်ပေသည်။ နောက်ခံအဖြူပေါ်တွင် နွား ၂ ကောင် ကနေသည့်လှည်းယဉ်ကလေးကို ကွင်းကွင်းကွက်ကွက်မြင်ရသည်။ ပုသိမ်ထီးဆောင်းပြီး ခြောက်လက်မဆံထောက်ဖါးဖါးတွင် ပန်းများ ဝေနေအောင် ပန်ထားသည့် ကျေးတောသူမကလေး၏ အလှသည်ပေါ်လွင်နေပေသည်။ မြန်မာဆန်သည့် လှည်းအိမ်၊ လှည်းပဒေါင်း၊ တံပိုးကြေးနှင့် နွားများကို ဆင်မြန်းထားပုံတို့မှာလည်း နွဲ့နှောင်းပြီး တင့်တယ်ပြေပြစ်လှပေသည်။ ပြပွဲကြီးတွင် ရွှေတံဆိပ် ၈ ခုရ ပန်းချီကျောင်းသားဟောင်း "သုခုမ အုန်းခင်"၏ လက်ရာအချို့ကိုပါ ပြသထားရာ လူငယ်များအားကျဖွယ်ဖြစ်သည်။

သာမန်ပြပွဲများထက် တစ်မူထူးခြားသည်မှာ ပြပွဲကက်တလောက်ပင် ဖြစ်သည်။ ကြွေရောင်ကတ်ပြားပေါ်တွင် (၇၈) ပုံကို ရောင်စုံပုံနှိပ်ထားသဖြင့် ဝယ်ရကျိုး၊ ကြည့်ရကျိုးနပ်သည်ဟု ဆိုရမည်။ အစဉ်အဆက် လက်ဆင့်ကမ်း ဆောင်ရွက်ခဲ့ကြသည့် ကျောင်းအုပ်ကြီးများ၏ အမည်စာရင်း၊ နည်းပြများ၏ အမည်စာရင်းနှင့် လက်ထောက်များ၏ အမည်စာရင်းတို့ကိုပါ ထည့်သွင်းဖော်ပြထားရာ တစ်သက်တာသိမ်းဆည်းထားရမည့် စာအုပ်မျိုးဖြစ်သည်။ မြန်မာပန်းချီပန်းပု သမိုင်းအတွက် တစ်ထောင့်တစ်နေရာမှ အားထားရမည့် စာအုပ်မျိုးဟု ဆိုရမည်။

ပြပွဲတစ်ပွဲလုံးကို ခြုံကြည့်ပါက ကြည့်တတ်၊ မြင်တတ်၊ ယူတတ်လျှင် ပညာရနိုင်သည့်ပြပွဲမျိုးဟု ဆိုရမည်။ လှုံ့ကြသည်မှာလည်း အားရစရာပင်ဖြစ်သည်။ ဦးကြည်ဝင်းက "ခြသေ့မုခ်ဦး" ဆီဆေးကားတစ်ချပ်ကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေသို့ လှူဒါန်းပြီး ဦးမြဝင်းက ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသို့ "မေမြို့ပန်း" ဆီဆေးကားတစ်ချပ် လှူဒါန်းသည်။ ဦးလှတင်ထွန်းက "မြန်မာ့အလှ" ရေဆေးကားတစ်ချပ်ကို ဗိုလ်ချုပ်ကြီး ခင်ညွှန့်သို့ လှူဒါန်းပြီး ကျောင်းသားဟောင်း ဦးထွန်းဝင်းက " ခရီးတစ်ထောက်" ဆီဆေးကားကို ပြတိုက်မှူး ဒေါ်နုမြစံသို့ လှူဒါန်းသည်။ ပြပွဲကျင်းပရေးကော်မတီက ကျောင်းအုပ်ကြီး ဦးကျော်အုန်းသို့ ပန်းချီကျောင်းသားများ ဆေးပစ္စည်းများဝယ်ရန်နှင့် ခရီးထွက်နိုင်ရန် ငွေ ၇၂၀၀၀/- ပေးအပ်လှူဒါန်းပြန်ရာ မြင်ရတွေ့ရသည်မှာ ကြည်နူးစရာကောင်းသည်နှင့် အမျှ အတုယူစရာကောင်းပေသည်။

ပြပွဲတစ်ခုလုံးကို ခြုံ၍ကြည့်လျှင် နေရာကျဉီးမြောင်းပြီး မီးအားနည်းသည်မှအပ ဆိုဖွယ်ရာမရှိပေ။ ပန်းပုအားနည်းသည်ကိုလည်း ခွင့်လွှတ်ကြရပေမည်။

ဧည့်သည်တော်များက ထင်မြင်ချက်၊ မှတ်ချက်အချို့ကို အလှည့်သင့်သလို ပြောဆိုကြရာ၌ "ဝင်းမြင့်မိုး၏ "ကြိုးပန်းချီ" မျိုးကိုလည်း ကျောင်းတွင် ထည့်သွင်းသင်ကြား ပေးသင့်ကြောင်း" ဗိုလ်မှူးချုပ် ခင်အုန်း (အငြိမ်းစား)က ပြောကြားသွားရာ စဉ်းစားဖွယ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်က "ယနေ့ကျင်းပသော နှစ်ငါးဆယ်ပြည့် ရွှေရတုပန်းချီပန်းပုကျောင်း အထိမ်းအမှတ်ပြပွဲကြီးတွင် ပြသထားသော ပန်းချီလက်ရာများသည် အသွင်အမျိုးမျိုး၊ အယူအဆအမျိုးမျိုး၊ အတွေးအခေါ်အမျိုးမျိုးဖြင့် ပုံဖော်ထားသည်မှာ အလွန်စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ယနေ့ ထင်ပေါ်ကျော်ကြားနေကြသည့် ပန်းချီဆရာကြီးများ၏ လက်ရာများဖြစ်သဖြင့် အလွန်တန်ဖိုးကြီးမားသည်ဟုလည်း ဆိုနိုင်ပါသည်။

မြန်မာပန်းချီဆရာကြီးများ၏ လက်ရာနှင့် အယူအဆ၊ အတွေးအခေါ်အရ ပုံဖော်မှုများမှာ နိုင်ငံတကာအဆင့်မီသည်မှာ အမှန်ဖြစ်ပါသည်။ သို့သော် နိုင်ငံတကာက သိရှိအောင် ကြိုးပမ်းအားထုတ်မှု အားနည်းသေးသောကြောင့် နိုင်ငံတကာတန်းဝင်သင့်လျက် မဝင်နိုင်သေးသည်ကို တွေ့ရပါသည်။ တစ်ယောက်နှစ်ယောက်စ စတင်ဝင်ရောက်နိုင်နေပြီဖြစ်သော်လည်း ပန်းချီကျော်အများစု နိုင်ငံတကာတန်း ဝင်ရောက်နိုင်အောင်ကြိုးစားကြဖို့ တိုက်တွန်းလိုပါသည်။

မြန်မာပန်းချီပညာရှင်ကြီးများ အောင်မြင်မှု အပေါင်းနှင့် ပြည့်စုံကြပါစေ၊ အသက်ရှည်၊ အနာကင်း၊ အနုပညာအမွေ လက်ဆင့်ကမ်း ပေးနိုင်ကြပါစေ"

ဟု မှတ်ချက်ရေးသားခဲ့ရာ ပန်းချီပန်းပု ပညာရှင်များ အထူးစဉ်းစားဖွယ်ဖြစ်သည်ဟု ဆိုရပါမည်။

(ဦးမင်းနိုင်)


မြန်မာ့
စွယ်စုံကျမ်း
နှစ်ချုပ်
...I can th
of readin
elegant vo
The Folio Society's
more enjoyable way
Chandra Sekar
(MCSE)
Prodigies
Supe
Ngu-
uyen
Norb
Ph.D

ရည်ညွှန်းစာအုပ်များနှင့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံ စာအုပ်ထုတ်ဝေမှု ဖြစ်စဉ်အရ ယနေ့ကာလသည် ယခင်ကာလများကထက် စာအုပ်ထွက်ရှိနှုန်း အရှိန်အဟုန်မြင့်တက်၍ သိသိသာသာ တိုးတက်လာသည့် အခါသမယဖြစ်သည်။ ထွက်ပေါ်ခဲ့သည့် စာအုပ်အမျိုးအစားသည်လည်း အထူးပင် စုံလင်လှသည်။ မြန်မာနိုင်ငံ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနမှ ထုတ်ပြန်သည့် စာရင်းအရ ၂၀၀၂ ခုနှစ်အတွက် စာအုပ်ပေါင်း (၈၆၈၃) အုပ် ထွက်ပေါ်ခဲ့ပြီး အများဆုံးထွက်ပေါ်လာသည့် စာအုပ်အမျိုးအစားမှာ သုတစာပေအမျိုးအစား စာရင်းဝင် စာအုပ်များဖြစ်သည်ကို တွေ့ရသည်။

သုတစာပေ အမျိုးအစား များပြားလာသည့် အလျောက် ထိုအမျိုးအစားဝင် ရည်ညွှန်းစာအုပ်များမှာလည်း ပြိုင်တူများပြားလာခဲ့သည်။ တစ်နည်းအားဖြင့် ရည်ညွှန်းစာအုပ်များသည် စာအုပ်ထုတ်ဝေရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အားကောင်းလာခဲ့သည်။

ရည်ညွှန်းစာအုပ်၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က မြန်မာစာပေလောကနှင့် စာပေပညာရှင်များ၏အကျိုးအား သယ်ပိုးလိုသောစေတနာဖြင့် 'မြန်မာ့ရည်ညွှန်းစာအုပ် စာတမ်းဖတ်ပွဲ' ကို ၁၁ - ၁ - ၁၉၈၄ နေ့က ကျင်းပခဲ့ဖူးသည်။ ၎င်းသည် စာပေဗိမာန်အဖွဲ့၏ (၁၇) ကြိမ်မြောက် စာတမ်းဖတ်ပွဲဖြစ်သည်။ စာပေဗိမာန်အဖွဲ့သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ၁၉၆၅ ခုနှစ်မှစပြီး စာပေနှီးနှောဖလှယ်ပွဲများနှင့် စာတမ်းဖတ်ပွဲများကို ကျင်းပပေးခဲ့သည်။ ကလေးစာပေ၊ သိပ္ပံစာပေမှအစ ဝတ္ထုတိုစာတမ်း၊ ခရီးသွားစာပေစာတမ်း၊ ဝတ္ထုရှည်စာတမ်း၊ ကဗျာ၊ စကားပြေစသည်တို့ အပါအဝင် အကြောင်းအရာအမျိုးမျိုးအတွက် စာတမ်းဖတ်ပွဲများကို စာပေတာဝန်တစ်ရပ်အဖြစ် ဖော်ဆောင်ခဲ့သည်။

ထို 'မြန်မာ့ရည်ညွှန်းစာအုပ် စာတမ်းဖတ်ပွဲ' ကျင်းပစဉ် ၁၉၈၄ ကာလကမူ မြန်မာနိုင်ငံ၌ ရည်ညွှန်းစာအုပ်များ ထွက်ရှိမှု နည်းပါးခဲ့သည်ကို မှတ်တမ်းများတွင် တွေ့ရသည်။ အစိုးရအဖွဲ့အစည်း အသီးသီး၏ အချို့ဌာနဆိုင်ရာများမှသာ ရည်ညွှန်းစာအုပ်များကို ထုတ်ဝေခဲ့သည်။ ပုဂ္ဂလိကထုတ်ဝေရေးကဏ္ဍမှ ရည်ညွှန်းစာအုပ်ထုတ်ဝေမှုမှာ အတော်ပင် နည်းပါးခဲ့သည်။ ထိုကွက်လပ်ကို ဖြည့်ဆည်းရန် အတွက်လည်း စာပေဗိမာန်အဖွဲ့က မြန်မာ့ရည်ညွှန်းစာအုပ် စာတမ်းဖတ်ပွဲကို ကျင်းပပေးခဲ့ရခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုစာတမ်းဖတ်ပွဲတွင် စာပေပညာရှင်များဖြစ်ကြသည့် ဦးသော်ကောင်း၊ ဦးမောင်မောင်ညွှန့် (မင်းလှညွှန့်ကြူး) ၊ ဦးကျော်အောင် (ကျော်အောင်)၊ ဒေါ်ကြွန် (မကြွန်)၊ တို့က "ရည်ညွှန်းစာအုပ်ဟူသည်"၊ "ဘာသာစကား ရည်ညွှန်းစာအုပ်များ"၊ "စာပေရည်ညွှန်းစာအုပ်များ"၊ "မှတ်တမ်းမှတ်ရာ ရည်ညွှန်းစာအုပ်များ" စသည့်ခေါင်းစဉ်များဖြင့် ဖတ်ကြားတင်သွင်းခဲ့သည်။

ယခုအခါ၌ ရည်ညွှန်းစာအုပ်များ အများအပြားထွက်ပေါ်လာခြင်းမှာ ထိုစာတမ်းဖတ်ပွဲ၏ ကျေးဇူးကြောင့် ဖြစ်သည်ဟုဆိုနိုင်သည်။

ရည်ညွှန်းစာအုပ်ဟူသည် ပညာရပ်ဆိုင်ရာ ဝေါဟာရတစ်ခုဖြစ်ပြီး အင်္ဂလိပ်ဝေါဟာရ Reference Book ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားသော ဝေါဟာရဖြစ်သည်။ မြန်မာဘာသာအားဖြင့်မူ 'ကိုးကားချက် ရှာဖွေကြည့်ရန်စာအုပ်' ဟု သုံးနှုန်းကြသည်။

ရည်ညွှန်းစာအုပ်သည် သုတစာပေအမျိုးအစားဖြစ်သော်လည်း သုတဆိုင်ရာ စာအုပ်တိုင်း ရည်ညွှန်းစာအုပ်မဟုတ်ပေ။ ရည်ညွှန်းစာအုပ်တွင် သိစရာ၊ မှတ်စရာများ ပါဝင်သည်။ ၎င်းတို့ကို အလွယ်တကူကြည့်ရှုနိုင်အောင် စနစ်တစ်ခုကိုသုံး၍ စီစဉ်ထားသည်။ ထိုစီစဉ်မှုမှာ အက္ခရာစဉ်၊ သက္ကရာဇ်စဉ်၊ ပညာရပ်စဉ်တို့ဖြစ်သည်။ စာအုပ်ပါအကြောင်းအရာက တစ်ဆက်တစ်စပ်တည်းမဟုတ်။ ထို့ကြောင့် စာသားအနည်းအများသည်လည်းမတူ။ သို့သော် တိုတိုတုတ်တုတ်နှင့် လိုရင်းထိထိမိမိဖြစ်အောင် စာအရေးအသားပုံသဏ္ဌာန်ဖြင့် ရေးထားသည်။ ရည်ညွှန်းစာအုပ်ကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကထက် အများစုက ပြုစုရေးသားကြသည်က များသည်။ ပါဝင်သောအချက်အလက်များကလည်း တိကျမှန်ကန်မှုရှိရသည်။

မြန်မာစာပေနှင့် စာကြည့်တိုက်ပညာရှင်များ ကောက်ယူထားသောစာရင်းအရ ရည်ညွှန်းစာအုပ်အမျိုးအစား (၁၀) မျိုးရှိနေသည်ကို မှတ်တမ်းများ



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့ဝင်လူကြီးများ အမှတ်တရ

တွင် တွေ့ရသည်။ ၎င်းတို့မှာ ၁ - စွယ်စုံကျမ်း (Encyclopaedia)၊ ၂ - နှစ်ချုပ် (Yearbook)၊ ၃ - အဘိဓာန် (Dictionaries)၊ ၄- လက်စွဲစာအုပ် (Handbooks)၊ ၅ - လမ်းညွှန်စာအုပ် (Directory)၊ ၆ - အတ္ထုပ္ပတ္တိ အဘိဓာန် (Biographical Dictionaries)၊ ၇- မြေပုံစာအုပ် (Atlases)၊ ၈- ဂေဇက်တီးယား (Gazetteers)၊ ၉- အညွှန်း (Indexes)၊ ၁၀- စာစုစာရင်း (Bibliography) တို့ဖြစ်သည်။

ရည်ညွှန်းစာအုပ် တစ်မျိုးချင်းစီ၏ နယ်ပယ်က ကျယ်ဝန်းလှသည်။ (၁၀) မျိုးစလုံးကို ပေါင်းသော် ကျမ်းတစ်စောင်ပင် ရေးဖွဲ့နိုင်လောက်သည်။ ထို့ပြင် ထို (၁၀) မျိုးစလုံးသည် စာပေရှုထောင့်နှင့် စာကြည့်တိုက်ရှုထောင့်ဟူသော ထောင့် (၂) ခုစလုံးနှင့် သက်ဆိုင်နေသည်လည်းဖြစ်ရာ အထူးဆောင်းပါးတစ်ပုဒ်အနေနှင့် ပြည့်စုံအောင် ရေးသားတင်ပြနိုင်မည် မဟုတ်ချေ။

သို့ဖြစ်သောကြောင့် အဓိကအားပြုတင်ပြလိုသော အကြောင်းအရာသို့ ရောက်ရှိရေးအတွက် အမျိုးအစား (၂) ဖြစ်သည့် နှစ်ချုပ်စာအုပ်များအကြောင်း မိုးမောင်းထိုးတင်ပြမည်ဖြစ်ပါသည်။

သို့သော် နှစ်ချုပ်စာအုပ်အကြောင်း လေ့လာပြီဆိုသောအခါ မြန်မာ့စွယ်စုံကျမ်းဟူသည့် အမျိုးအစား (၁) နှင့် ပတ်သက်သောအကြောင်းအရာကလည်း ကျွဲကူးရေပါသဘောမျိုးဖြင့် တင်ပြရန်က ရှိနေသည်။ မည်သို့ဆိုစေ အမျိုးအစား (၂) နှစ်ချုပ်စာအုပ်အတွက် အမျိုးအစား (၁) စွယ်စုံကျမ်းအကြောင်း ဦးစွာတင်ပြခြင်းကလည်း သင့်လျော်မှန်ကန်လှသည်။ အကြောင်းမူ ထိုအမျိုးအစား (၂) ရပ်စလုံးသည် တဆက်တစပ်တည်းဖြစ်ပြီး မြန်မာ့စွယ်စုံကျမ်းနှင့် နှစ်ချုပ်စာအုပ်များကို စာပေဗိမာန်တစ်ခုတည်းက ခေတ်အဆက်ဆက် ထုတ်ဝေဖြန့်ချိခဲ့ကာ ယနေ့တိုင် ထုတ်ဝေဖြန့်ချိလျက်ရှိသောကြောင့် ဖြစ်သည်။

စွယ်စုံကျမ်းသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝန်း ထုတ်ဝေသောရည်ညွှန်းစာအုပ်မျိုးဖြစ်သည်။ ပညာဗဟုသုတမှန်သမျှ မကျန်ရအောင် ဖော်ပြထားသဖြင့် စွယ်စုံကျမ်းဟုခေါ်သည်။ ပလိနီကြီး၏ (Historia Naturalis) (အေဒီ ၇၇ ခု) ကျမ်းသည် ကမ္ဘာ့အစောဆုံး စွယ်စုံကျမ်းဟု မှတ်တမ်းတင်ကြသည်။ သို့သော် ယခုကဲ့သို့သော ခေတ်မီစွယ်စုံကျမ်း







ရည်ညွှန်းကျမ်းများဖြစ်သော အဘိဓာန်စာအုပ်အမျိုးမျိုးနှင့် စွယ်စုံကျမ်း

သည် ၁၆၃၀ ခု ဆွစ်ဇာလန်နိုင်ငံတွင် ထုတ်ဝေခဲ့သည့် ဂျိုဟန်နရစ်အယ်လ်စတက် ပြုစုခဲ့သောကျမ်းက ပထမဆုံး ခေတ်မီစွယ်စုံကျမ်းဟု ဆိုကြသည်။ တစ်ဦးတစ်ယောက်တည်းက ပြုစုခဲ့သော်လည်း နောက်ပိုင်းတွင် ပညာရှင်အများစုက စုပေါင်း၍ ပြုစုကြသည်။

ဤတွင်လည်း အထွေထွေစွယ်စုံနှင့် ပညာရပ်စွယ်စုံဟူ၍ ၂ မျိုးခွဲကြသည်။ အထွေထွေစွယ်စုံသည် ပညာရပ်စုံ ပါဝင်သော်လည်း ပညာရပ်တစ်ခုစီအတွက် အသေးစိတ်မပါ။ ပညာရပ်စွယ်စုံမှာ ယင်း ပညာရပ်နှင့်ပတ်သက်၍ အစုံလင်ဆုံးဖြစ်သည်။

မြန်မာနိုင်ငံတွင် စာပေဗိမာန်အဖွဲ့ တစ်ခုတည်းကသာ ထုတ်ဝေခဲ့သောမြန်မာ့စွယ်စုံကျမ်းသည် အထွေထွေစွယ်စုံကျမ်း အမျိုးအစားဖြစ်သည်။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (B.T.S) (ယခုစာပေဗိမာန်)သည် မြန်မာ့စွယ်စုံကျမ်းအတွဲ (၁) ကို ၁၉၅၄ ခုနှစ်က စတင်ပုံနှိပ်ထုတ်ဝေခဲ့သည်။ (ခရစ်နှစ် ၂၀၀၄ ခုနှစ်သည် မြန်မာ့စွယ်စုံကျမ်း၏ နှစ် (၅၀) ပြည့် ကာလဖြစ်သည်)၊ အတွဲ (၂) ကို ၁၉၅၅ ခုနှစ်၊ အတွဲ (၃) ကို ၁၉၅၆ ခုနှစ်၊ အတွဲ (၄) ကို ၁၉၅၀ ပြည့်နှစ်၊ အတွဲ (၅) ကို ၁၉၆၁ ခုနှစ်များတွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ အတွဲ (၁) မှ (၅) အထိကို အင်္ဂလန်နိုင်ငံဟေဆယ်ဝပ်ဆင်ဗိုင်းနေးလီမိတက် (Hazell, Watson & Viney Ltd) ပုံနှိပ်တိုက်တွင် ပုံနှိပ်သည်။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၆) ကို (၁၉၆၂) မှစ၍ ပြည်လမ်းရှိ ဆိုရန်တိုဗီလာ အဆောက်အအုံတည်ရှိရာ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ပုံနှိပ်ရာမှ အတွဲ (၇) (၁၉၆၃)၊ အတွဲ (၈) (၁၉၆၃)၊ အတွဲ (၉) (၁၉၆၄)၊ အတွဲ (၁၀) ၁၉၆၆၊ အတွဲ (၁၁) (၁၉၇၀)၊ အတွဲ ၁၂ (၁၉၇၂)၊ အတွဲ ၁၃ (၁၉၇၃)၊ အတွဲ (၁၄) (၁၉၇၄)၊ အတွဲ (၁၅) (၁၉၇၆)၊ အထိ စွယ်စုံကျမ်းများကို ကိုယ့်နိုင်ငံတွင်းမှာပင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

မြန်မာနိုင်ငံတွင် မြန်မာ့စွယ်စုံကျမ်းမပေါ်မီကတည်းက စွယ်စုံကျမ်းသဘောမျိုးဆောင်သည့် ကျမ်းများ ရှိခဲ့သည်။ ကျီးသဲလေးထပ်ဆရာတော်၏ စွယ်စုံကျော်ထင်ကျမ်း၊ မုံရွေးဇေတဝန်ဆရာတော်၏ သမန္တစက္ခုဒီပနီကျမ်း၊ မောင်းထောင်ဆရာတော်၏ အမေးတော်ဖြေ၊ ဦးကျော်ထွန်း (ဓနုဖြူ)၏ ပကိဏ္ဏကဒီပနီကျမ်းတို့သည် စွယ်စုံကျမ်းလမ်းပေါ်တွင် တည်ရှိကြသော စာအုပ်များဖြစ်သည်။

ကမ္ဘာတွင် ထင်ရှားကျော်ကြားခဲ့သော စွယ်စုံကျမ်းများကိုကြည့်လျှင် ဦးစွာပြိတိန်နိုကာစွယ်စုံကျမ်း Encyclopaedia Britannica ကို တွေ့ရသည်။ နှစ်ပေါင်း ၂၁၅ နှစ် တစ်ဆက်တည်းထုတ်ဝေခဲ့ပြီး အတွဲပေါင်း (၃၀) တွင် ဝေါဟာရပေါင်း (၄၃) သန်း ရှိသည်။ အမေရိကားနားစွယ်စုံကျမ်း (Encyclopaedia Americana) တွင် ဝေါဟာရ သန်း (၂၀) ရှိသည်။

အခြားသော ကမ္ဘာ၏ထင်ရှားသောစွယ်စုံကျမ်းများမှာ Coller's Encyclopaedia (၂၄ တွဲ)၊ Encyclopaedia International အတွဲ (၂၀)၊ Funk and Wagnalls New Encyclopaedia (၂၇- တွဲ)၊ Chamber's Encyclopaedia : Elms Fand (၁၅- တွဲ)၊ International Everyman's Encyclopaedia အတွဲ (၂၀) တို့ ဖြစ်သည်။

မြန်မာ့စွယ်စုံကျမ်းတွင်မူ အတွဲ (၁၅) တွဲတွင် က- အက္ခရာမှ အ- အက္ခရာအထိ အကြောင်းရပ်ပေါင်း ၄၄၆၂ ခု ပါရှိသည်။ အက္ခရာဝလိစဉ်သည့် စနစ်ကို အသုံးပြုသည်။ မြန်မာ့စွယ်စုံကျမ်း၏ နောက်ဆုံးအတွဲဖြစ်သော အတွဲ (၁၅) ကို ၁၉၇၆ ခုနှစ်တွင် ထုတ်ဝေပြီးသောအခါ မြန်မာ့စွယ်စုံကျမ်းများ အမြဲခေတ်မီနေစေရန် စွယ်စုံကျမ်း၏အဖြည့်ကျမ်းများအဖြစ် မြန်မာ့စွယ်စုံကျမ်း၊ နှစ်ချုပ်စာအုပ်ကို စာပေဗိမာန်မှ ၁၉၇၈ ခုနှစ်မှစ၍ ထုတ်ဝေခဲ့သည်။ စွယ်စုံကျမ်း၏ ပြဋ္ဌာန်းချက်အရ အကြောင်းအရာ ပညာရပ်မှန်သမျှ စွယ်စုံပါရှိရန် လိုအပ်သဖြင့် နောက်ပိုင်းအဖြစ်အပျက်များကိုလည်း ချန်လှပ်ထားရန် မဖြစ်ပေ။ ထို့ကြောင့် တစ်နှစ်တာကာလအတွင်း ထင်ရှားသည့်အဖြစ်အပျက်များ၊ တိုးပွားလာသည့် ပညာရပ်များ၊ ကျော်ကြားထင်ရှားလာသည့် လူပုဂ္ဂိုလ်အတ္ထုပ္ပတ္တိများအကြောင်းကို ဖော်ပြရဦးမည် ဖြစ်သည်။ ဤသို့ဖြင့် တစ်နှစ်တစ်ကြိမ်ထုတ်ဝေသော စွယ်စုံနှစ်ချုပ်စာအုပ်များ ပေါ်ပေါက်လာခဲ့သည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်သည် ကမ္ဘာကျော်ပြိတိန်နိုကာစွယ်စုံကျမ်း၏ စွယ်စုံနှစ်ချုပ်ဖြစ်သော Britinica Book of the Year နှင့် ဆင်တူသည်။ လက်ငင်းအဖြစ်အပျက် အကြောင်းအရာများကို စုစည်းထားပုံခြင်းတူညီသည်။ ဤနေရာတွင် Almanac သည်လည်း စွယ်စုံနှစ်ချုပ် စာအုပ်ဖြစ်သဖြင့် Yearbookနှင့် မှားယွင်းတတ်သောသဘော ရှိသည်။ Almanac သည် တစ်နှစ်အတွင်း ဖြစ်ရပ်များကို အဓိကမထားဘဲ အချက်အလက်ပေါင်းစုံကို ရှာဖွေရန် တစ်နှစ်တစ်ကြိမ် ထုတ်ဝေသောစာအုပ်မျိုး ဖြစ်သည်။ Almanac နှင့်ပတ်သက်၍ Information Please Almanac၊ Reader's Digest Almanac၊ Whita Ken's Almanac The World Almanac and Book of Facts တို့က ထင်ရှားသည်။ မြန်မာနိုင်ငံတွင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ဦးစီးထုတ်ဝေသော Facts about Myanmar သည် Almanac စာအုပ်အမျိုးအစားဖြစ်သည်။

စာပေဗိမာန်မှ ထုတ်ဝေလျက်ရှိသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များသည် Yearbook စာရင်းဝင်နှစ်ချုပ်စာအုပ် ဖြစ်သည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်ကို စတင်ထုတ်ဝေခဲ့သော ပထမဆုံးနှစ် (၁၉၇၈) က စာအုပ်၏ပထမစာမျက်နှာတွင် ကျမ်းဦးစကား၌ အောက်ပါအတိုင်း တွေ့ရသည်။

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်ကပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် (၁၅) တွဲပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပါပြီ။ ယင်းသို့ အတွဲပြည့်ပုံနှိပ်ထုတ်ဝေပြီးရုံဖြင့် စာပေဗိမာန်သည် တာဝန်ကျေပြီဟု မယူဆခဲ့ပါ။ စာပေဗိမာန်သည် တစ်နှစ်အတွင်း မြန်မာ့စွယ်စုံကျမ်းတွဲ (၁၅) တွဲလုံး ထုတ်ဝေနိုင်သည်ကား မဟုတ်ပါ။ မည်သည့်နိုင်ငံတွင်မျှ စွယ်စုံကျမ်းအတွဲစုံကို တစ်နှစ်နှင့်အပြီး ထုတ်ဝေနိုင်ခဲ့ရိုး မရှိပါ။ နောက်ဆုံးအတွဲကို ထုတ်ဝေပြီးတိုင်း မိမိတို့ထုတ်ဝေခဲ့သော စွယ်စုံကျမ်းကို အစဉ်အမြဲခေတ်မီစေရန်၊ နှစ်စဉ်လိုပင် နှစ်ချုပ်ကျမ်းများကို မပြတ်ဆက်၍ ပုံနှိပ်ထုတ်ဝေခဲ့ကြရသည်သာ ဖြစ်ပါသည်။ ၁၉၇၆ ခုနှစ်က အဖြစ်အပျက်သည် ၁၉၇၇ ခုနှစ်တွင် မတူတော့ပါချေ။ နိုင်ငံတကာ၏ အဖြစ်အပျက်ကိုပင် ကြည့်ပါ။ ၁၉၇၆ ခုနှစ်တွင် အုပ်ချုပ်ခံနယ်မြေတစ်ခုသည် ၁၉၇၇ ခုနှစ်တွင် လွတ်လပ်ရေးရသော သမ္မတနိုင်ငံ ဖြစ်လာသည်လည်း ရှိ၏။ နယ်မြေအမည်ပါပျောက်၍ အခြားနယ်မြေနှင့်ပေါင်းသွားသည်လည်း ရှိ၏။ အမည်သစ်ပြောင်း၍သွားသည်လည်း ရှိ၏။ စွယ်စုံကျမ်းပါ ပုဂ္ဂိုလ်တို့အနက် အချို့ကွယ်လွန်သွားသည်လည်း ရှိ၏။ ရာထူးမှကျသွားသည်လည်း ရှိ၏။ တက်သွားသည်လည်း ရှိ၏။

တိုးတက်လျက်ရှိသော သိပ္ပံပညာတိုထွင်မှုများလည်း ရှိ၏။ ယင်းသို့သော အပြောင်းအလဲများကို စွယ်စုံကျမ်းပြုစုထုတ်ဝေသူတို့သည် လျစ်လျူရှုထား၍ မဖြစ်ပါ။ စွယ်စုံကျမ်းဖတ်ပရိသတ်အား နောက်ဆုံးအခြေအနေအထိ သိမြင်ဖတ်ရှုနိုင်ရန် တင်ပြရမည်မှာ စွယ်စုံကျမ်းထုတ်ဝေသူတို့ တာဝန်ဖြစ်သည်ဟု ယူဆသည့်အတိုင်း ဗြိတိန်နိကာစွယ်စုံကျမ်းထုတ်ဝေရေးတိုက်သည် ဗြိတိန်နိကာ စွယ်စုံနှစ်ချုပ်ကိုလည်းကောင်း၊ ကမ္ဘာ့စွယ်စုံကျမ်း ထုတ်ဝေရေးတိုက်သည် ကမ္ဘာ့စွယ်စုံကျမ်းနှစ်ချုပ်ကို လည်းကောင်း၊ ထိုမှတစ်ပါး အခြားအခြားစွယ်စုံကျမ်းထုတ် တိုက်ကြီးများသည် စွယ်စုံနှစ်ချုပ် အသီးသီးကိုလည်းကောင်း ပြုစု ပုံနှိပ်ထုတ်ဝေလေ့ရှိပါသည်။ ထို့အတူပင် မြန်မာ့ဝမ်းမြောက်ရပါသည်။ ယင်းသို့ ပြုစုထုတ်ဝေရာ၌ ကူညီကြသူတို့အားလည်း အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

အထက်ပါ ကျမ်းဦးစကားကိုကြည့်လျှင်ပင် စွယ်စုံကျမ်းနှင့်စွယ်စုံနှစ်ချုပ်၏ သဘောသဘာဝကို နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။

ဤနေရာ၌ စာပေဗိမာန်၏ အကြောင်းချင်းရာကို ထပ်မံဖော်ပြရန် လိုအပ်ပါသည်။ စာပေဗိမာန်သည် မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားရှင်သန်လာခဲ့သော အဖွဲ့အစည်းကြီးဖြစ်သည်။ ထိုစဉ်အခါ နိုင်ငံတော်၏ဝန်ကြီးချုပ်ဖြစ်သူက မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံရပ်ခြားမှစာပေလက်ရာများအား လေ့လာသိရှိနိုင်ရေးအတွက်



ရည်ညွှန်းကျမ်းမျိုးဝင်စွယ်စုံကျမ်း စာအုပ်အမျိုးမျိုး

စွယ်စုံကျမ်း ပုံနှိပ်ထုတ်ဝေသော စာပေဗိမာန်သည် မြန်မာ့စွယ်စုံကျမ်းများနောက်ဆုံးတွဲထုတ်ဝေပြီးသည်နှင့် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ကို ပုံနှိပ်ထုတ်ဝေရန် ကြိုးပမ်းခဲ့ပါသည်။ ယခု မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၇၈) ကို စာပေပညာရှင်များ၏ အကူအညီဖြင့် ပြုစုထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်ကများစွာ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကို ၂၆-စ-၁၉၄၇ တွင် ဖွဲ့စည်းတည်ထောင်ပြီး၊ ပုံနှိပ်ခြင်းနှင့် စာအုပ်ထုတ်ဝေခြင်းလုပ်ငန်းများကို လုပ်ကိုင်စေခဲ့သည်။ နောင်တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းမှ စာပေဗိမာန်ဟူ၍ အမည်ပြောင်းလဲခဲ့သည်။ ထိုစာပေဗိမာန်မှနေ၍ မြန်မာ့စွယ်စုံကျမ်း

ရည်ညွှန်းစာအုပ်အမျိုးအစားတစ်ရပ်ဖြစ်သော လမ်းညွှန်စာအုပ်

များထုတ်ဝေရန် ဝန်ကြီးချုပ်က လမ်းညွှန်ခဲ့သည်နှင့် အညီ ယခုကဲ့သို့ မြန်မာ့စွယ်စုံကျမ်းများ ပြီးမြောက်အောင် ထုတ်ဝေနိုင်ခဲ့ခြင်းနှင့် စွယ်စုံနှစ်ချုပ်များ အဆက်မပြတ်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ယခုဆိုလျှင် စာပေဗိမာန်၏သက်တမ်း နှစ် (၅၀) ကျော်ခဲ့ပြီဖြစ်သကဲ့သို့ စွယ်စုံကျမ်း၏သက်တမ်းသည်လည်း နှစ် (၅၀) ပြည့်တော့မည်ဖြစ်သည်။

ဤတွင် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်၏ အခန်းကဏ္ဍကလည်း (၂၅) နှစ်ကာလထဲသို့ ရောက်ရှိလာတော့မည်ဖြစ်သည်။ ၁၉၇၈ နှစ်မှစ၍ တစ်နှစ်တစ်အုပ်နှုန်းနှင့် နှစ်မခြားစေဘဲ ထုတ်ဝေနိုင်ခဲ့ပြီး ယခုနှစ် ၂၀၀၃ နှစ်အတွက် ထုတ်ဝေပြီးလျှင် စွယ်စုံနှစ်ချုပ်သည် ၂၆ နှစ်တိုင်၍ ၂၆ အုပ်မြောက်ရှိပြီဖြစ်သည်။

စင်စစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တစ်အုပ်ပုံမှန်ထွက်ရှိနိုင်ရေးကိစ္စကား စွယ်စုံနှစ်ချုပ်စာတည်းအဖွဲ့ဝင်တို့၏ အဓိကတာဝန်ဖြစ်သည်။ မိမိတို့၏လုပ်ငန်းဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးအမှုဆောင်ပြုသော ဌာနဆိုင်ရာအကြီးအကဲများ၏ လမ်းညွှန်မှုများကို ခံယူရသည်။ အကြီးအကဲများကရွေးချယ်ဖွဲ့စည်းပေးသော မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့မှ စာပေပညာရှင်များ၏ ဦးဆောင်မှုကို ခံယူရသည်။ စွယ်စုံကျမ်းဟူသည် သာမန်စာအုပ်မဟုတ်ပေ။ ထို့ပြင် နိုင်ငံတော်ကို ကိုယ်စားပြု၍ တစ်ခုတည်းသောစာအုပ်အဖြစ် ထုတ်ဝေရခြင်းဖြစ်သည်။ ထို့ကြောင့် ယခင်ကာလများကကဲ့သို့ ပြင်ပစာပေပညာရှင်များ၏ အကူအညီကို ရယူခဲ့သည်။

ယနေ့ ထွက်ပေါ်နေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များကိုကြည့်လျှင် အပိုင်း (၃) ပိုင်းခွဲ၍ ရေးသားဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ အပိုင်း (၁) သည် ထုတ်ဝေသောခုနှစ်၏

ရှေ့တစ်နှစ် (ဥပမာ ၂၀၀၂ တွင် ထုတ်ဝေပါက ၂၀၀၁ ခုနှစ်မှ ဖြစ်ရပ်) ၏ ဖြစ်ရပ်များကို ဖော်ပြသည်။ ထိုသို့ ဖော်ပြရာတွင် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်အလိုက် ရက်စွဲများဖြင့် မှတ်တမ်းတင်ဖော်ပြထားသည်။ အပိုင်း (၂) သည် နှစ်ချုပ်အထူးဆောင်းပါးများကို ဖော်ပြထားသည်။ အကြောင်းအရာများကို စာတည်းအဖွဲ့မှ ရွေးချယ်ရသည်။ အကြောင်းအရာ ရသောအခါ မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့ကို တင်ပြရသည်။ စီစဉ်ရေးအဖွဲ့မှ ဆုံးဖြတ်ချက်ချမှုအပေါ်တွင် အကြောင်းအရာအား ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းများကို ပြုလုပ်ရသည်။ ထိုအကြောင်းအရာ၏ နယ်ပယ်တွင် ကျွမ်းကျင်သော စာပေပညာရှင်အား စာမူအပ်နှံရသည်။ ၁၉၇၈ မှ ၂၀၀၂ အထိ ထွက်ပေါ်ခဲ့သော စွယ်စုံကျမ်းနှစ်ချုပ်မှ ဆောင်းပါးပေါင်း (၂၁၀) ကို ထည့်သွင်းဖော်ပြပေးခဲ့ပြီဖြစ်သည်။

အပိုင်း (၃) သည် မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထား၍ ရေးသားတင်ပြထားမှုများဖြစ်သည်။ ဤတွင် ကမ္ဘာနှင့်မြန်မာမှ သတ်မှတ်ထားသော အထိမ်းအမှတ်နေ့များ၊ ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ (လူပုဂ္ဂိုလ်နှင့် ရဟန်းပုဂ္ဂိုလ်)၊ နိုင်ငံတွင်း အသစ်ဖွင့်လှစ်ထားသော တံတား၊ ဆည်မြောင်း၊ တာတမံ၊ ဌာနများနှင့် အခြားနိုင်ငံများတွင် ထင်ရှားကျော်ကြားခဲ့သော အကြောင်းအရာများကို ထည့်သွင်းဖော်ပြထားသည်။

နှစ်ချုပ်စာအုပ်၏ နောက်ဆုံးစာမျက်နှာများတွင်မူ နှစ်ချုပ်စာအုပ်၏သဘောသဘာဝအတိုင်း အကြောင်းရပ်များကို တစ်ပုဒ်ချင်းလေ့လာဖတ်ရှုနိုင်ရန်အပြင် ရည်ညွှန်းကိုးကားဖွယ်အကြောင်းများကို လွယ်လင့်တကူ အလျင်အမြန်ရှာဖွေနိုင်ရန်အတွက် အကွက်ရာစဉ်အညွှန်းများကို ထည့်သွင်းပေးထားသည်။

ကမ္ဘာတွင် ထွက်ပေါ်နေသော စွယ်စုံနှစ်ချုပ်စာအုပ်များကို လေ့လာလျှင် အကြမ်းအားဖြင့် (၃) မျိုးရှိသည်ဟု ပညာရှင်များက ရေးသားကြသည်။ စွယ်စုံကျမ်းကမ္ဘာ့ကျမ်းများက ထုတ်ဝေသောစွယ်စုံနှစ်ချုပ်၊ သီးသန့်ထုတ်ဝေသည့် အထွေထွေနှစ်ချုပ်နှင့် ပညာရပ်နှစ်ချုပ်ဟူ၍ဖြစ်သည်။ မြန်မာနိုင်ငံစာပေဗိမာန်မှ ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်သည် အထက်ပါ ၃ မျိုးစလုံးနှင့် အကျုံးဝင်သည်ဟု ဆိုနိုင်သည်။ ပုဂ္ဂလိကစာအုပ်ထုတ်ဝေသူများမှလည်း သီးသန့်ထုတ်ဝေသည့် စွယ်စုံနှစ်ချုပ်သဘောမျိုး စာအုပ်များကို ထုတ်ဝေကြသည်။ ဥပမာ နွယ်နီမဂ္ဂဇင်းအယ်ဒီတာအဖွဲ့က ထုတ်ဝေခဲ့သော အာရှနှစ်ချုပ်ဟူသည့် စာအုပ်မျိုးဖြစ်သည်။

မည်သို့ဆိုစေ ရည်ညွှန်းစာပေဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ စွယ်စုံကျမ်းနှင့်စွယ်စုံနှစ်ချုပ် စာအုပ်များသာ ဖွံ့ဖြိုးတိုးတက်ရုံမဟုတ်ပေ။ ရည်ညွှန်းစာအုပ် အမျိုးအစားဝင် အခြားစာအုပ်များလည်း တစ်ပြိုင်နက်ထွက်ပေါ်နေပါမှ ရည်ညွှန်းစာပေ ဖွံ့ဖြိုးတိုးတက်ရာသည်။

မြန်မာနိုင်ငံ၏ စာပေလောကသည် ထိုလက္ခဏာရပ်များနှင့် ပြည့်စုံညီညွတ်နေသည်ဟု ဆိုနိုင်ပါသည်။ သာလွန်အဘိဓာန်၊ ရှေ့ဆောင်အဘိဓာန်၊ မြန်မာစာအဖွဲ့ အဘိဓာန်၊ မန္တလေးအဘိဓာန်ဟူသော စာအုပ်များထွက်ပေါ်နေသကဲ့သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ဝေသော ခရီးသွားလက်စွဲစာအုပ်များ၊ ပုဂံ၊ ကျိုက်ထီးရိုး၊ အင်းလေးသွား လက်စွဲစာအုပ်များ ထွက်ရှိနေလေသည်။ ဤသို့ပင် မန္တလေးလမ်းညွှန်၊ ရန်ကုန်လမ်းညွှန်၊ ပညာရေးလမ်းညွှန်ဟူသော စာအုပ်များ ထွက်ရှိနေသကဲ့သို့ မောင်ဇေယျာ၏ မြန်မာလူကျော်(၁၀၀)၊ မောင်သုတ (သခင်ဘသောင်း)၊ စာဆိုတော်များ အတ္ထုပ္ပတ္တိစာအုပ်များသည် အတ္ထုပ္ပတ္တိအဘိဓာန်သဘောမျိုးထွက်ပေါ်လာခဲ့သည်။ ဤသို့လျှင် ဇေဇက်တီးယားဟုခေါ်သော ပထဝီဝင်အဘိဓာန်စာအုပ်များ (ဥပမာ နိုင်ငံရေးပထဝီဝင်)၊ အညွှန်းစာအုပ်များ (မလိခ၏ ပျို့အညွှန်း၊ ဝတ္ထုတိုအညွှန်း) နှင့် စာစုစာရင်း (စာကြည့်တိုက်သုံး ဘွဲ့ယူစာတမ်း) များလည်း ပေါ်ထွက်လာခဲ့သည်။

အချုပ်ဆိုလျှင် စာပေလောကနှင့် သုတပိုင်းဆိုင်ရာကဏ္ဍ၌ ရည်ညွှန်းစာအုပ် တစ်အုပ်သည် ခက်ခဲနက်နဲစွာပေါ်ပေါက်လာသည်နှင့်အညီ အဓွန့်ရှည်တည်တံ့ခိုင်မြဲလျက် လက်တွေ့ဘဝ၌အသုံးဝင်နေမည့် သဘောလက္ခဏာရှိနေသဖြင့် စာပေဗိမာန်မှ ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များ၏ အခန်းကဏ္ဍသည်လည်း ရည်ညွှန်းစာအုပ်များလောကတွင် ကြာလေတန်ဖိုးရှိလေ ဖြစ်လာပေလိမ့်မည်။

ဦးစိုးမြင့်သန်း

14th Asian Games
BUSAN 2002

၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့်မြန်မာ

၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီး (14th Asian Games) ကို ၂၉-၉-၂၀၀၂ ရက်မှ ၁၄-၁၀-၂၀၀၂ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဒုတိယမြို့တော် ဘူဆန်နှင့်အခြားမြို့များတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ ယင်းပြိုင်ပွဲကြီးတွင် မြန်မာအားကစားအဖွဲသည် အားကစားနည်း ၁၃ မျိုးတွင် အင်တိုက်အားတိုက်ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် ခြောက်ခုရရှိပြီး နိုင်ငံအလိုက် အဆင့် ၂၃ တွင် ရပ်တည်နိုင်ခဲ့ပါသည်။

ယခုပြိုင်ပွဲကြီး၌ နိုင်ငံပေါင်း ၄၄ နိုင်ငံမှ အားကစားအဖွဲဝင် ၉၉၁၉ ဦး (အားကစားသမား ၆၇၁၄ ဦး) က အားကစားနည်း ၃၈ မျိုးတွင် ရွှေတံဆိပ်ပေါင်း ၄၂၀ အတွက် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအများစုကို ဘူဆန်မြို့တွင် ကျင်းပပြီး အချို့ကို ဘူဆန်မှကားဖြင့်သွားလျှင် တစ်နာရီအတွင်းရောက်နိုင်သည့် အူဆန်၊ မေဆန်၊ ချန်ဝန်နှင့် ယန်ဆန်စသည့် မြို့ကြီးလေးမြို့တွင် ကျင်းပခဲ့၏။ ဖွင့်ပွဲအခမ်းအနား မတိုင်မီကပင် ဘောလုံးနှင့်ဘတ်စကက်ဘော ပွဲစဉ်အချို့ စတင် ကျင်းပခဲ့သည်။

ပြိုင်ပွဲ၏ မူလအစ

အာရှတိုက်တွင် ၁၉၁၃ ခုနှစ်မှ စတင်၍ အားကစားပြိုင်ပွဲများ ကျင်းပလာခဲ့ကြသည်။ ိုလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် အရှေ့အာရှအိုလံပစ်အားကစားပြိုင်ပွဲဟူ၍ ၁၉၁၃ ခုနှစ်က ကျင်းပခဲ့ရာ လစ်ပိုင်၊ ဂျပန်၊ ထိုင်ဝမ်၊ မလေးရှား၊ ထိုင်းနှင့် ဟာင်ကောင်တို့ ဦးစွာပါဝင်ယှဉ်ပြိုင်ခဲ့ကြ၏။

ဒုတိယအကြိမ်မြောက် ပြိုင်ပွဲ၌မူ အရှေ့ဖျားဂျန်ပိယံ အားကစားပြိုင်ပွဲဟု နာမည်ပြောင်းပြီး ၁၉၃၄ ခုနှစ် ၁၀ ကြိမ်မြောက်ပြိုင်ပွဲအထိ ကျင်းပလာခဲ့ကြသည်။ ၁၁ ကြိမ်မြောက်ပြိုင်ပွဲကို အရှေ့အာရှချန်ပီယံ အားကစားပြိုင်ပွဲဟူသောအမည်ဖြင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပရန်စီစဉ်ခဲ့ကြသော်လည်း ဒုတိယကမ္ဘာစစ်ကြီးကြောင့် ပယ်ဖျက်ခဲ့ကြရသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် အာရှတိုက်ပြည်သူများအကြားတွင် အာရှတိုက်တစ်တိုက်လုံး ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားပြိုင်ပွဲကြီး ကျင်းပရေးဟူသော စိတ်ကူးဆန္ဒများ ပေါ်ပေါက်လာခဲ့ကြသည်။

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ၁၉၄၈ ခုနှစ်က ကျင်းပသည့် ၁၄ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်အားကစားပွဲတော်တွင် အိန္ဒိယ၊ ကိုရီးယား၊ မြန်မာ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာနှင့် ထိုင်ဝမ်တို့မှ ကိုယ်စားလှယ်များသည် ၁၉၄၉ ခုနှစ်၌ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ပထမအကြိမ် အာရှအားကစားချန်ပီယံအားကစားပြိုင်ပွဲကျင်းပရန် သဘောတူညီခဲ့ကြ၏။

သို့ရာတွင် အိန္ဒိယနိုင်ငံတွင် ထိုနှစ်က မကျင်းပဖြစ်ဘဲ အာရှအားကစားအဖွဲ AGF(Asian Games Federation) ကို ဖွဲ့စည်း တည်ထောင်ခဲ့ကြသည်။ ယင်းနောက် ၁၉၅၁ ခုနှစ်မှစတင်၍ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ အာရှအားကစားပြိုင်ပွဲ အမည်ဖြင့် ပထမဆုံးအကြိမ် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ယှဉ်ပြိုင်ကျင်းပခဲ့ကြပါသည်။ ၁၁ နိုင်ငံမှ အားကစားသမား ၅၀၀ ခန့်က အားကစားနည်း ခြောက်မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြ၏။

ပထမအကြိမ် ပြိုင်ပွဲကြီး၏ ဦးတည်ချက်ဆောင်ပုဒ်မှာ "ပြေးလမ်းပေါ်က အတားအဆီးဆူးငြောင့်ခလုတ်များကို ဖျက်ဆီးကျော်လွှားကြ၊ ဘာသာအယူဝါဒနှင့် အတွေးအခေါ်များဖြင့် ငြိမ်းချမ်းရေးနှင့် ချမ်းသာကြွယ်ဝမှုကို မြှင့်တင်ပါ" ဟူ၍ ဖြစ်၏။

ထိုနောက် ၁၉၅၄ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဒုတိယအကြိမ်အာရှအားကစားပြိုင်ပွဲကို ကျင်းပခဲ့ပြီး လေးနှစ်တစ်ကြိမ် စဉ်ဆက်မပြတ် ဆက်လက်ကျင်းပလာခဲ့ကြရာ ယခု ၂၀၀၂ ခုနှစ် ပြိုင်ပွဲသည် ၁၄ ကြိမ်မြောက် ပြိုင်ပွဲကြီးဖြစ်ပါတော့သည်။

အာရှအားကစားအဖွဲ့ (AGF) အဖွဲ့ဝင်နိုင်ငံများက အမြဲတမ်းထာဝရအဖွဲ့ကြီးတစ်ခု တည်ထောင်ရန် အားလုံးသဘောတူညီခဲ့ကြပြီး ၁၉၈၂ ခုနှစ်မှစ၍ အာရှအိုလံပစ်ကောင်စီ (အိုစီအေ) (OCA) (Olympic Council of Asia) ကို တည်ထောင်ခဲ့ကြလေသည်။

၁၃ ကြိမ်မြောက်ပြိုင်ပွဲ

အာရှအားကစားပြိုင်ပွဲကို တစ်နှစ်ပြီးတစ်နှစ် ပိုမို၍ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာခဲ့ကြရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၆-၁၂-၉၈ ရက်မှ ၂၀-၁၂-၉၈ အထိ ကျင်းပခဲ့သည့် ၁၃ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီးတွင် အာရှနိုင်ငံ ၄၁ နိုင်ငံမှ အားကစားသမား ၆၅၅၄ ဦးက အားကစားအမျိုးအစား ၃၆ မျိုးတွင် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြ

ဘူဆန်မြို့ ဂင်ဟေးလေဆိပ်တွင် မြန်မာအားကစားအဖွဲ့ကို ကိုရီးယားပြည်သူများက ကြိုဆိုနေကြစဉ်

ယခုပြိုင်ပွဲကြီး၏ ဆောင်ပုဒ်



ဤပြိုင်ပွဲကြီး၏ ပထမဆုံးရွှေတံဆိပ်ကို
အမျိုးသားဓားခုတ်ပြိုင်ပွဲတွင်
တရုတ်အားကစားသမား(ဝ)ကရရှိခဲ့သည်

သည်။ ယင်းပြိုင်ပွဲတွင် တရုတ်နိုင်ငံက ရွှေတံဆိပ် အများဆုံး၊ ဆုတံဆိပ်အများဆုံးဖြင့် နိုင်ငံအလိုက် ပထမနေရာမှ ဝိုလ်စွဲခဲ့သည်။

မြန်မာတို့ယှဉ်ပြိုင်ခဲ့သမျှ

၁၉၅၁ ခုနှစ် ပထမအကြိမ် ပြိုင်ပွဲမှစ၍ မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသားအလေးမအဖွဲ့က ရရှိသော ကြေးတံဆိပ်သုံးခုဖြင့် နိုင်ငံ ၁၁ နိုင်ငံတွင် အဆင့် ၈ ရရှိခဲ့သည်။ ထိုနောက် ၁၉၈၆ ခုနှစ် ၉ ကြိမ်မြောက် ပြိုင်ပွဲမှလွဲ၍ ကျန်ပွဲများအားလုံးတွင် မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

မြန်မာအားကစားအဖွဲ့၏ အအောင်မြင်ဆုံး ပြိုင်ပွဲမှာ ၁၉၇၀ ပြည့်နှစ်က ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ၆ ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲဖြစ်၍ ရွှေသုံးဆု၊ ငွေနှစ်ဆု၊ ကြေးခုနစ်ဆုရကာ ၁၈ နိုင်ငံတွင် အဆင့် ၈ ရရှိခဲ့သည်။

ပြီးခဲ့သည့် ၁၃ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် အလေးမ၊ ပိုက်ကျော်ခြင်း၊ မြားပစ်၊ ကန်းလေ့လျော်နှင့် တိုက်ကွမ်ဒို စသည့် အားကစားနည်း ၅ မျိုးတွင် အားကစားသမား ၅၀ ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေခြောက်ခု၊ ကြေးလေးခုရရှိခဲ့ရာ အမျိုးသမီး ပိုက်ကျော်ခြင်းအဖွဲ့က ရွှေတံဆိပ်ရရှိခဲ့ပါသည်။

၁၄ ကြိမ်မြောက် ပြိုင်ပွဲ

၂၀၀၂ ခုနှစ် ၁၇ ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ဂျပန်နိုင်ငံနှင့်အတူ အောင်မြင်စွာ လက်ခံကျင်းပခဲ့သည့် တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအပြီး သုံးလခန့် အကြာတွင် ၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကိုလည်း လက်ခံကျင်းပခြင်းဖြစ်၏။

ယှဉ်ပြိုင်ကြသည့် အားကစားအမျိုးအစား ၃၈ မျိုးမှာ ပြေးခုန်ပစ်၊ ရေကူး၊ မြားပစ်၊ ကြက်တောင်၊ ဘော့စ်ဘော၊ ဘတ်စကက်ဘော၊ ဘိလိယက်၊ ကာယဗလ၊ ဘိုးလင်း၊ လက်ဝှေ့၊ ကန်းလေ့လျော်၊ စက်ဘီး၊ မြင်းစီး၊ ဓားခုတ်၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ လက်ပစ်ဘော၊ ဟော်ကီ၊ ဂျူဒို၊ ကဘာဒီ (Kabaddi)၊ ကရာတေး ဒို၊ ခေတ်သစ်ပင်တာသလွန်၊ လှေလှော်၊ ရပ်ဂ်ဘီ၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ဆော့ဖ်ဘော၊ ဆော့ဖ်တင်းနစ်၊ စကွက်ရှ် (Squash)၊ စားပွဲတင် တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ဘော်လီဘော၊ အလေးမ၊ နပန်းနှင့် ဝူရှူးအားကစားတို့ဖြစ်ကြပါသည်။

ပြိုင်ပွဲဝင် နိုင်ငံများ

၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြိုးတွင် စုစုပေါင်း ၄၄ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ကြရာ အရှေ့အာရှက တရုတ်၊ မြောက်ကိုရီးယား၊ ဟောင်ကောင် (တရုတ်)၊ ဂျပန်၊ တောင်ကိုရီးယား၊ မကာအို (တရုတ်)၊ မွန်ဂိုလီးယား၊ တိုင်ပေ (တရုတ်) တို့ ပါဝင်ကြသည်။ ထို့အတူ အရှေ့တောင်အာရှမှ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် အရှေ့တီမော၊ အနောက်အာရှမှ ဘာရိန်း၊ အီရန်၊ ဂျော်ဒန်၊ ကူဝိတ်၊ လက်ဘနွန်၊ အိုမန်၊ ပါလက်စတိုင်း၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ ဆီးရီးယား၊ ယူအေအီးနှင့် ယီမင်၊ တောင်အာရှမှ ဘင်္ဂလားဒေ့ရှ်၊ ဘူဒန်၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် အာဖဂန်နစ္စတန်၊ အာရှအလယ်ပိုင်းက ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်စတန်၊ တခ်မန်နစ္စတန်နှင့် ဥစ္စဘက်ကစ္စတန်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အာရှအိုလံပစ် အဖွဲ့ဝင် နိုင်ငံ ၄၃ နိုင်ငံနှင့် မကြာခင်အဖွဲ့ဝင်ဖြစ်တော့မည့် အရှေ့တီမောတို့ ဖြစ်ကြသည်။ ပါလက်စတိုင်းနှင့် အာဖဂန်နစ္စတန် နိုင်ငံတို့ ပါဝင်လာနိုင်ခြင်းသည်လည်း ထူးခြားချက်တစ်ရပ်ပင် ဖြစ်ပါ၏။

အထိမ်းအမှတ်ရုပ်ပုံနှင့် သင်္ကေတ

ပင်လယ်ကမ်းခြေမြို့ ဖြစ်သည့်အတွက် ပင်လယ်၏ အမှတ်လက္ခဏာတစ်ရပ် ဖြစ်သည့် စင်ရော့ဂ်က်ရုပ်ပုံကို ဘူတန်အာရှအားကစားပြိုင်ပွဲ၏ အထိမ်းအမှတ်ရုပ်ပုံအဖြစ် သရုပ်ဖော်ထား၏။

စင်ရော့ဂ်က်ပုံနှင့်အတူ Duria ဟူသောစာတန်းကိုလည်း ဖော်ပြထားရာ Duria သည် Durative နှင့် Asia စကားလုံးနှစ်လုံးကို ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။ "ထာဝရခိုင်မြဲသော အာရှ" ဟူ၍ အဓိပ္ပာယ်ရပြီး ကိုရီးယားတွင် "သင်နှင့်ကျွန်ုပ် အတူတကွ" (You and Me Together) ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ အာရှအားကစားပြိုင်ပွဲ၏ ဦးတည်ချက်ဖြစ်သော အာရှနိုင်ငံများအကြား စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဖော်ညွှန်းထားခြင်းဖြစ်လေသည်။

ယခုပြိုင်ပွဲ၏ သင်္ကေတအမှတ်အသားအတွက် တောင်ကိုရီးယားနိုင်ငံနှင့် ဘူဆန်မြို့တို့၏သင်္ကေတ

ကွင်းလယ်မှအိုလံပစ်မီးရှူးတိုင်ကြီးကို မီးထွန်းညှိနေစဉ်

ဖွင့်ပွဲကျင်းပရာ အားကစားကွင်းကြီးအတွင်းမှ စာရေးသူ

အဖြစ် ဖော်ညွှန်းသည့် ပင်လယ်လှိုင်းပြာများဖြင့် သရုပ်ဖော်ထားပြီး သန်း ၄၀၀၀ ခန့်ရှိသော အာရှတိုက်သားတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းလုံးညီညွတ်မှုတို့ကိုလည်း ဖော်ပြထားပါသည်။

ဦးတည်ချက်နှင့် ဆောင်ပုဒ်

အာရှနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရေးဟူသော ဦးတည်ချက်ဖြင့် ဤအားကစားပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့၍ ယခုနှစ်ဆောင်ပုဒ်မှာ New Vision, New Asia ဖြစ်ပြီး "အတွေး အမြင်သစ်နှင့် အာရှသစ်"ဟူ၍ အဓိပ္ပာယ်ရပါသည်။

ကျင်းပသည့်နေရာများ

ဘူဆန်ပင်မအားကစားကွင်းကြီး (Busan Asiad Main Stadium) ကို ၁၉၉၆ ခုနှစ် မတ်လက စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ ခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ်ခဲ့သည်။ ဝမ်ငွေ ၂၂၆ သန်းကျော်ကုန်ကျသော ယင်းအားကစားရုံကြီးတွင် အထပ်လေးထပ်ပါရှိ၍ မြေအောက်အထပ်တစ်ထပ် ပါဝင်၏။ အားကစားကွင်း အကျယ်အဝန်းမှာ ၃၃၀၀၀၀ စတုရန်းမီတာဖြစ်၍ ပွဲကြည့်ပရိသတ် ၅၄၅၃၄ ဦး ဆံ့ပေသည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲ၏ ပွဲအချို့ကို ဤကွင်းကြီး၌ ကျင်းပခဲ့သည်။

အားကစားရွာကြီးသည်လည်း အားကစားသမား ၁၂၀၀၀ ခန့် တည်းခိုနိုင်ပြီး ကြီးမားခံ့ထည်လှ၏။ ဤပြိုင်ပွဲကြီးတွင် စီမံခန့်ခွဲရေးအရာရှိ ၃၁၀၅၀၊ ကြီးကြပ်ရေးအရာရှိ ၁၆၀၀၀၊ စေတနာဝန်ထမ်း ၁၆၀၀၀၊ ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားတွင် ပါဝင်ရန် လူ ၁၀၀၀၀၊ သတင်းမှတ်တမ်းတင်ထုတ်ပြန်ရေးအဖွဲ့ဝင် ၇၀၀၀ ခန့်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြ၏။

ဖွင့်ပွဲအခမ်းအနား

ဖွင့်ပွဲအခမ်းအနားကြီးကို ၂၉-၉-၂၀၀၂ ရက်နေ့ ညနေ ၆ နာရီက ဘူဆန်မြို့ ပင်မအားကစားကွင်းကြီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် ကိုရီးယားအက္ခရာစဉ်လိုက်အတိုင်း နိဂုံးအဖွဲ့ကစတင်၍ အားကစားအဖွဲ့များ ချီတက်ဝင်ရောက်ခဲ့ကြ၏။ မြန်မာအားကစားအဖွဲ့သည် မွန်ဂိုလီးယားအပြီး အမှတ်စဉ် ၉ မှ ချီတက်ခဲ့ကြသည်။

ကိုရီးယားအားကစားအဖွဲ့သည် နောက်ဆုံးမှ ချီတက်ခဲ့ကြရာ တောင်နှင့်မြောက်ကိုရီးယား အားကစားအဖွဲ့များသည် အမျိုးသားပြန်လည်ပေါင်းစည်းရေးပြယုဂ်အဖြစ် ကိုရီးယားကျွန်းဆွယ်အလံတော်နောက်မှ ကိုရီးယား (KOREA) စာတန်းကို ကိုင်ဆောင်ပြီး ဘေးချင်းယှဉ်လျက် လက်တွဲကာ အတူတကွ ချီတက်ခဲ့ကြပါသည်။

မြောက်ကိုရီးယား ဘောလုံးအသင်း ဂိုးသမား ရီချွန်ဟွန်နှင့် တောင်ကိုရီးယားလက်ပစ်ဘောအားကစားမယ် ဟွမ်ဘိုဆန်အီးတို့က ကိုရီးယားကျွန်းဆွယ် အလံကိုအတူကိုင်၍ ယင်း၏နောက်တွင် တူညီဝတ်စုံဝတ် ကိုရီးယားအားကစားမောင်မယ်များ ချီတက်ခဲ့ရာ ပွဲကြည့်ပရိသတ်များအားလုံး မတ်တတ်ရပ်ကာ ကောင်းချီးပေးခဲ့ကြသည်။

အားကစားမီးရှူးတိုင်အတွက် မီးတောက်မီးလှုံကို တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားရှိ အမြင့်ဆုံးတောင်ထွတ်များ ဖြစ်ကြသည့် ဟယ်ကာနှင့် ဘိတ်ဒူတောင်ထိပ်တို့တွင် နေရောင်ခြည်မှတစ်ဆင့် မီးထွန်းညှိခဲ့ပြီး အခြားပြိုင်ပွဲဝင်နှင့် ဒေသပေါင်း ၄၂ ခု၌ လှည့်လည်ခဲ့သောမီးရှူးတိုင်များမှ မီးများနှင့် ပေါင်းစပ်ခဲ့သည်။ ယင်းနောက် ၂၃ ရက်အတွင်း ကိုရီးယားကျွန်းဆွယ်တွင် လူပေါင်း ၇၄၅၇ ဦးက လက်ဆင့်ကမ်းသယ်ဆောင်ခဲ့ကြသည်။

အာရှတိုက်တစ်တိုက်လုံး၏ တစ်ခုတည်းသော ညီညွတ်ပေါင်းစည်းမှုလက္ခဏာဖြစ်သည့် မီးရှူးတိုင်ကို ကွင်းလယ်စင်မြင့်တွင် ကမ္ဘာ့အိုလံပစ် ရွှေတံဆိပ်ဆုရှင်များ ဖြစ်ကြသည့် တောင်ကိုရီးယားမှ ဂျူဒို လက်ရွေးစင်ဟောင်း ဟာဟွန်ဂျူနှင့် မြောက်ကိုရီးယားမှ ဂျူဒိုအားကစားမယ် ဆန်ဟွီးတို့က မီးရှူးတိုင်ကြီးသို့ အတူ မီးထွန်းညှိပေးခဲ့ကြသည်။

အာရှအိုလံပစ်ကောင်စီ (OCA)ဥက္ကဋ္ဌ ရှိတ်အာမက် အယ်ဖာဟက်အယ်ဘားက ကြိုဆိုနှုတ်ခွန်းဆက် မိန့်ခွန်းပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံ သမ္မတကင်ဒေးဂျုံက အားကစားပြိုင်ပွဲကြီးကို ဖွင့်လှစ်ပေးခဲ့သည်။

ယှဉ်ပြိုင်ခဲ့ကြပုံများ

ပြိုင်ပွဲဝင် ၉၉၁၉ ဦးတွင် တောင်ကိုရီးယားက အားကစားအဖွဲ့ဝင် ၁၀၀၈ ဦး၊ ဂျပန်က ၉၈၈ ဦး၊ တရုတ်က ၉၄၆ ဦး၊ တိုင်ပေ (တရုတ်)က ၅၂၀ ဦး၊ အိန္ဒိယက ၅၀၃ ဦးဖြင့် အားကစားသမားဦးရေ အများဆုံးယှဉ်ပြိုင်ခဲ့ကြသည်။

ထို့အတူ နိုင်ငံစုံမှ မီဒီယာသမား ၈၀၂၇ ဦး ကလည်း သတင်းယူရန် ရောက်ရှိလာခဲ့ကြသည်။

ပြိုင်ပွဲကြီးတစ်ခုလုံး၏ ပထမဆုံးရွှေတံဆိပ်ကို ၂၉-၉-၂၀၀၂ ရက်က အမျိုးသားတစ်ဦးချင်း မားခုတ်ပြိုင်ပွဲတွင် တရုတ်မှ ဝန်ဟိုင်ဘင်းက ဦးစွာ ရရှိခဲ့၍ တောင်ကိုရီးယားက ဒုတိယရရှိခဲ့သည်။

ယခုပြိုင်ပွဲကြီးတွင် အကြိတ်အနယ် ပါဝင် ယှဉ်ပြိုင်ခဲ့ကြရာ ကမ္ဘာ့စံချိန်သစ် ၂၀ တင်နိုင်ပြီး ကမ္ဘာ့စံချိန်တူ ၁၂ ခု ရှိခဲ့၏။ ထို့အတူ အာရှစံချိန်သစ် ၄၂ ခု တင်နိုင်ပြီး စံချိန်တူ ၁၂ ခုရှိခဲ့သည်။ အာရှအားကစားပြိုင်ပွဲ စံချိန် ၂၀၄ ခုကို ချိုးခဲ့ပြီး စံချိန်တူ ၄၀ ခုရှိခဲ့၏။

အများ စိတ်ဝင်စားကြသည့် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် အီရန်ကဗိုလ်စွဲသွားပြီး ဂျပန်က ဒုတိယ ရရှိသည်။ အိမ်ရှင်တောင်ကိုရီးယားက တတိယသာရရှိသည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြောက်ကိုရီးယားက ပထမ၊ တရုတ်က ဒုတိယ၊ ဂျပန်က တတိယရရှိသည်။

ပြိုင်ပွဲအပြီးတွင် တရုတ်က ရွှေတံဆိပ် ၁၅၀ ခု၊ ငွေတံဆိပ် ၈၄ ခု၊ ကြေးတံဆိပ် ၇၄ ခုဖြင့် ယခင် အစဉ်အလာအတိုင်း နိုင်ငံအလိုက်တွင် ပထမနေရာ မှ ရပ်တည်နိုင်ခဲ့၏။ အိမ်ရှင်တောင်ကိုရီးယားက ရွှေ ၆၆ ခု၊ ငွေ ၈၀၊ ကြေး ၈၄ ဖြင့် ဒုတိယ၊ ဂျပန်က ရွှေ ၄၄၊ ငွေ ၇၃၊ ကြေး ၇၂ ဖြင့် တတိယ ရရှိခဲ့သည်။

ယခုပြိုင်ပွဲကြီးတွင် စာနယ်ဇင်းသမားများက ရွေးချယ်ပေး၍ Samsung အီလက်ထရွန်နစ် ကုမ္ပဏီကြီးက ချီးမြှင့်သည့်အဆင့်မြင့်ဆုံး၊ တန်ဖိုးအရှိဆုံး ယှဉ်ပြိုင်သူဆု (Most Valuable Performance) ကို မီတာ ၂၀၀ ရေကူးပြိုင်ပွဲတွင် ကမ္ဘာ့စံချိန် ချိုးခဲ့သည့် ဂျပန်ရေကူးသမား ကိုဆုခဲခိတာကျိမက ရရှိသွားခဲ့သည်။

ပိတ်ပွဲအခမ်းအနားကို ၁၄-၁၀-၂၀၀၂ ရက် ညနေက ဘူဆန် ပင်မအားကစားကွင်းကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ၁၅ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ၂၀၀၆ ခုနှစ်တွင် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာတို့ရခဲ့သော ဆုတံဆိပ်များ

မြားပစ်၊ ပြေးခုန်ပစ်၊ ဘိလိယက်၊ ကာယဗလ၊ လက်ဝှေ့၊ ဂျူဒို၊ လှေလှော်၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ တိုက်ကွမ်ဒို၊ အလေးမ၊ ဝူရှူးနှင့် ရွက်လှေစသည့် အားကစားနည်း ၁၃ မျိုးတွင် အားကစားသမား အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၃၁ ဦး၊ အုပ်ချုပ်သူ နည်းပြနှင့် ဒိုင်လူကြီး ၃၇ ဦး စုစုပေါင်း ၉၉ ဦး ပါဝင်သော မြန်မာအားကစားအဖွဲ့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာအဖွဲ့အတွက် ပွဲဦးထွက်ဆုတံဆိပ်ကို ၃၀-၉-၂၀၀၂ ရက်က အမျိုးသမီးအလေးမ ၄၈ ကီလိုတန်းတွင် ကေသီဝင်းက ကမ္ဘာ့စံချိန်နှင့်အညီ မ ပြီး ဒုတိယငွေတံဆိပ်ရယူပေးခဲ့သည်။

မြန်မာနိုင်ငံအတွက် တစ်ခုတည်းသော ရွှေတံဆိပ်ဆုကို အမျိုးသမီးဝူရှူးပြိုင်ပွဲ ထိုက်ကျိခွမ်နှင့် ထိုက်ကျိကျန်တွင် ခိုင်ခိုင်မော်က တရုတ်၊ ဂျပန်၊ တိုင်ပေ၊ ဟောင်ကောင်၊ စင်ကာပူ စသည်တို့ကို ကျော်လွှားပြီး ပြတ်ပြတ်သားသား အနိုင်ယူဆွတ်ခူးပေးခဲ့သည်။

အမျိုးသမီး အလေးမပြိုင်ပွဲ ၄၈ ကီလိုတန်းမှ ကေသီဝင်း၊ ၆၃ ကီလိုတန်းမှ ခင်မျိုးနွယ်၊ အမျိုးသား ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲမှ ကျော်ဦး၊ အမျိုးသမီး ပိုက်ကျော်ခြင်းအဖွဲ့ (စက်ဝိုင်းခတ်) နှင့် အမျိုးသား ပိုက်ကျော်ခြင်းအဖွဲ့ (အဖွဲ့လိုက် REGU) တို့က ငွေတံဆိပ်များ ရယူပေးခဲ့ကြသည်။

ထို့အတူ အမျိုးသမီး ဝူရှူးပြိုင်ပွဲ နန်းခွမ်သုံးမျိုးပေါင်းပြိုင်ပွဲမှ ဆွေဆွေသန့်၊ အမျိုးသမီး အလေးမ ၆၉ ကီလိုတန်းမှ မြစန္ဒာဦး၊ ကာယဗလ ၇၅ ကီလိုတန်းမှ မင်းဇော်ဦး၊ အမျိုးသား ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲမှ ကျော်ဦးနှင့် အောင်ဆန်းဦး၊ အမျိုးသားပိုက်ကျော်ခြင်းအဖွဲ့က စက်ဝိုင်းခတ်နှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ကြေးတံဆိပ်များ ဆွတ်ခူး ပေးခဲ့ကြသည်။

ဆက်လက်ကြိုးစားရန် လိုအပ်

ဆုတံဆိပ်အနေအထားအရ ၁၉၉၈ ခုနှစ် အာရှအိုလံပစ်တွင် မြန်မာက ရွှေ ၁၊ ငွေ ၆၊ ကြေး ၄ ရရှိခဲ့ရာ ယခုဆုတံဆိပ်တစ်ခုသာ တိုးရသော်လည်း ယခင်ပိုက်ကျော်ခြင်းနှင့် အလေးမကသာ ဆုရခဲ့ပြီး ယခု ဝူရှူး၊ အလေးမ၊ ပိုက်ကျော်ခြင်း၊ ဘိလိယက်နှင့် ကာယဗလတို့က ဆုရခဲ့ခြင်းဖြစ်ရာ ဆုရအားကစားနည်း အရေအတွက် ပိုမိုများပြားလာခဲ့ပါသည်။ သေချာပေါက်ဆု မျှော်မှန်းထားခဲ့ကြသည့် ရွက်လှေနှင့် လှေလှော်တို့မှ ဆုများမရရှိခဲ့ပေ။ ပိုက်ကျော်ခြင်းမှလည်း ယခင်ရနေကျဆုတံဆိပ် အရေအတွက်မှ လျော့နည်းခဲ့သည်။

အားကစားမောင်မယ်များတည်းခိုရာ အိုလံပစ်ကျေးရွာ

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာအားကစားမယ်များ လက်ပြန္နတ်ဆက်နေစဉ်

မည်သို့ပင်ဖြစ်စေကာမူ မြန်မာအားကစား သမားများအားလုံး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် အထူး ကြိုးစားခဲ့ကြ၍ ရရှိသည့်ဆုတံဆိပ်အရေအတွက် ပေါင်း (၁၂ ဆု) မှာလည်း ယခင် ဆုအများဆုံးရရှိ ခဲ့သည့် ၁၉၇၀ ပြည့်နှစ် ဗန်ကောက်အာရှအားကစား ပြိုင်ပွဲကအတိုင်း စုစုပေါင်း ၁၂ ဆုဖြစ်ပြီး ယခင် အကြိမ်ထက် ဆုရအားကစားအမျိုးအစား တိုးတက် များပြားလာခဲ့ခြင်းကြောင့် အောင်မြင်သင့်သလောက် အောင်မြင်ခဲ့သည်ဟု ယူဆရမည်ဖြစ်ပါသည်။

သို့သော် နိုင်ငံတော်နှင့် အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်ကြီးများ၊ ပြည်သူများက အထူးအားပေး နေကြသည့် အချိန်ကာလတွင် ယခုထက်ပိုမိုအောင် မြင်လာကြစေရန် မြန်မာအားကစားမောင်မယ်များ အထူးကြိုးစားသင့်ကြပါကြောင်း စေတနာကောင်း ဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။

ဒေါက်တာ တင်ထွန်းဦး

အားကစားနည်းအလိုက် ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာအားကစားမောင်မယ်စာရင်း

၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အောက်ပါစာရင်းအတိုင်း အားကစား နည်း ၁၃ မျိုးတွင် အားကစားသမား အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၃၁ ဦး၊ စုစုပေါင်း ၆၂ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

	ကျား	မ	ပေါင်း
၁။ မြားပစ်	၄	-	၄
၂။ ပြေးခုန်ပစ်	၁	၁	၂
၃။ ဘိလိယက်၊ စနူကာ	၂	-	၂
၄။ ကာယဗလ	၄	-	၄
၅။ လက်ဝှေ့	၁	-	၁
၆။ ဂျူဒို	၁	၂	၃
၇။ လှေ့လှော်	-	၄	၄
၈။ ပိုက်ကျော်ခြင်း	၉	၉	၁၈
၉။ ရေကူး	-	၁	၁
၁၀။ တိုက်ကွမ်ဒို	၁	၂	၃
၁၁။ အလေးမ	-	၃	၃
၁၂။ ဝူရှူး	၃	၂	၅
၁၃။ ရွက်လှော်	၅	၃	၈
	၃၁	၃၁	၆၂

၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာအားကစားမောင်မယ်များ

မြားပစ် - နန်းအောင်၊ ညီညီထွန်း၊ ဝင်းမင်းဇော်၊ ရန်အောင်စိုး(အားလုံး တစ်ဦးချင်းနှင့် အသင်းလိုက်)

ပြေးခုန်ပစ် - ဇော်မင်းထွေး (မာရသွန်)၊ ပပ (မာရသွန်)

ဘိလိယက်၊ စနူကာ - ကျော်ဦး၊ အောင်စန်းဦး

ကာယဗလ - ထွန်းထွန်းအောင် (၆၀ ကီလို)၊ ကျော်လွင် (၆၅ ကီလို)၊ အောင်ခိုင်ဝင်း (၇၀ ကီလို)၊ မင်းဇော်ဦး (၇၅ ကီလို)

လက်ဝှေ့ - ကျော်စွာအောင် (လိုက်ဖလိုင်းဝိတ်)

ဂျူဒို - ရန်နိုင်စိုး၊ အေးအေးသင်း၊ လေးနန္ဒာအောင် (အားလုံးတစ်ဦးချင်း)

လှေ့လှော် - မြင့်မြင့်ဝင်း၊ စိုးယုမော်၊ ယဉ်ယဉ်ထွေး၊ ချောစု (Coxless လေးယောက်လှော်)

ပိုက်ကျော်ခြင်း - အောင်မျိုးစန်းမြင့်၊ သောင်းညွှန့်၊ မြင့်ဆွေ၊ သိန်းဇော်မင်း၊ အောင်ဟိန်း၊ ကျော်ဇေယျ၊ မောင်မောင်၊ ကျော်မင်းစိုး၊ သန်းဇော်ဦး (အားလုံးအသင်းလိုက်/ရီဝူး/စက်ဝိုင်း)၊ မာမာဝင်း၊ စန်းစန်းဌေး (၁)၊ နုနုယဉ်၊ ခင်ချိုလတ်၊ နိုင်နိုင်ဝင်း၊ မေဇင်ဖြူး၊ စန်းစန်းဌေး (၂)၊ ခင်နုနုဖြူး၊ မိုးမိုးလွင် (အားလုံးအသင်းလိုက်/ရီဝူး/စက်ဝိုင်း)

ရေကူး - မိုးသူအောင်(မီတာ၅၀ နှင့် ၁၀၀ အလွတ်ကူး၊ မီတာ ၁၀၀ လိပ်ပြာကူး)

တိုက်ကွမ်ဒို - သစ်လွင် (ဖယ်သာဝိတ်)၊ ခင်ဆွေဦး (ပင်းဝိတ်)၊ စိုးစိုးမြာ (ဖလိုင်းဝိတ်)

အလေးမ - ကြည်ကြည်သန်းနှင့် ကေသီဝင်း(၄၈ ကီလို)၊ ဆွေဆွေဝင်း (၅၃ ကီလို)၊ ရွှေစင်ဝင်း (၅၈ ကီလို)၊ ခင်မိုးနွယ် (၆၃ ကီလို)၊ မြစန္ဒာဦး (၆၉ ကီလို)၊ ချိုချိုဝင်း (၇၅ ကီလို)

ဝူရှူး - ဇော်ဇော်မိုး (နန်းခွမ်)၊ ပြည့်ဝေဖြိုး (ချန်းခွမ်)၊ သိန်းထိုက်ဦး (၅၂ ကီလို ဆန့်ရှ)၊ ခိုင်ခိုင်မော် (ထိုက်ကျိခွမ်)၊ ဆွေဆွေသန်း (နန်းခွမ်)

ရွက်လှော် - စည်သူမိုးမြင့်နှင့် ဖုန်းကျော်မိုးမြင့် (International 420 Class)၊ အောင်မြင်သူနှင့် စိုင်းပြည့်စုံဟိန်း(Enterprise Class)၊ သက်ဖြိုးဝင်း (Optimist)၊ ချစ်စု(Optimist)၊ စုမြတ်စိုးနှင့် နန်းခမ်းဆေး (International 420 Class)။

၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့်မြန်မာ

အာရှအားကစားပြိုင်ပွဲများတွင် မြန်မာတို့ရရှိခဲ့သော ဆုတံဆိပ်များ								
အကြိမ်	ခုနှစ်	အိမ်ရှင်နိုင်ငံ	ပြိုင်ပွဲဝင်	အားကစား	ပိုလ်စွဲ	မြန်မာရခဲ့သည့်ဆုများ		
			နိုင်ငံ	နည်း	နိုင်ငံ	ရွှေ	ငွေ	ကြေး
၁။	၁၉၅၁	နယူးဒေလီ(အိန္ဒိယ)	၁၁	၆	ဂျပန်	-	-	၃
၂။	၁၉၅၄	မနီလာ(ဖိလစ်ပိုင်)	၁၉	၈	ဂျပန်	၂	-	၂
၃။	၁၉၅၈	တိုကျို (ဂျပန်)	၂၀	၁၃	ဂျပန်	၁	၁	-
၄။	၁၉၆၂	ဂျကာတာ(အင်ဒိုနီးရှား)	၁၆	၁၅	ဂျပန်	၂	၁	၃
၅။	၁၉၆၆	ဗန်ကောက် (ထိုင်း)	၁၈	၁၄	ဂျပန်	၁	-	၄
၆။	၁၉၇၀	ဗန်ကောက် (ထိုင်း)	၁၈	၁၃	ဂျပန်	၃	၂	၃
၇။	၁၉၇၄	တီဟီရန် (အီရန်)	၁၉	၁၆	ဂျပန်	၁	၂	၃
၈။	၁၉၇၈	ဗန်ကောက် (ထိုင်း)	၂၁	၁၉	ဂျပန်	-	၃	၃
၉။	၁၉၈၂	နယူးဒေလီ(အိန္ဒိယ)	၃၃	၂၁	တရုတ်	-	-	-
၁၀။	၁၉၈၆	ဆိုးလ်(တောင်ကိုရီးယား)	၂၃	၂၅	တရုတ်(ယှဉ်ပြိုင်ခြင်းမပြုခဲ့ပါ)			
၁၁။	၁၉၉၀	ဘေဂျင်း(တရုတ်)	၃၆	၂၃	တရုတ်	-	-	၂
၁၂။	၁၉၉၄	ဟီရိုရှိမား (ဂျပန်)	၄၂	၃၄	တရုတ်	-	-	၂
၁၃။	၁၉၉၈	ဗန်ကောက် (ထိုင်း)	၄၁	၃၆	တရုတ်	၁	၆	၄
၁၄။	၂၀၀၂	ဘူဆန်(တောင်ကိုရီးယား)	၄၄	၃၈	တရုတ်	၁	၅	၆

၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံအလိုက်ရရှိခဲ့သည့် ဆုတံဆိပ်စာရင်း

အဆင့်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၁၅၀	၈၄	၇၄	၃၀၈
၂	တောင်ကိုရီးယား	၉၆	၈၀	၈၄	၂၆၀
၃	ဂျပန်	၄၄	၇၃	၇၂	၁၈၉
၄	ကာဇက်စတန်	၂၀	၂၆	၃၀	၇၆
၅	ဥဇဘက်ကစ္စတန်	၁၅	၁၂	၂၄	၅၁
၆	ထိုင်း	၁၄	၁၉	၁၀	၄၃
၇	အိန္ဒိယ	၁၁	၁၂	၁၃	၃၆
၈	ထိုင်ဝမ်	၁၀	၁၇	၂၅	၅၂
၉	မြောက်ကိုရီးယား	၉	၁၁	၁၃	၃၃
၁၀	အီရန်	၈	၁၄	၁၄	၃၆
၁၁	ဆော်ဒီအာရေဗျ	၇	၁	၁	၉
၁၂	မလေးရှား	၆	၈	၁၆	၃၀
၁၃	စင်ကာပူ	၅	၂	၁၀	၁၇
၁၄	အင်ဒိုနီးရှား	၄	၇	၁၂	၂၃
၁၅	ဗီယက်နမ်	၄	၇	၇	၁၈
၁၆	ဟောင်ကောင်	၄	၆	၁၁	၂၁
၁၇	ကာတာ	၄	၅	၈	၁၇
၁၈	ဖိလစ်ပိုင်	၃	၇	၁၆	၂၆
၁၉	ဘာရိန်း	၃	၂	၂	၇
၂၀	ကူဝိတ်	၂	၁	၅	၈

အဆင့်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၂၁	သီရိလင်္ကာ	၂	၁	၃	၆
၂၂	ပါကစ္စတန်	၁	၆	၆	၁၃
၂၃	မြန်မာ	၁	၅	၆	၁၂
၂၄	ကာဂျစ်စတန်	၁	၅	၆	၁၂
၂၅	တာဒ်မင်နစ္စတန်	၁	၂	၁	၄
၂၆	မွန်ဂိုလီးယား	၁	၁	၁၂	၁၄
၂၇	လက်ဘနွန်	၁	၀	၀	၁
၂၈	တာဂျစ်ကစ္စတန်	၀	၂	၄	၆
၂၉	မကာအို	၀	၂	၂	၄
၃၀	ယူအေအီး	၀	၂	၁	၃
၃၁	ဘင်္ဂလားဒေ့ရှ်	၀	၁	၀	၁
၃၂	ဆီးရီးယား	၀	၀	၃	၃
၃၂	နီပေါ	၀	၀	၃	၃
၃၄	ကျော်ဒန်	၀	၀	၂	၂
၃၄	လာအို	၀	၀	၂	၂
၃၆	အာဖဂန်နစ္စတန်	၀	၀	၁	၁
၃၆	ဘရူနိုင်း	၀	၀	၁	၁
၃၆	ပါလက်စတိုင်း	၀	၀	၁	၁
၃၆	ယီမင်	၀	၀	၁	၁



သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် အတွင်းရေးမှူး (၁)
ပိုလ်ချုပ်ကြီးခင်ညွန့်၊ ဤသို့ကြီးကြပ်လမ်းညွှန်လေ့ရှိသည်

နိဒါန်း

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဧရိယာ အကြီးမားဆုံးဒေသဖြစ်ပြီး ၆၇၆,၅၇၇ စတုရန်း ကီလိုမီတာရှိသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် ဆက်စပ်သောနယ်စပ်အရှည်မှာ ၅၈၅၈ ကီလိုမီတာရှိပြီး ကမ်းရိုးတန်းအရှည် ၂၈၃၂ ကီလိုမီတာရှိသည်။

လူဦးရေ ၅၁ သန်းရှိကာ ကမ္ဘာတွင် မိမိတို့အချုပ်အခြာအာဏာနှင့် ငြိမ်းချမ်းညီညွတ်စွာရှိသော နိုင်ငံဖြစ်သည်။

ယနေ့ကမ္ဘာ

ယနေ့မျက်မှောက် ကမ္ဘာသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှု အရှိန်အဟုန်ကောင်းသော ကာလထဲသို့ ရောက်ရှိနေသည်။ ဆက်သွယ်ရေးစနစ်များ အံ့မခန်း ထူးခြားကောင်းမွန်လာသည်။

ယခင်က စိုက်ပျိုးရေးအခြေခံဘဝ၊ စက်မှုအခြေခံဘဝများအား ဖြတ်သန်းကာ သိပ္ပံနှင့်နည်းပညာအခြေခံဘဝထဲ၌ ခိုင်ခိုင်မာမာ ရပ်တည်နေပြီဖြစ်သည်။

ပညာရှင်များက ကမ္ဘာတွင် လူတို့၏ အသိဉာဏ်ပေါက်ကွဲမှု ၃ ကြိမ်ဖြစ်ပေါ်ခဲ့ပြီဟုဆိုသည်။ ပထမပေါက်ကွဲမှုမှာ အက္ခရာပေါ်ပေါက်လာခြင်းဖြစ်ပြီး၊ ဒုတိယပေါက်ကွဲမှုမှာ ပုံနှိပ်စက်ပေါ်ပေါက်လာခြင်းဖြစ်ကာ တတိယပေါက်ကွဲမှုမှာ ယခုသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ တိုးတက်ထွန်းကားလာခြင်း ဖြစ်သည်။

ဤသို့ တတိယပေါက်ကွဲမှု ပေါ်ပေါက်လာသော အခါ Globalization ဟုခေါ်သော တစ်ကမ္ဘာလုံးဆက်စပ်ယှက်နွယ် ဖြစ်ပေါ်ပြောင်းလဲမှုများသည်လည်း သိပ္ပံနှင့်နည်းပညာအောက်တွင် ပိုမိုဖြစ်ထွန်းလာခဲ့သည်။ Globalization ဟူသည်မှာ တိုးတက်လာသော ဆက်သွယ်ရေးစနစ်ကြောင့် ကမ္ဘာကြီးကျဉ့်

သွားသည့် သဘောတရားဖြစ်သည်။ ကမ္ဘာ၏ တစ်နေရာမှ အခြားမည်သည့်နေရာကိုမဆို အလွယ်တကူ လျှင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်မှုကြောင့် ကမ္ဘာကို Global Village ဟုပင် တင်စားပြောဆိုလာကြသည်။

သို့ဖြစ်သောကြောင့်ပင် တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုများက နိုင်ငံများစွာသို့ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများစွာကို ပေးအပ်ခဲ့ပြီးဖြစ်သည်။ စိန်ခေါ်မှုဟူသည်မှာ သိပ္ပံနှင့်နည်းပညာများကို ကမ္ဘာအနှံ့အပြားတွင် သုံးစွဲနေထိုင်ပါလျက်နှင့် မိမိနေရာ၌ မသုံးစွဲနိုင်ပါက မိမိဘဝသာနောက်ကျ ကျန်ရစ်လျက် နောက်ဆုံးအထီးကျန်ဆန်သွားတော့မည့် အရေးအရာဖြစ်ခြင်းကို ဆိုလိုသည်။ အခွင့် အလမ်းဟူသည်မှာလည်း သိပ္ပံနှင့် နည်းပညာက ပေးလာသော တိုးတက်မှု၊ ဖွံ့ဖြိုးမှုများရရှိစေသည့် အရေးအရာများကို ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံသည် ထိုစိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို အောင်မြင်စွာရယူမဖြေရှင်းနိုင်လျှင် ကမ္ဘာတွင် အထီးကျန်ဖြစ်ပြီး ကျရှုံးမည့် အခြေအနေများနှင့် ရင်ဆိုင်ရမည်သာ ဖြစ်သဖြင့် သိပ္ပံနှင့်နည်းပညာကဏ္ဍကို နိုင်ငံတစ်နိုင်ငံ၏ ဦးစားပေးလုပ်ငန်း တစ်ခုအနေနှင့် လုပ်ကိုင်လျက်ရှိသည်။ တစ်နည်းအားဖြင့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ကွာဟမှုမရှိအောင် နိုင်ငံတိုင်းက ကြိုးပမ်းနေသောကမ္ဘာကြီး ဖြစ်သည်။

ယနေ့မြန်မာ

ယနေ့ မြန်မာနိုင်ငံသည် ထိုကဲ့သို့သော သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ကွာဟမှုမရှိစေရန် လည်းကောင်း၊ ကမ္ဘာနှင့်အမြဲတစေ ရင်ပေါင်တန်းလိုက်နိုင်ရန် လည်းကောင်း၊ သတင်းနှင့်နည်းပညာရေးရာများကို အမျှားနည်းတူ ရှေ့တန်းမှစတင်လှုပ်ရှားလာခဲ့သည်။ ရှေ့တန်းမှ ပါဝင်သည့်အလျောက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ အရောက် လှမ်းနိုင်မည် ဖြစ်သည်။

ဝန်ကြီးဌာနသစ်များ

နိုင်ငံတော်အစိုးရသည် ကမ္ဘာပေါ်တွင် လက်ရှိဖြစ်ပေါ်နေသည့် ဖြစ်စဉ်များနှင့် အလားအလာများကို သေချာကျနစွာ လေ့လာဆန်းစစ်ပြီး မိမိနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ ကူးပြောင်းတက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ဆိုသည်ကို ကောင်းစွာ နားလည်သဘောပေါက်ခဲ့သည်။

သဘောပေါက်သည့်အလျောက် စာတိုက်၊ ဆက်သွယ်ရေးနှင့် ကြေးနန်းဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနသစ်များအဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ထို့အတူ အစိုးရအဖွဲ့အစည်း မဟုတ်သော သတင်းနှင့် ဆက်သွယ်ရေးနည်းပညာနှင့် နှီးနှွယ်သည့် ကုမ္ပဏီ၊ လုပ်ငန်းများမှ တိုင်းရင်းသားလုပ်ငန်းရှင်၊ အဖွဲ့အစည်းများလည်း ပါဝင်လာမှ မိမိနိုင်ငံ၏ နည်းပညာစနစ်များ အောင်မြင်နိုင်မည်ကို နိုင်ငံတော် အစိုးရကနားလည်ခံယူထားသည့်အလျောက် ပုဂ္ဂလိကနည်းပညာအဖွဲ့အစည်းအသီးသီးကိုလည်း နွေးထွေးစွာ ဖိတ်ခေါ်ကြိုဆိုလက်ခံခဲ့သည်။

ပေါ်ပေါက်လာသော ကွန်ပျူတာစနစ်

မြန်မာနိုင်ငံတွင် ကွန်ပျူတာအသုံးပြုပုံနှင့် စနစ်များ ထွန်းကားလာခဲ့သည်မှာ ၁၉၇၀ ပြည့်နှစ်ကာလတစ်ဝိုက်က ဖြစ်သည်။ ထိုကာလ ပညာရေးဌာန၏ ၁၉၇၁ ခုနှစ်၊ ဧပြီလ၌ တက္ကသိုလ်များ ကွန်ပျူတာဌာန (Universities Computer Centre) ကို စတင်ဖွင့်လှစ်လိုက်ခြင်းသည် မြန်မာနိုင်ငံကွန်ပျူတာသမိုင်း၏ အဦးအစဟု ဆိုရမည်ဖြစ်သည်။

ထိုအချိန်တွင် ပုဂ္ဂလိက ကွန်ပျူတာအလုပ်ရုံလေးများမှလည်း ကွန်ပျူတာ နည်းပညာရပ်များကို စိတ်ဝင်စားသူ လူငယ်လေးများအား ဖြန့်ဖြူးပေးဝေနိုင်ခဲ့သောသင်တန်းများ ရှိခဲ့သည်။ တစ်ဆက်တည်းတွင် ကွန်ပျူတာနှင့် ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ တင်သွင်းရောင်းချခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း Hard ware အသုံးချ Programme နှင့် Application များ ရေးဆွဲခြင်းနှင့် အသုံးပြုခြင်း Software နှင့် ကွန်ပျူတာအချင်းချင်း ကွန်ရက်ချိတ်ဆက် အသုံးပြုခြင်းများ တည်ရှိခဲ့သည်။

၁၉၈၆ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်၏ အုပ်ချုပ်မှုအောက်တွင် ကွန်ပျူတာသိပ္ပံဌာန (The Department of Computer Science) ဟူ၍ ကွန်ပျူတာဘာသာရပ်အား အဆင့်မြှင့်တင်ပေးခဲ့သည်။

CDMA Radio တယ်လီဖုန်း ဆက်သွယ်ရေး ကိရိယာ

အချက်အလက် (DATA) များ လျင်မြန်စွာ ပို့ /ယူနိုင်သည့် နည်းစနစ်သစ် ဖြစ်သော ကွန်ပျူတာ ဆက်သွယ်ရေး အိတ်ချိန်း

ဖြည်ပေါ်ခေါ်ဆိုမှုများကို ခေတ်မီဆက်သွယ်ရေးစနစ်ဖြင့် ဆောင်ရွက်ပေးနေပုံ

၁၉၈၇ ခုနှစ်တွင် ကွန်ပျူတာသိပ္ပံနှင့် နည်းပညာ တက္ကသိုလ် (Institute of Computer Science & Technology) ဟူ၍ အမည်ပြောင်းလဲခဲ့ပြီး ၁၉၈၈ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ဟူ၍ ကွန်ပျူတာဘာသာနှင့် ပတ်သက်၍ အဓိပ္ပာယ်ပြည့်ဝသော အမည်နာမများအား ရွေးချယ်ကာ အဆင့်မြှင့်တင်ပေးခဲ့သည်။

၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ကွန်ပျူတာသိပ္ပံနှင့် နည်းပညာတက္ကသိုလ်ကို ပညာရေးဝန်ကြီးဌာနမှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (Ministry of Science and Technology M.O.S:T) သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယနေ့ကာလတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်၌ နည်းပညာတက္ကသိုလ် (၅) ခု၊ ကွန်ပျူတာတက္ကသိုလ် (၂) ခု၊ အစိုးရကွန်ပျူတာကောလိပ် (၂၄) ခုနှင့် အစိုးရနည်းပညာကောလိပ် (၂၆) ခုပင် ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံ၌ သတင်းနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် မြန်မာ့ကွန်ပျူတာသိပ္ပံ ဖွံ့ဖြိုးမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး မြန်မာ့ကွန်ပျူတာ ဖွံ့ဖြိုးရေးကောင်စီကို အမြင့်ဆုံးအဖွဲ့အဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

အထက်ပါဥပဒေဖြင့် မြန်မာကွန်ပျူတာ ပညာရှင်များ အသင်း၊ မြန်မာကွန်ပျူတာ လုပ်ငန်းရှင်အသင်းနှင့် မြန်မာကွန်ပျူတာ ဝါသနာရှင်များအသင်းတို့ကို ဖွဲ့စည်းခဲ့ပြီး ထိုအသင်း (၃) သင်းအား အခြေခံ၍ မြန်မာကွန်ပျူတာ အသင်းချုပ်အား ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလတွင် ဖွဲ့စည်းခဲ့သည်။

အင်တာနက် (Internet)

အင်တာနက်ဆိုသည်မှာ International Network ကို အတိုကောက် ခေါ်ထားခြင်းဖြစ်သည်။ သဘောတရားမှာ တစ်ကမ္ဘာလုံးတွင်ရှိကြသည့် ကွန်ပျူတာများ တစ်ခုနှင့်တစ်ခု ဆက်သွယ်ချိတ်ဆက်ထားသော ကွန်ရက် Network ဆိုသည့် စနစ်ပေါ်မှာ လူအများ တစ်ဦးနှင့်တစ်ဦး စကားနှုတ်ပိုင်းအတွင်း စာပို့နိုင်ခြင်း၊ သတင်းအချက်အလက်များကို ရှာဖွေနိုင်ခြင်းစသည့် လူထုဆက်သွယ်ရေးဆိုင်ရာ နည်းစနစ်တစ်ခု ဖြစ်သည်။

အင်တာနက်သမိုင်းကိုကြည့်လျှင် ၁၉၆၉ ခုနှစ်က အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနသည် ကွန်ရက်စနစ်နှင့် သုတေသနပြုလုပ်ရန် အဆင့်မြင့် သုတေသနစီမံကိန်းများဆိုင်ရာ (Advanced Research Project Agency-ARPANET) ဖွဲ့စည်းခဲ့သည်ကို အဦးဆုံးအနေနှင့် တွေ့ရသည်။

ထိုအဖျင်စီကို ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ ရန်သူနိုင်ငံများ၏ နူးကလီးယားထိုးစစ်နှင့် ကြုံတွေ့လျှင် အစိုးရ လုပ်ငန်း ဆိုင်ရာများကို စစ်ရေးနှင့် ပညာရေး သုတေသီများက ဆက်လက် ဆောင်ရွက်နိုင်စေရန်ဖြစ်သည်။

၁၉၇၀ ပြည့်နှစ်တွင် ထို Arpanet က Control Protocol ဟူသည့် ကွန်ပျူတာစနစ်တစ်ခုကို ကျင့်သုံးလာသည်။ Protocol ဟူသည်မှာ ကွန်ပျူတာအချင်းချင်း နားလည်သည့် ဘာသာစကားကဲ့သို့သော နားလည်မှုတစ်ရပ်ဖြစ်သည်။ ၁၉၇၃ ခုနှစ်တွင် ထို Arpanet က အင်္ဂလန်၊ နော်ဝေးနိုင်ငံတို့နှင့် ကွန်ရက်စနစ်တစ်ခုကို ထူထောင်ခဲ့သည်။ ဤသို့နှင့် ၁၉၉၂ ခုနှစ်သို့ ရောက်သောအခါ ကမ္ဘာဖြန့်ကြက်ကွန်ရက် (World Wide Web) ဆိုသည်ကို ထုတ်ဝေခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ကမ္ဘာ့ဖြန့်ကြက်ကွန်ရက် (WWW) များစွာကို ထုတ်လုပ်ခဲ့သည်။ ထိုမျှမက ထိုကွန်ရက်သည် စီးပွားရေး၊ လူထုဆက်သွယ်ရေး လုပ်ငန်းများထဲသို့ ဝင်ရောက်လာရာမှ အင်တာနက်စနစ်ခိုင်မာလာခဲ့သည်။

မြန်မာ့ဆက်သွယ်ရေးစနစ်

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးဝန်ဆောင်မှုများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆောင်ရွက်ပေးသည်။ တည်ဆဲဥပဒေအရ စာတိုက်၊ ကြေးနန်းနှင့် ဆက်သွယ်ရေးဝန်ဆောင်မှု အားလုံးအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆောင်ရွက်ပေးပြီး ခေတ်နှင့်အညီ တိုးတက်လာသော ဝန်ဆောင်မှုများကို အပြည့်အဝ ပေးဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်။

တယ်လီဖုန်းဆက်သွယ်ရေးတွင် ယခုအခါ တယ်လီဖုန်းပေါင်း (၃၅၀,၀၀၀) ကို ဆက်သွယ်မှုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်တွင်း ဆက်သွယ်မှုတိုးတက်ပြီး ဝန်ဆောင်မှုပေးနိုင်ရန် မိုက်ကရိုဝေဗ်ဆက်ကြောင်းသစ်များ

တည်ဆောက်ပေးခြင်း၊ ကြိုးမဲ့ လက်ကိုင်ဖုန်းစနစ်များ သုံးစွဲတပ်ဆင်ခြင်း၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်အသုံးပြုစခန်းများ တိုးချဲ့တည်ဆောက်ပေးခြင်းတို့ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေသည်။

အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဝန်ဆောင်မှုအနေနှင့် ပိုမိုကောင်းမွန် တိုးတက်စေရန် ယခင်အဆင့် (B) ဂြိုဟ်တု မြေပြင်စခန်းအစား၊ အဆင့် (A) ဂြိုဟ်တုမြေပြင်စခန်းနှင့် အပြည်ပြည် ဆိုင်ရာ တယ်လီဖုန်း စက်ခလုတ်ခုံ အသစ်တို့ကို တည်ဆောက်ပေးခဲ့သည်။

ယခုအခါ အာရှ၊ ဥရောပအရှေ့အလယ်ပိုင်းသို့ ဆက်သွယ်ထားသော အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ရေအောက်ကေဘယ်လ်လမ်းကြောင်းသို့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှချိတ်ဆက်အသုံးပြုပြီး ဝန်ဆောင်မှု ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ပြီးဖြစ်သည်။

မြို့ပြဒေသကြီးများတွင် လက်ကိုင်တယ်လီဖုန်းစနစ်ကို ဖွင့်လှစ်ပေးခဲ့ရာ အသုံးပြုသူ (၁၅၀,၀၀၀) ကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

မြို့ပြနည်းတူ ကျေးလက်ဒေသတယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှု ပေးနိုင်ရန်အတွက်လည်း IPSTAR ဟုခေါ်သော ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်သည်။

အင်တာနက်ခေါ် အပြည်ပြည်ဆိုင်ရာ သတင်းနှင့်နည်းပညာဆက်သွယ်ရေး ကွန်ရက်စနစ်သစ်ကိုလည်း မြန်မာနိုင်ငံတွင် စတင်အသုံးပြုနေပြီး၊ အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ သတင်းနှင့် ဆက်သွယ်ရေး နည်းပညာကုမ္ပဏီများသည် သက်ဆိုင်ရာ ဘာသာရပ်များတွင် အသုံးချလျက်ရှိသည်။

မြန်မာနိုင်ငံနှင့် အာဆီယံ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် စတင်ဖြစ်ပေါ်လာခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အခြေအနေ၊ ဒေသဆိုင်ရာ အခြေအနေ ပြောင်းလဲလာသည်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့်ဆက်ဆံရေးကို မြှင့်တင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြင့် ၁၉၉၅၊ ဘရူနိုင်း၊ ၂၈ ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးတွင် ချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရာမှစ၍ ၁၉၉၆ ခုနှစ်၊ အင်ဒိုနီးရှား၊ ဂျကာတာအာဆီယံဝန်ကြီးအဆင့် အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက် ရာမှ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ အကြိမ် ၃၀ မြောက် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးတွင် မြန်မာနိုင်ငံသည် တင်းပြည့်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့သည်။

ဤသို့ဖြင့် အာဆီယံလူပ်ရှားမှုများ၌ ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံတော်အစိုးရသည် ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လတွင် စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့၌ ကျင်းပသော စတုတ္ထအကြိမ် အာဆီယံထိပ်သီး၊ အလွတ်သဘော အစည်းအဝေး၌ e-ASEAN လုပ်ငန်းဆိုင်ရာ သဘောတူညီချက် (e-ASEAN Frame work Agreement) ကို လက်မှတ်ရေးထိုးခဲ့သည်။

ထိုစာချုပ်မှ

အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေး နည်းပညာကဏ္ဍ၊ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ခိုင်မာစေရေး အတွက် ပူးပေါင်းဆောင်ရွက်ရန်

- အဖွဲ့ဝင်နိုင်ငံ အချင်းချင်းနှင့် အဖွဲ့ဝင်နိုင်ငံအတွင်း နည်းပညာကွာဟမှု လျော့ပါးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊
- အစိုးရနှင့် ပုဂ္ဂလိကအကြား အီးအာဆီယံအသိအမှတ်ပြုရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်၊
- အီးအာဆီယံ အစပျိုးဆောင်ရွက်မှုကို အထောက် အကူပြုရေးအတွက် သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေး ကုန်ပစ္စည်းများ ကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် ဖြေလျော့မှု တိုးမြှင့်ရန်၊

ဟူသော သဘောတူညီချက်များအရ ရှေးဦးစွာ နိုင်ငံတော်အဆင့် လုပ်ငန်းအဖွဲ့ (Myanmar e-National Task Force) ဖွဲ့စည်းပြီး မြန်မာ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်ဖွံ့ဖြိုးရေးကိစ္စရပ်များကို စတင်ဆောင်ရွက်ခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် MCC Team X တို့ ပူးပေါင်း ဆောင်ရွက်ထားသည့် Internet Website

အီလက်ထရောနစ်ပညာရေးစနစ်

အဲ့မခန်း ဖွံ့ဖြိုးတိုးတက်လာသော ကမ္ဘာ့ဆက်သွယ်ရေး စနစ်နှင့်အညီ မြန်မာ့ဆက်သွယ်ရေး ပုံစံသည် ဆန်းသစ်လာခဲ့ပြီး မြန်မာ့လူ့အဖွဲ့အစည်းအတွင်းသို့ တိုက်ရိုက်ရောက်ရှိလာသောအခါ နိုင်ငံတော်အစိုးရသည် မြန်မာ့ပညာရေးကို အီလက်ထရောနစ်ပညာရေးစနစ်သို့ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစ၍ စတင်တိုးမြှင့်ကျင့်သုံးခဲ့လေသည်။

အီလက်ထရောနစ်ပညာရေးစနစ်သည် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကိုအသုံးပြု၍ အီလက်ထရောနစ် အချက်အလက်ထုတ်လွှင့်မှု အစီအစဉ် (Electronic Data Broadcasting System) အဖြစ်နှင့် ပို့ချသင်ကြားသောစနစ် ဖြစ်သည်။

ထိုစနစ်မှ စဉ်ဆက်မပြတ် ပညာရေး (Lifelong Learning and Continuing Education) အစီအစဉ်များ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်များ ဆောင်ရွက်ခြင်း၊ အဆင့်မြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းပေးမည့် အစီအစဉ်များ ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို လက်တွေ့အသုံးပြုပြီး ဆောင်ရွက်မည့် အစီအစဉ်သစ်များဆောင်ရွက်ခြင်း၊ ပညာရေးကွန်ရက် MOE net တည်ထောင်သော လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးဂြိုဟ်တုမှတစ်ဆင့် တစ်နိုင်ငံလုံး Electronic Broadcasting System တည်ထောင်သော လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ အခွင့်အလမ်းပွင့်နေသော ပညာရေးစနစ် Open Education System တည်ထောင်ရန် ဆောင်ရွက်ခြင်းများကို ပြုလုပ်ပေးမည့်စနစ်ဖြစ်သည်။

မြန်မာ့သတင်းနှင့် ဆက်သွယ်ရေး နည်းပညာ အဆောက်အအုံ

အိုင်စီတီ၏ ရှေးဦးအစဖြစ်သော အိုင်တီ (IT) ဟူသည် ကွန်ပျူတာနှင့် ကွန်ပျူတာအချင်းချင်း ဆက်သွယ် ဆောင်ရွက်သည့် နည်းပညာဖြစ်သည်။ ထိုနည်းပညာများကို ဆောင်ရွက်တတ်သူများကို အိုင်တီပညာရှင်ဟုခေါ်သည်။ မြန်မာနိုင်ငံတွင် အိုင်တီပညာရှင်တို့သည် ကွန်ပျူတာဖွံ့ဖြိုးမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သည်။

၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်းတွင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာအိုင်တီပညာရှင် အစုအဖွဲ့တစ်ခုသည် အိန္ဒိယနိုင်ငံသို့ အိုင်တီ ပညာရပ်များနှင့် ပတ်သက်၍ လေ့လာရန်သွားရောက်ခဲ့ကြသည်။ ထိုလေ့လာမှုခရီးသည် မြန်မာ့အိုင်စီတီလောက၏ ပထမဆုံးသော ခြေလှမ်းဟု ဆိုရမည်ဖြစ်သည်။

အိန္ဒိယ လေ့လာရေးခရီးစဉ် အပြီးတွင် နိုင်ငံတော် အစိုးရက မြန်မာနိုင်ငံအိုင်စီတီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်သွားနိုင်ရန်အတွက် မြန်မာအိုင်စီတီ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း (Myanmar ICT Development Corporation) ကို ပုဂ္ဂလိက အိုင်တီလုပ်ငန်းရှင်များ ပါဝင်စေလျက် ဖွဲ့စည်းခဲ့သည်။

ထိုကော်ပိုရေးရှင်းက ပထမဦးဆုံးဆောင်ရွက်မည့် လုပ်ငန်းအဖြစ် မြန်မာ့သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ အဆောက်အအုံတစ်ခုအား တည်ဆောက်ရန်ဖြစ်ပြီး သတင်းနည်းပညာမဟာစီမံကိန်း (IT Master Plan) ရေးဆွဲကာ စီစဉ်ဆောင်ရွက်ခဲ့သည်။

ထိုသတင်းနည်းပညာမဟာစီမံကိန်းတွင် IT infrastructure၊ IT Education ၊ IT application၊ IT Industry ဖွံ့ဖြိုးတိုးတက်ရေးဟူ၍ အဝိုင်းလေးပိုင်းပါဝင်သည်။

ထိုစီမံကိန်းအရ နိုင်ငံတော်က ပေးအပ်သော ရန်ကုန် တက္ကသိုလ် လှိုင်နယ်မြေအတွင်းရှိ မြေကွက် (၅) ဧကတွင် ICT Park ကြီးတစ်ခုကို တည်ဆောက်ရန် ၂၀၀၁ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့က အုတ်မြစ်ချကာ ဧပြီလအတွင်းက စတင်တည်ဆောက်ခဲ့သည်။

သိပ္ပံပညာနယ်ပယ်တွင် ကွန်ပျူတာကို အသုံးချ၍ ကွန်ပျူတာမှ ထွက်ပေါ်လာသောကုန်ပစ္စည်းဟုဆိုနိုင်သည့် Software များကို ထုတ်လုပ်ရန်၊ ထို Software များကို မြန်မာနိုင်ငံသား လုပ်ငန်းရှင်များက ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သော Software တင်ပို့လာစေရန်၊ Software ထုတ်လုပ်သူ ပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်ရန်၊ ယခင်က သီးခြားစီတည်ရှိနေသော Software Development ကုမ္ပဏီများ တစ်စုတစ်လုံးတည်းရှိလာစေရန်လည်းကောင်း ဤအိုင်စီတီပတ်ဝန်းက ရည်ရွယ်သည်။

ထိုရည်ရွယ်ချက်ကို ဖော်ဆောင်ရန် သတင်းနည်းပညာစနစ်ကို ဆောင်ရွက်မည့် Software Development ကုမ္ပဏီ ၁၁ ခုမှ တစ်ဦးလျှင် ကျပ်သိန်း ၁၀၀ စီမတည်ထည့်ဝင်ခဲ့ကြပြီး အကောင်အထည် ဖော်ခဲ့သည်။

ဤသို့ဖြင့် ပြည်တွင်း အင်ဂျင်နီယာပညာရှင်များ ပုံစံထုတ်၍ ရှစ်လကြာ တည်ဆောက်ခဲ့သည့် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အဆောက်အအုံကြီးကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲများ ဦးဆောင်၍ အောင်မြင်စွာ ဖွင့်လှစ်ခဲ့သည်။

ယခုအခါ မြန်မာ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အဆောက်အအုံကို တစ်ခုတည်းသော မြန်မာ့အိုင်စီတီ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီက တာဝန်ယူအုပ်ချုပ်စီမံထားသည်။ ထိုကုမ္ပဏီသည် အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့ အချိုးကျပါဝင် ဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်သည်။

မြန်မာအိုင်စီတီပတ်ဝန်းကို ကြည့်လျှင် အဓိကအားဖြင့် အထပ်သုံးထပ်ပါရှိသည့် ပင်မအဆောက်အအုံတစ်ခု Software Develop ကုမ္ပဏီရုံးခန်းများ ဖွင့်လှစ်ရန် နှစ်ထပ်ဆောင်လေးဆောင်ဟူ၍ တွေ့ရမည်ဖြစ်သည်။ ပင်မအဆောက်အအုံသည် အစည်းအဝေးများ၊ နှီးနှောဖလှယ်ပွဲများ၊ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန် ဖြစ်ပြီး၊ ကျန်နှစ်ထပ်ဆောင်လေးဆောင်မှာ သတင်းနည်းပညာစနစ်ကို ဆောင်ရွက်မည့် ပညာရှင်အင်ဂျင်နီယာများအတွက် အလုပ်စခန်းများ ဖြစ်သည်။

ပုဂံဆိုက်ဘာတက်စ်

မြန်မာနိုင်ငံ၏သတင်းနှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပံ့ပိုးဆောင်ရွက်ပေးသော အဖွဲ့အစည်းဖြစ်သည်။

လုပ်ငန်းအနေအထားအရ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည်။ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကအိုင်တီကုမ္ပဏီများ ပူးပေါင်းပါဝင်သည်။ ထို့ကြောင့် ပုဂံဆိုက်ဘာတက်စ်ကို Semi-government အဖွဲ့အစည်းဟု ဆိုနိုင်သည်။

အထူးသဖြင့် ပုဂံဆိုက်ဘာတက်စ်သည် မြန်မာ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အဆောက်အအုံမှ အိုင်တီကုမ္ပဏီများ၏ ပြည်တွင်းပြည်ပ ဆက်သွယ်ရေး ကိစ္စရပ်များကို ဆောင်ရွက်ပေးရသည်။

ဆိုက်ဘာတက်စ်သည် မြန်မာနိုင်ငံ၏ အဓိက အင်တာနက်လုပ်ငန်းဝန်ဆောင်မှု ISP-Internet Service Provide အဖြစ် အချက်အလက်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ပုဂံ ဆိုက်ဘာတက်စ်သည် ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလက ဖွဲ့စည်းခဲ့သော နိုင်ငံတော်အဆင့် လုပ်ငန်းအဖွဲ့ (e-National Task Force) ဖွဲ့စည်းပြီး အစိုးရတစ်ပိုင်း ကုမ္ပဏီအသွင်ဖြင့် ပေါ်ပေါက်လာသည်။ ဖွဲ့စည်းပြီး တစ်လအကြာတွင် Data အချက်အလက်များအား နိုင်ငံတကာသို့ အပြန်အလှန် ပေးပို့နိုင်သော FTP (File Transfer Protocol) ဝန်ဆောင်မှုများ စတင် ခဲ့သည်။ ထို့နောက် IT ဆိုင်ရာ ဝန်ဆောင်မှုများကို အသင်းဝင်စနစ် (၄) မျိုးခွဲ၍ ပုဂ္ဂလိကကဏ္ဍအား ခွင့်ပြု မိတ်ဆက်ခဲ့သည်။

ပုဂံဆိုက်ဘာတက်စ်သည် အချက်အလက်ကွန်ရက်များ ပြည်ပ ဆက်သွယ်ရေးကွန်ရက် (Internet) ပေါ်သို့ လွှတ်တင်ပေးခြင်းကို ဆောင်ရွက်လာခဲ့ပြီး ၂၀၀၁ ခုနှစ်၊ ဧပြီလ၌ Internet (ပြည်တွင်း ဆက်သွယ်ရေးကွန်ရက်) စနစ်ကို ထူထောင်ကာ အချက်အလက် ကွန်ရက်စာမျက်နှာ (Web Page) များ လွှတ်တင်ပေးခြင်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်အတူ လုပ်ကိုင်ခဲ့သည်။

ပုဂံဆိုက်ဘာတက်စ်သည် အချက်အလက်ဆိုင်ရာ ဆက်သွယ်ရေးစနစ်များကို ဦးဆောင်ပေးနိုင်မည့် အဓိက အပေါ်ထပ်အဆောက်အအုံဖြစ်သည်။ Teleport တစ်ခုကို မြန်မာ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံ ထူထောင်လုပ်ကိုင်ခဲ့သည်။

အဆိုပါ Teleport ၏ အဓိကရည်ရွယ်ချက်မှာ MICT Park အတွက် လိုအပ်သော အင်တာနက်၊ အင်ထရာနက်၊ တယ်လီဖုန်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများ ဖြည့်ဆီးပေးရန်နှင့် နောက်ဆုံးပေါ် ဂြိုဟ်တုဆက်သွယ်ရေးဖြင့် ကွန်ရက်စနစ်များ ထူထောင်ပေးရန်ဖြစ်သည်။

ပုဂံဆိုက်ဘာတက်စ် Teleport အဆောက်အအုံကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်နေ့က

အခြေခံပညာ မူလတန်းကျောင်းများတွင် ကလေးသူငယ်များ မာတီမီဒီယာသင်ခန်းစာ လေ့ကျင့်နေပုံ

MICT Park နှင့်အတူ စတင်ဖွင့်လှစ်ကာ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အီလက်ထရောနစ်၊ အမျိုးသားအဆင့် ICT လုပ်ငန်းအဖွဲ့

(e-National Task Force (e-NTF)

မြန်မာနိုင်ငံ၏ ခေတ်မီသတင်းအချက်အလက်နည်းပညာများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလက ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်သည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ဦးဆောင်ကာ လုပ်ငန်းကော်မတီ (၆) ခုကို ထပ်မံဖွဲ့စည်းခဲ့သည်။ ၎င်းတို့မှာ (၁) e-government (၂) e-Commerce (၃) National Portal (၄) Online Banking (၅) e-Education (၆)Telemedicine (၇)Digital Library တို့ဖြစ်သည်။

နိဂုံး

မကြာသေကာလတွင် ကမ္ဘာကြီးသည် သတင်းဆက်သွယ် ရေး အမြန်လမ်းမကြီး (Information Super High Way) ဟူသည့် လမ်းမကြီးပေါ်သို့ ရောက်ရှိလာတော့မည်ဖြစ်သည်။

ထိုအချိန်တွင် မြန်မာနိုင်ငံသည် သတင်းနှင့် ဆက်သွယ်ရေး နည်းပညာရပ်များဆီသို့ အတိုင်းအတာ ခရီးကာလတစ်ခုထိရောက်အောင် ချဉ်းကပ်နိုင်မည်ဖြစ်သည်။

အထူးသဖြင့် ယခုကဲ့သို့ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အဆောက်အအုံကြီးတစ်ခု ပေါ်ပေါက်လာသည်မှာ သတင်းနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှု၏ ပင်မရေစီးတစ်ခု တည်ရှိလာသည့်နှယ် ဖြစ်သည်။

နွေသင်နိုင်

စာပေနှင့်ဆိုင်ရာ စာတမ်းဖတ်ပွဲများ (၂၀၀၂ ခုနှစ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကျင်းပသောစာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများ

မြန်မာနိုင်ငံတွင် စာတမ်းဖတ်ပွဲများကို ၁၉၁၀ ပြည့်နှစ်ကပင် စတင်ခဲ့ပါသည်။ မြန်မာနိုင်ငံ သုတေသနအသင်းနှင့်အတူ ပေါက်ဖွားလာခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချိန်က အင်္ဂလိပ်ပဋိညာဉ်ခံ အရာရှိတစ်ဦးဖြစ်သူ မစ္စတာကျေ၊ အက်(စ်) ဟာနီဗယ်သည် ကမ္ဘာအရပ်ရပ်ရှိ သုတေသနပညာရှာမှီးကြသော အသင်းအဖွဲ့များနှင့် ပုဂ္ဂိုလ်များကို အားကိုးကာ မြန်မာပြည်တွင်လည်း ဤအသင်းမျိုး ရှိသင့်ရှိထိုက်သည်ဟု ယုံကြည်သဖြင့် ဗြိတိသျှ လူကြီးလူကောင်းများ မြန်မာပညာရှိကြီးများကို ချဉ်းကပ်တိုက်တွန်းခဲ့ခြင်းကြောင့် ခရစ်နှစ် ၁၉၁၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ သုတေသနအသင်းကို စတင်တည်ထောင်ခဲ့သည်။

အသင်းတည်ထောင်သည့် အခမ်းအနားကို ၁၉၁၀ ပြည့်နှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ဗားနတ် ပီဌကတ်တိုက်၌ ကျင်းပရာ မြန်မာပြည် ဒုဘုရင်ခံ ဆာဟားဗစ်သာကယ်ဝိုက်က သဘာပတိပြုလုပ်၍ ဝတ်လုံတော်ရ ဦးမေအောင်က အသင်းပဏာမ မိန့်ခွန်းကို မြွက်ကြားခဲ့သည်။ ပထမဆုံးဥက္ကဋ္ဌမှာ မစ္စတာအိပ်(ချ) အယ်အေးလဖြစ်၍ အသင်းတည် ထောင်စတွင် အဖွဲ့ဝင် ၂၃၅ ဦးရှိသည်။

အသင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံနှင့် ယင်း၏ ကျောခိုင်းနယ်စပ်နိုင်ငံများ၏ ယဉ်ကျေးမှု အနုပညာသိပ္ပံပညာ၊ စာပေပညာစသည်တို့ကို လေ့လာစုံစမ်းရှာဖွေရန်နှင့် အထူးသဖြင့် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသော သုတေသနလုပ်ငန်းများကို အားပေးရန် ဖြစ်လေသည်။ အသင်း၏ အရပ်ရပ်လုပ်ငန်းဆောင်တာများကို အသင်းအရာရှိ ၁၅ ဦးနှင့် အခြားအဖွဲ့ဝင် ၁၅ ဦးတို့ပါဝင်သော အမှုဆောင်အဖွဲ့က ကွပ်ကဲဆောင်ရွက်လေသည်။ အမှုဆောင်အဖွဲ့သည် သာမန်အားဖြင့် တစ်နှစ်လေးကြိမ် တွေ့ဆုံစည်းဝေးကာ ကြားကာလတွင် စီမံမှုအဖွဲ့ငယ်က အသင်း၏ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လေသည်။ ပုဂ္ဂိုလ် ၁၅ ဦးပါဝင်သော အထွေထွေကော်မတီက အသင်း၏ဝါဒနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ပေးလေသည်။

အသင်း၏အဓိကလုပ်ငန်းသည် သုတေသနပြုရေးပင်ဖြစ်ရာ အသင်းသားများ သုတေသနပြုလုပ် ရှာဖွေတွေ့ရှိထားချက် စာတမ်းများကို ဖတ်ကြားနိုင်ရန် တစ်နှစ်လျှင်လေးကြိမ်မှ ခြောက်ကြိမ်အထိ အစည်းအဝေးပြုလုပ်လေ့ရှိ၏။ နှစ်စဉ် ဒီဇင်ဘာလတွင်လည်း လေးရက်ကြာမျှ သုတေသနညီလာခံ ကျင်းပပြုလုပ်ကာ အရပ်ရပ်သုတေသနစာတမ်းများ ၁၀ စောင်မှ ၁၅ စောင်အထိ ဖတ်ကြားကြလေသည်။ ယင်းစာတမ်းများကို မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်တွင် ပုံနှိပ်ထုတ်ဝေသည်။ ဂျာနယ်ကို ၁၉၁၁ ခုနှစ်တွင် ပထမဆုံးပုံနှိပ်ထုတ်ဝေခဲ့၍ ဂျာနယ်၏ ပထမဆုံးစာတည်းမှာ မစ္စတာစီ၊ ဒူးရွားဇဲ ဖြစ်၏။

နောက်ပိုင်းတွင် အခမ်းအနားများ၌ တာဝန်အရ ပြောကြားရာ၌ပင် အလျဉ်းသင့်သည့် အကြောင်းအရာများကို စာတမ်းအဖြစ်ဖတ်ကြားခဲ့သည်။ ဥပမာအားဖြင့် ၁၉၅၅ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် ကျင်းပသော စာပေဗိမာန်ဆုနှင်းသဘင်တွင် ၁၉၅၅ ခုနှစ်အတွက် "သခင်ကိုယ်တော်မှိုင်းဦးကာ" ဖြင့် စာပေဗိမာန်ဆုရရှိသည့် ဆရာဇော်ဂျီက ပြန်ကြားပြောဆိုရာ၌ "စာအုပ်စင်နှင့် ကျွန်တော်" ဟူသောအကြောင်းကို ဖတ်ကြားသွားပါသည်။

ထို့ပြင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေဗိမာန်အဖွဲ့က ၁၉၆၅ ခုနှစ်မှစပြီး စာပေ နှိုးနှောဖလှယ်ပွဲများကိုကျင်းပခဲ့ရာ ပြည်သူ့အကျိုးပြုမလေ့ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၀၂ ခုနှစ်အတွင်း စာပေဆိုင်ရာ စာတမ်းဖတ်ပွဲများပြုလုပ်ခဲ့ရာ ပညာရှင်အသီးသီးက စာတမ်းပေါင်းများစွာကို ဖတ်ကြားခဲ့ကြပါသည်။

(၁) ဖေဖော်ဝါရီလတွင် ကြူးကြူးသင်း၏ "၁၉၈၁ ခုနှစ်မတိုင်မီ အမျိုးသားရေးညွှန်းဖွဲ့တေးများစာတမ်း

(၂) ဖေဖော်ဝါရီလတွင် ရဲမြလွင်၏ "ကျွန်တော် မြန်မာပြန်ခဲ့သော ဂျပန်ဝတ္ထုစာပေများ" စာတမ်း

(၃) ဖေဖော်ဝါရီလတွင် ပါရဂူ၏ "ဟိန္ဒီစာပေနှင့်ဟိန္ဒီမြန်မာပြန်" စာတမ်း

(၄) ဖေဖော်ဝါရီလတွင် ဌေးမောင်၏ "၂၁ ရာစုဦး စာပေအနုပညာရှင်တို့၏ အမျိုးသားရေးတာဝန်အတိတ်၏ ပုံရိပ်များ" စာတမ်း

(၅) ၁၂- ၅- ၂၀၀၂ ရက်နေ့တွင် ဦးတင်ရှိန် (မင်းကြော့ရှိန်)၏ "၂၁ ရာစုနှစ်ဦးတင်ပြချက်" စာတမ်း

(၆) ၁၂- ၅- ၂၀၀၂ ရက်နေ့တွင် ဦးလှမောင် (အောင်ချိန်ဘွား)၏ "မြန်မာ့စားသုံးမှုဓလေ့နှင့် စားသုံးဆီ" စာတမ်း

(၇) ၁၅- ၉- ၂၀၀၂ တွင် ဦးအောင်သန်းထွန်း (မုံရွာ)၏ "မြန်မာဓမ္မသတ်များက ဖော်ထုတ်ပြသသော မြန်မာ့ယဉ်ကျေးမှုလူမှုရေးဘဝနှင့် အတွေးအခေါ်များ" စာတမ်း

(၈) ၁၅- ၉- ၂၀၀၂ တွင် ဦးခင်အေး (မောင်ခင်မင်- ဓနုဖြူ) ၏ "နေ့စဉ်သုံးမြန်မာစာပေ အရေးအသား" စာတမ်း

(၉) ၆- ၁၀- ၂၀၀၂ တွင် ဒေါက်တာကျော်ညွန့်စိန်၏ "အနာကြီးရောဂါကင်းဝေးရေး မီဒီယာတို့ကူညီပေး" စာတမ်း

(၁၀) ၂၆- ၁၀- ၂၀၀၂ တွင် ဦးချစ်နိုင် (ချစ်နိုင်စိတ်ပညာ)၏ "အမျိုးသားနောက်ခံကျမ်းများကို လေ့လာတင်ပြချက်" စာတမ်း

(၁၁) ၂၆- ၁၀- ၂၀၀၂ တွင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၏ "အမျိုးသားရေးအားမာန် ဝတ္ထုရှည်များ" စာတမ်း

သုတဘဏ်စာတမ်းဖတ်ပွဲ

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှကြီးမှူး၍ သုတဘဏ်စာတမ်းဖတ်ပွဲများကို ၂၀၀၁ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၂၀၀၂ ခုနှစ်အတွင်း ပညာရှင်အသီးသီးက အောက်ပါ စာပေဆိုင်ရာစာတမ်းများကို ဖတ်ကြားခဲ့ပါသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံတွင် ဖတ်ကြားသောစာတမ်းများ

၂၀၀၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်

ညီလာခံ ဒုတိယနေ့အခမ်းအနားကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များက စာပေနှင့်စာနယ်ဇင်းလုပ်ငန်းများ မြှင့်တင်ရေးဆိုင်ရာ စာတမ်း ၆ စောင်ကို တင်သွင်းခဲ့ကြသည်။ တင်သွင်းခဲ့သည့် စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) "စာပေဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စာပေနှင့် စာနယ်ဇင်းသမားများသည် အဖွဲ့၏ ဦးဆောင်မှုဖြင့် တက်ကြွစွာ ပါဝင်ရိုင်းပင်း ဆောင်ရွက်ရေး"၊ စာတမ်းရှင် ဦးလှထွန်း (လှထွန်း-တံတား) နှင့် ဦးခင်ရွှေ (ရွှေစွန်ညို)

(၂) "စာပေနှင့်စာနယ်ဇင်းဆိုင်ရာ အတတ်ပညာ၊ နည်းပညာနှင့် သုတရသရေးသားမှု အရည်အချင်း မြင့်မားလာစေရန်နှင့် စာပေမှုးဆက်သစ်များပေါ်ထွန်းလာစေရန် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရေး"၊ စာတမ်းရှင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)

(၃) "မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရှင်သန်ထွန်းကား ပြန့်ပွားရေးကို စဉ်ဆက်မပြတ် လှုံ့ဆော်ရေးသားရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား တက်ကြွစွာပါဝင်ဆောင်ရွက်ရေး" စာတမ်းရှင် - ဒုတိယ ဗိုလ်မှူးကြီး အုန်းမောင် (ငြိမ်း) (မြင်းမူမောင်နိုင်မိုး)

(၄) "အမျိုးသားအမွေ ဂန္ဓဝင်နှင့်ခေတ်ပြိုင် မြန်မာစာပေကို ထိန်းသိမ်းမြှင့်တင်ရင်း ပြည်တွင်းပြည်ပ ကျယ်ပြန့်စွာလေ့လာဖတ်ရှု သိရှိနိုင်ရေး" စာတမ်းရှင်- ဦးမျိုးသန့်. (မောင်ဆုရှင်)

(၅) "လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသအထိ စာပေ၏ အကျိုးပြုမှုကိုရရှိခံစားနိုင်ရေး" စာတမ်းရှင်- ဦးချစ်နိုင် (ချစ်နိုင်- စိတ်ပညာ)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ပညာရှင်များစာတမ်းဖတ်ပွဲဖြစ်မြောက်ရေးဆွေးနွေးနေကြစဉ်

(၆) "အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်မည်" စာတမ်းရှင်- ဦးကျော်ဝင်း (မနုဿ ကျော်ဝင်း)

တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန စာတမ်းဖတ်ပွဲ

တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန စာပေဆိုင်ရာစာတမ်းများကို ရန်ကုန်တက္ကသိုလ် အမရဆောင်၌ ၂၀၀၂ ခုနှစ်အတွင်း ၉ ကြိမ် ဖတ်ကြားခဲ့ပါသည်။ ဖတ်ကြားခဲ့သောစာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ၂- ၁- ၂၀၀၂ ရက်နေ့ ၂၅ ကြိမ်မြောက် စာတမ်းဖတ်ပွဲတွင် မြန်မာ့သမိုင်းအဖွဲ့ဝင် ဦးလှသိန်း၏ "The Myanmar Hlultaw its deterioration and decay" စာတမ်း

(၂) ၂၉- ၃- ၂၀၀၂ ရက်နေ့ ၂၆ ကြိမ်မြောက် စာတမ်းဖတ်ပွဲတွင် ဦးဘမော်ပါမောက္ခ (ငြိမ်း) ဘူမိဗေဒဌာန၏ "Pleistocene of Myanmar Stressing on Terrace deposit of Ayeyawaddy and Chindwin Rivers" စာတမ်း

(၃) ၂၃- ၅- ၂၀၀၂ ရက်နေ့ ၂၇ ကြိမ်မြောက် စာတမ်းဖတ်ပွဲတွင် ဒေါက်တာခင်မောင်ညွန့်၏ "မြန်မာကျမ်းများ ဘာသာပြန် (မြန်မာမှ အင်္ဂလိပ်)" စာတမ်း

(၄) ၃၁- ၅- ၂၀၀၂ ရက်နေ့ ၂၈ ကြိမ်မြောက် စာတမ်းဖတ်ပွဲတွင် ဒေါက်တာသန်းထွန်း၏ ဂေါဒွန်လုစ် (ခေတ်ဟောင်း မြန်မာက ခေတ်ဦးပုဂံ)" စာတမ်း

(၅) ၃၀- ၈- ၂၀၀၂ ရက်နေ့ ၂၉ ကြိမ်မြောက်စာတမ်းဖတ်တွင် ဒေါက်တာတိုးလှ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၏ "အနန္တသူရကျောက်စာလေ့လာချက်" စာတမ်း

(၆) ၂၇- ၉- ၂၀၀၂ ရက်နေ့ ၆၀ ကြိမ်မြောက်စာတမ်းဖတ်ပွဲတွင် ဒေါက်တာခင်မောင်ညွန့်၏ "Tawthelin the month of Myanmar Traditional Regatta Festival" စာတမ်း

(၇) ၆၁ ကြိမ်မြောက်စာတမ်းဖတ်ပွဲတွင် ဒေါက်တာခင်မောင်ညွန့်၏ "Festival of Tazanmone" စာတမ်း

(၈) ၂၀- ၁၂- ၂၀၀၂ ရက်နေ့ ၆၂ ကြိမ်မြောက်စာတမ်းဖတ်ပွဲတွင် ဒေါက်တာခင်မောင်ညွန့်၏ "The Defence System of Ancient City Mrauku" စာတမ်း

(၉) ၂၄- ၁၂- ၂၀၀၂ ရက်နေ့ ၆၃ ကြိမ်မြောက်စာတမ်းဖတ်ပွဲတွင် ဒေါ်ရည်ရည်အောင်၏ "ညောင်ရမ်းမင်းသမီးကြီး ကျောက်စာ (ပုံ ၁၄၃- က) အကဲဖြတ်ချက်" စာတမ်း

ထို့ပြင်လည်း တက္ကသိုလ်သမိုင်း သုတေသနဦးစီးဌာနတွင် (၂၅- ၁၁- ၂၀၀၂) ရက်နေ့က ကွယ်လွန်သူမြန်မာ့သမိုင်းအဖွဲ့ဝင်ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ ၈၅ နှစ်မြောက် အထိမ်းအမှတ် စာတမ်း (၈) စောင် ဖတ်ကြားခဲ့ပါသည်။

ပညာရေးစုံညီပွဲတော် စာတမ်းဖတ်ပွဲ

၂၀၀၂- ၂၀၀၃ ခုနှစ် ပညာရေးစုံညီပွဲတော်အထိမ်းအမှတ် မြန်မာစာ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ စာကြည့်တိုက်နှင့် သုတေသနစာတမ်းဖတ်ပွဲများကို ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ (၃၀- ၁၂- ၂၀၀၂) (၃၁- ၁၂- ၂၀၀၂) နှင့် (၁- ၁- ၂၀၀၃) ရက်နေ့တို့တွင် နံနက် (၈း၃၀) နာရီမှ ညနေ (၁၆း၀၀) နာရီအထိ ပြုလုပ်ခဲ့ရာ ပညာရှင်အသီးသီးက စာတမ်းပေါင်း (၄၀) ကိုဖတ်ကြားခဲ့ပါသည်။ ဖတ်ကြားခဲ့သော စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၃၀-၁၂-၂၀၀၂) ရက်နေ့တွင်ဖတ်ကြားသော စာတမ်းများ

(၁) **ဦးတင်လွင် (အချိန်ပိုင်းပါမောက္ခ၊ အရှေ့တိုင်း ပညာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ ပါဠိဟူသော ဗျုပ္ပတ်နှင့် စပ်လျဉ်း၍ နောက်ထပ်တွေ့ရှိရသော အဆိုအမိန့်တစ်ရပ် စာတမ်း**

(၂) **ဦးကြင်လှိုင် (ပါမောက္ခ၊ အရှေ့တိုင်းပညာဌာန၊ ဒဂုံတက္ကသိုလ်)၏ ပါဠိစာပေမြန်မာစကားပုံများ စာတမ်း**

(၃) ဒေါ်ခင်သိန်း (ပါမောက္ခ၊ အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၏

မေတ္တာသုတ်မှ ဖော်ညွှန်းပြသော နိုင်ငံသားကောင်း ဖြစ်ကြောင်းအကျင့်တရားများ စာတမ်း

(၄) ဒေါ်ပပအောင် (လက်ထောက်ကထိက အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Arada's Teaching from Buddhacarita စာတမ်း

(၅) ဒေါ်ခင်မင်းကြည် (နည်းပြ၊ အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Kalidasa's poetic Art and His Love for Nature စာတမ်း

(၈) ဒေါ်ပိုးပိုး၊ ဦးကြည်ရွှင် (ကထိကများ၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ The Use of Multimedia Technology in English Language Teaching စာတမ်း

(၉) ဒေါ်ကျော့ကျော့ (အကြံပေး ပုဂ္ဂိုလ်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်) ၏ Analytical Study of Selected Myanmar Traditional Literary Works Recorded on

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကျင်းပသောစာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသော ပညာရှင်သုံးဦး (ရှေ့တန်း)

(၆) ဒေါ်မေစန်းရီ (ကထိက၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ A Review of Code- switching in Academic settings in seven countries စာတမ်း

(၇) ဒေါ်ဌေးဌေးဝင်း (ကထိက၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန် တက္ကသိုလ်)၏ An Over-

Palm- leaf, Parabaiks and Kamavasa Housed in Universities Central Library စာတမ်း

(၁၀) ဒေါ်တင်ဘုန်းနွယ် (စာကြည့်တိုက်မှူး၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်) ၏ Digitized Ninety photos of 18th century

Myanmar collected in Universities Central Library before 1960 စာတမ်း

(၁၁) ဒေါ်တင်ဝင်းရည် (စာကြည့်တိုက်မှူး (၁) တက္ကသိုလ်များဗဟိုစာကြည့်တိုက်) ၏ Universities Central Library in the Digital Age စာတမ်း

(၁၂) ဒေါ်နီနီနိုင် (စာကြည့်တိုက်လက်ထောက် (၁) တက္ကသိုလ်များဗဟိုစာကြည့်တိုက်) ၏ Analysis of Resource Centre for Ancient Myanmar Manuscripts in Yangon and Mandalay စာတမ်း

(၁၃) ဦးသိန်းရွှေ (ကထိကဌာနမှူး စာ/ သုဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) ၏ AACR ၌ပါရှိသည့် အင်ဒိုနီးရှားနှင့် မလေးလူမျိုးအမည်များ ကက်တလောက်တင်ခြင်းဆိုင်ရာ လေ့လာသုံးသပ်ချက် စာတမ်း

၃၁- ၁၂- ၂၀၀၂ ရက်နေ့တွင် ဖတ်ကြားသော စာတမ်းများ

(၁) ဒေါ်ယဉ်ယဉ်စိန် (ကထိက၊ စာ/ သုဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Subject Analysis for Books on Myanmar စာတမ်း

(၂) ဒေါ်ဌေးဌေးဝင်း (ကထိက၊ စာ/ သုဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ The Role of the Reference Librarian in Academic Libraries in Myanmar စာတမ်း

(၃) ဦးထွန်းအောင်ကျော် (ကထိက၊ စာ/သုဌာန၊ ရန်ကုန်တက္ကသိုလ်)၏ ကျိန်းဖောတိုင်းရင်းသားများ၏ အမည်မှည့်ပုံစနစ်ကို စာကြည့်တိုက်ပညာ ရှုထောင့်မှ လေ့လာတင်ပြခြင်း စာတမ်း

(၄) ဒေါ်စောမြကြည်သာ (ကထိက၊ စာ/ သုဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ မျိုးတူစုပြုရာတွင် ဒူဝီဒဿမ မျိုးတူစုစနစ်၏ အသုံးဝင်မှုနှင့် 19th ed 21st ed များ၏ ကွဲပြားခြားနားမှုများကို လေ့လာတင်ပြခြင်း စာတမ်း

(၅) ဒေါ်နီဝင်းဇော် (လ/ထကထိက၊ စာ/ သုဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှိ မြန်မာရည်ညွှန်းစာအုပ်များအား လေ့လာတင်ပြခြင်း စာတမ်း

(၆) ဒေါ်စိန်စိန်လွင် (လ/ထကထိက၊ စာ/ သုဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ လားဟူတိုင်းရင်းသားအမည်များ ကက်တလောက်တင်ပြခြင်းဆိုင်ရာ လေ့လာချက် စာတမ်း

(၇) ဦးဇော်အောင်ထွတ် (နည်းပြ၊ စာ/သုဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ မြန်မာမင်းများ ပိဋကတ်တိုက်များကို လေ့လာသုံးသပ်ခြင်း စာတမ်း

(၈) ဒေါ်ခင်ကြူ (ကထိက၊ စာ/ သုဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Technical Approach to Abstracting and Indexing of Myanmar periodicals စာတမ်း

(၉) ဒေါ်သန်းနွဲ့ (ပါမောက္ခနှင့်ဒေါ်ခင်ခင်ဦး၊ ဒေါ်ရီရီချို၊ နည်းပြများ၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Convention on the Riths of the child and Child Laws in some Asian Countries စာတမ်း

(၁၀) ဒေါ်ခင်မာရီ (ကထိက၊ ဥပဒေဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Trademark and International Rules Relating to Trademark စာတမ်း

(၁၁) ဒေါ်တင်မေထွန်း (ကထိက၊ ဥပဒေဌာန၊ ရန်ကုန်တက္ကသိုလ်)၏ National Treatment and International Invesment စာတမ်း

(၁၂) ဒေါ်သီတာ (နည်းပြ၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Legal Protection for Inventions (Patent Law) စာတမ်း

(၁၃) ဒေါ်နှင်းနှင်းစောလှမောင် (နည်းပြ၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Port State Control in Myanmar စာတမ်း

၁- ၁- ၂၀၀၃ ရက်နေ့တွင်ဖတ်ကြားသော စာတမ်းများ

(၁) U Forbis (နည်းပြစိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၏ The Importance of Goal Setting စာတမ်း

(၂) ဦးခင်မောင်လတ် (ကထိက၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၏ Construction of Intelligence Test စာတမ်း

(၃) ဒေါ်ခင်မျိုးရီ (တွဲဖက်ပါမောက္ခ၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Resource for Creative Thinking စာတမ်း

(၄) ဒေါ်နွယ်နီလှ (ကထိက၊ စိတ်ပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၏ A field study of life style of people living in Thongwa and Thanlyin စာတမ်း

(၅) ဒေါ်ငွေးငွေး (ပါမောက္ခ၊ စိတ်ပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်) ၏ Family and it's various functions စာတမ်း

(၆) ဒေါ်သက်ထားဝင်း (တွဲဖက်ပါမောက္ခ၊ စိတ်ပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၏ Schizophrania စာတမ်း

(၇) ဒေါ်တင်မာစန်း (နည်းပြ၊ စိတ်ပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၏ A study on Need Assessment of Counselling of university students စာတမ်း

(၈) ဦးထွန်းအောင်ကျော် (ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၏ **ဖွန်းဒေသိယစကား၏ ကြီယာပုဒ်ဖွဲ့ပုံ** စာတမ်း

(၉) ဦးကိုလေး (ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ The Role of Kha in Myanmar Grammar စာတမ်း

(၁၀) ဒေါက်တာ အောင်မြင့်ဦး (ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ **မြန်မာနိုင်ငံရှိ တိုင်းရင်းသားစာအရေးအသားစနစ်များ** စာတမ်း

(၁၁) ဒေါ်ချိုချိုတင် (ကထိက၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန် ပညာရေးတက္ကသိုလ်)၏ **မြန်မာ့ရသစာပေ ဘဝအသိ အာနိသင်ပေးသောအဖွဲ့များ** စာတမ်း

(၁၂) ဒေါ်အေးမြင့် (ပါမောက္ခ၊ မြန်မာစာဌာန၊ ပြည်တက္ကသိုလ်)၏ **ပြည်မြို့ရောက် ရှင်မဟာရဋ္ဌသာရ၏ နောက်ဆုံးလက်ရာသံဝရပျို့ စာတမ်း**

(၁၃) ဦးလှမြင့် (ပါမောက္ခ၊ မြန်မာစာဌာန၊ ပန်းမော်ဒိကရီကောလိပ်)၏ **ဆောင်းပါးစာပေ စာတမ်း**

စိတ်ပညာဌာန ရွှေရတုအထိမ်းအမှတ် စာတမ်းဖတ်ပွဲ

ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန နှစ်ငါးဆယ်ပြည့် ရွှေရတုအထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာတွင် (၂၆- ၁၂- ၂၀၀၂) နှင့် (၂၇- ၁၂- ၂၀၀၂) တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ စာတမ်းဖတ်ပွဲတွင် အောက်ပါစာတမ်းများကို ဖတ်ကြားခဲ့ကြပါသည်။

(၂၆- ၁၂- ၂၀၀၂) ရက်နေ့တွင် ဖတ်ကြားသောစာတမ်းများ

(၁) Development of Psychological Tests in Myanmar (စာတမ်းရှင် ဒု- ဗိုလ်မှူးကြီး အုန်းလှိုင်)

(၂) Current Trends in youth Violence Reserach (စာတမ်းရှင် ပါမောက္ခ ဦးခင်မြင့်၊ စိတ်ပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)

(၃) Children's Mental Health Care in the 21st Century Elaminating the Trauma Burden (စာတမ်းရှင် ဒေါ်မြတ်သစ္စာကျော်၊ တွဲဖက်ပါမောက္ခ၊ စိတ်ပညာဌာန၊ ဒဂုံတက္ကသိုလ်)

(၄) Psychotherapy (စာတမ်းရှင် ဒေါ်သက်ထားဝင်း၊ တွဲဖက်ပါမောက္ခ၊ စိတ်ပညာဌာန၊ အဝေးသင်တက္ကသိုလ်)

၂၇- ၁၂- ၂၀၀၂ ရက်နေ့တွင် ဖတ်ကြားသောစာတမ်းများ

(၁) Obescity (စာတမ်းရှင် ဒေါ်ရီရီခိုင်၊ ကထိက စိတ်ပညာဌာန၊ အဝေးသင်တက္ကသိုလ်)

ရန်ကုန်ပညာရေးတက္ကသိုလ်သင်ပြန်ညွှန်းပညာဌာန ပါမောက္ခဒေါ်ထူးထူးအောင် စာတမ်းဖတ်ကြားစဉ်

နှင့် စာတမ်းဖတ်ပွဲတက်ရောက်သူများ

(၂) Psychological Application in Qualitative Research (စာတမ်းရှင် ဗိုလ်ကြီးချိုချိုဦး၊ တပ်မတော်သူနာပြု တက္ကသိုလ်)

(၃) A Study on Kisure Activities of Youth (စာတမ်းရှင်ဒေါ်ခင်အိအိထွန်း၊ နည်းပြ၊ ဒဂုံတက္ကသိုလ်)

(၄) ပုဂ္ဂလိကကဏ္ဍ ဝန်ထမ်းရွေးချယ်ရေး (၇) နှစ်ကာလ အသုံးချစိတ်ပညာ စစ်ဆေးမှုအခြေအနေများ (စာတမ်းရှင်ဒေါက်တာဝါဝါစိန်၊ Managing Director Today Top star)

ကြည့်မြင်တိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့

စာတမ်းဖတ်ပွဲ

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြိုးမှူး၍ အ.ထ.က (၁) ကြည့်မြင်တိုင်၊ မြစ်ပယ်ခန်းမတွင် စာဆိုတော်နေ့အထိမ်းအမှတ်စာတမ်းဖတ်ပွဲကို ၁၉- ၁၂- ၂၀၀၂ နေ့လယ် ၁၂ နာရီတွင်ပြုလုပ်ခဲ့ရာ အောက်ပါစာတမ်းများကို ဖတ်ကြားခဲ့ပါသည်။

(၁) ဦးအေးချို (မဟာဝိဇ္ဇာ) ၏ "ရွှေးရွှေးတုန်းက ကြည့်မြင်တိုင်" စာတမ်း

(၂) တက္ကသိုလ် နှင်းဝေ၏ "မျိုးချစ်ကြည့်မြင်တိုင်" စာတမ်း

(၃) သူရဇော်၏ "စာပေကြည့်မြင်တိုင်" စာတမ်း

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲ

၂၀၀၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို စက်တင်ဘာလ ၈ ရက်နှင့် ၉ ရက်နေ့တွင် ရန်ကုန်မြို့ကမာရွတ်မြို့နယ် ပြည်လမ်းရှိစိန်ရတုခန်းမ၌ ကျင်းပရာ စာတမ်းရှင်များက စာတမ်း ၁၀ စောင် ဖတ်ကြားတင်သွင်းကြသည်။

(၁) True Story of NGOS in Education for All Activities စာတမ်း ဒေါက်တာဒေါ်တင်လင်းမြင့်၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

(၂) EFA Initiatives in Myanmar စာတမ်း
ဦးတင်ညို၊ ညွှန်ကြားရေးမှူးချုပ်၊ အမှတ် (၁) အခြေခံပညာဦးစီးဌာန

(၃) Equitable Access to and Completion of Primary Education စာတမ်း
ဦးစီထန်ဇာတွင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမှတ် (၁) အခြေခံပညာဦးစီးဌာန

(၄) Promoting Quality for Basic Education စာတမ်း
ဒေါ်ထူးထူးအောင်၊ ပါမောက္ခ၊ သင်ပြနည်းပညာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်

(၅) National EFA Plan of Action Focusing on Non-formal Education စာတမ်း
ဒေါ်စီစီအေး၊ လက်ထောက်ပညာရေးသုတေသနအရာရှိ၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့

(၆) National Action Plan for EFA Focusing on ECCE စာတမ်း
ဒေါ်မြင့်မြင့်သန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

(၇) National Action Plan for EFA Focusing on Strengthning EMIS စာတမ်း
ဦးထွန်းလှ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

(၈) ၂၀၀၂ ခုနှစ် စာတတ်မြောက်ရေးကြိုးပမ်းဆောင်ရွက်မှုများ စာတမ်း
ဦးစောအောင်၊ ပညာရေးသုတေသနအရာရှိ၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့

(၉) ကရင်ပြည်နယ် ပြည်နယ်လုံးကျွတ်စာတတ်မြောက်ရေးကြိုးပမ်းမှု စာတမ်း
ဦးစောဘလှိုင်၊ ပြည်နယ်ပညာရေးမှူး၊ ကရင်ပြည်နယ်

(၁၀) CE in Myanmar စာတမ်း
ဦးမြင့်ဟန်၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့နှင့်
ဒေါ်နီနီစန်း၊ လက်ထောက်ပညာရေးသုတေသနအရာရှိ၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့

နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် ၂၀၀၂ ခုနှစ် အတွင်း စာပေဆိုင်ရာစာတမ်းဖတ်ပွဲများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ကျင်းပပြီး ပညာရှင်များက စာပေအသိပညာ တိုးတက်ရာ တိုးတက်ကြောင်း စာတမ်းအမြောက်အမြား ဖတ်ကြားတင်သွင်းခဲ့ကြပါသည်။ ယနေ့ပညာခေတ်တွင် "ပညာအဖွဲ့အစည်း" (Knowledge Society) ပေါ်ပေါက်ခဲ့ပြီးဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူ့အဖွဲ့အစည်းသည် ပညာပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပညာနှင့်ပတ်သက်၍ နောက်ကျကျန်ခြင်းမရှိနိုင်စေရန် ပညာရှင်များအနေဖြင့် အမြဲတမ်း သုတေသနပြုကာ ပညာရှာမှီးနေကြရမည်ဖြစ်သည်။ တွေ့ရှိချက်များကိုလည်း လူ့အဖွဲ့အစည်းတစ်ရပ်လုံး သိရှိနားလည်သဘောပေါက်ရေးအတွက် စာတမ်းဖတ်ပွဲများ ပြုလုပ်နေကြရမည်သာ ဖြစ်ပါတော့သည်။

ဦးကြည်ထွက်း


ဇေတက်ပရိယတ္တိသာသနာတက္ကသိုလ် ရန်ကုန်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)တွင် သံယာတော်များ စာသင်ကြားနေကြစဉ်

သာသနာတော် ၂၅၂၄ ခုနှစ်၊ ကောဇာသင်္ကရာဇ် ၁၃၄၂ ခုနှစ် နယုန်လဆန်း (၁၃) ရက်(၁၉၈၀ ပြည့်နှစ်၊ မေလ ၂၆ ရက်) နေ့တွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသောသာသနာ တော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံယာ့အစည်းအဝေးကြီးက ဂန္ဆုရဖြစ်သော ပရိယတ္တိစာပေသင်ကြားရေးနှင့် စပ်လျဉ်း၍ ဖော်ပြလတ္တံ့ပါ မူလေးရပ်ကို တညီတညွတ်တည်း ချမှတ်ပြဋ္ဌာန်းပေးခဲ့ပါသည် -

(က) ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်စေခြင်း

(ခ) ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း

(ဂ) ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေခြင်း

(ဃ) မြန်မာစာပေအရေးအသား တော်စေခြင်း

ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံယာ့အစည်းအဝေးကြီးက ချမှတ်ပြဋ္ဌာန်းခဲ့သည့် မူလေးရပ်နှင့်အညီ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကို ၁၃၄၈ ခုနှစ်၊ နယုန်လပြည့်ကျော် (၁)ရက် (၂၃-၆-၈၆) နေ့တွင်လည်းကောင်း၊ မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကို ၁၃၄၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁) ရက် (၂၁-၈-၈၆) နေ့တွင်လည်းကောင်း စတင်ဖွင့်လှစ်ခဲ့ပါသည်။

ရည်ရွယ်ချက်

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် တည်ထောင်ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များမှာ-

(က) ဂိုဏ်းပေါင်းစုံ သံယသမ္မုတိရသံယာ့ကိုယ်စားလှယ် တစ်ထောင်ကျော်တို့၏ ဆန္ဒနှင့်အညီ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အထက်တန်းကျကျ ဆောင်ရွက်ရန်၊

(ခ) ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံယာ့အစည်းအဝေးကြီးက ချမှတ်ထားသော ဖော်ပြလတ္တံ့ပါ အရည်အသွေးများနှင့် ရဟန်းတော်များ ပြည့်စုံစေရန် -

(၁) အကျင့်သိက္ခာမြင့်မားစေခြင်း
(၂) ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း
(၃) ပါဠိဘာသာတတ်မြောက်ကျွမ်း ကျင်စေခြင်း
(၄) မြန်မာစာပေအရေးအသား တော်စေခြင်း

(ဂ) ပြည်တွင်းပြည်ပတို့၌ သာသနာပြုစွမ်းနိုင်သော ရဟန်းတော်များ ပေါ်ပေါက်လာစေရန်နှင့် အထူးအားဖြင့် သင်တန်းသားရဟန်းသံဃာတော်များအား ဆင်းရဲချမ်းသာမရွေး ကျေးလက်တောရွာပါမကျန် နေထိုင်သီတင်းသုံး၍ သာသနာပြုနိုင်သည့် စိတ်ဓာတ်မျိုး၊ အလေ့အကျင့်မျိုး ရရှိအောင် ဆောင်ရွက်ပေးရန်၊

(ဃ) လူအများ တွေ့ကြုံ ခံစားနေရသော ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း၊ နှလုံးမသာမယာခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့ကို ဗုဒ္ဓမြတ်စွာဘုရား၏ တရားဒေသနာတော်ဖြင့် သက်သာပျောက်ကင်း ချမ်းသာစေရန်၊

အခြေခံမူများ

(က) ဆဋ္ဌသံဂါယနာတင် ထေရဝါဒပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တည်းဟူသော ပရိယတ္တိသာသနာတော်လာ ဓမ္မဝိနယနှင့် အညီသာ ဖြစ်ရမည်။

(ခ) ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ချမှတ်ပြဋ္ဌာန်းထားသော ပရိယတ္တိပညာသင်ကြားရေးဆိုင်ရာမူ (၄) ရပ်ကို အခြေခံရမည်။

(ဂ) ရှေးရိုး ပိဋကတ်သင်နည်းနှင့် ခေတ်တက္ကသိုလ်သင်နည်းတို့ကို အခြေခံ၍ သင့်လျော်အောင် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) ပါဠိဘာသာ၊ ပါဠိပိဋကတ် တတ်မြောက်ကျွမ်းကျင်မှုကို အထောက်အကူပြုသော နည်းဖြင့်သာ ဘာသန္တရကို ခွင့်ပြုနိုင်သည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ သံဃာတော်များ ဆွမ်းဘုဉ်းပေးတော်မူကြစဉ်

(ဂ) သာသနာ့တက္ကသိုလ်တွင် ဝိနည်းကျင့်ဝတ်ချုတ်ယွင်းသော ရဟန်း၊ လူကျင့်ဝတ်ချုတ်ယွင်းသော ပုဂ္ဂိုလ်တို့ မပါဝင်စေရ။

(စ) အရာခပ်သိမ်း၌ နိဂုဟ၊ ပဂ္ဂဟမျှတအောင် စီမံဆောင်ရွက်ရမည်။

တည်နေရာ

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် တည်နေရာမှာ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင်သာ ဖြစ်သည်။

ဆောင်ပုဒ်

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၏ ဆောင်ပုဒ်မှာ " သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟူ၍ ဖြစ်သည်။

အလံ

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၏ အလံတော်မှာ အဝါရင့်ရောင်နောက်ခံပေါ်တွင် ကြည့်မြင်သူ၏ လက်ဝဲဘက်အထက်ထောင့်၌ ရောင်ခြည်တော်ခြောက်သွယ် ပါရှိသောအလံဖြစ်သည်။

တံဆိပ်အမှတ်အသား

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၏ တံဆိပ်အမှတ်အသားမှာ အလယ်တွင်ကြာငါးခိုင်၊ ဘေးပတ်လည်တွင် တက္ကသိုလ် ဆောင်ပုဒ်နှင့် တက္ကသိုလ်အမည်၊ တက္ကသိုလ်တည်ရာမြို့အမည်၊ တက္ကသိုလ်စတင်ဖွင့်လှစ်သည့် သာသနာတော်နှစ်၊ ကောဇာသက္ကရာဇ်ပါရှိသော တံဆိပ်အမှတ်အသား ဖြစ်သည်။

တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးနှစ်ခု၏ ပညာသင်ကြားရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နေစေရေးအတွက် စီမံကွပ်ကဲအုပ်ချုပ်ရန် တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (အလှည့်ကျ) ကိုယ်စားလှယ်ဆရာတော်တစ်ပါးစီ၊ သာသနာ့တက္ကသိုလ်ကြီးများမှ နာယကချုပ်၊ ဒုတိယနာယကချုပ်နှင့် မော်ကွန်းထိန်းဆရာတော်များ သာသနာရေးဝန်ကြီးအမှူးပြုသော ပညာရှင်များဖြင့် ဖွဲ့စည်းထားပါသည်။

အဓိပတိ တင်မြှောက်ခြင်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဥက္ကဋ္ဌ ဆရာတော်ကို ဗဟိုအဖွဲ့၏ အကြီးအမှူးနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ အဖြစ်လည်းကောင်း၊ အကျိုးတော်ဆောင် ဆရာတော်ကို ဗဟိုအဖွဲ့၏ဒုတိယအကြီးအမှူးနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ အဖြစ်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အစည်းအဝေးက တင်မြှောက်ရမည်ဖြစ်ပါသည်။

သာသနာ့တက္ကသိုလာ ဓမ္မာစရိယတန်း

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၌ -

၁။ သာသနတက္ကသိုလ ဓမ္မာစရိယတန်း (သင်တန်းကာလ ၄ နှစ်)

၂။ သာသနတက္ကသိုလ မဟာဓမ္မာစရိယတန်း (သင်တန်းကာလ ၂ နှစ်) ဟူ၍ သင်တန်းနှစ်မျိုး ဖြစ်ပါသည်။

၁။ ပထမကြိုးတန်း (သို့မဟုတ်) သက္ကသိဟ၊ စေတိယင်္ဂဏစာသင်တန်း အောင်မြင်ပြီးသူဖြစ်ခြင်း၊

၂။ အသက် (၃၀) နှစ်၊ သိက္ခာ (၁၀) ဝါထက် မကြီးခြင်း၊

၃။ သာသနာ့တက္ကသိုလ် ဝင်ခွင့်စာမေးပွဲ ရေးဖြေနူတ်ဖြေနှစ်ရပ်လုံး အောင်မြင်သူ ဖြစ်ခြင်း

ဟူသော အရည်အချင်းများနှင့် ပြည့်စုံသော ရဟန်းတော်များနှင့် သာမဏေများသည် သာသနတက္ကသိုလဓမ္မာစရိယတန်း၊ ပထမနှစ်သင်တန်းကို တက်ရောက်ခွင့်ရှိပါသည်။

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၌ သာသနတက္ကသိုလဓမ္မာစရိယတန်း စတုတ္ထနှစ်၊ အတန်းတင်စာမေးပွဲဖြေဆိုပြီးသော သင်တန်းသားသည် စာမျက်နှာ (၅၀) ရှိသော သာသနတက္ကသိုလ ဓမ္မာစရိယဘွဲ့ယူစာတမ်းငယ် ရေးသားတင်သွင်း၍ သာသနာ့ရိပ်သာ၌ (၁၀) ရက်တိုင်တိုင် ပဋိပတ္တိလုပ်ငန်းကို မဖြစ်မနေ အားထုတ်ရမည်ဖြစ်ပါသည်။

သာသနတက္ကသိုလ မဟာဓမ္မာစရိယတန်း

သာသန တက္ကသိုလ ဓမ္မာစရိယတန်း စတုတ္ထနှစ် အောင်မြင်သော ပုဂ္ဂိုလ်များတွင် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့မှ သတ်မှတ်ပေးထားသော စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်သော ပုဂ္ဂိုလ်များသည် မဟာ ဓမ္မာစရိယတန်းသို့ တက်ရောက်၍ ပညာသင်ကြားခွင့်ရရှိကြပါသည်။ မဟာဓမ္မာစရိယတန်း၌ ရေးဖြေစာမေးပွဲ ၂ နှစ်

အောင်မြင်ပြီးပါက သာသနာ့ရိပ်သာ၌ ပဋိပတ္တိလုပ်ငန်းကို အနည်းဆုံး (၄၅) ရက် မဖြစ်မနေ သွားရောက်၍ အားထုတ်ကြရပါသည်။

ပဋိပတ်လုပ်ငန်း အားထုတ်ပြီးသည့်အခါ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးထားသည့် မဟာဓမ္မာစရိယဘွဲ့ယူ ကျမ်းခေါင်းစဉ်အတည်ပြုရေးအဖွဲ့သို့ ကျမ်းခေါင်းစဉ်သုံးခုစီကို မာတိကာနှင့်တကွ တင်သွင်းရပါသည်။ ကျမ်းခေါင်းစဉ်အတည်ပြုပေးရေးအဖွဲ့က ကျမ်းတင်သွင်းမည့်သင်တန်းသားနှင့် တွေ့ဆုံဆွေးနွေး၍ သင့်လျော်သောကျမ်းခေါင်းစဉ်နှင့် မာတိကာကို အတည်ပြုပေးပါသည်။

ယင်းကျမ်းခေါင်းစဉ်အတိုင်း သတ်မှတ်ပေးထားသော ကြီးကြပ်ရေးအဖွဲ့နှင့်တွေ့ဆုံ၍ အနီးကပ်ကြီးကြပ်မှုကိုခံယူကာ သုံးနှစ်အတွင်းကျမ်းပြီးစီးအောင် ရေးသားပြုစုရပါသည်။ သုံးနှစ်အတွင်း ဘွဲ့ယူကျမ်းစာပေ မတင်သွင်းနိုင်ပါက "သာသနတက္ကသိုလ မဟာဓမ္မာစရိယ" ဘွဲ့ ခံယူခွင့်မရှိတော့ပါ။

ပညာသင်ကြားရေး ဌာနများ

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၌ ပညာသင်ကြားရေးဌာနများသည် -

၁။ ဝိနယပိဋကမဟာဌာန
၂။ သုတ္တန္တပိဋကမဟာဌာန
၃။ အဘိဓမ္မ ပိဋကမဟာဌာန
၄။ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန
၅။ ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန
၆။ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
၇။ ဗုဒ္ဓဒေသနာ ပြန့်ပွားရေးပညာဌာန

ဟူ၍ စာသင်ဌာန (၇) ဌာနရှိရာ (၁) (၂) (၃) ဌာနသုံးခုသည် မဟာဌာနများဖြစ်ပါသည်။ (၄) (၅) (၆) (၇) ဌာနလေးခုသည် အထောက်အကူပြုဌာနများ ဖြစ်ပါသည်။

သင်ကြားသည့်ဘာသာရပ်များသည်လည်း ဤ (၇) မျိုးပင် ဖြစ်ပါသည်။ သာသနတက္ကသိုလ ဓမ္မာစရိယတန်း သင်တန်းသားများသည် (၄) နှစ်လုံးပင် ဘာသာရပ် (၇) မျိုးကို နှစ်အလိုက် သင်ရိုးညွှန်းတမ်းပြဋ္ဌာန်းချက်များအတိုင်း သင်ယူကြရပါသည်။ သာသနတက္ကသိုလ ဓမ္မာစရိယတန်း သင်တန်းသားများသည် မဟာဌာနသုံးခုမှ စိတ်ကြိုက်တစ်ဘာသာစီကို သင်ယူရပြီး အထောက်အကူပြုဘာသာရပ်များ အားလုံးကို သင်ယူရသဖြင့် (၅) ဘာသာ သင်ယူရပါသည်။

ပြဋ္ဌာန်းကျမ်းစာများ

သာသနတက္ကသိုလ ဓမ္မာစရိယပထမနှစ်

- ဝိနယဘာသာ ပါရာဇိကပါဠိတော်
- သုတ္တန္တဘာသာ သီလက္ခန္ဓဝဂ္ဂပါဠိတော်
- အဘိဓမ္မာဘာသာ ဓမ္မသင်္ဂဏိပါဠိတော်

တို့ကို အနက်ယောဇနာခြင်း၊ မြန်မာပြန်ဆိုခြင်းနှင့် ကျမ်းရိုးနည်းစနစ်များကို အဋ္ဌကထာလာ ပုံစံများ၊ နိယံများဖြင့် ရှင်းလင်းသင်ကြားပို့ချပါသည်။

ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်တို့၌ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ၊ အဋ္ဌသာလိနီအဋ္ဌကထာသုံးကျမ်းကို သုံးနှစ်ခွဲ၍ ဖော်ပြပြီးသောနည်းစနစ်များဖြင့် သင်ကြားပို့ချပါသည်။

မဟာဓမ္မာစရိယ ပထမနှစ်သင်တန်း ဝိနယပိဋကမဟာဌာန၌ ပါစိတ္တိယ၊ မဟာဝဂ္ဂပါဠိတော်နှင့် အဋ္ဌကထာဋီကာတို့ကိုလည်းကောင်း၊ သုတ္တန္တပိဋကက၊ မဟာဌာန၌ မဟာဝဂ္ဂ၊ မူလပဏ္ဏာသပါဠိတော်နှင့် အဋ္ဌကထာဋီကာတို့ကို လည်းကောင်း၊ အဘိဓမ္မပိဋကမဟာဌာန၌ ဝိဘင်္ဂ၊ ဓာတုကထာပါဠိတော်နှင့် အဋ္ဌကထာ ဋီကာတို့ကို လည်းကောင်း၊ မဟာဓမ္မာစရိယတန်း၊ ဒုတိယနှစ်သင်တန်း၊ ဝိနယပိဋက မဟာဌာန၌ စူဠဝဂ္ဂ၊ ပရိဝါရပါဠိတော်နှင့် အဋ္ဌကထာဋီကာတို့ကိုလည်းကောင်း၊ သုတ္တန္တ ပိဋကမဟာဌာန၌ ပါထိကဝဂ္ဂ၊ မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသပါဠိတော်နှင့် အဋ္ဌကထာဋီကာတို့ကိုလည်းကောင်း၊ အဘိဓမ္မပိဋကမဟာဌာန၌ ပုဂ္ဂလပညတ္တိ၊ ကထာဝတ္ထုယမက၊ ပဋ္ဌာနပါဠိတော်များနှင့် အဋ္ဌကထာဋီကာတို့ကို လည်းကောင်း၊ သင်ရိုးညွှန်းတမ်းပါ သင်ကြားနည်းစနစ်များ ဗဟုသုတအဖြစ် လေ့လာရမည့်ကျမ်းစာများဖြင့် သင်ကြားပို့ချပါသည်။

ပါဠိစာပေဘာသာရပ်၌ပါဠိဝါကျရေးသားပုံစနစ်၊ သဒ္ဒါကျမ်းတို့၏ အဆိုအမိန့်များ၊ ရောမအက္ခရာဝါကျများအကြောင်း၊ အရှေ့တိုင်းသဒ္ဒါနည်းများအကြောင်း၊ ဘာသာဗေဒအကြောင်း စသည်တို့ကို နှစ်အလိုက် ပြဋ္ဌာန်းချက်ပါ ပါဠိသဒ္ဒါကျမ်းများ၊ သင်္ကတ၊ ပြာကရိတသဒ္ဒါကျမ်းများ၊ အရှေ့တိုင်းခေတ်သစ်သဒ္ဒါကျမ်း အဆိုအမိန့်များဖြင့် ရှင်းလင်းသင်ကြားပို့ချပါသည်။

မြန်မာစာပေ ဘာသာရပ်၌ မဟာဗုဒ္ဓဝင်၊ လယ်တီဒီပနီပေါင်းချုပ်၊ ရေသည်ပြဇာတ်၊ မေတ္တာစာများ၊ ပါရာယနဝတ္ထု၊ ဂါထာခြောက်ဆယ်ပျို့၊ ဆုတောင်းခန်းပျို့၊ ပါရမီတော်ခန်းပျို့၊ မဟာသုတကာရီ မယဒေဝလက်ဝဿစ်၊ ပုဂံကျောက်စာများ၊ ဝေါဟာရတ္ထ ပကာသနီ၊ ဝေါဟာရလီနတ္ထဒီပနီအစရှိသည်တို့ကို နှစ်အလိုက်ပြဋ္ဌာန်း၍ သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားလေ့ကျင့်စေပါသည်။ အဖွဲ့အလိုက် ကျမ်းခေါင်းစဉ်ဖြင့် စာတမ်းငယ်ပြုစုခြင်း၊ စုပေါင်းဖတ်ခြင်း၊ ဆွေးနွေးဝေဖန်ခြင်း စသည်ဖြင့် ကျမ်းစာပြုစုရာ၌ လွယ်ကူစေရန် ကြိုတင်လေ့ကျင့် သင်ကြားကြပါသည်။

အင်္ဂလိပ်စာပေဘာသာရပ်၌ ဓမ္မပဒ၊ အဘိဓမ္မတ္ထသင်္ဂဟ အစရှိသောကျမ်းစာများကို လေ့ကျင့်သင်ကြားရေးသားစေခြင်း၊ မဟာဓမ္မာစရိယတန်း၌ စကားပြောသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း အစရှိသည်ဖြင့် အခြေခံရရှိအောင် လေ့ကျင့်သင်ကြားပို့ချပါသည်။

ဗုဒ္ဓဒေသနာပြန့်ပွားရေး ဘာသာရပ်၌ သာသနာလက်ဝရစာတမ်း၊ ပိဋကတ်တော်သမိုင်း၊ မဟာဝံသစသော သာသနာဝင်ကျမ်းများ၊ ဗုဒ္ဓနိုင်ငံတော် ဗုဒ္ဓသာသနိက ပထဝီဝင်၊ ဗုဒ္ဓသာသနာ ၂၅၀၀ ခရီး၊ အိန္ဒိယမြန်မာ ဗုဒ္ဓဘာသာ သီဟိုဠ်၌လင်းရောင်ခြည်၊ ဝေဒယဉ်ကျေးမှုနှင့် ဘာသာရေးအတွေးအခေါ်စသောကျမ်းစာများကို နှစ်အလိုက်ပြဋ္ဌာန်းသတ်မှတ်၍ သင်ကြားပို့ချပါသည်။ သာသနာ့သမိုင်းဆိုင်ရာသုတေသနစာတမ်းများကိုလည်း ရေးသားတင်သွင်းစေပါသည်။

ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများ

မဟာဓမ္မာစရိယတန်းသို့ တက်ရောက်၍ ပညာသင်ကြားခွင့်မရသော ပုဂ္ဂိုလ်များ၊ မဟာဓမ္မာစရိယတန်းသို့ တက်ရောက်၍ ပညာသင်ကြားခွင့်ရသော်လည်း တက္ကသိုလ်များ၌ သင်ကြားရေးနှင့် စီမံခန့်ခွဲရေး တာဝန်မထမ်းဆောင်ရသော ဘွဲ့ယူကျမ်းစာတင်သွင်းပြီးသော ပုဂ္ဂိုလ်များသည် ထေရဝါဒ၊ ဩဝါဒါစရိယဆရာတော်ကြီးများ စေလွှတ်သည့် သာသနာပြုဌာနများသို့ ကြွရောက်၍လက်တွေ့သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ကြရပါသည်။ နှစ်စဉ်နှစ်တိုင်း ၂ နှစ် သာသနာပြုလုပ်ငန်း တာဝန်ထမ်းဆောင်ပြီးမှသာ "သာသနတက္ကသိုလမဟာစရိယ"

ဘွဲ့နှင်းသဘင်တွင် နာယကချုပ်ဆရာတော်က ဘွဲ့လက်မှတ်ချီးမြှင့်တော်မူစဉ် (ပေါ်)၊ ဘွဲ့ယူသံယာတော်များ (အောက်)

ဘွဲ့၊ "သာသနတက္ကသီလ မဟာဓမ္မာစရိယ" ဘွဲ့ တံဆိပ်နှင့် လက်မှတ်များကို တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့က အပ်နှင်းချီးမြှင့်ပါသည်။

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများနှင့် ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်းများ၌ တာဝန်ထမ်းဆောင်နေကြသော ပုဂ္ဂိုလ်များသည် ငါးနှစ်တာဝန်ထမ်းဆောင်ပြီးမှသာ "သာသနတက္ကသီလ ဓမ္မာစရိယ" ဘွဲ့၊ "သာသနတက္ကသီလ မဟာဓမ္မာစရိယ" ဘွဲ့များကို ရရှိကြမည်ဖြစ်ပါသည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် အဖွဲ့အစည်းအဆင့်ဆင့်

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ ပညာသင်ကြားရေး၊ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး၊ ထောက်ပံ့လှူဒါန်းရေး စသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်းအဖွဲ့အစည်းများ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်-

(၁) တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့
(၂) ဗဟိုပညာရေးအဖွဲ့
(၃) တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်၊ မန္တလေး)
(၄) တက္ကသိုလ် ပညာသင်ကြားရေးအဖွဲ့ (ရန်ကုန်၊ မန္တလေး)
(၅) ညွှန်ကြားရေးမှူးတစ်ဦး ဦးဆောင်သော တက္ကသိုလ်ဌာနခွဲ (ရန်ကုန်၊ မန္တလေး)

တက္ကသိုလ် ဥပတ္ထမ္ဘကအဖွဲ့

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ ပညာရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရာ၌ လိုအပ်သည့်ဘက်မှ ထောက်ပံ့မှုများပေးစွမ်းနိုင်ရန် စေတနာရှင်များ၊ ပညာရှင်များ ပါဝင်သော တက္ကသိုလ်ဥပတ္ထမ္ဘကအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဆောင်သော တိပိဋကနိကာယသာသနာပြုအဖွဲ့သည် တက္ကသိုလ်ကြီးများအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းနိုင်ရန် "တက္ကသိုလ်ဥပဋ္ဌာက" အဖွဲ့များကို ဖွဲ့စည်း၍ ၁၉၉၂ ခုနှစ်၊ မေလအထိ တက္ကသိုလ်သံဃာတော်များအား ပစ္စည်းလေးပါးဖြင့် အနီးကပ်ပြုစု ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများအရှည်တည်တံ့ခိုင်မြဲစွာ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နိုင်ငံတော်အစိုးရသို့ လွှဲပြောင်းအပ်နှံခဲ့ရာ ၁၃၅၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၅) ရက် (၃၁-၅-၉၂) နေ့တွင် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကို လည်းကောင်း၊ ၁၃၅၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁) ရက် (၁၅-၇-၉၂) နေ့တွင် မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကိုလည်းကောင်း သာသနာရေးဝန်ကြီးဌာနက လွှဲပြောင်းလက်ခံခဲ့ပါသည်။

သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ရန်ကုန်ဌာနခွဲတစ်ခု၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မန္တလေးဌာနခွဲတစ်ခု ဖွင့်လှစ်၍ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့နှင့် သာသနာ့တက္ကသိုလ်ကြီးများ၏ ရုံးပိုင်းဆိုင်ရာလုပ်ငန်းများ၊ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းခြင်းဆိုင်ရာ လုပ်ငန်းများကို ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူး တစ်ဦးစီပါဝင်သော ရုံးအဖွဲ့များ ဖွဲ့စည်းခန့်အပ်၍ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အောင်မြင်မှု

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ စတင်ဖွင့်လှစ်သည့် ၁၃၄၈(၁၉၈၆) ခုနှစ်မှ ၁၃၆၅ (၂၀၀၃) ခုနှစ်အထိ "သာသနတက္ကသီလ ဓမ္မာစရိယ" ဘွဲ့ရပုဂ္ဂိုလ်ပေါင်း (၆၂၄) ပါး၊ "သာသနတက္ကသီလ မဟာဓမ္မာစရိယ" ဘွဲ့ရပုဂ္ဂိုလ်ပေါင်း (၁၀၈) ပါး ပေါ်ထွက်ခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများသည် နာယကချုပ်နှင့် သင်ကြားစီမံဆရာတော်များ သီတင်းသုံးရာ ကျောင်းဆောင်များ၊ ပြည်နယ်/တိုင်းဝိဇ္ဇာလယကျောင်းဆောင်များ၊ ပဋိဂကတ်တိုက်၊ မော်ကွန်းတိုက်၊ သိမ်တိုက်၊ ဆွမ်းစားဆောင်များဖြင့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးများဖြစ်ပြီး နှစ်စဉ် စာသင်သံဃာအပါး (၂၀၀) ကို လက်ခံ၍ ပညာသင်ကြားပေးလျက်ရှိပါကြောင်း နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများအကြောင်း သိရှိကြည်ညို ကုသိုလ်ယူနိုင်ကြရန် ရေးသားတင်ပြလိုက်ပါသည်။

(ဦးထွန်းနိုင်)
သာသနာရေး

အပိုင်း - ၃

၂၀၀၂- ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင်ဖော်ပြထားသော အကြောင်းရပ်များသည် ၂၀၀၂ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထားရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

ကုလသမဂ္ဂ ပို့စတာပြပွဲ ။ ။ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာ (၂၄) ရက်တွင် ကျရောက်သည့် (၅၇) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသသည့် ကုလသမဂ္ဂ ပို့စတာပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၈ ရက်နေ့ အထိ ကျင်းပခဲ့သည်။

ပို့စတာပြပွဲကို ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ပြပွဲခန်းမအတွင်းရှိ ကုလသမဂ္ဂပို့စတာပြပွဲ ဗဟို ပြကွက်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်နှင့် ကုလသမဂ္ဂလက်ထောက်အထွေထွေ အတွင်းရေးမှူးချုပ် သံအမတ်ကြီး မစ္စတာ ကျိုးဇက်ဖ် ဗာနာရိဒ်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြ



အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကျိုးဇက်ဖ်ဗာနာရိဒ်တို့ ပြကွက်များကိုကြည့်ရှုစဉ်

ဖွင့်ပွဲအခမ်းအနားကျင်းပ

ကုလသမဂ္ဂ ပို့စတာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့ နံနက် (၉) နာရီအချိန်တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွှန့် တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

ကုလသမဂ္ဂပို့စတာပြပွဲ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမရှေ့ မျက်နှာစာ၌ ကျင်းပရာ ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် United Resident Coordinator, Mr Patrice Coeur Bizot နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါ်ကြူကြူဆွေတို့က ဖဲကြိုးဖြတ်၍ ကုလသမဂ္ဂ

သည်။ ထို့နောက် ဂီတလှုလင် မောင်ကိုကိုရေးစပ် သီကုံးသည့် ကုလသမဂ္ဂပို့စတာပြပွဲ အဖွင့်သီချင်းကို တေးသံရှင် သန်းမြတ်စိုး၊ ကေတုဝင်းထွဋ်နှင့် ရတနာဦးတို့က သီဆိုဂုဏ်ပြုကြသည်။

အဖွင့်မိန့်ခွန်းပြောကြားခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်က အဖွင့်မိန့်ခွန်းပြောကြားရာတွင်-

- မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်သည့်နေ့မှစ၍ ကုလသမဂ္ဂစနစ်အတွင်းမှာ တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ကြောင်း
- မြန်မာနိုင်ငံသားများသည် ကုလသမဂ္ဂအဖွဲ့ကြီးအတွင်း အရေးပါသည့်နေရာများတွင် တာဝန်ထမ်းဆောင်နိုင်ခဲ့သည်ကို မိမိ

တို့အနေဖြင့် များစွာဂုဏ်ယူမိကြောင်း ယနေ့ဆိုလျှင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂသည် လူသားများဖွံ့ဖြိုးတိုးတက်ရေး အစီအမံ၊ ကျန်းမာရေး၊ ပညာရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် အစားထိုးသီးနှံ စိုက်ပျိုးရေး စီမံချက်များအပါအဝင် ကဏ္ဍအသီးသီးမှာ ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်လျက် ရှိနေကြောင်း

ပိုစတာပြပွဲနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်က ပေးပို့သောသဝဏ်လွှာကို ထည့်သွင်းဖတ်ကြားသည်။

ဆုချီးမြှင့်ပွဲအခမ်းအနား

ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၂



အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကျိုးဇက်ဖ်ဗာနာရိဒ်တို့ ပြကွက်များကိုကြည့်ရှုစဉ်

နိုင်ငံတော်၏ လူမှုစီးပွားအခြေအနေများ တိုးတက်စေရန် မိမိတို့နှင့်အတူ နိုင်ငံတော်၏ နေရာဒေသအနှံ့အပြားတွင် တာဝန်ထမ်းဆောင်နေကြသည့် ကုလသမဂ္ဂ ဝန်ထမ်းအမျိုးသား၊ အမျိုးသမီးများကို ချီးကျူးဂုဏ်ပြုပါကြောင်း

စသည်တို့ကို ထည့်သွင်းမိန့်ကြားခဲ့ရာ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ လက်တွဲဆောင်ရွက်မှု၏ ရလဒ်အခြေအနေကောင်းများကို ပေါ်လွင်စွာသိရှိကြရသည်။

သဝဏ်လွှာဖတ်ကြား

ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် သံအမတ်ကြီး မစ္စတာကျိုးဇက်ဖ်ဗာနာရိဒ်က မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ကုလသမဂ္ဂ ပိုစတာပြပွဲ အထိမ်းအမှတ် တက္ကသိုလ် ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံး (မြန်မာ) နှင့် စာစီစာကုံး (အင်္ဂလိပ်)၊ ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုချီးမြှင့်သည်။

ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် သံအမတ်ကြီး မစ္စတာ ကျိုးဇက်ဖ်ဗာနာရိဒ် က ၂၀၀၂ ခုနှစ် ကုလသမဂ္ဂ ပိုစတာပြပွဲအထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး (မြန်မာ) နှင့် စာစီစာကုံး (အင်္ဂလိပ်)၊ ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၂ ခုနှစ် ကုလသမဂ္ဂ ပိုစတာပြပွဲ

အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံး (မြန်မာ)၊ စာစီစာကုံး (အင်္ဂလိပ်) နှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူများအား လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ၂၀၀၂ ခုနှစ် ကုလသမဂ္ဂ ပိုစတာပြပွဲ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အခြေခံပညာ မူလတန်းအဆင့် အစည်းဖြစ်သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ကြသည့် အမျိုးသားအဆင့် ပြပွဲကြီးဖြစ်သည်။ ပြပွဲဖြစ်မြောက်ရေးနှင့် ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသနိုင်ရေးအတွက် ကုလသမဂ္ဂပိုစတာပြပွဲ ကျင်းပရေးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးကို စနစ်တကျဖွဲ့စည်း၍ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကျိုးဇက်ဖ်ဗာနာရိဒ်တို့ ပြကွက်များကိုကြည့်ရှုစဉ်

ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ ကုလသမဂ္ဂပိုစတာပြပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ၂၀၀၂ ခုနှစ် ကုလသမဂ္ဂ ပိုစတာပြပွဲ အထိမ်းအမှတ်၊ အခြေခံပညာအဆင့် ဒစ်ဂျစ်တယ် ပိုစတာပြပွဲတွင် ဆုရရှိသူများနှင့် ဝါသနာရှင်အဆင့် ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ပိုစတာပြပွဲ ပြကွက်များ

ကုလသမဂ္ဂ အဖွဲ့ကြီးပိုစတာပြပွဲကို နိုင်ငံပေါင်းများစွာတွင် ခင်းကျင်းပြသခဲ့သည်။ ဤပြပွဲကြီးသည် ကုလသမဂ္ဂအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမှ လူမှုရေးအဖွဲ့

ပြပွဲပြုလုပ်သည့် တပ်မတော်ခန်းမအတွင်း၌ ဗဟိုပြကွက်အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂ ပိုစတာပေါင်း ၈၉ ခုကို ချိတ်ဆွဲပြသခဲ့သည်။ ဗဟိုပြကွက်တွင် ၁၉၉၇ ခုနှစ်က ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်တို့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ တွေ့ဆုံစဉ် လက်ဆွဲနှုတ်ဆက်နေသည့် မှတ်တမ်းဓာတ်ပုံ၊ ၁၉၉၅ ခုနှစ်က ကုလသမဂ္ဂ နှစ် ၅၀ မြောက် အထွေထွေညီလာခံသို့ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက် မိန့်ခွန်းပြောကြားခဲ့သည့် သမိုင်းဝင် ဓာတ်ပုံ၊ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ကုလသမဂ္ဂ လက်ထောက် အထွေထွေအတွင်းရေးမှူးချုပ်တို့ ဒဂုံရိပ်သာ၌ တွေ့ဆုံစဉ်က အမှတ်တရဓာတ်ပုံများကို တခမ်းတနား ချိတ်ဆွဲပြသထားသည်။

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကုလသမဂ္ဂလက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဂျိုးဇက်ဖ်ဗာနာရိဒ်တို့ ပြကွက်များကိုကြည့်ရှုစဉ်

ကုလသမဂ္ဂနှင့် ကုလသမဂ္ဂစနစ်၏ သမိုင်းကြောင်းနှင့် လှုပ်ရှားမှုများကို ဖော်ကျူးလျက်ရှိသည့် ကုလသမဂ္ဂပိုစတာပေါင်း ၈၉ ခုကို ခေါင်းစဉ်များခွဲ၍ ချိတ်ဆွဲထားသည်။ (၁၉၃၈) ခုနှစ်တွင် တည်ထောင်ခဲ့သော နိုင်ငံပေါင်းချုပ် အသင်းကြီးလက်ထက်မှစ၍ သမိုင်းဝင် ကနဦးပိုစတာများပါဝင်သည်။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ပညာရေး၊ ပတ်ဝန်းကျင်ထိမ်းသိန်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လက်နက်ဖျက်သိမ်းရေး၊ အသားရောင်ခွဲခြားမှု မရှိစေရေးနှင့် အခွင့်အရေးများ စသည်ဖြင့် ကဏ္ဍများအလိုက် ပိုစတာများကို ခွဲခြားပြသထားသည်။

ကုလသမဂ္ဂအကြောင်း သိကောင်းစရာပြကွက်တွင် ကုလသမဂ္ဂဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်၊ အခြေခံမူ၊ ပဋိညာဉ်စာတမ်း၊ လုပ်ငန်းများ၊ အဖွဲ့အစည်းများ၊ တာဝန်များ၊ ရုံးဌာနတည်နေရာများကို စုံလင်စွာဖော်ပြထားသည်။ အထူးသဖြင့် ဒေသအလိုက် တည်ရှိသည့် အဖွဲ့ဝင်နိုင်ငံများစာရင်းကို ကမ္ဘာ့မြေပုံကြီးပေါ်တွင် အရောင်များဖြင့် ဆေးခြယ်ဖော်ပြထားသည်မှာ ရှင်းလင်းလှသည်။ ယနေ့ကာလတွင် ကုလသမဂ္ဂအဖွဲ့ကြီး၌ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၁ နိုင်ငံရှိနေပြီဖြစ်သည်။ နောက်ဆုံးဝင်ရောက်သည့်နိုင်ငံ (၂) နိုင်ငံမှာ ဆွစ်ဇာလန်နိုင်ငံနှင့် အရှေ့တီမောနိုင်ငံတို့ ဖြစ်သည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ အမှတ်စဉ် ၅၈ ဖြင့် (၁၉-၇-၄၈) ရက်နေ့တွင် အဖွဲ့ဝင်ဖြစ်ခဲ့သည်။ တောင်နှင့်အနောက် အာရှဒေသမှ (၈) နိုင်ငံ၊ အရှေ့အာရှနှင့် ပစိဖိတ်ဒေသမှ (၁၉) နိုင်ငံ၊ အရှေ့တောင်အာရှဒေသမှ (၁၁) နိုင်ငံ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသမှ (၆၈) နိုင်ငံ၊ ဥရောပဒေသမှ နိုင်ငံ (၅၀)၊ အမေရိကဒေသမှ (၃၅) နိုင်ငံ စုစုပေါင်း အဖွဲ့ဝင် (၁၉၁) နိုင်ငံဖြစ်သည်။ ပြပွဲ၏ ထူးခြားချက်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၁) နိုင်ငံ၏အလံများကို စိုက်ထူပြသထားရာ ပြပွဲကို ပိုမိုမြင့်ဆိုင်စေပြီး အဓိပ္ပာယ်များစွာ လေးနက်စေပါသည်။

အခြားသောနိုင်ငံများတွင် ပြသထားခဲ့ခြင်းမရှိသေးသည့် ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အထွေထွေအတွင်းရေးမှူးချုပ် ခုနစ်ဦး၏ ပုံတူပန်းချီကားကြီးများမှာလည်း ပြပွဲအတွက် ထူးခြားချက်တစ်ရပ်ဖြစ်သည်။ ပထမဆုံး အတွင်းရေးမှူးချုပ်ဖြစ်သူ နော်ဝေနိုင်ငံသား မစ္စတာထရစ်ဗီလီ (၁၉၄၆-၁၉၅၃) (ပန်းချီဦးစံတိုး) ဆွီဒင်နိုင်ငံသား မစ္စတာ ဒက်ဟစ်မားရှိုးလ် (ဒ်) (၁၉၅၃-၁၉၆၁)(ပန်းချီ ဦးအောင်သင်းဦး)၊ မြန်မာနိုင်ငံသား ဦးသန့် (၁၉၆၁-၁၉၇၁)(ပန်းချီ မစန္ဒာဝင်းထွန်း)၊

သြစတြီးယားနိုင်ငံသား မစ္စတာကုတ်(တ်)ဝါးလ်ဒ်ဟိုင်း(မ်)(၁၉၇၂-၁၉၈၁)ပန်းချီ ဦးသက်ဦး(မွန်သက်)၊ ပီရူးနိုင်ငံသား မစ္စတာ ဟားဗီးယားပီရက်ဇ်ဒီကွေးလျား (၁၉၈၁-၁၉၉၁)(ပန်းချီ ဦးမင်းနိုင်) အီဂျစ်နိုင်ငံသား မစ္စတာ ဘူးထရို့စ်ဂါလီ(၁၉၉၂-၁၉၉၆)(ပန်းချီ ဦးကျော်အုန်း)၊ ယခုလက်ရှိ အတွင်းရေးမှူးချုပ်ဖြစ်သူ ဂါနာနိုင်ငံသား မစ္စတာ ကိုဖီအာနန်(၁၉၉၇-ယနေ့အထိ)(ပန်းချီ ဦးလွန်းကြွယ်) တို့၏ ပုံတူပန်းချီကားကြီးများမှာ ဆီဆေးလက်ရာများဖြစ်ပြီး ပြပွဲကြီးအတွင်း အထူးခံ့ညားထည်ဝါလျက်ရှိသည်။ ပုံတူပန်းချီကားများထဲမှ မစ္စတာကိုဖီအာနန်၏ပုံကို မြန်မာနိုင်ငံ၏အမှတ်တရလက်ဆောင်အဖြစ် ကုလသမဂ္ဂသို့ ပေးပို့လှူဒါန်းသည်။

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ ချစ်ကြည်ရင်းနှီးမှု ပြယုဂ်များအဖြစ် ဗဟိုပြကွက်၏ဝဲဘက်တွင် ၁၉၉၀ ပြည့်နှစ်က မြန်မာနိုင်ငံမှကုလသမဂ္ဂဌာနချုပ်သို့ ပေးပို့လှူဒါန်းခဲ့သော မြန်မာ့အနုပညာလက်ရာ ရွှေချည်ထိုးကားချပ်၏ပုံတူ ရွှေချည်ထိုးကားချပ်နမူနာကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်က ကုလသမဂ္ဂနှစ် (၅၀) မြောက် အထိမ်းအမှတ်အဖြစ် လှူဒန်းခဲ့သည့် ငွေဖလားကြီးဓာတ်ပုံတို့ကို ပြသထားသည်။

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်မှုပြကွက်တွင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မူးယစ်(ဗဟို) တို့ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအများအပြား၏ ဓာတ်ပုံများကို ချိတ်ဆွဲပြသထားသည်။

ကုလသမဂ္ဂ ပိုစတာပြပွဲအထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့သည့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ဂရုပ်ဖစ်ဒီဇိုင်းပိုစတာပြိုင်ပွဲ အသီးသီးတွင် ဆုရရှိခဲ့သူများ၏ ကိုယ်ရေးမှတ်တမ်းဓာတ်ပုံနှင့် ပြိုင်ပွဲဆုရစာမူများ၊ ပန်းချီရုပ်ပုံများ၊ ဒီဂျစ်တယ်ပိုစတာများကိုလည်း ပြပွဲ၌ ခင်းကျင်းပြသထားပြီး ကုလသမဂ္ဂနှင့်စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများကိုလည်း ခန်းမကြီး၏ထိပ်နှစ်ဖက်တွင်ရှိသည့် ဖိလစ်တီဗို ဖန်သားပြင်တွင် ပြသထားသည်။ ပြပွဲတစ်နေရာရှိ "ပိုမိုကောင်းမွန်သော ကမ္ဘာကြီးအတွက် ကုလသမဂ္ဂ ပိုစတာပြပွဲ" ဟု ဖော်ညွှန်းထားသည့် စာတန်းမှာ ပြပွဲ၏ အဓိပ္ပာယ်ကို ပိုမိုနက်ရှိုင်းစေခဲ့သည်။

ပြပွဲ၏စိတ်ဝင်စားဖွယ် အစီအစဉ်တစ်ခုမှာ ကွန်ပျူတာဥာဏ်စမ်း ပဟေဋ္ဌိပြိုင်ပွဲကျင်းပပေးခြင်းဖြစ်သည်။ ကွန်ပျူတာအလုံး ၃၀ ဖြင့် ပြပွဲရက်အတွင်း နေ့စဉ်နံနက် ၁၀ နာရီ၊ မွန်းလွဲ (၁) နာရီ၊ ညနေ (၃) နာရီတို့တွင် တစ်နေ့သုံးကြိမ် ကျင်းပပေးပြီး ပြိုင်ပွဲအပြီးတွင် အမှတ်အများဆုံး ရရှိသူများအား ဆုချီးမြှင့်ပေးခဲ့သည်။

လက်ဆောင်ပေးခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သည် ပြပွဲဖွင့်ပွဲနေ့တွင် ပြကွက်များအား လှည့်လည်ကြည့်ရှုနေစဉ် ကုလသမဂ္ဂလက်ထောက်၊ အထွေထွေအတွင်းရေးမှူးချုပ်သံအမတ်ကြီး မစ္စတာဂျိုးဇက်ဖ်ဗာနာရိဒ်အား ကျောက်ရောင်စုံ စီခြယ်ထားသော ကုလသမဂ္ဂတံဆိပ်ပါ ကျောက်စီပန်းချီကားချပ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။ ပြပွဲဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် သံအမတ်ကြီး မစ္စတာ ဂျိုးဇက်ဖ်ဗာနာရိဒ်နှင့် United Nations Coordinator, Mr Patrice Coeur Bizot လက်မှတ်ရေးထိုးခဲ့ကြသည်။

ဤကုလသမဂ္ဂ ပိုစတာပြပွဲကြီးသည် ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော ကုလသမဂ္ဂ၏ များမြောင်လှစွာသော လုပ်ငန်းများ၊ လှုပ်ရှားဆောင်ရွက်မှုများနှင့် ကမ္ဘာ့အဖွဲ့အစည်းကြီးက ရင်ဆိုင်ဖြေရှင်းခဲ့ရသော ကိစ္စရပ်များမျက်မှောက်ကာလတွင် ဆောင်ရွက်နေရသော အကြောင်းအရာများနှင့် စပ်လျဉ်းသည့် သမိုင်းဝင်မှတ်တမ်းများကို တစ်စုတစ်ဝေးတည်း ပြသထားခြင်းဖြစ်သောကြောင့် ဤပြပွဲကြီးသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Ly Pounkhan အမှူးပြုသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ စစ်သံမှူးများနှင့် ၎င်းတို့၏မိသားစုများ၊ အခြေခံ

ပညာ အထက်တန်းကျောင်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူအများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့သည်။

"သာယာကောင်းမွန်သော ကမ္ဘာဖြစ်ဖို့ စည်းလုံးကြပါစို့" (For A Better World) ဟူသော (၅၇) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်ဆောင်ပုဒ်နှင့်အညီ လူသားတို့ မှီတင်းနေထိုင်ရာ ကမ္ဘာကြီး၏ ကောင်းကျိုးအတွက် မြန်မာနိုင်ငံသည် ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ဆောင်ရွက်လျက် ရှိပေသည်။

အေး (ရန်ကုန်တက္ကသိုလ်)

ကမ္ဘာ့ဆရာများနေ့(၂၀၀၂) ။ ။ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) အထိမ်းအမှတ် အခမ်းအနားကို ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၅) ရက်၊ စနေနေ့ နံနက် (၈) နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့် တက်ရောက်၍ ဂုဏ်ပြုခြီးကျူး အမှာစကား ပြောကြားခြီးမြှင့်သည်။ အမှာစကားပြောကြားရာတွင် အာစရိယဆရာ၏ ကျေးဇူးဂုဏ်ကိုအလေးအနက်ထား ပြောကြားသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ပထမဆုံးသော ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်း ဖြစ်သည်။

ကမ္ဘာ့ဆရာများနေ့တွင် နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်သည့် "လူသားရင်းမြစ် ပြုစုပျိုးထောင်ပေးမှု" တွင် ပဓာနကျသော အခန်းကဏ္ဍက ပါဝင်နေသည့် ဆရာများ၏ တန်ခိုးကြီးမားမှုကို ပိုမိုပေါ်လွင်ထင်ရှားအောင် ဖော်ဆောင်ပေးခြင်းဖြစ်သကဲ့သို့ "ဆရာ၏ဂုဏ်ရည်၊ ကျင့်ဝတ်သိက္ခာနှင့်ဂုဏ်ကျေးဇူး" တို့ကိုလည်း အထူးဖော်ကျူး ဂုဏ်ပြုခြင်းလည်းဖြစ်သည်။

မြန်မာလူမျိုးတို့သည် မိမိတို့ကို ကိုယ်ထိလက်ရောက်ပညာသင်ကြားပေးသည့်ဆရာ ကိုသာမကသင်ဆရာ မြင်ဆရာ ကြားဆရာ ဟူ၍ မိမိအတွက် ပညာတစ်စုံတစ်ခု ပေးနိုင်သူတိုင်းကို ကျေးဇူးရှင်ဆရာအဖြစ် ကောင်းစွာခံယူအသိအမှတ်ပြုသည့် မြန်မာ့ဓလေ့ အစဉ်အလာကောင်းတစ်ရပ်လည်း ရှိထားပြီးဖြစ်သည်။

ကမ္ဘာ့ဆရာများနေ့အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်က ဧည့်သည်တော်များအား လိုက်လံနှုတ်ဆက်စဉ်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်
ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းကို လိုက်လံကြည့်ရှုစဉ်

မြန်မာ့လူဘောင်အဖွဲ့အစည်းနှင့် မြန်မာလူမျိုးတို့သည် ဆရာ၏ဂုဏ်ဒြပ်နှင့်တန်ဖိုးကို လေးစားကြည်ညိုကြသည့်အလျောက် ဆရာများဘက်က လည်း ဆရာ့ဂုဏ်သိက္ခာ၊ ဆရာ့ကျင့်ဝတ်တို့နှင့်အညီ တပည့်များ၏ မိဘများသဖွယ်သာမက လူဘောင်အဖွဲ့အစည်း၏ ဦးဆောင်သူများအဖြစ် ပြန်လည် စောင့်ထိန်းကြရမည်သာ ဖြစ်ပေသည်။

မြန်မာ့လူဘောင်အဖွဲ့အစည်းတွင် ဆရာများကို ဦးစီးဦးဆောင်ပြုနိုင်သည့် ရပ်ရွာအဖွဲ့အစည်း၌ ဩဇာတိက္ကမ ရှိသောအာစရိယနေရာတွင် ထိုက်ထိုက်တန်တန် နေရာပေးအလေးထားသည့် အစဉ်အလာ ရှိသည်နှင့်အညီ အာစရိယဂုဏ်အင်္ဂါရပ်နှင့် ညီညွတ်စွာ ပြုမူပြောဆိုကျင့်ကြံနေထိုင်ခြင်းအားဖြင့် ယင်းအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း "ပညာကိုအခြေပြုသည့် မြန်မာ့လူဘောင်အဖွဲ့အစည်းကြီး" ဖြစ်ထွန်းလာရေးအတွက် မိမိတို့၏ တပည့်ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများကို စည်းရုံးဦးဆောင်မှုပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟူ၍လည်း အလေးအနက် တိုက်တွန်းမှာကြားသွားပါသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ လက်အောက်ခံအဖွဲ့ကြီးလေးဖွဲ့ဖြစ်သည့် "ယူနက်စကို"၊ "အိုင်အယ်လ်အို"၊ "ယူအင်ဒီပီ" နှင့် "ယူနီဆက်" တို့မှ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော "ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) စုပေါင်းသဝဏ်လွှာ" ကို အမှတ် (၁) အခြေခံပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက ဖတ်ကြားသည်။

ထိုနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံဆရာအဆင့်၊ "ဆရာဂုဏ်ရည်" ဆောင်းပါးပြိုင်ပွဲ ပထမဆုရ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန လက်ထောက်ကထိက ဦးသန်းဝင်း၊ ဒုတိယဆုရ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါ်နီလာမြင့်၊ တတိယဆုရ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှ ကထိက ဒေါ်တင်တင်ဝေတို့အား လည်းကောင်း၊ အခြေခံပညာ အထက်တန်းဆရာအဆင့် ဆရာ့ဂုဏ်ရည်ဆောင်းပါးပြိုင်ပွဲ ပထမဆုရ မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုစိန်၊ ဒုတိယဆုရ မန္တလေးတိုင်း၊ ချမ်းအေးသာစံမြို့နယ်မှ လက်ထောက်မြို့နယ်ပညာရေးမှူး

ဦးမင်းဝေ၊ တတိယဆုရ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အတွင်းရေးမှူး (၁) က အခြေခံပညာအလယ်တန်းဆရာအဆင့် ဆရာ့ဂုဏ်ရည်ဆောင်းပါးပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မြမြသန်း၊ ဒုတိယဆုရ ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ် အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် လိုဂိုဒီဇိုင်း ဖန်တီးရေးဆွဲပေးသည့် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မချို့ဇော်အောင်နှင့် ချမ်းအေးသာစံမြို့နယ် အမှတ် (၁၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်း၊ တတိယဆုရ ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ် (၈) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တိုးတိုးဌေးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ကမ္ဘာ့ဆရာများနေ့ စာတမ်းဖတ်ပွဲကျင်းပနေစဉ်

ထို့နောက် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် လိုဂိုဒီဇိုင်း ဖန်တီးရေးဆွဲပေးသည့် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မချို့ဇော်အောင်နှင့် ချမ်းအေးသာစံမြို့နယ် အမှတ် (၁၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်း၊ တတိယဆုရ ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ် (၈) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တိုးတိုးဌေးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် လိုဂိုဒီဇိုင်း ဖန်တီးရေးဆွဲပေးသည့် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မချို့ဇော်အောင်နှင့် ချမ်းအေးသာစံမြို့နယ် အမှတ် (၁၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်း၊ တတိယဆုရ ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ် (၈) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တိုးတိုးဌေးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က ပညာရေးတက္ကသိုလ် ပညာရေးကောလိပ်အဆင့်မြတ်ဆရာ ကဗျာပြိုင်ပွဲ ပထမဆုရ မကွေးတိုင်း ပခုက္ကူပညာရေးကောလိပ် ပထမနှစ်မှ မထက်နေခြည်ဝင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်း စစ်ကိုင်း ပညာရေးတက္ကသိုလ် တတိယနှစ်မှ မောင်ချမ်းငြိမ်း၊ တတိယဆုရ မွန်ပြည်နယ် မော်လမြိုင်ပညာရေး ကောလိပ် ဒုတိယနှစ်မှ မမေမိုးကြူတို့အား လည်းကောင်း၊ ပညာရေး

မဆုယမင်း၊ ဒုတိယတန်း၊ အထက (၁) ဒဂုံ၏ပို့စကတ်ပန်းချီလက်ရာ

တက္ကသိုလ် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ ဧရာဝတီတိုင်း ပုသိမ်ပညာရေးကောလိပ် ဒုတိယနှစ်မှ မနှင်းဇာခြည်ဝမ်း၊ ဒုတိယဆုရ ရှမ်းပြည်နယ် တောင်ကြီး ပညာရေးကောလိပ် ပထမနှစ်မှ မခင်စန္ဒီကို၊ တတိယဆုရ စစ်ကိုင်းတိုင်း မုံရွာပညာရေးကောလိပ် ပထမနှစ်မှ မသင်းလဲ့လဲ့စိုး တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်က အခြေခံပညာအထက်တန်းဆင့် မြတ်ဆရာကဗျာပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းဆင့် မြတ်ဆရာ စာစီစာကုံးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသည့်ကျောင်းသားကျောင်းသူများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်က အခြေခံပညာအလယ်တန်းဆင့် မြတ်ဆရာကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းဆင့် မြတ်ဆရာစာစီစာကုံးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသည့် ကျောင်းသားကျောင်းသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ ရွေတံဆိပ်ဆုရှင် အခြေခံပညာကျောင်းသားကျောင်းသူများက အိုဘယ်ဆရာသီချင်းဖြင့် ဂုဏ်ပြုဖြေဖျော်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်း

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားတွင် တက်ရောက်လာသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ၂၀၀၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုစစ်ဆေးသည်။

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဟောပြောပွဲ

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဟောပြောပွဲကို စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းတွင် သဘာပတိအဖြစ် အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာခင်မောင်ဝင်းက ဆောင်ရွက်သည်။ အငြိမ်းစားပါမောက္ခချုပ် ဦးသောင်းထွဋ်က "ဆရာများ ကမ္ဘာနှင့်မြန်မာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမှတ် (၃) အခြေခံပညာဦးစီးဌာန၊ ဦးစီးအရာရှိ ဦးတင်လှိုင်က "မြတ်ဆရာတို့ဂုဏ်ရည် နှိုင်းမမီဟူသောခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

မွန်းလွဲပိုင်းတွင် သဘာပတိအဖြစ် အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာကျော်စိန်က ဆောင်ရွက်သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ

ဦးခင်အေးက "ဂုဏ်ရည်ဝေဖြာ မြတ်ဆရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဆရာကြီး ဦးသန်းဦးက "ဆရာ့သိက္ခာ ဆရာ့စေတနာ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောကြသည်။

၂၀၀၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ကျင်းပရေး ဦးစီးကော်မတီ ဖိတ်ကြားရေးနှင့် သတင်းပြန်ကြားရေးကော်မတီက "ကမ္ဘာ့ဆရာများနေ့" အထိမ်းအမှတ် "ပို့စကတ်" ကိုလည်းကောင်း၊ "ပညာရေးသတင်းလွှာ" ကိုလည်းကောင်း၊ အထူးထုတ်မဂ္ဂဇင်းအဖြစ် "မြတ်ဆရာမဂ္ဂဇင်း" ကိုလည်းကောင်း ဂုဏ်ပြုထုတ်ဝေသည်။ ။

မြတ်ဆရာ

လောကကို ပညာဖြင့် အလှဆင်သူ
လောကကို ကရုဏာဖြင့် ဖြေဖျောက်သူ
အများအကျိုးကို ကိုယ်ကျိုးစွန့်၍ ဆောင်ရွက်တတ်သူ . . . . . ဆရာဟူ၏။ ။

မောင်ဟန်ဝင်း (ထန်းတပင်)

ဦးသန်းဦး

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနား။ ။ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ (World Diabetes Day) ကို ကမ္ဘာ့နိုင်ငံများတွင် ၁၉၉၁ ခုနှစ်မှ စတင်၍ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်၌ ရန်ကုန်မြို့၊ သူနာပြု တက္ကသိုလ်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

နှစ်စဉ်နိုဝင်ဘာလ (၁၄) ရက်နေ့ကို ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ထားသည်။ ဤသို့သတ်မှတ်ခဲ့ခြင်းမှာ ဆီးချိုသွေးချိုရောဂါကုသရေး၌ အရေးပါသော ဆေးဝါးဖြစ်သည့် အင်ဆူလင် (Insulin) ဟော်မုန်းဆေးဝါးကို စတင်ရှာဖွေတွေ့ရှိခဲ့သူ Frederick Banting ၏ မွေးနေ့ကို ရွေးချယ်သတ်မှတ် ဂုဏ်ပြုခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO- World Health Organization) နှင့် အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါ အဖွဲ့ချုပ် (International Diabetes Federation) တို့ ပူးပေါင်း၍ ကျင်းပခြင်း ဖြစ်သည်။ ဤကမ္ဘာ့ ဆီးချိုသွေးချို ထိန်းသိမ်းရေးနေ့ အခမ်းအနားကို နိုင်ငံပေါင်း (၁၄၀) ကျော်တွင် နှစ်စဉ် ကျင်းပပြုလုပ်လျက်လည်း ရှိသည်။

ဤအထိမ်းအမှတ် နေ့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအဖွဲ့ချုပ်တို့က နှစ်စဉ်ဆောင်ပုဒ်တစ်ခု ရွေးချယ်သတ်မှတ်ပြီး ကမ္ဘာတစ်ဝန်း ဆီးချိုသွေးချိုရောဂါကာကွယ် ထိန်းသိမ်းရေးအတွက် တိုက်ပွဲနိုးလှုံ့ဆော် ကျင်းပလျက်ရှိရာ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ် " Your Eyes and Diabetes : Don't lose sight of the risks " ကို သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် "စက္ခုအမြင်ထိန်းလိုလျှင်၊ ဆီးချို သွေးချိုဂရုပြုဆင်ခြင်" ဟု ဘာသာပြန်ဆိုကာ ဆောင်ပုဒ်သတ်မှတ် ကျင်းပနိုင်ခဲ့သည်။

ယနေ့အချိန်တွင် ဆီးချိုသွေးချိုရောဂါဖြစ်ပွားနှုန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများထက် ပိုမိုများပြားလျက်ရှိသော်လည်း နောင်အနာဂတ်ကာလတွင် တိုးတက်များပြားလာသော ဤရောဂါ၏ ဒဏ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများက အများဆုံးခံရဖွယ်ရှိသည်ကို ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။

ကမ္ဘာ့လူသားများအား ခြိမ်းခြောက်အန္တရာယ်ပြုသော ရောဂါများတွင် ဆီးချိုသွေးချိုရောဂါသည် အပါအဝင်ဖြစ်သည်။ ဤရောဂါဖြစ်ပွားနှုန်းမှာလည်း ကမ္ဘာနှင့်အဝန်းကြောက်မက်ဖွယ် တိုးတက်များပြားလာလျက်ရှိသည်။ ကမ္ဘာပေါ်တွင် ၁၉၈၅ ခုနှစ်၌ ဆီးချိုသွေးချိုရောဂါဝေဒနာရှင် သန်းပေါင်း (၃၀) သာရှိခဲ့ရာမှာ (၁၅) နှစ်ကျော်ကာလအတွင်း ခြောက်ဆနီးပါး တိုးပွားလာကာ ယခုအခါ ဝေဒနာရှင်ပေါင်း (၁၇၇) သန်းထက် မနည်းရှိနေပြီဖြစ်သည်။ ဤသို့ရောဂါဖြစ်ပွားမှုနှုန်း တိုးတက်များပြားလာမှုကို ကာကွယ်ထိန်းသိမ်း ဆောင်ရွက်မှုများမပြုလုပ်ခဲ့လျှင် နောင်လာမည့် (၂၅) နှစ်အတွင်း ဆီးချို၊ သွေးချိုရောဂါ ဝေဒနာရှင်သန်း (၃၀၀) အထိ တိုးပွားလာနိုင်မည် ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအဖွဲ့ချုပ်တို့က ခန့်မှန်းတွက်ချက်ထားကြသည်။

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

World Diabetes Day

၁၄-၁၁-၂၀၀၂

စက္ခုအမြင်ထိန်းလိုလျှင်၊ ဆီးချိုသွေးချိုဂရုပြုဆောင်ရွင်

"Your Eyes and Diabetes: Don't lose sight of the risks"

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

ကမ္ဘာနှင့်အဝန်း ဆီးချိုသွေးချို ရောဂါဖြစ်ပွားနှုန်း တိုးတက်များပြားလာသည့် အကြောင်းရင်းများတွင်-

- အသက်အရွယ်ကြီးမြင့်လာသော လူဦးရေများပြားလာခြင်း
- ကျန်းမာရေးနှင့် မညီညွတ်သည့် အစားအစာများ စားသုံးခြင်း၊ အဝလွန်ကဲခြင်း
- ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း
- ကျန်းမာရေးနှင့် မညီညွတ်သည့် လူမှုဘဝနေထိုင်မှု ပုံစံများရှိလာခြင်း စသည့်တို့ကြောင့်ဖြစ်သည်ဟု ပညာရှင်များကလေ့လာတွေ့ရှိထားကြသည်။

ဆီးချိုသွေးချိုရောဂါဝေဒနာရှင်များအနေဖြင့် ရောဂါ ထိန်းသိမ်းကုသမှုမကောင်းခဲ့လျှင် ဤရောဂါ၏ နောက်ဆက်တွဲအနာရောဂါများ ဖြစ်ပေါ်ခံစားလာစေနိုင်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲရောဂါများဖြစ်သည့်နှလုံးနှင့် သွေးကြောများတွင် ဖြစ်ပွားသည့် ရောဂါများကြောင့် သေဆုံးမှုသည် အဓိကအကြောင်းရင်း ဖြစ်သည်။

ထိုသို့ကမ္ဘာတွင် နှလုံးနှင့်သွေးကြောဆိုင်ရာ ရောဂါ ဖြစ်ပွားမှုများသာမက မျက်စိအမြင်လွှာထိခိုက်ပျက်စီး၍ စက္ခုမြင်ကွင်း၊ အမြင်အာရုံဆုံးရှုံးခြင်း၊ ခြေလက်ရှိ အာရုံကြောများထိခိုက်ပျက်စီးရခြင်း၊ ကျောက်ကပ်များ ထိခိုက်ပျက်စီးအလုပ်မလုပ်ခြင်း၊ ဦးနှောက်သွေးကြောများထိခိုက်၍ လေဖြတ်ရောဂါများဖြစ်ပေါ်လာခြင်း စသည့်အနာရောဂါများသည် ဆီးချိုသွေးချိုရောဂါများ၏ နောက်ဆက်တွဲရောဂါများပင် ဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆီးချိုသွေးချိုရောဂါသည် အရွယ်ရောက်ပြီးသူများ၌ အမြင်အာရုံထိခိုက်ဆုံးရှုံးခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။ ယခုနှစ် အထိမ်းအမှတ်နေ့အတွက် စက္ခုအမြင်အာရုံဆုံးရှုံးခြင်းကို ဆောင်ပုဒ်ဦးတည် ရွေးချယ်သတ်မှတ်ပေးထားရာ "ဆီးချို သွေးချိုရောဂါကြောင့် မျက်စိထိခိုက်ခြင်းကို စောစီးစွာရောဂါ ရှာဖွေဖော်ထုတ်နိုင်ပြီး အမြင်အာရုံဆုံးရှုံးခြင်းကို ကာကွယ်နိုင်စေရန်" လှုံ့ဆော်ထားခြင်းဖြစ်သည်။

ဆီးချိုသွေးချိုရောဂါ၏နောက်ဆက်တွဲရောဂါများမှာကာကွယ်ကုသမှုများပြုလုပ်နိုင်ကြရာ ဤသို့လှုံ့ဆော်တိုက်တွန်းခြင်းဖြင့် နောက်ဆက်တွဲရောဂါဖြစ်ပွားမှုများကို သတိပြုကာကွယ်ကုသနိုင်စေမည်ဖြစ်သည်။

ဆီးချိုသွေးချိုရောဂါနှင့် နောက်ဆက်တွဲရောဂါဖြစ်ပွားမှုများမှာ ကြောက်စရာကောင်းသော်လည်း ဆီးချိုသွေးချိုရောဂါသည် ရောဂါရှိခါစတွင် ရောဂါရှိမှန်း မသိဘဲဖြစ်တတ်သည်။ အပြည်ပြည်ဆိုင်ရာဆီးချိုသွေးချို ရောဂါအဖွဲ့ချုပ်က ဆီးချိုသွေးချိုရောဂါရှင် (၅၀) ရာခိုင်နှုန်းသည် ရောဂါရှိ၍ရှိမှန်းမသိဘဲဖြစ်သည်ဟု ခန့်မှန်းဖော်ပြထားသည်။ ထို့အပြင် အခြားအရေးကြီးသည့် အကြောင်းအချက်တစ်ခုမှာ ဆီးချိုသွေးချို ရောဂါသည် ဆေးကုသမှုစရိတ်ကြီးမားလွန်းခြင်းပင် ဖြစ်သည်။ ရောဂါရှင်နှင့်ယင်း၏မိသားစုတို့ ကျခံသုံးစွဲရသည့် ဆေးကုသမှုကုန်ကျစရိတ်များအပြင် ဆီးချိုသွေးချိုရောဂါရှင် တစ်ဦးချင်းစီအတွက် နိုင်ငံတော်ပိုင်းမှကုန်ကျခံရမှုများရှိသည်။ ကျွမ်းကျင်သူပညာရှင်များက ကမ္ဘာ့နိုင်ငံများသည် ယင်းတို့၏ကျန်းမာရေး အသုံး

စရိတ်၏ (၅) ရာခိုင်နှုန်းမှ (၁၀) ရာခိုင်နှုန်းအထိကို ဆီးချိုသွေးချိုရောဂါနှင့် နောက်ဆက်တွဲရောဂါများ ကုသမှုအတွက်သုံးစွဲရကြောင်း တွက်ချက်ခန့်မှန်းထားကြသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆီးချိုသွေးချိုရောဂါရှင်များ၏ ၈၅ မှ ၉၅ ရာခိုင်နှုန်းသည် အမျိုးအစား (၂) ဆီးချိုသွေးချိုရောဂါသည်များ ဖြစ်သည်။ ဤအမျိုးအစား (၂) ဆီးချိုသွေးချိုရောဂါသည် မဖြစ်ခင်ကပင် ကာကွယ်နိုင်သည်။ ကိုယ်လက်လှုပ်ရှား၊ သွက်လက် လှုပ်ရှားမှုများသော နေထိုင်မှုဘဝပုံစံဖြင့် နေထိုင်ခြင်း၊ အဝလွန်ကဲခြင်းကို ကာကွယ်ခြင်း၊ အဆီစားသုံးမှုလျော့ချခြင်း၊ အမျှင်ဓာတ်များပါဝင်သော ဟင်းသီးဟင်းရွက်များ စားသုံးခြင်းစသည်တို့ဖြင့် ကာကွယ်နိုင်သည်။

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း၊ ဆောင်ပုဒ်သတ်မှတ်ဦးတည်လှုံ့ဆော်ခြင်းတို့ဖြင့် ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းမှုများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြတ်လေးခိုင်

ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ (၂၀၀၂)

ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ (၂၀၀၂)။ ။ ပြည်ထောင်စု မြန်မာနိုင်ငံတွင် သာသနာအကျိုး သယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် နယ်ပယ်အသီးသီးတွင် ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များရှိသည်။

ရဟန်းတော်များ

ကဝိန္ဒာဘရ၊ ဘဒ္ဒန္တ
သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ
အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ လားရှိုးမြို့ မြို့လယ်ကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကောသရာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါ
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒိစရိယ၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မဂ်လာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ခမာဝုဓ၊ ဘဒ္ဒန္တ
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၃) ဝါ
အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အကျိုးတော်ဆောင်၊
(၁၃၆၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ညာဏိက၊ ဘဒ္ဒန္တ
သက်တော် (၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက၊ ညောင်လေးပင် ဝိနည်းပြန်ဌာနတောရ ရွှေကျင်ဂိုဏ်းဥက္ကဋ္ဌ၊ အုတ်တွင်းမြို့ ကန်ကလေးတောရ ရွှေကျင်ကျောင်းစာသင်တိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

တိက္ခပဏ္ဍိတ၊ ဘဒ္ဒန္တ
သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒိစရိယ၊ နန်းဦးပဝါရဏာ နိကာယဂိုဏ်းချုပ်၊ မော်ဘီမြို့ နန်းဦးကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နာယက၊ ဘဒ္ဒန္တ
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒိစရိယ၊ ဆူးလေစေတီတော် ဩဝါဒိစရိယ၊ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံကျော်ကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နန္ဒိယ၊ ဘဒ္ဒန္တ
သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၉) ဝါ
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒိစရိယ၊ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော် ဩဝါဒိ

စရိယအဖွဲ့ ဥက္ကဋ္ဌ၊ ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ မင်္ဂလာကန်တော်ကျောင်း ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ နတ်ကော်လပြည့်ကျော် ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ရာဇိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၁၀၁) နှစ်၊ သိက္ခာတော် (၈၁) ဝါ
တွံတေးမြို့နယ် ဇောတိကျေးရွာ ဇောတိကာရုံကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝိသုဒ္ဓါစာရ၊ ဘဒ္ဒန္တ
သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မြို့နယ်ဩဝါဒိစရိယ၊ လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော် ဩဝါဒိစရိယ၊ သာဝတ္ထိစမတောင်တော် ဩဝါဒိစရိယ၊ အေလာဇေယျသိမ် မန်ကျည်းကုန်းကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သီလစာရ၊ ဘဒ္ဒန္တ
သက်တော် (၁၀၀) နှစ်၊ သိက္ခာတော် (၇၉) ဝါ
စူဠကမ္မဋ္ဌာနာစရိယ၊ တောင်ကြီးမြို့ ဓမ္မရတနာတောရကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သီလဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ပြည်မြို့ ဘုရားသုံးဆူကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သုမန၊ ဘဒ္ဒန္တ
သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် သာသနာ့ဇောတိကာရုံ အုပ်ချုပ်ရေးဆရာတော်
(၁၃၆၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အာဒိစ္စ၊ ဘဒ္ဒန္တ
သက်တော် (၁၀၃) နှစ်၊ သိက္ခာတော် (၈၃) ဝါ
ပခုက္ကူမြို့ ရွှေကူဘုရားကြီးနှင့်ပြည်လုံးချမ်းသာဘုရားကြီးဂေါကပအဖွဲ့ဩဝါဒိစရိယ၊ မြတိုက်ကျောင်း ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အာဒိစ္စရံသီ၊ ဘဒ္ဒန္တ
သက်တော် (၆၄) နှစ်၊ သိက္ခာတော် (၈) ဝါ
တောင်ငူမြို့ ရွှေမင်းဝံ နိုင်ငံတကာဝိပဿနာ အလုပ်စခန်း ပဓာနကမ္မဋ္ဌာနစရိယအမျိုးသားစာပေဆုရ စာရေးဆရာ ဆန်းလွင်
(၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဥက္ကံသ၊ ဘဒ္ဒန္တ
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ နိုင်ငံတော်ဩဝါဒိစရိယ၊ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မြေနီကျင်းကျောင်းတိုက် သတိပဋ္ဌာန်ရိပ်သာ ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဥတ္တရာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ
အဘိဓဇ အဂ္ဂမဟာသဒ္ဓ မွဇောတိက၊ နိုင်ငံတော် ဩဝါဒိစရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒိစရိယအဖွဲ့ ဥက္ကဋ္ဌ(ဟောင်း)၊ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် သီတာရုံကျောင်း ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဣန္ဒက၊ ဘဒ္ဒန္တ
သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ မြို့နယ်ဩဝါဒိစရိယ (ရွှေကျင်)၊ လက်ပံတန်းမြို့ ရွှေတောင်ကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဣန္ဒဝံသာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဩဝါဒိစရိယ၊ စေတိယင်္ဂဏ ပရိယတ္တိစာမေးပွဲနာယက၊ ဝေဠုဝန်နိကာယဂိုဏ်း ဗဟိုအကျိုးတော်

ဆောင်ချုပ်၊ စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်း
တိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
နေ့၌ ပျံလွန်တော်မူသည်။)

ဣန္ဒာစာရ၊ ဘဒ္ဒန္တ
သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒစရိယ၊
ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဂေါပကအဖွဲ့
ဩဝါဒစရိယ၊ သန်လျင်မြို့ မင်းကျောင်းပထမပြန်
စာသင်တိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ နယုန်လဆန်း ၁ ရက်နေ့၌ ပျံလွန်
တော်မူသည်။)

လူပုဂ္ဂိုလ်များ

ကျော်လွင်၊ ဦး
အသက် (၇၂) နှစ်
နှစ်ဖက်လှ ဦးကျော်လွင်၊ သာသနာတော်ထွန်းကား
ပြန့်ပွားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
(၁-၈-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်ဇော်၊ သခင်
အသက် (၈၅) နှစ်
စာရေးဆရာကြီး ရေနံမြေသခင် ခင်ဇော်၊ နိုင်ငံ့
ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ နိုင်ငံတော်ကောင်စီဝင်
(အငြိမ်းစား)၊ ၁၉၆၅ ခုနှစ် အမျိုးသားစာပေဆုရှင်
(၁၀-၆-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်မောင်တင့်၊ ဦး
အသက် (၇၃) နှစ်
စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၊ ပညာရေး
တက္ကသိုလ် ပါမောက္ခချုပ် (အငြိမ်းစား)၊ ၁၉၇၂ ခုနှစ်
အမျိုးသားစာပေဆု ဝတ္ထုရှည်ဆုရှင်
(၁၀-၅-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

စံတိုး၊ ဦး
အသက် (၆၁) နှစ်
ပန်းချီဆရာကြီး ဦးစံတိုး
(၂၁-၁၀-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

တင်၊ ဦး
အသက် (၆၅) နှစ်
စာရေးဆရာကြီး တက္ကသိုလ်နှင်းဝေ၊ ရန်ကုန်
တက္ကသိုလ် မြန်မာစာဌာနကထိက (အငြိမ်းစား)၊
M.A.,R.L
(၂၈-၁၁-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

တင်မောင်၊ သူရ ဦး
အသက် (၈၁) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လွတ်လပ်ရေး
မော်ကွန်းဝင် (ဒုတိယဆင့်)၊ ပြန်ကြားရေးဝန်ကြီးဌာန
နှင့် အမှတ် (၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး
(အငြိမ်းစား)၊ စာရေးဆရာ အောင်လံ (နန်းရှေ့)
(၇-၄-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

တင်အောင်သန်း၊ ဦး
အသက် (၇၁) နှစ်
ဂီတစာဆို တေးသံရှင် ကိုတင်အောင်သန်း၊ ဒုတိယ
ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ မြန်မာ့အသံနှင့်
ရုပ်မြင်သံကြား ခေတ်ပေါ်နှင့်ခေတ်ဟောင်းတေး
ဂီတ စိစစ်ရေးအဖွဲ့ဝင်၊ ဗိုလ်ကြီး (အငြိမ်းစား)
(၁-၃-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

နေဝင်း၊ ဦး
အသက် (၉၃) နှစ်
ကာကွယ်ရေးဦးစီးချုပ် (အငြိမ်းစား)၊ ဗိုလ်ချုပ်ကြီး
(အငြိမ်းစား)
(၅-၁၂-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

မိုးကြည်၊ ဦး
အသက် (၆၂) နှစ်
စာရေးဆရာ မေမြို့ မိုးကြည်၊
အနုပညာစာပေဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ
ဆိုင်ရာ စာပေစတုတ္ထဆုရှင်၊
(၉-၁၂-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

မောင်မောင်၊ ဦး
အသက် (၇၈) နှစ်
စာရေးဆရာကြီး လင်းယုန်မောင်မောင်
(၂၅-၅-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

မောင်မောင်ကလေး၊ ဦး
အသက် (၈၄) နှစ်
တက္ကသိုလ် ခင်လေးမောင်၊ လွတ်လပ်ရေး
မော်ကွန်းဝင် (တတိယဆင့်)၊ မြန်မာနိုင်ငံဓာတ်ပုံ
အသင်းနာယက၊ ၁၉၉၇ ခုနှစ် အမျိုးသားစာပေဆု
စာပဒေသာဆုရှင်၊ မြန်မာ့ရည်ညွှန်းကျမ်း စီစဉ်ရေး
အဖွဲ့ဝင်၊ မြန်မာ့မီးရထား ဒုတိယငွေစာရင်းမှူးချုပ်
(အငြိမ်းစား)
(၃၀-၁၂-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

မြင့်ဦး၊ ဦး
အသက် (၅၃) နှစ်
စာရေးဆရာ လင်းဝေမြို့ Living Color မဂ္ဂဇင်း

အယ်ဒီတာချုပ်
(၂၇-၆-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

လှမောင်၊ ဦး
အသက် (၉၄) နှစ်
စာပေဗိမာန် ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား)၊ စစ်သားဂုဏ်ရည်၊ ကမ္ဘာ့ရိက္ခာ ပြဿနာ၊ မြေဆီလွှာသရုပ်ပြ၊ ကမ္ဘာ့စားဖို စသည့်လူထုပညာပေးစာစဉ်များ ရေးသားသူ
(၁၀-၁၂-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

ဝင်းဦး၊ ဦး
အသက် (၅၃) နှစ်
ထရမ်းပက် ဝင်းဦး၊၁၉၉၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကောင်းဆုံးတေးဂီတဆုကို ဦင်မာလာနှင်းဆီဇာတ်ကားဖြင့် ဆွတ်ခူးရရှိသူ
(၅-၇-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

သန်းဆွေ၊ ဒေါ်
အသက် (၈၃) နှစ်
စာရေးဆရာမကြီး မြမဆွေ။ မြန်မာစာပါမောက္ခ (အငြိမ်းစား)၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်
(၇-၆-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

သိန်းယဉ်၊ ဒေါ်
အသက် (၇၇) နှစ်
စာရေးဆရာမကြီး ဒေါ်သိန်းယဉ်၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်
(၃၀-၃-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

အောင်သန်းဝင်း၊ ဦး
အသက် (၇၃) နှစ်
စာရေးဆရာ ဂုဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ရုံးအဖွဲ့မှူး (အငြိမ်းစား)
(၁၈-၂-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

အောင်သိန်း၊ ဦး
အသက် (၈၆) နှစ်
ရုပ်ရှင်မျက်မှန် ဦးအောင်သိန်း၊ ၁၉၅၁ ခုနှစ် အောက်တိုဘာလတွင် ရုပ်ရှင်မျက်မှန် မဂ္ဂဇင်းကို ဦးစီးထုတ်ဝေသူ
(၆-၁၂-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

စိုးအောင်

ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ
နိုင်ငံတကာ

နိုင်ငံတကာ၌ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ သိပ္ပံ၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေး စသည့် နယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ၂၀၀၂ ခုနှစ်အတွင်း ကွယ်လွန်ခဲ့ကြသော ပုဂ္ဂိုလ်များစာရင်းကို လက်လှမ်းမီသရွေ့ ရှာဖွေစုစည်းဖော်ပြပါသည်။ အကျွေးစဉ်လိုက် ဖော်ပြထားပါသည်။

ကလော့စ် (နယ်သာလန်မင်းသားကြီး) (၇၆ နှစ်)
။ ။ဂျာမန်နိုင်ငံတွင် မွေးဖွားခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် နယ်သာလန်ဘုရင်မကြီး ဘီးထရစ်၏ ကြင်ယာတော်

စက်သေနတ်ငယ်တစ်မျိုးကို တီထွင်ခဲ့သော အင်ဂျင်နီယာ အူဇီဂေါ

ဖြစ်လာသည်။ ဂျာမန်တို့၏ ကျူးကျော်မှုအကြောင်းကို သတိတရရှိနေဆဲဖြစ်၍ နယ်သာလန်ပြည်သူတို့က ထိုလက်ထပ်ထိမ်းမြားပွဲကို ဒေါသတကြီး ဆန့်ကျင်ခဲ့ကြသည်။ တစ်ချိန်က ဟစ်တလာ၏ နာဇီလူငယ်ဖြစ်ခဲ့သော ကလော့စ်သည် တော်ဝင်မိသားစုတွင် သားတော်သုံးပါး၏ ခမည်းတော်အဖြစ် ထင်ရှားလာရာ နယ်သာလန်နိုင်ငံ၏ တတိယကမ္ဘာဖွံ့ဖြိုးရေး မူဝါဒတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည်။

ဂေါ, အူဇီ (၇၉ နှစ်)။ ။စက်သေနတ်ငယ်တစ်မျိုးကို တီထွင်ခဲ့သော အင်ဂျင်နီယာဖြစ်သည်။ သူ့အမည်ကို အစွဲပြုလျက် အူဇီသေနတ်ဟု ခေါ်တွင်ခဲ့သည်။ အားထားလောက်ပြီး သုံးရန်လွယ်ကူသော သေနတ်ဖြစ်၍ နိုင်ငံပေါင်း ၂၀ ကျော်တွင် လက်စွဲပြုသုံးစွဲခြင်းကြောင့် ၁၉၅၆ ခုနှစ်တွင် အူဇီသေနတ်စတင်အသုံးပြုချိန်မှစ၍ အစွမ်းရေးအစိုးရ လက်နက်

ထုတ်လုပ်ရေးလုပ်ငန်းသည် ဝင်ငွေ အမေရိကန် ဒေါ်လာ သန်းထောင်ပေါင်း ၂၀၀၀ ကျော် ရရှိခဲ့ပြီးဖြစ်သည်။

အကယ်ဒမီ ဆုရှင် ရုပ်ရှင် သရုပ်ဆောင် ရော့စတိုင်ကျာ

စတိုင်ကျာ, ရော့ (၇၇ နှစ်)။ ။ "ညဉ့်၏ အပူရှိန်တွင်" အမည်ရှိ ရုပ်ရှင်ကား၌ သရုပ်ဆောင်မှု ပီပြင်လှ၍ ၁၉၆၇ ခုနှစ်တွင် အကယ်ဒမီဆု ဆွတ်ခူးရရှိခဲ့သူ ဖြစ်သည်။ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားလောကတွင် ၅၇ နှစ်ကြာမျှ ကျင်လည်ခဲ့ရာ နပိုလီယန်၊ ရပ်စပျူတင်နှင့် မူဆိုလိနီစသည့် သမိုင်းဝင် ပုဂ္ဂိုလ်များ ဇာတ်ရုပ်အသီးသီးကို သရုပ်ဆောင်ခဲ့ဖူးသည်။

အိန္ဒိယ ဂုရုကြီးဆွာမီ ဆချီဒနန္ဒာ

ဆချီဒနန္ဒာ, ဆွာမီ (၈၇ နှစ်)။ ။ ၁၉၆၉ ခုနှစ်က ဝုဒ်စတော့ပွဲတော်ကို စတင်ဖွင့်လှစ်ရာတွင် ပရိသတ်အား "ဥံ" ဟု ရေရွတ်ရန် သင်ကြားပေးခဲ့သော အိန္ဒိယဂုရုကြီးဖြစ်သည်။ အိန္ဒိယနိုင်ငံတောင်ပိုင်း ဇာတိဖြစ်ပြီး ၁၉၆၆ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုသို့ သွားရောက်၍ အရှေ့တိုင်း ဘာသာရေးမှ စိတ်ဝင်စားဖွယ် ယဉ်ကျေးမှုရေးရာ တို့ကို ဟောပြောပို့ချခဲ့သည်။ ကယ်ရိုကင်း၊ ဂျက်ဖ် ဂိုးဘလမ်နှင့် လော်ရာဒန်းတို့ကဲ့သို့ ထင်ရှားပုဂ္ဂိုလ် တို့အတွက် ဘာသာတရားဆိုင်ရာ အကြံပေးပုဂ္ဂိုလ် အဖြစ် ဆောင်ရွက်ခဲ့သည်။ ဗာဂျီးနီးယား ပြည်နယ်က ယောဂရိပ်သာအပါအဝင် တရားစခန်းအတော်များ များကို ထူထောင်ခဲ့သည်။

ဟိုချီမင်း ထိုးစစ်တွင် မြောက်ဗီယက်နမ် တပ်ဖွဲ့များကို ဦးဆောင်ခဲ့သော ဗိုလ်ချုပ်ကြီး ဗန်တီယင်ဒေါင်

ဒေါင်, ဗန်တီယင် (၈၄ နှစ်)။ ။ အမေရိကန် ထောက်ကူသော တောင်ဗီယက်နမ်တပ်ဖွဲ့များ၏ လက်မှ ဆေးဂုံမြို့ကို သိမ်းပိုက်ရန် ၅၅ ရက်ကြာ ဆင်နွှဲရသည့် ဟိုချီမင်းထိုးစစ်တွင် မြောက်ဗီယက်နမ်တပ်ဖွဲ့များကို ဦးဆောင်ခဲ့သော ဗိုလ်ချုပ်ကြီး ဖြစ်သည်။ လက်သမားမျိုးရိုးမှ ဆင်းသက်လာပြီး စစ်ဦးစီးချုပ် အဆင့်ထိရောက်ရှိ လာသူဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် ကွန်ပျူတာ့၏ မဟာနွေဦးအောင်ပွဲ အမည်ရှိ အတွေ့အကြုံမှတ်တမ်းစာအုပ်ကို ပြုစုခဲ့သည်။

ပရိုခိုရော့ဗ်, အလက်ဇန္ဒား (၈၅ နှစ်)။ ။ လေဆာနည်းပညာတီထွင်မှုတွင် ပါဝင်သော အခန်းကဏ္ဍအတွက် ၁၉၆၄ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဗယ်ဆုချီးမြှင့်ခံရသူဖြစ်သည်။

ပရိုခိုရော့ဗ်, အလက်ဇန္ဒား (၈၅ နှစ်)။ ။ လေဆာနည်းပညာတီထွင်မှုတွင် ပါဝင်သော အခန်းကဏ္ဍအတွက် ၁၉၆၄ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဗယ်ဆုချီးမြှင့်ခံရသူဖြစ်သည်။

ပဲရုဇ်, မက်စ် (၈၇ နှစ်)။ ။ လူ၏ ဟေမိုဂလိုဘင် မော်လီကျူးဖွဲ့တည်ပုံကို လုပ်ဖော်ကိုင်ဖက် ဂျွန်ကင်ဒရူးနှင့်အတူ ပုံဖော်ပြနိုင်ခဲ့ခြင်းကြောင့် ၁၉၆၂ ခုနှစ်တွင် ဓာတုဗေဒဆိုင်ရာ နိုဗယ်ဆုကို ဆွတ်ခူးရရှိခဲ့ သူဖြစ်သည်။ ပဲရုဇ်၏ ကြိုးပမ်းမှုသည် လူသားအတွက် ရောဂါသုတေသနလုပ်ငန်းအတွက် အခြေခံအုတ်မြစ် ဖြစ်ခဲ့သည်။

ဖူယာစတင်းဘဲ့ဂ်, ယိုရှင်းအဲဂွန်ဖူအဲ့စ်ထ်စူ (၇၉ နှစ်) ။ ။ ဂျာမနီ၏ သမ္ဘာရင့်တော်ဝင်မိသားစုဝင်ဖြစ်သည်။ ၁၄၇၀ ပြည့်နှစ်က စတင်ထူထောင်ခဲ့သော အရက်စက်ရုံအပါအဝင် မိသားစုစီးပွားရေး လုပ်ငန်းကို စီမံကွပ်ကဲခဲ့သည်။ အနုပညာနှင့် ရှားပါးစာအုပ်များကို အမြတ်တနိုး စုဆောင်းမှုအတွက် အထူး ကျော်ကြားသည်။ သူစုဆောင်းထားသမျှ၏ တစ်စိတ်တစ်ဒေသ ကို ၁၉၉၂ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၂၄ ဒသမ ၅ သန်းဖြင့် ရောင်းချခဲ့သည်။

အနောက်ဂျာမနီနိုင်ငံ၏ ထောက်လှမ်းရေးဌာန အကြီးအကဲဟောင်း ဟဲဟတ်ဗက်ဇယ်

ဗက်ဇယ်, ဟဲဟတ် (၈၈ နှစ်) ။ ။ ဟစ်တလာ၏ ဆိုဗီယက်ဆန့်ကျင်မှုလုပ်ငန်းတွင် ထောက်လှမ်းရေး အရာရှိတစ်ဦးဖြစ်ခဲ့ပြီး ၁၉၆၈ ခုနှစ်မှ ၁၉၇၈ ခုနှစ် အထိ ကာလအတွင်း အနောက်ဂျာမနီနိုင်ငံ၏ ထောက်လှမ်းရေးဌာန အကြီးအကဲဖြစ်လာသည်။ ဂျာမနီ၏ တန်ပြန်စစ်ထောက်လှမ်းရေးအဖွဲ့ကို ထူထောင်သူအဖြစ် ဂုဏ်ပြုခံရသူဖြစ်သည်။

ဘလက်ဂွာ, ယိုကွင်း (၉၅ နှစ်) ။ ။ ဒိုမီနီကန်သမ္မတနိုင်ငံကို ၂၂ နှစ်တာ အုပ်စိုးခဲ့သောသမ္မတဟောင်းဖြစ်သည်။

ဖက်ရှင်ဒီဇိုင်း ပညာရှင် ဘီလ်ဘလပ်စ်

ဘလပ်စ်, ဘီလ် (၇၉ နှစ်) ။ ။ အမေရိကန်ဝတ်စုံစတိုင်ဖန်တီးမှုတွင် "ရောစပ်၍ လိုက်ဖက်တင့်" အယူအဆကို စတင်အသုံးချခဲ့သော ဖက်ရှင်ဒီဇိုင်းပညာရှင်ဖြစ်သည်။ နှစ်ပေါင်း ခြောက်ဆယ်ကြာမျှ အတွေ့အကြုံအတွင်း တစ်နေ့လျှင် ၂၅ ဒေါ်လာ ရရှိသော ဒီဇိုင်းပုံကြမ်းလောင်းသူအဖြစ်မှ အောင်မြင်မှု ရရှိလာသူဖြစ်သည်။ အိပ်ရာခင်းစမှသည် ရေမွှေးနှင့် ချော့ကလက်အထိ ကုန်ပစ္စည်းတိုင်းလိုလိုသူ၏ အမည်နှင့် မကင်းတော့သည်အထိ ဒီဇိုင်းလောကကို စိုးမိုးခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ဒီဇိုင်းဖန်တီးမှုမှ အငြိမ်းစားယူခဲ့သည်။ သူ၏ လိုင်စင်သည် ဒေါ်လာသန်း ၅၀ ထိ တန်ဖိုးရှိလာသည်။ သူ၏ အမှတ်တံဆိပ်ကို ၂၀၀၁ ခုနှစ်တွင် ဆွီဒင်ဒီဇိုင်းပညာရှင် လားစ်နီလ်ဆင်က လွှဲပြောင်းယူခဲ့သည်။

အမေရိကန် ရေတပ်အရာရှိ အက်ဒွပ်လာ တီမာဘိခ်

ဘိခ်, အက်ဒွပ်လာတီမာ (၈၄ နှစ်) ။ ။ ရေငုပ်သင်္ဘောနောက်ခံ လျှို့ဝှက်သည်းဖို ဇာတ်လမ်းဖြစ်သော ငြိမ်သက်နက်ရှိုင်းအမည်ရှိ ရောင်းအား အကောင်းဆုံးဝတ္ထုကို ရေးသားခဲ့သည့် အမေရိကန် ရေတပ်အရာရှိ တစ်ဦးဖြစ်သည်။ ထိုဝတ္ထုကို ကလပ်ဂေဘယ်လ်နှင့် ဘတ်လန်ကတ်စတာတို့ ပါဝင်သရုပ်ဆောင်သော ရုပ်ရှင်ကားအဖြစ် ဖန်တီးခဲ့သည်။ ဘိခ်သည် ဒုတိယကမ္ဘာစစ်အတွင်းက ရဲစွမ်းသတ္တိဆိုင်ရာ ဆုတံဆိပ် ၁၀ ခု ချီးမြှင့်ခံခဲ့ရသည်။ ဂျပန်သင်္ဘောများကို ဂျပန်ကမ်းခြေအနီးတွင်ပင် နှစ်မြှုပ်ဖျက်ဆီးခဲ့ခြင်းအတွက်ရရှိသော ရေတပ်သူရဲကောင်းမှတ်တမ်းဝင်ဆုလည်း အပါအဝင်ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ၈၄ ရက်လုံးလုံး ရေပြင်ပေါ်မတက်ဘဲ ကမ္ဘာပတ်ခဲ့သည့် ရေငုပ်သင်္ဘောကို ကွပ်ကဲခဲ့ရာ ကမ္ဘာ့စံချိန်တစ်ရပ်အဖြစ် တွင်ကျန်ရစ်သည်။

ဘက်ရှီးယား, တာရှင်း (၇၇ နှစ်)။ ။ အီဂျစ်သမ္မတ ဂါမဲအပ္ပဒဲလ်နတ်ဆာနှင့် အဏ္ဏဝါဆာဒတ်တို့၏ ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။ အာရပ်နိုင်ငံများနှင့် အစ္စရေးနိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်သည်ဟု အခိုင်အမာ ယုံကြည်သူဖြစ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်းက အီဂျစ်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့အကြား ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းမှုအဆင့် အသီးသီးတွင် အီဂျစ်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် ဆောင်ရွက်ခဲ့သည်။

ဘင်ဆင်, မီးလ်ဒရက်ဝစ် (၉၆ နှစ်)။ ။ ကယ်ရိုလင်းကင်းဟူသော ကလောင်အမည်ဖြင့် နန်စီဒရူး စာစဉ်ဝတ္ထုများကို ဖန်တီးခဲ့သူဖြစ်သည်။ အမျိုးသမီးသတင်းစာပညာရှင်အဖြစ် ၅၈ နှစ်တာ ကာလကို ဖြတ်သန်းခဲ့သည်။ စာအုပ် ၁၃၀ ကျော်ရေးခဲ့သော်လည်း ဒရူးစာစဉ်ဝတ္ထုများလောက် လူကြိုက်များခြင်းမရှိခဲ့ချေ။ ဒရူးစာစဉ် ဝတ္ထုများအနက် ပထမဆုံး ၂၃ ပုဒ်ကို ရေးသားခဲ့သည်။

မာဂရက် (မင်းသမီး) (၇၁ နှစ်)။ ။ ပြိတိသျှ ဘုရင်မကြီး ဒုတိယမြောက် အယ်လီဇဘက်၏ ညီမအငယ်ဆုံးဖြစ်သည်။ ၁၉၅၃ ခုနှစ်က နန်းတွင်းအမှုထမ်း တစ်ခုလပ် ပီတာတောင်ဆင်နှင့် ချစ်ကြိုက်ရည်ငံမှုကြောင့် ကမ္ဘာတစ်ဝန်းလုံးရှိ သတင်းစာများတွင် ဟိုးဟိုးကျော်ခဲ့ပြီးနောက် ၁၉၆၀ ပြည့်နှစ်တွင် မာတ်ပုံဆရာ အန်တိုနီအမ်းစထရောင်းနှင့် လက်ထပ်ခဲ့ပြန်သည်။ အမ်းစထရောင်းနှင့် ၁၉၇၈ ခုနှစ်တွင် ကွာရှင်း ပြတ်စဲခဲ့ပြန်သည်။ ဆေးလိပ်အလွန်အကျွံသောက်၍ နှလုံးရောဂါဖိစီးလျက် ကွယ်လွန်ချိန်ထိ လက်တွန်းလှည်းပေါ်တွင်သာ နေခဲ့ရသည်။

မတ်ဆူး, ဂျက်စ် (၉၄ နှစ်)။ ။ ပါရီမြို့ကို နာဇီတို့ လက်အောက်မှ လွတ်မြောက်စေခဲ့သော စစ်ပွဲတွင် လည်းကောင်း၊ အင်ဒိုချိုင်းနား စစ်ပွဲများတွင် လည်းကောင်း၊ ၁၉၅၇ ခုနှစ်က အငြင်းပွားဖွယ်ရာ အယ်ဂျီးယားစစ်ပွဲတွင်လည်းကောင်း အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့သည့်ပြင်သစ်ဗိုလ်ချုပ်ကြီးဖြစ်သည်။ ပြင်သစ်နိုင်ငံသမိုင်းတွင် အမည်းစက်ထင်ခဲ့ရသော အယ်ဂျီးရီးယား နယ်ချဲ့စစ်ပွဲအတွင်း ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲဝေဖန်ခံခဲ့ရသည်။ နောက်ပိုင်းတွင် သူကိုယ်တိုင်က နောင်တရ၍ ဝမ်းနည်းကြောင်းဖွင့်ဟပြောကြားခဲ့သည်။ ၁၉၆၉ ခုနှစ်က သူရဲကောင်းဂုဏ်ထူးဆောင် ဆုတံဆိပ်ချီးမြှင့်ခံခဲ့ရသည်။

ယွန်းငဲ, ထရော့ဒါး (၈၁ နှစ်)။ ။ ဂျာမနီနာဇီခေါင်းဆောင် ဟစ်တလာ၏ အတွင်းရေးမှူးဖြစ်သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်ထိ ဆောင်ရွက်ခဲ့ပြီး ဟစ်တလာ မိမိကိုယ်ကို သတ်သေခြင်းမပြုမီ နှစ်ရက်အလိုတွင် ဘာလင်မြို့ရှိ ကတုတ်ကျင်းတစ်ခုအတွင်း၌ ဟစ်တလာ၏ နောက်ဆုံးသေတမ်းစာကို ရယူခဲ့သူဖြစ်သည်။ ယွန်းငဲ၏ ဘဝအကြောင်း မှတ်တမ်းတင် ရုပ်ရှင်ကားကို ဘာလင်ရုပ်ရှင်ပွဲတော်၌ ပထမဆုံးပွဲအဖြစ် စတင်ပြသပြီး နာရီပိုင်းခန့်အကြာတွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

ရောလ်စ်, ဂျန် (၈၂ နှစ်)။ ။ ထင်ရှားသော အမေရိကန် တွေးခေါ်ပညာရှင်လည်းဖြစ်ပြီး "တရားမျှတမှု သီဝရီ" ဟူသော စာအုပ်ဖြင့် ထင်ရှားခဲ့သည့် ဟားဗတ်တက္ကသိုလ် ပါမောက္ခ တစ်ဦးလည်းဖြစ်သည်။ ၁၉၇၁ ခုနှစ်က ပြုစုခဲ့သော ထိုစာအုပ်သည် ဗီယက်နမ်စစ်ပွဲနှင့် ပတ်သက်၍ လူကျင့်ဝတ်သိက္ခာနှင့် ညီမညီ အငြင်းပွားနေသော အချိန်ကာလတွင် တရားမျှတမှုနှင့် သာတူညီမျှခံစားမှုတို့နှင့် စပ်လျဉ်း၍ အယူအဆများကို နှိုက်နှိုက်နဲ့နဲ့ ဆန်းစစ်ဝေဖန်ထားသည်။ ဂျာမန် အတွေးအခေါ် ပညာရှင် အင်မျူယဲလ်ကန့် လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာက ပေါ်ထွန်းခဲ့ပြီး နောက်ပိုင်းတွင် ထိုဘာသာရပ်အကြောင်းအရာနှင့် စပ်လျဉ်း၍ အကောင်းဆုံးပြုစုရေးသားခဲ့သော စာရေးဆရာဖြစ်သည်ဟူ၍ စာပေဝေဖန်ရေးသမားတို့က ရောလ်စ်ကို လေးစားကြသည်။

သမိုင်းနောက်ခံဝတ္ထုများကို ဖန်တီးခဲ့သူ ဝေါလတာလော့ဒ်

လော့ဒ်, ဝေါ်လတာ (၈၄ နှစ်)။ ။ သမိုင်းပညာရှင် တစ်ဦးဖြစ်ပြီး (တိုက်တန်းနစ်သင်္ဘောအကြောင်း နောက်ခံ) မေ့မရသော ညတစ်ညနှင့် (ပုလဲဆိပ်ကမ်း သမိုင်းဖြစ်ရပ်နောက်ခံ) အသရေညှိုးသောနေ့ စသည့် လူကြိုက်များသော သမိုင်းနောက်ခံဝတ္ထုများကို ဖန်တီးခဲ့သူလည်းဖြစ်သည်။ "မေ့မရသော ညတစ်ည" ကို ၁၉၅၈ ခုနှစ်က ဟောလီးဝုဒ်ရုပ်ရှင်တစ်ကားအဖြစ် ရိုက်ကူးခဲ့သည်။ တိုက်တန်းနစ်သင်္ဘောနစ်စဉ်က အသက်မသေဘဲ ကျန်ရစ်သူ ပုဂ္ဂိုလ် ၆၀ ကို ရှာဖွေတွေ့ဆုံမေးမြန်းပြီးမှ ထိုဝတ္ထုကို ဖန်တီးခဲ့သည်ဟုဆိုသည်။ ၁၉၉၈ ခုနှစ်တွင် တိုက်တန်းနစ်အမည်ရှိ အောင်မြင်သော ရုပ်ရှင်ကားကြီးကို ဖန်တီးရာတွင် ဝေါ်လတာလော့ဒ်သည် အတိုင်ပင်ခံပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဝေါ်လတာစ်, ဗာနွန် (၈၅ နှစ်)။ ။ အမေရိကန် ဒုတိယပိုလ်ချုပ်ကြီး (အငြိမ်းစား) ဖြစ်ပြီး ကုလသမဂ္ဂသံအမတ်ကြီးအဖြစ်ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန်တွင် စတင်၍ စစ်မှုထမ်းခဲ့သည်။ ဘာသာစကား ခုနစ်မျိုးကို ပြောဆိုနိုင်စွမ်းရှိ၍ အမေရိကန်သမ္မတ ဟယ်ရီထရူးမင်း၏ လက်ထက်မှ ရစ်ချတ်နစ်ဆင်၏ လက်ထက်အထိ ကမ္ဘာအနှံ့အပြားတွင် သံတမန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် စီအိုင်အေ၏ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခံရသည်။ နောက်လေးနှစ်အကြာတွင် အငြိမ်းစားယူခဲ့ပြီး ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဟူး, တို (၈၂ နှစ်)။ ။ ပြင်သစ်နှင့် အမေရိကန်တို့ကို အံတုခဲ့သော ကွန်မြူနစ်စစ်ပွဲကို ဂုဏ်ပြုကဗျာရေးဖွဲ့ခဲ့သော ဗီယက်နမ်ကဗျာစာဆိုဖြစ်သည်။ စစ်ပြီးခေတ်တွင် အစိုးရအဖွဲ့ထိပ်တန်းတာဝန်များကို ထမ်းဆောင်ခဲ့သည်။ "ကျွန်ုပ်အတွက်မူ ကဗျာတို့သည် တော်လှန်ရေးအတွက် လက်နက်ဖြစ်သည်" ဟု တစ်ခါက ရေးသားခဲ့ဖူးသည်။ ဗီယက်နမ် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဖြစ်သည်။ ဒုတိယဝန်ကြီးချုပ်ဟောင်းလည်းဖြစ်သည်။

ဟဲရစ်, ရစ်ချက် (၇၂ နှစ်)။ ။ အော်စကာဆုအတွက် လျာထားစာရင်းဝင် အိုင်းရစ်ရုပ်ရှင်သရုပ်ဆောင်ဖြစ်သည်။ သူနှင့် သက်တူရွယ်တူမျိုးဆက်အတွက် ကြည်ဖြူမျှတ၊ ဤဘဝ (၁၉၆၃) နှင့် ကင်မလော့ (၁၉၆၇) တို့တွင် အဓိက အခန်းက သရုပ်ဆောင်ခဲ့မှုအတွက် ထင်ရှားကျော်ကြားသည်။ ငယ်ရွယ်နုပျိုသော ပရိသတ်အတွက်မူ ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲများတွင် မှော်ပညာရှင်ကြီး ပါမောက္ခအယ်ဘတ်စ် ဒမ်ဘယ်ဒေါအဖြစ် သိရှိသူ များပြားသည်။ ဒုတိယမြောက် ဟယ်ရီပေါ်တာ ရုပ်ရှင်ကားတွင် သရုပ်ဆောင်ပြီး မကြာမီကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ဟန်ဆင်, ဇီဖရီ (၉၀ နှစ်)။ ။ အမေရိကန်အမျိုးသားအာကာသနှင့် လေကြောင်းဌာန (နာဆာ) တွင် အာကာသဝတ်စုံများကို ဖန်တီးခဲ့သော လျှပ်စစ်အင်ဂျင်နီယာဖြစ်သည်။ ရှေးဦးတီထွင်ခဲ့သော ဖိအားခံ ဝတ်စုံများနှင့်မတူဘဲ ၁၉၅၅ ခုနှစ်တွင် ပထမဆုံးပုံစံထုတ်ခဲ့သည့် ၂၂ ဒသမ ၇ ကီလိုဂရမ် လေးသော မာ့စ်-အိုင် ဝတ်စုံသည် အာကာသယာဉ်မှူးများအား အသက်ရှူနိုင်စေပြီး လက်မောင်းများကို ၉၀ ဒီဂရီကွေးနိုင်သောကြောင့် လက်ရှိအာကာသဝတ်စုံများအတွက် အကျိုးပြုခဲ့သည့် ဒီဇိုင်းဖြစ်သည်။

အာလက်ဂ်, ရွန်နီ (၇၁ နှစ်)။ ။ ရုပ်မြင်သံကြားသတင်းအစီအစဉ်နှင့် အားကစားအစီအစဉ်များတွင် တီထွင်ကြံဆဖန်တီးမှုတို့အတွက် ဂုဏ်ပြုခံရသည့် အေဘီစီရုပ်မြင်သံကြားဌာန အကြီးအကဲတစ်ဦးဖြစ်သည်။ အေဘီစီတွင် တင်ဆက်သော Wide World of Sports အစီအစဉ်နှင့် Nightline အစီအစဉ်များကို စဉ်တိုက် ဖန်တီးခဲ့သူဖြစ်သည်။ အောင်ပွဲအတွက် ရွှင်မြူးမှုနှင့် ရှုံးပွဲအတွက် ကြေကွဲမှုတို့ကို ပေါ်လွင်စေသည့်စကားလုံးဖြစ်သော "The Thrill of victory and the agony of defeat" ကို စတင်တီထွင်သုံးနှုန်းခဲ့သူအဖြစ်လည်း ထင်ရှားသည်။ အင်မီဆု ၃၇ ဆုနှင့် ရုပ်မြင်သံကြားအစီအစဉ်တင်ဆက်မှုအကယ်ဒမီဆုတို့ကို ဆွတ်ခူးရရှိခဲ့သည်။

အီနာဂါ, ဆာဘူရို (၈၉ နှစ်)။ ။ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့ ဂျပန်ပြည်သူ့ရေတပ်ဖွဲ့ (JMSDF) ၏ ဆီးနှင်းတိုက်ခိုက်ရေးသင်္ဘော ဆာဘူရို (DD-111) ကို ဦးဆောင်ခဲ့သူဖြစ်သည်။ ဆာဘူရိုသင်္ဘောသည် ဂျပန်ပြည်သူ့ရေတပ်ဖွဲ့၏ ပထမဆုံးသော ဆီးနှင်းတိုက်ခိုက်ရေးသင်္ဘော

ဟသ်တဆရာတော် ဘဒ္ဒန္တ ခမာဝုဓ

တွင် နှစ်ငါးဆယ်လုံးလုံး ဆန့်ကျင်လှုပ်ရှားခဲ့သည်။ ဂျပန် သမိုင်းသစ်အမည်ရှိ သူ့စာအုပ်ကို ပြင်ဆင်တည်းဖြတ်ထုတ်ဝေခွင့်ကို ပယ်ချခဲ့ခြင်းအတွက် ၁၉၆၅ ခုနှစ်က ဂျပန်အစိုးရကို တရားစွဲဆိုခဲ့သည်။ ထိုအချိန်မှစ၍ သူ၏ ဆန့်ကျင်လှုပ်ရှားမှုကို စတင်ခဲ့ခြင်းဖြစ်သည်။ နန်ကျင်းမြို့တွင် နှိပ်စက်ညှဉ်းပန်းမှုများနှင့် စစ်သုံ့ပန်းစခန်းများတွင် လူမဆန်သော စမ်းသပ်မှုများအကြောင်းအပါအဝင် နိုင်ငံ၏ အတိတ်ကာလ အမည်းစက်များကို အသေးစိတ် လေ့လာရေးသားခဲ့သည်။ အဆိုပါ သမိုင်းစာအုပ်ကို ပညာရေးဝန်ကြီးဌာနက "တစ်အုပ်လုံးအနီဌာန်ရုံများနှင့် မှုန်မှိုင်းရီဝေနေသည်" ဟူ၍ ဝေဖန်ရှုတ်ချခဲ့သည်။ နောက်ဆုံးတွင်မူ ၁၉၉၇ ခုနှစ်၌ တရားရုံးချုပ်က ထိုစာအုပ်ကို ခွင့်ပြုခဲ့သည်။

အမ်ဘရော့စ်, စတီဖင်န် (၆၆ နှစ်)။ ။ ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်ဖွဲ့များ၏ ရဲဝံ့စွန့်စားခန်းများကို ရောင်းအားအကောင်းဆုံးစာအုပ်များအဖြစ် ဖန်တီးခဲ့သော အမေရိကန်သမိုင်းပညာရှင်ဖြစ်သည်။ ဝစ္စကွန်ဆင်တက္ကသိုလ်ဘောလုံးလက်ရွေးစင်ဖြစ်ခဲ့ပြီးနောက် ဒို့ကိုက်အိုက်ဆင်ဟောင်းဝါးနှင့် ရစ်ချတ်နစ်ဆင်တို့၏ အတ္ထုပ္ပတ္တိအတွဲပေါင်းများစွာဖြင့် ထင်ရှားသော ပညာရှင်တစ်ယောက်ဖြစ်လာခဲ့သည်။ ဟောလီဝုဒ်ရုပ်ရှင်ကားအမြောက်အများတွင် အကြံပေးပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သည်။ သူ့စာအုပ်အတော်များများတွင် သူတစ်ပါး၏ စာပိုဒ်များကို ခိုးယူထည့်သွင်းရေးသားထားသည်ကို ထုတ်ဖော်ထောက်ပြခံရသောကြောင့် ၂၀၀၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ သူ၏ ဂုဏ်သိက္ခာ ကျဆင်းခဲ့ရသည်။

မျိုးမြင့်သောင်း

ခမာဝုဓ- ဘဒ္ဒန္တ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) (မြန်မာ ၁၂၇၃-၁၃၆၄) ။ ။ ဆရာတော် ဘဒ္ဒန္တခမာဝုဓကို ဧရာဝတီတိုင်းဟသ်ာတမြို့က နောင်စုအုပ်စုသပြေကုန်းရွာတွင် ခမည်းတော် ဦးဖိုးကြွယ်- မယ်တော် ဒေါ်လှတို့က ၁၂၇၃-ခုနှစ်၊ ဝါခေါင်လဆုတ် (၅) ရက်၊ တနလ်ာနေ့တွင် ဖွားမြင်သည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ငါးနှစ်သားအရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ချောင်းဖျားရွာ ကိုသုကာရုမ်ကျောင်း ဆရာတော် ဘဒ္ဒန္တအာဒိစ္စကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ၁၂၉၃-ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်နေ့၌ ဦးဖိုးကြွယ်-ဒေါ်လှမိသားစုနှင့် ဦးဖိုးမင်း- ဒေါ်ဖွားသက်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဟသ်ာတမြို့ကိုသုကာရုမ်ကျောင်းတိုက် ဗုဒ္ဓသိမ်တော်တွင် ဓမ္မာရုံကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒာသဘမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကျောင်းသားအရွယ်တွင်ချောင်းဖျားရွာရှိ ကိုသုကာရုမ်ကျောင်းတွင် ဗုဒ္ဓဘာသာစာပေများနှင့်အလယ်တန်းလောကဓါတ်ပညာများကိုပါပူးတွဲသင်ယူဆည်းပူး၍ ရှင်သာမဏေပြုပြီးနောက် ကိုသုကာရုမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာဒိစ္စ၊ ဒုတိယဆရာတော်ဘဒ္ဒန္တသုဓရ၊ ဘုရားကုန်းမေယဝန်ကျောင်းဆရာတော်ဘဒ္ဒန္တပညာဗလ၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယ စတုတ္ထသာသနာပိုင် လယ်တီကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တရာဇိန္ဒစသော ဆရာတော်များ၊ အင်္ဂပူမြို့၊ ကန်ဆည်ကျောင်းတိုက် မဟာဒွါရနိကာယသြဝါဒါစရိယဘဒ္ဒန္တဥေယျဓမ္မ၊ သာယာဝတီခရိုင်လက်ပံတန်းမြို့သဒ္ဓမ္မောဒယကျောင်း

တိုက်ဆရာတော်တို့ထံ နေ့ဝါညဝါပါဠိအဋ္ဌကထာ ကျမ်းများကို သင်ကြားတော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည်လက်ပံတန်းမြို့ သဒ္ဓမ္မောဒယတိုက်၊ ဟင်္သာတမြို့နတ်မော်တိုက်နယ် ပြာကတတ်ကျေးရွာ ဣန္ဒိတာရုံကျောင်းတိုက်တို့တွင် ပရိယတ္တိစာပေပို့ချခဲ့ပြီး လက်ရှိလယ်တီကျောင်းတိုက်၌ ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူရင်း ဂုဏ်ရောင်ဝေဖြာ ဒေသနာ၊ ဝိနယဝိသဇ္ဇနာကျမ်းစသော ကျမ်းစာ (၁၀) ကျမ်းကိုရေးသားစီရင်တော်မူခဲ့သည်။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေး၊ (၆၆) ပါး မူလသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ တွဲဖက်အကျိုးတော်ဆောင်၊ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့ကြီး၏တွဲဖက်အကျိုးတော်ဆောင်၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ တွဲဖက်အကျိုးတော်ဆောင်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင်နှင့်ဒုတိယဥက္ကဋ္ဌစသည့် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်းသာသနာပိုင်တင်မြှောက်ခံရခြင်း

၁၃၅၀- ပြည့်နှစ်၊ တပေါင်းလဆန်း ၁၁ ရက်နေ့တွင် ဓမ္မာနုဓမ္မမဟာဒွါရနိကာယဧကာဒသမသာသနာပိုင်ဖြစ်တော်မူသော ဓနုဖြူမြို့၊ မဟာသဒ္ဓမ္မဇောတိကာရာမ (တောင်ပေါ်) ကျောင်းတိုက်ပဓါနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တစန္ဒရံသီဘဝနတ်ထံပျံလွန်တော်မူရာ ၁၃၅၁- ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့တွင် ထိုစဉ်ကနိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌဖြစ်တော်မူသော ဘဒ္ဒန္တခမာဝုဓဆရာတော်ဘုရားကြီးအား ဒွါဒသမမြောက် ဓမ္မာနုဓမ္မမဟာဒွါရနိကာယ သာသနာပိုင်ဆရာတော်အဖြစ် တင်မြှောက်ခဲ့သည်။

ဘွဲ့တံဆိပ်တော်များခံယူရရှိတော်မူခြင်း

ဆရာတော်၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ယုံကြည်လေးစားလျက် ၁၃၄၅- ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၅၂- ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၅၇- ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ တံဆိပ်တော်ကိုလည်းကောင်း နိုင်ငံတော်အစိုးရက ဆက်ကပ် လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၃) ဝါအရ ၁၃၆၄- ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များ (၂၀၀၂)။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရွှင်ရွှင်ချို့ချို့ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများ၊ နိုင်ငံတော်၏ ပညာရေးကဏ္ဍ၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားစစ်မှုထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၊ အငြိမ်းစားပြည်သူ့ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဃတံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုး

ရေး တံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းကဲ့သို့ ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်နှင့်အညီ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ ပုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏အမည်များနှင့် ဘွဲ့တံဆိပ်တော်အမည်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏အမည်များနှင့် ဘွဲ့အမည်များ၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဇန်နဝါရီလ ၄ ရက်၊ ၅၄ နှစ် မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂ အရ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး သုံးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၂၂ ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး သုံးပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၂၂ ပါးနှင့် သီလရှင်ဆရာကြီးနှစ်ပါး စုစုပေါင်း ၂၄ ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၆၆ ပါးနှင့် သီလရှင်ဆရာကြီး ၁၁ ပါး စုစုပေါင်း ၇၇ ပါး၊ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး လေးပါးနှင့် သီလရှင်ဆရာကြီး တစ်ပါး စုစုပေါင်း ငါးပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ငါးပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ကိုးပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး တစ်ပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး တစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၃၇ ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တစ်ပါး၊ သီရိလင်္ကာနိုင်ငံမှ တစ်ပါး၊ ဂျပန်နိုင်ငံမှ တစ်ပါး၊ အမေရိကန်နိုင်ငံမှ တစ်ပါး၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ တစ်ပါး၊ စုစုပေါင်း ၄၂ ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၂၆ ပါးနှင့် လူပုဂ္ဂိုလ် တစ်ဦး စုစုပေါင်း ၂၇ ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၉ ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တစ်ပါး၊ မြန်မာနိုင်ငံမှ သီလရှင်ဆရာကြီး တစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၂၂ ပါး၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်များတွင် မြန်မာနိုင်ငံမှ နှစ်ဦးနှင့် အမေရိကန်နိုင်ငံမှ တစ်ဦး စုစုပေါင်း သုံးဦး၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် သုံးဦး၊ သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် လေးဦး၊ အဂ္ဂမဟာ သီရိသုဓမ္မသိဏီ ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သီရိသုဓမ္မသိဏီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် လေးဦး၊ သီဟသုဓမ္မသိဏီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ငါးဦး၊ သုဓမ္မသိဏီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် လေးဦး စုစုပေါင်း ဆရာတော်ကြီး ၂၂၄ ပါး၊ သီလရှင်ဆရာကြီး ၁၅ ပါးနှင့် လူပုဂ္ဂိုလ် ၂၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၂ အရ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ

ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် သူရဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ခြောက်ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသောပုဂ္ဂိုလ် ၂၄ ဦး၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ခုနစ်ဦး၊ ဆေးပညာထူးချွန်တံဆိပ် (ပထမအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (ပထမအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၁ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် သုံးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၂၄ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၇၅ ဦး၊ စီမံထူးချွန်တံဆိပ် (ပထမအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၄၂ ဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၆၅ ဦး၊ စီမံထူးချွန်တံဆိပ် (တတိယအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၈၅ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၄၀၊ လူမှုထူးချွန်တံဆိပ် (ဒုတိယအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၅၉ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၂၆၁ ဦး၊ ရဲဗလတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ငါးဦး၊ ရဲသူရဲနှံတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၀ ဦးနှင့် ရဲကျော်စွာတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် လေးဦး စုစုပေါင်း ၇၂၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၂ အရ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဘတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၃၅ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၃,၆၄၂ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၀၂ အရ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၅၅၁ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၈,၃၁၅ ဦး စုစုပေါင်း ၈,၈၇၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၀၂ အရ ရဲမှူထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် စုစုပေါင်း ၃၁ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၀၂ အရ နိုင်ငံတော်ရဲမှူထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် စုစုပေါင်း ၁၄၈ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၀၂ အရ ပြည်သူ့ဝန်ထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၄၅ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၁၆,၀၀၁ ဦး စုစုပေါင်း ၁၆,၁၄၆ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၄၁ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂၆,၅၅၇ ဦး စုစုပေါင်း ၂၆,၆၉၈ ဦး ပါဝင်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့စွန့်စွန့်စားစားထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်းသုံးဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်များနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပေးအပ်သည့်တာဝန်ဝတ္တရားများကို ထူးကဲကောင်းမွန်စွာ ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၁၁ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်သည်။

စိုးအောင်

ဂုဏ်ဝင်း (၁၉၂၉-၂၀၀၂) ။ ။ ၁၉၂၉ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် အဘ အမျိုးသား ပညာဝန် ဦးစိုးဝင်း၊ အမိ ဒေါ်မမကြိုးတို့က ရန်ကုန်မြို့တွင် မွေးဖွားသည်။ မွေးချင်းသုံးယောက် အနက် အကြီးဆုံးဖြစ်သည်။ ရေကျော်မက်သဒစ် ကျောင်းတွင် စတင်ပညာသင်ကြားခဲ့ပြီး ၁၉၄၁ ခုနှစ်တွင် ဖခင် အလုပ်တာဝန် ပြောင်းရွှေ့ရာ မော်လမြိုင်မြို့သို့ လိုက်ပါ၍ ရှင်မဟာပုဒ္ဓဃောသ ကျောင်းတွင် ၈ တန်းအထိ၊ ပညာသင်ကြားသည်။ ထို့နောက် အမှတ် (၁) အစိုးရ အထက်တန်းကျောင်း (ဒိုင်းဝန်ကျင်း) မှ ၉ တန်း အောင်သည်။ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ပြီး ဗဟန်းအစိုးရ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်သည်။

စာရေးဆရာ ဂုဏ်ဝင်း

သွေးသောက်မဂ္ဂဇင်း၊ ထို့နောက် ရှုမဝ မဂ္ဂဇင်းတို့ တွင် အယ်ဒီတာလုပ်ရင်း ၁၉၅၁ ခုတွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားပြီး ၁၉၅၆ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။ ၁၉၅၁ ခုမှ ၁၉၅၈ ခုနှစ်ထိ စာပေဗိမာန်တွင် လက်ထောက် အယ်ဒီတာအဖြစ် အမှုထမ်းသည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၈၉ ခုနှစ်အထိ မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း တွင်လည်းကောင်း၊ အမှတ် (၂) စက်မှု ဝန်ကြီးဌာနတွင် ရုံးအဖွဲ့မှူးအဖြစ်လည်း ကောင်း အမှုထမ်းခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် အငြိမ်းစား ယူခဲ့သည်။

အဘိုးဖြစ်သူသည် ကဗျာစာပေ ဝါသနာထုံ သူဖြစ်၍ ကဗျာစာပေအမွေကို အဘိုးထံမှခံယူ ရရှိသည်။ အသက် ၁၅ ခုနှစ်အရွယ်ကပင်ကဗျာများ စတင်ရေးသား ခဲ့၍ ၁၉၄၇ ခုနှစ်တွင် "ဂုဏ်ဝင်း" အမည်ခံယူသည်။ ရှုမဝမဂ္ဂဇင်းတွင် ကဗျာများ ရေးသားပြီးထင်ရှားလာသည်။ ဇဝနဂျာနယ်တွင် ကလေးကဗျာများ ရေးသားသည်။ အစောဆုံး တွေ့ရသော ကဗျာမျှားမှာ သုံးရာသီ၊ လာနိုးငယ် မျှော်နှင့် စိန်ကြောင်နီလာ (၁၉၄၈) တို့ဖြစ်သည်။ ကြေးမုံမဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်း၊ ပဒေသာမဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်း၊ မြဝတီနှင့် ငွေတာရီကန့်ကွက်လွှာ (ရှုမဝ ၅၆)၊ သံလွင်မြေပုံ (၅၂)၊ တေလေနှင့်အလိမ္မာ (၆၉-၇၀) တို့မှာ ကဗျာရှည်များဖြစ်၍ လှမြတ်မွန် (ကြေးမုံ မဂ္ဂဇင်း ၅၀) မှာ ကဗျာဝတ္ထုဖြစ်သည်။ သူ၏ကဗျာများမှာ မဂ္ဂဇင်းများတွင်ပြန့်ကျဲပါဝင်နေပြီး ကဗျာစာအုပ် အဖြစ်စုစည်းထုတ်ဝေခဲ့ခြင်းမရှိပေ။ ဆရာသည် ကလေး ကဗျာများလည်းရေးသားခဲ့ရာ ယင်းကဗျာများကို တိရစ္ဆာန်ရုံကဗျာများအမည်ဖြင့် ၁၉၆၈ ခုနှစ်တွင် စာပေဗိမာန်မှ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကဗျာ ၅၄ ပုဒ်ပါဝင်သည်။

ဂုဏ်ဝင်းသည် ဝတ္ထုတိုနှင့် ဆောင်းပါး အပုဒ် ၂၀ ခန့်လည်းရေးသားခဲ့သည်။ ပြား ၆၀ တန် ဝတ္ထုခေတ်က ထိုက္ကတ္ထိ (၁၉၆၀) နှင့် ချစ်ရလျက်နှင့်ပင် (၁၉၆၁)တို့ကို ရေးသားထုတ်ဝေခဲ့သည်။ ဆရာဂုဏ်ဝင်း၏ ကလောင်ခွဲတစ်ခုမှာ 'အေးမွန်'ဖြစ်၍ ဘာသာပြန်ဝတ္ထုတို၊ ရှည်များ ရေးခဲ့သည်။ စာရေးဆရာကြီးကျက်လန်ဒန်၏ "မီးဖိုလှည့်ပါ" အပါအဝင်ကမ္ဘာကျော်ဝတ္ထုကြီး ၅ ပုဒ်နှင့် အခြားဝတ္ထုတို များဘာသာပြန်ခဲ့သည်။ အရိုင်းခေါ်သံ (၁၉၅၈)နှင့် ကတုံးပေါ်ထိပ်ကွက် (၁၉၆၀) ဘာသာပြန်များ ထင်ရှားသည်။ စုံထောက်ဝတ္ထုများလည်း ဘာသာပြန်ခဲ့သည်။

၁၉၅၅ ခု ဒီဇင်ဘာလတွင် မော်လမြိုင်သူ ဒေါ်အေးသွင်နှင့်လက်ထပ်၍ သားသမီး ၅ ဦး ထွန်းကားခဲ့သည်။ အမည်ရင်းမှာ ဦးအောင်သန်းဝင်း ဖြစ်သည်။

၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ တွင် ကွယ်လွန်သည်။

ကျာမနီနိုင်ငံ ။ ။ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ တွင်ကျင်းပမည့် ပြည်ထောင်စုပါလီမန်ရွေးကောက်ပွဲ ကို ရှေးရှုလျက် ကျာမနီရှိနိုင်ငံရေးပါတီများသည် ကြိုတင်ပြင်ဆင်လျက်ရှိကြသည်။ အတိုက်အခံ အင် အားစုဖြစ်နေသော ခရစ်ယာန် ဒီမိုကရက်တစ် ယူနီယံ (CDU) နှင့် ခရစ်ယာန် ဆိုရှယ်ယူနီယံ (CSU) တို့သည် ဘာဗေးရီးယားပြည်နယ်ရှိ ခရစ်ယာန် ဆိုရှယ်ယူနီယံမှ အက်စ်မန်စုတိုးအီးဘားကို နှစ်ပါတီ ပူးပေါင်းအဖွဲ့၏ ခေါင်းဆောင်အဖြစ် ဇန်နဝါရီလ ၁၁ ရက်နေ့က သဘောတူသတ်မှတ်လိုက်ကြသည်။ စတိုးအီးဘာသည် ဘာဗေးရီးယားပြည်နယ်တွင် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်နေသူဖြစ် သည်။ သူသည် စီးပွားရေးစီမံခန့်ခွဲမှု၌ တော်သည်ဟု သတ်မှတ်ထားကြသည်။ ကျာမနီရှိ အခြားပြည်နယ် များတွင် စီးပွားရေးကျဆင်းမှုဒဏ်ကို ခံနေကြရ သော်လည်း စတိုးအီးဘားသည် ဘာဗေးရီးယား၏

စီးပွားရေးအခြေအနေကို မထိခိုက်အောင်စွမ်းဆောင်နိုင်ခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကဦးတည်ဆောင်ရွက်သော ဂရင်းစ်အဖွဲ့သည် ဒေသဆိုင်ရာရွေးကောက်ပွဲများ၌ မအောင်မြင်ဘဲဖြစ်နေသည်။ သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲတွင် နေရာရရှိရေးအတွက် လက်ရှိနိုင်ငံခြားရေးဝန်ကြီး ဖစ်ရှားကို ဂရင်းစ်အဖွဲ့၏ ခေါင်းဆောင်အဖြစ် ဇန်နဝါရီလ ၂၁ ရက်နေ့က တင်မြှောက်ခဲ့သည်။

ဇန်နဝါရီလ ၁၀ ရက်နေ့တွင် လက်ဝဲပါတီများဖြစ်ကြသော ဆိုရှယ်ဒီမိုကရက်တစ်ပါတီနှင့် ကွန်မြူနစ်ပါတီတစ်ဖြစ်လဲ ဆိုရှယ်လစ် ဒီမိုကရေစီပါတီတို့သည် ပူးပေါင်းလိုက်ကြသည်။

ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သော စာရင်းအင်းများအရ ၂၀၀၁ ခုနှစ်အတွက် ကျာမနီနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်း ဝ ဒသမ ၆ ရာခိုင်နှုန်းသာဖြစ်ပြီး ဘတ်ဂျက်လိုငွေပြမှုမှာလည်း ဂျီဒီပီ၏ ၂ ဒသမ ၆ ရာခိုင်နှုန်းအထိ ဖြစ်နေသည်။ ဥရောပသမဂ္ဂသည် ၁၉၉၇ ခုနှစ်က စည်းကမ်းချက်တစ်ရပ် ချမှတ်ခဲ့သည်။ တစ်ခုတည်းသော ယူရိုငွေကြေးဇုန်အတွင်း ဝင်ရောက်လိုသောနိုင်ငံသည် ဘတ်ဂျက်လိုငွေပြမှု အများဆုံးအားဖြင့် ဂျီဒီပီ၏သုံးရာခိုင်နှုန်းသာဖြစ်ရမည်ဟု သတ်မှတ်ထားသည်။ ဥရောပကော်မရှင်သည် ကျာမနီ၏စီးပွားရေးကျဆင်းနေမှုနှင့်ပတ်သက်ပြီး ကြိုတင်သတိပေးရန် စိုင်းပြင်းခဲ့သည်။ ဘဏ္ဍာရေးဝန်ကြီး ဟန်းစ်အိုက်ခဲလက ၂၀၀၂ ခုနှစ်တွင် ၂ ရာခိုင်နှုန်းထက်ကျော်မည်မဟုတ်ဟု ပြောကြားသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ ကျင်းပသော ဥရောပသမဂ္ဂ၏ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးက ဘတ်ဂျက်လိုငွေပြမှုနှင့်ပတ်သက်၍ ကျာမနီနိုင်ငံအား ကြိုတင်သတိပေးလွှာပေးပို့ခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်။

ဖေဖော်ဝါရီလ ၇ ရက်နေ့ကထုတ်ပြန်ခဲ့သော ကိန်းဂဏန်းများအရ ကျာမနီနိုင်ငံတွင် အလုပ်လက်မဲ့ဦးရေမှာ စံချိန်တင်နိုင်လောက်အောင် များပြားသွားသည်။ အလုပ်လက်မဲ့ဦးရေ ၄ သန်းကျော်သွားခဲ့သည်။ ဤသို့ဖြစ်ခြင်းကြောင့် လက်ရှိဝန်ကြီးချုပ် ရှရိုဒါအဖို့ ရွေးကောက်ပွဲအလားအလာမကောင်းဘဲ ဖြစ်ခဲ့သည်။ ထို့ကြောင့် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ဝန်ကြီးချုပ်ရှရိုဒါသည် ပြည်ထောင်စုအလုပ်သမားအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းမည်ဟု ကြေညာခဲ့သည်။ အလုပ်သမားအဖွဲ့သည် အလုပ်လက်မဲ့ကိန်းဂဏန်းများကို ဖောင်းပွပြခဲ့ကြောင်းစွပ်စွဲခဲ့သည်။

မတ်လ ၂၂ ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့သည်။ ဤဥပဒေကြမ်းအရ ကျွမ်းကျင်သောနိုင်ငံခြားသားအလုပ်သမားများကို အထိန်းအကွပ်ဖြင့် လက်ခံသွားရန်ဖြစ်သည်။ သို့ရာတွင် ဥပဒေမဲ့ဝင်ရောက်လာသူများကို ပြင်းထန်စွာအရေးယူသွားရန် ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးပြဿနာသည် ရွေးကောက်ပွဲရလဒ်များကို ထိခိုက်စေနိုင်သော ပြဿနာဖြစ်သည်။ အတိုက်အခံပါတီများက ဤဥပဒေကြမ်းကို အတည်ပြုရာတွင် အခြေခံဥပဒေနှင့် မညီညွတ်ဟု စွပ်စွဲထားသည်။ ကျာမနီနိုင်ငံတွင် နိုင်ငံခြားသားပေါင်း ၉ သန်းခန့် ရှိသည်။ ကျာမနီတွင် စာရင်းမဝင်ဘဲ၊ မှတ်ပုံတင်မရှိဘဲ ဥပဒေမဲ့ဝင်ရောက်နေသူ အများအပြားရှိသည်။

ဂရင်းစ်အဖွဲ့သည် ၎င်းတို့အဖွဲ့ကို လူကြိုက်များလာစေရန် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ပြင်ဆင်ခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး ဖစ်ရှား၏ကြိုးပမ်းမှုဖြင့် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ အစဉ်အလာအားဖြင့် ငြိမ်းချမ်းရေးအတွက် အဓိကလှုပ်ရှားခဲ့သည်။ အခြေခံစည်းမျဉ်းသစ်အရ ဂရင်းစ်အဖွဲ့သည် ငြိမ်းချမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့နှင့်အတူ ပညာရေး၊ မိသားစုများအရေးတို့ကိုပါ ဦးစားပေးဆောင်ရွက်သွားရန် ဖြစ်သည်။ အကြမ်းမဖက်ရေး၊ လူ့အခွင့်အရေးတို့ကို ဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ်ထားသော်လည်း လူမျိုးပြုန်းတီးရေးနှင့် အကြမ်းဖက်ဝါဒများဖြစ်ပေါ်လာပါက အင်အားသုံးဖြေရှင်းမှုကိုလည်း သုံးသင့်သုံးရမည်ဟု အခြေခံစည်းမျဉ်း၌ ဖော်ပြထားသည်။ အင်အားသုံးခြင်းကို နိုင်ငံတကာဥပဒေနှင့် လျော်ညီစွာပြုလုပ်ရမည်ဟု သတ်မှတ်ထားသည်။

ဒုတိယကမ္ဘာစစ်ပြီး ကျာမနီနိုင်ငံသမိုင်းတွင် မကြုံစဖူး ထူးကဲစွာ လူသတ်မှုကြီးဖြစ်ခဲ့သည်။ လုံးချင်းသေနတ်သမားတစ်ဦးသည် ကျာမနီအရှေ့ပိုင်းရှိ အဲဖတ်မြို့မှအထက်တန်းကျောင်းတွင် ပစ်ခတ်ခဲ့

ရာ ၁၆ ဦးသေဆုံးပြီး လူအများအပြားဒဏ်ရာရခဲ့ကြသည်။ သေနတ်သမားသည် သူ့ကိုယ်သူလည်း ပစ်သတ်သွားသည်။ သေနတ်သမားသည် ကျောင်းထုတ်ခံလိုက်ရသော ၁၉ နှစ်သားတစ်ဦး ဖြစ်သည်။ သေနတ်သမားသည် သေနတ်ပြောင်းရှည်တစ်လက်၊ ပြောင်းတိုတစ်လက်တို့ကို ကိုင်ဆောင်ပစ်ခတ်ခဲ့သည်။ ထိုသေနတ်များကို သူသည်တရားဝင်ကိုင်ဆောင်ခွင့် ရရှိခဲ့သည်။ ထို့ပြင် သေနတ်ပစ်အသင်းများ၌လည်း လေ့ကျင့်ခဲ့သည်။ စနစ်တကျကြိုတင်ပြင်ဆင်ပြီးမှ သူ့ကိုကျောင်းထုတ်ခဲ့သောကျောင်းသို့ သွားရောက် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြဌာန်းခဲ့သော အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေး ဥပဒေနှင့်အညီ တင်းကျပ်စွာ အရေးယူဆောင်ရွက်မှုကို ဧပြီလ ၂၆ ရက်နေ့တွင် အောက်လွတ်တော်က အတည်ပြုပေးခဲ့သည်။ နိုင်ငံခြားအကြမ်းဖက် အဖွဲ့အစည်းများတွင် ပါဝင်ခြင်း၊ ထောက်ခံခြင်းပြုမှုတို့ကို ရာဇဝတ်မှုဟု အဆိုပါဥပဒေ၌ ဖော်ပြသည်။ ဂျာမနီနိုင်ငံတွင် ရောက်ရှိနေသည့် စစ်သွေးကြွများအား ထိရောက်စွာ အရေးယူဖော်ထုတ်နိုင်ရန် ဥပဒေပြင်ဆင်ချက်ချမှတ်ခဲ့သည်။

ဂျာမနီအရှေ့ပိုင်း ပြည်နယ်ရွေးကောက်ပွဲတွင် ဧပြီ ၂၁ ရက်နေ့ မဲစာရင်းအရ အာဏာရဆိုရှယ်ဒီမိုကရက်တစ်ပါတီ (SPD) သည် မရှုမလှရှုံးခဲ့ရသည်။ အတိုက်အခံပါတီများ၏ နောက်လိုက်ဖြစ်သွားသည်။ လာမည့် ပြည်ထောင်စုရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် ဆိုရှယ်ဒီမိုကရက်တစ်ပါတီသည် ဧပြီလ ၂၄ ရက်နေ့တွင် ရွေးကောက်ပွဲကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ မိသားစုများအရေး၊ ပညာရေးတို့တွင် ထောက်ပံ့ငွေများ ပိုမိုသုံးစွဲပေးမည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရာတွင် အကျဉ်းအကျပ်တွေ့စေမည့် အရေးကိစ္စများတွင် ဂျာမနီနိုင်ငံအနေဖြင့် တာဝန်ယူမည်မဟုတ်ကြောင်း၊ ဂရင်းစ်အဖွဲ့နှင့် ဆက်လက်မဟာမိတ်ပြုသွားမည် ဖြစ်ကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။

ဆိုဗီယက်ခေတ်က ရုရှားတို့အနေဖြင့် ဂျာမနီသို့ အကြွေးဒေါ်လာ ၆ ဒသမ ၄ ဘီလီယံတင်ရှိခဲ့သည်။ ထိုအကြွေးများကို အရစ်ကျပြန်လည်ပေးဆပ်ရေးအတွက် ရုရှားသမ္မတပူတင်နှင့် ဂျာမနီဝန်ကြီးချုပ် ရှရိုဒါတို့ သဘောတူညီခဲ့ကြသည်။ ရုရှားနှင့် ဂျာမနီတို့သည် ပိုမိုရင်းနှီးလာကြသည်။ ပူတင်သည် ဂျာမနီသို့မကြာခဏ လာရောက်ခဲ့သည်။ ရုရှားနှင့် ဂျာမနီချစ်ကြည်ရင်းနှီးမှုကို စိန့်ပီတာ့စ်ဘာ့ဂ် ဆွေးနွေးသဘောတူညီချက်များဖြင့် ဖော်ပြခဲ့ကြသည်။

ပြည်ထောင်စုဂျာမနီနိုင်ငံနှင့် တရုတ်နိုင်ငံတို့ အကြား သံတမန်ဆက်သွယ်မှု အနှစ် ၃၀ မြောက် အထိမ်းအမှတ်အဖြစ် တရုတ်သမ္မတကျန်ဇီမင်းသည် ဂျာမနီသို့ ဧပြီလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ သွားရောက်လည်ပတ်ခဲ့သည်။ တရုတ်-ဂျာမနီ ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ပူးပေါင်းရေးစာချုပ်များကို ချုပ်ဆိုခဲ့သည်။ ရုရှိဒါကလည်း တရုတ်ပြည်သို့ သွားရောက်လည်ခဲ့သည်။

အတိုက်အခံနှစ်ပါတီ ညွှန့်ပေါင်းအဖွဲ့က ရွေးကောက်ပွဲကြေညာစာတမ်း ထုတ်ပြန်မှုအကြောင်းကို ညွှန့်ပေါင်းအဖွဲ့ခေါင်းဆောင် စတိုးအီးဘားက ရှင်းပြခဲ့သည်။ မေလ ၆ ရက်နေ့က ရှင်းပြရာတွင် လက်ရှိအစိုးရကကျင့်သုံးနေသည့် စီးပွားရေးမူဝါဒများကို ပြုပြင်ပြောင်းလဲသွားစေမည်ဖြစ်ကြောင်း၊ ဘတ်ဂျက်အသုံးစရိတ်များကို တဖြည်းဖြည်းလျှော့ချသွားမည် ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို တိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း စသည်တို့ ပါဝင်သည်။ လက်ရှိအစိုးရက ကျွမ်းကျင်သောနိုင်ငံခြားအလုပ်သမားများကို အထိန်းအကွပ်ဖြင့် လက်ခံမည်ဆိုသည့်အချက်ကိုလည်း ဝေဖန်ခဲ့သည်။

ဇွန်လအတွင်းက ပါလီမန်သည်အကြမ်းဖက်ဝါဒဆန့်ကျင်ရေးဥပဒေကို အားဖြည့်ပေးသည့် ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်။ ငွေမည်းကိုငွေဖြူဖြစ်အောင် လုပ်မှုကိုဆန့်ကျင်သည့်ဥပဒေ ပြဌာန်းခဲ့သည်။ အကြမ်းဖက်အဖွဲ့အား ဘဏ္ဍာငွေထောက်ပံ့မှုများမပြုနိုင်အောင် တားမြစ်ချက်များကို ချမှတ်ခဲ့သည်။ ဂျာမနီသည် နိုင်ငံတကာအကြမ်းဖက်ဝါဒဆန့်ကျင်ရေးတွင် ပိုမိုတက်ကြွစွာပါဝင်လာခဲ့သည်။ မိုဟာမက်ဟေဒါးဇန်မားဆိုသူသည် ဆီးရီးယားတွင် မွေးဖွားခဲ့သော ဂျာမနီနိုင်ငံသားဖြစ်သည်။ သူသည် ဟမ်းဆာ့ဂ်မြို့တွင်နေထိုင်ရင်း စက်တင်ဘာလ ၁၁ ရက်နေ့က အမေရိကန်ပြည်ထောင်စုအပေါ် တိုက်

ခိုက်သူများကို စုစည်းပေးခဲ့သည်။ ယင်းအမှုဖြင့် ယခုအခါ ဆီးရီးယားအကျဉ်းထောင်တွင် ရောက်ရှိနေသည်။

ဇွန်လအတွင်းက ကျာမနီရှိကျူးလူမျိုးများနှင့် ဆန့်ကျင်ရေးဝါဒီတို့အကြား အကြိုးအကျယ်အငြင်းပွားခဲ့ကြသည်။ ကျူးအရေးအခင်းသည် ပါလီမန်ရွေးကောက်ပွဲများ၌ အရေးပါသောကိစ္စတစ်ရပ်ဖြစ်သည်။

၂၀၀၃ ခုနှစ်အတွက် ပြည်ထောင်စုဘတ်ဂျက်မူကြမ်းကို အစိုးရက ဇွန်လ ၁၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ဝန်ကြီးချုပ်ရှရိဒါက ယခုဘတ်ဂျက်ကို ကြောင်းကျိုးဆင်ခြင်တုံတရား၊ တာဝန်ရှိမှု အသိတရားတို့ဖြင့် ရေးဆွဲတင်ပြထားသည်ဟုဆိုသည်။ စုစုပေါင်းအသုံးစရိတ်သည် ယူရို ၂၄၆ ဒသမ ၃ ဘီလီယံသာ ရှိမည်ဖြစ်ကြောင်း၊ ၂၀၀၂ ခုနှစ်အသုံးစရိတ်ထက် ၀.၅ ရာခိုင်နှုန်းလျော့နည်းကြောင်း၊ ဘတ်ဂျက်လိုငွေပြမှုမှာလည်း ဂျီဒီပီ၏ ၁ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် ဝန်ကြီးချုပ်ရှရိဒါသည် ကာကွယ်ရေးဝန်ကြီးရူးဒေါ့စ်ရှားပင်းအား ရာထူးမှဖယ်ရှားခဲ့သည်။ ရှားပင်းသည် စစ်လက်နက်ပစ္စည်းကုမ္ပဏီများအပါအဝင် ကုန်မျိုးစုံလုပ်ကိုင်သည့်ကုမ္ပဏီကြီးများ၏ ကိုယ်စားလှယ်ထံမှဒေါ်လာ ၇၅၀၀၀ ရယူခဲ့သည်။ ၎င်းငွေများအနက်မှ ဒေါ်လာ ၂၇၀၀၀ ဖြင့် အဖိုးတန်အဝတ်အထည်များကို ပယ်ယူဝတ်ဆင်ခဲ့သည်။ မလျော်ကန်သည့်နည်းဖြင့် ငွေများလက်ခံရယူခဲ့သဖြင့် ထိုဝန်ကြီးအား ရာထူးမှဖယ်ရှားလိုက်ခြင်းဖြစ်သည်။

ဇူလိုင်လ ၁၂ ရက်နေ့တွင် လျှို့ဝှက်ဖိုင်များအား သုတေသီများသို့ကြည့်ခွင့်ပေးရေးဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ အရှေ့ကျာမနီလက်ထက်ကစကာမီခေါ်ထောက်လှမ်းရေးအဖွဲ့သည် ပြည်သူ့ဝန်ထမ်းအကြိုးအကဲများနှင့် ပတ်သက်၍ မှတ်တမ်းပြုစုခဲ့သည်။ ထိုမှတ်တမ်းများကို သုတေသီတို့အား ကြည့်ရှုလေ့လာခွင့်ပေးတော့မည်ဖြစ်သည်။ ဤသို့ဆိုလျှင် ဝန်ကြီးချုပ်ဟောင်းဟဲလ်မွတ်ခိုးလ်နှင့် ပတ်သက်သော ထိန်ချန်ထားသည့်လျှို့ဝှက်ချက်များကို ဖော်ထုတ်နိုင်တော့မည်ဖြစ်သည်။ ခိုးလ်က ယင်းဥပဒေကို တရားရုံးများ၌ စိန်ခေါ်မည်ဟု ကြိုတင်အသိပေးထားသည်။

ဂျူလိုင်လ ၁ ရက်နေ့က ဆွစ်ဇာလန်နှင့်ကပ်နေသော ကျာမန်တောင်ပိုင်းရှိ လေထုအတွင်း၌ ရုရှားခရီးသည်တင်လေယာဉ်နှင့် (DHL) အမည်ရှိသောကုန်ပို့လေယာဉ်တို့ တိုက်မိကြသည်။ ရုရှားလေယာဉ်တွင် လိုက်ပါလာသော ကျောင်းသားလူငယ် ၅၂ ဦးနှင့် လေယာဉ်ဝန်ထမ်းစုစုပေါင်း ၆၉ ဦးတို့ သေဆုံးခဲ့သည်။ ချောကုန်ပို့လေယာဉ်မှ လေယာဉ်မောင်းနှစ်ဦးလည်း သေဆုံးခဲ့သည်။

ဒုတိယကမ္ဘာစစ်ဖြစ်ပြီးနောက်ပိုင်း ဥရောပအလယ်ပိုင်း၌ အဆိုးဝါးဆုံးမြစ်ရေလျှံမှုဖြစ်ခဲ့သည်။ မိုးများအလွန်အကျွံရွာသွန်းသဖြင့် မြစ်ရေများလျှံတက်ကာ ကျာမနီအရှေ့ပိုင်းနှင့်တောင်ပိုင်းတို့တွင် ရေများဖုံးလွှမ်းသွားခဲ့သည်။ မြစ်ရေလျှံသဖြင့် ရုရှားတွင် ၅၈ ဦး၊ ချက်နိုင်ငံတွင် ၁၆ ဦး၊ ကျာမနီတွင် အနည်းဆုံး ၁၈ ဦး သေဆုံးခဲ့သည်။ အဆိုးဆုံးဒဏ်ခံခဲ့ရသည့်ဒေသမှာ ဆက်ဇိုနီပြည်နယ်ဖြစ်သည်။ အယ်လ်ဘီမြစ်နှင့်ဂင်း၏မြစ်လက်တက်တစ်ခုတို့တွင် ရေကြီးခဲ့သဖြင့် တံတားပေါင်း ၁၈၀ ပျက်စီးခဲ့သည်။ လမ်းအရှည်ကီလိုမီတာ ၇၄၀ အထိ ပျက်စီးခဲ့သည်။ ရထားလမ်းအရှည် ကီလိုမီတာ ၅၃၀ ပျက်စီးခဲ့သည်။ နေအိမ်များနှင့်စီးပွားရေးလုပ်ငန်း ဝင်းခြံပေါင်းထောင်သောင်းခြို၍ ပျက်စီးခဲ့သည်။ ဆက်ဇိုနီပြည်နယ်၏မြို့ တောင်ဒရက်စ်ဒင်တွင် ဩဂုတ်လ ၁၇ ရက်နေ့က အမြင့်ဆုံးရေလျှံတက်ခဲ့သည်။ မြို့တော်အာဏာပိုင်များက ယဉ်ကျေးမှုအမွေအနှစ်များမပျက်စီးအောင်ကြိုးပမ်းကာကွယ်ခဲ့ကြသည်။ ဤရေဘေးကိစ္စတွင် ဝန်ကြီးချုပ်ရှရိဒါသည် လျင်မြန်ထိရောက်စွာ ဆောင်ရွက်ခဲ့သည်။ သို့ဖြစ်၍ ရှရိဒါအဖို့ ရွေးကောက်ပွဲတွင် အနိုင်ရရန် အလားအလာကောင်းသွားသည်။

ကျာမနီသည် ၎င်းနိုင်ငံတွင်းရှိ အစွန်လာမ်စစ်သွေးကြွများ၊ အယ်လ်ကိုင်ဒါကလာပ်စည်းကို အရေးယူခဲ့သည်။ စက်တင်ဘာ ၁၁ အရေးအခင်းတွင် ကြံရာပါတစ်ဦးအဖြစ် မသက်သာသူမော်ရိုကိုနိုင်ငံသားမိုးနီးယားမိုတာဆာဒက်အပေါ် ဩဂုတ်လ ၁၈ ရက်နေ့တွင် တရားရုံးကစွဲချက်တင်ခဲ့သည်။

ဇူလိုင်လအတွက် ထုတ်ပြန်သောကိန်းဂဏန်းအရ ကျာမနီတွင် အလုပ်လက်မဲ့ပေါင်း ၄ သန်းကျော်ရှိသည်။ ၂၀၀၅ ခုနှစ်တွင် အလုပ်လက်မဲ့ဦးရေ ၂

သန်းအထိ ကျဆင်းရေးအစီအစဉ်ကို ဝန်ကြီးချုပ် ရှရိုဒါက ထောက်ခံကြောင်း ကြေညာခဲ့သည်။ အတိုက် အခံပါတီများကမူ ဝန်ကြီးချုပ်သည်ရွေးကောက်ပွဲ ကတိအတိုင်းမလုပ်ခဲ့ဟု ဝေဖန်နေကြသည်။

စက်တင်ဘာလအတွင်းက ဂျာမနီနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ လက်ရှိအာဏာရအဖွဲ့တွင် ဆိုရှယ်ဒီမိုကရက်တစ် ပါတီနှင့် ဂရင်းအဖွဲ့တို့က မဟာမိတ်ဖွဲ့ထားသည်။ ခရစ်ယာန်ဒီမိုကရက်တစ်ယူနီယံနှင့် ခရစ်ယာန် ဆိုရှယ်ယူနီယံတို့သည် အတိုက်အခံညွှန့်ပေါင်းအဖွဲ့ ဖြစ်သည်။ ရွေးကောက်ပွဲတွင် အခြားပါတီများလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးသူပေါင်း ၇၉ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့သည်။

ဆိုရှယ် ဒီမိုကရက်တစ်ပါတီ (SPD) သည် အမတ်နေရာ ၂၅၁ နေရာရရှိခဲ့သည်။ ၁၉၉၈ ခုနှစ် ရွေးကောက်ပွဲထက် အမတ်နေရာလျော့နည်းသွားသည်။ ဂရင်းစ်အဖွဲ့က အမတ်နေရာ ၅၅ နေရာ ရရှိခဲ့သည်။ အာဏာရညွှန့်ပေါင်းအဖွဲ့က အမတ် ၃၀၆ ဦး ရွေးကောက်ခံခဲ့ရသည်။ ခရစ်ယာန်ဒီမို ကရက်တစ် ယူနီယံနှင့် ခရစ်ယာန်ဆိုရှယ်ယူနီယံတို့၏ ညွှန့်ပေါင်းအဖွဲ့က စုစုပေါင်းအမတ် ၂၄၈ ဦး ရွေးကောက်ခံရသည်။ သို့ဖြစ်၍ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဝန်ကြီးချုပ်ရှရိုဒါဦးဆောင်သောအဖွဲ့က ရွေးကောက်ပွဲအောင်နိုင်ကြောင်း ကြေညာခံခဲ့ရ သည်။

ရွေးကောက်ပွဲကာလအတွင်းက ဂျာမနီအစိုးရ သည် အီရတ်၌စစ်ရေးအရဝင်ရောက်တိုက်ခိုက်မှုကို ပြောင်ပြောင်တင်းတင်းဆန့်ကျင်ခဲ့သည်။ သို့ဖြစ်၍ ဂျာမနီနှင့်အမေရိကန်ပြည်ထောင်စုတို့အကြား အက်ကြောင်းထင်ခဲ့သည်။ အပြန်အလှန်ပုတ်ခတ်မှု များ ရှိခဲ့သည်။

ပါလီမန်ရွေးကောက်ပွဲများတွင် အနိုင်ရသဖြင့် အမတ် ၆၀၃ ဦးရှိသော အောက်လွှတ်တော်က အမတ် ၃၀၆ ဦး ရရှိသည့် ညွှန့်ပေါင်းအဖွဲ့ခေါင်း ဆောင် ရှရိုဒါအားဝန်ကြီးချုပ်အဖြစ် အောက်တိုဘာ လ ၂၂ ရက်နေ့က ရွေးကောက်တင်မြှောက်ခဲ့သည်။ အာဏာရညွှန့်ပေါင်းအဖွဲ့က စာမျက်နှာ ၈၈ ရွက်ပါ လုပ်ငန်းစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ စီးပွားရေး ပြန်လည်ရှင်သန်လာရေး၊ အလုပ်အကိုင်များရရှိရေး၊ တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိ ခဲ့သည်။ အာဏာရအဖွဲ့သည် စီးပွားရေးနှင့် အလုပ် သမားဆိုင်ရာဝန်ကြီးဌာနများကို ပေါင်းစည်းထား သည့် ဝန်ကြီးဌာနတစ်ခု ဖန်တီးခဲ့သည်။

အောက်တိုဘာလ ၃၀ ရက်နေ့တွင် နိုင်ငံခြား ရေးဝန်ကြီးများဖြစ်ကြသော ဂျာမနီဝန်ကြီးဖစ်ရှား နှင့် အမေရိကန်ဝန်ကြီး ကောလင်းပါဝဲလ်တို့သည် ဝါရှင်တန်၌တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် အီရတ်နိုင်ငံအပေါ် စစ်ရေးအရဝင်ရောက်တိုက်ခိုက် မှုနှင့်စပ်လျဉ်း၍ သဘောထားကွဲလွဲမှုကို ပြန်လည် ရင်ကြားစေ့မပေးနိုင်ခဲ့ပေ။ သမ္မတဘုရှ်က ဂျာမန် ပေါင်းစည်းရေးအထိမ်းအမှတ်အဖြစ် သဝဏ်လွှာ ပေးပို့ခဲ့သည်။ ထို့ကြောင့် ဂျာမန်တို့က အမေရိကန် နှင့်ဂျာမန်တို့ ပြန်လည်သင့်မြတ်ရန် အခွင့်အလမ်း ပေါ်လာပြီဟု မျှော်လင့်ခဲ့သည်။ သို့ရာတွင် ကောလင်းပါဝဲလ်က ဖစ်ရှားအား ၁၀ မိနစ်သာ လက်ခံတွေ့ဆုံပြီး အခြားအဆင့်မြင့်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခွင့်မပေးဘဲ ထားခဲ့သည်။

စက်တင်ဘာ ၁၁ အရေးအခင်းနှင့် ဆက်စပ် နေသော မော်ရိုကိုလူမျိုးမိုတာဆာဒက်အား နိုဝင် ဘာလ ၁၃ ရက်နေ့က ရုံးတင်စစ်ဆေးခဲ့သည်။ ယင်း သို့ စစ်ဆေးရာတွင် အမေရိကန် ၄ ဦးတို့အား ပူးတွဲ တရားလိုများအဖြစ် ပါဝင်ခွင့်ပေးပြီး တရားစစ်ဆေး ကြားနာရာတွင်လည်း တက်ရောက်ခွင့်ပြုခဲ့သည်။ ၎င်းတို့ ၄ ဦးအနက် ၃ ဦးမှာ ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာနကိုဖြိုခွင်းစဉ်က အသက်ရှင်ကျန်ရစ်ခဲ့သူ များ ဖြစ်သည်။ ကျန်တစ်ဦးမှာ ပြန်ပေးဆွဲခံခဲ့ရသော လေယာဉ်မှဝန်ထမ်းတစ်ဦး၏ ဇနီးဖြစ်သည်။

နိုဝင်ဘာလ ၈ ရက်နေ့တွင် ဂျာမန်ကာကွယ် ရေးဝန်ကြီး ပီတာစတရပ်သည် ဝါရှင်တန်၌အမေရိ ကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစ်ဖဲလ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့ တွေ့ဆုံအပြီးတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစ်ဖဲလ်က နှစ် နိုင်ငံအကြား" အဆိပ်ပြယ်သွားပြီ" ဟုပြောခဲ့သည်။ အီရတ်အားစစ်ရေးအရ တိုက်ခိုက်မည်ပြုစဉ်က ဂျာမန်တို့သည် အပြင်းအထန် ကန့်ကွက်ခဲ့သည်။ ယင်းဖြစ်ရပ်ကို "အဆိပ်သင့်ပြီ" ဟု သုံးနှုန်းခဲ့သည်။ ထိုပြင်ဝန်ကြီးနှစ်ဦး ဆွေးနွေးနေစဉ်ကာလအတွင်း

သမ္မတဘုရှဲနှင့်ဝန်ကြီးချုပ် ရှရိုဒါတို့သည် တယ်လီဖုန်းဖြင့် ၁၀ မိနစ်ကြာ စကားပြောခဲ့သည်။ သဘောထားကွဲပြီးနောက်တွင် ပထမဆုံးဂင်းတို့ချင်းစကားပြောကြခြင်းဖြစ်သည်။ နိုဝင်ဘာနောက်ဆုံးပတ်အတွင်း ကလည်း နေတိုးအဖွဲ့အစည်းအဝေးတွင် အချင်းချင်းလက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။

ဦးခင်မောင်မြ

စင်ကာပူနိုင်ငံ။ ။ဂျပန်နှင့် စင်ကာပူနိုင်ငံတို့သည် လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် (အက်ဖ်တီအေ) ကို ၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးလိုက်ကြရာ အခြားအရှေ့တောင်အာရှနိုင်ငံများနှင့် အလားတူစာချုပ်များချုပ်ဆိုရန် ကြိုးပမ်းနေသောဂျပန်နိုင်ငံအတွက် ယင်းစာချုပ်မှာ ပထမဆုံးဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ် ဂျွန်နီချီရိုကိုအိဇုမိသည် ဒေသဆိုင်ရာတစ်ပတ်ကြာခရီးစဉ်အတွင်း စင်ကာပူနိုင်ငံသို့ နောက်ဆုံးဝင်ရောက်ခဲ့သည်။ တိုကျို၏ အာရှမူဝါဒသစ်နှင့် နှစ်နိုင်ငံကိစ္စရပ်များကို ဆွေးနွေးပြီးနောက် ဂျပန်ဝန်ကြီးချုပ်နှင့် စင်ကာပူဝန်ကြီးချုပ်တို့က စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းစာချုပ်မှာ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ လူများ၊ ငွေကြေးနှင့် သတင်းအချက်အလက်ဖလှယ်မှု ပိုမိုတိုးတက်စေရန်နှင့် နှစ်နိုင်ငံစီးပွားရေးနယ်စပ်ကို လျှော့ချရန်ရည်ရွယ်ကြောင်း ဂျပန်အရာရှိတစ်ဦးက ပြောသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်သည် စင်ကာပူနှင့်ဆက်ဆံရေးကို ခိုင်မာစေရုံသာမက အခြားနိုင်ငံများနှင့် မိမိတို့ဆက်ဆံရေးအတွက် စံနမူနာတစ်ရပ်ဖြစ်သည်ဟု မျှော်လင့်ကြောင်း ဂျပန်ဝန်ကြီးချုပ်ကပြောသည်။

ဂျပန်နှင့်အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) တို့ ပိုမိုအနီးကပ် ပူးပေါင်းဆောင်ရွက်သွားရန် စင်ကာပူနိုင်ငံ၌ရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ် နိချီရိုကိုအိဇုမိက ဇန်နဝါရီလ ၁၃ ရက်နေ့တွင် တိုက်တွန်းပြောကြားခဲ့သည်။ ပရိသတ် ၁၀၀၀ ခန့် တက်ရောက်သော အကြိမ် ၂၀ မြောက် စင်ကာပူဟောပြောပို့ချချက် အခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ " ဖူကူဒါမိန့်ခွန်း" အပေါ် အခြေခံ၍ မူဝါဒများ တိုးတက်အောင် မိမိဆောင်ရွက်သွားလိုကြောင်း ကိုအိဇုမိက ပြောသည်။

ကွယ်လွန်သူ ဂျပန် ဝန်ကြီးချုပ်ဟောင်း ဘာကီယိုဖူကူဒါက ၁၉၇၇ ခုနှစ်တွင် မနီလာမြို့တွင် မိန့်ခွန်းပြောကြားရာ၌ သဘောတူညီမှုများစွာ ပေါင်းဖော်ဖက်ဖြစ်ရန်နှင့် ဂျပန်နိုင်ငံနှင့်အာဆီယံနိုင်ငံတို့ စိတ်တူကိုယ်တူနားလည်သဘောတူညီမှုရှိကြရန် တိုက်တွန်းပြောဆိုခဲ့သည်ကို မစ္စတာကိုအိဇုမိက ရည်ညွှန်းပြောကြားခြင်းဖြစ်သည်။ ၂၅ နှစ်အတွင်း ကမ္ဘာ့အခြေအနေ အကြီးအကျယ်

ဂျပန်ဝန်ကြီးချုပ် ဂျွန်နီချီရိုကိုအိဇုမိနှင့် စင်ကာပူဝန်ကြီးချုပ်
ဂိုချောက်တောင်တို့ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ကို
လက်မှတ်ရေးထိုးချုပ်ဆိုစဉ်

ပြောင်းလဲခဲ့ပြီးနောက် ဂျပန်နှင့်အာဆီယံတို့ ထိပ်တိုက်တွေ့ခဲ့ကြကြောင်း၊ ထိုပြောင်းလဲမှုများမှာ ၂၁ ရာစုနှစ်အတွက် ပို၍မြန်ဆန်ပြီး အရှိန်အဟုန်ကြီးမားလာမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်နှင့် စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်တို့ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ဗန်ကောက်မြို့၌တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံပိုမိုနီးကပ်စွာ စီးပွားရေးပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူကြကြောင်း သတင်းစာရှင်းလင်းပွဲ၌ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရတ်တာကစ်မာနာသက်က ပြောကြားသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးကို အဆင့်ဆင့်လုပ်ဆောင်သွားမည်။ ဝန်ကြီးချုပ်နှစ်ဦးသည် အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဒေသ (အက်ဖ်တာ) နှင့် အာဆီယံရင်းနှီးမြှုပ်နှံရေးဒေသ (အေအိုင်အေ) တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံအချို့အတွင်း အကောင်အထည်ဖော်ပြီးဖြစ်သော နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးကို အခြေခံလျက် (အေအိုင်အေ) ကို ထူထောင်သွားနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်နှစ်ဦး သဘောတူခဲ့ကြသည်။ စင်ကာပူနှင့်ထိုင်းနိုင်ငံတို့မှာ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးကိုတိုးမြှင့်ရန် နယ်ပယ်အများအပြားတွင် ပူးပေါင်းနိုင်ကြမည်ဖြစ်သည်။ ယင်းကိစ္စရပ်များကိုလေ့လာရန် ပူးတွဲကော်မတီထူထောင်သွားရန်နှင့် အတားအဆီးများကို ဖယ်ရှားပစ်မည့်ဥပဒေများကို ပြန်လည်သုံးသပ်ကြရန် ဝန်ကြီးချုပ်နှစ်ဦးက သဘောတူခဲ့ကြသည် စသဖြင့် ထိုင်းပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်အတွင်း အားကစားလောကၐ အာရှတိုက်၏ထိပ်တန်း ၁၀ နိုင်ငံအနက် တစ်နိုင်ငံဖြစ်လာရန် ရည်ရွယ်ထားကြောင်း စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်က မတ်လ ၁၇ ရက်နေ့က ပြောကြားသည်။ စထရိတ်တိုင်းမ်သတင်းစာနှင့် စင်ကာပူအားကစားကောင်စီ (အက်စ်အက်စ်စီ) တို့ ပူးတွဲကြီးမှူးကျင်းပသော စင်ကာပူလက်ရွေးစင် အမျိုးသားနှင့်အမျိုးသမီးအား ကစားသမား ၅၀ တို့အား ရွေးချယ်အသိအမှတ်ပြုရေးအခမ်းအနားၐ ဂိုချောက်တောင်က ဆက်လက်ပြောကြားရာၐ လက်ရွေးစင်အားကစားသမား ၅၀ တို့မှာ ရည်မှန်းချက်အောင်မြင်ရေးအတွက် မိမိတို့၏အကောင်းဆုံးနှင့်အမြင့်မားဆုံး မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးကြမည့်သူများ ဖြစ်သည်။ အားကစားမှာ ထူခွန်ရုံသက်သက်သာမဟုတ်ဘဲ နိုင်ငံတော်တည်ဆောက်ရေးအတွက်လည်း အရေးကြီးသည်သာမက လူမှုအဖွဲ့အစည်းအသီးသီးမှ ပြည်သူများအချင်းချင်း ရင်းနှီးခင်မင်လာအောင် ပြုလုပ်နိုင်သည့် ထိရောက်သောလုပ်ငန်းတစ်မျိုးလည်း ဖြစ်သည်။ အားကစားမှာ လူတစ်ဦးချင်း၏ စည်းကမ်းလိုက်နာမှု၊ ဖန်တီးစွမ်းရည်ရှိမှု၊ စွန့်စားမှုနှင့် ထူးခွန်လိုမှုကိုလည်း မွေးမြူပေးသည်။ တက်ကြွထူးခွန်သော အားကစားလုပ်ငန်းသည် စီးပွားရေးတွင်လည်း ထူးထူးခြားခြား အကျိုးကျေးဇူးဖြစ်ထွန်းစေသည်စသဖြင့် ဂိုချောက်တောင်က ပြောကြားခဲ့သည်။

လာမည့်နှစ်များတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများအတွက် အသင့်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်က မေလ ၁၉ ရက်နေ့တွင် စင်ကာပူလူငယ်များအား သတိပေးစကားပြောကြားခဲ့သည်။ ၁၀ ကြိမ်မြောက် နှစ်ပတ်လည်နိုင်ငံလုံးဆိုင်ရာ လူငယ်အောင်မြင်မှု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဂိုချောက်တောင်က မိန့်ခွန်းပြောကြားရာၐ ယခုကဲ့သို့ပြောကြားလိုက်ခြင်း ဖြစ်သည်။ လွန်ခဲ့သောနှစ် အနည်းငယ်အတွင်းက စင်ကာပူနိုင်ငံသားတို့သည် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။ လာမည့်နှစ်အနည်းငယ်တွင်လည်း နောက်ထပ်စိန်ခေါ်မှုများ ပေါ်ပေါက်လာဦးမည်ဖြစ်သည်။ စင်ကာပူနိုင်ငံသည် ယင်းစိန်ခေါ်မှုများကို လုံခြုံရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ နိုင်ငံ၏ စီးပွားရေးအနေအထားကို မူလအခြေအနေအတိုင်း ဖြစ်စေရန် ပြန်လည်တည်ဆောက်ခြင်းဖြင့် ပြန်လည်တုံ့ပြန်ရင်ဆိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးနယ်ပယ်တွင် စင်ကာပူနိုင်ငံအသစ်တစ်ဖန် ပြန်လည်လှုပ်ရှားနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်သော အလားအလာများ ပိုမိုတိုးတက်အောင်နှင့် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင်

အခက်အခဲတွေသူများကိုလည်း အကူအညီပေးကြရန် ဂိုချောက်တောင်ကလူငယ်များကို တိုက်တွန်းခဲ့သည်။

စီးပွားရေး - စင်ကာပူနိုင်ငံ၏ လက်လီဈေးကွက်မှာ ၂၀၀၁ ခုနှစ် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံဖိုးခန့် ရရှိပြီး နိုဝင်ဘာလတွင် ဒေါ်လာ ၁ ဒသမ ၂၀ ဘီလီယံဖိုးခန့် ရရှိကြောင်း ယင်းဌာနကဖော်ပြသည်။ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ (အမ်အေအင်) သည် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားဈေးကွက်အပြောင်းအလဲများ ထပ်တူထပ်မျှဖြစ်မှု လွယ်ကူစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု အမ်အေအက်စ်ဒုတိယဥက္ကဋ္ဌ အန္တရာယ်ကင်းပြီးခိုင်မာရေးကို ထိန်းသိမ်းကူညီသွားမည်။ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ထပ်တူထပ်မျှအံဝင်ခွင်ကျဖြစ်ရေးမှာ အမေရိကန်နှင့်ဥရောပ၏ အတွေ့အကြုံများနှင့် နှိုင်းစာလျှင် အာရှတွင်အကျိုးသက်ရောက်မှု နည်းပါးလျက်ရှိသည်။ သို့ရာတွင် အာရှတိုက် အနှံ့အပြား၌ ထပ်တူထပ်မျှတူညီရေးအတွက် အလားအလာကောင်းများ ကြီးမားစွာ တည်ရှိနေသည်စသည်ဖြင့် စင်ကာပူနိုင်ငံတွင် ကျင်းပသော ၂၀၀၂ ခုနှစ် အာရှဘဏ်လုပ်ငန်းရှင်များ ထိပ်သီးအစည်းအဝေးတွင် မစ္စတာပါးလ်မားက ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံ ကြုံတွေ့ခဲ့ရသော စီးပွားရေးအကျပ်အတည်းများကို ကျော်လွှားလွန်မြောက်နိုင်သော စွမ်းအားရှိကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ဂျော့ခ်ျယီအိုက ဩဂုတ်လ ၁၁ ရက်နေ့တွင် ပြောကြားခဲ့သည်။ စင်ကာပူ၌ နေထိုင်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေး လူထုအစီ

စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသော စင်ကာပူနိုင်ငံ၏ မြင်ကွင်းတစ်ခု

ဘာလတွင် ဒေါ်လာ ၁ ဒသမ ၂၀ ဘီလီယံဖိုးခန့် ရရှိကြောင်း ယင်းဌာနကဖော်ပြသည်။ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ (အမ်အေအင်) သည် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားဈေးကွက်အပြောင်းအလဲများ ထပ်တူထပ်မျှဖြစ်မှု လွယ်ကူစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု အမ်အေအက်စ်ဒုတိယဥက္ကဋ္ဌ အန္တရာယ်ကင်းပြီးခိုင်မာရေးကို ထိန်းသိမ်းကူညီသွားမည်။ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ထပ်တူထပ်မျှအံဝင်ခွင်ကျဖြစ်ရေးမှာ အမေရိကန်နှင့်ဥရောပ၏ အတွေ့အကြုံများနှင့် နှိုင်းစာလျှင် အာရှတွင်အကျိုးသက်ရောက်မှု နည်းပါးလျက်ရှိသည်။ သို့ရာတွင် အာရှတိုက် အနှံ့အပြား၌ ထပ်တူထပ်မျှတူညီရေးအတွက် အလားအလာကောင်းများ ကြီးမားစွာ တည်ရှိနေသည်စသည်ဖြင့် စင်ကာပူနိုင်ငံတွင် ကျင်းပသော ၂၀၀၂ ခုနှစ် အာရှဘဏ်လုပ်ငန်းရှင်များ ထိပ်သီးအစည်းအဝေးတွင် မစ္စတာပါးလ်မားက ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံ ကြုံတွေ့ခဲ့ရသော စီးပွားရေးအကျပ်အတည်းများကို ကျော်လွှားလွန်မြောက်နိုင်သော စွမ်းအားရှိကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ဂျော့ခ်ျယီအိုက ဩဂုတ်လ ၁၁ ရက်နေ့တွင် ပြောကြားခဲ့သည်။ စင်ကာပူ၌ နေထိုင်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေး လူထုအစီအစဉ်၌ သတင်းထောက်များအား ဂျော့ခ်ျယီအိုက ဆက်လက်ပြောကြားရာတွင် မသေမချာမရေရာမှုများသည် ဒေသအတွင်း ရှိမြဲရှိနေသည်။ မဟာဗျူဟာမြောက် ပတ်ဝန်းကျင်သည် ပြောင်းလဲနေပြီး မိမိတို့၏ မဟာဗျူဟာများကြံ့ခိုင်မြဲကြံ့ခိုင်နေစေရန် မိမိတို့ အသေအချာလုပ်ဆောင်ကြရမည်။ စည်းလုံးညီညွတ်စွာနေထိုင်ကြပြီး ပျော့ပျောင်းမှုရှိနေကြရမည် စသည်ဖြင့်ပြောကြားခဲ့သည်။ အမျိုးသားနေ့၌ ပေးပို့သော သဝဏ်လွှာတွင် ဝန်ကြီးချုပ် ဂိုချောက်တောင်က စင်ကာပူ၏စီးပွားရေးသည် ယခုနှစ် ဒုတိယသုံးလပတ်အတွင်း ၃ ဒသမ ၉ ရာခိုင်နှုန်း တိုးလာသည်။ ၂၀၀၂ ခုနှစ် ပထမနှစ်ဝက်အတွက် တိုးတက်မှုသည် ၁ ဒသမ ၂ ရာခိုင်နှုန်းရှိသည်စသည်ဖြင့် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ပြင်ပပတ်ဝန်းကျင်အခြေအနေ မရေမရာဖြစ်နေစေကာမူ ယခုနှစ်ဒုတိယခြောက်လတွင် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်လိမ့်မည်ဟု စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန

(အမ်တီအိုင်) က ဩဂုတ်လ ၁၂ ရက်နေ့က ထုတ်ပြန်သော ၂၀၀၂ ခုနှစ် ဒုတိယသုံးလပတ်စီးပွားရေးစစ်တမ်းဌ ဖော်ပြထားသည်။ ယင်းမှတ်တမ်းတွင် အမ်တီအိုင်သည် စင်ကာပူနိုင်ငံ၏ ၂၀၀၂ ခုနှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန့် ခန့်မှန်းချက်ကို မူလက ၂ ရာခိုင်နှုန်း၊ ၃ ရာခိုင်နှုန်းသာရှိမည်ဟု ခန့်မှန်းခဲ့ရာမှ ၃ ရာခိုင်နှုန်းနှင့် ၄ ရာခိုင်နှုန်းရှိမည်ဟု ပြောင်းလဲ သတ်မှတ်လိုက်သည်။ အထူးသဖြင့် ထုတ်လုပ်မှုကဏ္ဍတွင် စီးပွားရေး ပြန်လည်ကောင်းမွန်လာသော အရှိန်အဟုန်မှာ စင်ကာပူ၏ ယခုနှစ် ဒုတိယခြောက်လပိုင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟုပြော၍ ယင်းသို့ ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံ၏ ၂၀၀၂ ခုနှစ် ဒုတိယသုံးလပတ်စီးပွားရေးဝန်ဆောင်မှုနှင့် ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်ကို ထည့်သွင်းတွက်ချက်ကာ ယင်းကဲ့သို့ပြင်ဆင်သတ်မှတ်ခြင်း ဖြစ်သည်။ ထို သုံးလပတ်တွင် စင်ကာပူနိုင်ငံ၏စီးပွားရေး တိုးတက်မှုသည် နှစ်အလိုက်နှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်လာကြောင်း၊ ပထမ သုံးလပတ်က ၁ ဒသမ ၅ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေးကို အဆောတလျင် အရေးတကြီး ပြုပြင်ပြောင်းလဲရန် ဝန်ကြီးချုပ် ဂိုချောက်တောင်က ဩဂုတ်လ ၁၉ ရက်နေ့တွင် အထူးအလေးထားပြောကြားခဲ့သည်။ အမျိုးသားနေ့လူထုအစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ၌ စင်ကာပူနိုင်ငံ၏စီးပွားရေးသည် လက်ရှိစီးပွားရေးပုံစံဖြင့် တိုးတက်ကောင်းမွန်ခဲ့သည်။ သို့သော် ကမ္ဘာ့ပြောင်းလဲမှုတွင် လိုက်ပါနေသောစင်ကာပူနိုင်ငံသည် ပြုပြင်ဆန်းသစ်ရန် လိုအပ်သည်။ စင်ကာပူစီးပွားရေးကို ပြုပြင်ပြောင်းလဲမှုမရှိလျှင်၊ စွမ်းဆောင်ရည်များကို အသစ်တစ်ဖန်မတည်ဆောက်လျှင် မိမိတို့အဆင့်အတန်းပိုမိုမြင့်မားလာနိုင်မည်မဟုတ်။ မိမိတို့၏ စီးပွားရေးကို ယခုအခါပြုပြင်ပြောင်းလဲမှုများ မလုပ်လျှင် အနာဂတ်တွင်မျှော်လင့်ချက် အားရဖွယ်ရှိမည်မဟုတ်။ စီးပွားရေးတိုးတက်မလာရုံသာမက ကျဆင်းသွားနိုင်သည် စသည်ဖြင့် ဂိုချောက်တောင်က ပြောကြားခဲ့သည်။

အာရှစီးပွားရေး အခြေအနေကောင်းလာပြီဖြစ်၍ စင်ကာပူနိုင်ငံသည် အာရှတိုက်တွင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကျိုးအမြတ်ကို ကောင်းစွာရရှိနိုင်သော အနေအထားရှိကြောင်း ဝန်ကြီးချုပ် ဂိုချောက်တောင်က အောက်တိုဘာလ ၁၁ ရက်နေ့တွင် ပြောကြားခဲ့သည်။

စင်ကာပူစက်မှုလုပ်ငန်းပေါင်းချုပ်အသင်း၏ နှစ်ပတ်လည်ညစာစားပွဲတွင် မိန့်ခွန်းပြောကြားရာ၌ တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယအပါအဝင် အာရှနိုင်ငံများသည် ယခင်နှစ်က ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှေးကွေးစေကာမူ အလွန်တိုးတက်မှု ရှိခဲ့သည်။ နောင်နှစ်တွင်လည်း ယင်းနိုင်ငံများ၏ စီးပွားရေးခိုင်မာမည်ဟု မျှော်လင့်သည်။ ယင်းအာရှနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုကို စင်ကာပူထုတ်ကုန်ကဏ္ဍအတွက် ဝယ်လိုအားကကျားကန်ပေးနိုင်သည်။ တရုတ်နိုင်ငံသို့ အာဆီယံမှပစ္စည်းတင်ပို့မှုမှာ ယခင်နှစ်က ၁၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ထိုအချိန်၌ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသို့ ဒေသထွက်ကုန်ပစ္စည်းတင်ပို့မှုမှာ ၁၁ ရာခိုင်နှုန်းနှင့် ၅ ရာခိုင်နှုန်းလျော့ကျခဲ့သည်စသည်ဖြင့် ဂိုချောက်တောင်က ပြောကြားခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး- စင်ကာပူနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်နိုင်ရေးအတွက် ပိုမိုရင်းနှီးသော စီးပွားဖက်များအဖြစ် ဖန်တီးနိုင်ရန် နည်းလမ်းများရှာဖွေမည့်ပူးတွဲ လေ့လာရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းသွားရန် သဘောတူညီလိုက်ကြပြီဖြစ်သည်။ စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်နှင့်ဧည့်သည်တော် အိန္ဒိယဝန်ကြီးချုပ် အတာလ်ဘီဟာရီဗာဂ်ပါယီတို့ ဧပြီလ ၈ ရက်နေ့က စင်ကာပူတွင် တွေ့ဆုံဆွေးနွေးကြစဉ် ယင်းသဘောတူညီချက် ရရှိလိုက်ခြင်းဖြစ်သည်။ ယင်းသဘောတူစာချုပ်မှာ အိန္ဒိယနှင့်စင်ကာပူနှစ်နိုင်ငံအတွက် အရေးကြီးပြီးအကျိုးပြုမည်ဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဂျော့ယီအိုက ခေါင်းဆောင်ကြီးနှစ်ဦးဆွေးနွေးပွဲအပြီးတွင် သတင်းစာဆရာများအား ပြောကြားသည်။

အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲဝင်နိုင်ငံများနှင့် စီးပွားရေး၊ နိုင်ငံရေးနှင့် လုံခြုံရေးကိစ္စရပ်များ၌ ပိုမိုရင်းနှီးစွာ

ဆက်ဆံနိုင်ရေးနည်းလမ်းများကို ရှာဖွေနေကြကြောင်း အိန္ဒိယဝန်ကြီးချုပ်က ဧပြီလ ၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ စင်ကာပူသို့ လာရောက်လည်ပတ်သောခရီးစဉ်၏ နောက်ဆုံးနေ့တွင် စင်ကာပူပြည်သူတို့အား ပြောကြားရာတွင် အရှေ့တောင်အာရှဒေသသည် အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ မဟာဗျူဟာဆိုင်ရာနှင့် စီးပွားရေးကိစ္စရပ်များတွင် အဓိကကျသောဒေသဖြစ်သည်။ လောလောဆယ်တွင် အိန္ဒိယနိုင်ငံသည် အိန္ဒိယ - အာဆီယံ ၂၀၂၀ ပြည့်နှစ် ဆက်ဆံရေးဆိုင်ရာ အစီအစဉ်တစ်ရပ်ပေါ်ထွန်းအောင်ဖော်ဆောင်ပြီး အာဆီယံဒေသနှင့် နက်နက်ရှိုင်းရှိုင်းဆက်ဆံရေးနည်းလမ်းများ ရှာဖွေနေသည်စသည်ဖြင့် အိန္ဒိယဝန်ကြီးချုပ်က ပြောကြားခဲ့ သည်။

စင်ကာပူနိုင်ငံသို့ မိမိ တရားဝင်လာရောက်လည်ပတ်သောခရီးစဉ်မှာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်စေရန် တွန်းအားဖြစ်စေမည်ဟု မျှော်လင့်ကြောင်း စင်ကာပူသို့ ဧပြီလ ၂၆ ရက်နေ့က ရောက်ရှိလာသော တရုတ်ဒုတိယသမ္မတ ဟူကျင်တောင်က ပြောကြားသည်။

တရုတ်နှင့်စင်ကာပူနိုင်ငံတို့သည် ၁၉၉၀ ပြည့်နှစ်တွင် သံတမန်ဆက်ဆံရေးထူထောင်ခဲ့ပြီးမှစ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခဲ့သည်။ ကဏ္ဍအများအပြားဌ နှစ်နိုင်ငံအပြန်အလှန် အကျိုးထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များတွင် ကောင်းစွာညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ခဲ့သည်။ စင်ကာပူနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရန် အကျိုးထိရောက်စွာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရန်မှာ တရုတ်အစိုးရ၏ မူဝါဒဖြစ်သည်။ စင်ကာပူဌမိမိလည်ပတ်စဉ်အတွင်း နှစ်နိုင်ငံပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာနှင့်ဒေသဆိုင်ရာ အကျိုးစီးပွားကိစ္စရပ်များကို စင်ကာပူခေါင်းဆောင်များနှင့် သဘောထားအမြင်ချင်းနက်ရှိုင်းစွာ သုံးသပ်ဖလှယ်သွားမည်စသည်ဖြင့် ဟူကျင်တောင်က ပြောကြားခဲ့သည်။

မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံတို့ ပူးတွဲချုပ်ဆိုမည့် စာချုပ်အရ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း စင်ကာပူနိုင်ငံက မေလ ၄ ရက်နေ့တွင် ပြောကြားလိုက်သည်။ ကျန်သောအာဆီယံနိုင်ငံများကလည်း ပူးပေါင်းပါဝင်ရန် မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကလိုလားပါက သုံးပွင့်ဆိုင် သဘောတူညီချက်ကို လေ့လာဆန်းစစ်ရန် ပေးပို့သင့်ကြောင်း ရိုက်တာသတင်းဌာနမေးမြန်းချက်ကို စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက ပြန်ကြားသည်။ ထိုပူးပေါင်းဆောင်ရွက်မှုဌ ဖြည့်စွက်စရာရှိပါက စင်ကာပူကလိုလားစွာ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဌာန ပြန်ကြားစာဌ ဖော်ပြထားသည်။ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်တို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး သဘောတူစာချုပ်တစ်ရပ်ကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ဌ် မေလ ၇ ရက်နေ့ဌ် လက်မှတ်ရေးထိုးခဲ့ကြသည်။ စာချုပ်အရ ထောက်လှမ်းရေးသတင်းများ ဖလှယ်ကြမည်ဖြစ်သည်။

စင်ကာပူတွင် အလည်အပတ်ရောက်ရှိနေသော ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဘလက်စ်အိုပီးသည် ဝန်ကြီးချုပ်ဂိုချောက်တောင်နှင့် ဩဂုတ်လ ၁၉ ရက်နေ့တွင် တွေ့ဆုံ၍ နှစ်နိုင်ငံနှင့်ဒေသဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ဖိလစ်ပိုင်နှင့် အာဆီယံနိုင်ငံများ အပြန်အလှန်ဆက်ဆံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆွေးနွေးခဲ့ကြသည်ဟု စင်ကာပူဝန်ကြီးချုပ်၏ ပြန်ကြားရေးအရာရှိက ထုတ်ဖော်ပြောကြားသည်။ စင်ကာပူနိုင်ငံသည် ဖိလစ်ပိုင်တွင် အဓိကရင်းနှီးမြှုပ်နှံသောနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။

သင့်ဘဝ - ဦးရဲလွင်

ဆန်းလွင်၊ ဦး (စာရေးဆရာ)(ခရစ် ၁၉၃၈-၂၀၀၂) ။ ။ စာရေးဆရာဆန်းလွင်ကို ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ဌ် ရခိုင်ပြည်နယ် သံတွဲမြို့တွင် အဘ ကုန်သည်ဦးဘိုးညွန့်၊ အမိ ဒေါ်လှကြီးတို့က မွေးဖွားသည်။

ဒဿနစာပေများ ရေးသားတင်ပြခြင်းဌ ထင်ရှားခဲ့သော စာရေးဆရာဆန်းလွင်သည် ကလေးအရွယ်ကမိဘအုပ်ထိန်းမှုအောက်တွင် မိဘများ၏

ဆန်းလွင်

ဆန်းလွင်၊ ဦး (စာရေးဆရာ)

ဦးချစ်ဆွေတို့၏ ကူညီပံ့ပိုးမှုဖြင့် စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ်ကို စတင်ဖန်တီးရေးဖွဲ့သည်။

၁၉၅၈ ခုနှစ်တွင် သူ၏ဝတ္ထုအတော်များများထွက်ပေါ်လာသည်။ 'အသည်းလမ်းမှာ လျှောက်လာပါ'၊ ဒေါက်တာမော်လီမိုး၊ သစ္စာနယ်လွန်သူရယ်၊ မုန်းသံသရာချေ ကာလပေါ်ဝတ္ထုများ ထုတ်ဝေခဲ့သည်။ ထို့ပြင် ခေတ်မီစာပေနှင့် စည်ပင်သာယာပုံနှိပ်တိုက်ပိုင်ရှင် ဦးလှသန်းနှင့်ရင်းနှီးလာရာမှ 'မုန်းဆက်ဆက်မရှယ်' ဝတ္ထုကိုရေးသားထုတ်ဝေခဲ့သည်။

ဝတ္ထုများလှိုင်လှိုင်ထွက်နေသကဲ့သို့ တစ်ဖက်မှလည်းသူသည် လူဝင်မှုကြိုးကြပ်ရေးအရာရှိအဖြစ်လည်းကောင်း၊ အလွတ်ပညာသင်ကျောင်းဆရာအဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။

တက္ကသိုလ်တက်ရောက်စဉ် လောကျစ်သင်ခန်းစာပို့ချချိန်၌ ဆရာဦးဖေအောင်၏ပို့ချမှုမှ 'အရစ်တိုတယ်' ဟူသောအမည်ကြားလိုက်ချိန်မှ စတင်၍ ဒဿနိကဗေဒဘာသာကို စိတ်ဝင်စားမှုပိုခဲ့သည်။ ပါမောက္ခဆရာ ကေအင်ကား၊ ဒေါက်တာခင်မောင်ဝင်း၊ ဒေါ်ခင်ဆက်ရည်၊ ဦးခင်မောင်ဒင် ဟူသောဆရာများ၏ သင်ကြားမှု အောက်ဝယ် သူသည်ဒဿနိကဘာသာရပ်တွင် ထူးချွန်လာခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ဒဿနိကဗေဒဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့ (ရွှေတံဆိပ်) ရကာ မဟာဝိဇ္ဇာတန်းကို ဆက်လက်သင်ကြားခဲ့သည်။ ထိုကာလမှာပင် သူသည် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဒဿနိကဗေဒဌာနတွင် နည်းပြဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ နည်းပြဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်းနှင့် ဒဿနိကဗေဒကျမ်းများကို စတင်ပြုစုခဲ့ရာ 'သျှင်ဥက္ကဋ္ဌသို့ပြန်ကြားချက်' နှင့် 'ရွှေဥဒေါင်းသို့ ပြန်ကြားချက်' ဟူသော စာအုပ်နှစ်အုပ်သည်ပထမဆုံးထွက်ပေါ်လာခဲ့သည်။

ထိုနောက် ဖီလိုဆိုဖီ ကကြီးခကွေး၊ ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ၊ တရုတ်တွေးခေါ်ရှင်ကြီးများ၊ ရုရှားတွေးခေါ်ရှင်ကြီးများ၊ ဘာထရန်ရပ်ဆယ်ဘဝ၊ သိပ္ပံပညာကျော်အိုင်စတိုင်း စာအုပ်များကိုပြုစုခဲ့သည်။

အသက် ၃၂ နှစ်အရွယ်တွင် ပါမောက္ခဒေါက်တာခင်မောင်ဝင်းက သူ့အားကမ္ဘာအေး ဓလေ့ထုံးစံအတိုင်း နေထိုင်ခဲ့သော်လည်း အရွယ်ရောက်လာသောအခါ တစ်မျိုးတစ်ဖုံစိတ်ပိုင်းဆိုင်ရာ အတွေးအခေါ်များ ပေါ်ပေါက်လာခဲ့သည်။ ငယ်စဉ်က မိရိုးဖလာအရ ဗုဒ္ဓဘာသာဝင်မဟုတ်ခဲ့ပေ။ အသက် (၁၈) နှစ်အရွယ်တွင် မိဘများ၏ဘာသာအပြင် အခြားဘာသာ အယူဝါဒများကိုလည်း လေ့လာခဲ့သည်။ အသက် (၂၂) နှစ်တွင် ကွန်မြူနစ်ဝါဒကိုလေ့လာပြီးနောက် ဘာသာအယူဝါဒကို စွန့်ပယ်ခဲ့သည်။

၁၉၅၅ ခုနှစ်၌ ဆယ်တန်းအောင်သောအခါ မိခင်နှင့်ဦးလေးဖြစ်သူက သူ့အားရန်ကုန်မြို့တော်သို့ပို့လိုက်သည်။ ဘော်ဒါဆောင်တစ်ခုတွင် နေထိုင်ရင်းပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိကောက်ပဲသီးနှံဝယ်ယူရေးအဖွဲ့ (ကုန်သွယ်ရေး) ရုံးတွင် အောက်တန်းစာရေး၊ ထို့နောက် အထက်တန်းစာရေးအဖြစ် အမှုထမ်းကာ တစ်ဖက်မှလည်း သက်ကြီးတက္ကသိုလ်သို့တက်၍ ဘဝကိုရုန်းကန်ခဲ့သည်။

စာရေးဆရာဖြစ်ချင်သည့် ဦးဆန်းလွင်သည် တက္ကသိုလ်ကျောင်းသားဘဝတွင် မြန်မာစာမြတ်နိုးစိတ်ဖြင့် စာပေကို လေ့လာလိုက်စားခဲ့သည်။ တက္ကသိုလ် မြန်မာစာအသင်း ဖွဲ့သောအခါ အမှုဆောင်အဖြစ် ဝင်ရောက်ဆောင်ရွက်ကာ အသင်းမှကျင်းပပေးသော စကားရည်လုပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုများရရှိခဲ့သည်။

စာပေလောကသို့ ထိုအချိန်မှစ၍ ဝင်ရောက်ခဲ့သည်။ ထိုစဉ်က တစ်ကျပ်တန်၊ ပြားခြောက်ဆယ်တန်ဝတ္ထုများထုတ်ဝေစအချိန် ဖြစ်သည်။ စာရေးဆရာအထောက်တော်လှအောင်နှင့် စာပန်းချီ

ကုန်းမြေရှိ ဗုဒ္ဓတက္ကသိုလ်သို့စေလွှတ်၍ ဗုဒ္ဓ၏ကိုယ်ကျင့်တရားပညာ (Buddhist Ethiecs) ကို သုတေသနပြုရန် လမ်းညွှန်ခဲ့သည်။ ထိုမှ့စ၍သူသည် ဗုဒ္ဓဘာသာအယူဝါဒကို စနစ်တကျလေ့လာလိုက်စားခဲ့သည်။ ထိုစဉ်တွင်ပင် သူ၏ဆရာမရီနာဆာကားအိမ်တွင်ကျေးဇူးတော်ရှင် တောင်ပုလုဆရာတော်ကြီးကို ဖူးခွင့်ရသည်။ သိလိုသောပြဿနာပုစ္ဆာများအား ဆရာတော်ကြီးကို မေးခွင့်ရသည်။ ဆရာတော်ကြီးက တိုက်ရိုက်မဖြေဘဲ ပဋိပုစ္ဆာဗျာကရဏနည်းဖြင့် မေးခွန်းမေး၍ပြန်ဖြေသည်။

၁၉၆၈ ခုနှစ်တွင် အေးစာပေတိုက်မှ ထုတ်ဝေသောဖဲသမားဝတ္ထု (ဘာသာပြန်)ဖြင့် အမျိုးသားစာပေစတုတ္ထဆု ရခဲ့သည်။

ဦးဆန်းလွင်သည် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၌ တာဝန်ထမ်းဆောင်နေရာမှ မြစ်ကြီးနားကောလိပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ ထိုအခါ ကချင်ပြည်နယ်နေရာအနှံ့သို့ လှည့်လည်လျှောက်သွားရင်း အတွေ့အကြုံများကို ၁၉၆၅-၆၆ လုပ်သားပြည်သူနေ့စဉ်သတင်းစာ၌ ဆောင်းပါးရေးသားတင်ပြခဲ့သည်။ ထိုဆောင်းပါးများမှာ ၁၉၆၅ ခုနှစ်၊ ကချင်ပြည်နယ်ဦးစီးအဖွဲ့နှင့် လမ်းစဉ်ပါတီတိုင်းခွဲ (၅)၊ ကိုင်းကြီးကြပ်ရေးကော်မတီ၏ တာဝန်ပေးချက်အရ ကချင်ယဉ်ကျေးမှုသမိုင်း သုတေသနအဖွဲ့ကို ခေါင်းဆောင်၍ ကချင်ပြည်နယ်အနှံ့အပြားသို့ သွားရောက်လေ့လာခြင်း၏ရလဒ်ဖြစ်သည်။ ထိုမျှမကသေးပေ၊ ကချင်ပြည်နယ်ရှိ စာပေမိတ်ဆွေများနှင့် ပူးပေါင်း၍ တက္ကသိုလ်ကျောင်းသူတစ်ဦးပြဇာတ်ကိုရေးကာ စင်တင်ကပြစေခဲ့သည်။

၁၉၆၇ ခုနှစ်တွင် မြစ်ကြီးနားကောလိပ်မှ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ ပြန်လည်ပြောင်းရွှေ့ရသည်။ ၁၉၇၁ ခုနှစ်တွင် ဒေါက်တာခင်မောင်ဝင်းနှင့် တွဲဖက်၍'အခြေခံယုတ္တိဗေဒကျမ်း' ကို ပြုစုခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ကထိကရာထူးဖြင့် ပညာရေးလောကမှ အငြိမ်းစားယူခဲ့သည်။

၁၉၆၈ ခုနှစ်တွင် သူသည်ရုပ်ရှင်လောကသို့ ဇာတ်ညွှန်းရေးဆရာအဖြစ် စတင်ဝင်ရောက်ခဲ့သည်။ ထိုနောက် ဒါရိုက်တာနန္ဒာမင်းခေါင်အမည်ဖြင့် ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးခဲ့သည်။ 'မျက်နှာငယ်ရမှာက မောင့်ချစ်ဦး'၊ လောကကို အလှဆင်မယ် ရုပ်ရှင်ကားများမှာ ဦးဆန်းလွင်ဒါရိုက်တာလုပ်ရိုက်ကူးသော ဇာတ်ကားများဖြစ်သည်။ ထို့နောက် ဆန်းလွင်ရုပ်ရှင်သရုပ်ဆောင်သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

၁၉၇၂ ခုနှစ်၊ အောက်တိုဘာလတွင် 'ရုပ်ရှင်အနုပညာနှင့်ရုပ်ရှင်အတတ်ပညာ အခြေခံများ' စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ စာရေးဆရာဆန်းလွင်အဖြစ်နှင့် ပြုစုခဲ့သောစာအုပ်များမှ ထင်ရှားခဲ့သည်များမှာ 'ရတနာသုံးပါးကိုယုံကြည်ကိုးကွယ်ဆည်းကပ်လာသူ တစ်ယောက်အကြောင်း၊ သစ္စာဉာဏ်ပွင့်ဒဿန၊ ရွှေတောင်တက်ဒဿန၊ ဘုံစဉ်စံဒဿန၊ သေခြင်းဒဿန၊ မိုးကုတ်ဝိပဿနာရှုနည်းလက်စွဲ၊ ကိုယ်တွေ့ဝိပဿနာ၊ ဗုဒ္ဓဘာသာသိမှတ်ဖွယ်ရာများ၊ ထေရဝါဒအုတ်မြစ်များအဖွင့် တို့ဖြစ်သည်။ ဝိပဿနာရှုနည်းလက်စွဲကျမ်းနှင့် ယောဂီလက်စွဲကျမ်းများကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရေးသားခဲ့သည်။

ဦးဆန်းလွင်သည် အယူအဆစုံသကဲ့သို့ ဘဝလည်းစုံလင်လှသည်။ အသက် ၃၅ နှစ်တွင် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူခဲ့ကာ အသက် ၅၈ နှစ် (၁၉၉၆) တွင် အရှင်အာဒိစ္စရံသီဘွဲ့ဖြင့် ရဟန်းအဖြစ်ခံယူခဲ့သည်။ ရဟန်းဘဝတွင် ဗုဒ္ဓဘာသာသင်တန်းများဖွင့်၍ ပို့ချပေးခဲ့သည်။

တောင်ငူမြို့ ရွှေမင်းဝန်ကျောင်းတိုက်ဆရာတော်အဖြစ်နှင့် ဘာသာရေး၊ သာသနာရေးလုပ်ငန်းများကို ဆောင်ရွက်တော်မူရင်း ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။ ။

ဦးစိုးမြင့်သန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ။ ။ ဇန်နဝါရီလလယ်ခန့်တွင် တရုတ်နှင့်အမေရိကန်တို့အကြား သံတမန်ဆက်ဆံမှု တင်းမာစေသည့်ဖြစ်ရပ်တစ်ခုပေါ်ပေါက်ခဲ့သည်။ တရုတ်သမ္မတကြီးကျန်ဇီမင်းအတွက် အထူးသီးသန့်လေယာဉ် တည်ဆောက်ပေးရန် ဘိုးရင်းကုမ္ပဏီသို့ အပ်နှံခဲ့သည်။ ထိုဘိုရင်း ၇၆၇ လေယာဉ်ကို တည်ဆောက်ပြီးသောအခါ တရုတ်အစိုးရသို့လွှဲအပ်ခဲ့သည်။ သက်ဆိုင်ရာတရုတ်အာဏာပိုင်များက ထိုဘိုရင်း ၇၆၇ လေယာဉ်ကို စစ်ဆေးကြည့်ရှုခဲ့ရာ လျှို့ဝှက်ထောက်လှမ်းရေးပြုလုပ်ထားသည့်

အမေရိကန်သမ္မတ ဘုရှ် ဖေဖော်ဝါရီလက တရုတ်နိုင်ငံသို့ အလည်အပတ် ရောက်ရှိရာတွင် တရုတ် ဒုတိယသမ္မတ ဟူကျင်တောင်းနှင့် တွေ့ဆုံခဲ့စဉ်

ပစ္စည်းကိရိယာ ၂၀ ကို ဖော်ထုတ်ရရှိခဲ့ကြသည်။ ဤသို့တွေ့ရှိဖော်ထုတ်ခဲ့ကြောင်း ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကြေညာခဲ့သည်။ ထိုလေယာဉ်စတင် တည်ဆောက်စဉ်ကပင် တရုတ်အရာရှိ ၂၀ တို့အား စောင့်ကြည့်ကြီးကြပ်စေခဲ့သည်။ ထိုပုဂ္ဂိုလ်တို့အား တာဝန်လစ်ဟင်းပေါ်ဆမှုဖြင့် ရာထူးမှထုတ်ပယ်ခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၂၁ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲလုပ်သောအခါ ဤကိစ္စကိုအထူးအလေးမထားသကဲ့သို့ ပြောဆိုခဲ့သည်။ အနာဂတ်ကာလ တရုတ်-အမေရိကန် ဆက်ဆံရေး တိုးတက်ကောင်းမွန်ရေးကို ရှေးရှုလျက် ဤသို့သဘောထားခဲ့ဟန်တူသည်။ ထို့ပြင် ဖေဖော်ဝါရီလ၌ သမ္မတဘုရှ်နှင့်သမ္မတကျန်ဇီမင်းတို့ တရုတ်ပြည်၌တွေ့ဆုံကြရန် စီစဉ်ထားပြီးဖြစ်ရာ နှစ်နိုင်ငံခေါင်းဆောင်ချင်းအပြန်အလှန် ရင်းနှီးချစ်ကြည်မှုရရှိရေးအတွက် ဤကိစ္စကိုတရားဝင်ကန့်ကွက်ခြင်းမပြုခဲ့ပေ။

တရုတ်ပြည်လုံးဆိုင်ရာ စာရင်းစစ်အဖွဲ့သည် ပြည်တွင်းရှိ ဘဏ္ဍာငွေသုံးစွဲမှုများကို စစ်ဆေးခဲ့သည်။ ယင်းသို့ ပုံမှန်စစ်ဆေးရင်းတရုတ်ဘဏ် (Bank of China) ၌ ယွမ်ငွေ ၂ ဒသမ ၇ ဘီလီယံကို လိမ်လည်လှည့်ဖြားခဲ့ကြောင်း တွေ့ရှိရသည်။ တရုတ်ဘဏ်သည် အဓိကဘဏ်ကြီး ၄ ခုအနက်မှတစ်ခုဖြစ်သည်။ တရားမဝင်သောနည်းလမ်းများဖြင့် ငွေများချေးခဲ့ခြင်း၊ လုပ်ငန်းရှင်များသို့ ယုံကြည်ကြောင်း ငွေကြေးအာမခံသည့်စာများထုတ်ပေးခြင်းတို့၌ အဆိုပါငွေပမာဏကို လိမ်လည်ခဲ့ကြခြင်းဖြစ်သည်။ သို့ဖြစ်၍ အဆိုပါဘဏ်မှ တာဝန်ရှိသူ ၃၅ ဦးတို့အား ပြစ်ဒဏ်ပေးသည့်အနေဖြင့် အခြားဘဏ်များသို့ပြောင်းရွှေ့ပစ်ခဲ့သည်။ ထိုစဉ်က တရုတ်ဘဏ်၏ဥက္ကဋ္ဌမှာ ဝမ်ရွှေးသင်းဖြစ်သည်။ သူသည် လေးစားခံရသောဘဏ်လုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။

ဇန်နဝါရီလနှောင်းပိုင်းတွင် တရုတ်အစိုးရသည် ရေကြောင်းများသန့်ရှင်းရေး၊ လေထုညစ်ညမ်းမှုပပျောက်ရေးတို့အတွက် လုပ်ငန်းစီမံကိန်းကြီးတစ်ရပ်ရေးဆွဲဆောင်ရွက်ခဲ့သည်။ ၅ နှစ်စီမံကိန်းအတွက် ဒေါ်လာ ၈၄ ဘီလီယံကျခံသုံးစွဲရန် စီစဉ်ထားခဲ့သည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ယခင် ၅ နှစ်ကာလထက် နှစ်ဆပိုမိုသုံးစွဲလာခြင်းဖြစ်သည်။

ဖေဖော်ဝါရီလ ၂၁-၂၂ ရက်နေ့များတွင် သမ္မတဘုရှ်သည် တရုတ်ပြည်သို့သွားရောက်လည်ပတ်ခဲ့သည်။ သမ္မတနှစ်ဦးတို့ ထိပ်သီးဆွေးနွေးပွဲကျင်းပခဲ့သည်။ သမ္မတဘုရှ်သည် တရုတ်ကုန်သွယ်ရေးအရာရှိများနှင့်လည်း တွေ့ဆုံ၍မေးခွန်းများကို ဖြေကြားခဲ့သည်။ ဤသို့တွေ့ဆုံမေးမြန်းပြောကြားပုံများကို တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်သည့် ရုပ်/သံအစီအစဉ်များမှာ ဖော်ပြခဲ့သည်။ နှစ်နိုင်ငံအရာရှိများသည် ဘုရှ်၏ခရီးစဉ်နှင့်ပတ်သက်၍ အကောင်းဘက်မှ ရှုမြင်ပြောကြားခဲ့သည်။ သို့သော်လည်း

ကုန်သွယ်ရေးနှင့် ကာကွယ်ရေးကိစ္စများတွင် အဓိက ကျသောကိစ္စများအတွက် သဘောတူညီချက်မရရှိခဲ့ပေ။ ပါကစ္စတန်နှင့်အီရန်သို့ ဒုံးကျည်ပစ္စည်းကိရိယာများနှင့်နည်းပညာတို့ကို တရုတ်ပြည်ကတင်ပို့နေမှုနှင့်ပတ်သက်၍ အမေရိကန်တို့အလိုကျအတိုင်းမဖြစ်ခဲ့ပေ။ သမ္မတဘုရှ်သည် တရုတ်ပြည်၌ရှိစဉ် ဘာသာရေးလွတ်လပ်ခွင့်နှင့် စပ်လျဉ်း၍တိုက်တွန်းနှိုးဆော်ခဲ့သည်။ ဘုရှ်သည်ထိုခရီးစဉ်၌ "တရုတ်တစ်နိုင်ငံတည်းရှိမှု" (One China) ကိုထောက်ခံကြောင်း၊ ထိုင်ဝမ်ကိစ္စကို ငြိမ်းချမ်းစွာဆွေးနွေးဖြေရှင်းစေလိုကြောင်းများကို ပြောခဲ့သည်။

ဖေဖော်ဝါရီလစောစောပိုင်းတွင် တရုတ်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့က စွမ်းအင်ကဏ္ဍ ပြန်လည် ဖွဲ့စည်းတည်ဆောက်ရေး စီမံကိန်းကို အတည်ပြုပေးခဲ့သည်။ စွမ်းအင်ကဏ္ဍ၌ နိုင်ငံတော်စွမ်းအားကော်ပိုရေးရှင်းက ကြီးစိုးလွှမ်းမိုးထားမှုကို လျော့ပါးသွားစေတော့မည်ဖြစ်သည်။ ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဝေပေးမှုတို့ကို သီးသန့်စီခွဲခြားထားတော့မည်ဖြစ်သည်။ ဤသို့ဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲခစျေးနှုန်းများကို ချပစ်တော့မည်ဖြစ်သည်။ ထို့ပြင် အနောက်မြောက်ဒေသရှိ စင်ကျန်ပြည်နယ်မှ သဘာဝဓာတ်ငွေ့များကို ရှန်ဟိုင်း၌ ဓာတ်ငွေ့သုံးစွဲသူများထံသို့ ပို့လွှတ်မည့်စီမံကိန်းကို ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အစိုးရကထုတ်ဖော်ကြေညာလိုက်သည်။ ဤစီမံကိန်းအတွက် ဒေါ်လာ ၁၈ ဘီလီယံကုန်ကျမည်ဖြစ်သည်။ ဤစီမံကိန်းသည် ၂၀၀၄ ခုနှစ်စောစောပိုင်းတွင် အကောင်အထည်ပေါ်လာတော့မည်ဖြစ်သည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် နိုင်ငံလုံးဆိုင်ရာစာရင်းအင်းဗျူရိုအဖွဲ့က တွေ့ရှိချက်အစီရင်ခံစာတစ်စောင်ကို တင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာ၌ အစိုးရအရာရှိများက စာရင်းဇယားများကို လုပ်ကြံဖော်ပြထားကြောင်း ပါရှိခဲ့သည်။ ထိုဗျူရိုအဖွဲ့မှ အကြီးအကဲဖြစ်သူ ကျူကျီရှင်းက အစိုးရအရာရှိများသည် ကိန်းဂဏန်းများကို ခွဲ့ကားပြခဲ့ကြောင်း၊ အတိအကျ အစီရင်ခံရန် ပျက်ကွက်ခဲ့ကြောင်း၊ အစီရင်ခံတင်ပြရန် ငြင်းဆန်ခဲ့ကြောင်း၊ စာရင်းအင်းပြုစုနည်းများကို မသိမြင်ကြကြောင်း၊ လေ့ကျင့်မှုမရှိသဖြင့် စာရင်းဇယားထားသို့တင်ပြမှုတို့၌ မကျွမ်းကျင်ကြောင်း ရှင်းပြခဲ့သည်။ ဒေသဆိုင်ရာ အာဏာပိုင်များသည် တိုးတက်မှုနှုန်းကို ခွဲ့ကားဖော်ပြခဲ့ကြသည်။ ဒေသဆိုင်ရာအာဏာပိုင်အားလုံးက ၎င်းတို့ပြည်နယ်အသီးသီး၏တိုးတက်မှုနှုန်းသည် ၂၀၀၁ ခုနှစ်တွင် ၈ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြခဲ့ကြသည်။

တရုတ်ကွန်မြူနစ်ပါတီ၏ ၁၆ ကြိမ်မြောက် ကွန်ဂရက်ကျင်းပနေပုံကို တွေ့ရစဉ်

ပြည်နယ်တစ်ခုကသာလျှင် ထိုမျှမဟုတ်ကြောင်း တင်ပြခဲ့သည်။ အမှန်အားဖြင့် တစ်မျိုးသားလုံး၏ တိုးတက်မှုနှုန်းသည် ၇ ဒသမ ၂ ရာခိုင်နှုန်းသာ ရှိပေသည်။

ဖေဖော်ဝါရီလစောစောပိုင်းက ရှန်ဟိုင်းရှိ ပထမဆုံးပုဂ္ဂလိကဘဏ်ဖြစ်သော မင်းရှိန်းဘဏ်မှ အလယ်အလတ်တန်းအရာရှိတစ်ဦးကို လိမ်လည်မှုဖြင့် ဖမ်းဆီးခဲ့သည်။ မင်းရှိန်းဘဏ်သည် ရှန်ဟိုင်း၌ အောင်မြင်မှုအရှိဆုံးဘဏ်လည်းဖြစ်သည်။ အဆိုပါ ဘဏ်အရာရှိသည် ငွေစက္ကူစက်ရုံမှ တံဆိပ်တုံးအတု ကိုသုံးကာ ၄ နှစ်ကာလအတွင်း မင်းရှိန်းဘဏ်မှ ငွေများကို လိမ်လည်ထုတ်ယူသုံးစွဲခဲ့သည်။ ယွမ်ငွေ ၃၅၃ ဒသမ ၈ သန်းအထိ လိမ်လည်ထုတ်ယူကာ ကိုယ်ကျိုးအတွက် သုံးစွဲခဲ့သည်။

နဝမမြောက် နိုင်ငံလုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်၏ ပဉ္စမအကြိမ်အစည်းအဝေးကို ဘေဂျင်းမြို့၌ မတ်လ ၅ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပခဲ့သည်။ နိုင်ငံလုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်သည် တရုတ်ပြည်၌ ဥပဒေပြု လွှတ်တော်ဖြစ်သည်။ အထက်နှင့်အောက်ဟူ၍ မခွဲခြားဘဲလွှတ်တော် တစ်ရပ်တည်းသာ ရှိသည်။ ထိုကွန်ဂရက်အစည်းအဝေးသို့ကိုယ်စားလှယ်ပေါင်း ၃၀၀၀ နီးပါးမျှ တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးသို့ ဝန်ကြီးချုပ် ကျူရုံကျိုက လုပ်ငန်းအစီရင်ခံစာတင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာ၌ မူဝါဒရေးရာအပြောင်းအလဲတို့ကို ထူးထူးခြားခြားမတင်ပြဘဲ အကျင့်ပျက်လာဘ်စားမှုများကို တိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ ကျေးလက်ဆင်းရဲသားများ၏ ဘဝကိုမြှင့်တင်ပေးသွားမည်ဖြစ်ကြောင်းတို့ကို ဖော်ပြထားသည်။ ထို့ပြင် ပြည်သူ့လုပ်ငန်းများအတွက် သုံးစွဲမည့်ကုန်ကျစရိတ်များကိုလည်း တင်ပြခဲ့သည်။ နိုင်ငံပိုင်ဘဏ်များသို့ ငွေအရင်းအနှီးများ ထည့်သွင်းပေးရေး၊ အဝေးဆက်သွယ်ရေး၊ လေကြောင်းသွားလာရေး၊ မီးရထားသွားလာရေး၊ ဓာတ်အားပေးရေးလုပ်ငန်းများ၌ နိုင်ငံတော် လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားမှုကို လျော့ချရေးတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

မတ်လ ၆ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးရှန်းဟွေချိန်က ၂၀၀၂ ခုနှစ်အတွက် ဘတ်ဂျက်ကို တင်ပြခဲ့သည်။ ထိုဘတ်ဂျက်အရ ကာကွယ်ရေးအသုံးစရိတ်ကို ယွမ်ငွေ ၁၆၆ ဘီလီယံအထိ တိုးချဲ့သွားမည်ဖြစ်သည်။ ဒေသဆိုင်ရာအစိုးရများ၏ အခြေခံရန်ပုံငွေတိုးတက်ရရှိရေးအတွက် အခွန်ငွေမျှဝေရယူရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်ကိုလည်း ချပြခဲ့သည်။ ထို့ပြင် ဒေသဆိုင်ရာအာဏာပိုင်များက တောင်သူလယ်သမားတို့အပေါ် အခွန်ငွေများ တစ်ဖက်သတ်ချမှတ်ကောက်ခံနေမှုမှ ကင်းလွတ်သွားစေရန် "အခွန်အစားအခကြေး" (Fees for Tax) ပြုပြင်ပြောင်းလဲရေးကိုလည်း တင်ပြခဲ့သည်။

ပြည်သူ့တရားရုံးချုပ် ဥက္ကဋ္ဌရှောင်ယန်းကလုပ်ငန်းအစီရင်ခံစာကို တင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာ၌ ၂၀၀၁ ခုနှစ်တွင် တရားရုံးများနှင့် ရဲအဖွဲ့တို့က ဒုစရိုက်ဂိုဏ်းများနှိမ်နင်းရေးကို အထူးကြပ်မတ်ဆောင်ရွက်ဖမ်းဆီးခဲ့ကြောင်း၊ သို့ဖြစ်၍ တရားရုံးများသို့ ရောက်ရှိလာသည့်ဂိုဏ်းဖွဲ့ပြုလုပ်ထားသောဒုစရိုက်မှုများ ၆ ဆတိုးလာကြောင်း၊ အကြမ်းဖက်မှုပါသည့်ပြစ်မှုများလည်း တိုးလာကြောင်း အစီရင်ခံတင်ပြခဲ့သည်။

အမေရိကန်ပြည်ထောင်စုဘက်မှ ဆက်တိုက်မှားယွင်းသည့် လုပ်ရပ်များကြောင့် မတ်လတွင် တရုတ်-အမေရိကန်ဆက်ဆံရေးမှာ ဆိုးဝါးလာခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ စစ်ဘက်အရာရှိများ၏ကွန်ဖရင့်သို့ ထိုင်ဝမ်မှကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးတန်ယောင်မင်းအား အမေရိကန်တို့က တက်ရောက်ခွင့်ပေးခဲ့သည်။ ဤလုပ်ရပ်ကြောင့် တရုတ်-အမေရိကန်ဆက်ဆံရေးကျဲသွားစေခဲ့သည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက "အဏုမြူရေးရာ ရပ်တည်မှု အနေအထားသုံးသပ်ချက်" စာတမ်းကို ထုတ်ပြန်ခဲ့သည်။ ထိုသတင်း၌ တရုတ်ပြည်နှင့် အဏုမြူရေးရာထိပ်တိုက်ရင်ဆိုင်လာရပါက အရေးပေါ်ဆောင်ရွက်မည့် အစီအစဉ်များကို ဖော်ပြထားသည်။ ထိုစာတမ်းအတွက် ဒေါသဖြစ်ရကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တရုတ်ပြည်တောင်ပိုင်းရှိ ဟိုင်နန်ကျွန်း၌ ဧပြီလ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ ပိုအာအိုအာ၌ နှီးနှောဖလှယ်ပွဲ (Boao Asia Forum) ကို စတင်ကျင်းပခဲ့သည်။ ဤနှီးနှောဖလှယ်ပွဲသည် အာရှတိုက်အတွက် ကမ္ဘာ့စီးပွားရေးနှီးနှောဖလှယ်ပွဲဖြစ်သည်။

ရန်ဟိုင်းမြို့ပြင်တွင်ရှိသည့် ဆော့ဖ်ဝဲယားထုတ်လုပ်သည့် စက်မှုဇုန်တစ်ခု

ဤနှီးနှောဖလှယ်ပွဲကို တရုတ်အစိုးရက နှစ်စဉ်ကျင်းပသွားနိုင်ရန် စီစဉ်ထားသည်။ ဤနှီးနှောဖလှယ်ပွဲ၌ ဝန်ကြီးချုပ်ကျုံကျိုက ဧည့်ခံခဲ့သည်။ ဂျပန်နှင့်ထိုင်းတို့မှ ဝန်ကြီးချုပ်များအပါအဝင် အဆင့်မြင့်အာဏာပိုင်ပေါင်း ၁၉၀၀ ခန့် တက်ရောက်ခဲ့သည်။ ထို့ပြင် ဒေသဆိုင်ရာဝါရင့်ခေါင်းဆောင်များ၊ ပညာရှင်များနှင့် နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးအဖွဲ့များမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။

ဧပြီလ ၂၈ ရက်နေ့မှ မေလ ၁ ရက်နေ့အထိ တရုတ်ဒုတိယသမ္မတဟူကျင်တောင်သည် ပထမဆုံး တရားဝင်အလည်အပတ်ခရီးအဖြစ် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့သည်။ သမ္မတဘုရှ်၊ ဒုတိယသမ္မတစ်ချေနေတိုးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မေလ ၁ ရက်နေ့တွင် ဟူကျင်တောင်သည် သမ္မတဘုရှ်နှင့် နာရီဝက်ကြာတွေ့ဆုံဆွေးနွေးခဲ့သည်။ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး၊ ထိုင်ဝမ်၏အနေအထားအဆင့်သတ်မှတ်ရေး၊ ဒုံးကျည်များပြန့်ပွားနေမှုအရေး၊ လူ့အခွင့်အရေးများကို ဆွေးနွေးခဲ့ကြသည်။

တရုတ်လေကြောင်းလိုင်းပိုင် ၇၆၇ လေယာဉ်သည် တောင်ကိုးရီးယားရှိဖူဆန်မှ ကင်ဟေးလေဆိပ်သို့အဆင်းတွင် ပျက်ကျသွားခဲ့သည်။ လေယာဉ်ဝန်ထမ်းအဖွဲ့နှင့်ခရီးသည်များ စုစုပေါင်း ၁၆၆ ဦး လိုက်ပါခဲ့ကြသည်။ လူပေါင်း ၁၂၇ ဦး သေဆုံးသည်။ ဧပြီလ ၁၅ ရက်နေ့က လေယာဉ်ပျက်ကျရာတွင် လူ ၃၉ ဦးမှာ အသက်ရှင်သန်ကျန်ရစ်ခဲ့ကြောင်း အဲ့သြဖွယ်ရာတွေ့ရှိခဲ့ရသည်။ လေယာဉ်ပျက်ကျသည့် အကြောင်းရင်းကို သေချာစွာမသိရသေးသော်လည်း လေဆိပ်သို့အဆင်းတွင် တောင်ထွတ်တစ်ခုနှင့် တိုက်မိပြီး ပျက်ကျခဲ့ခြင်းဖြစ်မည်ဟု ယူဆရသည်။

အမေရိကန်ပြည်ထောင်စုသည် တရုတ်ပြည်မှ တင်သွင်းသောသံမဏိများအပေါ် အကောက်ခွန်တိုးယူခဲ့သည်။ ထို့ကြောင့် တရုတ်သံမဏိကုမ္ပဏီများအဖို့ ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့် နစ်နာခဲ့ရသည်။ ယင်းကို တုံ့ပြန်သည့်အနေဖြင့် မေလ ၂၂ ရက်နေ့တွင် တရုတ်ပြည်ကလည်း အမေရိကန်မှတင်သွင်းသော သံမဏိတို့အပေါ် အကောက်ခွန်တိုးမြှင့်ယူခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် တရုတ်ပြည်ပါဝင်ခွင့်ရရှိပြီးနောက် ကိုယ်ကျိုးစီးပွားကို ကာကွယ်သည့်အနေဖြင့် ဤကဲ့သို့ပထမဆုံးအကြိမ် အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်တို့၏ အကောက်ခွန်တိုးယူမှုသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏စည်းမျဉ်းများကို ဖောက်ဖျက်ကြောင်း ထင်ရှားပေါ်လွင်သွားပါက အမေရိကန်၏အခြားသွင်းကုန်များအပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံမည်ဟု တရုတ်တို့က ပြောကြားသည်။

နိုင်ငံလုံးဆိုင်ရာ စာရင်းအင်းဗျူရိုအဖွဲ့က မေလ ၁၅ ရက်နေ့တွင် စီးပွားရေးကိန်းဂဏန်းများကို ထုတ်ပြန်ခဲ့သည်။ ၂၀၀၂ ခုနှစ် ပထမ ၄ လပတ်အတွင်း ပို့ကုန်များ၊ စက်မှုထုတ်ကုန်များ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် တစ်နှစ်ပြီးတစ်နှစ် ၂၉.၀၆ ရာခိုင်နှုန်း တိုးတက်စီးဝင်လာခဲ့သည်။ စီးပွားရေးကို နှိုးဆွပေးသည့်အနေဖြင့် အစိုးရက အသုံးစရိတ်များကို များစွာတိုးချဲ့နေသဖြင့် နိုင်ငံ၏ ဘဏ္ဍာရေးကို ထိခိုက်စေကြောင်း၊ စားသုံးသူတို့အတွက် ကုန်စျေးနှုန်းများမှာလည်း ယေဘုယျအားဖြင့် ကျဆင်းနေကြောင်း၊ အလုပ်လက်မဲ့ဦးရေမှာ တိုးပွားလာနေကြောင်း အကဲခတ်သူများက သုံးသပ်ခဲ့သည်။

ရှန်ကျင့်အထူးစီးပွားရေးရှိ စျေးကွက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပါဝင်ခွင့်ကို အရှိန်တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း ဇွန်လ ၁၇ ရက်နေ့ထုတ် ဖိုင်နင်ရှယ်တိုင်းသတင်းစာက ဖော်ပြခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပါဝင်ခွင့်ပေးမှုသည် မကြုံစဖူး ထူးကဲသောလုပ်ဆောင်ချက်ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် တရုတ်ပြည်ဝင်ရောက်ခွင့်ရရှိရေးအတွက် ညှိနှိုင်းခဲ့စဉ်ကထက် ကန့်သတ်ချက်များကို ပိုမိုလျှော့ချပေးခဲ့သည်။

တရုတ်ပြည်ဘေဂျင်းမြို့၌ ဇွန်လ ၁၆ ရက်မနေ့က လိုင်စင်မဲ့ဖွင့်ထားသော အင်တာနက်ကဖေးတစ်ခုသည် ရှိမီးကြောင့်မီးလောင်ခဲ့ရာ လူ ၂၄ ဦးသေဆုံး၍ ၁၃ ဦးဒဏ်ရာရခဲ့သည်။ ထိုအင်တာနက်ကဖေးကို အသက် ၁၃၊ ၁၄ နှစ်အသီးသီးရှိသော လူငယ်နှစ်ဦးက ဒေါသအလျောက်တုံ့ပြန်ရင်း မီးရှို့ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဘေဂျင်းမြို့တော်ဝန်ကဘေဂျင်းရှိအင်တာနက်ကဖေးပေါင်း ၂၄၀၀ ကို ပိတ်ပင်ခဲ့သည်။ အင်တာနက်ကဖေး ၂၀၀ ကိုသာ ဖွင့်လှစ်ခွင့်လိုင်စင်ထုတ်ပေးခဲ့သည်။ အစိုးရက အင်တာနက်များကို ထိန်းချုပ်ခဲ့သည်။

ဇူလိုင်လအတွင်းတရုတ်-အမေရိကန်သံတမန်ဆက်ဆံရေးသည် ပိုမိုတင်းမာသွားခဲ့သည်။ တင်းမာစေခဲ့သည့် ပထမအကြောင်းရင်းမှာ တရုတ်တို့က ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်သစ်ကို ပထမဆုံးစမ်းသပ်ပစ်လွှတ်ခဲ့မှုဖြစ်သည်။ ဒုတိယအကြောင်းရင်းမှာ အမေရိကန်စစ်ဌာနချုပ်၏ နှစ်ပတ်လည်အစီရင်ခံစာပါအချက်များဖြစ်သည်။ ထိုအစီရင်ခံစာ၌ မကြာသေးမီနှစ်များအတွင်းက တရုတ်ပြည်သည် အမေရိကန်အကျိုးစီးပွားကို ခြိမ်းခြောက်နိုင်လောက်အောင် စီးပွားရေး၊ စစ်ရေးတိုးတက်မှုများ ရှိခဲ့ကြောင်း၊ စစ်အသုံးစရိတ်သည် လူသိရှင်ကြားကြေညာထားသည်ထက် များစွာကျော်လွန်နေကြောင်း ဖော်ပြထားသည်။ တရုတ်အစိုးရပိုင်းက အမေရိကန်စစ်ဌာနချုပ်၏ စွပ်စွဲရေးသားချက်များကို ငြင်းဆိုခဲ့သည်။ နိုင်ငံပိုင်သတင်းမီဒီယာများက အမေရိကန်သည် စိတ်ကစဉ့်ကလျားဖြစ်ပြီး အခြားသူများကို ရန်လိုမုန်းတီးနေသည့်ရောဂါနှင့် ထိန်းမနိုင်သိမ်းမရလောက်အောင် စိတ်တုန်လှုပ်ချောက်ချားသည့် ရောဂါတို့ စွဲကပ်နေကြောင်း ရေးသားခဲ့ကြသည်။ ဇူလိုင်လ ၁၁ ရက်နေ့ထုတ် အရှေ့ဖျားစီးပွားရေးသုံးသပ်ချက်မဂ္ဂဇင်း၌ တရုတ်တို့သည်ရုရှားလုပ် A-12 ထပ်ဆင့်လွှတ်ဒုံးကျည်ကို ရရှိသွားပြီဖြစ်ကြောင်း၊ ထိုဒုံးကျည်ကြောင့် လေကြောင်းကာကွယ်ရေးစွမ်းအား တက်လာခဲ့ကြောင်း ဖော်ပြထားသည်။

တရုတ်ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်များသည် ဇူလိုင်လကုန်ပိုင်းက ဘေဂျင်းမြို့တော်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၂၅၀ ကွာဝေးသော ပေတိုင်ယောအမည်ရှိ ပင်လယ်ကမ်းခြေအပန်းဖြေစခန်း၌ နှစ်စဉ်ပုံမှန်အတိုင်း နွေရာသီအတွက် အနားယူရင်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုသို့တွေ့ဆုံခဲ့ကြစဉ် တရုတ်ကွန်မြူနစ်ပါတီအတွက် မျိုးဆက်သစ်ခေါင်းဆောင်များကို ရွေးချယ်သတ်မှတ်ခဲ့ကြသည်။ တရုတ်တို့၏ စတုတ္ထမျိုးဆက်သစ် ခေါင်းဆောင်များကို တရုတ်ကွန်မြူနစ်ပါတီ၏ ၁၆ ကြိမ်မြောက် ပါတီကွန်ဂရက်က ရွေးချယ်အတည်ပြုဆုံးဖြတ်မည်ဖြစ်သည်။

သြဂုတ်လ ၂၅ ရက်နေ့တွင် တရုတ်အစိုးရက ဒုံးကျည်များ၊ ဒုံးကျည်နှင့်ဆက်စပ်နေသော နည်းပညာများတင်ပို့မှုနှင့် စပ်လျဉ်း၍ ရှေးကမရှိခဲ့ဖူးသော စည်းမျဉ်းသစ်များကို ချမှတ်ပေးလိုက်သည်။ ဤစည်းမျဉ်းသစ်အရ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံ၏ အကျိုးစီးပွားတို့ကို ထိခိုက်နိုင်သောတင်ပို့မှုများနှင့် ပတ်သက်၍ ဗဟိုစစ်ကော်မရှင်၏အတည်ပြုချက်ကို ကြိုတင်ရယူပြီးမှသာ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ အစုအပြုံလိုက် သေကျေပျက်စီးစေနိုင်သော လက်နက်များမပြန့်ပွားရေးသည် တရုတ်

ပြည်၏မူဝါဒဖြစ်သည်။ ဤမူဝါဒကို ပိုမိုခိုင်မာစေရန် ဤသို့စည်းမျဉ်းသစ်များ ချမှတ်လိုက်ခြင်းဖြစ်သည်။

သြဂုတ်လ ၂၆ ရက်နေ့တွင် အမေရိကန်အစိုးရက တရုတ်ပြည်ရှိစင်ကျန်ဒေသတွင် ဆူပူလှုပ်ရှားနေသော အရှေ့တောကက်စတန် အစွန်လမ်းလှုပ်ရှားရေးအဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ပေးခဲ့သည်။ စင်ကျန်ဒေသမှ မွတ်ဆလင်များသည် တရုတ်တို့၏အုပ်ချုပ်ရေးကို ဆန့်ကျင်လှုပ်ရှားနေကြသည်။ ခွဲထွက်ရေးကြိုးပမ်းနေကြသည်။

ယူနန်ပြည်နယ်အလယ်ပိုင်းဌာန မြစ်ရေလျှံမှုသည် စိုးရိမ်ဖွယ်ရာဖြစ်သဖြင့် သြဂုတ်လ ၂၁ ရက်နေ့က အရေးပေါ်အခြေအနေကြေညာလိုက်ရသည်။ ဤသို့ မြစ်ရေလျှံမှုကြောင့် လူပေါင်း ၉၀၀ ကျော် သေဆုံးခဲ့ရသည်။ တုန်တင်းရေကန်ကြီး ကျိုးပေါက်ပြီး ဟူနန်နှင့်ဟူပေပြည်နယ်များတွင် ရေလွှမ်းမိုးသွားမည် စိုးရိမ်ရသဖြင့် စစ်ဘက်နှင့်အရပ်ဘက် ပုဂ္ဂိုလ် ထောင်သောင်းတို့သည် ယန်စီမြစ်ရိုးတစ်လျှောက်ရှိဆည်မျှား၊ တာတမံများကို အားဖြည့်ခဲ့ကြရသည်။ ရေဘေးကာကွယ်ရေးတွင် လူထုအင်အားဖြင့် ဆောင်ရွက်နိုင်ခဲ့သောကြောင့် ကြောက်မက်ဖွယ်ဘေးဆိုးကြီးကို ကျော်လွှားနိုင်ခဲ့သည်။ တရုတ်အစိုးရနှင့်ပြည်သူတို့ လက်တွဲညီညွတ်မှုကို ဖော်ထုတ်နိုင်ခဲ့သည်။

စက်တင်ဘာ လဦးပိုင်းတွင် ပြည်ပရောက် ဘာသာရေးခေါင်းဆောင် ဒလိုင်းလားမား၏ တမန်တော်နှစ်ဦးသည် တိဘက်ရှိလာဆာမြို့တော်သို့ ရောက်လာခဲ့သည်။ သူတို့သည် တရုတ်အရာရှိများနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြသည်။ ဤသို့လာရောက်ခြင်းသည် ဒလိုင်းလားမားနှင့် တရုတ်အာဏာပိုင်တို့အကြား အဆင့်မြင့်ပိုင်းတွင် တွေ့ဆုံမှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။ တရုတ်အစိုးရသည် တိဗက်အရေးတွင် ပျော့ပျောင်းလာမှုလက္ခဏာဖြစ်သည်။

အောက်တိုဘာလ ၂၂-၂၈ ရက်များတွင် သမ္မတကျန်ဇီမင်းသည် အမေရိကန်ပြည်ထောင်စုသို့ တရားဝင်အလည်အပတ်ရောက်ခဲ့သည်။ ခရောဖိုးဒ်ရှိ သီးသန့်ခြံတွင် သမ္မတနှစ်ဦးတွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြသည်။ သမ္မတနှစ်ဦးက သူတို့သည်မြောက်ကိုးရီးယား၌ အဏုမြူလက်နက်ကင်းရှင်းရေး၊ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး၊ အစုအပြုံလိုက် သေကျေပျက်စီးစေနိုင်သည့်လက်နက်များ မပြန့်ပွားရေးတို့တွင် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူထားပြီးဖြစ်သည်ဟု ပြောခဲ့ကြသည်။

တရုတ်ကွန်မြူနစ်ပါတီ၏ ၁၆ ကြိမ်မြောက် ကွန်ဂရက်ကို ဘေဂျင်မြို့တော်၌ နိုဝင်ဘာလ ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပခဲ့သည်။ ပါတီကိုယ်စားလှယ်ပေါင်း ၂၁၁၄ ဦးတက်ရောက်ခဲ့သည်။ ထိုကွန်ဂရက်သို့ ပါတီအထွေထွေအတွင်းရေးမှူး ကျန်ဇီမင်းက ဗဟိုကော်မတီ၏ နိုင်ငံရေးဆောင်ရွက်ချက်အစီရင်ခံစာကို တင်သွင်းခဲ့သည်။ ယင်းသို့ အစီရင်ခံစာတင်သွင်းရာတွင် ကျန်ဇီမင်းကအထူးအာရုံစူးစိုက်၍ ပြောကြားခဲ့သောအချက် ပါဝင်သည်။ ပဂ္ဂလိကပိုင်ပစ္စည်းနှင့် ချမ်းသာကြွယ်ဝမှုကို အကာအကွယ်ပေးရေးသည် တရုတ်စီးပွားရေးမူဝါဒ၏ မဏ္ဍိုင်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ အာဏာရလာချိန်မှစ၍ နိုင်ငံပိုင်အရင်းအနှီးများကိုသာ ဦးစားပေးအဆင့် သတ်မှတ်ခဲ့သည်။ ၎င်းရပ်တည်ချက်ကို ခွင့်လွှတ်လိုက်ပြီဖြစ်သည်။ တရုတ်ပြည်၌ ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုကို လက်တွေ့အားဖြင့် လက်ခံလာခဲ့သည်မှာ ကြာပြီဖြစ်သည်။ သို့သော် ယခုကဲ့သို့ ကျန်ဇီမင်းက ဖွင့်ပြောလိုက်သဖြင့် ပုဂ္ဂလိကပိုင်ဆိုင်မှုကို တရားဝင်အသိအမှတ်ပြုရာ ရောက်သွားသည်။

ဤကွန်ဂရက်က အချိန်ပြည့်ဗဟိုကော်မတီဝင် ၁၉၈ ဦးနှင့် အရန်ဗဟိုကော်မတီဝင် ၁၅၈ ဦးတို့ကို ရွေးကောက်တင်မြှောက်ခဲ့သည်။ တန်ခိုးဩဇာကြီးမားသောအမြဲတမ်း ပေါလစ်ဗျူရိုအဖွဲ့ကိုလည်း ရွေးကောက်တင်မြှောက်ခဲ့သည်။ ဟူကျင်တောင်းအား အထွေထွေ အတွင်းရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။ ပေါလစ်ဗျူရိုအမြဲတမ်းအဖွဲဝင်သစ်များမှာ ဝါစဉ်အလိုက် ဟူကျင်တောင်း၊ ဝုပန်ကို၊ စိန်ကျားပေါင်၊ ကျားကျင်လင်း၊ ချိန်ကျင်းဟောင်၊ ဟွမ်ကျူး၊ ဝုကွမ်ချိန်၊ လီချန်ချန်းနှင့် လောကန်တို့ဖြစ်ကြသည်။

ကျန်ဇီမင်းသည် ဗဟိုစစ်ကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် ရှိနေဦးမည်ဖြစ်ရာ ၎င်း၏သြဇာအရှိန်အဝါ ရှိနေဦးမည်ဖြစ်သည်။

ဦးခင်မောင်မြ

တက္ကသိုလ် ဘုန်းနိုင် (၁၉၃၀ - ၂၀၀၂)။ ။

တက္ကသိုလ်ဘုန်းနိုင်ကို ရန်ကုန်တိုင်း သံလျင်မြို့၌ ဖ ခင် ဦးထွန်းဖေ၊ မိခင် ဒေါ်ကြင်မေတို့က ၁၉၃၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဖွားမြင်သည်။ မွေးချင်း (၅) ယောက်ရှိသည့်အနက် ဒုတိယမြောက် ဖြစ်ပြီး ငယ်နာမည် မောင်ဖေသိန်းဖြစ်ကာ အစိုးရ အမှုထမ်းဆောင်သောအခါ ဦးခင်မောင်တင့်ဟု တွင်သည်။

တက္ကသိုလ် ဘုန်းနိုင်

သံလျင်၊ တံတားဝ၊ သုံးခွမြို့ မက်သဒစ်ကျောင်းများ ပြည်မြို့၊ ပေါင်းတည်မြို့ အစိုးရအထက်တန်းကျောင်းများတွင် ပညာသင်ကြားခဲ့ပြီး ဗုဒ္ဓစာပေကို ထုံးဘိုမြို့၊ ကိုးဆောင်တွဲကျောင်းတွင် သင်ကြားခဲ့သည်။

တက္ကသိုလ်ဘုန်းနိုင်၏ စာပေအနုပညာနှင့် ပတ်သက်သော ထူးခြားချက်မှာ ကလေးဘဝအရွယ် ၈ နှစ်သားကပင် 'ဒဂုန်မောင်ဖေသိန်း' ဟူသော ကလောင်အမည်ဖြင့် စာများရေးခဲ့သည်ဟုဆိုသည်။ ကျောင်းသားဘဝ ကျောင်းနံရံကပ်စာစောင်များတွင် 'သုမောင်' ဟူသောကလောင်အမည်နှင့် 'စာ' များ ရေးသားခဲ့သည်။

၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာများကို ဆက်လက်သင်ကြားခဲ့သည်။

၁၉၄၉ ခု ဇန်နဝါရီလထုတ် ရှုမဝမဂ္ဂဇင်း (အတွဲ ၂ - အမှတ် ၂၀)တွင် တက္ကသိုလ်ဘုန်းနိုင် ကလောင်အမည်ဖြင့် "ဒို့ဟ" ကဗျာကို ရေးသား၍ စာပေနယ်သို့ စတင်ဝင်ရောက်လာသည်။ စင်စစ် တက္ကသိုလ်ဘုန်းနိုင်ဟူသော ကလောင်အမည်သည် သူစွဲလမ်းနှစ်ခြိုက်ခဲ့သည့် စာရေးဆရာဗန်းမော်တင်အောင်၏ ဘုန်းမောင့်တစ်ယောက်ထဲရယ်" ဝတ္ထုစာအုပ်မှ အဓိကဇာတ်ဆောင် 'ဘုန်းနိုင်' ၏ အမည်ကို ကလောင်အဖြစ် ယူထားခြင်း ဖြစ်ကြောင်း တက္ကသိုလ်ဘုန်းနိုင်ကိုယ်တိုင် ပြောခဲ့ရေးခဲ့သည်။

၁၉၅၀ ပြည့်နှစ်၌ အတွဲ (၁)၊ အမှတ် (၆)၊ ဖေဖော်ဝါရီလထုတ်ဖြစ် သော တော်ဝင်မဂ္ဂဇင်းတွင် ပါဝင်သည့် 'လရောင်နှင့်အရိပ်' သည် တက္ကသိုလ်ဘုန်းနိုင်၏ ပထမဆုံးအကြိမ် ပုံနှိပ်ဖော်ပြခြင်းခံရသော ဝတ္ထုစာမူဖြစ်သည်။ ထိုဝတ္ထုသည် မော်ပါဘွန်းကပ် ကို မှီး၍ ရေးသားထားခြင်း ဖြစ်သည်။

၁၉၅၁ တွင် ရန်ကုန်တက္ကသုလ်မှ စိတ်ပညာဖြင့် ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့ကို ပထမဆင့်မှ အောင်မြင်ပြီး ဘွဲ့နှင်းသဘင်၌ ထူးချွန်မှုဆုကဆိပ် ခံုးမြှင့်ခြင်း ခံရသည်။ ထိုနှစ်မှာပင် မန္တလေးစိတ်ပညာဌာန တည်ထောင်သူနှင့် ဌာနမှူးအဖြစ် တာဝန်ယူခဲ့သည်။

၁၉၅၅ မှ ၁၉၆၂ အထိကာလတွင် မန္တလေး တက္ကသိုလ်စိတ်ပညာဌာန လက်ထောက်ကထိကနှင့် ကထိကတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၅၆ မှ ၁၉၆၁ ကာလတွင်မူ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၊ ကိုလံဘီယာတက္ကသိုလ် ဘွဲ့လွန် မဟာဌာနမှ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

၁၉၆၂ မှ ၁၉၇၂ (၁၀) နှစ်တာ ကာလသည်ကား တောင်ကြီးကောလိပ်၏ ကျောင်းအုပ်ကြီး ဦးခင်မောင်တင့်အဖြစ် တက္ကသိုလ်ကောလိပ်လောကတွင် နာမည်ထင်ရှားခဲ့သည်။ ထို့အတူ တက္ကသိုလ်ဘုန်းနိုင်ဟူသော ကလောင်အမည်ဖြင့် လွမ်း (၁၉၆၂)၊ မိုးညအိပ်မက်မြူ (၁၉၆၂)၊ ဤမြေမှသည် (၁၉၆၃)၊ မောင့်ဘဝညလားကွယ် (၁၉၆၃) သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင် (၁၉၆၄)၊ ချစ်သောဤကမ္ဘာ (၁၉၆၄)၊ လွမ်းတေးမဆုံးစေနှင့် စောသခင် (၁၉၆၅)၊ ကမ္ဘာကုန်ကျယ်သရွေ့ဝယ် (၁၉၆၆)၊ နွေကန္တာဦး (၁၉၆၆)၊ ဝသန်လေချိန် မှန်ကူး (၁၉၆၉)၊ တစ်ပြည်သူမရွှေထား (၁၉၇၁)၊ နှင်းငွေတစ်ထောင့် မိုးတစ်မှောင့် (၁၉၇၂) စသည့် ဝတ္ထုများက ထိုအချိန်အခါဝယ် ကလောင်အမည်နှင့် ဝတ္ထုအမည်ယှဉ်တွဲ၍ ထင်ရှားကျော်ကြားခဲ့သည်။ တစ်နည်းအားဖြင့် ထိုစဉ်က စာရေးဆရာတက္ကသိုလ်ဘုန်းနိုင်သည် စာရေးဆရာအဖြစ် ကျော်ကြားခဲ့ခြင်း မျိုးနှင့် ကျော်ကြားခဲ့ခြင်းဖြစ်သည်ဟု နှောင်းသုတေသီတို့က သတ်မှတ်ကြသည်။

ဝါစ်ဆက်တည်းမှာပင် တက္ကသိုလ်ဘုန်းနိုင် သည် ၁၉၆၄ မှ ၁၉၈၈ ကာလအတွင်းဝယ် တက္ကသိုလ်ပညာရေးအဖွဲ့များ ကောင်စီ၏အဖွဲ့ဝင် အဖြစ်လည်းကောင်း၊ တက္ကသိုလ်များ ဗဟို ကောင်စီ အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၇၂ မှ ၁၉၇၇ အထိ ငါးနှစ်တာကာလတွင် ပုသိမ်ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးအဖြစ် ပြောင်းရွှေတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၇ တွင် ဂျပန်နိုင်ငံသို့ ပညာရေး လေ့လာရေးအဖွဲ့ဝင် ခေါင်းဆောင်အဖြစ် သွားရောက်ခဲ့သည်။

၁၉၇၇ မှ ၁၉၇၈ အထိကာလသည် မော်လမြိုင်ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးအဖြစ် အမှုထမ်းသည့်ကာလ ဖြစ်သည်။ ထိုကာလက သူ၏ ကိုယ့်ဘဝအလှဒွေလမင်း (၁၉၇၆) ဝတ္ထုထွက်ပေါ် သည်။

၁၉၈၀ ပြည့်တွင် ပညာရေးနှိုးနှောဖလှယ်ပွဲ၌ အခြေခံပညာရေးနှိုးနှောပွဲ၏ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၈၁ တွင် ဂျပန်နိုင်ငံသို့ အထူး ပညာရေး လေ့လာရေးအဖွဲ့ ဒုတိယ ခေါင်းဆောင်အဖြစ် သွားရောက်ခဲ့သည်။ ထိုအချိန်တွင် ဆရာ၏ စွန့်စားရသောနွေညများ (၁၉၈၀) ဝတ္ထုထွက်ပေါ် ခဲ့သည်။

၁၉၈၂ ခုနှစ် ပထမအကြိမ်စာပေလုပ်သား အဖွဲ့ ညီလာခံတွင် စာရေးဆရာအဖွဲ့ညီလာခံ၏ သဘာပတိအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။

၁၉၈၃ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သို့ ပညာရေးလေ့လာရေးအဖွဲ့ ခေါင်းဆောင်အနေ နှင့် သွားရောက်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် မော်လမြိုင်တက္ကသိုလ်၏ ဒုတိယပါမောက္ခချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုနှစ်များတွင် ဆရာ၏ မိုးတွေရွာမှဖြင့်လျှင်ကွယ် (၁၉၈၄) ဝတ္ထုစာအုပ်ထွက်ပေါ်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်နေရာမှ အငြိမ်းစားယူခဲ့သည်။ ထိုအချိန်မှစ၍ ဝတ္ထုများ၊ စာပေဆောင်းပါးများကို ယခင်ကထက်ပို၍ ရေးသား နိုင်ခဲ့သည်။

ထိုသို့နှင့် သူ၏နောက်ပိုင်း စာပေလက်ရာများ အဖြစ် တိမ်ညိုအလွင့်လအမြင့် (၁၉၉၀) ၊ ချစ်သူ အိမ်အမိုးနောက်ဝယ် လပျောက်ခဲ့ခြင်း (၁၉၉၁)၊ မျက်ရည်သောကများ၏ ဟိုမှာဘက်၊ လေရူးသည် စာမတတ်ပါ (၁၉၉၅) တို့ကို ဆက်လက်တွေ့ခဲ့ရသည်။

တက္ကသိုလ်ဘုန်းနိုင်သည် လုံးချင်းဝတ္ထုများကို စဉ်ဆက်မပြတ် ရေးသား ထုတ်ဝေနိုင်သကဲ့သို့ မဂ္ဂဇင်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်း မပြတ် မလတ် ရေးသားခဲ့သည်။ မဂ္ဂဇင်းများတွင် ပါဝင်ခဲ့ သော ဝတ္ထုတိုများကို တစ်ပေါင်းတစ်စပ်တည်း ရှိအောင် ဝတ္ထုတိုပေါင်းချုပ်စာအုပ်အဖြစ် ထုတ်ဝေ ခဲ့ရာတွင် ပြန်လည်တင်ပြသည် (၁၉၆၅)၊ ဝတ္ထုတို ပေါင်းချုပ် အမှတ် ၁၊ ၂၊ ၃ (၁၉၆၉)၊ ဝိညာဉ်မှာ ပူးသည့် ကြည်နူးမှုအလှပန်း (၁၉၉၃) ကျွန်တော့် ဘဝ ပိတောက်ကဗျာ (၁၉၉၃) စသည့်စာအုပ်များ ထွက်ရှိခဲ့သည်။

စာပေအနုပညာဆိုင်ရာ စာအုပ်များအနေနှင့် ဘုန်းနိုင်အတွေး ဘုန်းနိုင်အမြင် (၁၉၇၇)၊ ခပ်သိမ်း ကဗျာရဲ့ဖွယ်သာတည်း ပထမတွဲ၊ ဒုတိယတွဲ (၁၉၉၄) စာအုပ်များနှင့် တွဲတေးကဗျာမဂ္ဂဇင်းတွင် ၂၄ လ တိုင် အခန်းဆက်ရေးသားခဲ့သည့် လီရာနာ၊ ဂင်္ဂါ၊ ဧရာဝတီ (ကဗျာနိယမနှင့် သခင်ရ) စသည်တို့ကို တွေ့ရသည်။

တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုစာအုပ်များကို နိုင်ငံခြားဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။ ယင်း စာအုပ်များမှာ ရုရှားဘာသာဖြင့် သူ့ကျွန်မခံပြီ (၁၉၇၀)၊ တရုတ်ဘာသာဖြင့် စွန့်ခွာရသည့် နွေညများ (၁၉၈၈)၊ ဟင်ဒီဘာသာဖြင့် သူငယ်ချင်း လို့ပဲ ဆက်၍ ခေါ်မည်ခိုင် (၁၉၉၄)၊ မုန်းရစ်လေဦး တို့ ဖြစ်သည်။ မိုးညအိပ်မက်မြူဝတ္ထုမှာ ဂျပန်နိုင်ငံ အိုဆာကာ တက္ကသိုလ်၊ မြန်မာစာဌာန ပြဌာန်း စာအုပ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ နှင်းငွေ့ တစ်ထောင့် မိုးတစ်မှောင့်စာအုပ်မှာ ၁၉၇၃ ခုနှစ်၏ ဝတ္ထုရှည် အမျိုးသားစာပေဆုကို ရရှိ ခဲ့သည်။ ဝတ္ထု။ ကျမ်း၊ စာအုပ်များအပြင် ကဗျာနှင့်ပတ်သက်၍ တစ်ပုဒ်စ၊ နှစ်ပုဒ်စ ကိုယ်တိုင်ရေး ကဗျာအနေနှင့် တည်ရှိသကဲ့သို့ အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် ဘာသာပြန် ကဗျာစာအုပ်များကိုလည်း ပြန်ဆို ရေးသားခဲ့သည်။ ၎င်းတို့မှာ ရှားလော့ဒေဝီ (၁၉၉၆) နှင့် တမ်းတခြင်း (၁၉၉၇) တို့ ဖြစ်ကြသည်။

တက္ကသိုလ် ဘုန်းနိုင်

သူရ
ဦးတင်မောင်

တက္ကသိုလ်ဘုန်းနိုင်သည် ငယ်စဉ်က ဆင်းရဲတွင်း သက်ဆင်းခဲ့ရသူဖြစ်ကြောင်း၊ ဖခင်ဖြစ်သူနှင့် ရှင်လျက်ကွဲနေရသောကြောင့် ထမင်းသုပ်၊ မုန့်ဟင်းခါးများ လှည့်လည်ရောင်းကာ မိခင်နှင့်အစ်မကို လုပ်ကိုင်ကျွေးမွေးခဲ့ရကြောင်း၊ ထိုကဲ့သို့ဘဝနာခဲ့သဖြင့် အလွမ်းဝတ္ထုများ ပို၍ရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ ဆရာကြီးမကွယ်လွန်မီ သက်ရှိထင်ရှားရှိစဉ်ကတည်းက တွေ့ဆုံမေးမြန်းသူ ဝင်းငြိမ်း၏မေးခွန်းများကို ဖြေဆိုရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

တက္ကသိုလ်ဘုန်းနိုင်၏ ရသစာပေအရေးအသား (ဝတ္ထု)နှင့် ပတ်သက်၍ ထင်ရှားကျော်ကြားမှုကို ထိုစဉ်က 'စွယ်တော်ရွက် စာရေးဆရာ' ဟု ခေါ်ဝေါ်သုံးစွဲရလောက်အောင် အောင်မြင်ခဲ့သော 'သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်' ဝတ္ထုက သက်သေပြခဲ့သည်။

"ဘဝဟူသည်ကို သစ်ရွက်နှင့်ပမာ ပုံခိုင်း၍ နှိုင်းစတမ်းဆိုပါလျှင် . . . . တစ်ရိုးတံမှာ အလွှာငယ်တစ်ဆယ်မက ကြွယ်လှသော စိန်ပန်းရွက်နှယ် ဘဝမျိုးလည်း ရှိသည်။ တစ်ညှာတွင် တစ်လွှာရှိ၍ ဤတစ်လွှာပင် တစ်ရွက်မည်သော ညောင်ရွက်ကဲ့သို့ ဘဝမျိုးလည်း ရှိပါ၏။ ခိုင်နှင့်ကျွန်တော့်ဘဝမှာမူ နှစ်လွှာပေါင်းမှတစ်ရွက်ဖြစ်ရမည့် စွယ်တော်ရွက်ပမာသာ ဖြစ်ခဲ့ရသည်။ တစ်လွှာကြွေခဲ့လေပြီမင့် တစ်ရွက်မမည်လေတော့သော အထီးကျန်ထိုဘဝဝယ်. . . . " ဟူသောစာသားက ခေတ်အဆက်ဆက်တိုင် မရိုးနိုင်အောင် ပဲ့တင်ထပ်နေခဲ့သည်။

ဤကဲ့သို့ မြန်မာစာပေလောက၊ မြန်မာဝတ္ထုရှည်သမိုင်းနှင့် ပတ်သက်၍ လေ့လာပြီဆိုသောအခါ မပါမဖြစ် ထည့်သွင်းပြောဆိုရမည့် တက္ကသိုလ်ဘုန်းနိုင်သည် ၂၀၀၂ ခုနှစ်၊ မေလ ၁၁ ရက်နေ့၌ အမှတ် ၃၆၊ ဓမ္မရောင်ခြည်ကျောင်းလမ်း၊ အမှူထမ်းရပ်ကွက်၊ သံလျင်မြို့တွင် ကွယ်လွန်ခဲ့သည်။ ဇနီးဒေါ်နီနီခင်နှင့် သားသမီးငါးယောက် မြေး (၁၀) ယောက်တို့ ကျန်ရစ်သည်။

တင်မောင်၊ သူရဦး (ခရစ် ၁၉၂၂-၂၀၀၂) ။ ။

အောင်လံ (နန်းရှေ့) ကလောင်အမည်ဖြင့် စာပေများရေးသားခဲ့သော သူရဦးတင်မောင်ကို မန္တလေးမြို့တွင် ဖခင် ဦးစံမြ၊ မိခင် ဒေါ်မမတို့က ၁၉၂၂ ခုနှစ်၊ မေလ ၁၂ ရက်နေ့၌ မွေးဖွားသည်။

သူရဦးတင်မောင်သည် ၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော်သို့ ဝင်ရောက်ပြီး ဂျပန်ခေတ် စစ်တက္ကသိုလ် ဗိုလ်သင်တန်း ဒုတိယပတ် တက်ရောက်သည်။ ၁၉၄၄ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်နိုင်ငံ ဘုရင့်စစ်တက္ကသိုလ် ကြည်းတပ်၏ လေတပ်တွင်လေ့ကျင့်သင်ယူသည်။ ၁၉၄၇ ခုနှစ်မှစတင်၍ မြန်မာ့လေတပ် ထူထောင်ရေးလုပ်ငန်းများတွင် ဦးဆောင်ပါဝင်ဆောင်ရွက်သည်။

သူရဦးတင်မောင်သည် ၁၉၆၃ ခုနှစ်မှ၁၉၆၅ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်တွင် ဦးစီးဌာနခွဲမှူး (စည်းရုံးရေး) တာဝန်ကို ထမ်းဆောင်ခဲ့ပြီး ၁၉၆၅ ခုနှစ်မှစ၍ ပါတီဗဟိုကော်မတီအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ စစ်ကိုင်းတိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် စာပေဗိမာန်အဖွဲ့ ဥက္ကဋ္ဌ၊ အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်သူ့တပ်မတော်စာစဉ် စိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်သည်။

သူရဦးတင်မောင်သည် ၁၉၇၆ ခုနှစ်တွင် တပ်မတော် (လေ) မှ ဒုတိယဗိုလ်မှူးကြီး အဆင့်ဖြင့် အငြိမ်းစားယူသည်။ ၁၉၇၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး ၁၉၈၅

ခုနှစ်တွင် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အဖွဲ့ဝင်အဖြစ်မှ အငြိမ်းစားယူသည်။

သူရဦးတင်မောင်သည် တပ်မတော် (လေ) တွင် တာဝန်ထမ်းဆောင်စဉ် လေတပ်မဂ္ဂဇင်း၌ ဆောင်းပါးများ စတင်ရေးသားသည်။ တပ်မတော် (လေ) တွင် စစ်သည်တော်ကျင့်ဝတ်ပြန့်ပွားစေရန် စည်းရုံးဆောင်ရွက်သည်။ ၁၉၅၀ ပြည့်နှစ်တွင် "စစ်တို့၏သဘောသည် လူသူအင်အားပမာန မဟုတ်၊ စွမ်းရည်သတ္တိသာလျှင်ပမာနဖြစ်သည်" ဟူသော ခေါင်းစဉ်ဖြင့် တပ်မတော် (ကြည်း၊ရေ လေ) ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ တတိယဆုကို ရရှိသည်။ ထိုဆောင်းပါးကို ၁၉၅၀ ပြည့်နှစ်၌ စစ်နှလုံးဂျာနယ်တွင် ဖော်ပြခြင်းခံရသည်။ ၁၉၆၅ ခုနှစ်တွင် တပ်မတော် (လေ) သမိုင်းကို ကော်မတီဥက္ကဋ္ဌအဖြစ် ဦးဆောင်တာဝန်ယူ ရေးသားသည်။

သူရဦးတင်မောင်သည် စစ်နှလုံးဂျာနယ်၊ စစ်ပညာဂျာနယ်၊ ခေတ်ရေးဂျာနယ်၊ မြဝတီမဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်းများတွင် ဆောင်းပါးနှင့် ကဗျာများကို အောင်လံ (နန်းရှေ့)၊ မှူးအောင်လံ၊ ရတနာပုံ မောင်မောင်ကျော်ဝင်း စသည့် ကလောင်အမည်များဖြင့် ရေးသားသည်။ ဆက်လက်၍ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံများ၊ ဒုတိယကမ္ဘာစစ်အတွင်း တွေ့ကြုံရသည့် အတွေ့အကြုံများ၊ လွတ်လပ်ရေး အမွန်ရှည်ရေးနှင့် ပြည်ထောင်စု မပြိုကွဲရေးအတွက် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို ချယ်ရီမဂ္ဂဇင်းနှင့် စစ်ပြန် မဂ္ဂဇင်းများတွင် အောင်လံ (နန်းရှေ့) ကလောင်အမည်ဖြင့် ဆောင်းပါးများ ရေးသားသည်။

သူရဦးတင်မောင်သည် ၁၉၄၉ ခုနှစ်တွင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ သူရဘွဲ့ကို လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယအဆင့်) ကို လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို လည်းကောင်း ရရှိသည်။

သူရဦးတင်မောင်သည် ၁၉၄၉ ခုနှစ်တွင် ဦးထွန်းရွှေ၊ ဒေါ်လွန်းခင် တို့၏သမီးဖြစ်သူ ဒေါ်နုနုရွှေနှင့် လက်ထပ်ထိမ်းမြားခဲ့ပြီး သားသမီး ငါးဦး ထွန်းကားသည်။

စာရေးဆရာအောင်လံ (နန်းရှေ့) ကလောင် အမည်ခံ သူရဦးတင်မောင်သည် ၂၀၀၂ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

တင်အေးကြည်၊ ဒေါ် (ခရစ် ၁၉၃၄-၂၀၀၂)။ ။

ဒေါ်တင်အေးကြည်ကို ၁၉၃၄ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်နေ့တွင် ကျောက်ဆည်မြို့၌ အဘဦးသိလှ၊ အမိ ဒေါ်ခင်မကြီးတို့က မွေးဖွားသည်။ ၁၉၅၁ ခုနှစ်တွင် ကျောက်ဆည်မြို့အစိုးရ အထက်တန်းကျောင်းမှာ တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ ၁၉၅၅ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

ဒေါ်တင်အေးကြည်

ဘွဲ့ရပြီး ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် စာကြည့်တိုက်မှူး အထူးသင်တန်းသို့ တက်ရောက်ခဲ့သည်။ သင်တန်းကာလ မှာ (၆) လ ဖြစ်သည်။ ၁၉၅၆ ခုနှစ်တွင် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်တွင် ဒုတိယစာကြည့်တိုက်မှူးတာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ကျင်းပသည့် အရှေ့တောင်အာရှ စာကြည့်တိုက်များ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဩစတေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ရှိ နယူးဆောဉ်သ်ဝေး တက္ကသိုလ်၌ စာကြည့်တိုက် ဘွဲ့လွန်ဒီပလိုမာသင်တန်းတက် ရောက်ခဲ့သည်။ သင်တန်းကာလမှာ (၂) နှစ်ဖြစ်သည်။

စာကြည့်တိုက်မှူး တာဝန်ဖြင့် နှစ်ပေါင်းနှစ်ဆယ် ကျော်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၇၈ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှစ၍ စာပေဗိမာန် စာတည်းဌာနတွင် လက်ထောက်စာတည်းတာဝန် ပြောင်းရွှေ့ထမ်းဆောင်ခဲ့သည်။ ၁၉၈၂ ခုနှစ်၊

ဖေဖော်ဝါရီလ (၅) ရက်နေ့မှစ၍ တာဝန်ခံစာတည်းတာဝန်သို့ အဆင့်တိုးမြှင့် ထမ်းဆောင်ခဲ့ကာ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ပြုစုရေးတာဝန်ကို ဆောင်ရွက်ခဲ့သည်။ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့မှစ၍ စာတည်းမှူးတာဝန်သို့ အဆင့်တိုးမြှင့် ထမ်းဆောင်ခဲ့သည်။

၁၉၇၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရန်ကုန် တက္ကသိုလ်၊ စာကြည့်တိုက်ပညာဌာန၊ စာကြည့်တိုက် ဒီပလိုမာသင်တန်းများတွင် "ဖွဲ့စည်းရေးနှင့် စီမံခန့်ခွဲမှု" ဘာသာရပ်ကို သင်ကြားပို့ချပေးခဲ့သည်။ ထိုသင်တန်း၏ စာတမ်းများကိုလည်း ပြင်ပစာစစ်တစ်ဦးအနေဖြင့် စိစစ်ပေးခဲ့သည်။

၁၉၇၈ခုနှစ်တွင် လက်ထောက်စာတည်းတာဝန် ထမ်းဆောင်ရင်း ထိုင်း၊ ဟောင်ကောင်၊ မလေးရှား သုံးနိုင်ငံ လေ့လာရေးကိုယ်စားလှယ်တစ်ဦးအဖြစ်သွားရောက်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် စာတည်းမှူးတာဝန် ထမ်းဆောင်ရင်း ဂျပန်နိုင်ငံသို့ စာအုပ်ထုတ်ဝေရေး လုပ်ငန်းနှင့် ပတ်သက်၍ လေ့လာရေးခရီး သွားရောက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်နေ့တွင် နှစ်ပြည့် ပင်စင်ဖြင့် အငြိမ်းစားယူခဲ့သည်။

၁၉၇၂ ခုနှစ်တွင် ဒေါ်တင်အေးကြည် အမည် ရင်းဖြင့် " ကမ္ဘာ့အမျိုးသား စာကြည့်တိုက်များ" စာအုပ်ကို လည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် တက္ကသိုလ် တင်အေးကြည်ကလောင်အမည်ဖြင့် " ပဟေဠိမေတ္တာ"နှင့် "ချိုမရွှင် ငြိုငြင်ရိပ်ဝယ်" လုံးချင်း ဝတ္ထုစာအုပ်များကို လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် အခြားစာရေးဆရာငါးဦးဖြင့် "အာရှရိုးရာပုံပြင် လက်ရွေးစင်" စာအုပ်ကိုလည်းကောင်း ရေးသားထုတ်ဝေခဲ့သည်။ အေး (စာပေဗိမာန်)ကလောင် အမည်ဖြင့် မဂ္ဂဇင်းဆောင်းပါးများကိုလည်း ရေးသားခဲ့သည်။

ဒေါ်တင်အေးကြည်၏ ခင်ပွန်းမှာ ဦးအောင်ရွှေ (B.A. R.L.) ညွှန်ကြားရေးမှူးချုပ်၊ စည်ပင်သာယာရေး ဦးစီးဌာနဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်အတွင်းက ကွယ်လွန်ခဲ့သည်။ ဒေါ်တင်အေးကြည်သည် ၂၀၀၂ ခုနှစ် နိုဝင်ဘာလ (၂၆) ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် သားနှစ်ယောက်ကျန်ရစ်သည်။

ဦးရဲဝင်း

တောင်အာဖရိက။ ။ ဘဏ္ဍာရေးဝန်ကြီးထရီဗောမန်ညီအယ်လ်က ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ၂၀၀၂-၂၀၀၃ ခုနှစ်အတွက်ဘတ်ဂျက်ကို တင်သွင်းခဲ့သည်။ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ရန်းငွေ ၂၈၇. ၉ ဘီလီယံကို သုံးစွဲမည်ဖြစ်ပြီး ရငွေအနေဖြင့် ရန်းငွေ ၂၆၅. ၂ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဘတ်ဂျက်အရ သုံးငွေသည် ရန်းငွေ ၃၃၄. ၆ ဘီလီယံအထိ တိုးမြှင့်သွားရန်ဖြစ်သည်ဟုဆိုသည်။

ဘတ်ဂျက်အရ သက်ကြီးရွယ်အိုပင်စင်ငွေနှင့် ကလေးသူငယ်များထောက်ပံ့ရေးတို့ကို တိုးချဲ့သုံးစွဲကာ ဆင်းရဲမှုသက်သာအောင်ပြုလုပ်သွားမည်ဖြစ်သည်။ ကိုယ်ခံစွမ်းအား ကျဆင်းမှုရောဂါတိုက်ဖျက်ရေးကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် မြို့ပြများ အသစ်မွမ်းမံ ပြုပြင်ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးတို့ကို ဦးတည်လုပ်ဆောင်သွားမည်ဖြစ်သည်။ ရဲတပ်ဖွဲ့ကို အင်အားဖြည့်တင်းကာ ဒုစရိုက်မှုများ ကျဆင်းရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ပုဂ္ဂလိကဝင်ငွေခွန်များ၊ ရင်းနှီးမြှုပ်နှံမှုအခွန်များ၊ လုပ်ငန်းငယ်များမှ အခွန်များကို လျှော့ချကာ စီးပွားရေးဘဝရှင်သန်လာရေးကိုမြှင့်တင်သွားမည်ဖြစ်သည်။

၁၉၉၉ ခုနှစ် ဇွန်လတွင် အငြိမ်းစား ယူခဲ့ပြီးနောက်တွင် သမ္မတဟောင်းနယ်လ်ဆင်မင်ဒဲလားသည် နိုင်ငံရေးဝေဖန်မှုများကို ရှောင်ကြဉ်ခဲ့သည်။ သို့ရာတွင် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် သတင်းစာတစ်စောင်နှင့် တွေ့ဆုံမေးမြန်းခန်းဌာ မင်ဒဲလားသည် ကိုယ်ခံစွမ်းအားကျဆင်းမှုရောဂါနှင့် ပတ်သက်၍ အစိုးရ၏ မူဝါဒနှင့်လုပ်ကိုင်ပုံများကို ဝေဖန်ခဲ့သည်။ အာဏာရပါတီ အနေဖြင့် အေအိုင်ဒီအက်စ်ရောဂါ၏ အကြောင်းရင်းများကို ပြောကြားမနေဘဲ ရောဂါတိုက်ဖျက်ရေးကိုသာ အာရုံစူးစိုက်ရန် တိုက်တွန်းခဲ့သည်။ အေအိုင်ဒီအက်စ်ရောဂါအကြောင်းရင်းများကို ငြင်းခုံရင်း တောင်အာဖရိကသည် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် အငြင်းပွားခဲ့ရသည်။ မင်ဒဲလားက ဤသို့အငြင်းပွားမှုကို ရှောင်ရှားရန် အကြံပေးခြင်းဖြစ်သည်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ပြုလုပ်သည့် မြောက်ပိုင်းပြည်နယ်လွတ်တော်က ၎င်းပြည်

နယ်၏အမည်ကို လင်းပိုပိုပြည်နယ်ဟု ပြောင်းလဲခေါ်ဝေါ်ရန် မဲပေးဆုံးဖြတ်ခဲ့ကြသည်။ ဤသို့အမည်ပြောင်းလဲရာတွင် တောင်အာဖရိက လူဖြူတို့အား နှိမ်ချရန်မဟုတ်ကြောင်း ပြောကြားခဲ့ကြသည်။

တောင်အာဖရိက၏ အရှေ့ဘက်ကမ်းခြေရှိ အရှေ့လန်ဒန်မြို့တွင် လုံခြုံရေးအစောင့်တပ်သားတစ်ဦးက လူအများကိုပစ်သတ်မှုဖြစ်ပွားခဲ့သည်။ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ချစ်သူ၏စွန့်ပစ်ခံရသော အစောင့်တပ်သားသည် ၎င်း၏ချစ်ခဲ့ဖူးသူ မိန်းကလေး၊ သူမ၏ဖခင်နှင့် အခြားရှစ်ယောက်တို့ကို သေနတ်ဖြင့် ပစ်သတ်ပြီးနောက် သူ့ကိုယ်သူ အဆုံးစီရင်လိုက်သည်။ တောင်အာဖရိက၌ ဤသို့သော အကြမ်းဖက်မှုများထူပြောသည်။ ၂၀၀၁ ခုနှစ်က ကိုးလအတွင်း လူသတ်မှုပေါင်း ၁၅၀၀၀ ကျော် ဖြစ်ပွားခဲ့သည်။ ၂၀၀၀ ပြည့်နှစ် အမေရိကန်ပြည်ထောင်စု၌ ဖြစ်ပွားခဲ့သည့် လူသတ်မှုအရေအတွက်နှင့် အတူတူပင်ဖြစ်သည်။

မီးရထားအသွားအလာများကိုထိန်းကျောင်းပေးသောသံကြိုးအခိုးခံရပြီး နောက်အချက်ပြကိရိယာအလုပ်မလုပ်သောကြောင့် မီးရထားတိုက်မှုဖြစ်ပွားခဲ့သည်။ လူပေါင်းအနည်းဆုံး ၂၀ ကျော် သေဆုံးပြီး ၈၀ ကျော်ဒဏ်ရာရခဲ့သည်။ ဤမီးရထားတိုက်မှုသည် ဖေဖော်ဝါရီလ ၅ ရက်နေ့က ဒါဘန်မြို့၏ အရှေ့ဘက်ကီလိုမီတာ ၇၀ အကွာတွင် ဖြစ်ပွား ခဲ့သည်။

မတ်လ ၂၅ ရက်နေ့တွင် ပရီတိုးရီးယားမြို့တော်ရှိ အထက်တရားရုံးက အောက်တရားရုံး၏ စီရင်ချက်ကို အတည်ပြုပေးလိုက်သည်။ ဤစီရင်ထုံးအရ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူနေရဆဲဖြစ်သော HIV ပိုးတွေ့ထားသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးသည် အေအိုင်ဒီအက်စ်ရောဂါကုဆေးဝါးကို လက်ခံရယူသုံးဆောင်ပိုင်ခွင့် ရှိသွားသည်။ အထက်တရားရုံး တရားသူကြီးက ဤအမှုနှင့်ပတ်သက်၍ အယူခံဝင်နေဆဲမှာပင် နိုင်ငံတစ်ဝန်းလုံးရှိ ဤသို့သောကိုယ်ဝန်ဆောင် အမျိုးသမီးများကို အေအိုင်ဒီအက်စ်ရောဂါကုဆေးနယ်ဗီရာပင်းဆေးတိုက်ကျွေးရမည်ဟု စီရင်ထုံး၌ ထည့်သွင်းရေးသားခဲ့သည်။ ဤဆေးဝါးမျိုးသည် စေးကြီးသောကြောင့် အစိုးရသည် စမ်းသပ်နယ်မြေ ၁၈ ခုတွင်သာ အသုံးပြုခဲ့သည်။ တောင်အာဖရိကတွင် တရားစီရင်ရေးနည်းလမ်းဖြင့်လည်း အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးကို ဆောင်ရွက်နေကြောင်း သာဓကတစ်ရပ်ဖြစ်သည်။

ပရီတိုးရီးယားမြို့တော်ရှိ အထက်တရားရုံးက ဝေါတာဘက်ဘွန်းအားစွဲချက် ၄၆ ခုဖြင့် တရားစွဲဆိုခံထားရာမှ ဧပြီလ ၁၁ ရက်နေ့တွင် တရားသေလွတ်ပေးခဲ့သည်။ တောင်အာဖရိကရှိ သတင်းမီဒီယာလောကၦ ဘက်ဘွန်းသည် "ဒေါက်တာမရဏာ" ဟု ထင်ရှားကျော်ကြားခဲ့သည်။ အသားအရောင်ခွဲခြားသည့် အစိုးရလက်ထောက်က သူသည် ဓာတုနှင့်ပိုးမွှားလက်နက်များ ထုတ်လုပ်ရေးအစီအစဉ်ကို ကြီးကြပ်ကွပ်ကဲခဲ့ရသူ ဖြစ်သည်။ သံသယ အကျိုးခံစားခွင့်ဖြင့် တရားသေလွတ်ပေးခဲ့ခြင်း ဖြစ်သည်။

မေလ ၁၃ ရက်နေ့တွင် သမ္မတ သာဘိုအမ်ဘေကီသည် အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေးလှုပ်ရှားမှု၌ ပါဝင်ခဲ့သူ ၃၃ ဦးတို့အား ပြစ်ဒဏ်များမှ ကင်းလွတ်ခွင့်ပြုပေးခဲ့သည်။ ထိုသူများအား ဂိုဏ်းချုပ်ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးဦးဆောင်သောအမှန်တရားနှင့်ပြန်လည်သင့်မြတ်ရေးကော်မရှင်က လွတ်ငြိမ်းချမ်းသာခွင့်မပေးဘဲထားခဲ့သည်။ ဤကဲ့သို့ ထိုသူများအား သမ္မတက ပြစ်ဒဏ်ကင်းလွတ်ပေးခဲ့သဖြင့် ၎င်းတို့ကော်မရှင်ကို ပြက်ရယ်ပြုရာကျသည်ဟု ဒက်စ်မွန်တူးတူးက ဝေဖန်ခဲ့သည်။

အမျိုးသားလွတ်တော်က ဓါတ်သတ္တုနှင့် ရေနံဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ဇွန်လ ၂၅ ရက်နေ့တွင် ၂၄၃ မဲ- ၃၅ မဲဖြင့်အတည်ပြုပေးလိုက်သည်။ ဤဥပဒေကြမ်းအရ ပုဂ္ဂလိကပိုင်ဖြစ်နေသော ဓါတ်သတ္တုလုပ်ငန်းနှင့် ရေနံလုပ်ငန်းတို့ကို နိုင်ငံပိုင်အဖြစ်သို့ ပြောင်းပေးရန်ဖြစ်သည်။ ဤလုပ်ငန်းများကိုလူဖြူတို့ကချည်းသာ လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားရာမှ လူမည်းများပါ ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရရှိရေးအတွက် ဤသို့ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ဤဥပဒေအရ သတ္တုရှာဖွေတူးဖော်ရေး လုပ်ငန်းများကို လုပ်ကိုင်ဆဲ ကုမ္ပဏီများသည်လည်း လုပ်ကိုင်ခွင့်လိုင်စင်များ တောင်းခံဆောင်ရွက်မည်ဖြစ်သည်။ ပုဂ္ဂလိကပိုင်ဖြစ်နေပြီး မလုပ်ကိုင်ရသေးသော သတ္တုလုပ်ကွက်များကိုလည်း အစိုးရကသာ ချုပ်ကိုင်ထား

မည်ဖြစ်သည်။ သတ္တုနှင့် ရေနံလုပ်ငန်း လုပ်ကိုင်လိုလျှင် ကုမ္ပဏီများသည် လူမည်းများပိုင်ဆိုင်ခွင့်နှင့် ပါဝင်လုပ်ကိုင်ခွင့်ပေးထားကြောင်း လိုင်စင်လျှောက်ထားစဉ်တွင်ပင် တစ်ပါတည်း တင်ပြကြရမည်ဖြစ်သည်။

ဇွန်လ အလယ်ပိုင်းက နစ်နာခံထားရသူများ စုပေါင်းလျက် ဘဏ်သုံးခုအပေါ် တရားစွဲဆိုမှုပြုခဲ့သည်။ အမေရိကန်ဘဏ်နှင့် ဆွစ်ဘဏ်နှစ်ခုတို့သည် အသားအရောင်ခွဲခြားသည့်ခေတ်က တောင်အာဖရိကအပေါ် နိုင်ငံတကာတားမြစ်မိန့်များချမှတ်ထားသည်ကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြ သည်။ ထိုဘဏ်များသည် လူမည်းများအား အခမဲ့စေခိုင်းခဲ့သည်။ လူသတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုများလည်း ကျူးလွန်ခဲ့သည်။ ဤလူသတ်မှုများအတွက် နစ်နာခံခဲ့ရသူတို့က လျော်ကြေးငွေ ဒေါ်လာ ဘီလီယံ ၅၀ ရယူလိုကြောင်း အမေရိကန် ပြည်ထောင်စု၊ ဆွစ်ဇာလန်နိုင်ငံနှင့် တောင်အာဖရိကနိုင်ငံ တရားရုံးများတွင် တရားစွဲဆို ခဲ့သည်။ ဤအမှုတွင် တရားလိုများဘက်မှ အမေရိကန်ရှေ့နေတစ်ဦးက အမှုလိုက်ပါစွဲဆိုပေး ခဲ့သည်။

ပရီတိုးရီးယားရှိ အထက်တရားရုံးက အေအိုင်ဒီအက်စ်ရောဂါရနေဆဲ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အစိုးရက နယ်ဗီရာပင်းဆေးကို တိုက်ကျွေးရမည်ဟု စီရင်ချက်ချခဲ့သည်။ ယင်းစီရင်ချက်ကို မကျေနပ်၍ အစိုးရက အခြေခံဥပဒေဆိုင်ရာတရားရုံး (အမြင့်ဆုံးအယူခံရုံး) သို့ အယူခံခွင့်တောင်းခံခဲ့သည်။ ထိုအယူခံတရားရုံးချုပ် က အစိုးရ၏အယူခံခွင့်တောင်းခံလွှာကို ဇူလိုင်လ ၅ ရက်နေ့က ပယ်ချခဲ့သည်။ အေအိုင်ဒီအက်စ် ရောဂါရှင်ကိုယ်ဝန်ဆောင်များအား အစိုးရက နယ်ဗီရာပင်းဆေးများမပေးဘဲထားခြင်းသည် အခြေခံဥပဒေနှင့် မညီညွတ်ကြောင်း၊ လူတို့၏ အသက်ကို ကယ်ဆယ်ရေးက.ပိုမိုအရေးကြီးကြောင်း ဆိုကာ အစိုးရ၏အယူခံလွှာကို ပယ်ချခဲ့ခြင်းဖြစ် သည်။

တောင်အာဖရိက၌ အေအိုင်ဒီအက်စ် ရောဂါတိုက်ဖျက်ရေးတွင် ကုသပေးရေးလှုပ်ရှားမှုအဖွဲ့သည် အထင်ရှားဆုံးအဖွဲ့ဖြစ်သည်။ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဤအဖွဲ့က ပြိတိန်မှ ဂလက်ဇိုစမစ်သ်က လိုင်းကုမ္ပဏီနှင့် ဂျာမနီမှ ဘိုးရင်းဂျာအင်ဂယ်လ်ဟိုင်းကုမ္ပဏီတို့အပေါ် အေအိုင်ဒီအက်စ်ပျောက်ဆေးဝါးများတွင် အဆမတန်စျေးနှုန်းများသတ်မှတ်မှုအတွက် တရားစွဲဆိုခဲ့သည်။ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတို့သည် တောင်အာဖရိက၌ အေအိုင်ဒီအက်စ်ရောဂါပျံ့နှံ့နေမှုကို အခွင့်ကောင်းယူလျက် မရှိမဖြစ်သော ဆေးဝါးများအပေါ် စျေးနှုန်းအဆမတန် မြှင့်တင်ထားခြင်းကြောင့် ဝေဖန်ပြစ်တင်ခံနေရသည်။

အခြေခံဥပဒေဆိုင်ရာ တရားရုံးက ယောကျ်ားလျာများနှင့် မိန်းမလျာများသည် လိင်တူချင်း အကြင်လင်မယား အဖြစ်ပေါင်းသင်းလျက် ကလေးငယ်များကို မွေးစားနိုင်ကြောင်း စက်တင်ဘာလ ၁၀ ရက်နေ့တွင် စီရင်ထုံးချမှတ်ခဲ့သည်။ တည်ဆဲကလေးငယ်များစောင့်ရှောက်ရေးဥပဒေနှင့် အုပ်ထိန်းသူများဥပဒေတို့ကို ကိုးကားလျက်လိင်တူချင်းပေါင်းသင်းနေသော လင်မယားတို့သည် ကလေးမွေးစားခြင်းမပြုနိုင်ဟု ငြင်းပယ်ထားခြင်းသည် အခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု ဆုံးဖြတ်ခဲ့သည်။ ကလေးများ၏ ဘဝတည်ငြိမ်ရေး၊ မေတ္တာရိပ်ခံယူနိုင်ရေးတို့အတွက် ၎င်းပုဂ္ဂိုလ်များသည်လည်း ကလေးမွေးစားခွင့်ရှိရမည်ဟု စီရင်ထုံးတွင်ရေးသားဖော်ပြထားသည်။

တောင်အာဖရိကနိုင်ငံ၌ လူဖြူလူနည်းစု၏ အုပ်စိုးမှုကို ပြန်လည်ထူထောင်လိုသော လူဖြူအစွန်းရောက်ဝါဒီများသည် အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိကြသည်။ အောက်တိုဘာလကုန်ပိုင်းက ဆိုဝီတိုမြို့တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။ ထိုဗုံးကွဲမှုများကြောင့် ဗလီတစ်ခု၊ ဗုဒ္ဓဘာသာဘုရားရှိခိုးကျောင်းတစ်ကျောင်း၊ အစ္စလာမ်စာသင်ကျောင်းတစ်ကျောင်းတို့ပျက်စီးခဲ့သည်။ ဂျိုဟန်းနက်စ်ဘာ့ဂ်သို့သွားသည့် မီးရထားလမ်းလည်းပြတ်တောက်ခဲ့ရသည်။ သမ္မတ အမ်ဘေကီက ၎င်းတို့နိုင်ငံရှိ လူဖြူလူမည်းတို့သည် ယင်းသို့သော အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ကြောင်း၊ လက်ယာအစွန်းရောက်လူမျိုးရေးဝါဒီတို့၏ ခြောက်လှန့်မှုကြောင့် ကြောက်ရွံ့နောက်တွန့်သွားမည် မဟုတ်ကြောင်းပြောကြားခဲ့သည်။ အစိုးရသည် ပြစ်မှုကျူးလွန်သူများကို ဖမ်းမိစေရန် အပူတပြင်းကြိုးပမ်းလျက်ရှိသည်။

အခြေခံ ဥပဒေဆိုင်ရာ တရားရုံးက အောက်တိုဘာလ ၄ ရက်နေ့တွင် စီရင်ချက်ချမှတ်ရာ၌ ရပ်ကွက်၊ ကျေးရွာအဆင့်များရှိ ကောင်စီဝင်များသည် မိမိတို့၏ကိုယ်စားလှယ်ဖြစ်နေသောနေရာများကိုမစွန့်လွှတ်ဘဲ ပါတီတစ်ခုမှ အခြားပါတီတစ်ခုသို့ ခြံခုန်ကူးပြောင်းခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့သည်။ ဤသို့ခြံခုန်ကူးပြောင်းခွင့်ပေးလိုက်သဖြင့် လက်ယာယိမ်း ဒီမိုကရေစီ မဟာမိတ်အဖွဲ့မှ ကောင်စီဝင် ၃၈ ဦးတို့သည် အာဖရိကအမျိုးသားကွန်ဂရက်ပါတီသို့ကူးပြောင်းခဲ့ကြသည်။ ထို့ကြောင့် ကိတ်တောင်းမြို့တွင် လက်ယာယိမ်းပါတီမကြီးစိုးနိုင်တော့ဘဲ လူမည်းအများစုပါသော အေအင်စီပါတီက အာဏာရပါတီဖြစ်သွားခဲ့သည်။ တရားရုံးသည် အခြေခံဥပဒေကိုပြင်ဆင်လျက်ပြည်နယ်အဆင့်၊ ဗဟိုအဆင့်တို့ရှိ လွှတ်တော်ကိုယ်စားလှယ်တို့ကိုလည်း အလားတူပါတီကူးပြောင်းခွင့်ပေးရန်စီစဉ်လျက်ရှိသည်။

အသားအရောင်ခွဲခြားမှုလက်ထက်တွင် နစ်နာခဲ့ရသူ ၈၂ ဦးတို့သည် စုပေါင်းလျက် နိုင်ငံစုံကော်ပိုရေးရှင်းကြီး ၂၀ တို့အပေါ် လျော်ကြေးရလိုမှုဖြင့် အမေရိကန်ပြည်ထောင်စုမှ တရားရုံးတစ်ခုတွင် တရားစွဲဆိုခဲ့ကြသည်။ ဤအမှုတွင်တရားလိုရှေ့နေများ အဖြစ်အမေရိကန်ဥပဒေပညာရှင်နှင့် တောင်အာဖရိကရှေ့နေတစ်ဦးတို့က လိုက်ပါဆောင်ရွက်ပေးကြသည်။

ဦးခင်မောင်မြ

ထိုင်းနိုင်ငံ။ ။ ဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ နှစ်ရက်ကြာ အလည်အပတ်ခရီးအဖြစ် ဇန်နဝါရီလ ၁၇ ရက်နေ့က သွားရောက်ခဲ့သည်။ ယင်းခရီးစဉ်မှာ ၂၀၀၁ ခုနှစ် ဩဂုတ်လက အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီဆုကာနိုပူထရီ၏ ဗန်ကောက်ခရီးစဉ်ပြီးသည့်နောက် ဖြစ်ပေါ်လာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်သောတရားဝင်ခရီးစဉ်အတွက် ကျေနပ်မိကြောင်း၊ နှစ်ရက်ကြာယင်းခရီးစဉ်ကြောင့် အာဆီယံအိမ်နီးချင်းနှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က ပြောကြားသည်

ဟု ထိုင်းသတင်းဌာနက ဇန်နဝါရီလ ၁၉ ရက်နေ့ကဖော်ပြသည်။ ဝန်ကြီးချုပ်သက်ဆင်သည် အင်ဒိုနီးရှားသမ္မတမယ်ဂါဝတီဆိုကာနိုပူထရီနှင့် တွေ့ဆုံဆွေးနွေးရာတွင် အကြောင်းအရာများစွာတို့၌ အောင်မြင်မှုများ ရရှိခဲ့သည်။ ဝန်ကြီးချုပ်သက်ဆင်သည် အင်ဒိုနီးရှားနိုင်ငံတွင် နှစ်ရက်ကြာနေထိုင်လည်ပတ်ပြီးနောက် ဇန်နဝါရီလ ၁၉ ရက်နေ့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိလာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ရှိနေစဉ် ငါးဖမ်းလုပ်ငန်း၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဗန်ကောက်မြို့၏ ဒုတိယမြောက် နိုင်ငံတကာလေဆိပ်သစ်ဖြစ်သော ဆူဗာနာဘူမိ လေဆိပ်အုတ်မြစ်ချပန္နက်တင်အခမ်းအနား ကျင်းပရာ ထိုင်းဘုရင်ဘူမိဘောအဒူလျာဒတ်ရှိက ဇန်နဝါရီလ ၂၀ ရက်နေ့က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းအခမ်းအနားသို့ ပြည်သူတစ်ထောင်ကျော်၊ ထိုင်းအစိုးရအဖွဲဝင် ဝန်ကြီးများ၊ နိုင်ငံခြားဧည့်သည်များနှင့် သံအမတ်ကြီးများ တက်ရောက်ကြသည်။ ဘုရင်ဘူမိဘော အုတ်မြစ်မချမီ ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က လေဆိပ်သစ်စီမံကိန်းနှင့်ပတ်သက်၍ ဘုရင်အား အတိုချုပ်ရှင်းလင်းပြောကြားသည်။ ယင်းလေဆိပ်သစ်ကို ဗန်ကောက်မြို့၏အရှေ့တောင်ဘက်ကီလိုမီတာ ၃၀ အကွာတွင် လက်ရှိဒွန်မောင်းလေဆိပ်နေရာ၌ အစားထိုးတည်ဆောက်မည်ဖြစ်သည်။ ယင်းလေဆိပ်သစ်အတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ကုန်ကျမည်ဖြစ်ပြီး နှစ်စဉ်ခရီးသည် သန်း ၃၀ နှင့် ကုန်တန်ချိန် ၁ ဒသမ ၄၆ သန်း ကိုင်တွယ်ပို့ဆောင်သယ်ယူပေးနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသို့ ဖေဖော်ဝါရီလ ၁ ရက်နေ့က တစ်ရက်ကြာလုပ်ငန်းသဘောခရီး သွားရောက်ခဲ့ခြင်းမှာ အာရှနိုင်ငံများအကြားပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က ဖေဖော်ဝါရီလ ၂ ရက်နေ့က ပြောကြားသည်။ အိန္ဒိယခရီးစဉ်တွင် အာရှဒေသစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများဆွေးနွေးပွဲ (အေစီဒီ) အဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်သူ တိုးမြှင့်ရေးကိုအဓိကရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ အာရှဒေသ နိုင်ငံများအကြား

ထိုင်းနိုင်ငံရှိ သံမဏိစက်ရုံ
တစ်ခုအား တွေ့ရစဉ်

ကုန်သွယ်ရာတွင် ပိုမိုအနီးကပ်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးနှင့် အာရှဒေသနိုင်ငံများရှိ လူ့အရင်းအမြစ်များဖွံ့ဖြိုးရေး ပူးတွဲ ဆောင်ရွက်သွားရန် ရည်ရွယ်ချက်များထားရှိကာ အိန္ဒိယနိုင်ငံ အေစီဒီအဖွဲ့တွင် အရေးပါသောအဖွဲ့ဝင်ဖြစ်လာရန် လိုလားလျက်ရှိသည်ဟု ဝန်ကြီးချုပ်သက်ဆင်က အပတ်စဉ်ကျင်းပနေကျ ရေဒီယိုအသံလွှင့်အစီအစဉ်တွင် ပြောကြားခဲ့သည်။ ယခုခရီးစဉ်မှာ နှစ်လအတွင်းအိန္ဒိယနိုင်ငံသို့ ဝန်ကြီးချုပ်သက်ဆင်၏ ဒုတိယအကြိမ်ခရီးစဉ်ဖြစ်သည်။ အာရှအိမ်နီးချင်း နိုင်ငံများအကြား ဆက်ဆံရေးပိုမိုခိုင်မြဲလာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန် ရည်ရွယ်ချက်ဖြင့် ဝန်ကြီးချုပ်သက်ဆင်သည် အိန္ဒိယနိုင်ငံသို့ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလက ပထမဆုံးအကြိမ် သွားရောက်ခဲ့သည်။ ဒုတိယအကြိမ်ခရီးတွင် ထိုင်းဝန်ကြီးချုပ်သည် အိန္ဒိယသမ္မတကြီးအား သွားရောက်ဂါရဝပြုခဲ့ပြီး ဝန်ကြီးချုပ်ဗာဂျ်ပေယီနှင့်လည်း တွေ့ဆုံကာ အေစီဒီအရေးကိစ္စများနှင့် အခြားကိစ္စများကို ဆွေးနွေးခဲ့သည်။

ထိုင်းနိုင်ငံအစိုးရအဖွဲ့နှင့် စီးပွားရေးအဖွဲ့တို့သည် အမေရိကန်ဒေါ်လာသန်း ၈၆၀ ကုန်ကျမည့် စီမံကိန်းအရ ထိုင်းနိုင်ငံ၏မြို့တော်ဗန်ကောက်ကို ၂၀၀၅ ခုနှစ်အတွင်း၌ ဒေသတွင်းခေတ်အမီဆုံး မြို့တော်အဖြစ် တည်ဆောက်သွားမည်။ ၁၀ နှစ်အတွင်း အထူးစည်ကားသော ကမ္ဘာတွင်ရေပန်းအစားဆုံး အချက်အချာနေရာအဖြစ် ဖန်တီးသွားမည်ဟု ထိုင်းနိုင်ငံအသံလွှင့်ဌာနက မတ်လ ၅ ရက်နေ့က ကြေညာသည်။ ယင်းစီမံကိန်းအရ ဗန်ကောက်မြို့တော်သည် အဝတ်အထည်များ၊ သားရေထည်ပစ္စည်းများနှင့် ကျောက်မျက်ရတနာများဖြင့် ပြည့်လျှံနေမည့်နေရာဒေသကြီးအဖြစ် ရောက်ရှိလာမည်ဖြစ်သည့်အပြင် ထိုကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ခြင်းဖြင့် လာမည့်ငါးနှစ်အတွင်း နှစ်စဉ်အမေရိကန်ဒေါ်လာသန်း ၂၇၀ အထိ ရရှိမည်ဟု မျှော်လင့်ထားသည်။

ထိုစီးပွားရေးကဏ္ဍကို ကြီးကြပ်ကွပ်ကဲတာဝန်ယူရသော ထိုင်းဒုတိယဝန်ကြီးချုပ် ဆွမ်ကစ်ဂျက်ဆုဆရီနီတက်က ယင်းစီမံကိန်းကို အစည်းအဝေးတွင် တင်သွင်းခဲ့သည်။ ယင်းအစည်းအဝေးသို့ ဗန်ကောက်မြို့တော်ရှိ ကျောက်မျက်ရတနာ ကုန်သည်များ၊ အထည်ကုန်သည်များနှင့် သားရေထည်လုပ်ငန်းရှင်များ၏ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ယင်းစီမံကိန်းများအတွက် ဖော်ပြပါစီးပွားရေးလုပ်ငန်းကြီးသုံးခုမှ အမေရိကန်ဒေါ်လာ ၂၄၁ သန်းထည့်ဝင်ရင်းနှီးမြှုပ်နှံကြမည်ဖြစ်ကြောင်း ထိုင်းအစိုးရအဖွဲ့က ကျန်ငွေအမေရိကန်ဒေါ်လာ ၆၁၉ သန်းကို ထည့်ဝင်ရန် စဉ်းစားနေကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ပြည်ပရင်းနှီးမြှုပ်နှံမှု - နိုင်ငံစုံမှ ကုမ္ပဏီများသည် အိမ်နီးချင်းနိုင်ငံများရှိ ၎င်းတို့၏ ထုတ်လုပ်ရေးစက်ရုံများကို ထိုင်းနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းလာကြသည်ဖြစ်ရာ ၂၀၀၂ ခုနှစ်အတွင်းနိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်မြင့်မားလာဖွယ်ရာရှိကြောင်း ထိုင်းရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (ဘီအိုအိုင်)

က မျှော်လင့်ထားသည်ဟု ဇန်နဝါရီလ ၃ ရက်နေ့ ထုတ် စီးပွားရေးလုပ်ငန်း နေ့စဉ်သတင်းစာက ရေးသားဖော်ပြသည်။ နိုင်ငံခြားကုမ္ပဏီရင်းနှီးမြှုပ်နှံမှုများ ဖြန့်ကြက်ရန်ပိုမိုသင့်လျော်မည့်စျေးကွက်များ ရှာဖွေလျက်ရှိရာတွင် ၂၀၀၂ ခုနှစ် စတုတ္ထသုံးလပတ်မှစပြီး အိမ်နီးချင်းနိုင်ငံများရှိ ၎င်းတို့၏ ကုန်ထုတ်လုပ်မှုစက်ရုံများကို ထိုင်းနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းခဲ့ကြသည်။ တောင်အမေရိက၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတွင်ရင်းနှီးမြှုပ်နှံမှုမှ ရရှိသောဝင်ငွေများ နည်းပါးသည်ကို ကာမိစေရန် နိုင်ငံခြားကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမည့်နေရာသစ်များ ရှာဖွေကြသဖြင့် ၂၀၀၁ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ ပြည်ပမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာခြင်းဖြစ်သည်။ မကြာမီက သုတေသနပြုချက်အရ နိုင်ငံခြားကုမ္ပဏီများသည် ၎င်းတို့၏ ကုန်ထုတ်စက်ရုံများကို အရှေ့တောင်အာရှသို့ ရွှေ့ပြောင်းလာရာတွင် ထိုင်းနိုင်ငံမှာ ထိပ်ဆုံးဦးစားပေး ရွေးချယ်ရာနေရာ ဖြစ်ခဲ့သည်။ ယင်းသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအနက် ၂၀၀၂ ခုနှစ်အတွင်း အဓိကအားဖြင့် စိုက်ပျိုးရေးနှင့်ဆက်နွယ်သော စီးပွားရေးလုပ်ငန်းများ၊ အကျိုးဆောင်ကဏ္ဍ၊ စက်တပ်ယာဉ်နှင့် အပိုပစ္စည်းထုတ်လုပ်မှုများ တိုးပွားလာဖွယ်ရာရှိပြီး အီလက်ထရောနစ်စက်မှုလုပ်ငန်းများလည်း ၂၀၀၂ ခုနှစ်အလယ်ပိုင်းမှစ၍ တိုးတက်လာဖွယ်ရာရှိသည်ဟု ဘီအိုအိုင်အတွင်းရေးမှူးချုပ် ချာကရာဗွန်က ပြောကြားခဲ့သည်။

ထိုင်းရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ (ဘီအိုအိုင်) သည် ထိုင်းနိုင်ငံကို ၂၀၀၄ ခုနှစ်၌ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တွင် ရင်းနှီးမြှုပ်နှံမှု ထိပ်တန်းနိုင်ငံအဖြစ် တိုးတက်မှုဖွံ့ဖြိုးလာစေရန် စီစဉ်ထားသည်ဟု ဝန်ကြီးချုပ်ရုံးဝန်ကြီးချတ်ဆူရွှန် ချေဆန်က ဇန်နဝါရီလ ၂၆ ရက်နေ့ကပြောကြားခဲ့သည်။ ယင်းအစီအစဉ်မှာ ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ဘီအိုအိုင်၏ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးမဟာဗျူဟာအစိတ်အပိုင်းဖြစ်ပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို အရှိန်တိုးမြှင့်ရန်ရည်ရွယ်ထားသည်။ မဟာဗျူဟာများသည် အစိုးရ၏အမျိုးသားဖွံ့ဖြိုးရေးမူဝါဒနှင့် အညီအညွတ်ဖြစ်သည့်အပြင် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့ (ဂျက်ထရို) က ဆောင်ရွက်ခဲ့သော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လမ်းကြောင်းနှင့်လည်း အညီအညွတ်ဖြစ်သည်။ မဟာဗျူဟာများအရ ဘီအိုအိုင်သည် ထိုင်းနိုင်ငံကို ၂၀၀၄ ခုနှစ်တွင် အာဆီယံ၌ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအတွက် ပထမရွေးချယ်ရာနိုင်ငံအဖြစ်ရောက်အောင် စီစဉ်ထားသည်ဟု ချတ်တူရွှန်ကပြောကြားသည်။

ဂျပန်ရင်းနှီးမြှုပ်နှံမှု အလားအလာအနေအထားဆိုင်ရာ ဂျက်ထရိုက်နောက်ဆုံးလေ့လာချက်အရ ထိုင်းနိုင်ငံသည်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာ၌ လာမည့်သုံးနှစ်ကာလအတွင်း အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ပြီးလျှင် တတိယအကောင်းဆုံးနိုင်ငံဖြစ်ကြောင်း ထိုင်းရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (ဘီအိုအိုင်) က ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကြေညာခဲ့သည်။ ထိုင်းနိုင်ငံသည် နိုင်ငံရေးတည်ငြိမ်မှု၊ တရားဥပဒေစနစ်ကောင်းမွန်မှု၊ အခွန်အကောက်စနစ် သင့်မြတ်မှု၊ လုပ်ငန်းစွမ်းရည်မြင့်မားမှု၊ အခြေခံအဆောက်အအုံနှင့် အထောက်အကူပြုစက်ရုံများ အသားကျမှုအပြင် စီးပွားရေးတည်ငြိမ်မှုတို့ အပါအဝင်များစွာတိုးတက်ကောင်းမွန်နေသည်ဟု ဂျပန်စီးပွားရေးလုပ်ငန်းရှင်များက ဘီအိုအိုင်သတင်းတွင်ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၏အားနည်းချက်မှာ လုပ်သားပမာဏကိစ္စဖြစ်သည်။ ကုန်ထုတ်လုပ်မှုဆိုင်ရာ ကနဦးရင်းနှီးမြှုပ်နှံမှုစရိတ်နှင့် စျေးကွက်အလားအလာတို့တွင်လည်း အားနည်းနေသည်။ ထိုင်းအစိုးရသည် နှစ်စဉ်အမေရိကန်ဒေါ်လာသန်း ၄၅၀၀ (ဘတ်ငွေသန်း ၂၀၀၀၀) ထက်မနည်း ရရှိရေးအတွက် ပြည်တွင်းပြည်ပနှစ်ဌာနမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်ရန် (ဘီအိုအိုင်/ ၃-၂-၁) အမည်ရှိသုံးနှစ်မဟာဗျူဟာစီမံကိန်းကို လက်ခံအတည်ပြုလိုက်ပြီဖြစ်သည်။ စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းချက်သုံးရပ်လည်း ချမှတ်ထားသည်ဟု ဘီအိုအိုင်၏ဖက်စ်သတင်းတွင် ဖော်ပြထားသည်။

ဂျာမနီနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများသည် ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်သွားရန် စိတ်ဝင်စားမှုပြသကြောင်း၊ အာရှဒေသတွင်ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံရေးအတွက် ထိုင်းနိုင်ငံကိုတံခါးပေါက်အဖြစ် ထားရှိအသုံးပြုလိုကြကြောင်း ထိုင်း

ကုန်သွယ်ရေးကိုယ်စားလှယ် ခန်သီဆူပါမွန်ကိုး၏ ပြောကြားချက်ကို ထိုင်းသတင်းဌာနက မတ်လ ၅ ရက်နေ့က ဖော်ပြသည်။ ခန်သီသည် ဖေဖော်ဝါရီလ ကုန်ပိုင်းက ဂျာမနီနိုင်ငံသို့သွားရောက်လည်ပတ်ခဲ့ရာ ထိုင်းနိုင်ငံတွင် နိုင်ငံခြားတိုင်းပြည်များမှ လာရောက် ရင်းနှီးမြှုပ်နှံရေးနှင့် ကုန်သွယ်ရေး အတွက် ထိုင်းနိုင်ငံ၏ရပ်တည်ချက်သဘောထားကို ရှင်းပြရန် ဂျာမနီစီးပွားရေးနှင့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။ ယခင်က အရှေ့တောင်အာရှဒေသ တွင် ရင်းနှီးမြှုပ်နှံနိုင်သောနေရာကောင်းအဖြစ် စင်ကာပူ၊ မလေးရှားနှင့်ဟောင်ကောင်တို့ကိုသာ မျက်စိကျသော ဂျာမနီစီးပွားရေးလုပ်ငန်းရှင် အများ အပြားတို့မှာ ယခုအခါထိုင်းသံရုံးနှင့်ဆက်သွယ်ပြီး ထိုင်းနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားလို ကြောင်း ပြောကြားလာကြသည်။

စီးပွားရေးတိုးတက်မှု - ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်လာသော ရလဒ်အဖြစ် ၂၀၀၂ ခုနှစ် ထိုင်း စီးပွားရေးတိုးတက်မှုနှုန်းမှာ စုစုပေါင်းပြည်တွင်း ထုတ်ကုန်များ၏ ၁-၃ ရာခိုင်နှုန်းမှ ၂-၃ ရာခိုင်နှုန်း သို့ တိုးတက်လာမည်ဟုခန့်မှန်းကြောင်း ထိုင်းဘဏ် (ဘီအိုတီ) က သုံးသပ်ထားကြောင်း ထိုင်းသတင်း ဌာနက ဇန်နဝါရီလ ၂၄ ရက်က ရေးသားဖော်ပြ သည်။ ၂၀၀၁ ခုနှစ် စတုတ္ထသုံးလပတ်တွင် ဘက်စုံ စီးပွားရေးအခြေအနေတိုးတက်မှု ရှိခဲ့ပြီး ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ထိုင်းဘဏ်အုပ်ချုပ် ရေးမှူးက ပြောကြားခဲ့သည်။ ပြည်တွင်းငွေကြေး သုံးစွဲမှုအခြေအနေတိုးတက်ခဲ့ရာ စီးပွားရေးနာလန်ထူ သော လမ်းကြောင်းပေါ်သို့ ထိုင်းနိုင်ငံပြန်ရောက် သည့်လက္ခဏာဖြစ်သည်။ ထိုင်းဗဟိုဘဏ်သည် မကြာမီကရင်းနှီးမြှုပ်နှံမှုစာချုပ် ပြန်ဝယ်ယူနှုန်းကို

ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်

သည်ဒသမ ၂၅ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအထိ လျော့ချရန်ဆောင်ရွက်ခဲ့ခြင်းမှာ စီးပွားရေးနာလန်ထူမှုကို တိုးမြှင့်ရန်ဆောင်ရွက်ခြင်းဖြစ်ပုံရပြီး အစိုးရဘတ်ဂျက်လိုငွေပြမှု အခြေအနေမှ သက်သာစေသည်။ ယင်းအခြေအနေများအရ ၂၀၀၂ ခုနှစ် စီးပွားရေးအခြေအနေမှာ ၂၀၀၁ ခုနှစ်ကထက် ပိုကောင်းမည်ကို မိမိယုံကြည်သည်ဟု ဘီအိုတီအကြီးအကဲက ပြောကြားသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး - မဲခေါင်မြစ်ညာဒေသနိုင်ငံများဖြစ်ကြသော ထိုင်း၊ လာအို၊ မြန်မာနှင့် တရုတ်လေးနိုင်ငံတို့သည် ဒေသအတွင်းဘုံအန္တရာယ်ကြီးတစ်ခုဖြစ်သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် ရည်ရွယ်ချက်ဖြင့် ထိုင်းနိုင်ငံမြောက်ပိုင်းဇင်းမယ်မြို့တွင် အစည်းအဝေးပြုလုပ်ကြကြောင်း ဒေသသတင်းဌာနက ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ ဘန်ကောက်မြို့မြောက်ဘက် ကီလိုမီတာ ၇၈၀ အကွာရှိ ဇင်းမယ်မြို့၌ ကျင်းပသောအစည်းအဝေးမှာ ဘိန်းဖြူနှင့်အခြားမူးယစ်ဆေးပင်များ စိုက်ပျိုးထုတ်လုပ်မှု တိုက်ဖျက်ရေးနှင့် ဒေသအတွင်းလက်တွေ့ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် ဦးတည်နေသည်။ ယင်းအစည်းအဝေးတွင် ထိုင်းဝန်ကြီးချုပ်ရုံးဝန်ကြီး သမ္မာရက်အီဆာရန်ကူးလ်နာအာယုတ္တရက သဘာပတိအဖြစ်ဆောင်ရွက်သည်။ အစည်းအဝေးတွင် မဲခေါင်မြစ်ညာဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ဖြန့်ချိမှုနှင့် မှောင်ခိုလုပ်ငန်းများ မည်သို့မည်ပုံတားဆီးပိတ်ပင်သွားကြမည်ဆိုခြင်းကို အာရုံစိုက်ဆွေးနွေးခဲ့ကြသည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ မြန်မာနှင့်လာအိုနိုင်ငံတို့ကို ဖြတ်ကျော်ကာ ထိုင်းနိုင်ငံအထိ ကီလိုမီတာ ၄၀၀ ခန့် ရှည်လျားသော မဲခေါင်မြစ်ညာဒေသမှာ မူးယစ်ဆေးဝါးများမှောင်ခိုတင်ပို့ရောင်းချသောဒေသတစ်ခုဖြစ်နေသည်။

ထိုင်းအစိုးရက ချမှတ်ထားသော မူးယစ်ဆေးဝါးဆန့်ကျင်ရေးမူဝါဒနှင့်အညီ ၂၀၀၂ ခုနှစ်တွင် တရားမဝင်မူးယစ်ဆေးဝါးများ ဆန့်ကျင်တိုက်ဖျက်ရေး စည်းရုံးလုပ်ဆောင်ရာတွင် အသက်အရွယ်အုပ်စုနှစ်ခုကို ထိုင်းအစိုးရက ပစ်မှတ်ထားကာမူးယစ်ဆေးဝါးပြဿနာကို ထိရောက်စွာ ဖြေရှင်း သွားမည်ဖြစ်ကြောင်း ထိုင်းသတင်းဌာနက မတ်လ ၁၈ ရက်နေ့တွင် သတင်းဖော်ပြခဲ့သည်။ ပထမပစ်မှတ်မှာ အသက် ၁၂ နှစ်နှင့် ၂၅ နှစ်အကြားရှိလူငယ်များဖြစ်ကြပြီး **'မူးယစ်ဆေးကင်းလွတ်သော အေးချမ်းမှုရှိသည့် မျိုးဆက်သစ်'** ဟူသော ဆောင်ပုဒ်ဖြင့် မူးယစ်ဆေးကို ဆန့်ကျင် တိုက်ဖျက်သွားမည်ဖြစ်သည်။ မူးယစ်ဆေးစွဲမှုကို တားဆီးဆန့်ကျင်ရာ၌ လူငယ်များ၏အခန်းကဏ္ဍ အဓိကကျသည်ဟူသော အချက်ကိုအခြေခံ၍ မူးယစ်ဆေးဆန့်ကျင်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်စေမည်ဖြစ်သည်။

ဒုတိယဦးတည်ချက်မှာ အသက် ၂၅ နှစ်အထက်ရှိသူများ ဖြစ်ကြပြီး **'လူသားထု၏စွမ်းအားဖြင့် တရားမဝင်မူးယစ်ဆေးကို အနိုင်ယူ'** ဟူသော ဆောင်ပုဒ်ဖြင့် မူးယစ်ဆေးဆန့်ကျင်တိုက်ဖျက်ရေးကို စည်းရုံးလှုံ့ဆော်မည်ဖြစ်သည်။ တိုင်းပြည်၏ မူးယစ်ဆေးပြဿနာမှာ အလွန်ဆိုးရွားကြောင်း၊ အစိုးရက မူးယစ်ဆေးဆန့်ကျင်ရေးစစ်ပွဲကို ကြေညာပြီး ပြင်းပြင်းထန်ထန်ကြိုးပမ်းနှိမ်နင်းသွားမည် ဖြစ်ကြောင်း ဝန်ကြီးချုပ် သက်ဆင်ရွှင်နာဝပ်က ပြောကြားသည်။ အစိုးရက ထုတ်ပြန်သောကိန်းဂဏန်းများအရ ထိုင်းနိုင်ငံ၌မူးယစ်ဆေးသုံးစွဲသူ သုံးသန်းရှိ၍ စုစုပေါင်းလူဦးရေ၏ ၄ ရာခိုင်နှုန်း ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး - ဖေဖော်ဝါရီလ ၂၁ ရက်နေ့က ဖူးခက်တွင်ကျင်းပသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ တံခါးပိတ်အစည်းအဝေး၌ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး၊ ဒေသအတွင်း ပိုမိုလွတ်လပ်သောကုန်သွယ်မှုရရှိအောင် ဆောင်ရွက်ရေးနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများဆန်းသစ်ရှင်သန်လာစေရေး အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ အာဆီယံအဖွဲ့သည် လွန်ခဲ့သော ၁၀ စုနှစ် နှစ်ခုအတွင်း စီးပွားရေးတောင့်တင်းခိုင်မာပြီး ဒေသအတွင်း တည်ငြိမ်မှု၏အခြေခံအုတ်မြစ်အဖြစ် အခိုင်အမာရပ်တည်နေထိုင်ခဲ့ကြသည်။ သို့သော် ယင်းအခြေအနေမှာ ၁၉၉၇ ခုနှစ်မှ ၁၉၉၈ ခုနှစ် စီးပွားရေးအကျပ်အတည်းကာလတွင် ယိုယွင်းလာခဲ့သည်။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့အစည်းအဝေးတွင် အကြမ်းဖက်ဝါဒတိုက်ဖျက်လုပ်ဆောင်ရာ၌

အနီးကပ်ပူးပေါင်းပါဝင် လုပ်ဆောင်သွားကြရန် အာဆီယံ ၁၀ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။ အာဆီယံနိုင်ငံအားလုံးတို့တွင် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးဗဟိုဌာနများ ထူထောင်ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ ဖိလစ်ပိုင်၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများသည် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်ရာ ထိုင်းနိုင်ငံက ထိုသုံးနိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည် ဖြစ်သည်။ အာဆီယံနိုင်ငံများသည် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၌ အားတက်သရောလုပ်ဆောင်မှု တစ်ခုတည်းသာမက အချင်းချင်းဆက်သွယ်ပြီး အထင်အမြင်လွဲမှုများ ပပျောက်ရေးလုပ်ဆောင်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦးဖေးမလုပ်ဆောင်သွားမည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံလုံးမှ ပညာရေးဝန်ကြီးများသည် ၃၇ ကြိမ်မြောက်အာဆီယံပညာရေးဝန်ကြီးများ ညီလာခံတက်ရောက်ရန် ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့သို့ မတ်လ ၁၂ ရက်နေ့က ရောက်ရှိခဲ့ကြသည်။ ညီလာခံဖွင့်ပွဲတွင် ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က ယဘာပတိအဖြစ်ဆောင်ရွက်၍ အဖွင့်မိန့်ခွန်းပြောကြားကာ ညီလာခံကိုဖွင့်လှစ်ပေးခဲ့သည်။ ညီလာခံကို သုံးရက်ကြာကျင်းပ၍ ပညာရေးဆိုင်ရာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ပညာရေးပြုပြင်ပြောင်းလဲမည့် အစီအစဉ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။ အာဆီယံ ၁၀ နိုင်ငံအတွင်း ပညာရေးအခြေအနေများကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ပညာရေးဝန်ကြီးများအပြင် အာဆီယံပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အဆင့်မြင့်အရာရှိများလည်း တက်ရောက်ဆွေးနွေးကြသည်။ ယင်းညီလာခံကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် မတ်လ ၁၅ ရက်နေ့အထိ ကျင်းပခဲ့သည်။

သင့်ဘဝ- ဦးရဲလွင်

မာတ်ရှင်၊ ဦး (ဗကဘိုးဘိုးကြီး) (ခရစ် ၁၉၁၅-၂၀၀၃)။ ။ ရေစကြိုမြို့နယ်၊ ကြက်ဆူကျင်းရွာဇာတိဖြစ်သည်။ အဘဦးစံညွှန့်၊ အမိဒေါ်ထွန်းတို့၏သားဖြစ်၏။ ငယ်နာမည်ကိုမောင်ဖြစ်၍ တောင်သူမျိုးရိုးဖြစ်သည်။ တစ်မိပေါက်တစ်ယောက်ထွန်းလာသူဖြစ်သည်။

ထိပ်တန်းသဘင်အနုပညာရှင် ဦးမာတ်ရှင်

ရုပ်ရှင်အလွန်ဝါသနာပါသည်။ ပခုက္ကူနှင့် ရေစကြိုမြို့သို့ မြေပဲနှင့်ထန်းလျက်သွားရောင်းတိုင်း မာတ်ရှင်ခေါ် ရုပ်ရှင်ကို အမြဲကြည့်၏။ ထိုကြောင့် ဇာတ်သဘင်လောကသို့ ဝင်သောအခါ "မာတ်ရှင်" ဟူသောဝါဟာရကို နှစ်သက်၍ သူ့နာမည်ကို သူကိုယ်တိုင်ရွေးပေးခဲ့သည်။

မိမိရပ်ရွာဒေသကတောရကျောင်း၊ သုံးတောင်ပိုင်းကျောင်း၊ ဦးပုညကျောင်းတို့တွင် ကိုးကြောင်းအတတ်ကအစပရိတ်ကြီး၊ လောကနီတိ၊ သဒ္ဒါ၊ သင်္ဂြိုဟ်စသော ဘုန်းတော်ကြီးကျောင်းသင်ရိုးတို့ကို သင်ကြားခဲ့သည်။ ကိုရင်သုံးဝါရခဲ့သည်။ လောကုတ္တရာစာပေအခြေခံကောင်းခဲ့သည်။ ကိုရင်ထွက်ပြီးရွာတွင်တောင်သူလုပ်ခဲ့သည်။ တောင်သူအလုပ်ကိုလုံးဝစိတ်မဝင်စား။ ဝါသနာအရ ရပ်ရွာဘုရားပွဲ၊ ကျောင်းပွဲတို့တွင် ကျေးလက်ဂီတ၊ ကျေးလက်အက

အဖွဲ့ကို ဦးဆောင်ဆင်နွှဲခဲ့သည်။ သပြေကန်သို့ရောရှိုး သွားရင်း ကန်ပေါင်ပေါ်ကနေ ဒိုင်ဗင်ထိုးအမြဲလေ့ ကျင့်ခဲ့သည်။

အသက် ၂၂နှစ်အရွယ်တွင် မင်းသားကိုဖျတ်စိန်၊ မင်းသမီး မရွှေစိန်ဇာတ်အဖွဲ့နှင့် ယောနယ် ဂန့်ဂေါဘက်တက်ကရာတွင် လိုက်ပါလာခဲ့ပြီးမီးထိုး၊ ကားဆွဲဘဝနှင့်ဇာတ်ခုံပေါ် စတင်ရောက်ခဲ့သည်။ ထိုနောက်မင်းသားနောက်လိုက် မားထမ်းလုံထမ်းအဆင့်မျိုးမှ "ဘိုကေမောင်" ဟူသောနာမည်တစ်လုံးရလာသည့် ဇာတ်လိုက်မင်းသားအဆင့် ရောက်လာခဲ့သည်။

နဘူးခွေတွင် ကျွမ်းကျင်စွာဒိုင်ဗင်ထိုးလေ့ကျင့်ပြီး ဇာတ်ခုံပေါ်တွင် မီးကွင်းဒိုင်ဗင်ထိုး အကတင်ဆက်ခဲ့သည်။ မီးကွင်းအဆင့်မှ မားကွင်းအဆင့်ထိ ဒိုင်ဗင်ထိုး ကပြနိုင်သည့်အခါ "ဘိုကေမောင်" ဟူသောဇာတ်လိုက်မင်းသားအဖြစ် နာမည်ကျော်လာခဲ့သည်။ ထို့နောက်ရေစကြိုမြို့နယ် မအူရုပ်သေးဆရာကြီးဦးစံရွှေထံခိုလှုံမိသည်။ ဦးစံရွှေနှင့်ရုပ်သေးလည်းကခဲ့သည်။ ဦးစံရွှေဇာတ်ထောင်သောအခါ ဇာတ်လည်းကခဲ့သည်။ ဦးစံရွှေသင်ပေးသမျှ ဇာတ်ရုပ်အမျိုးမျိုးအတွက် ဇာတ်စာတွေကြည်ကနေ အောင်ကျက်ခဲ့ရ၏။ ဉာဏ်လည်းကောင်း၍ ကျက်နိုင်သလောက်လည်း ပေါက်မြောက်ခဲ့လေသည်။ ကျက်ရုံရရုံနှင့်မပြီးမူဘဲ ဦးစံရွှေကိုယ်တိုင်က အာကိုက်လျှာကိုက်အဖြတ်အတောက် လေယူလေသိမ်းအစ နမူနာရွက်ပြပြီးသင်သည်။

အလားတူပင်ရေစကြိုမြို့နယ်၊ ညောင်စောက်ရွာက စာလည်းဟော ကွက်စိပ်လည်းဟောသည့် ရှေးစာရေးဆရာကြီး ဆရာဖိုးထံတွင်လည်း ပညာဆည်းပူးခဲ့သည်။ ဤသို့ဆရာကြီး ဦးစံရွှေနှင့်ညောင်စောက်ဆရာဖိုးကြီးတို့ထံ ပညာသင်ယူခဲ့ရခြင်းသည် နောင်တွင် "ဗကဘိုးဘိုးကြီးဦးဓာတ်ရှင်" ဟုအောင်မြင်ကျော်ကြားဖို့ အခြေခံကောင်းဖြစ်ခဲ့လေသည်။

ဦးစံရွှေနှင့် ၂ နှစ် 'က' ပြီးနောက်မြင်းခြံဘက်ကူး၍အငြိမ့်လောက ဇာတ်လောကတွင်ကျင်လည်ခဲ့သည်။ အောင်ကြီးညွန့်ဇာတ်၊ မိန်းမမင်းသား အောင်သိန်းဇာတ်နှင့်လယ်ကိုင်းမင်းသားကိုသံချောင်းဇာတ်တို့နှင့် ဆက်ကခဲ့သည်။ မြို့မကြည်၊ အဝေရာ၊ လှစန်းကြည်၊ လှစန်းရီအငြိမ့်တို့နှင့်လည်း တွဲခဲ့သည်။

"ဓာတ်ရှင်" အဖြစ်နာမည်ရလာ၍ ခေါ်သူလည်းပေါလာသည်။ ရန်ကုန်ဆင်းပြီး ဇာတ်ထောင်မည်ဟုမင်းသမီးမဖွားကခေါ်သဖြင့် ၎င်း၏တူမမင်းသမီးခင်နုတို့နှင့်အတူ ရန်ကုန်မြေခြေချဖြစ်ခဲ့သည်။

ရန်ကုန်၊ ကျောက်မြောင်းတွင်အိမ်ငှားနေခိုက် ရန်ကုန်ဇာတ်လောက အငြိမ့်လောကထဲ မထိုးဖောက်နိုင်သေးမီ လူမှုဒုက္ခအမျိုးမျိုးရောက်ခဲ့ရသည်။ ထို စဉ်နဲ့ဆရာကိုစံထွန်းနှင့်ဆက်မိရာမှ အလုံပန်းခြံတွင် ချစ်စနိုးမခင်ကြည်အငြိမ့်နှင့်စတင်ကခဲ့သည်။ အာစလျှာစသဘောကျသဖြင့် စပေါ်ငွေ ၃၀ ကျပ်ပေးပြီး အခေါ်ခံရသည်။ အငြိမ့်တည်ရာ ဦးဘသိန်း၏ရေကျော်အိမ်မှာ အငြိမ့်အဖွဲ့သားများနှင့်အတူနေခဲ့သည်။ လူရွှင်တော်ကိုကြင်ပျော်နှင့်အချိတ်အဆက်မိပြီးလူကြိုက်များလာသည်။ နောက်နှစ်တွင်လူရွှင်တော်ခေါင်းဆောင်နေရာ အထားခံရပြီးစပေါ်ခကို လည်းယခင် ၃၀ ကျပ်ပေးခဲ့ရာမှ ၅၀၀ ကျပ်အထိ တက်ပေးလာသည်။ ချစ်စနိုးအငြိမ့်တွင် "ဓာတ်ရှင်၊ ကြယ်ပြောင်" လမ်းမတော်ဦးလေးဆင်အငြိမ့်တွင် "ညှပ်ကြီး ၊ ဒံပေါက်"၊ ဖက်ရှင်အောင်ငွေအငြိမ့်တွင် "ဓာတ်ဆီ ၊ ဓာတ်ဆံ" အတွဲတို့ခေတ်ပြိုင် ထင်ရှားပြီး လူကြိုက်များလာသည်။

"ဓာတ်ရှင်" နာမည်ကြီးလာ၍ ဂျပန်ခေတ်တွင် စာချုပ်မထားတော့ဘဲ လူရွှင်တော်ရွှေငါးနှင့်အတူ တောင်ရှည်ပုဆိုးညှပ်လျက် တွေ့ရာကြုံရာအငြိမ့်၊ ဇာတ်တို့တွင်အညာနှင့်အောက် စုန်ဆန်ပြီးကနေခဲ့သည်။ တစ်ငြိမ့်တည်းတစ်ဇာတ်တည်း စာချုပ်ကနေရသည်ထက်ပိုပြီး တွက်ခြေကိုက်ခဲ့သည်။ ဇာတ်ဆရာအငြိမ့်ဆရာတို့ကလည်း ဝမ်းသာအားရကြိုဆိုခဲ့ကြသည်။

စာရေးဆရာ ရွှေတိုင်ညွန့်နှင့် ဆိုင်းဆရာကိုအေးမောင်တို့ လာရောက်ဆက်သွယ်ပေးခဲ့၍ မင်္ဂလာဦးအောင်မောင်းဇာတ်သို့ ပြောင်းလဲရောက်ရှိသည်။ ဂျပန်ခေတ် "နေသူရိန်" ရုံတော်တွင် မင်္ဂလာဦးအောင်မောင်းနှင့်စတင်ကခဲ့သည်။ ၎င်းရေးသည့် "ရင်သွေးတော်" ပြဇာတ်နာမည်ကြီးခဲ့သည်။ မင်္ဂလာဦးအောင်မောင်းဇာတ်နှင့်အညာပြန်တက်ပြီးလှည့်လည်ကခဲ့၏။ ကိုယ့်နယ်ပြန်ရောက်လာ၍ ကြက်ဆူကျင်းရွာ သံယောဇဉ်နှင့် ရုတ်တရက်မပြန်ချင်သောကြောင့် မင်္ဂလာဦးအောင်မောင်းဇာတ်

နှင့်ဆက်မလိုက်ဖြစ်ဘဲ ပခုက္ကူကဆိုင်းဆရာစိန်ဘယူနှင့်တွဲဖက်ပြီး မင်းသားအာဇာနည်တင်ရွှေနှင့် ဇာတ်ထောင်ကာ ကခဲ့ပြန်လေသည်။ အာဇာနည်တင်ရွှေနှင့် နှစ်ပေါက်အောင်ကပြီး ရွာပြန်ကုန်ကူးနေခဲ့သေး၏။ ရွာကနေမြင်းခြံသို့ ငါးပိဝယ်သွားစဉ် မင်္ဂလာဦးအောင်မောင်းဇာတ် မြင်းခြံရောက်နေခိုက် နှင့်ကြုံ၍ ပန်းပဲမောင်တင့်တယ်ဇာတ်ကို ပန်းပဲဆရာဦးနှောင်းဇာတ်ရုပ်ကနေပြီး ဝင်ကခဲ့သေးသည်။

ရွာပြန်၊ ငါးပိကုန်ကူးနေရာမှ ရန်ကုန်ပြန်ဆင်းခဲ့ပြီး ဆိုင်းဆရာဦးအေးမောင်၏ "စိန်နှစ်စိန်" ဇာတ်နှင့်အောက်မြန်မာပြည်လှည့်လည်ပြီး ၂ နှစ်ခန့်ကခဲ့သည်။ ထိုနောက်ရွှေကြီးညို၊ မင်္ဂလာဦးအောင်ငြိမ်းနှင့်သားတက်ခေတ်စိန် ဇာတ်တို့တွင်လှည့်လည်ကခဲ့ပြီးနောက် မင်္ဂလာဦးအောင်မောင်း ဇာတ်ပြန်ရောက်ခဲ့ပြန်သည်။ မင်္ဂလာဦးအောင်မောင်းနှင့်ကနေရင်း ရွာဘက်ပြန်လှည့်လာပြီး ရေစကြိုမြို့နယ်၊ ပေကုန်းရွာမှနာမည်ကြီး မင်းသမီးမြန်မာညွန့်နှင့် အကြောင်းပါလေသည်။

မြန်မာညွန့်နှင့်က နေစဉ်ရွှေမန်းတင်မောင်ဇာတ်ကလူလွှတ်ပြီး အသုံး ၅၀၀ ကျပ်နှင့် ညကြွး ၂၀ပေး၍အခေါ်ခိုင်းသဖြင့် ရွှေမန်းတင်မောင်ဇာတ်ထဲ ရောက်ခဲ့သည်။ ရွှေမန်းတင်မောင်သည် သူ့ဇာတ်အတွက် လူကောင်းစုရာ၌ အခြားဇာတ်များက နေစဉ် သူကိုယ်တိုင်ခေါင်းပေါင်းကြီးပေါင်း၊ ရုပ်ဖျက်ဝင်ကြည့် ပြီးဇာတ်ကောင်တွေကို အကဲဖြတ်ရွေးချယ်လေ့ရှိသည်။ ဤသို့အကဲခတ်ပြီး ဦးဓာတ်ရှင်၏အစွမ်းအစကို နှစ်သက်၍ ဆက်သွယ်ခေါ်ယူခဲ့သည်။

ရွှေမန်းတင်မောင်နှင့်က နေစဉ် ဒေါ်ရီတင်နှင့် အကြောင်းပါခဲ့ပြန်သည်။ အိမ်ထောင်ဆက်များ၌ သားသမီး မြေးမြစ်များလည်း များလေသည်။ ဖခင်အမွေဆက်ခံခဲ့ကြသည့် ဇာတ်သဘင်သည်များလည်းရှိသည်။ ဆိုင်းဆရာများလည်း ကျန်ရစ်သည်။

ရွှေမန်းတင်မောင်နှင့်ကနေရင်းက တစ်ပတ်ကျော့ပြီးအငြိမ့်လောကထဲ ပြန်ဝင်ဖြစ်ခဲ့ပြန်သည်။ ကိုလှမောင်အငြိမ့်နှင့်ဝါးခယ်မမှအပြန်၊ ရွှေမန်းတင်မောင်ကလည်း ပုသိမ်မှအပြန်နှင့်သဘော်ဦးခန်းမှာဆုံမိကြပြီး ညဉ့်ဝက်စနစ်ကရေး၊ စာကိုအခြေခံထားပြီး ဗုဒ္ဓဝင်ဇာတ်တော်ကြီးများကရေး ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ထိုကြောင့်ရွှေမန်းတင်မောင်ဇာတ်သို့ ဒုတိယအကြိမ်ပြန်ရောက်ပြီး ဗုဒ္ဓဝင်ဇာတ်တော်ကြီးများကို အချိန်ယူလေ့ကျင့်ပြီးကခဲ့ကြရာ သူများလိုက်မမီအောင် အနုပညာမြောက်ခဲ့သည်။ ဗုဒ္ဓဝင်ဇာတ်တော်တွင် ဗကဘိုးဘိုးကြီးဇာတ်ရုပ်ကို ပြောစမှတ်တွင်ရစ်အောင် ပိုင်ပိုင်နိုင်နိုင်သရုပ်ဆောင်ကပြနိုင်ခဲ့၍ ဦးဓာတ်ရှင်အမည်ရင်းမှ "ဗကဘိုးဘိုးကြီးဦးဓာတ်ရှင်" ဟုပရိသတ်ကထပ်ဆင့်ပေးသောအမည်ရရှိခဲ့လေသည်။

ရွှေမန်းတင်မောင်က "မင်းညီနောင်" ဇာတ်ထုပ်ဓာတ်ပြားသွင်းရာတွင် ဘိုးတော်ဦးဝိုင်းဇာတ်ရုပ်နေရာထားသည့် မြတလေးကိုမေ့ကျန်ပြီး မခေါ်ခဲ့မိသောကြောင့် ကွက်လပ်ဖြစ်နေစဉ် ဦးဓာတ်ရှင်ကိုအစားထိုးခဲ့ရာမှ ဦးဓာတ်ရှင်၏လေယူလေသိမ်းကိုကြိုက်ပြီးဗုဒ္ဓဝင်ကသည့်အခါတွင် ဗကဘိုးဘိုးကြီးဇာတ်ရုပ်အဖြစ်ရွေးချယ်ခဲ့သည်။ ဗုဒ္ဓဝင်ဇာတ်တော်တွင်မင်းသားရွှေမန်းတင်မောင်၊ အမေကြီးအို ဦးအောင်စိန်၊ ရွှေတိုင်သောင်း၊ ဦးဓာတ်ရှင်တို့လေးဦးမိမိတို့ကျရာ ဇာတ်ရုပ်တို့၌တုမမီနိုင်လောက်အောင်သရုပ်ဆောင် ကပြနိုင်ခဲ့ကြလေသောကြောင့် ပြောစမှတ်တွင်ရစ်ခဲ့ကြလေသည်။

ပညာသည်ချင်းတွဲမိပြီး ရွှေမန်းတင်မောင်နှင့် လျှမ်းလျှမ်းတောက်နေချိန်တွင် ဒေါ်သန်းရင်က ပန်တျာကြည်လင်အား ဇာတ်ထောင်လို၍ ဦးဓာတ်ရှင်ကို ရွှေမန်းတင်မောင်ထံမှ တောင်းယူခဲ့သည်။ "ဦးဓာတ်ရှင် စီမံအုပ်ချုပ်သော" ဟူသည့်ဇာတ်ခေါင်းစည်းတင်လျက် မန်နေဂျာခန့်ခဲ့သည်။ ညကြွးလည်းတက်ပေးခဲ့သည်။ ပန်တျာကြည်လင်နှင့်တွဲခဲ့ရာတွင် မင်းသားကလည်း ပင်ကိုအရည်အသွေးရှိပြီးဦးဓာတ်ရှင်ကလည်း ဇာတ်စီးကောင်းခဲ့လေသောကြောင့်ပန်တျာကြည်လင်လည်း နာမည်ထိုးတက်လာသည်။ ဇာတ်ရင်းကြေး ၁၂၀၀ မှ ၂၀၀၀ ထိမြင့်တက်လာသည်။

အလားတူပင် စိန်မာဒင်နှင့် ရွှေမန်းကျော်အောင်တို့ကိုလည်းဇာတ်စီးကခဲ့သည်။ မိမိစီမံအုပ်ချုပ်ပြီးဇာတ်စီးကခဲ့သမျှသော မင်းသားများနာမည်ထင်ရှားကျော်ကြား သွားခဲ့ကြသည် ချည်းပင်။ ရွှေမန်းကျော်အောင်နှင့်မကွေးပွဲတော်မှ အောက်ပိုင်းသို့ဆင်းကအလာတွင် ဇာတ်ဆရာကိုဘသိန်းရောမင်းသားကျော်အောင်ပါ ကားဝယ်စီးနိုင်လောက်

အောင် အကျိုးအမြတ်ဖြစ်ထွန်းခဲ့ကြသည်။ မိမိ ကျေးဇူးကြောင့်ဟု အောက်မေ့ကြပြီး ဦးမာတ်ရှင်အား ပဲခူးပွဲကိုခြီးမြှင့်ကြသည်။ ပဲခူးပွဲကိုပြန်ပြီးတစ်ဆင့် ရောင်းလိုက်ရာ ဇာတ်ရင်းအပြင်အမြတ် ၈၀၀၀ ရရှိ၏။ ထိုအမြတ် ၈၀၀၀ နှင့်ပဲခူးဘုရားပွဲတော် ဇာတ်ရုံမှာပင် သားသုံးယောက်နှင့်သမီးတစ်ယောက်တို့အား ဇနီးဒေါ်ရီတင်နှင့်အတူ ရှင်ပြုနားသအလှူတော်မဂ်လာကို ဆင်ယင်ကျင်းပခဲ့သည်။ ပဲခူးပွဲတော်မှာပင် အတူကနေကြသော ရွှေမန်းတင်မောင်၊ မြို့တော်သိန်းအောင်၊ စိန်အောင်မင်း၊ ရွှေနန်းတင်နှင့်ပန်တျာကြည်လင်ဇာတ်အဖွဲ့တို့ကလည်း လာရောက်ကူညီအားပေးခဲ့ကြလေသည်။

ရွှေမန်းကျော်အောင်နှင့်လေးနှစ်ကပြီးနောက် ရွှေနန်းတင်၊ ထို့နောက်မန္တလေးသိန်းဇော်တို့ကိုလည်း ဇာတ်စီးကခဲ့သည်။ မိမိသားဓာတ်လင်းလည်းပါ၏။ မန္တလေးသိန်းဇော်နှင့်သုံးနှစ်ကပြီးနောက် အသက်အရွယ်လည်းကြီးရင့်လာ၍ ဇာတ်သဘင်လောကမှ အနားယူခဲ့သည်။

အနားယူပြီးနောက် အစဉ်အလာကြီးမားသော ပညာရှင်ကြီးတစ်ဦးဖြစ်၍ ဇာတ်ထုပ်၊ ဇာတ်စာ၊ ဇာတ်သီချင်းတို့ရေးပေးနေရသည်။ ချီကောက်လာခေါ်ပြန်လျှင်လည်း မလွဲမရှောင်သာလိုက်ခဲ့ရသည်။ ဆို၊ က၊ ရေ၊ တီးပြိုင်ပွဲများတွင်လည်း အဆို၊ အငို၊ အပြောအကဲဖြတ်ဒိုင်အဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ ငွေကြေးကိုအဓိကမထားဘဲ မိမိတစ်သက်လုံးထမ်းဆောင်ခဲ့သော အနုပညာတာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့သည်။

ဇာတ်သဘင်ခရီးတစ်လျှောက် ဦးမာတ်ရှင်ပါဝင်အသံသွင်းခဲ့ဇာတ်ထုပ်၊ ပြဇာတ်နှင့်အခြားအစီအစဉ်တို့ကို ကောက်နုတ်ဖော်ပြရသော်----------

ဗုဒ္ဓဝင်ဖွားတော်မူခန်း (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ ပကဘိုးဘိုးကြီးအဖြစ်)။ ဗုဒ္ဓဝင်လေးတော်တင်ခန်း (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့)၊ မင်းညီနောင် (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ မယ်ဉဖခင်အဖြစ်)၊ ပဉ္စိပူစိကာ (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ ဖိုးကြာအဖြစ်) ဗိမ္မိသာရ (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ ဒီဋ္ဌနောက်ပါအဖြစ်)၊ လက်ဝဲသုန္ဒရ (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ နောက်ပါအဖြစ်)၊ သခ်ဝလိယ (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ နောက်ပါအဖြစ်)၊ ဝိမာန (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ နောက်ပါအဖြစ်)၊ မဟောသဓ (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ ဝန်ကြီးအဖြစ်)၊ သန္တိ (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ နောက်ပါအဖြစ်)၊ မုဒုလက္ခဏာ (ရွှေမန်းကျော်အောင်ဇာတ်၊ ဆရာတော်ရသေ့အဖြစ်)၊ မေဓာဝီ (ရွှေမန်းကျော်အောင်ဇာတ်၊ ဖခင်ဖိုးသုခအဖြစ်)၊ ပေါရိသာဒ (ရွှေမန်းကျော်အောင်ဇာတ်၊ ရသကအဖြစ်)၊ ဇဝိတသာမဏော (ရွှေမန်းကျော်အောင်ဇာတ်၊ နောက်ပါအဖြစ်)၊ ရောရုဝ (မင်္ဂလာဦးအောင်မောင်းဇာတ်၊ နောက်ပါအဖြစ်)၊ သုဝဏ္ဏသာမ (ပန်တျာကြည်လင်ဇာတ်၊ ပိဋ္ဌိယက္ခမင်းအဖြစ်)၊ တေမိယ (မန္တလေးသိန်းဇော်ဇာတ်၊ ကာသိကရာဇ်မင်းအဖြစ်)၊ ဆဒ္ဒန်ဆင်မင်း (မန္တလေးသိန်းဇော်ဇာတ်၊ သောနုတ္တိရ်အဖြစ်နှင့်ရော ဆဒ္ဒန်ဆင်မင်းအဖြစ်နှင့်ပါ) စသည်တို့ဖြစ်သည်။

ဦးမာတ်ရှင်ရေးခဲ့သော ဇာတ်ထုပ်များကို ကောက်နုတ်ဖော်ပြရလျှင်---သီရိမာ၊ မေဓာဝီ၊ မုဒုလက္ခဏာ၊ စကြာလုံရှင်၊ ဇဝိတသာမဏော၊ ရှင်ဥပဂုတ္တ၊ သုဝဏ္ဏသာမ၊ ဆဒ္ဒန်ဆင်မင်း၊ မြစိမ်းစသည်တို့ဖြစ်သည်။

အခြားသောဇာတ်ဝင်စာများ၊ သီချင်းများ၊ တေးထပ်၊ ခွန်းထောက်ကဗျာမျိုးကအစ ဆိုင်းဆင့်များအထိ အမျိုးမျိုးရေးခဲ့သည်။ အဓိပ္ပာယ်ရောစာသားနှင့်အသံတို့ကိုပါ နှစ်သက်အာတွေ့လှသဖြင့် ရွှေမန်းတင်မောင်နှစ်ပါးခွင်တွင် ဦးမာတ်ရှင်၏သီချင်းများသီဆိုလေ့ရှိခဲ့သည်။ ဗကဘိုးဘိုးကြီးဦးမာတ်ရှင်ဟူ၍ ထင်ရှားကျော်ကြားခဲ့သည်မှာလည်း သူ၏သဘင်ရည်ပြည့်ဝမှုကြောင့်ပင်ဖြစ်သည်။

ဘဝတစ်လျှောက်လုံး မိမိတတ်ကျွမ်းရာ အနုပညာဖြင့်နိုင်ငံတစ်ဝန်း လှည့်လည်ကပြဖျော်ဖြေတင်ဆက်ခဲ့သည့်အပြင် နှောင်းလူတို့အတွက်ပါ အသံသွင်းထားခဲ့ခြင်း၊ ရုပ်မြင်သံကြားရိုက်ကူးထား ရှိခဲ့ခြင်းတို့ဖြင့် အနုပညာတာဝန်ကို သယ်ပိုးထမ်းဆောင်ခဲ့ပြီး အသက် (၈၇) အရွယ် ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ဇာတ်သဘင်အနုပညာရှင်ကြီးဦးမာတ်ရှင် ကွယ်လွန်ခဲ့သည်။

သန်းအောင် (အညာမြေ)

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့။ ။၂၀၀၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ ၈ ရက်နေ့တွင် ရန်ကုန်မြို့ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်မိန့်ခွန်းပြောကြားသည်။

မြန်မာနိုင်ငံတော်တွင်လည်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ နိုင်ငံတကာစာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ယခုကဲ့သို့ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ပညာရေးရည်မှန်းချက် အတိမ်အနက်၏လေးနက်မှုကို ထင်ဟပ်ဖော်ညွှန်းပြသနေခြင်း ဖြစ်သည်။



ဗိုလ်ချုပ်ကြီး ခင်ညွန့်
နိုင်ငံတကာ
စာတတ်မြောက်ရေးနေ့
အထိမ်းအမှတ်
စာစီစာကုံးပြိုင်ပွဲ
ဆုရကျောင်းသားတစ်ဦးအား
ဆုချီးမြှင့်စဉ်

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးက စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့ (International Literacy Day) အဖြစ် ၁၉၆၇ ခုနှစ်က စတင်သတ်မှတ်ပေးခဲ့ပြီးသည့်နောက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအသီးသီးတွင် စာတတ်မြောက်ရေးနေ့ အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်းအစဉ်အလာမပျက် ကျင်းပလျက် ရှိသည်။ ပြည်ထောင်စု ယခုနှစ် ကျင်းပသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့သည် စာတတ်မြောက်ရေးလုပ်ငန်းနှင့် ပတ်သက်ပြီး ယခင်နှစ်များကထက် ပိုမိုထူးခြားသည့် နေ့တစ်နေ့၊ ပိုမိုထူးခြားသည့် နှစ်တစ်နှစ်ဟု ဆိုရမည် ဖြစ်သည်။ ယူနက်စကိုအဖွဲ့က ကုလသမဂ္ဂအဖွဲ့သို့ တင်ပြသည့် အစီအစဉ်များထဲတွင် ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ စက်တင်

ဘာလ ၈ ရက်နေ့အထိကို 'နိုင်ငံတကာ စာတတ်မြောက်ရေးဆယ်စုနှစ်' အဖြစ် သတ်မှတ်လိုက်သည့် အတွက် ယနေ့သည်ဆယ်စုနှစ်၏ အစနေ့၊ အစနှစ် ဖြစ်လာခြင်းကြောင့် ဖြစ်သည်။

ယနေ့အချိန်အခါသည် ကမ္ဘာ့နိုင်ငံအသီးသီး အနေဖြင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားနေမှသာ လျှင် ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်း လျော့နည်းလာသည်နှင့်အညီ

ဗိုလ်ချုပ်ကြီး ခင်ညွှန့်
၂၀၀၂ ခုနှစ် နိုင်ငံတကာ
စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်
စာစီစာကုံးပြိုင်ပွဲ
ဆုရကျောင်းသူတစ်ဦးအား
ဆုချီးမြှင့်စဉ်

ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးပေါ်ထွန်းလာမည်ဟူသည့် ယုံကြည်မှော်လင့်ချက်ဖြင့် ကြိုးပမ်းနေသည့်အချိန် ဖြစ်သည်။ ကမ္ဘာ့ပညာရေးဆိုင်ရာ ညီလာခံကြီးများ၊ ဒေသဆိုင်ရာ ပညာရေး ဆွေးနွေးပွဲများ အခါအားလျော်စွာ ကျင်းပပြီး မိမိတို့ နိုင်ငံသူနိုင်ငံသားများ ပညာရည်မြင့်မားရေးကို အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၀ ပြည့်နှစ် ဂျွန်တီယန်တွင် ကျင်းပခဲ့သည့်လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြီးသို့ ပါဝင်တက်ရောက်ပြီးနောက် ၁၉၉၀ ပြည့်နှစ်တွင် ရှိခဲ့သည့်စာမတတ်သူ ၂၂ ရာခိုင်နှုန်းကို ထက်ဝက်လျော့ချမည်ဟူသည့် ဦးတည်ချက်ဖြင့် စနစ်တကျစီမံကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တစ်မျိုးသားလုံး ကြိုးပမ်းမှုကြောင့် ၂၀၀၁ ခုနှစ်တွင် သက်ကြီးစာမတတ်သူနှုန်း ၈ ဒသမ ၆ ရာခိုင်နှုန်းသာ ရှိတော့သည်အထိ ထက်ဝက်မက လျော့ချနိုင်သည်။

ပညာရေးမြှင့်တင်မှု အစီအစဉ်များ၊ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းများ၊ အနှစ် ၃၀ နှစ်ရှည်ပညာရေးစီမံကိန်းများကို အဆင့်ဆင့်ချမှတ်ဆောင်ရွက်ရာတွင် လူတိုင်းအတွက် ပညာရေးစီမံကိန်းကိုလည်း ဆက်စပ်ယှဉ်တွဲ ဆောင်ရွက်လျက်ရှိသည်။ လူတိုင်းအတွက် ပညာရေးစီမံကိန်းအောက်တွင် ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးနည်းလမ်းနှစ်သွယ်ဖြင့် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ အနာဂတ်ကာလတွင် စာမတတ်သူ လုံးဝမရှိစေရေး ဦးတည်မျှော်မှန်းပြီး ကျောင်းနေအရွယ် ကလေးအားလုံးကျောင်းနေရေးနှင့် ကျောင်းနေမြဲရေးကို ကျောင်းအပ်နှံရေးသီတင်းပတ် လှုပ်ရှားမှုနှင့်မူလတန်းလွန်ကျောင်း အစီအစဉ်များ ပေါင်းစပ်ပြီး နိုင်ငံတော်အစိုးရနှင့် မိဘပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းကြောင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် ကျောင်းနေနှုန်း ၉၃ ဒသမ ၀၇ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာပြီး အထူးအောင်မြင်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ကျောင်းနေရွယ်လွန် သက်ကြီးစာမတတ်သူများအတွက် စာတတ်မြောက်ရေး 'အ' သုံးလုံးကျေလုပ်ငန်းများနှင့် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်များကို နယ်စပ်ဒေသများပါမကျန် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းအသီးသီးတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်။

ကျောင်းပြင်ပ ပညာရေးစီမံကိန်းကို လူတိုင်းအတွက် ပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု ဗဟို



ပိုလ်ချုပ်ကြီး ခင်ညွန့်
၂၀၀၂ ခုနှစ် နိုင်ငံတကာ
စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်
ဆောင်းပါးပြိုင်ပွဲ
ဆုရဆရာမတစ်ဦးအား
ဆုချီးမြှင့်စဉ်

ကော်မတီ၊ ဦးစီးကော်မတီများအပြင် ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ/ ရပ်ကွက် အခြေခံအဆင့် အထိ လူတိုင်းအတွက် ပညာရေးလုပ်ငန်းကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပြီး မြန်မာနိုင်ငံစာတတ်မြောက်မှုနှုန်းကို တိုးတက်မြင့်မားအောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အာရှနှင့်ပစိဖိတ်ဒေသ အတွင်းရှိ စာတတ်မြောက်မှုနှုန်းမြင့်မားသည့် (က) အုပ်စုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်လျက်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံအတွင်း အခြေခံပညာ စာတတ်မြောက်ပြီးသည့် ဒေသများတွင် စာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှုနိုင်မြင့်တင်ရေးအစီအစဉ်များ၊ ဝင်ငွေတိုးပွားရေး အစီအစဉ်များနှင့် ဘဝသာယာရေး အစီအစဉ်များ ပါဝင်သည့် 'စဉ်ဆက်ပညာရေး' ဖြစ်ထွန်းအောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေမှု အတော်ခရီးရောက်နေပြီဖြစ်သည်။

စဉ်ဆက် ပညာရေးစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ရပ်ရွာပညာပဒေသာဌာနများသည် အလွန်အရေးပါသည်။ ရပ်ရွာပညာပဒေသာဌာနများသည် ကျေးလက်နေရပ်ရွာသူရပ်ရွာသားအားလုံးအတွက် ကိုယ်တိုင်စုပေါင်းစီမံဖွင့်လှစ်ထားသည့်ဌာနများ ဖြစ်ပြီး ရပ်ရွာသူရပ်ရွာသားများအချိန်မရွေး ဆုံစည်းရာ၊ အပန်းဖြေရာ၊ သတင်းအချက်အလက်ရယူရာ၊ အသက်မွေးဝမ်းကျောင်းပညာ ဆည်းပူးရာ၊ ရပ်ရေးရွာရေး တိုင်ပင်ဆွေးနွေးရာဌာနများ ဖြစ်နေပြီဖြစ်သည်။ ယခုအခါ နိုင်ငံတစ်ဝန်းလုံးတွင် စံပြကျေးရွာများအပါအဝင် ရပ်ရွာပညာပဒေသာဌာနပေါင်း ၄၁၄ ခု ဖွင့်လှစ်ပြီး စာတတ်မြောက်ရေးနှင့်ဆက်စပ်နေသည့် ဝင်ငွေတိုးလုပ်ငန်းနှင့် ဘဝသာယာစည်ပင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုအရ ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ပညာဘက်တိုက် စာကြည့်တိုက်များကို ပြည်နယ်/တိုင်းမှသည် မြို့နယ်၊ ရပ်ကွက်/ကျေးရွာအထိ စနစ်တကျတိုးချဲ့ ဖွင့်လှစ်လာနိုင်ပြီဖြစ်၍ လူတိုင်းစာတတ်ရန်၊ စာဖတ်သူတိုင်း စာဖတ်ရန် ရေကန်အသင့် ကြာအသင့်ဖြစ်လာပြီဖြစ်သည်။ စာဖတ်သူတိုင်းကို စနစ်တကျလေ့လာတတ်မြောက် သင်ယူနိုင်သည့် အခြေအနေနှင့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖော်ဆောင်ပေးနိုင်မည် ဖြစ်သည်။ ထို့ကြောင့် အစဉ်သင်ယူနေသည့် မြန်မာ့လူဘောင်အဖွဲ့အစည်း ဖြစ်ထွန်းပေါ်ပေါက်လာရေးတွင် ရပ်ရွာပညာပဒေသာဌာနများနှင့် ပညာဘက်တိုက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလျက်ရှိသည်။

၂၀၀၂ ခုနှစ်တွင် စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးဖြစ်သည့် မွန်ပြည်နယ်နှင့်ပဲခူးတိုင်းတွင် စာတတ်မြောက်ရေး ကောက်သင်းကောက်လုပ်ငန်းများကို ဖြန့်ကြက်ဆောင်ရွက်ခဲ့ရာ စာတတ်မြောက်သူ ၁၁,၀၉၇ ဦး တိုးပွားလာသည်။ ရခိုင်

ပြည်နယ်၊ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် ပြည်နယ်/တိုင်းလုံးကျွတ် စာတတ်မြောက်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ၇၃,၅၀၅ ဦးအထိ စာတတ်မြောက်မှု တိုးတက်ဖြစ်ထွန်းလာပြီ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နယ်စပ်ဒေသများတွင် အကြောင်းအမျိုး မျိုးကြောင့် ကျောင်းနေခွင့်မရခဲ့သည့် ကျောင်းနေ အရွယ်လွန် စာမတတ်သူများကို စာတတ်မြောက်စေ ရန် 'အ' သုံးလုံးသင်တန်းများ ဖွင့်လှစ်ပေးရန် လမ်းညွှန်ခဲ့သည့်အလျောက် ပညာရေးဝန်ကြီးဌာန နှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီးနယ်စပ်ဒေသ နွေရာသီ 'အ' သုံးလုံး သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးလျက် ရှိသည်။ ယင်းသို့ ဖွင့်လှစ်သင်ကြားပေးခဲ့သည့် အတွက် ၂၀၀၁ ခုနှစ်အထိ ကိုးကန့်ဒေသ၊ 'ဝ' ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ရခိုင်ဒေသ၊ ကရင်ဒေသ၊ ပအိုဝ်းဒေသ၊ ပလောင်ဒေသ၊ ရှမ်းဒေသ၊ နာဂဒေသ စသည့် နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသား ၂၁,၈၁၅ ဦး စာတတ်မြောက်လာခဲ့ပြီ ဖြစ်သည်။

၂၀၀၂ ခုနှစ် နယ်စပ်ဒေသ နွေရာသီ 'အ' သုံးလုံးသင်တန်းများကို ကချင်အထူးဒေသ (၁) တွင် ဝိုင်းမော်မြို့နယ်၊ ကချင်အရှေ့မြောက်ဒေသတွင် ကွတ်ခိုင်မြို့နယ်နှင့်လားရှိုးမြို့နယ်၊ ကဘော်ချိုင့်ဝှမ်း ဒေသတွင် တမူးမြို့နယ်၊ တနင်္သာရီဒေသတွင် ရေဖြူ မြို့နယ်၊ ကျိုင်းတုံအရှေ့ဒေသတွင် တာချီလိတ်မြို့နယ် (အရှေ့ခြမ်း)၊ ရခိုင်ဒေသတွင် ဘူးသီးတောင်မြို့နယ် နှင့် ရသေ့တောင်မြို့နယ်များကို တိုးချဲ့ဖွင့်လှစ်ခဲ့ သည့်အတွက် ဒေသခံတိုင်းရင်းသား ၅,၄၂၅ ဦး ထပ်မံစာတတ်မြောက်လာခဲ့ပြီ ဖြစ်သည်။

သက်ကြီးစာတတ်မြောက်ရေး အောင်မြင်ဖြစ် ထွန်းအောင် တစ်ဖက်က ဖိဖိစီးစီးဆောင်ရွက်နေ သကဲ့သို့ သက်ငယ်စာမတတ်သူများ တိုးပွားလာခြင်း မရှိစေရန် ကျောင်းနေအရွယ် ကလေးအားလုံး

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားတွင်
ကျောင်းသားကျောင်းသူကလေးများ ဖျော်ဖြေတင်ဆက်စဉ်

ကျောင်းနေရေးလုပ်ငန်းစီမံချက်ကို စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်ဒေသတွင် ရှိကြသည့် ကလေးငယ်များ ပညာသင်ယူမှုအခွင့်အလမ်း ပိုမိုရရှိအောင် မိမိအရပ်၊ မိမိဒေသ၌ပင် အလယ်တန်းပညာကို လွယ်ကူထိရောက်စွာသင်ယူနိုင်ရန် အလယ်တန်းပညာကိုပါဆက်လက်သင်ယူနိုင်သော မူလတန်းလွန်ကျောင်းပေါင်း ၂,၄၀၀ ကို ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် ဖွင့်လှစ်ပေးနိုင်ခြင်းသည် ကျေးလက်ဒေသများအတွက် အလွန်အကျိုးများပြီး ထူးခြားထိရောက်သည့် ပညာရေးအစီအစဉ်တစ်ရပ်ဖြစ်သည်။

ပညာရေးဗျူဟာတစ်ရပ်အဖြစ် ကျောင်းတွင်း ပညာရေးနှင့် ကျောင်းပြင်ပပညာရေးကို ညီညွတ်မျှတစွာ ပေါင်းစပ်ပေးမည့် တန်းညီအစီအစဉ် (Equivalency Programme) ဖြစ်သည့် ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ် (Non-Formal Primary Education) ကိုလည်း စနစ်တကျ သုတေသနပြုပြီး လိုအပ်သည့်သင်ရိုးညွှန်းတမ်းများ ရေးဆွဲကာ ကျောင်းသုံးစာအုပ်များ ပြုစုပြီးဖြစ်၍ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှ စတင်ပြီး အချို့ဒေသများတွင် အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းအစီအစဉ်သည် မူလတန်းပညာသင်ယူပိုင်ခွင့်နှင့် အရည်အသွေးတိုးတက်မြင့်မားအောင် လုပ်ဆောင်ပေးသည့် အစီအစဉ်တစ်ခုဖြစ်သည်။

ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်တွင် ပါဝင်သည့် ကျေးလက်ပညာရေးဖွံ့ဖြိုးမှုအစီအမံများတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးနှင့် အနည်းဆုံး အခြေခံပညာမူလတန်းပြီးဆုံးရေး၊ သက်ကြီးစာမတတ်သူ ပပျောက်ရေး၊ စာတတ်မြောက်ပြီးသူများ စာဖတ်ရှုနိုင်မြင့်တင်ပြီး မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများသည် မြန်မာ့ပညာရေးမျှော်မှန်းချက်၏ အခြေခံအကျဆုံးနှင့် ပဓာနအကျဆုံးလုပ်ငန်းများ ဖြစ်သည့်အတွက် ရည်မှန်းချက်အောင်မြင်အောင် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံသူနိုင်ငံသား တစ်ယောက်မကျန် စာတတ်မြောက်ရေးလုပ်ငန်းကို ဆယ်စုနှစ်အတွင်း အရှိန်အဟုန်ပိုမိုတိုးမြှင့်ပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်သွားရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးစီမံချက် လုပ်ငန်းစဉ်ကြီးအောင်မြင်ဖြစ်ထွန်းမှုကို စံပြုပြီး ရေရှည်တိုးတက်ဖြစ်ထွန်းစေရန် ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရေး၊ စာတတ်မြောက်ရေးမှသည် စာဖတ်ရှုနိုင်မြှင့်တင်ရေး၊ မိသားစုဝင်ငွေတိုးပွားရေးနှင့် ဘဝသာယာရေးစသည့် စဉ်ဆက်ပညာရေးအစီအစဉ်များ အောင်မြင်ဖြစ်ထွန်းစေပြီး အစဉ်သင်ယူသင်ကြားနေသည့် မြန်မာ့လူဘောင်အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာရေးကို အထောက်အကူပြုမည့် ရပ်ရွာပညာပဒေသာဌာနများ ဆက်လက်ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

၂၀၀၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ တောင်ဥက္ကလာပမြို့နယ် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ဖြိုးပိုင်သော်၊ ဒုတိယဆုရ မြစ်ကြီးနားမြို့ အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ထွန်းအောင်နှင့် တတိယဆုရ ပြည်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသား မောင်ရဲမင်းအောင်၊ အခြေခံပညာ အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ ဘိုကလေးမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မနှင်းရည်မြတ်၊ ဒုတိယဆုရ လမ်းမတော်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မအိအိဝင်းနောင်နှင့် တတိယဆုရ ညောင်လေးပင်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မနီလာဝင်း၊ ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မော်လမြိုင်ပညာရေးကောလိပ်မှ မဝင်းမြင့်တင်၊ ဒုတိယဆုရ သယ်န်းကျွန်း ပညာရေးကောလိပ်မှ

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့

ကောလိပ်မှ မည်ဂုဏ်မြင့်တို့အား ဆုများချီးမြှင့်သည်။

၂၀၀၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို စက်တင်ဘာလ ၈ ရက်နေ့နှင့် ၉ ရက်နေ့တွင် စိန်ရတုခန်းမ၌ ကျင်းပသည်။ စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်တင်လင်းမြင့်က 'True Story of NGOs in Education for All Activities' စာတမ်း၊ အမှတ် (၁) အခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက 'EFA Initiatives in Myanmar' စာတမ်း၊ အမှတ် (၁) အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိထန်ဇာတွင်းက 'Equitable Access to and Completion of Primary Education' စာတမ်း၊ ရန်ကုန် ပညာရေးတက္ကသိုလ် သင်ပြနည်းပညာဌာန ပါမောက္ခ ဒေါ်ထူးထူးအောင်က 'Promotion Quality for Basic Education' စာတမ်း၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့လက်ထောက်ပညာရေး သုတေသနအရာရှိ ဒေါ်စီစီအေးက၊ National EFA Plan of Action Focusing on Non-formal Education၊ စာတမ်း၊ ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး ဒေါ်မြင့်မြင့်သန်းက 'National Action Plan for EFA Focusing on ECCE' စာတမ်း၊ ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှက 'National Action Plan for EFA Focusing on Strengthening EMIS' စာတမ်း၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ပညာရေးသုတေသနအရာရှိ ဦးစောအောင်က '၂၀၀၂ ခုနှစ် စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ' စာတမ်း၊ ကရင်ပြည်နယ် ပြည်နယ်ပညာရေးမှူး ဦးစောဘလှိုင်က 'ကရင်ပြည်နယ် ပြည်နယ်လုံးကျွတ် စာတတ်မြောက်ရေးကြိုးပမ်းမှု' စာတမ်းနှင့် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဟန်နှင့် လက်ထောက်ပညာရေး သုတေသန အရာရှိ ဒေါ်နီနီစန်းတို့က 'CE in Myanmar၊ စာတမ်းတို့ကို အသီးသီးဖတ်ကြား တင်သွင်းကြသည်။

စိုးအောင်

နှစ် (၅၀) ပြည့်ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာန

နှစ် (၅၀) ပြည့် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန ။ ။ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနကို ၁၉၅၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် စတင်ထူထောင်ဖွင့်လှစ်ခဲ့သဖြင့် ၂၀၀၂ ခုနှစ်၌ ရှေ့ရတုကာလ သက်တမ်းဆီသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ (စတင်ဖွင့်စဉ်က စိတ္တဇေဒဌာနအမည်ဖြစ်သည်။) ထိုအချိန်ထိုကာလမှစ၍ မြန်မာနိုင်ငံတွင် စိတ်ပညာဘာသာရပ်ကို စနစ်တကျစုစည်းလေ့လာသင်ကြားမှု စတင်နိုင်ခဲ့သည်။

စိတ်ပညာဌာန မဖွင့်လှစ်ခင်က စိတ်ပညာဘာသာရပ်ကို ဒဿနိကဇေဒ (ယခင်သဘာဝတ္ထဇေဒ) နှင့် တွဲဖက်ထားခဲ့သဖြင့် စိတ်ပညာဘာသာရပ်လေ့လာမှုမှာ စနစ်တကျစုစည်းမှုမရှိခဲ့ချေ။

ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာနစတင်ဖွင့်လှစ်သည့်အချိန်တွင် ပထမဦးဆုံးပါမောက္ခအဖြစ် ဒေါက်တာလှဘူးက တာဝန်ထမ်းဆောင်ခဲ့သည်။ ကထိကမှာ ဒေါက်တာလှသွင်ဖြစ်သည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်မှာ ဒေါက်တာထင်အောင် ဖြစ်သဖြင့် စိတ်ပညာဌာနကို ပါမောက္ခချုပ် ဒေါက်တာထင်အောင်အမှူးပြု၍ စိတ်ပညာပါရဂူနှစ်ဦးဖြစ်သောပါမောက္ခဒေါက်တာလှဘူးနှင့် ကထိကဒေါက်တာလှသွင်တို့က ဦးစီးဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ်၌ သီးခြားဌာနအဖြစ် စိတ်ပညာသင်ကြားမှုစတင်ခဲ့သည့်အချိန်တွင် ပထမဆုံးကျောင်းသားများအနက် မောင်ကျော်စိန်၊ မောင်ခင်မောင်တင့်တို့ ပါဝင်ခဲ့ရာ စိတ်ပညာဌာနငွေရတုကာလဝန်းကျင်သို့ ရောက်ရှိသည့်အခါ မောင်ကျော်စိန်မှာ ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာနပါမောက္ခဒေါက်တာကျော်စိန်အဖြစ် လည်းကောင်း၊ မောင်ခင်မောင်တင့်မှာ စိတ်ပညာဌာနဆရာတာဝန်အဆင့်ဆင့်မှသည် ပုသိမ်ကောလိပ်ကျောင်းအုပ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်သူများဖြစ်ခဲ့သည်။ ဒေါက်တာကျော်စိန်မှာ ရန်ကုန်တက္ကသိုလ်မှ စိတ်ပညာမဟာဝိဇ္ဇာဘွဲ့ကို ရရှိပြီး ၁၉၆၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ကိုလံဘီယာတက္ကသိုလ်၌ ပညာဆက်လက်ဆည်းပူးခဲ့ရာ ယင်းတက္ကသိုလ်မှ" စက်မှုစိတ်ပညာနှင့် ဆက်ဆံရေးစိတ်ပညာ" ဖြင့် ပါရဂူဘွဲ့ (Ph.D) ရရှိခဲ့သည်။ ရန်ကုန်

တက္ကသိုလ် စိတ်ပညာဌာနပါမောက္ခဖြစ်ပြီး နောက်ပိုင်း၌ ရန်ကုန်တက္ကသိုလ် (ယခင်ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်)၊ မန္တလေးတက္ကသိုလ် (ယခင်မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်) ပါမောက္ခချုပ်တာဝန်များအပြင် ပညာရေးဝန်ကြီးအထိပါ တာဝန်ယူထမ်းရွက်ခဲ့သူဖြစ်သည်။

ဒေါက်တာကျော်စိန်အပြင် ပထမဆုံးစိတ်ပညာကျောင်းသားဖြစ်ခဲ့သည့် မောင်ခင်မောင်တင့်သည် စိတ်ပညာဆိုင်ရာရသဝတ္ထုများကို ရေးဖွဲ့သည်။ ဦးခင်မောင်တင့်သည် ၁၉၅၅ ခုနှစ်၊ မန္တလေးတက္ကသိုလ်စိတ်ပညာဌာနကို ဦးဆောင်ဖွင့်လှစ်ခဲ့သူဖြစ်ပြီး ဌာနမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ဦးခင်မောင်တင့်သည် ကောလိပ်၊ ဒီဂရီကောလိပ်များတွင် ကျောင်းအုပ်ကြီးတာဝန်များထမ်းဆောင်ခဲ့ပြီး ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ပါမောက္ခ ဒေါက်တာလှဘူးနှင့် ကထိက ဒေါက်တာလှသွင်တို့က သင်ကြားပို့ဆောင်ပေးခဲ့သည့် စိတ်ပညာဌာနသည် ပထမဦးဆုံးကျောင်းသားများနှင့် အစဉ်အဆက်မျိုးဆက်သစ်ကျောင်းသားများ၏ စွမ်းစွမ်းတမံလက်ဆင့်ကမ်းပြုစုပျိုးထောင်မှုတို့ဖြင့် ယခုအခါဘွဲ့လွန်သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများကို သင်ကြားပေးလျက်ရှိနေပေပြီ။ ထို့အပြင် အခြိန်ပိုင်းလေ့လာသင်ကြားနိုင်သည့် ဘွဲ့လွန်ဒီပလိုမာသင်တန်း (Diploma in Applied Psychology) များကိုလည်း တိုးတက်ဖွင့်လှစ်နေပြီဖြစ်သည်။

ရန်ကုန်တက္ကသိုလ်၌ စိတ်ပညာဌာနစတင်ဖွင့်လှစ်ခြင်းသည် ရန်ကုန်တက္ကသိုလ်အဝန်းအဝိုင်းတွင်သာ စိတ်ပညာဘာသာရပ် သင်ကြားလေ့လာမှုဆောင်ရွက်နိုင်ခဲ့သည် မဟုတ်ဘဲ မြန်မာနိုင်ငံရှိ အခြားသောတက္ကသိုလ်၊ ကောလိပ်များတွင်ပါ ပျံ့နှံ့ထူထောင် ပြန့်ပွားနိုင်စေခဲ့သည်။ အခြားသော တက္ကသိုလ်ကောလိပ်များတွင် စိတ်ပညာဘာသာရပ် သင်ကြားလေ့လာမှုများကို တိုးချဲ့နိုင်စေခဲ့သည်။ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ် (ယခင်



နှစ်ငါးဆယ်ပြည့် ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနဆရာကန်တော့ပွဲ

ဆရာအတတ်သင်သိပ္ပံ) များတွင် ပညာရေး၊ စိတ်ပညာနှင့် ကလေးစိတ်ပညာများကို မယူမနေရ ဘာသာရပ်များအဖြစ် သင်ကြားပေးလျက်ရှိသည်။

ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနသည် ပညာရပ်သင်ကြားပို့ချမှု၊ လေ့လာမှုစသည့် ပညာရပ်နယ်ပယ်တာဝန်တွင်သာမက တက္ကသိုလ်ပြင်ပ လူမှုရေးနယ်ပယ်များတွင်လည်း စိတ်ပညာတာဝန်များကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်သည်။ သုတေသနပြုလုပ်ခြင်းများ၊ သုတေသနစာတမ်းများဖတ်ကြားခြင်း၊ စိတ်ပညာစစ်ဆေးလွှာနှင့် ဉာဏ်ရည်စစ်ဆေးလွှာများ ပြုစုဆောင်ရွက်ခြင်း၊ ကျန်းမာရေးဦးစီးဌာန စိတ်ပညာကျန်းမာရေးဆေးရုံ (ယခင်စိတ်ရောဂါကုဆေးရုံ)၊ ဆေးပညာသိပ္ပံဦးစီးဌာန၊ ဆေးတက္ကသိုလ်များနှင့် လူမှုဝန်ထမ်းဦးစီးဌာန လုပ်ငန်းနယ်ပယ်များတွင်ပါ ပါဝင်ကူညီဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် စိတ်ပညာဘာသာရပ်သည် ယခင်တစိမ်းပြင်ပြင်ဖြစ်ခဲ့ရာမှ ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာန၏ စွမ်းဆောင်မှုများနှင့် စိတ်ပညာဌာနကို မျိုးစေ့ချသူများ၊ လက်ဆင့်ကမ်းသူများ၏ အားထုတ်ကြိုးပမ်းမှုများကြောင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် စိတ်ပညာသည်ဖွံ့ဖြိုးလာခဲ့သည်။ ယခုအခါ ကမ္ဘာ့ပညာရေးလောကတွင် ဖွံ့ဖြိုးတိုးတက်လာနေသော စိတ်ပညာဘာသာရပ်လေ့လာမှုကို ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနက ခေတ်နှင့်အညီ အမီလိုက်ကာ ဆောင်ရွက်လျက်ရှိသည်။

ရွှေရတုကာလသက်တမ်း ရောက်ရှိခဲ့သည့် ၂၀၀၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာန နှစ် (၅၀) ပြည့်အထိမ်းအမှတ် ရွှေရတုသဘင်အခမ်းအနားကို ကျင်းပခဲ့ပြီး အခမ်းအနား၌ အောက်ပါအစီအစဉ်များကို စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။

- ၂၆-၁၂-၂၀၀၂ နေ့ နံနက်ပိုင်းတွင် စိတ်ပညာဌာန နှစ် (၅၀) ပြည့်အထိမ်းအမှတ် ရွှေရတု သဘင်အခမ်းအနား ကျင်းပခြင်း၊
- ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ-ဆရာမကြီးများအား ကန်တော့ခြင်း၊
- ဟောပြောပွဲ ကျင်းပခြင်း၊
- ၂၆-၁၂-၂၀၀၂ နေ့နှင့် ၂၇-၁၂-၂၀၀၂ နေ့များတွင် စိတ်ပညာဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပခြင်း၊
- စိတ်ပညာဌာန ခရီးပြခန်းငယ်ခင်းကျင်းပြသခြင်း။

လူ့အဖွဲ့အစည်းအတွက် အကျိုးပြုအသုံးဝင်သော စိတ်ပညာဘာသာရပ်ကို သင်ကြားလေ့လာနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံပညာရေးစနစ်တွင် အောင်မြင်မှုမှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ။

မြတ်လေးနိုင်

နှစ်ဆယ့်ငါးအုပ်မြောက် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်

။ ။ မြန်မာ့စွယ်စုံကျမ်း၏ နောက်ဆုံးအတွဲဖြစ်သော အတွဲ (၁၅) ကို ၁၉၇၆ ခုနှစ်တွင် ထုတ်ဝေပြီးနောက် စွယ်စုံကျမ်း၏အဖြည့်ကျမ်းအဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များကို စာပေဗိမာန်သည် ၁၉၇၈ ခုနှစ်မှစ၍ ထုတ်ဝေခဲ့သည်။

ထိုမှစ၍ တစ်နှစ်တစ်အုပ်ပုံမှန်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်သည် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၂) အထိ ရေတွက်လျှင် ၂၅ အုပ်မြောက်ရှိခဲ့ပြီဖြစ်သည်။

ပျက်ကွက်မှုလည်းမရှိစေရ၊ ပုံမှန်အချိန်ကာလတွင်လည်း ထုတ်ဝေနိုင်ရမည်ဖြစ်ပြီး စွယ်စုံကျမ်းနှစ်ချုပ်၏အင်္ဂါရုပ်များလည်း ကိုက်ညီစွာပြုစုနိုင်ရေးအတွက် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များကို ပြန်ကြားရေးဝန်ကြီးဌာနမှ ရွေးချယ်ပေးသော ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့ ပညာရှင်များနှင့်အတူ စာပေဗိမာန်၊ စာတည်းဌာန၊ စွယ်စုံနှစ်ချုပ် စာတည်းအဖွဲ့သည် အချိန်မီဆောင်ရွက်လုပ်ကိုင်ခဲ့ရသည်။ အထူးသဖြင့် စာတည်းအဖွဲ့သည် စီစဉ်ရေးအဖွဲ့ပညာရှင်များအား အစည်းအဝေးခေါ်ယူခြင်း၊ စာမူများအပ်နှံခြင်း၊ တည်းဖြတ်ခြင်း၊ ပြုစုခြင်း စသည့် လုပ်ငန်းများစွာကို စုဝေး တိုင်ပင်ဆွေးနွေးကာ ဆောင်ရွက်ခဲ့ရသည်။

တစ်နှစ်တာအတွက် စွယ်စုံနှစ်ချုပ်စာအုပ်တစ်အုပ်တွင် အပိုင်း (၃) ပိုင်း ပါဝင်စေပြီး အပိုင်း (၁) ကို နှစ်တစ်နှစ်၏လစဉ်ဖြစ်ရပ်များဖြင့် တင်ပြ၍



မြန်မာ့စွယ်စုံကျမ်းတစ်အုပ်၏ အနေအထားပုံစံ

အပိုင်း (၂) ကို အထူးဆောင်းပါးများဖြင့် ဖွဲ့စည်း မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၇၈-၂၀၀၂) တွင် ကာ အပိုင်း (၃) ကို ထိုနှစ်တစ်နှစ်၏ မှတ်တမ်းတင် အပ်သော အကြောင်းအရာများဖြင့် ဖွဲ့စည်းတင်ပြ ထားပါသည်။

ဤတွင် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ပါဝင် သော အပိုင်း(၂)၏ အထူးဆောင်းပါးများဟူသည် သိသင့်သိအပ်သော အကြောင်းအရာများနှင့် ကာလ အဆက်ဆက်ပြန်လည်ရည်ညွှန်းကိုးကားဖွယ်ရာ အကြောင်းအရာများကို ရည်ညွှန်းကျမ်းစီစဉ်ရေး အဖွဲ့က စနစ်တကျရွေးချယ်ကာ ထိုအကြောင်းအရာ ဘာသာရပ်တွင် ကျွမ်းကျင်သောစာရေးဆရာ (သို့မဟုတ်) ပညာရှင်အား စာမူအပ်နှံ၍ ရေးသား ဖော်ပြထားသောဆောင်းပါးများ ဖြစ်သည်။

၁၉၇၈ မှ ၂၀၀၂ အထိ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၂၅) အုပ်တွင် ပါဝင်ဖော်ပြခဲ့သော ဆောင်းပါး အရေအတွက်မှာ ၂၁၀ စောင်ရှိသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ပါဝင်ခဲ့သော အထူးဆောင်းပါးများနှင့် စာရေး သူ (ပညာရှင်)များ

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၁	၁၉၇၈	ကမ္ဘာ့ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ ပြဿနာများ	ဦးအောင်သန့်
၂	″	ကမ္ဘာ့ပင်လယ်ပြင်ဥပဒေ	ဦးထင်ဖတ်
၃	″	စက်ဦးနှောက်ခေတ်	ဦးထင်ဖတ်
၄	″	မတည်ငြိမ်သော ငွေကြေးစနစ်	ဒေါက်တာ စိန်မောင်
၅	″	သေမင်းတမန် လက်နက်ဆန်းများ	ဦးမောင်မောင် ရင်
၆	၁၉၇၉	မူးယစ်ဆေးဝါးအန္တရာယ်	ဦးမျိုးသန့်
၇	″	ဆေးပညာနှင့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများ	ဦးမောင်မောင် ရင်
၈	″	အာဖရိက	ဦးဘဝင်း
၉	″	အဏ္ဏဝါသိုက်ကြီး	ဦးထင်ဖတ်
၁၀	၁၉၈၀	စွမ်းအင်အကျပ်အတည်း	ဦးထင်ဖတ်
၁၁	″	အပြည်ပြည်ဆိုင်ရာ ကလေးများနှစ်	ဒေါ်အုန်းကြည်

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၁၂	။	သိပ္ပံနှင့်စက်မှုနည်းပညာလောက	ဒေါက်တာတင်အောင်
၁၃	။	အာကာသသုတေသန	ဦးမောင်မောင်ရင်
၁၄	၁၉၈၁	ပထမအကြိမ်ဂိုဏ်းပေါင်းစုံသံယာ့အစည်းအဝေးပွဲကြီး	ဦးအုံမောင်
၁၅	။	ကုလသမဂ္ဂ ဖွဲ့ဖြိုးရေးဆယ်စုနှစ်	ဦးအောင်သန့်
၁၆	။	စနေဂြိုဟ်	ဒေါက်တာစိန်ထွန်း
၁၇	။	ခေတ်သစ်စာကြည့်တိုက်များ	ဦးသန်းထွတ်
၁၈	။	၁၉၇၉၊ ၈၀ ကမ္ဘာ့စီးပွားရေး အခြေအနေ	ဦးသန်း
၁၉	။	လေမုန်တိုင်းကြီးများ	ဦးစံလှဘော်
၂၀	။	ကာကွယ်ထိန်းသိမ်းပြုပြင်ရမည့် သမိုင်းဝင်အမွေအနှစ်များ	ဦးသန်းဆွေ
၂၁	။	ဓမ္မပဒဏ္ဍာမဟာဝိဇယစေတီတော်ကြီး	ဦးစဝ်ထွန်းမှတ်ဝင်း
၂၂	၁၉၈၂	မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီစတုတ္ထအကြိမ် ပါတီညီလာခံ	တက္ကသိုလ်သခ်
၂၃	။	ရေနံ	ဦးတင်ညွန့်
၂၄	။	သားငှက်ဘေးမဲ့တော	ဦးချစ်ကိုကို
၂၅	။	အနောက်တိုင်းဗီသုကာလက်ရာ	ဒေါက်တာလွင်အောင်
၂၆	။	တတိယအကြိမ်ပြည်သူ့လွှတ်တော်	ဦးသောင်းလွင်
၂၇	။	နိုင်ငံတကာ မသန်စွမ်းသူများနှစ်	ဒေါ်ညွန့်မြင့်
၂၈	။	၁၉၈၀၊ ၈၁ ကမ္ဘာ့စီးပွားရေးအခြေအနေ	ဦးသန်း
၂၉	။	အံ့ဖွယ်ရာဆေးပညာ	ဒေါက်တာမောင်မောင်ညို
၃၀	၁၉၈၃	မြန်မာနိုင်ငံအနှစ် ၂၀ နှစ်ရှည် စီးပွားရေးစီမံကိန်း	ငွေသန်းနိုင်
၃၁	။	သမဝါယမစီးပွားရေး ဒုတိယမဏ္ဍိုင်	ဦးလှမောင်-သမဝါယမ
၃၂	။	သက်ကြီးရွယ်အိုဘဝ	ဦးသန်းတင်
၃၃	။	အစာအာဟာရနည်းပညာ	ဒေါက်တာမျိုးသန့်တင်

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၃၄	။	ဇီဝနည်းပညာ	ဒေါက်တာကျော်စိုး
၃၅	။	မြန်မာ့ရုပ်မြင်သံကြား	ဦးကိုကိုကြီး
၃၆	။	၂၀ ရာစုလေကြောင်းပို့ဆောင်ရေး	အောင်မန်း
၃၇	။	လက်တင်အမေရိက	ဦးမိုးမြင့်သောင်း
၃၈	။	နေ(သို့မဟုတ်)သာမန်ကြယ်တစ်လုံး	ဒေါက်တာစိန်ထွန်း
၃၉	။	ကမ္ဘာ့အားကစား	မောင်ရဲဝင်း
၄၀	၁၉၈၄	စာနယ်ဇင်းစုံခေတ်ကြေးမုံ	ဦးဉာဏ်ဝင်း
၄၁	။	ကမ္ဘာ့ဆက်သွယ်ရေးစနစ်	ဦးကိုကိုကြီး
၄၂	။	အရှေ့တောင်အာရှအားကစားပြိုင်ပွဲ	ဦးခင်မောင်လွင်
၄၃	။	အန္တာတိကဒေသသုတေသန	ဦးမိုးမြင့်သောင်း
၄၄	။	မြန်မာနိုင်ငံအားကစား	ဦးတင်မောင်လွင်
၄၅	။	မြန်မာနိုင်ငံတံဆိပ်ခေါင်းများ	ဦးမောင်မောင်လင်း
၄၆	။	ဒြပ်စင်များ	ဒေါက်တာအောင်ကျော်
၄၇	။	ယန္တရားလုပ်သားများ	ဦးခင်အောင်ကြည်
၄၈	။	မိုးလေဝသဂြိုဟ်တုများ	ဦးသုတ
၄၉	၁၉၈၅	ရင်သွေးကျန်းမာအနာဂတ်ချမ်းသာ	ဒေါက်တာတင်ဦး(ကလေးဆေးရုံကြီး)
၅၀	။	ကြယ်တံခွန်များ၊ ဥက္ကာများ	ဦးသုတ
၅၁	။	ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ	ငွေသန်းနိုင်
၅၂	။	ကမ္ဘာ့အိုလံပစ်အားကစားပွဲတော်	စစ်ကိုင်းကြည်ညွန့်
၅၃	။	စိုက်ပျိုးရေးကို အခြေခံသော မြန်မာ့စားသောက်ကုန် စက်မှုလုပ်ငန်း	ဒေါက်တာမျိုးသန့်တင်
၅၄	။	အာကာသသိပ္ပံတိုးတက်မှု	မောင်လှိုင်ဝင်း
၅၅	။	ဇီဝနည်းပညာတိုးတက်မှု	ဒေါက်တာမျိုးမင်းအောင်
၅၆	။	ကွန်ပျူတာတိုးတက်မှု	ဦးကိုကိုလေး
၅၇	။	ရောဂါပြီးပေဒ	ဒေါက်တာသန်းနုရွှေ
၅၈	၁၉၈၆	မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပဉ္စမအကြိမ် ပါတီညီလာခံ	ဦးအုန်းလွင်

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၅၉	။	စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်	တက္ကသိုလ် တင်အေးကြည်
၆၀	။	ဒုတိယအကြိမ် ဂိုဏ်းပေါင်း စုံသံယာ့အစည်းအဝေးကြီး	ဦးဉာဏ်ဝင်း
၆၁	။	နှစ် ၄၀မြောက် ကုလသမဂ္ဂအဖွဲ့ချုပ်	ဦးဝင်းတင် (ဟံသာဝတီ)
၆၂	။	အပြည်ပြည်ဆိုင်ရာ လူငယ်များနှစ် ၁၉၈၅	ပျဉ်းမနား မောင်နီသင်း
၆၃	။	အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ	ဦးခင်မောင်လွင် (အား/ကာ)
၆၄	။	ပြည်သူ့ကျန်းမာရေး	ဒေါက်တာ အောင်ခင်ဆင့်
၆၅	။	ပိုးသတ်ဆေး	ဒေါက်တာ အာလော
၆၆	။	နက္ခတ္တဗေဒတိုးတက်မှုများ	ဒေါက်တာ စိန်ထွန်း
၆၇	၁၉၈၇	မဟာဝိဇ္ဇယစေတီတော်	ဦးအုံမောင်
၆၈	။	မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့	ရဲဘော်စိုးတင့်
၆၉	။	မြန်မာနိုင်ငံတက္ကသိုလ်နှင့် ကောလိပ်များ	ဦးသော်ကောင်း
၇၀	။	ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ	မောင်ရဲဝင်း
၇၁	။	တိပိဋကဓရဘွဲ့ရ ဆရာတော်များ	မောင်အုံ
၇၂	။	ထူးခြားသောအမြွာများ	ဆရာဝန်တင်ရွှေ
၇၃	။	လွန်းရာကျော်မြန်မာ့ အချိတ်ထည်လုပ်ငန်း	နတ်မောက် ထွန်းရှိန်
၇၄	။	အဏုမြူမောတ်ပေါင်းဖိုများ တွင်အန္တရာယ်ကင်းရှင်းရေး	ဒေါက်တာ တင်အောင်
၇၅	။	မြန်မာ့ဆေးဖက်ဝင် အပင်များ	ဒေါက်တာ ကျော်စိုး
၇၆	။	ဟိုက်ပါဟင်းလင်းပြင်	ဒေါက်တာ စိန်ထွန်း
၇၇	။	ပထမအကြိမ် ပြည်သူ့ လွှတ်တော်ဥပဒေများ	တက္ကသိုလ် တင်အေးကြည်
၇၈	၁၉၈၈	နံရံပန်းချီနှင့် ပုရပိုက်ပန်းချီ	ဦးမင်းနိုင်
၇၉	။	ကျန်းမာရေးနှင့် အသက်ရှည်ရေး	ဒေါက်တာ မောင်မောင်ညို

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၈၀	။	ဒုတိယအကြိမ်ပြည်သူ့ လွှတ်တော်ဥပဒေများ	တက္ကသိုလ် တင်အေးကြည်
၈၁	။	အပြည်ပြည်ဆိုင်ရာမူးယစ် ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေး	ဦးဉာဏ်ဝင်း
၈၂	။	ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်ဆက်သောကဇာတ်များ	ဗိုလ်ကျော်ဆန်း
၈၃	။	လေကြောင်းပို့ဆောင်ရေး	ဦးမိုးမြင့်သောင်း
၈၄	၁၉၈၉	သခ်ၤာသစ်နှင့် ခေတ်သစ်သခ်ၤာသမိုင်း	ဒေါက်တာ ခင်မောင်ဝင်း
၈၅	။	ဖန်ပြွန်သန္ဓေသား	ဒေါက်တာ မောင်မောင်ညို
၈၆	။	ရှေးဟောင်းသုတေသန တိုးတက်မှု	ဒေါက်တာ ခင်မောင်ညွန့်
၈၇	။	တတိယအကြိမ်ပြည်သူ့ လွှတ်တော်ဥပဒေများ	တက္ကသိုလ် တင်အေးကြည်
၈၈	။	စတုတ္ထအကြိမ်ပြည်သူ့ လွှတ်တော်ဥပဒေများ	ဦးအေးချို (ဗဟိုတရားရုံး ရှေ့နေ)
၈၉	။	အပြည်ပြည်ဆိုင်ရာ ရေကြောင်းသယ်ယူ ပို့ဆောင်ရေး	ဦးခင်မောင်သိန်း (ကြယ်ငါးပွင့်)
၉၀	၁၉၉၀	ကမ္ဘာ့မိုးလေဝသ ပြောင်းလဲမှု	နိုင်ရွှေမိုး
၉၁	။	ဆေးပညာတိုးတက်မှုများ	ဒေါက်တာ မောင်မောင်ညို
၉၂	။	နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဆောင်ရွက်ချက်များ	ဦးစိုးအောင်
၉၃	။	ဂန္ဓဝင်မြန်မာ့ပန်းချီ မိတ်ဆက်	ဦးမင်းနိုင်
၉၄	။	နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေနှင့် နည်းဥပဒေများ	ဦးအေးချို (ဗဟိုတရားရုံး ရှေ့နေ)
၉၅	။	သခ်ၤာသစ်၏ အနှစ်သာရ	ဒေါက်တာ ခင်မောင်ဝင်း
၉၆	။	စိတ်နယ်လွန်ပညာ	ဒေါက်တာ ကျော်စိန်
၉၇	။	မျိုးရိုးဗီဇပညာ တိုးတက်မှု	ဆရာဝန်တင်ရွှေ

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၉၈	။	လျှပ်ကဲလျှပ်ကူးသတ္တိ	ဒေါက်တာ စိန်ထွန်း
၉၉	။	အာရှစာအုပ်ထုတ်ဝေရေး	မောင်ဆုရှင်
၁၀၀	၁၉၉၁	ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ	ဦးအေးမောင်
၁၀၁	။	ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ	ဦးဉာဏ်ဝင်း
၁၀၂	။	အရှေ့ဥရောပ ပြုပြင်ပြောင်းလဲရေး	ဒေါက်တာ ခင်မောင်ညွန့်
၁၀၃	။	ပဏာမကျန်းမာရေး စောင့်ရှောက်မှု	ဒေါက်တာ မောင်မောင်ညို
၁၀၄	။	အားကစားဆိုင်ရာ ဆေးပညာ	ဆရာဝန် တင်ရွှေ
၁၀၅	။	ကမ္ဘာ့ခေတ်သစ် ဗိသုကာ	ဒေါက်တာ လွင်အောင်
၁၀၆	။	မော်တော်ယာဉ် စက်မှုနည်းပညာ	ဦးကြင်စိုး
၁၀၇	။	မြန်မာ့ရုပ်ရှင်ထူးခွန်ဆု	တက္ကသိုလ် မောင်မောင်ခင်
၁၀၈	။	မြန်မာ့ပန်းပုလက်ရာ	သုတေသီ ရာမညကိုကိုနိုင်
၁၀၉	။	ကေသြေစ်(သို့မဟုတ်) ပရမ်းပတာထဲမှ အစီအစဉ် တကျဖြစ်စဉ်	ဒေါက်တာ စိန်ထွန်း
၁၁၀	။	ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွား ရေးဆောင်ရွက်ချက်များ (၁၉၉၀)	ဦးသိန်းဆွေ
၁၁၁	၁၉၉၂	ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်း	ဦးအေးချို (မဟာဝိဇ္ဇာ)
၁၁၂	။	မြန်မာနိုင်ငံ ရှေးဟောင်း သုတေသနဦးစီးဌာန	ဒေါက်တာ ခင်မောင်ညွန့်
၁၁၃	။	သရက္ခန်ဗုဒ္ဓရုပ်ပွားတော် မြတ်ငါးဆူ	ဦးတင်လှိုင်
၁၁၄	။	ဗိုလ်ချုပ်မှူးကြီးစောမောင်၏ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေးခရီး	စာတည်း အဖွဲ့ဝင်
၁၁၅	။	ပင်လယ်ကွေစစ်ပွဲ	ဦးခင်မောင်လေး
၁၁၆	။	မျိုးချစ်စိတ်ဓာတ်ထက်သန် ရေးပညာပြန့်ပွားလှုံ့ဆော် ရေး	ဦးညွန့်ဟံ
၁၁၇	။	ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ	ဦးဉာဏ်ဝင်း
၁၁၈	။	ရောဂါကာကွယ်ရေးဆေးများ	ဒေါက်တာ မောင်မောင်ညို
၁၁၉	။	မော်လီကျူးအဆင့် ဇီဝဗေဒ	ဆရာဝန် တင်ရွှေ
၁၂၀	။	ခေတ်မီလက်နက်ဆန်းများ	တူးတူး
၁၂၁	။	ကမ္ဘာ့ပတ်ဝန်းကျင် သန့်ရှင်းရေး	ဦးခင်မောင်ဇော်
၁၂၂	၁၉၉၃	ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ	ဦးဉာဏ်ဝင်း
၁၂၃	။	မြန်မာကလေးပန်းချီ မိတ်ဆက်	ဦးစိုးအောင်
၁၂၄	။	အမျိုးသား အားကစားပွဲတော်	ခင်မောင်လွင် (အား/ကာ)
၁၂၅	။	မြန်မာစာအဖွဲ့နှင့် မြန်မာစာ	ဦးသိန်းမြင့်
၁၂၆	။	မြန်မာဗီဒီယို	တက္ကသိုလ် မောင်မောင်ခင်
၁၂၇	။	ငှက်ဖျားရောဂါ တိုက်ဖျက်ရေး	ဆရာဝန် တင်ရွှေ
၁၂၈	။	မျိုးရိုးလိုက်ရောဂါများနှင့် နောက်ဆုံးပေါ် ဗီဇ နည်းပညာတိုးတက်မှုများ	ဒေါက်တာ နီလာရွှေ
၁၂၉	။	မြန်မာ့ကျောက်မျက်ရတနာ	ပါမောက္ခ ဦးဉာဏ်သင်း
၁၃၀	။	အစားထိုးရုပ်ပြခွဲစိတ်မှု	ပါမောက္ခ ဒေါက်တာ သိန်းညွန့်
၁၃၁	။	မြန်မာနိုင်ငံပန်းချီပန်းပုနှင့် ပန်တျာကျောင်းများ	ဒေါက်တာ ခင်မောင်ညွန့်
၁၃၂	။	အေအိုင်ဒီအက်စ်နှင့် မြန်မာနိုင်ငံ	ဒေါက်တာ မောင်မောင်ညို
၁၃၃	။	မြန်မာ့ရိုးရာကျေးလက် အနုပညာပြိုင်ပွဲ	မောင်ဆုရှင်

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၁၃၄	၁၉၉၄	ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ	ဦးဉာဏ်ဝင်း
၁၃၅	″	ပထမအကြိမ်မြန်မာ့ရိုးရာ မြင်းခင်းသဘင်	ဒေါက်တာ ခင်မောင်ညွှန့်
၁၃၆	″	နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၉၃ ခုနှစ်၊ ဥပဒေနည်း ဥပဒေများ	ဦးအေးချို (ဗဟိုတရားရုံး ရှေ့နေ)
၁၃၇	″	အမျိုးသားညီလာခံ	ဦးမျိုးသန့်
၁၃၈	″	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း	ဦးအုန်းလွင်
၁၃၉	″	ဗိုင်းရပ်စ်အသည်းရောင် အသား၀ါရောဂါ (ဘီ)	ဆရာဝန် တင်ရွှေ
၁၄၀	″	ကမ္ဘာ့စီးပွားရေး	ပါမောက္ခ ဦးမြတ်သိန်း
၁၄၁	″	မြန်မာနိုင်ငံနှင့်ကျန်းမာရေး စောင့်ရှောက်မှုစနစ် အမျိုးမျိုး	ဒေါက်တာ မောင်မောင်ညို
၁၄၂	″	လှော်ကားဥယျာဉ်	မောင်ခေတ်ထွန်း
၁၄၃	၁၉၉၅	ဗုဒ္ဓမြတ်စွယ်တော်	ဒေါက်တာ ခင်မောင်ညွှန့်
၁၄၄	″	ရာပြည့်မလွန်စေး ဆန်လှူအသင်းကြီး	ဉာဏ်ဝင်း (စာပေဗိမာန်)
၁၄၅	″	ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ	ခင်မောင်ဝင်း ကြည် (မြန်မာ့လှုပ်စစ် လုပ်ငန်း)
၁၄၆	″	မြန်မာနိုင်ငံဆေးတက္ကသိုလ် များနှင့် အခြားနှီးနွှယ်သော တက္ကသိုလ်များ	ဒေါက်တာ မောင်မောင်ညို
၁၄၇	″	ဒုတိယအကြိမ်အမျိုးသား အားကစားပွဲတော်	ခင်မောင်လွင် (အား/ကာ)
၁၄၈	″	မြနန်းစံကျော် ရွှေနန်းတော်	ဦးမင်းနိုင်
၁၄၉	″	ပလိပ်ရောဂါ	ဒေါက်တာ မောင်မောင်ညို နှင့်ဒေါက်တာ နန်းဥမ္မာ
၁၅၀	″	မြန်မာနှင့်ကမ္ဘာ ခရီးသွားလုပ်ငန်း	ဦးမျိုးသန့်

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၁၅၁	″	မြန်မာ့ကုန်စည်ပြပွဲများ	ဆွေသန့်ကို
၁၅၂	၁၉၉၆	နှစ် (၅၀)ပြည့် ရွှေရတု တပ်မတော်နေ့	တင်သန်းဦး
၁၅၃	″	ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်	ဝန်ထမ်း တစ်ဦး
၁၅၄	″	ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက်စိန်ရတုသဘင်	ဦးသော်ကောင်း ဦး၀င်းမွန်
၁၅၅	″	သဘာ၀ဘေးအန္တရာယ်နှင့် ဆေးပညာအကူအညီ	ဒေါက်တာ မောင်မောင်ညို
၁၅၆	″	မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ	မောင်ဆုရှင်
၁၅၇	″	ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း	ဦးမင်းနိုင်
၁၅၈	″	ခြိမ့်သည်းဆင်ယင်မြန်မာ့ ရုပ်ရှင်စိန်ရတုသဘင်	မောင်နေမျိုး
၁၅၉	″	အပူပိုင်းဒေသစိမ်းလန်းစို ပြည်ရေးဆောင်ရွက်ချက်များ	ဆွေသန့်ကို
၁၆၀	″	စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ	မောင်ငွေဌေး (လူမှုဝန်ထမ်း)
၁၆၁	″	ဓာတ်မှန်ပညာ၏ နှစ် တစ်ရာခရီး	ဒေါက်တာ ကျော်မြင့် (ဓာတ်မှန်)
၁၆၂	၁၉၉၇	အရှေ့တောင်အာရှနိုင်ငံ များအသင်း (အာဆီယံ)	ဦးရဲတင့်
၁၆၃	″	နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးကိုအထောက်အကူပြု သည့်လမ်းတံတားများ	ဦးစိုးအောင်
၁၆၄	″	ယဉ်ကျေးမှုတက္ကသိုလ်	ဦးစိုးညွှန့် (ယဉ်ကျေးမှု တက္ကသိုလ်)
၁၆၅	″	ခေတ်အဆက်ဆက် တိုးတက်လာသည့် ဆည်မြောင်းလုပ်ငန်းများ	ဦးရဲမြင့်၊ ဦးလှ၀င်း
၁၆၆	″	မြန်မာ့ရိုးရာယဉ်ကျေးမှုပန်း (၁၀)မျိုး ပြပွဲ၊ ပြိုင်ပွဲ	ဦးမင်းနိုင်
၁၆၇	″	မြန်မာနိုင်ငံဘိုးဘွား ရိပ်သာများ	မောင်ငွေဌေး (လူမှုဝန်ထမ်း)

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၁၆၈	။	မြန်မာနိုင်ငံနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး	ရင်ရင်လေး
၁၆၉	။	အာဟာရနှင့်ကျန်းမာရေး	ဒေါက်တာမောင်မောင်ညို
၁၇၀	။	နှစ် (၅၀) ပြည့်ရွှေရတုစာပေဗိမာန်	မုံရွာဝင်းဖေ
၁၇၁	၁၉၉၈	နှစ် (၅၀)ပြည့်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်	ဆရာဝန်တင်ရွှေ
၁၇၂	။	သက်ကြီးရွယ်အို ကျန်းမာရေး	ဒေါက်တာမောင်မောင်ညို
၁၇၃	။	ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်း	ဗိုလ်မှူးကြီးသန်းထွန်း
၁၇၄	။	ရတနာမာတ်ဌေရာဖွေတူးဖော်ထုတ်လုပ်ရေးစီမံကိန်း	လေ့လာသူတစ်ဦး
၁၇၅	။	မြို့ပြဖွံ့ဖြိုးမှု အထူးစီမံကိန်းများ	အောင်နိုင်မြင့်
၁၇၆	။	ကျောက်ကပ်အစားထိုးကုသခြင်း	ဒေါက်တာပိုင်စိုး
၁၇၇	။	သင်းလုံးကျွတ်မြန်မာ့ပန်းချီပန်းပုလက်ရာမွန်ပြပွဲကြီး	ဦးမင်းနိုင်
၁၇၈	။	အမျိုးသားပြတိုက်	ဦးကျော်ဝင်း(မနုဿ)
၁၇၉	၁၉၉၉	အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်	ဒေါက်တာခင်မောင်ညွန့်
၁၈၀	။	၂၀ ရာစုသိပ္ပံ၊ ဇီဝ၊ စက်မှုနှင့်နည်းပညာ	ဦးမျိုးသန့်
၁၈၁	။	မြန်မာ့ပန်းပုအဆင့်ဆင့်တိုးတက်လာပုံ	ဦးမင်းနိုင်
၁၈၂	။	မြန်မာ့လူမှုဝန်ထမ်းလုပ်ငန်း	မောင်ငွေဌေး(လူမှုဝန်ထမ်း)
၁၈၃	။	ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ	ခင်မောင်လေး
၁၈၄	။	မြန်မာအမျိုးသမီးများ၏အခန်းကဏ္ဍ	စောမုံညင်း
၁၈၅	။	အင်တာနက် (ကွန်ပျူတာနည်းပညာ)	ဦးဝင်းမော်

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၁၈၆	။	မြန်မာနိုင်ငံနှင့်အနာကြီးရောဂါ	ဆရာဝန်တင်ရွှေ
၁၈၇	၂၀၀၀	မြတ်ဘုရားရွှေတိဂုံထီးတော်တင်ပွဲ	ကျော်ဖုန်းမြင့်(ဓာတုဗေဒ)
၁၈၈	။	အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့	မောင်ငွေဌေး(လူမှုဝန်ထမ်း)
၁၈၉	။	တိုးတက်ပြောင်းလဲလာသည့်လက်မှုအနုပညာ	ဦးမင်းနိုင်
၁၉၀	။	တည်ဆောက်ဖွင့်လှစ်ပြီး စီမံကိန်းဝင်တံတားကြီးများ	ကံမြင့်
၁၉၁	။	အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး	ချမ်းငြိမ်းမြင့်
၁၉၂	။	မြန်မာနိုင်ငံငါးလုပ်ငန်း	လေ့လာသူတစ်ဦး
၁၉၃	။	လာမည့်ရာစုနှစ်အတွက် ကျန်းမာရေးမိတ်ဆက်	ဆရာဝန်တင်ရွှေ
၁၉၄	။	နှစ်(၅၀)အတွင်းမြန်မာဝတ္ထုများတွင် မြန်မာ့လူမှုအဖွဲ့နှင့် လူမှုဓလေ့ထင်ဟပ်ချက်	ဦးသန်းထွတ်(တိုက်စိုး)ဦးသော်ကောင်း
၁၉၅	၂၀၀၁	လောကချမ်းသာအဘယ လာဘမုနိရုပ်ပွားတော်	မင်းနိုင်
၁၉၆	။	မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း	မြတ်လေးခိုင်
၁၉၇	။	မြန်မာနိုင်ငံစာအုပ်ထုတ်ဝေရေးလုပ်ငန်း	ဦးစိုးမြင့်သန်း
၁၉၈	။	အေအိုင်ဒီအက်စ်ရောဂါ ဆိုင်ရာနောက်ဆုံးတွေ့ရှိချက်များ	ဒေါက်တာကြည်ဟန်
၁၉၉	။	ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက်	ဦးထွန်းနိုင်(သာသနာရေး)
၂၀၀	။	မြန်မာ့ကျောက်မျက်ရတနာပြပွဲများ	ကျော်ဖုန်းမြင့်(ဓာတုဗေဒ)
၂၀၁	။	မူးယစ်ဆေးဝါးနှင့် ယနေ့လူငယ်	ဆရာဝန်တစ်ဦး(ကုသိုလ်ဖြစ်ဆေးရုံ)
၂၀၂	။	မြန်မာနိုင်ငံ ပုံတောင်ဒေသမှ ရှာဖွေတွေ့ရှိသည့် ကမ္ဘာ့ရှေးအကျဆုံးလူတူပရိုင်းမိတ်	ဗိုလ်မှူးကြီးသန်းထွန်း(စစ်မဟာဗျူဟာလေ့လာရေးရုံး

နှစ်ဆယ့်ငါးအုပ်မြောက် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၂၀၃	၂၀၀၂	မြန်မာနိုင်ငံပညာရေး ပြုပြင်ပြောင်းလဲမှု	ဦးသန်းဦး
၂၀၄	။	မြန်မာ့ဆီစားသုံးမှုဓလေ့	အောင်ချိန်ဘွား
၂၀၅	။	ဆယ့်ကိုး၊ နှစ်ဆယ်ရာစု မြန်မာနိုင်ငံပန်းချီလှုပ်ရှားမှု	ဦးမင်းနိုင်
၂၀၆	။	မြန်မာနိုင်ငံ၏ သဘာဝ အခြေခံရင်းမြစ်လုပ်ငန်း	မောင်မောင် မြင့်သိန်း
၂၀၇	။	နှစ်(၅၀)ပြည့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း	ဦးစိုးအောင်
၂၀၈	။	မြန်မာ့စဉ့်	ဦးစိန်လှိုင်၊ ဦးကြည်ထွဏ်း
၂၀၉	။	မြန်မာနိုင်ငံနှင့်မိုးလေဝသ ခန့်မှန်းမှု	မောင်ကြင်နာ
၂၁၀	။	မြန်မာဆင်နွှဲအရှေ့တောင် အာရှအားကစားပြိုင်ပွဲ	ဒေါက်တာ တင်ထွန်းဦး

ဦးစိုးမြင့်သန်း

နှစ်ဆယ့်တစ်ရာစု စွမ်းဆောင်ရည် ထူးချွန်ဆုရသူနှစ်ဦး။ ။ အင်္ဂလန်နိုင်ငံ၊ ကိန်းဘရစ်ချ်မြို့၊ အပြည်ပြည်ဆိုင်ရာ အတ္ထုပ္ပတ္တိ ဗဟိုဌာနသည် အနှစ်လေးဆယ်ကျော်စုဆောင်းပြုစုခဲ့သော ကမ္ဘာ့နိုင်ငံအသီးသီးမှ ထူးချွန်ထက်မြက်သည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုဖတ်ရှုစိစစ်ကာ နှစ်ဆယ့်တစ်ရာစု စွမ်းဆောင်ရည် ထူးချွန်ဆုများချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံမှ ဖော်ပြပါပုဂ္ဂိုလ်နှစ်ဦးသည် ဆုအသီးသီးရရှိခဲ့သည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးကို ၂၀၀၁ ခုနှစ်တွင် စာပေနှင့်စာနယ်ဇင်းဆိုင်ရာ စွမ်းဆောင်ရည်ဆု ချီးမြှင့်ခဲ့သည်။

ဒေါက်တာတင် ထွန်းဦးသည် ၁၉၇၂ ခုနှစ်မှစ၍ စာပေနယ်သို့ရောက်ရှိပြီး စာနယ်ဇင်းမျိုးစုံတွင် ကလောင်အမည် အမျိုးမျိုးဖြင့် ကျန်းမာရေးအားကစားနှင့် သုတပညာပေးဆောင်းပါးပေါင်း ၁၂၀၀ ကျော်နှင့် စာအုပ် ၂၄ အုပ်ကိုရေးသားခဲ့ပြီးဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် စာပေဗိမာန်စာမူဆုကို

နှစ်ဆယ့်တစ်ရာစုစွမ်းဆောင်ရည်ထူးချွန်ဆုရသူနှစ်ဦး

"ပတ်ဝန်းကျင်နှင့် သင့်ကျန်းမာရေး" စာမူဖြင့် ရရှိခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် "မူးယစ်ဆေးဝါးနှင့် အေအိုင်ဒီအက်စ်" စာအုပ်ဖြင့်လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် "အားလုံးကျန်းမာ ပြည်သာယာ" စာအုပ်ဖြင့်လည်းကောင်း အမျိုးသားစာပေဆုများ ရရှိခဲ့သည်။

၁၉၈၂ ခုနှစ်မှစ၍ သုတစွယ်စုံစာအုပ်တိုက်ကို တည်ထောင်ခဲ့သည်။ လစဉ်ထုတ် သုတစွယ်စုံ၊ အာရောဂျံနှင့်အားကာ မဂ္ဂဇင်းများနှင့် အပတ်စဉ်ထုတ် ပြည်မြန်မာ၊ သတင်းလွှာ၊ ထွန်းတောက်ကြယ် ဂျာနယ်များ၏ အယ်ဒီတာချုပ်လည်း ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ကဗျာဆရာကြီး ထီလာစစ်သူကိုလည်း ၂၀၀၂ ခုနှစ်၌ ကိန်းဘရစ်မြို့ အပြည်ပြည်ဆိုင်ရာ အတ္ထုပ္ပတ္တိဗဟိုဌာနကြီးကပင် စာပေနှင့်နိုင်ငံတော်တာဝန် ထမ်းရွက်မှုအတွက် ၂၁- ရာစုစွမ်းဆောင်ရည်ထူးချွန်ဆုကို ချီးမြှင့်ခဲ့သည်။ ထို့ပြင် ကဗျာဆရာကြီး ထီလာစစ်သူ၏ အတ္ထုပ္ပတ္တိကို အာရှတိုက်သား ထင်ရှားသူတစ်ထောင် စာအုပ်တွင် ဖော်ပြခဲ့သည်။

ထီလာစစ်သူသည် ၁၉၅၀ ပြည့်နှစ်တွင် တပ်မတော်သို့ဝင်ရောက်ခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိအဆင့် ရောက်ရှိခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ကျိုက်ထိုမြို့နယ် နလက ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၈၂ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

ဝန်ထမ်းသက် ကာလတစ်လျှောက်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီးဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၄- ၈၈ ခုနှစ်တွင် မကွေးတိုင်းမြို့သစ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသည်။ ပြန်ကြားရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တစ်ဖန် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။



နှစ်ဆယ့်တစ်ရာစု စွမ်းဆောင်ရည်
ထူးချွန်ဆုရ ထီလာစစ်သူ

၁၉၆၂ ခုနှစ် နိုဝင်ဘာလတွင် အမျိုးသား စာပေညီလာခံကြီးကို ဦးဆောင်ကျင်းပပေးခဲ့သည်။ ၁၉၆၃ ခုနှစ် မေလတွင်ဝါဂီနစ် (သဘင်) ပညာသည်များညီလာခံကို ကျင်းပပေးခဲ့သည်။ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ၁၉၈၉ မှ ၁၉၉၃ အထိ ဆောင်ရွက်ခဲ့သည်။

စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်ပရန်နှိမ်တံဆိပ်၊ နိုင်ငံတော်စစ်မှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ် လေးခုရရှိခဲ့သည်။ ထီလာစစ်သူသည် ၁၄ နှစ်သားအရွယ်ကပင် ကဗျာစတင်ရေးသားခဲ့ပြီး ယခုအခါကဗျာပုဒ်ရေ ၁၀၀၀ ကျော် ရှိပြီဖြစ်သည်။ အချို့ကဗျာများကို အင်္ဂလိပ်၊ တရုတ်၊ ပြင်သစ်၊ ဂျပန်၊ ဂျာမန်နှင့် ရုရှားဘာသာများသို့ ပြန်ဆိုခဲ့ပြီး ဖြစ်သည်။

ဆောင်းပါး၊ စာတမ်း၊ ဝတ္ထုတိုစုစုပေါင်း ပုဒ်ရေ ၁၅၀၀ ကျော်ရေးသားခဲ့ရာ အင်္ဂလိပ်ဘာသာသို့ ၂၅၅ ပုဒ် ပြန်ဆိုခဲ့သည်။ ကဗျာစာအုပ် ၁၄ အုပ်၊ ဝတ္ထုစာအုပ် ၁၀ အုပ်၊ ကျမ်းစာအုပ်နှင့် ဆောင်းပါးပေါင်းချုပ်အပါအဝင် ၃၅ အုပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ထီလာစစ်သူသည် ၎င်း၏ထင်ရှားသော "မဲခေါင်မြစ်မှ အိုရွက်ဝါ" ကဗျာစာအုပ်ဖြင့် မြန်မာနိုင်ငံတွင် အစောဆုံးစာပေဆုဖြစ်သော စာပေဗိမာန်ဆုကို ၁၉၆၂ ခုနှစ်က တပ်မတော်သားတစ်ဦးအနေဖြင့် ပထမဦးစွာ ဆွတ်ခူးရရှိခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် "၂၀ ရာစု မြန်မာစာပေနှင့် မြန်မာကဗျာ ဂုဏ်ဝင်း" စာအုပ်ဖြင့် အမျိုးသားစာပေဆုဆွတ်ခူးရရှိခဲ့သည်။

၁၉၉၆ ခုနှစ် အောက်တိုဘာလက ဂျပန်နိုင်ငံ Indochina Venture Forum အသင်းကြီးက "မဲခေါင်မြစ်မှ အိုရွက်ဝါ" ကဗျာစာအုပ်အတွက် ထီလာစစ်သူအား ကဗျာသရဖူဘွဲ့ကို ချီးမြှင့်ခဲ့သည်။

၂၀၀၁ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာအသင်းက The Literary Messenger Of Friendshp စာပေယဉ်ကျေးမှု ချစ်ကြည်ရေးသံတမန်ဘွဲ့ ချီးမြှင့်ခဲ့သည်။

နှစ်ဆယ့်တစ်ရာစု စွမ်းဆောင်ရည်
ထူးချွန်ဆုရ ဒေါက်တာတင်ထွန်းဦး

ပခုက္ကူ ဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု

ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကား ပြောကြားပြီး ဆုများချီးမြှင့်သည်။

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေချစ်မြတ်နိုးသူ ပခုက္ကူဦးအုံးဖေ ထူထောင်ပေးခဲ့သည့် ပခုက္ကူဦးအုံးဖေစာပေဆုနှင့် ပညာရည်ချွန်ဆုများကို ၁၉၉၃ ခုနှစ်မှ စတင်၍ ချီးမြှင့်လာခဲ့သည်မှာ ၁၁ ကြိမ်မြောက်ရှိပြီဖြစ်သည်။ စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေသည် မူလလှူဒါန်းခဲ့သော စာပေဒါနနှင့် စေတနာကိုထပ်မံအားဖြည့်ပြီး ပညာရည်ချွန်ဆုရန်ပုံငွေအတွက် ငွေကျပ် ၂၉ သိန်းကို ၂၀၀၂ ခုနှစ် သြဂုတ်လတွင် ထပ်မံဖြည့်စွက်လှူဒါန်းပေးအပ်ခဲ့သည်။ ထို့ပြင် စာပေဆုရန်ပုံငွေအတွက် ငွေကျပ် သိန်း ၅၀ ကိုလည်း ထပ်မံလှူဒါန်းခဲ့ပြန်သည်။

ယခုနှစ်တွင် စတင်ချီးမြှင့်သည့် ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆုမှာ စာပေထုတ်ဝေရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကောင်းပေမွန်များ အရည်အချင်းပြည့်မီစွာ ထွက်ပေါ်လာရေးကို ဂုဏ်ပြုအားပေးသည့်အနေဖြင့် နှစ်စဉ်ထုတ်ဝေသောစာအုပ်များထဲမှ ရွေးချယ်၍ ချီးမြှင့်ခြင်းဖြစ်သည်။ (၁၀) ကြိမ်မြောက်ရှိပြီဖြစ်သည့် ပခုက္ကူဦးအုံးဖေစာပေဆုကို ယှဉ်ပြိုင်သည့်ဘာသာရပ် (၅) မျိုးတွင် ဆုဆွတ်ခူးနိုင်သူ ၁၀၉ ဦး ရှိပြီဖြစ်သည်။ ယင်းဆုရစာအုပ်များကို ပုံနှိပ်ထုတ်ဝေခဲ့ရာ (၇၇)အုပ် ရှိပြီဖြစ်သည်။ ထို့အပြင် ပခုက္ကူဦးအုံးဖေစာပေဆုတွင် ဆုတစ်ခုမှာ စာပေလုပ်ငန်းအပေါ် မြတ်နိုးတွယ်တာစွာဖြင့် နှစ်ပေါင်းများစွာစာပေတာဝန်ကျေပွန်ခဲ့သည့် စာပေပညာရှင်ကြီးများအတွက် ချီးမြှင့်သော "တစ်သက်တာစာပေဆု" ဖြစ်ပြီး စာပေပညာရှင်ကြီး ၁၃ ဦးအထိ ချီးမြှင့်နိုင်ခဲ့ပြီဖြစ်သည်။

၂၀၀၂ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုအတွက် ဘာသာရပ် ၅ မျိုးဌ ပြိုင်ပွဲဝင်တင်သွင်းသောစာမူပေါင်း ၅၂ စောင်ရှိသည်။ ယင်းစာမူများကို စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့သည် ရည်ရွယ်ချက်နှင့် အခြေခံမူ ၅ ရပ်ဖြင့် စိစစ်ရွေးချယ်သည်။

နိုင်ငံတော်တွင် လူစွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်စွမ်းပေးနေသည့် ပညာပါရမီဖြည့်ဆည်းမှုတစ်ရပ်ဖြစ်သော မျိုးဆက်သစ်လူငယ်များအတွက် ပညာရည်ချွန်ဆုများ နှစ်စဉ်ချီးမြှင့်လာခဲ့ရာ ယခုနှစ်၌ တက္ကသိုလ်ဝင်တန်းတွင် မြန်မာစာအမှတ်အများဆုံးရသူ လေးဦး၊ ပညာရေးဘာသာရပ် ၁၀ မျိုးတွင် အမှတ်အများဆုံးဖြင့် ဘာသာရပ်အလိုက် ထူးချွန်သူ ၁၆ ဦး၊ ယဉ်ကျေးမှုတက္ကသိုလ်မှ မြန်မာစာဘာသာရပ်ထူးချွန်သူ ၂ ဦး၊ စုစုပေါင်းကျောင်းသားကျောင်းသူ ၂၂ ဦး ရွေးချယ်ခံရသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၂ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဦးမျိုးသန့် (မောင်ဆုရှင်) အား ဆုချီးမြှင့်သည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး တင်ငွေက ၂၀၀၂ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ ကဗျာပေါင်းချုပ်ဆုနှင့်ဝတ္ထုတိုပေါင်းချုပ်ဆုရ ပုဂ္ဂိုလ်များအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က ကျမ်းစာပေဆုနှင့် သုတေသနစာပေဆုရပုဂ္ဂိုလ်များအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆုများကို ချီးမြှင့်ရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက မြန်မာစာ ထူးချွန်ဆုရရှိကြသော ကျောင်းသားကျောင်းသူနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရရှိကြသော ကျောင်းသားကျောင်းသူများကို ဆုများချီးမြှင့်သည်။

ထိုနောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက မြန်မာစာဘာသာရပ် ပညာရည်ချွန်ဆုကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အင်္ဂလိပ်စာဘာသာရပ်ပညာရည်ချွန်ဆုကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က သင်္ချာဘာသာရပ် ပညာရည်ချွန်ဆုကိုလည်း

ကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဓာတုဗေဒဘာသာ၊ ရူပဗေဒဘာသာနှင့် ဇီဝဗေဒဘာသာရပ် ပညာရည်ချွန်ဆုကိုလည်းကောင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပထဝီဝင်ဘာသာရပ်၊ သမိုင်းဘာသာရပ်၊ ဘောဂဗေဒဘာသာရပ်နှင့် စိတ်ကြိုက်မြန်မာစာဘာသာရပ်တို့တွင် ပညာရည်ချွန်ဆု ရရှိကြသော ကျောင်းသားကျောင်းသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပခုက္ကူဦးအုံးဖေက ၂၀၀၂ ခုနှစ်တွင် စတင်ချီးမြှင့်သည့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆုရ ဒေါက်တာဒေါ်မြမြဝင်းအား ဆုချီးမြှင့်သည်။

၂၀၀၂ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
၁။	ကဗျာ ပေါင်းချုပ်ဆု (ပထမဆု)	လရိပ်စဉ်းပြာပန်း ကဗျာ	မောင်အုန်းသောင်း
	ဒုတိယဆု	မည်ဦးပန်းဝေ ဉယျာဉ်မြေ	မောင်စိုးမြတ် (ချောင်းဦး)
	တတိယဆု	ပန်းတံတားနှင့် အခြားကဗျာများ	သူရိန်ကျော် (ကျောက်နဂါး)
၂။	ဝတ္ထုတို ပေါင်းချုပ်ဆု	ရင်းထောင်ရင်းဆွဲ	တွင်းကြီးသား
	ဒုတိယဆု	ဆောင်မြဲအိုးလွယ် နှင့်အခြားဝတ္ထုတိုများ	တင်ဝင်းဦး
	တတိယဆု	သူတို့ကိုယ်စား ဝတ္ထုတိုများ	ပုသိမ် ရန်နောင်ဦး
၃။	ကျမ်းစာပေ ဆု-ပထမဆု	မြန်မာ့ပေါရာဏ မိတ်လင်စုံအဘိဓာန်	ဦးမြတ်ကျော် (မြန်မာစာအဖွဲ့)
	ဒုတိယဆု	လူထုပညာ	မောင်မင်း
	တတိယဆု	ထားဝယ်၊ မြိတ်၊ ကော့သောင်နှင့် တနင်္သာရီကျွန်းစုများဆီသို့	မယဉ်ကျေး (ကျောင်းကုန်း)
၄။	သုတေသန စာပေဆု ပထမဆု	တစ်ခေါက်တစ်ခါ မက္ခရာသို့လာရောက် စေချင်သည်	အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)
	ဒုတိယဆု	ကမ်းသာကင်းမြို့	မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)

ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
	တတိယဆု	ရှေးဟောင်းမြို့တော် ပုခန်းကြီးနှင့်အနီး ပတ်ဝန်းကျင်ရှိ လည်ပတ်ရန်နေရာများ	တင်ထွန်း
၅။	တစ်သက် တာစာပေဆု	ဦးမျိုးသန့် (မောင်ဆုရှင်)	
၆။	ပခုက္ကူ စာကြည့်တိုက် စာအုပ်ဆု	တကယ်ချစ်ရဲ့လား	ဒေါက်တာမြမြဝင်း

ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆု ရရှိသူများ

စဉ်	ရရှိသူ	ကျောင်းအမည်
၁။	မဟေမန်ဦး	ဒဂုံတက္ကသိုလ်
၂။	မောင်သန်းဇော်လင်း	ပဲခူးဒီဂရီကောလိပ် (အဝေးသင်ဌာနခွဲ)
၃။	မောင်ကျော်စွာဝင်း	ရတနာပုံတက္ကသိုလ် (အဝေးသင်ဌာနခွဲ)
၄။	မောင်ကျော်မင်းထွန်း	ဟင်္သာတ တက္ကသိုလ် (အဝေးသင်ဌာနခွဲ)

ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရသူများ

၁။	မဝင်းမော်ဦး	ပထမနှစ် (ဇာတ်သဘင် အထူးပြု)	ယဉ်ကျေးမှု တက္ကသိုလ် (ရန်ကုန်)
၂။	မလွင်မိထွန်း	ပထမနှစ် (ဂီတပညာ အထူးပြု)	ယဉ်ကျေးမှု တက္ကသိုလ် (မန္တလေး)

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရသူများ

စဉ်	ဘာသာရပ်	ရရှိသူ	ကျောင်းအမည်
(က)	မြန်မာစာဘာသာ		
၁။	ပထမဆု	မောင်ရဲမင်းထက်	အထက(၂)မုံရွာမြို့ စစ်ကိုင်းတိုင်း
၂။	ဒုတိယဆု	မေသွင်ဇော်	အထက၊ ဓနုဖြူ။ ဧရာဝတီတိုင်း
၃။	တတိယဆု	မောင်မိုးမင်းဝင်း	အထက(၁)မုံရွာ၊ စစ်ကိုင်းတိုင်း

စဉ်	ဘာသာရပ်	ရရှိသူ	ကျောင်းအမည်
(ခ) အင်္ဂလိပ်စာဘာသာ			
၁။	ပထမဆု	မအိစန္ဒာငြိမ်း	အထက(၁) ဒဂုံ၊ ရန်ကုန်တိုင်း
၂။	ဒုတိယဆု	မောင်ပြည့်ဖြိုးကျော်	အထက(၆) ဗိုလ်တထောင်၊ ရန်ကုန်တိုင်း
၃။	တတိယဆု	မအေးပြည့်ဖြိုးခိုင်	အထက(၁)မုံရွာ၊ စစ်ကိုင်းတိုင်း
(ဂ) သင်္ချာဘာသာ			
၁။	ပထမဆု	မောင်ဖုန်းဇော်စိုး	တွဲဖက်အထက၊ ဖောင်တော်ဦး၊ မန္တလေးတိုင်း
၂။	ဒုတိယဆု	မစုဖြိုးအောင်	အထက(၁)၊ မိုးကုတ်၊ မန္တလေးတိုင်း
၃။	တတိယဆု	မလီလီမြင့်	အထက(၁)၊ ပြင်ဦးလွင်၊ မန္တလေးတိုင်း
(ဃ) ဓာတုဗေဒဘာသာ			
၁။	ပထမဆု	မောင်သူဟန်ထက်	အထက ၁၆၊ မန္တလေး
(င) ရူပဗေဒဘာသာ			
၁။	ပထမဆု	နော်သစ္စာမိုးမြင့်	အထကအနီးစခန်း၊ ပြင်ဦးလွင်
(စ) ဇီဝဗေဒဘာသာ			
၁။	ပထမဆု	မသွယ်ဇင်ဝင်း	အထက ၈၊ မော်လမြိုင် မွန်ပြည်နယ်
(ဆ) ပထဝီဝင်ဘာသာ			
၁။	ပထမဆု	မောင်ကျော်သူဝင်း	ပြင်ပဖြေ တောင်တွင်းကြီး မကွေးတိုင်း
(ဇ) သမိုင်းဘာသာ			
၁။	ပထမဆု	မောင်အောင်သိန်းဝင်း	အထက(၁) မြိတ်၊ တနင်္သာရီတိုင်း
(စျ) ဘောဂဗေဒဘာသာ			
၁။	ပထမဆု	မခင်နှင်းဦး	အထက(ခွဲ)၊ပိတ်တာလေး၊ (ကျွဲမငေးစာစစ်ဌာန) ရောဝတီတိုင်း

စဉ်	ဘာသာရပ်	ရရှိသူ	ကျောင်းအမည်
(ည) စိတ်ကြိုက်မြန်မာစာဘာသာ			
၁။	ပထမဆု	မဇင်ရှုန်ဟုန်	လေ့ကျင့်ရေး၊ ပညာရေး တက္ကသိုလ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း

မျိုးမျိုးကြည်

ပညာရေးစုံညီပွဲတော်။ ။ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့မှ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့အထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကျင်းပ

ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို စိန်ရတုခန်းမရှေ့ မျက်နှာစာ၌ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက် ၈ နာရီတွင်ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

ပညာရေးစုံညီပွဲတော်ကို ပြည်နယ်နှင့်တိုင်းများ ကိုယ်စားပြု ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၄ ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ကျောင်းသားကျောင်းသူ ကလေးများက မိုးပျံပူဖောင်းများ လွှတ်တင်ကြသည်။ ထိုအချိန်တွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မအိအိချွန်နှင့် မောင်ဇေယျာပြည့်ဖြိုးတို့က ဖိုးသက်မြန်မာဆိုင်းအဖွဲနှင့် တွဲဖက်၍ "ဇမ္ဗူဒီပါ" သီချင်းဖြင့် သီဆိုဂုဏ်ပြုပြီး အထက (၂) ကမာရွတ်မှ ကျောင်းသူ ၁၀၀ တို့က ကဗျာလွတ်အကဖြင့် တင်ဆက်ကပြည့်ခဲ့သည်။

ထိုနောက် အလက (၁) ရန်ကင်းလေ့ကျင့်ရေး အလယ်တန်းကျောင်း နိုင်ငံတော်အလံကိုင်အဖွဲနှင့် အထက (၄) ဗိုလ်တထောင်ဘင်ခရာအဖွဲ၏ ချီတက်

ဗိုလ်ချုပ်ကြီး ခင်ညွှန့် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောစဉ်

သရုပ်ပြ၊ အလက (၁) ဒဂုံမှ ကျောင်းသူများ၏ မူလတန်းကျောင်းသူကလေးများ၏ ဘင်ခရာနှင့် ကာယအက အလှပဒေသာသရုပ်ပြ၊ အထက (၄) လှိုင်မှ ကျောင်းသူများ၏ ပျူခေတ်အကသရုပ်ပြ၊ အထက (၂) ဗဟန်းမှကျောင်းသူကလေးများ၏ "ပန်းတိုင်းပွင့်စေသည်" သီချင်းနှင့် ချူကွင်းအက သရုပ်ပြ၊ အထက (၂) ကမာရွတ်မှ ကျောင်းသူကလေးများ၏ မြန်မာ့ထီးအကသရုပ်ပြ၊ အလက (၁) ရန်ကင်းလေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ပညာရေးစုံညီပွဲတော် အလံကိုင်အဖွဲ့နှင့် ဘင်ခရာအဖွဲ့ ချီတက်သရုပ်ပြ၊ အထက (၂) လသာမှ ကျောင်းသူကလေးများ၏ မြန်မာ့သိုင်းသရုပ်ပြ၊ အမက (၈) သဃ်န်းကျွန်းမှ ကျောင်းသားကျောင်းသူကလေးများ၏ မူးယစ်ကင်းစင်တို့ဝန်းကျင် တေးသရုပ်ဖော်၊ အထက (၃) မင်္ဂလာတောင်ညွှန့်မှ ကျောင်းသူများ၏ တူယှဉ်နွဲပျော်၊ ရာသီပွဲတော် တေးသရုပ်ဖော်၊ အမက (၆) ကျောက်တံတားမှကျောင်းသူကလေးများ၏ တိုက်ကွမ်ဒိုစွမ်းရည်သရုပ်ပြ၊ အလက (၁) ရန်ကင်းလေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ပြည်နယ်နှင့်တိုင်း အလံနှင့်ရောင်စုံအလံကိုင်အဖွဲ့ ချီတက်သရုပ်ပြ၊ အထက (၂) စမ်းချောင်းမှ အခြေခံပညာပန်းဖွားအဖွဲ့ ချီတက်သရုပ်ပြ၊ အထက (၂) စမ်းချောင်းမှ ကျောင်းသူများ၏ မြန်မာ့ရိုးရာအိုးစည်ပဒေသာ အကသရုပ်ဖော်၊ အထက (၃) မင်္ဂလာတောင်ညွှန့်မှ ကျောင်းသူကလေးများ၏ ဘင်ခရာအဖွဲ့ ချီတက်သရုပ်ပြတို့ကို အစီအစဉ်အတိုင်း တင်ဆက်၍ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်နှင့် ဧည့်သည်တော်များသည် စိန်ရတုခန်းမ ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်တို့၌ ခင်းကျင်းပြသထားသော ပညာရေးစုံညီပွဲတော်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်

ပညာရေးစုံညီပွဲတော် မဟာပဋ္ဌာန်းဒေသနာပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ရာဟုထောင့်ရင်ပြင်၌ ကျင်းပသည်။ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်



ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားမြင်ကွင်း တစ်ကွက်

ကြည်ညိုသည်။ ကျောင်းသား ကျောင်းသူများက ရွတ်ဖတ်ပူဇော်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း ၉၀၀၀၊ ဆီမီး ၉၀၀၀ နှင့် ရေချမ်း ၉၀၀၀ တို့ကို ကပ်လှူပူဇော်ကာ မဟာပဋ္ဌာန်းဒေသနာပါဠိတော်ကို ရွတ်ဖတ်ပူဇော်သည်။

အထက်မြန်မာပြည် ပညာရေးစုံညီပွဲတော် မဟာပဋ္ဌာန်းဒေသနာပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စွယ်တော်မြတ်စေတီတော် (မန္တလေး) ၌ ကျင်းပသည်။ ပူဇော်ပွဲတွင် ကျောင်းသားကျောင်းသူများက စွယ်တော်မြတ်စေတီတော်အား ပန်း၊ ဆီမီး၊ ရေချမ်းနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ကာ မဟာပဋ္ဌာန်းဒေသနာပါဠိတော် ရွတ်ဖတ်ပူဇော်သည်။

ပညာရေးစုံညီပွဲတော် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေ ၅ နာရီမှ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ နံနက် ၂ နာရီခွဲအထိ မန္တလေးတက္ကသိုလ် ဓမ္မာရုံ၌ ကျင်းပသည်။ ပူဇော်ပွဲတွင် မန္တလေးမြို့ရှိ တက္ကသိုလ်များ၊ မြစ်ကြီးနားတက္ကသိုလ်နှင့် ရွှေဘို ဒီဂရီကောလိပ်မှ ဝတ်အသင်း ရှစ်သင်းတို့က အန္တရာယ်ကင်းပရိတ်တရားတော်များကို အလှည့်ကျ

ပညာရေးစုံညီပွဲတော် တက္ကသိုလ်ဝတ်ရွတ်ပူဇော်ပွဲကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေ ၄ နာရီခွဲတွင် ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသည်။ ပူဇော်ပွဲတွင် တက္ကသိုလ်ကောလိပ်များမှ ကျောင်းသားကျောင်းသူ ၆၀၀ တို့က မြတ်စွာဘုရားအား ပန်းရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ ပရိတ်တော်များ၊ ဓမ္မစက္ကပဝတ္တနသုတ်တော်နှင့် မဟာပဋ္ဌာန်းဒေသနာပါဠိတော်တို့ကို ရွတ်ဖတ်ပူဇော်သည်။

စုံညီပွဲတော်ပြခန်းများ

ပညာရေးစုံညီပွဲတော်ပြခန်းများကို စိန်ရတုခန်းမ၌ ခင်းကျင်းပြသသည်။ မြေညီထပ်ရှိ ပညာရေးစာအုပ်ပွဲတော်ပြခန်းတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်၊ ရန်ကုန်အဝေးသင် တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်နှင့် တက္ကသိုလ်များဗဟိုစာကြည့်တိုက်တို့၏ စာအုပ်ပြခန်းများ၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ကျောင်းသားကုန်တိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်

စာအုပ်ဆိုင်နှင့် ပုဂ္ဂလိကစာအုပ်ဆိုင်များ ပါဝင်ပြသသည်။ ပထမထပ်တွင် အနှစ် ၃၀ ပညာရေး စီမံကိန်းများ အကောင်အထည်ဖော်မှုပြခန်း၊ ဘက်စုံပညာဖွံ့ဖြိုးမှုပြခန်း၊ အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းပြခန်း၊ အခြေခံပညာဦးစီးဌာနများ၏ လက်မှုပညာပြခန်း၊ အိမ်တွင်းမှု (အချက်အပြုတ်) ပြခန်း၊ စက်မှုအနုပညာပြခန်း၊ အိမ်တွင်းမှု (အချုပ်အလုပ်နှင့် လက်မှု) ပြခန်း၊ လက်မှုပညာ အရောင်းပြခန်း၊ တက္ကသိုလ်များ သမိုင်းသုတေသန ဦးစီးဌာနပြခန်း၊ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ပြခန်းနှင့် လက်တွေ့သရုပ်ပြရေးဆွဲမှုပြခန်း၊ ဒုတိယထပ်တွင် မြန်မာလူမှုဘဝသရုပ်ဖော် ပန်းချီပြပွဲနှင့် အခြေခံပညာကျောင်းသားကျောင်းသူများ၏ လက်တွေ့ပို့စကတ် ပန်းချီရေးဆွဲသရုပ်ပြခန်းတို့ ပါဝင်ပြသသည်။

တတိယထပ်ရှိ Creating Knowledge through ICT ပြခန်းတွင် e-Government in Education Sector ပြကွက်၊ Online Education ပြကွက်၊ ရန်ကုန်အဝေးသင် တက္ကသိုလ်၏ Video Conferencing (Yangon - Mandalay) ပြကွက်၊ Video library Management System ပြကွက်နှင့် e - Book Website ပြကွက်၊ Video Conferencing Using VSAT and Wireless link (Yangon - Mandalay) ပြကွက်၊ ရန်ကုန်တက္ကသိုလ် Department of Engineering Physics and IT ၏ IT Electronic and Communication ပြကွက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏ Model Of- Library ပြကွက်၊ ကုမ္ပဏီများ၏ ကွန်ပျူတာနည်းပညာပြကွက်များနှင့် အခြေခံပညာကျောင်းသားကျောင်းသူများ၏ ကွန်ပျူတာစွမ်းရည်ပြသမှုများ ပါဝင်သည်။

အခြေခံပညာကျောင်းများ ဘင်ခရာတီးပြိုင်ပွဲ

တတိယအကြိမ် အခြေခံပညာ အဆင့် ဘင်ခရာတီးပြိုင်ပွဲကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့များတွင် ရန်ကုန်မြို့ပြည်သူရင်ပြင်၌ ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၈ ရက်နေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပရာ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် စိုးဝင်းမောင် တက်ရောက် အမှာစကားပြောကြားသည်။ ဖွင့်ပွဲ အခမ်းအနားအပြီးတွင် (က) အဆင့်ပြိုင်ပွဲများကို ကျင်းပ၍ ဒီဇင်ဘာလ ၂၉ ရက်နေ့ နံနက် ၇ နာရီ ခွဲတွင် (ခ) အဆင့်ပြိုင်ပွဲများကို ကျင်းပသည်။ ပြိုင်ပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲ

ပညာရေးစုံညီပွဲတော်တွင်တွေ့ရသော ကျောင်းသူကျောင်းသားကလေးတို့၏ လက်မှုပညာ

ကျင်းပရာ (က) အဆင့်ပြိုင်ပွဲ၌ ပထမဆုကို အထက (၄) တာမွေဘင်ခရာအဖွဲ့၊ ဒုတိယဆုကို အထက (၃) တောင်ကြီးဘင်ခရာအဖွဲ့၊ တတိယဆုကို အထက (၁) မော်ဘီဘင်ခရာအဖွဲ့၊ အကောင်းဆုံး တီးဝိုင်းခေါင်းဆောင်ဆုကို အထက (၄) တာမွေဘင်ခရာအဖွဲ့ခေါင်းဆောင် စုစုအောင် နှင့် (ခ) အဆင့်ပြိုင်ပွဲ၌ ပထမဆုကို အထက (၁) ပြင်ဦးလွင်ဘင်ခရာအဖွဲ့၊ ဒုတိယဆုကို အထက (၆) မြောက်ဥက္ကလာပဘင်ခရာအဖွဲ့၊ တတိယဆုကို အထက (၈) မော်လမြိုင်ဘင်ခရာအဖွဲ့၊ အကောင်းဆုံး တီးဝိုင်းခေါင်းဆောင်ဆုကို အထက (၁) ပြင်ဦးလွင်ဘင်ခရာအဖွဲ့ခေါင်းဆောင် မောင်နန်မွန်ပေါင်တို့က ရရှိသည်။

ပညာရေးမိသားစုလှေလှော်ပြိုင်ပွဲ

ပညာရေးမိသားစု လှေလှော်ပြိုင်ပွဲကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အထိ ရန်ကုန်မြို့အင်းလျားကန်ရှိ တက္ကသိုလ်လှေလှော်အသင်းတိုက်၌ ကျင်းပသည်။ ပြိုင်ပွဲတွင် အမျိုးသားတစ်ယောက်လှော် (အကြီးတန်း)၊ အမျိုးသမီး တစ်ယောက်လှော်၊ အမျိုးသားတစ်ယောက်လှော် (အငယ်တန်း)၊ အမျိုးသား နှစ်ယောက်လှော် (အငယ်တန်း)၊ အမျိုးသမီး နှစ်ယောက်လှော်၊ အမျိုးသား လေးယောက်လှော် (ဝမ်းပြား)၊ အမျိုးသား လေးယောက်လှော် (ဝမ်းလုံး)၊ အမျိုးသမီး လေးယောက်လှော် (ဝမ်းပြား)၊ အမျိုးသမီး လေးယောက်လှော် (ဝမ်းလုံး)၊ အမျိုးသား အမျိုးသမီးနှစ်ယောက်လှော် (အကြီးတန်း) နှင့် နဂါးလှေပြိုင်ပွဲများကို ဒဂုံတက္ကသိုလ် (က) အသင်း၊ (ခ) အသင်းနှင့် (ဂ) အသင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (က) အသင်းနှင့် (ခ) အသင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် (က) အသင်းနှင့် (ခ) အသင်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (က) အသင်းနှင့် (ခ) အသင်း၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်အသင်း၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်အသင်းနှင့် အထက (၂)' ကမာရွတ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်သည်။ လှေလှော်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကို ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ နံနက် ၈ နာရီတွင် စတင်ကျင်းပလျက် ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဝန်ထမ်းရွေးချယ်လှေကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက

ကျောင်းသူကလေးတို့၏ ပန်းချီအနုပညာသရုပ်ပြ

ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

စုံညီပွဲတော် စာတမ်းဖတ်ပွဲ

အထက်မြန်မာပြည် ပညာရေးစုံညီပွဲတော် စာတမ်းဖတ်ပွဲကို ဒီဇင်ဘာလ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့များတွင် ကျင်းပသည်။ မန္တလေးတက္ကသိုလ် အင်းဝခန်းမ၌ ကျင်းပသောစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင် တက်ရောက် အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲတွင် ပါဝင်ဆွေးနွေးသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စာတမ်းဖတ်ပွဲကို မန္တလေးတက္ကသိုလ် လေးထပ်ဆောင်၌ကျင်းပရာ စာပေနှင့် လူမှုသိပ္ပံ၊ သက်ရှိသိပ္ပံနှင့် သဘာဝသိပ္ပံဘာသာရပ်များကို အဖွဲ့သုံးဖွဲ့ခွဲ၍ စာတမ်းများဖတ်ကြားတင်သွင်းသည်။ စာတမ်းရှင်များ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ စာတမ်းဖတ်ပွဲတက်ရောက်သူများကမေးမြန်းဆွေးနွေးရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပညာရေးစုံညီပွဲတော် စာတမ်းဖတ်ပွဲကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ် ရူပဗေဒခန်းမတွင် ရူပဗေဒနှင့် သခ္ဏာစာတမ်းဖတ်ပွဲ၊ ဓာတုဗေဒခန်းမတွင် ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒ စာတမ်းဖတ်ပွဲ၊ သတ္တဗေဒခန်းမတွင် သတ္တဗေဒနှင့် ရုက္ခဗေဒ စာတမ်းဖတ်ပွဲ၊ ဝိဇ္ဇာအဆောက်အအုံတွင် ဘူမိဗေဒနှင့် ပထဝီဝင် စာတမ်းဖတ်ပွဲ၊ ဘွဲ့နှင်းသဘင် ကောင်စီခန်းမတွင် သမိုင်း၊ နိုင်ငံကာဆက်ဆံရေးပညာ၊ ရှေးဟောင်းသုတေသနပညာ၊ မနုဿဗေဒ၊ ဒဿနိကဗေဒ စာတမ်းဖတ်ပွဲ၊ အပန်းဖြေရိပ်သာတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ စာကြည့်တိုက်နှင့် သုတပညာစာတမ်းဖတ်ပွဲ၊ ရန်ကုန် စီးပွားရေးတက္ကသိုလ် စီးပွားရေးခန်းမတွင် စီးပွားရေးနှင့်ပညာရေးစာတမ်းဖတ်ပွဲတို့ကို ကျင်းပရာ သက်ဆိုင်ရာစာတမ်းရှင်များက စာတမ်းများ အသီးသီးဖတ်ကြားတင်သွင်းသည်။

မြန်မာ့ထုံးဓလေ့ တတ်ကျွမ်းမှုပြိုင်ပွဲ

ပညာရေးစုံညီပွဲတော် မြန်မာနှင့်နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးဓလေ့တတ်ကျွမ်းမှု ဗဟိုအဆင့်ပြိုင်ပွဲကို ဒီဇင်ဘာလ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့များတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနခန်းမ၌ ကျင်းပသည်။ ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများမှ ရွေးချယ်ခံရသူ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၄ ဦးနှင့် ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းများမှ ရွေးချယ်ခံရသူ အလယ်တန်းအဆင့် ကျောင်းသူတစ်ဦး စုစုပေါင်း ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် အေးချမ်းသာယာ ပြည်မြန်မာခေါင်းစဉ်ဖြင့် Power Point သို့မဟုတ် အလင်းပေါက်ကော်ပြား အသုံးပြု၍ ရှင်းလင်းတင်ပြခြင်း၊ ပညာဒီမာန် အလယ်တန်း၊ အထက်တန်းကျောင်း ပုံစံငယ်ပြုလုပ်ထားရှိမှု ရှင်းလင်းတင်ပြခြင်း၊ ရွာလမ်းအိမ်ကျောင်းသန့်ရှင်းကြောင်း၊ စုပေါင်းအမှီကံသိမ်းခေါင်းစဉ်ဖြင့် ဖြတ်ညှပ်ကပ်စာအုပ်ငယ်ပြုလုပ်ထားမှု ရှင်းလင်းတင်ပြခြင်းနှင့် အကဲဖြတ်အဖွဲဝင်များ၏ နှုတ်မေး၊ နှုတ်ဖြေ စစ်ဆေးခြင်းတို့ကို ဖြေဆိုယှဉ်ပြိုင်ရသည်။

မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးဓလေ့တတ်ကျွမ်းမှု ဗဟိုအဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာလ ၃၁ ရက်နေ့ ပြိုင်ပွဲအပြီးတွင် ဆက်လက်ကျင်းပရာ ပထမဆုကို အထက (၁) စစ်ကိုင်းမှ အဋ္ဌမတန်းကျောင်းသူ မဝင်းဝါဝင်း၊ ဒုတိယဆုကို အထက (၁) ဒေးဒရဲမှ အဋ္ဌမတန်းကျောင်းသူ မမေဇွန်ဦးနှင့် တတိယဆုကို အထက (၁) ပြည်မှ အဋ္ဌမတန်းကျောင်းသူ မနီလာစိုးတို့က ဆွတ်ခူးရရှိသည်။

ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများ ချီတက်သရုပ်ပြပွဲ

ပညာရေးစုံညီပွဲတော် ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများ ချီတက်သရုပ်ပြပွဲအခမ်းအနားကို ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ သုဝဏ္ဏဘွဲ့ကျင်းပသည်။

ထူးချွန်ဆုများ ချီးမြှင့်ပွဲ

ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်

မွန်းလွဲ ၁ နာရီခွဲတွင် စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အမှာစကားပြောကြား၍ ထူးခွန်ဆုများ ချီးမြှင့်သည်။

ရှေးဦးစွာ အခမ်းအနားကို နိုင်ငံတော်သီချင်းတီးမှုတ်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်း၊ စုံညီပွဲတော် တို့နွဲ့ပျော်၊ ဘက်စုံဆင်နွဲဆုနှင်းပွဲ သီချင်းတို့ကို သီဆိုဂုဏ်ပြုကြသည်။ ထို့နောက် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးခင်ညွန့်အမှူးပြုသော နိုင်ငံတော်အကြီးအကဲများနှင့် အလှူရှင်များက ၂၀၀၂ -၂၀၀၃ ပညာသင်နှစ် ဒသမတန်းနှင့် အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ၊ ဒသမတန်း သိပ္ပံဘာသာရပ်အုပ်စုနှင့် ဝိဇ္ဇာဘာသာရပ်အုပ်စု ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ၊ အဋ္ဌမတန်း စာပေဘာသာရပ် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ ဒသမတန်းနှင့် အဋ္ဌမတန်း ကျောင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရကျောင်းသား ကျောင်းသူများ၊ ၂၀၀၁-၂၀၀၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အလိုက် အဆင့် ၁ မှ ၁၀ အထိ ရရှိသော ကျောင်းသားကျောင်းသူများ၊ သိပ္ပံဘာသာရပ်အုပ်စု ပထမဆု၊ ဒုတိယဆုနှင့် ဝိဇ္ဇာဘာသာရပ်အုပ်စု ပထမဆုရကျောင်းသူများ၊ ဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ကျောင်းသားကျောင်းသူများ၊ နိုင်ငံတကာအားကစားပြိုင်ပွဲ ပထမဆုရ ကျောင်းသားကျောင်းသူများ၊ နိုင်ငံတကာစာပေ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ ပထမဆုရ ကျောင်းသားကျောင်းသူများ၊ တတိယအကြိမ် အခြေခံပညာကျောင်းများ ဘင်ခရာတီးပြိုင်ပွဲ ပထမဆုရ ကျောင်းဘင်ခရာအဖွဲများ၊ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရ အခြေခံပညာ အထက်တန်းကျောင်းများ၊ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဆိုင်များရှိသည့် အခြေခံပညာကျောင်းဆုရ ကျောင်းများ၊ မြန်မာနှင့် နိုင်ငံတကာထုံးဓလေ့တတ်ကျွမ်းမှု ဗဟိုအဆင့်ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရ ကျောင်းသားကျောင်းသူများ၊ ၂၀၀၂ ခုနှစ် ပညာတန်ဆောင်စာစီစာကုံးပြိုင်ပွဲ အဆင့်အလိုက် ပထမဆုရ ကျောင်းသားကျောင်းသူများ၊ တိုကိုဝါခဲတံပန်းချီပြိုင်ပွဲ အဆင့်အလိုက်ပထမဆုရ ကျောင်းသားကျောင်းသူများအား ဆုများအသီးသီးချီးမြှင့်သည်။

ထို့နောက် အခြေခံပညာ ကျောင်းသားကျောင်းသူများက 'ဘက်စုံပညာကိုရည် တို့လှမ်းချီ' သီချင်း၊ အမှတ် (၂) အခြေခံပညာဦးစီးဌာနကိုယ်စားပြု ကျောင်းသား ကျောင်းသူများက 'ဇာတိမာန်' သီချင်းတို့ကို သီဆိုဖျော်ဖြေကြပြီး ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

အလားတူ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများတွင် အသီးသီးကျင်းပသည်။

စိုးအောင်

ပါကစ္စတန် ။ ။ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပါကစ္စတန်သမ္မတ ဗိုလ်ချုပ်ကြီးပါဗက်ဇ်မူရှာရက်ဖ်သည် သမိုင်းမှတ်တိုင်ထူသည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။ ထိုမိန့်ခွန်းဖြင့် ပါကစ္စတန်အနေနှင့် အလေးအနက်စဉ်းစားရွေးချယ်ရမည့် လမ်းနှစ်သွယ်ကို တင်ပြခဲ့သည်။ လမ်းတစ်သွယ်မှာ တရားဥပဒေမဲ့ပြီး အဖျက်ဝါဒဖြစ်သော ဘာသာရေးအစွန်းရောက်မှုဖြစ်သည်။ အခြားလမ်းတစ်သွယ်မှာ သည်းခံခွင့်လွှတ်တတ်သော အသိပညာနှင့်ပြည့်စုံသော တရားဥပဒေဘောင်အတွင်း ကျရောက်သော ခိုင်မာတောင့်တင်းတိုးတက်သည့် အစွမ်းလမ်းလှုံအဖွဲ့အစည်းဖြစ်သည်။ သမ္မတမူရှာရက်ဖ်သည် ဘာသာရေးအရ သည်းခံခွင့်လွှတ်မှု၊ ခေတ်မီမှု၊ မယုတ်မလွန်ကျင့်သုံးမှု၊ တရားဥပဒေနှင့် လူမှုရေးဝတ္တရားများကို လေးစားမှုတို့နှင့် ပတ်သက်၍ မပြတ်မလတ်ထည့်သွင်းရည်ညွှန်းခဲ့သည်။

သမ္မတမူရှာရက်ဖ်သည် အစွမ်းလမ်ဘာသာရေးကို သွန်သင်ပြသခဲ့သူများနှင့် ပါကစ္စတန်နိုင်ငံကို

အခြေချတည်ထောင်ပေးခဲ့သူ မိုဟာမက်အလီကျင်းနား တို့အား ရည်ညွှန်းကိုးကားလျက် အထက်ကတင်ပြခဲ့သော မွန်မြတ်သည့်တရားများသာလျှင် အစ္စလာမ်၏ သွန်သင်ချက် အစစ်အမှန်တရားများဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပါကစ္စတန်အနေဖြင့် နောက်ဆုံး စာရင်းရှင်းရမည့်နေ့ကို ရောက်လာပြီဖြစ်ကြောင်း၊ ဘာသာရေးသက်သက်နိုင်ငံအဖြစ် ရည်တည်နေချင် သလား သို့မဟုတ် ရှင်သန်တက်ကြွဖွံ့ဖြိုးတိုးတက် သည့် သာယာဝပြောသောအစ္စလာမ်နိုင်ငံဖြစ်ချင် သလားဟူသည့် အချက်နှစ်ချက်ကို စဉ်းစားရွေးချယ် ရတော့မည်ဖြစ်ကြောင်း သမ္မတမူရှာရက်ဖ် ပြော ကြားခဲ့သည်။

သမ္မတမူရှာရက်ဖ်သည် လက်တွေ့သာဓကများ ကို ဖော်ပြလျက် ဘာသာရေးကိုဏ်းဂဏခွဲဖြင့် အကြမ်းဖက်ရက်စက်မှုများကို ကျူးလွန်နေကြသည့် ဘာသာရေးအစွန်းရောက် အဖွဲ့ငါးခုကို ဖျက်သိမ်း တားမြစ်ကြောင်း ကြေညာခဲ့သည်။ ကက်ရှ်မီးယား ဒေသ၌ အကြမ်းဖက်မှုများကို လက်မခံကြောင်း၊ သို့ရာတွင် ကက်ရှ်မီးယားဒေသခံပြည်သူတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လေးစားအသိအမှတ်ပြု ကြောင်း၊ ကက်ရှ်မီးယားအရေးနှင့်စပ်လျဉ်း၍ အိန္ဒိယ နှင့်ပါကစ္စတန်ဆွေးနွေးလိုကြောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းက ကက်ရှ်မီးယားပြဿနာပြေလည် ရေးအတွက် ဝင်ရောက် ဆောင်ရွက်ပေးရန် လိုကြောင်းများကို ထည့်သွင်းပြောကြားခဲ့သည်။

ဇန်နဝါရီလ ၂၄ ရက်နေ့တွင် သမ္မတ မူရှာရက်ဖ်က ပါကစ္စတန်၌ အထွေထွေရွေးကောက်ပွဲ များကို ကြိုတင်စီစဉ်ထားသည့်အတိုင်း အောက်တို ဘာလအတွင်း၌ ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အာဖဂန်နစ္စတန်အရေးတွင် အမေ ရိကန်တို့နှင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးစစ်ပွဲ ပါဝင်ခဲ့သဖြင့် မူရှာရက်ဖ်သည် နာမည်ကျော်ကြား လျက် နိုင်ငံတကာမှ လက်ခံသူဖြစ်လာခဲ့သည်။ မူရှာရက်ဖ်သည် တာဝန်ရှိသော အစွန်းရောက်

သမ္မတ မူရှာရက်ဖ် ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားနေသည်ကို နားဆင်နေကြသည့်ပြည်သူများ

အစ္စလာမ်ဝါဒီများအား ဖမ်းဆီးမိရေး အတွက် အစ္စမ်းကုန်ကူညီမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။

ဖေဖော်ဝါရီလ ၁၂-၁၄ ရက်များတွင် သမ္မတ မူရာရက်ဖ်သည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်၍ သမ္မတဘုရှ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဘုရှ်က မူရာရက်ဖ်အား အာဖဂန်နစ္စတန်စစ်ပွဲတွင် ထောက်ခံနေမှုနှင့် အကြမ်းဖက်ဆန့်ကျင်ရေးတွင် ပါဝင်မှုတို့ကြောင့် ချီးကျူးခဲ့သည်။

မတ်လကုန်ခါနီးရက်များတွင် ပါကစ္စတန်နှင့် အမေရိကန်စီအိုင်အေတို့ ပူးပေါင်းလျက် လာဟိုးစသော မြို့ကြီးများတွင် ရှာဖွေခဲ့ရာမှ အယ်လ်ကိုင်ဒါကွန်ရက်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့သည်။ အယ်လ်ကိုင်ဒါအဖွဲဝင် ၆၉ ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အနက် ဝါရင့်ခေါင်းဆောင်ဖြစ်သော အဘူဇုဘေဒါလည်း ပါဝင်ကြောင်း သိရှိရသည်။

ဗိုလ်ချုပ်ကြီးမူရာရက်ဖ်၏ သမ္မတသက်တမ်းကို နောက်ထပ် ၅ နှစ်တိုးရေးအတွက် ပြည်လုံးကျွတ် ဆန္ဒမဲပေးသူ ၄၃ ဒသမ ၉ သန်းအနက် ၄၂ ဒသမ ၈ သန်းတို့က ထောက်ခံဆန္ဒမဲပေးခဲ့ကြသည်။ ထို့ကြောင့် သမ္မတသက်တမ်း တိုးရေးအတွက် ထောက်ခံဆန္ဒမဲပေးသူ ၉၇ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သည်။

အတိုက်အခံအင်အားစုများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပတ်သက်၍ အခြေခံဥပဒေနှင့် မညီညွတ်ကြောင်း လျှောက်လွှာများတင်ခဲ့သည်။ တရားရုံးချုပ်က ဧပြီလ ၂၇ ရက်နေ့တွင် ထို လျှောက်လွှာများကို ပယ်ချပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသည် အခြေခံဥပဒေနှင့်ညီညွတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ဧပြီလအတွင်း အမေရိကန်သတင်းထောက် ဒယ်နီယယ်ပါးလ်အား သတ်ဖြတ်မှုနှင့်စပ်လျဉ်း၍ တရားရုံးတွင်စတင်ကြားနာစစ်ဆေးသည်။ အဓိကတရားခံအိုမာရှိတ်သည် ပထမတွင်ဖြောင့်ချက်ပေးခဲ့ပြီးမှ နောက်ပိုင်းတွင်ထိုဖြောင့်ချက်ကို ရုပ်သိမ်းခဲ့သည်။ ဧပြီလ ၂၂ ရက်နေ့က သက်သေထွက်ဆိုရာတွင် တက္ကစီယာဥ်မောင်းတစ်ဦးက ၎င်းသည်ပါးလ်အား ကရာချီမြို့ရှိဟိုတယ်တစ်ခုသို့ပို့ပေးခဲ့ရကြောင်း၊ ထိုဟိုတယ်၌ ရှိတ်နှင့်ပါးလ်တို့တွေ့ဆုံခဲ့ကြောင်း၊ ရှိတ်က ပါးလ်အား အခြားကားတစ်ခုဖြင့် သယ်ဆောင်သွားသည်ကို မြင်လိုက်ရကြောင်း ထွက်ဆိုသွားသည်။

ဇွန်လ ၁၄ ရက်နေ့တွင် ကရာချီမြို့ရှိ အမေရိကန် ကောင်စစ်ဝန်ရုံး၏ အပြင်ဘက်တွင် ကားပုံးပေါက်ကွဲမှုတစ်ခု အကြီးအကျယ်ဖြစ်ခဲ့သည်။ ထို အသေခံပုံးခွဲမှုကြောင့် လူ ၁၃ ဦးသေဆုံးပြီး ၄၀ ကျော် ဒဏ်ရာရခဲ့ကြသည်။ ထိုကောင်စစ်ဝန်ရုံးရှိ အမေရိကန်မရိမ်းတပ်သားတစ်ဦးနှင့် ပါကစ္စတန်လူမျိုး ကောင်စစ်ဝန်ရုံးဝန်ထမ်း ၄ ဦးတို့ ဒဏ်ရာအနည်းငယ်စီ ရရှိခဲ့သည်။ ကောင်စစ်ဝန်ရုံးလည်း အနည်းငယ် ပျက်စီးသွားခဲ့သည်။ ထို့ကြောင့် လုံခြုံရေးလုပ်ငန်း စစ်ဆေးရန် ၎င်းကောင်စစ်ဝန်ရုံးကို ခေတ္တပိတ်ထားခဲ့ရသည်။ ကာကွယ်ရေးဝန်ကြီးဒေါ်နယ်ရမ်းစ်ဖဲလ် ပါကစ္စတန်သို့ရောက်ပြီး နောက်တစ်နေ့တွင် ဤသို့ပုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ဇွန်လ ၂၆-၂၇ ရက်နေ့များတွင် သမ္မတမူရာရက်ဖ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် ၇၇ ခု၏ မူကြမ်းများကို ဖော်ထုတ်ကြေညာခဲ့သည်။ အခြေခံဥပဒေပြင်ဆင်ချက်များကို တင်ပြရာ၌ ရေရှည်တည်တံ့ခိုင်မြဲသော ပြည်ထောင်စုဒီမိုကရေစီဖော်ဆောင်ရေးဟု အကြောင်းပြခဲ့သည်။ ထိုပြင်ဆင်ချက်များ၌ အမျိုးသားလုံခြုံရေးကောင်စီဖွဲ့စည်းရေး၊ သမ္မတအနေဖြင့် အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းခွင့်ရှိရေး၊ သမ္မတသည်ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲဝင်များအား ရာထူးမှဖယ်ရှားခွင့်ရှိရေး စသည်တို့ပါဝင်သည်။

ဇွန်လအတွင်း မူရာရက်ဖ်သည် ဝန်ကြီးအဖွဲနှင့် စစ်တပ်အတွင်းအပြောင်းအလဲများကို ပြုလုပ်ခဲ့သည်။ နိုင်ငံတကာဖိအားပေးမှုကြောင့် ကက်ရှ်မီးယားအရေးတွင် တင်းမာသောသဘောထားရှိသည့် နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူဆက်တားအား ရာထူးမှနုတ်ထွက်စေပြီး အီနာမူးလ်ဟက်အား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ကက်ရှ်မီးယားအရေးကို ကိုင်တွယ်နေကြသည့် စစ်တပ်အကြီးအကဲအချို့ကိုလည်း ရာထူးမှနုတ်ထွက်စေခဲ့သည်။ အစွန်းရောက် အစ္စလာမ်ဝါဒီများနှင့် နီးကပ်စွာ ဆက်သွယ်နေသော စစ်တပ်အရာရှိကြီးများအား ဖယ်ရှားခဲ့သည်။



ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ဖြစ်လာသည့် ဇာဖရူလာခန်ဂျမာလီ

ဟိုက်ဒရာဘတ်တရားရုံးက ဒယ်နီယယ်ပါးလ် အားသတ်မှုနှင့် ပတ်သက်၍ အိုမာရှိတ်အား သေဒဏ်ချမှတ်ခဲ့သည်။ ကျန်ပူးတွဲတရားခံသုံးဦးတို့အား ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခဲ့သည်။ ဒယ်နီယယ်ပါးလ်၏ဇနီးနှင့်သားတို့အတွက် လျော်ကြေးငွေ ရူပီး ၂ ဘီလီယံပေးဆောင်ရန်လည်း အမိန့် ချမှတ်ခဲ့သည်။

စစ်တပ်က အာဏာသိမ်းယူခဲ့ပြီးနောက် သုံးနှစ်အတွင်း ရွေးကောက်ပွဲများ ကျင်းပပေးမည်ဟူသော ဗိုလ်ချုပ်ကြီးမူရှာရက်ဖ်၏ ကတိကိုထိန်းသိမ်းသောအားဖြင့် ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့က အောက်လွတ်တော်ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ မူရှာရက်ဖ်အား ထောက်ခံသည့် ပါတီက အမတ်နေရာအများဆုံးရခဲ့သော်လည်း

အစိုးရဖွဲ့နိုင်လောက်သော အမတ်ဦးရေမရရှိခဲ့သဖြင့် ညွှန့်ပေါင်းအစိုးရဖွဲ့ခဲ့ရသည်။

အမျိုးသားလွှတ်တော်သည် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ဇာဖရူလာခန်ဂျမာလီကို ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။ အသက် ၅၈ နှစ်ရှိ ဂျမာလီသည် ဘလူချီစတန်ပြည်နယ် ဝန်ကြီးချုပ် အဖြစ်လည်းကောင်း၊ ဇီယာအူးလ်ဟပ်၏ စစ်အစိုးရ လက်ထက်က ကက်ဘိနက်ဝန်ကြီး အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ဖူးသူဖြစ်သည်။

ဦးခင်မောင်မြ

ပြင်သစ်နိုင်ငံ ။ ။ မြေထဲပင်လယ်တွင်း၌ ကော်ဆီကာကျွန်းအား ပြင်သစ်အစိုးရက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကျယ်ကျယ်ပြန့်ပြန့်ပေးရန် ဥပဒေကြမ်းတစ်ရပ်ကို အဆိုပြုခဲ့သည်။ သို့ရာတွင် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် အခြေခံဥပဒေဆိုင်ရာကောင်စီက ထိုဥပဒေကြမ်းမှာ အခြေခံဥပဒေနှင့် မညီညွတ်ဟု အကြောင်းပြကာပယ်ချလိုက်သဖြင့် ကော်ဆီကာကျွန်း ကိုယ်ပိုင်အုပ်ချုပ်ရေးကိစ္စမှာ တုံ့ဆိုင်းသွားခဲ့ရသည်။ ကော်ဆီကာသည် ပြင်သစ်ပိုင်ကျွန်းဖြစ်သည်။ ထိုကျွန်းသားများသည် သီးခြားလွတ်လပ်ရေးအတွက် လှုပ်ရှားနေကြသည်။ ဤအခြေအနေတွင် ပြင်သစ်အစိုးရက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကျယ်ပြန့်စွာပေး၍ ထိုကျွန်းအားပြင်သစ်နိုင်ငံအတွင်း ဆက်လက်တည်ရှိနေစေရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် လက်ယာဝါဒီများလွှမ်းမိုးထားသော အခြေခံဥပဒေဆိုင်ရာကောင်စီက ယင်းကဲ့သို့ ပယ်ချလိုက်ခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံသည် တစ်ပြည်ထောင်စနစ် (Unitary State System) ကျင့်သုံးသောနိုင်ငံဖြစ်သည်။ သို့ဖြစ်၍ ကော်ဆီကာကျွန်းအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးလိုက်လျှင် ပြင်သစ်အခြားဒေသများကလည်း အလားတူတောင်းဆိုလာပါက ပြင်သစ်၏တစ်ပြည်ထောင်စနစ် ပျက်ပြားသွားမည်ကို စိုးရိမ်ကြသည်။ သို့ရာတွင် ကော်ဆီကာ၌ဖြစ်ပေါ်နေသောအခြေအနေများအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေးသာလျှင် ပြင်သစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဖြစ်ပေသည်။

ဇန်နဝါရီလအတွင်း ပြင်သစ်နိုင်ငံတွင် စွပ်စွဲအပုပ်ချမှုသတင်းတစ်ရပ် ပေါ်ထွက်လာခဲ့သည်။ ၁၉၈၆-၈၈ ခုနှစ်အတွင်းက သမ္မတရှိရက်၏အစိုးရသည် လက်ဘနွန်နိုင်ငံတွင် ပြန်ပေးဆွဲဖမ်းဆီးခံထားရသည့် ပြင်သစ်လူမျိုးသုံးဦးအတွက် လျော်ကြေးငွေများပေးခဲ့သည်ဟု သတင်းစာများ၌ဖော်ပြပါရှိခဲ့သည်။ ထိုအပုပ်ချသတင်းအတွက် သမ္မတရှိရက်သည် ဒေါသထွက်ခဲ့သည်။ ပြန်ပေးဆွဲခံရချိန်နှင့် လျော်ကြေးပေးခဲ့ရချိန်တို့မှာ ၁၉၈၈ ခုနှစ်က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲနှင့်တိုက်ဆိုင်နေသည်။ ထိုရွေးကောက်ပွဲ ပထမတစ်ကြိမ်တွင် သမ္မတရှိရက်သည် လိုအပ်သည့်ထောက်ခံမဲအပြည့်မရသဖြင့် ဒုတိယအကြိမ်ဆန္ဒမဲပေးပွဲများ ကျင်းပရန်ပြင်ဆင်နေချိန်ဖြစ်နေသည်။ သမ္မတရှိရက် အနိုင်ရရေးအတွက် မားစာခံများကို ဖြစ်သည့်နည်းဖြင့် လွတ်မြောက်လာစေရန် ကြိုးပမ်းခဲ့သည်ဟု သံသယဖြစ်စရာရှိလာခဲ့သည်။ အစိုးရရန်ပုံငွေမှ ဒေါ်လာ ၃ သန်းကို ထုတ်သုံးခဲ့သည်ဟု သတင်းများကဆိုသည်။ ထို့ပြင် အစိုးရဘဏ္ဍာငွေများကို သမ္မတရှိရက်၏ပါတီဝင်များသို့ ပေးခဲ့သည်ဟုလည်း သတင်းစာများက ဖော်ပြခဲ့ကြသည်။

ဂျက်ရှိရက်သည် ၁၉၇၇-၉၅ ခုနှစ်များအတွင်း က ပါရီမြို့တော်ဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုစဉ်ကအကျင့်ပျက်လာဘ်စားမှုများ ရှိခဲ့သည်ဟု စွပ်စွဲချက်များပေါ်ထွက်ခဲ့သည်။ အဲရစ်ဟာလ်ဖင်အမှုကြီးပြုသောတရားသူကြီးများက ထိုစွပ်စွဲချက်များနှင့် ပတ်သက်၍စုံစမ်းခဲ့သည်။ သို့ရာတွင် ဇန်နဝါရီလ ၁၄ ရက်နေ့က အဲရစ်ဟာလ်ဖင်သည် စုံစမ်းစစ်ဆေးနေသည့်လုပ်ငန်းမှ နုတ်ထွက်ခဲ့သည်။ ဟာလ်ဖင်က ရှိရက်၏အာဏာရပါတီသည် မာဖီးယားဂိုဏ်းကဲ့သို့ အနိုင်ကျင့်ခြိမ်းခြောက်နေသည်ဟု ပြောခဲ့သည်။ ထို့ပြင် ၂၀၀၁ ခုနှစ်အတွင်းက တရားစီရင်ရေးအာဏာပိုင်များကလည်း သမ္မတတစ်ဦးသည် ရာထူးလက်ကိုင်ရှိနေစဉ်အတွင်း တရားစီရင်စစ်ဆေးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်ဟု စီရင်ထုံးချမှတ်ခဲ့သည်။ ထိုစီရင်ထုံးကိုလည်း ဟာလ်ဖင်သည် မကျေမနပ်ဖြစ်ခဲ့သည်။



သမ္မတအဖြစ် ဒုတိယသက်တမ်းအတွက် ထပ်မံရွေးကောက်တင်မြှောက်ခံရသည့် ပြင်သစ်သမ္မတ ဂျက်ရှီရက်

ဇန်နဝါရီလ ၁၂ ရက်နေ့တွင် အခြေခံဥပဒေ ဆိုင်ရာကောင်စီက အစိုးရ၏စီးပွားရေးမူဝါဒများနှင့် ပတ်သက်၍ စီရင်ထုံးချမှတ်ခဲ့သည်။ အစိုးရက ချမှတ်ထားသည့် စီးပွားရေးမူဝါဒသည် စီးပွားရေး လုပ်ငန်းရှင်များအတွက် အာမခံချက်ပေးထားသော အခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ဆန့်ကျင်နေ ကြောင်း၊ အခြေခံဥပဒေဆိုင်ရာ ကောင်စီက အကြောင်းပြခဲ့သည်။ အခြေခံဥပဒေတွင် လုပ်ငန်း ရှင်များအနေဖြင့် အလုပ်သမားများအား အလုပ် ဖြုတ်ပိုင်ခွင့်ပေးထားသည်။ သို့ရာတွင် အစိုးရသည် အလုပ်ဖြုတ်ရေးနှင့်ပတ်သက်၍ မည်သည့်အခြေ အနေ၊ မည်သည့်အခါမျိုးတွင်မှ အလုပ်ဖြုတ်ခွင့်ရှိ ကြောင်း၊ အကန့်အသတ်များချမှတ်ပေးခဲ့သည်။ သို့ဖြစ်၍ အခြေခံဥပဒေဆိုင်ရာ ကောင်စီ၏စီရင်ထုံး ကြောင့် အစိုးရသည်အဆိုပါကန့်သတ်ချက်များ ချမှတ်ရေးကို ရပ်ဆိုင်းထားခဲ့ရသည်။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် လက်ရှိ သမ္မတရှီရက်က ဒုတိယအကြိမ်သက်တမ်းအတွက် ထပ်မံယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း တရားဝင် ကြေညာခဲ့သည်။ သမ္မတရှီရက်သည် ဧပြီ- မေလများ တွင် ကျင်းပသည့်သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက် ယှဉ်ပြိုင်တော့မည်ဖြစ်သည်။ ဖေဖော်ဝါရီလ ၂၄ ရက် နေ့တွင် ဝန်ကြီးချုပ်လိုင်ယွန်နယ်ယော့စပင်က လည်း သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဟု ကြေညာခဲ့သည်။ သို့ဖြစ်ရာ ၂၀၀၂ ခုနှစ် သမ္မတရွေး ကောက်ပွဲသည် ရှီရက်နှင့် ယော့စပင်တို့အကြား စိတ်မကျေပွဲ ထပ်မံယှဉ်ပြိုင်မှုဖြစ်ပေတော့မည်။ ၁၉၉၅ ခုနှစ်က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ တွင် ရှီရက်သည် ဒုတိယအကြိမ်ဆန္ဒပေးပွဲကျင်းပ တော့မှ ဘော့စပင်အပေါ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၂၀၀၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတ လောင်း ၁၉ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဇန်နဝါရီလအတွင်း ကောက်ယူခဲ့သည့် လူထုဆန္ဒ သဘောထားစစ်တမ်းများအရ M D C ပါတီမှ သမ္မတ လောင်း ယွန်ပီယာရှက်ဗ်နာမွန်သည် ရွေ့ကပြေးနေ သည်။ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ တရားဥပဒေ စိုးမိုးရေးတို့အတွက် ဆောင်ရွက်သွားမည်ဟု ၎င်းက ကြေညာထားသည်။ သမ္မတရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရင်း အစိုးရအဖွဲ့အတွင်း၌လည်း ရာထူးအပြောင်းအလဲများ ရှိခဲ့သည်။

ပါရီမြို့နီစီပယ်တွင် ကောင်စီဝင်ဖြစ်ခဲ့ဖူးသူ ဒီဒီယာရှုလားသည် ဒုံမီနီကန် သမ္မတနိုင်ငံမှ ပြင်သစ်နိုင်ငံသို့ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ပြန် လည်ရောက်ရှိလာသည်။ သူသား၏သတင်းပေးချက် အရ အာဏာပိုင်များက သူ့ကိုဖမ်းဆီးမိခဲ့သည်။ ရှီရက်သည် ပါရီမြို့တော်ဝန်လုပ်စဉ်က ရှုလားသည် ကောင်စီဝင်အဖြစ် ထမ်းဆောင်ရင်း အကျင့်ပျက် လာဘ်စားမှုများတွင် ပါဝင်ခဲ့သည်။ ထိုသို့လာဘ်စား မှုများသည် ၁၉၉၅ ခုနှစ်တွင် ပေါ်ထွက်လာခဲ့ရာ သူသည် ကာရစ်ဘီယန်ဒေသသို့ ထွက်ပြေးပုန်း အောင်းနေခဲ့သည်။ ပါရီသို့ ရှုလားပြန်လည်ရောက်ရှိ လာခြင်းသည် သမ္မတရှီရက်အား အပုပ်ချရေး အတွက် အကွက်ကောင်းဖြစ်သွားစေခဲ့သည်။

နိုင်ငံပိုင် ရေနံလုပ်ငန်း ကုမ္ပဏီဖြစ်သော အဲ့လ်ဖ်-အက်ကွီတိန်းနှင့်ပတ်သက်၍ တရားသူကြီး များသည် ရှစ်နှစ်ကြာစုံစမ်းစစ်ဆေးခဲ့သည်။ ဖေဖော် ဝါရီလ ၅ ရက်နေ့တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့က အပြီးသတ်အစီရင်ခံစာကို တင်သွင်းခဲ့သည်။ ၁၉၈၉-၉၃ ခုနှစ်များအတွင်း ကုမ္ပဏီအရာရှိများ၊

နိုင်ငံရေးသမားများ၊ ကြားပွဲစားများသည် ကုမ္ပဏီပိုင်ငွေဒေါ်လာသန်း ၄၀၀ ကို တရားမဝင်နည်းလမ်းများဖြင့် သုံးစွဲခဲ့ကြောင်းအစီရင်ခံစာ၌ ဖော်ပြထားသည်။ ပါဝင်ပတ်သက်သူပေါင်း ၄၂ ဦးရှိသည်။ ၎င်းတို့သည် ကုမ္ပဏီငွေများကို ပုဂ္ဂိုလ်ရေးနှင့်နိုင်ငံရေးအကျိုးအမြတ်အတွက် အသုံးပြုခဲ့ကြသည်။ ထို့ကြောင့် စုံစမ်းစစ်ဆေးနေဆဲအခိုက်အတန့်မှာပင် ယခင်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးနှင့် အခြားပုဂ္ဂိုလ်ခြောက်ဦးတို့အား ကိုယ်ရေးကိုယ်တာအလွဲသုံးစားပြုခဲ့မှုဖြင့် အပြစ်ဒဏ်များချမှတ်ခဲ့သည်။

ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပြင်သစ်အလယ်ပိုင်းမှအသက် ၃၀ အရွယ်ရှိ လူတစ်ယောက်သည် နွားရူးရောဂါဖြင့်သေဆုံးသွားခဲ့သည်။ သူသည် ၎င်းရောဂါဖြင့် စတုတ္ထမြောက်သေဆုံးသူဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် နွားခြံတစ်ခု၌ နွားတစ်ကောင်နွားရူးရောဂါရရှိကြောင်း တွေ့ရှိပါက အဆိုပါခြံတွင်းရှိ နွားအားလုံးကိုသတ်ပစ်ရသည်။ ပြင်သစ်နိုင်ငံတွင် နွားရူးရောဂါကြောင့် တုန်လှုပ်ချောက်ချားလျက်ရှိသည်။

သမ္မတလောင်းများဖြစ်ကြသည့် ရှီရက်နှင့် လော့စပင်တို့သည် ရွေးကောက်ပွဲကြေညာစာတမ်းများကို မတ်လ ၁၈ ရက်နေ့က ထုတ်ပြန်လိုက်ကြသည်။ အကြောင်းအရာများစွာတို့တွင် သမ္မတလောင်းနှစ်ဦးတို့၏ ရပ်တည်ချက်များမှာ ဆင်တူနေကြသည်။ အထူးသဖြင့် ရာဇဝတ်မှုများနှိမ်နင်းရေး၊ တရားဥပဒေစိုးမိုးရေးတို့တွင် ဆင်တူနေကြသည်။

၁၉၇၇-၉၅ နှစ်များအတွင်း ရှီရက်အနေဖြင့် ပါရီမြို့တော်ဝန်အဖြစ် ဆောင်ရွက်စဉ်ကပါတီရန်ပုံငွေကို လွဲမှားဖောက်ပြန်စွာ ရှာဖွေခဲ့မှုနှင့်ပတ်သက်၍ တရားသူကြီးများက စုံစမ်းစစ်ဆေးနေမှုကို ရပ်တန့်ပေးရန် ရှီရက်၏ လက်ထောက်ဟောင်းတစ်ဦးက ပါရီမြို့တော်အယူခံရုံးသို့ လျှောက်ထားခဲ့သည်။ အဆိုပါအယူခံရုံးက ထိုလျှောက်လွှာကို မတ်လ ၂၀ ရက်နေ့က ပယ်ချခဲ့သည်။ ထိုမျှသာမက အဆိုပါစီရင်ချက်တွင် ရှီရက်သည်သမ္မတအဖြစ် ထပ်မံအရွေးမခံရပါက သူ့ကိုလည်းတရားသူကြီးများက စစ်ဆေးသွားရမည်ဟု ဖော်ပြပါရှိခဲ့သည်။

ဧပြီလ ၂၁ ရက်နေ့တွင် ပြင်သစ်သမ္မတ ရွေးကောက်ပွဲ၏ပထမအကြိမ် ဆန္ဒမဲပေးပွဲကို ကျင်းပခဲ့သည်။ ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်း၏ ၇၁ ဒသမ ၆ ရာခိုင်နှုန်းက မဲပေးခဲ့ကြသည်။ ပထမအကြိမ်ဆန္ဒမဲပေးပွဲတွင် ရှီရက်သည်ထောက်ခံမဲ ၁၉ ဒသမ ၈၃ ရာခိုင်နှုန်းရရှိခဲ့သည်။ လက်ယာအစွန်းရောက်ပါတီဖြစ်သည့် အမျိုးသားတပ်ဦးမှ ယွန်မာရီလာပင်းက ထောက်ခံမဲ ၁၆ ဒသမ ၈၆ ရာခိုင်နှုန်းရရှိခဲ့သည်။ ဆိုရှယ်လစ်ပါတီမှ လိုင်ယွန်နယ်လော့စပင်က ၁၆ ဒသမ ၁၈ ရာခိုင်နှုန်းထောက်ခံမဲ ရရှိခဲ့သည်။ လက်ယာအစွန်းရောက်လာပင်းသည် ဒုတိယနေရာရသွားခြင်းကြောင့် ပြင်သစ်နိုင်ငံရေးလောကတွင် တုန်ခါသွားခဲ့သည်။

သမ္မတရွေးကောက်ပွဲအတွက် ဒုတိယအကြိမ်ဆန္ဒပေးပွဲကို မေလ ၅ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ ဤဆန္ဒမဲပေးပွဲမတိုင်မီတွင် ပါရီမြို့တော်နှင့်တကွ အခြားဒေသများ၌ အမျိုးသားတပ်ဦးပါတီအား ဆန့်ကျင်ရေးလူထုဆန္ဒပြပွဲများ ပြုလုပ်ခဲ့သည်။ ဆိုရှယ်လစ်ပါတီ၊ ကွန်မြူနစ်ပါတီတို့ကလည်း လက်ယာအစွန်းရောက်ဝါဒီဖြစ်သူ လာပင်းတက်မလာရေးအတွက် အပြင်းအထန်ကြိုးပမ်းခဲ့ကြသည်။ ရှီရက်အား ထောက်ခံမဲပေးရန် လှုံ့ဆော်စည်းရုံးခဲ့ကြသည်။

ပါလက်စတိုင်းနယ်မြေများ၌ အစွန်းရောက်စစ်ရေးအရဝင်ရောက်စွက်ဖက်မှုများ၊ လက်နက်အားဖြင့် ပါလက်စတိုင်းတို့ကို နှိမ်နင်းနေမှုများကြောင့် ပြင်သစ်နိုင်ငံရှိမွတ်ဆလင်များသည် ဂျူးဆန့်ကျင်ရေးလှုပ်ရှားမှုများကို ပိုမိုပြုလုပ်လာကြသည်။ သို့ဖြစ်၍ ဧပြီလအတွင်းက အစိုးရသည် ဂျူးဘုရားရှိခိုးကျောင်းများနှင့် ဂျူးလူနေရပ်ကွက်များကို လုံခြုံရေးထူထပ်စွာ ချထားပေးရသည်။ အစွန်းရောက်ခြိုးခြုပ် အေရီယာယ်လ်ရှာရွန်က ပြင်သစ်၌ဂျူးဆန့်ကျင်ရေးတိုးပွားလာနေကြောင်းကို သတိပေးခဲ့သည်။ ၂၀၀၂ ခုနှစ် ပထမသုံးလပတ်အတွင်း ဂျူးတို့အပေါ်တိုက်ခိုက်မှုပေါင်း ၃၀၀ ရှိခဲ့သည်။ ၂၀၀၁ ခုနှစ်ထက် တစ်ဆတိုးပွားလာခဲ့ခြင်းဖြစ်သည်။

သမ္မတရွေးကောက်ပွဲအတွက် ဒုတိယအကြိမ်ဆန္ဒပေးပွဲကို မေလ ၅ ရက်နေ့ကကျင်းပခဲ့ရာ လက်ရှိသမ္မတရှီရက်သည် ပြိုင်ဘက်လာပင်းကို အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ ရှီရက်သည် ထောက်ခံမဲ ၈၂ ဒသမ ၂ ရာခိုင်နှုန်းရရှိခဲ့သည်။ ဤသို့ဖြင့် ရှီရက်

သည် သမ္မတအဖြစ်ဒုတိယသက်တမ်းအတွက် ထပ်မံရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ မေလ ၆ ရက်နေ့တွင်သမ္မတရှိရက်သည် ယွန်ရက်ဖာရင်အားကြားဖြတ်အစိုးရ၏ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ရက်ဖာရင်သည် ဗဟိုလမ်းစဉ်ဝါဒီလစ်ဘရယ်ဒီမိုကရေစီပါတီမှ ခေါင်းဆောင်ဖြစ်သည်။ ရက်ဖာရင်အစိုးရသည် အောက်လွှတ်တော်ကိုရွေးကောက်ဖွဲ့စည်းသည်။ ဇွန်လအထိ ကြားဖြတ်အစိုးရတာဝန်ကို ထမ်းဆောင်သည်။

အမေရိကန်သမ္မတဘုရှ်သည် ၎င်းဦးဆောင်သော အစိုးရအဖွဲ့၏ မူဝါဒများနှင့်ပတ်သက်၍ ပြင်သစ်နှင့်ဥရောပရှိ အခြားနိုင်ငံတို့၏ စိုးရိမ်မှုများကို ပြေပျောက်စေရန် ဥရောပသို့ ခရီးထွက်ခဲ့သည်။ မေလ ၂၆-၂၇ ရက်နေ့တွင် ပြင်သစ်သို့ရောက်ရှိခဲ့သည်။ ဘုရှ်နှင့်ရှီရက်တို့သည် မေလ ၂၆ ရက်နေ့က ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲအပြီးတွင် ရှီရက်က အမေရိကန်နှင့်ဥရောပတို့အကြား မဟာမိတ်ဖြစ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ အရေးကြီးကြောင်း ပြောကြားခဲ့သည်။ မေလ ၂၇ ရက်နေ့တွင် သမ္မတဘုရှ်သည် နော်မန်ဒီကမ်းခြေရှိ စစ်သချိုင်းသို့သွားရောက်ခဲ့သည်။ ထိုသချိုင်းမှာ ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့သော အမေရိကန်စစ်သည် ၉၀၀၀ ခန့်တို့၏ စစ်သချိုင်းဖြစ်သည်။ ထိုသို့သွားရောက်စဉ် သမ္မတဘုရှ်ကကွန်နုပ်တို့၏ဘိုးဘေးများစွန့်လွှတ်စွန့်စားခဲ့ကြသကဲ့သို့ ယခုခေတ်အကြမ်းဖက်ဝါဒဆန့်ကျင်ရေးတွင်လည်း အလားတူ စွန့်လွှတ်စွန့်စားကြရန်လိုကြောင်း ပြောကြားခဲ့သည်။

ဇွန်လ ၉ ရက်နှင့် ၁၆ ရက်နေ့များတွင် အောက်လွှတ်တော်အတွက် ပထမနှင့်ဒုတိယအကြိမ် ဆန္ဒမဲပေးပွဲများကို ကျင်းပခဲ့သည်။ အမတ်နေရာ ၅၇၇ နေရာအတွက် အမတ်လောင်းပေါင်း ၈၄၂၄ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပထမအကြိမ်တွင် ဆန္ဒမဲမပေးသူ ၃၅ ဒသမ ၆၊ ဒုတိယအကြိမ်တွင် ၃၉ ဒသမ ၇ ရာခိုင်နှုန်းအသီးသီးရှိခဲ့သည်။ ပထမအကြိမ်တွင် ဝန်ကြီးချုပ်ရက်ဖာရင်ဦးဆောင်သော "သမ္မတမဲအများစုရရေးသမဂ္ဂ" က အမတ် ၄၆ ဦး တိုက်ရိုက်အရွေးခံရသည်။ ဒုတိယအကြိမ် ဆန္ဒမဲပေးပွဲတွင် အမတ် ၉၀၃ ဦးထပ်မံအရွေးခံရပြန်သည်။ ကျန်အမတ်နေရာများအနက် လက်ယာယိမ်းဗဟိုပါတီက အမတ် ၄၄ ဦး၊ ဗဟိုဝါဒီပါတီက အမတ် ၂၉ ဦး စသည်ဖြင့် အသီးသီးအရွေးခံခဲ့ရသည်။ ဤသို့ဖြင့် သမ္မတရှိရက်ကို ထောက်ခံသောပါတီများက မဲအပြတ်အသတ်နိုင်ခဲ့သည်။ ဝန်ကြီးချုပ် ရက်ဖာရင်၏ပါတီက လုံးလုံးလျားလျားအစိုးရဖွဲ့နိုင်သောပါတီအဖြစ် ရွေးကောက်ပွဲအောင်နိုင်ခဲ့သည်။ လက်ယာအစွန်းရောက်ပါတီဖြစ်သော အမျိုးသားတပ်ဦးသည် အမတ် ၁ နေရာသာ အရွေးခံခဲ့ရသည်။ လက်ဝဲဝါဒီဖြစ်သော ဆိုရှယ်လစ်ပါတီသည်။ အမတ် ၁၄၀ ဦး အရွေးခံခဲ့ရသည်။

ယခင် သက်တမ်းတွင် သမ္မတရှိရက်သည် ဆိုရှယ်လစ်ဝန်ကြီးချုပ် လော့စဗင်နှင့်ပူးတွဲ၍ အစိုးရဖွဲ့ခဲ့ရသည်။ ယခုသက်တမ်းတွင် သမ္မတရှိရက်သည် လွတ်လွတ်ကျွတ်ကျွတ် အင်အားကောင်းလာသဖြင့် ဇွန်လ ၁၇ ရက်နေ့တွင် ယွန်မီယာရက်ဖာရင်ကိုပင် ထပ်မံ၍ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးနေရာအပြောင်းအလဲအနည်းငယ်သာ ပြုလုပ်ခဲ့သည်။ အစိုးရအဖွဲ့အားကောင်းစေရေးအတွက် ဒုတိယဝန်ကြီးချုပ်နေရာကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ သမ္မတရှိရက်သည် ၎င်း၏ အနေအထားကို ခိုင်မာစေခဲ့သည်။

ဇူလိုင်လ ၅ ရက်နေ့တွင် သမ္မတနန်းတော်ကကော်မရှင်တစ်ရပ်ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ ထိုကော်မရှင်တွင် နာမည်ကျော်ကြားထင်ရှားသော ဥပဒေပညာရှင် ၁၂ ဦး ပါဝင်သည်။ ပြင်သစ်သမ္မတနိုင်ငံ သမ္မတအပေါ် ရာဇဝတ်ကြောင်းအရ တာဝန်မကင်းမှုဖြင့် စွပ်စွဲရေးတွင်လိုက်နာကျင့်သုံးရမည့်စည်းမျဉ်းများကို ဤကော်မရှင်ကလေ့လာစစ်၍ အစီရင်ခံစာ တင်သွင်းရန်ဖြစ်သည်။ ရွေးကောက်ပွဲကာလအတွင်းက ရှီရက်သည်ဤသို့သောကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးမည်ဟု ကတိပြုခဲ့သည်။

ဇူလိုင်လ ၂၆-၂၇ ရက်နေ့များတွင် ဝန်ကြီးချုပ်ရက်ဖာရင်ဦးဆောင်သော ဝန်ကြီးများအဖွဲ့သည် ကော်ဆီကာကျွန်းသို့ သွားရောက်ခဲ့သည်။ ပြင်သစ်နိုင်ငံကျိုးပဲ့မသွားရေးအတွက် ကော်ဆီကာကျွန်း၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရေးကို ဆွေးနွေးခဲ့ကြသည်။

ဩဂုတ်လ ၈ ရက်နေ့တွင် ပါရီရှိအစိုးရရှေ့နေက ပုဂ္ဂိုလ် ၁၂ ဦးတို့အား တယ်လီဖုန်းဆက်သွယ်မှု

အောက်တိုဘာလအတွင်းက ကော်ဆီကာကျွန်း၌ ဗုံးပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့သည်။ အောက်တိုဘာလ ၂၆-၂၇ ရက်နေ့များတွင် ပြည်ထဲရေးဝန်ကြီးဆာကိုစီး ဦးဆောင်သောဝန်ကြီးများသည် ကော်ဆီကာသို့ သွားရောက်ခဲ့ကြသည်။ ဒေသန္တရလွတ်လပ်ခွင့်များဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ပြင်သစ်အစိုးရသည် ပါရီရှိဗဟိုအစိုးရကချုပ်ကိုင်ထားသောအာဏာများကို ပြင်သစ်ပိုင်ဒေသ ၂၆ ခုသို့ ခွဲဝေပေးတော့မည်ဖြစ်ကြောင်း၊ ဗဟိုချုပ်ကိုင်မှုလျော့ချပေးရာတွင် ကော်ဆီကာကျွန်းကရှေ့ဆောင်လမ်းပြဖြစ်တော့မည်ဖြစ်ကြောင်း ရှင်းပြခဲ့ကြသည်။ ပြင်သစ်နိုင်ငံ၏စုစည်းမှုလည်း မပျက်စေဘဲ ဒေသဆိုင်ရာအာဏာပိုင်များအား လုပ်ပိုင်ခွင့်နှင့်အာဏာများ ခွဲဝေပေးရေးအစီအစဉ်ကို ပြင်သစ်အစိုးရက ချမှတ်ကျင့်သုံးတော့မည်ဟု ကတိပြုခဲ့ကြသည်။

သမ္မတရွေးကောက်ပွဲနှင့် ပါလီမန်ရွေးကောက်ပွဲများတွင် အပြတ်အသတ်အနိုင်ရခဲ့ကြသော RPR နှင့် UMP ပါတီတို့သည် တစ်ခုတည်းသောပါတီအဖြစ် ပေါင်းစည်းခဲ့ကြသည်။ ထိုသို့ ပေါင်းစည်းထားသည့် ပါတီ၏အမည်ကိုပြည်သူ့အရေးလှုပ်ရှားမှုသမဂ္ဂ (Union for Popular Movement) ဟု သတ်မှတ်ခေါ်ဝေါ်လိုက်ကြသည်။ ဤပါတီ၏ ဥက္ကဋ္ဌအဖြစ် သမ္မတရှိရက်က အမည်တင်သွင်းသော အလိန်းယပ်ပေး ကဆောင်ရွက်သည်။

အောက်တိုဘာလအတွင်းက ကျင်းပခဲ့သည့် ဥရောပသမဂ္ဂ ထိပ်သီးအစည်းအဝေးတွင် သမ္မတရှိရက်နှင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲတို့သည် ခွန်းကြီးခွန်းငယ်စကားများခဲ့ကြသည်။ ယင်းသို့ကွဲပြဲခဲ့မှုကို ရင်ကြားစေ့သည့်အနေဖြင့် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် သမ္မတရှိရက်၏ နှစ် ၇၀ မြောက်မွေးနေ့အတွက် ဗြိတိန်ဝန်ကြီးချုပ်က သဝဏ်လွှာပါးခဲ့သည်။ ယင်းကိုတုံ့ပြန်သည့်အနေဖြင့် ပြင်သစ်သမ္မတက ပိတ်ပင်ထားခဲ့သော နှစ်ကုန်ချိန် ပြင်သစ်-ဗြိတိန်တွေ့ဆုံပွဲကို ပြန်လည်ဖွင့်လှစ်ပေးလိုက်သည်။ နှစ်နိုင်ငံအပြန်အလှန် သင့်မြတ်ရေးကို ပြုလုပ်လာကြသည်။

ဦးခင်မောင်မြ

ကို ခိုးယူနားထောင်မှု၊ အသံဖမ်းထားမှုတို့နှင့်စပ်လျဉ်း၍ တရားစွဲဆိုကာ တရားရုံးသို့တင်ပို့လိုက်သည်။ ထို ၁၂ ဦးသည် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက သမ္မတမီထရောင်းအား ဆန့်ကျင်သူများအသုံးပြုသည့် တယ်လီဖုန်း ၁၅၀ တို့မှအသံများကို ဖမ်းယူ၍ တိပ်ခွေ သွင်းထားခဲ့သည်။ ဤသို့လှုပ်ရှားမှုကို "ပြင်သစ်ဝါးတားဂိတ်" ဟု သမုတ်ခေါ်ဝေါ်ကြသည်။ သမ္မတမီထရောင်းကွယ်လွန်ပြီး နောက်တစ်နှစ်တွင်မှ ဤအမှုပေါ်လွင်လာခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ပြင်သစ်အစိုးရက သမ္မတ၏မော်ကွန်းတိုက်ကို စုံစမ်းစစ်ဆေးသူများအား ကြည့်ရှုခွင့်ပေးပြီးနောက်မှ ဤအမှုကို သိရှိလာခဲ့သည်။

စက်တင်ဘာလ ၂၁-၂၂ ရက်နေ့များတွင် ပါရီမြို့တော်၌ သမ္မတရှိရက်၏ပါတီဖြစ်သော "သမ္မတနိုင်ငံအတွက်စုစည်းရေး" (Rally for Republic) ပါတီညီလာခံကျင်းပခဲ့သည်။ ဤပါတီသည် သမ္မတမဲအများစုရရေးသမဂ္ဂ (UMP) နှင့် ပူးပေါင်းလျက်ပိုမိုကျယ်ပြန့်သောပါတီကို ထူထောင်နိုင်ရန် RPR ပါတီကို ဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့သည်။ ရှိရက်၏ RPR ပါတီသည် မူလဗီဇအားဖြင့် ၁၉၇၇ ခုနှစ်က ဗိုလ်ချုပ်ကြီးဒီဂေါလ်တည်ဆောက်ခဲ့သည့် ဂေါလ်ဝါဒီပါတီသည် အမည်အမျိုးမျိုးပြောင်းလဲခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ရှိရက်သည်ထိုပါတီ၏ ဥက္ကဋ္ဌဖြစ်လာပြီး RPR ဟုခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အစိုးရသည် ပြင်သစ်နှင့်ဗြိတိန်တို့အကြား စစ်ရေးစွမ်းရည်ကွာဟချက်နည်းသွားစေရန်လည်းကောင်း၊ ဥရောပလုံခြုံရေးတွင်ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရန် လည်းကောင်း ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်သွားမည်ဟု စက်တင်ဘာလ ၁၁ ရက်နေ့က ကြေညာခဲ့သည်။ ကာကွယ်ရေး အသုံးစရိတ်သည် ၂၀၀၃ ခုနှစ်တွင် ဒေါ်လာ ၁၁၃ ဒသမ ၇ ဘီလီယံဖြစ်ခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် ဒေါ်လာ ၁၁၅ ဒသမ ၁ ဘီလီယံအထိ သုံးစွဲမည်ဟုကြေညာခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ကာကွယ်ရေးအသုံးစရိတ်သည် ဂျီဒီပီ၏ ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်သည်။ စက်တင်ဘာလ ၁၁ ရက်နေ့တွင် သမ္မတ၏အကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီး အွန်နရီ ဘွန်တဂျိတ်သည် လက်နက်ကိုင်တပ်များ၏ ဦးစီးချုပ်ဖြစ်လာခဲ့သည်။

ဖိလစ်ပိုင် နိုင်ငံ ။ ။ မိမိကိုယ်ရေးကိုယ်တာ ကိုယ်ကျိုးစီးပွားထက် အများအကျိုးစီးပွားအတွက် အလုပ်လုပ်ကြရန်နှင့် ဖိလစ်ပိုင်နိုင်ငံသည် ဖိလစ်ပိုင်ပြည်သူတို့အတွက် ငြိမ်းချမ်းရေး၊ တိုးတက်ရေး၊ သာယာဝပြောရေးကို ရှေးရှုလျက် အလေးထားစူးစိုက်ဆောင်ရွက်ကြရန် ဖိလစ်ပိုင်ပြည်သူများအား သမ္မတဂလိုရီယာမဂါပါဂါလ်အာရိယိုက တိုက်တွန်းပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံမှာ ယခင်နှစ်ကတန်ဖိုးရှိသောရည်ရွယ်ချက်များ အထမြောက်စေရန်နှင့် ပြန်လည်ဆန်းသစ်သောစိတ်အားထက်သန်မှုများကို အမိအရဆုပ်ကိုင်ထားကြရန်လည်း ဒီဇင်ဘာလ ၃၁ ရက်နေ့က နှစ်သစ်သဝဏ်လွှာတွင် ဖော်ပြထားသည်။ ပို၍ကောင်းမွန်သောအနာဂတ်အတွက် ကြိုးကြိုးစားစားအလုပ်လုပ်ကြရန်နှင့် မျှော်လင့်ချက်၊ ရည်မှန်းချက်အတိုင်း ဆက်လက်လုပ်ကိုင်သွားကြရန် ၇၆ သန်းကျော်ရှိသော ဖိလစ်ပိုင်လူမျိုးများအား သမ္မတကတိုက်တွန်းခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၀၁ ခုနှစ်တွင် ဖိလစ်ပိုင်အစိုးရ၏အုပ်ချုပ်မှုအောက်တွင် ငြိမ်းချမ်းစွာနှင့်အောင်မြင်စွာ အသွင်ကူးပြောင်းခဲ့သည်။ အမျိုးသားအဆောက်အအုံ တည်ဆောက်ရာတွင် နှေးကွေးသော်လည်းသေချာမှုရှိသည်စသဖြင့် သမ္မတအာရိယိုး၏ နှစ်သစ်ကူး သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ပူးတွဲစီးလှေကျင့်မှု ဆောင်ရွက်သွားမည်ဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စုအား အမြဲတမ်းစစ်အခြေစိုက်စခန်း ထူထောင်ခွင့်ပေးမည်မဟုတ်ကြောင်း ဖိလစ်ပိုင်အစိုးရက ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ထပ်မံအတည်ပြုပြောကြားလိုက်သည်။ ဖိလစ်ပိုင်အထက်လွှတ်တော်က ထောက်ခံအတည်ပြုထားသောစာချုပ်အရ ခွင့်ပြုထားသည့်တိုင်အောင် အမြဲတမ်းစစ်အခြေစိုက်စခန်း ထူထောင်ဖွင့်လှစ်ခြင်းကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက တားဆီးထားသည်ဖြစ်ရာ သမ္မတဂလိုရီယာမဂါပါဂါလ်အာရိယိုကလည်း ခွင့်ပြုမည်မဟုတ်ကြောင်း သမ္မတရုံးပြောခွင့်ပုဂ္ဂိုလ် ရီဂိုဘာတိုတီလာအိုက ကြေညာချက်ထုတ်ပြန်ရာ၌ ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု အမြဲတမ်းစစ်အခြေစိုက်စခန်းနှင့် ထောက်ပံ့ကူညီမှုပေးသော အဖွဲ့အစည်းများကို ဖွဲ့စည်းထူထောင်ထားရှိမည်မဟုတ်သော်လည်း ပူးတွဲစစ်ရေးလေ့ကျင့်စဉ် နှစ်ဖက်စလုံးအသုံးချနိုင်ရန် စစ်သည်တည်းခိုဆောင်များ၊ သင်တန်းခန်းမဆောင်နှင့် စားသောက်ဆောင်များကို ယာယီတည်ဆောက်ခွင့် ပြုမည်ဖြစ်သည်။ ဖိလစ်ပိုင်စစ်အခြေစိုက်စခန်းများတွင် ယာယီသဘောအားဖြင့် အမေရိကန်တပ်များက နေရာထိုင်ခင်းအဆောက်အအုံများ တည်ဆောက်သွားမည် ဖြစ်သော်လည်း ဖိလစ်ပိုင်စခန်းတပ်မှူးများ၏ အမိန့်ညွှန်ကို နာခံရမည်ဖြစ်ကြောင်း ကြေညာချက်ပါရှိသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အလည်အပတ်ရောက်ရှိနေသော ရိုမေးနီးယားသမ္မတ အိုလီအီယူစကူးသည် သမ္မတဂလိုရီယာမဂါပါဂါလ်နှင့် သမ္မတနန်းတော်တွင် ဖေဖော်ဝါရီလ ၂၀ ရက်နေ့က တွေ့ဆုံဆွေးနွေးကြပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာတောင့်တင်းအောင် ဆောင်ရွက်သွားရန် သဘောတူညီကြသည်။ ဆွေးနွေးပွဲအပြီး သမ္မတနှစ်ဦး သီးခြားစီထုတ်ပြန်သောကြေညာချက်များတွင် သမ္မတနှစ်ဦးတို့သည် နှစ်နိုင်ငံအကြားယဉ်ကျေးမှုတူညီနေခြင်းကို ထောက်ပြကြပြီး နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ပြုလုပ်သွားကြရန် သဘောတူညီခဲ့ကြသည်။ သမ္မတနှစ်ဦးတို့သည် လယ်ယာစိုက်ပျိုးရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးနှင့် စိုက်ပျိုးရေးရိက္ခာနှင့် သစ်တောကဏ္ဍများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးဆိုင်ရာသဘောတူစာချုပ်များ ချုပ်ဆိုသောအခမ်းအနားသို့လည်း တက်ရောက်ခဲ့ကြသည်။

လာအိုဝန်ကြီးချုပ် ဘွန်ညန်ဘိုရာချစ် ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးစဉ်ကြောင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာတောင့်တင်းလာမည်ဟု မျှော်လင့်ကြောင်းသမ္မတ အာရိယိုက ဧပြီလ ၂၉ ရက်နေ့က ပြောကြားသည်။ ယခုနှစ်ဖေဖော်ဝါရီလက လာအိုနိုင်ငံသို့ ဖိလစ်ပိုင်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး သွားရောက်လည်ပတ်စဉ် လာအိုအစိုးရက ခင်မင်ရင်းနှီးစွာ ဆက်ဆံခဲ့၍ ကျေးဇူးတင်ကြောင်း အာရိယိုကပြောကြားသည်။ လာအိုဝန်ကြီးချုပ် ဗိုရာချစ်ကပြန်လည်ပြောကြားရာတွင်မိမိနှင့် ဇနီးအဖွဲ့ဝင်များကိုဖိတ်ကြားပြီး နွေးထွေးခင်မင်စွာဆက်ဆံ၍ကျေးဇူးတင်ကြောင်း၊ မိမိ၏ခရီး

ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမဂါပါဂါလ်အာရိုယို

စဉ်မှာ ပထမဆုံးခရီးစဉ်ဖြစ်စေကာမူ ဖိလစ်ပိုင်နိုင်ငံမှာ တောင့်တင်းခိုင်မာသော လူမှုစီးပွားရေးဖွဲ့ဖြိုးတိုးတက်နေသည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ ဖိလစ်ပိုင်နှင့်လာအိုနိုင်ငံတို့သည် ၁၀ နိုင်ငံပါဝင်သောအာဆီယံအဖွဲ့ဝင်များဖြစ်ကြပြီး စားနပ်ရိက္ခာထုတ်လုပ်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းတို့တွင် ယခင်နှစ်ကသဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။

ဖိလစ်ပိုင်အစိုးရက ဆောင်ရွက်မည့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုအစီအစဉ်ကို အကူအညီပေးရန် ကမ္ဘာ့ဘဏ်ကဖိလစ်ပိုင်နိုင်ငံအား အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ထက်မနည်းကို သုံးနှစ်အစီအစဉ်ဖြင့် ထုတ်ချေးကြောင်းသမ္မတရုံးကလွန်လ ၁၄ ရက်နေ့တွင် ကြေညာသည်။ နိုင်ငံတောင်ပိုင်းတွင် ငြိမ်းချမ်းရေးအထောက်အကူပြုရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးလုပ်ငန်းဝန်းကျင်ခိုင်မာစေရန် ဆင်းရဲနွမ်းပါးမှုကိုဝန်ဆောင်မှုပေးသောလုပ်ငန်းတိုးတက်စေရန် ဆောင်ရွက်ဆဲကာလ၌ ကမ္ဘာ့ဘဏ်ကစူးစမ်းလေ့လာမှုနှင့် နည်းပညာအကူအညီပေးသွားရန် စီစဉ်ထားသည်။ ဖိလစ်ပိုင်နိုင်ငံအား ထုတ်ချေးသောငွေမှာ ဒေါ်လာသန်း ၁၇၀၀ ဖြစ်နိုင်သည်ဟု ကမ္ဘာ့ဘဏ်ကပြောသည်။ ဇူလိုင်လ ၁ ရက်နေ့မှစ၍ ဖိလစ်ပိုင်နိုင်ငံသို့ကမ္ဘာ့ဘဏ်က ငွေထုတ်ချေးသောအစီအစဉ် စမည်ဖြစ်သည်။

သမ္မတအာရိုယိုသည် မကွာဆီကိုနိုင်ငံ လော့စ်ကာဘို့စ်မြို့၌ ကျင်းပသော ၁၁ ကြိမ်မြောက် အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့(အေပက်)၏ ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်ရန် အောက်တိုဘာလ ၂၆ ရက်နေ့တွင် မနီလာမြို့မှ ထွက်ခွာသွားခဲ့သည်။ သမ္မတအာရိုယိုသည် ဟိုနိုလူလူမြို့၌ ခေတ္တရပ်နား၍ အမေရိကန်ပစိဖိတ်စစ်ဌာနချုပ် ဗိုလ်ချုပ်ကြီးသောမတ်စ်ဖာဂို့တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အခြားခေါင်းဆောင်များနှင့်အတူ အာရိုယိုသည်အမေရိကန်သမ္မတကျော့ဘုရှ်နှင့် တွေ့ဆုံခဲ့သည်။ ဩစတြေးလျှံနိုင်ကြီးချုပ် ဂျွန်ဟောင်းဝပ်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် နယူးဇီလန်ဝန်ကြီးချုပ် ဟီလင်ကလပ်တို့နှင့်လည်း တွေ့ဆုံခဲ့သည်။

ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အထူးသဖြင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ပြုလုပ်သွားရန် သဘောတူညီခဲ့ကြသည်။ ဗီယက်နမ်သမ္မတ ထရန်ဒတ်လောင်နှင့် ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတအာရိုယိုတို့ ဟနွိုင်းမြို့တွင် နိုဝင်ဘာလ ၆ ရက်နေ့က တွေ့ဆုံဆွေးနွေးစဉ် ယင်းကဲ့သို့သဘောတူညီလိုက်ကြခြင်းဖြစ်သည်။ လုံခြုံရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ သတင်းဖလှယ်ရေးနှင့်အကြမ်းဖက်ဝါဒပူးပေါင်းတိုက်ဖျက်ရေးတို့ ပိုမိုခိုင်မာတောင့်တင်းအောင် ဆောင်ရွက်သွားရန်လည်း နှစ်ဦးနှစ်ဖက်သဘောတူညီမှု ရရှိခဲ့ကြသည်။ ဗီယက်နမ်၊ ဖိလစ်ပိုင်ရာဇဝတ်မှုတိုက်ဖျက်ရေး သဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်သွားရန်နှင့် ရာဇဝတ်မှုချုပ်ငြိမ်းရေးနှင့်နှစ်နိုင်ငံအကြား တရားရေးကဏ္ဍတွင် အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်များကိုလည်း လက်မှတ်ထိုးချုပ်ဆိုခဲ့ကြသည်။

အမြဲတမ်းစစ်အခြေစိုက်စခန်းထားရှိမှုကို ခွင့်မပြုသော်လည်း ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွက် အမေရိကန်စစ်သားများ ဖိလစ်ပိုင်တွင် ရှိနေသေးသည်

သမ္မတအာရိယိုနှင့် ဥည့်သည်တော်ရုရှားနိုင်ငံခြားရေးဝန်ကြီး အီကောအိုင်ဗာနော့တို့သည် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံမှု ကဏ္ဍအားလုံးအထူးသဖြင့် အကြမ်းဖက်ဝါဒဆန့်ကျင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့တွင် ပိုမိုခိုင်မာတောင့်တင်းအောင် ပူးပေါင်းဆောင်ရွက်သွားရန် ဒီဇင်ဘာလ ၁၆ ရက်နေ့က သဘောတူညီခဲ့ကြသည်။ နှစ်နိုင်ငံအကြားကူးသန်းရောင်းဝယ်ရေးနှင့် အပြန်အလှန်ဆက်ဆံရေး တိုးတက်စေရန် ရုရှားနိုင်ငံက စိတ်ဝင်စားကြောင်းကိုလည်း ရုရှားနိုင်ငံခြားရေးဝန်ကြီး အိုင်ဗာနော့က အလေးထားပြောကြားခဲ့သည်။

စီးပွားရေး - ဖိလစ်ပိုင်နိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုမှာ ယခင်နှစ်ပထမသုံးလပတ်က မက်ထရစ်တန် ၂ ဒသမ ၈၁ သန်းရှိခဲ့ရာမှ ယခုနှစ်ပထမသုံးလတွင် ၁၀ ဒသမ ၆ ရာခိုင်နှုန်းတိုးလာမည်ဟု မျှော်လင့်ရသည်။ တောင်သူလယ်သမားများ ဆန်စပါးမျိုးကောင်းမျိုးသန့်များရရှိခြင်း၊ ဆန်စပါးစိုက်ပျိုးနိုင်မည့် ရေသွင်းဧရိယာ ၁၁ ဒသမ ၁ ရာခိုင်နှုန်းတိုးလာခြင်း စသည်တို့ကြောင့် မျှော်မှန်းချက်အတိုင်းဖြစ်လာနိုင်ဖွယ်ရှိသည်ဟု ဖိလစ်ပိုင်လယ်ယာစိုက်ပျိုးရေးဝန်ကြီး လီယိုနာဒိုမွန်တီမာယာက ပြောကြောင်း ဇန်နဝါရီလ ၇ ရက်နေ့တွင် ဖိလစ်ပိုင်သတင်းဌာနက ဖော်ပြသည်။ ယခုနှစ်ပထမသုံးလတွင် ရေသွင်းစိုက်ပျိုးသောဧကစပါးစိုက်ဧရိယာ ဟတ်တာ ၆၈၀၀၀ နှင့် မိုးစပါးဧရိယာ ဟက်တာ ၁၅၀၀၀ ရှိနေခြင်းကြောင့် ယခင်နှစ်ပထမသုံးလရိတ်သိမ်းခဲ့သော စပါးဧရိယာ ဟက်တာ ၉၃၂၀၀၀ ထက် ဧရိယာပိုလာမည်ဟု လယ်ယာစိုက်ပျိုးရေးဗျူရိုမှ ထုတ်ပြန်သောစာရင်းဇယားများတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်အစိုးရက နိုင်ငံအတွင်းဆင်းရဲနွမ်းပါးမှု လျော့နည်းပျောက်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက်အများအပြားအောင်မြင်လျက်ရှိသည်ဟု သမ္မတဂလိုရီယာမဂါပါဂါးလ်အာရိယိုက ဇန်နဝါရီလ ၁၂ ရက်နေ့က ပြောကြားခဲ့သည်။ အပတ်စဉ်ပြုလုပ်နေကျ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်တွင် သမ္မတအာရိယိုက ပြောကြားရာ၌ ယခင်နှစ်ကစီးပွားရေးအသင့်အတင့်ကောင်းမွန်လာ၍ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး အစီအစဉ်ကို အစိုးရကအရှိန်မြှင့်ဆောင်ရွက်နိုင်ခဲ့သည်။ မူလက လယ်ယာမြေ ဟက်တာ တစ်သိန်းအထိ ခွဲဝေပေးနိုင်ခဲ့ပြီး ကျန်ရှိနေသော ဟက်တာမြေဧက ၃၀၀၀၀ ကိုလည်း ငွေကြေးရရှိလျှင်ဆက်လက်ခွဲဝေပေးသွားမည်။ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ ရင်ဆိုင်နေရသော အခက်အခဲဆုံးပြဿနာမှာ မနီလာမြို့တော်တွင် နေထိုင်ကြသူများ

အပါအဝင် အိုးအိမ်မဲ့သူများအတွက် နေအိမ်ရရှိရေး ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးသည် ၂၀၀၂ ခုနှစ် ပထမသုံးလပတ်တွင် ၃ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်း ယခင်နှစ်ပထမသုံးလကထက် ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးလာကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသားစာရင်းနှင့် သန်းခေါင်စာရင်းဘုတ်အဖွဲ့က မေလ ၃၀ ရက်နေ့တွင် ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းထုတ်ကုန်စုစုပေါင်း (ဂျီဒီပီ) သိသိသာသာတိုးတက်လာသည်။ ဝန်ဆောင်မှုကဏ္ဍတွင် အားကောင်းလာခြင်းကြောင့် အစိုးရရည်မှန်းထားသော တိုးတက်မှု ၃ ဒသမ ၆ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအကြား ရရှိရမည်ဆိုသောဘောင်အတွင်းမှ တိုးတက်လာခဲ့ခြင်းဖြစ်သည်။ ဝန်ဆောင်မှုကဏ္ဍမှာ ဂျီဒီပီတိုးတက်မှုနှုန်းအား လုံး၏ ၆၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ပြည်ပမှရငွေအပါအဝင် စုစုပေါင်းပြည်တွင်းထွက်ကုန်သည် ယခုနှစ်ပထမသုံးလတွင် ၄ ဒသမ ၉ ရာခိုင်နှုန်းတိုးလာသည်။ ၂၀၀၁ ခုနှစ် ပထမသုံးလတွင် စုစုပေါင်းပြည်တွင်းထွက်ကုန်သည် ၃ ဒသမ ၄ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးသည် ကမ္ဘာ့စီးပွားရေးဝန်းကျင်စိန်ခေါ်မှု ကြားကပင်မျှော်လင့်ထားသော ၃ ဒသမ ၄ ရာခိုင်နှုန်းထက်ပို၍ မြင့်တက်ခဲ့သည်။

ပို့ကုန်ဖွံ့ဖြိုးရေးစီမံကိန်းသစ်ကို ဇွန်လ ၁၀ ရက်နေ့တွင် သမ္မတအာရိယိုကအတည်ပြုပေးလိုက်ရာ ယင်းအစီအစဉ်မှာ ၂၀၀၂ မှ ၂၀၀၄ ခုနှစ်အထိ ဖိလစ်ပိုင်နိုင်ငံ၏ ပို့ကုန်ဆိုင်ရာ မဟာဗျူဟာကို ရုပ်လုံးဖော်သောစီမံကိန်းပင် ဖြစ်သည်။ သမ္မတနှုန်းတော်တွင် ကျင်းပသောပို့ကုန်ဖွံ့ဖြိုးရေးကောင်စီသုံးလပတ်အစည်းအဝေး၌ မဟာဗျူဟာနှင့်လုပ်ငန်းညွှန်ကြားချက်များကို ရှင်းလင်းတင်ပြပြီးနောက် ယင်းစီမံကိန်းကို ချက်ချင်းအတည်ပြုလိုက်ခြင်း ဖြစ်သည်။ ယင်းစီမံကိန်းအရ ဖိလစ်ပိုင်နိုင်ငံ ပို့ကုန်တိုးတက်သော ၂၀၀၁ ခုနှစ်တွင် ၁၁ ရာခိုင်နှုန်းရှိပြီး ၂၀၀၃ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်းရှိကာ ၂၀၀၄ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းရှိရန်ဖြစ်သည်။ ထိုပို့ကုန်တိုးတက်မှုနှုန်းမှာ ယခင်လျာထားသည်ထက် မြင့်မားကြောင်း၊ အခြေအနေပေါ်မူတည်၍ သတ်မှတ်နှုန်းအတိုင်း ဖြစ်လာမည်ဖြစ်ကြောင်း သမ္မတအာရိယိုကပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင်းသို့ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်လာခြင်းမှာ ယခင်နှစ်ကဤအချိန်ကာလထက် နှစ်ဆနီးပါးရှိခဲ့သည်ဟု ဖိလစ်ပိုင်ဗဟိုဘဏ်က ကြေညာကြောင်း ဖိလစ်ပိုင်သတင်းဌာနက ဩဂုတ်လ ၉ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ ယခင်နှစ်က ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၈၀၈ သန်းရှိခဲ့ပြီး ယခုနှစ်တွင် ဒေါ်လာ ၁ ဒသမ ၅၀၄ ဘီလီယံအထိ တိုးတက်လာခဲ့သည်။ ယခုနှစ် ပထမလေးလအတွင်း ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာ ၁ ဒသမ ၆၉ ဘီလီယံစီးဝင်မှုအဖြစ်သို့ ပြောင်းပြန်ပြောင်းလဲသွားသည်။ ယင်းသို့ဖြစ်ရခြင်းမှာ နိုင်ငံခြားငွေကြေး သတ်မှတ်တန်ဖိုးရှိသော ကြွေးမြီအာမခံစာချုပ်များ၌ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြင့်လာခြင်း ကြောင့် ဖြစ်သည်။ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလနှင့် မတ်လအတွင်း၌ အမေရိကန်ဒေါ်လာ ၂ ဘီလီယံတန်ဖိုးရှိသော အာမခံစာချုပ်များကို ဘတ်ဂျက်အထောက်အကူပြုရန် အစိုးရကထုတ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ စုစုပေါင်း တိုင်းပြည်ထုတ်ကုန် (ဂျီဒီပီ) သည် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့က မျှော်မှန်းထားသော ၄ ဒသမ ၅ ရာခိုင်နှုန်းထက် ကျော်လွန်နေသည်။ ဂျီဒီပီတိုးတက်မှုနှုန်းကို ၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် စုစုပေါင်းအမျိုးသားထုတ်ကုန် (ဂျီအင်ပီ) တိုးတက်နှုန်းကို ၅ ဒသမ ၂ ရာခိုင်နှုန်းအသီးသီးသတ်မှတ်ထားသော်လည်း ဖိလစ်ပိုင်နိုင်ငံ၏စီးပွားရေးမှာ အစိုးရ၏ တစ်နှစ်လုံးအတွက်သတ်မှတ်ထားသော တိုးတက်မှုနှုန်းကို ပြည်မီအောင် ဖြည့်ဆည်းနိုင်မည့် အခြေအနေရှိနေသည်ဟု လူမှုစီးပွားစီမံကိန်းရေးဆွဲရေးဝန်ကြီး ဒန်တစ်ကီလာက ဩဂုတ်လ ၂၉ ရက်နေ့တွင် ပြောကြားသည်။ ၂၀၀၂ ခုနှစ် ပထမခြောက်လတွင် စီးပွားရေးပျမ်းမျှတိုးတက်မှုနှုန်းမှာ ဂျီဒီပီတွင် ၄ ဒသမ ၁ ရာခိုင်နှုန်းရရှိနေပြီး ဂျီအင်ဒီတွင် ၄ ဒသမ ၇ ရာခိုင်နှုန်း ရရှိထားပြီဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုနှုန်းလျာထားချက်မှာ ဂျီဒီပီအတွက် ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်း၊ ဂျီအင်ပီအတွက် ၄ ဒသမ ၅ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ ၂၀၀၁ ခုနှစ် အောက်တိုဘာလတွင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၉၄၁ ဘီလီယံရှိခဲ့ရာမှ ၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် ၂ ဒသမ ၆ ရာခိုင်နှုန်း အထိ တိုးပြီး စုစုပေါင်းအမေရိကန်ဒေါ်လာ ၃ ဒသမ ၀၁၆ ဘီလီယံအထိရှိလာကြောင်း ဖိလစ်ပိုင်အမျိုးသားစာရင်းအင်းဌာနက ဒီဇင်ဘာလ ၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ ၂၀၀၂ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဖိလစ်ပိုင်နိုင်ငံ၏ပြည်ပပို့ကုန်မှာ ၂၀၀၁ ခုနှစ် အလားတူကာလကထက် ၈ ဒသမ ၁ ရာခိုင်နှုန်းတိုးပြီး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၀၄၉ ဘီလီယံအထိ ရှိခဲ့၍ ၂၀၀၁ ခုနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၈၇၅ ဘီလီယံသာ ရှိခဲ့သည်။ အောက်တိုဘာလတွင် အီလက်ထရွန်နစ်ပစ္စည်းများ ပြည်ပပို့ရာမှ ရရှိငွေမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅၆ ဘီလီယံရရှိခဲ့သည်။ ယခင်နှစ်က အလားတူကာလကထက် ၈ ဒသမ ၅ ရာခိုင်နှုန်းတိုးလာကာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၂ ဘီလီယံသာ ရှိခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

မူးယစ်ဆေးဝါးအရေး - ဖိလစ်ပိုင်နိုင်ငံတွင် တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု သုံးစွဲမှုတို့ကို တိုက်ဖျက်ရာတွင် အစိုးရအား အခွင့်အာဏာပိုပေးမည့်ဥပဒေတစ်ရပ်ကို သမ္မတအာရိယိုက ဇွန်လ ၇ ရက်နေ့က လက်မှတ်ရေးထိုးခဲ့သည်။ အသစ်ပြဋ္ဌာန်းလိုက်သော ၂၀၀၂ ခုနှစ်အန္တရာယ်ရှိသော မူးယစ်ဆေးဝါးအသစ် ပြဋ္ဌာန်းလိုက်သော ၂၀၀၂ ခုနှစ် အန္တရာယ်ရှိသောမူးယစ်ဆေးဝါးဥပဒေအရ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှုနှင့် သုံးစွဲသူများအား ပိုမိုကြီးလေးသော ပြစ်ဒဏ်များချမှတ်နိုင်မည်ဖြစ်သည့်ပြင် လူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးသွားနိုင်မည်ဖြစ်ကြောင်း သမ္မတနန်းတော်၏ ထုတ်ပြန်သောကြေညာချက်၌ ဖော်ပြထားသည်။ ယင်းဥပဒေအရ မူးယစ်ဆေးဝါးရောင်းချသူ၊ ကုန်သွယ်သူ၊ သယ်ဆောင်သူ၊ ပြည်ပမှတင်သွင်းသူနှင့် ဆက်နွယ်သူများအား အပြစ်ရှိကြောင်း တရားရုံးကတွေ့ရှိပါက သေဒဏ်စီရင်ချက်ချမှတ်မည်ဖြစ်သည်။ ထို့ပြင် ရှာဘူ (မိတဖိတာမင့် ဟိုက်ဒရိုကလိုရိုဒ်) ဂရမ် ၅၀၊ ဆေးခြောက်ဂရမ် ၅၀၀၊ ဘိန်း၊ မော်ဖိန်း၊ ဘိန်းဖြူ။ ကိုကင်းအယ်စတာစိန့် အခြားအန္တရာယ်ရှိသော မူးယစ်ဆေးဟု သတ်မှတ်သောပစ္စည်းတစ်ခုခု ပိုင်ဆိုင်ထားရှိသူများအား အလားတူသေဒဏ်စီရင်သွားမည်ဖြစ်သည်။ သို့သော် အထက်ဖော်ပြပါ ပစ္စည်းအရေအတွက်အောက်လျှော့နည်းပိုင်ဆိုင်သူများကိုမူ ထောင်ဒဏ်တစ်သက်စီရင်သွားမည်ဟုဆိုသည်။

နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးမှောင်ခိုဂိုဏ်းများနှင့် ပြည်တွင်းမူးယစ်မှောင်ခိုဂိုဏ်းများကို အရှိန်မြှင့်တိုက်ခိုက်ချေမှုန်းသွားရန် သမ္မတဂလိုရီယာမကာပါဂါးလ်အာရိယိုက ဩဂုတ်လ ၃၁ ရက်နေ့တွင် အမိန့်ပေးခဲ့သည်။ မနီလာမြို့ အမျိုးသားရဲတပ်ဖွဲ့ဌာနချုပ်၌ ဖိလစ်ပိုင်မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့က ကြီးမှူးကျင်းပသော ထောက်လှမ်းရေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော မူးယစ်ဆေးဝါးနှိမ်နင်းရေးအရာရှိများထံ ပေးပို့သောသဝဏ်လွှာ၌ ဤအမိန့်ကိုဖော်ပြထားသည်။

မူးယစ်ဆေးဝါးဂိုဏ်းများကို နှိမ်နင်းရာတွင် အကူအညီပေးရန် ရဲအဖွဲ့၊ အမျိုးသားထောက်လှမ်းရေးအဖွဲ့နှင့် အခြားဥပဒေစောင့်ထိန်းရေး အေဂျင်စီများကိုလည်း ဆော်သြထားသည်။ ဖိလစ်ပိုင်နိုင်ငံတွင် အသုံးများသောမူးယစ်ဆေးမှာ မီသာဖီတမင်းဟိုက်ဒရိုကလိုရိုက်ဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သူ လူ ၂၆၀၀၀ ကို ဖမ်းဆီးခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

မက်သာဖက်တမင်းဟိုက်ထရိုကလိုရိုက်နှင့် ဆေးခြောက်စုစုပေါင်း အလေးချိန်ကီလို ၃၀၀ ကျော် မီးရှို့ဖျက်ဆီးသောအစီအစဉ်ကို အောက်တိုဘာလ ၁၀ ရက်နေ့က နိုင်ငံမြောက်ပိုင်းလာဝူနာပြည်နယ်တွင်ကျင်းပရာ သမ္မတ ဂလိုရီယာမကာပါဂါးလ်အာရိယိုက တက်ရောက်ခဲ့သည်။ မက်သာဖက်တမင်းဟိုက်ထရိုကလိုရိုက် ၁၉၈ ကီလိုနှင့် ဆေးခြောက် ၁၁၂ ကီလိုကို ဖျက်ဆီးခြင်းမှာ အသစ်အတည်ပြုထားသော ၂၀၀၂ ခုနှစ်အန္တရာယ်ရှိသော မူးယစ်ဆေးဝါးဆိုင်ရာအက်ဥပဒေအရ တရားမဝင်မူးယစ်ဆေးဝါးများကို ပထမဆုံးအကြိမ် မီးရှို့ဖျက်ဆီးခြင်းဖြစ်သည်။ မကြာမီမူးယစ်ဆေးဝါး ၁ ဒသမ ၄ တန်ခန့်ကိုလည်း မီးရှို့ဖျက်ဆီးမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ် ဖိလစ်ပိုင်နိုင်ငံတွင် မုတ်သုံမိုးရွာသွန်းမှုကြောင့် ရေကြီးမြေပြိုမှုများ ဖြစ်ပွားရာ လူခုနစ်ဦးထက်မနည်းသေဆုံးပြီး လူ ၃၀၀၀ ကျော်မှာ နေအိမ်များကိုစွန့်ခွာသွားကြရကြောင်း အရာရှိတစ်ဦးက ဇူလိုင်လ ၇ ရက်နေ့က ပြောကြားသည်။ ဇူလိုင်လ ၇ ရက်နေ့ကစပြီး တိုက်ခတ်သော ဂလိုရီယာတိုင်ဖုန်းမုန်တိုင်းကြောင့် တောင်ကိုရီးယားလမျိုးငါးဦးအပါအဝင် စုစုပေါင်း လူ ၂၁ ဦး သေဆုံးခဲ့သည်။ လူ ၃၀ ခန့် ဒဏ်ရာရပြီး ၂၀၀၀ ခန့် ရေမြုပ်နေအိမ်များကို စွန့်ခွာခဲ့ကြရသည်။ ဒုက္ခသည်အများအပြားကို စာသင်ကျောင်းများ၊ အစိုးရအဆောက်အဦများ၌ ဖွင့်လှစ်ထားသော ယာယီစခန်းများသို့ ရွှေ့ပြောင်းပေးထားရသည်။ ယင်းမုန်တိုင်းသည် တစ်နာရီကီလိုမီတာ ၁၇၀ အထိတိုက်ခတ်ပြီး ဂျပန်နိုင်ငံတောင်ပိုင်းသို့ ရွှေ့လျားရာတွင် အရှေ့တောင်အာရှကျွန်းဆွယ်၌ မိုးသည်းထန်စွာရွာသွန်းစေခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် မကြာမီက ရေကြီးမှုများနှင့် ဂလိုရီယာတိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ သန်းထက်မနည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဖိလစ်ပိုင်လယ်ယာစိုက်ပျိုးရေးဝန်ကြီး ပီယိုနာဒိုမွန်တီမေယာက ဇူလိုင်လ ၁၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

သင့်ဘဝ - ဦးရဲလွင်

ပီယက်နမ်နိုင်ငံ။ ။ ပီယက်နမ်ကွန်မြူနစ်ပါတီမှ ဩဇာအရှိန်အဝါကြီးမားသူ ထရန်ဒတ်လောင်းအား ပီယက်နမ်သမ္မတအဖြစ် နောက်ထပ်ငါးနှစ်သက်တမ်းတာဝန်ထမ်းဆောင်ရန် ဇူလိုင်လ ၂၃ ရက်နေ့တွင် ပြန်လည်တင်မြှောက်ခဲ့သည်။ မစ္စတာ ငုယင်ဗန်အန်ကို ပီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ထပ်မံရွေးချယ်တင်မြှောက်ခဲ့သည်။ ဇူလိုင်လ ၂၃ ရက်နေ့က ကျင်းပသော ၁၁ ကြိမ်မြောက် ပီယက်နမ်အမျိုးသားလွှတ်တော် ပထမအစည်းအဝေးတွင် ယင်းကဲ့သို့ ရွေးချယ်တင်မြှောက်လိုက်ခြင်းဖြစ်သည်။

ကျင်းပဆဲ ၁၁ ကြိမ်မြောက် ပီယက်နမ်အမျိုးသားလွှတ်တော် ပထမအစည်းအဝေးတွင် အစိုးရအဖွဲဝင် ဝန်ကြီးသစ်များစာရင်းကို ဩဂုတ်လ ၅ ရက်နေ့က အတည်ပြုခဲ့သည်။ အစိုးရအဖွဲသစ်တွင်

ဌယင်တန်ဒွန်းနှင့် ဖမ်ဂီယာမီယမ်တို့က လက်ရှိဒုတိယဝန်ကြီးချုပ်များနေရာ၌ ဆက်လက်တာဝန်ယူရပြီး ယခင်ကုန်သွယ်ရေးဝန်ကြီး မူဆွန်သည်လည်း ဒုတိယဝန်ကြီးချုပ် ဖြစ်လာသည်။ မီအီထရပ်ကို သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးအဖြစ် ဒူထရွန်တာကို စာတိုက်နှင့်ကြေးနန်းဝန်ကြီးအဖြစ် လီသီဘူးကို လူဦးရေမိသားစုနှင့်ကလေးသူငယ်များရေးရာ ကော်မတီဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခဲ့သည်။ ယင်းဝန်ကြီးများမှာ ဝန်ကြီးသစ်များဖြစ်၍ အစိုးရအဖွဲ့ ဝန်ကြီးသစ်များကို စာရင်းတွင်အစားထိုးခန့်ထားသော ဝန်ကြီး ၁၁ ဦးနှင့် ဝန်ကြီးဟောင်း ၁၂ ဦးတို့ ပါဝင်သည်။

နိုင်ငံတော်ပို့ကုန်မြှင့်တင်ရေးနှင့် အခွန်ငွေတိုးတက်ရရှိရေးတို့ကို အဓိကဦးတည်လျက် လူမှုစီးပွားပြန်လည်ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို အရှိန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထုတ်ကုန်အရည်အသွေးမြှင့်တင်ရေး၊ ထုတ်လုပ်မှုစရိတ်လျော့ချရေးနှင့် ပင်လယ်ရပ်ခြားဈေးကွက်ပိုမိုရှာဖွေရေးတို့အတွက် ခေတ်မီယန္တရားများကို တိုးမြှင့်သွားမည်ဟု ဒုတိယဝန်ကြီးချုပ် ဗူခိုအင်က ၁၁ ကြိမ်မြောက် အမျိုးသားလွှတ်တော် ပထမအစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ ပီယက်နမ်နိုင်ငံ၏ ထုတ်လုပ်မှုနှင့်စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် စီးပွားရေးကဏ္ဍအားလုံးရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့ကို အလေးပေးခြင်း၊ မှောင်ခိုရောင်းဝယ်မှု တားဆီးကာကွယ်ခြင်း၊ အခွန်ရှောင်မှုနှင့် မသမာသောကုန်သွယ်မှုတို့ကို ကာကွယ်တားဆီးမှုများပြုလုပ်ကာ ပြည်တွင်းအခွန်နှုန်း တိုးမြှင့်ရရှိအောင် သင့်လျော်သောမူဝါဒများ ချမှတ်ဆောင်ရွက်သွားမည့်ကိစ္စကိုလည်း ဒုတိယဝန်ကြီးချုပ် ဗူခိုအင်က သဘောတူသည်။ လယ်ယာထွက်ပစ္စည်းဈေးနှုန်းများ တည်ငြိမ်စေရေး၊ ကျေးလက်ဒေသနှင့် တောင်တန်းဒေသများရှိ ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့ကို တိုက်ဖျက်နိုင်အောင် ဆောင်ရွက်နိုင်ရေးတို့အတွက် အဓိကကျသောအစီအစဉ်များကိုလည်း အဓိကထားပြောကြားခဲ့သည်။

ပီယက်နမ်အစိုးရ၏ လက်ရှိအားနည်းချက်များကို ကျော်လွှားနိုင်ရန် မူဝါဒဖော်ဆောင်မှုများကို ပိုမို

ကျွမ်းကျင်စွာဆောင်ရွက်သွားကြရန် ဗီယက်နမ် ဝန်ကြီးချုပ်ဖန်ဗန်ခိုင်က စက်တင်ဘာလ ၄ ရက်နေ့ တွင် ဆော်သြခဲ့သည်။ လွန်ခဲ့သော ၂ နှစ်အတွင်း ဗီယက်နမ်စီးပွားရေးမှာ အခြားဒေသတွင်းနိုင်ငံများ၏ စီးပွားရေးနှင့်နှိုင်းယှဉ်ပါက ပိုမိုမြင့်မားစွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ သို့ရာတွင် နိုင်ငံတော်၏စီးပွားရေးတိုးတက်မှုနှုန်းမှာ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် သတ်မှတ်လျာထားချက်များကို ပြည့်မီအောင် မဆောင်ရွက်နိုင်ခဲ့ပါ။ စီးပွားရေးအဖွဲ့အစည်းများ ပြန်လည်ထူထောင်ခြင်းနှင့် အုပ်ချုပ်ရေးပြုပြင် ပြောင်းလဲမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက် သွားရန် အစိုးရကသန္နိဋ္ဌာန်ချထားသည်စသဖြင့် ဝန်ကြီးချုပ် ဖန်ဗန်ခိုင်က အစိုးရအဖွဲ့အစည်းအဝေး တွင် ပြောကြားခဲ့သည်။

၂၀၀၂ ခုနှစ်အတွင်း ပြည်တွင်းပြည်ပတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများရှိနေစေကာမူ ဗီယက်နမ်နိုင်ငံ၏စီးပွားရေး တိုးတက်မှုနှုန်းမှာ ၇ ရာခိုင်နှုန်းအထိ စံချိန်တင်ခဲ့ရာ ၂၀၀၁ ခုနှစ်ကထက် မြင့်တက်ခဲ့သည်ဟု ဗီယက်နမ်ကွန်မြူနစ်ပါတီဗဟို ကော်မတီ၏ ခုနစ်ကြိမ်မြောက် မျက်နှာစုံညီအစည်း အဝေးကြေညာချက်၌ ဖော်ပြထားသည်။ ယင်း အစည်းအဝေးကို နှိုဝင်ဘာလ ၇ ရက်နေ့မှ ၉ ရက်နေ့ အထိ ဟနွိုင်းမြို့၌ ကျင်းပခဲ့သည်။ အမျိုးသား လွှတ်တော်က အတည်ပြုထားသော လူမှုစီးပွားရေး လျာထားချက်များ အားလုံးနီးပါးကို ဖြည့်စွမ်းပေးရုံ မက သာလွန်၍ဖြည့်စွမ်းပေးခဲ့သည်။ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် ငွေကြေးအရင်းအမြစ်များကို ပို၍စုဆောင်းခဲ့သည်။ စီးပွားရေးအဆောက်အအုံ အထူးသဖြင့် စိုက်ပျိုးရေးတွင်အပြုသဘောဆောင် သော ကနဦးပြောင်းလဲမှုများ ရှိသည်။ ကနဦး ခန့်မှန်းထားသောဘတ်ဂျက်ထက် ကျော်လွန်ပြီးငွေ ကြေးနှင့်ဘဏ္ဍာလုပ်ငန်းများတွင် တိုးတက်မှုများ ရှိခဲ့ သည်။ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် အလုပ် အကိုင်ဖော်ထုတ်ရေး အစီအစဉ်မှာ အရှိန်ရလာပြီး ပညာရေး၊ လေ့ကျင့်သင်ကြားရေးနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများကို ပိုမိုအာရုံစိုက်ခဲ့သည်။

ဝန်ကြီးချုပ်ဖန်ဗန်ခိုင် ၎င်း၏မိတ်ဆွေသင်္ဘောအချို့နှင့် စကားလက်ဆုံကျနေစဉ်

ပြည်သူတို့၏နေထိုင်မှုအခြေအနေမှာ ဆက်တိုက်တိုး တက်ခဲ့ပြီး လူမှုရေး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးအခြေအနေတို့မှာလည်း တည်တံ့ခိုင်မြဲနေသည်ဟု ကြေညာချက်၌ဖော်ပြထားသည်။

ဗီယက်နမ်စီးပွားရေး တိုးတက်မှုနှုန်းကို ၂၀၀၃ ခုနှစ်အတွင်း၌ ၇ ရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင်နှုန်းမြှင့်တင်ရန် အရေးတယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဖန်ဗန်ခိုင်က နိုဝင်ဘာလ ၁၂ ရက်နေ့က ပြောကြားသည်။ နိုင်ငံ၏စီးပွားရေးပုံစံအသစ် ပြန်လည်ဖွဲ့စည်းရေး၊ ထုတ်လုပ်မှုစရိတ်လျှော့ချရေး၊ ထုတ်ကုန်အရည်အသွေးတိုးတက်နိုင်ရေးတို့အတွက် လုပ်သွားကြရမည်ဟု ၁၁ ကြိမ်မြောက် ဗီယက်နမ်အမျိုးသားညီလာခံဖွင့်ပွဲနေ့ မိန့်ခွန်းပြောကြားစဉ် ဝန်ကြီးချုပ်ဖန်ဗန်ခိုင်က ထည့်သွင်းပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ဝက်စ်လိတ်စ်ရေကန်အနောက်ဘက်စွန်းဒေသနှင့် မြစ်နီမြစ်မြောက်ပိုင်းဒေသတို့တွင် လူ ၇၅၀၀၀၀ နေထိုင်နိုင်သော နယူးဟန်ဒိုင်းမြို့တော်သစ်ကို ဒေါ်လာ ၃၀ ဘီလီယံအကုန်အကျခံပြီး တည်ဆောက်ရေးအစီအစဉ်ရေးဆွဲထားပြီးဖြစ်သည်။ မြေဟက်တာ ၈၈၃၀ တွင်တည်ဆောက်မည့်မြို့သစ်တိုးချဲ့ရန် ကုန်ကျငွေ ရာခိုင်နှုန်း ၇၀ ကို နိုင်ငံတော်က ထောက်ပံ့ချေးငွေများနှင့် ဖွံ့ဖြိုးရေးအကူအညီငွေများထဲမှ သုံးစွဲသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၂၀ ရက်နေ့ထုတ် ဒေသသတင်းဌာနများက ဖော်ပြသည်။ စီမံချက်ကို အဆင့်သုံးဆင့်ဖြင့် ပြုလုပ်သွားမည်ဖြစ်ရာ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် အတိုင်ပင်ခံများထံမှ နည်းပညာဆိုင်ရာ အကူအညီများ ရယူသွားမည်ဖြစ်သည်။ စီမံကိန်း ပထမအဆင့်ကို ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဆောင်ရွက်မည်ဖြစ်ပြီး အမှတ် ၅ လမ်းမကြီးတိုးချဲ့ခြင်းနှင့် မြို့တော်ဟောင်းနှင့် မြို့တော်သစ်နှစ်ခြမ်းတို့ကို ဆက်သွယ်မည့်တံတားနှစ်စင်း တည်ဆောက်ခြင်းဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို စတင်မည်ဖြစ်သည်။ စီမံကိန်းဒုတိယအဆင့်ကို ၂၀၁၅ ခုနှစ်၌ အပြီးလုပ်ဆောင်သွားမည်ဖြစ်ရာ လက်ရှိနိုင်ငံတကာ လေဆိပ်အနီး လူနေတိုက်တာအိမ်ရာတည်ဆောက်ပေးသွားမည်ဖြစ်ပြီး တတိယအဆင့် လုပ်ငန်းစီမံချက်ကို ၂၀၂၀ ပြည့်နှစ်၌ မြို့စွန်ဒေသဖွံ့ဖြိုးရေးကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်သည်။

စီးပွားရေး- ဗီယက်နမ်နိုင်ငံတွင် ယူရိုငွေကြေး (ဥရောပငွေကြေး) ကို တရားဝင်သုံးစွဲနေပြီဖြစ်ကြောင်း ဇန်နဝါရီလ ၂ ရက်နေ့ထုတ် သတင်းစာ၌ ရေးသားဖော်ပြသည်။ ဗီယက်နမ်နိုင်ငံသည် ၁ ရက်နေ့မှစ၍ ဘဏ်ငွေလဲလှယ်မှု ကိစ္စရပ်များတွင် ဥရောပငွေကြေးယူရိုငွေကို ဥရောပ ၁၂ နိုင်ငံသုံးငွေကြေးများနေရာတွင် အစားထိုးလိုက်ပြီဖြစ်သည်။ လက်ရှိ ပြင်သစ်ဖရန့်ငွေနှင့် ဂျာမန်မတ်ငွေအပ်ငွေများကိုသာ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ထုတ်ယူခွင့်ပြုထားမည်ဖြစ်သည်။ ဥရောပသမဂ္ဂဝင်နိုင်ငံများဖြစ်သော ၁၂ နိုင်ငံမှ ပြည်တွင်းသုံးငွေကြေးဟူသမျှကို ဇန်နဝါရီလ (၁) ရက်နေ့မှစ၍ ဗီယက်နမ်ဘဏ်များ၌ အပ်နှံခြင်း၊ လွှဲပြောင်းခြင်းပြုမည်မဟုတ်တော့ကြောင်း သတင်းစာ၌ရေးသားဖော်ပြထားသည်။ ဥရောပ နိုင်ငံများ၏ ပြည်တွင်းသုံးငွေများအပ်နှံခွင့်နှင့် လွှဲပြောင်းခွင့်ပြုနေခဲ့သော ဗီယက်နမ်ဘဏ်အချို့တွင် ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ယင်းငွေကြေးများလဲလှယ်ရေးအတွက် ဥရောပငွေကြေး (ယူရိုငွေ)ကို တင်သွင်းခွင့်ပြုခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၄၅၉ ခု ထပ်မံရင်းနှီးမြှုပ်နှံလုပ်ကိုင်ခဲ့ကြသဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) သည် ၂၀၀၁ ခုနှစ်၌ မြင့်တက်ခဲ့ရာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံဖိုးရှိခဲ့သည်။ နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုအရ ၂၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု ဒီဇင်ဘာလ ၃၁ ရက်နေ့ထုတ် ဗီယက်နမ်နယူးစ်သတင်းစာတွင် ရေးသားဖော်ပြသည်။ ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၂၁၀ ၏ ရင်းနှီးမြှုပ်နှံမှုငွေပင်ငွေရင်းကို တိုးမြှင့်ခဲ့ရာ အမေရိကန်ဒေါ်လာသန်း ၅၀၀ အထိ ရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံသာရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ အမှန်တကယ်ထုတ်ပေးသော ရင်းနှီးမြှုပ်နှံမှုငွေ

ပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံအထိရှိရာ နှစ်အလိုက်နိုင်းယှဉ်ချက်အရ ၃ ရာခိုင်နှုန်းမြင့်တက်လာသည် ဗီယက်နမ်နိုင်ငံ၌ အများဆုံးရင်းနှီးမြှုပ်နှံသူများတွင် တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် စင်ကာပူတို့ပါဝင်သည်။

ဗီယက်နမ်နိုင်ငံသည် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့် ငါးနှစ်စီမံကိန်းကို ရေးဆွဲပြဋ္ဌာန်းလိုက်ပြီဖြစ်သည်။ ယင်းစီမံကိန်းအရ မဲခေါင်မြစ်ဝှမ်းဒေသသည် နှစ်စဉ်စုစုပေါင်း ထုတ်ကုန်စုစုပေါင်း (ဂျီဒီပီ) တိုးတက်မှုနှုန်း ၉ ဒသမ ၈ ရာခိုင်နှုန်းရရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းတိုးတက်မှုနှုန်းသည် နိုင်ငံတစ်ဝန်း ပျမ်းမျှတိုးတက်ရမည့်နှုန်းထက် သုံးရာခိုင်နှုန်းနီးပါးပိုနေကြောင်း ဖေဖော်ဝါရီလ ၂၆ ရက်နေ့ထုတ် ဗီယက်နမ်သတင်းစာတွင် ဖော်ပြထားသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍတို့တွင် နှစ်စဉ်ခြောက်ရာခိုင်နှုန်းတိုးရမည်ဖြစ်ပြီး စက်မှုလက်မှုကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတို့တွင် နှစ်စဉ် ၁၃ ဒသမ ၅ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ၁၀ ရာခိုင်နှုန်း အသီးသီးတိုးတက်ရမည်ဖြစ်သည်။ လာမည့်ငါးနှစ်အတွင်း အလုပ်အကိုင်သစ် နှစ်သန်းခန့်ဖန်တီးပေးရမည်ဖြစ်ပြီး မဲခေါင်မြစ်ဝှမ်းဒေသ၏ တစ်ဦးချင်းဝင်ငွေသည် ၂၀၀၅ ခုနှစ်အတွင်း ပျမ်းမျှအမေရိကန်ဒေါ်လာ ၅၅၀ ရှိမည်ဖြစ်သည်။ ငတ်မွတ်ခေါင်းပါးမှု ပပျောက်စေပြီး ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု အရေအတွက် ၁၀ ရာခိုင်နှုန်းနှင့်အောက် ရောက်သွားစေနိုင်မည်ဖြစ်သည်။ ကျေးလက်ဒေသရှိ အိမ်ထောင်စုတိုင်းကို လျှပ်စစ်မာတ်အား ၈၀ ရာခိုင်နှုန်းရရှိစေမည်ဖြစ်ပြီး သောက်ရေသန့် ၆၀ ရာခိုင်နှုန်းရရှိစေမည်ဖြစ်သည်ဟု ငါးနှစ်စီမံကိန်းတွင် ရေးဆွဲပြဋ္ဌာန်းထားသည်။

ဟန္ဒိုင်းမြို့တွင် နိုင်ငံတကာကုန်စည်ပြပွဲကို ဧပြီလ ၉ ရက်နေ့က စတင်ဖွင့်လှစ်ပြသခဲ့သည်။ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များအကြား အပြန်အလှန်ကူးလူးဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ပြုလုပ်သွားရန် ရည်ရွယ်ချက်ဖြင့် ယင်းပြပွဲကို ပြသခြင်းဖြစ်သည်။ ယင်းပြပွဲမှာ ၁၂ ကြိမ်မြောက် နိုင်ငံ

ဗီယက်နမ်နိုင်ငံရှိ
စတော့ရှယ်ယာဈေးကွက်တစ်ခု
မြင်ကွင်း

တကာကုန်စည်ပြပွဲဖြစ်၍ ဗိယက်နမ်တွင်ကျင်းပခဲ့သမျှသော ကုန်စည်ပြပွဲများအနက် အကြီးကျယ်ဆုံးဖြစ်သည်။ ယင်းပြပွဲသို့ ဗိယက်နမ်နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းကဏ္ဍများအားလုံးကို ကိုယ်စားပြုသော ဗိယက်နမ်စီးပွားရေးလုပ်ငန်း ၃၃၀ နှင့် ကမ္ဘာပေါ်ရှိ နိုင်ငံနှင့်ဒေသ ၂၀ မှ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင် ၃၀၀ တို့ တက်ရောက်ပြီး ပြခန်းပေါင်း ၆၀၀ ရှိသည်။ နိုင်ငံခြားပြခန်းများတွင် တရုတ်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ အီရတ်၊ မလေးရှား၊ ပါကစ္စတန်၊ ရုရှားနှင့်ထိုင်းနိုင်ငံတို့မှ အမျိုးသားကုန်စည်ပြခန်းများလည်း ပါဝင်သည်။ ဗိယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာနက ပြပွဲကိုကြီးမှူးကျင်းပခြင်းဖြစ်၍ ယင်းပြပွဲ၌အစား၊ အဖျော်ယမကာ၊ ဓာတုပေဒပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ စက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာယန္တရားများ၊ ဆေးပစ္စည်းကိရိယာများ၊ အလှကုန်ပစ္စည်းများနှင့် လက်မှုအနုပညာလက်ရာများကို ပြသထားသည်။

ဗိယက်နမ်ပုဂ္ဂလိက စက်မှုလုပ်ငန်းကဏ္ဍသည် ၂၀၀၂ ခုနှစ် ပထမခုနစ်လတွင် ၁၉ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်လာခြင်းမှာ ဗိယက်နမ်စက်မှုကဏ္ဍဖွံ့ဖြိုးမှုတွင် အမြင့်ဆုံးဖြစ်ကြောင်း ဗိယက်နမ်စာရင်းအင်းဦးစီးဌာနမှ အစီရင်ခံစာတွင်ဖော်ပြခဲ့သည်။ ပုဂ္ဂလိကစက်မှုလုပ်ငန်း ကဏ္ဍပြီးလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်မှုနှုန်းမှာ ဒုတိယအမြင့်ဆုံးဖြစ်ပြီး ထိုကာလအတွင်း ၁၂ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်၍ နိုင်ငံပိုင်ကဏ္ဍက ၁ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့သည် စသဖြင့် အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။ ကမ္ဘာ့စီးပွားရေးနှင့်တစ်သားတည်းဖြစ်အောင် အရှိန်အဟုန်မြင့်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၈၄ ထက်မနည်းကို ၇ လအတွင်းပြင်ဆင်ဖွဲ့စည်းမှုများပြုလုပ်ခဲ့သည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၈၄ ခုအနက် လုပ်ငန်း ၇၀ ကို အစုစပ်ကုမ္ပဏီများအဖြစ် ပြောင်းလဲပြီး ကျန်လုပ်ငန်း ၁၂ ခုကို ရောင်းချကာ လုပ်ငန်းနှစ်ခုကို ငှားရမ်းလိုက်သည်ဟု အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဆက်သွယ်ရေး- ဗိယက်နမ်နိုင်ငံ၌ ၂၀၀၁ ခုနှစ်က တယ်လီဖုန်းအလုံး ၁ ဒသမ ၁၁ သန်း တပ်ဆင်ပေးခဲ့ပြီးနောက်ပိုင်း လူတစ်ရာလျှင် တယ်လီဖုန်းငါးလုံးနှုန်း သို့မဟုတ် ယခုလက်ရှိအနေအထားအရ တယ်လီဖုန်းအလုံးပေါင်း ၄ ဒသမ ၂၈ သန်း တပ်ဆင်အသုံးပြုလျက်ရှိကြောင်း ဗိယက်နမ်သတင်းစာက ဇန်နဝါရီလ ၂ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ဗိယက်နမ်နိုင်ငံတွင် တယ်လီဖုန်းနှင့်အင်တာနက်လုပ်ငန်းများအတွက် ယခင်နှစ်သတ်မှတ်ချက်ထက် ကျော်လွန်ခဲ့သည်။ နိုင်ငံအတွင်းကျေးလက်ဒေသအားလုံး၏ ၉၀ ရာခိုင်နှုန်းနီးပါး တယ်လီဖုန်းအသုံးပြုနေပြီဖြစ်သည်။ ယခုအခါ အင်တာနက်သုံးစွဲသူ ၁၆၀၀၀၀ ရှိနေပြီဖြစ်သည်။ ဗိယက်နမ်နိုင်ငံကပြည်ပနိုင်ငံများသို့ တယ်လီဖုန်းဆက်သွယ်သောမိနစ်သန်းပေါင်း ၅၄၄ သန်းအထိ ရှိခဲ့ရာတစ်နှစ်ထက်တစ်နှစ် ၁၆ ဒသမ ၂ ရာခိုင်နှုန်းတိုးခဲ့သည်။

ဗိယက်နမ် ဝန်ကြီးချုပ် ဖန်ဗန်ခိုင်သည် ၂၀၀၁-၂၀၀၅ ခုနှစ်ကာလ၌ ဗိယက်နမ်နိုင်ငံတွင် အင်တာနက်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးကိစ္စရပ်များကို အင်တာနက်မှအချိန်မရွေး လျင်လျင်မြန်မြန်လုပ်ဆောင်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။ ယင်းအစီအစဉ်ဖွံ့ဖြိုးတိုးတက်ပြီး ရည်မှန်းချက်ပြည့်စုံအောင်မြင်ပါက ၂၀၀၂ ခုမှ ၂၀၀၃ ခုနှစ်တွင် အလုပ်အကိုင်နှင့်စပ်လျဉ်းသော သင်တန်းကျောင်းများနှင့် ကောလိပ်များ၊ တက္ကသိုလ်များ၊ သုတေသနသိပ္ပံအားလုံး အင်တာနက်နှင့်ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လူ ၁၀၀ လျှင် အင်တာနက်နှင့်စပ်လျဉ်းသောအလှူငွေထည့်ဝင်သူ ၁ ဒသမ ၃ မှ ၁ ဒသမ ၅ ရှိလာမည်ဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် အင်တာနက်အသုံးပြုသူ ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး - ဗိယက်နမ်နိုင်ငံသည် ဂျပန်နိုင်ငံနှင့် အပြန်အလှန်ရေရှည်အကျိုးရှိမည့် ဆက်ဆံရေးကို တိုးမြှင့်လုပ်ဆောင်သွားရန်ဆန္ဒရှိကြောင်း ဗိယက်နမ်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဥယင်ဗန်အန်က ဂျပန်အောက်လွှတ်တော်ဥက္ကဋ္ဌ တာမီဆူကီဝါတာနုကီနှင့် ဟန္နိုင်းမြို့တွင် ဇန်နဝါရီလ ၁၀ ရက်နေ့က တွေ့ဆုံဆွေးနွေးစဉ် ထုတ်ဖော်ပြောကြားသည်။ ဂျပန်နိုင်ငံမှ အကူအညီများ ပိုမိုရရှိရန်

အထူးသဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) သို့ ပူးပေါင်းကြိုးပမ်းရာ၌ ဂျပန်နိုင်ငံ၏အကူအညီ ရရှိရန် မျှော်လင့်သည်။ ဂျပန်နိုင်ငံနှင့် ဗိယက်နမ်နိုင်ငံတို့၏ ဥပဒေအဖွဲ့အစည်းများ ပိုမိုရင်းနှီးစွာ ဆက်ဆံသွားရန် မျှော်လင့်ထားပြီး အနာဂတ်နှစ်နိုင်ငံ ဥပဒေအဖွဲ့အစည်းများ၊ အတွေ့အကြုံများကို ဖလှယ်သွားမည်ဟု မျှော်လင့်သည်ဟု မစ္စတာအန်က ပြောကြားသည်။ တာမီဆူကိုဝါတာနုကိသည် ဗိယက်နမ်နိုင်ငံသို့ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရောက်ရှိ၍ ဆွေးနွေးပွဲတွင်အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဂျပန်နိုင်ငံက ဦးစားပေးကြောင်း တာမီဆူကိုက အတည်ပြုပြောကြားသည်။

တရုတ်သမ္မတ ကျန်ဇီမင်းသည် ၃ ရက်ကြာ တရားဝင်လည်ပတ်ရန် ဟန္ဒိုင်းမြို့သို့ ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ရောက်ရှိခဲ့သည်။ သမ္မတကျန်ဇီမင်းအား ဟန္ဒိုင်းလေဆိပ်တွင် ဗိယက်နမ်ကွန်မြူနစ်ပါတီနှင့် အစိုးရအဖွဲ့မှအဆင့်မြင့်အရာရှိကြီးများက ကြိုဆိုခဲ့ကြသည်။ ယခုနှစ်ကုန်ပိုင်း၌ ဗိယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာငုယင်ဗန်အန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက်လည်ပတ်မည့်ကိစ္စကို ကြိုဆိုပါသည်။ နှစ်နိုင်ငံခေါင်းဆောင်များ ဆွေမျိုးသားချင်းအဖြစ် အမြဲတမ်းလည်ပတ်သင့်ကြသည်။ လွန်ခဲ့သော ၇ နှစ်က မိမိဗိယက်နမ်သို့ အလည်ရောက်ရှိခဲ့ပြီး နောက်ပိုင်းပြုပြင်ပြောင်းလဲမှုကြောင့် အကြီးအကျယ်တိုးတက်အောင်မြင်နေသည်ကို တွေ့မြင်ရ၍ဝမ်းသာကြည်နူးမှုဖြစ်ရပါသည်ဟု တရုတ်သမ္မတက ပြောကြားခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအပေါ် မိမိ အပြည့်အဝယုံကြည်သည်။ ပူးပေါင်းဆောင်ရွက်မှုအဆင့်ကို ပိုမိုတိုးချဲ့၍ ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်သည်စသဖြင့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် တရုတ်သမ္မတက ပြောကြားသည်။

မူးယစ်ဆေးဝါး - အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) လွှတ်တော်များအဖွဲ့ မူးယစ်ဆေးဝါးအန္တရာယ် တိုက်ဖျက်နှိမ်နင်းရေး အချက်အလက်စုဆောင်းရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ဟန္ဒိုင်းမြို့တွင် ဇန်နဝါရီလ ၂၉ ရက်နေ့က ကျင်းပခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သော အရှေ့တောင်အာရှဖြစ်ပေါ်ရေးဆိုင်ရာ ၂၂ ကြိမ်မြောက်အာဆီယံလွှတ်တော်များအဖွဲ့အထွေထွေညီလာခံကချမှတ်ထားသော ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်သွားရန် ရည်ရွယ်ချက်ဖြင့် ယင်းအစည်းအဝေးကိုကျင်းပခြင်းဖြစ်သည်။ ဗိယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့်မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ဟိုချီမင်းမြို့တွင် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော ရာဇဝတ်မှုများကို နှိမ်နင်းသွားမည်ဖြစ်ရာ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများကို မကြာမီကာလအတွင်း သုတ်သင်ရှင်းလင်းရန်စီစဉ်ထားသည်။ ကာလကြာမြင့်စွာ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သော ဂိုဏ်းများကိုထောက်လှမ်းခဲ့ပြီးနောက် ထိုသို့နှိမ်နင်းရေးဆောင်ရွက်ခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးဂိုဏ်းများကို နှိမ်နင်းချေမှုန်းခြင်းကို ဇွန်လတစ်လျှောက်လုံး ပြုလုပ်သွားမည်ဖြစ်ပြီး လူမှုရေးမကောင်းမှုများကို နိုင်ငံတစ်ဝန်းလုံးအမြစ်ပြတ်ချေမှုန်းသော ဆောင်ရွက်ချက်တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ဗိယက်နမ်သတင်းဌာနက ဇွန်လ ၁၃ ရက်နေ့က ရေးသားဖော်ပြသည်။ ယခုအခါ ဟိုချီမင်းမြို့အာဏာပိုင်များက မူးယစ်ဆေးစွဲသူများကို ပြန်လည်ထူထောင်ရေးစခန်းများသို့ လေးနှစ်မှငါးနှစ်အထိပို့ထားသည်။ ယခင်ကခြောက်လသာ ပို့ခဲ့သည်။ ဟိုချီမင်းမြို့၏ ပြန်လည်ထူထောင်ရေးစခန်း ၁၁ ခုတွင် မူးယစ်ဆေးစွဲသူ ၁၆၀၀၀ ရှိပြီး ယခုနှစ်ကုန်၌ ယင်းစခန်းများတွင် နောက်ထပ်မူးယစ်ဆေးစွဲသူ ၂၀၀၀၀ ခန့် ရောက်လာမည်ဟုအာဏာပိုင်များက မျှော်လင့်ထားသည်။

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆောင်ရွက်ချက်များ (၂၀၀၂) ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၈၀ ပြည့်နှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ထိုစည်းမျဉ်းအရ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာ

တိပိဋကရွေးချယ်ရေး စာမေးပွဲဖြေဆိုစဉ်

တော်သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးလုပ်ငန်းရပ်များကို ကြိုးပမ်းထမ်းဆောင်တော်မူခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ကြသည့်အပြင် သာသနာ့ဦးသျှောင်ဆရာတော် သံဃာတော်မထေရ်မြတ်ကြီးများ၏ ဩဝါဒကိုနာယူလျက် နိုင်ငံတော်အစိုးရ၏ဦးဆောင်လမ်းညွှန်မှုဖြင့် ပြည်သူအများသည် ထက်သန်နိုးကြားသော စေတနာ၊ သဒ္ဓါတရားပြည့်ဝစွာ ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ကြရာ ၂၀၀၂ ခုနှစ်အတွင်း ဆောင်ရွက်ချက်များကို အောက်ပါအတိုင်း ဖော်ပြပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီအစည်းအဝေးများ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီအစည်းအဝေးများကို ပုံမှန်အားဖြင့်လေးလလျှင်တစ်ကြိမ် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ကျင်းပရာ၊ ၂၀၀၂ ခုနှစ်အတွင်းတွင် (၄) ကြိမ်ကျင်းပ၍ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများကို ညှိနှိုင်းဆွေးနွေးတော်မူကြသည်။

(က) ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး (၁၉-၃-၂၀၀၂ မှ ၂၀-၃-၂၀၀၂ ထိ)

(ခ) ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး (၁၇-၇-၂၀၀၂ မှ ၁၈-၇-၂၀၀၂ ထိ)

(ဂ) ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဆဋ္ဌမအစည်းအဝေး (၂၇-၁၁-၂၀၀၂ မှ ၂၈-၁၁-၂၀၀၂ ထိ)

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ၁၃၆၃ ခုနှစ်၊ တပေါင်းလဆန်း (၁၀) ရက်နေ့တွင် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) က သဘာပတိအဖြစ် ဆောင်ရွက်တော်မူ၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တတေဇနိယ (အဂ္ဂမဟာ

ဓမ္မာစရိယဘုန်းတော်ကြီး ပညာသင်ကျောင်းတွင် ပညာသင်ကြားပေးနေစဉ်

ပဏ္ဏိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) က အခမ်းအနားမျူးအဖြစ် ဆောင်ရွက်တော်မူသည်။ အစည်းအဝေးကို ၂၅-၃-၂၀၀၂ အထိ ဆက်လက်ကျင်းပခဲ့သည်။

ထိုအစည်းအဝေးတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးက မဟာဝိဇယစေတီတော်နှင့် စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများကို တင်ပြလျှောက်ထားခဲ့သည်။

ပဉ္စမအကြိမ် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးက ရွေးချယ်တင်မြှောက်ခြင်း (၁) ရပ်၊ မှတ်တမ်းတင်ခြင်း (၈) ရပ်၊ အတည်ပြုခြင်း (၃) ရပ်၊ ဆုံးဖြတ်ချက် (၁) ရပ်တို့ကို အတည်ပြုတော်မူခဲ့သည်။

ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း

နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့များကို ဖွဲ့စည်းရာတွင် ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များထဲမှ တစ်ကြိမ်လျှင် (၁၅) ပါးစီဖြင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ (၉) ဖွဲ့ကို နိုင်ငံတော်သံဃဝိနိစ္ဆယမှူခင်း (၂၄) မှုကိုလည်းကောင်း၊ နိုင်ငံတော်သီးခြားမှုခင်း (၁) မှုတို့ကိုလည်းကောင်း စစ်ဆေးဆုံးဖြတ်တော်မူခဲ့သည်။

သာသနာရေးဆိုင်ရာအနေဖြင့် ၂၀၀၂ ခုနှစ် အတွင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ပုံမှန်အစည်းအဝေး ၄၁ ကြိမ်၊ အထူးအစည်းအဝေးနှစ်ကြိမ်၊ ညှိနှိုင်းအစည်းအဝေး ၁၂ ကြိမ်၊ ၄၇ ပါး စုံညီအစည်းအဝေးသုံးကြိမ်တို့ကို ဆောင်ရွက်ပေးနိုင်သည်။ ပညာရေးရာအနေဖြင့် ပရိယတ္တိစာမေးပွဲများကို နှစ်စဉ်မပြတ် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး စီစဉ်ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ ၂၀၀၂ ခုနှစ်အတွင်းတွင် ဗုဒ္ဓဘာသာစာမူများ စိစစ်ခြင်းနှင့်စပ်လျဉ်း၍ စာမူပေါင်း ၃၈၇ ကို စိစစ်ပေးခဲ့သည်။

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးသည် ပရိယတ္တိတွင် အဆင့်မြင့်ဆုံး၊ အခက်ခဲဆုံးစာမေးပွဲကြီးဖြစ်သည်နှင့်အညီ နှုတ်တက်အာဂုံဆောင်စွမ်းရည်၊ သဘောရေးဖြေစွမ်းရည်နှစ်မျိုးစလုံးကို ဖြေဆိုရသောကြောင့် လွန်စွာပင်ပန်းလှသော စာမေးပွဲကြီးဖြစ်ပေသည်။ ၁၉၄၈ ခုနှစ်မှ စတင်ပြီး နှစ်စဉ်မပျက်ကျင်းပခဲ့ရာ (၅၄) ကြိမ်မြောက် တိပိ

ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များ

ဘုန်းတော်ကြီးသင် ပညာသင်ကျောင်းမှ ကိုရင်ကလေးများ

ဋ္ဌကဓရတိပိဋကကောဝိဒ ရွှေးချယ်ရေးစာမေးပွဲကြီးကို ၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း (၁၄) ရက်မှ ပြာသိုလပြည့်ကျော် (၂) ရက်အထိ (၃၃) ရက်တိုင် တိုင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပသည်။

အဆိုပါစာမေးပွဲတွင် အာဂုံပြန်သံယာတော် (၅၆) ပါး၊ သဘောရေးဖြေသံယာတော် (၈၅) ပါး ဖြေဆိုတော်မူကြရာ အာဂုံပြန် (၄၁) ပါး၊ သဘောရေးဖြေ (၇) ပါး အောင်မြင်တော်မူကြသည်။

သဘောရေးဖြေအောင်မြင်သော (၇) ပါး

ဒီဃနိကာယ်သုံးကျမ်းအောင်	(၁)	ပါး
ဝိနည်းဒုတိယပိုင်းသုံးကျမ်းအောင်	(၄)	ပါး
ဝိနည်းပထမပိုင်းနှစ်ကျမ်းအောင်	(၂)	ပါး

အာဂုံပြန်ဆိုအောင်မြင်သော (၄၁) ပါး

မူလအာဘိဓမ္မိက	(၁)	ပါး
ဒီဃဘာဏက	(၇)	ပါး
ဝိနယဓရ	(၈)	ပါး
ဥဘတော ဝိဘင်္ဂဓရ	(၂၅)	ပါး

(၅၄) ကြိမ်မြောက် တိပိဋကဓရတိပိဋက ကောဝိဒရွှေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် (၄၈) ပါးတို့အား ချီးကျူးပူဇော်သည့် (၅၄) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲအခမ်းအနားကို ၁၃၆၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂) ရက်နေ့တွင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။

အစိုးရ ဓမ္မာစရိယစာမေးပွဲ

အစိုးရဓမ္မာစရိယစာမေးပွဲကို ၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄) ရက်နေ့မှ တပေါင်းလပြည့်ကျော် (၁၃) ရက်နေ့အထိ ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်သူဦးရေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

စာဖြေဌာနပေါင်း ၃၄

ဖြေဆိုသူပေါင်း	- ၁၁၄၁၅	ခဲ့ပြီး ၁၉ ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု
အောင်မြင်သူ		စာမေးပွဲကိုလည်း ကျင်းပခဲ့ရာ မြို့နယ်ပေါင်း ၁၆၈
ကျမ်းရင်းသုံးကျမ်းအောင်	- ၄၄၈	မြို့နယ်တွင် စာရင်းပေးသွင်းသူပေါင်း ၆၇၆၀၁ ဦး၊
နှစ်ကျမ်းအောင်	၄၀၃	တက်ရောက်ဖြေဆိုသူပေါင်း ၅၀၅၁၂ ဦးရှိ၍ ရိုးရိုး
တစ်ကျမ်းအောင်	၇၂၃	အောင်မြင်သူပေါင်း ၁၈၇၇၂ ဦး၊ ဂုဏ်ထူးဖြင့်
ဂုဏ်ထူးအောင်		အောင်မြင်သူပေါင်း ၂၄၆၃၇ ဦးနှင့် သုံးဘာသာဂုဏ်
မြန်မာဂုဏ်ထူး	- ၈	ထူးဖြင့် အောင်မြင်သူပေါင်း ၇၁၀၃ ဦးတို့ ဖြစ်ကြ
ပါဠိဂုဏ်ထူး	- ၇	သည်။

ပြည်နယ်/တိုင်းအလိုက် ပထမပြန်စာမေးပွဲများ ကျင်းပခြင်း

၂၀၀၂ ခုနှစ်၊ ပထမပြန်စာမေးပွဲများကို တစ်ပြည်လုံးတွင် ပြည်နယ်/တိုင်းအလိုက် စာဖြေဌာနပေါင်း ၂၂၇ ဌာန၌ ကျင်းပခဲ့ရာ စာရင်းသွင်း၊ ဖြေဆိုသူ၊ အောင်မြင်သူ စာရင်းချုပ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည် -

အတန်း	စာရင်းသွင်းသူ	ဖြေဆိုသူ	အောင်မြင်သူ
ပထမကြီးတန်း	- ၁၅၄၉၁	၁၃၀၄၁	၃၂၀၀
ပထမလတ်တန်း	- ၁၇၃၄၄	၁၅၀၈၉	၅၀၃၆
ပထမငယ်တန်း	- ၂၄၅၂၇	၂၀၆၆၃	၉၃၈၈
စုစုပေါင်း	- ၅၃၃၆၂	၄၈၃၉၃	၁၇၆၂၄

နိကာယ်ငါးရပ်ပါဠိတော် စာမေးပွဲ

နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲကို ၂၀၀၂ ခုနှစ်တွင် စာဖြေဌာန ၆၃ ဌာနတို့၌ (၁၀-၆-၂၀၀၂) မှ (၁၄-၆-၂၀၀၂) အထိ ကျင်းပခဲ့ရာ စာရင်းသွင်းသူ ၂၁၁၄၉ ပါးရှိ၍ ဖြေဆိုသူ ၁၀၆၀၂ ပါးရှိသည်။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲ

၂၀၀၂ ခုနှစ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၁-၁၂-၂၀၀၂ မှ ၂၃-၁၂-၂၀၀၂ နေ့အထိ ကျင်းပခဲ့ရာ အောင်စာရင်းချုပ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

စာမေးပွဲအမည်	စာရင်းသွင်းသူ	ဖြေဆိုသူ	အောင်မြင်သူ
အဘိဓမ္မာ	- ၁၇၅၁၄	၁၁၅၃၁	၈၃၅၇
ဂုဏ်ထူးဆောင်	- ၂၃၈၄	၁၅၇၇	၁၀၉၇
ဝိသုဒ္ဓိမဂ်	- ၁၅၆၇	၈၉၇	၆၇၆
စုစုပေါင်း	၂၁၄၆၅	၁၄၀၀၅	၁၀၁၃၀

ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲများ

ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းများကို ပြည်နယ်/တိုင်းအသီးသီးတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ၁၉ ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကိုလည်း ကျင်းပခဲ့ရာ မြို့နယ်ပေါင်း ၁၆၈ မြို့နယ်တွင် စာရင်းပေးသွင်းသူပေါင်း ၆၇၆၀၁ ဦး၊ တက်ရောက်ဖြေဆိုသူပေါင်း ၅၀၅၁၂ ဦးရှိ၍ ရိုးရိုး အောင်မြင်သူပေါင်း ၁၈၇၇၂ ဦး၊ ဂုဏ်ထူးဖြင့် အောင်မြင်သူပေါင်း ၂၄၆၃၇ ဦးနှင့် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူပေါင်း ၇၁၀၃ ဦးတို့ ဖြစ်ကြသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ

မြန်မာတစ်နိုင်ငံလုံးရှိ ဆင်းရဲချို့တဲ့သောကလေးများပညာသင်ကြားနိုင်ရန်နှင့် ယဉ်ကျေးသိမ်မွေ့စေရန် ရည်ရွယ်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ဖွင့်လှစ်ခဲ့ရာ ၂၀၀၂ ခုနှစ်တွင် အောက်ဖော်ပြပါအတိုင်း ရှိခဲ့သည်-

မြို့နယ်ပေါင်း	-	၂၃၄ မြို့နယ်
ကျောင်းပေါင်း	-	၁၀၇၄ ကျောင်း
ကျောင်းသား/		-၁၄၉၇၂၂
ကျောင်းသူပေါင်း		

အလားတူပင် သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်းများကိုလည်း သီလရှင်ကျောင်းများ၌ ဖွင့်လှစ်ခဲ့ရာ တစ်ပြည်လုံးတွင်ကျောင်းပေါင်း ၁၆ ကျောင်းရှိ၍ ကျောင်းသား၊ ကျောင်းသူ၊ သီလရှင်၊ ကလေး စုစုပေါင်း၁၇၉၇ ဦး ပညာသင်ကြားလျက်ရှိသည်။

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ နဝမအကြိမ်အစည်းအဝေးကို ၂၃-၇-၂၀၀၂ နေ့၌ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ကျင်းပခဲ့သည်။

နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများ

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်းအသီးသီးတွင် နယ်စပ်နှင့်တောင်တန်းဒေသသာသနာပြုလုပ်ငန်းများအတွက် မြို့နယ်များတွင် သာသနာပြုလုပ်ငန်းများကို ၁၉၉၁ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ၂၀၀၂ ခုနှစ်တွင် သာသနာပြုပုဂ္ဂိုလ်များ၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

သာသနာပြုဌာန	-	၄၂၀
သာသနာပြုရဟန်းတော်	-	၅၆၁ ပါး

သာသနာပြုသီလရှင် - ၃၇ ပါး
သာသနာပြုလူပုဂ္ဂိုလ် - ၈၈၈ ဦး

သာသနာပြုပုဂ္ဂိုလ်များ အရည်အချင်းပြည့်မီရေး၊ အသိအမြင်ဗဟုသုတကြွယ်ဝရေး၊ သာသနာပြုလုပ်ငန်း ရှင်သန်ထက်မြက်နိုးကြားစေရေးတို့အတွက် သာသနာပြုမွမ်းမံသင်တန်းများကို နှစ်စဉ်ကျင်းပပေးခဲ့သည်။ ပြည်နယ်နှင့်တိုင်းအသီးသီး၌ သာသနာပြုရဟန်းတော်သင်တန်း (၁၃) ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းရဟန်းတော် (၈၂၅) ပါး ရှိပြီဖြစ်သည်။ "ဝ" ဒေသရဟန်းတော်များ အထူးသင်တန်းကို ၂၆-၁-၂၀၀၂ မှ ၉-၂-၂၀၀၂ အထိ သင်တန်းသားရဟန်းတော် ၁၆ ပါးဖြင့် နာဂလိုဏ်ဂူကလေးဝတောရကျောင်းတွင် ဖွင့်လှစ်ခဲ့သည်။ ပထမအကြိမ်တိုင်းရင်းဆေးပညာအခြေခံနှင့် တိုင်းရင်းဆေးဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှု သင်တန်းကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) တွင် ၂၂-၄-၂၀၀၂ မှ ၂၀-၅-၂၀၀၂ ရက်နေ့အထိ သင်တန်းသားရဟန်းတော် ၉၂ ပါးဖြင့် လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)တွင် ၆-၅-၂၀၀၂ မှ ၃၁-၅-၂၀၀၂ ရက်နေ့အထိ သင်တန်းသားရဟန်းတော် ၁၁၅ ပါးဖြင့် လည်းကောင်း ဖွင့်လှစ်ခဲ့သည်။ သာသနာပြုသီလရှင်သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ခဲ့ပြီး သာသနာပြုသီလရှင် ၁၄၁ ပါး တက်ရောက်ပြီးဖြစ်သည်။ သာသနာပြုလူပုဂ္ဂိုလ်သင်တန်း ၃၅ ကြိမ် ဖွင့်လှစ်ခဲ့ပြီး လူပုဂ္ဂိုလ် ၃၁၆၃ ဦး သင်တန်းဆင်းပြီး ဖြစ်သည်။

ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ ဖွင့်လှစ်မှုအခြေအနေ

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ချမှတ်ထားသော ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်/တိုင်းများ ရှိကျောင်း ၁၃ ကျောင်းတွင် သင်ဘန်း ၇၉ ခု ဖွင့်



သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်းမှ သီလရှင်ဆရာလေးများ

လှစ်ပြီး ရဟန်းတော် ၂၀၈၁ ပါး တက်ရောက်သင်ကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဘုရားဖူးအဖွဲ့များ လာရောက်ခြင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဗုဒ္ဓဘာသာဘုရားဖူးအဖွဲ့များသည် ၁၉၉၇ ခုနှစ်တွင် ဘုရားဖူးအကြိမ် ၄ ကြိမ်၌ ၁၇၀ ဦး၊ ၁၉၉၈ ခုနှစ်တွင် ၂ ကြိမ်၌ ၆၆ ဦး၊ ၁၉၉၉ ခုနှစ်တွင် ၂ ကြိမ်၌ ၆၀ ဦး၊ ၂၀၀၀ ပြည့်နှစ်တွင် ၂ ကြိမ်၌ ၆၀ ဦး၊ ၂၀၀၁ ခုနှစ်တွင် ၂ ကြိမ်၌ ၅၆ ဦး၊ ၂၀၀၂ ခုနှစ်တွင် ၂ ကြိမ်၌ ၆၀ ဦးတို့ လာရောက်၍ အောက်မြန်မာပြည်၊ အထက်မြန်မာပြည်ရှိ တန်ခိုးကြီးဘုရားများကို ဖူးမြော်ကြည်ညို လေ့လာခဲ့ကြသည်။ ဘုရားဖူးအဖွဲ့များကို သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ဌာနဆိုင်ရာများနှင့် ညှိနှိုင်း၍ ဘုရားများဖူးမြော်ရေး၊ စားသောက်နေထိုင်ရေးတို့အတွက် စရိတ်ကျခံလျက် အကူအညီပေးခဲ့သည်။

မစ္ဈိမဒေသဘုရားဖူးစေလွှတ်ရေးလုပ်ငန်း

ဗုဒ္ဓဘာသာဝင်များအနေဖြင့် သံဝေဇနိယလေးဌာနဖြစ်သော မြတ်စွာဘုရားအလောင်း သိဒ္ဓတ္ထမင်းသားဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ် (နီပေါနိုင်ငံ)၊ ဂေါတမမြတ်စွာဘုရားအဖြစ် ပွင့်တော်မူရာ ဗုဒ္ဓဂယာ၊ မြတ်စွာဘုရား တရားဦးဟောတော်မူရာ မိဂဒါဝုန်နှင့် မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံ (အိန္ဒိယနိုင်ငံ) တို့သို့ ကုသိုလ်ဇောစိတ်တို့ဖြင့် သွားရောက်ဖူးမြော်ရန်ဆန္ဒပြင်းပြလျက် ရှိကြရာ သံဝေဇနိယလေးဌာန တည်ရှိရာမစ္ဈိမဒေသနှင့် အခြားသာသနိက အဆောက်အအုံများတည်ရှိရာနေရာများဘို့ ဘုရားဖူးသွားလိုသူများ၊ ငွေကြေးအကုန်အကျသက်သာပြီး စိတ်ချမ်းသာမှုရရှိကာ အဆင်ပြေစွာစနစ်တကျသွားရောက် ဖူးမြော်ကြည်ညိုသဒ္ဓါပွားနိုင်စေရန် ရည်ရွယ်၍ သာသနာရေးဝန်ကြီးဌာနသည် မစ္ဈိမဒေသဘုရားဖူးစေလွှတ်ရေးလုပ်ငန်းကို ၁၉၉၈ ခုနှစ်မှစ၍ ကြိမ်းကြပ်တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၉-၂၀၀၀ ပြည့်နှစ်အတွင်းတွင် ဘုရားဖူးခေါက်ရေ ၂၀ နှင့် ရဟန်းရှင်လူပုဂ္ဂိုလ်ဘုရားဖူးပေါင်း ၆၅၅ ဦးကိုလည်းကောင်း၊ ၂၀၀၀-၂၀၀၁ ခုနှစ်အတွင်းတွင် ဘုရားဖူးခေါက်ရေ ၂၀ နှင့် ဘုရားဖူးဦးရေ ၆၄၀ ဦးကိုလည်းကောင်း မစ္ဈိမဒေသသို့ဘုရားဖူးစေလွှတ်ပေးပေးနိုင်ခဲ့သည်။ ၂၀၀၁-၂၀၀၂ ခုနှစ်အတွင်းတွင်လည်း ဘုရားဖူးခေါက်ရေ ၂၀ နှင့် ဘုရားဖူးဦးရေ ၆၅၀ ဦး ဘုရားဖူးနိုင်ရန် စီစဉ်ပေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်တွင် သင်ကြားရေးရာပိုင်း၌ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသက ဦးဆောင်လျက် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော်၊ ဒုတိယပါမောက္ခချုပ် (စီမံ)၊ မဟာဌာနမှူးဆရာတော်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခဆရာတော်များ၊ ဧည့်ပါမောက္ခများ၊ ကထိကများ စသည်ဖြင့် ဆရာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအသီးသီး ပါဝင်ဆောင်ရွက်လျက်ရှိသည်။

တက္ကသိုလ်တွင် ပြဋ္ဌာန်းမည့် သင်ခန်းစာများ၊ သင်ရိုးများ၊ အချိန်ဇယားများကို မဟာဌာနမှူးဆရာတော်များက ဦးဆောင်ရေးဆွဲပြီး သင်ကြားရေးပိုင်းဆိုင်ရာ မူမံးမံသင်တန်းများနှင့် ပါရဂူတန်းဝင်ရောက်ခွင့် အင်္ဂလိပ်စာအထူးမူမံးမံသင်တန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။

တက္ကသိုလ်တွင် တက်ရောက်သင်ကြားလျက်ရှိသော နိုင်ငံခြားသားရဟန်းတော်များအား ပိဋကတ်စာရခေါ် ရွာစဉ်လှည့်လည်ဆွမ်းခံကုသိုလ်ယူခြင်းစသည်တို့ကို ကိုယ်တွေ့မျက်မြင်သိရှိနားလည်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်း၊ လသာမြို့နယ်နှင့် ကျောက်တံတားမြို့နယ်တို့တွင် ဆွမ်းခံထွက်စေခဲ့သည်။

၂၀၀၂-၂၀၀၃ ပညာသင်နှစ် ဗုဒ္ဓဓမ္မဒီပလိုမာသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲများနှင့် နှုတ်မေးစာမေးပွဲများကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နှင့် ၉ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့သည်။ နိုင်ငံပေါင်း ၂၀ မှ ရဟန်း ၂၅၀ ပါး၊ သီလရှင် ၁၂ ပါး၊ အမျိုးသား ၄၀ ဦး၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၃၃၀ ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။ ပြည်တွင်းမှ ၇၇ ဦး ဖြေဆိုခဲ့သည်။ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်အတွက် ဗုဒ္ဓဓမ္မဒီပလိုမာတန်း၊ ဝိဇ္ဇာတန်းအပြင် မဟာတန်းများကိုလည်း ၂၀၀၂ ခုနှစ်၊ ဇွန်လတွင် ဖွင့်လှစ်ပို့ချခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ၂၀၀၁-၂၀၀၂ ပညာသင်နှစ် ပထမ အကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၆၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၉) ရက်၊ (၄-၆-၂၀၀၂) အင်္ဂါ နေ့ နံနက် (၉) နာရီအချိန်တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသဘင်ဓမ္မာရုံကြီး၌ ကျင်းပခဲ့သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်အပ်နှင်းကြောင်း ထုတ်ပြန်ချက်အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရသည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၈-၃-၂၀၀၂) ကြာသပတေးနေ့ နေ့လယ် (၁၂) နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံမြို့၊ ကိုးဆောင်တိုက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘိတ အမှူးပြုသော ဆရာတော်ကြီးများ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရသည့် ပြည်တွင်းပြည်ပဆရာတော် ၂၂၄ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၁၅ ပါးနှင့် ဘွဲ့ခံလူပုဂ္ဂိုလ် ၂၇ ဦးတို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေအမှူးပြုသော အကြီးအကဲများ တက်ရောက်ကြည်ညိုး၍ ဘွဲ့တံဆိပ်တော်များနှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

အခမ်းအနားအပြီးတွင် ဘွဲ့ခံဆရာတော်များနှင့် သီလရှင်များအား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဝန်ကြီးဌာနများ၊ ရုံးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် လုပ်သားပြည်သူများက သင်္ကန်း၊ ထီး၊ ဖိနပ်စသော တန်ဖိုးငွေ ၁၁၈၂၃၁၁ ကျပ်ရှိ လှူဖွယ်ပစ္စည်းမျိုးစုံတို့ကို လောင်းလှူပူဇော်ကြသည်။

မခင်နွဲ့ဟန်ကြည်

မလေးရှားနိုင်ငံ။ ။ မလေးရှားနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လွတ်လပ်ရေးကိုထိပါးလာသော မည်သူကိုမဆို မလေးရှားပြည်သူများက ဆန့်ကျင်ရန် ပြင်ဆင်ထားကြရမည်။ တစ်ဦးတစ်ယောက်က မလေးရှားနိုင်ငံကို ရန်ပြုလာပါက မလေးရှားပြည်သူများနှင့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များက တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ရန် အသင့်ပြင်ဆင်ထားကြမည်ဟု မိမိယုံကြည်ကြောင်း မလေးရှားနိုင်ငံတောင်ပိုင်း ဖိုတ်ဒစ်ဆင်စစ်အခြေခံသင်တန်း စခန်း၌ ဇန်နဝါရီလ (၁) ရက်နေ့က ပြုလုပ်သောစစ်ရေးပြပွဲတွင် မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က ပြောကြားခဲ့သည်။

အစိုးရသည် မိမိဆန္ဒအလျောက် တပ်ဖွဲ့များတွင် ပူးပေါင်းခြင်းဖြင့် နိုင်ငံကာကွယ်ရေးအတွက် တာဝန်ယူထားဆဲဖြစ်သော မလေးရှားပြည်သူများ၏ စိတ်နေသဘောထားကို ဂုဏ်ယူပါသည်။ မိမိတို့နိုင်ငံတွင် စစ်ဘက်ရေးရာလုပ်ငန်းမှာ အချို့နိုင်ငံများနှင့် မတူဘဲ မိမိဆန္ဒအလျောက်သာ စစ်ထဲဝင်နိုင်ရာ နှစ်လိုဖွယ်ရာဖြစ်သည်။ အချို့နိုင်ငံများမှာ စစ်ပွဲကာလတွင် အသုံးချရန် အရန်စစ်တပ်အဖြစ် နိုင်ငံသားတိုင်းကို စစ်ပညာလေ့ကျင့်သင်ကြားပေးထားပြီး အသုံးချကြသည်စသဖြင့် မဟာသီက ဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာ့မြင်ကွင်းတွင် ဖြစ်ပေါ်ပြောင်းလဲမှုများကို ပိုမိုသတိပြုကြရန်နှင့် နိုင်ငံတကာစေးကွက်၌

မည်သည့်စိန်ခေါ်မှုမျှးကိုမဆို ရင်ဆိုင်ရေးအတွက် ပြင်ဆင်ထားကြရန် မလေးရှားပြည်တွင်းကုန်စည်ထုတ်လုပ်သူမျှးနှင့် ကုန်ပစ္စည်းတင်ပို့သူမျှးကို မလေးရှားဒုတိယဝန်ကြီးချုပ်က တိုက်တွန်းခဲ့သည်။ စျေးကွက်လွတ်လပ်မှုကြောင့် ကမ္ဘာ့ယှဉ်ပြိုင်မှုတိုးမြှင့်လာမည့်အပြင် အာဆီယံလွတ်လပ်သောကုန်သွယ်ရေးဒေသ အကောင်အထည်ဖော်မှုက စိန်ခေါ်မှုအသစ်မျှးပေါ်ပေါက်လာစေမည်ဖြစ်သည်ဟု ကွာလာလမ်ပူမြို့အနီး ရာဝမ်ဒေသရှိစက်ရုံတစ်ရုံ၌ ထုတ်ကုန်သစ်မျှး စတင်ထုတ်ဝေရာတွင် ဒုတိယဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ပြောကြားခဲ့သည်။ စျေးကွက်လွတ်လပ်ခြင်းမှာ မလေးရှားနိုင်ငံနှင့် ပြည်တွင်းကုမ္ပဏီမျှးအတွက် ကြီးမားသောစိန်ခေါ်မှုမျှး ဖြစ်ကြသည်။ သို့သော် မလေးရှားနိုင်ငံသည် ယခုအခါယင်းဖြစ်ပေါ်ပြောင်းလဲမှုမျှးကို ရင်ဆိုင်ရန်ပြင်ဆင်ထားသည်။ စျေးကွက်သစ်မျှးကို ပြည်တွင်းကုန်စည်ထုတ်လုပ်သူမျှး ပိုမိုစူးစမ်းရှာဖွေကြရန် လိုသည်။ အရှေ့အလယ်ပိုင်းနှင့် တရုတ်နိုင်ငံကို မလေးရှားထုတ်ကုန်မျှးအတွက် အလွန်အလားအလာကောင်းသော စျေးကွက်ကြီးနှစ်ခုအဖြစ် မလေးရှားအစိုးရက ဖော်ထုတ်ခဲ့သည် စသဖြင့် ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် ကမ္ဘာပေါ်၌ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုအခြေအနေသစ်မျှးကို ရင်ဆိုင်ကြုံတွေ့နေရပေရာ ထိုအခြေအနေမျိုးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းအားထုတ်ကြရာ၌ မိမိကိုယ်ကို အန္တရာယ်ဖြစ်စေသော မည်သည့်နည်းစနစ်၊ မည်သည့်သဘောတရားကိုမဆို လက်မခံသင့်ကြောင်း ဝန်ကြီးချုပ်မဟာသီမိုဟာမက်က မေလ ၆ ရက်နေ့က ပြောကြားသည်။ ကွာလာလမ်ပူမြို့၌ ကျင်းပသော ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးကောင်စီ၏ ၃၅ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အစည်းအဝေး၌ ဝန်ကြီးချုပ်မဟာသီက မိန့်ခွန်းပြောကြားရာတွင် မလေးရှားနိုင်ငံ စီးပွားရေးအောင်မြင်မှု ရရှိခြင်းအကြောင်းရင်းမှာ လက်ရှိလုပ်ငန်းအစီအစဉ်များ၊ ယန္တရားများ၊ စနစ်များ၊ လုပ်ငန်းစဉ်များကိုကျော်၍ အဝေးကိုလှမ်းမျော်ကြည့်နေတတ်သော နိုင်ငံ၏အစွမ်းအစနှင့် ဆန်းသစ်လိုမှုတို့ကြောင့် ဖြစ်သည်စသဖြင့် ပြောကြားခဲ့သည်။

မလေးရှားဝန်ကြီးချုပ်မဟာသီမိုဟာမက် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအစည်းအဝေး တက်ရောက်ပြီးပြန်လာစဉ်

မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် နိုင်ငံဖြတ်ကျော်မှုခင်းနှင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး သုံးပွင့်ဆိုင်သဘောတူစာချုပ်ကို မေလ ၇ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။ သတင်းဖလှယ်ရေးနှင့်ဆက်သွယ်ရေး စည်းကမ်းချက်များ သတ်မှတ်ရေးဆိုင်ရာယင်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲသို့ ဝန်ကြီးချုပ် မဟာသီမိုဟာမက်နှင့် ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမက်ဂေါပါဂါးလ်ဒါရိုယိုတို့ တက်ရောက်ကြသည်။ ဖိလစ်ပိုင်သမ္မတသည် ပစိဖိတ်ဒေသနိုင်ငံများ စီးပွားရေးကောင်စီ၏ ၃၅ ကြိမ်မြောက် နိုင်ငံတကာအထွေထွေ အစည်းအဝေးတက်ရန် မလေးရှားသို့ တစ်ရက်ကြာရောက်ရှိနေခြင်းဖြစ်သည်။ လက်မှတ်ရေးထိုးပွဲမကျင်းပမီ မဟာသီနှင့် အာရိုယိုတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

သဘောတူစာချုပ်ကို မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆယက်ဟာမက်အယ်လ်ဘာ၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟတ်ဆန်ဗီဒါယုဒါနှင့် ဖိလစ်ပိုင်နိုင်ငံ ပြည်ထဲရေးနှင့်ဒေသန္တရအစိုးရဝန်ကြီး ကျို့စ်ဒီလီနာဂျူနီယာတို့က လက်မှတ်ရေးထိုးကြသည်။ ယင်းစာချုပ်မှာ သုံးနိုင်ငံအတွက်သာမဟုတ်ဘဲ မည်သည့် အာဆီယံနိုင်ငံကိုမဆို ဝင်ခွင့်ပြုမည်ဟု မလေးရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

မလေးရှားနိုင်ငံ၏ ပိုမိုအရေးပါသော ပုဂ္ဂလိက အခန်းကဏ္ဍလုပ်ငန်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ရေးအတွက် အကျိုးဖြစ်ထွန်းသော စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ဆက်လက်ဖန်တီးလုပ်ဆောင်သွားရန် အစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးချုပ်မဟာသီက မေလ ၃၀ ရက်နေ့က ပြောကြားခဲ့သည်။

၂၀၀၃ ခုနှစ် ဘတ်ဂျက်အကြိုဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်မဟာသီက ဆက်လက်ပြောကြားရာ၌ ယင်းသို့လုပ်ဆောင်ရာတွင် စွမ်းရည်ပိုမိုထက်မြက်ပြီး ပိုမိုအကျိုးသက်ရောက်မှု ရရှိရေးအတွက် အစိုးရစက်ယန္တရားကို စည်းကမ်းတကျဖြစ်စေခြင်းဖြင့် အကောင်အထည်ဖော်သွားမည်။ ပုဂ္ဂလိကအခန်းကဏ္ဍစီးပွားရေးဆောင်ရွက်မှု ကုန်ကျစရိတ်လျော့နည်းစေရန်နှင့် စွမ်းရည်ပိုမိုထက်မြက်စေရန် အစိုးရက အကူအညီပေးသွားမည်။ သို့သော် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုသက်ဝင်လှုပ်ရှားပြီး မူလစီးပွားရေးပုံသဏ္ဌာန်အနေအထားမျိုး ပြန်ရရှိစေရန် အပြောင်းအလဲများ အဆောတလျင်လုပ်ဆောင်သွားရန် လိုအပ်သည်စသဖြင့် ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် စည်းလုံးညီညွတ်ရေးနှင့် နယ်ပယ်အားလုံးတွင် တစ်ဟုန်ထိုး တိုးတက်လုပ်ဆောင်ရေး ဆုံးဖြတ်ချက်ထားလျက်နိုင်ငံ၏ ၄၅ နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဩဂုတ်လ ၃၀ ရက်နေ့က ကျင်းပခဲ့သည်။ ရောင်စုံရိုးရာဝတ်စုံများ ဝတ်ဆင်ထားကြသော လွတ်လပ်ရေးအခမ်းအနားတွင် ပါဝင်ဆင်နွှဲသူ ၁၂၀၀၀ ခန့်တို့မှာ စိတ်ဓာတ်မြင့်မားစွာ သီဆိုကခုန်ကြလျက် ကွာလာလမ်ပူမြို့ လွတ်လပ်ရေးရင်ပြင်၌ စီတန်း လှည့်လည်ကြသည်။ စီတန်းလှည့်လည်သူများနောက်တွင် ကြည်း၊ ရေ၊ လေတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက တင့်ကားများ၊ ခြေလျင်တိုက်ခိုက်ရေးယာဉ်များ၊ လေကြောင်းရန်တိုက်ခိုက်ရေးယာဉ်များ ပါဝင်သောစစ်ယာဉ် ၈၅ စီးတို့ဖြင့် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ လွတ်လပ်ရေးအခမ်းအနားသို့ လမ်းဘေးဝဲယာမှ ပြည်သူထောင်ပေါင်းများစွာ လာရောက်ကြည့်ရှုအားပေးကြသည်။

စီးပွားရေး-မလေးရှားနိုင်ငံတွင် ရင်းဂစ်ငွေသန်း ၆၅၀(ဒေါ်လာ ၁၇၁ သန်း) တန် ရေသန့်စက်ရုံတည်ဆောက်ပြီးစီးပါက ၂၀၀၃ ခုနှစ်တွင် အိမ်နီးချင်းစင်ကာပူနိုင်ငံမှ သောက်သုံးရေသန့်ဝယ်ယူရေးကိစ္စကို မလေးရှားနိုင်ငံက ရပ်ဆိုင်းလိုက်ရန် စီစဉ်ထားသည်။ ပြဿနာကြီးများနှင့်မကြုံလျှင် စီမံကိန်းမှာ ဧပြီလတွင်ပြီးစီးမည်ဟု ကျိုဟာပြည်နယ်ဝန်ကြီးချုပ် အဗ္ဗဒူဂါနီအော့သ်မန်းက ပြောကြားခဲ့သည်။ စီမံကိန်းပြီးစီးသောအခါ ကျိုဟာပြည်နယ်တစ်ခုလုံးကို အစိုးရကရေဖြန့်ဝေသွားနိုင်မည်။ စင်ကာပူနိုင်ငံမှ သောက်သုံးရေကို မှီခိုအားထားစရာမလိုတော့ပေ။ ရေကိစ္စမှာ အိမ်နီးချင်းနှစ်နိုင်ငံ ရန်ပွားဖွယ်ရာကိစ္စဖြစ်ခဲ့ရသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်၍ ၂၀၀၁ ခုနှစ် စက်တင်ဘာလ၌ ရေကိစ္စအပါအဝင် တာရှည်အငြင်းပွားမှုများကို အဆုံးသတ်ပစ်ရန် မလေးရှားနှင့်စင်ကာပူတို့ သဘောတူခဲ့ကြသည်။ ရေကိစ္စမှာ သယံဇာတရှားပါးသော စင်ကာပူနိုင်ငံအတွက် အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်ခဲ့သည်။ ၂၀၀၁ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်ကုန်၌ ကုန်ဆုံးမည့်စင်ကာပူ၏ ရေကိုဝယ်ယူမှုစာချုပ်များကို အသစ်ပြန်ချုပ်ဆိုရေး သဘောတူချက်ကို စင်ကာပူဝါရင့်ဝန်ကြီး လီကွမ်ယူနှင့် မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်တို့ သဘောတူခဲ့ကြသည်။ မလေးရှားနိုင်ငံသည် စင်ကာပူနိုင်ငံသို့ ရေကုန်ကြမ်းရောင်းချပြီး သောက်သုံးရေသန့်ကို စင်ကာပူနိုင်ငံမှ ပြန်ဝယ်သုံးခဲ့ရသည်။

မလေးရှားနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်ရေးအခြေအနေမှာ ၁၉၉၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၁၅၂၀၀ ဖိုး ရှိခဲ့ရာမှ ၂၀၀၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၃၈၈၀၀ ဖိုးအထိ သုံးဆတိုးလာခဲ့သည်။ မလေးရှားနိုင်ငံတကာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးရာဇီဒါးအာဇစ်ကပြောကြားသည်။ ၂၀၀၁ ခုနှစ်က မလေးရှားအာဆီယံ စုစုပေါင်းကုန်သွယ်မှုအနက် မလေးရှားပို့ကုန်နှင့်သွင်းကုန်မှာ အမေရိကန်ဒေါ်လာသန်း ၂၂၁၀၀ ဖိုးနှင့်သန်း ၁၆၇၀၀ ဖိုး အသီးသီးရှိခဲ့သည်ဟု မတ်လ ၂၀ ရက်နေ့ထုတ် မလေးရှားသတင်းစာများတွင် ရေးသားဖော်ပြသည်။ အာဆီယံအဖွဲ့သည် ၂၀၀၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်ခဲ့သည်။

မလေးရှားနှင့်အခြားအာဆီယံနိုင်ငံများ ကုန်သွယ်ရေးမှာ မလေးရှားနှင့်အခြားကမ္ဘာ့နိုင်ငံများနှင့် ကုန်သွယ်ရေး၏ ၂၄ ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေး၏ ၁၈ ဒသမ ၃ ရာခိုင်နှုန်း၊ ဂျပန်နှင့်ကုန်သွယ်ရေး၏ ၁၆ ရာခိုင်နှုန်း၊ ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေး၏ ၁၃ ဒသမ ၃ ရာခိုင်နှုန်း အသီးသီးရှိခဲ့သည်။ မလေးရှားနိုင်ငံနှင့် အာဆီယံကုန်သွယ်ရေးမှာ ဆက်လက်တိုးတက်နေမည်ဖြစ်သည်။ အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသအက်ဖ်တာလုပ်ငန်းစဉ်များ ပြီးသွားသောအခါ မလေးရှားနိုင်ငံသည် ဒေသတွင်းအဓိပ္ပာယ်အနှစ်သာရ ကျယ်ပြန့်ပြည့်ဝသော ကုန်သွယ်မှုကွန်ရက်ကို ထူထောင်ခဲ့သည်စသဖြင့် ဝန်ကြီးက ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ၏ စီးပွားရေးပြန်လည်နာလန်ထူခြင်းမှာ ၂၀၀၂ ခုနှစ်တွင် အတော်အသင့်ရှိမည်ဖြစ်ရာ စုစုပေါင်းပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ဂျီဒီပီသည် ၂၀၀၂ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ဖွယ်ရှိသည်။ ၂၀၀၁ ခုနှစ်က ဂျီဒီပီတိုးတက်မှုမှာ သုညဒသမ ၄ ရာခိုင်နှုန်းရှိသည်ဟု မလေးရှားနီဂါရာဘဏ် (မလေးရှားဗဟိုဘဏ်)က မတ်လ ၂၁ ရက်နေ့က ဖော်ပြသည်။ ၂၀၀၂ ခုနှစ်အတွက် မလေးရှားစီးပွားရေးတိုးတက်မှုနှုန်းမှာ ပုဂ္ဂလိကစားသုံးမှုကဏ္ဍ ပိုမိုတိုးတက်ခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု အတော်အတန်တိုးလာခြင်း ပြည်သူတို့ အသုံးစရိတ်တည်ငြိမ်နေခြင်းနှင့် ပို့ကုန်အတော်အသင့်ရှိခြင်းတို့အပေါ် အခြေခံကြောင်း မလေးရှားဗဟိုဘဏ်၏ ၂၀၀၁ ခုနှစ်အတွက် ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။ မလေးရှားနိုင်ငံ၏ စီးပွားရေးမှာ ၂၀၀၂ ခုနှစ် ပထမသုံးလတွင် ကျဆင်းလာမည်ဖြစ်ရာ နောက်ဆုံးရရှိသောအညွှန်းကိန်းဂဏန်းများအရ မလေးရှားစီးပွားရေးတည်ငြိမ်မှုရှိသော လက္ခဏာကိုဖော်ပြနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

မလေးရှားနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၁၅ ဘီလီယံရှိခဲ့ရာ ဇွန်လကထက် ၆ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း တရားဝင်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဓိကပို့ကုန်များဖြစ်ကြသော လျှပ်စစ်နှင့်အီလက်ထရွန်းနစ်ထုတ်ကုန်များ၊ ဓာတုနှင့်ဓာတုပေဒဆိုင်ရာ ထုတ်ကုန်များ၊ စားအုန်းဆီ၊ သစ်အချောထည်ပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများနှင့် အပိုပစ္စည်းအစိတ်အပိုင်းများ တင်ပို့ရာတွင် တိုးတက်ခဲ့ကြောင်း နိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ ယင်းပို့ကုန်တန်ဖိုးမှာ မလေးရှားနိုင်ငံ၏ ပြည်ပပို့ကုန်စုစုပေါင်း၏ ၇၂ ဒသမ ၂ ရာခိုင်နှုန်းအထိရှိကြောင်း၊ ဇူလိုင်လတွင် ထိပ်တန်းပြည်ပပို့ကုန်စျေးကွက်ခြောက်ခုဖြစ်သော အာဆီယံနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဟောင်ကောင်သို့ ပို့ကုန်များမှာ မလေးရှားနိုင်ငံ၏ စုစုပေါင်းပြည်ပပို့ကုန်၏ ၈၂ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သဘာဝဘေးအန္တရာယ် - အရှေ့တောင်အာရှတွင် ရံဖန်ရံခါ ဆုံးရှုံးမှုများစွာဖြစ်ပွားစေသော မီးခိုးညစ်

မလေးရှားနိုင်ငံခေါင်းဆောင်ဖြစ်လာတော့မည့် မလေးရှားဒုတိယဝန်ကြီးချုပ် အပ္ပဒူလာအာမက်ဘာဒါဝီ

ညမ်းမှုများ ဖုံးလွှမ်းစေတတ်သည့် တောမီးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အချင်းချင်းရိုင်းပင်းကူညီရန် အရှေ့တောင်အာရှနိုင်ငံများက ဇွန်လ ၁၀ ရက်နေ့တွင် သဘောတူခဲ့ကြသည်။ ၁၉၉၇ နှင့် ၁၉၉၈ ခုနှစ်များတွင် အရှေ့တောင်အာရှကို ဖုံးလွှမ်းသွားခဲ့သော မီးခိုးမြူများကြောင့် ဒေသတွင်းစီးပွားရေးကို အမေရိကန်ဒေါ်လာ သန်း ၉၀၀၀ ဖိုး ဆုံးရှုံးစေခဲ့ကြောင်း အထူးသဖြင့်လယ်ယာစိုက်ပျိုးရေး၊ ပို့ဆောင်ရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့ကို ထိခိုက်သွားစေခဲ့ကြောင်း အရှေ့တောင်အာရှအသင်း (အာဆီယံ) က ကြေညာသည်။ တောမီး၊ မီးခိုးပြဿနာကို စုပေါင်းဖြေရှင်းနိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ရေးရာဝန်ကြီးများသည် ကွာလာလမ်ပူမြို့၌ကျင်းပသောအစည်းအဝေး၌ သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြသည်။ ယင်းသဘောတူစာချုပ်မှာ တောမီးများကို စုပေါင်းငြိမ်းသတ်ရန်နှင့် နယ်စပ်ဖြတ်ကျော်ညစ်ညမ်းမှုများကို စုပေါင်းဖယ်ရှားနိုင်ရန် ကမ္ဘာပေါ်တွင် ပထမဆုံးချုပ်ဆိုသောစာချုပ်ဖြစ်ကြောင်း၊ အာဆီယံကြေညာချက်၌ ဖော်ပြထားသည်။ ကမ္ဘာပေါ်တွင် နှစ်စဉ်တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧကသန်း ၅၀၀ အထိ မီးလောင်ဆုံးရှုံးခဲ့ရသည်။ အပူပိုင်းနှင့်သမန္တရပိုင်းမြက်ခင်းများ ဆုံးရှုံးရသည်။ အပူအအေးမမျှ သစ်တောဧကသန်းမှ ၁၅ သန်းအထိ ပျက်စီးခဲ့ရသည်။ အပူပိုင်းသစ်တော သန်း ၂၀ မှ ၄၀ အထိ ဆုံးရှုံးခဲ့ရသည်။

နိုင်ငံဖြတ်ကျော် မီးခိုးမြူတိမ်ညစ်ညမ်းမှုများထိန်းချုပ်နိုင်မည့် ကြိုတင်သတိပေးထောက်လှမ်းရေးအစီအစဉ်ကို အလေးအနက်ထားဖော်ဆောင်သွားရန် ပတ်ဝန်းကျင်ရေးရာ အာဆီယံဝန်ကြီးများကဆုံးဖြတ်ကြောင်း မလေးရှား သိပ္ပံ၊ နည်းပညာနှင့် ပတ်ဝန်းကျင်ရေးရာ၌ ဝန်ကြီးလော်ဟိန်းတင်ကပြောကြားသည်။ အာဆီယံဝန်ကြီးများသည် ဇူလိုင်လနှင့် အောက်တိုဘာလအကြား ခြောက်သွေ့ရာသီအတွင်း မီးရှို့မှုများ အချိန်ကန့်သတ်ပေးသောစည်းကမ်းချက်များအပါအဝင် တောင်သူလယ်သမားများနှင့် ဒေသခံများရှိမီးကို တင်းကျပ်စွာတားမြစ်ရန် သဘောတူခဲ့ကြသည်။

အလုပ်သမားအရေး - မလေးရှားနိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်အလုပ်လုပ်နေသော နိုင်ငံခြားသားများမှာ ယခုအခါလူဝင်မှုကြီးကြပ်ရေး ဥပဒေကို ပြင်ဆင်ထားသောဥပဒေအရ အရေးယူခြင်းခံနေကြရကြောင်း၊ မလေးရှားဒုတိယဝန်ကြီးချုပ် အပ္ပဒူလာအာမက်ဘာဒါဝီက ဩဂုတ်လ ၇ ရက်နေ့က အတည်ပြုပြောကြားသည်။ ပြစ်မှုကျူးလွန်ကြောင်းထင်ရှားပါက ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးသွားမည်။ တရားမဝင် ဝင်ရောက်လာသူများမှာ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အာဏာသက်ရောက်သော လူဝင်မှုကြီးကြပ်ရေးဥပဒေပါ စာပိုဒ်သစ်များအရ ကြိမ်ဒဏ်ပေးခံရမည့်ပြင် မလေးရှားနိုင်ငံသုံးရင်းဂစ်ငွေ ၁၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၆၃၁ ဒေါ်လာ) အထိ သို့မဟုတ် ထောင်ဒဏ်ခြောက်လမှ ငါးနှစ်အတွင်း ကျခံရမည်ဖြစ်သည်။ မလေးရှားနိုင်ငံတွင် တရားမဝင်ရောက်ရှိလာကြသော နိုင်ငံခြားသား ၂၅၀၀၀၀ ခန့်တို့မှာ မတ်လမှ ဇူလိုင်လအတွင်း အစိုးရသတ်မှတ်ထားသော လွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ်အရ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်သွားခဲ့ကြပြီးဖြစ်သည်။

သင့်ဘဝ ဦးရဲလွင်

မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေး (မြန်မာနိုင်ငံ) (၂၀၀၂) ။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၂ခုနှစ် အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အောင်မြင်စွာကြိုးပမ်းဆောင်ရွက်နိုင်သည်။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာ-တရုတ်-လာအို-ထိုင်း လေးနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကျွမ်းကျင်သူများအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ဇန်နဝါရီလ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့များတွင် ကျင်းပသည်။

မြန်မာ-ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံ တာချီလိတ်မြို့၌ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ကျင်းပသော တောင်သူများအပ်နှံသည့် ဘိန်းမျိုးစေ့များ ဖျက်ဆီးပွဲတွင် ဖျက်ဆီးမည့် ဘိန်းမျိုးစေ့များကို ကြည့်ရှုစစ်ဆေးကြစဉ်

မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး အထိ ဖွင့်လှစ်သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှောင်ခိုမှုနှင့် အလွဲသုံးစားမှု ထိန်းချုပ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် လက်မှတ်ရေးထိုးသည်။

ဆဋ္ဌမ အကြိမ်မြောက် မြန်မာ-ထိုင်းမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို မြန်မာနိုင်ငံ တောင်ကြီးမြို့၌ ဖေဖော်ဝါရီလ ၁၄ ရက်နေ့နှင့် ၁၅ ရက်နေ့များတွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အရှေ့တောင်အာရှ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးရေး စီမံကိန်းအရ အမျိုးသားအလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ တောင်ကြီးမြို့၌ ဖေဖော်ဝါရီလ ၂၀ ရက်နေ့နှင့် ၂၁ ရက်နေ့များတွင် ကျင်းပသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Yunnan Provincial Public Security Academy တွင် ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ မတ်လ ၂၃ ရက်နေ့ ရေး သင်တန်းသို့ မြန်မာနိုင်ငံမှ ရဲအရာရှိ ၂၅ ဦး တက်ရောက်သည်။

အဋ္ဌမအကြိမ်မြန်မာ- အမေရိကန်နှစ်နိုင်ငံပူးပေါင်း၍ ဘိန်းအထွက်နှုန်း တိုင်းတာခြင်းလုပ်ငန်းအတွက် နှစ်နိုင်ငံပူးပေါင်းအဖွဲ့များသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းရူးမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်္ခမြို့နယ်၊ တန့်ယန်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်နှင့် မူဆယ်မြို့နယ်များသို့ သွားရောက်ပြီး တရားမဝင် ဘိန်းခင်းများကို တိုင်းတာ လေ့လာခြင်း၊ ဘိန်းသီး၊ ဘိန်းစေး၊ ဘိန်းရွက်နှင့် မြေနမူနာ ပစ္စည်းများ စုဆောင်းရယူခြင်း၊ ဒေသခံ ဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ အစားထိုးမွေးမြူရေး၊ မူးယစ်ဆေးဝါးဆေးစွဲနေသူများအား ကုသရေး၊ တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခြင်းတို့ကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ မတ်လ ၂ ရက်နေ့ အထိ ဆောင်ရွက်သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး

ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ၁၆ ကြိမ်မြောက်ဖျက်ဆီးသည့် အခမ်းအနား

မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်မှု အလုပ်ရုံဆွေးနွေးပွဲကို တရုတ်နိုင်ငံယူနန်ပြည်နယ် ကူမင်းမြို့၌ မတ်လ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ပြည်တွင်းပြည်ပ သတင်းထောက်များပါဝင်သည့်အဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများသို့ မတ် ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ သွားရောက်၍ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို လေ့လာသည်။

မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အရာရှိများ၏ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံမြဝတီမြို့နှင့် ထိုင်းနိုင်ငံမဲဆောက်မြို့များ၌ မတ်လ ၂၀ ရက်နေ့နှင့် ၂၁ ရက်နေ့များတွင် ကျင်းပသည်။

မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးတို့ ခေါင်းဆောင်သောသံတမန်များ နာယက လာအိုနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှ အကြီးအကဲများပါဝင်သည့် လေ့လာရေးအဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) '၀' ဒေသများသို့ ဧပြီလ ၁ ရက်နေ့မှ ၃ ၇က်နေ့အထိ သွားရောက်၍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဘိန်းအစားထိုးသီးနှံဖြစ်ထွန်းမှုများကို လေ့လာသည်။

နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးထိပ်သီးအစည်းအဝေး (၂၀၀၂) ကို ကျပန်နိုင်ငံတိုက်ဖျိုမြို့၌ ဧပြီလ ၂၃ ရက်နေ့နှင့် ၂၄ ၇က်နေ့များတွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါးဆိုင်ရာ အမေရိကန်အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ၌ မေလ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မြန်မာ-တရုတ်-လာအို-ထိုင်း-ဗီယက်နမ်-ကမ္ဘောဒီးယား ခြောက်နိုင်ငံ နဝမအကြိမ်အဆင့်မြင့်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး

သတ္တမအကြိမ် မြန်မာ-ထိုင်းနှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေး

အရာရှိများအစည်းအဝေးကို တရုတ်နိုင်ငံ ဘေဂျင်းမြို့၌ မေလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန ဌာနမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့နှင့် အမေရိကန်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့တို့ ပူပေါင်းစီစဉ်ဖွင့်လှစ်သည့် ငွေကြေးစုံစမ်းစစ်ဆေးမှုသင်တန်းကို ရန်ကုန်မြို့၌ ဇွန်လ ၃ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပရာ သင်တန်းသား ၂၅ ဦးတက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော ဂျပန်နိုင်ငံသံအမတ်ကြီး၊ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ သံရုံးယာယီ တာဝန်ခံများ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်မှ ကိုယ်စားလှယ်၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပသတင်းထောက်များပါဝင်သည့် အဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ်သို့ ဇွန်လ ၆ ရက်နေ့တွင် သွားရောက်၍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဘိန်းအစားထိုးသီးနှံ ဖြစ်ထွန်းမှုများကို လေ့လာသည်။

မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်ရုံးမှ မူးယစ်ဆေးဝါးနှင့် HIV/AIDS အကြေပေးနှင့် အဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်မှ ကိုယ်စားလှယ်၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ချရေး ဆောင်ရွက်နေကြသည်။ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများ ပါဝင်သည့် လေ့လာရေးအဖွဲ့သည် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နယ် ဝက်ထီးကန်ရှိ ရွှေပြည်သာလူငယ်ပြုစုပျိုးထောင်ရေးစခန်းသို့ ဩဂုတ်လ ၃၁ ရက်နေ့တွင် သွားရောက်၍ မူးယစ်ဆေးစွဲလူငယ်များအားပြုစုပျိုးထောင်ပေးမှုများကို လေ့လာသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဆွေးနွေးပွဲကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန ဌာနမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဟက်ရောက်သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး



\'ဝ' ဒေသ မိုင်းမောတွင် ဘိန်းအစားထိုးလက်ဖက်စိုက်ခင်းကို တွေ့ရစဉ်

၂၃ ကြိမ်မြောက် အာဆီယံနိုင်ငံများ မူးယစ်ဆေးဝါးဆိုင်ရာအဆင့်မြင့် အရာရှိများအစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အောက်တိုဘာလ ၁၄ ရက်နေ့နှင့် ၁၅ ရက်နေ့များတွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနဌာနမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါးထိန်းချုပ်ရေးအလှူရှင် နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးကို သြစတြေးယားနိုင်ငံ ဗီယင်နာမြို့၌ အောက်တိုဘာလ ၂၂ ရက်နေ့နှင့် ၂၃ ရက်နေ့များတွင် ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

စိတ်ကြွရှူးသွပ်ဆေးဆိုင်ရာ သတင်းအချက်အလက်တိုးမြှင့်ရေးစီမံကိန်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာလ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

နိုင်ငံတကာဖွံ့ဖြိုးရေးဆိုင်ရာ သြစတြေးလျအေဂျင်စီ (Aus AID) အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အာရှဒေသ ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ စီမံကိန်းအရ မူးယစ်ဆေးဝါးကိုယ်တွင်းထိုးသွင်းမှုကြောင့် ဖြစ်ရသည့် HIV/ AIDS အန္တရာယ်လျော့ချရေးအတွက် ထိရောက်စွာ ချဉ်းကပ်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၌ နိုဝင်ဘာလ ၇ ရက်နေ့နှင့် ၈ ရက်နေ့များတွင် ကျင်းပသည်။

၂၆ ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အကြီးအကဲများအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်ဖွဲ့ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးတို့ ခေါင်းဆောင်

သော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံမှူးကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများပါဝင်သည့် လေ့လာရေးအဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ရှမ်းပြည်နယ် (အရှေ့မြောက်) ဒေသများသို့ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ သွားရောက်၍ နယ်စပ်ဒေသမူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လေ့လာသည်။

သတ္တမအကြိမ်မြောက် မြန်မာ-ထိုင်းမူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ထိုင်းနိုင်ငံချင်းမိုင်မြို့၌ ဒီဇင်ဘာလ ၁၂ ရက်နေ့နှင့် ၁၃ ရက်နေ့များတွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နေသော ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပရာမူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့်မြန်မာနိုင်ငံဆိုင်ရာ ကျပန်နိုင်ငံသံအမတ်ကြီးခေါင်းဆောင်သော သံရုံးကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံးတို့ပူးပေါင်း၍ တရားမဝင်ဘိန်းစိုက်ပျိုးမှုမြေပြင်စာရင်းကောက်ယူရေးလုပ်ငန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ၁၄ မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၁၁ မြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၁၅ မြို့နယ်နှင့် 'ဝ' ဒေသ ၁၃ မြို့နယ် စုစုပေါင်း ၅၃ မြို့နယ်ရှိ ကျေးရွာပေါင်း ၂,၁၈၂ ရွာသို့ ၂၀၀၂ ခုနှစ်အတွင်း ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ ဘိန်းစိုက်ပျိုးသောကျေးရွာ ၉၄၇ ရွာ၊ ဘိန်းစိုက်ဧရိယာ ပျမ်းမျှဟက်တာ ၈၁,၄၀၀ (၂၀၁,၀၅၈ ဧက)၊ တစ်ဧက ပျမ်းမျှ အထွက်နှုန်း ၄ ဒသမ ၀၅ ကီလိုနှင့် ဘိန်းထုတ်လုပ်မှု ပျမ်းမျှ ၈၂၈ တန်ဖြစ်ကြောင်း ခန့်မှန်းတိုင်းတာရရှိသည်။

ပန်းတိုင်သစ် စီမံကိန်း

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးဆိုင်ရာ ပန်းတိုင်သစ် စီမံကိန်း ၂၀၀၂ခုနှစ် ဧပြီလမှ စတင်၍ အကောင်ထည် ဖော်ဆောင်ရွက်သည်။ ပန်းတိုင်သစ် စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးစေခြင်းဖြင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးဖြစ်သည်။ ပန်းတိုင်သစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘိန်းစိုက်ပျိုးခြင်းမပြုနိုင်အောင် ဥပဒေအရာ တားဆီးခြင်း၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် တားဆီးခြင်း၊ မျိုးစေ့များကို အရင်းမပျောက်သော နည်းလမ်းဖြင့် ဖြန့်ဖြူးခြင်း၊ ဒေသ အလိုက်ဖြစ်ထွန်းမည့် တိရစ္ဆာန်များဖြန့်ဖြူးခြင်း၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ အစီအမံများဖြင့် ဦးစားပေးနယ်မြေများ သတ်မှတ်ပြီး ကွင်းဆင်းကြပ်မတ်စစ်ဆေးခြင်း၊ စည်းရုံးပညာပေးခြင်းနှင့် လိုအပ်ချက်များဖြည့်ဆည်းစီမံဆောင်ရွက်ပေးခြင်းစသည့် နည်းဗျူဟာများကို ကျင့်သုံးသည်။ စီမံကိန်းဝင်နယ်မြေအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ကို သတ်မှတ်ထားသည်။ စီမံကိန်းအတွက် မူးယစ်ဗဟိုအဖွဲ့ ရန်ပုံငွေမှ ပထမအဆင့်ကျပ်သိန်း ၅၀၀နှင့် ဒုတိယအဆင့် ကျပ်သိန်း ၅၀၀ စုစုပေါင်း ကျပ်သိန်း ၁၀၀၀ လျာထားပြီး စီမံကိန်းဝင်နယ်မြေများသို့ ခွဲဝေထုတ်ပေးသုံးစွဲသည်။ ၂၀၀၂ ခုနှစ်အတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ကျပ် ၅၇၅ သိန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ကျပ်သိန်း ၅၀ သိန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ကျပ် ၂၅ သိန်း၊ ကချင်ပြည်နယ်တွင် ကျပ်သိန်း ၂၀ နှင့် ကယားပြည်နယ်တွင်ကျပ် ငါးသိန်း စုစုပေါင်း ကျပ် ၆၂၅ သိန်း ထုတ်ပေးပြီးဖြစ်သည်။

ပန်းတိုင်သစ် စီမံကိန်း၏ အောင်မြင်မှုတစ်ရပ်မှာ ဒေသခံဘိန်းစိုက်ကောက်သူများက ဘိန်းမျိုးစေ့များနှင့် ဘိန်းသီးခြောက်များကို ဒေသဆိုင်ရာ အာဏာပိုင်များထံ အပ်နှံကြခြင်းဖြစ်သည်။ ဘိန်းစိုက်တောင်သူများအပ်နှံသော ဘိန်းမျိုးစေ့များနှင့် ဘိန်းသီးခြောက်များ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားများကို ကျင်းပခဲ့ရာ ဇွန်လ ၂ ရက်နေ့တွင် ပင်လောင်းမြို့၌ ၈၂၂ ဒသမ ၉၈ ကီလို၊

ငွန်လ ၃ ရက်နေ့တွင် လွိုင်ကော်မြို့၌ ၃၈ ဒသမ ၂၇၃ ကီလို၊ ငွန်လ ၅ ရက်နေ့တွင် ကျိုင်းတုံမြို့၌ ၆၉၅ ဒသမ ဝ၆ ကီလို၊ ငွန်လ ၇ ရက်နေ့တွင် လားရှိုးမြို့၌ ၁၀၁, ၉၄၀ ဒသမ ၄၃၃ ကီလို၊ ငွန်လ ၈ ရက်နေ့တွင် လောက်ကိုင်မြို့၌ ၁၃,၄၄၂ ဒသမ ၈၅၆ ကီလို၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် လားရှိုးမြို့၌ ၁၈,၈၂၂ ဒသမ ၇၇ ကီလို၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဝိုင်းမော်မြို့၌ ၁၉၂ ဒသမ ၉၉ ကီလိုနှင့် ဒီဇင်ဘာလ ၈ ရက်နေ့တွင် နမ့်စန်မြို့၌ ၈,၆၂၅ ဒသမ ၉၁၄ ကီလို စုစုပေါင်း ဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက် ၁၅၂,၀၅၁ ဒသမ ၂၇၆ ကီလို ကို မီးရှို့ဖျက်ဆီးသည်။

ဘိန်းခင်းများနှင့်ဘိန်းချက်စခန်းများဖျက်ဆီးခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်းကာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးများဖြစ်လာမည့် ဘိန်းစိုက်ခင်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့် ဘိန်းချက်စခန်းများကို ရှာဖွေဖော်ထုတ်ဖျက်ဆီးသည်။

၂၀၀၁-၂၀၀၂ ခုနှစ် ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ဘိန်းခင်း ၁၇,၉၂၈ ဒသမ ဝ၅ ဧက၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ဘိန်းခင်း ၂,၇၁၈ ဒသမ ၉၆ ဧက၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌ ဘိန်းခင်း ၂၂၉ ဒသမ ၁၀ ဧက၊ ကချင်ပြည်နယ်၌ ဘိန်းခင်း ၄,၇၇၅ ဒသမ ၆၆ ဧက၊ မကွေးတိုင်း၌ ဘိန်းခင်း ၈ဒသမ ဝ၆ ဧက၊ ကယားပြည်နယ်၌ ဘိန်းခင်း ၂၀၂ ဧက၊ ချင်းပြည်နယ်၌ ဘိန်းခင်း ဝ ဒသမ ၅ ဧက စုစုပေါင်း ဘိန်းခင်း ၂၅,၈၆၂ ဒသမ ၃၃ ဧက ဖျက်ဆီးနိုင်သည်။ ၁၉၈၈-၈၉ ခုနှစ် ဘိန်းရာသီမှ ၂၀၀၁-၂၀၀၂ ခုနှစ် ဘိန်းစိုက်ရာသီအထိ တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်းစုစုပေါင်း ၁၅၃,၉၄၉ ဒသမ ၆၁ ဧကကို ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ချိန်စင်းကြိုင်ကျေးရွာပျက် အနီးရှိ ဘိန်းချက်စခန်းသုံးခုကို ဇန်နဝါရီလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့ အထိလည်းကောင်း၊ တန့်ယန်းမြို့နယ် လွယ်ပန်လျှိုတောင်ကြောရှိ ဘိန်းချက်စခန်းတစ်ခုကို ဇန်နဝါရီလ ၂၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၂ ရက်နေ့အထိလည်းကောင်း၊ ကွတ်ခိုင်မြို့နယ် ဟိုဖျက်ကျေးရွာအနီးရှိ ဘိန်းချက်စခန်းနှစ်ခုကို မေလ ၂၅ ရက်နေ့တွင် လည်းကောင်း၊ လောက်ကိုင်မြို့နယ် တာချီကမ်းပါးကျေးရွာအရှေ့ဘက်ရှိ ဘိန်းချက်စခန်းတစ်ခုကို ဇူလိုင်လ ၂၈ ရက်နေ့တွင်လည်းကောင်း၊ လောက်ကိုင်မြို့နယ် ရှာပါနိုက်ကျေးရွာအနီးရှိ ဘိန်းချက်စခန်း တစ်ခုကို အောက်တိုဘာလ ၃၀ ရက်နေ့တွင် လည်း ကောင်း၊ ကွတ်ခိုင်မြို့နယ် ပန်လွေကျေးရွာအနီးရှိ ဘိန်းချက်စခန်းတစ်ခုကို နိုဝင်ဘာလ ၂ ရက်နေ့တွင်လည်းကောင်း အသီးသီးဝင်ရောက်ရှင်းလင်းဖျက်ဆီးခဲ့သည်။

တားဆီးနှိမ်နင်းမှု

တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိ တားဆီးနှိမ်နင်းခဲ့သော မူးယစ်ဆေးဝါးစုစုပေါင်းမှာ ဘိန်းဖြူ ၁,၀၂၅ မှုနှင့် ၃၃၃ ဒသမ ၈၈၇၇ ကီလို၊ ဘိန်းအမှု ၃၉၀ နှင့် ၁,၈၆၃ ဒသမ ၂၇၃ ကီလို၊ ဆေးခြောက် ၂၃၂ မှုနှင့် ၂၈၁ ဒသမ ၉၈၈၄ ကီလို၊ ဘိန်းညှစ်မှုနှင့် ၃၁၄ ဒသမ ၄ ကီလို၊ ဘိန်းဆီ ၄၄ မှုနှင့် ၁၈ ဒသမ ၂၅ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၃၇ မှုနှင့် ၃၃၈ ဒသမ ၄၅၄ လစ်တာ၊ အဆင့်နိမ့်ဘိန်း ၁၆၈ မှုနှင့် ၁၂၅ ဒသမ ၉၄၇၇ ကီလို၊ မူးယစ်ဆေးဝါးအာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည် ၁၆ မှုနှင့် ၁၄၀ ဒသမ ၇၇၅ လစ်တာ၊ ကေဖင်းကီလို ၄၀၊ ဘိန်းစာမှုန့် ၂၅ မှုနှင့် ၁၅၂ ဒသမ ၆၅၄၅ ကီလို၊ စိတ်ကြွရုံးသွပ်ဆေးပြား ၅၄၁ မှုနှင့် ဆေးပြား ၉,၃၉၉,၇၉၄ ပြား အက်ဖီဒရင်း ၁၀ မှုနှင့် ၁,၇၂၃ ဒသမ ၅၃၆၉ ကီလို၊ မော်ဖင်းထိုးဆေး နှစ်မှုနှင့် ၁၇၇ ပုလင်း၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် သုံးမှုနှင့် ၂,၉၅၃ ဒသမ ၂၈၈၄ လစ်တာ၊ ဓာတုဆေးရည် ၁၀ မှုနှင့် ၂၆,၄၄၀ ဒသမ ၄၁၉ လစ်တာ၊ စိတ်ကြွရုံးသွပ်

ဆေးမှုန့် ငါးမှုန့် ၁၆ ဒသမ ၂၀ ကီလို၊ ဒိုင်ယာစီပင်ဆေးပြား သုံးမှုန့် ဆေးပြား ၃၄၇,၆၂၁ ပြား၊ ဒိုင်ယာစီပင် ထိုးဆေး နှစ်မှုန့် ၄၁ ပုလင်း၊ စိတ်ကြွရူးသွပ်ဆေးပုံဆောင်ခဲ (အိုက်စ်) နှစ်မှုန့် ၄၁၅ ဒသမ ၂ ကီလို၊ ဓာတုဆေးမှုန့် တစ်မှုန့် ၄,၈၄၀ ဒသမ ၃၉ ကီလို၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင်ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၂၃၄ မှု၊ အခြားမူးယစ်ဆေးဝါးအမှု ၁၅၈ စုစုပေါင်း မူးယစ်ဆေးဝါးအမှု ၂,၈၉၉ မှုနှင့် တရားခံ (ကျား) ၃,၄၈၈ ဦး၊ တရားခံ (မ) ၈၀၃ ဦး စုစုပေါင်း တရားခံ ၄,၂၉၁ ဦးဖြစ်သည်။

မူးယစ်ဆေးဝါးများဖျက်ဆီးခြင်း

မူးယစ်ဗဟိုအဖွဲ့က ဖမ်းဆီးရမိသူမူးယစ်ဆေးဝါးများ ၁၆ ကြိမ်မြောက် ဖျက်စီးသည့်အခမ်းအနားကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်ဝင်းအတွင်း မီးရှို့ဆောင်၌ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူးကိုယ်စား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်ကရှင်းလင်းတင်ပြသည်။ ထို့နောက် မူးယစ်ဆေးဝါးအာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည်ပုလင်းများအား လမ်းကြိတ်စက်ဖြင့် ကြိတ်၍ ဖျက်စီးသည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဧည့်သည်များသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်စစ်ဆေးကြသည်။ ထို့နောက် မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ ဩစတြေးလျ နိုင်ငံသံအမတ်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အမေရိကန်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံတို့က စက်ခလုတ်များကို ပြိုင်တူနှိပ်၍ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို မီးရှို့ဖျက်စီးသည်။

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ၁၆ ကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားတွင် ဘိန်းဖြူ ၂၄၀ ဒသမ ၄၆၂ ကီလို၊ ဘိန်း ၃,၀၂၇ ဒသမ ၈၃၂ ကီလို၊ ဘိန်းဆီ ၁၂ ဒသမ ၂၇၉ ကီလို၊ ဘိန်းရည် ၃၁ ဒသမ ၂၅၀ ကီလို၊ ဆေးခြောက် ၄၃၄ ဒသမ ၂၅၃ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၆၆၈ ဒသမ ၉၄၄ လီတာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၄,၉၄၆,၉၆၆ ပြား၊ အက်ဖီဒရင်း ဆေးမှုန့် ၂,၈၆၅ ဒသမ ၇၀၃ ကီလို၊ ဘိန်းစာမှုန့် ၉၈ ဒသမ ၄၄၀ ကီလို၊ ဘိန်းညို ၁၃၀ ဒသမ ၃၈၀ ကီလို၊ အက်ဖီဒရင်းဆေးပြား ၄,၀၅၀,၉၄၇ ပြား၊ ဖီနိုဘာဘီတယ်ဆေးပြား ၂၀ ချောင်း၊ စိတ်ကြွရူးသွပ်ဆေးပုံဆောင်ခဲ (အိုက်စ်) ၅၁၇ ဒသမ ၈၉၀ ကီလို၊ ကေဖင်း ၃,၀၂၁ ဒသမ ၈ ကီလို၊ မော်ဖင်းထိုးဆေးပုလင်း ၁၁၀၊ ကိုဒင်းဆေးပြား ရှစ်ပြားတို့ကို မီးရှို့ဖျက်ဆီးသည်။

မူးယစ်ဆေးဝါးများဖျက်စီးသည့် အခမ်းအနားများကို နယ်စပ်ဒေသများတွင်လည်း ကျင်းပခဲ့ရာ ဇွန်လ ၇ ရက်နေ့တွင် လာရှိုးမြို့၌ ဘိန်း ၂၄၉ ကီလို၊ ဘိန်းညို ၁၀၅ ကီလိုနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း ဇွန်လ ၈ ရက်နေ့တွင် လောက်ကိုင်မြို့၌ ဘိန်းဖြူ ၀ ဒသမ ၀၇၃ ကီလို၊ ဘိန်း ၉၄ ဒသမ ၇၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၇,၂၀၀၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၁၇၀ ဒသမ ၀၁ ကီလိုနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ပန်ဝိုင်မြို့၌ ဘိန်းဖြူ ၀ ဒသမ ၃၅၃ ကီလို၊ ဘိန်း ၁ ဒသမ ၅၃ ကီလိုနှင့် အက်စစ်များကိုလည်းကောင်း၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင်လားရှိုးမြို့၌ ဘိန်းဖြူ ၄၄ ဒသမ ၈၇ ကီလို၊ ဘိန်း ၃၈၃ ဒသမ ၁၈ ကီလို၊ ဘိန်းညို ၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀,၀၀၀၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၈ ဒသမ ၇ ကီလိုနှင့်အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် နမ့်စန်မြို့၌ ဘိန်းဖြူ ၆ ဒသမ ၉၂၄၈ ကီလို၊ ဘိန်း ၁၃၉ ဒသမ ၄၅၈၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅,၄၇၂ ပြား၊ ဆေးခြောက် ၂ ဒသမ ၂၀၃၈ ကီလိုနှင့် ကိုဒင်းပါဝင်သော ချောင်းဆိုးပျောက်ဆေးရည် ၉၈ ဒသမ ၅ လစ်တာတို့ကို ဖျက်ဆီးသည်။

စိုးအောင်

မိုးကြည်၊ ဦး (မေမြို့ မိုးကြည်)

မိုးကြည်၊ ဦး (မေမြို့ မိုးကြည်) (ခရစ်နှစ် ၁၉၄၁-၂၀၀၂)။ ။ မေမြို့ မိုးကြည်ကို တောင်သူဦးတော်မောင်၊ ဒေါ်စောမြတို့က ၁၉၄၁ ခုနှစ်၊ ဧပြီလ (၁) ရက်၌ ရွှေဘိုခရိုင်၊ ပလိုင်းရွာတွင် ဖွားမြင်သည်။ ငယ်မည် မောင်ကြည်ဆောင်ဖြစ်သည်။

မေမြို့ မိုးကြည်

မေမြို့ မိုးကြည်၏ အဓိကရနှင့် အထင်ကရ ဆရာများမှာ ဂန္ဓကာရက ကျမ်းပြုအကျော်ဆရာတော် အရှင်ဇနကာဘိဝံသနှင့် မောင်သုတအမည်ခံ ဗိုလ်မှူးဘသောင်း (မဟာဝိဇ္ဇာရွှေတံဆိပ်ရ) တို့ ဖြစ်သည်။ ၁၈ နှစ်သားအရွယ်မှစတင်၍ စာပေများရေးသားခဲ့သည်။ ဆောင်းပါးစာတမ်းပေါင်း ၃၀၀ ကျော်နှင့် လုံးချင်းစာအုပ် ၃၅ အုပ်အထိ ရေးသားခဲ့သည်။ ထင်ရှားသည့်စာအုပ်များမှာ ခေတ် ၉ ခေတ်မှ မြန်မာကဗျာများအဖွင့် စာပေသမိုင်းသစ်၊ ဘွဲ့တံဆိပ်ဂုဏ်ရည်သမိုင်းချုပ်နှင့် ဘွဲ့ရမဟာထေရ်ကြီးများ၊ သာသနာ ၂၅၊ ၂၆ ရာစုခေတ် သျှင်မဟာဗုဒ္ဓယောသ (သို့မဟုတ်) အရှင်ဇနကာဘိဝံသ၊ မြန်မာစစ်ပညာ၊ လွတ်လပ်ရေးနှင့် တေးဂီတ၊ မြန်မာစာပေတိုက်ပွဲများတို့ ဖြစ်ကြသည်။

မေမြို့မိုးကြည်သည် မြကန်သာမဂ္ဂဇင်း၊ စာပုလွေမဂ္ဂဇင်း၊ မြတ်ရတနာမဂ္ဂဇင်းနှင့် ချင်းတွင်းကျာနယ်တို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် အနုပညာဆိုင်ရာစာပေဆုကို ရရှိခဲ့သည်။ မန္တလေးမြို့ သျှန်တက္ကသိုလ်တွင် ပါဠိမြန်မာဆရာအဖြစ် သုံးနှစ်ကျော်သင်ကြားခဲ့ပြီး အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင်လည်း အလုပ်အမှုဆောင်အဖြစ် ဆရာကြီးဦးရွှေဒေါင်း၊ လူထုဦးလှ၊ လူထုဒေါ်အမာတို့နှင့် တွဲဖက်၍ အသင်းကြီးဖျက်သိမ်းသည်အထိ ဆောင်ရွက်ခဲ့သည်။

မြို့တော် အသံလွှင့်လုပ်ငန်း

မေမြို့မိုးကြည်သည် ကျန်းမာရေးအခြေအနေမကောင်း၍ စာရေးကျဲသွား သော်လည်း တတ်စွမ်းသမျှ စာပေတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ရွက်သွားခဲ့သည်။ ဘာသာသွေးမဂ္ဂဇင်း အကြံပေးနာယကအဖြစ် အဆင့်ဆင့်တာဝန်ယူခဲ့ပြီး ၂၀၀၁ ခုနှစ် မေလတွင်ပြန်လည်ထုတ်ဝေသော အသွင်သစ် ဘာသာသွေးမဂ္ဂဇင်းမှ စတင်၍ စာတည်းချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သည်မှာ ကွယ်လွန်ချိန်အထိ ဖြစ်သည်။

ကျန်းမာရေး ပိုမို ယိုယွင်းလာသော်လည်း စာပေမှတ်တိုင်ဖြစ်ခဲ့သည့် မြန်မာစာပေတိုက်ပွဲများ (စတုတ္ထအကြိမ်) ပြန်လည်ရိုက်နှိပ်ရန်နှင့် မြန်မာစာပေတိုက်ပွဲများ (ဒုတိယတွဲ) ထုတ်ဝေရန်ပြင်ဆင်တည်းဖြတ်နေဆဲကာလ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၌ ရန်ကင်းမြို့ (၁၃) ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ ခြံအမှတ် (၄-ခ) နေအိမ်တွင် ကွယ်လွန်သည်။ ဇနီး ဒေါ်လှရွှေနှင့် သမီးမဝါဝါ၊ မဖြူဖြူစိုးတို့ ကျန်ရစ်ခဲ့သည်။

ကိုသီအောင်

မြို့တော်အသံလွှင့်လုပ်ငန်း ။ ။အသံလွှင့်လုပ်ငန်းသည် ကမ္ဘာပေါ်တွင် ၂၀ ရာစုခေတ်ဦးကပင် စတင်ပေါ်ပေါက်လာခဲ့သော ပြန်ကြားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။ ကမ္ဘာ့ပထမဆုံး ရေဒီယိုအသံလွှင့်လုပ်ငန်းကို ၁၉၂၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံ၌ စတင်တည်ထောင်ခဲ့သည်။

မြန်မာနိုင်ငံတွင်မူ အသံလွှင့်လုပ်ငန်းကို ၁၉၃၇ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ထိုအချိန်သည် မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေသည့် ကာလဖြစ်သည်။ ကြေးနန်းဆက်သွယ်ရေးဌာနက အိန္ဒိယနှင့် မြန်မာနိုင်ငံ ဝိုင်ယာလက် ကြေးနန်းဆက်သွယ်ရာတွင် အသုံးပြုသော မာ့ကိုနီအသံလွှင့်စက် တစ်လုံးတည်းဖြင့် စမ်းသပ်အသံလွှင့်ခဲ့ခြင်းဖြစ်သည်။ အသံလွှင့်ခဲ့သည့် နေရာမှာ မင်္ဂလာဒုံဖြစ်သည်။ ၁၉၃၈ ခုနှစ်တွင် နောက်ဆုံးပေါ် ၁၀ ကီလိုဝပ် ဖီးလစ်အမျိုးအစား အသံလွှင့်စက်ကို မင်္ဂလာဒုံတွင်ပင်ထား၍ အသံလွှင့်ခဲ့သည်။ တစ်ချိန်တည်းတွင် ရန်ကုန်မြို့၊ ပန်းဆိုးတန်း၊ ဗဟိုကြေးနန်းရုံးကြီး အောက်ထပ်ရှိ

အသံလွှင့်လုပ်ငန်း အကြီးအကဲက လုပ်ငန်းအကြောင်းသိကောင်းစရာများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာတည်းအဖွဲဝင်နှစ်ဦးအား ဤသို့ရှင်းပြသည်

အခန်းအချို့ကို အသံလွှင့်ရုံအဖြစ် ပြောင်းလဲဖန်တီးရန် အင်္ဂလိပ်အစိုးရက စီစဉ်ကာ ဝပ် ၅၀၀ အားရှိ အသံလွှင့်စက်တစ်လုံးကို တည်ဆောက်ထားရှိခဲ့သည်။

ဤသို့ဖြင့် ၁၉၃၉ ခု၊ ဇွန်လတွင် မြန်မာနိုင်ငံတော်အစိုးရ၊ အစမ်းအသံလွှင့်ရုံ (Burma State Experimental Broadcasting Service) ဟူ၍ ပေါ်ပေါက်လာခဲ့သည်။ ၁၀ ကီလိုဝပ်အား၊ ဖီးလစ်အသံလွှင့်စက်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ၆၀၀၇ ကီလိုဆိုင်ကယ် ၄၉ မိတာတို့ဖြင့် အသံလွှင့်ပေးခဲ့သည်။ နေ့စဉ် နံနက်၊ နေ့လယ်၊ ညနေဟူ၍ သုံးကြိမ် လွှင့်ထုတ်ခဲ့သည်။ ဤသို့ဖြင့်ပင် ရန်ကုန်မြို့နှင့် အနီးပတ်ဝန်းကျင်သို့ အသံလွှင့်ခဲ့သော ၈၆ မိတာ အသံလွှင့်စက်ကလေးမှသည် မြန်မာနိုင်ငံတော်အစိုးရအသံလွှင့်ဌာန (Burma State Broadcasting Service) ဟူ၍ ၁၉၃၉ ခု၊ အောက်တိုဘာ (၁) ရက်နေ့၊ ညနေ (၅) နာရီအချိန်တွင်၊ ဗဟိုကြေးနန်းရုံးကြီး၌ပင် ဖွင့်ပွဲလုပ်ကာ ပေါ်ပေါက်လာခဲ့ပေသည်။

၁၉၄၆ ခု၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် ဗမာ့အသံအမည်ဖြင့် ထုတ်လွှင့်ခဲ့ပြီး ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် 'မြန်မာ့အသံ' ဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြန်မာ့အသံ၊ ရေဒီယိုအစီအစဉ်၊ အသံလွှင့်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ကမ္ဘာကြီးနှင့် ရင်ပေါင်တန်းလျက် ၂၁ ရာစုခေတ်ဦး ၂၀၀၀ ပြည့်နှစ်မှစ၍ ပြန်ကြားရေးမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ဤတွင် ပုံနှိပ်မီဒီယာ (Print Media) နှင့်အတူ အသံမီဒီယာ (Sound Media) လုပ်ငန်းပါ

မြို့တော်အသံလွှင့်လုပ်ငန်း

မြို့တော်အသံလွှင့်လုပ်ငန်းမှ
အစီအစဉ်ကြေညာသူနှစ်ဦး

ယှဉ်ပြိုင်ဖွဲ့ဖြိုးလာခဲ့ရာ အသံမီဒီယာပိုင်းအနေနှင့် နိုင်ငံတော်ပိုင်းမှ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီ ရုပ်မြင်သံကြားတို့ အင်အားကောင်းစွာ ဖြစ်ထွန်း ပေါ်ပေါက်လာခဲ့ပြီး ဖြစ်သည်။

ထိုအချိန်တွင် ရေဒီယိုအသံလွှင့်လုပ်ငန်း သည် ရုပ်မြင်သံကြားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာခဲ့၍ မှေးမှိန်ဖျော့တော့သွားသယောင် ရှိခဲ့သော်လည်း အမှန်စင်စစ် ဦးမော့ခေါင်းထောင်လာသည် ဟုဆိုနိုင်သည့် သာဓကတစ်ခုရှိလာခဲ့သည်။ ယင်းမှာ ရန်ကုန် မြို့တော်စည်ပင် သာယာရေး ကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနက ကြီးမှူး လွှင့်ထုတ်ခဲ့သည့် 'မြို့တော် အသံလွှင့်လုပ်ငန်း'ပင် ဖြစ်သည်။ ၎င်းကို အင်္ဂလိပ် ဘာသာအားဖြင့် CITYFM ဟု ခေါ်တွင်သည်။ စင်စစ် CITYFM သည် ကမ္ဘာ့မြို့တော် အတော်များများတွင် ဖွံ့ဖြိုးရှင်သန် နေသောအသံလွှင့်လုပ်ငန်း တစ်ခုဖြစ်သည်။ မြို့တော်အသံလွှင့်လုပ်ငန်းဖြစ်သဖြင့် မြို့တော်၏ အရေးပါအရာရောက်သော လုပ်ငန်းတစ်ခုဖြစ် သည်ဟု ဆိုရမည်။ ထို့ကြောင့် မြို့တော် အသံလွှင့် လုပ်ငန်းသည် မြို့တော်အတွက် မရှိမဖြစ်လိုအပ် ချက်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံ၏ မြို့တော်အသံလွှင့် လုပ်ငန်း စတင်ပေါ်ပေါက်လာရခြင်းမှာ နေ့စဉ်နှင့်အမျှ မြို့တော်အတွင်း ဖြတ်သန်းမောင်းနှင်လျက်ရှိကြ သော မော်တော်ယာဉ်များကိစ္စကအစ ဟုဆိုရမည် ဖြစ်သည်။ ၎င်းသည် ကမ္ဘာ့နေရာအနှံ့အပြားမှ မြို့တော် တစ်ခု၏ ကြုံဆုံရမှုဖြစ်သည်။ မြန်မာနိုင်ငံ တွင်လည်း ထိုပုံစံအတိုင်းသာ ဖြစ်သည်။ တစ်နေ့ တစ်ခြား များပြားတိုးတက်လာသော ယာဉ်များ၏ သွားလာ ဖြတ်သန်းမှုအား ထိန်းသိမ်းလမ်းညွှန် ပေးနိုင်ရန်အတွက် တစ်ဖက်မှ ပို့ဆောင်ရေးဝန်ကြီး ဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့နှင့်အတူ မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ပူးပေါင်း ဆောင်ရွက်ရန်ဖြစ်သည်။

အများအားဖြင့် မော်တော်ယာဉ်များပေါ် တွင် F.M လိုင်းပါဝင်သော ရေဒီယိုလေးများ ရှိတတ်ကြသည်။ ယခုဆိုလျှင် ယာဉ်များအတွက် မြို့တော်အသံလွှင့် လုပ်ငန်းဟူသော သဘောကို

သိရှိရသောအခါ မော်တော်ယာဉ်တိုင်းတွင် ရေဒီယို ပါရှိနေပြီဟု ဆိုနိုင်ပြီဖြစ်သည်။ မြို့တော်အသံလွှင့် ဌာနသည် မော်တော်ယာဉ်များအတွက် လမ်းကြောင်း ပြခြင်း၊ လမ်းအခြေအနေ အစီရင်ခံခြင်း၊ အန္တရာယ် ပေါ်ပေါက်မှုကို သတိပေးခြင်း စသည့်ကိစ္စရပ်များကို အချိန်နှင့်အမျှ လွှင့်ထုတ်ပေးနေလေသည်။

မြို့တော်အသံလွှင့်ဌာန၏ တည်နေရာသည် ရန်ကုန်မြို့၊ မြို့တော်ခန်းမ၏ အပေါ်ဆုံးအထပ်တွင် ဖြစ်သည်။ ယခုအခါတွင် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန၊ ဌာနမှူး ဦးလှမြင့်ဆွေ ဦးဆောင်၍ ဝန်ထမ်း ၂၅ ဦးနှင့်အတူ ဆောင်ရွက်လျက်ရှိသည်။

မြို့တော်အသံလွှင့်လုပ်ငန်းသည် ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့မှစ၍ FM 89 နှင့် FM 99 မီဂါဝပ်မှ စမ်းသပ်အသံလွှင့်အနေနှင့် ထုတ်လွှင့်ခဲ့သည်။ ထိုစဉ် က နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ်၊ နေ့လယ် ၂ နာရီမှ ၄ နာရီထိ တစ်ကြိမ် စုစုပေါင်း တစ်ရက်လျှင် လေးနာရီ ထုတ်လွှင့်ခဲ့သည်။ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစ၍ တရားဝင်စတင်ထုတ်လွှင့်ခဲ့ပြီး နံနက် (၇) နာရီမှ (၁၂) နာရီထိတစ်ကြိမ်၊ နေ့လယ် ၁ နာရီမှ ညနေ ၆ နာရီထိတစ်ကြိမ် ထုတ်လွှင့်သည်။ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့မှ စတင်ကာ နံနက် (၇) နာရီမှ ည (၇) နာရီထိ တိုးချဲ့ထုတ်လွှင့်ခဲ့သည်။ ထုတ်လွှင့်သည့် စက်အနေနှင့် အီတလီနိုင်ငံမှ 2 KW Transmitter (၂) လုံးအား တစ်လုံးလည်၊ တစ်လုံးနားစနစ်ဖြင့် ဆောင်ရွက်ခဲ့သည်။

မြို့တော်အသံလွှင့်လုပ်ငန်း၏ ထူးခြားချက်မှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာခေတ်၌ ပေါ်ထွက်လာသော အင်တာနက်တွင် Yangon City Web-Site ကို ထည့်သွင်းရာ၌ CITY F.M ကိုပါ ပူးတွဲထည့်သွင်းထားခြင်းဖြစ်သည်။ ၎င်းအစီအစဉ်ကို ၂၀၀၂ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့က စတင်အကောင်အထည်ဖော်ခဲ့သည်။

သို့ဖြစ်သောကြောင့် မြို့တော်ရေဒီယို၏ အသံသည် ကမ္ဘာ၏ အခြားနိုင်ငံများသို့ပါ ရောက်ရှိနားထောင်နိုင်သည့် အနေအထားတွင် ရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့်လည်း အခြားနိုင်ငံရောက် မြန်မာလူမျိုးများက မြို့တော်အသံလွှင့်လုပ်ငန်းသို့ သီချင်းတောင်းဆိုနိုင်သည့် အခွင့်အရေးရရှိလျက် မြန်မာရန်နှင့် မကင်းမကွာရှိနေနိုင်သည့် အနေအထားဖြစ်သည်။ သုတေသနပြုချက်အရ ရက်သတ္တပတ် တစ်ပတ်တည်းတွင်ပင် နိုင်ငံမျိုးစုံမှ မြန်မာလူမျိုးတို့၏ သီချင်းတောင်းခံလွှာမှာ ၃၄၀ ခန့် ရှိသည် ဟု ဆိုသည်။ ၎င်းကို Internet Request Program ဟူ၍ အင်တာနက်မှတစ်ဆင့် တောင်းဆိုသည့် သောတရှင်လိုရာကဏ္ဍအဖြစ် တည်ရှိသည်။

ဤသို့လျှင် အသံထွက်ဝတ္ထု၊ ဟာသအတို အထွာ၊ အသစ်တို့၏အသံ၊ ခေတ်ပေါ်ဂီတ စသည့် အစီအစဉ်များဖြင့် တစ်နေ့လျှင် သီချင်းပုဒ်ရေ ၃၀၀ ကျော် လွှင့်ထုတ်ပေးနေသော မြို့တော်ရေဒီယိုသည် နိုင်ငံစီးပွားရေး၊ ဖွံ့ဖြိုးမှုအတွက် တစ်ဖက်တစ်လမ်းမှလည်း ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများအား ကြော်ငြာပေးသည့် ကဏ္ဍများကို ထည့်သွင်းအသံလွှင့်ပေးခဲ့သည်။

မြို့တော်အသံလွှင့်လုပ်ငန်းသည် မကြာခင် ကာလတွင် ကမ္ဘာ့မြို့တော်ရေဒီယိုစနစ်များကဲ့သို့ ၂၄ နာရီ ထုတ်လွှင့်ခြင်းကိုလည်း ဆောင်ရွက်တော့မည် ဖြစ်ကြောင်း မြို့တော်ရေဒီယို၏ တာဝန်ရှိပုဂ္ဂိုလ်များက သွားရောက်တွေ့ဆုံသည့် ပုံနှိပ်မီဒီယာများမှ သတင်းထောက်များ၊ စာရေးဆရာများ၊ သုတေသီများအား အသိပေးဖြေကြားခဲ့ကြောင်းသိရသည်။

အချုပ်ဆိုရလျှင် ကမ္ဘာနှင့် ရင်ပေါင်တန်းလိုက်နေသော မြန်မာနိုင်ငံသည် မြို့တော်ရေဒီယို အစီအစဉ်များကို ထုတ်လွှင့်ပေးခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအား တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နေခြင်းဖြစ်သည် ဟုဆိုနိုင်ပေသည်။

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒုတိယအကြိမ် ညီလာခံ။ ။ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးရှုဆောင်ရွက်ကြရာတွင် စာကြည့်တိုက်များ၊ စာကြည့်တိုက် ပညာရှင်များနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည့်အလျောက် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းကြီးကို ၁၉၉၈ ခုနှစ်ကပင်

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒုတိယအကြိမ်ညီလာခံတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်
မိန့်ခွန်းမြွက်ကြားစဉ်

စတင်ဖွဲ့စည်းပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းသည် နိုင်ငံတော်က အသိအမှတ်ပြု ဖွဲ့စည်းထားသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်း (Non- Governmental Organization- NGO) များတွင်တစ်ခုအပါအဝင် ဖြစ်ပါသည်။

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ပေါ်ပေါက်လာစေရန်အတွက် ၁၉၉၀ ပြည့်နှစ်ကပင် စတင်ကြိုးပမ်းအား ထုတ်ခဲ့ကြသည်။ ထို့ကြောင့် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာ (၁၄) ရက်နေ့၌ ဝန်ကြီးဌာနပေါင်းစုံမှ စာကြည့်တိုက်မှူးများ စုစည်းညှိနှိုင်း၍ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဖြစ်မြောက်ရေးကော်မတီတစ်ရပ်ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြသည်။ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာ (၂၃) ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့၏ မှတ်ပုံတင်အမှတ် (၁၇၃၁) ဖြင့် တရားဝင်ဖွဲ့စည်းခွင့်ရရှိခဲ့သည်။

"နိုင်ငံတကာတွင် စာကြည့်တိုက်အသင်းများရှိကြရာ မြန်မာနိုင်ငံတွင်လည်း စာကြည့်တိုက်အသင်းရှိခြင်းဖြင့် နိုင်ငံတကာစာကြည့်တိုက်အသင်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ပြီး နိုင်ငံတော်၏ တိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း" ၁၉၄၄ ခုနှစ်၊ ဖေဖော်ဝါရီ (၁၈) ရက်နေ့က ကျင်းပသည့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဖြစ်မြောက်ရေးနှင့် အမျိုးသားစာကြည့်တိုက်ကိစ္စတွေ့ဆုံညှိနှိုင်းပွဲတွင် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်ခဲ့ကြရာ ၁၉၉၈ ခုနှစ်တွင် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကြီးကိုအောင်မြင်စွာ ထူထောင်နိုင်ခဲ့ကြပေသည်။

ပထမအကြိမ်ညီလာခံကျင်းပခြင်း

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းကြီး၏ သမိုင်းဝင် ပထမအကြိမ်ညီလာခံကို ၁၉၉၈ ခုနှစ်၊ ဇွန် (၂၇) ရက်နေ့က ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမကြီး၏၌ အောင်မြင်စွာ ကျင်းပခဲ့သည်။ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုယ်တိုင် ကြွရောက်ချီးမြှင့်ပြီး လမ်းညွှန်မိန့်ခွန်းမြွက်ကြားခြင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

ကောင်စီ၏ အလှူတော်ငွေ ကျပ်တစ်သိန်းတိတိ ပေးအပ်ခြင်း၊ အခြားအလှူရှင်များထံမှ အလှူငွေများကို လက်ခံရယူပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကြီး၏ ပထမအကြိမ် ညီလာခံကြီးတွင် အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို အတည်ပြုပြဋ္ဌာန်းခဲ့ကြပြီး ထိုညီလာခံကြီးကပင် အဖွဲ့ဝင် (၂၁) ဦးပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို သင်းဖွဲ့စည်းမျဉ်းပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်တင်မြှောက်ဖွဲ့စည်းပေးခဲ့ပေသည်။

"ရိုးရာယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားပညာရေး အဆင့်အတန်းမြှင့်တင်ရေးနှင့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာပြန့်ပွားထွန်းကားရေးတို့ကို ယှဉ်တွဲအကောင်အထည်ဖော်ရာတွင် စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးပါသည်ကိုသိမြင်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအနေဖြင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကြီး ပေါ်ထွန်းလာရန် အားပေးဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း"

"မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကြီးသည် စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ပညာရှင်များ အချင်းချင်း ညီညွတ်ခိုင်မာသည့်စိတ်ထားဖြင့် စာကြည့်တိုက်များနှင့် စာကြည့်တိုက်ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လာအောင် ဦးဆောင်မှုပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားပြီဖြစ်ကြောင်း"

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ညီလာခံလမ်းညွှန်မိန့်ခွန်းနှင့်အညီ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ခဲ့ကြပေသည်။

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ အလုပ်အမှုဆောင်အဖွဲ့သည် အသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို အားကြိုးမာန်တက် ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာ (၂၇) ရက်နေ့က ပထမအကြိမ်နှစ်လည် (သင်း လုံးကျွတ်) အစည်းအဝေးတစ်ရပ် ကျင်းပပြီး (၁) နှစ်နှင့် (၅) လသက်တမ်းအတွင်း အသင်းကြီး၏ အကျိုးစီးပွားအတွက် မိမိတို့၏ဆောင်ရွက်ချက်များ၊ ငွေစာရင်းရှင်းတမ်းများကိုတင်ပြ၊ အတည်ပြုချက်ရယူနိုင်ခဲ့ကြသည်။ စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ စာတမ်း (၄) စောင်ကိုလည်း ဖတ်ကြားတင်သွင်းခဲ့ကြပြီး အသင်းဝင်များက မေးခွန်းများမေးမြန်းခြင်း၊ စာတမ်းရှင်များကပြန်လည် ဖြေကြားခြင်းဖြင့် ပထမအကြိမ်နှစ်လည် အစည်းအဝေးကြီးကို ကျင်းပနိုင်ခဲ့ကြသည်။

ဒုတိယနှစ်လည်အစည်းအဝေးကြီးကို (၂၀၀၀) ပြည့်နှစ်၊ ဩဂုတ် (၂၆) ရက်နေ့က အောင်မြင်စွာကျင်းပကြပြီး အသင်းကြီး၏ (၉) လတာအတွင်း ဆောင်ရွက်ချက်များနှင့် ဘဏ္ဍာရေးရှင်းတမ်းများ၊ စာရင်းစစ်အစီရင်ခံစာများ ကို သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အစဉ်အလာမပျက် စာကြည့်တိုက်ပညာရပ်ဆိုင်ရာ စာတမ်း (၃) စောင်ကိုလည်းဖတ်ကြားနိုင်ခဲ့ကြသည်။

တတိယအကြိမ် နှစ်လည်အစည်းအဝေးကြီးကို (၂၀၀၁) ခုနှစ်၊ ဇွန် (၂၃) ရက်နေ့က အောင်မြင်စွာကျင်းပနိုင်ခဲ့ပြန်သည်။ အစည်းအဝေးကြီးတွင် စာကြည့်တိုက် အသင်းသားများက စာကြည့်တိုက်ပညာရပ်ဆိုင်ရာ စာတမ်း (၂) စောင်ကို ဖတ်ကြားတင်သွင်းခဲ့ကြပေသည်။

နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကြီးသည် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ နိုင်ငံတကာစာကြည့်တိုက်အသင်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းသည် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံ (Congress of Southeast Asian Librarians- CONSAL) ၏ အဖွဲ့ဝင်ဖြစ်သကဲ့သို့ နိုင်ငံတကာစာကြည့်အသင်းများ အဖွဲ့ချုပ် (International Federation of Library Associations- IFLA)၏ အဖွဲ့ဝင်အဖြစ်လည်း ရပ်တည်နေပြီဖြစ်သည်။

၁၉၉၉ ခုနှစ် ဩဂုတ် (၂၀ မှ ၂၈ ရက်နေ့အထိ) ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ကျင်းပသည့် IFLA ၏ (၆၅) ကြိမ်မြောက် အထွေထွေညီလာခံကြီးသို့ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း နာယကကြီးများ ဖြစ်ကြသော ဆရာကြီး ဦးသော်ကောင်း၊ ဆရာမကြီး ဒေါ်တင်ဘုန်းနွယ်၊ အသင်းဥက္ကဋ္ဌ ဦးခင်မောင်တင် နှင့် ဒု- ဥက္ကဋ္ဌ ဦးတင်မောင်လွင်တို့ တက်ရောက်ခဲ့ကြပြီး စာကြည့်တိုက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

၂၀၀၀ ပြည့်နှစ် ဧပြီ (၂၃ မှ ၃၀ ရက်နေ့အထိ) စင်ကာပူနိုင်ငံတွင် ကျင်းပသည့် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ၏ (၁၁) ကြိမ်မြောက် ညီလာခံ (CONSAL XI) သို့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း နာယကဆရာကြီး ဦးသော်ကောင်း ဦးဆောင်၍ အဖွဲဝင်များအဖြစ် အသင်းဥက္ကဋ္ဌ ဦးခင်မောင်တင်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချိုအေးနှင့် အလုပ်အမှုဆောင်များဖြစ်ကြသော ဦးမြင့်ကြိုင်နှင့် ဒေါ်ခင်မော်မော်ထွန်းတို့ တက်ရောက်ခဲ့ကြ ပြီး ဒေသအတွင်းစာကြည့်တိုက်လုပ်ငန်းရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီသတင်းအချက်အလက်များ ထုတ် ပြန်မှုနည်းပညာရပ်များ (Information Technology) ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

၂၀၀၂ ခုနှစ် ဩဂုတ် (၁၈) မှ (၂၄) အထိ စကော့တလန်နိုင်ငံ ဂလပ်စဂိုမြို့တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက် အသင်းများအဖွဲ့ချုပ် (IFLA) ၏ (၆၈) ကြိမ်မြောက်အထွေထွေညီလာခံကြီးသို့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း တွဲဖက်ဘဏ္ဍာရေးမှူး ဦးချိုအေးတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကြီး၏ ဖြစ်ပေါ်တိုးတက်မှုများကို တင်ပြနိုင်ခဲ့သည်သာမက ခေတ်မီစာကြည့်တိုက်ပညာများ သင်ကြားလေ့ကျင့်နိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးနိုင်ခဲ့ပေသည်။

ISBN, ISSN လုပ်ငန်းများ

မြန်မာနိုင်ငံတွင် စျေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမှု၏ အကျိုးဆက်တစ်ခုအဖြစ် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေသော စာအုပ်စာတမ်းများကို နိုင်ငံတကာစာအုပ် စျေးကွက်သို့ တင်ပို့ရောင်းချနိုင်သည့် အခွင့်အလမ်းတစ်ရပ်ပေါ်ပေါက်လာခဲ့သော်လည်း မြန်မာနိုင်ငံထုတ်စာအုပ်စာတမ်းများ၌ ISBN (International Standard Book number) နှင့် ISSN (International Standard Serial Number) များ မပါရှိသည့်အတွက် အခက် အခဲဖြင့် ရင်ဆိုင်ကြရသည်။ ISBN, ISSN တို့သည် စာအုပ်စျေးကွက်တွင် အမှာစာများပြုလုပ်ခြင်း၊ မှတ်တမ်းတင်ခြင်းများကို လွယ်ကူစွာဆောင်ရွက်နိုင်သကဲ့သို့ စာအုပ်များကတ်တလောက်ပြုလုပ်ရာ၌ စာကြည့်တိုက်များအတွက် အလွန်အရေးပါလှသည်။ နိုင်ငံတကာတွင် နိုင်ငံတော်စာကြည့်တိုက်များ၊ နိုင်ငံတော် စာကြည့်တိုက်အသင်းများကသာ တာဝန်ယူ၍ မိမိနိုင်ငံအတွက် ISBN, ISSN တို့ကို ထုတ်ပေးလေ့ရှိရာ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းအနေဖြင့် ISBN, ISSN များရရှိရေး အတွက် နိုင်ငံတော်၏ လမ်းညွှန်မှုကိုခံယူ၍ စနစ်တကျစီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပေသည်။

ဒုတိယအကြိမ်ညီလာခံကျင်းပခြင်း

အသင်းကြီးအနေဖြင့် စတင်တည်ထောင်စဉ်က အသင်းဦးရေ (၂၆၀) ခန့်ရှိခဲ့ရာမှ ယခုအခါ အသင်းဦးရေ (၄၅၇) ဦးအထိ တိုးတက်အောင်စည်းရုံးဆောင်ရွက်နိုင်ပြီ ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း အသင်းကြီး၏ ရည်ရွယ်ချက်များနှင့် ထိုရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ချမှတ်ထားသော လုပ်ငန်းစဉ်များကို အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိပေသည်။

ကျင်းပပြီးစီးခဲ့သည့် ပထမအကြိမ်ညီလာခံနှင့် ပထမ၊ ဒုတိယ၊ တတိယနှစ်ပတ်လည် အစည်းအဝေးကြီးများ၏ အတွေ့အကြုံများ၊ ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ စသည်တို့အပေါ် အခြေခံ၍ ဒုတိယအကြိမ် ညီလာခံကြီးကို အသင်းကြီး၏ သက်တမ်း (၄) နှစ်ပြည့်မြောက်သည့် ၂၀၀၂ ခုနှစ်၊ ဇူလိုင် (၂၀) ရက်က ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ အမျိုးသားပြတိုက်ရှိ ဘက်စုံခန်းမကြီးအတွင်း၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

ဦးချိုအေး (စာကြည့်တိုက်အသင်းဝင်တစ်ဦး)

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၂၀၀၂ ခုနှစ်အတွင်း တိုးတက်ဖြစ်ပေါ်ခဲ့သည့် ထင်ရှားသောအကြောင်းရပ်အချို့ကို အောက်ပါအတိုင်း ဖော်ပြပါသည်။

မဟာသီဘင်မိုဟာမက်နှင့် ဇနီး ဒါတင်ဆရီ ဒေါက်တာ စိတီဟက်စ်မာဟာဂျိမိုဟာမက်စလီ တို့သည် သြဂုတ်လ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အလုပ်သဘောအလည်အပတ်ခရီး လာရောက်သည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဂျပန်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံစဉ်

နိုင်ငံရပ်ခြားဆက်ဆံရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသမ္မတ မစ္စတာ ထရန်ဒတ်လောင် ခေါင်းဆောင်သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေလ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ ဒေါက်တာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် နိုဝင်ဘာလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပသော ပထမအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးညီလာခံ၊ အဋ္ဌမအကြိမ် အာဆီယံထိပ်သီးညီလာခံနှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများ ညီလာခံများနှင့် အာဆီယံ- အိန္ဒိယထိပ်သီးညီလာခံများသို့ တက်ရောက်သည်။

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ သည် ဒီဇင်ဘာလ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးချုပ် မစ္စတာဝမ်ကျုံးယုနှင့် အဖွဲ့အား ဇန်နဝါရီလ ၂၁ ရက်နေ့တွင်လည်းကောင်း၊ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် Admiral Narong Yuthavong (RTN) နှင့်အဖွဲ့အား ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်လည်းကောင်း၊ ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး မစ္စယိုရီကိုကာ ဝါဂူချိနှင့် အဖွဲ့ဝင်များအား ဩဂုတ်လ ၅ ရက်နေ့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ဆူရာကီယတ်သီရာ ထိုင်းနှင့် အဖွဲ့ဝင်များအား ဩဂုတ်လ ၆ ရက်နေ့တွင်လည်းကောင်း၊ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအလက်စ်ဇန္ဒားဒေါင်နာနှင့်အဖွဲ့အား အောက်တိုဘာလ ၂ ရက်နေ့တွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာမိုရှက်ခန်းနှင့်အဖွဲ့ဝင်များအား နိုဝင်ဘာလ ၂၁ ရက်နေ့တွင်လည်းကောင်း အသီးသီး လက်ခံတွေ့ဆုံသည်။

မဟာကျောက်စိမ်းရတနာကြီး

ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ Ruby Dragon Jade & Gems Co., Ltd. နှင့် ကျောက်စိမ်းနဂါး (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်တို့က တူးဖော်ရရှိသော တန် ၃,၀၀၀ ကျော်ရှိ မဟာကျောက်စိမ်းရတနာကို နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ မေလ ၂၆ ရက်နေ့တွင် ကျင်းပသည်။ မဟာကျောက်စိမ်းရတနာကြီးမှာ အထူးဒေသ(၆) ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ Ruby Dragon Jade & Gems Co,Ltd.နှင့် ကျောက်စိမ်းနဂါး (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်တို့၏ ကချင်ပြည်နယ် ဖားကန့်မြို့နယ် နမ့်မှော်ကျေးရွာရှိ နမ့်မှော်ဖော်ထုတ်လုပ်ကွက် အမှတ် ၁၀၉တွင် ဥမင်လိုက်ခေါင်းစနစ် (ခေါင်းစားထိုးစနစ်) ဖြင့် မြေအောက်ပေ ၄၀ အနက်မှ တူးဖော်တွေ့ရှိခဲ့သည့် အလျားပေ ၇၀၊ အနံ ၁၆ ပေ၊ အမြင့်ပေ ၃၀ ရှိ ကျောက်စိမ်းအငုတ် (Dyke) ကြီးတစ်ခုဖြစ်သည်။ အဆိုပါ ကျောက်စိမ်းအငုတ် (Dyke) ကြီးတွင် အမည်းရောင် ဆာပင်တင်း (Serpentine) များဖုံးအုပ်လျက်ရှိပြီး အောက်တွင်အဖြူရောင် ကျောက်စိမ်းသားများနှင့်အတူ အစိမ်းရောင်၊ ခရမ်းရောင် ကျောက်စိမ်းသားများ ရောနှောပါဝင်လျက်ရှိရာ ယန်းညက် Crystal ဖြစ်သဖြင့် ကျောက်သားဖွဲ့စည်းမှု အထူးကောင်းမွန်သည့် ကျောက်စိမ်းငုတ်ကြီး ဖြစ်သည်။ ကျောက်စိမ်းငုတ်ကြီးအား လေ့လာစိစစ်ကြည့်ရာ ကျောက်စိမ်း အရည်အသွေးအင်္ဂါရုပ်များအရ ဗေဒါခွာမ်၊ ချယ်ရီခွာမ်၊ အဆင့်မြင့်ပေါ်လီသား၊ အသားမှန်၊ ပိန်းဥသား၊ ပဲရည်ပါ ကျောက်သားမှန်၊ ကျောက်စိမ်းရည်ပါ ကျောက်သား စသည့် ကျောက်စိမ်းအမျိုးအစားအဆင့်ဆင့် ရောနှောပါဝင်လျက်ရှိသဖြင့် တန်ဖိုးကြီးမားပြီး အလွန်ရှားပါးကာ ရတောင့်ရခဲ ထူးခြားသည့် ကျောက်စိမ်းရတနာကြီး ဖြစ်သည်။

လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ

ဖြူးချောင်းတံတားဖွင့်ပွဲကို ဖြူးမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်ရှိ တံတားမြောက်ဘက် မဂ်လာမင်္ဂျာပ်၌ ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပသည်။ ဖြူးချောင်းတံတား အမျိုးအစားမှာ အုတ်မြစ်အမျိုးအစား တံတားဖြစ်ပြီး ကိုယ်ထည်မှာ သံကူကွန်ကရစ်ကိုယ်ထည် ဖြစ်သည်။ အလျား ၄၆၈ ပေ၊ ယာဉ်သွားလမ်း အကျယ် ၄၈ ပေရှိသည်။ လေးလမ်းသွားတံတားဖြစ်ပြီး လူသွားလမ်း အကျယ်တစ်ဖက်လျှင် ခြောက်ပေစီကျယ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ ဖြစ်သည်။ တံတားတည်ဆောက်မှုအတွက် ငွေကျပ် ၆၂၀ သန်းကုန်ကျသည်။

ဒုံသမိမြစ်ကူးတံတားဖွင့်ပွဲကို သထုံမြို့နယ် ဒူးရင်း ဆိပ်ကျေးရွာအနီးရှိ တံတားမုခ်ဦးထိပ်၌ ဇန်နဝါရီလ ၁၉ ရက်နေ့၌ ကျင်းပသည်။ ဒုံသမိမြစ်ကူး တံတားသည် အလျားပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေရှိပြီး လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီပါရှိသည်။ အုတ်မြစ်အမျိုးအစားတံတားဖြစ်ပြီး ပေ ၁၀၀ အရှည် ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင် ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ် ၇၇ ပေ၊ အမြင့်ခြောက်ပေရှိသည်။ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကို ဆက်သွယ်တည်ဆောက်ထားသည့် ကားလမ်းနှင့်ရထားလမ်း နှစ်လမ်းသုံးတံတားဖြစ်သည်။

တနိုင်းမြစ်ကူးတံတားဖွင့်ပွဲကို တနိုင်းမြို့နယ်ရှိ တံတားအနီး မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပသည်။ တနိုင်းမြစ်ကူးတံတားသည် မြစ်ကြီးနား - ပန်ဆောင်- လီဒို လမ်းမပေါ်တွင် အရေးပါသော တံတားဖြစ်ပြီး အပေါ်ထည် H 20 သံပေါင်နှင့် RPT သံပေါင်အောက်ထည် သံကူကွန်ကရစ် အမျိုးအစားတံတားဖြစ်သည်။ တံတားအရှည် ၉၄၂ ပေ၊ ယာဉ်သွားလမ်း အကျယ် ၁၂ ပေနှင့် ခွင့်ပြုတန်ချိန်တန် ၃၀ ရှိသည်။

မတ်လန်းတံတားဖွင့်ပွဲကို လံချားမြို့နယ်ရှိ တံတားထိပ် မိုင်းရှူးဘက်ကမ်းမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၂၄ ရက် နေ့တွင် ကျင်းပသည်။ မတ်လန်းတံတားကို လံချားမြို့နယ်လံချား- မိုင်းနောင်- မိုင်းရှူးလမ်းပေါ်ရှိ နမ့်တိန်ချောင်းအား ဖြတ်ကျော်တည်ဆောက်ထားသည်။ တံတားအရှည် ပေ ၂၄၀ ပေဖြစ်ပြီး ခန်းဖွင့်ပေ ၈၀ သုံးခန်း ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေဖြစ်ပြီး တစ်ဖက်စီတွင် လူသွားလမ်းအကျယ် သုံးပေစီ ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၆၄ ပေနှင့် အမြင့် ၁၂ ပေ ဖြစ်သည်။ တံတားအပေါ်ထည်နှင့်အောက်ထည်တို့ကို သံကူကွန်ကရစ် အမျိုးအစားဖြင့် ဆောက်လုပ်ထားပြီး အုတ်မြစ်ကို ကွန်ကရစ်အားဖြည့် သံမဏိခွေဖြင့် တည်ဆောက်ထားသည်။ ခွင့်ပြုယာဉ် အလေးချိန်မှာ HS, 20- 44 -၃၆ တန် နှစ်လမ်းဖြစ်ပြီး ယာဉ်တစ်စီးချင်းခွင့်ပြုတန်မှာတန် ၆၀ ဖြစ်သည်။

ရွှေလောင်းတံတားဖွင့်ပွဲကို ဝါးခယ်မမြို့နယ် ပန်းတနော်- ရွှေလောင်း- ဝါးခယ်မလမ်း မိုင်တိုင် အမှတ် ၂၁/ ဝ ရှိတံတားအနီး မင်္ဂလာမဏ္ဍပ်၌ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပသည်။ ရွှေလောင်းတံတားသည် အရှည်ပေ ၁, ၉၀၀ ရှိသော ဘေလီသံပေါင်ကြိုးတံတား အမျိုးအစား ဖြစ်သည်။ တံတားအောက် အခြေခံအုတ်မြစ်အဖြစ် သံကူကွန်ကရစ်လွန်တူးဘိုးပိုင်အုတ်မြစ်နှင့် သံကူကွန်ကရစ်အောက်ထည်ပေါင်၌ တည်ဆောက်ထားသည်။ ယာဉ်သွားလမ်းအကျယ် ၁၄ ပေရှိပြီး တစ်ဖက်တစ်ချက်စီတွင် လူသွားလမ်းအကျယ် သုံးပေစီပါရှိသည်။ တာဝါတိုင် နှစ်တိုင်သည် ၄၇ ပေမြင့်ပြီး အလယ်သံပေါင်ကြိုးတံတား ခန်းဖွင့်ပေ ၅၀၀ ရှည်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် ၃၆ တန်ဖြစ်သည်။ တံတားအောက်ရေလမ်း ကင်းလွတ်နယ်မြေအကျယ်ပေ ၄၀၀ နှင့် ရေအတက်ဆုံးအချိန်တွင် အမြင့် ၃၆ ပေရှိသည်။

ဘုမ္မဇိုးဖြတ်ချောင်း သံကူကွန်ကရစ်တံတားဖွင့်ပွဲကို ကဝမြို့နယ် ဇင်းဘုကျေးရွာ၌ ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပသည်။ တံတားမှာအလျားပေ ၉၀၊ အကျယ် ၁၂ ပေရှိသည်။ တံတားတည်ဆောက်ခြင်းကြောင့် ရှမ်းကန်၊ ဇင်းဘုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာမှ ကဝမြို့သို့ အချိန်မရွေးလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်သည်။

ဇော်ဂျီမြစ်ကူးတံတားအမှတ် ၃/၄၀၂ ဇော်ဂျီတံတား (ကျောက်ဆည်) ဖွင့်ပွဲကို ကျောက်ဆည်မြို့ ရန်ကုန်- မန္တလေးကားလမ်းပေါ်ရှိ တံတား၌ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပသည်။ ဇော်ဂျီတံတား (ကျောက်ဆည်) သည် အရှည်ပေ ၂၁၀၊ ယာဉ်သွားလမ်းအကျယ်ပေ ၆၀၊ လူသွားလမ်းအကျယ် တစ်ဖက်ငါးပေစီရှိပြီး သံကူ ကွန်ကရစ်တံတားဖြစ်သည်။ တံတားခံနိုင်အားတန် ၆၀ ရှိသည်။

ပါဒဝ (ပီလခတ်) တံတားဖွင့်ပွဲကို ကျောက်တန်းမြို့နယ်ရှိ တံတားအနီးမင်္ဂလာမဏ္ဍပ်၌ ဧပြီလ ၁၇ ရက်နေ့တွင် ကျင်းပသည်။ ပါဒဝ (ပီလခတ်) တံတားသည် အလျားပေ ၁၂၀၊ အကျယ် ၁၉ ပေရှိ ချောင်းကူး ကွန်ကရစ်တံတားဖြစ်သည်။ တံတားတည်ဆောက်မှုအတွက် ငွေကျပ် သိန်း ၂၇၀ ကုန်ကျသည်။

မဏိပူရမြစ်ကူးကပ်တဲလ်ကြိုးတံတားဖွင့်ပွဲကို တီးတိန်မြို့နယ်ရှိ တံတားဖွင့်ပွဲဗဟိုမဏ္ဍပ်၌ ဧပြီလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ မဏိပူရမြစ်ကူး ကပ်တဲလ်ကြိုး တံတားသည် တီးတိန်- ကပ်တဲလ်-ရိဒ်ရေကန် ကားလမ်းပေါ်တွင် တည်ရှိသည်။ တံတားအရှည်ပေ ၄၈၀၊ အကျယ် ၁၀ ပေ ကိုးလက်မ ရှိပြီး တာဝါတိုင် သံမဏိကွန်ကရစ်တိုင်နှင့် သံမဏိ သံပေါင်ကြိုးတံတား သစ်သားကြမ်းခင်းအမျိုးအစား ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ် မြေအကျယ်ပေ ၃၅၀ နှင့် အမြင့်ပေ ၂၀ ရှိသည်။ တံတား၏ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီး ချင်း ၁၀ တန် ဖြစ်သည်။

မန်းချောင်းတံတားဖွင့်ပွဲကို မင်းဘူး (စကု) မြို့နယ်ရှိ တံတားအနီး ယာယီမဏ္ဍပ်၌ မေလ ၂၈ ရက်နေ့တွင် ကျင်းပသည်။ မန်းချောင်းတံတားသည် ပုသိမ်- မုံရွာ လမ်းမကြီးပေါ်ရှိ မိုင်တိုင် ၁၁၂/ ၄ တွင် တည်ရှိပြီး သံကူကွန်ကရစ် အုတ်မြစ်ခံဘေလီ အမျိုးအစား တံတားဖြစ်သည်။ တံတားအရှည်ပေ ၄၂၀၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေ ၁၀လက်မ ခွဲနှင့် ခွင့်ပြုယာဉ်အလေးချိန်တန် ၂၀ ဖြစ်သည်။

ညောင်ခါးရွာ- မြစ်ကျိုး- ဒိုက်ဦး မြေသားလမ်း (ဒိုက်ဦးအပိုင်း) နှင့် (ဝေါအပိုင်း) ဖွင့်ပွဲကို ဒိုက်ဦးမြို့အဝင် လမ်းသစ်ပေါ်ရှိ ယာယီမဏ္ဍပ်နှင့် ဝေါမြို့နယ်အဖျားငှက် ချေးဝင်းကျေးရွာအုပ်စု မိုင်တိုင်အမှတ် ၈၁/ ၄ အနီး၌ ဇွန်လ ၂ ရက်နေ့တွင် အသီးသီးကျင်းပသည်။ ညောင်ခါး ရွာ- မြစ်ကျိုး- ဒိုက်ဦး မြေသားလမ်းသစ်သည် ဒိုက်ဦးမှ ညောင်ခါးရွာအထိ လမ်းအရှည် ၂၁ မိုင် နှစ်ဖာလုံ၊ လမ်းအကျယ်ပေ ၃၀၊ လမ်းအမြင့် ခြောက်ပေရှိပြီး မန္တလေးနှင့် မော်လမြိုင်သို့ ဖြတ်လမ်းမသွားရောက်နိုင်သည်။ ယခင်စစ်တောင်းတံတား- ဘုရားကြီး- ဒိုက်ဦးလမ်းဟောင်းအတိုင်း သွားရောက်ပါက ၄၅ မိုင် နှစ်ဖာလုံ ဖြစ်၍ ယခုလမ်းသစ်ဖောက်လုပ်ခြင်းကြောင့် ၂၄ မိုင် လျော့နည်းသက်သာသည်။ လမ်းသစ်တစ်ဖက်တစ်ချက်စီတွင် အကျယ်ပေ ၂၀၊ အနက်ခြောက်ပေရှိသည့် ရေနုတ်မြောင်းများပါရှိသည်။

ကျောက်ကြီးပေါက် တံတားဖွင့်ပွဲကို အမ်းမြို့နယ်ရှိ ကျောက်ကြီးပေါက်တံတား၌ ဇွန်လ ၂၅ ရက်နေ့တွင် ကျင်းပသည်။ ကျောက်ကြီးပေါက် တံတားသည် အမ်းမြို့နယ် တောင်ကုတ်- မအီ-

ရောဝတီတံတား (မကွေး) ဖွင့်ပွဲအခမ်းအနား

ကျောက်ဖြူလမ်းပေါ်တွင် တည်ရှိပြီး သံကူကွန်ကရစ်၊ သံမဏိသံပေါင်အမျိုးအစား တံတားဖြစ်သည်။ တံတားအရှည်ပေ ၃၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီရှိသည်။ တံတားအောက်ရေလမ်း ကင်းလွတ်နယ်မှာ အကျယ်ပေ ၁၆၀၊ အမြင့် ခြောက်ပေရှိပြီး တံတား၏ ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ ဖြစ်သည်။

တံငါတံတားဖွင့်ပွဲကို မတ္တရာမြို့နယ်ရှိ တံတားအနီး မဂ်လာမင်္ဂလာပ်၌ ဇူလိုင်လ ၁၄ ရက်နေ့တွင် ကျင်းပသည်။ တံငါတံတားသည် မန္တလေး- မတ္တရာ- လက်ပံလှ- ဝါးဖြူ တောင်- မိုးကုတ်- မိုးမိတ်- စီအူ- ဗန်းမော်လမ်းပေါ်ရှိ တံငါရွာအနီး ချောင်းမကြီးချောင်းကိုဖြတ်ပြီး ဆောက်လုပ်ထားသော သံကူကွန်ကရစ် အမျိုးအစားတံတားဖြစ်သည်။ ခန်းဖွင့်ပေ ၆၀ ပါအခန်းခြောက်ခန်းပါရှိပြီး အရှည်ပေ ၃၆၀ ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်းတစ်ဖက်တစ်ချက် အကျယ်သုံးပေစီ ဖြစ်သည်။

သစ်ရာကောက်- စမ်းမကြီး- ကိုးပင် မြေသာဖြတ်လမ်း ဆင်ပေါင်ဝဲမြို့နယ် အပိုင်းဖွင့်ပွဲကို ကိုးပင်ကျေးရွာ လမ်းမုခ်ဦး၌ လည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် အပိုင်းဖွင့်ပွဲကို စမ်းမကြီးကျေးရွာလမ်းမုခ်ဦး၌ လည်းကောင်း၊ မကွေးမြို့နယ်အပိုင်းဖွင့်ပွဲကို ဖွင့်ပွဲမုခ်ဦး၌ လည်းကောင်း ဇူလိုင်လ ၂၆ ရက်နေ့တွင် အသီးသီးကျင်းပသည်။ သစ်ရာကောက်- စမ်းမကြီး- ကိုးပင် ဖြတ်လမ်းသည် လက်ရှိ ၁၀၈မိုင်လေးဖာလုံရှိ မကွေး-အောင်လံလမ်းကို ၈၁မိုင် ခုနှစ်ဖာလုံသာကွာဝေးအောင်ဖြတ်၍ ဖောက်လုပ်ထားသောလမ်းဖြစ်သည်။ လမ်းပိုင်းအရှည် ၂၁မိုင် လေးဖာလုံရှိပြီး ဆင်ပေါက်ဝဲ၊ တောင်တွင်းကြီးနှင့် မကွေးမြို့နယ်များရှိ ဆက်စပ်ပေးသော မြေသားလမ်းဖြစ်သည်။

ယူးချောင်းတံတားဖွင့်ပွဲကို တမူးမြို့နယ်ရှိ တံတားအနီး မဂ်လာမင်္ဂလာပ်၌ အောက်တိုဘာလ ၆ ရက်နေ့တွင် ကျင်းပသည်။ ယူးချောင်းတံတားသည် တမူး- စေတီလမ်းပေါ်တွင် ယူးချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည်။ တံတားအရှည်ပေ ၄၀၀၊ အကျယ် ၁၀ပေကိုးလက်မရှိသည်။ အချင်းခြောက်ပေနှင့်ကိုးပေရှိ ရေတွင်းပုံအုတ်မြစ်ပေါ်တွင် သံကူကွန်ကရစ်ကိုယ်ထည် တည်ဆောက်ထားကာ အပေါ်ထည်မှာ နှစ်လွှာတစ်ထပ် ဘေလီသံပေါင်နှင့် သစ်မာကြမ်းကို သံမဏိကြိုးဆိုင်းစနစ်ဖြင့် တည်ဆောက်ထားသော တံတားဖြစ်သည်။ ရေလမ်းကင်းလွတ်နယ်မြေ အကျယ်ပေ ၁၀၀၊ အမြင့် ခြောက်ပေရှိပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်တန် ၂၀ ဖြစ်သည်။

ဧရာဝတီတံတား (မကွေး)ဖွင့်ပွဲကို တံတားတည်ဆောက်ရေးစီမံကိန်းအနီးရှိ မဂ်လာမင်္ဂလာပ်၌ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပသည်။ ဧရာဝတီတံတား (မကွေး) သည် မကွေးမြို့နှင့် မင်းဘူးမြို့တို့ကို ဆက်သွယ်ထားသည်။ ချဉ်းကပ်တံတားအရှည် ပေ ၂,၀၂၀၊ ပင်မတံတားအရှည် ၆,၉၆၉ ပေ စုစုပေါင်းတံတားအရှည် ၈,၉၈၉ ပေ ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီဖြင့် မကွေးဘက်ကမ်းတွင် မဂ်လာလမ်း၊ မင်းဘူးဘက်ကမ်းတွင် ကျွဲသိုးမြောင်ကျေးရွာအနီး ဧရာဝတီမြစ်ကို ဖြတ်၍ ဖောက်လုပ်ထားသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် အခြေခံစောက်ထည် တံတားအမျိုးအစားဖြစ်ပြီး အပေါ်ထည်မှာ သံမဏိပေါင်၊ ချဉ်းကပ်တံတားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ် ဖြစ်သည်။ တံတားရေလမ်း ကင်းလွတ်နယ်အကျယ် ပေ၃၆၀၊ အမြင့် ၅၇ ပေ ရှိသည်။ တံတားခံနိုင်ဝန်တန် ၆၀ ဖြစ်သည်။

လမ်းသမိုင်တံတားဖွင့်ပွဲကို တံတားမဂ်လာမင်္ဂလာပ်၌ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင်ကျင်းပသည်။ လမ်းသမိုင်တံတားသည် ဝါးခယ်မနှင့် ကျုံမငေးတို့ကို ဆက်သွယ်သည့် လမ်းပေါ်တွင် တည်ရှိသော လမ်းသမိုင်ချောင်းကို ဖြတ်သန်းတည်ဆောက်ထားသည့် တံတားဖြစ်သည်။ တံတားအရှည်ပေ ၂၂၀၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေကျယ် သံမဏိပေါင်ရက်မနှင့် ကြမ်းခင်းအခန်းဖွင့်ပါရှိကာ ကျန်ခန်းဖွင့်များမှာ သံကူကွန်ကရစ် ဖြစ်သည်။ အောက်ထည်ကို သံကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြင့် တည်ဆောက်ထားသည်။ ရေလမ်းကင်းလွတ်နယ်မြေအကျယ် ၂၉ ပေ၊ အမြင့် ၂၄ ပေရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း အလိုက်တန် ၂၀ ဖြစ်သည်။ တံတားတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၂၇၀ ကုန်ကျသည်။

ဆည်မြောင်းတာတမံများ တည်ဆောက် ဖွင့်လှစ်ခြင်း

သာယာဝတီမြို့နယ် သုံးဆယ်ရေလှောင်တမံ ဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍပ်၌ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပသည်။ သုံးဆယ် ရေလှောင်တမံကို သာယာဝတီမြို့နယ်ရှိ သုံးဆယ် ချောင်းပေါ်တွင် တည်ဆောက်ထားသည်။ မြေသား တမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ပေ ၁၅၀၊ တမံ အလျား ပေ ၁, ၃၂၀ ရှိသည်။ ရေလှောင်တမံမှ စိုက်ဧက ၅၀, ၀၀၀ သို့ ဆည်ရေပေးဝေနိုင်မည် ဖြစ်သည်။

ကဝမြို့နယ် ပိုင်ကျုံရေထိန်းတံခါးဖွင့်ပွဲကို ရေထိန်း တံခါးအနီးရှိ မဂ်လာမဏ္ဍပ်၌ ဖေဖော်ဝါရီ လ ၂၄ ရက် နေ့တွင်ကျင်းပသည်။ ပိုင်ကျုံ ရေထိန်းတံခါးကို ကဝမြို့နယ် ပိုင်ကျုံချောင်းနှင့် ပဲခူးမြစ်ဆုံရာ အနီးတွင် တည်ဆောက်ထားသည်။ ခြောက်ပေ × ၁၂ ပေ အကျယ်ရှိ ရေတံခါးပေါက် ၃၇ ပေါက်ပါရှိသော ကွန်ကရစ်ရေတံခါးအမျိုး အစားဖြစ်သည်။ အကျိုးပြု ဧရိယာဧက ၃၀, ၀၀၀ ရှိသည်။ ပဇိုင်တာတောင်ပိုင်းရှိ ရေကြီးရေလွှမ်း ကွင်းများတွင် မိုးရာသီရေထုတ်နုတ်နိုင်ရန်နှင့် ပဲခူးမြစ်ရေ မဝင်စေရန်၊ နွေရာသီတွင် ရေချို ထိန်းသိမ်းသိုလှောင်နိုင်ရန်နှင့် ရေငန်နှင့် နုန်းများ မဝင်စေရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ် သည်။

ဒီမောဆိုးမြို့နယ် လွိုင်နန်းဖရေထိန်း တမံ ဖွင့်ပွဲကို ရေထိန်းတမံအနီးရှိ မဂ်လာမဏ္ဍပ်၌ မတ်လ ၅ ရက်နေ့တွင် ကျင်းပသည်။ လွိုင်နန်းဖရေထိန်း တမံကို ဒီမောဆိုးမြို့ နယ် လွိုင်နန်းဖကျေးရွာအနီး တီးကယ်လျားချောင်းပေါ်တွင် တည်ဆောက်ထား သည်။ တမံအမြင့်ပေ ၆၀၊ တမံ အလျားပေ ၁, ၆၉၀၊ ကန်ရေပြည့်ရေလှောင် ပမာဏ ဧကပေ ၁, ၃၀၀ ရှိပြီး မြေသားတမံ အမျိုးအစားဖြစ်သည်။ ရေထိန်းတမံတွင် တူးမြောင်းမကြီးတစ်ခု၊ လက်တံ ရေပေးမြောင်း ၁၀ ခု၊ တူးမြောင်းအဆောက်အအုံ ၇၂ ခုပါရှိပြီး ဧက ၂,၀၅၀ သို့စိုက်ပျိုးရေပေးဝေ နိုင်သည်။ ထို့ပြင် ကျေးလက်သောက်သုံးရေရရှိရေး အတွက် ဆိုင်ဖွန်စနစ်ဖြင့် ကျေးလက်ရေပေးဝေရေး လုပ်ငန်းနှင့် ကျေးရွာ သုံးရေစုကန်တစ်ကန်တို့ကိုပါ ဆောင်ရွက်ထားသည်။ ရေထိန်းတမံတည်ဆောက် ရေးအတွက် ငွေကျပ် ၂၀၉ ဒသမ ၅ သန်း ကုန်ကျ သည်။

ကြို့ပင်ကောက်မြို့နယ် ဘော်ဘင်ရေလှောင် တမံ ဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍပ်၌ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပသည်။ ဘော်ဘင် ရေလှောင်တမံကို ပင်မရေလှောင်တမံနှင့် ရေကူ တမံတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ပင်မ တမံသည် ကြို့ပင်ကောက် မြို့နယ်သရက်ချောင်း ပေါ်တွင် တည်ရှိပြီး မြေသားတမံအမျိုးအစားဖြစ် သည်။ တမံအလျားပေ ၉၁၀ နှင့် အမြင့် ၁၂၇ ပေ ရှိသည်။ ရေကူတမံသည် ဇီးကုန်းမြို့နယ် ဘော်ဘင် ချောင်းပေါ်တွင်တည်ရှိပြီး မြေသားတမံအမျိုး အစားဖြစ်သည်။ တမံအလျားပေ ၁,၅၉၀ နှင့် အမြင့် ၁၁၈ ပေရှိသည်။ ဘော်ဘင် ရေလှောင်တမံ၏ အကျိုးပြုဧရိယာ ဧက ၃၀,၀၀၀ ဖြစ်သည်။

မင်းလှမြို့နယ် (ပဲခူးတိုင်းအနောက်) ကံတင် ဘီးလင်းရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံ အနီးရှိ မဂ်လာမဏ္ဍပ်၌ ဧပြီလ ၂၁ ရက်နေ့တွင် ကျင်းပသည်။ ကံတင်ဘီးလင်းရေလှောင်တမံကို မင်းလှမြို့နယ် သဲကောရေလှောင်တမံအထက်မိုင် ၂၀ ခန့်အကွာ ကျွဲမကိုင်းကျေးရွာအနီးတွင် တည်ဆောက်ထားသည်။ တမံအလျားပေ ၁,၁၀၀၊ အမြင့် ၁၂၃ ပေရှိပြီး မြေသားတမံအမျိုးအစား ဖြစ်သည်။ ရေလှောင်တမံ၏ အကျိုးပြုဧရိယာမှာ ဧက ၂၅,၀၀၀ ဖြစ်သည်။

ဒိုက်ဦးမြို့နယ် ဘိုင်းဒါးရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံထိပ်ရှိ မဂ်လာမုခ်ဦး၌ မေလ ၁၀ ရက်နေ့တွင် ကျင်းပသည်။ ဘိုင်းဒါး ရေလှောင်တမံ သည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံ အလျား ပေ ၁,၄၀၀၊ အမြင့် ၁၂၂ ပေ ရှိသည်။ ရေလှောင် တမံမှ လယ်မြေဧက ၄၆,၇၀၀ သို့ ရေပေးဝေနိုင် မည်ဖြစ်ပြီး ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ် ၁.၉၉၈ သန်း ကုန်ကျသည်။

သထုံမြို့နယ် ဇိုက်ကရဲရေထိန်းတံခါးဖွင့်ပွဲကို ရေထိန်းတံခါးအနီး မဂ်လာမဏ္ဍပ်၌ ဇွန်လ ၂၅ ရက် နေ့တွင် ကျင်းပသည်။ ဇိုက်ကရဲရေထိန်းတံခါးသည် သထုံမြို့နယ် အောင်ကန်သာကျေးရွာအနီး ဇိုက်ကရဲ တူးမြောင်းဘေး၌ တည်ရှိသည်။ ခြောက်ပေ၊ ၁၂ ပေအကျယ်ရှိ ရေတံခါး ပေါက် ၂၁ ပေါက် ပါရှိသော

ကွန်ကရစ်ရေတံခါး အမျိုးအစား ဖြစ်သည်။ ရေထိန်းတံခါး၏ အကျိုးပြုဧရိယာ ဧက ၂၀,၀၀၀ ဖြစ်သည်။ သထုံမြို့နယ် သမင်ရိုး တူးမြောင်းဝဲယာရှိ ရေနက်ကွင်း၌ မြစ်ရေဝင်ရောက်မှုကြောင့် မိုးရာသီရေကြီးနစ်မြုပ်ခြင်းကို ကာကွယ်နိုင်ပြီး မိုးနှောင်းရာသီတွင် ရေချိုထိန်းသိမ်းခြင်းနှင့် နွေရာသီရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။ မိုးရေများကို မိုးရာသီတွင် ဆောလျင်စွာထုတ်နိုင်ရန်နှင့် နွေရာသီတွင် အောင်ရေပေးနိုင်ရန် ရည်ရွယ်တည်ဆောက်ထားသည်။

ရေနံချောင်းမြို့နယ် နဂါးရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံ၌ ဇူလိုင်လ ၂၇ ရက်နေ့တွင် ကျင်းပသည်။ နဂါးရေလှောင်တမံသည် ဒေါင်းနေချောင်းဆည်အစုအဖွဲ့ ကိုးခုအနက်မှ နဂါးချောင်းကို တမံပိတ်သည့် ရေလှောင်တမံတစ်ခု ဖြစ်သည်။ တမံအလျားပေ ၃,၀၅၀၊ အမြင့် ၆၈ ပေရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး လယ်ယာစိုက်ပျိုးမြေဧက ၂,၇၄၀ ခန့်ကို စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်မည်ဖြစ်သည်။

ငါန်းဇွန်မြို့နယ် ဖောင်းကတော ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီး မဂ်လာမဏ္ဍာပ်၌ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကျင်းပသည်။ ဖောင်းကတောရေလှောင်တမံသည် ငါန်းဇွန်မြို့နယ် ဖောင်းကတောကျေးရွာအရှေ့ဘက် ၁ ဒသမ ၇ မိုင်ခန့်အကွာတွင် တည်ရှိသည်။ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအလျားပေ ၂,၈၅၀၊ တမံအမြင့် ၆၇ ပေ ဖြစ်သည်။ ရေလှောင်တမံတွင်ရေဧက ပေ ၁,၁၀၀ မှ ဧကပေ ၇,၉၀၀ အထိရေလှောင်ထားရှိနိုင်ပြီး မြေဧရိယာဧက ၂,၀၀၀ ခန့်ကို ဆည်ရေပေးဝေနိုင်သည်။ ထို့ပြင် ယာမြေဧက ၁၈၀ ခန့်ကို မိုးရာသီတွင် ရေလွှမ်း၍ သဲဖုံးပျက်စီးမှုမှ ကာကွယ်နိုင်မည် ဖြစ်သည်။

မလှိုင်မြို့နယ် ကျင်းသာရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံ၌ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပသည်။ ကျင်းသာရေလှောင်တမံသည် မလှိုင်မြို့နယ် ကျင်းသာကျေးရွာအနီးတွင် တည်ရှိသည်။ တမံအလျားပေ ၁,၉၀၀၊ တမံအမြင့် ၅၆ ပေရှိပြီး သိမ်းကုန်းချောင်းမှရေကို သိုလှောင်ထား၍ သံကူကွန်ကရစ်အမျိုးအစား ရေထုတ်ပြွန်ဖြင့် ကုန်းတဲဆည်သို့ ဆည်ရေချပေးသည်။ ယင်းမှတစ်ဆင့် ဆည်ရေသောက်ဧရိယာရှိ လယ်ယာမြေများသို့ ဆည်ရေပေးဝေသွားမည် ဖြစ်သည်။

အမ်းမြို့နယ် ဟင်းရွက်ရေလှောင်တမံဖွင့်ပွဲကို အမ်းမြို့နယ် အောက်ရွာရှိ မဂ်လာမဏ္ဍာပ်၌ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပသည်။ ဟင်းရွက်ရေလှောင်တမံသည် ဟင်းရွက်ချောင်းပေါ်တွင် တည်ရှိပြီး မြေသားတမံအမျိုးအစား ဖြစ်သည်။ တမံအလျားပေ ၇၅၀၊ အမြင့်ပေ ၇၀ ရှိသည်။ တမံ၏ရေလှောင်ပမာဏသည် ဧကပေ ၆,၁၂၀ (ဂါလန်သန်းပေါင်း ၁,၆၅၂) ဖြစ်သည်။ အသုံးပြုနိုင်သော ရေပမာဏမှာ ဧကပေ ၅,၄၂၀ (ဂါလန်သန်း ပေါင်း ၁,၄၆၃) ဖြစ်ပြီး လူဦးရေ တစ်သိန်းအတွက် တစ် ရက်လျှင်လူတစ်ဦး ဂါလန် ၃၀ ဖြင့် တစ်နှစ်ပတ်လုံး သုံးစွဲနိုင်သည်။

ပြင်ဦးလွင်မြို့နယ် ဆင်လမ်းရေလှောင်တမံဖွင့်ပွဲကို ဆင်လမ်းရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍာပ်၌ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပသည်။ ဆင်လမ်းရေ လှောင်တမံကို ဆင်လမ်းချောင်းပေါ်တွင် တည်ဆောက်ထားသည်။ တမံအလျား ၆၆၅ ပေ၊ အမြင့် ၉၂ ပေရှိပြီး ရေဧက ပေ ၅,၆၀၀ သိုလှောင်နိုင်သည်။ ပြင်ဦးလွင်မြို့နေ ပြည်သူများသို့ နေ့စဉ် ရေဂါလန် ၂ ဒသမ ၅ သန်းပေးဝေနိုင်ရန်၊ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ကန်တော်ကြီးသို့ ရေကူပေးသွင်းနိုင်ရန်နှင့် စိုက်ပျိုးမြေဧက ၅၀၀ သို့ ရေပေးနိုင်ရန်အပြင် ပုသိမ်ကြီးမြို့နယ်ရှိ ဆည်တော်လေး ရေလွှဲဆည်မှတစ်ဆင့် သီးနှံစိုက်ပျိုးမြေဧက ၂,၀၀၀ သို့ ရေကူဖြည့်ဆည်းနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

သနပ်ပင်မြို့နယ်တာဝရေထိန်းတံခါး ဖွင့်ပွဲကို ရေထိန်းတံခါးအနီးရှိ မဂ်လာမဏ္ဍာပ်၌ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပသည်။ တာဝရေထိန်းတံခါးကို ပဲခူးမြစ် အရှေ့ဘက်ခြမ်းရှိ တာဝကျေးရွာအနီး ပဲခူးမြစ်နှင့် ပဲခူး-စစ်တောင်း တူမြောင်းဆုံရာအနီးတွင် တည်ဆောက်ထားသည်။ ရေထိန်းတံခါးသည် ကွန်ကရစ်ရေတံခါး အမျိုးအစားဖြစ်ပြီး ခြောက်ပေါ်၊ ၁၂ ပေအကျယ်ရှိ ရေတံခါးပေါက် ၃၃ ပေါက်ပါရှိသည်။ ရေထိန်းတံခါး၏ အကျိုးပြုဧရိယာ ဧက ၃၂,၀၀၀ဖြစ်သည်။ မိုးရာသီတွင် ရေပိုရေလျှံ

များကို ပဲခူးမြစ်ထဲသို့ ထုတ်နုတ်ပေးရန်နှင့် နွေရာသီတွင် ရေငန်နှင့် နုန်းများမဝင်ရောက်စေရန် ရည်ရွယ်တည်ဆောက်ထားသည်။ ထို့ပြင် နွေသီးနှံစိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် ရေချိုထိန်းသိမ်းသိုလှောင်ထားမည် ဖြစ်သည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်ခြင်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်ရှိ မယ်ပန်ချောင်းရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲကို အဆိုပါရေ အားလျှပ်စစ်စက်ရုံ၌ မေလ ၁၄ ရက်နေ့တွင် ကျင်းပသည်။ မယ်ပန်ချောင်းရေအားလျှပ်စစ်စက်ရုံတွင် တစ်နှစ်လျှင် ကီလိုဝပ် ၅ ဒသမ ၅ သန်း ထုတ်လုပ်မည့် ကီလိုဝပ် ၆၀၀ စက်နှစ်လုံးစုစုပေါင်း ကီလိုဝပ် ၁,၂၀၀ တပ်ဆင်ထားပြီး မိုင်းဆတ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ၂၄ နာရီလုံလောက်စွာ မီးပေးနိုင်မည်ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၁၅၀ နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သိန်း ကုန်ကျသည်။

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲကို အဆိုပါရေအားလျှပ်စစ်စက်ရုံတွင် တစ်နှစ်လျှင် ကီလိုဝပ် ၅ ဒသမ ၅ သန်း ထုတ်လုပ်မည့် ကီလိုဝပ် ၆၀၀ စက်နှစ်လုံးစုစုပေါင်း ကီလိုဝပ် ၁,၂၀၀ တပ်ဆင်ထားပြီး မိုင်းဆတ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ၂၄ နာရီလုံလောက်စွာ မီးပေးနိုင်မည်ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၁၅၀ နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သိန်း ကုန်ကျသည်။

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲကို အဆိုပါရေအားလျှပ်စစ်စက်ရုံတွင် တစ်နှစ်လျှင် ကီလိုဝပ် ၅ ဒသမ ၅ သန်း ထုတ်လုပ်မည့် ကီလိုဝပ် ၆၀၀ စက်နှစ်လုံးစုစုပေါင်း ကီလိုဝပ် ၁,၂၀၀ တပ်ဆင်ထားပြီး မိုင်းဆတ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ၂၄ နာရီလုံလောက်စွာ မီးပေးနိုင်မည်ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၁၅၀ နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သိန်း ကုန်ကျသည်။

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲကို အဆိုပါရေအားလျှပ်စစ်စက်ရုံတွင် တစ်နှစ်လျှင် ကီလိုဝပ် ၅ ဒသမ ၅ သန်း ထုတ်လုပ်မည့် ကီလိုဝပ် ၆၀၀ စက်နှစ်လုံးစုစုပေါင်း ကီလိုဝပ် ၁,၂၀၀ တပ်ဆင်ထားပြီး မိုင်းဆတ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ၂၄ နာရီလုံလောက်စွာ မီးပေးနိုင်မည်ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၁၅၀ နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သိန်း ကုန်ကျသည်။

စက်ရုံသစ်များ (ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားအပြီးတွင်
စက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြစဉ်

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် တောင်နီကျေးရွာ ကိုယ့်အားကိုယ်ကိုးလမ်း စပါးခွံခတ်ငွေ့သုံး ရေအားလျှပ်စစ်ခတ်အားပေးစက်ရုံဖွင့်ပွဲကို အဆိုပါစက်ရုံ၌ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသည်။ စပါးခွံခတ်ငွေ့သုံး လျှပ်စစ်ခတ်အားပေးစက်ရုံမှာ စက်အမျိုးအစား တီအီး-ဒီအက်စ် ၇၀၊ မြင်းကောင်ရေ ၁၀၀ အားနှင့် မီးဖိုအမျိုးအစားမှာ အာရ်အိတ်ချ် ၁၀ ဖြစ်ပြီး တစ်နာရီ စပါးခွံလောင်စာ ၁၀ တင်းကုန်ကျ၍ လျှပ်စစ်ခတ်အားကေဗွီအေ ၅၀ ထွက်ရှိကာ နှစ်ပေမီးချောင်း ၁,၆၀၀ အထိ လျှပ်စစ်မီးသုံးစွဲနိုင်မည်ဖြစ်သည်။ စက်ရုံကို မြန်မာတီထွင် သူများအသင်းလီမိတက်က တီထွင်ထုတ်လုပ်ခဲ့ပြီး တန်ဖိုးငွေကျပ် ၅၈ ဒသမ ၇၆ သိန်းကုန်ကျကာ ၂၄ နာရီပတ်လုံး လျှပ်စစ်ခတ်အားသုံးစွဲနိုင်မည်ဖြစ်သည်။

စက်ရုံသစ်များဖွင့်လှစ်ခြင်း

Flying Wheel စက်မှုကုန်ထုတ်လီမိတက် စပါးနှံ တံဆိပ်စက်ဘီးတာယာနှင့် ကျွတ်စက်ရုံဖွင့်ပွဲ၊ စီဝိုင်တီ စက်မှုကုန်ထုတ်လီမိတက် ပဲ့လွှားချည်မျှင်စက်ရုံဖွင့်ပွဲ အခမ်းအနားများကို မန္တလေးစံပြစက်မှုမြို့သစ် စက်မှုဇုန် ၁ ရှိ အဆိုပါစက်ရုံများ၌ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အသီးသီးကျင်းပသည်။ စပါးနှံတံဆိပ် စက်ဘီးတာယာနှင့် ကျွတ်စက်ရုံသည် တစ်ရက်လျှင် အရွယ်စုံတာယာ အလုံး ၁၀,၀၀၀ နှင့် ကျွတ်အလုံး ၇,၀၀၀ ထုတ်လုပ်နိုင်ပြီး ပဲ့လွှားချည်မျှင်စက်ရုံသည် ရစ်တိုင် ၁၀,၀၀၀ အားဖြင့် တစ်ရက်လျှင် ချည်မျှင် ၄ ဒသမ ၈ တန် ထုတ်လုပ်နိုင်သည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန သကြားလုံးစက်ရုံ (ကျောက်ဆည်)၊ ဖိနပ်စက်ရုံ (ကျောက်ဆည်) နှင့် စက်ဘီးစက်ရုံ (ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားများကို ကျောက်ဆည်မြို့ ကျောက်ဆည်စက်မှုနယ်မြေရှိ အဆိုပါစက်ရုံများ၌ ဧပြီလ ၁၁ ရက်နေ့တွင် အသီးသီးကျင်းပသည်။ သကြားလုံးစက်ရုံ (ကျောက်ဆည်) မှ သကြားလုံးအပျော့ (Soft Candy) အမျိုးမျိုး၊ ဖိနပ်စက်ရုံ (ကျောက်ဆည်)မှ ကွင်းထိုးဖိနပ်နှင့် ခြေညှပ်ဖိနပ်များနှင့် စက်ဘီးစက်ရုံ (ကျောက်ဆည်) မှ မောင်မြန်မာတံဆိပ်စက်ဘီးနှင့် ဆိုက်ကားများကို ထုတ်လုပ်ဖြန့်ဖြူးမည် ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ကျောက်ဆည် တန် ၅၀ ဖွဲနုဆီစက်နှင့် ၂၅ တန် ဆန်စက်ဖွင့်ပွဲ အခမ်းအနားကို ကျောက်ဆည်မြို့နယ် မိုးကြိုးကုန်းကျေးရွာရှိ တန် ၅၀ ဖွဲနုဆီစက်၌ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသည်။ ဖွဲနုဆီစက်သည် ဆီကြွမ်းတစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းအထိ ကျန်ရှိအောင် ဖွဲနုဆီ ထုတ်ယူနိုင်စွမ်းရှိသည်။ ဖွဲနုတန်ချိန် ငါးသောင်းအား စဉ်ဆက်မပြတ် ထုတ်လုပ်ကြိတ်ခဲ့နိုင်ပြီး ဖွဲနုဆီကြွမ်းတန်ချိန် ၇၀၀၀ ထွက်ရှိမည်ဖြစ်၍ ဖွဲနုစားဆီ တန်ချိန် ၃,၀၀၀ ခန့် ထွက်ရှိနိုင်မည် ဖြစ်သည်။

Ti Garment Co., Ltd. အထည်ချုပ် စက်ရုံဖွင့်ပွဲကို ရန်ကုန်မြို့၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်စက်မှုဇုန်၌ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပသည်။ အထည်ချုပ် စက်ရုံတွင် အမျိုးသားဝတ်ရုပ်အင်္ကျီများကို အဓိကထား ထုတ်လုပ်သွားမည်ဖြစ်ပြီး ထုတ်လုပ်သော ရုပ်အင်္ကျီများကို ဂျပန်နိုင်ငံသို့ ရာနှုန်းပြည့် တင်ပို့မည်ဖြစ်သည့်အပြင် ဥရောပနိုင်ငံများသို့လည်း တင်ပို့ရန် စီစဉ်ထားသည်။ အထည်ချုပ်စက်ရုံကို ဝန်ထမ်း ၄၀၀ ကျော်ဖြင့် အောက်တိုဘာလမှစတင် လည်ပတ်လျက်ရှိသည်။ စက်ရုံတည်ဆောက်မှုအတွက် အမေရိကန် ဒေါ်လာ တစ်သန်းခွဲ ရင်းနှီးမြှုပ်နှံထားသည်။

စိုးအောင်

မြန်မာနိုင်ငံ မိုးလေဝသသတင်း ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်မှု။ ။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိသော သဘာဝတရားကြီးအား သိပ္ပံပညာ၊ ရူပဗေဒ၊ သခ္ခါစသည့် ပညာရပ်များ အသုံးပြုကာ စောင့်ကြည့်မှတ်သားသည်။ နေ့စဉ်ဖြစ်ပေါ်လျက်ရှိသော နေပူခြိန်၊ အပူချိန်၊ လေဖိအား၊ လေတိုက်နှုန်း၊ စိုထိုင်းဆ၊ မိုးရွာသွန်းမှု၊ တိမ်တိုက်များဖုံးလွှမ်းမှု၊ မြစ်ရေကြီးမှုနှင့် မြေငလျင်လှုပ်မှု စသည်တို့ကို မြန်မာနိုင်ငံတစ်ဝန်း၌ ဖြန့်ကြက်ထားသည့် မိုးလေဝသစခန်း ၆၃ ခု၊ မိုးလေဝသနှင့် ဇလဗေဒစခန်း ၃၉ ခု၊ ဇလဗေဒစခန်း

မြန်မာနိုင်ငံမိုးလေဝသသတင်း ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်မှု

လပတ်မိုးလေဝသသတင်းရိုက်ကူးမှုအား ဌာနပိုင်စတူဒီယို၌ ရိုက်ကူးထုတ်လုပ်စဉ်

၃၀၊ စိုက်ပျိုးရေး မိုးလေဝသစခန်း ၁၈ ခုနှင့် မြေငလျင်စခန်းလေးခုတို့မှလာသော အချက်အလက်များအား ရန်ကုန်မြို့ကမ္ဘာအေးရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ အမျိုးသား မိုးလေဝသခန့်မှန်းရေးဌာနသို့ ပေးပို့သည်။

မိုးလေဝသသည် ပိုင်နက်နယ်နိမိတ်ကန့်သတ်ချက်မရှိသော သဘာဝပြောင်းလဲမှုကြီးဖြစ်ရာ မိမိနိုင်ငံတစ်ခုတည်း၏ ခန့်မှန်းတိုင်းထွာတွက်ချက်၍ ခိုင်လုံတိကျနိုင်ကောင်းသည် မဟုတ်ချေ။ ပတ်ဝန်းကျင်နိုင်ငံများဖြစ်သော သီရိလင်္ကာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ လာအို၊ ထိုင်း စသည့်နိုင်ငံများနှင့် မိုးလေဝသအချက်အလက်များ အပြန်အလှန် ဆက်သွယ်ဖလှယ်ပြီး ဒေသကြီးတစ်ခုလုံး၏ မိုးလေဝသဖြစ်စဉ် ခန့်မှန်းတိုင်းထွာမှုကို ရရှိခြင်းဖြစ်သည်။ ယခုအခါတွင် မိုးလေဝသဂြုိဟ်တုများကြောင့် ယခင်ကထက်ပို၍ နီးစပ်တိကျသော မိုးလေဝသအခြေအနေများကို ခန့်မှန်းရရှိနိုင်ပါသည်။

လွတ်လပ်ရေးမရမီက မြန်မာနိုင်ငံတွင် မိုးလေဝသစခန်းတစ်ခုတည်းသာ ရှိသည်။ အိန္ဒိယမှ တိုက်ရိုက်ကွပ်ကဲသည့် မိုးလေဝသပညာရှင်များကို အိန္ဒိယမှ စေလွှတ်သည်။ မြန်မာနိုင်ငံမှ အမှုထမ်းအချို့ရှိသည်။ ၁၉၃၇ ခုနှစ်၊ တွဲရေး၊ ခွဲရေးတွင် မြန်မာနိုင်ငံသည် အိန္ဒိယမှခွဲထွက်ခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံတွင် သီးခြားမိုးလေဝသဌာနဟူ၍ ဖြစ်ပေါ်လာသည်။ ပထမဆုံး ညွှန်ကြားရေးဝန်မှာ မြန်မာအမျိုးသား မိုးလေဝသပညာရှင် ဒေါက်တာဘိုးအေးဖြစ်ပါသည်။ ကျပန်တို့ အုပ်စိုးစဉ်က မိုးလေဝသဌာနသည် ကျပန်တပ်မတော်၏အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်ခဲ့ရသည်။ အိန္ဒိယသို့ ကျပန်လေတပ်က သွားရောက်တိုက်သည့် အခါများတွင် လိုအပ်သည့် မိုးလေဝသအခြေအနေများကို တိုင်းထွာတွက်ချက် ထုတ်ပြန်ပေးရသည်။

လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ ဖြစ်တည်လာချိန်မှ ယနေ့အထိ မြန်မာနိုင်ငံ မိုးလေဝသဌာနသည် ပညာရှင်များ မွေးထုတ်ခြင်း၊ နိုင်ငံရပ်ခြားသို့ မိုးလေဝသပညာသင်များ စေလွှတ်ခြင်း၊ မိုးလေဝသတိုင်းတာရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အရာထမ်းအမှုထမ်းများ တိုးချဲ့ခန့်ထားခြင်း စသည်တို့ဖြင့် မိုးလေဝသတိုင်းတာမှုလုပ်ငန်းများကို အင်ပြည့်အားပြည့် စွမ်းအားပြည့် ဆောင်ရွက်လျက်ရှိပါသည်။

နေ့စဉ်တိုင်းတာရရှိသော မိုးလေဝသအချက်အလက်များ၊ ခန့်မှန်းချက်များ လုပ်သားပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့၍ လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် မိုးလေဝသသတင်းများကို ၁၉၄၇ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှ စတင်ထုတ်ပြန်ခဲ့သည်။ နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းထုတ်ပြန်မှုများ ပြုလုပ်ခဲ့ရာမှမြန်မာနိုင်ငံတစ်ဝန်း အချိန်တို့အတွင်း ထိရောက်စွာအသိပေးနိုင်ရန်အတွက် မြန်မာ့အသံမှ မုတ်သုံရာသီ၊ မိုးလေဝသသတင်းကို ၁၉၄၉ ခုနှစ်တွင်လည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် မုတ်သုံရာသီ ရေကြီးမှုသတိပေးချက်ကိုလည်းကောင်း စတင်ထုတ်ပြန်ပေးခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ နေ့စဉ်နှင့်လစဉ်ထုတ်ပြန်လျက်ရှိသော မိုးလေဝသသတင်းနှင့် ခန့်မှန်းချက်များကို ၁၉၈၀ ပြည့်နှစ်၊

စက်တင်ဘာလမှစ၍ အများပြည်သူနှင့်နိုင်ငံတော်အဖွဲ့အစည်းများအတွက် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ ထုတ်လွှင့်ကြေညာပေးခဲ့သည်။ ထိုသို့ လွှင့်ထုတ်ကြေညာရာတွင် အသုံးပြုခဲ့သော နောက်ခံပြကွက်များ၊ တင်ပြပုံ တင်ပြနည်းစနစ်များအား ခေတ်မီဆန်းသစ်သော ပြကွက်များဖြင့် ပြောင်းလဲပြသသွားရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့သည်။ ယခင်က မြန်မာရေဒီယိုနှင့် ရုပ်မြင်သံကြား ဦးစီးဌာနတွင် ရိုက်ကူးထုတ်လွှင့်ရာမှ မိုမိုဌာနတွင် ကိုယ်ပိုင်ရိုက်ကူးထုတ်လုပ်ရေး ခန်းမဆောင်ထားရှိပြီး အဆင့်မြင့်ရိုက်ကူး ထုတ်လွှင့်နိုင်ရန်အတွက် ၁၉၉၇-၉၈ ဘဏ္ဍာရေးနှစ်မှစ၍ ငွေလုံးငွေရင်းများအား ခွင့်ပြုခဲ့ရာ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းခွင့်ပြုငွေ သိန်း (၄၀၀) ကျော်ခန့် ရှိခဲ့သည်။

နှစ်အလိုက်ခွင့်ပြုရရှိခဲ့သည့်ငွေများဖြင့်အဆင့် (၅)ဆင့်ခွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

အဆင့်(၁) လိုအပ်သောသတင်းပုံစံများ စုဆောင်းပြုခြင်း။
(နိုင်ငံတကာသတင်းမီဒီယာများ၏ လုပ်ထုံးလုပ်နည်းများကို လေ့လာ၍ မိမိနိုင်ငံနှင့်လျော်ညီအောင် တီထွင်ကြံဆရေး)

အဆင့်(၂) လိုအပ်သော မီဒီယာသတင်းထုတ်လုပ်ရေးဆိုင်ရာ ပညာရှင်များမွေးမြူခြင်း။
(ကင်မရာ ရိုက်ကူးရေး ပညာရှင်၊ မိတ်ကပ် ပညာရှင်၊ အသံဖမ်း ပညာရှင်၊ ဓာတ်ပုံပညာရှင်၊ တည်းဖြတ် ပညာရှင်၊ သတင်းထုတ်လုပ်ရေး ပညာရှင်နှင့် သတင်းပညာရှင် စသည်များ . . .)

အဆင့်(၃) လိုအပ်သော ဗီဒီယိုရိုက်ကူးရေးအတွက် ကွန်ပျူတာပစ္စည်းများနှင့် အသံဖမ်းကိရိယာများ စုဆောင်းခြင်း။

အဆင့်(၄) ရိုက်ကူးရေးကင်မရာများနှင့် မီးအလင်းအမှောင်ပစ္စည်းများ စုဆောင်းခြင်း။

အဆင့်(၅) တည်းဖြတ်ခြင်းကိရိယာများနှင့် စတူဒီယိုတည်ဆောက်ခြင်းတို့ ဖြစ်သည်။

မိုးလေဝသရုပ်မြင်သံကြား စတူဒီယိုလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများအား ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြန်မာ့ရုပ်မြင်သံကြားနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။ ၁၉၉၇ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် သက်ဆိုင်ရာပညာရှင်များက လာရောက်တပ်ဆင်ပေးခဲ့သည်။ စတူဒီယိုလုပ်ငန်းအတွက် ဌာနအတွင်းမှ ဝန်ထမ်းများဖြစ်သော ဦးထွန်းလွင် သုတေသနအရာရှိ (ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမျိုးသန့်၊ အငယ်တန်းအင်ဂျင်နီယာ (ယခု/လက်ထောက်အင်ဂျင်နီယာ)၊ ဦးဘမော် တိုင်းထွာရေး (၃)၊ ဦးဘသက်ဦး တိုင်းထွာရေး (၃) တို့အား စတင်သင်တန်းများ ပို့ချခဲ့သည်။

၁၉၉၇ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့တွင် မြန်မာ့ရုပ်မြင်သံကြားမှလည်းကောင်း၊ စက်တင်ဘာ (၅) ရက်နေ့တွင် မြဝတီရုပ်မြင်သံကြားမှလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့တွင် အာဆီယံနိုင်ငံမြို့တော်များအတွက် နေ့စဉ်မိုးလေဝသခန့်မှန်းချက်များနှင့် မေလအတွင်း၌ လပတ်မိုးလေဝသရုပ်မြင်သံကြား သတင်းနောက်ခံပုံများ၊ ပြကွက်များ၊ မြေပုံများကို စတင်ထုတ်လွှင့်နိုင်ခဲ့သည်။ ၎င်း

လေဖိအားတူမျဉ်း (အိုက်ဆိုဘား)ရေးဆွဲသည့်လုပ်ငန်း

အပြင် ၁၉၉၇-၉၈ အယ်လ်နီးညိုနှင့် ပတ်သက်သော ပညာပေးဗီဒီယိုအခွေကို ဘေးတွေနေသော ပင်လယ်ရေများ ခေါင်းစဉ်ဖြင့် ထုတ်လုပ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ မိုးလေဝသသတင်းနှင့် အာဆီယံနိုင်ငံမြို့တော်များအတွက် နေ့စဉ်မိုးလေဝသသတင်းများကို နောက်ခံပြကွက်အရှင်များဖြင့်လည်းကောင်း၊ အနိမ့်ဆုံးအပူချိန်နှင့် အမြင့်ဆုံးအပူချိန်များ၊ နေဝင်နေထွက်အချိန်များကို ရန်ကုန်နှင့်မန္တလေးမြို့ကြီးများအနီးတစ်ဝိုက် ခန့်မှန်းချက်များတွင် ထည့်သွင်းဖော်ပြခြင်းတို့အား ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ထုတ်လွှင့်ခဲ့သည်။ ၁၀ နိုင်ငံမြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသောကမ္ဘောဒီးယားနိုင်ငံ၊ ဖန္နမ်းပင်မြို့တော်အတွက် ခန့်မှန်းချက်နှင့် ရှမ်းပြည်နယ်အား ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းဟူ၍ အပိုင်း(၂)ပိုင်း ခွဲခြားဖော်ပြခဲ့ရာမှ ရှမ်းပြည်နယ်အရှေ့ပိုင်းဟူ၍ တိုးချဲ့ထုတ်ပြန်ပေးခဲ့သည်။ ထို့ကြောင့် မိုးလေဝသခန့်မှန်းချက်သတင်းများအား အနီးစပ်ဆုံးဒေသများအထိ တိုင်းတာခန့်မှန်း၍ ရုပ်မြင်သံကြားမှတစ်ဆင့် ထိရောက်စွာထုတ်လွှင့်နိုင်ခဲ့သည်။ သတင်းကြည့်ရှုသူများအား တင်ပြလိုသည့်မိုးလေဝသခန့်မှန်းချက်များအား သုတရသအပြင် နောက်ခံလှုပ်ရှားမှုပြကွက်များ၊ မြေပုံများ၊ နောက်ခံတီးလုံးများ၊ ပြကွက်ရှုခင်းများအား ရှုထောင့်မျိုးစုံမှ မျက်စေ့ပသာဒနှင့် သောတအာရုံခံစားမှုရသကို ပေးစွမ်းနိုင်ခဲ့သည်။

မိုးလေဝသ သတင်းထုတ်ပြန်ချက်များအား ရုပ်ပုံ၊ ကားချပ်၊ တေးဂီတများအပြင် Weathercaster များဖြင့် တင်ပြနိုင်ရန် ဌာနတွင်းရှိအမှုထမ်းအမျိုးသမီးငယ် (၁၁) ဦးအား ပြင်ပမှကင်မရာပညာရှင်၊ မီးပညာရှင်၊ မိတ်ကပ်ပညာရှင်များ အကူအညီခေါ်ယူရိုက်ကူးမှုအား ၂၀၀၁ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ မတ်လ (၂၉) ရက်နေ့တွင် Weathercaster အမျိုးသမီးငယ်နှစ်ဦးဖြင့် မိုးလေဝသနေ့စဉ်သတင်းအား စတင်ထုတ်လွှင့်နိုင်သကဲ့သို့ ဦးထွန်းလွင်သည် MRTV 3 အတွက် အင်္ဂလိပ်ဘာသာဖြင့် မိုးလေဝသသတင်းကြေညာချက်ကို စမ်းသပ်ထုတ်လွှင့်နိုင်ခဲ့သည်။

၂၀၀၁ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ဌာနတွင်းအမှုထမ်းအမျိုးသမီးငယ် သုံးဦးဖြင့် မိုးလေဝသခန့်မှန်းချက်များကို စတင်ထုတ်လွှင့်ခဲ့သည်။ အဆိုပါအမျိုးသမီးငယ်တို့အား မြန်မာဆန်ဆန်ဝတ်ဆင်စေခဲ့သည်။ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် လက်ခံရရှိခဲ့သည့် မိုးလေဝသရောင်စုံတီမံပုံဖမ်းစက်ဖြင့် ဖမ်းယူရရှိကာ ပုံကိုတင်ပြခဲ့ရာ သတင်းကြည့်ရှုသူများအတွက် နေ့စဉ်ပြောင်းလဲနေသော မိုးလေဝသသတင်းအချက်အလက်များသာမက မိုးလေဝသဂြိုဟ်တုမှ တစ်နာရီတစ်ကြိမ် ရိုက်ကူးပေးပို့သည့်ပုံများကို ကြည့်ရှုခွင့်ရရှိခဲ့သည်။

၂၀၀၂ ခုနှစ် ဇန်လမှ မိုးအကုန်ကာလအထိ ၂၀၀၂ ခုနှစ် ဇွန်လမှ မိုးအကုန်ကာလအထိ မိုးလေဝသသတင်းပုံနှင့် တင်ပြချက်များအား

သတင်းကြေညာသူနှင့် နောက်ခံမိုးလေဝသပြကွက်တို့ ထပ်သည့်လုပ်ငန်း

နောက်ခံတေးဂီတ(တီးလုံး)အား "မိုး" (ကိုမြကြိုး) သီချင်းဖြင့်လည်းကောင်း၊ နှိုင်ဘာလမှ ဆောင်းအကြိုကာလတွင် "ဆောင်းအမိ" (ဒေါ်မေလှမြိုင်) သီချင်းဖြင့် လည်းကောင်း၊ ဆောင်းကာလတစ်လျှောက်လုံးတွင် "ဆောင်းရယ် နှင်းရယ်ကိုယ့်

လပတ်မိုးလေဝသသတင်းရိုက်ကူးမှု အား ဌာနပိုင်စတူဒီယို၌ ရိုက်ကူး ထုတ်လုပ်စဉ်

ချစ်သူရယ်" (တွံတေးသိန်းတန်)သီချင်းတီးလုံးဖြင့် လည်းကောင်း၊ မိုးလေဝသသတင်းနှင့် ဖွင့်တီးလုံးတွင် မြန်မာ့သံစဉ်ဖြစ်သော လှေတော်သံ (မန္တလေးစိန်မွတ်တား၏ လက်သံ) ဖြင့် ပြောင်းလဲထုတ်လွှင့်ခဲ့ရာ မိုးလေဝသသတင်း ထုတ်လွှင့်သည့် အဆင့်ဆင့်တိုးတက်မှုများအား လူထုကနှစ်ခြိုက်သဘောကျပြီး စိတ်ဝင်စားမှုများ ပိုမိုလာကြောင်း တွေ့ရှိရသည်။

၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် မိုးလေဝသရုပ်မြင်သံကြားသတင်းကို ဌာနပိုင်မိုးလေဝသစတူဒီယိုတွင် အောင်မြင်စွာရိုက်ကူးနိုင်ခဲ့သည်။ ယခင်က MRTV တွင် သွားရောက်ရိုက်ကူးခဲ့ရာ၌ ကြုံတွေ့ရသည့် အခြိန်ကန့်သတ်ချက်နှင့် အခက်အခဲများကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့သည်။ ရိုက်ကူးမှု၊ ရုပ်/သံထပ်မှု၊ တည်းဖြတ်မှုဆိုင်ရာ ခေတ်မီပစ္စည်းများကို နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် အထူးပြုလုပ်နိုင်ခဲ့သည်။ ထို့ကြောင့် ၂၀၀၃ ခုနှစ်၊ မတ်လအတွက် ရုပ်မြင်သံကြားသတင်းကို ပြည့်ဝစုံလင်လှစွာဖြင့် ဌာနပိုင်ရိုက်ကူးရေးဆွဲ၍ ထုတ်လုပ်နိုင်ခဲ့သည်။ မတ်လဆန်းမှစ၍ မိုးလေဝသသတင်း နောက်ခံအား **နွေမိန်တပေါင်း** သီချင်းတီးလုံးဖြင့် အားဖြည့်ထုတ်လွှင့်နိုင်ခဲ့သည်။

မိုးလေဝသတိုင်းတာမှုသည် သဘာဝတရား၏ အစိုးမရသော ပြောင်းလဲမှုများကိုသိရှိရန် သိပ္ပံပညာရပ် ခေတ်မီကိရိယာများကို မြန်မာနိုင်ငံတစ်ဝန်းတပ်ဆင်ထားသည်။ တိုင်းတာရေးစခန်းအသီးသီးမှ အဆင့်ဆင့်သောကျွမ်းကျင်ဝန်ထမ်းများ၏ မျက်ခြည်မပြတ် စောင့်ကြည့် တိုင်းတာမှတ်သားမှုအပေါ် အခြေခံ၍ သက်ဆိုင်ရာပညာရှင်များ၏ သုံးသပ်အတည်ပြုချက်များဖြင့် ဆောင်ရွက်ရသောလုပ်ငန်းဖြစ်သည်။

- မှန်တိုင်းဖြစ်ခြင်း၊ ရေကြီးခြင်း၊ လေတိုက်ခိုက်ခြင်း စသည့် ဘေးအန္တရာယ်များမှ ကာကွယ်ရေးအတွက် ကြိုတင်ခန့်မှန်းချက်နှင့် သတိပေးချက်များ ထုတ်ပြန်ရန်၊
- ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းခရီးများ သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေး အန္တရာယ်ကင်း၍ လျင်မြန်ချောမွေ့စေရန်၊
- လေ၊ ရေ၊ နေရောင်ခြည်စွမ်းအင်နှင့် သဘာဝသယံဇာတများအား ကာလရှည်စွာတည်တံ့မည့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ထုတ်ယူသုံးစွဲရေးတွင် အထောက်အကူပြုရန်၊
- စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာပိုမိုထုတ်လုပ်ရေးကို အထောက်အကူပြုရန်၊
- နိုင်ငံတော်ကာကွယ်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် စက်မှုကဏ္ဍများကို အထိရောက်ဆုံး အကျိုးပြု၍ လျင်မြန်ချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်၊
- မိုးလေဝသနှင့် ဇလဗေဒလုပ်ငန်းများတိုးတက်မှုအတွက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ နိုင်ငံတကာတို့နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပညာပေးရေးနှင့် သုတေသနပြုရေး ဆောင်ရွက်ရန်၊

အစရှိသည့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ရည်ရွယ်ချက်နှင့်အညီ မြန်မာနိုင်ငံမိုးလေဝသသတင်း ရိုက်ကူးထုတ်လွှင့်မှုကို ဆောင်ရွက်လျက်ရှိပေသည်။

(မောင်ကြင်နာ)



"ဦးစီးဌာနခွဲတစ်ခုအား ဖွဲ့စည်းပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ဌာနဆိုင်ရာ ညွှန်ကြားချက်များ၊ ဦးစီးဌာနချုပ်၏ ညွှန်ကြားချက်များ နှင့် ဦးစီးဌာနခွဲ၏ ဝန်ထမ်းများ ကိုယ်တိုင် ဆောင်ရွက်ရမည့် တာဝန်များ (ဥပမာ - ဝန်ထမ်းများ၏ ဝင်ငွေခွန်ကောက်ခံခြင်း၊ ဝန်ထမ်းများ၏ ပြစ်မှုဆိုင်ရာ အမှုများကို ဖြေရှင်း

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပစ္စည်းပြပွဲ။ ။တတိယအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမတွင် ကျင်းပသည်။

တတိယအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် တစ်မျိုးသားလုံး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ အမျိုးသားကျန်းမာရေးကော်မတီ၏ဦးဆောင်မှုဖြင့် မြန်မာ့တိုင်းရင်းဆေးပညာခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အစွမ်းထက်သည့် မြန်မာ့တိုင်းရင်းဆေးပင်နှင့် ကုထုံးကုနည်းများကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည့် လုပ်ငန်းအစီအစဉ်တစ်ရပ် ဖော်ထုတ်ရေးဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် နှစ်ပေါင်းထောင်ချီရှည်လျားသည့် မြန်မာ့ယဉ်ကျေးမှုသမိုင်းအဦးအစကာလပင် ပေါ်ထွန်းဖွံ့ဖြိုး စည်ပင်ခဲ့သောဘိုးဘွားအမွေအနှစ် ရိုးရာပညာဖြစ်ခဲ့ပြီး မြန်မာတိုင်းရင်းသမားတော်ကြီးများ အဆက်ဆက်က အတိဓမ္မာနည်း၊ နက္ခတ်အခြေခံနည်း၊ သဘာဝဓမ္မအခြေခံနည်းစသည့် နည်းနာအရပ်ရပ် အပူနာ၊ အအေးနာ၊ သွေး၊ လေ၊ သည်းခြေ၊ သလိပ်၊ ဂြိုဟ်သက်ရောက်မှု၊ ဓာတ်သက်ရောက်မှု စသော အကြောင်းတရားများကို မူတည်ကုသသည့် ကုထုံးအဖုံဖုံ၊ ခက်ခဲနက်နဲသော ဆေးကျမ်း အသွယ်သွယ်၊ အစွမ်းအာနိသင် ထက်မြက်သည့် ဆေးဝါးအမျိုးမျိုးတို့ကို ဆရာစဉ်သမားဆက် လက်ဆင့်ကမ်းဖော်ထုတ် ထိန်းသိမ်းခဲ့ကြသည့် အတွက် အရည်အသွေးမြင့်မားသော မြန်မာ့တိုင်းရင်းဆေးပညာအဖြစ် ယခုတိုင် တင့်တင့်တယ်တယ် သိကွာရှိရှိ ဂုဏ်ဒြပ်မြင့်မြင့်မားမား ရပ်တည်လျက်ရှိသည်။

မြန်မာ့တိုင်းရင်းဆေးပညာ၏ စွမ်းပကား ကြောင့်မြန်မာလူမျိုးတို့သည် ခေတ်အဆက်ဆက် ကျန်းမာကြံ့ခိုင် သော၊ လက်ရုံးရည် နှလုံးရည် ထက်မြက်သော လူမျိုးတစ်မျိုးအဖြစ် ထင်ပေါ်ကျော်ကြားခဲ့ပြီး အိမ်နီးချင်းနိုင်ငံများ၏ လေးစား

တတိယအကြိမ် တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲအခမ်းအနား

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးပစ္စည်းပြပွဲ

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တတိယအကြိမ်တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ၌
တိုင်းရင်းဆေးပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်

ခဲ့ညားခြင်းခံခဲ့ရသည်။ နယ်ချဲ့လက်အောက်ရောက်ခဲ့ရချိန်တွင် အခြားသော ရိုးရာယဉ်ကျေးမှုများ၊ ရိုးရာအမွေအနှစ်ပညာရပ်များနှင့်အတူ မြန်မာ့တိုင်းရင်းဆေးပညာသည် ဖိနှိပ်ခြုံးနှိမ်ခြင်းခံရပြီး မှေးမှိန်ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရသည်။ ထို့ပြင် ပညာကိုတန်ဖိုးထား သိုဝှက်လွန်းခြင်းများ၊ သားစဉ်မြေးဆက်သာ ပညာကိုအကန့်အသတ်ထား ဖြန့်ဝေခြင်းများ၊ ကျယ်ပြန့် သိမ်မွေ့နက်နဲသည့် မြန်မာ့ဆေးပညာဆိုင်ရာကျမ်းအချို့ကို နှောင်းလူများ ဖော်ထုတ်အသုံးပြုနိုင်ရန် ခက်ခဲအောင် ပညာဝှက်ပြုစုခဲ့ခြင်းများစသည့် အကြောင်းတရားများကြောင့် မြန်မာ့တိုင်းရင်းဆေးပညာ ပြန့်ပွားဖွံ့ဖြိုးမှု လျော့နည်းကျဆင်းပြီး အဖိုးတန်ဆေးကျမ်းများ၊ ထက်မြက်သည့်ကုထုံးများ၊ အစွမ်းထက်သည့် ဆေးဝါးများသည် တစ်စတစ်စ တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်လာခဲ့ရသည်။ ဤသို့ မြန်မာ့တိုင်းရင်းဆေး ပညာရပ်များ မှေးမှိန် တိမ်ကောလာမှုနှင့်အတူ ကုထုံးကုနည်းများ အကွဲကွဲ အပြားပြားဖြစ်နေမှုများ၊ တိုင်းရင်းဆေးပညာ အဖွဲ့အစည်းများ အမြောက်အမြားဖြစ်ခဲ့ရပြီး မြန်မာ့တိုင်းရင်းဆေးပညာ၏ ထက်မြက်လှသည့် စွမ်းရည်သတ္တိများတဖြည်းဖြည်း ယုတ်လျော့ကျဆင်းလာခဲ့ရသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အနောက်တိုင်းဆေးပညာနှင့် ရင်ပေါင်တန်းပြီး နိုင်ငံတကာ အဆင့်မီစေရန်အတွက် "တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် တိုင်းရင်းဆေးပညာရပ်များ၊ အစွမ်းထက်မြက်သည့် ဆေးစွမ်းကောင်းများ၊ ဆေးဖက်ဝင်အပင်များ၊ တတ်ကျွမ်းနားလည်သည့် တိုင်းရင်းဆေးသမားတော်ကြီးများကို ပြန်လည်ဖော်ထုတ်ပေးရန်၊ တိုင်းရင်းဆေးပညာ စနစ်တကျပြန့်ပွားရေးအတွက် အရည်အသွေးမြင့်မားသည့် လူစွမ်းအားအရင်းအမြစ်များ (Highly Qualified Human Reasources) ဖော်ထုတ်ရေး အစီအမံများ ဆောင်ရွက်ရန်၊ မြန်မာ့တိုင်းရင်းဆေးဝါးနှင့်ကုထုံးများကို နိုင်ငံတကာက လက်ခံလာစေရေးအတွက် စနစ်တကျသုတေသနပြု စံချိန်စံညွှန်းများဖော်ထုတ် မှတ်တမ်းတင်ရန်နှင့် ခေတ်မီ

နည်းစနစ်များ၊ ပစ္စည်းကိရိယာများ အသုံး ပြုပြီး အဆင့်မြှင့်တင်ပေးရန်" စသည့်လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်စေခဲ့သည်။ ထို့ပြင် နိုင်ငံတော်အကြီးအကဲက တိုင်းရင်းဆေးဝါးများ ပိုမိုအစွမ်းထက်စေရေး၊ ရောဂါအသစ်များနှင့် ပြန်လည် ဦးမော့လာသည့် ရောဂါများကို ကုသနိုင်မည့် တိုင်းရင်းဆေးဝါးများ ရှာဖွေသုတေသနပြု ဖော်ထုတ်ရေး၊ အစွမ်းထက်သည့် ဆေးဝါးနှင့်ကုထုံးများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် ဆောင်ရွက်ရေး တို့အတွက်လည်း လမ်းညွှန်ချက်များ ထပ်မံချမှတ်ပေးထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာ့တိုင်းရင်းဆေးဝါး နှင့်ကုထုံးများကို စနစ်တကျသုတေသနပြုပြီး နိုင်ငံတကာက လက်ခံသည့် ဆေးဝါးနှင့်ကုထုံးများ ဖြစ်စေရန် စံချိန်စံညွှန်းများကို ဖော်ထုတ်မှတ်တမ်း တင်ခြင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်မှု သုတေသနပြုမှုများတွင် ခေတ်မီနည်းစနစ်များ၊ ခေတ်မီပစ္စည်း ကိရိယာများကို အသုံးပြုလုပ်ကိုင် ဆောင်ရွက်ခြင်း၊ ရောဂါအသစ်အဆန်းများကို ကုသနိုင်သည့် မြန်မာတိုင်းရင်းဆေး ပညာရပ်များ၊ ဆေးစွမ်းကောင်းများကို သုတေသနပြုဖော်ထုတ်ခြင်း၊ အချို့ရောဂါများကို တိုင်းရင်းဆေးပညာနှင့် အနောက်တိုင်းဆေးပညာ ပေါင်းစပ်ကုသခြင်းတို့ကို ဆောင်ရွက်နေပြီဖြစ်သည်။

ယခင်က ရန်ကုန်မြို့နှင့် မန္တလေးမြို့ တိုင်းရင်းဆေးဆရာတစ်နှစ်သင်တန်း၊ မန္တလေးတိုင်းရင်းဆေးသိပ္ပံ ဒီပလိုမာသင်တန်းများမှ တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးခဲ့ရာမှ ယခုအခါ မန္တလေးမြို့တွင် တိုင်းရင်းဆေး တက္ကသိုလ် တည်ထောင်ဖွင့်လှစ် လေ့ကျင့်ပေးလျက်ရှိသည်။ တိုင်းရင်းဆေးတက္ကသိုလ်တွင် မြန်မာ့တိုင်းရင်းဆေးပညာရပ်အမျိုးမျိုး၊ မြန်မာ့ တိုင်းရင်းဆေးပညာနှင့် ဆက်စပ်နေသည့် ခန္ဓာဗေဒ၊ ရောဂါဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ စသည့် အနောက်တိုင်းဆေးပညာဘာသာရပ်များ၊ သိပ္ပံဘာသာရပ်များနှင့် သုတေသနဘာသာရပ်များကို သင်ကြားပေးနေသည်။ ထို့ပြင် အစွမ်းအာနိသင် ထက်မြက်သည့် မြန်မာ့တိုင်းရင်းဆေးဝါးများကို စနစ်တကျ ဖော်စပ်ထုတ်လုပ်နိုင်သည့် အခြေခံကိုလည်း သင်ကြားပေးလျက်ရှိသည်။

ယနေ့ ကမ္ဘာ့နိုင်ငံအတော်များများတွင် အနောက်တိုင်း ဆေးဝါးဘေးထွက်ဆိုးကျိုး (Side Effect) တွေ့ရှိမှု၊ စျေးနှုန်းကြီးမြင့်မှုများကြောင့် တိုင်းရင်းဆေးဝါးဘက်သို့ ဦးလှည့်လာနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် မြန်မာ့တိုင်းရင်းဆေးပညာ၏ အဆင့်အတန်း မြင့်မားမှု၊ တိုင်းရင်းဆေးသမားတော်များ၏ အစွမ်းထက်မြက်မှု၊ တိုင်းရင်းဆေးဝါးများ၏ အာနိသင်ထက်မြက်မှုများကို ဖော်ထုတ်မြှင့်တင်ပေးပြီး မြန်မာ့တိုင်းရင်း ဆေးပညာဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် အရှေ့တောင်အာရှနိုင်ငံအချို့ကလာရောက် လေ့လာရသည်အထိတိုးတက်နေပြီဖြစ်သည်။

အာရှတိုက်နိုင်ငံများအနက် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ တိုင်းရင်းဆေးဝါးများကသာ အနောက်တိုင်းဆေးဝါးများနှင့် ယှဉ်ပြိုင်နိုင်ရာ မိမိတို့ဆေးဝါးများလည်း ယင်းသို့ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းအားထုတ်ကြရန် လိုအပ်သည်။ ဤသို့ကြိုးပမ်းနိုင်ရေးအတွက် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းကို ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ရာ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းက ဦးဆောင်၍ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းဆေးသမားတော်များ၏ ညီညွတ်မှုစွမ်းပကားကို ရယူဆောင်ရွက် သွားကြရမည်ဖြစ်သည်။

တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ - တတိယအကြိမ် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၂၆ ရက် နေ့အထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်းများ၊ တိုင်းရင်းဆေးသုတေသနပြခန်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းပြခန်း၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) တိုင်းရင်းဆေး သုတေသနပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာနပြခန်း၊ အမှတ်-(၁) စက်မှုဝန်ကြီးဌာနပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြခန်း၊ ပုဂ္ဂလိကဆေးဝါးထုတ်လုပ်သူနှင့် ရောင်းဝယ်သူများ၏ပြခန်း

များ၊ ကုမ္ပဏီများ၏ ခေတ်မီဆေးဝါး ထုတ်လုပ်သည့် စက်ကိရိယာပြခန်းများအပါအဝင် ပြခန်းပေါင်း ၁၃၆ ခန်းခင်းကျင်းပြထားသည်။

ဝန်ကြီးဌာနပြခန်းများဖြစ်သည့် သစ်တောရေးရာ ဝန်ကြီးဌာနပြခန်းတွင် ဆေးဖက်ဝင်အပင်များထွက်ရှိသော မြန်မာ့တော အမျိုးအစားများ၊ မြန်မာ့သဘာဝ တောအမျိုးအစားနှင့် ဆေးဖက်ဝင်အပင်များ၊ သစ်တောဦးစီးဌာန၏ ဆေးဖက်ဝင်အပင်များနှင့် ပတ်သက်သော ဆောင်ရွက်ချက်များနှင့် မွန်ပြည်နယ် ရေးမြို့နယ်ရှိ ဆေးတောင်ကြီးပြကွက်များ၊ အမှတ် (၁) စက်မှုဝန်ကြီးဌာနပြခန်းတွင် မြန်မာ့ဆေးဖက်ဝင်အပင်များ၊ ရှားပါးသော အစွမ်းထက်တိုင်းရင်းဆေးပင်များနှင့် မြင်းခွာရွက်အဆီထုတ်လုပ်ပုံ နည်းစဉ်ပြကွက်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနပြခန်းတွင်ဆေးဖက်ဝင် အပင်များ၏ ပြကွက်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ပြခန်းများတွင် သမားရိုးကျ တိုင်းရင်းဆေးမှသည် တိုးတက် ဆန်းသစ်သော တိုင်းရင်းဆေး ခေတ်သစ်ဆီသို့၊ နိုင်ငံတကာနှင့် တိုင်းရင်းဆေး၊ ကျန်းမာရေး ပညာပေးဆောင်ရွက်နိုင်မှု၊ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဖွင့်လှစ်ခဲ့သော အခြေခံတိုင်းရင်းဆေး ပညာသင်တန်းအမျိုးမျိုးနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု၊ တိုင်းရင်းဆေး သုတေသနဌာနခွဲ၏ ဆောင်ရွက်ပြီးသော ဆေးပင်သုတေသနစီမံချက်များနှင့် လက်ရှိဆောင်ရွက်လျက်ရှိသော သုတေသနစီမံချက်များ၊ ရောဂါကြီးခြောက်မျိုးတွင် အသုံးများသောဆေးပင် ခြောက်နမူနာများ၊ ဆေးပင်များ စုဆောင်းပုံ၊ မျိုးမည်ဖော်ပုံ၊ ထိန်းသိမ်းပုံပြကွက်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ အသင်းပြခန်းတွင် အသင်း၏ရည်ရွယ်ချက်နှင့် ဖွဲ့စည်းပုံ ပြကွက်၊ တိုင်းရင်းဆေးသုတေသနပြခန်းတွင် ဆေးကောင်းတစ်ခွက် ပေါ်ထွက်လာရန် လျှောက်လှမ်းခဲ့သော သုတေသနခရီး၊ တိုင်းရင်းဆေးဖုံနှင့် ဆေးပင်များ၏ အာနိသင်ကို ရောဂါဖြစ်စေသော ဗက်တီးရီးယားများ စာတ်ခွဲခန်းတွင် မွေးမြူစမ်းသပ်ခြင်းသုတေသန၊ တီဘီပိုးအပေါ် အာနိသင်ရှိသော မြန်မာတိုင်းရင်းဆေးဖုံဖြင့် တီဘီရောဂါ လူနာများအား စမ်းသပ်ခြင်း သုတေသန၊ သွေးပေါင်ချအာနိသင်ဖော်ထုတ်မှု သုတေသနပြကွက်၊ ဆေးပင်ဆေးဖုံတို့၏ ဆေးဝါးအာနိသင် သုတေသနနည်းပညာ လုပ်ငန်းစဉ်များပြကွက်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ပြခန်းတွင် အနှစ် ၄၀ ခရီး၊ ဆေးဖုံများတွင်ပါဝင်သော ဆေးပစ္စည်းကြမ်း နမူနာများ၊ ဗက်တီးရီးယားများ မွေးမြူစမ်းသပ်ခြင်း ပြကွက်များကို ခင်းကျင်းပြသထားသည်။

စိုးအောင်

မြန်မာ့ပန်းဆယ်မျိုး အနုပညာပြပွဲ (၂၀၀၂)။ ။

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)က ကြိုးမျှားစီစဉ်သည့် သင်းလုံးကျွတ် 'မြန်မာ့ပန်းဆယ်မျိုး အနုပညာပြပွဲ ၂၀၀၂' ကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ခင်းကျင်းပြသသည်။

ရည်ရွယ်ချက်များ

'မြန်မာ့ပန်းဆယ်မျိုး အနုပညာပြပွဲ ၂၀၀၂' ကို နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်ဖြစ်သော 'အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး' ကို အကောင်အထည်ဖော်ခြင်းဖြင့် အများပြည်သူသိရှိခံစားပေးနိုင်ရန်၊ မြန်မာတို့၏ ရှေးစဉ်ဆက်မှ တိုးတက်ဖွံ့ဖြိုးလာသော မြန်မာ့ပန်းဆယ်မျိုး အနုပညာလက်ရာများကို အများပြည်သူများ သိရှိခံစားဂုဏ်ယူနိုင်ကြစေရန်၊ မြန်မာတစ်နိုင်ငံလုံးရှိ တိုင်း၊ ပြည်နယ် အသီးသီးမှ ပန်းဆယ်မျိုးအနုပညာရှင်များ၏ လက်ရာများကို ပြည်သူများ၏ရှေ့တွင်တင်ပြ၍ ပြည်သူများခံစားအားပေးနိုင်ရန်၊ မြန်မာ့ပန်းဆယ်မျိုး အနုပညာများအား နိုင်ငံတကာနယ်ပယ်တွင် ထင်ရှားပေါ်လွင်မှု ရှိလာစေရန်နှင့် ပန်းဆယ်မျိုး ပညာရှင်များ၏ ဘဝမြှင့်တင်ရေး ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီး ခင်ညွန့် မြန်မာ့ရိုးရာပန်းဆယ်မျိုးပြပွဲ ကြည့်ရှုစဉ်

ဖွင့်ပွဲအခမ်းအနား

'မြန်မာ့ပန်းဆယ်မျိုး အနုပညာပြပွဲ ၂၀၀၂' ဖွင့်ပွဲအခမ်းအနားကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ နံနက် ၈ နာရီ၌ တပ်မတော်ခန်းမတွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို တပ်မတော်ခန်းမရှေ့မျက်နှာစာ၌ ကျင်းပရာ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဦးသန့်စင်(ခ) ပန်းချီလှထွန်းက ပြပွဲခင်းကျင်းပြသမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြန်မာနိုင်ငံ၏ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) နာယကပန်းချီဆရာကြီး ဦးမင်းနိုင်၊ ဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ပန်းတမော့ပညာရှင် ဦးတော်တော်တို့က 'မြန်မာ့ပန်းဆယ်မျိုးအနုပညာပြပွဲ ၂၀၀၂'ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို တပ်မတော်ခန်းမအတွင်း ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦး D. အောင်သိန်း (ထားဝယ်)က ကိုယ်တိုင်ရေးဆွဲထားသည့် သုံးပေ × လေးပေ အရွယ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ပုံတူဆီဆေးပန်းချီကားကြီးကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးသောင်းဟန်က ကိုယ်တိုင်ရေးဆွဲထားသည့် သုံးပေ × လေးပေအရွယ် မြန်မာ့ရတနာအမည်ရှိ ဆင်ဖြူတော်ပုံဆီဆေးပန်းချီကားကြီးနှင့် ရန်ကုန်တိုင်းသာကေတမြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ပန်းပုဆရာကြီး ဦးကျော်မြင့်က ကိုယ်တိုင် ထုဆစ်ထားသည့် ဆင်ဖြူတော်ပန်းပုရုပ်တုတို့ကို အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အတွင်းရေးမှူး (၁) နှင့်ဧည့်သည်တော်များသည် ပြပွဲတွင်ခင်းကျင်းပြသထားသည့် မြန်မာ့ပန်းဆယ်မျိုးပြကွက်များ၊ ကိုယ်ပိုင်ပန်းချီပြခန်းအသီးသီးရှိ အနုပညာလက်ရာများကို အသေးစိတ် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အတွင်းရေးမှူး (၁) သည် 'မြန်မာ့ပန်းဆယ်မျိုး အနုပညာပြပွဲ ၂၀၀၂' ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး တပ်မတော်ခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

ပန်းဆယ်မျိုး

ပြခန်း အလယ်ဗဟိုတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် အနုပညာပန်းများဖြစ်သည့် ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းရန်၊ ပန်းပု၊ ပန်းတမော့၊ ပန်းပွတ်၊ ပန်းချီနှင့် ပန်းယွန်းစသော အနယ်နယ်အရပ်ရပ်မှ ပန်းချီကား ၇၁၂ ကား၊ ပန်းပု ရုပ် ၁၁၀ နှင့် ပန်းဆယ်မျိုးဆိုင်ရာ အနုပညာလက်ရာများကို ပြသထားသည်။

ပြခန်းပတ်လည်တွင် ကိုယ်ပိုင်ပန်းချီပြခန်း ၃၃ ခန်းတို့မှ အနုပညာလက်ရာမျိုးစုံတို့ကို မြန်မာ့ရိုးရာယဉ်ကျေးမှုမြတ်နိုးသူတိုင်း အနုပညာလက်ရာမွန်မျိုးစုံအား တစ်ထိုင်တည်းလေ့လာနိုင်ရန် စီစဉ်ခင်းကျင်းပြသထားသည်။

စိုးအောင်

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းကကြီးမှူးကျင်းပသော ၂၀၀၁ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ချီးမြှင့်သည့် အခမ်းအနားကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၊ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ (၁) ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ တက်ရောက် ချီးမြှင့်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားကာ ၂၀၀၁ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ရွှေစင်ရုပ်ဆုများနှင့် နှင်းနှင်းခိုင်ကုမ္ပဏီ

လိမိတက် (VeVe) က ချီးမြှင့်သည့် ငွေကျပ်တစ်သိန်းစီကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ အမှုဆောင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိပြီးသော ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ထုတ်လုပ်သူများ၊ အထူးဖိတ်ကြားထားသူများနှင့် ရုပ်ရှင်ချစ်ပရိသတ်များ တက်ရောက်ကြသည်။

အမျိုးသားရေးစိတ်ဓာတ်နိုးကြားမှု၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတို့နှင့်အတူ ၁၉၂၀ ပြည့်နှစ်ကစတင်ခဲ့သော မြန်မာ့ရုပ်ရှင်သမိုင်းသည် ယခုအခါ နှစ်ပေါင်း ၈၀ ကျော်ရှိပြီဖြစ်သည်။ စိန်ရတုကာလကိုပင် ကျော်လွန်၍ ပတ္တမြားရတုကာလသို့ပင် ချဉ်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင်လောက တစ်စထက်တစ်စ တိုးတက်လာခြင်းနှင့်အတူ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများကို ၁၉၅၂ ခုနှစ်မှစတင်ချီးမြှင့်ခဲ့ သည်။ ရုပ်ရှင်အနုပညာရှင်များ၏ ထူးချွန်စွာ ကြိုးပမ်းဆောင်ရွက်မှုများကို နိုင်ငံတော်က ချီးမြှင့်အားပေးလျက်ရှိရာ ၁၉၅၂ ခုနှစ်ကစတင်၍ ၂၀၀၁ ခုနှစ်အထိ ရုပ်ရှင်ထူးချွန်ဆု ၂၅၄ ဆု ချီးမြှင့်ခဲ့ပြီး ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ရာတွင် ထူးချွန်ဆု အမျိုးအစား (၁၁) မျိုးရှိသည်။ ယင်းဆုများမှာ အကောင်းဆုံးရုပ်ရှင် တည်းဖြတ်ဆု၊ အကောင်းဆုံးရုပ်ရှင်အသံဆု၊ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု၊ အကောင်းဆုံး တေးဂီတဆု၊ အကောင်းဆုံးဇာတ်ညွှန်းဆု၊ အကောင်းဆုံး ဇာတ်ကားဆု၊

၂၀၀၁ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူ ရုပ်ရှင်အနုပညာရှင်များ

အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆု၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုနှင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုများဖြစ်ကြသည်။ ဆုတစ်မျိုးချင်းအတွက် ထူးချွန်စွာသရုပ်ဆောင်နိုင်သူ နှစ်ဦးရှိပါကပူးတွဲချီးမြှင့်သည်။

၂၀၀၁ ခု ပြက္ခဒိန်နှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၁၆ ကားနှင့် ၂၀၀၀ ပြည့်နှစ် ပြက္ခဒိန်နှစ်အတွင်းမပြသဖြစ်ဘဲ ကျန်နေသည့် ဇာတ်ကားသုံးကား အပါအဝင် စုစုပေါင်း ၁၉ ကားကို သေသေချာချာ ကြည့်ရှုအကဲဖြတ်ရွေးချယ်သည်။ ယင်းဇာတ်ကားများမှာ အချစ်ကမမေ့တတ်ဘူး၊ အချစ်ဖြတ်သန်းရာဒေသ၊ ရွှေရောင်လွှမ်းသောမနက်ဖြန်များ၊ ပုံလာလာ ပြောတိုင်းယုံ၊ ပဉ္စလက်ရင်ခွင်၊ ဆွေမျိုးတော်ရင် ဘယ်လိုခေါ်မလဲ၊ ပြန်ပြောပြဖို့ တော်တော်ခက်လိမ့်မယ်၊ စိတ်မရှိနဲ့ချစ်ကြည့်မလို့၊ ရင်ထဲမှာ ဘာညာဘာညာ၊ အချစ်ကိုမွေးဖွားခြင်း၊ ကောင်းကင်ထက်ကပန်းတစ်ပွင့်၊ ဝမ်းနည်းရမလား ဝမ်းသာရမလား မိသိန်းကြည်၊ နှလုံးလှလူမိုက်၊ ဆေးပေါင်းခတဲ့ည၊ သင်၏ချစ်လှစွာသော၊ ချစ်ခြင်း၏အခြားမဲ့၌၊ ပန်းတစ်ပွင့်ဖန်ဆင်းခြင်း၊ အိပ်မက်ရာသီနှင့် သမီးမိုက်ဇာတ်ကားများ ဖြစ်ကြသည်။

၂၀၀၁ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အကောင်းဆုံးထူးချွန်ဆုရရှိကြသည့် အမည်စာရင်းကို အကယ်ဒမီဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များက တစ်ဦးစီကြေညာပေးပြီးရရှိသည့်ဆု တစ်ခုချင်းအလိုက် အကောင်းဆုံးရုပ်ရှင်ပြကွက်အချို့ကို ကောက်နုတ်ပြသသည်။ ၂၀၀၁ ခုနှစ်အတွက် ရရှိသောမြန်မာ့ရုပ်ရှင်ထူးချွန်ဆုအမျိုးအစားများမှာ အကောင်းဆုံးဓာတ်ပုံဆု၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု၊ အကောင်းဆုံး ဇာတ်ကားဆု၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာ ဆု၊ အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုနှင့် အကောင်းဆုံးအမျိုးသား ဇာတ်ကောင်ဆုများဖြစ်ကြသည်။ ရုပ်ရှင်တည်းဖြတ်ဆု၊ ရုပ်ရှင်အသံဆုနှင့် ရုပ်ရှင်တေးဂီတဆုများကိုမူ ဆွတ်ခူးနိုင်ခြင်းမရှိပေ။

၂၀၀၁ ခုနှစ်
မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ

စဉ်	ဆုအမည်	ရရှိသူ	ဇာတ်ကားအမည်
၁	အကောင်းဆုံးဓာတ်ပုံဆု	ကိုကိုဌေး	ကောင်းကင်ထက်ကပန်းတစ်ပွင့်
၂	အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု	ခင်လေးသိမ့်	ပန်းတစ်ပွင့်ဖန်ဆင်းခြင်း
၃	အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု	နေအောင်	နှလုံးလှလူမိုက်
၄	အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆု	မေသဇာဦး	နှလုံးလှလူမိုက်
၅	အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု	စိုးမြတ်နန္ဒာ	အချစ်ကိုမွေးဖွားခြင်း
၆	အကောင်းဆုံးဇာတ်ကားဆု		နှလုံးလှလူမိုက်
၇	အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု	ဒါရိုက်တာမောင်တင်ဦး	နှလုံးလှလူမိုက်
၈	အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု	မေသန်းနု	ချစ်ခြင်း၏အခြားမဲ့၌
၉	အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆု	ထက်ထက်မိုးဦး	သမီးမိုက်
၁၀	အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆု	မင်းမော်ကွန်း	နှလုံးလှလူမိုက်
၁၁	အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆု	လွင်မိုး	ပန်းတစ်ပွင့်ဖန်ဆင်းခြင်း

ခမ်းငယ်

မြန်မာ့သမိုင်းမှတ်တိုင်ဖြစ်သော ဆေးပညာလောက၏ အောင်မြင်မှုတစ်ခု ။ ။ မိုးမမအောင်၊ မိုးပပအောင် ကိုယ်ချင်းဆက် အမြွာခွဲစိတ်အောင်မြင်မှုသည် မြန်မာ့ဆေးပညာလောက၏ အောင်မြင်မှု မှတ်တိုင်တစ်တိုင်ကို စိုက်ထူလိုက်နိုင်ခြင်းပင် ဖြစ်သည်။ ထို့အပြင် မြန်မာ့ဆေးပညာလောက၊ မြန်မာ့ဆေးပညာရှင်များ၏ အဆင့်အတန်းမြင့်မားမှုကိုပါ ထင်ဟပ်ဖော်ပြလျက် ရှိပါသည်။

မြန်မာနိုင်ငံ ကိုယ်ချင်းဆက်အမြွာ ခွဲစိတ်မှုသမိုင်း

မြန်မာနိုင်ငံတွင် ပထမဆုံးကိုယ်ချင်းဆက်အမြွာခွဲစိတ်မှုကို ၁၉၇၁ ခုနှစ်က ပြုလုပ်ခဲ့ရာ ဒေါက်တာဦးဖေညွန့်နှင့် ဒေါက်တာဦးထွဋ်ဆိုင်တို့က မနန်းစိုး၊ မနန်းစံ ကိုယ်ချင်းဆက်အမြွာတို့ကို ခွဲစိတ်ခဲ့ကြ၏။ ၁၉၉၃ ခုနှစ်တွင် ဒုတိယအကြိမ် ကိုယ်ချင်းဆက်အမြွာခွဲစိတ်မှုအဖြစ် အေးအေးငြိမ်း၊ အိအိငြိမ်းတို့ကို ကလေးခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာ ဦးမောင်မောင်နှင့် ဒေါက်တာဦးအောင်ကြည်တို့က ဦးဆောင် ခွဲစိတ်ခဲ့ကြ၏။ ၂၀၀၂ ခုနှစ်တွင် တင်ပါးဆုံချင်းဆက် မိုးမမအောင်နှင့် မိုးပပအောင်တို့ကို ကလေးခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာဦးအောင်ကြည်က ဦးဆောင်ပြီး ခွဲစိတ်ခဲ့သည်။

ကိုယ်ချင်းဆက်အမြွာဖြစ်နှုန်း

အမြွာ ၂၀၀၀၀ တွင် ကိုယ်ချင်းဆက်အမြွာတစ်မြွာ မွေးဖွားတတ်သည်။ ယခုအထိ ကမ္ဘာပေါ်တွင် ကိုယ်ချင်းဆက်အမြွာခွဲခဲ့သည်မှာ ၂၅၀ ခန့်သာရှိသည်။ ကမ္ဘာပေါ်၌ ၁၈၀၀ ပြည့်နှစ်တွင် ကိုယ်ချင်းဆက်အမြွာကို ကောနစ်ဆိုသူက ပထမဆုံးခွဲစိတ်ခဲ့သည်။

ထူးခြားချက်များ

မိုးမမအောင်နှင့် မိုးပပအောင်တို့သည် ထူးခြားသော ကိုယ်ချင်းဆက်အမြွာဖြစ်သည်။

၁။ ၎င်းအမြွာညီအစ်မမှာ တင်ပါးဆုံရိုးချင်းဆက် (Ischiopagus) အမျိုးအစားဖြစ်သည်။ တင်ပါးဆုံရိုးချင်းဆက်အမြွာကို ခွဲစိတ်ခြင်းမှာ မြန်မာနိုင်ငံတွင် ပထမဆုံးခွဲစိတ်ခြင်းဖြစ်သည်။ ယခုကဲ့သို့ တင်ပါးဆုံ ပိုင်း ကိုယ်ချင်းဆက်အမြွာ (Ischiopagus Tripus) များမှာ ရှားပါးလှပြီး ယခု မိုးမမအောင်နှင့် မိုးပပအောင် ခွဲစိတ်မှုမှာ တစ်ကမ္ဘာလုံးတွင် ၁၉ တွဲမြောက် ခွဲစိတ်ကုသမှုဖြစ်သည်။

၂။ ၎င်းအမြွာညီအစ်မ ခွဲစိတ်မှုမှာ မန္တလေးမြို့တွင် ပြုလုပ်သော ပထမဆုံး ကိုယ်ချင်းဆက်အမြွာခွဲစိတ်မှု ပင်ဖြစ်သည်။

၃။ မိုးညီအစ်မနှစ်ယောက်၏ ထူးခြားချက်မှာ ခြေထောက်သုံးချောင်းသာ ပါနေခြင်းဖြစ်သည်။ Tripus ဟုခေါ်သည်။ တစ်ယောက်နှစ်ချောင်းစီ ရအောင် ခွဲစိတ်ပေးရသည်။ ကမ္ဘာပေါ်တွင် ဤကဲ့သို့ ခွဲစိတ်ပေးခြင်းမျိုးတွင် မြန်မာနိုင်ငံမှ မိုးမမအောင်တို့ ညီအစ်မခွဲစိတ်မှုမှာ ဒုတိယ မြောက်ပင်ဖြစ်သည်။ ပထမအကြိမ်မှာ ၁၉၉၇ ခုနှစ်က အမေရိကန်နိုင်ငံ တွင် ကိုယ်ချင်းဆက် အမြွာ၏ ခြေထောက်ကို ခွဲထုတ်ပေးခဲ့သည်။

၄။ မိုးပပအောင်သည် ဦးခေါင်းတွင် အရည်စုသော ရောဂါ (Hydrocephalus) ခံစားရသည်။ ထို့ကြောင့် သမီးငယ် ပပ ၄၉ ရက်သားအရမှာ ခွဲစိတ်ပြီး Shunt ထည့်ပေးရသည်။ ၎င်းအမြွာကို ခွဲစိတ်ပြီး အရေပြားအား တစ်ယောက်စီ ပြန်ချုပ်သောအခါ ချုပ်စရာများများရအောင် အရေပြား ဧရိယာကို ကြီးမားစေသည့် "တစ်သျှူးကျယ်ပြန့်စေသော ပစ္စည်း" (Tissue Expander) များကို ထည့်ပေးရသည်။ Shunt နှင့် Tissue Expander နှစ်မျိုးစလုံး ထည့်သုံးသော ကိုယ်ချင်းဆက်အမြွာခွဲစိတ်မှုတွင်မိုးမမအောင် အမြွာညီအစ်မ ခွဲစိတ်ခြင်းမှာ ကမ္ဘာပေါ်တွင် ပထမဆုံးဖြစ်သည်။

၅။ ဤအမြွာခွဲစိတ်ခြင်းသည် မြန်မာနိုင်ငံ၏ ပထမဆုံး ဗီဒီယိုကွန်ဖရင့် (Video Conference) ဖြစ်သည်။ မန္တလေးမြို့တွင် လက်တွေ့ခွဲစိတ်နေပုံကို ဂြိုဟ်တုမှတစ်ဆင့် Very Small Aperture Terminal (VSAT) စနစ်ဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ ရန်ကုန်မြို့တော်ရှိ ဆေးတက္ကသိုလ်များမှ စစ်ဆေးပေးသည်။

ညနေ ၅ နာရီ ၇ မိနစ်တွင် မိုးမမအောင်နှင့် မိုးပပအောင်တို့ကို သီးခြားစီဖြစ်အောင် အောင်မြင်စွာ ခွဲစိတ်ပေးခဲ့သည်။ ညနေ ၅ နာရီ ၂၅ မိနစ်မှ စတင်၍ ပါမောက္ခ ဒေါက်တာအောင်ကြည်နှင့် ပါမောက္ခ ဒေါက်တာထူးဟန်တို့ ဦးဆောင်သောအဖွဲ့ နှစ်ဖွဲ့ဖြင့် သီးခြားစီ အပြီးသတ်ခွဲစိတ်ပြုပြင်မှုများကို ပြုလုပ်ခဲ့ရာ ည ၈ နာရီ ၁၅ မိနစ်တွင် ခွဲစိတ်ကုသမှု တစ်ရပ်လုံး အောင်မြင်စွာ ပြီးစီးခဲ့သည်။

ခွဲစိတ်စဉ်က ခွဲစိတ်ထားသော ဒဏ်ရာများနှင့် နီးနေ၍ ဝမ်းသွားနိုင်အောင် အူကနေ ဖောက်ပြီး ဝမ်းသွားလမ်းကြောင်းကို လမ်းလွှဲထားခဲ့သည်။ ချုပ်ရိုးများကောင်း၍ ခွဲစိတ်ပြီး သုံးလရှိသွားသော အခါမှ လွှဲထားသော လမ်းကြောင်းကို ပြန်ပိတ်ပေးလိုက်သည်။ ယခုအခါ အမြွာညီအစ်မနှစ်ယောက် စလုံးပုံမှန်ဝမ်းသွားလမ်းကြောင်းမှ ဝမ်းသွားနိုင်ကြပေပြီ။

ပံ့ပိုးကူညီမှုများ

ကလေးများ ခွဲစိတ်ကုသနိုင်ဖို့အတွက် ဆေးပစ္စည်းကိရိယာများကို ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့သည့်အပြင် ကလေးခွဲစိတ်ကိရိယာများ ဝယ်ရန် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အခြားအလှူရှင်များက ပံ့ပိုးကူညီခဲ့ကြသည်။

မန္တလေးကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်အေးကြည် ဦးဆောင်သော စီမံခန့်ခွဲမှုအဖွဲ့က ခွဲစိတ်ကုသမှု အဆင်ပြေချောမွေ့စေရန် ကြပ်မတ်ပေးခဲ့သည်။

လှူဒါန်းမှုများ

ကိုယ်ချင်းဆက်အမြွာညီအစ်မ ခွဲစိတ်ကုသမှုအတွက် စေတနာရှင် ပြည်သူလူထုက အလှူငွေများကို သဒ္ဓါတရားထက်သန်စွာဖြင့် ငွေကျပ် ၃၁ သိန်းကို ပထမအကြိမ် လှူဒါန်းခဲ့ကြသည်။ ၂၀၀၂ ခုနှစ်၊ မေလ ၅ ရက်နေ့က လှူဒါန်းခြင်းဖြစ်သည်။ ဒုတိယအကြိမ် ငွေလှူဒါန်းပွဲကို မန္တလေး အထွေထွေရောဂါ ဆေးရုံကြီး၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့က အလှူငွေများကို လက်ခံရယူခဲ့သည်။ ဒုတိယလှူဒါန်းသည့် အခမ်းအနားတွင် အလှူရှင် ၃၂ ဦးတို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဆေးရုံအုပ်ကြီးတို့က လက်ခံရယူခဲ့ကြ၏။ ဒုတိယ အကြိမ် လှူဒါန်းငွေအပါအဝင် စုစုပေါင်း အလှူငွေကျပ် ၈၂,၉၀,၀၀၀ ကို လက်ခံရရှိခဲ့သည်။

ခေတ်မီနည်းများဖြင့် ခွဲစိတ်နေပုံကို တိုက်ရိုက်ထုတ်လွှင့်ပြသခြင်း

ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးမောင်မောင်နှင့် သက်ဆိုင်ရာ ဆရာဝန်ကြီးများက ခွဲစိတ်ကုသမှု အခြေအနေများကို Close Circuit TV မှတစ်ဆင့် ရှင်းလင်းတင်ပြကြသည်။



မိုးပပအောင်နှင့်မိုးမမအောင်

ကိုယ်ချင်းဆက် အမြှာညီအစ်မအား ခွဲစိတ်ကုသမှု အခြေအနေများကို Local Area Network (Fibre Optic Cable) စနစ်ဖြင့် မန္တလေးဆေးတက္ကသိုလ်ရှိ ဘွဲ့လွန်၊ ဘွဲ့ကြိုကျောင်းသားများ၊ အလုပ်သင်ဆရာဝန်များအား ထပ်ဆင့်ရှင်းလင်းသင်ကြားခဲ့သည်။

မန္တလေးဆေးတက္ကသိုလ် ခွဲစိတ်ကုပညာဌာနမှူး ပါမောက္ခ ဒေါက်တာဝင်းမြင့်က LAN စနစ် ဖြင့် တိုက်ရိုက် ထုတ်လွှင့်နေမှုကို ရှင်းလင်းပြသသင်ကြားရာ တက်ရောက်လာကြသည့် ဆရာဝန်များ၊ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များ၊ မရှင်းလင်းသည်များကို မေးမြန်းကြသည်။ အလားတူ ရန်ကုန်ရှိ ဆေးတက္ကသိုလ်များမှ ဆရာဝန် များနှင့် ကျောင်းသားကျောင်းသူများအား ဂြိုဟ်တုမှ တစ်ဆင့် Very Small Aperture Terminal (VSAT) စနစ်ဖြင့် တိုက်ရိုက်ထုတ်လွှင့် ပြသသည်။

အမြှာညီအစ်မအား မခွဲစိတ်မီတွေ့ရပုံ

အမြှာညီအစ်မ မွေးဖွားပုံ

မိုးမမအောင်နှင့် မိုးပပအောင်တို့သည် မန္တလေးမြို့ ကျွဲဆည်ကန်ရပ်နေ မော်တော်ယာဉ်ဂိတ်မှူး ဦးအေးမင်းနှင့် မအေးအေးဝင်းတို့က မွေးဖွားသော သမီးဦးကလေးများဖြစ်ကြသည်။ ယင်း ကိုယ်ချင်းဆက်အမြှာ မိုးမမအောင်နှင့် မိုးပပအောင်တို့အား ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီး၌ သားဖွားနှင့် မီးယပ်ဆရာဝန် ဒေါက်တာမေလှနှင့် အဖွဲ့က အရေးပေါ်ခွဲစိတ်မွေးဖွားပေးခဲ့သည်။ မွေးဖွားပြီးလျှင်ပြီးချင်း ကိုယ်ချင်းဆက်အမြှာကို မန္တလေးကလေးဆေးရုံကြီး အထူးကြပ်မတ် ကုသဆောင်သို့ ပြောင်းရွှေ့စောင့်ရှောက်ခဲ့သည်။ ကလေးများသည် လမစေ့၊ ပေါင်မပြည့်ကလေးများဖြစ်ပြီး နှစ်ဦးပေါင်း၏ ကိုယ်အလေးချိန်မှာ သုံးကီလိုဂရမ်သာရှိသဖြင့် အထူးကြပ်မတ် ကုသပေးခဲ့ရသည်။

အမြွာညီအစ်မ ကိုယ်ချင်းဆက်နေပုံ

အမြွာနှစ်ယောက်၏ ကိုယ်တွင်းအင်္ဂါများကို မန္တလေးအထွေထွေရောဂါ ဆေးရုံကြီး ဓာတ်မှန်ဌာနမှ ကထိက ဒေါက်တာဦးဉာဏ်ထွန်း၏ အကူအညီဖြင့် စမ်းသပ်စစ်ဆေးကြည့်ရှုခဲ့ကြ၏။ ညီအစ်မနှစ်ယောက်၏ အူမကြီးနှင့် အူသိမ် နောက်ပိုင်းတို့ ဆက်နေကြ၏။ (Urethra) တွင် တစ်ယောက်က တိုပြီး တစ်ယောက်က ရှည်သည်။ တင်ပါးဆုံရိုးကွင်း နှစ်ခုက ဆက်နေသည်။ "အေဩတာ" (Aorta) သွေးလွှတ်ကြောမကြီး၏ Median Sacral Artery နှစ်ချောင်း ဆက်သည်။

မခွဲစိတ်မီ အမြွာညီအစ်မ၏ ကျန်းမာရေးအခြေအနေ

မွေးခါစ ကလေးများတွင် "လွှတ်သွေးပြန်ပွင့်" (ဝမ်းတွဲင်းပါ) နှလုံးရောဂါ (Patent Ductus Arteriosus) ပါရှိသည့်အပြင် လမစေ့ ပေါင်မပြည့်ခြင်းတို့ကြောင့် အထူးကြပ်မတ်ကုသဆောင်တွင် တယုတယပြုစုစောင့်ရှောက်ခဲ့ကြရသည်။

အသက်နှစ်လအရွယ်၌ မိုးပပအောင်တွင် မွေးရာပါ "ဦးနှောက်အတွင်း ရေစုသောရောဂါ" (Hydrocephalus) ရှိသဖြင့် ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမြင့်သိန်း၏ အကူအညီကို ရယူ၍ ကလေးခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာအောင်ကြည်က ဦးနှောက်အတွင်းခန်း ရေဝင်သဖြင့် VP Shunt ကို ထည့်သွင်းကုသပေးခဲ့ရသည်။ ၎င်း VP Shunt က ပိုးဝင်ခြင်းနှင့် မကြာခဏ ပိတ်ဆို့ခြင်းများဖြစ်လာ၍ သုံးကြိမ်မျှ ပြန်လည်ပြုပြင်ခွဲစိတ်ခဲ့ရသည်။ နောက်ဆုံးတွင် အမေရိကန်နိုင်ငံလုပ် VP Shunt ကို မှာယူရရှိ၍ အသစ်လဲလှယ်ထည့်သွင်းပေးခဲ့ရာ ပိုးဝင်ခြင်း ပိတ်ဆို့ခြင်း ထပ်မံမဖြစ်တော့ပေ။

အမြွာညီအစ်မနှစ်ယောက် အသက်သုံးလ အရွယ်အရောက်တွင် အူကျရောဂါဖြစ်လာပြန်သည်။ သမီးကြီး မိုးမမအောင်က ညာဘက်တွင် အူကျပြီး သမီးငယ် မိုးပပအောင်က ဘယ်ဘက်တွင် အူကျရောဂါ ရခဲ့သည်။ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့က ညီအစ်မနှစ်ယောက်စလုံးကို ခွဲစိတ်ကုသပေးခဲ့ကြ၏။ မေ့ဆေးဆရာဝန်ကြီး ပါမောက္ခ ဦးသန့်ဇင်နှင့် မေ့ဆေးဆရာဝန်ကြီး (ကလေး) ဦးမောင်ဦးကို့၏ အကူအညီနှင့် ကလေးခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခဦးအောင်ကြည်နှင့် ကလေးခွဲစိတ်ဆရာဝန်ကြီး ဦးမျိုးညွှန့်တို့က ခွဲစိတ်ကုသပေးခဲ့ကြသည်။

မခွဲစိတ်မီ ကြိုတင်လေ့ကျင့်ကြပုံ

ခွဲစိတ်ကုသနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် ကလေးဆေးရုံကြီးတို့မှ ပါမောက္ခများ၊ အထူးကု ဆရာဝန်ကြီးများသည် ညှိနှိုင်းဆွေးနွေးမှုကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ခွဲစိတ်ကုသပုံကိုလည်း အကြိမ်ကြိမ် ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

လေ့ကျင့်ရာတွင် ခွဲစိတ်ခံမည့် ကလေးများပုံတူ ကလေးအရုပ် (Dummy) နှင့် လေ့ကျင့်ကြသည်။ မည်သည့်အဆင့်ရောက်လျှင် မည်သူကလုပ်ဆောင်ရမည်ကို ခွဲစိတ်ရာတွင် ပါဝင်မည့် ဆရာဝန်များ၊ သူနာပြုများအား လုံး တစ်ပတ်ကို တစ်ကြိမ် အနည်းဆုံး ဇာတ်တိုက်လေ့ကျင့်ခဲ့ကြ၏။

မန္တလေး ကလေးဆေးရုံကြီး ခွဲစိတ်ခန်းမှာ ကလေးအရုပ်များနှင့် အစမ်းလေ့ကျင့်ခဲ့ကြ၏။ ခွဲစိတ်ရန် နီးလာသောအခါ တစ်ပတ်ကိုသုံးကြိမ် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြ၏။

တစ်သျှူးကျယ်ပြန့်ပစ္စည်းထည့်ပုံ

ကလေးများ ခွဲစိတ်ပြီး ပြန်ပိတ်ရာတွင် အရေပြားတစ်သျှူးများများရအောင် ၎င်းတို့၏ ခန္ဓာကိုယ်ထဲသို့ "တစ်သျှူးကျယ်ပြန့်ပစ္စည်း" (Tissue Expander) ကို ထည့်ပေးရသည်။ Tissue Expander မှာ ဆီလီကွန်နှင့် ပြုလုပ်ထားသော ဘောလုံးလိုအရာပင် ဖြစ်သည်။ ၎င်း Tissue Expander ကို ကလေးများ၏ ဝမ်းဗိုက်ထဲထည့်ချပ်လိုက်ပြီး တစ်နေ့ကို "မူမှန်ဆားရည်" Normal Saline နည်းနည်းစီ (၂၀ စီစီခန့်) ထည့်ပေးရ၏။ Tissue Expander ကို ၁၈-၆-၂၀၀၂ နေ့ကစပြီး ကြိုထည့်ထားသည်။ ဆီလီကွန်ဘောလုံးများက ၆၀၀ စီစီသာ ဆံ့သော်လည်း Normal Saline ခေါ်မူမှန်ဆားရည်ကို ၁၀၀၀ ထည့်ထား၏။ Tissue Expander တစ်ခုသည် ဒေါ်လာ ၂၀၀၀ နှင့် ၃၀၀၀ ကြားမှာ ရှိသည်။ ၎င်းပစ္စည်းများကို ပြင်သစ်နိုင်ငံ "အင်ဖာ" (AMFA) အဖွဲ့က လှူဒါန်းသည်။



အမြှာညီအစ်မအား ခွဲစိတ်နေစဉ်

ခွဲစိတ်ပုံများ

မိုးမမအောင်နှင့် မိုးပပအောင် ကိုယ်ချင်းဆက် အမြှာညီအစ်မအား ခွဲစိတ်ကုသမှုကို ၂၀၀၂ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့က မန္တလေးကလေးဆေးရုံကြီး ခွဲစိတ်ခန်းမ၌ ဆောင်ရွက်ခဲ့သည်။ ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီးများ ဖြစ်ကြသော ပါမောက္ခ ဒေါက်တာဦးအောင်ကြည်နှင့် ပါမောက္ခ ဒေါက်တာထူးဟန်၊ မေ့ဆေးအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ပါမောက္ခ ဒေါက်တာသန့်ဇင်နှင့် ဒေါက်တာမောင်ဦးတို့ ဦးဆောင်သော အဖွဲ့တို့က ခွဲစိတ်ရန် ပြင်ဆင်မှုများကို နံနက် ၆ နာရီတွင် စတင်ပြုလုပ်ခဲ့သည်။

ခွဲစိတ်မှု၏ ပထမအဆင့်ကို နံနက် ၈ နာရီ မိနစ် ၄၀ မှစတင်ပြုလုပ်ခဲ့ပြီး အမြှာညီအစ်မအား ပက်လက်အနေအထားဖြင့် စတင်ခွဲစိတ်သည်။ ဝမ်းဗိုက်အတွင်းရှိ အူနှင့် အခြားကိုယ်တွင်းအင်္ဂါများကို ပါမောက္ခ ဒေါက်တာအောင်ကြည် ဦးဆောင်သော ကလေးခွဲစိတ်ဆရာဝန်များအဖွဲ့က အသေးစိတ်စစ်ဆေးရာ အူသိမ်နောက်ပိုင်းနှင့် အူမကြီး အစပိုင်းတို့သည် တစ်ခုတည်းရှိနေသဖြင့် ကလေးနှစ်ဦးအတွက် သီးခြားစီဖြစ်စေရန် ခွဲစိတ်ပြုပြင်ပေးသည်။ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ဝမ်းဗိုက်ကို ခေတ္တပြန်ပိတ်၍ ဒုတိယအဆင့်ကို စတင်ရန် ပြင်ဆင်သည်။ နံနက် ၁၁ နာရီတွင် ခွဲစိတ်မှု၏ ဒုတိယအဆင့်ဖြစ်သော မျှောက်လျှက်အနေအထားဖြင့် ခွဲစိတ်ကုသမှုကို အရိုးအထူးကု ဆရာဝန် ပါမောက္ခ ဒေါက်တာခင်မောင်ဟန်၊ ဒေါက်တာ သန်းချို့နှင့် ဒေါက်တာနွဲ့တို့အဖွဲ့က ဦးဆောင်ပြုလုပ်ခဲ့သည်။ တစ်ခုတည်းဆက်နေသော တင်ပါးဆုံအရိုးကွင်းကို သီးခြားစီ ခွဲစိတ်ပြီး ပူးကပ်နေသော ခြေထောက်နှစ်ချောင်းကို သီးခြားစီဖြစ်အောင် ခွဲစိတ်ပေးခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ပြီးစီးသည်။

ခွဲစိတ်မှု၏ တတိယအဆင့်အဖြစ် ပက်လက်အနေအထားသို့ ပြန်ပြောင်း၍ ဝမ်းဗိုက်အောက်ပိုင်းကို ပြန်လည်စစ်ဆေးခွဲစိတ်ခဲ့သည်။ ယင်းခွဲစိတ်မှု

အပိုင်းကို ဆီးနှင့် ကျောက်ကပ်ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာတိုးလွင် ဦးဆောင်သော အဖွဲ့က ပူးကပ်နေသော ဆီးအိမ်ကို သီးခြားစီ ဖြစ်အောင် ခွဲထုတ်ပေးသည်။ တစ်ဆက်တည်းမှာပင် နှလုံးခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခွန်စိုးမိုးက သွေးကြောများကို ကြည့်ရှု စစ်ဆေးကုသပေးသည်။

မန္တလေးမြို့တွင် လက်တွေ့ခွဲစိတ်နေပုံများကို ကျန်းမာရေး စီမံကိန်း ဦးစီးဌာနနှင့် Bagan Cybertec တို့ ပူးပေါင်း၍ ရန်ကုန်မြို့ရှိ အမျိုးသား ကျန်းမာရေး ကော်မတီ အစည်းအဝေးခန်းမသို့ လည်းကောင်း၊ မန္တလေးမြို့ရှိ ဆေးတက္ကသိုလ်သို့ လည်းကောင်း တိုက်ရိုက် ထုတ်လွှင့်ပြသခဲ့ပြီး ရန်ကုန်မြို့ရှိသမား တော်ကြီးများ၊ မန္တလေးမြို့ရှိ သမားတော်ကြီး များ၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက တိုက်ရိုက် ကြည့်ရှု၍ အပြန်အလှန်ဆက်သွယ် မေးမြန်းကြ သည်။

လက်ရှိအခြေအနေ

မန္တလေးမြို့ ကလေးဆေးရုံကြီးတွင် ၂၀၀၂ ခုနှစ်၊ သြဂုတ်လ ၁၁ ရက်နေ့တွင် ခွဲစိတ်ကုသပေး ခဲ့ပြီး ပြုစုစောင့်ရှောက်ထားသည့် ကိုယ်ချင်းဆက် အမြွာညီအစ်မ မိုးမမအောင်နှင့် မိုးပပအောင်တို့၏ ကျန်းမာရေးအခြေအနေများ ကောင်းမွန်လျက်ရှိပြီး ပုံမှန်အစားအစာများကို စားသောက်လျက်ရှိသည်။ အမြွာညီအစ်မနှစ်ဦးမှာ ထိုင်နိုင်ရပ်နိုင်ကြပြီး ကလေးများ၏ အရိုးအဆစ်များ သန်မာလာစေရေး အတွက် "ကာယကုပညာဌာန" မှ Physiotherapy အဖွဲ့က နေ့စဉ် (ရုံးပိတ်ရက်မှအပ) လာရောက်၍ ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။

ရုရှားပြည်ထောင်စု ။ ။ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရုရှားမှ TV-6 သည် ရုပ်/သံလုပ်ငန်းများ ပိတ်သိမ်းခံလိုက်ရသည်။ TV-6 ကို အကြွေးများပေး ဆပ်နိုင်မှုမရှိသဖြင့် အစိုးရကပိတ်သိမ်းရန်ဆုံးဖြတ် ခဲ့သည်။ သို့ရာတွင် TV-6 က တရားရုံးချုပ်အထိ အယူခံဝင်ခဲ့သည်။ တရားရုံးချုပ်ကလည်း ထိုအယူ ခံလွှာကို ပယ်ချခဲ့သည်။ ဤသို့ဖြင့် နောက်ဆုံးသီးခြား လွတ်လပ်စွာဆောင်ရွက်နေသည့် ပုဂ္ဂလိက ရုပ်/သံ လွှင့်ဌာနတစ်ခု ပျောက်ပျက်သွားခဲ့ရသည်။ TV-6 သည် တစ်နိုင်ငံလုံးသို့ ရုပ်/သံလွှင့်ပေးနေသော ရုပ်/သံလုပ်ငန်းဖြစ်သည်။ TV-6 သည် မကြာခဏ အားဖြင့် ရုရှားအစိုးရကိုဝေဖန်သည့် သတင်းအချက် အလက်များကို ထုတ်လွှင့်ပေးခဲ့သည်။ ဤသို့ ပြုလုပ် နေမှုကို ရုရှားသမ္မတရုံးက မကြိုက်သဖြင့်ယခုကဲ့သို့ TV-6 ကို တရားရုံးချုပ်အမိန့်အရ ပိတ်သိမ်းလိုက် ခြင်းဖြစ်သည်ဟု အကဲခတ်သူများက ပြောဆိုကြ သည်။ တရားရုံးချုပ်က ဤအမှုတွင်ဥပဒေနှင့်အညီ သာ ဆုံးဖြတ်ခဲ့ကြောင်း ရှင်းပြသည်။ သမ္မတပူတင် က ဤအမှုတွင် အစိုးရကဝင်ရောက်စွက်ဖက်မှုမရှိ ခဲ့ကြောင်း ပြောဆိုခဲ့သည်။

ဇန်နဝါရီလ ၄ ရက်နေ့တွင် သမ္မတပူတင်သည် မီးရထားဝန်ကြီး နီကိုလိုင်အက်ဆီယိုနစ်ကို အား ဖယ်ရှားပြီးနောက် ဂင်နာဒီဖာဒေယက်ဗ်အား ဝန်ကြီးသစ်အဖြစ် ခန့်အပ်ခဲ့သည်။ ဝန်ကြီးဟောင်း သည် လာဘ်စားမှုဖြင့် တာဝန်မှရပ်စဲခံရခြင်းဖြစ် သည်။

ရုရှားအထက်လွှတ်တော်သည် သဘာပတိနှင့် ပထမလက်ထောက်သဘာပတိတို့ကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာလအတွင်းက ရွေးကောက်တင်မြှောက်ခဲ့ပြီး နောက် ယခုတစ်ဖန်ဇန်နဝါရီလ ၃၀ ရက်နေ့က လက်ထောက်သဘာပတိသုံးဦးတို့ကို ထပ်မံရွေးချယ် တင်မြှောက်ခဲ့သည်။ ရုရှား အထက်လွှတ်တော်ကို ရုရှားပြည်ထောင်စုအတွင်းရှိ သမ္မတနိုင်ငံများ၊ ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ခန့်အပ်စေလွှတ်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ ထို ကိုယ်စားလှယ်များတွင် အုပ်ချုပ်ရေးဘက်မှပုဂ္ဂိုလ် များနှင့် ဥပဒေပြုရေးဘက်မှပုဂ္ဂိုလ်များ ပါဝင်ကြ သည်။ သို့ဖြစ်၍ ရုရှားအထက်လွှတ်တော်သည် အုပ်ချုပ်ရေးနှင့်ဥပဒေပြုရေးတို့တွင် သြဇာကြီးမား သော အဖွဲ့အစည်းဖြစ်သည်။ ထို့ကြောင့် အထက် လွှတ်တော်၌ ခေါင်းဆောင်မှုအပြောင်းအလဲသည် အရေးပါသောအပြောင်းအလဲတစ်ခု ဖြစ်သည်။

၂၀၀၁ ခုနှစ်ကုန်နှင့် ၂၀၀၂ ခုနှစ်ဆန်းပိုင်း တွင် ရုရှားစစ်တပ်များသည် ခီချင်စစ်သွေးကြွများ အား နှိမ်နင်းသည့်စစ်ဆင်ရေးများကို ပြုလုပ်ခဲ့သည်။ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ရုရှားစစ်ဘက်အရာရှိ ကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှပုဂ္ဂိုလ်များကို သယ်ဆောင်လာသောရဟတ်ယာဉ်တစ်စင်း ပျက်ကျ



ရုရှားသမ္မတ ပူတင်

သွားခဲ့သည်။ စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့သည် ဟုလည်းဆိုသည်။ မြေပြင်မှ ပစ်ချလိုက်မှုကြောင့်ဟု လည်း ဆိုသည်။ ထိုရဟတ်ယာဉ် ပျက်ကျရာ၌ ပြည်ထဲရေး ဒုတိယဝန်ကြီးလည်း ပါသွားသည်။ ရဟတ်ယာဉ်တွင် ပါသူအားလုံးသေဆုံးခဲ့သည်။

ဇန်နဝါရီလ ၂၃ ရက်နေ့က ဝါရှင်တန်၌ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များနှင့် ချီချင် နိုင်ငံခြားရေးဝန်ကြီး အီလီယပ်စ်အက်စဒေါ်တို့ သည် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုချီချင်နိုင်ငံခြား ရေးဝန်ကြီးကို ရုရှားအစိုးရကအကြမ်းဖက်သမားဟု သတ်မှတ်ထားသည်။ သို့ဖြစ်၍ အမေရိကန်နိုင်ငံခြား ရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များနှင့်ချီချင်နိုင်ငံခြားရေး ဝန်ကြီးတို့ တွေ့ဆုံမှုသည် မိတ်ဆွေမပီသသောအပြု အမူဖြစ်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြစ်တင်ဝေဖန်လိုက်သည်။ အမေရိကန်နှင့်အခြား လူ့အခွင့်အရေးသမားများကား ချီချင်ညာဉ်၌ ရုရှား စစ်တပ်ကခွဲထွက်ရေးသူပုန်များအား နှိမ်နင်းနေမှုကို အင်အားသုံးမှုလွန်ကဲသည်ဟု မကြာခဏစွပ်စွဲဝေဖန် နေကြသည်။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် သမ္မတပူတင်က အဆင့်မြင့်ဥပဒေဝန်ထမ်းများအား အကြမ်းဖက် ဒုစရိုက်မှုများ မြင့်တက်လာမှုကို မနှိမ်နင်းသောကြောင့် ပြစ်တင်ဝေဖန်လိုက်သည်။ သမ္မတပူတင်က ၂၀၀၁ ခုနှစ်တွင် လူသတ်သမား ၇၀၀၀ တို့သည် ဥပဒေစက်ကွင်းမှလွတ်ထွက်သွားခဲ့ကြောင်း၊ လူသတ်မှု၊ လုယက်မှု၊ ပြန်ပေးဆွဲမှု၊ ဖောက်ထွင်းမှုတို့သည် နေ့စဉ်ဘဝ၏အစိတ်အပိုင်းကဲ့သို့ ဖြစ်နေကြောင်း၊ ၂၀၀၁ ခုနှစ်ကပြစ်မှုပေါင်း သုံးသန်းမျှရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ ရုရှား၌ဒုစရိုက်မှုများ ထူပြောနေသည်ကို လူထုက စိတ်ကုန်နေကြပြီဖြစ်သည်။ သို့ဖြစ်၍ ယခင်ကရပ်ဆိုင်းထားခဲ့သော သေဒဏ်ပေးမှုကို ပြန်လည်ကျင့်သုံးရန် အောက်လွှတ်တော်က လိုလားနေပြီဖြစ်သည်။ ဤသို့သော အခြေအနေတွင် သမ္မတပူတင်က ဒုစရိုက်မှုများအပေါ် တင်းကျပ်စွာ အရေးယူကြရန် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီလဆန်းပိုင်းက ရုရှားပြည်လုံးဆိုင် ရာပါတီ၊ ဆသနယ်မြေပါတီ၊ ညီညွတ်သောပါတီတို့ သည် ကွန်ဂရက်များအသီးသီးကျင်းပခဲ့ကြသည်။ ထို ပါတီသုံးခုကိုဖျက်သိမ်း၍ ညီညွတ်သောရုရှားပါတီ (United Russia Party) ဟူသောအမည်ဖြင့် ပါတီသစ် တစ်ရပ်ထူထောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤသို့ သုံးပါတီပေါင်းထားသောပါတီသည် ရုရှားတွင်အကြီး

ဆုံးနှင့် ဩဇာတိက္ကမအကြီးမားဆုံးပါတီ ဖြစ်လာပေ တော့သည်။ ဤပါတီသစ်သည် သမ္မတပူတင်ကို ထောက်ခံသွားမည့်ပါတီဖြစ်သည်။

ရုရှားဗဟိုဘဏ်ဥက္ကဋ္ဌ ဗစ်တာဂျီရပ်ရှ်ချင်ကို သည် သမ္မတပူတင်၏ခွင့်ပြုချက်ဖြင့် မတ်လ ၁၅ ရက်နေ့တွင် ရာထူးမှနုတ်ထွက်သွားခဲ့သည်။ သူ့ နေရာတွင် ပထမလက်ထောက် ဘဏ္ဍာရေးဝန်ကြီး ဖြစ်သူ ဆာဂျီအစ်နတ်ယက်ဗ်အား အစားထိုးခန့်အပ် လိုက်သည်။ သူသည် သမ္မတပူတင် ကဲ့သို့ပင် စိန့်ပီတာ့စ်ဘာ့ဂ်မြို့သားဖြစ်ပြီး ရိုးဖြောင့်မှု၊ လုပ်ငန်း ကျွမ်းကျင်မှုတို့တွင် နာမည်ရထားပြီးသူဖြစ်သည်။ သူသည် ဘဏ်စနစ်ကို ပြုပြင်သွားလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ ငွေကြေးဖလှယ်ရာတွင် ထိန်းချုပ်ထားမှုများကို လျှော့ချပြီးရူဘယ်လ်ငွေ တန်ဖိုးကို ရုရှား၏အဓိကထွက်ကုန်များဖြစ်သော ရေနံ၊ အခြားကုန်ကြမ်းများ၏ ဈေးနှုန်းတို့နှင့် နီးစပ်မှုရှိအောင် လုပ်ဆောင်ပေးလိမ့်မည်ဟု ထင်ကြေး ပေးနေကြသည်။

ရုရှားပြည်ထောင်စုတွင် အဖွဲဝင်သမ္မတနိုင်ငံ များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများမှ ကိုယ်စား လှယ်များဖြင့် နိုင်ငံတော်ကောင်စီ၏ သဘာပတိအဖွဲ့ ကို ဖွဲ့စည်းထားသည်။ သဘာပတိအဖွဲဝင်များကို ခြောက်လတစ်ကြိမ် အလှည့်ကျလဲလှယ်ပေးသည်။ မတ်လ ၁၄ ရက်နေ့တွင် သမ္မတပူတင်ကအလှည့်ကျ သဘာပတိအဖွဲဝင်များ၏ အမည်စာရင်းကိုကြေညာ ခဲ့သည်။ ထိုသူများမှာ ဗလာဒီမီယာပူတင်၊ ချီတာ အုပ်ချုပ်ရေးမှူးရာဗီးလ်ဂျင်ညာတူလင်၊ အက်စ်ထရာ ခန် အုပ်ချုပ်ရေးမှူး အနာတိုလီရုဇ်ဗင်၊ ယာမာလို နီနက် အုပ်ချုပ်ရေးမှူး ယူရီနီယီလော့ဗ်၊ နော့ဗ်ဂိုရော့ အုပ်ချုပ်ရေးမှူး မစ်ခိုင်းလ်ပရူးဆက်၊ အောရီ ယောလ် အုပ်ချုပ်ရေးမှူး ယီကာစထရိုယက်ဗ်၊ ဆာမာရာ အုပ်ချုပ်ရေးမှူး ကွန်စတင်ကိုင်တီးကော့ဗ် နှင့် ဆာခါလင်အုပ်ချုပ်ရေးမှူး အီကောဖာဒက်ဒီနော့ဗ် တို့ဖြစ်ကြသည်။

မတ်လတစ်လျှောက်လုံးတွင် ရုရှားစစ်တပ်နှင့် ချီချင်ရဲတပ်ဖွဲ့တို့သည် ချီချင်ခွဲထွက်ရေးသူပုန်များ ကို ချီချင်ညာဒေသတစ်ခွင်လုံးတွင် လိုက်လံတိုက်ခိုက် ဖမ်းဆီးသတ်ဖြတ်ခဲ့ကြသည်။ ဤသို့ သူပုန်များအား နှိမ်နင်းရာတွင် အကြမ်းဖက်ရက်စက်မှုများကို ကျူးလွန်ခဲ့ကြကြောင်း စွပ်စွဲသံများပေါ်ထွက်လာခဲ့ သည်။ ထို့ကြောင့် မတ်လ ၂၈ ရက်နေ့တွင် ရုရှား တပ်ပေါင်းစုမှူး ဒုတိယဗိုလ်ချုပ်ကြီး မော်လတင် စကိုင်းက အထူးစစ်ဆင်ရေးများတွင် လူအခွင့်အရေး များကို ဂရုပြုကြရန်စည်းမျဉ်းများ ထုတ်ပြန်ခဲ့သည်။

မတ်လ ၁၀ ရက်နေ့တွင် ရုရှားသည်အမေ ရိကန်ပြည်ထောင်စုမှ ကြက်များတင်သွင်းမှုကို ပိတ် ပင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၌ ကြက်များ ကိုမွေးမြူစဉ်ကပင် ဓာတုဗေဒဆေးဝါးများ သုံးနေ ကြသည်။ ထို့ကြောင့် စားသုံးသူများ၏ကျန်းမာရေး ကိုထိခိုက်မည် စိုးရိမ်ပြီးတားမြစ်ပိတ်ပင်ခဲ့ခြင်းဖြစ် သည်။ ရုရှားသို့ တင်သွင်းသောကြက်များအနက် ၇၀ ရာခိုင်နှုန်းသည် အမေရိကန်ပြည်ထောင်စုမှဖြစ် သည်။ ရုရှားသည် အမေရိကန်ကြက်များကို တစ်နှစ် လျှင်ဒေါ်လာသန်း ၆၀၀ မှ ၈၀၀ ဖိုးထိ ဝယ်ယူခဲ့ သည်။ ရုရှားနှင့်အမေရိကန်အရာရှိများသည် ကြက် များတင်သွင်းရေးနှင့် ပတ်သက်၍မတ်လ ၃၁ ရက် နေ့တွင် သဘောတူညီမှုရသွားကြသည်။ ရုရှားတို့ သည် အမေရိကန်ကြက်များအား ပိတ်ပင်ထားမှုကို ရုပ်သိမ်းပေးလိုက်သည်။

မတ်လ ၁၈ ရက်နေ့တွင် သမ္မတပူတင်သည် နှစ်ပတ်လည်ပြည်ထောင်စု အခြေအနေမိန့်ခွန်းကို ပြောကြားခဲ့သည်။ ဤမိန့်ခွန်း၌ ပြည်တွင်းရေးရာ များကို အာရုံစိုက်ပြောဆိုခဲ့သည်။ မြေယာနှင့်အလုပ် သမားဥပဒေများ၊ အငြိမ်းစားယူမှုနှင့် တရားစီရင် ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ အခွန်ကောက် ခံမှုစနစ်များကို ပြုလုပ်ခဲ့သည့်အတွက် ချီးကျူးပြော ဆိုခဲ့သည်။ တစ်ချိန်တည်းတွင်လည်း ဗျူရိုကရေစီ လုပ်ထုံးလုပ်နည်းများကြောင့် အလုပ်များအကောင် အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိ ကြောင်း၊ အကျင့်ပျက်လာဘ်စားမှုများကိုလည်း တွေ့ မြင်နေရကြောင်း ပြောကြားခဲ့သည်။ ခွဲထွက်လိုသော ချီချင်ညာအား ရုရှားပြည်ထောင်စုအတွင်း ဆက် လက်နေထိုင်သွားရန် ဆွဲဆောင်ရမည်ဟု ပြောခဲ့ သည်။ ရုရှားနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာ လက်တွေ့ အကျိုးရှိမှု အလေးထားရေးဖြစ်ကြောင်း၊ နိုင်ငံတကာ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးတွင် ရုရှားသည်ပူး ပေါင်းပါဝင်ကြိုးပမ်းခဲ့ကြောင်းလည်း ပြောကြား သွားသည်။

ရုရှားပြည်ထောင်စု

ရုရှားအောက်လွှတ်တော်ရှိ ရေးရာကော်မတီများတွင် ရုရှားကွန်မြူနစ်ပါတီနှင့် ယင်း၏မဟာမိတ်အဖွဲတို့က အပိုင်စီးထားခဲ့သည်။ သို့ရာတွင် ဧပြီလအတွင်းက ကွန်မြူနစ်နှင့် မဟာမိတ်တို့သည် လွှတ်တော်ရေးရာကော်မတီများ၌ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌစသောနေရာများကို စွန့်လွှတ်ခဲ့ကြရသည်။ လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့ကိုထောက်ခံမဲမပေးဘဲ နေခဲ့ကြသောကြောင့်ဖြစ်သည်။

မေလကုန်ခါနီးပိုင်းတွင် ရုရှားသည်အမေရိကန်ပြည်ထောင်စု၊ နေတိုးအဖွဲ့၊ ဥရောပသမဂ္ဂတို့နှင့် ထိပ်သီးအစည်းအဝေးများကို အစဉ်တစိုက်ပြုလုပ်ခဲ့သည်။ ရုရှားတို့သည် နိုင်ငံရေး၊ လုံးခြုံရေးကိစ္စများတွင် ၎င်းတို့လည်းအနောက်တိုင်း၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်နေကြောင်းနိမိတ်လက္ခဏာများ ပြသခဲ့ကြသည်။ ထိပ်သီးအစည်းအဝေးများ ပြုလုပ်ခဲ့ခြင်းသည် စစ်အေးကာလအမှန်တကယ်ပြီးဆုံးသွားပြီဖြစ်ကြောင်း ပြသရာရောက်သည်ဟု အကဲခတ်သမားများက ခိုးကျူးခဲ့ကြသည်။ အနောက်တိုင်းနှင့်ရုရှားတို့အကြား ဆက်ဆံရေးအနေအထားသစ်ဖြစ်ပေါ်လာပြီး အဏုမြူလက်နက်များ အပြိုင်အဆိုင် တပ်ဆင်နေခြင်းထက် ကုန်သွယ်မှုကပိုမိုအရေးကြီးကြောင်း သိမြင်လာကြသည်။ ဤသို့ပြောင်းလဲလာသည်မှာ စက်တင်ဘာ ၁၁ အရေးအခင်းကတွန်းပို့လိုက်ခြင်းဖြစ်သကဲ့သို့ တစ်ပိုင်းကလည်း ရုရှားသည်စီးပွားရေးတွင် အနောက်တိုင်းကဲ့သို့ခေတ်မီလိုခြင်းကြောင့်လည်း ဖြစ်ပေသည်။

မေ ၂၃ ရက်နေ့တွင် သမ္မတဘုရှ်သည် ရုရှားနိုင်ငံသို့ ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိလာခဲ့သည်။ မေလ ၂၄ ရက်နေ့တွင် သမ္မတနှစ်ဦးသည် မော်စကိုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤစာချုပ်အရ နှစ်နိုင်ငံတို့သည် ၁၀ နှစ်ကာလအတွင်း အဏုမြူလက်နက်များကို သုံးပုံနှစ်ပုံအထိ လျှော့ချရန် သဘောတူခဲ့ကြသည်။ စွမ်းအင်မူဝါဒနှင့်အကြမ်းဖက်ဝါဒဆန့်ကျင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးကိုလည်း သဘောတူခဲ့ကြသည်။ သို့ရာတွင် ကုန်သွယ်ရေး၊ အဏုမြူလက်နက်မပြန့်ပွားရေးတို့နှင့် စပ်လျဉ်း၍ နှစ်နိုင်ငံအကြား သဘောထားကွဲလွဲနေဆဲပင်ဖြစ်သည်။

မေလ ၂၈ ရက်နေ့တွင် ရောမမြို့၌နေတိုးရုရှားကောင်စီဖွဲ့စည်းကြောင်းကို ကြေညာခဲ့သည်။ မေလ ၂၉ ရက်နေ့တွင် ရုရှားဥရောပသမဂ္ဂထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့သည်။ ဤထိပ်သီးအစည်းအဝေးက ရုရှားသည်ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည့် နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုပေးခဲ့သည်။

ကာဇက်စတန်သမ္မတနိုင်ငံ၏ မြို့တော်တွင် မေလ ၉ ရက်နေ့က ပုံးပေါက်ကွဲသဖြင့် လူ ၃၄ ဦးသေဆုံးကာ ၁၃၀ ဦးဒဏ်ရာရခဲ့သည်။ ထိုနေ့တွင် ဒုတိယကမ္ဘာစစ်အတွင်းက နာဇီတို့အပေါ် ရုရှားတို့က အောင်ပွဲခံနိုင်မှုအထိမ်းအမှတ်အဖြစ် အောင်ပွဲနေ့လူထုချီတက်ပွဲကို ကျင်းပခဲ့သည်။ ပုံးဖောက်ခွဲမှုကို ချီချင်ခွဲထွက်ရေးသမားတို့က ကျူးလွန်ခဲ့သည်ဟု

ရုရှားစစ်သားများ
ချီချင်ညာဒေသတွင်
ကင်းလှည့်နေစဉ်

ရုရှားတို့ကယူဆနေကြသည်။ သမ္မတပူတင်က ဗုံးဖောက်ခွဲသူများကို နာဇီများ၊ လူ့အလေးအမွှားယုတ်ညံ့သူများဟု ခေါ်ဆိုလိုက်သည်။ မော်စကို၌ ကျင်းပသောအောင်ပွဲနေ့ အထိမ်းအမှတ်ချီတက်ပွဲတွင် သူကိုယ်တိုင်တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

ဇွန်လ ၂၆ ရက်နေ့တွင် အောက်လွှတ်တော်က စိုက်ပျိုးမွေးမြူရေး မြေဝယ်ယူရောင်းချပိုင်ခွင့် ဥပဒေကြမ်းကို အတည်ပြုပေးခဲ့သည်။ ဤသို့ဖြင့် ရုရှားနိုင်ငံသားတို့သည် မြေယာပိုင်ဆိုင်ထုခွဲရောင်းချပိုင်ခွင့်ရှိကြောင်း အတည်ပြုပေးခဲ့သည်။ သို့ရာတွင် စိုက်ပျိုးရေးမြေများအား နိုင်ငံခြားသားများနှင့် နိုင်ငံခြားကုမ္ပဏီတို့က အစုရှယ်ယာဝင်ထားသည့် ကုမ္ပဏီများသို့ ရောင်းချခွင့်ကိုမူ တားမြစ်ပိတ်ပင်ခဲ့သည်။

ဇွန်လ ၉ ရက်နေ့က မော်စကိုမြို့လယ်တွင် အဓိကရုဏ်းတစ်ခု ဆိုးဝါးစွာဖြစ်ပေါ်ခဲ့သည်။ ထိုနေ့က ကမ္ဘာ့ဖလားဗိုလ်လုပွဲအတွက် ရုရှားနှင့်ဂျပန်အသင်းတို့ ယှဉ်ပြိုင်နေပုံကို ရုပ်မြင်သံကြားဖန်သားပြင်ကြီးများထောင်၍ မော်စကိုတွင် ပြသခဲ့သည်။ ထိုပြိုင်ပွဲ၌ ရုရှားကဂျပန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသွားခဲ့သည်။ ထိုအခါ ဘောလုံးပွဲကြည့်ပရိသတ်များက ဒေါသပေါက်ကွဲပြီးအဓိကရုဏ်းဖြစ်သွားခဲ့သည်။ လူတစ်ဦးသေဆုံးပြီး ဂျပန်ကျောင်းသားများအပါအဝင် လူပေါင်း ၅၀ ကျော်ဒဏ်ရာရခဲ့ကြသည်။

ဇူလိုင်လ ၁ ရက်နေ့က ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပြင်ဆင်ချက်ကို ထုတ်ပြန်လိုက်သည်။ ဤပြင်ဆင်ချက်အရ ရုရှားနိုင်ငံ၌ရာဇဝတ်မှုများကို စီရင်ရာတွင် အနောက်တိုင်းပုံစံနှင့်ခပ်ဆင်ဆင်တူသော နည်းစနစ်များဖြင့် ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ပေါ်လွင်သွားသည်။ အရေးကြီးသော အမှုများတွင် ဂျူရီအဖွဲ့ဖြင့် တရားစစ်ဆေးစီရင်သွားမည်ဖြစ်သည်။ ဖမ်းဆီးခြင်း၊ ရှာဖွေခြင်းများကို တရားရုံးမှအမိန့်ဖြင့်သာ ဆောင်ရွက်ကြရန်ဖြစ်သည်။ တရားရုံးတွင် ရောက်ရှိတင်ပြထားသော သက်သေခံအထောက်အထားနှင့်ပတ်သက်၍ တရားခံရှေ့နေများအား အခွင့်အာဏာများကို ပေးရန်ဖြစ်သည်။ မသင်္ကာသူတစ်ဦးအား အများဆုံး ၄၈ နာရီအထိသာ ချုပ်နှောင်ထားရမည်ဖြစ်သည်။ သူ့အားရှေ့နေဖြင့် ခုခံပိုင်ခွင့်ပေးရမည်ဖြစ်သည်။ ထောင်ဒဏ်အစားအခြားနည်းပြစ်ဒဏ်ပေးနိုင်ရန်လည်း ခွင့်ပြုထားသည်။

ဩဂုတ်လ ၁၉ ရက်နေ့က ရုရှားကြည်းတပ်ပိုင်သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်တစ်စင်းသည် ချီချင်ညာမြို့တော် ဂရော့ဇ်နီအနီးတွင် ချီချင်ခွဲထွက်ရေးသမားတို့၏ တိုက်ခိုက်ပစ်ခတ်မှုကြောင့် ပျက်ကျခဲ့ရသည်။ ထိုရဟတ်ယာဉ်ပေါ်တွင်ပါသူ ၁၄၇ ဦးအနက် ၁၁၄ ဦးတို့ သေဆုံးခဲ့ရသည်။ ထိုရဟတ်ယာဉ်ပျံသန်းမှုကို စီစဉ်သူတို့၏ ပေါ့ဆည့်ဖျင်းမှုအားကာကွယ်ရေးဝန်ကြီး ဆာဂျီအီဗန်နော့ဗ်က ဝေဖန်ပြစ်တင်လိုက်သည်။ ကြည်းတပ်မှ လေကြောင်းပို့ဆောင်ရေးတာဝန်ခံ ဗိုလ်မှူးကြီးကိုလည်း ချက်ချင်းရာထူးမှချထားခဲ့သည်။

၂၀၀၀ ပြည့်နှစ် ဩဂုတ်လအတွင်းက အဏုမြူရေငုပ်သင်္ဘော 'ကုစ်'သည် ဘယ်ရင်းပင်လယ်တွင်း၌ တော်ပီဒိုများ ပေါက်ကွဲသဖြင့်နစ်မြုပ်ခဲ့ရသည်။ ထိုသင်္ဘောတွင် လိုက်ပါသွားသူ ၁၁၈ ဦးသေဆုံးခဲ့ရသည်။ ဤဖြစ်ရပ်နှင့်စပ်လျဉ်း၍ ရုရှားအစိုးရသည် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့က လေ့လာတွေ့ရှိချက် အထောက်အထားစာအုပ်ပေါင်း ၁၃၃ တွဲကို တင်ပြခဲ့သည်။ ဤအဖွဲ့က တော်ပီဒိုမှလောင်စာများ စိမ့်ထွက်မှုကြောင့် ပေါက်ကွဲမှုဖြစ်ရသည်ဟု သုံးသပ်ဖော်ပြခဲ့သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်များအပေါ် အခြေခံလျက် အစိုးရထုတ်သတင်းစာ၌ စာမျက်နှာ ၄ မျက်နှာပါသောသတင်းကို ဖော်ပြခဲ့သည်။ ဩဂုတ်လ ၂၉ ရက်နေ့က ထုတ်ပြန်သော ထိုသတင်းတွင် တာဝန်လစ်ဟင်းမှု၊ မကျွမ်းကျင်မှု၊ ရုရှားရေတပ်အတွင်းထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်မှုတို့ ရှိခဲ့ကြောင်းဖော်ပြထားသည်။ ထိုရေငုပ်သင်္ဘောနစ်မြုပ်သော နှစ်နှစ်မြောက်နေ့ဖြစ်သည့် ဩဂုတ်လ ၁၂ ရက်နေ့တွင် 'ကုစ်' သင်္ဘောသားများကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ကျောက်တိုင်ဖွင့်လှစ်ပွဲ ကျင်းပခဲ့သည်။ အထိမ်းအမှတ်ကျောက်တိုင်ကို မော်စကိုမြို့တွင် စိုက်ထူထားသည်။

စက်တင်ဘာလကုန်ပိုင်းတွင် ရုရှားနှင့်ဥရောပသမဂ္ဂတို့အကြား ဆက်ဆံရေးတင်းမာမှုဖြစ်ခဲ့ရသည်။ ရုရှားနယ်မြေ ကာလင်နင်ဂရက်ဒေသနှင့် ရုရှားပြည်

ထောင်စုမှ အခြားဒေသများအကြား သွားလာရာတွင် ပြည်ဝင်ခွင့်ဗီဇာမဲ့ သွားလာခွင့်ရှိရေးအတွက် ဆက်ဆံရေးတင်းမာမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ကာလင်နင်ဂရက်ကို အဝင်အထွက်ပြုလုပ်သော ရုရှားနိုင်ငံသားတို့သည် ပိုလန်နှင့်လစ်သူယေးနီးယား နိုင်ငံတို့ကို ဖြတ်ကျော်လိုလျှင်ဗီဇာပါရမည်ဟု ဥရောပသမဂ္ဂက ဇွတ်အတင်းတောင်းဆိုခဲ့သည်။ ထိုနှစ်နိုင်ငံသည် ၂၀၀၄ ခုနှစ်တွင် ဥရောပသမဂ္ဂဝင်ဖြစ်လာကြတော့မည်ဖြစ်သည်။ သို့ဖြစ်၍ ဥရောပသမဂ္ဂနယ်မြေအတွင်း အကျုံးဝင်မည့်ထိုနှစ်နိုင်ငံကို ဖြတ်ကျော်လျှင် ဗီဇာပါရမည်ဟု တောင်းဆိုခြင်းဖြစ်သည်။ ရုရှားတို့က ဤတောင်းဆိုချက်သည် လွတ်လပ်စွာသွားလာခွင့်ကို ပိတ်ပင်ရာရောက်သည့်ပြင် ရုရှားတို့၏ပိုင်နက်နယ်မြေခိုင်မြဲမှုသိက္ခာကို ခြိမ်းခြောက်ရာရောက်သည်ဟုဆိုကာ တောင်းဆိုချက်ကို ငြင်းပယ်ခဲ့သည်။

ကာလင်နင်ဂရက်သည် ဘောလ်တစ်ပင်လယ်ကမ်းခြေတွင်ရှိပြီး ရုရှားပင်လယ်ကူးသင်္ဘောများအတွက် အရေးပါဆုံးနေရာဖြစ်သည်။ ရုရှားပြည်တွင်းမှ ကုန်းလမ်းအားဖြင့် ကာလင်နင်ဂရက်သို့သွားမည်ဆိုလျှင် ပထဝီအနေအထားအရ ပိုလန်နှင့်လစ်သူယေးနီးယားတို့ကို ဖြတ်ကျော်ရန်လိုအပ်သည်။ ကာလင်နင်ဂရက်သည် ဂိုဏ်းဖွဲ့လှုပ်ရှားသောဒုစရိုက်သမားတို့ ခိုအောင်းလှုပ်ရှားရာဒေသလည်း ဖြစ်နေသည်။ ဥရောပသမဂ္ဂကလည်း ၎င်းအဖွဲ့ဝင်နိုင်ငံများ၏ လုံခြုံဘေးကင်းရေးအတွက် ဗီဇာပါရမည်ဟု တောင်းဆိုခြင်းဖြစ်သည်။ ရုရှားကလည်း ဤသို့ထစ်ငေါ့ထားခြင်းသည် လွတ်လပ်စွာသွားလာခွင့်ရှိရမည်ဟူသော လူ့အခွင့်အရေးကိုချိုးဖောက်ခြင်းဖြစ်သည်ဟုဆိုကာ ဥရောပသမဂ္ဂ၏တောင်းဆိုချက်ကို ပယ်ချနေခြင်းဖြစ်သည်။

အောက်တိုဘာလ ၂၃ ရက်နေ့တွင် ချီချင့်စစ်သွေးကြွအမျိုးသားအမျိုးသမီး ၄၀ ခန့်သည် မော်စကိုရှိကဇာတ်ရုံတစ်ခုကို ရုတ်ချည်းဝင်ရောက်စီးနင်းခဲ့သည်။ အမျိုးသမီးများသည် သူတို့ကိုယ်ပေါ်တွင် ပေါက်ကွဲစေသောယမ်းများ ပက်ထားသည်။ ထိုကဇာတ်ရုံတွင် ပရိသတ် ၈၅၀ ကျော်ရှိသည်။ ချီချင့်တို့က ချီချင့်ညာဉ်ဆင်နွှဲနေသော စစ်ပွဲကို ရပ်ဆိုင်းပေးရန် တောင်းဆိုခဲ့ကြသည်။ သူတို့၏ တောင်းဆိုချက်ကိုမလိုက်လျောပါက ဇာတ်ရုံကို ဖောက်ခွဲပစ်မည်ဟု ခြိမ်းခြောက် ခဲ့ကြသည်။ အောက်တိုဘာလ ၂၆ ရက်နေ့နံနက်တွင် ရုရှားအထူးတပ်ဖွဲ့များက ဇာတ်ရုံတွင်းသို့မှုးမေ့စေသောဓာတ်ငွေ့များကို သွတ်သွင်းလိုက်သည်။ အထူးတပ်ဖွဲ့များက ဇာတ်ရုံကိုသိမ်းပိုက်ရာတွင် ပရိသတ်ထဲမှ ၁၁၉ ဦး သေဆုံးခဲ့သည်။ ထိုအနက်မှ နှစ်ဦးသာလျှင် သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့သည်။ ကျန်သေဆုံးသူများမှာ ဓာတ်ငွေ့ကြောင့်ဖြစ်သည်။ အထူးတပ်ဖွဲ့မှ အရာရှိတစ်ဦးလည်း သေဆုံးခဲ့သည်။ နောင်အခါတွင် အထူးတပ်ဖွဲ့ကချီချင့်သူပုန် ၃၇ ဦးကို ပစ်သတ်ခဲ့ကြောင်း ပြောဆိုသည်။ သူပုန်နှစ်ယောက်ကို အရှင်ဖမ်းဆီးမိခဲ့သည်။

အောက်တိုဘာလ ၂၈-၂၉ ရက်နေ့များက အဝေးရောက်ချီချင့်များသည် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကွန်ဂရက်တစ်ရပ်ကျင်းပခဲ့သည်။ ယင်းသို့ ကျင်းပခြင်းကိုမကျေနပ်သဖြင့် ရုရှားသမ္မတပူတင်က ကိုပင်ဟေဂင်မြို့တွင် ကျင်းပမည့်ရုရှား-ဥရောပသမဂ္ဂထိပ်သီးအစည်းအဝေးသို့ မတက်ဟုငြင်းဆန်ခဲ့သည်။ ထို့ကြောင့် ထိပ်သီးအစည်းအဝေးကို ဘရပ်ဆဲလ်မြို့သို့ ပြောင်းရွှေ့ကျင်းပခဲ့ရသည်။ ချီချင့်ခေါင်းဆောင် မတ်စခါဒေါ့ဗ်က ပဋိပက္ခကိုတွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းဖြင့် ဖြေရှင်းရန် တောင်းဆိုခဲ့သည်။ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဒိန်းမတ်ကချီချင့်သူပုန်ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဇာကာယက်ဗ်ကို ဖမ်းဆီးခဲ့သည်။ ရုရှားတို့က ၎င်းအားလွှဲပြောင်းအပ်နှံရန် တောင်းဆိုခဲ့သည်။

နိုဝင်ဘာလ ၁၁ ရက်နေ့က ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ ရုရှား-ဥရောပထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့သည်။ ထိုအစည်းအဝေး၌ သဘောတူညီမှုအရ ကာလင်နင်ဂရက်အရေးကိစ္စမှာ ပြေလည်သွားသည်။ ကာလင်နင်ဂရက်သို့ အဝင်အထွက်ပြုလုပ်လိုသော ရုရှားနိုင်ငံသားများသည် လစ်သူယေးနီးယား ကောင်စစ်ဝန်ရုံးက ထုတ်ပေးသော နိုင်ငံစုံဝင်ရောက်ခွင့်လက်မှတ်ဖြင့် သွားလာနိုင်ကြမည်ဖြစ်သည်။ သို့မဟုတ်လစ်သူယေးနီးယားကို ဖြတ်ကျော်သွားမည့်မီးရထား၌ အပြန်ခရီးတစ်ခေါက်အတွက် ထုတ်ပေးသောခရီးသွားခွင့်လက်မှတ်ဖြင့် သွားလာနိုင်ကြမည်ဖြစ်သည်။ ဤသို့

သော အထောက်အထားလက်မှတ်များအတွက် ကုန်ကျစရိတ်ကို ရုရှားနိုင်ငံသားများ ကျခံရန်မလိုဘဲ လစ်သူယေးနီးယားက ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ ဤသို့ဖြင့် ပြဿနာပြေလည်သွားခဲ့သည်။

ဆိုက်ဘေးရီးယားမှ ရေနံများကိုပိုက်လိုင်းများဖြင့် အာတိတ်သမုဒ္ဒရာ ဆိပ်ကမ်းမြို့ဖြစ်သည့် မူးရ်ဟန့်စ်သို့ပို့ရန်၊ ထိုမြို့အနီးတွင် ရေနံဆိပ်တစ်ခုကို တည်ဆောက်ရန်ရုရှားမှရေနံကုမ္ပဏီကြီး ၄ ခုတို့သည် နိုဝင်ဘာလ ၂၇ ရက်နေ့က သဘောတူညီခဲ့ကြသည်။ ထိုစီမံကိန်းအတွက် ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံကုန်ကျမည်ဖြစ်သည်။ ရုရှားသည် ရေနံများကို တစ်နေ့လျှင်စည်ပေါင်း ၃ ဒသမ ၉ သန်းကို တင်ပို့နိုင်သည့် စွမ်းအားရှိသည်။ သို့ရာတွင် ပိုက်လိုင်းဆက်သွယ်ရေးပြဿနာကြောင့် ယခုအခါ ၃ ဒသမ ၂ သန်းကိုသာ နေ့စဉ်တင်ပို့နေရသည်။ အာတိတ်ဆိပ်ကမ်းမှတစ်ဆင့် ရေနံများကိုသယ်ယူနိုင်မည်ဆိုလျှင် ဥရောပနှင့်အမေရိကန်တို့သည် ရေနံအတွက် အရှေ့အလယ်ပိုင်းဒေသကို မှီခိုအားထားနေရမှုမှ လမ်းလွှဲတစ်ခုရရှိသွား မည်ဖြစ်သည်။ ရုရှားနှင့်အမေရိကန်သမ္မတနှစ်ဦးသည် စွမ်းအင်အတွက်ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူထားသည်။

ဦးခင်မောင်မြ

ရွှေတိဂုံစေတီတော်မော်ကွန်းဓာတ်ပုံပြခန်း။ ။ ရွှေတိဂုံ စေတီတော်မော်ကွန်းဓာတ်ပုံပြခန်းဖွင့်ပွဲကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်တော် ရာဟုထောင့်အောင်မြေ အနီးရှိ ရွှေတန်ဆောင်း၌ ၂၀၀၂ ခုနှစ် မေလ ၂၆ ရက်နေ့တွင် ကျင်းပသည်။

ရွှေတိဂုံစေတီတော် မော်ကွန်းဓာတ်ပုံပြခန်း၌ သက်ဆိုင်ရာကဏ္ဍအလိုက် ပြကွက်ငါးမျိုးခွဲခြားပြသထားသည်။ ပထမပြကွက်ဖြစ်သည့် 'ရွှေတိဂုံဝန်းကျင် ရှုလေလျှင်' ပြကွက်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကြည့်ညိုဖွယ် မြင်ကွင်းများ၏ ကြည့်ညိုသပ္ပာယ်ဖွယ်မြင်ကွင်းများ၊ အလယ်ပစ္စယာနှင့် အောက်ပစ္စယာတွင်တည်ရှိသော သာသနိကအဆောက်အအုံနှင့် ပတ်ဝန်းကျင်ရှုခင်းများကို ဖူးမြော်လေ့လာကြည့်ညိုနိုင်သောဓာတ်ပုံကြီး ၃၅ ပုံ၊ ဒုတိယပြကွက်ဖြစ်သည့် "ထူးခြားထင်ရှားသိဖွယ်များ" ပြကွက်တွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်၊ အလယ်ပစ္စယာနှင့် အောက်ပစ္စယာ ရှေးဟောင်းသာသနာ့ သမိုင်းဝင်ဌာနများ၊ စေတီပုထိုးရုပ်ပွားဆင်းတုရုပ်တုများကို ဖူးမြော်လေ့လာကြည့်ညိုနိုင်သော ဓာတ်ပုံကြီး ၄၈ ပုံ၊ တတိယပြကွက်ဖြစ်သည့်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင်
ရွှေတိဂုံစေတီတော်ဓာတ်ပုံပြခန်းကို ကြည့်ရှုစဉ်

"ယခင်ယခုနှိုင်းယှဉ်ရှု" ပြကွက်တွင် ရွှေတိဂုံစေတီတော်ဝတ္ထုကမြေအတွင်းရှိ သာသနိကအဆောက်အအုံများအား ရှေးယခင်ခေတ် အဆက်ဆက်ကတွေ့မြင်ရသော အခြေအနေနှင့် ယခု မျက်မှောက်ကာလတွေ့မြင်ရသော အခြေအနေများကို နှိုင်းယှဉ်ဖူးမြော်လေ့လာကြည်ညိုနိုင်သော ဓာတ်ပုံကြီး ပုံ ၅၀၊ စတုတ္ထပြကွက်ဖြစ်သည့် "ရွှေတိဂုံတွင် ဘက်စုံပြုပြင်" ပြကွက်တွင် ၁၉၉၅ ခုနှစ်မှ ယနေ့ကာလအထိ နိုင်ငံတော်က ဦးဆောင်ပြီး ရွှေတိဂုံစေတီတော်ဝတ္ထုကမြေအတွင်းရှိ သာသနိကအဆောက်အအုံများအား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခဲ့ရာ မပြုပြင်မီ အခြေအနေ၊ ပြုပြင်မွမ်းမံဆဲ အခြေအနေ၊ ပြုပြင်မွမ်းမံပြီး အခြေအနေများကို မှတ်တမ်းတင်ထားသော မှတ်တမ်းဓာတ်ပုံကြီး ၉၇ ပုံ၊ ပဉ္စမပြကွက်ဖြစ်သည့် " ဦးခိုက်ပူဇော်ရွှေထီးတော်" ပြကွက်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ယခင်တင်လှူပူဇော်ထားသော ထီးတော်ဟောင်းကြီးဟောင်းနွမ်းပျက်စီးနေမှု အခြေအနေများ၊ ရွှေထီးတော်သစ် အစိတ်အပိုင်းများကို ပညာရှင်အသီးသီး၊ ဌာနအသီးသီးတို့က ဝိုင်းဝန်းဆောင်ရွက်ကြပုံများ၊ ရွှေထီးတော်သစ်တွင် တင်လှူပူဇော်ထားသော ရတနာပစ္စည်းများ၏ ကြည်ညိုသဒ္ဓါပွားဖွယ် မြင်ကွင်းများ၊ ရွှေထီးတော် တင်လှူပူဇော်ပွဲဆိုင်ရာ မြင်ကွင်းများ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲသဘင် ဆင်ယင်ကျင်းပပုံမြင်ကွင်းများစသည့် မှတ်တမ်းဓာတ်ပုံ ၉၉ ပုံတို့ကိုပြသထားသည်။

ထို့ပြင် ရွှေတိဂုံစေတီတော် မော်ကွန်းဓာတ်ပုံပြခန်းတွင် ပြင်ပဌာနတွေ့မြင်ကြည်ညိုရန် ခက်ခဲသော ရွှေတိဂုံစေတီတော်ဆိုင်ရာ ဓာတ်ပုံကြီး ၁၄ ပုံနှင့် Light Box ငါးခုတို့ကိုပေါင်းစပ်ပြီး ကြည်ညိုသဒ္ဓါပွားဖွယ်ဖြစ်အောင် စီစဉ်ပြသထားသည်။

ဦးစိုးအောင်

လူသားအကျိုးပြုမွေးနေ့ အခမ်းအနား။ ။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဘဏ္ဍာရေးအတိုင်ပင်ခံ၊ မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းကို တည်ထောင်သူနှင့် ယင်းဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌဆရာကြီး ဦးလှထွန်းသည် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် အသက် (၈၀)ပြည့်မြောက်ခဲ့သဖြင့် ဆရာကြီး ဦးလှထွန်း၏ အသက် (၈၀) ပြည့် မွေးနေ့ မင်္ဂလာနှင့် အခြားဘဝမှတ်တိုင်များ အထိမ်းအမှတ် အခမ်း အနားကို ရန်ကုန်မြို့နတ်မောက်လမ်းရှိ ဟိုတယ် နီကိုးရွှိုင်ရယ်၌ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။

ဆရာကြီးဦးလှထွန်းအနေဖြင့် အသက် (၈၀) ပြည့်မွေးနေ့မင်္ဂလာအခမ်းအနားကို ထူးခြားလေးနက်စေရန် အခြားဘဝမှတ်တိုင်များ အထိမ်းအမှတ် အခမ်းအနား၊ ငွေလှူဒါန်းမှု အခမ်းအနားများပါ ကျင်းပပြုလုပ်ခဲ့သဖြင့် ဆရာကြီး၏မွေးနေ့အခမ်းအနားမှာ ထူးခြားသောမွေးနေ့မင်္ဂလာအခမ်းအနားဖြစ်ခဲ့သည်။

ဆရာကြီးဦးလှထွန်းအား အဘဦးလှဖေ၊ အမိ ဒေါ်စောတို့က မန္တလေးမြို့၌ ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် မွေးဖွားခဲ့ရာ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် အသက် (၈၀) ပြည့်မြောက်ခဲ့ပြီး အခမ်းအနားကိုမူ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။

၂၂-၁၂-၂၀၀၂ နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဆရာကြီးဦးလှထွန်း၏ အသက် (၈၀) ပြည့်မွေးနေ့မင်္ဂလာနှင့် အခြားဘဝမှတ်တိုင်များ အထိမ်းအမှတ် အခမ်းအနား၌ ဆရာကြီးဦးလှထွန်း၏ ဘဝခရီးတစ်ထောက် ဘဝမှတ်တိုင်များကို သတိရစေရုံမျှသာ မဟုတ်ဘဲ လူမှုဝန်ထမ်းလုပ်ငန်းအဖွဲ့အစည်းများသို့ လည်းကောင်း၊ ဆရာကြီး၏ မွေးဇာတိမန္တလေးမြို့တွင် ထပ်မံတိုးချဲ့သည့် မန္တလေး ဟော့စ်ပစ် (Hospice) ခေါ် ကင်ဆာလူနာများ ခိုလှုံရာဌာနအတွက်လည်းကောင်း ငွေများလှူဒါန်းခဲ့သည့်အတွက် အဆိုပါမွေးနေ့မင်္ဂလာအခမ်းအနားသည် လူသားအကျိုးပြု လုပ်ငန်းဆောင်ရွက်မှုများနှင့် မွန်မြတ်လေးနက်ခြင်း၊ မျိုးဆက်သစ်များ အားကျအတုယူဖွယ်ဖြစ်ခြင်း ဝိသေသများဖြင့် ပြည့်စုံခဲ့သည်။

မွေးနေ့မင်္ဂလာအခမ်းအနားအပြင် အခြားဘဝမှတ်တိုင်များ အထိမ်းအမှတ် အခမ်းအနားဟု ဆိုခဲ့ခြင်းမှာ ဆရာကြီးဦးလှထွန်းသည် ပြည်သူ့စာရင်းကိုင်နှင့် ဘဏ္ဍာရေး အတိုင်ပင်ခံလုပ်ငန်းလုပ်သက် (၅၄) နှစ်ပြည့်မြောက်မှု၊ မြန်မာနိုင်ငံ

အသက် (၈၀)
ပြည့်မွေးနေ့အခမ်းအနားတွင်
ဆရာကြီး ဦးလှထွန်းမှ နှုတ်ဆက်စကား
ပြောကြားစဉ်

စာရင်း ကောင်စီအဖွဲ့ဝင် လုပ်သက် (၄၄) နှစ် ပြည့်မြောက်မှု၊ ရန်ကုန်မြို့တွင် တည်ထောင်ခဲ့သော ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း လေးနှစ်ပြည့်မြောက်မှု စသည့်အထိမ်းအမှတ် အခမ်း အနားများပါဝင်ခဲ့၍လည်း ဖြစ်သည်။

ဆရာကြီးဦးလှထွန်းသည် ၁၉၄၂ ခုနှစ်တွင် (၁၀) တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီး မန္တလေးကောလိပ်တွင် I.Sc တန်း (၂) နှစ် တက်ရောက်ခဲ့ သည်။ ဂျပန်ခေတ်စစ်ပြေးကာလတွင် ဒေါ်မြမြ (သခင်မမြမြ) နှင့် ဘဝခရီးလက်တွဲဆက် ခဲ့ပြီး သမီးတစ်ဦး ထွန်းကားခဲ့သည်။ (ဆရာကြီး၏ဇနီးမှာ ၁၉၇၉ ခုနှစ်တွင်ကွယ်လွန်ခဲ့ပြီး၊ သမီး ဒေါ်မြစန္ဒာထွန်းမှာ ၁၉၉၇ ခုနှစ်တွင် ကွယ်လွန် ခဲ့သည်။)

ဆရာကြီးဦးလှထွန်းသည် ၁၉၄၅ ခုနှစ်တွင် Civil Affairs Administration Service တွင် မော်တော်ယာဉ် အရာရှိအဖြစ်စတင်တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်ကာလဝန်းကျင် များအတွင်း နိုင်ငံအတွင်း၌ Burma Auditors Certificate Rules 1939 အရ ဖွင့်လှစ်သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (R.A) သင်တန်းသို့ (Chartered Accountants, Allan Charlesworth & Co., တွင် တာဝန်ထမ်းဆောင်ရင်း) တက်ရောက်ခဲ့ရာ သင်တန်းတွင် ထူးချွန်မှုကြောင့် ၁၉၅၃ ခုနှစ်နှင့် ၁၉၅၄ ခုနှစ်များ၌ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ Allan Charlesworth & Co., Chartered Accountants, London Office ၌ စာရင်းကိုင်နှင့် စာရင်းစစ်ပညာများ ကိုဆက်လက် ဆည်းပူးခွင့်ရသည်။ ၁၉၅၄ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ခေါ်ယူခြင်းခံရပြီး Assistant Partner အဖြစ်တာဝန်ထမ်းဆောင်ခဲ့ရာ မူလ အလုပ် လစာငွေကျပ် ၁၂၀ မှ ၃,၅၀၀ သို့တိုးမြှင့် ရရှိခဲ့သည်။

၁၉၅၈ ခုနှစ်တွင် Allan Charlesworth & Co., Chartered Accountants ၏ပထမဆုံး မြန်မာ Partner ဖြစ်ခဲ့ပြီး လစာကျပ်၄၅၀၀နှင့် အမြတ်ငွေ သုံးပုံနှစ်ပုံအထိ ခံစားခွင့်များ တိုးတက်ရရှိခဲ့သည်။

၁၉၆၂ ခုနှစ်တွင် အင်္ဂလိပ်များက လုပ်ငန်း တစ်ခုလုံးကိုလွှဲခဲ့ရာ ဆရာကြီးတစ်ဦးတည်း တာဝန် ယူ၍ U Hla Tun & Co, ဟု အမည်ပြောင်းလဲ ဆောင် ရွက်ခဲ့သည်။ မြန်မာပြည် စာရင်းစစ် ဘက္ကာရေး အတိုင်ပင်ခံလုပ်ငန်းကို ၁၉၅၂ ခုနှစ်မှ စတင်၍ ယနေ့အထိ ဆောင်ရွက်လျက်ရှိသည်။ ၁၉၅၄ ခုနှစ်မှ ၁၉၆၂ ခုနှစ် အထိ နိုင်ငံတော်ဘုတ်အဖွဲ့ကြီးများ၊ ပြည်ထောင်စုဘဏ် စသည်တို့ကို ဝန်ဆောင်မှုများ ပြုလုပ်ပေးခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ် အတွင်း နိုင်ငံတော် အစိုးရအဖွဲ့အစည်းများ၊ ရွှေတိဂုံ စေတီ၊ ဆူးလေစေတီနှင့် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေး

ဆရာကြီး ဦးလှထွန်းက အသက် (၈၀) ပြည့်မွေးနေ့အခမ်းအနားတွင် အမျိုးသား ကျန်းမာရေးကော်မတီသို့ ငွေလှူဒါန်းရာ ဝိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့် လက်ခံစဉ်

ဘဏ်တို့အတွက်လည်း ဆောင်ရွက်ပေးခဲ့သည်။ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ပါဝင်သည့် ဖက်စပ် ကော်ပိုရေးရှင်းကြီးများ၊ ဘဏ်များနှင့် နိုင်ငံခြား ကုမ္ပဏီများ၊ ရေနံကုမ္ပဏီကြီးများ စုစုပေါင်း (၈၀) ခန့်ကို ဝန်ဆောင်မှုများပေးလျက် ရှိသည်။

မြန်မာနိုင်ငံမှ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေး ဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော ပါဝါစီမံချက် (Power Project, World Bank) မန္တလေး ရေပေးဝေရေးစီမံချက် (Mandalay Piped Water Project) နှင့် ငါးဖမ်းလုပ်ငန်းစီမံချက် (Third Fisheries Project, Asian Development Bank) အစရှိသည့်လုပ်ငန်းများအတွက် Financial Consultant အဖြစ်ဆောင်ရွက်ခဲ့ပါသည်။

၁၉၉၃ ခုနှစ်တွင် U Hla Tun & Co., သည် Arthur Andersen ကုမ္ပဏီနှင့် စာပေးစာယူစနစ်ဖြင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် Coopers & Lybrand International အဖွဲ့အစည်းနှင့် စာပေးစာယူစနစ်ဖြင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်ခဲ့သည်။

၁၉၈၃ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်အဖြစ် လည်းကောင်း၊ ၁၉၈၄ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် နယ်သာလန်ဘုရင်မ၏ သူရဲကောင်း မှတ်တမ်းဝင် ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့် ခြင်းခံခဲ့ရသည်။

ဘဝခရီးကိုကြိုးစားမှု၊ နိုးကြားမှုများဖြင့် လျှောက်လှမ်းခဲ့သည့် ဆရာကြီးဦးလှထွန်းသည် သွေးကင်ဆာရောဂါဖြင့် သေဆုံးခဲ့သည့် ချစ်သမီး ဒေါ်မြစန္ဒာထွန်းအတွက် အောက်မေ့ဖွယ်အဖြစ် ကုသ၍မရနိုင်သောကင်ဆာဝေဒနာရှင်များအတွက် မြန်မာပြည်တွင် ဟော့စ်ပစ် (Hospice) ကို ၁၉၉၈ ခုနှစ်၌ တည်ထောင်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံလူမှုဝန်ထမ်းသမိုင်းတွင် ထင်ရှားသော လူမှုရေးမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့သည်။ (အကျယ် စွယ်စုံနှစ်ချုပ် ၂၀၀၁ ခုနှစ်ရှု)

ရန်ကုန်မြို့တွင် ၁၉၉၈ ခုနှစ်က ဖွင့်လှစ်နိုင်ခဲ့သည့် မေတ္တာရိပ်မွန် အတွင်းလူနာ (ကင်ဆာ) ဗဟိုဌာန (Hospice) ၏ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ဆရာကြီး၏ဇာတိ မန္တလေးမြို့တွင်ပါ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ဆက်လက် စီစဉ်ခဲ့သည်။ ထို့ကြောင့်လည်း အသက် (၈၀) ပြည့်မွေးနေ့မင်္ဂလာ အခမ်းအနားတွင်

မန္တလေးမေတ္တာရိပ်မွန် အတွင်းလူနာ (ကင်ဆာ) ဗဟိုဌာန (Hospice) တည်ထောင်နိုင်ရန်အတွက် အမေရိကန် ဒေါ်လာတစ်သိန်း စတင်မတည်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မွေးနေ့ပွဲ အခမ်းအနားတွင် ဆရာကြီး ဦးလှထွန်းက အမျိုးသား ကျန်းမာရေးကော်မတီသို့ အမေရိကန်ဒေါ်လာ တစ်သောင်း၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အမေရိကန်ဒေါ်လာ ငါးထောင်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ အမေရိကန် ဒေါ်လာ ငါးထောင်၊ အနာကြီးရောဂါကုဆေးရုံ (ရေနံ့သာ) မန္တလေးသို့ ငွေကျပ်တစ်သိန်း၊ အနာကြီးရောဂါဆေးရုံ (တောင်ပိုင်း) မော်လမြိုင်သို့ ငွေကျပ်တစ်သိန်း၊ မေရီချက်ပ်မင်း နားမကြားသော ကလေးများကျောင်းသို့ ငွေကျပ်တစ်သိန်း၊ မျက်မမြင်ကျောင်း (ခဝဲခြံ) သို့ ငွေကျပ်တစ်သိန်း အသီးသီး လှူဒါန်းခဲ့သည်။

၂၂-၁၂-၂၀၀၂ နေ့တွင်ကျင်းပပြုလုပ်သည့် ဆရာကြီးဦးလှထွန်း၏ အသက် (၈၀) ပြည့် မွေးနေ့မင်္ဂလာ နှင့် အခြားဘဝမှတ်တိုင်များ အထိမ်းအမှတ်အခမ်းအနားသည် ဆရာကြီး၏ ကြိုးစားမှု၊ နှိုးကြားမှုများကို မျိုးဆက်သစ်များအား အားကျဖွယ်၊ အတုယူဖွယ်ဖြစ်စေရုံသာမက လူသားအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုများပါ ပါဝင်ပြည့်စုံခဲ့သဖြင့် ဂုဏ်ပြုဖွယ်ဖြစ်စေသည်သာမက ယင်းသို့သော မွေးနေ့ပွဲ ကျင်းပပြုလုပ်သည်ကိုပါ အတုယူစရာဖြစ်ခဲ့သည်။

မြတ်လေးခိုင်

လက်တင်အမေရိက။ ။ တောင်အမေရိက၊ ဗဟို အမေရိကနှင့် အနောက်အိန္ဒိယကျွန်းစုများမှာ ပြင်သစ်စကား၊ စပိန်စကားနှင့် ပေါ်တူဂီစကားပြောကြသည်။ သမ္မတနိုင်ငံ ၂၀ တို့မှာ အာဂျင်တီးနား၊ ဘိုလီဗီးယား၊ ဘရာဇီး၊ ချီလီ၊ ကိုလံဘီယာ၊ ကိုစတာရီကာ၊ ကျူးဘား၊ ဒိုမီနီကန် ရီပတ်ပလစ်၊ အီကွေဒေါ၊ အယ်ဆာဗေဒို၊ ပနားမား၊ ပါရာဂွေး၊ပီရူး၊ ဥရုဂွေးနှင့် ဗင်နီဇွဲလားနိုင်ငံ တို့ဖြစ်ကြသည်။ ယင်းနိုင်ငံများမှာ လက်တင်အမေရိကနိုင်ငံများ ဖြစ်ကြ၍ အင်္ဂလိပ်စကားပြောသော အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့မှာ မြောက်အမေရိကဖြစ်သည်။ လက်တင်အမေရိက နိုင်ငံများ၌ ၂၀၀၂ ခုနှစ် အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘာဝဘေးအန္တရယ်၊ မူးယစ်ဆေးဝါးဆိုင်ရာ စသည်ဖြင့် ထူးခြားဖြစ်ပေါ်သောနိုင်ငံများကို အကွက်ရာစဉ်အလိုက် အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

ကိုလံဘီယာ။ ။ အမေရိကန်ဒေါ်လာ အတု ၄၁ သန်းကို ကိုလံဘီယာနိုင်ငံအင်ဒီယာတောင်၏ တောင်ပိုင်းမြို့တော်ဘိုဂိုတာရှိ အိမ်တစ်အိမ်မှ သိမ်းဆည်းရမိလိုက်ကြောင်း ကိုလံဘီယာ အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲ ရဲဗိုလ်ချုပ်ကြီး လူဝစ်အန်နက်စ် တိုဂီလီဘတ်က ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ကိုလံဘီယာအစိုးရနှင့် အက်ဖ်အေအာစီ သူပုန်တို့သည် ဧပြီလ ၇ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရန် ရှေ့ရှုလျက် ဆွေးနွေးပွဲများ အဆောတလျင် ပြုလုပ်သွားရန် ဇန်နဝါရီလ ၂၃ ရက်နေ့က သဘောတူလိုက်ကြသည်။ ကိုလံဘီယာစစ်တပ်၏ထိုးစစ်ကို ရှောင်လွှဲရန်တောတွင်းရှိ သူပုန်စခန်းတစ်ခုသို့ အစိုးရစေ့စပ်ဆွေးနွေးသူများနှင့် အက်ဖ်အေအာစီ တပ်မှူးများ ရှစ်နာရီကျော်ကြာ ဆွေးနွေးအပြီးသို့ ကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အပစ်အခတ် ရပ်စဲခြင်းနှင့် ရန်လိုမှုများ ရပ်ဆိုင်းခြင်းရှိ မရှိကို လေ့လာရန် စေ့စပ်ဆွေးနွေးမှုကို အမြန်စတင်မည်ဖြစ်ကြောင်း အစိုးရ၏ငြိမ်းချမ်းရေးဆိုင်ရာ ထိပ်တန်းအရာရှိက ပြောကြားသည်။ အချက် ၁၂ ချက်ပါ ကြေညာချက်ကို အက်ဖ်အေအာစီတပ်မှူးရောလ်ရီယစ် သိရှိပြီးဖြစ်ကြောင်း ယင်းအရာရှိက ပြောကြားသည်။ ကိုလံဘီယာအစိုးရနှင့် အက်ဖ်အေအာစီ သူပုန်တို့သည် နောက်ဆုံးအချိန်ဖြစ်သော သန်းခေါင်အချိန်မတိုင်မီ နာရီပိုင်းအလို ဇန်နဝါရီလ ၂၄ ရက်နေ့က သဘောတူညီမှုရရှိကြခြင်းဖြစ်သည်။

ကာရေဘီယံကျွန်းဆွယ် ပရိဗီဒင်စီယာကမ်းခြေ၌မြုပ်ထားသော ကိုကင်းပေါင်ချိန် ၂၈၀၀ ကို မိမိတို့ ဖမ်းဆီးလိုက်ကြောင်း ကိုလံဘီယာရေတပ်

က ဖေဖော်ဝါရီ လ ၂၄ ရက်နေ့က ကြေညာသည်။ ယင်းကိုကင်းများကို ထိုကျွန်းတွင် မည်သူမည်ဝါမြုပ်ထားခဲ့သည်ကို မသိရှိကြောင်း၊ အဆိုပါကျွန်းသည် နီကာရာဂွာ ကမ်းလွန်တွင် တည်ရှိကြောင်း၊ သို့ရာတွင် အဆိုပါ မူးယစ်ဆေးဝါးများသည် အမေရိကန်ပြည်ထောင်စုသို့ ပို့မည့်ပစ္စည်းများဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ ဖမ်းဆီးရမိသော ကိုကင်းများသည် အမေရိကန်ပေါက်စျေး ဒေါ်လာ ၁၀ သန်းကျော် တန်ဖိုးရှိကြောင်း၊ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ကိုကင်းအများဆုံးထွက်ရှိရာ ကိုလံဘီယာမှ ကိုကင်း ၈၀ ရာခိုင်နှုန်းကို ဝယ်ယူနေသော နိုင်ငံဖြစ်ကြောင်း ကြေညာချက်၌ဖော်ပြ သည်။

ကိုလံဘီယာကမ်းခြေစောင့်တပ်ဖွဲ့က အမြန်ရေယာဉ်ပေါ်၌ အမေရိကန် ပြည်ထောင်စုသို့ တင်ပို့မည့် ကိုကင်းတစ်တန်ခွဲကို တွေ့ရှိရဃည်။ ကာတာဂျီးနား ဆိပ်ကမ်းမြို့အနီး နိုင်ငံပိုင်နက် အတွင်းလန်ခ်တ်ကမ်းခြေကို ကင်းလှည့်စစ်ဆေးစဉ် ယင်းကိုကင်းများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ရေတပ်ဖွဲ့က မတ်လ ၄ ရက်နေ့တွင် ထုတ်ဖော်ပြောကြား သည်။ မကြာမီက စုစုပေါင်း ကိုကင်း ၂၀ ဒသမ ၅ တန်ကို ရေတပ်ဖွဲ့က သိမ်းဆည်းလိုက်ပြီး သဘော်ပေါ်၌ လိုက်ပါလာသူလေးဦးကိုလည်း ဖမ်းဆီးခဲ့သည်။

မြို့တော် ဘိုကိုတာအနောက်တောင်ဘက် ကီလိုမီတာ ၃၀၀ အကွာ ဗာလီဒယ်ကော်ကာ ပြည်နယ် ရိုဒါ နီလိုမြို့တွင် စစ်ဆင်ရေးပြုလုပ်ရာ၌ ကိုကင်းနှင့် ဘိန်းဖြူ ဘုရင်မဟု နာမည်ကျော်ကြားသော အမျိုးသမီးတစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကိုလံဘီယာ ရဲတပ်ဖွဲ့က ကြေညာသည်။ ထိုကိုကင်းဘုရင်မ၏အမည်မှာ နန်စီရာမီရက်ဖ်ဖြစ်ကြောင်း တတိယစစ်တိုင်းမှူး ဗိုလ်ချုပ်ကြီး ဖရန်စစ္စကိုဖီဒရာဇာက သတင်းထောက်များအား ပြောကြားခဲ့သည်။ ကိုလံဘီယာနိုင်ငံသည် နှစ်စဉ်ကိုကင်းတန်ချိန် ၅၈၀ ထုတ်လုပ်ပြီး ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးအများဆုံး ထုတ်လုပ်သော ထိပ်တန်းနိုင်ငံအဖြစ် လူသိများသည်။ ကမ္ဘာပေါ်တွင်ထွက်သော ကိုကင်းပမာဏ၏ ၈၀ ရာခိုင်နှုန်းကို ကိုလံဘီယာနိုင်ငံက ထုတ်လုပ်ပြီး မူးယစ်ဆေးဝါး အများစုကို အမေရိကန်ပြည်ထောင်စုသို့ ပြည်ထောင်စုနှင့် ဥရောပသို့တင်ပို့သည်။

ကျူးဘား။ ။ ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိုသည် အလည်အပတ် ရောက်ရှိနေသော ဧည့်သည်တော် မက္ကဆီကို သမ္မတ ပီကန်တီဖောက်နှင့် ကျူးဘားအစိုးရ အဖွဲ့ချုပ်ရုံးတွင် ဖေဖော်ဝါရီလ ၃ ရက်နေ့က တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ခေါင်းဆောင်ကြီးနှစ်ဦး တွေ့ဆုံဆွေးနွေးသော အဓိက အကြောင်းရင်းများတွင် နှစ်နိုင်ငံ ကုန်သွယ်ရေးမှာတစ်ခု အပါအဝင်ဖြစ်မည်ဟု နှစ်ဘက်အစိုးရများ၏ ပြောခွင့်ရ ပုဂ္ဂိုလ်များက ပြောကြားသည်။ ကျူးဘားနှင့် မက္ကဆီကိုနိုင်ငံတို့၏ ကုန်သွယ်ရေးပမာဏမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၃၅၀ ရှိသည်။ ကျူးဘားနိုင်ငံ၏ ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် အစားအစာ ထုတ်လုပ်သော စက်မှုလုပ်ငန်းတို့တွင် အမေရိကန်ဒေါ်လာ သန်း ၇၀ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော မက္ကဆီကို ကုမ္ပဏီ ၅၀၀ ခန့် ရှိသည်။

အမေရိကအလယ်ပိုင်းသွေးစည်း ညီညွတ်ရေးစနစ် (ဆီကာ) နှင့် ကာရေဘီယံမိသားစုနိုင်ငံများနှင့် ဘုံစျေးအဖွဲ့ (ကာရီကွန်) တို့မှ အဖွဲ့ဝင်နိုင်ငံ ၂၀ တို့သည် လွတ်လပ်သောစျေးကွက်ထူထောင်ရေးနှင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးကို ဦးစားပေးဆွေးနွေးကြလိမ့်မည်ဟု ဆီကာအတွင်းရေးမှူးချုပ် အိုစကာဆန်ကမာရီယာက ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် ဖေဖော်ဝါရီလ ၆ ရက်နေ့က ပြောကြားသည်။ ဆီကာ - ကာရီကွန်ထိပ်သီးအစည်းအဝေးကို ဘိလိပ်မြို့တွင် ဝါစ်ရက်ကြာ ကျင်းပခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အစည်းအဝေးတက်ရောက်လာသူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး သဘောတူစာချုပ်များ ချုပ်ဆိုမည်ဟု မျှော်လင့်ရသည်။ ဂိုဏ်းဖွဲ့ပြစ်မှုများနှင့် မူးယစ်ဆေးဝါး၊ မှောင်ခိုမှု များကို ဆက်လက်ပူးပေါင်းတိုက်ဖျက်သွားရန် သဘောတူညီခဲ့ကြသည်။

ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိုသည် ဧည့်သည်တော် တရုတ်အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ယွမ်ဝီမင်း ခေါင်းဆောင်သော တရုတ်အားကစားကိုယ်စားလှယ်အဖွဲ့အား ဧပြီလ ၂၁ ရက်နေ့တွင်

ဟားဗားနားမြို့၌ လက်ခံတွေ့ဆုံသည်။ နှစ်နိုင်ငံ အားကစားလုပ်ငန်းများ အနီးကပ် ပူးပေါင်း ဆောင်ရွက်ရန် သမ္မတကက်စထရိုနှင့် တရုတ် အားကစားကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးခဲ့ကြသည်။ ၂၀၀၈ ခုနှစ် နွေရာသီအိုလံပစ် အားကစားပွဲတော် ဘေဂျင်းမြို့တော်တွင် ကျင်းပခွင့်ရရေးအတွက် သမ္မတကက်စထရို ထောက်ခံမှုပေးခဲ့သည်ကို ကျေးဇူးတင်ကြောင်း ယွမ်ဝီမင်းက ပြောကြားသည်။ ၂၀၀၈ ခုနှစ် ဘေဂျင်းအိုလံပစ် အားကစားပွဲတော်ကို တက်ရောက်ရန် ယွမ်ဝီမင်း၏ ဖိတ်ကြားချက်ကို သမ္မတကက်စထရိုက ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့သည်။

ဖွဲ့စည်း ထူထောင်ရန် စီစဉ်ထားသော အမေရိကန်နိုင်ငံများ၏ လွတ်လပ်သော ကုန်သွယ်ရေးဒေသ (အက်ဖ်တီအေအေ) သည် အမေရိကန်ပြည်ထောင်စု၏ ကိုလိုနီပြုရေး လက်နက်ကိရိယာတစ်ခုသာဖြစ်ကြောင်း ကျူးဘားသမ္မတ ဖီဒယ် ကက်စထရိုက ပြောကြားပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိတို့၏ စက်မှုလုပ်ငန်းများကို အကာအကွယ်ပြုကြရန် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က တိုက်တွန်းလိုက်သည်။ ဟားဗားနားမြို့၌ ကျင်းပသော စတုတ္ထအကြိမ်မြောက် တစ်ကမ္ဘာလုံးလွှမ်းခြုံပေါင်းစည်းမှုနှင့် ဖွံ့ဖြိုးမှုပြဿနာများဆိုင်ရာ စီးပွားရေးပညာရှင်များ၏ ညီလာခံပိတ်ပွဲ၌ မိန့်ခွန်းပြောကြားရာတွင် သမ္မတကက်စထရိုက ယင်းကဲ့သို့ ပြောကြား ခြင်း ဖြစ်သည်။ အက်ဖ်တီအေအေသည် မိမိတို့အား နိုင်ငံရေးတည်ငြိမ်မှု မရှိသော လက်တင် အမေရိက နိုင်ငံငယ်များခေတ်သို့ ပြန်ပို့နေသည်။ ချမ်းသာသောနိုင်ငံများသည် အက်ဖ်တီအေအေကဲ့သို့ ကြိုးပမ်းမှုများမပါဘဲ ၎င်းတို့ကိုယ်တိုင် ဖွံ့ဖြိုးခဲ့ကြသည်။ လက်တင်အမေရိကနိုင်ငံများသည် စက်မှုလုပ်ငန်းများကို ခေတ်မီနည်း ပညာရှိထားသူများ၏ ယှဉ်ပြိုင်မှုမှ အကာအကွယ်ပေးရန် လိုသည်။ ချမ်းသာသော နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံများ၌ နေထိုင်သော အခြားနိုင်ငံများမှ ပညာတတ်များကြောင့် ရရှိခဲ့သော အောင်မြင်မှု အစိတ်အပိုင်းဖြစ်သည်။ လက်တင်အမေရိကမှ ပညာသည်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ငါးသိန်းကျော်သည် စက်မှုနိုင်ငံများသို့ ပြောင်းရွှေ့နေထိုင်ကြရာ အများဆုံးမှာ အမေရိကန်ပြည်ထောင်စု၌ ဖြစ်သည်စသဖြင့် သမ္မတကက်စထရိုက ၄၃ နိုင်ငံမှ စီးပွားရေးပညာရှင်ဃထ ခန့် တက်ရောက်သော စီးပွားရေးအစည်းအဝေး၌ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

အမေရိကန် သမ္မတဟောင်း ဂျင်မီကာတာခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကျူးဘားနိုင်ငံသို့ မေလ ၁၂ ရက်နေ့က ရောက်ရှိလာရာ ဟားဗားနား လေဆိပ်တွင် ကျူးဘားသမ္မတ ကတ်စထရိုက ကြိုဆိုခဲ့သည်။ သမ္မတဟောင်း ဂျင်မီကာတာ၏ ၁၉၇၇-၁၉၈၁ သမ္မတသက်တမ်း ကာလအတွင်း၌ ကျူးဘားနှင့် ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းခဲ့မှုများအတွက် ချီးကျူးကြောင်း လေဆိပ်တွင်တွေ့ဆုံနှုတ်ဆက်ရာ၌ သမ္မတ ကက်စထရိုက ပြောကြားသည်။ သမ္မတ ဂျင်မီကာတာသည် သမ္မတသက်တမ်းလေးနှစ်တာ ကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေးလမ်းကြောင်း အကျိုးဖြစ်ထွန်းစေရန် ရဲရင့်ပြတ်သားစွာဆောင်ရွက်ခဲ့သည်ဟု သမ္မတ ကက်စထရိုက ပြောကြားသည်။ ၄၇ နှစ်အတွင်း ကျူးဘားနိုင်ငံသို့ ပထမဆုံးအကြိမ် ပြန်လည်ရောက်ရှိလာ၍ မိမိဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း ကျူးဘားနိုင်ငံမှ လူတန်းစား အလွှာစုံမှ လူများစုနှင့် တွေ့ဆုံရန် မျှော်လင့်ပါကြောင်း ဂျင်မီကာတာက ပြောကြားသည်။ အမေရိကန် အစိုးရသည် ကျူးဘားနိုင်ငံအပေါ် ချမှတ်ထားသော ကုန်သွယ်ရေးပိတ်ဆို့မှု အမိန့်ကို ပြန်လည်ရုတ်သိမ်း သင့်ကြောင်း၊ ၁၉၅၉ ခုနှစ်တွင် ကွန်မြူနစ် ခေါင်းဆောင်ကက်စထရို အာဏာရချိန်မှစ၍ အမေရိကန်အစိုးရက ကျူးဘားနိုင်ငံကို ကုန်သွယ်ရေး ပိတ်ဆို့မှုပြုလုပ်ခဲ့ကြောင်း ကျူးဘားပြည်သူလူထု လွတ်လပ်စွာပြောဆိုခွင့် အခြေခံလွတ်လပ်ခွင့်များ စံစားခွင့်ရရှိရေးအတွက် ကက်စထရိုက ကြိုးပမ်းစေလိုကြောင်း မေလ ၁၅ ရက်နေ့တွင် ရုပ်မြင်သံကြားမှ ဂျင်မီကာတာက ပြောကြားခဲ့သည်။

ပီရူး။ ။ အမေရိကန်သမ္မတကျော့ဒဗလျူဘုရှ် ပီရူးနိုင်ငံ လီမာမြို့သို့ မတ်လ ၂၃ ရက်နေ့က အစိုးရ၏ ဧည့်သည်တော်အဖြစ် ရောက်ရှိလာရာ ပီရူး

နိုင်ငံသို့ ပထမဆုံးရောက်ရှိခဲ့သော အမေရိကန်နိုင်ငံ၏ ခေါင်းဆောင်ဖြစ်သည်။ မစ္စတာဘုရှ်မှာ မက္ကဆီကိုနိုင်ငံ မွန်တာရီမြို့၌ ကျင်းပသော ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုအတွက် ငွေကြေးပံ့ပိုးရေး ညီလာခံမှတစ်ဆင့် ပီရူးနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။ သမ္မတ၏ ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးကောလင်းပါဝဲလ်၊ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျန်ဒိုလက်ဇာရိုက်စ်တို့ လိုက်ပါလာကြသည်။

အာရှ - ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ဖိုရမ်အဖွဲ့ဝင် ၂၁ နိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီးများသည် လေကြောင်းနှင့် ရေကြောင်းလုံခြုံရေး ကိစ္စရပ်များနှင့် အကြမ်းဖက် ဆန့်ကျင်ရေးလှုပ်ရှားမှုဆိုင်ရာ ကိစ္စရပ်များ အပါအဝင်ပို့ဆောင်ရေး ကိစ္စအဝဝကို ဆွေးနွေးညှိနှိုင်းရန် လီမာမြို့တွင် မေလ ၇ ရက်မှ ၉ ရက်နေ့အထိ တွေ့ဆုံခဲ့ကြသည်။ ယင်းဆွေးနွေးပွဲမှာ တတိယအကြိမ် အေပတ်အဖွဲ့ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးဖြစ်ပြီး ဆွေးနွေးပွဲသို့ နိုင်ငံတကာမှ ကိုယ်စားလှယ် ၅၀ နီးပါးတက်ရောက်ကြကြောင်း အစည်းအဝေးကျင်းပရေး စည်းရုံးစီစဉ်သူများက မေလ ၆ ရက်နေ့တွင် ကြေညာခဲ့သည်။ ဆွေးနွေးကြရာတွင် ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ၊ လူသားအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ပီရူးနိုင်ငံအရှေ့ပိုင်းရှိ သစ်တောများအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သော လျှို့ဝှက်ဓာတ်ခွဲခန်း ၅၇ ခုကို ပီရူးအမျိုးသားရဲတပ်ဖွဲ့က ဩဂုတ်လ ၆ ရက်မှ ၁၅ ရက်အထိကာလအတွင်း ရှာဖွေဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းစာများက ဩဂုတ်လ ၂၃ ရက်နေ့က ရေးသားဖော်ပြသည်။ မြို့တော်လီမာအရှေ့ဘက် ကီလိုမီတာ ၅၀၀ ခန့်အကွာဝှေးနှင့် ပြည်နယ်နှင့် ကူစကိုပြည်နယ်ရှိ အယာကူချိုသစ်တောဒေသဆိုင်ရာ အထွေထွေ ကိုယ်စားလှယ်ရုံးနှင့် ပီရူးရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစီမံချက်ကို ပြုလုပ်ခဲ့ရာ စီမံချက်တွင် ပါဝင်သော ရဲတပ်ဖွဲ့အကြီးအကဲ ရာအူးကွင်တာနာ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာများကရေးသား ဖော်ပြခြင်းဖြစ်သည်။ ယင်းစီမံချက်အတွင်း ဆာလ်ဖြူရစ်အက်စစ် ၄၈ ကီလိုဂရမ်၊ ရေနံဆီ ၂၃၀၀ ဂါလံ၊ ထုံး ၃ တန်၊ အမိုးနီးယားအများအပြားနှင့် ကိုကာအရွက် ၃၈ တန်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ပနားမား။ ။ ပနားမားရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ကိုကင်းကီလို ၁၆၀၀ ကျော်ကို သိမ်းဆည်းရမိပြီး လူခုနစ်ဦးကို ဖမ်းဆီးခဲ့သည်။ ကိုကင်း တစ်ကီလိုနီးပါးစီ ထည့်ထားသော အထုပ်ပေါင်း ၁၆၁၉ ထုပ်ကို ကုန်တွဲသုံးခုအတွင်းရှိ လယ်ယာထွက်ကုန် ပစ္စည်းများကြားတွင် ဝှက်၍ ယူဆောင်လာသည်ကို တွေ့ရှိရခြင်းဖြစ်သည်။ ကုန်ကားတစ်စီးတွင် ဝှက်ယူလာသော ကိုကင်းများကိုလည်း တွေ့ရှိရသောနေရာမှာ ပနားမားမြို့တော်အနောက်ဘက် ကီလိုမီတာ ၅၅၀ ခန့်တွင် ဖြစ်သည်။ ဖမ်းဆီးရမိသူများတွင် ကိုလံဘီယာနိုင်ငံသားလေးဦးနှင့် ပနားမားနိုင်ငံသား သုံးဦးပါဝင်သည်။

ပနားမားနိုင်ငံသည် မက်ဆီးဒိုးနီးရားနိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို ဧပြီလ ၂၅ ရက်နေ့က ထူထောင်ခဲ့သည်။ ဆက်ဆံရေးထူထောင်မှုသည် နယ်မြေ ပေါင်းစည်းမှုအတွက် အပြန်အလှန်လေးစားရေးနှင့် တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်မစွတ်ရေး အခြေခံများအပေါ် အခြေခံထားကြောင်း ပနားမားနိုင်ငံရေးဝန်ကြီးဌာနကပြောကြားသည်။

ပနားမားတူးမြောင်းကို ဖြတ်သန်းသွားလာကြသော သင်္ဘောများ၏ ဖြတ်သန်းခကို ပျမ်းမျှ ၁၃ ရာခိုင်နှုန်းတိုးပြီးကောက်ယူရန် ပနားမားတူးမြောင်းအုပ်ချုပ်ရေးအဖွဲ့က ဇွန်လ ၇ ရက်နေ့တွင် အဆိုပြုခဲ့သည်။ ယင်းရေလမ်းမှာ စီးပွားရေးလုပ်ငန်းအတွက် အဓိကကျသည်။ ယခုအခါ သင်္ဘောများမှာ ပစိဖိတ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာများအကြား မိုင် ၅၀ ဖြတ်သန်းခအတွက် အမေရိကန်ဒေါ်လာ ပျမ်းမျှ ၄၆၀၀၀ ပေးဆောင်ကြရသည်။ အဆိုပြုထားချက်အရ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ တူးမြောင်းဖြတ်သန်းခကို တိုး၍ကောက်ခံမည်ဖြစ်သည်။ ကုန်အပြည့်တင်ဆောင်ထားကြသော သင်္ဘောများမှာ တူးမြောင်းဖြတ်သန်းခကို ပထမ

တန်ခိုန် ၁၀၀၀၀ တွင် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၉၆ ပေးရ၍ နောက်ထပ်တန်ခိုန် ၁၀၀၀၀ အတွက် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၉၀ ပေးဆောင်ရမည် ဖြစ်သည်။ ယခုအခါ ရေယာဉ်တစ်စင်းသည် ကုန်အပြည့် တင်ဆောင်ပေးပါက တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၅၇ ပေးဆောင်ရပြီး သဘော်အကြီးစားများမှာ အဆိုပြုထားသော နှုန်းသစ်အရ သဘော်တစ်စင်းသည် အမေရိကန်ဒေါ်လာ ၃၂၀၀ ပေးဆောင်ရမည်ဖြစ်သည်။

ဘရာဇီး။ ။ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုမြို့တွင် ဇန်နဝါရီလဆန်းက သွေးလွန်တုပ်ကွေးဖြစ်ပွားရာ လူငါးဦးထက် မနည်းသေဆုံးသွားကြောင်း ကူးစက်သူ နှစ်ဆမကရှိကြောင်း အာဏာပိုင်များက ဇန်နဝါရီလ ၂၅ ရက်နေ့က ပြောကြားသည်။ ယခင်လက ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် သွေးလွန်တုပ်ကွေး ကူးစက်ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

၂၀၀၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲယှဉ်ပြိုင်ကစားခဲ့ကြရာ ဘရာဇီးအသင်းက ဂျာမနီအသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် ထူးထူးခြားခြားအနိုင်ရခဲ့ပြီးနောက် ဘရာဇီးနိုင်ငံတစ်ဝန်းလုံးတွင် အဝါရောင်နှင့် အစိမ်းရောင်ဝတ်ဆင်ထားကြသော လူပင်လယ်ကြီးသည် လမ်းများပေါ်သို့ ထွက်လာကြပြီး အဆိုအတီးအကအခုန်များဖြင့် ခြိမ့်ခြိမ့်သဲအောင်ပွဲခံခဲ့ကြသည်။ ဆော်ပေါလိုမြို့တွင် ဘရာဇီးအသင်း၏ အရောင်များဖြင့် လွှမ်းခြုံထားသော မော်တော်ကားများသည် ဘရာဇီးနိုင်ငံတော်အလံကို လွှင့်ထူပြီး မော်တော် ကားဟွန်းများကို အဆက်မပြတ် တီးကာ မြို့တွင်း၌ လည့်လှည်ကြသည်။ ရီယိုဒီဂျနေရို မြို့တွင် လူများလမ်းပေါ်ထွက်၍ ကခုန်ခဲ့ကြသည်။ ငါးကြိမ်သရဖူဆောင်းတဲ့ ဘရာဇီးဟု ပေါ်တူဂီဘာသာဖြင့် ကြွေးကြော်ခဲ့ကြသည်။

ဘရာဇီးသမ္မတဖာနန်ဒိုဟင်းနရစ်ကာဒိုဆိုကလည်း ဘရာဇီးဘောလုံးသမားများနှင့် နည်းပြဆရာ လူဝစ်ဖီးလစ်စကိုလာရီတို့ကို ဂုဏ်ပြုချီးကျူးလိုက်သည်။ ဘရာဇီးအသင်းသည် ပင်ကိုအရည်အသွေးကောင်းသော စွမ်းဆောင်ရည်နှင့်အသင်း လိုက်စိတ်ဓာတ်တို့ဖြင့် ကမ္ဘာပေါ်တွင် အကောင်းဆုံးအသင်းဖြစ်ကြောင်း သက်သေထူလိုသော စိတ်ဓာတ်တို့ဖြင့် ကမ္ဘာပေါ်တွင် အကောင်းဆုံးအသင်းဖြစ်ကြောင်း သက်သေထူလိုက်ပြီဟု ကြေညာချက်ထုတ်ကာ သမ္မတက ချီးကျူးလိုက်သည်။ ယိုကိုဟားမားမြို့မှလာသော သတင်းတစ်ရပ်တွင် ဘရာဇီးအသင်းအနိုင်ရရှိသည်မှာ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်းညီညီညွတ်ညွတ်ဖြင့် အားကြိုးမာန်တက် ကစားခဲ့ကြ၍ အနိုင်ရပိုလ်စွဲခဲ့ခြင်းဖြစ်ကြောင်း ဘရာဇီးနည်းပြဆရာ စကိုလာရီက ပြောကြားသည်။

၁၇ ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် ဂျာမနီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့ပြီးနောက် ကမ္ဘာတစ်ဝက်လေကြောင်းခရီးကို ဖြတ်သန်း၍ ဘရာဇီးနိုင်ငံမြို့တော် ဘရာဇီးလီးယားမြို့ သို့ ပြန်လည်ရောက်ရှိလာကြသော ဘရာဇီးဘောလုံး အသင်းကို သိန်းနှင့်ချီကာ ဘရာဇီးပြည်သူတို့က ဘရာဇီးနိုင်ငံတော်အလံရောင်များ ဝတ်ဆင်ပြီး ဇူလိုင်လ ၂ ရက်နေ့က သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။ ပြည်တော်ပြန်မျက်နှာပန်းလှသော ဘရာဇီးအသင်းစီးနင်း လိုက်ပါလာသည့် လေယာဉ်ကို ဘရာဇီးလေတပ်တိုက်လေယာဉ်လေးစင်းက ဘရာဇီးလေကြောင်း ပိုင်နက်အဝင်မှ ဆီးကြိုခဲ့ပြီး ဘရာဇီးလီးယားလေဆိပ်သို့ ဆင်းသက်သော အချိန်အထိလိုက်ပါလာခဲ့သည်။ ဘရာဇီးဘောလုံးသမားများ လိုက်ပါလာသော စင်းလုံးငှား လေယာဉ်ကြီး တစ်ဖက်တစ်ချက်၌ ဘရာဇီးဘောလုံးသမားများ၏ ပုံကိုရေးချယ်ထားပြီး လေယာဉ်ကွင်းသို့မဆင်းမီ ကောင်းကင်ယံတွင် လှည့်ပတ်ပျံသန်းနေသေးသည်။ အသင်းကပွတိန်ကာဖူးနှင့် နည်းပြဆရာ လူဝစ်ဖီးလစ်စကိုလာရီတို့က လေယာဉ်ဦးပိုင်းမှ ထွက်၍ ဘရာဇီးအလံများဖြင့် ဝှေ့ယမ်းနှုတ်ဆက်ခဲ့ကြသည်။ လေယာဉ်ဆင်းသက်ပြီးနောက် အသင်းကပွတိန်ကာဖူးက လေယာဉ်မှအထွက်တွင် ကမ္ဘာ့ဖလားကြိုးကို ခေါင်းပေါ်မြှောက်ပြခဲ့ရာ သိန်းချီရှိသော ဘရာဇီးပြည်သူတို့က ကောင်းချီးသြဘာပေးခဲ့ကြသည်။ ဘရာဇီးဘောလုံးသမားများသည် ကိုးမိုင်ခန့်ကွာဝေးသော သမ္မတဖာနန်ဒိုဟင်းနရစ်ကာဒိုဆိုရှိရာ သမ္မတနန်းတော်သို့ အသွားခရီးတွင် ပြည်သူတို့က လမ်းမှသောင်း

သောင်းဖြဖြ ဆီးကြိုခဲ့ကြသည်။ ဘရာဇီးသမ္မတကြီးက ဘရာဇီးအသင်းသည် ယခင်ကလည်း ချန်ပီယံဖြစ်ခဲ့သည်။ ယခုလည်း ချန်ပီယံဖြစ်သည်။ နောင်တွင်လည်း ချန်ပီယံဖြစ်နေဦးမည်ဟုပြောပြီး ဘရာဇီးဘောလုံးသမားများကို တစ်ဦးချင်း ဖက်လှဲတကင်း ကြိုဆိုခဲ့သည်။

မက္ကဆီကို။ ။ ဂင်းနစ်စာအုပ်တွင် အသက်ကြီးဆုံးစာရင်းဝင်ထားသော ဂျပန်အမျိုးသမီးကြီးတစ်ဦးထက် အသက် ၂ နှစ်ကြီးသော အသက် ၁၁၄ နှစ် အရွယ်ရှိ မက္ကဆီကိုအမျိုးသမီးကြီး အူလာလီဟာရီယာသည် ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး အမျိုးသမီးတစ်ဦး ဖြစ်နိုင်ဖွယ်ရှိကြောင်း မက္ကဆီကိုနိုင်ငံထုတ် သတင်းစာများတွင် ဖေဖော်ဝါရီ လ ၂၈ ရက်နေ့က ရေးသားဖော်ပြသည်။ မစ္စဟာရီယာသည် အသက် ၄၀ အရွယ်အထိ မက္ကဆီကိုအရှေ့တောင်ပိုင်းပြည်နယ် ယူကက်တန်ရှိ ဆူစီလာဒေသတွင် နေထိုင်ခဲ့သည်။ သူမသည် အသက် ၁၈ နှစ်အရွယ်တွင် အိမ်ထောင်ကျ၍ ခင်ပွန်းသည်နှင့် အတူ ၆၆ နှစ်တိုင်တိုင်အတူတကွ နေထိုင်ခဲ့ပြီးနောက် ခင်ပွန်းသည် ကွယ်လွန်ခဲ့သည်။ သားသမီးရှစ်ဦးမွေးဖွားခဲ့ရာ နှစ်ဦးမှာ အသက်ရှင်ဆဲဖြစ်သည်။ မြေး ၁၀ ဦး၊ မြစ် ၁၈ ဦးနှင့် တီ ၃၀ ဦး ရှိသည်။

မီလန်နီယိုအသံလွှင့်ဌာန တီဗွီအစီအစဉ်နှင့် မတ်လ ၁၇ ရက်နေ့က တွေ့ဆုံမေးမြန်းရာတွင် မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီး ကျော့ကက်စတန်က မတ်လ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ မက္ကဆီကိုနိုင်ငံ မြောက်ပိုင်း မွန်တာရီမြို့တွင် ကျင်းပမည့် ဘဏ္ဍာငွေ ထောက်ပံ့မှုဆိုင်ရာ ကုလသမဂ္ဂနိုင်ငံတကာ ညီလာခံအရေးပါပုံကို ပြောကြားခဲ့သည်။ ချမ်းသာသော နိုင်ငံများက ပွင့်လင်းပြီး တရားမျှတသော ကုန်သွယ်ရေးစနစ်နှင့် ကိုယ်ကျိုးစီးပွား ကာကွယ်မှုလျော့နည်းသော ကုန်သွယ်ရေးစနစ်ကို ကျင့်သုံးသွားကြရန် အာဖရိက၊ ကာရစ်ဘီယံနှင့် ပစိဖိတ် (အေစီပီ) နိုင်ငံများကိုယ်စားဒိုမီနီကန်နိုင်ငံ သမ္မတ ဟီပိုလီတိုမီဂျာက မေတ္တာရပ်ခံ တိုက်တွန်းခဲ့သည်။ တစ်ကမ္ဘာလုံး လွှမ်းခြုံပေါင်းစည်းသောဖြစ်စဉ်မှာ နှစ်လမ်းသွား ဖြစ်ရမည်။ ကုန်သွယ်ရေးမမျှတမှုမှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံဖြစ်သော ယင်းအေစီပီနိုင်ငံများကို ဖွံ့ဖြိုးမှုဌာနထိခိုက်စေလျက်ရှိသည်ဟု မိဂျာက ထောက်ပြပြောကြားသည်။

ဖွံ့ဖြိုးရေးအတွက် ငွေကြေးပံ့ပိုးမှုဆိုင်ရာ မွန်တာရေးနိုင်ငံတကာညီလာခံတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်က မတ်လ ၂၂ ရက်နေ့တွင် မိန့်ခွန်းပြောကြားရာတွင် အလှူရှင်နိုင်ငံများအနေဖြင့် ဆင်းရဲသောနိုင်ငံများကို အကူအညီပိုပေးသွားကြရန် တိုက်တွန်းခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်ပေါင်းများစွာတို့မှာ ဆင်းရဲဒုက္ခမျိုးစုံ၊ နွမ်းပါးမှုမျိုးစုံ၊ ငတ်မွတ်ခေါင်းပါးမှု၊ ရောဂါဘယဖြစ်မှု၊ ပဋိပက္ခဖြစ်မှု၊ လူဦးရေထူထပ်မှု၊ သဘာဝ အရင်းအမြစ်များလျော့ နည်းကုန်ခန်းမှုတို့ကြောင့် လူနေမှုဘဝတိုးတက်သော အခွင့်အလမ်းများ မရရှိခဲ့ကြပါ။ ပေးကမ်းသောအကူအညီများစွာမှာ ထိရောက်မှုရှိပါသည်။ အကူအညီပေးခြင်းဖြင့် စာပေ၊ အသိပညာ၊ အတတ်ပညာတိုးတက်မှုရှိသည်ကို တွေ့ရပါသည်။ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များမှာ လက်ရှိထက် အကြမ်းဖျင်းအားဖြင့် နှစ်ဆမျှရှိသော တရားဝင်အကူအညီ ဒေါ်လာဘီလီယံ ၅၀ အပိုဆောင်းမပေးဘဲ အောင်မြင်မှုမရရှိနိုင်ကြောင်းတူညီသော လေ့လာတွေ့ရှိချက်များက ဖော်ပြနေသည်စသည်ဖြင့် ကိုဖီအာနန်က ပြောကြားခဲ့သည်။

ချမ်းသာသောနိုင်ငံများနှင့် ဆင်းရဲသောနိုင်ငံများ ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ရန်စေ့စပ်ပြောဆိုပြီး သဘောတူညီမှုအသစ် ရရှိလိုက်သည်ဟု မတ်လ ၂၃ ရက် ညီလာခံ နောက်ဆုံးနေ့တွင် မက္ကဆီကိုသမ္မတ ဗီဆင်တီဖောက်စ်က ပြောကြားသည်။ မွန်တရီ ထိပ်သီးအစည်းအဝေး ကျင်းပဖြစ်ခြင်းမှာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ မူလအတွေးအခေါ် အကြံဉာဏ်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်က နယူးယောက်၌ ကျင်းပခဲ့သော ထောင်စုနှစ်ထိပ်သီးအစည်းအဝေး၌ ကုလသမဂ္ဂအဖွဲ့ဝင် ၁၈၉ နိုင်ငံက ရေးဆွဲခဲ့သော ကမ္ဘာ့ဆင်းရဲနွမ်းပါးမှု တိုက်ဖျတ်ရေး နည်းဗျူဟာအတွက် အရင်းအမြစ်များကို စုစည်းလိုခဲ့သည်။ ရည်မှန်းချက်များတွင် အေအိုင်ဒီအက်စ် ကူးစက်

ပြန့်ပွားမှုမရှိရေး၊ ခြွင်းချက်မရှိသော မူလတန်း ပညာရေးသင်ကြားမှုပေးခြင်းနှင့် တစ်နေ့လျှင် တစ်ဒေါ်လာအောက်လျော့ပြီး ဝင်ငွေရသော လူဦးရေကို ၂၀၀၅ ခုနှစ်၌ ထက်ဝက်လျော့ချသွား စေခြင်းတို့ ပါဝင်သည်။

မက္ကဆီကိုနိုင်ငံသည် လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ခြင်းကြောင့် ပို့ကုန်နှင့် သွင်းကုန်ပမာဏမှာ အမေရိကန် ဒေါ်လာ ၃၂၀ ဘီလီယံဖိုးရှိကာ ကမ္ဘာတွင် သတ္တမမြောက် ကုန်သွယ်မှုအကြီးမားဆုံး နိုင်ငံဖြစ်လာကြောင်း မက္ကဆီကို စီးပွားရေးဌာနမှ စေ့စပ်ညှိနှိုင်းရေးမှူး ဇာနန်ဒိုဒီမက်ဆီယို က ဇွန်လ ၁၃ ရက်နေ့တွင် သတင်းထောက်များအား ပြောကြားသည်။ မက္ကဆီကို၏ စုစုပေါင်းပို့ကုန် ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅၈ ဘီလီယံဖိုး ရှိပြီး သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၀ ဘီလီယံဖိုးအထိ ရှိသည်။ စုစုပေါင်း ပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) တွင် ပို့ကုန်ဝေစုသည် နှစ်ဆမြင့်တက်ခဲ့သည်။ ၁၉၉၃ ခုနှစ် တွင် ၁၅ ရာခိုင်နှုန်းရှိပြီး ၂၀၀၀ ပြည့်နှစ်တွင် ၃၃ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ မက္ကဆီကိုနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် အိန္ဒိယ၊ ဩစတြေလျနှင့် မလေးရှားနိုင်ငံတို့ ထက်သာလွန်ပြီး လက်တင်အမေရိကမှ တင်ပို့သော ပို့ကုန်ပမာဏ၏ ထက်ဝက်ရှိသည် စသည်ဖြင့် စေ့စပ်ညှိနှိုင်းရေးမှူးက ပြောကြားခဲ့သည်။

နာမည်ဆိုးဖြင့်ကျော်ကြားသော မက္ကဆီကို မူးယစ်ဆေးဝါးလက်ဝါးကြီးအုပ် မှောင်ခိုကိုဏ်း၏ ကိုဏ်းခွဲလေးခုကို လော့စ်အိန်ဂျလိစ်မြို့ရှိ ရဲအဖွဲ့က ဖြိုခွင်းခဲ့ပြီး ကယ်လီဖိုး နီးယားနှင့် အမေရိကန်ပြည်ထောင်စု အခြားတစ်နေရာတွင် မှောင်ခိုရောင်းဝယ်မှုပြုလုပ်သူများဟု သံသယရှိသူ ၄၁ ဦးကို ဖမ်းဆီးလိုက်ကြောင်း ဇွန်လ ၁၅ ရက်နေ့ထုတ် လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာတွင် ရေးသားဖော်ပြသည်။ ယင်းအင်အားကြီး မက္ကဆီကို အခြေစိုက် မူးယစ်ဆေးဝါး မှောင်ခိုကိုဏ်းသည် ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိသော ကိုကင်း၊ ဘိန်းဖြူ၊ မက်သာဖက်တမင်နှင့် ဆေးခြောက်များကို အမေရိကန်ပြည်ထောင်စုအတွင်းသို့ နှစ်စဉ် တင်သွင်းနေသည်။ စောစောပိုင်းက ၃၁ နေရာတွင် အရာရှိ ၄၀၀ ကျော်ပါဝင်သော စစ်ဆင်ရေး ဆင်နွှဲခဲ့ရာ ဒေါ်လာ ၃၆၀၀၀၀ တန်ဖိုးရှိ ကိုကင်း၊ ဆေးခြောက်နှင့် ဘိန်းဖြူများကို သိမ်းဆည်းရမိခဲ့သည်။ ခြောက်လုံးပြူး၊ ပစ္စတို ကိုးလက်၊ ရိုင်ဖယ်ရှစ်လက်တို့ကိုလည်း သိမ်းဆည်းရမိခဲ့သည်။

ဟွန်းဒူးရပ်စ်။ ။ စီးပွားရေးလုပ်ငန်းရှင် ရီကာဒို မာဒူရိုသည် ဟွန်းဒူးရပ်သမ္မတသစ် အဖြစ် ဇန်နဝါရီလ ၂၇ ရက်နေ့က ကျမ်းသစ္စာကျိန်ဆိုပြီး ရာဇဝတ်မှု ထူပြောမြင့်တက်လာမှုနှင့် စီးပွားရေး မအောင်မြင်ခြင်းတို့ကို နှိမ်နင်းဖြေရှင်း သွားမည် ဖြစ်ကြောင်းကတိပြုခဲ့သည်။ မာဒူရို ၅၅ နှစ်သည် တီဂူစီဂါပါမြို့ဘောလုံးကွင်း၌ လူထုပရိသတ် ၃၀၀၀၀၏ ရှေ့မှောက်တွင် သမ္မတသစ်အဖြစ် ဇန်နဝါရီလ ၂၇ ရက်နေ့က ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။ လုံခြုံရေးမရှိမှု၊ လူသတ်မှု၊ ပြန်ပေးဆွဲမှုနှင့် ဓားပြမှုတို့ကို နှိမ်နင်းရန် မိမိအား ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်ဂိုဏ်းများနှင့် ပြန်ပေးဆွဲသူများကို ရည်ညွှန်းလျက် မစ္စတာမာဒူရိုက ပြောကြားသည်။ သမ္မတအဖြစ် မာဒူရိုကျမ်းကျိန်ဆိုပွဲသို့ အလယ်ပိုင်းအမေရိကနှင့် ကိုလံဘီယာ သမ္မတများ အပါအဝင် ၆၁ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ မစ္စတာ မာဒူရိုသည် ဇန်နဝါရီလ ၂၇ ရက်နေ့က ကျင်းပသော သမ္မတရွေးချယ်ပွဲတွင် လစ်ဘရယ်ပါတီမှ သမ္မတလောင်းကို အနိုင်ရကာ သမ္မတအဖြစ်အရွေးခံခဲ့ရခြင်းဖြစ်သည်။

အာဂျင်တီးနား။ ။ တောင်အမေရိက ဘုံစျေး (မာကိုဆာ) အဖွဲ့ဝင် အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံတို့သည် အမေရိကန်ပြည်ထောင်စု၏ စိုက်ပျိုးမွေးမြူရေး အမတော်ကြီးဆိုင်ရာ ဥပဒေနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) မှတစ်ဆင့် ဖြေရှင်းပေးရန်တောင်းဆိုကြောင်း မေလ ၂၄ ရက်နေ့တွင် ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ အမေရိကန်ပြည်ထောင်စုအား နှစ်နိုင်ငံပူးတွဲစောဒကတက်မှုကို အာဂျင်တီးနားဝန်ကြီးများအဖွဲ့အကြီးအကဲအပ်ဖရီဒို အတာနာဆော့ဖ်က ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်ပြီး နိုင်ငံတကာကုန်သွယ်မှုတွင် တရားမျှမှုရရှိရေးကို အာဂျင်တီးနားနိုင်ငံက ခုခံကာကွယ်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။ လွတ်လပ်သော ကုန်သွယ်မှုဟူသည်

လူတိုင်းအတွက်ဖြစ်စေရမည်သာဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်ဖြစ်သော အာဂျင်တီးနားနိုင်ငံက နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) မှ ချေးငွေရရှိရေးကြိုးပမ်းရာတွင် အရာမထင်ဖြစ်ခဲ့ရကြောင်း အာဂျင်တီးနားဝန်ကြီးများကောင်စီ အကြီးအကဲ အတာနာဆော့ဖ်က သတင်းစာ ရှင်းလင်းပွဲ၌ ပြောကြားသည်။ အမေရိကန် ပြည်ထောင်စုစိုက်ပျိုးမွေးမြူရေး ဥပဒေသည် နိုင်ငံတကာ သီးနှံစျေးကွက်တွင် တန်ဖိုးနှုန်းထားများကို နိမ့်ကျသွားစေမည်ဖြစ်ရာ အာဂျင်တီးနားနိုင်ငံအဖို့ နှစ်စဉ် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ဆုံးရှုံးနစ်နာမည်ဟု ဆိုသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) တင်းပြည့်အဖွဲ့ဝင်အဖြစ် ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ ဝင်ခွင့်ရရှိသွားခြင်းကို ထောက်ခံကြောင်း အာဂျင်တီးနားသမ္မတ အက်ဒွာဒို့ဒူဟော်ဒိက ထပ်လောင်းပြောကြားခဲ့သည်။ အာဂျင်တီးနားသမ္မတသည် ဧည့်သည်တော် တရုတ်နိုင်ငံခြားရေးဝန်ကြီး တန်ကျားရွှန်အား လက်ခံတွေ့ဆုံပြောကြားရာ၌ တရုတ်နိုင်ငံကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ခွင့်ရရှိသွားခြင်းကြောင့် ကမ္ဘာ့ကုန်သွယ်မှုရေးရာကိစ္စများတွင် မညီမျှမှုကိုပပျောက်သွားစေနိုင်မည်ဖြစ်သည်။ နိုင်ငံအများအပြားဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ရာ၌ အတားအဆီးများကို ဖယ်ရှားပပျောက်သွားစေမည်ဟု သမ္မတဒူဟော်ဒိက ပြောကြားသည်။

သင့်ဘဝ- ဦးရဲလွင်

လင်းယုန်မောင်မောင်(စာရေးဆရာအယ်ဒီတာ)
(ခရစ် ၁၉၂၅-၂၀၀၂)။ ။ စာရေးဆရာ လင်းယုန်မောင်မောင်ကို စစ်ကိုင်းတိုင်း မုံရွာမြို့တွင် အဘဦးအောင်သိန်း၊ အမိ ဒေါ်လှကြည်တို့က ၁၉၂၅ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့တွင် မွေးဖွားသည်။

ငယ်နာမည်မှာ မောင်ရွှေဖြစ်သည်။ လင်းယုန်မောင်မောင်ဖြစ်လာမည့် မောင်ရွှေသည် မုံရွာဆရာလှ မြန်မာစာသင်ကျောင်းတွင် မူလတန်း၊ မိတ္ထီလာအမျိုးသားကျောင်း၊ ရွှေဘိုချမ်းသာကြီး အလွတ်ပညာသင်ကျောင်းနှင့် ရန်ကုန်စိန်ပေါကျောင်းတို့တွင် အလယ်တန်း၊ ရန်ကုန်မြို့မကျောင်းတွင် အထက်တန်း၊ ရန်ကုန်တက္ကသိုလ် (၁၉၄၅-၄၇)တွင် ဥပစာအထက်တန်းအထိ ပညာဆည်းပူးခဲ့သည်။

စာရေးဆရာ လင်းယုန် မောင်မောင်

၁၉၅၇ ခုနှစ်တွင် စာရေးဆရာဗန်းမော်တင်အောင် ဦးစီးထုတ်ဝေသော လင်းယုန်ဂျာနယ်၌ အယ်ဒီတာအဖြစ်တာဝန်ယူခဲ့ရာမှ 'လင်းယုန်မောင်မောင်' ဟူ၍ကလောင်အမည်ရလာခဲ့သည်။

လင်းယုန်မောင်မောင်ရေးသားပြုစုခဲ့သော စာအုပ်များကို ကြည့်လျှင် တစ်နေရာတွင် ထင်ရှားကျော်ကြားခဲ့ရာမှ ကမ္ဘာအနှံ့ပျံ့နှံ့လာသည့် နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးအဖွဲ့အစည်းများအကြောင်းက အရေအတွက်များသည်ကိုတွေ့ရသည်။ ဥပမာ အိုက်ခမန်း၏ငရဲခန်းများ၊ ဟစ်တလာ၊ ကပ်စထရို၊ ချေဂွေဗားရား၊ ဟိုချီမင်း၊ ဒူရင်ဘတ်၏ စစ်ခုံရုံးမှတ်တမ်းများ၊ ပျောက်ဆုံးနေသော စစ်တရားခံမာတင်ဘောမန်း၊ ဂျူးမလေးအီဗာ၊ ကမ္ဘာကျော်ကွန်မန်ဒို အော်တိုစကော်ဇနီ၊ ဂျူလီယာ၊ ကျွန်မနာမည် မာရီယာ၊ ဒိုင်ယာနာဖြစ်ရပ်မှန်ဇာတ်လမ်း၊ ဂျက်ကီ၊ ဂျက်ကလင်းကနေဒီ အိုနာစစ်၊ မာသာထရီဇာနှင့် အက်ဖ်ဘီအိုင်အတွင်းရေး၊ ကေသုံးလုံး၊ ပုလဲဆိပ်ကမ်းမှ တစ်နေ့တာမှတ်တမ်း၊ စကော့တလန်ယာ့စ်စုံထောက်အဖွဲ့ကြီးစာအုပ်များဖြစ်သည်။

လင်းယုန်မောင်မောင်သည် တစ်ဖက်မှ ဘာသာပြန်စာအုပ်များကို ပြုစုသကဲ့သို့ တစ်ဖက်မှလည်း စာပေအဖွဲ့အစည်းများ၌ တာဝန်ယူဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

၁၉၅၁ ခုနှစ်တွင် အလင်းရောင်ဂျာနယ်၌ အယ်ဒီတာ၊ ၁၉၅၂ ခုနှစ်တွင် ပြည်သူ့စာပေမဂ္ဂဇင်း၌ အယ်ဒီတာ၊ ၁၉၅၉ ခုနှစ်တွင် လင်းယုန်ဂျာနယ်၌

အယ်ဒီတာ၊ ၁၉၆၁ ခုနှစ်တွင် ပိုလ်တထောင်သတင်းစာ၌ အယ်ဒီတာ၊ ၁၉၆၂ ခုနှစ်တွင် မော်ကွန်းသတင်းမဂ္ဂဇင်း၌ အယ်ဒီတာ၊ ၁၉၆၄ ခုနှစ်တွင် ချင်းတွင်းဂျာနယ်၌ အယ်ဒီတာ၊ ၁၉၆၈ ခုနှစ်တွင် ဥဒေါင်းဂျာနယ်၌ အယ်ဒီတာ၊ ၁၉၇၉ ခုနှစ်တွင် ရှုပ်ရှင်သတင်းစဉ်၌ အယ်ဒီတာ၊ ၁၉၈၅ ခုနှစ်၌ လုံမလေးမဂ္ဂဇင်း၌ အယ်ဒီတာစသော စာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို အယ်ဒီတာ တစ်ဦးအနေနှင့် ပါဝင်မြှင့်တင် ဆောင်ရွက်ခဲ့သည်။

ထို့အတူ ၁၉၅၉ ခုနှစ်က ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ရက်(မြန်မာနိုင်ငံ)တွင် ပါဝင်ခဲ့၍ ၁၉၆၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းနှင့် ၁၉၆၂ ခုနှစ်တွင် အမျိုးသားစာပေညီညွတ်ရေးအဖွဲ့များတွင် ပါဝင်လှုပ်ရှားခဲ့သည်။

လင်းယုန်မောင်မောင်၏ အထွဋ်ပွတို့ကိုရေးလျှင် သခင်ရွှေအကြောင်းသည်လည်း မပါမဖြစ်ပါရမည့် အကြောင်းအရာဖြစ်သည်။ လင်းယုန်မောင်မောင်အမည်ရင်းမှာ မောင်ရွှေဖြစ်သည်။ ၎င်း၏ မျိုးချစ်စိတ်ထက်သန်မှု အခန်းကဏ္ဍများကို ပြန်ပြောင်းကြည့်သောအခါ ဒုတိယကမ္ဘာစစ်မတိုင်မီက မုံရွာခရိုင် တို့ဗမာအစည်းအရုံးတွင် သခင်ရွှေအဖြစ်လည်းကောင်း၊ ဂျပန်ခေတ်တွင် မုံရွာခရိုင် အာရှလူငယ်အစည်းအရုံးတွင် အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

လင်းယုန်မောင်မောင်သည် လုံးချင်းစာအုပ် (၅၀) ခန့် ရေးသားခဲ့ပြီး ထင်ရှားသောစာအုပ်များမှာ အိုက်စမန်း၏ငရဲခန်း (၁၉၆၅)၊ ဟစ်တလာ (၁၉၆၅)၊ ကပ်စထရို (၁၉၆၆)၊ သွေးစွန်းသောနေ့ရက်များ (၁၉၆၆)၊ ယနေ့ကမ္ဘာ (၁၉၆၇)၊ ချေဂွေဗားရား (၁၉၆၇)၊ မောင်မိုက်သောနေ့ရက်များ (၁၉၇၁)၊ တောင်ကုန်းအမှတ် ၁၉၂ (၁၉၇၂)၊ ကြီးသုံးကြိုးလုပ်ကြံရန် ဟစ်တလာအကြံ (၁၉၇၃)၊ အက်ဖ်ဘီအိုင် (၁၉၈၁)၊ ဂျူလီယာ (၁၉၈၁) တို့ဖြစ်ကြသည်။

လင်းယုန်မောင်မောင်၏ 'သွေးစွန်းသော နေ့ရက်များ' စာအုပ်သည် ဆဋ္ဌမအကြိမ်အထိလည်းကောင်း၊ 'ဟစ်တလာ' စာအုပ်သည် ပဉ္စမအကြိမ်အထိလည်းကောင်း ပြန်လည်ရိုက်နှိပ်ထုတ်ဝေခဲ့ရသည်ကို တွေ့ရသည်။

လင်းယုန်မောင်မောင်သည် ၂၀၀၂ ခုနှစ်၊ မေလ (၂၅) ရက်နေ့၌ ကွယ်လွန်အနိစ္စရောက်ပြီးဇနီး ဒေါ်စန်းမြင့်နှင့်သားသမီးလေးဦး ကျန်ရစ်ခဲ့သည်။

လှမောင်၊ ဦး (စာပေဗိမာန်) (ခရစ် ၁၉၀၉-၂၀၀၂)။ ။ သက်ကြီးစာပေပညာရှင် ဦးလှမောင် (စာပေဗိမာန်) ကို ဖခင်၊ သစ်ကုန်သည် ဦးဘိုးဆင်၊ မိခင်ဒေါ်သင်တို့က ဟင်္သာတမြို့တွင် ၁၉၀၉ ခုနှစ်၊ မတ်လ ၃ ရက်နေ့၌ မွေးဖွားသည်။

ဦးလှမောင်
(စာပေဗိမာန်)

ဦးလှမောင် (စာပေဗိမာန်) သည် ၁၉၂၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်ယူသည်။ ၁၉၃၀ ပြည့်နှစ်မှ ၁၉၄၈ ခုနှစ်အထိ ဇလွန်မြို့နေရှင်နယ် အမျိုးသားကျောင်း၌ ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်သည်။ စစ်ပြီးခေတ် ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) စာတည်းဌာန၌ စာပြုအရာရှိအဖြစ် တာဝန်ထမ်းဆောင်သည်။ စာတည်းဌာန၌ တာဝန်ထမ်းဆောင်စဉ် ပဒေသာပင်များ၊ မြန်မာ့ စီးပွားရေး (ပ)၊ မြန်မာ့စီးပွားရေး (ဒု)၊ မြန်မာ့ စီးပွားရေး (တ)၊ စိုက်ပျိုးရေး၊ စစ်သားဂုဏ်ရည်၊ ကမ္ဘာ့ရိက္ခာပြဿနာ၊ မြေဆီလွှာသရုပ်ပြ၊ ကမ္ဘာ့စားဖို စသည့် လူထုပညာ ပေးစာစဉ်များကို ဘာသာပြန်ရေးသားပြုစုသည်။

ဦးလှမောင် (စာပေဗိမာန်)သည် ၁၉၅၂ ခုနှစ်တွင် စာတည်းဌာနမှ စီမံရေးရာဌာနသို့ အမှုဆောင်အရာရှိအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ စာပေဗိမာန်၏ စီမံကိန်း

လုပ်ငန်းများ အကောင်အထည်ပေါ်စေမည့် ညှိနှိုင်းဆက်စပ်ရေး အစီအစဉ်များကို ဆောင်ရွက်သည်။ ၁၉၅၇ ခုနှစ်တွင် UNESCO fellowship အစီအစဉ်ဖြင့် Book Publishing ပညာရပ်ကို အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်၊ အင်္ဂလန်၊ ပြင်သစ်၊ UNESCO-HQ ၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဂျပန်စသော နိုင်ငံများသို့ သွားရောက်လေ့လာသင်ယူသည်။

ဦးလှမောင် (စာပေဗိမာန်)သည် စာပေဗိမာန် စာတည်းဌာန၊ ပုံနှိပ် ထုတ်လုပ်မှုဌာန၊ အရောင်းဌာန၊ ငွေစာရင်းဌာနများ၏ လုပ်ငန်းများကို စီမံရေးရာဌာန ညှိနှိုင်းမှုအစီအစဉ်ဖြင့် မြန်မာ့စွယ်စုံကျမ်း အတွဲ ၁ မှ ၉ ထိ၊ တိရစ္ဆာန် ဆေးကု သိပ္ပံကျောင်းသုံးစာအုပ်များ၊ သမဝါ ယမပညာရပ် စာအုပ်များ၊ မြေတိုင်းပညာရပ် စာအုပ်များ၊ အခြေခံပညာ ကျောင်းသုံးစာအုပ်များကို ပုံနှိပ်ထုတ်ဝေသည်။ ၁၉၆၇ ခုနှစ်တွင် စာပေဗိမာန် ဒုတိယညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူသည်။

ဦးလှမောင် (စာပေဗိမာန်)သည် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

သခင် ခင်ဇော်(စာရေးဆရာ)(ခရစ် ၁၉၁၇-၂၀၀၂) ။ ။ သခင် ခင်ဇော်ကို မကွေးတိုင်း၊ ရေနံချောင်းမြို့တွင် အဘဦးဘစိန်နှင့် အမိဒေါ်ဖွားရင်တို့က ၁၉၁၇ ခုနှစ်၊ ဇူလိုင်လ (၆) ရက်နေ့၌ မွေးဖွားခဲ့သည်။ မွေးချင်းများတွင် အကြီးဆုံးသားဖြစ်သည်။

စာရေးဆရာ
သခင်
ခင်ဇော်
(၁၉၁၇-
၂၀၀၂)

ရေနံချောင်းမြို့၊ အမျိုးသားအထက်တန်းကျောင်းမှ (၁၀) တန်းအောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်၌ ဥပစာ(သိပ္ပံ)တန်းတွင် ပညာသင်ကြားလျက်ရှိစဉ် ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်တွင် ပါဝင်ခဲ့ပြီး ကျောင်းထွက်ခဲ့လေသည်။

သခင် ခင်ဇော်သည် ရေနံချောင်းမြို့ဘီအိုစီ ရေနံကုမ္ပဏီတွင် စာရေးအဖြစ်အမှုထမ်းစဉ် ၁၃၀၀ ပြည့်နှစ် ရေနံမြေအလုပ်သမားအရေးတော်ပုံတွင် ခေါင်းဆောင်တစ်ဦးအဖြစ် ရှေ့တန်းမှပါဝင်ခဲ့သည်။ ထို့အပြင် ရေနံချောင်းမြို့နယ် တို့ဗမာအစည်းအရုံးဥက္ကဋ္ဌအဖြစ်ဖြင့်လည်း ဆောင်ရွက်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် မကွေးထောင်၌ အကျဉ်းချခံရပြီး မော်လိုက်မြို့သို့ နယ်နှင်ခြင်းခံရသည်။

နိုင်ငံချစ်စိတ်နှင့် အမျိုးချစ်စိတ်ထက်သန်သော သခင် ခင်ဇော်သည် ၁၉၄၈ ခုနှစ်တွင် ဖဆပလအဖွဲ့ချုပ် အလုပ်သမားဌာနတွင် ဒုတိယအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုစဉ်တွင် စာပေရေးသားပြုစုခြင်းကို ဝါသနာထုံသောသခင် ခင်ဇော်သည် 'အလုပ်သမားများသိစရာ' ချစ်မာန်နတ် (ဝတ္ထုတို)၊ အမေရိကန်ဒေါ်လာနယ်ချဲ့စနစ် (နိုင်ငံရေး) စာအုပ် ၃ အုပ်ကိုရေးသားထုတ်ဝေခဲ့သည်။ ၁၉၅၅ မှ ၁၉၆၀၊ ၅ နှစ်တာကာလတွင် ဗမာပြည် အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ် (ဘီဘီယူစီ) ၌ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ပြည်သူ့ပန်းတိုင်ဂျာနယ်၌ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ သခင် ခင်ဇော် ရေးသားခဲ့သောစာအုပ်များမှ ထင်ရှားသည့် လက်ရာများမှာ ဆိုရှယ်လစ်စနစ်နှင့်စပ်ကူးမပ်ကူးကာလ (၁၉၆၅)၊ သုံးရာပြည့်အောင်မြေ (ဝတ္ထုရှည်) (၁၉၆၄)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သမားသမဂ္ဂဥပဒေ (ဘာသာပြန်)၊ ဆိုဗီယက်ယူနီယံ အလုပ်သမားလောက (ဘာသာပြန်)၊ ဒို့လမ်း (ဘာသာပြန်ဝတ္ထု) တို့ဖြစ်သည်။

၁၉၆၅ ခုနှစ်တွင် 'ပြည်သူ့လုပ်သားကြေးမုံ' စာအုပ်ဖြင့် နိုင်ငံရေးဆိုင်ရာ စာပေ (တတိယ) အမျိုးသားစာပေဆု ရရှိခဲ့သည်။ ထိုစာအုပ်သည် 'စာမူ'အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်၍ ၁၉၆၈ ခုနှစ်ရောက်မှ စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ သခင် ခင်ဇော်သည် အလုပ်သမားများဘက်မှ အမြဲရပ်တည်၍စာရေးလေ့ရှိသည်။ 'ပြည်သူ့လုပ်သားကြေးမုံ' စာအုပ်ကိုကြည့်လျှင် ထိုသဘောကို

တွေ့ရသည်။ မြန်မာနိုင်ငံ အလုပ်သမားတို့၏အတိတ်ခေတ်၊ ကိုလိုနီလက်အောက်ခံဘဝမှ တော်လှန်ရေးအစိုးရလက်ထက် ပြည်သူ့အလုပ်သမားကောင်စီအထိ အဆင့်ဆင့်ခြယ်မှုန်းဖော်ပြထားသည့်စာအုပ်ဖြစ်သည်။ ဤသို့ အလုပ်သမားလှုပ်ရှားမှုများကို ဖော်ပြရာတွင် နောက်ခံနိုင်ငံရေးအဖြစ်အပျက်ကိုလည်း ကမ္ဘာနှင့်မြန်မာခိုနိုင်းထိုး၍ ဖော်ပြသွားလေသည်။ အလုပ်သမားဥပဒေများ၊ အလုပ်သမားသပိတ်များ၊ လွတ်လပ်ရေးလှုပ်ရှားမှု အရေးတော်ပုံများကိုလည်း ဖော်ပြရေးသားထားသည်။ စင်စစ် ပြည်သူ့လုပ်သားကြေးမုံသည် နိုင်ငံရေးသမိုင်းကျမ်းငယ်တစ်စောင် အနေဖြင့်လည်းကောင်း၊ အလုပ်သမားသမိုင်းတစ်စောင် အနေဖြင့်လည်းကောင်း မြန်မာစာပေသမိုင်းတွင် မှတ်တမ်းတင်အပ်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။

၁၉၆၉ ခု မေလတွင် 'ဗမာ့လွတ်လပ်ရေးနှင့် အလုပ်သမားတိုက်ပွဲ' စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

စင်စစ် သခင် ခင်ဇော်၏ စာပေဘဝကိုအစမှ ပြောလျှင် ၁၉၃၉ ခု ရှေ့ဆောင်သတင်းစာ၌ ကဗျာများ၊ ဆောင်းပါးများရေးရာမှ မြစ်ဖျားခံခဲ့သည်ဟု ဆိုရမည်။ ဘာလဲဟဲ့ မျိုးချစ်စိတ်၊ အလုပ်သမားများသိစရာ၊ ကမ္ဘာ့လုပ်သားလောက၊ ကိုးချက်ညီပြည်ချစ်ပန်း (ပြဇာတ်) စာအုပ်များကိုလည်း ရေးသားခဲ့သည်။ ရှေ့ဆောင်သတင်းစာနှင့် ကြီးပွားရေးမဂ္ဂဇင်းများ၌ ဆောင်းပါးများရေးသောအခါ ရေနံမြေ သခင် ခင်ဇော်ဟူသော ကလောင်နှင့်ဖြစ်သည်။ ဗမာပြည် အလုပ်သမားအစည်းအရုံးအဖွဲ့ချုပ် (ဘီဘီယူစီ)မှ ဖြန့်ချိသော လုပ်သားနိဂျာနယ်၊ ဗိုလ်ချုပ်အောင်ဆန်းအစ်ကို ဦးအောင်သန်းထုတ်ဝေသော ပြည်သူ့ဂျာနယ်၊ ဗမာအမျိုးသမီးပုံနှိပ်တိုက်မှ ဦးစောလွင်ဖြန့်ချိသော လမ်းစဉ်ဂျာနယ်နှင့် ပန်းတိုင်ဂျာနယ်တို့တွင် တူနီ၊ ညိမ်းခင်အမည်ဖြင့် စာများရေးသားခဲ့သည်။ လုပ်သားဂျာနယ်၌မူ သခင် ခင်ဇော်၊ ငြိမ်းခင်၊ ရေနံ့သာခင် ကလောင်အမည်များဖြင့် ဆောင်းပါးများရေးကာ 'ဖြူမဲ' ကလောင်အမည်ဖြင့် တစ်ခန်းရပ်ပြဇာတ်၊ လုပ်သားသင်္ကြန်စာများကို ရေးခဲ့သည်။

သခင် ခင်ဇော်သည် စာပေသာမက၊ ဂီတနှင့် ပြဇာတ် အသံလွှင့်ခြင်းဆိုင်ရာကိစ္စများကိုလည်း လုပ်ဆောင်ခဲ့သေးသည်။ လုပ်သားကြေးမုံ တေးဂီတအဖွဲ့နှင့် လုပ်သားကြေးမုံ ပဒေသာကပွဲတွင် ဒါရိုက်တာအဖြစ်လည်းကောင်း၊ လူသာလျှင် ပဓာနပင်၊ လုပ်သားဂုဏ်ရည် ချွေးစစ်သည်၊ ပြည်သူ့အလုပ်သမားကောင်စီ၊ လုပ်သားကြေးမုံ တေးရိပ်မြုံ၊ 'ပန်းစုံပွင့်လန်းသည်' စသည့်သီချင်းများကို တေးဖွဲ့၍ အသံလွှင့်ဇာတ်လမ်းများကိုလည်း ရေးသားခဲ့သည်။

သခင် ခင်ဇော်သည် ခေတ်ကာလအဆက်ဆက်တွင် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် အဖွဲ့အစည်းအသီးသီးမှ ပါဝင်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားရုံးကြီးကြပ်သူ တွဲဖက်အလုပ်သမားအရာရှိ၊ ဗဟို အလုပ်သမားကောင်စီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (အချိန်ပြည့်)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင်၊ တတိယအကြိမ် ပြည်သူ့လွှတ်တော်၊ မကွေးတိုင်း၊ ချောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံတော်ကောင်စီဝင်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) လွတ်လပ်ရေးမော်ကွန်းဝင်တံဆိပ်၊ အရေးတော်ပုံတံဆိပ်တို့ကို ချီးမြှင့်ခံရသည်။ ၁၉၈၉ ခုနှစ်တွင် "မြန်မာနိုင်ငံရေး ခေတ်အပြောင်းအလဲနှင့် ပြည်တွင်း ကုန်တင်ကုန်ချ အလုပ်သမားဘဝ" (နိုင်ငံရေးစာပေ) စာပေဗိမာန်စာမူဖြင့် တတိယဆုရရှိခဲ့သည်။

သခင် ခင်ဇော်သည် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ပိုလန်၊ ချက်ကိုစလိုဗက်ကီးယား၊ ဆိုဗီယက် ယူနီယံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့ အလုပ်သမားကိုယ်စားလှယ်အဖြစ် သွားရောက်လေ့လာခဲ့သည်။

မြန်မာနိုင်ငံ အလုပ်သမားရေးရာများကို ကျွမ်းကျင်ပိုင်နိုင်စွာရေးသားနိုင်သည့် စာရေးဆရာနည်းပါးလှပေရာ သခင် ခင်ဇော်အား အလုပ်သမားရေးရာများကိုသာ စိုက်လိုက်မတ်တတ်ရေး၍ မြန်မာစာပေလောက၏ဟာကွက်ကို ဖြည့်ဆည်းပေးသူ၊ အလုပ်သမားရေးရာ စာပေမှတ်တိုင်စိုက်ခဲ့သူဟူ၍ ဆိုရမည်ဖြစ်သည်။

သခင် ခင်ဇော်သည် ၂၀၀၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့၌ ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်သည်။

သခင် ခင်ဇော်၏ ဇနီးမှာ ဒေါ်သန်းသန်းဖြစ်သည်။ ကွယ်လွန်ချိန်၌ စာရေးဆရာရေနံမြေ ခင်မောင်ဇော် အပါအဝင် သားသမီး (၁၁) ယောက်၊ မြေး (၂၁) ယောက်၊ မြစ် (၇) ယောက်ကျန်ရစ်ခဲ့သည်။

သန်းဆွေ၊ ဒေါ်(ပထမဆုံးအမျိုးသမီး မြန်မာစာပါမောက္ခ)(ခရစ် ၁၉၂၀- ၂၀၀၂) ။ ။ မြန်မာ့ပညာရေးလောကတွင် ပထမဆုံးအမျိုးသမီးမြန်မာစာပါမောက္ခလည်းဖြစ်၍ မြန်မာစာနှင့် ပတ်သက်ဆက်နွယ်မှုတိုင်းအတွက် အရေးပါသူတစ်ဦးဖြစ်သည့် ဆရာမကြီးဒေါ်သန်းဆွေကို ၁၉၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂၉) ရက်၌ မန္တလေးတိုင်း၊ အမရပူရမြို့နယ် လိပ်ဆံခွံ (လိပ်ဆံခွန်-မူကွဲ)တွင် အဘလိပ်ဆံခွံရွာအလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးစက်ရုံနှင့်အမိဆရာမ ဒေါ်ထွေးတို့က မွေးဖွားသည်။ ဒေါ်သန်းဆွေသည် မောင်နှမသားချင်းများတွင် သမီးဦးဖြစ်သည်။

ပထမဆုံးအမျိုးသမီး မြန်မာစာပါမောက္ခ
ဒေါ်သန်းဆွေ

၁၉၃၃ ခုနှစ်၌ ဖခင်၏ကျောင်းမှ မြန်မာအလယ်တန်း (၇) တန်းအောင်သည်။ ၁၉၃၅ ခုနှစ်တွင် မန္တလေးဗုဒ္ဓဘာသနနုဂ္ဂဟ မိန်းကလေးကျောင်း (B.T.N) မှ အင်္ဂလိပ်မြန်မာ (၇) တန်းအောင်သည်။ ၁၉၃၈ ခုနှစ်တွင် မန္တလေး (A.B.M) မိန်းကလေးကျောင်းမှ ၁၀ တန်းအောင်သည်။

၁၉၄၁ ခုနှစ် မြန်မာစာဂုဏ်ထူးတန်းတက်နေဆဲတွင် ဒုတိယကမ္ဘာစစ်ဖြစ်ပြီး၊ စစ်ပြီးကာလ ၁၉၄၇ ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့ရ၍ ၁၉၄၉ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ဂုဏ်ထူးဖြင့်အောင်မြင်သည်။ ဘွဲ့ယူကျမ်းမှာ "စိန္တာကျော်သူ ဦးဩနှင့် သူစာပေ" ဖြစ်သည်။

ဝိဇ္ဇာဂုဏ်ထူးဘွဲ့ရသည့် ၁၉၄၇ ခုနှစ်မှာပင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ နည်းပြဆရာအဖြစ်နှင့် ပညာရေးလောကသို့ လုပ်ငန်းစတင်ဝင်ရောက်ခဲ့သည်။ မဟာဝိဇ္ဇာဘွဲ့ရသော ၁၉၄၉ ခုနှစ်တွင် လက်ထောက်ကထိကရာထူးသို့ တိုးမြှင့်ခြင်းခံရပြီး၊ ၁၉၅၁ ခုနှစ်တွင် ကထိကရာထူးသို့တိုးမြှင့်ခြင်းခံရသည်။

ဒေါ်သန်းဆွေသည် တက္ကသိုလ်မြန်မာဘာသာရပ် ပင်ရင်းမြန်မာစာကိုသင်ကြားရာ၌ ပြောင်မြောက်လှပြီး သင်ကြားပုံစနစ်ကျခြင်း၊ မြန်မာစာမြန်မာဘာသာရပ်အပေါ်တွင် ဂရုတစိုက်ရှိလှစွာ အာရုံဝင်စားသင်ကြားတတ်ခြင်းတို့ကြောင့် အသင်အပြကောင်းသူဆရာမအဖြစ် တက္ကသိုလ်မြန်မာစာလောကတွင် ထင်ရှားခဲ့သည်။

ဒေါ်သန်းဆွေသည် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနတွင် ပါမောက္ခအဖြစ်နှင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ အသက်အရွယ်အရ အငြိမ်းစားယူခဲ့သော်လည်း ပျူစာ၊ မင်စာ၊ သုတေသနလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့သည်။ ယင်းတို့နှင့်ပတ်သက်၍ စိတ်ဝင်စားသောတပည့်များအား ပြင်ပမှဆက်လက်ပို့ချပေးခဲ့သည်။

ဒေါ်သန်းဆွေသည် စာတော်ဖတ်ရာထူးဖြင့် စာပေသုတေသနများကို ဆောင်ရွက်ခဲ့ကာ စာတမ်းဖတ်ပွဲများ၌လည်း စာတမ်းပေါင်းများစွာကို ဖတ်ကြား တင်သွင်းခဲ့သည်။ ထိုစာတမ်းများအနက် "မြန်မာဘာသာစကား၊ မြန်မာကျောက်စာ စာတမ်း"

စာအုပ်၊ မော်လမြိုင်ကောလိပ်၌ မြန်မာ စာဌာနမှူး အဖြစ် ဆောင်ရွက်နေစဉ် ၁၉၆၉-၇၀ မြန်မာနိုင်ငံ ဘာသာစာပေနှင့် ယဉ်ကျေးမှုပညာရပ်ဆိုင်ရာ သုတေသနဆွေးနွေးပွဲတွင် တင်သွင်းဖတ်ကြားခဲ့သော 'ရွှေစည်းခုံ မွန်ကျောက်စာ လေ့လာချက် စာတမ်း' ကို စာအုပ်အဖြစ် မြန်မာစာအဖွဲ့က ထုတ်ဝေခဲ့သောစာအုပ်၊ အငြိမ်းစားယူပြီးနောက် ဒေါ်သန်းဆွေ၊ မြန်မာပါမောက္ခ (အငြိမ်းစား) အမည်ဖြင့် ရေးသားသည့် "ပျူစာ ခင်ဘရွှေပေချပ် ဓာတ်ပုံ" စာအုပ်များက အဖိုးထိုက်တန်လှစွာသော သုတေသနစာအုပ်များအဖြစ် မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားခဲ့သည်။

ယခင်ခေတ်ကာလ၏ အဖွဲ့အစည်းအမည်အရ စာပေလုပ်သားအဖွဲ့တွင် ကမာရွတ်မြို့နယ်၊ စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌနှင့် နာယကတာဝန်များကို ယူခဲ့သည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့တွင် အဖွဲ့ဝင်အမှုဆောင်အဖြစ် (၈) နှစ်မျှ ဆောင်ရွက်ခဲ့သည်။ တတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် မြစ်သားမြို့နယ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့၍ ၁၉၈၃ ခုမှစ၍ မြန်မာစာအဖွဲ့ ဦးစီးဌာန၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဒေါ်သန်းဆွေသည် မြန်မာစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ကန်တော့ခံသက်ကြီးစာပေပညာရှင်အဖြစ်သာမက ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ နှစ် (၆၀) ပြည့်အထိမ်းအမှတ် အာစရိယပူဇော်ပွဲတွင် အကန်တော့ခံခဲ့ရသူဖြစ်သည်။ ထို အာစရိယပူဇော်ပွဲတွင် ဆရာမကြီးက "လောကတွင် သစ္စာလေးပါးတရားအမြဲရှိသည်။ ဤသစ္စာတရား လေးပါးကို ဖော်ပြတော်မူမည့်သူ ပေါ်ပေါက်လာသည်ကို ဘုရားပွင့်တော်မူသည်ဟု ခေါ်ရသည်။ သစ္စာလေးပါးတရားသည် လောကကြီး၏ကောင်းကျိုးချမ်းသာကို ဆောင်တော်မူသည်" ဟူ၍ မှာတမ်းစကားခွေခဲ့သည်မှာ နောင်လာနောက်သားများအတွက် မှတ်သားစရာကောင်းလှပေသည်။

ဒေါ်သန်းဆွေသည် မကွယ်လွန်မီ ဝင္ဆုဝန် အိမ်ရာ၊ တိုက်နံပါတ် (၅)၊ အခန်း (၁၂) ၌ နေထိုင်ရင်း ရေချိုးခန်းတွင် ချော်လဲသောဒဏ်ရာကြောင့် လမ်းမလျှောက်နိုင်ဘဲ အိပ်ရာထဲတွင် လဲနေခဲ့ရသည်။ ဒေါ်သန်းဆွေသည် ၂၀၀၂ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့၌ ရန်ကုန်မြို့ အာရှတော်ဝင်ဆေးခန်းတွင် ကွယ်လွန်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု ။ ။ အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းတပ်ဖွဲ့များသည် အာဖဂန်နစ္စတန်တွင် တာလီဘန်တို့နှင့် အယ်လ်ကိုင်ဒါတို့အပေါ် ဆင်နွှဲသည့် စစ်ပွဲမှာ အောင်မြင်မှုရရှိသည်။ သို့ဖြစ်၍ အမေရိကန်ပြည်သူတို့သည် သမ္မတဘုရှ်၏ ဦးဆောင်မှုကို ကျေနပ်အားရနေကြသည်။ ဤသို့သောအခါသမယတွင် သမ္မတဘုရှ်သည် ပြည်ထောင်စုအခြေအနေမိန့်ခွန်းကို ဇန်နဝါရီ ၂၉ ရက်နေ့က ကွန်ဂရက်တွင် ပြောကြားခဲ့သည်။ ဤသို့ မိန့်ခွန်းပြောမှုသတင်းကို ရုပ်မြင်သံကြားအစီအစဉ်မှလည်း တိုက်ရိုက်လွှင့်ထုတ်ခဲ့ရာ ပြည်တွင်းကသာမက နိုင်ငံတကာကပင် စိတ်ဝင်စားစွာ စောင့်ကြည့်နားဆင်ခဲ့ကြသည်။

ဤမိန့်ခွန်းတွင် သမ္မတဘုရှ်က "အကြမ်းဖက်မှုဆန့်ကျင်ရေး ကျွန်ုပ်တို့၏ စစ်ပွဲသည် ယခုအစသာရှိသေးကြောင်း၊ . . . အီရန်၊ အီရတ်နှင့် မြောက်ကိုရီးယားတို့ ပါဝင်ဖွဲ့စည်းထားသည့် 'မကောင်းဆိုးဝါးဝင်ရိုးတန်းအဖွဲ့'ကို အမေရိကန်ပြည်ထောင်စုက ဆန့်ကျင်သွားမည်ဖြစ်ကြောင်း၊ ထိုသုံးနိုင်ငံတို့က အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များကို ထုတ်လုပ်ရန် ကြိုးပမ်းနေကြောင်း၊ အီရတ်နှင့် အီရန်တို့သည် နိုင်ငံတကာ အကြမ်းဖက်သမားများကို လက်ခံသိုဝှက်လျက် သင်တန်းပေး လမ်းညွှန်နေကြောင်း"တို့ကို ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်သမ္မတ၏ မိန့်ခွန်းနှင့်စပ်လျဉ်း၍ ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသရှိ မဟာမိတ်နိုင်ငံများက စိုးရိမ်ခဲ့ကြသည်။ ၎င်းနိုင်ငံများက အကြမ်းဖက်မှု ဆန့်ကျင်ရေးစစ်ပွဲကို အာဖဂန်နစ္စတန်ထက် ကျော်လွန်ဖြန့်ကြက်မှုကို မလိုလားဘဲရှိနေကြသည်။ သမ္မတဘုရှ်၏ မိန့်ခွန်းကို ဆီးနိတ်လွှတ်တော်ရှိ ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်တွမ်းဒက်ရွဲလ်က ထောက်ခံခဲ့သည်။ ကြိုတင်ကာကွယ်မှု ရယူရေး၊ လက်ဦးမှုရယူ တိုက်ခိုက်ရေးတို့ကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။

သမ္မတ ဘုရှ်သည် ၂၀၀၂ ခုနှစ်အတွက် ကာကွယ်ရေး အသုံးစရိတ်ခွင့်ပြုငွေ ဥပဒေကြမ်းကို ဇန်နဝါရီလ ၁၀ ရက်နေ့က ရေးထိုးအတည်ပြုပေးခဲ့သည်။ ထိုဥပဒေကြမ်းအရ ကာကွယ်ရေးအတွက် အသုံးစရိတ် ဒေါ်လာ ၃၁၇ ဒသမ ၅ ဘီလီယံကို

အာဖဂန်နစ္စတန်တွင် အမေရိကန်စစ်ရဲများက အယ်လ်ကိုင်ဒါတို့နှင့်အဆက်အသွယ်ရှိသူတစ်ဦးအား ဖမ်းဆီးပြီးအကျဉ်းစခန်းသို့ လွှဲပြောင်းပေးရန် ခေါ်လာစဉ်

ခွင့်ပြုပေးခဲ့သည်။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အောက်လွှတ်တော်က ၄၀၈ မဲ- ၆ မဲဖြင့် လည်းကောင်း၊ အထက်လွှတ်တော်က ၉၄ မဲ-၂ မဲဖြင့်လည်းကောင်း အသီးသီးအတည်ပြုပေးခဲ့ကြသည်။

အာဖဂန်နစ္စတန် စစ်ပွဲ၌ ဖမ်းဆီးမိသော အယ်လ်ကိုင်ဒါနှင့် တာလီဘန်တို့အား အမေရိကန်စစ်ဘက် အာဏာပိုင်များက ကန်ဒါဟာ၌လည်းကောင်း၊ အာရေဗျပင်လယ်တွင်းရှိ အမေရိကန်စစ်သင်္ဘောတစ်စင်းပေါ်၌ လည်းကောင်း ထိန်းသိမ်းထားခဲ့သည်။ ဤသို့ ဖမ်းဆီးမိသူများနှင့် ပတ်သက်၍ အမေရိကန်နှင့် မဟာမိတ်အစိုးရတို့အကြား အငြင်းပွားခဲ့ကြသည်။ ၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ မလိုက်နာဘဲ ထိုသို့ ဖမ်းဆီးခံထားရသူများအား စစ်သံ့ပန်းအဆင့်ကို မပေးဘဲထားခဲ့သည်။ အမေရိကန် စစ်ဘက်အာဏာပိုင်တို့က ထိုသူများအား "ဥပဒေမဲ့တိုက်ခိုက်သူများ" ဟုလည်းကောင်း၊ "စစ်မြေပြင်တွင် ဖမ်းဆီးခံရသူများ" အဖြစ်လည်းကောင်း သတ်မှတ်ထားခဲ့ကြသည်။ ထိုသူတို့အား စစ်သံ့ပန်းအဆင့်သတ်မှတ်ခဲ့လျှင် ကောင်းစွာပြုစုစောင့်ရှောက်ထားရမည်ဖြစ်သည်။ ထို့ပြင် သူတို့အား စစ်ခုံရုံးဖြင့် မစစ်ဆေးဘဲ စစ် တရားရုံး သို့မဟုတ် အရပ်ဘက်တရားရုံးတွင် တရားစီရင်ရမည်ဖြစ်သည်။ ထိုသူများအား မျက်နှာဖုံးများစွပ်လျက်လည်းကောင်း၊ မျက်စိပိတ်စည်းလျက် လည်းကောင်း၊ လက်ထိပ်များခတ်လျက် လည်းကောင်း၊ ကြမ်းပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်စေလျက်လည်းကောင်း ဖော်ပြသည့်ဓာတ်ပုံများ ပေါ်ထွက်လာသည့်အခါ အမေရိကန်နှင့် မဟာမိတ်တို့အကြား အငြင်းပွားမှုသည် ပိုမိုပြင်းထန်လာခဲ့သည်။ ထိုသူများအား အမေရိကန်တို့သည် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျူးဘားကျွန်းရှိ ဂွမ်တာနာမို ရေတပ်စခန်းသို့ လွှဲပြောင်းပေးပို့ခဲ့သည်။

စက်တင်ဘာ ၁၁ ရက် အရေးအခင်းတွင် အကြမ်းဖက်မှုများနှင့် ပတ်သက်နေသော မော်ရိုကို လူမျိုး ပြင်သစ်နိုင်ငံသား ဇာကရိယပ်စ်မူဆာဝီအပေါ် စွဲချက် ၆ ခုဖြင့်လည်းကောင်း၊ ဖိနပ်ဗုံးသမားဟု နာမည်ကြီးခဲ့သော အမေရိကန်ပိုင်လေယာဉ်လိုင်းမှ လေယာဉ်တစ်စီးအားဖျက်ချရန် ကြိုးပမ်းခဲ့သော ပြိတိသျှနိုင်ငံသား ရစ်ချဒ်ရိဒ်အပေါ် စွဲချက် ၉ ခုဖြင့် လည်းကောင်း သက်ဆိုင်ရာ အမေရိကန်တရားရုံးများက ဇန်နဝါရီလအတွင်း စွဲချက်တင်ခဲ့သည်။

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စီအင်အေသတင်းဌာနက အိုစမာဘင်လာဒင်နှင့် အယ်လ်ကာဂိုးရား ရုပ်မြင်သံကြားဌာနမှ သတင်းထောက်တစ်ဦး တို့၏ တွေ့ဆုံမေးမြန်းခန်းကို ဖော်ပြသည့်အသံသွင်းတိတ်ခွေကို ထုတ်ပြန်လိုက်သည်။ အိုစမာဘင်လာဒင်နှင့် အဆိုပါသတင်းထောက်တို့သည် အောက်တိုဘာလအတွင်းက တွေ့ဆုံမေးမြန်းခဲ့သည်။ သတင်းထောက်က ဘင်လာဒင်အား စက်တင်ဘာ ၁၁ တိုက်ခိုက်မှုကို ဦးဆောင်လမ်းညွှန်ခဲ့မှုရှိ၊ မရှိကို မေးမြန်းခဲ့သည်။ ဘင်လာဒင်က "ပြည်သူ လူထုအား လုံ့ဆော်မှုကို အကြမ်းဖက်မှုဟု ခေါ်ဆိုခဲ့လျှင် ကျွန်ုပ်တို့၏သားများကို သတ်သူတို့အား ကျွန်ုပ်တို့က သတ်ဖြတ်ခြင်းကို အကြမ်းဖက်မှုဟု ခေါ်ဆိုကြလျှင် ကျွန်ုပ်တို့အား အကြမ်းဖက်သမားများဟု သမိုင်းကသက်သေတည်ပါစေ" ဟု

ဖြေကြားခဲ့သည်။ ဤသို့ပြောဆိုချက်ကို ထောက်လျက် အိုစမာဘင်လာဒင်သည် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုတွင် အဓိကတရားခံဖြစ်သည်ဟု မှတ်ယူကြသည်။

၂၀၀၃ ခု ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်ကို သမ္မတဘုရှ်သည် ဖေဖော်ဝါရီလ ၄ ရက်နေ့က ကွန်ဂရက်သို့ တင်သွင်းခဲ့သည်။ ဒေါ်လာ ၂၁၃၀ ဘီလီယံတန်ဖိုးရှိသော ဘတ်ဂျက် အဆိုပြုချက်တွင် ဘတ်ဂျက်လိုငွေမှာ ဒေါ်လာ ၈၀ ဘီလီယံဖြစ်သည်။ ဘတ်ဂျက်လိုငွေပြမှုသည် ဒုတိယနှစ်အတွက်လည်း ဆက်လက်ဖြစ်ပေါ်နေကြောင်း ထင်ရှားခဲ့သည်။ ဤဘတ်ဂျက် အဆိုပြုချက်တွင် ထင်ရှားသော အချက်မှာ ကာကွယ်ရေးအသုံးစရိတ်သည် ဒေါ်လာ ၃၇၈ ဒသမ ၆ ဘီလီယံအထိရှိလာပြီး ရာခိုင်နှုန်း အားဖြင့် ၁၃ ဒသမ ၇ ရာခိုင်နှုန်းဖြင့် တက်လာခြင်း ဖြစ်သည်။ ကာကွယ်ရေးအသုံးစရိတ်တွင် ရုရှားက ဒေါ်လာ ၄၈ ဘီလီယံ၊ တရုတ်က ဒေါ်လာ ၄၁ ဘီလီယံ၊ ဗြိတိန်က ဒေါ်လာ ၃၄ ဘီလီယံ အသီးသီး ရှိနေသည်။ ထိုအသုံးစရိတ်များနှင့် နှိုင်းယှဉ်လျှင် အမေရိကန်ပြည်ထောင်စု၏ ကာကွယ်ရေးအသုံးစရိတ်မှာ များစွာလွန်ကဲနေကြောင်း တွေ့ရှိရသည်။ ထို့ပြင် ဤဘတ်ဂျက်အဆိုပြုချက်၌ လက်ဝဲသူပုန်များအား နှိမ်နင်းရန် ကိုလံဘီယာစစ်တပ်အတွက် ဒေါ်လာ ၉၈ သန်း ထောက်ပံ့ရေးလည်း ပါရှိသည်။

အမေရိကန်က အာဖဂန်နစ္စတန်ကို စစ်ရေးအရဝင်ရောက်တိုက်ခိုက်ခဲ့သည်မှာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့်အညီ ဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးကောလင်းပါဝဲလ်က အီရန်နှင့် မြောက်ကိုရီးယားတို့အပေါ် စတင်တိုက်ခိုက်ရန် အစီအစဉ် မရှိသေးကြောင်း သို့သော် အီရန်နှင့် ပတ်သက်၍ အစိုးရအပြောင်းအလဲပြုလုပ်ရေးသည် နှစ်ပေါင်းများစွာက ထားရှိခဲ့သော အမေရိကန် မူဝါဒဖြစ်ကြောင်း၊ အီရတ်အနေဖြင့် စစ်ကို ရှောင်လွှဲလိုလျှင် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့များကို လက်ခံခွင့်ပြုရမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ဆီးနိတ်ကော်မတီတစ်ရပ်အား ပြောကြားခဲ့သည်။

ဂွမ်တာနာမို ပင်လယ်အော်ရှိ အမေရိကန် ရေတပ်စခန်းတွင် ထိန်းသိမ်းထားသော တာလီဘန် တို့အား ၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ ကာကွယ်စောင့်ရှောက်ထားမည်ဖြစ်ကြောင်း သမ္မတဘုရှ်က ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ သို့ရာတွင် ထိန်းသိမ်းခံထားရသူတို့သည် ပုံမှန်အမြဲတမ်း စစ်တပ်မှ မဟုတ်သောကြောင့် စစ်သံ့ပန်းအဆင့်ကို မပေးနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ သူတို့အား အကြမ်းဖက်သူများအဖြစ်ပင် သတ်မှတ်ထားခဲ့သည်။

စက်တင်ဘာ ၁၁ တိုက်ခိုက်မှု ၆ လမြောက် အထိမ်းအမှတ်နေ့ကို မတ်လ ၁၁ ရက်နေ့က အိမ်ဖြူတော်တွင် ကျင်းပခဲ့သည်။ ဤအခမ်းအနားတွင် သမ္မတဘုရှ်က အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲ၏ ဒုတိယအဆင့်ကို ထုတ်ဖော် ကြေညာခဲ့သည်။ ဤဒုတိယအဆင့်တွင် ရည်မှန်းချက်နှစ်ရပ်ထားရှိကြောင်း၊ ပထမရည်မှန်းချက်မှာ အာဖဂန်နစ္စတန်မှအပ အခြားနိုင်ငံများတွင် အယ်လ်ကိုင်ဒါကွန်ဂရက်မှ အဖွဲ့ဝင်များကို ပြန်လည်စုစည်းခွင့် မရအောင် ပြုလုပ်ရေးဖြစ်ကြောင်း၊ ဒုတိယရည်မှန်းချက်မှာ ကောက်ကျစ်စဉ်းလဲသောနိုင်ငံများ၊ အကြမ်းဖက်အဖွဲ့အစည်းများက အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ မထုတ်လုပ်နိုင်ရေး သို့မဟုတ် ယင်းလက်နက်များ ထုတ်လုပ်နိုင်သည့် နည်းလမ်းများမရရှိအောင် ဟန့်တားရေးဖြစ်ကြောင်း ရှင်းလင်းပြခဲ့သည်။

ထို့ပြင် ကမ္ဘာအနှံ့ခြေဆံ့သော အကြမ်းဖက်မှုဖြင့် မသက်ဝင်သူတို့အား ဖမ်းဆီးမိရန် ကြိုးပမ်းနေသည့် မိတ်ဆွေပီသသော နိုင်ငံများအား ကူညီမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ၏ အန္တရာယ်နှင့် ရင်ဆိုင်နေရချိန်တွင် "မလှုပ်မရှားနေခြင်းသည် ရွေးချယ်ရမည့်လမ်းမဟုတ်" ကြောင်း ယင်းသို့သော သူများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်မရှိ၊ အကြမ်းဖက်ဆန့်ကျင်ရေးတွင် ကြားနေဝါဒမရှိကြောင်းတို့ကိုလည်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းသော သံမဏိများနှင့် စပ်လျဉ်း၍ အကောက်ခွန်များ တိုးမြှင့်ကြောင်းကို မတ်လ ၅ ရက်နေ့တွင် သမ္မတဘုရှ် ကြေညာခဲ့သည်။ ပြည်တွင်းသံမဏိလုပ်ငန်းများ၏ အကျိုးစီးပွားကို ကာကွယ်ရေးအတွက် တင်သွင်း



အရှေ့အလယ်ပိုင်းအရေးနှင့်စပ်လျဉ်းပြီး မိန့်ခွန်းပြောကြားနေသည့် အမေရိကန်သမ္မတဘုရှ်

လာသည့် သံမဏိပစ္စည်းများ၏ အမျိုးအစားအလိုက် အကောက်ခွန်ကို ၈ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း အထိ မတ်လ ၂၀ ရက်နေ့မှစ၍ တိုးမြှင့်ကောက်ခံသွားတော့မည်ဖြစ်သည်။ ဤသို့ သံမဏိတင်သွင်းမှုများ အပေါ် အကောက်ခွန်တိုးယူမှုနှင့်ပတ်သက်၍ ဥရောပသမဂ္ဂနိုင်ငံများ၊ ရုရှား၊ တရုတ်၊ အိန္ဒိယတို့နှင့်ပါ အချေအတင်ပြောခဲ့ရသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တိုင်ကြားမှုများရှိလာခဲ့သည်။

ဧပြီလ ၁၉ ရက်နေ့တွင် ဒီမိုကရက်တစ်ပါတီက လွှမ်းမိုးထားသည့် ဆီးနိတ်လွှတ်တော်က အလှူစကာပြည်နယ်ရှိ အာတိတ်ဒေသ တောရိုင်းတိရစ္ဆာန်များ ဘေးမဲ့တောအတွင်း ရေနံတူးဖော် ထုတ်လုပ်ခွင့်တောင်းခံခြင်းကို ပယ်ချခဲ့သည်။ ဤအချိန်တွင် အမေရိကန် ပြည်ထောင်စု၌ စွမ်းအင်အကျပ်အတည်းပေါ်နေချိန်ဖြစ်သည်။ အီရတ်မှ ရေနံများလည်း မရရှိဘဲဖြစ်နေသောအချိန် ဖြစ်သည်။ သို့ဖြစ်၍ ဘုရှ်အစိုးရ၏ စွမ်းအင်မူဝါဒအရ ပြည်တွင်းရေနံတူးဖော်ထုတ်လုပ်ရေးကို ကြိုးပမ်းလာခဲ့သည်။ ဒုတိယသမ္မတ ဒစ်ချေနီး၏မဟာဗျူဟာအရ အမေရိကန်သည် နိုင်ငံခြားရေနံအပေါ် မှီခိုအားထားနေရမှုမှ ကင်းလွတ်စေရန် ပြည်တွင်းစွမ်းအင်အရင်း အမြစ်များကို ဖော်ထုတ်ရန် ကြိုးပမ်းခဲ့သည်။ သို့သော် အလှူစကာ၌ ရေနံတူးဖော်ခွင့် မရရှိခြင်းကြောင့် ဘုရှ်အစိုးရအဖို့ အရေးရှုံးနိမ့်ခဲ့ရသည်။

စက်တင်ဘာ ၁၁ အရေးအခင်းဖြစ်ပြီးနောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု၌ စွပ်စွဲချက်မရှိဘဲ ဖမ်းဆီမှုများကို ပိုမိုလာခဲ့သည်။ ပြည်သူ့လွတ်လပ်ခွင့်များကို ကာကွယ်သည့် အုပ်စု များနှင့် ရှေ့နေများ၏ လှုပ်ရှားမှုများရှိလာခဲ့သည်။ ဧပြီလ ၃၀ ရက်နေ့တွင် နယူးယောက်မြို့ရှိ ပြည်ထောင်စုတရားသူကြီးတစ်ဦးက အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးစစ်ပွဲနှင့် ပတ်သက်၍ စီရင်ထုံးတစ်ရပ်ချမှတ်ခဲ့သည်။ စက်တင်ဘာလ ၁၁ ရက် တိုက်ခိုက်မှုများနှင့် ပတ်သက်၍ ထင်ရှားသော သက်သေထွက်ဆိုပေးနိုင်သည့်သူများဟု ထင်ရသူတို့ကို တရားရေးဝန်ကြီးဌာနက ဖမ်းဆီးနေခြင်း သည် ယင်း၏လုပ်ပိုင်ခွင့်ကို ကျော်လွန်ကျင့်သုံးရာ ရောက်သည်ဟု ဆုံးဖြတ်ခဲ့သည်။ တရားရုံးတွင် စွဲချက်တင်မခံရဘဲ လူတစ်ဦးတစ်ယောက်အား ထင်ရှားသော သက်သေထွက်ဆိုပေးနိုင်မည့်သူအဖြစ် ဖမ်းဆီးထားခြင်းသည် တရားမဝင်ဟု ဆုံးဖြတ်ထားသည်။ ဤစီရင်ချက်ကို မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ရှေ့နေချုပ်အက်ရှ်ရော့ဖ်က အယူခံဝင်သည်။

ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးအဖွဲ့ (FBI) သည် စက်တင်လာ ၁၁ တိုက်ခိုက်မှုခံခဲ့ရခြင်း၌ မိမိတို့အဖွဲ့တွင်လည်း အားနည်းချက်များရှိခဲ့ကြောင်း FBI အဖွဲ့ ညွှန်ကြားရေးမှူးရောဘတ်ဗူးလာက ဝန်ခံပြောကြားခဲ့သည်။ ယင်းသို့သော အားနည်းချက်များကင်းရှင်းရေးအတွက် FBI အဖွဲ့၌ ပြုပြင်ပြောင်းလဲမှု ပြုလုပ်မည့် အစီအစဉ်များကို ရောဘတ်ဗူးလာက ကြေညာခဲ့သည်။ FBI သည် ဘဏ်လုယက်မှုကဲ့သို့သော သာမန်ဖြစ်ရပ်များကို စုံစမ်းခြင်း၊ ကာကွယ်ခြင်းတို့ထက် အကြမ်းဖက်မှု တိုက်ဖျက်ရေးကို ဦးစားပေးသွားတော့မည်ဖြစ်သည်။ အကြမ်းဖက်မှုကို ဆန့်ကျင်ရေးအတွက် အဖွဲ့ဝင်အင်အားကိုလည်း သုံးဆမျှတိုးသွားတော့မည်ဖြစ်သည်။ အကြမ်းဖက်မှုများကို ကြိုတင်ကာကွယ်ရေးအတွက် စုံစမ်းရာတွင် ပြည်သူ့လွတ်လပ်ခွင့်များကိုလည်း ထိပါးလာတော့မည်ဟု ပြည်သူ့လွတ်လပ်ခွင့် စောင့်ရှောက်သူအုပ်စုများက စိုးရိမ်နေကြသည်။

မေလအတွင်းသမ္မတဘုရှ်သည် ရုရှား၊ ကျာမနီ၊ ပြင်သစ်နှင့် အီတလီနိုင်ငံများသို့ ခရီးလှည့်လည်ခဲ့သည်။ အကြမ်းဖက်မှု ဆန့်ကျင်ရေးစစ်ပွဲတွင်

ဥရောပ၏ ထောက်ခံမှုရရှိရေး အမေရိကန်အနေဖြင့် တစ်ဖက်သတ်ဝါဒကို ကျင့်သုံးနေသည်ဟု စိုးရိမ်နေမှုများ လျော့ပါးစေရေးတို့အတွက် ခရီးလှည့်လည်ခဲ့ခြင်းဖြစ်သည်။ မေလ ၂၄ ရက်နေ့တွင် သမ္မတဘုရှ်နှင့် ရုရှားသမ္မတပူတင်တို့သည် အဏုမြူလက်နက်အစုအပုံများ လျော့ချရေးသဘောတူညီချက်ကို မော်စကိုဌ် လက်မှတ်ရေးထိုးခဲ့ကြသည်။

စက်တင်ဘာ ၁၁ အရေးအခင်းဖြစ်ပြီးနောက် အိမ်ဖြူတော်သည် ပြည်တွင်း လုံခြုံရေးဆိုင်ရာ အိမ်ဖြူတော်ရုံးနှင့် ပြည်တွင်းလုံခြုံရေးကောင်စီတို့ကို ဖွဲ့စည်းခဲ့သည်။ သို့သော် ၎င်းအဖွဲ့သည် ဝန်ကြီးဌာန အဆင့်ကို မရရှိခဲ့ပေ။ ဇွန်လ ၆ ရက်နေ့တွင် သမ္မတဘုရှ်က ကွန်ဂရက်အနေဖြင့် ပြည်တွင်းလုံခြုံရေးဌာနကို ကက်ဘိနက်အဖွဲ့ဝင် ဝန်ကြီးဌာနတစ်ခုအဆင့်ဖြင့် တည်ထောင်ဖွဲ့စည်းခြင်းကို အတည်ပြုပေးရန် တောင်းဆိုခဲ့သည်။ ပြည်တွင်းလုံခြုံရေး ဝန်ကြီးဌာန (Department of Homeland Security) သည် CIA, FBI စသော အဖွဲ့အစည်းများမှ ရရှိသော ထောက်လှမ်းရေးသတင်းများကို စိစစ်သုံးသပ်မည် ဖြစ်သည်။ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့်များ၏ ကာကွယ်ရေး အစီအစဉ်များကို ပေါင်းစပ်ညှိ နှိုင်းပေးမည်လည်း ဖြစ်သည်။ ကမ်းခြေစောင့်အဖွဲ့၊ လျှို့ဝှက်အဖွဲ့စသည့် အေဂျင်စီပေါင်း ၂၂ ခုတို့နှင့် ပတ်သက်၍ လုပ်ငန်းအားလုံးကို လည်းကောင်း၊ လုပ်ငန်းအစိတ်အပိုင်းကို လည်းကောင်း အသုံးချသွားမည်ဖြစ်သည်။ ဤဝန်ကြီးဌာန သစ်တွင် ဝန်ထမ်းပေါင်း ၁၇၀၀၀၀ ခန့်ရှိပြီး နှစ်စဉ်ဘတ်ဂျက် အသုံးစရိတ်မှာ ဒေါ်လာ ၃၇ ဒသမ ၅ ဘီလီယံ ဖြစ်သည်။ FBI,CIA နှင့် အမျိုးသားလုံခြုံရေး အေဂျင်စီတို့သည် ဤဝန်ကြီးဌာန၏ လက်အောက်ခံ မဟုတ်သော်လည်း ထောက်လှမ်းရရှိသော သတင်းအချက်အလက်များကို ဤဝန်ကြီးဌာနသို့ တင်ပြရမည်ဖြစ်သည်။

၁၉၄၇ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ စီအိုင်အေ၊ အမျိုးသားလုံခြုံရေးကောင်စီတို့ကို ဖွဲ့စည်းခြင်းသည် အစိုးရအဖွဲ့ ဖွဲ့စည်းပုံတွင် အရေးအပါဆုံး အပြောင်းအလဲတစ်ရပ်ဖြစ်သည်။

နယူးယောက်ပြည်နယ်ရှိ ဝက်စ်ပွိုင့် စစ်တက္ကသိုလ်သင်တန်းဆင်းပွဲကို ဇွန်လ ၁ ရက်နေ့က ကျင်းပခဲ့သည်။ ထိုသင်တန်းဆင်းပွဲ၌ သမ္မတဘုရှ်က မိန့်ခွန်းပြောကြားရာတွင် စစ်အေးကာလအတွင်းက အသုံးပြုခဲ့သော သေချာပေါက်အပြန်အလှန် ပျက်စီးမှုသဘောတရား၊ ဝိုင်းပတ်ပိတ်ဆို့ ထိန်းချုပ်ရေး သဘောတရားတို့ကို စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ယင်း၏ မဟာမိတ်တို့ကို ကာကွယ်ရေးအတွက် လက်ဦးမှုရယူတိုက်ခိုက်ရေး စစ်သဘောတရားကို ပြောင်းလဲကျင့်သုံးတော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

၂၀၀၂ ခုနှစ် စောစောပိုင်းက သမ္မတဘုရှ်သည် စီအိုင်အေအဖွဲ့အား လျှို့ဝှက်လုပ်ကြံသတ်ဖြတ်ခွင့်အမိန့်အာဏာကို ပေးခဲ့ကြောင်း ဇွန်လ ၁၆ ရက်နေ့ထုတ် ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြခဲ့သည်။ အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား ဖြုတ်ချရေး၊ ဖမ်းဆီးမိရေး၊ သတ်ဖြတ်ရေးတို့အတွက် သေစေလောက်သောအင်အားကို အသုံးပြုခွင့်အာဏာကို စီအိုင်အေအဖွဲ့သို့ ပေးအပ်ခဲ့သည်။

ဇူလိုင်လ ၃၀ ရက်နေ့တွင် သမ္မတဘုရှ်သည် ကော်ပိုရေးရှင်းများ၏ လိမ်လည်လှည့်ဖြားမှု ဥပဒေကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးပေးလိုက်သည်။ ဤဥပဒေအရ ကော်ပိုရေးရှင်းတို့ကို အုပ်ချုပ်သူများသည် စတော့ရောင်းရမှု အခြေအနေကို ချက်ချင်းဖော်ထုတ် ပေးကြရမည်ဖြစ်သည်။ လိမ်လည်လှည့်ဖြားသော အုပ်ချုပ်သူတို့ အပေါ် လည်း အပြစ်ဒဏ်နှစ်ဆတိုးကာ ထောင်ဒဏ် ၅ နှစ်မှ ၁၀ နှစ်အထိ တိုးမြှင့်ထားသည်။ ကော်ပိုရေးရှင်းများတွင် စာရင်းအင်းထားသိမှု စံချိန်များ မှန်ကန်တိကျရေးအတွက် အဖွဲ့ဝင် ၅ ဦး ပါဝင်သည့် ကြီးကြပ်စီစစ်ရေးအဖွဲ့ ထားရှိရမည်ဟုလည်း သတ်မှတ်ထားသည်။ ဤဥပဒေကို အတည်ပြုလက်မှတ်ရေးထိုးပေးခဲ့ခြင်းကြောင့် သမ္မတဘုရှ်အပေါ် စီးပွားရေးလုပ်ငန်းများက ကျေနပ်သဘောကျခဲ့ကြသည်။ အလိမ်အညာခံရသူ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကော်ပိုရေးရှင်းများအပေါ် တရားစွဲဆိုရန် အချိန်ကာလကိုလည်း တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။

ဩဂုတ်လ ၂၆ ရက်နေ့တွင် ဒုတိယ သမ္မတဒစ်ချေးနီးက တက်နက်ဆီပြည်နယ်၊ နက်ရှ်ဗီးလ်မြို့၌ စစ်မှုထမ်းဟောင်းများအား မိန့်ခွန်းပြောခဲ့သည်။

ထိုမိန့်ခွန်းဌ ဒစ်ချေးနီးသည် အကြမ်းဖက်ဝါဒ အပေါ် စစ်ဆင်ရေးကို တိုးချဲ့ရန် အီရတ်နိုင်ငံအား လက်ဦးမှုရယူတိုက်ခိုက်တော့မည့်ဆဲဆဲဖြစ်ကြောင်း သဘောပေါ်လွင်သည့် စကားများကို သုံးနှုန်းခဲ့သည်။

စက်တင်ဘာလ ၁၉ ရက်နေ့တွင် အိမ်ဖြူတော် အစိုးရက ကွန်ဂရက်သို့ ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို တင်သွင်းခဲ့သည်။ ထိုမူကြမ်းဌ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ အကောင်အထည်ပေါ်လာရေး၊ အီရတ်၏ ခြိမ်းခြောက်မှုဘေးအန္တရာယ်များမှ အမေရိကန် အမျိုးသားလုံခြုံရေး အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေး၊ အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းလုံခြုံရေးတို့အတွက် သမ္မတဘုရှ်အား အင်အားသုံးမှုအပါအဝင် သင့်လျော်သောနည်းလမ်းများကို အသုံးပြုခွင့်ပေးရေးတို့ပါရှိသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရတ်အပေါ် အရေးယူရေးအတွက် ဆုံးဖြတ်ချက်သစ် ချမှတ်မပေးလျှင် သို့မဟုတ် အီရတ်က လက်နက်စစ်ဆေးရေးအဖွဲ့များအား ဝင်ရောက်စစ်ဆေးခွင့်မပေးလျှင် အမေရိကန်တို့က တစ်ဖက်သက်ဝင်ရောက်တိုက်ခိုက်ခွင့်ရရှိရေးအတွက် လမ်းခင်းပေးသော ဆုံးဖြတ်ချက်မူကြမ်းကို လက်ခံအတည်ပြုပေးလိုက်သည်။

၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့က တိုက်ခိုက်ခံရမှုတွင် ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနဌ နှိုင်ငံပေါင်း ၇၈ နိုင်ငံမှ သေဆုံးသူပေါင်း ၂၈၀၁ ဦးရှိခဲ့ကြောင်း၊ ပင်တဂွန်စစ်ဌာနချုပ်ဌ သေဆုံးသူပေါင်း ၁၈၄ ဦးရှိခဲ့ကြောင်း၊ ပင်ဆိလ်ဗင်းနီးယားဌ လေယာဉ်ပျက်ကျခဲ့သဖြင့် ၄၄ ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက စက်တင်ဘာလတွင် အတည်ပြုကြေညာခဲ့သည်။ အပိုင်စီးခံရသော လေယာဉ် ၄ စီး ပေါ်တွင် ပါလာသည့် အပိုင်စီးသူ ၁၉ ဦးတို့လည်း သေဆုံးခဲ့ကြသည်။

အောက်တိုဘာလ ၁၀-၁၁ ရက်နေ့များတွင် ကွန်ဂရက် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့က သမ္မတဘုရှ်က အီရတ်အပေါ် စစ်ရေးအရ အရေးယူတိုက်ခိုက်ခွင့် အမိန့်အာဏာကို အသီးသီးပေးအပ်လိုက်ကြသည်။ ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် ပြဿနာကို သံတမန်နည်းအရ မဖြေရှင်းနိုင်ခဲ့သော် အီရတ်တွင် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ မရှိစေရေးအတွက် အီရတ်အပေါ် စစ်ရေးအရ အရေးယူခွင့် အမိန့်အာဏာကို သမ္မတဘုရှ်သို့ အပ်နှင်းလိုက်သည်။

ကွန်ဂရက်၏ သက်တမ်းတစ်ဝက်ကျိုးခြိန် နိုဝင်ဘာလ ၅ ရက်နေ့ ကျင်းပသော အောက်လွှတ်တော်ရွေးကောက်ပွဲများဌ ရီပတ်ဘလီကန်ပါတီက အမတ်ဦးရေအများစု အရွေးခံခဲ့ရသည်။ ကွန်ဂရက်သက်တမ်း ၅ ကြိမ်တိုင်တိုင် ဆက်တိုက်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အထက်လွှတ်တော်တွင် ရီပတ်ဘလီကန်ပါတီက အမတ်အများစုဖြင့် အနိုင်ရထားပြီးဖြစ်သည်။ သို့ဖြစ်၍ ၂၀၀၃ ခုနှစ်တွင် ၁၀၈ ကြိမ်မြောက် ကွန်ဂရက် အစည်းအဝေး ကျင်းပသောအခါ သမ္မတနှင့် လွှတ်တော်နှစ်ရပ်တို့ဌ ရီပတ်ဘလီကန် ပါတီဝင်တို့ ချည်းသာ ဖြစ်ပေတော့မည်။ ၁၉၅၄ ခုနှစ် နောက်ပိုင်းတွင် ရီပတ်ဘလီကန်ပါတီသည် ဤသို့ ပထမဆုံးအကြိမ် အောင်ပွဲခံနိုင်လာခြင်း ဖြစ်သည်။

ဦးခင်မောင်မြ

အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ တစ်သက်တာ စာပေဆု။ ။ ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံဌ ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်(ယခု နိုင်ငံတော်ဝန်ကြီးချုပ်) တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများ ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း (ယခု အတွင်းရေးမှူး ၁)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်

ဆင်းရဲတွင်းမှ ရုန်းထွက်ခြင်းစာအုပ်ဖြင့် အမျိုးသားစာပေဆုရ ဒေါက်တာသက်လွင် ဆုယူစဉ်

ယင်းတစ်သက်တာစာပေဆုမှာ ငယ်စဉ်ကပင် စာပေနှင့် မွေ့လျော်လာသူ၊ စာပေနယ်ပယ်တွင် ဝါသနာ၊ ပညာ၊ စေတနာတို့ကို အရင်းပြု၍ အားကြိုးမာန်တက် ကြိုးပမ်းကြသူများထဲမှ ရွေးချယ်ချီးမြှင့်သည့်ဆုလည်း ဖြစ်ပေသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် အမျိုးသားစာပေဆု စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်စာအုပ်များကို ဘာသာရပ် ၁၄ မျိုးခွဲထားပြီး စိစစ်ရွေးချယ်သည်။ ၂၀၀၁ ခုနှစ်အတွင်း ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ရုံးဌ မှတ်ပုံတင်၍ ထုတ်ဝေသည့်စာအုပ်ပေါင်း ၁၂၉၉ အုပ်ကို ဖတ်ရှုစိစစ်ခဲ့သည်။

အမျိုးသားစာပေဆုချီးမြှင့်ရန်ရွေးချယ်သော ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ပြဇာတ်စာပေမှလွဲ၍ ကျန်ဘာသာရပ် ၁၃ မျိုးအတွက် စာအုပ်များကို ချီးမြှင့် နှိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှ စတင်၍ အမျိုးသားစာပေဆု ချီးမြှင့်လာခဲ့သည်မှာ ဆုအရေအတွက်ပေါင်း ၃၆၈ ဆု ရှိပြီဖြစ်သည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ပြိုင်ပွဲဝင်စာမူများကို စာမူဆုစိစစ်ရွေးချယ်ရေးဆိုင်ရာ မူကိုးချက်နှင့် အညီ စိစစ်ရွေးချယ်သည်။ ၂၀၀၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ရွေးချယ်ရာတွင် ဘာသာရပ် ၁၂ မျိုးရှိသည့်အနက် နိုင်ငံရေးစာပေ ဘာသာရပ်မှအပ ကျန်ဘာသာရပ် ၁၁ မျိုးအတွက် ဆုပေါင်း ၂၇ ဆုကို ချီးမြှင့်နိုင်ခဲ့သည်။ ယခုနှစ်အတွက် တင်သွင်းသောပြိုင်ပွဲဝင်စာမူပေါင်းမှာ ၁၁၆ စောင်ရှိသည်။ စာပေဗိမာန်စာမူဆုကို ဘာသာရပ် ၁၂ မျိုး သတ်မှတ်ပြီး ချီးမြှင့်လာခဲ့သည်မှာ ဆုပေါင်း ၅၁၂ ဆု ချီးမြှင့်နိုင်ခဲ့ပြီဖြစ်သည်။

ဆုများကို ချီးမြှင့်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်(ယခု နိုင်ငံတော်ဝန်ကြီးချုပ်)က ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရသူ ဦးလှကြိုင် (ပါရဂူ)နှင့် အမျိုးသားစာပေဆုရ ပုဂ္ဂိုလ်များကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် စာပေဗိမာန် စာမူဆုများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ

များ၊ စာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုရွေးချယ်ရေးကော်မတီဝင်များ၊ ဆုရ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု ချီးမြှင့်ပွဲတွင် "အမျိုးသားစာပေတစ်သက်တာဆု" ဟူသောဆုတစ်မျိုးကို အသစ်တီထွင်၍ စတင်ချီးမြှင့်သည်။ တစ်သက်တာ စာပေဆုဆိုသည်မှာ မိမိ၏ဘဝတစ်လျှောက်လုံးကို စာပေထဲတွင်သာ မြှုပ်နှံထားပြီး စာပေနှင့် ပျော်မွေ့လျက် အသက်မွေးဝမ်းကျောင်းပြုကာ မိမိနိုင်ငံ၊ မိမိလူမျိုး၏အကျိုးစီးပွားကို စာပေစွမ်းပကားဖြင့် ဦးလည်မသုန် ထမ်းရွက်လျက်ရှိသည့် စာပေပညာရှင်ကြီးများကို ရွေးချယ်ချီးမြှင့်သည့်ဆု ဖြစ်သည်။ ယင်းဆုမှာ စာပေလောကအတွက် အမြင့်ဆုံးနှင့် တန်ဖိုးအရှိဆုံး ဆုဖြစ်သည်။

ဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု အတွင်းရေးမှူး ၁) က လည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေကလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်းက လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် ကြည်အောင်ကလည်းကောင်း ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

၂၀၀၁ ခုနှစ်အမျိုးသားစာပေဆုရရှိသူများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
၁	ဝတ္ထုရှည်	လွမ်းလောက်ပေသည်	ဆောင်းဝင်းလတ်
၂	ဝတ္ထုတို	တောရထားနှင့် အခြားဝတ္ထုတိုများ	မြို့သာမရာထို
၃	ကဗျာပေါင်းချုပ်	နွေမိုးဖျန်းပက်ပန်း တစ်ခက်ကဗျာများ	မြင်းမူ မောင်နိုင်မိုး
၄	စာပဒေသာ	ဆင်းရဲတွင်းမှ ရုန်းထွက်ခြင်း	ဒေါက်တာသက်လွင်
၅	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ	မြန်မာ့တေးဂီတ အနုစာပေသမိုင်း	ဦးမြင့်ကြည်
၆	ကလေးစာပေ	မြစ်ပယ်နှင့် အခြားပုံပြင်များ	ပျဉ်းမဲနား မောင်နီသင်း
၇	လူငယ်စာပေ	အတူလေးရယ်နဲ့. ယှဉ်ကာပြိုင်	ကိုဇော်ဌေး (ယဉ်ကျေးမှု)
၈	ဘာသာပြန် (သုတ)	မဒမ်ကျူရီ	တင်မောင်မြင့်
၉	ဘာသာပြန် (ရသ)	နှလုံးသားထဲမှာ အဖြေရှာ	မြတ်ငြိမ်း
၁၀	သုတပဒေသာ (ဝိဇ္ဇာ)	ဝင်းတွေနှင့် တည်ခဲ့သည့် မင်းနေပြည်	နတ်မောက် ထွန်းရှိန်
၁၁	သုတပဒေသာ (ရိုးရိုးသိပ္ပံ)	စူပါကြိုးမျှင်လေးသီအိုရီ	တက္ကသိုလ် ကြယ်ပွင့်
၁၂	သုတပဒေသာ (အသုံးချသိပ္ပံ)	လူသားအစ မြန်မာက	ဒေါက်တာ တင်သိန်း (ဘူမိဗေဒ)
၁၃	နိုင်ငံရေးစာပေ	ကုန်းဘောင်ကိုဆန်၍	ဒေါက်တာ မတင်ဝင်း (ပညာရေး တက္ကသိုလ်)

၂၀၀၁ ခုနှစ်စာပေဗိမာန်စာမူဆုရရှိသူများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
၁	ဝတ္ထုရှည်ဆု (ဒုတိယဆု)	အစိမ်းရောင်လွင်ပြင်ထဲက အနီရောင်နှလုံးသား	ကိုကြီးအောင်ချမ်းသာ
၂	ဝတ္ထုရှည်ဆု (တတိယဆု)	ငွေလိုမလား၊ အမေလိုသလား	မင်းကွန်ရှင်းလင်း
၃	ဝတ္ထုတိုပေါင်းချုပ်ဆု(ပထမဆု)	ဆန္ဒအသိ	စောမဉ္ဇု
၄	ဝတ္ထုတိုပေါင်းချုပ်ဆု (ဒုတိယဆု)	နှလုံးသားမြို့ဟောင်း တစ်နေရာနှင့် အခြားဝတ္ထုတိုများ	ခင်ခင်ကျော် (ပညာရေး)
၅	ဝတ္ထုတိုပေါင်းချုပ်ဆု (တတိယဆု)	အောင်မြင်ခြင်းအတူတူ နှင့်အခြားဝတ္ထုတိုများ	နန်းမိုးစောအောင်
၆	ကဗျာပေါင်းချုပ်ဆု (ပထမဆု)	မေတ္တာသည်သာ အေးချမ်းရာနှင့် အခြားကဗျာများ	ဇေယျာဘုန်းမြင့်
၇	ကဗျာပေါင်းချုပ်ဆု (ဒုတိယဆု)	ရွှေပင်ငွေခက်မြရွက်စိမ်း လွှာပွင့်နီလာကဗျာများ	မောင်မိုးမြတ် (ချောင်းဦး)
၈	ကဗျာပေါင်းချုပ်ဆု (တတိယဆု)	ရင်လှိုင်းခတ်သံ ကဗျာများ	မကျည်းတန် (လွိုင်ကော်)
၉	သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဆု ပထမဆု	မြန်မာ့လွတ်လပ်ရေးကြိုး ပမ်းမှု ရက်စဉ်သမိုင်း	ဖိုးအောင်လေး
၁၀	သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဆု ဒုတိယဆု	ပင်လယ်ပျော်မော်ကင်း	တက္ကသိုလ်ကိုလတ်
၁၁	သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဆု တတိယဆု	ကမ္ဘာ့လက်ဝှေ့လောကမှ သုတအဖြာဖြာ	ရွှေဘိုဘာမထီခင်အောင်
၁၂	သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) ဆု ပထမဆု	မြူတစ်မှုန်၊ နှင်းတစ်ပွင့် မိုးရေတစ်စက်နှင့် လေညင်းတစ်သွယ်	မောင်ကြင်နာ
၁၃	သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) ဆု ဒုတိယဆု	ဆေးပညာဗဟုသုတ ဒိုင်ယာရီ	ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)
၁၄	သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) (တတိယဆု)	ရေဒီယိုအသံလိုင်းများ၏ အရင်းအမြစ်	ခင်ပြုံးရီ (မြန်မာ့အသံ)
၁၅	စာပဒေသာဆု (ပထမဆု)	စစ်ပါရဂူနှင့် ကဗျာဝိဒူ	သုတေသီရာမည ကိုကိုနိုင်

စဉ်	ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
၁၆	စာပဒေသာဆု (ဒုတိယဆု)	မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင် နန်းညွန့်.ရှိန်	မင်းသျှင်အောင် (တွံတေး)
၁၇	စာပဒေသာဆု (တတိယဆု)	မေတ္တာရေစီးကြောင်း ပေါ်ကတိုင်းရင်းသား စည်းလုံးညီညွတ်ရေး	မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)
၁၈	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု(ပထမဆု)	မြန်မာ့ရိုးရာ ပန်းရန်၊ ပန်းတော့ပညာ	မုံရွာတိုးဝေ (ပန်းရဲ)
၁၉	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု(ဒုတိယဆု)	ဥဿာ ပဲခူး ဟံသာဝတီ	ကိုကို (သုတေသန)
၂၀	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု(တတိယဆု)	ရွှေဟောင်းအမြင့်မြို့	မောင်မောင်ချစ်ဦး
၂၁	ကလေးစာပေဆု (ပထမဆု)	မမအင်ဂျင်နီယာနှင့် ရတနာပန်းကလေးများ	ဇေယျာမျိုး
၂၂	ကလေးစာပေဆု(ဒုတိယဆု)	တို့ဘိုးဘွားအမွေစစ်ဖို့	ဒေါက်တာလှဖေ
၂၃	လူငယ်စာပေဆု ပထမဆု	ပန်းမျိုးအလှ ပန်းအလှ	သန်းအောင် (အညာမြေ)
၂၄	လူငယ်စာပေဆု ဒုတိယဆု	နှင်းဆီညနှင့်အခြားလူငယ် ဝတ္ထုတိုများ	စိုးတင့်ထူး (မအူပင်)
၂၅	ပြဇာတ်စာပေဆု ပထမဆု	ဖယောင်းရုပ်နှင့်သံသွန်းရုပ် ပြဇာတ်များ	ဇင်မင်း (သမိန်ထော)
၂၆	ပြဇာတ်စာပေဆု ဒုတိယဆု	ခင်မဝမ်းမြောက် ပါလေတော့	ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)
၂၇	ပြဇာတ်စာပေဆု တတိယဆု	ရောင်စုံယှက်သန်းယဉ်ကျေးမှုအဆင်ဆန်းများ	ပါမောက္ခဒေါ်အေးသန်း

အရှေ့အလယ်ပိုင်းဒေသ

အရှေ့အလယ်ပိုင်းဒေသ ။ ။၂၀၀၂ ခုနှစ်အတွင်း အရှေ့အလယ်ပိုင်းဒေသ၌ အီရတ်အရေးအခင်းသည် ကမ္ဘာကအာရုံစိုက်လာသော အရေးအခင်းဖြစ်လာခဲ့သည်။ နှစ်ဦးတွင် အစွရေးနှင့် ပါလက်စတိုင်းတို့ အပြန်အလှန်အကြမ်းဖက်မှုများကြောင့် ကမ္ဘာက အထူးအာရုံစူးစိုက်ခဲ့ကြသည်။ သို့ရာတွင် အီရတ်အပေါ် သတ်မှတ်ခဲ့သော တားမြစ်မိန့်များကြောင့် အီရတ်ပြည်သူအများစု၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးများမှာ သေကျေပျက်စီးခြင်း၊ ရောဂါဘယထူပြောခြင်းတို့ဖြင့် ဒုက္ခပင်လယ်ဝေခဲ့ရသည်။ ဤသို့ဖြစ်ပျက်နေမှုနှင့် ပတ်သက်ပြီး အီရတ်အရေးသည် အငြင်းပွားစရာအကြောင်းအရာဖြစ်လာခဲ့သည်။ ထို့ပြင် အကျမြှု။ ဓါတုနှင့် ဇီဝလက်နက်များကို အီရတ်ကထုတ်လုပ်နေသည်။ ထုတ်လုပ်ရန်ကြိုးပမ်းနေသည်ဟူသော သတင်းများ၊ ကုလသမဂ္ဂမှ လက်နက်စစ်ဆေးရေးအဖွဲ့များကို အီရတ်နိုင်ငံတွင်းသို့ ဝင်ခွင့်ပေးလိုက်၊ မပေးလိုက်ဖြစ်နေသော ကိစ္စများကြောင့်လည်း အီရတ်သတင်းကို ကမ္ဘာကစိတ်ဝင်စားလာကြသည်။ ထို့ထက်လေးနက်သောကိစ္စမှာ အမေရိကန်က အီရတ်အရေးတွင် စစ်ရေးအရဝင်ရောက်ရန် ကြုံးဝါးနေမှုဖြစ်သည်။

ထို့ကြောင့် အရှေ့အလယ်ပိုင်းဒေသတွင်လည်းကောင်း၊ ကုလသမဂ္ဂတွင်လည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင်လည်းကောင်း အီရတ်အရေးအခင်းသည် ၂၀၀၂ ခုနှစ်တွင်းအထူးစိတ်ဝင်စားဖွယ်ဖြစ်လာတော့သည်။ သို့ဖြစ်၍ အီရတ်အရေးအခင်း၊ အစွရေးပါလက်စတိုင်း ပဋိပက္ခတို့သည် အရှေ့အလယ်ပိုင်းဒေသလေ့လာရေးတွင် အထူးအရေးပါလာခဲ့ပေသည်။

ဇန်နဝါရီလအလယ်ပိုင်းတွင် အာရပ်အဖွဲ့ချုပ်မှအထွေထွေအတွင်းရေးမှူး အမီယာမိုဟာမက်မူဆာသည် ဘဂ္ဂဒက်မြို့တော်သို့ အလည်အပတ်ရောက်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် အီရတ်ကကူဝိတ်ကိုကျူးကျော်ခဲ့သည့်နောက်ပိုင်း မူဆာသည် ဘဂ္ဂဒက်သို့ ပထမဆုံးရောက်ရှိလာသည့် အာရပ်ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ဤကားအီရတ်အတွက် သံတမန်ရေးရာအောင်ပွဲတစ်ခုဖြစ်သည်။ အီရတ်နှင့် အာရပ်နိုင်ငံများ ပြန်လည်သင့်မြတ်လာသည့် နိမိတ်လက္ခဏာဖြစ်သည်။ အမေရိကန်

ပြည်ထောင်စုသည် အီရတ်မှ ဆက်ဒမ်ဟူစိန်အစိုးရအား ဆန့်ကျင်နေသည့် ပြည်ပရောက်အီရတ်များကို စုစည်းထားသည့် အီရတ်အမျိုးသားကောင်စီကို ထောက်ပံ့နေခဲ့သည်။ သို့ရာတွင် အီရတ်တွင် စစ်ရေးအရဝင်ရောက်စွက်ဖက်မှုကို မလိုလားသောအုပ်စုများ၏ ကြိုးပမ်းမှုကြောင့် အမေရိကန်အစိုးရသည် ယင်းကောင်စီအားထောက်ပံ့နေမှုများကို ရပ်ဆိုင်းခဲ့သည်။

ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ပြည်ထောင်စုအခြေအနေ မိန့်ခွန်းပြောကြားရင်း သမ္မတဘုရှ်က အီရတ်နိုင်ငံအား "မကောင်းဆိုးဝါးဝင်ရိုးတန်းနိုင်ငံတစ်ခု" ဖြစ်ကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။ အီရတ်သည် တားမြစ်မိန့်များရုပ်သိမ်းပေးမှုသာကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့ကို လက်ခံမည်ဖြစ်ကြောင်း ဇွတ်တင်းခံနေခဲ့သည်။ သို့သော် သမ္မတဘုရှ်၏ မိန့်ခွန်းပေါ်ထွက်လာပြီးနောက် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် ကြုံတွင် သတ်မှတ်ချက်များ မထားဘဲဆွေးနွေးလိုကြောင်း အီရတ်ကကြေညာခဲ့သည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က အီရတ်တွင်အစိုးရအပြောင်းအလဲလုပ်ရန် လိုကြောင်းပြောကြားခဲ့သည်။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အီရတ်ဒုတိယသမ္မတ ယာဆင်ရာမာဒန်က အမေရိကန်တို့က စစ်ရေးအရတိုက်ခိုက်လာပါက ချေမှုန်းပစ်မည်ဟု တုံ့ပြန်ပြောဆိုခဲ့သည်။

မတ်လအတွင်းအမေရိကန်က အီရတ်တွင် စစ်ရေးအရဝင်ရောက်အံ့ဆဲဆဲဖြစ်နေပြီဟူသောစိုးရိမ်မှုများပျံ့နှံ့ပေါ်ထွက်လာခဲ့သည်။ မတ်လ ၃ ရက်နေ့တွင် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက ဆက်ဒမ်ဟူစိန်နှင့် စစ်ရေးအရထိပ်တိုက်ရင်ဆိုင်ရာတွင် ဗြိတိန်က အမေရိကန်တို့နှင့်အတူရပ်တည်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုအတွင်း ဥရောပခေါင်းဆောင်များက ဆက်ဒမ်ဟူစိန်အား အမေရိကန်ကဖြုတ်ချဖယ်ရှားရေးကို ထောက်ခံမည်မဟုတ်ကြောင်း ပြောကြားခဲ့ကြသည်။ အီရတ်အစိုးရသည် ကုလသမဂ္ဂမှ လက်နက်စစ်ဆေးရေးအဖွဲ့အား ဝင်ရောက်စစ်ဆေးခွင့်ပြုရေးတွင် ပျော့ပျောင်းသောသဘောထားရပ်တည်ချက်များကို ပြသခဲ့သည်။ မတ်လ ၆ ရက်နေ့တွင် အမေရိကန်က အီရတ်သည် ရေနံနှင့် စားနပ်ရိက္ခာလဲလှယ်ရေးအစီအစဉ်ဖြင့် ရရှိထားသောထရပ်ကားများကို ရွှေ့လျားဒုံးပစ်စင်များ၊ စစ်သုံးယာဉ်များအဖြစ် အသွင်ပြောင်းအသုံးပြုနေကြောင်း အထောက်အထားများကို လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သည်။

အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီသည် မတ်လအလယ်ပိုင်းတွင် အာရပ်နိုင်ငံများတစ်လွှားသို့သွားရောက်လည်ပတ်ခဲ့သည်။ အီရတ်အပေါ်စစ်

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်၏ ၆၅ နှစ်မြောက် မွေးနေ့ကို ဂုဏ်ပြုသည့် အနေဖြင့် အသေခံ ဝုံးခွဲသူ အသွင်ဝတ်ဆင်ကာ စီတန်းလှည့်လည် လာကြသော အီရတ်လူငယ်များ

ရေးအရတိုက်ခိုက်ရာတွင် အာရပ်ကမ္ဘာ၏တုံ့ပြန်ချက်များကို အကဲခတ်ရန်ဖြစ်သည်။ အီရတ်သည် အဏုမြူ။ ဓါတုနှင့် ဇီဝလက်နက်များ ထုတ်လုပ်ရန် ကြိုးပမ်းနေကြောင်း၊ သမားရိုးကျတပ်ဖွဲ့အင်အားကိုလည်း တိုးချဲ့နေကြောင်းတို့ကို အာရပ်နိုင်ငံများကို ဒစ်ချေနီက ပြောကြားခဲ့သည်ဟုဆိုသည်။ အာရပ်နိုင်ငံအများစုက အီရတ်အပေါ် စစ်ရေးအရအရေးယူမှုကိုလိုလားကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အာရပ်နိုင်ငံများက အီရတ်အရေးထက် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခဖြေရှင်းရေးကပို၍ အရေးကြီးကြောင်းကို တိုက်တွန်းခဲ့ကြသည်။ အာရပ်နိုင်ငံမဟုတ်သော တူရကီနိုင်ငံကလည်း အီရတ်အပေါ် အမေရိကန်တို့တိုက်ခိုက်မှုကိုဆန့်ကျင်ကြောင်း ပြောကြားခဲ့သည်။ မတ်လကုန်ပိုင်းတွင် အာရပ်အဖွဲ့ချုပ်၏ ထိပ်သီးညီလာခံက အီရတ်အပေါ် ကျူးကျော်ရန်ခြိမ်းခြောက်နေမှုကို ဆန့်ကျင်ကြောင်း၊ တားမြစ်မိန့်များရုပ်သိမ်းပေးစေလိုကြောင်း၊ အီရတ်နှင့် ကုလသမဂ္ဂတို့ ပြန်လည်ဆွေးနွေးကြစေလိုကြောင်း သတင်းကြေညာချက် ထုတ်ပြန်ခဲ့သည်။ ထိပ်သီးညီလာခံတွင် အီရတ်နှင့် အခြားအာရပ်နိုင်ငံများအကြား ပြန်လည်သင့်မြတ်မှုကို ဖေါ်ထုတ်နိုင်ခဲ့သည်။

ဧပြီလ ၈ ရက်နေ့တွင် ဆက်ဒမ်ဟူစိန်က အီရတ်ရေနံတင်ပို့မှုများကို တစ်လရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အနောက်ဘက်ကမ်းခြေရှိမြို့များကို အစ္စရေးတို့က ကျူးကျော်ထိန်းချုပ်မှုများအား ကန့်ကွက်သည့်အနေဖြင့် ဤသို့ကုန်တင်ပို့မှုကို တစ်လရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။ အီရန်ကလည်း အစ္စရေးအားထောက်ခံသည့် အနောက်နိုင်ငံများသို့ ကုန်တင်ပို့မှုကိုရပ်ဆိုင်းထားခဲ့သည်။ အီရန်၊ အီရတ်တို့က ဤသို့ရေနံတင်ပို့မှုကို ရပ်ဆိုင်းလိုက်သဖြင့် ရေနံဈေးကွက်တွင်အကျပ်အတည်း ပေါ်ပေါက်လာတော့မယောင်ဖြစ်ခဲ့သည်။ သို့ရာတွင် ကမ္ဘာ့ရေနံအများဆုံးထုတ်လုပ်ပေးနေသည့် ဆော်ဒီအာရေဗျက ရေနံတိုးချဲ့ထုတ်လုပ်ခြင်းဖြင့် ရေနံအကျပ်အတည်းကို ရှောင်လွဲစေမည်ဟု ပြောခဲ့သည်။

မေလ ၁၄ ရက်နေ့တွင် လုံခြုံရေးကောင်စီသည် အီရတ်အပေါ် တားမြစ်မိန့်များဆက်လက်ချမှတ်ထားရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် ရေနံနှင့် စားနပ်ရိက္ခာလဲလှယ်ရာတွင် များစွာလျှော့ပေးခဲ့သည်။ အီရတ်တို့သည် စားနပ်ရိက္ခာများ၊ ဆေးဝါးများ၊ လူသားချင်းစာနာထောက်ထားမှုဖြင့် ရောင်းချသောပစ္စည်းများကို ပိုမိုလွတ်လပ်စွာတင်သွင်းခွင့်ရလာကြသည်။

မေလဆန်းပိုင်းတွင် အီရတ်လက်နက်စစ်ဆေးရေးအဖွဲ့နှင့် ကုလသမဂ္ဂတို့သည် အီရတ်တွင် လက်နက်စစ်ဆေးရေးလုပ်ငန်းများအတွက် ဆွေးနွေးခဲ့ကြသော်လည်း ပြေလည်မှုမရရှိခဲ့ပေ။ ဇူလိုင်လ၌ ဗီယင်နာတွင် ထပ်မံဆွေးနွေးကြရန် သဘောတူခဲ့ကြသည်။

စစ်ရေးပြ
အခမ်းအနားတစ်ခုတွင်
သမ္မတဆက်ဒမ်ဟူစိန်၏
မြင်းစီးကျောက်ရုပ်
ရှေ့ကိုဖြတ်၍
ချီတက်လာကြသည့်
အီရတ်စစ်သားများ

အမေရိကန် မောင်းသူမဲ့လေယာဉ်တစ်စီးသည် မေလ ၂၆ ရက်နေ့က အီရတ်မြောက်ပိုင်းတစ်နေရာတွင် ပျက်ကျသွားခဲ့သည်။ အမေရိကန်နှင့် ဗြိတိန်လေယာဉ်တို့သည် တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ လေယာဉ်မပျံသန်းရဂုန်များတွင် ဆက်လက်၍ လေကြောင်းတိုက်ခိုက်မှုများကို ပြုလုပ်လျက်ရှိကြသည်။

ဇွန်လ ၁ ရက်နေ့တွင် သမ္မတ ဘုရှ်သည် ဝက်စ်ပွိုင့်ဗိုလ်သင်တန်းဆင်းပွဲ၌ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။ ထိုမိန့်ခွန်း၌ စစ်အေးကာလကအသုံးပြုခဲ့သည့် ဟန့်တားရေး၊ ထိန်းချုပ်ရေးမူဝါဒကို စွန့်လွှတ်လိုက်ပြီ ဖြစ်ကြောင်း၊ အကြမ်းဖက်မှုနှင့် ပတ်သက်နေသော မည်သည့်ကောက်ကျစ်စဉ်းလဲသော နိုင်ငံကိုမဆို အမေရိကန်က အချိန်မရွေး လက်ဦးမှု ရယူတိုက်ခိုက်မည်ဖြစ်ကြောင်း၊ ရန်သူဘက်မှ ခြိမ်းခြောက်မှုပေါ်ထွက်မလာမီ ကြိုတင်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ဤသို့ဖြင့် ဇွန်လတွင် အမေရိကန်က အီရတ်အပေါ် ကျူးကျော်တိုက်ခိုက်တော့မည့်အရိပ်အရောင်မှာ ပိုမိုပေါ်လွင်လာခဲ့သည်။ ဆက်ဒမ်ဟူစိန် ပြုတ်ကျရေးအတွက် စီအိုင်အေကနည်းမျိုးစုံကို အသုံးပြုခွင့်ပေးလိုက်သည့်အမိန့် ထုတ်ပြန်လိုက်သည်ဟူသော သတင်းကလည်း ထွက်ပေါ်လာခဲ့သည်။

ဇူလိုင်လ ၅ ရက်နေ့တွင် New York Times သတင်းစာတွင် အမေရိကန်၏စစ်ရေး အစီအစဉ်များကို ဖော်ပြခဲ့သည်။ အမေရိကန်တို့သည် အီရတ်နိုင်ငံအား ကြည်း၊ ရေ၊ လေ စစ်ကြောင်းများဖြင့် တိုက်ခိုက်မည်ဖြစ်ကြောင်း၊ စစ်သည် နှစ်သိန်းခွဲပါဝင်မည်ဖြစ်ကြောင်း၊ အီရတ် ပတ်ဝန်းကျင်ရှိနိုင်ငံ ၈၃ ခုတွင် ချထားသောလေတပ်စခန်းများမှ အီရတ်ရှိ နေရာပေါင်းများစွာကို လေကြောင်းမှတိုက်ခိုက်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အီရတ်အမျိုးသားလွှတ်တော်ကလည်း အမေရိကန်တို့၏ တိုက်ခိုက်မှုများကို တွန်းလှန်ရန် ဆုံးဖြတ်ခဲ့သည်။ ဘာသပါတီအာဏာရလာခဲ့သည့် ၃၄ နှစ်မြောက် အထိမ်းအမှတ်နေ့မိန့်ခွန်းတွင် ဆက်ဒမ်ဟူစိန်က အမေရိကန်တို့ ရှုံးနိမ့်လိမ့်မည်ဖြစ်ကြောင်း၊ ရဲရဲဝင့်ဝင့်ဇွဲရှိရှိဖြင့် တိုက်ခိုက်ကြရန် အီရတ်ပြည်သူတို့အား တိုက်တွန်းခဲ့သည်။

ဇူလိုင်လ အလယ်ပိုင်းတွင် လန်ဒန်မြို့၌ ပြည်ပရောက် အီရတ်အတိုက်အခံများသည် ဆက်ဒမ်ဟူစိန်ဖြုတ်ချရေး စစ်ကောင်စီတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြသည်။ ဆက်ဒမ်အစိုးရ၏နေရာတွင် ဒီမိုကရေစီ အစိုးရဖြင့်အစားထိုးရန်၊ ဘာသာရေး၊ လူမျိုးရေးအင်အားစုံကို ကိုယ်စားပြုသော အစိုးရဖွဲ့စည်းရေးတို့ကို ကြိုတင်ဆုံးဖြတ်ခဲ့ကြသည်။

ဇူလိုင်လဆန်း ၄-၅ ရက်နေ့များတွင် ကုလသမဂ္ဂ၊ လက်နက်စစ်ဆေးရေးအဖွဲ့နှင့် အီရတ်တို့သည် လက်နက်စစ်ဆေးခွင့်ပြုရေးနှင့် ပတ်သက်၍ သြစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့၌ ဆွေးနွေးခဲ့ကြသော်လည်း တိုးတက်မှုမရဘဲ ဖြစ်နေခဲ့သည်။ အီရတ်တို့က ၎င်းတို့မေးမြန်းထားသည့် မေးခွန်း ၁၉ ခုကို ကုလသမဂ္ဂဘက်မှ ပြန်ကြားဖြေဆိုရေးကိုသာ အတင်းအကျပ် တောင်းဆိုခဲ့သည်။

စက်တင်ဘာလ ၃ ရက်နေ့က အီရတ်ဒုတိယဝန်ကြီးချုပ် တာရစ်အဇစ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန်းနက်စ်ဘာ့ဂ်မြို့၌ စဉ်ဆက်မပြတ်ဖွဲ့ဖြိုးတိုးတက်ရေး ကမ္ဘာ့ထိပ်သီးညီလာခံအတွင်း တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ အဇစ်က ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့ကို လက်ခံဖွယ်ရှိကြောင်း၊ သို့ရာတွင် တားမြစ်မိန့်များ ရုပ်သိမ်းပေးမှသာဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာလ ၅ ရက်နေ့တွင် အမေရိကန်နှင့် ဗြိတိန်လေယာဉ်တို့သည် ဘဂ္ဂဒက်၏ အနောက်ဘက်ကီလိုမီတာ ၃၉၀ အကွာရှိ အီရတ်လေဆိပ်နှင့် အီရတ်စစ်ကွပ်ကဲရေးဌာနချုပ်တို့ကို တိုက်ခိုက်ခဲ့ကြသည်။ အီရတ်၏စစ်ရေးစွမ်းရည်ကို လျော့နည်းသွားစေရန်ဖြစ်သည်။

စက်တင်ဘာလ ၁၂ ရက်နေ့တွင် သမ္မတ ဘုရှ်သည် ၅၇ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ အီရတ်ကြောင့် ဆိုးဆိုးဝါးဝါးအန္တရာယ်များ ပေါ်ပေါက်နေသဖြင့် ကုလသမဂ္ဂနှင့် လက်တွဲလုပ်ဆောင်လိုကြောင်း၊ အီရတ်သည် ငြိမ်းချမ်းရေးကိုလိုလားပါက အစုအပြုံလိုက်သေကျေပျက်စီးစေနိုင်သော လက်နက်အားလုံးကို စွန့်လွှတ်ရန်၊ အကြမ်းဖက်ဝါဒအားထောက်ခံနေမှုကို အဆုံးသတ်ရန်၊ အီရတ်ပြည်

သူများအား ဖိနှိပ်နေမှုကိုရပ်ဆိုင်းရန်၊ ကုလသမဂ္ဂအား အီရတ်တွင် လူပ်ရှားဆောင်ရွက်ခွင့်ပြုရန် စသည်တို့ကို တင်းတင်းမာမာပြောဆိုလျက် တိုက်တွန်းခဲ့သည်။

စက်တင်ဘာလ ၁၉ ရက်နေ့တွင် သမ္မတဘုရှ်သည် အီရတ်အပေါ် အင်အားသုံးခွင့်ပြုရေးအတွက် ကွန်ဂရက်၏အခွင့်အာဏာကို တောင်းခံခဲ့သည်။ ကုလသမဂ္ဂ၏ ထောက်ခံမှုမရရှိစေကာမူ အီရတ်အပေါ် စစ်ရေးအရအရေးယူမှုကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘုရှ်ကပြောကြားခဲ့သည်။ လက်နက်ဖျက်သိမ်းရေးနှင့် ပတ်သက်၍ အီရတ်တို့ဘက်ကလိုက်နာရမည့် အချက်များချမှတ်နိုင်ရေးအတွက် ကုလသမဂ္ဂကဆုံးဖြတ်ချက်ချမှတ်ရမည်ဟု သမ္မတ ဘုရှ်က ကုလသမဂ္ဂကို တင်းတင်းမာမာတောင်းဆိုခဲ့သည်။

စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဗြိတိသျှအစိုးရက "အီရတ်၏အစုအပြုံလိုက်သေကျေပျက်စီးစေနိုင်သော လက်နက်များအပေါ် ဗြိတိသျှအစိုးရ၏အကဲဖြတ်ချက်" ဟူသော စာတမ်းကိုထုတ်ပြန်ခဲ့သည်။ ထိုစာတမ်း၌ အီရတ်တွင် ၄၅ မိနစ်အတွင်း ပစ်ခတ်နိုင်သည့် ဓါတုနှင့် ဇီဝလက်နက်များရှိကြောင်း၊ အဏုမြူလက်နက်များကိုလည်း ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေကြောင်း စသည်တို့ကိုဖော်ပြထားသည်။ ဤအထောက်အထားဖြင့်ပင် ဆက်ဒမ်ဟူစိန်အစိုးရအားဖြုတ်ချနိုင်လောက်သည့် အကြောင်းပြချက်များ ခိုင်လုံနေပြီ ဖြစ်ကြောင်းကိုလည်း ဝန်ကြီးချုပ် တိုနီဘလဲကပြောကြားခဲ့သည်။

စက်တင်ဘာလ ၃၀ နှင့် အောက်တိုဘာလ ၁ ရက်နေ့များတွင် ဗီယင်နာမြို့၌ ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့၊ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအဖွဲ့နှင့် အီရတ်တို့သည် ဆွေးနွေးခဲ့ကြသည်။ အီရတ်က လက်နက်စစ်ဆေးရေးအဖွဲ့အားခြွင်းချက်မရှိ ဝင်ခွင့်ပေးခဲ့သည်။ သမ္မတ ဆက်ဒမ်၏နှန်းဆောင် ၈ ခုမှအပ ကျန်နေရာအားလုံးကို အချုပ်အချယ်မရှိ သွားလာစစ်ဆေးခွင့် ပေးခဲ့သည်။ ဤသို့ အီရတ်တို့ဘက်မှ လိုက်လျောလာသည့်အခါ လုံခြုံရေးကောင်စီအတွင်း အမေရိကန်၊ ဗြိတိန်တို့က တစ်ဖက်၊ ပြင်သစ်၊ ရုရှား၊တရုတ်၊ ဂျာမနီတို့က တစ်ဖက် အယူအဆများပိုမိုကွဲပြားလာကြသည်။ အမေရိကန်တို့အဖို့ စစ်ရေးအရ အီရတ်ကိုဝင်ရောက်ရေးအတွက် အကြောင်းပြချက်မခိုင်လုံဘဲ ဖြစ်သွားသည်။ လုံခြုံရေးကောင်စီမှ အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံတို့သည် သဘောထားကွဲလွဲမှုများ ပြေလည်ရေးအတွက် အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြသည်။ ဆုံးဖြတ်ချက်သစ်ချမှတ်ရန် လိုမလိုသည် လုံခြုံရေးကောင်စီအတွင်း သဘောထားကွဲလွဲသည့် အဓိကအချက်ဖြစ်လာခဲ့သည်။ အမေရိကန်နှင့် ပြင်သစ်၊ ဂျာမနီတို့အကြား သဘောထားကွဲလွဲမှုသည် ပိုမိုပြင်းထန်လာခဲ့သည်။

အောက်တိုဘာလအတွင်း အီရတ်သည် သံခင်းတမန်ခင်းဖြင့် အမေရိကန်နှင့် နီးစပ်သော အာရပ်နိုင်ငံများ၏ ထောက်ခံမှုကိုပါ ရယူနိုင်ရန် ကြိုးပမ်းခဲ့သည်။ အာရပ်နိုင်ငံများက ၎င်းတို့အနေဖြင့် အမေရိကန်၏ စစ်ရေးဆောင်ရွက်ချက်ကို ဟန့်တားနိုင်မည် မဟုတ်ကြောင်း၊ သို့ဖြစ်၍ အီရတ်အနေဖြင့် ကုလသမဂ္ဂ၏ တောင်းဆိုချက်များကိုသာ လက်ခံလိုက်လျောရန်ဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။ အီရတ်က သမ္မတ၏ နန်းတော်များကိုပါ ဝင်ရောက်စစ်ဆေးခွင့်ပေးမည် ဖြစ်ကြောင်း အာရပ်နိုင်ငံများသို့ ပြောကြားခဲ့သည်။

အောက်တိုဘာလ ၁၅ ရက်နေ့က အီရတ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပလျက် သမ္မတ ဆက်ဒမ်ဟူစိန်အား နောက်ထပ်ခုနစ်သက်တမ်းတိုး၍ သမ္မတတာဝန်ထမ်းဆောင်ခွင့်ပေးရန် သဘောတူခဲ့ကြသည်။ ဆက်ဒမ်ဟူစိန်အား ရာနှုန်းပြည့် ထောက်ခံဆန္ဒမဲ ပေးခဲ့ကြသည်။ အောင်ပွဲခံသည့် အထိမ်းအမှတ်အနေဖြင့် ဆက်ဒမ်သည် အီရတ်ပြည်တွင်းရှိ အကျဉ်းသားအားလုံးကို အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ ထို့ပြင် ပြည်တွင်းပြည်ပ၌ တိမ်းရှောင်ခိုအောင်းနေသူများကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

နိုဝင်ဘာလ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီသည် ဆုံးဖြတ်ချက်အမှတ် ၁၄၄၁ ကို တညီတညွတ်တည်း အတည်ပြုခဲ့ကြသည်။ ဤဆုံးဖြတ်ချက်သည် တစ်ဖက်တွင် ပြင်သစ်နှင့် ရုရှား၊ အခြားတစ်ဖက်တွင် အမေရိကန်နှင့် ဗြိတိန်တို့အကြား စေ့စပ်ညှိနှိုင်းမှုအရ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဤဆုံးဖြတ်ချက်အရ အီရတ်သည် လက်နက်

ဖျက်သိမ်းရေးအတွက် ကုလသမဂ္ဂ၏တောင်းဆိုချက်များအတိုင်း လိုက်နာရမည်ဖြစ်ပေသည်။ သို့မဟုတ်ပါက ဆိုးဝါးသောအကျိုးဆက်များ ကိုရင်ဆိုင်ရမည်ဖြစ်သည်။ ဤဆုံးဖြတ်ချက်အရ အမေရိကန်အား အီရတ်အပေါ် တိုက်ခိုက်ခွင့်ကို အတိအလင်းပေါ်ပေါ်လွင်လွင်ပေးထားခြင်း မရှိသော်လည်း နိုင်ငံတကာက တညီတညွတ်တည်းဆုံး ဖြတ်လိုက်ခြင်းဖြစ်၍ ဆက်ဒမ်ဟူစိန်သည် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့နှင့် အဏုမြူစွမ်းအင်အေဂျင်စီတို့၏ တောင်းဆိုချက်များအတိုင်း အတိအကျလိုက်နာရတော့မည် ဖြစ်ပေသည်။ ဤဆုံးဖြတ်ချက်သည် ပြင်သစ်ကအဆိုပြုထားခဲ့သော "နှစ်ဆင့်စနစ်" ကို လက်ခံရာ ရောက်သွားသည်။ ပထမအဆင့် လက်နက်စစ်ဆေးရေးအဖွဲ့က ဆောင် ရွက်သွားရန် ဖြစ်သည်။ ထိုအဖွဲ့၏ အစီရင်ခံချက်အပေါ် လုံခြုံရေးကောင်စီက ဒုတိယအဆင့် ဆောင်ရွက်ရန် ဖြစ်သည်။ တစ်ချိန်တည်းတွင် အမေရိကန်အနေဖြင့် အီရတ်တို့ဘက်မှ ပျက်ကွက်ပါက လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ထပ်မံတောင်းခံရန်မလိုဘဲ ဆက်လက်ဆောင်ရွက်ခွင့်ရသည်။

အီရတ်တွင်ဖြစ်ပေါ်ပြောင်းလဲမှုများကို အကြောင်းပြု၍ ကမ္ဘာ့အင်အားကြီးနိုင်ငံအချင်းချင်း သဘောထားကွဲလွဲခဲ့ကြသည်။ အာရပ်ကမ္ဘာတွင်လည်း စစ်ရိပ်စစ်ငွေ့များသန်းလာသဖြင့် မတည်မငြိမ်ဖြစ်နေသည်။ အရှေ့အလယ်ပိုင်းတစ်ခွင်လုံးမှာ အကြမ်းဖက်မှုများ၊ အပြန်အလှန်ကလဲစားချေမှုများ၊ စစ်ရေးပြင်ဆင်မှုများဖြင့် လှုပ်လှုပ်ရှားရှားဖြစ်ခဲ့သည်။ ကမ္ဘာတစ်ဝန်းလုံးက ထိုဒေသ၌စစ်ရေးအရှိန်မြင့်တက်လာနေမှုကို စိုးရိမ်တကြီး စောင့်ကြည့်နေကြသည်။ ။

ဦးခင်မောင်မြ

အာဆီယံလူငယ်ချစ်ကြည်ရေးစခန်းချပွဲ (၂၀၀၂ ခုနှစ်) ။ ။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် အာဆီယံအဖွဲ့ကြီး၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ စီမံကိန်းများတွင် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လာခဲ့သည်။

အာဆီယံလူငယ် ချစ်ကြည်ရေးစခန်းချပွဲ စီမံကိန်းသည် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး

ကော်မတီ၏ ဆောင်ရွက်ဆဲ စီမံကိန်းတစ်ရပ်ဖြစ်သည်။ ဤစီမံကိန်းကြီး၏ ရည်ရွယ်ချက်မှာ အာဆီယံလူငယ်များအကြား အာဆီယံနှင့်ပတ်သက်၍ အထွေထွေဗဟုသုတကြွယ်ဝကာ နားလည်မှုပိုမို ရရှိစေရန်နှင့် စခန်းအတွင်း အတူတကွပူးပေါင်းပါဝင်လှုပ်ရှားမှုများ ဆောင်ရွက်ခြင်းဖြင့် တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦးက ပိုမိုနားလည်သဘောပေါက်ကာ ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရန်ဖြစ်သည်။

ဤစီမံကိန်းကို ၁၉၉၇ ခုနှစ်မှစတင်လာခဲ့ရာ စီမံကိန်းအရ လူငယ်ချစ်ကြည်ရေးစခန်းချပွဲများကို အာဆီယံနိုင်ငံများက အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျ လက်ခံကျင်းပကြရသည်။ ၁၉၉၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၊ ၁၉၉၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ၂၀၀၁ ခုနှစ်တွင် မလေးရှားနိုင်ငံတို့က အိမ်ရှင်နိုင်ငံများအဖြစ် အသီးသီးလက်ခံကျင်းပခဲ့ကြသည်။ ၂၀၀၂ ခုနှစ် အာဆီယံလူငယ်ချစ်ကြည်ရေးစခန်းချပွဲသည် မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့သော လူငယ်စခန်းချပွဲဖြစ်သည်။

၂၀၀၂ ခုနှစ် လူငယ်စခန်းချပွဲနှင့် ပတ်သက်၍ အကြိုညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ရန်ကုန်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း ကုန်သွယ်မှု ဗဟိုဌာနတွင် ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နှင့် (၂၀) ရက်များတွင် ပြုလုပ်ခဲ့သည်။ ဤအကြိုညှိနှိုင်းအစည်းအဝေးနှင့် (၄) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီအစည်းအဝေးတို့၏ ဆုံးဖြတ်ချက်များအရ အာဆီယံလူငယ်ချစ်ကြည်ရေးစခန်းချပွဲကို 'အနုပညာဖြင့် သနားကြင်နာမှုကို ဖော်ဆောင်ခြင်း' (Honouring Kindness Through the Art) ဟူသောခေါင်းစဉ်ဖြင့် ရန်ကုန်မြို့နှင့်ပုဂံမြို့များတွင် ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ (၁၂) ရက်နေ့အထိ အောင်မြင်စွာကျင်းပခဲ့သည်။

. လူငယ်စခန်းချပွဲ၏ ရည်ရွယ်ချက်များ

၂၀၀၂ ခုနှစ်အာဆီယံလူငယ်စခန်းချပွဲ၏ ရည်ရွယ်ချက်များမှာ

(၁) အာဆီယံ အဖွဲ့ကြီးအပေါ် နားလည်သဘောပေါက်မှု တိုးပွားလာစေရန်

(၂) ယဉ်ကျေးမှု ရှင်သန် မြင့်မားရေးကို ဦးစားပေးတတ်စေရန်

(၃) အာဆီယံလူငယ်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားလာစေရန်တို့ ဖြစ်သည်။

စခန်းချပွဲ၏ အမှတ်တံဆိပ်

၂၀၀၂ ခုနှစ် အာဆီယံလူငယ်စခန်းချပွဲ၏ အမှတ်တံဆိပ်မှာ မြန်မာ့ရိုးရာပစ်တိုင်းထောင်ပုံဖြစ်သည်။ ပစ်တိုင်းထောင်ရုပ်သည် မည်သည့်အနေအထားမျိုးသို့ ပြောင်းလဲထားရှိစေကာမူ ယင်း၏ သဘာဝအရ အမြဲတမ်းမတ်မတ်ထောင်နေနိုင်သကဲ့သို့ အာဆီယံလူငယ်များသည်လည်း မိမိတို့၏စွမ်းအဖြစ် ပုဂံဟိုတယ်တွင်လည်းကောင်း ကျင်းပခဲ့သည်။ ဤစခန်းချပွဲသို့ အာဆီယံအဖွဲဝင်နိုင်ငံအသီးသီးမှ လူငယ်ခေါင်းဆောင်တစ်ဦးနှင့် ပန်းချီ၊ ပန်းပု၊ အက၊ အတီးအမှုတ်ကျွမ်းကျင်သူ လူငယ်ကိုယ်စားလှယ် ၅ ဦးစီနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အစီအစဉ်ညှိနှိုင်းရေးမှူးအပါအဝင် စုစုပေါင်းကိုယ်စားလှယ် ၆၁ ဦး ပါဝင်ဆင်နွှဲခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်များတွင် လူငယ်ခေါင်းဆောင်အဖြစ် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) မှ ဒုတိယပါမောက္ခ (ဂီတ) ဒေါ်ဝေမာဦး၊ လူငယ်ကိုယ်စားလှယ်များအဖြစ် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ ဇာတ်သဘင်ဌာနမှ နည်းပြဒေါ်ဇင်မာမင်း၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)၊ ဂီတဌာနမှ နည်းပြ ဒေါ်ဖြူးအောင်ကျော်၊ နည်းပြဒေါ်အေးနုလှိုင်နှင့် နည်းပြဦးအောင်ကိုမင်း၊ ပန်းချီ ဌာနမှ နည်းပြဦးစိုင်းမောင်မောင်တို့ ပါဝင်ခဲ့ကြသည်။

ရွှေစည်းခုံစေတီတော်အတွင်း လေ့လာကြစဉ်

ရည်ဖြင့် အခက်အခဲအားလုံးကို ကျော်လွှားလျက် အပြုံးမပျက် ခိုင်မာစွာရပ်တည်နေမည့်အဓိပ္ပာယ်ဖြစ်သည်။

စခန်းချပွဲပြုလုပ်ခြင်း

၂၀၀၂ ခုနှစ် အာဆီယံလူငယ်ချစ်ကြည်ရေးစခန်းချပွဲကို စခန်း ၂ ခုဖြင့်ပြုလုပ်ခဲ့ရာ ရန်ကုန်စခန်းအဖြစ် မြရိပ်ညိုဟိုတယ်တွင် လည်းကောင်း၊ ပုဂံစခန်းစားလှယ်များအဖြစ် ယဉ်ကျေးမှု တက္ကသိုလ် (ရန်ကုန်)၊ ဇာတ်သဘင်ဌာနမှ နည်းပြဒေါ်ဇင်မာမင်း၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)၊ ဂီတဌာနမှ နည်းပြ ဒေါ်ဖြူးအောင်ကျော်၊ နည်းပြဒေါ်အေးနုလှိုင်နှင့် နည်းပြဦးအောင်ကိုမင်း၊ ပန်းချီ ဌာနမှ နည်းပြဦးစိုင်းမောင်မောင်တို့ ပါဝင်ခဲ့ကြသည်။

ရိုးရာအစားအစာ ချက်ပြုတ်ခြင်း

စခန်းချဖွင့်ပွဲ အခမ်းအနား

၂၀၀၂ ခုနှစ် အာဆီယံလူငယ်ချစ်ကြည်ရေး စခန်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ မြရိပ်ညိုဟိုတယ်၊ ဘုရင့်နောင်ခန်းမတွင် ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့၊ နံနက် (၉) နာရီတွင် ကျင်းပခဲ့ရာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်ဖွင့်လှစ်၍ အဖွင့်အမှာ စကားပြောကြားခဲ့သည်။

စခန်းတွင်း လှုပ်ရှားမှုများ

လူငယ်စခန်းချပွဲ စခန်းတွင်းလှုပ်ရှားမှုများအဖြစ် နိုင်ငံအလိုက် ယဉ်ကျေးမှုဖျော်ဖြေပွဲများ တင်ဆက်ခြင်း၊ လေ့လာရေးခရီးများသွားရောက်ခြင်း၊ အနုပညာရပ်ဆိုင်ရာ ဟောပြောပို့ချမှုများ၊ အနုပညာ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အနုပညာပြပွဲငယ် ပြုလုပ်ခြင်း၊ ရိုးရာအစားအစာ ချက်ပြုတ်ခြင်း၊ စျေးရောင်းပွဲတော် ပြုလုပ်ခြင်း၊ စုပေါင်းကပွဲတင်ဆက်ခြင်းတို့ကို လူငယ်ကိုယ်စားလှယ်များက အင်တိုက်အားတိုက်ပါဝင်လှုပ်ရှားခဲ့ကြသည်။

နိုင်ငံအလိုက် ယဉ်ကျေးမှု ဖျော်ဖြေပွဲများ တင်ဆက်ခြင်း

အာဆီယံလူငယ်စခန်းချပွဲ၏ အဓိကလှုပ်ရှားမှုတစ်ခုမှာ နိုင်ငံအလိုက်ယဉ်ကျေးမှုဖျော်ဖြေပွဲများ တင်ဆက်ခြင်းဖြစ်သည်။ နိုင်ငံအသီးသီးသည် ဤယဉ်ကျေးမှုဖျော်ဖြေပွဲအတွက် လိုအပ်သည့် အဓိကပစ္စည်းများကို မိမိတို့နိုင်ငံများမှ ယူဆောင်လာကြသည်။ ယဉ်ကျေးမှု ဖျော်ဖြေပွဲများကို မြရိပ်ညိုဟိုတယ်တွင် အောက်တိုဘာလ (၃) ရက်နေ့မှ အောက်တိုဘာလ (၇) ရက်နေ့အထိ ပြုလုပ်ခဲ့ရာ၊ နိုင်ငံအသီးသီးက အနုပညာဖြင့် သနားကြင်နာမှုကို ဖော်ဆောင်သည့် ပဏာမ စာတမ်းတစ်စောင်စီကို တင်သွင်းဖတ်ကြားကြပြီး စိတ်ဝင်စားဖွယ်ကောင်းသော ယဉ်ကျေးမှုကပွဲများကို တင်ဆက်ကပြခဲ့ကြသည်။ ဤယဉ်ကျေးမှု ဖျော်ဖြေပွဲများတွင် လူငယ်ကိုယ်စားလှယ်များသည် မိမိတို့တတ်ကျွမ်းရာ အဆို၊

အက၊ အတီးအမှုတ် အနုပညာရပ်များ၊ လက်မှုအနုပညာရပ်များ၊ စာပေအနုပညာနှင့် ရုပ်/သံပစ္စည်းများကို ပေါင်းစပ်လျက် 'သနားကြင်နာခြင်း' ကို ဖော်ဆောင်တင်ဆက်ခဲ့ကြသည်။

လေ့လာရေးခရီးများ သွားရောက်ခြင်း

ဤစခန်းချပွဲတွင် ပါဝင် ဆင်နွှဲခဲ့ကြသော လူငယ်ကိုယ်စားလှယ်များသည် ရန်ကုန်မြို့နှင့်ပုဂံမြို့များရှိ ထင်ရှားသော ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးရာနေရာများနှင့် ရှေးဟောင်းယဉ်ကျေးမှုဒေသများသို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြသည်။

ရန်ကုန်မြို့တွင် အောက်တိုဘာလ (၃) ရက်နေ့ ၌ ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်သော ထူးခြားထင်ရှားသည့် ရွှေတိဂုံစေတီတော်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာ အမျိုးသားပြတိုက်နှင့် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်တို့သို့လည်းကောင်း၊ အောက်တိုဘာလ (၄) ရက်နေ့တွင် မြန်မာ့ယဉ်ကျေးမှုအနုပညာရှင်များ မွေးထုတ်ပေးရာ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) သို့လည်းကောင်း သွားရောက်လေ့လာခဲ့ကြသည်။

အောက်တိုဘာလ (၆) ရက်နေ့တွင် လူငယ်ကိုယ်စားလှယ်များသည် ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ခုဖြစ်သော ပဒေသာပင်မြို့တော်နှင့် ပန်းလှိုင်ဂေါက်ကွင်းအပန်းဖြေစခန်းတို့သို့ သွားရောက်ခဲ့ကြသည်။

လူငယ်ကိုယ်စားလှယ်များသည် ပုဂံမြို့၊ ပုဂံဟိုတယ်ရှိ လူငယ်ချစ်ကြည်ရေးစခန်းသို့ အောက်တိုဘာလ (၈) ရက်နေ့တွင် ရောက်ရှိခဲ့ကြသည်။ ပုဂံမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ပုဂံစေတီပုထိုးများအနက် အံ့ဖွယ် (၉) ပါးနှင့် ပြည့်စုံသောရွှေစည်းခုံစေတီတော်ထုထည်အကြီးမား၊ အခိုင်ခဲ့ဆုံးဟု ထင်ရှားသော ဓမ္မာရံကြီး ပုထိုးတော်၊ ဗိသုကာလက်ရာ အနုအလှများပြားဆန်းကြယ်လှသော အာနန္ဒာပုထိုးတော်ကြီး၊ နံရံဆေးရေးပန်းချီများ စုဝေးတည်ရှိရာ မြင်းကပါဂူပြောက်ကြီး၊ မြန်မာ့ယွန်းလက်မှုအနုပညာရပ်များကို

ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် လေ့လာစဉ်

ထိန်းသိမ်းပို့ချပေးရာ မြန်မာ့ယွန်းသိပ္ပံတို့သို့ ယင်းနေ့တွင်ပင် သွားရောက်၍ မြန်မာ့ရှေးဟောင်းအနုပညာလက်ရာများကို စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြသည်။

ဟောပြောပို့ချမှုများ

အာဆီယံလူငယ် ချစ်ကြည်ရေးစခန်းချပွဲတွင် လူငယ်ကိုယ်စားလှယ်များ ဗဟုသုတအသိအမြင်တိုးပွားစေရန်အတွက် ဟောပြောပို့ချမှုများကို ပြုလုပ်ခဲ့သည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အစီအစဉ်ညှိနှိုင်းရေးမှူး Mr. Jerry Reyes က 'အာဆီယံအကြောင်း သိကောင်းစရာ' ကိုလည်းကောင်း၊ ရန်ကုန် ယဉ်ကျေးမှုတက္ကသိုလ်မှ အကြံပေးပုဂ္ဂိုလ် ဆရာကြီး ဦးရဲဒွေးနှင့် ဦးရဲထွဋ်တို့က မြန်မာအကနှင့် မြန်မာ့ရုပ်သေးအကြောင်း၊ ရှေးဟောင်းသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်က ပုဂံခေတ်ပိသုကာလက်ရာများအကြောင်း၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးမှ ဦးသန့်စင်က မြန်မာ့ရိုးရာပန်းချီအကြောင်း၊ မြန်မာ့ယွန်းသိပ္ပံမှ ကျောင်းအုပ်ကြီး ဦးယုသိန်းက မြန်မာ့ယွန်းအကြောင်းတို့ကိုလည်းကောင်း အသီးသီးဟောပြောပို့ချခဲ့ရာ လူငယ်များက စိတ်ပါဝင်စားစွာ လေ့လာမှတ်သားခဲ့ကြသည်။

လက်တွေ့အနုပညာလုပ်ငန်းများ

လူငယ်ချစ်ကြည်ရေးစခန်းတွင်း လှုပ်ရှားမှုများအဖြစ် အနုပညာလက်တွေ့လုပ်ငန်းများကို လူငယ်များ၏ ကျွမ်းကျင်ရာအနုပညာအလိုက် ပန်းချီပန်းပုလက်တွေ့ပြုလုပ်ခြင်း၊ တူရိယာပစ္စည်းများ တီးမှုတ်ခြင်း၊ အကလေ့ကျင့်ခြင်း၊ ကဗျာလက်ာများ သီကုံးရေးသားခြင်း စသည်ဖြင့်ခွဲခြားဆောင်ရွက်ခဲ့သည်။ လက်တွေ့အနုပညာလုပ်ငန်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ပြုလုပ်ခဲ့ကြသည်။

(က) ပန်းပုလက်တွေ့လုပ်ငန်း

ပန်းချီပန်းပုကျွမ်းကျင်သူ လူငယ်ကိုယ်စားလှယ်များသည် ပန်းပုလက်တွေ့လုပ်ငန်းတွင် ပါဝင်ခဲ့ကြသည်။ ပန်းပုလက်တွေ့လုပ်ငန်းကို ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပန်းပုဌာနမှ ဦးဆောင်၍ ယဉ်ကျေးမှုတက္ကသိုလ်နှင့် မြရိပ်ညိုဟိုတယ်ရှိ လက်တွေ့လုပ်ငန်းနေရာတွင် ပြုလုပ်ခဲ့ကြသည်။ ပန်းပုလက်တွေ့လုပ်ငန်းတွင် လူငယ်များသည် ရွှံ့စေးရုပ်များ ပြုလုပ်ခြင်း၊ ပလာစတာပုံသွင်းခြင်း၊ ပလာစတာရုပ်များ ပြုလုပ်ခြင်းတို့ကို စိတ်ပါဝင်စားစွာ ပြုလုပ်ခဲ့ကြသည်။

(ခ) မြန်မာ့ရုပ်သေးတင်ဆက်ခြင်းလက်တွေ့လုပ်ငန်း

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ အကြံပေးပုဂ္ဂိုလ် ဦးရဲဒွေးက မြန်မာ့ရုပ်သေးများ တင်ဆက်ဖော်ဖြေခြင်း အစီအစဉ်ကို သရုပ်ပြခဲ့ပြီး အကကျွမ်းကျင်သူလူငယ်များနှင့် လူငယ်စာပေပညာရှင်များသည် မြန်မာ့ရုပ်သေးကြိုးဆွဲကပြမှုပညာကို သင်ယူခဲ့ကြသည်။

(ဂ) ပန်းချီလက်တွေ့ရေးဆွဲခြင်း

ပန်းချီပန်းပု ကျွမ်းကျင်သူလူငယ်များသည် ရန်ကုန်စခန်းအတွင်း ပြုလုပ်ပေးထားသော အလျား (၈)ပေ၊ အနံ(၅)ပေ ရှိသည့်ကင်းဗတ်ပိတ်ကားပေါ်တွင် သနားကြင်နာခြင်းကို ဖော်ကျူးသောပန်းချီပုံများကို မိမိတို့နှစ်သက်သလို ပေါင်းစပ်ရေးဆွဲခဲ့ကြသည်။ လူငယ်ပန်းချီပညာရှင်များသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်ပေါ်မှလည်းကောင်း၊ ပုဂံဟိုတယ်ဝင်းအတွင်းတွင်လည်းကောင်း မိမိတို့နှစ်သက်ရာပုဂံရှုခင်းပုံများကို ရေးဆွဲခဲ့ကြသည်။

(ဃ) ယွန်းပန်းချီလက်တွေ့ရေးဆွဲခြင်း

ယွန်းပန်းချီ လက်တွေ့ရေးဆွဲခြင်းကို ပုဂံမြို့ရှိ မြန်မာ့ယွန်းသိပ္ပံတွင် ပြုလုပ်ခဲ့သည်။ လူငယ်ပန်းချီ၊ ပန်းပုပညာရှင်များသည် သစ်စေးသုတ်ထားသော ယွန်းအဝိုင်းပြားနှင့် ယွန်းခွက်တို့ပေါ်တွင် ကညစ်တံ၊ ဆေး၊ ရွှေဆိုင်းတို့ကို အသုံးပြု၍ ပန်းချီပုံများ ရေးဆွဲခြင်း၊ ရွှေဇဝါယွန်းပန်းချီ ရေးဆွဲခြင်းတို့ကို အခြေခံမှုစ၍ စိတ်ပါဝင်စားစွာ ပြုလုပ်ခဲ့ကြသည်။ မိမိတို့ပြုလုပ်ထားသော အနုပညာလက်ရာများကို လက်တွေ့လုပ်ငန်းပြီးဆုံးချိန်တွင် အမှတ်တရယူဆောင်သွားကြသည်။

(င) ကဗျာလက်ာများ သီကုံးရေးဖွဲ့ခြင်း

လူငယ်စာပေ ပညာရှင်များသည် လူငယ်ချစ်ကြည်ရေးစခန်းချပွဲ၏ ခေါင်းစဉ်နှင့်သက်ဆိုင်သော ကဗျာလက်ာများ၊ သီချင်းများကို စခန်းချပွဲကာလအတွင်း စီကုံးရေးဖွဲ့ခဲ့ကြပြီး၊ ထိုစာပေလက်ရာများကို နံရံကပ်စာစောင်အဖြစ် ပြုလုပ်တင်ပြခဲ့ကြသည်။ လူငယ်ချစ်ကြည်ရေး၊ အနုပညာဖြင့် သနားကြင်နာမှု

ကို ဖော်ဆောင်ခြင်း၊ မြန်မာ့သနပ်ခါး၊ ပုဂံအနုလက်ရာများ၊ ပုဂံမြေ၏အလှအပများ စသည့် အကြောင်းအရာများကို ပေါ်လွင်အောင်စပ်ဆိုခဲ့ကြသည်။

အနုပညာပြပွဲ

လူငယ်ချစ်ကြည်ရေးစခန်းချပွဲတွင် လူငယ်တို့၏ အနုပညာလက်ရာများကို ပြပွဲငယ်တစ်ခုပြုလုပ်ခင်းကျင်းပြသခဲ့သည်။ ဤပြပွဲငယ်ကို မြရိပ်ညိုဟိုတယ်တွင် ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နေ့၌ ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာလ (၁၁) ရက်နေ့အထိ ခင်းကျင်းပြသခဲ့သည်။ ပြပွဲတွင် လူငယ်အနုပညာရှင်များ၏ ပန်းချီကားအမျိုးမျိုး၊ ပန်းပုလက်ရာများ၊ ကြွေထည်ပစ္စည်းများကို ခင်းကျင်းပြသခဲ့ကြသည်။

ရိုးရာအစားအစာချက်ပြုတ်ခြင်း

၂၀၀၂ ခုနှစ် လူငယ်စခန်းချပွဲတွင် အခြားစခန်းချပွဲများ၌ မပါရှိခဲ့ဖူးသော အစီအစဉ်တစ်ခုဖြစ်သည့် ရိုးရာအစားအစာချက်ပြုတ်ခြင်း အစီအစဉ်ကို ထူးထူးခြားခြား ထည့်သွင်းစီစဉ်ခဲ့သည်။ အောက်တိုဘာလ (၉) ရက်နေ့ညနေပိုင်းမှ စတင်ကာ လူငယ်ကိုယ်စားလှယ်များသည် ပုဂံစခန်းချရာ ပုဂံဟိုတယ်အတွင်း မိမိတို့နိုင်ငံအလိုက် ရိုးရာအစားအစာချက်ပြုတ်ခြင်းကို ပြုလုပ်ခဲ့ကြသည်။ အာဆီယံလူငယ်များသည် မိမိတို့ရိုးရာအစားအစာများကို အဖွဲ့လိုက် တပျော်တပါးချက်ပြုတ်ကြရာ ည ၈ နာရီခန့်တွင် ပြီးစီးခဲ့ကြသည်။ လူငယ်တို့သည် မိမိတို့ရိုးရာအစားအစာများကို ခင်းကျင်း၍ အချင်းချင်း လေ့လှယ်စားသောက်ရင်း ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

စွေးရောင်းပွဲတော်

၂၀၀၂ ခုနှစ် လူငယ်ချစ်ကြည်ရေးစခန်းချပွဲ၏ လှုပ်ရှားမှုတစ်ခုဖြစ်သော စွေးရောင်းပွဲတော်ကို အောက်တိုဘာလ (၁၂) ရက်နေ့နံနက်ပိုင်းတွင် မြရိပ်ညိုဟိုတယ် မြက်ခင်းပြင်၌ ပြုလုပ်ခဲ့သည်။ လူငယ်အနုပညာရှင်များသည် စခန်းအတွင်း ၎င်းတို့ကိုယ်တိုင်ပြုလုပ်သော အနုပညာလက်ရာများ၊ မိမိတို့နိုင်ငံများမှ လက်မှုပစ္စည်းများ၊ စခန်းချပွဲ အမှတ်တရပစ္စည်းကို စွေးနှုန်းချိုသာစွာဖြင့် ပျော်ပျော်ပါးပါး ရောင်းချကြရာ သံရုံးများမှတာဝန်ရှိသူများ အပါအဝင် လူငယ်ကိုယ်စားလှယ်များက အချင်းချင်း အားပေးခဲ့ကြသည်။ စခန်းချပွဲ၏ အဓိကခေါင်းစဉ်ဖြစ်သော' အနုပညာဖြင့် သနားကြင်နာမှုကို ဖော်ဆောင်ခြင်း' ထိရောက်စေရန် ရည်ရွယ်၍ ရောင်းချရငွေများအနက် နိုင်ငံအသီးသီးမှ ထည့်ဝင်ငွေများဖြင့် (၂၃၄၁၀၀) ကျပ်ကို မြန်မာနိုင်ငံ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မစွမ်းမသန်ကျောင်းများအတွက် လူငယ်ကိုယ်စားလှယ်များက ပေးအပ်လှူဒါန်းခဲ့ကြသည်။

စခန်းသိမ်းပွဲ

၂၀၀၂ ခုနှစ် အာဆီယံလူငယ်ချစ်ကြည်ရေးစခန်းချပွဲ၏ စခန်းသိမ်းပွဲကို စခန်းနောက်ဆုံးနေ့ဖြစ်သော အောက်တိုဘာလ (၁၂) ရက်နေ့ညတွင် မြရိပ်ညိုဟိုတယ်မြက်ခင်းပြင်၌ ပြုလုပ်ခဲ့သည်။ စခန်းသိမ်းပွဲတွင် လူငယ်အနုပညာရှင်များသည် မိမိတို့ကျွမ်းကျင်ရာ အနုပညာရပ်များအလိုက် အချင်းချင်းစုပေါင်း၍ အဆိုအကများ၊ အတီးအမှုတ်များဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြသည်။ ထို့နောက် စခန်းချပွဲကာလအတွင်း လူငယ်ကိုယ်စားလှယ်များ၏ လှုပ်ရှားမှုများကို စခန်းထို့စတင်ရောက်ရှိချိန်မှ စခန်းသိမ်းပွဲမတိုင်မီအထိ ရိုက်ကူးထားသောဗီဒီယိုမှတ်တမ်းကို ပြသခဲ့သည်။ စခန်းချပွဲအမှတ်တရအဖြစ် လူငယ်တို့၏ လှုပ်ရှားမှုများပါဝင်သော ဓာတ်ပုံအယ်လဘမ်များ၊ ဗီဒီယိုတိပ်ခွေများကို အာဆီယံနိုင်ငံအသီးသီးသို့ ပေးအပ်ခဲ့သည်။

ဒေါ်မြဦး (ယဉ်ကျေးမှုဗီမာန်)

အင်ကျင်နီယာလုပ်ငန်း ထူးချွန်ဆု (၂၀၀၂)။ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ၁၉၉၇ ခုနှစ်၌ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ အသင်းဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့သည်။ အသင်းဝင်နိုင်ငံဖြစ်လာသည်နှင့်အညီ အသင်းကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အစွမ်းကုန်မြှင့်တင်ပေးခဲ့သည်။ အသင်းကြီးမှ အဖွဲ့ဝင်နိုင်ငံတိုင်းက တညီတညွတ်တည်းချမှတ်သော စည်းမျဉ်းစည်းကမ်းများကို လိုက်နာ၍ ပုံမှန်ကျင်းပသော အစည်းအဝေးများသို့ ကျင်းပသည့်နိုင်ငံအလိုက်သွား၍ တက်ရောက်ခြင်း၊ မိမိနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ၍ အစည်းအဝေးကျင်းပခြင်းများကို ပြုလုပ်ခဲ့သည်။

အာဆီယံ (၁၀) နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွလက်တွဲ၍ အကောင်အထည်ဖော်ခဲ့သည့်နည်းတူ အာဆီယံ (၁၀) နိုင်ငံစလုံး တန်းတူဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စရပ်များကိုလည်း ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့သည်။

အာဆီယံအသင်းဝင် ဖြစ်လာသောအခါ ယခင်ကထက်ပို၍ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထူးတလည် ရှေးရှုဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးစနစ်ဖြစ်ခြင်းကြောင့် ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်းကိစ္စကို ရှေ့တန်းတင်၍ ဦးစားပေးဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးမြေရှိသော နေရာတိုင်းတွင် ဆည်မြောင်းတာတမံများ တည်ရှိရေးရည်ရွယ်ချက်ဖြင့် ဆည်မြောင်းတာတမံ တည်ဆောက်ခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံအနှံ့အပြား ဆောင်ရွက်ခဲ့သည်။ ယနေ့တိုင်လည်း ဆောင်ရွက်နေဆဲဖြစ်သည်။

ထိုသို့သော မြန်မာနိုင်ငံတော်၏ဆည်မြောင်းတာတမံ တည်ဆောက်ခြင်းလုပ်အား‌နှင့်လုပ်သားစွမ်းရည်များကို အာဆီယံအင်ဂျင်နီယာအသင်းချုပ်ကြီးက တွေ့မြင်ခဲ့ရာက ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဆည်မြောင်းတာတမံများ တည်ဆောက်မှုလုပ်ငန်းများကို ဂုဏ်ပြုသောအားဖြင့် ဆုတစ်ဆုပေးအပ်ချီးမြှင့်ခဲ့သည်။

ထိုဆုမှာ အင်ဂျင်နီယာလုပ်ငန်းထူးချွန်ဆု (၂၀၀၂) (ASEAN Outstanding Engineering Award 2002) ဖြစ်သည်။ ဆုပေးရခြင်း၏ ရည်ရွယ်ချက်အဓိပ္ပာယ်မှာ အာဆီယံ (၁၀) နိုင်ငံရှိသည့် အနက် ခရစ်နှစ် ၂၀၀၂ အတွင်း အင်ဂျင်နီယာလုပ်ငန်းရပ်များနှင့်ပတ်သက်၍ အထိရောက်ဆုံးအောင်မြင်မှုအရှိဆုံး ထူးချွန်ခဲ့သည့် နိုင်ငံတစ်နိုင်ငံမှ အဖွဲ့အစည်းတစ်ခုအား ဆုချီးမြှင့်ခြင်းဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း၌ အချိန်တိုကာလအတွင်း မြန်မာနိုင်ငံတွင် ဆည်မြောင်းတာတမံများကို အံ့သြဘာနန်းဖြစ်လောက်အောင် တည်ဆောက်ပြီးစီးနိုင်ခဲ့သဖြင့် ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်မှ (၄) ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ကျင်းပသော အာဆီယံအသင်းချုပ်၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်ညီလာခံက ၂၀၀၂ ခုနှစ် အင်ဂျင်နီယာလုပ်ငန်း ထူးချွန်ဆုကို မြန်မာနိုင်ငံဆည်မြောင်းဦးစီးဌာနအား ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ထိုဆုကို ညီလာခံသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲခေါင်းဆောင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါက်တာစိန်မြင့်က လက်ခံရယူခဲ့သည်။

ထူးချွန်ဆုအား သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးနှင့် ဂုဏ်ပြုပွဲတစ်ရပ်ကို ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့က ရန်ကုန်မြို့၊ ကန်တော်ကြီးကရဝိက်ဟိုတယ်၊ ဥတ္တရဆောင်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အားပေးပြီး အပ်နှင်းသော ထူးချွန်ဆုကို ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်းက လက်ခံရယူခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ။ ။ အင်ဒိုနီးရှားနိုင်ငံအား ကာကွယ်စောင့်ရှောက်ရန်အတွက် အင်အားကြီးမားသော လက်နက်ကိုင်တပ်ဖွဲ့ ထူထောင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း သမ္မတမယ်ဂါဝတီဆိုကာနို ပူထရိက ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြောကြားသည်။ အင်အားချည့်နဲ့သော လက်နက်ကိုင်တပ်ဖွဲ့မျိုးကို နိုင်ငံသူနိုင်ငံသား မည်သူတစ်ဦးတစ်ယောက်မျှ လိုလားမည်မဟုတ်ကြောင်း ဂျကာတာမြို့တော်အစိုးရ အိမ်တော်၌ပြုလုပ်သည့် ကာကွယ်ရေးတပ်ဖွဲ့ (တိအင်အိုင်) ခေါင်းဆောင်များ အစည်းအဝေးနောက်ဆုံးနေ့တွင် သမ္မတမယ်ဂါဝတီက ပြောကြားလိုက်ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီ

နိုင်ငံတော် ကာကွယ်ရေး ဘတ်ဂျက်သည် အကန့်အသတ် ရှိသည်ဖြစ်ရာ ရရှိငွေများကို လက်နက်ကိုင် တပ်ဖွဲ့များ အင်အားခိုင်မာရေး လုပ်ဆောင် သွားရန်ကိုလည်း တိအင်အိုင် ခေါင်းဆောင်များအား သမ္မတမယ်ဂါဝတီက တိုက်တွန်းပြောကြားသည်။ စောစောပိုင်းတွင် တိအင်အိုင်အကြီးအကဲ ရေတပ်ဗိုလ်ချုပ်ကြီး စိဒိုနိက သတင်းထောက်များအား တွေ့ဆုံပြောကြားရာ၌ နိုင်ငံတကာအကြမ်းဖက်သမားများ တိုက်ဖျက်သွားရေးနှင့်စပ်လျဉ်း၍ နိုင်ငံခြားတိုင်းပြည်များနှင့် သတင်းအချက်အလက်နှင့် ထောက်လှမ်းရေး သတင်းများ ဖလှယ်သွားရန် အင်ဒိုနီးရှား စစ်ဘက်ဆိုင်ရာတို့က လိုလားကြောင်း ဖော်ပြပါရှိသည်။

သမ္မတ မယ်ဂါဝတီ ဆိုကာနိုပူထရီသည် မတ်လ ၂၈ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ငါးရက်ကြာ အလည်အပတ်ခရီး ပြီးဆုံးသွားပြီဖြစ်သည်။ သမ္မတမယ်ဂါဝတီသည် ခရီးစဉ်အတွင်း တရုတ်ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံကာ စီးပွားရေးနှင့် နိုင်ငံရေးဆက်ဆံမှုခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ခဲ့သည်။ ဘေဂျင်းမြို့တွင်ရှိနေစဉ် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်နှင့် နှစ်နိုင်ငံစလုံးတွင် ကောင်စစ်ဝန်ရုံးအရေအတွက်တိုးမြှင့်ထားရှိရေးကိစ္စရပ်များနှင့် စပ်လျဉ်းသော စာချုပ်ချုပ်ဆိုသည့် အခမ်းအနားများသို့ တက်ရောက်ခဲ့သည်။ တရုတ်သမ္မတ ကျန်ဇီမင်းကလည်း အင်ဒိုနီးရှားနိုင်ငံအား ဦးစားပေးချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ထုတ်ချေးခဲ့သည်။ မယ်ဂါဝတီ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးမှာ ၁၃ ရက်ကြာ အာရှခရီးစဉ်၏ ပထမဦးဆုံးခရီးဖြစ်သည်။

အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီ ဆိုကာနိုပူထရီနှင့် အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော လာအိုနိုင်ငံဝန်ကြီးချုပ် ဘိုညန်ဗိုရာချစ်တို့သည် ဧပြီလ ၂၅ ရက်နေ့က တွေ့ဆုံကာ နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပြီးနောက် ပူးတွဲ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် မယ်ဂါဝတီက သတင်းထောက်များအား မိမိနှင့် လာအိုနိုင်ငံဝန်ကြီးချုပ်တို့သည် ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ငါးဖမ်းခြင်းလုပ်ငန်းစသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း ပြောကြားသည်။ အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အားလျော်စွာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန်လည်း နှစ်နိုင်ငံ သဘောတူညီခဲ့ကြသည်ဟု သမ္မတကပြောကြားသည်။ လာအိုဝန်ကြီးချုပ် ဗိုရာချစ်ကလည်း အပြန်အလှန်ဆက်ဆံရေး ပိုမို ကောင်းမွန်ရန် လိုအပ်ကြောင်းပြောကြားသည်။

အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီကို သူမ၏ ထိပ်တန်းပါတီဝင်အချို့၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးအချို့နှင့်အတူ တွေ့ရစဉ်

အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျက် အင်ဒိုနီးရှားနိုင်ငံ၏ စိတ်နေသဘောထား ဖွံ့ဖြိုးရန်နှင့် စည်းကမ်းကို ထိန်းသိမ်းလိုက်နာတတ်မှု ရှိရေးအတွက် သမ္မတမယ်ဂါဝတီဆိုကာနိုပူထရီက မေလ ၂ ရက်နေ့၌ သတိပေးပြောဆိုလိုက်သည်။ ဂျကာတာမြို့၌ ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ပညာရေးနေ့ အထိမ်းအမှတ် အခမ်းအနားတစ်ခု၌ မိန့်ခွန်းပြောကြားရာတွင် သမ္မတက ထိုသို့သတိပေးပြောဆိုလိုက်ခြင်းဖြစ်သည်။ မိမိတို့နိုင်ငံ၏ စွမ်းဆောင်မှုအရည်အချင်း ထိုးထွင်းသိမြင်တတ်မှု အရည်အချင်းနှင့် အောင်မြင်မှုများရှိလင့်ကစား တစ်ချိန်တည်း၌ မိမိတို့၏ စိတ်နေသဘောထားသည် ရုပ်ပိုင်းဆိုင်ရာနှင့် ရုပ်လောက၏ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ကိုက်ညီမှုမရှိကြောင်း သမ္မတက ပြောဆိုသည်။ သမ္မတမယ်ဂါဝတီသည် အင်ဒိုနီးရှား အစိုးရအပေါ် ပြစ်တင်ရှုတ်ချခံရခြင်းမှ ကင်းဝေးပြီး အနာဂတ် လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရုပ်ပိုင်းဆိုင်ရာနှင့်အတူ စိတ်ပိုင်းဆိုင်ရာများပါ ဖွံ့ဖြိုးပြောင်းလဲရန် လိုက်ကြောင်း ပြောဆိုသည်။

နိုင်ငံတကာဆက်ဆံရေး- သမ္မတမယ်ဂါဝတီဆိုကာနိုပူထရီသည် အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်လည်ပတ်နေသော ဧည့်သည်တော် နယူးဇီလန်ဝန်ကြီးချုပ် ဟယ်လင်ကလပ်နှင့် မေလ ၆ ရက်နေ့က တွေ့ဆုံကာ ဥပဒေမဲ့တရားမဝင် ဝင်ရောက်နေထိုင်သူများကိစ္စနှင့် အခြားသော နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။ မိမိတို့သည် နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်သည့် လူဝင်မှုကိစ္စရပ်များ အပါအဝင် ပညာရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ငါးဖမ်းဆီးရေးနယ်ပယ်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် သမ္မတက သတင်းထောက်များအား ပြောကြားသည်။



အင်ဒိုနီးရှားနိုင်ငံမြို့တော်ဂျကာတာ ရေလွှမ်းမိုးမှုခံရစဉ်

နယူးဇီလန်နိုင်ငံတွင် တရားမဝင်လာရောက် မှား ပြဿနာကိုဖြေရှင်းရာတွင် အင်ဒိုနီးရှားနိုင်ငံ နေထိုင်သည့် လူဝင်မှု ပြဿနာသည် တစ်နေ့တခြား ကြီးထွားလာသည့် ပြဿနာဖြစ်လာကြောင်း၊ သို့ရာတွင် မိမိတို့သည် ကုလသမဂ္ဂစည်းမျဉ်း စည်းကမ်းများနှင့်အညီ အိမ်နီးချင်းနိုင်ငံများနှင့် အတူ ယင်းလူဝင်မှု ပြဿနာကို ဖြေရှင်းနိုင်အောင် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်းဖြင့် နယူး ဇီလန်ဝန်ကြီးချုပ် ဟယ်လင်ကလပ်က ပြောသည်။ အာဖဂန်နစ္စတန်နိုင်ငံမှ တရားမဝင်လာရောက်သူ အားကူညီရန် နယူးဇီလန်ဝန်ကြီးချုပ်က သဘောတူ လက်ခံသည်ဟု အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး က သတင်းထောက်များအား ပြောကြားသည်။ နယူး ဇီလန်ဝန်ကြီးချုပ် ဟယ်လင်ကလပ်သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးအတွက် အင်ဒိုနီးရှား နိုင်ငံတွင် အစိုးရဧည့်သည်အဖြစ် သုံးရက်ကြာ လည်ပတ်ရန် ဂျကာတာမြို့သို့ မေလ ၅ ရက်နေ့က ရောက်ရှိလာခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် တရုတ်ဘာသာစကားကို သင်ကြားသုံးစွဲခြင်းသည် ပညာရေးအတွက် သာမက အင်ဒိုနီးရှားနှင့် တရုတ်ပြည်အကြား ခင်မင်ရင်းနှီးသော ဆက်ဆံရေးအတွက်ပါ ရည်ရွယ်ကြောင်း အင်ဒိုနီးရှားအရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံသည် လိုအပ်လျှင် တရုတ်ပညာရေးဆိုင်ရာ ဗဟိုဌာနကို မကြာမီတွင် ထားရှိမည်ဖြစ်ကြောင်း အမျိုးသား. ပညာရေးဝန်ကြီးဌာနအတွင်းဝန်ချုပ် မာ့စ်မူရီမူချလာ့စ်က ပြောကြားသည်ဟု ကျကာတာတွင် ထုတ်ဝေသည့် ကွမ်ပါစ် သတင်းစာက ဇူလိုင် ၁၁ ရက်နေ့က ဖော်ပြသည်။

စီးပွားရေး- ယမန်နှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံသို့ ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ၄၁ ဒသမ ၅ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ရကြောင်း အင်ဒိုနီရှား အစိုးရရင်းနှီးမြှုပ်နှံမှု ညှိနှိုင်းဆောင်ရွက်ရေးဘုတ် အဖွဲ့ (ဘီကေပီအမ်) က ဖော်ပြသည်။ ဘီကေပီအမ်မှ ထုတ်ပြန်ချက်အရ ယမန်နှစ်အတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာ ၁၀ ဒသမ ၁၆ ဘီလီယံရှိမည်ဟု လျှာထားခဲ့သော်လည်း စီမံကိန်းသစ်များအတွက် ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံသာ ရင်းနှီးနှံခဲ့သည်ကို တွေ့ရှိရကြောင်း ဖော်ပြပါရှိသည်။ လွန်ခဲ့သည့်နှစ်အတွင်းကမူ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဒေါ်လာ ၁၅ ဒသမ ၄၂ ဘီလီယံလျှာထားခဲ့ရာ ဒေါ်လာ ၁၀ ဒသမ ၁၆ ဘီလီယံ သို့မဟုတ် ၆၅ ရာခိုင်နှုန်းခန့် ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ ယင်းသတင်းနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်ကို ဘီကေပီအမ်က ဖော်ပြခြင်းမရှိကြောင်းနှင့် အရာရှိတစ်ဦးကမူ ယင်းရင်းနှီးမြှုပ်နှံမှုများမှာ ရေနံနှင့် မာတ်ဝွေ့မဟုတ်သော ရင်းနှီးမြှုပ်နှံမှုများသာ ဖြစ်ကြောင်း ကျကာတာပို့စ် သတင်းစာက ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံအတွက် ချေးငွေသစ်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၄၁ သန်းကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က အတည်ပြုလိုက်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဘိုဒီရိုနို က ပြောသည်။ အိုင်အမ်အက်ဖ်က အကူအညီပေးရေး အစီအစဉ်ကို ၂၀၀၃ ခုနှစ်တိုင် သဘောတူညီခဲ့ကြောင်း ဝန်ကြီးက ထပ်လောင်းပြောဆိုခဲ့ကြောင်း ဇန်နဝါရီလ ၃၀ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြထားသည်။

သမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီသည် နိုင်ငံတော် စီးပွားရေးလုပ်ငန်းများဆိုင်ရာ တွဲဖက်ဝန်ကြီး လာဆာမာနာဆူကာဒီ ဦးဆောင်သော အထူးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း၊ ထိုအဖွဲ့သည် ဂျပန်နိုင်ငံနှင့် စီးပွားရေးအရ ဆက်ဆံဆောင်ရွက်ရာတွင် မည်ကဲ့သို့ ပြုလုပ်ရမည်ကို အစိုးရအား အကြံဉာဏ်ပေးရန် ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာ ဧပြီလ ၃ ရက်နေ့က ဖော်ပြသည်။

နှစ်နိုင်ငံအကြား စီးပွားရေးဆက်ဆံမှုများ ပိုမိုတိုးတက်စေမည့် နည်းလမ်းများ ရှာဖွေရန် ဂျပန်နိုင်ငံမှ စီးပွားရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ စီးပွားရေးပညာရှင် ဆရီအဒင်းရှ်က ပြောကြားသည်ဟု သတင်းစာတွင် ဖော်ပြသည်။ ဂျပန်နိုင်ငံအသင်းတွင် တက္ကသိုလ်အသီးသီးမှ ကျွမ်းကျင်သူများ ပါဝင်သည်။ ဂျပန်နှင့် အင်ဒိုနီးရှားအသင်းတို့သည် မကြာခဏစီးပွားရေးလုပ်ငန်းများကိစ္စ၊ ဘဏ်လုပ်ငန်းများ ပြန်လည်ပြုပြင်ရေးကိစ္စ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ကိစ္စ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းကိစ္စများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ဆရီက ထပ်မံပြောကြားသည်။

သမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီသည် အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်ရန် အခွန်လွတ်နေ့အစီအစဉ်ကို သဘောတူညီလိုက်ကြောင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဥက္ကဋ္ဌသီယိုတိုမင်က ပြောကြားသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် "အခွန်လွတ်နေ့" အဖြစ် စီစဉ်ပေးရေးမိမိတို့၏ တင်ပြချက်ကို သမ္မတ မယ်ဂါဝတီက အခြေခံမှုအားဖြင့် သဘောတူညီလိုက်ကြောင်း ဂျကာတာတွင် ဧပြီ ၂၂ ရက်နေ့က သမ္မတမယ်ဂါဝတီနှင့်တွေ့ဆုံဆွေးနွေးအပြီးတွင် သတင်းထောက်များကို ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၀၃ ခုနှစ်တွင် ၄ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိ ရှိမည်ဟု အင်ဒိုနီးရှားအစိုးရက မျှော်လင့်ထားကြောင်း အင်ဒိုနီးရှားဘဏ္ဍာရေး

ဝန်ကြီးဌာနနှင့် အင်ဒိုနီးရှား လွှတ်တော်ဘတ်ဂျတ် ကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ဂျကာတာ မြို့တွင် မေလ ၂၁ ရက်နေ့က ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၇ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ ကျဆင်းမည်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသုံး ရူပီးယားငွေကြေးသည်လည်း ဆက်လက်ခိုင်မာလာမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် အမေရိကန်ဒေါ်လာနှင့် ငွေကြေးလဲလှယ်နှုန်းသည် လက်ရှိပေါက်စျေး အကြမ်းဖျင်းအားဖြင့် ရူပီးယား ၉၂၀၀ ရှိနေရာမှ ၈၅၀၀ နှင့် ၉၀၀၀ အကြားသာရှိလာမည်ဖြစ်ကြောင်းဖြင့်လည်း အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

သို့သော် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် အင်ဒိုနီးရှားအစိုးရသည် အောက်လွှတ်တော်အမတ်များ၏ စိန်ခေါ်မှုများကို မကြာခဏ ကြုံရကြောင်း ပြောဆိုပြီး ပါလီမန်အနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မစ္စတာနီလ်က တိုက်တွန်းပြောကြားသည်။ ဩဂုတ်လ ၁ ရက်နေ့၌ ပါလီမန်တွင် သမ္မတမယ်ဂါဝတီဆိုကာနိုပူထရီမိန့်ခွန်းပြောကြားရာတွင် ၂၀၀၃ ခုနှစ် ကုန်ပိုင်း၌ အင်ဒိုနီးရှားအစိုးရသည် အိုင်အမ်အက်ဖ် အကူအညီကို ဖြတ်တောက်လိုက်ရန် ဆုံးဖြတ်ထားကြောင်း ထည့်သွင်းပြောကြားသွားသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး - အင်ဒိုနီးရှားနိုင်ငံအစိုးရသည် တစ်နေ့တစ်ခြား ကြီးထွားလာနေသည့် မူးယစ်ဆေးဝါးအလွဲသုံးမှု တိုက်ဖျက်ခြေမှုန်းရေးအတွက် အာဏာပိုမို အပြည့်အဝရှိသော အဖွဲ့အစည်းတစ်ရပ် ထူထောင်လိုက်ပြီဖြစ်ကြောင်း နိုင်ငံတော် အုပ်ချုပ်ရေးပြုပြင် ပြောင်းလဲမှုဆိုင်ရာ တွဲဖက်ဝန်ကြီး ဖီဇယ်တာမင်းက ပြောသည်။ အသစ်ဖွဲ့စည်းထူထောင်လိုက်သော အဆိုပါ အဖွဲ့အစည်းသည် မူးယစ်ဆေးဝါးပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အာဏာပိုမို ရှိလာမည်ဖြစ်ကြောင်း၊ မူလဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် ညှိနှိုင်းရေးအာဏာပိုင်အဖွဲ့ သက်သက်အဖြစ်နှင့်သာ ရှိနေတော့မည်ဖြစ်ကြောင်း ပြောကြားသည်။ ထို ပြောကြားချက်များကို ဂျကာတာ ပို့စ်သတင်းစာတွင် မတ်လ ၂၇ ရက်နေ့က ဖော်ပြသည်။

မူးယစ်ဆေးဝါးဆိုင်ရာ အမျိုးသား အေဂျင်စီကို ဖွဲ့စည်းထူထောင်ကြောင်း၊ သမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီ၏ သမ္မတရုံးအမိန့်ဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်းဖြင့်လည်း ဆက်လက်ပြောကြားသည်။ အဆိုပါ အေဂျင်စီသည် မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ရောင်းဝယ်သူများအား စုံစမ်းစစ်ဆေးပိုင်ခွင့်နှင့် တရားဥပဒေအရ အရေးယူပိုင်ခွင့်များ ရှိသည်ဟု သိရသည်။

မူးယစ်ဆေးဝါး ပြဿနာသည် အဆောတလျင် အာရုံပြုဆောင်ရွက်ရန် လိုအပ်လာသည့် ပြဿနာဖြစ်ကြောင်း၊ ယင်းအခြေအနေကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် အာဏာပိုမိုရှိသော အဖွဲ့အစည်းတစ်ရပ် ထူထောင်သွားရန် လိုအပ်လာကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မူးယစ်ဆေးဝါးအလွဲသုံးသူ အရေအတွက်သည် တစ်နေ့တခြား တိုးပွားလာနေခြင်းကြောင့် ဖြစ်ကြောင်းဖြင့်လည်း ပြောကြားသွားသည်။ အထူးသဖြင့် ဂျကာတာမြို့ကဲ့သို့သော မြို့ကြီးပြကြီးများတွင် ဖြစ်ပွားနေသော အဓိကမူးယစ်ဆေးဝါးပြဿနာမှာ ဖက်တမင်း စိတ်ကြွရူးသွပ်ဆေးသုံးစွဲမှု တိုးလာနေခြင်းဖြစ်ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်သူများကို ကြီးလေးသော အပြစ်ဒဏ်ပြဋ္ဌာန်းသတ်မှတ်ပေးရန် ဥပဒေအရာရှိများကို သမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီက တိုက်တွန်းလိုက်ကြောင်း ဆင့်ပွားသတင်းက ဇွန် ၂၇ ရက်နေ့က ဖော်ပြလိုက်သည်။ သမ္မတ ဆိုကာနိုပူထရီက မူးယစ်ဆေးဆန့်ကျင် တိုက်ဖျက်ရေးကို ဆောင်ရွက်ခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ပြဿနာကို မဖြေရှင်းနိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် မူးယစ်ဆေးဝါး တရားမဝင်လှုပ်ရှားမှုအဆက်အသွယ်ကို ဖြတ်တောက်ပစ်ရန် တိကျထက်မြက်သော ဆုံးဖြတ်ချက်ကို ရှာဖွေရမည်ဖြစ်သည်။ မိမိတို့သည် ပင်မရေစီးကြောင်းမှ မူးယစ်ဆေး ရာဇဝတ်မှုခင်းများကို နှိမ်နင်းသွားရမည်ဖြစ်သည်။ ရာဇဝတ်မှုခင်း၏ အရင်းအမြစ်ကို ပိတ်ဆို့အောင်မြင်မည်ဆိုလျှင် မူးယစ်ဆေးတရားမဝင်ရောင်းချလည်ပတ်မှုသည် ရပ်တန့်သွားမည်

ဖြစ်သည်ဟု သမ္မတက ပြောကြောင်း အန်တာရာ သတင်းဌာနက ကိုးကားဖော်ပြသည်။

မူးယစ်ဆေးရာဇဝတ်မှုခင်းများကို နှိမ်နင်းရာတွင် အမျိုးသားရေးလှုပ်ရှားမှု အသွင်ဆောင်ရန် အတွက် နိုင်ငံတစ်ဝန်းလုံး၌ ဆောင်ရွက်သွားမည် ဖြစ်သည်။ အင်ဒိုနီးရှားမူးယစ်ဆေးဆန့်ကျင်ရေး အေဂျင်စီက ထုတ်ပြန်သည့် အချက်အလက်အရ အင်ဒိုနီးရှားရဲအဖွဲ့သည် မူးယစ်ဆေးရာဇဝတ် ကောင်များဟု မသက်သာသူ ၄၉၂၄ ဦးကို ဖော်ထုတ်ခဲ့ပြီး မူးယစ်ဆေးရာဇဝတ်မှု ၃၆၁၇ မှုကို ဖော်ထုတ်နိုင်ခဲ့သည့် ဖော်ပြပါ ကိန်းဂဏန်းမှာ ၁၉၉၉ ခုနှစ် ရှိခဲ့သည့် မူးယစ်ဆေးမှုနှင့် နှိုင်းယှဉ်လျှင် နှစ်ဆ နီးပါးဖြစ်သည်ဟု ဆိုသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း- အင်ဒိုနီးရှားအစိုးရသည် အင်ဒိုနီးရှားနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ရှင်သန်လာစေရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ၂၀၀၂ ခုနှစ်ကို အမျိုးသားသဘာဝအခြေခံ ကမ္ဘာလှည့်ခရီးသွားနှစ် အဖြစ် သတ်မှတ်ကြောင်း ကြေညာသည်။ အဆိုပါကြေညာချက်ကို စီးပွားရေးပူးတွဲ ညှိနှိုင်းရေးဝန်ကြီးဒိုရိုဂျာတွမ်ကွမ့်ဂျိုရိုဂျာကတိုက ခေါင်းဆောင်သော အဆင့်မြင့် စီးပွားရေးအရာရှိကြီးများ အစည်းအဝေးအပြီး ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ သဘာဝ အခြေခံကမ္ဘာလှည့်ခရီးသွားနှစ်သည် ဝန်ကြီးဌာနအားလုံး၊ အစိုးရအဖွဲ့အစည်းအားလုံး ပူးပေါင်း ဦးစားပေးလုပ်ဆောင်ရမည့် ကိစ္စဖြစ်သည်ဟု အဆိုပါအစည်းအဝေးက သဘောတူကြကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လေဆိပ်များ၊ သင်္ဘောဆိပ်များနှင့် ပို့ဆောင်ရေးကွန်ရက်များကို လွယ်လွယ်ကူကူ ချောချောမောမောသွားလာနိုင်မည့် အစီအစဉ်များကို အဓိကထား ပြုလုပ်ရလိမ့်မည်ဟု လည်း ကြေညာချက်တွင် ပါရှိကြောင်း ဖေဖော်ဝါရီ လ ၁၃ ရက်နေ့ထုတ် ဂျကာတာပို့စ် သတင်းစာက ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကမ္ဘာလှည့်ခရီးသည်များကို နိုင်ငံတကာနှင့်ယှဉ်ပြိုင် ဆွဲဆောင်နိုင်ရေးအတွက် ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားလာအောင် ဆောင်ရွက်ရန်လည်း အာရုံစိုက်ရလိမ့်မည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းအဖွဲ့သည် ၂၀၀၂ ခုနှစ်ကို နိုင်ငံတကာ သဘာဝ အခြေခံခရီးသွားနှစ်အဖြစ် စောစောပိုင်းက ကြေညာထားသည်။

လာမည့်လများအတွင်း စီးပွားရေးလုပ်ငန်းများကို ပိုမိုကမ်းလှမ်းဖိတ်ခေါ်ရန် စင်ကာပူ အရောင်းကိုယ်စားလှယ် အဖွဲ့ကြီးတစ်ဖွဲ့သည် စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ (အက်စ်တီဘီ) က နှီးဆော်ချက်ဖြင့် ဂျကာတာသို့ စက်တင်ဘာ ၃ ရက်နေ့က ရောက်ရှိလာခဲ့ကြသည်ဟု ဂျကာတာပို့စ်က စက်တင်ဘာ ၄ ရက်နေ့တွင် ရေးသားဖော်ပြလိုက်သည်။ အဆိုပါ အရောင်းကိုယ်စားလှယ်အဖွဲ့တွင် ခရီးသွားလုပ်ငန်းကုမ္ပဏီ ၄၀ မှ ကိုယ်စားလှယ် ၆၀ ပါဝင်သည်ဟု ဆိုသည်။ ခရီးသွားလုပ်ငန်းအဖွဲ့များတွင် ဟိုတယ်များနှင့် ခရီးသွားအေဂျင်စီများ ပါဝင်ကြသည်။ ယင်းအရောင်းကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံတွင် စက်တင်ဘာလ ၆ ရက်နေ့အထိ နေထိုင်မည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် စင်ကာပူ ခရီးသွားလုပ်ငန်းအတွက် အကြီးမားဆုံးဈေးကွက်ဖြစ်ပြီး၊ ယခု အင်ဒိုနီးရှားလူမျိုး အလည်အပတ်ခရီးထွက်သူ ၁ ဒသမ ၃ သန်းရှိခဲ့သည်ဟု စင်ကာပူခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သိန်းဝင်းဇော်

အောင်မြင့်၊ ဦး (ခရစ် ၁၉၄၆ - . . . .)။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ၁၉၉၇ ခုနှစ်မှ စ၍ အာဆီယံအသင်းဝင် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည့် အလျောက် အသင်းကြီးဖွဲ့ဖြိုးတိုးတက်ရေးကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့ရာတွင် ရှေ့တန်းမှပါဝင်ခဲ့သည့် နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံ အသင်းကြီးမှ ချမှတ်ထားသော မူဝါဒများကို တစ်သဝေမတိမ်းလိုက်နာ၍ အသင်းကြီးအား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးခဲ့ရာတွင် စီးပွားရေး၊ လူမှုရေး၊

အာဆီယံဆုရှင်
ဦးအောင်မြင့်

ယဉ်ကျေးမှု၊ ပညာရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ခဲ့သည့်နည်းတူ ဒေသတွင်းမှအနုပညာကိစ္စများကိုလည်း အတူတကွ ဖန်တီးဖော်ထုတ်ခဲ့သည်။

ထို့သို့ ဖန်တီးမှု အနုပညာရပ်များအား ဖော်ထုတ်ခဲ့ရာတွင် ပြိုင်ပွဲအသွင်သဏ္ဌာန်နှင့် ရုပ်လုံးဖော်ခဲ့ရာ၌ မိမိတို့နိုင်ငံတွင်း အဆင့်အနေနှင့် ပဏာမပြုလုပ်ပေးခဲ့မှုများ ရှိခဲ့သည်။

ထိုပြိုင်ပွဲများအနက် ပန်းဆယ်မျိုးစာရင်းဝင် ပန်းချီအနုပညာနှင့်ပတ်သက်၍ နိုင်ငံတွင်းပြိုင်ပွဲအဖြစ် ကျင်းပခဲ့ရာတွင် မြန်မာနိုင်ငံမှ ပန်းချီဆရာ ဦးအောင်မြင့် ၊ ဦးကြိုးမြင့်စော၊ ဦးနေမျိုးအေး၊ ဦးမင်းဇော်နှင့် ဦးမြတ်ကျော်တို့ အရွေးချယ်ခံရပြီး အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းသို့ သွားရောက်ယှဉ်ပြိုင်ခွင့် ရခဲ့သည်။

၂၀၀၂ ခုနှစ်၊ မေလ (၉) ရက်နေ့၌ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း၊ နူဆာနူအာကမ်းခြေရှိ ဘာလီနိုင်ငံတကာကွန်ဗင်းရှင်းခန်းမတွင် ကျင်းပသော (၈) ကြိမ်မြောက် အာဆီယံအနုပညာပြိုင်ပွဲသို့ တစ်နိုင်ငံလျှင် ပန်းချီဆရာ (၅) ဦး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည်နှင့်အညီ မြန်မာနိုင်ငံမှလည်း အထက်ပါ ပန်းချီဆရာ (၅) ဦး သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

ထိုပြိုင်ပွဲတွင် ပန်းချီဆရာဦးအောင်မြင့်က ဆုတစ်ဆုရခဲ့သည်။ ပြိုင်ပွဲတွင် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ အနုပညာရှင် (၅) ဦးစီ၏ လက်ရာပေါင်း (၄၀) ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ရာ အမြင့်ဆုံးဆုတစ်ဆုနှင့် အရွေးချယ်ခံဆု ငါးဆု ချီးမြှင့်ခဲ့သည်။ အမြင့်ဆုံးဆုကို စင်ကာပူနိုင်ငံမှ ဖရန့်စစ် နက်တက်ရောင်ကရရှိပြီး အရွေးချယ်ခံဆုကို မလေးရှားမှ မိုဟာမက်ဆူဟိုင်မီဘင်တိုဟစ်၊ မြန်မာမှ ဦးအောင်မြင့်၊ ဖိလစ်ပိုင်မှ ဘင်ကျာမင်ဒေရစ်အီလေဒါ၊ ထိုင်းမှ ကျာရဲဝပ်ဘွန်ဟေလွင်၊ ဗီယက်နမ်မှ ငုယင်ကွေဟိုင်းတို့က ရရှိခဲ့သည်။

အမြင့်ဆုံးဆုတစ်ဆုအတွက် ဆုရုပ်တုတစ်ခုနှင့် ဆုကြေး အမေရိကန်ဒေါ်လာ ၁၅၀၀၀၊ အရွေးချယ်ခံ ဆုတစ်ဆုအတွက် ဆုရုပ်တုတစ်ခုနှင့် ဆုကြေး အမေရိကန်ဒေါ်လာ ၅၀၀၀ စီ ချီးမြှင့်သည်။

ပန်းချီဆရာ ဦးအောင်မြင့်၏ ပြိုင်ပွဲဝင်ပန်းချီကားမှာ မိခင်များသို့ဂါရဝပြုခြင်း (Homage to the Mothers) အမည်ရှိ ပန်းချီကားဖြစ်သည်။

ထိုဆုရရှိခြင်းသည် မြန်မာနိုင်ငံ၏ အနုပညာလက်ရာအဆင့်အတန်း၊ အနုပညာ ဖွံ့ဖြိုးမှုကို အာဆီယံနိုင်ငံများသာမက တစ်ကမ္ဘာလုံးသို့တိုင်ပြသနိုင်လိုက်ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုကဲ့သို့ နိုင်ငံတော်၏ဂုဏ်ကို ဆောင်ပေးခဲ့သော ပန်းချီဆရာကြီး ဦးအောင်မြင့်ကိုလည်း နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများက ပြန်လည်အသိအမှတ်ပြုသောအားဖြင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပန်းချီဆရာအစည်းအရုံးမှ ပုဂ္ဂိုလ်များ၊ လုပ်ဖော်ကိုင်ဖက်နှင့် ပန်းချီဝါသနာရှင်များက ဂုဏ်ပြုပွဲများပြုလုပ်ပေးကြသည်။

ထိုသို့သော ပွဲများတွင် ပန်းချီဆရာကြီး ဦးအောင်မြင့်က မြန်မာနိုင်ငံအတွက် ဆုတစ်ဆုချိတ်နိုင်ခဲ့၍ ဝမ်းသာဂုဏ်ယူမိကြောင်း ဆုရသော ပန်းချီကားသည် မြန်မာနိုင်ငံထွက်ပစ္စည်းဖြစ်သည့် Shan Paper သို့မဟုတ် Hand made Paper ပေါ်တွင် ရေးဆွဲထားသောကြောင့် ပစ္စည်းရောလက်ရာပါ မြန်မာနိုင်ငံစစ်စစ်အနေနှင့် ဖန်တီး ထားခြင်းအား ပို၍ဂုဏ်ယူမိကြောင်း၊ အဓိကအားဖြင့် မိခင်များ၏ချစ်ခြင်းမေတ္တာကို လေးစားဦးညွတ်ပြီး ရေးဆွဲခြင်းဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ပန်းချီဆရာကြီး ဦးအောင်မြင့် ဆုရရှိခဲ့သော Homage to the Mothers ပန်းချီကားသည် ရှမ်းစက္ကူ (မိုင်းကိုင်စက္ကူ) ပေါ်တွင် တစ်ကြောင်းဆွဲကောက်ကြောင်းနှင့် ရေးဆွဲထားခြင်းဖြစ်သည်။ မူလက

09.a.m.2002
aung myint
solo show



" homage to the mothers"
acrylic on shan paper & canvas 184X184 cm
one of the ASEAN Jurors' choice award (2002)

october 4-27-2002
KENTLER INTERNATIONAL DRAWING SPACE
353 Van Brunt Street, RED HOOK, Brooklyn, New York 11231
718-875-2098 / info@kentlergallery.org / www.kentlergallery.org

အာဆီယံဆုရ ဦးအောင်မြင့်၏ ပန်းချီလက်ရာ

ပန်းချီကားငယ် (၆) ကား ဖြစ်ပြီးနောက်မှ ထို (၆) ကားကို ပူးပေါင်း၍တစ်ကားတည်းအဖြစ် ဖန်တီးဖော်ဆောင်ထားခြင်း ဖြစ်သည်။

ထိုပန်းချီကားသည် ပန်းချီဆရာကြီး ဦးအောင်မြင့်၏ တစ်ကိုယ်တော်ပန်းချီပြပွဲအတွက် ရေးဆွဲထားခြင်းဖြစ်သော်လည်း အာဆီယံပန်းချီပြိုင်ပွဲ ကျင်းပမည်ဆိုသောအခါ ပြိုင်ပွဲဝင်ရန်အသင့် တော်ဆုံးဖြစ်မည်ဟု ယူဆသဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

အနုပညာရှင် ကိုယ်၌က ပန်းချီကားပေါ်တွင် ကျေနပ်နှစ်သက်မှုရှိခြင်းနှင့် နိုင်ငံတော်အတွက် ဆုယူပေးနိုင်မည်ဟု ယုံကြည်ယူဆခဲ့သဖြင့် ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်သောကြောင့် ပန်းချီဆရာ၏အနုပညာစိတ်နှင့် အမိနိုင်ငံတော်အတွက် တာဝန်သိစိတ်များကလေးစားဖွယ်ကောင်းသည်ဟု ဆိုနိုင်သည်။

ထိုသို့သော ပန်းချီအနုပညာရှင်ကြီးသည် ပန်းချီမျိုးရိုးမရှိသော မိသားစုမှမွေးဖွားလာခဲ့သည်။ ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်နေ့တွင် ဦးကျော်စိန်နှင့် ဒေါ်စောသီတို့က မွေးဖွားခဲ့သည်။ ဟင်္သာတမြို့တွင် ကြီးပြင်းခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် တက္ကသိုလ်သို့ ရောက်ရှိကာ ပညာသင်ကြားခဲ့သည်။ ၁၉၆၇-၆၈ ပညာသင်နှစ်၌ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ စိတ်ပညာအဓိကဖြင့် M.A (Q) ဘွဲ့ကို ရရှိခဲ့သည်။

ပန်းချီဆရာကြီး ဦးအောင်မြင့်သည် ကျောင်းသားဘဝကပင် ပန်းချီပညာကိုစိတ်ဝင်စားခဲ့ရာမှ ပန်းချီကားများကိုရေးဆွဲခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် ဆီဆေးပန်းချီကားများကို စတင်ရေးဆွဲခဲ့သည်။

ပန်းချီရေးသက် ရလာသောအခါ ပန်းချီပြပွဲများတွင် ဝင်ရောက်ပြသခဲ့သည်။ ငွေရတု၊ မိုးရတု၊ ဆောင်းရတု ပန်းချီပြပွဲများတွင် ပါဝင်ပြသခဲ့ပြီး ခေတ်ပေါ်ပန်းချီလှုပ်ရှားမှုကို စိတ်အားထက်သန်လာရာမှ ဇင်္ဂမီ ခေတ်သစ်ပန်းချီပန်းပုပြပွဲတွင် (၁၁) ကြိမ်မြောက်အထိ ပါဝင်ပြသခဲ့သည်။

၁၉၇၅ ခုနှစ် ကာလပတ်ဝန်းကျင်များတွင် ဧရာဝတီ အနုပညာခန်းမနှင့် Parabeik De' pot စသည့် ပန်းချီဆိုင်ရာလုပ်ငန်းများကို မိတ်ဆွေသူငယ်ချင်းများနှင့် ပူးတွဲလုပ်ဆောင်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် ဇွဲသတ္တိဂျာနယ်၌ အယ်ဒီတာတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၈၉ ခုနှစ်မှစ၍ The Inya Gallary of Art ကို စတင်တည်ထောင်ခဲ့ပြီး ပန်းချီလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ ပန်းချီပြပွဲများကို မြန်မာနိုင်ငံတွင် သာမက ဂျပန်၊ စင်ကာပူ၊ ဂျာမနီ၊ ဟော်လန်နိုင်ငံများတွင် ကျင်းပပြုလုပ်ခဲ့သည်။

ပန်းချီဆရာကြီး ဦးအောင်မြင့်သည် သူ၏အနုပညာသက်တမ်းတစ်လျှောက်လုံးတွင် ခေတ်ပေါ်ပန်းချီများကို တစိုက်မတ်မတ် ရေးဆွဲခြင်းဖြင့် ရှင်သန်လာခဲ့သူဖြစ်သည်။ ခေတ်ပေါ်ပန်းချီပညာရပ်များကိုလည်း အမြဲမပြတ်လေ့လာကာ မိမိ၏အနုပညာဘဝကို တီထွင်ဆန်းသစ်မှုများနှင့် တည်ဆောက်ခဲ့သည်။

ပန်းချီဆရာကြီး ဦးအောင်မြင့်သည် Contemporary Art ဟုခေါ်သော ခေတ်ပြိုင်အနုပညာ၊ Instrallation Art ဟုခေါ်သော တင်ဆက်ပြသမှုအနုပညာ၊ Performance Art ဟုခေါ်သော သရုပ်ပြတင်ဆက်မှု အနု ပညာများကို လေ့လာလိုက်စား၍ ရေးဆွဲခဲ့သော ပန်းချီကားထဲတွင် ထိုသဘောများ ပါဝင်စေခဲ့သည်။

ဇော်ဝင်းထွန်း

အိန္ဒိယနိုင်ငံ ။ ။ ၂၀၀၁ခုနှစ် ဒီဇင်ဘာလအတွင်းက အကြမ်းဖက်သမားတစ်စုသည် နယူးဒေလီရှိ အိန္ဒိယပါလီမန်ကို ချဉ်းကပ်တိုက်ခိုက်ခဲ့ကြသည်။ ဤသို့တိုက်ခိုက်မှုကို အကြောင်းပြုပြီး ဇန်နဝါရီလ တစ်လျှောက်လုံးတွင် အိန္ဒိယနှင့် ပါကစ္စတန်တို့ အကြား စစ်ရေး၊ သံတမန်ရေးတို့အရ အလွန်တင်းမာခဲ့သည်။ သို့သော် စစ်ဖြစ်သည်အထိတိုးခဲ့မလာခဲ့ပေ။ ဇန်နဝါရီလ ၅-၆ ရက်များတွင် နီပေါနိုင်ငံတွင် ပြုလုပ်သော (၁၁) ကြိမ်မြောက်တောင် အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအသင်း၏ ထိပ်သီးအစည်းအဝေးသို့ အိန္ဒိယဝန်ကြီးချုပ် ဗာဂျ်ပေယီ တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေး၌ ပါကစ္စတန်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးမူရာရက်ဖ်က လက်ဆွဲနှုတ်ဆက်လိုကြောင်း အမူအရာများပြခဲ့သော်လည်း ဗာဂျ်ပေယီသည် တုံ့ပြန်

အိန္ဒိယ-ပါကစ္စတန်
နယ်စပ်ဒေသတွင်
ကင်းလှည့်နေသော
အိန္ဒိယ
စစ်သားများ

ခြင်းမပြုဘဲ နေခဲ့သည်။ ထိုအစည်းအဝေး၌ သူတို့ နှစ်ဦးသည် ဘေးချင်းယှဉ်၍ ထိုင်ခဲ့ကြသည်။

ဗာ့ဂျ်ပါယီနှင့် အိန္ဒိယဝန်ကြီးများသည် တင်းမာသော သဘောထားရှိသည်။ ရက်ဖ်က ကက်ရှ်မီးယားဒေသရှိ မွတ်ဆလင်ခွဲထွက်ရေးသမား များအား နိုင်ငံရေးနှင့် စိတ်ဓါတ်ရေးတို့ အရထောက် ခံဆဲဖြစ်စေကာမူ နှစ်နိုင်ငံတွေ့ဆုံ ဆွေးနွေးလို ကြောင်း၊ စစ်ရေးထိပ်တိုက်ရင်ဆိုင် တွေ့ကြုံမှုမှ ဆုတ် ခွာကြစေလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ သည်။

ဇန်နဝါရီ ၁၂ ရက်နေ့က မူရှာရက်ဖ်သည် သမိုင်းဝင်မိန့်ခွန်း ပြောကြားခဲ့သည်။ ထိုမိန့်ခွန်း၌ မူရှာရက်ဖ်က ပါကစ္စတန်သည် ဂိုဏ်းဂဏဝါဒကို လက်မခံကြောင်း၊ အကြမ်းဖက်သမားများကို နှိမ်နင်း သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ သို့ရာတွင် ပါကစ္စတန်ကို အခြေစိုက်လှုပ်ရှားခဲ့သော အကြမ်း ဖက်သမား ၂၀ ကိုမူ အိန္ဒိယသို့လွှဲပြောင်းပေးရန် ငြင်းဆန်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ မူရှာရက်ဖ်၏ အဆိုပါမိန့်ခွန်းကို အိန္ဒိယက ကြိုဆိုခဲ့သည်။ ရန်လို မုန်းတီးမှုလေသံများလည်း လျော့သွားခဲ့သည်။ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၊ အမေရိကန် နိုင်ငံခြား ရေးဝန်ကြီး ကောလင်းပါဝဲလ်တို့၏ ကြိုးပမ်းမှုများ ကြောင့်လည်း နှစ်နိုင်ငံတင်းမာ မှုများလျော့ပါးသွား ခဲ့သည်။

ဇန်နဝါရီ ၂၂ ရက်နေ့က မော်တော်ဆိုင် ကယ်စီးလာသော သေနတ်သမား ၄ ဦးသည် ကာလကတ္တားမြို့ရှိ အမေရိကန်ပြန်ကြားရေးရုံး ကို တိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ခိုက်မှုကြောင့် အမေရိကန်နိုင်ငံသား တစ်ဦးတစ်ယောက်မျှ ထိခိုက် သေဆုံးခြင်းမရှိသော်လည်း အိန္ဒိယအစောင့်ရဲတပ်ဖွဲ့ ၅ ဦးသေဆုံးပြီး လူပေါင်း ၂၅ ဦး ဒဏ်ရာရသွား ခဲ့ကြသည်။ တိုက်ခိုက်မှုကို အဖွဲ့နှစ်ဖွဲ့က ပြုလုပ်ခဲ့ ကြောင်း ရဲတပ်ဖွဲ့သို့ တယ်လီဖုန်းဖြင့် အကြောင်း ကြားသည်။ တစ်ဖွဲ့မှာ ဒေသခံလူဆိုးအဖွဲ့ဖြစ်သည်။ အဖွဲ့ခေါင်းဆောင် သည် အာရပ်စော်ဘွားများနိုင်ငံ ၏ မြို့တော်ဒူဘိုင်း တွင် အခြေစိုက်လှုပ်ရှားနေသူ ဖြစ်သည်။ အခြားတစ်ဖွဲ့မှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင်

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၃) ဆိုင်ရာ
အမှားပြင်ဆင်ချက်များ

စာမျက်နှာ	ကော်လံ/ကြောင်းရေ	အမှား	အမှန်
၉၈	၂/၁၉	... Rithts of the child	Rights of the child
၉၉	၁/၁၆	... Schizophrania	... Schizophrenia
၉၉	၂/၂၃	... Reserach	... Research...
၉၉	၂/၂၃	... Elaminating ...	... Eliminating
၉၉	၂/၃၆	Obescity ...	Obesity ...
၁၀၀	၁/၄	... Kisure...	... Leisure ...
၁၀၁	၁/၂၉	... Strengthning ...	... Strengthening ...
၁၅၁	၂/၈	မော်ပါဘွန်းကပ် . . .	မော်ပါဆွန်း၏ Moon Light
၁၅၁	၂/၁၀	၁၉၅၁ တွင် ရန်ကုန် တက္ကသုလ်မှ	၁၉၅၅ တွင် ရန်ကုန် တက္ကသိုလ်မှ . . .
၁၅၂	၁/၂၂	စွန့်စားရသောနွေညများ	စွန့်ခွာရသော နွေညများ
၁၅၂	၂/၁၉	ခပ်သိမ်းကဗျာ ရဲဖွယ်	ခပ်သိမ်းကလျာ ရှုဖွယ်
၁၅၂	၂/၂၀	တွံတေးကဗျာ မဂ္ဂဇင်း	ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း
၃၁၂	၁/၂၃	M.A (Q) ဘွဲ့ကို ရရှိခဲ့သည်။	M.A(Q)နှင့်အောင်မြင်ခဲ့သည်။
၃၁၂	၂/၁၇	Instrallation Art ...	Installation Art ...

အခြေစိုက်လှုပ်ရှားနေသော အစွန်လာမ်စစ်သွေးကြွအုပ်စုတစ်စု ဖြစ်သည်။ ရဲတပ်ဖွဲ့၏ ယူဆချက် အရ အစွန်လာမ်စစ်သွေးကြွများသည် ပါကစ္စတန်နိုင်ငံမှ စစ်တပ်ထောက်လှမ်းရေးအဖွဲ့နှင့်အဆက် အသွယ် ရှိကြသည်ဟုဆိုသည်။ ထို့ပြင် အနောက်ဘင်္ဂလား ပြည်နယ်ရှိ မြေအောက်ဒုစရိုက်ဂိုဏ်းနှင့်လည်းအဆက်အသွယ် ရှိကြသည်။

ပါကစ္စတန်နှင့် တင်းမာမှုဆက်လက် ဖြစ်ပေါ်နေချိန်တွင် စစ်ရေးထိန်းချုပ်မှု ပြုလုပ်ထားရန် နိုင်ငံတကာကပန်ကြားနေစဉ် အိန္ဒိယလွတ်လပ်ရေးနေ့မတိုင်မီ တစ်ရက်အလို ဇန်နဝါရီ ၂၅ ရက်နေ့တွင် အိန္ဒိယက တာလက်ပြေး ဒုံးကျည်တစ်လုံးကို ဘင်္ဂလားပင်လယ်အော်တွင် ပစ်လွှတ်ခဲ့သည်။ ထို ဒုံးကျည်သည် ကီလိုမီတာ ၇၀၀ ပြေးသည်။ ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်တို့က ယင်းလုပ်ရပ်ကို ဝေဖန်ပြစ်တင်ခဲ့သည်။ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးက အိန္ဒိယအနေဖြင့် ၁၉၉၈ ခုနှစ်တွင် လုံခြုံရေးကောင်စီက ချမှတ်ထားသော ဆုံးဖြတ်ချက်အမှတ် ၁၁၈၂ ကို လိုက်နာရန်တိုက်တွန်းခဲ့သည်။ အိန္ဒိယနှင့် ပါကစ္စတန်တို့ကို အဏုမြူလက်နက်တပ်ဆင်ပစ်လွှတ်နိုင်သော ဒုံးကျည်များကို ထုတ်လုပ်ခြင်းမပြုကြရန်လည်းတောင်းဆိုခဲ့သည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဂူဂျာရက်ပြည်နယ်၌ မီးရထားတစ်စင်းတိုက်ခိုက်ခံရမှုကို အကြောင်းပြုပြီး ဘာသာရေးဂိုဏ်း အဓိကရုဏ်း လှုပ်ရှားမှုပေါ်ပေါက်ခဲ့သည်။ ဟိန္ဒူ ဘာသာရေးစိတ်ပြင်းထန်သူတစ်စုသည် ဥတ္တရာ ပရာဒေ့ရှ်ပြည်နယ်ရှိ အယုဒ္ဓယမြို့သို့ သွား ရောက်ခဲ့ကြသည်။ ၁၉၉၂ ခုနှစ်က ဟိန္ဒူ လူအုပ်စုများသည် အယုဒ္ဓယမြို့ရှိ ဘာဘရီ အမည်ရှိ မွတ်ဆလင်ဗလီတစ်ခုကို ဖြိုဖျက်ပစ်ခဲ့ကြသည်။ ကမ္ဘာ့ဟိန္ဒူကောင်စီက ထိုနေရာတွင် ရာမအားရည်စူးလျက် ဟိန္ဒူဘုရားရှိခိုးကျောင်းဆောက်မည်ဟု အဓိဌာန်ပြုခဲ့ကြသည်။ ထိုသို့သမိုင်းကြောင်းရှိသော အယုဒ္ဓမြို့မှ ဟိန္ဒူခရီးသွားတစ်စု



ရွှေကောက်ပွဲအတွက် စည်းရုံးမဲဆွယ်ရန်ပြင်ဆင်နေသော ဘိဂျေပီဌာနခွဲတစ်ခုကို တွေ့ရစဉ်

သည် မီးရထား ဖြင့် ပြန်လာခဲ့ကြသည်။ ဂူဂျာရတ် ပြည်နယ်ရှိ ဘူတာသို့အရောက်တွင် မီးရထားပေါ်မှ ဟိန္ဒူ ခရီးသွားများက ဘူတာရှိ မွတ်ဆလင်များကို နောက်ပြောင်ခဲ့ကြသည်။ ဒေါသဖြစ်သွားသော မွတ်ဆလင်များက ရထားတွဲနှစ်တွဲကို မာတ်ဆီလောင်မီးရှို့ပစ်လိုက်ကြသည်။ မီးရထားပေါ်တွင် ပါလာသော ဟိန္ဒူ ၅၈ ဦးတို့ သည် အရှင်လတ်လတ် မီးလောင်သေဆုံး ခဲ့ရသည်။ ၄၃ ဦး ဒဏ်ရာရသည်။ ဤဖြစ်ရပ်ကို အကြောင်းပြုလုပ်၍ အဓိကရုဏ်း ဖြစ်သည်။

ဖေဖော်ဝါရီလအတွင်းက ပြည်နယ်လေးခု၌ လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲများ၌ အာဏာရ ညွှန့်ပေါင်းအဖွဲ့ကို ဦးဆောင်နေသည့် ဘီဂျေပီပါတီသည် ဆိုးဆိုး ဝါးဝါး ရှုံးနိမ့်လျက်ရှိသည်။ အိန္ဒိယတွင်လူဦးရေအများဆုံးဖြစ်သော ပြည်နယ်ဖြစ်သည့် ဥတ္တရာပရာဒေ့ရှ်တွင် အမတ်နေရာ ၁၄၆ နေရာဖြင့် ဆိုရှယ်လစ်ဝါဒီပါတီက ပထမရပြီး ဘီဂျေပီပါတီက အမတ်နေရာ ၁၀၇ ဖြင့် ဒုတိယ ရနေသည်။ ပန်ဂျပ် ပြည်နယ်တွင် ဘီဂျေပီပါတီက အမတ် ၃ နေရာသာရပြီး ကွန်ဂရက် ပါတီက ၆၂ နေရာရရှိထားသည်။ ဥတ္တရံချားလ်တွင် ဘီဂျေပီက ၁၉ နေရာ၊ ကွန်ဂရက်ပါတီက ၃၆ နေရာ အသီးသီးရရှိနေသည်။ မဏိပူရ်တွင် ဘီဂျေပီက ၄ နေရာ၊ ကွန်ဂရက်ပါတီက ၃၃ နေရာရရှိထားသည်။ ထို ပြည်နယ်ရွေးကောက်ပွဲများ၌ အခြားပါတီဝင်ယ်ကလေးများကလည်း အမတ်နေရာ တိုးတက်ရရှိနေကြသည်။ ထို့ကြောင့် ယင်းပြည်နယ်လေးခု၌ ဘီဂျေပီက အစိုးရဖွဲ့နိုင်ရန် အခွင့်အလမ်းလျော့နည်းသွားခဲ့သည်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီး ယာ့ရှ်ဝန်ဆင်ဟာက ၂၀၀၂ - ၂၀၀၃ ခုနှစ်အတွက် ဘတ်ဂျက်ကို တင်ပြခဲ့သည်။ အသုံးစရိတ်စုစုပေါင်း ရူပီ ၂၇၀၂ ဘီလီယံ ရှိသည်ဟု တင်ပြထားသည်။ ဘတ်ဂျက်လိုငွေမှာ ဂျီဒီပီ၏ ၅ ဒသမ ၃ ရာခိုင်နှုန်းဖြစ်သည်။ ယခု ဘတ်ဂျက်၏ ထူးခြားသောအချက်များမှာ ကာကွယ်ရေးအသုံးစရိတ် ၄ ဒသမ ၈ ရာခိုင်နှုန်းတိုးထားခြင်း၊ ဝင်ငွေခွန်အပေါ်နောက်ထပ် ၅ ရာခိုင်နှုန်းဆောင်းထားခြင်း စသည့်တို့ဖြစ်သည်။

အမေရိကန်ပူးတွဲစစ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ပိုလ်ချုပ်ကြီး ရစ်ချက်မိုင်းယားစ် အိန္ဒိယသို့ အလည်အပတ်ရောက်လာခိုက် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် အမေရိကန်က အိန္ဒိယသို့ လက်နက်ရှာရေဒါစနစ်ကို ရောင်းချပေးမည်ဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်းသွားလာရေးတွင် အကြမ်းဖက်မှုနှင့် ပင်လယ်ဓားပြတို့၏ ဘေးရန်ကာကွယ်ရေးတွင် နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အဏုမြူဒုံးကျည် ဖောက်ခွဲစမ်းသပ်ခဲ့မှုကြောင့် ပိတ်ပင်ထားခဲ့ရာမှ ယခုတစ်ကြိမ်သည် ပထမဆုံး စစ်လက်နက်ပစ္စည်း ရောင်းချပေးခြင်းဖြစ်သည်။ အိန္ဒိယသည် အစဉ်အလာ မဟာမိတ်ဖြစ်သောရုရှားနှင့်လည်း စစ်ရေးအရ ဆက်လက်ပူးပေါင်းလျက်ရှိသည်။ တိုက်လေယာဉ်အငယ်စား များ၊ တင့်ကား များနှင့် လေယာဉ်တင် သင်္ဘောကိုပါ ဝယ်ယူရန်စီစဉ်လျက်ရှိသည်။

ကမ္ဘာ့ဟိန္ဒူကောင်စီသည် အယုဒ္ဓယရှိ ဗလီပျက်နေရာတွင် ဟိန္ဒူနတ်ဘုရားရာမအား ရည်စူးလျက် ဘုရားကျောင်းတော်စတင်ဆောက်လုပ်ရန် မတ်လ ၁၅ ရက်နေ့ကို အခါကောင်းရွေးခဲ့သည်။ ဟိန္ဒူတို့က ဗလီပျက်နေရာသည် ရာမမွေးဖွားရာနေရာဟု စွဲမှတ်ထားကြသည်။ ဤကိစ္စနှင့် ပတ်သတ်၍ တရားရုံး၏အဆုံးအဖြတ်ကို စောင့်ဆိုင်းနေဆဲဖြစ်သည်။ ဤအတွင်းကျောင်းတော်ဆောက်မည်ဟု ဇွတ်တိုးခဲ့သဖြင့် အစိုးရက အရံစစ်သည် ၃၇၀၀ ပို့လွှတ်၍ ကျောင်းတော်မဆောက်ဖြစ်အောင် တားဆီးခဲ့သည်။ စေတနာ့ဝန်ထမ်းဆောက်လုပ်ရေးသမား ၁၀၀၀၀ကိုလည်း ကြိုတင်ထိန်းသိမ်းခဲ့သည်။ ဤသို့ဖြင့် ဘာသာရေး အဓိကရုဏ်းကြီးတစ်ခုကို ရှောင်ကွင်းနိုင်ခဲ့သည်။

ဂူလာရက်ပြည်နယ်တွင် ဘာသာရေး၊ လူမျိုးရေး အဓိကရုဏ်းများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် မတ်လ ၁၂ ရက်နေ့အထိ စာရင်းအရ လူပေါင်း ၇၀၀ ခန့် သေဆုံးခဲ့ရသည်။ မတ်လနှောင်းပိုင်းတွင် ဗဟိုအစိုးရက စစ်တပ်များစေလွှတ်လိုက်သဖြင့် ဆူပူသတ်ဖြတ်မှုများ လျော့နည်းသွားခဲ့သည်။ နေဝင်မီးငြိမ်းအမိန့်များထုတ်၍ လူစုလူဝေးဖြင့် လှုပ်ရှားမှုများကိုလည်း တားမြစ်ပိတ်ပင်ထားခဲ့သည်။

မတ်လ ၂၆ ရက်နေ့တွင် အိန္ဒိယပြည် ထောင်စုလွှတ်တော်၌ အထက်နှင့် အောက်လွှတ်တော်နှစ်ရပ်ပေါင်းကျင်းပကာ အကြမ်းဖက်ဝါဒကာကွယ်ရေးဥပဒေနှင့် သက်ဆိုင်သော ဥပဒေကြမ်းကို အတည်ပြုခဲ့ကြသည်။ လွတ်လပ်ရေးရပြီးခါနှစ်မှ စ၍ လွှတ်တော်နှစ်ရပ်ပေါင်းအတွင်း အစည်းအဝေးပြုလုပ်ခြင်းသည် ယခုတစ်ကြိမ်နှင့်မှ သုံးကြိမ်သာ ရှိသေးသည်။ အစိုးရက ဤဥပဒေသည် အိန္ဒိယ၌ အကြမ်းဖက်မှုများ ရှိနေသဖြင့် လည်းကောင်း၊ ကုလသမဂ္ဂဆုံးဖြတ်ချက်အရ နိုင်ငံတကာ ကတိကဝတ်များ ရှိနေသဖြင့်လည်းကောင်း လိုအပ်သည်ဟု ပြောခဲ့သည်။ အတိုက်အခံပါတီများက ဤဥပဒေကို အကြောင်းပြလျက် လူ့အခွင့်အရေးများ ဆုံးရှုံးခံရမည်ကို စိုးရိမ်ခဲ့ကြသည်။ လူနည်းစုတို့အပေါ် အနိုင်ကျင့်မှုများရှိလာမည်ဟု ဆိုခဲ့ကြသည်။

မေလတွင် အစွန်လာမ်စစ်သွေးကြွများက ကက်ရှ်မီးယားတွင် အခြေစိုက်ထားသည့် အိန္ဒိယစစ်စခန်းတစ်ခုကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူ ၃၄ ဦး သေဆုံးသွားခဲ့ရသည်။ ထိုအချိန်တွင် အိန္ဒိယနှင့် ပါကစ္စတန်နယ်နိမိတ်တစ်လျှောက်တွင်လည်းကောင်း၊ ကက်ရှ်မီးယားဒေသရှိ ထိန်းချုပ်ရေးမျဉ်းကြောင်းတွင်လည်းကောင်းနှစ်နိုင်ငံတို့မှ တပ်များစုပုံနေသည်မှာ အင်အားတစ်သန်းခန့် ရှိနေသည်။ သို့ဖြစ်၍ နိုင်ငံတကာမှ သံတမန်များသည် ထိုနှစ်နိုင်ငံသို့ အခေါက်ခေါက်အခါခါသွားလာလှုပ်ရှားခဲ့ကြသည်။ မေလကုန်အထိ နှစ်နိုင်ငံအကြားတင်းမာမှုသည် ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ ဇွန်လအတွင်း၌ အမေရိကန်၏ကြိုးပမ်းမှုကြောင့် နှစ်နိုင်ငံတင်းမာမှုလျော့ပါးသွားခဲ့သည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် သမ္မတရွေးကောက်တင်မြှောက်ရေးအဖွဲ့က အသက် ၇၀ အရွယ်ရှိ အဗ္ဗဒူလ်ကာလမ်အား သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ပြီးဖြစ်ကြောင်းကြေညာခဲ့သည်။ အဗ္ဗဒူလ်ကာလမ်အား သမ္မတလောင်းအဖြစ် အာဏာရညွှန့်ပေါင်းအဖွဲ့၊ အတိုက်အခံကွန်ဂရက်ပါတီနှင့် အခြားပါတီများကပါ ထောက်ခံခဲ့သည်။

စက်တင်ဘာလတွင် ကက်ရှ်မီးယားရွေးကောက်ပွဲများစတင်ကျင်းပခဲ့သည်။ ခွဲထွက်ရေးသမားတို့၏လက်ချက်ကြောင့် အမတ်လောင်းတစ်ဦး အပါအဝင်ပါတီလှုပ်ရှားသူများနှင့် အရပ်သားများ စုစုပေါင်း ၅၀၀ နီးပါးခန့်သေဆုံးခဲ့သည်။

စက်တင်ဘာအတွင်း မိုးခေါင်ရေရှားသည့် အိန္ဒိယတောင်ပိုင်းမှ ကာနာတာကာပြည်နယ်နှင့် တမီလ်နာဒူးပြည်နယ်တို့အကြား ရေအငြင်းပွားမှု ဖြစ်ခဲ့သည်။ ကောဝရီမြစ်ရေကို ခွဲဝေသုံးဆောင်ရေး၌ မြစ်ရေထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့၏ အမိန့်ကို ကာနာတာကာဝန်ကြီးချုပ်က မလိုက်နာဘဲနေခဲ့ရာ ဤသို့အငြင်းပွားမှုဖြစ်ပေါ်လာခဲ့သည်။ မြစ်ရေထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့၏ ဥက္ကဋ္ဌမှာ ဝန်ကြီးချုပ်ဟုဂ်္ဂပါယီဖြစ်သည်။ ဥက္ကဋ္ဌဟုဂ်္ဂပါယီက ကာနာကာတာဝန်ကြီးချုပ်အား အမိန့်ကိုလိုက်နာရန် ခေါ်ယူသတိပေးခဲ့ရသည်။

အောက်တိုဘာလ ၁၆ ရက်နေ့တွင် အိန္ဒိယကာကွယ်ရေးဝန်ကြီးက နှစ်နိုင်ငံနယ်နိမိတ်ရှိ အိန္ဒိယတပ်အင်အားကို လျှော့ချသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ကက်ရှ်မီးယားရှိ ထိန်းချုပ်ရေးမျဉ်းကြောင်းရှိတပ်များကိုမူ ဆက်လက်ထားရှိမည်ဖြစ်ကြောင်းကြေညာခဲ့သည်။ ပါကစ္စတန်ကလည်း နှစ်နိုင်ငံနယ်နိမိတ်ရှိတပ်များကို ငြိမ်းချမ်းရေးကာလတည်နေရာများသို့ ပြန်ဆုတ်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

နိုဝင်ဘာလ ၃ ရက်နေ့တွင် ဂျမ္မူ-ကက်ရှ်မီးယားပြည်နယ်တွင် ကွန်ဂရက်-မွတ်ဆလင် ပါတီမဟာမိတ်အဖွဲ့က အစိုးရအာဏာကို လွှဲပြောင်းရယူခဲ့သည်။ မဟာမိတ်အဖွဲ့သည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှုဆောင်ရွက်ခဲ့သည်။ သို့သော်ခွဲထွက်ရေးသမားများက အကြမ်းဖက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိကြသည်။ ဂျမ္မူးဒေသရှိ ဟိန္ဒူဘုရားဖူးခရီးသည် လာရောက်လေ့ရှိရာ ဟိန္ဒူဘုရားကျောင်းကို အစွန်လာမ်စစ်သွေးကြွများက နိုဝင်ဘာလ ၂၄ ရက်နေ့တွင် စီးနင်းသိမ်းပိုက်ထားခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့များက ထိုဘုရားကျောင်းကိုပြန်လည်သိမ်းယူနိုင်ခဲ့သည်။ ဤဖြစ်ရပ်တွင် စစ်သွေးကြွနှစ်ဦးအပါအဝင်လူပေါင်း ၁၂ ယောက်သေဆုံးပြီး ၅၀ ကျော်ဒဏ်ရာရခဲ့သည်။ ဤဖြစ်ရပ်ကို ပါကစ္စတန်အခြေစိုက်အစွန်လာမ်စစ်သွေးကြွများက ပြုလုပ်ခြင်းဖြစ်သည်ဟု အိန္ဒိယအစိုးရက စွပ်စွဲခဲ့သည်။

ဦးခင်မောင်မြ

အက္ခရာစဉ်အညွှန်း
မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၂၀၀၃)

ဤမြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ပါဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်းဖတ်ရှုလေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ လွယ်လင့်တကူ အလျင်အမြန်ရှာဖွေလိုပါကလည်း အက္ခရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏အမည်ကို ဖတ်ရှုနိုင်သည့်ဆိုင်ရာစာမျက်နှာအမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။

က

ကလပ်, ဟီလင် ၂၀၁၊ ၃၀၆။
ကာတာ, ဂျင်မီ ၂၇၄။
ကာဝါဂူချီ, ၂၀။
မစ္စယိုရီကိုကာဝါ
ကု(တ်)ဝါးလ်ဒ်ဟိုင်း(မ်) ၁၁၄။
ကုလသမဂ္ဂ ၁၁၀-၁၁၅။
ပိုစတာပြပွဲ
ကုအိဇုမိ,ဂျွန်နီချီရိ ၂၊၄၊၁၁၊၁၈၊ ၁၃၈။
ကေအင်ကား၊ ၁၄၃။
ဒေါက်တာ
ကိုဖီအန်နန် ၁၆၊ ၂၄၊ ၁၁၁၊ ၁၁၄၊ ၂၇၇၊ ၂၉၃၊ ၂၉၅။
ကက်စထရို,ဖီဒယ် ၅၊ ၁၀၊ ၂၇၃၊ ၂၇၄။
ကင်ဒေးဂျုံ ၁၈။
ကမ္ဘာ့ဆရာများနေ့ ၁၁၅၊ ၁၁၉။
ကမ္ဘာ့ဆီးချို သွေးချို ၁၁၉-၁၂၁။
ကာကွယ်ထိန်းသိမ်း
ရေးနေ့ အခမ်းအနား
ကျုံရုံကျိ ၁၀၊ ၂၈၊ ၁၄၇၊ ၁၄၈။
ကျော်စိန်၊ ၁၁၈။
ဒေါက်တာ
ကျန်ဇီမင်း ၁၀၊ ၁၆၊ ၂၀၊ ၁၃၅၊ ၁၄၄၊ ၁၄၅၊ ၁၅၀၊၂၁၀၊ ၃၀၄။
ကွယ်လွန်သူ ၁၂၁၊ ၁၂၄၊
ထင်ရှားသောပုဂ္ဂိုလ်များ ၁၂၉။

ခ

ခင်ညွှန့်၊ ဒုတိယ ၁-၃၊ ၅-၇၊ ၉၊
ဗိုလ်ချုပ်ကြီး ၁၀၊ ၁၂၊ ၁၃၊
(ယခု ဗိုလ်ချုပ်ကြီး)၁၅-၁၈၊ ၂၀၊ ၂၁၊ ၂၃၊ ၂၅-၂၉၊ ၃၁၊ ၃၂၊ ၁၁၀၊ ၁၁၂၊ ၁၁၄-၁၁၈၊ ၁၆၇၊ ၂၃၃၊ ၂၃၄၊ ၂၅၄၊ ၂၅၅၊ ၂၈၉၊ ၂၉၀။
ခမာဝုဓ၊ ဘဒ္ဒန္တ ၁၂၉၊ ၁၃၀။

ဂ

ဂုဏ်ထူးဆောင် ၁၃၀-၁၃၂။
ဘွဲ့များဂုဏ်ထူးဆောင်
တံဆိပ်များ (၂၀၀၂)
ဂုဏ်ဝင်း ၁၃၂၊ ၁၃၃။
ဂျာနင်ဒရာ ၁၀၊ ၁၈။
ဂျာမနီနိုင်ငံ ၁၃၃-၁၃၈။
ဂိုချောက်တောင် ၁၃၉၊ ၁၄၂။

င

ငုယင်ဗန်ဆန် ၂၁၀။

စ

စတိုင်ဂျာ,ရော့ ၁၂၅။
စာပေနှင့်သုတ ၉၂-၁၀၁။
ဆိုင်ရာစာတမ်း
ဖတ်ပွဲများ(၂၀၀၂)
စင်ကာပူနိုင်ငံ ၁၃၈၊ ၁၄၂။
စိန်မာဒင် ၁၆၅။
စိန်အောင်မင်း ၁၆၆။

ဆ

ဆချီဒနန္ဒာ,ဆွာမိ ၁၂၅။
ဆာဂျီအီဗန်နော့ဗ် ၂၆၆။
ဆက်ဒမ်ဟူစိန် ၂၉၃၊၂၉၆။
ဆန်းလွင်၊ ဦး ၁၄၂၊ ၁၄၄။
ဆယ့်လေးကြိမ်မြောက် ၇၂-၈၁။
အားကစားပြိုင်ပွဲနှင့်
မြန်မာ

ဇ

ရှာဖရူလာခန် ၁၉၅။
ဂျမာလီ
ဇီယာအူးလ်ဟပ် ၁၉၅။

ည

ညပ်ကြီး ၁၆၄။

တ

တရုတ်ပြည်သူ့ ၁၄၄-၁၅၀။
သမ္မတနိုင်ငံ
တက္ကသိုလ်ဘုန်းနိုင် ၁၅၁-၁၅၃။
တင်ထွန်းဦး၊ဒေါက်တာ ၁၈၁။
တင်ဘုန်းနွယ်၊ ဒေါ် ၂၃၅။
တင်မောင်၊ သူရဦး ၁၅၃၊ ၁၅၄။
တင်အေးကြည်၊ဒေါ် ၁၅၄၊၁၅၅။
တောင်အာဖရိက ၁၅၅-၁၅၈။
တန်ကြားရွှန် ၁၄။
တန်ယောင်မင်း ၁၄၇။

ထ

ထရန်ဗီလီ ၁၁၃။
ထရန်ဒတ်လောင် ၁၂၊ ၁၃၊ ၂၇၊ ၂၀၁၊ ၂၃၆။
ထီလာစစ်သူ ၁၈၁၊ ၁၈၂။
ထက်ထက်မိုးဦး ၅။
အကယ်ဒမီ
ထင်အောင်၊ဒေါက်တာ ၁၇၂။
ထိုင်းနိုင်ငံ ၁၅၈-၁၆၃။

ဒ

ဒလိုင်းလားမား ၁၅၀။
ဒံပေါက် ၁၆၄။
ဒက်စ်မွန်တူးတူး ၁၅၆။
ဒက်ဟစ်မားရှိုးလ် ၁၁၃။
ဒေါင်,ဗန်တီယင် ၁၂၅။
ဒစ်ချေနီ ၁၄၈၊ ၂၉၃။
ဓာတ်ဆံ ၁၆၄။
ဓာတ်ဆီ ၁၆၄။
ဓာတ်ရှင်၊ ဦး ၁၆၃-၁၆၆။
(ပကဘိုးဘိုးကြီး)

န

နေဝင်း၊ ဦး ၇၊၈။
နိုင်ငံတကာ ၁၆၇-၁၇၂။
စာတတ်မြောက်ရေးနေ့
နိုင်ငံတော်ပရိယတ္တိ ၁၀၂- ၁၀၈။
သာသနာ့တက္ကသိုလ်
ကြီးမှူး
နှစ်ငါးဆယ်ပြည့် ၁၇၂-၁၇၄။
ရန်ကုန်တက္ကသိုလ်
စိတ်ပညာဌာန
နှစ်ဆယ့်ငါးအုပ် ၁၇၄-၁၈၁။
မြောက် မြန်မာ့
စွယ်စုံကျမ်းနှစ်ချုပ်
နှစ်ဆယ့်တစ်ရာစု ၁၈၁၊ ၁၈၂။
စွမ်းဆောင်ရည်
ထူးချွန်ဆုရသူနှစ်ဦး
နန္ဒာမင်းခေါင် ၁၄၄။

ပ

ပခုက္ကူ၊ ဦးအုံးဖေ ၁၈၃- ၁၈၅။
စာပေဆု၊ ပညာ
ရည်ချွန်ဆုနှင့် ပခုက္ကူ
စာကြည့်တိုက်စာအုပ်ဆု
ပညာရေးစုံညီပွဲတော်၁၈၅-၁၉၁။
ပရိုခိုရော့ဗ်, ၁၂၅။
အလက်ဇန္ဒား
ပါကစ္စတန် ၁၉၁-၁၉၅။
ပါဝဲလ်,ကောလင်း ၁၂၊ ၂၇၅၊ ၃၁၃။
ပူတင်,ဗလာဒီမာ ၁၄၊ ၁၈၊ ၂၀၁၊ ၂၆၃။
ပဲရုဇ်, မက်စ် ၁၂၅။
ပန်တျာကြည်လင် ၁၆၅။
ပြင်သစ်နိုင်ငံ ၁၉၅-၁၉၉။

ဖ

ဖိလစ်ပိုင်နိုင်ငံ ၂၀၀-၂၀၅။
ဖူကူဒါ,ဘာကီယို ၁၃၈။
ဖူယာစတင်းဘွဲ့ဂ်, ၁၂၆။
ယိုရှင်းအဲဂွန်ဖူးအဲ့စ်ဖ်
ဖေအောင်၊ ဦး ၁၄၃။
ဖန်ဗန်ခိုင် ၁၁၊ ၂၀၆၊ ၂၀၇၊ ၂၀၉။
ဖျတ်စိန်၊ ကို ၁၆၄။

ဗ

ဗာနာရိ, ကျိုးဇက် ၁၁၁၊၁၁၄။
ဗဟ္ဂ်ပါယီ, ၁၀၊ ၃၀၊ ၃၂။
အတားလ်ဘီဟာရီ ၃၁၂၊ ၃၁၃။
ဗီယက်နမ်နိုင်ငံ ၂၀၅-၂၁၀။
ဗုဒ္ဓသာသနာတော် ၂၁၀-၂၁၇။
သန့်ရှင်းတည်တံ့
ပြန့်ပွားရေးဆောင်ရွက်
ချက်များ (၂၀၀၂)
ဗက်ဇယ်,ဟဲဟတ် ၁၂၆။

ဘ

ဘလဲ,တိုနီ ၂၃၊ ၁၉၉၊ ၂၉၃၊ ၃၁၃။
ဘလပ်စ်,ဘီလ် ၁၂၆။
ဘသောင်း၊ ဗိုလ်မှူး ၂၂၉။
ဘိခို့, အက်ဒွပ် ၁၂၆။
လာတီမာ
ဘုရှိ,ကျော့ဖဗလ္လ။ ၄၊ ၇၊ ၁၃၈၊ ၂၀၁၊ ၂၇၄၊ ၂၇၅။
ဘူးထရိုစ်ဂါလီ ၁၁၄။
ဘိုကေမောင် ၁၆၄။
ဘိုးအေး၊ ဒေါက်တာ ၂၄၅။
ဘက်ရှီးယား,တာရှင်း ၁၂၇။
ဘင်လာဒင်, ၂၈၅၊ ၂၈၆။
အိုစမာ
ဘဒ္ဒန္တသီလာနန္ဒာ ၂၁၆။
ဘိဝံသ၊ ဒေါက်တာ
ဘွန်ညန်ဘိုရာချစ် ၂၀၀။

မ

မရီနာဆာကား ၁၄၄။
မလေးရှားနိုင်ငံ ၂၁၇- ၂၂၁။
မဟာသီမိုဟာမက် ၁၂၊ ၂၁၊ ၂၁၇၊ ၂၁၈၊ ၂၃၆။
မီးထရောင်း ၁၉၉။
မူရာရက်ဖ်,ပါဗက်ဇ် ၂၊ ၁၀၊ ၁၃၊ ၂၀၊ ၂၉၊ ၁၉၁-၁၉၄။
မူးယစ်ဆေးဝါးနှင့် ၂၂၁-၂၂၈။
စိတ်ကိုပြောင်းလဲစေသော
ဆေးဝါးများအန္တရာယ်
တားဆီးကာကွယ်ရေး
(မြန်မာနိုင်ငံ) (၂၀၀၂)
မိုးကြည်၊ ဦး ၂၂၉။
(မေမြို့, မိုးကြည်)
မိုးပပအောင် ၂၁၇၊ ၂၁၉။
မိုးမမအောင် ၂၁၇-၂၁၉။
မင်ဒဲလား,နယ်ဆင် ၂၃၊ ၁၅၅။
မောင်အေး၊ ၄၊ ၈၊ ၁၁၊
ဗိုလ်ချုပ်ကြီး ၁၃၊ ၁၅၊ ၁၉၊
(ယခု ဒုတိယ ၂၃၊ ၂၄၊ ၃၀၊

ဗိုလ်ချုပ်မှူးကြီး) ၃၂၊ ၁၁၂။
မတ်ဆူး,ဂျက်စ် ၁၂၇။
မန္တလေးသိန်းဇော် ၁၆၆။
မယ်ဂါဝတီ ၄၊ ၃၀၃-၃၀၅၊
ဆိုကာနိုပူထရီ ၃၀၇၊ ၃၀၈။
မျိုးသန့်၊ ဦး ၁၈၃။
(မောင်ဆုရှင်)
မြတလေး ၁၆၅။
မြို့တော်အသံလွှင့် ၂၂၉-၂၃၂။
လုပ်ငန်း
မြန်မာနိုင်ငံ ၂၃၂-၂၃၅။
စာကြည့်တိုက်အသင်း
ဒုတိယအကြိမ်ညီလာခံ
မြန်မာနိုင်ငံတော်၊ ၂၃၆-၂၄၄။
ပြည်ထောင်စု
မြန်မာနိုင်ငံမိုးလေ ၂၄၄-၂၄၈။
ဝသ သတင်းရုပ်မြင်
သံကြားရိုက်ကူး ၂၄၄-၂၄၈။
ထုတ်လွှင့်မှု
မြန်မာနိုင်ငံ ၄၈-၅၇။
ရေကြောင်းပညာ
တက္ကသိုလ်
မြန်မာ့တိုင်းရင်းဆေး ၂၅၀-၂၅၃။
သမားတော်များ
ညီလာခံ
မြန်မာ့ပန်းဆယ်မျိုး ၂၅၃-၂၅၅။
အနုပညာပြပွဲ (၂၀၀၂)
မြန်မာ့ရုပ်ရှင် ၂၅၅-၂၅၇။
ထူးခွန်ဆု
မြန်မာ့သတင်းနှင့် ၈၂-၉၁။
ဆက်သွယ်ရေးနည်းပညာ
မြန်မာ့သမိုင်း ၂၅၇-၂၆၂။
မှတ်တိုင်ဖြစ်သော
ဆေးပညာလောက၏
အောင်မြင်မှုတစ်ခု
ယ
ယွန်းငဲ,ထရော့ဒါး ၁၂၇။
ရ
ရုရှားပြည်ထောင်စု ၂၆၂-၂၆၈။
ရိုမူဟွန် ၃၁။
ရောလ်စ်,ဂျွန် ၁၂၇။
ရည်ညွှန်းစာအုပ် ၆၄-၇၁။
များနှင့် မြန်မာ့
စွယ်စုံကျမ်းနှစ်ချုပ်၏
အခန်းကဏ္ဍ
ရန်ကုန်ပန်းခြံ ၅၈-၆၃။
ပန်းပုကျောင်းရွှေရတု
အထိမ်းအမှတ်
ပန်းခြံပန်းပုပြပွဲ
ရန်နီးဝိကရီမီဆင်ဂိ ၅။
ရမ်းစ်ဖဲလ်,ဒေါ်နယ်လ်၁၁၊ ၁၃၇။
ရှရှိဒါ ၁၃၅၊ ၁၃၆၊
၁၃၈။
ရှာရွန်,အေရီယယ် ၃။
ရှိရက် ၁၉၅-၁၉၈။
ရွှေတိဂုံစေတီတော် ၂၆၈-၂၆၉။
မော်ကွန်းမာတ်ပုံပြခန်း
ရွှေတိုင်ညွှန့် ၁၆၄။
ရွှေနန်းတင် ၁၆၆။
ရွှေမန်းကျော်အောင် ၁၆၅။
ရွှေမန်းတင်မောင် ၁၆၅။
ရွှေရတုပညာ ၃၄-၄၇။
ပညာတန်ဆောင်
လ
လော့ဒ်,ဝေါ်လတာ ၁၂၈။
လီဟန်ဒွန် ၁၀။
လူသားအကျိုးပြု ၂၆၉-၂၇၂။
မွေးနေ့အခမ်းအနား
လက်တင်အမေရိက ၂၇၂-၂၇၉။
လင်းယုန် ၂၇၉၊ ၂၈၀။
မောင်မောင်
လှမောင်၊ ဦး ၂၈၀။
(စာပေဗိမာန်)
ဝ
ဝေါ်လတာ,ဗာန္ဓန် ၁၂၈။
သ
သခင် ခင်ဇော် ၂၈၁-၂၈၃။
သက်ဆင်ရှင်နာဝပ် ၁၃၉၊ ၁၅၈၊
၁၅၉၊ ၁၆၂၊
၁၆၃။
သန့်၊ ဦး ၁၁၄။
သန်းဆွေ(ဒေါ်) ၂၈၃၊ ၂၈၄။
သန်းရွှေ၊ } ၁-၃၊ ၅၊ ၆၊
ဗိုလ်ချုပ်မှူးကြီး ၈-၁၃၊ ၁၆၊
၁၇၊ ၂၀၊ ၂၅၊
၂၇-၃၁၊ ၁၁၂၊
၁၆၉၊ ၁၇၀၊ ၂၃၆၊
၂၃၇၊ ၂၅၁၊ ၂၅၄။
ဟ
ဟာဗီးယားပီရက်ဇ် ၁၁၄။
ဒီကွေးလျား
ဟူကျင်တောင် ၁၈၊ ၁၄၂။
ဟွန်ဆန် ၂။
အ
အမေရိကန် ၂၈၄-၂၈၉။
ပြည်ထောင်စု
အမျိုးသားစာပေဆု ၂၈၉-၂၉၂။
စာပေဗိမာန်စာမူဆု၊
တစ်သက်သာစာပေဆု
အရှေ့အလယ်ပိုင်း ၂၉၂-၂၉၇။
ဒေသ
အာဆီယံလူငယ် ၂၉၇-၃၀၂။
ချစ်ကြည်ရေးစခန်း
ချပွဲ (၂၀၀၂)
အာလက်ဂျ်,ရွှန်နီ ၁၂၈။
အာရှိယို, ၁၆၊ ၂၀၀-၂၀၂၊
ဂလိုရီယာ ၂၀၄။
မကာပါဂါး
အင်ဂျင်နီယာ ၃၀၂၊ ၃၀၃။
လုပ်ငန်းထူးချွန်ဆု
အင်ဒိုနီးရှားနိုင်ငံ ၃၀၃-၃၀၉။
အောင်မောင်း၊ ဦး ၁၆၄။
အောင်မြင့်၊ ဦး ၃၀၉-၃၁၂။
အိန္ဒိယနိုင်ငံ ၃၁၂-၃၁၇။
အမ်ဘရော့စ်, ၁၂၉။
စတီဖန်

၂၅၉၁၈

မြန်မာ့
စွယ်စုံကျမ်း
နှစ်ချုပ်



၂၀၀၃

မြန်မာ့
စွယ်စုံကျမ်း

နှစ်ချုပ်



ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၀၃ ခုနှစ်၊ အုပ်ရေ ၇၀၀၀

၂၅၉၁၈

အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်)
(မှတ်ပုံတင်အမှတ် ၉၆၁ - ယာယီ) ဖြင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၈၅- ယာယီ) ဖြင့် ထုတ်ဝေသည်။

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

*စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချမှုန်းကြ။

မြန်မာ့ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်အပါအဝင် မြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များ စီစဉ်ရေးအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၀၃ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်-

(၁) ဦးသော်ကောင်း - ဥက္ကဋ္ဌ
မြန်မာသမိုင်းအဖွဲ့ဝင်၊
မြန်မာသမိုင်းအဖွဲ့

(၂) ဒေါက်တာကျော်စိန် - အဖွဲ့ဝင်
အငြိမ်းစားပညာရေးဝန်ကြီး၊
ပညာရေးဝန်ကြီးဌာန

(၃) ဒေါက်တာမျိုးသန့်တင် - အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ခတ္တိယနည်းပညာ
ပြန့်ပွားရေးလုပ်ငန်း

(၄) ဒေါက်တာ ဦးခင်အေး - အဖွဲ့ဝင်
(မောင်ခင်မင်-နေ့ဖြူ)
ပါမောက္ခ၊ မြန်မာစာဌာန၊
ရန်ကုန်တက္ကသိုလ်

(၅) ဒေါ်တင်ဘုန်းနွယ် - အဖွဲ့ဝင်
စာကြည့်တိုက်မှူးကြီး
တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်

(၆) ဦးမြင့်ကြိုင် - အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်၊
ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန

(၇) ဒေါက်တာ တိုးလှ - အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
တက္ကသိုလ်များသမိုင်းသုတေသန
ဦးစီးဌာန

(၈) ဒေါက်တာခင်မောင်ညွှန့် - အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့ဝင်၊
မြန်မာသမိုင်းအဖွဲ့

(၉) ဦးထွန်းအောင်ချိန် - အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့ဝင်၊
မြန်မာသမိုင်းအဖွဲ့

(၁၀) ဦးတင်ခ (တက္ကသိုလ်တင်ခ) - အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး၊
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(၁၁) ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) - အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ပြန်ကြားရေး
နှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန

(၁၂) ဦးလှကြိုင် (ပါရဂူ) - အဖွဲ့ဝင်
စာရေးဆရာ

(၁၃) ဦးဘသန်း (မဟာဝိဇ္ဇာ) - အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊
ဝန်ထမ်းရေးရာဦးစီးဌာန

(၁၄) ဦးမင်းနိုင် - အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူး၊
ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန

(၁၅) ဒေါ်ကြန် (မကြန်) - အဖွဲ့ဝင်
မြန်မာစာအဖွဲ့ဝင်
မြန်မာစာအဖွဲ့ ဦးစီးဌာန

(၁၆) ဦးမျိုးသန့် (မောင်ဆုရှင်) - အဖွဲ့ဝင်
အကြံပေးအရာရှိ၊ စာပေဗိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁၇) ဦးထွန်းတင့် - အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူး၊
မြန်မာစာအဖွဲ့ ဦးစီးဌာန

(၁၈) ဦးမောင်လှိုင် (မောင်ဆွေငယ်) ... အတွင်းရေးမှူး
စာတည်းမှူးချုပ်၊ စာပေဗိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေးရေးလုပ်ငန်း

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၃) ခုနှစ်
စာတည်းအဖွဲ့

စာတည်း (တာဝန်ခံ) ဦးအုန်းလွင်
စာတည်းများ ဦးခင်မောင်လေး
ဦးစိုးမြင့်သန်း(စိုးမြင့်သန်းမောင်)
ဒေါ်မျိုးမျိုးကြည်

မာတိကာ

ဤကျမ်းကို မရှုစားမီ

အပိုင်း(၁)

၂၀၀၂ ခုနှစ် လအလိုက်ဖြစ်စဉ်များ - - - - - ၁

အပိုင်း(၂)

စာအုပ်စာပေ၊ ပန်းချီပန်းပုယဉ်ကျေးမှု ရေကြောင်းသိပ္ပံ၊ နည်းပညာ၊ အားကစားနှင့်အာသာသာသနာစသည့် နှစ်ချုပ်ဆောင်းပါးများ -

* ရွှေရတုပညာတန်ဆောင် - ဦးသန်းဦး - ၃၄
* မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် - မောင်ကြင်နာ - ၄၈
* ရန်ကုန် ပန်းချီပန်းပုကျောင်း ရွှေရတု အထိမ်းအမှတ် ပန်းချီပန်းပုပြပွဲ - ဦးမင်းနိုင် - ၅၈
* ရည်ညွှန်းစာအုပ်များနှင့် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်၏ အခန်းကဏ္ဍ - ဦးစိုးမြင့်သန်း - ၆၄
* ၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် မြန်မာ - ဒေါက်တာ တင်ထွန်းဦး - ၇၂
* မြန်မာ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ - နွေသင်နိုင် - ၈၂
* စာပေနှင့် သုတဆိုင်ရာစာတမ်းဖတ်ပွဲများ (၂၀၀၂) - ဦးကြည်ထွဏ်း - ၉၂
* နိုင်ငံတော်ပရိယတ္တိသာသနာ တက္ကသိုလ်ကြီးများ - ဦးထွန်းနိုင် (သာသနာရေး) - ၁၀၂

အပိုင်း(၃)

၂၀၀၂ ခုနှစ် အကြောင်းရပ်များ - ၁၀၉
အကျဉ်းချုပ်အညွှန်း - ၃၀၈

ဤကျမ်းကို မရှုစားမီ

ဖော်ပြပါလမ်းညွှန်ကို လေ့ထာဝားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်ဆူအဖြစ် လွယ်ကူစွာအသုံးပြုနိုင်ပါသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီးမြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၃ ခုနှစ်ကို ယခင်ကထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၂ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်ဆစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၀၂ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၂၀၀၃ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၂၀၀၃ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၄ ခုနှစ် ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည်ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြားချ၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၀၂ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့်ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် စာအုပ်စာပေ၊ ပန်းချီပန်းပုယဉ်ကျေးမှု၊ ရေကြောင်းသိပ္ပံနှင့် အခြားနှစ်ချုပ်အထူးဆောင်းပါး စုစုပေါင်း ၈ ပုဒ်ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ တတိယပိုင်း၌ဖော်ပြထားသောအကြောင်းရပ်များသည် ၂၀၀၂ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်းများ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း နိုင်ငံတကာရေးရာများတွင် ထင်ရှားသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသောနှစ်ချုပ်ကျမ်းတွင် ၂၀၀၂ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ-စွယ်စုံနှစ်ချုပ် ၁၉၉၉) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၃ ခုနှစ်ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကိုညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ညွှန်းထားပါသည်။

စာပေဗိမာန်

အပိုင်း - ၁

၂၀၀၂ ခုနှစ် ဖြစ်ရပ်များ

၂၀၀၂ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာမှ ထင်ရှားသည့် ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစု ဖော်ပြထားပါသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၃)

မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များ

၂၀၀၂ ခုနှစ် ဖြစ်ရပ်များ

ဇန်နဝါရီလ

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းည့်ခံသည့် (၅၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ညည့်ခံပွဲနှင့် ညစာစားပွဲကို ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံတွင် ကျင်းပသည်။

၅ ကမ္ဘာလှည့် ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှု ကော်မတီ (၁/၂၀၀၂) အစည်းအဝေးတွင် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) က မြန်မာနိုင်ငံ အရှေ့၊ အနောက်၊ တောင်၊ မြောက်နေရာဒေသများတွင် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားမည့် နေရာများလက်ညှိုးထိုးမလွဲရှိကြောင်း၊ သို့သော် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်း မရှိသေးကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာအောင် တွေးခေါ်ကြံဆ နည်းလမ်းရှာကြံဆောင်ရွက်ရန်လိုကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

၆ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မြို့နယ်အားကစားကွင်းတွင် ကျင်းပသည်။

၈ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို မန္တလေးတိုင်း ချမ်းအေးသာမြို့နယ် ခင်မွန်ကျေးရွာ အားကစားကွင်းတွင် ကျင်းပသည်။

၉ ကရင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ဘားအံမြို့ အနောက်ခြမ်း သံလွင်တံတားအနီးရှိ ဘားကပ်ကျေးရွာတွင် ကျင်းပသည်။

၉ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို မုံရွာခရိုင် ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာ အားကစားကွင်းတွင် ကျင်းပသည်။

၉ ကယားပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို လွိုင်ကော်မြို့ မြို့နယ် အားကစားကွင်းတွင် ကျင်းပသည်။

၁၀ ချင်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ဟားခါးမြို့ ဦးဝမွသူးမောင် အားကစားကွင်းတွင် ကျင်းပသည်။

၁၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပဲခူးတိုင်း ပဲခူးမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် အမှတ် (၂) စက်မှုဝန်ကြီး ဌာန၏ အင်းတကော်စက်မှုနယ်မြေ အလုပ်ရုံများကို ကြည့်ရှုစစ်ဆေး လမ်းညွှန်သည်။

မကွေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို မကွေးမြို့နယ် ကန်ပြားကျေးရွာ အားကစားကွင်းတွင် ကျင်းပသည်။

မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို မော်လမြိုင်မြို့နယ်ရှိ ရာမည အားကစားပြိုင်ဝင်းတွင် ကျင်းပသည်။

၁၂ တနင်္သာရီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ထားဝယ်မြို့ တိုင်းအားကစားကွင်းတွင် ကျင်းပသည်။

၁၃ ပဲခူးတိုင်း (အရှေ့) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ပဲခူးမြို့ နယ် ဘုရားကြီးကျေးရွာရှိ အားကစားကွင်းတွင် ကျင်းပသည်။

၁၄ ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို အောင်ပန်းမြို့ ဘူတာကြီးရှေ့ရှိ ညောင်ပင်ထောင်ကွင်းပြင်တွင် ကျင်းပသည်။

ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို စစ်တွေမြို့ အမြင့်ကွန်းကျေးရွာအနီးရှိ မင်းကျောင်းတံတားကွင်းပြင်တွင် ကျင်းပသည်။

၁၅ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နဝဒေးတံတားကြီးအနီး မင်းကြီးတောင်ပေါ်ကွင်းတွင် ကျင်းပသည်။

၁၆ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု အားကစားကွင်းတွင် ကျင်းသည်။

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ညောင်တုန်းမြို့နယ်၊ သောင်တန်းရွာအနီး ဗိုလ်မြတ်ထွန်းတံတားဘေးတွင် ကျင်းပသည်။

၁၇-၁၉ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် တာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) သို့ သွားရောက်ပြီး မိုင်းလားဒေသ ဘိန်းအစားထိုး နှစ်ရှည်စိုက်ပျိုးရေးခြံ၊ မိုင်းလား အခြေခံပညာအထက်တန်းကျောင်း၊ တာချီလိတ်-မြန်မာ ချစ်ကြည်ရေး တံတားတည်ဆောက်ရေးလုပ်ငန်း၊ လွယ်ဆမ်ဆောဒေသ ဘိန်းအစားထိုး စိုက်ပျိုးရေးစိမံကိန်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ ပုံပါကျင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးလမ်းညွှန်သည်။

၂၀ ၂၀၀၁ ဘဏ္ဍာရေးနှစ် (မတ်လ ၃၁) ကုန်ပိုင်းတွင် ငွေကြေးအကျပ်အတည်း မဖြစ်ပေါ်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းသွားမည်ဟု ဂျပန်ဝန်ကြီးချုပ် ဂျွန်နီချီရိုကုအိဇုမိက ကတိကဝတ်ပြုလိုက်ကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

၂၁ မြန်မာ - ထိုင်းနှင့် ထိုင်း - မြန်မာ ယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်းများက ပူးပေါင်းဆောင်ရွက်ပြုလုပ်သော မြန်မာ - ထိုင်း ချစ်ကြည်ရေးကုန်စည်ပြပွဲ (၂၀၀၂) ခုနှစ် ဖွင့်ပွဲကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ရိုဂျိနားရှမ်းရိုးမကုန်တိုက်တွင် ပြုလုပ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်အမှာစကား ပြောသည်။

၂၁ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့သည် ကမ္ဘောဒီးယား-ထိုင်းနယ်စပ်ဒေသတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဒေသကြီးတစ်ခုကို ပူးတွဲဖန်တီးဖော်ဆောင်သွားရန် ဆုံးဖြတ်ထားကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်ကပြောကြားသည်။

၂၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ ဝမ်ကျူးယုခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိသည်။ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

၂၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး ရောက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ ဝမ်ကျူးယုနှင့်အဖွဲ့အား ပြည်သူ့လွှတ်တော် အဆောက်အအုံ၊ သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

၂၃ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာဝမ်ကျူးယုခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးကောလင်းပါဝဲလ်သည် ပါကစ္စတန်သမ္မတ ဗိုလ်ချုပ်ကြီးပါဗက်ဇ်မူရှာရက်ဖ်နှင့် တောင်အာရှဒေသ၏ နောက်ဆုံးအခြေအနေကို တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးကြောင်း နိုင်ငံတကာသတင်းကွန်ရက် (အင်အင်အိုင်) က သတင်းထုတ်ပြန်သည်။

၂၄ အစွမ်းရေဝန်ကြီးချုပ် အေရီယယ် ရှာရွန်သည် ဖေဖော်ဝါရီလ (၇) ရက်၌ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်သို့ သွားရောက်လည်ပတ်ပြီး အမေရိကန်သမ္မတ ဂျော့ခ်ျဒဗလျူဘုရှ်နှင့် ဆွေးနွေးမည်ဖြစ်ကြောင်း ရှာယွန်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

၂၅ အစ်စရေးဝန်ကြီးချုပ် အေရီယယ် ရှာရွန်သည် ဖေဖော်ဝါရီလ (၇) ရက်၌ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်သို့ သွားရောက်လည်ပတ်ပြီး အမေရိကန်သမ္မတ ဂျော့ခ်ျဒဗလျူဘုရှ်နှင့် ဆွေးနွေးမည်ဖြစ်ကြောင်း ရှာယွန်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

၂၆ နယ်ချဲ့ တော်လှန်ရေး ခေါင်းဆောင် ဆရာစံ နယ်ချဲ့တော်လှန်ရေးကာလက စခန်းချခဲ့သည့် သမိုင်းဝင်အလံတောင်ခြေတွင်ရှိ လယ်ယာမြေဧက ငါးသောင်းကျော် ရေပေးဝေနိုင်မည့် သုံးဆယ် ရေလှောင်တမံဖွင့်ပွဲအခမ်းအနား ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောသည်။

၂၇ The Grand Mee Ya Hta Executive ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းအဆိုပါအဆောက်အအုံတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောသည်။

၂၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး သန်းရွှေ၊ ဗိုလ်ချုပ်ကြီးမောင်အေး(ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး)နှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး)၊ အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးချုပ် မစ္စတာဝမ်ကျုံးယုနှင့် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်

၂၉ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ် (၃၄) သင်တန်းသား သင်တန်းသူများက ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ မဂ်လာခန်းမတွင် တွေ့ဆုံဂါရဝပြု ဩဝါဒခံယူကြသည်။

၃၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ် (၃၄) မှ သင်တန်းသား၊ သင်တန်းသူများအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံဧည့်ခံဆောင်တွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဖေဖော်ဝါရီလ

၁ ပထမအကြိမ် အာဆီယံလူငယ် (ယူ ၂၀) ဘောလုံးပြိုင်ပွဲ အကြို ဗိုလ်လုပွဲစဉ်များကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပရာ ဒုတိယအကြိုဗိုလ်လုပွဲစဉ်တွင် မြန်မာလူငယ်အသင်းက လာအိုလူငယ်ကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲစဉ်သို့ တက်သည်။ မြန်မာလူငယ်ရှေ့တန်း တိုက်စစ်မှူး ရန်ပိုင်က အဆုံးအဖြတ်ဂိုး သွင်းပေးခဲ့သည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူ ဘုရှ်သည် ၂၀၀၃ ခုနှစ် ဘဂ္ဂလားရေးနှစ်အတွက် ကာကွယ်ရေးဘတ်ဂျက်အစိတ်အပိုင်းအဖြစ် လက်နက်များနှင့် အခြားစစ်ဘက်ဆိုင်ရာ ပစ္စည်းများဝယ်ယူရန် အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၇ ဘီလီယံ တောင်းဆိုမည်ဖြစ်ကြောင်း ဒေသလူထုဆက်သွယ်ရေးက ဖော်ပြသည်။ ယင်းငွေသည် ယခင်နှစ်က လက်နက်ဝယ်ရန် ပင်တဂွန်က ရရှိခဲ့သည့် ဒေါ်လာ ၆၀ ဘီလီယံထက် ၁၀ ရာခိုင်နှုန်း ပိုသည်။

၂ အင်ဒိုနီးရှား သမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီသည် ဂျာကာတာမြို့ အလယ်ပိုင်းမှ ရဲဘောဒုက္ခသည်များထံ သွားရောက်ကြည့်ရှုအားပေးသည်။ ရေလွှမ်းမိုးမှုကြောင့် ဂျာကာတာမြို့ရှိ ဆေးရုံ အချို့ ရေအောက်မြုပ်သည်။

၃ ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကုအိဇုမ်က ဂျပန်နိုင်ငံစီးပွားရေးကျဆင်းနေမှုကို ကယ်တင်ရန်၊ ငွေကြေးအကျပ်အတည်းကို ရှောင်လွှဲရန် လုပ်ဆောင်နိုင်မည့် နည်းလမ်းအားလုံး အပါအဝင် ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်သွားမည်ဟု ပဋိညာဉ်ပြုလိုက်သည်။

၄ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မော်ဘိဗဟိုပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမတွင် ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှု သင်တန်းအမှတ်စဉ် (၄) နှင့် အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၂၃) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ဩဝါဒစကား မြွက်ကြားသည်။

သြစတြေးလျ ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်သည် အင်ဒိုနီးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိပြီး ဒေသဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များကို အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီနှင့် ဆွေးနွေးသည်။

၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယ ဗိုလ်ချုပ်မှူးကြီး) ၏ ဖိတ်ကြားချက်အရ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် Admiral Narong Yuthavong (RTN) နှင့် လက်နှင့် အဖွဲဝင်များသည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိသည်။ ထိုင်းချစ်ကြည်ရေးအဖွဲသည် ဤလ (၉) ရက်နေ့၌ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသည်။

၈ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိသော ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် Admiral Narong Yuthavong (RTN) နှင့်အဖွဲအား ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

၁၀ ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ (၆၁) ရပ်ကွက် စစ်တောင်းလမ်းရှိ ဓမ္မာစရိယတက္ကသိုလ်အလို တော်ပြည့် ကျောင်းတိုက်တွင် တည်ဆောက်မည့် အာဟာရသုခဆွမ်းစားဆောင် ဆောက်လုပ်ရေးနှင့် ဓမ္မာစရိ

ဂျာကာတာမြို့အလယ်ပိုင်း ရေလွှမ်းမိုးမှုမြင်ကွင်းတစ်ခု

ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယ ဗိုလ်ချုပ်မှူးကြီး) နှင့် ဇနီး ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိ ချုပ်နှင့် အဖွဲ့ဝင် များအားကြိုဆို နှုတ်ဆက်စဉ်

ယ တက္ကသိုလ်ဆောက်လုပ်ရေးအတွက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) ထံ ရုပ်ရှင် သရုပ်ဆောင်အကယ်ဒမီထက်ထက်မိုးဦး က ကျပ်သိန်း ၄၅၀၊ ဒေါ်သက်ရီ (ဂျက်ကော့)က ကျပ် ၁၀ သိန်း အပါ အဝင် အလှူရှင်အသီးသီးက အလှူငွေ အစုစုလှူဒါန်းကြသည်။

၁၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ၂၀၀၂ ခုနှစ် (၅၅) နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ ကို ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်ဝင်းအတွင်း မြက်ခင်းပြင်တွင် ကျင်းပသည်။

၁၄ ဧရာဝတီတိုင်း ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် နတ်မောက် တိုက်နယ် စခန်းကြီးကျေးရွာအုပ်စု ရွာမ နယ်မြေနေ တောင်သူကြီး ဦးမြင့်ကြည် ၏ လယ်မြေအတွင်း ၈-၁၁-၂၀၀၁ ရက် နေ့က မြေကြီးတူးရာမှ ရွှေဟောင်းရွှေ ထည်ပစ္စည်းများ တွေ့ရှိပြီး ယင်ကျေးမှု ဝန်ကြီးဌာနသို့ ပေးအပ်ခဲ့ကြသူ ခုနစ်ဦး ကို ဂုဏ်ပြုဆုငွေ ကျပ် ၁၆ သိန်း ချီးမြှင့် လိုက်သည်။

သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် ရန်နီးဝိကရီမီဆင်ဂီနှင့် အဆင့်မြင့်အရာ ရှိကြီးများသည် နှစ်နိုင်ငံအကြား ကမ္ဘာ လှည့်ခရီးသွားလုပ်ငန်း တိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရန် စင်ကာပူ နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွား ရောက်သည်။

၁၈ ထူထောင်ရန် စီစဉ်ထားသော အမေရိကနိုင်ငံများ၏ လွတ်လပ် သော ကုန်သွယ်ရေးဒေသ (အက်ဖ်တီ အေအေ) သည် အမေရိကန်ပြည် ထောင်စု၏ ကိုလိုနီပြုရေး လက်နက်ကိရိ ယာတစ်ခုသာ ဖြစ်ကြောင်း ကျူးဘား သမ္မတ ဖီဒယ်ကက်စထရိုက ဝေဖန်ပြော ကြားလိုက်သည်။

၁၉ ပြည်ထောင်စု ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်းလုံးကျွတ် အထူးအစည်းအဝေး (၂၀၀၂) ပထမနေ့ အစီအစဉ်များကို မော်ဘိမြို့နယ် ပဟို ပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စု ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှူ ဆောင်များ စီမံခန့်ခွဲရေးသင်တန်း ကျောင်း၏ ပြည်ထောင်စုခန်းမတွင် ကျင်းပသည်။ပြည်ထောင်စု ကြံခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်ဩဝါဒစကား မြွက်ကြား သည်။

၂၀ ပြည်ထောင်စု ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သည် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း သင်းလုံးကျွတ်အစည်း အဝေး (၂၀၀၂) သို့ တက်ရောက်လာကြ သည့် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း အသီးသီးမှ ကိုယ်စားလှယ် များအား ကုန်းမြင့်သာယာလေယာဉ်ကွင်း ခန်းမတွင်ဂုဏ်ပြုစကားပြောကြားခဲ့သည်။

၂၁ အရှေ့တောင်အာရှ နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ တံခါးပိတ် အစည်းအဝေးကို ထိုင်းနိုင်ငံတောင်ပိုင်း အပန်းဖြေမြို့တော်ဖူးကက်တွင် ကျင်းပသည်။ ယင်းအစည်းအဝေးတွင် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး၊ ဒေသတွင်း ပိုမိုလွတ်လပ်သည့် ကုန်သွယ်မှုရရှိအောင် ဆောင်ရွက်ရေးနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ ဆန်းသစ်ရှင်သန်လာစေရေး အစီအစဉ်များကို ဆွေးနွေးကြသည်။

၂၂ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌနှင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) ထံသို့ အလှူရှင်များက အလှူငွေ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို အင်းလျားလမ်း တပ်မတော်ဧည့်ဂေဟာတွင် ကျင်းပသည်။

၂၄ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် သံဃာတော်အပါး ၁၀၀၀ အရုဏ်ဆွမ်းလောင်းလှူပွဲကို မင်းဓမ္မကုန်းတော်တွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူသည်။

၂၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။ အတွင်းရေးမှူး (၁) သည် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ၊ သင်ကြားရေး ပရဆေးဥယျာဉ်၊ ပုသိမ်ကြီးမြို့နယ်ရှိ အစိုးရနည်းပညာကောလိပ်တို့ကို စစ်ဆေးသည်။ Flying Wheel စက်မှုကုန်ထုတ်လီမိတက်၏ စပါးနှံတံဆိပ်စက်ဘီးတာယာနှင့် ကျွတ်စက်ရုံဖွင့်ပွဲ၊ စီဝိုင်တီစက်မှုကုန် ထုတ်လီမိတက်၏ ပျံလွှားချည်မျှင် စက်ရုံဖွင့်ပွဲများကို တက်ရောက်ချီးမြှင့်သည်။

၂၇ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် မင်္ဂလာအခမ်းအနားကို မင်းဓမ္မကုန်းတော်တွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား အရုဏ်ဆွမ်းနှင့် ရွှေကြာသင်္ကန်းကပ်လှူပူဇော်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) သည် တာဝန်ရှိသူများ လိုက်ပါလျက် သကြားစက် (ကန့်ဘလူ) စီးပွားဖြစ် သကြားထုတ်လုပ်မှုကို သွားရောက်စစ်ဆေးသည်။

၂၈ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တာဝန်ရှိသူများ လိုက်ပါလျက် ဧရာဝတီတိုင်း ညောင်တုန်းမြို့သို့ ရောက်သည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရွှေလောင်းတံတားနှင့် ဝါးခယ်မတံတား စီမံကိန်း၊ ပန်းတနော်မြို့နယ် မိုးကုပ် - ဒီးဒုတ် (တောင်) ရေနက်ကွင်း နွေစပါး အောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုစစ်ဆေးပြီး ပုစွန်မွေးမြူရေး စီးပွားဖြစ်လုပ်ကိုင်ရန်၊ ဆီအုန်းတိုးချဲ့ စိုက်ပျိုးရန် လမ်းညွှန်သည်။

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ ကမ္မဗလကုန်းတော်တွင် တည်ထားကိုးကွယ်သည့် မဟာရွှေစည်ကြီးစေတီတော် ဒုတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ယင်းစေတီတော် ပရိယတ္တိစာသင်တိုက် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနား ကျင်းပသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက် ကြည်ညိုကြသည်။

မတ်လ

၁–၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) သည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မန္တလေးမှ ကချင်ပြည်နယ် ပူတာအိုမြို့သို့ ရောက်ရှိသည်။ ပူတာအိုမြို့ ဗန္ဓုလခန်းမတွင် ပူတာအိုခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။ ဤလ ၂ ရက်နေ့၌ မချမ်းဘောမြို့နယ် ရှေးဟောင်းသမိုင်းဝင်ကောင်းမှုလုံ စေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ ဇနီး ဒေါ်မြမြစန်းနှင့်အတူ တက်ရောက်ကြည်ညိုသည်။ ဤလ ၃ ရက်နေ့၌ မိုးညှင်းမြို့နယ် အင်းတော်ကြီး ဒေသ ရွှေမဥူဘုရားကို ဖူးမြော်ကြည်ညိုသည်။ ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယ ဗိုလ်ချုပ်မှူးကြီး) သည် ဤလ ၁ ရက်မှ ၄ ရက်အထိ ပူတာအို၊ မချမ်းဘော၊ ဆွမ်ပရာဘွမ်၊ ဖားကန့်မြို့များသို့ လှည့်လည်သွားရောက်ကာ ကချင်ပြည်

နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး လမ်းညွှန်သည်။

၂ အီဂျစ်သမ္မတ ဟို့စ်နီမူဘာရက်သည် အစ္စရေး - ပါလက်စတိုင်း ကိစ္စအပါအဝင် ဆော်ဒီအာရေဗျနိုင်ငံ၏ ငြိမ်းချမ်းရေး ဦးဆောင်မှုအသစ်နှင့် စပ်လျဉ်း၍ အမေရိကန်သမ္မတ ဒဗလျူ ဘုရှ်နှင့် ဆွေးနွေးရန် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသည်။

၃ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အာဆီယံလူငယ် (ယူ ၁၇) ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲကာ ချန်ပီယံဆုဖလားနှင့် အသန့်ရှင်းဆုံးဆုဖလား ဆွတ်ခူးရရှိသည့် မြန်မာလူငယ်ဘောလုံး အသင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွှန့် (ယခု ဗိုလ်ချုပ်ကြီး) က မြန်မာလူငယ်အသင်းအား ရန်ကုန်တက္ကသိုလ်ရှေ့တွင် နှုတ်ဆက်ဂုဏ်ပြုသည်။

၅ ဆွစ်ဇာလန်နိုင်ငံ ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်ရေးကို လိုလားကြောင်း ဆွစ်ပြည်သူများက ဆန္ဒမဲပေးခဲ့ကြသဖြင့် စိတ်သက်သာရာရ၊ ဝမ်းသာပျော်ရွှင်ကြရကြောင်း ဆွစ်ဇာလန်နိုင်ငံရှိ တာဝန်ရှိပုဂ္ဂိုလ်များက ဂျီနီဗာမြို့တွင် ထုတ်ဖော်ပြောဆိုသည်။

၆ ရန်ကုန်မြို့ အင်းလျားလမ်း တပ်မတော် ဧည့်ဂေဟာတွင် သက်ဆိုင်ရာက ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့် တွေ့ဆုံ၍ အထူးသတင်းစာ ရှင်းလင်းပွဲတစ်ရပ် ကျင်းပသည်။ သတင်းစာရှင်းလင်းပွဲတွင် ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက မေခလမ်းနေ ဦးအေးဇော်ဝင်းနှင့် သားများဖြစ်ကြသော အေးနေဝင်း၊ ကျော်နေဝင်းနှင့် ဇွဲနေဝင်းတို့အား နိုင်ငံတော်အာဏာသိမ်းရန် ကြံစည်မှုနှင့် တပ်မတော်အတွင်း သွေးခွဲ၍ ပဋိပက္ခဖြစ်စေရန် လှုပ်ရှားဆောင်ရွက်မှုများကြောင့် သက်ဆိုင်ရာက အချိန်မီထိန်းသိမ်းလိုက်ကြောင်း၊ အဆိုပါ ဦးအေးဇော်ဝင်းသည် ဦးနေဝင်း၏ သားမက်၊ ဒေါ်ခင်စန္ဒာဝင်း၏ ခင်ပွန်းဖြစ်ပြီး အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့သည် ဦးနေဝင်း၏ မြေးများဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၁၁ အမေရိကန်ပြည်ထောင်စု၏ မူးယစ်ဆေးဝါးဆိုင်ရာ နှစ်စဉ်အစီရင်ခံစာနှင့် သမ္မတအိမ်ဖြူသတင်းပြန်ကြားရေးအတွင်းဝန်က ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ထုတ်ပြန်သော "တရားမဝင် မူးယစ်ဆေးဝါးများ ထုတ်လုပ်သည့် နိုင်ငံများနှင့် မူးယစ်ဆေးဝါးဖြတ်သန်းသယ်ဆောင်သည့် နိုင်ငံများအပေါ် အမေရိကန်သမ္မတ၏ နှစ်စဉ်အကဲဖြတ်ခြင်း" တို့၌ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အားထုတ်ဆောင်ရွက်ချက်များအပေါ် အမေရိကန်ပြည်ထောင်စုက မသိကျိုးကျွံထပ်မံပြုလုပ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။

၁၂ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် တွေ့ဆုံလျက် အထူးသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ အင်းလျားလမ်း တပ်မတော်ဧည့်ဂေဟာတွင် ကျင်းပသည်။ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီ ပေါ်ပေါက်ရေး ဖော်ဆောင်နေသည့် တပ်မတော်အစိုးရ၏ မူဝါဒကို သွေဖည်ပြီး ဦးအေးဇော်ဝင်း၊ အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့ နိုင်ငံတော်လုပ်ကြံမှုကြီးတစ်ခု ကျူးလွန်ရန် ကြံစည်ခဲ့ကြောင်း၊ တပ်အင်အား တစ်ခုသုံးပြီး ဦးနေဝင်း၏အရှိန်အဝါဖြင့် လက်ရှိ နိုင်ငံခေါင်းဆောင်များအား အကျပ်ကိုင်ရန် ရည်ရွယ်ခဲ့ကြောင်း၊ မိသားစု အာဏာထူထောင်ရေးနှင့် မိသားစုအကျိုးစီးပွား တစ်ခုတည်းကိုသာ ရှေ့တန်းတင်ပြီး လှုပ်ရှားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံသားအားလုံး လိုလားနေသည့် ခေတ်မီဖွံ့ဖြိုးသောနိုင်ငံတော်သစ် ဖော်ဆောင်ရေးလမ်းကြောင်း တိမ်းစောင်းသွားနိုင်ကြောင်း၊ ရာဇဝတ်ကြောင်းအရ ပြစ်မှုများသာမက စီးပွားရေးဆိုင်ရာ ဥပဒေချိုးဖောက်မှုများ ကျူးလွန်ထား၍ အရေးယူသွားမည်ဖြစ်ကြောင်း စသဖြင့် အထူးသတင်းစာရှင်းလင်းပွဲတွင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ရှင်းလင်းပြောကြားသည်။

၁၆ ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အကျုံးဝင်သော မအူပင်မြို့တွင် တက္ကသိုလ်နှင့်ကောလိပ်များ တည်ဆောက်ရေး၊ ခုတင် ၂၀၀ ဆံ့ အထူးကုဆေးရုံကြီး အဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းများ၊ လုပ်ငန်းရပ်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွှန့် (ယခု ဗိုလ်ချုပ်ကြီး) သည် တာဝန်ရှိသူများလိုက်ပါလျက် မအူပင်မြို့သို့ ရောက်ရှိသည်။ အတွင်းရေးမှူး (၁) သည် မအူပင်တက္ကသိုလ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်များ တည်ဆောက်မည့်မြေနေရာ၊ မအူပင်ခရိုင်ဆေးရုံ၊ မအူပင် စက်မှုလက်မှုသိပ္ပံများအပြင် မအူပင်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အနေအထားများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

၁၈ နိုင်ငံတော်အာဏာသိမ်းရန် ကြံစည်မှုနှင့် တပ်မတော်အတွင်း သွေးခွဲ၍ ပဋိပက္ခဖြစ်စေရန် လှုပ်ရှားဆောင်ရွက်မှုများကြောင့် သက်ဆိုင်ရာက အချိန်မီထိန်းသိမ်းခဲ့ပြီးနောက် ထပ်မံဖော်ထုတ်ရရှိသည့် အချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပသတင်းစာ

ဆရာများနှင့် တွေ့ဆုံကာ အထူးသတင်းစာ ရှင်းလင်းပွဲတစ်ရပ်ကို အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဝေဟာတွင် ကျင်းပသည်။ သတင်းစာရှင်းလင်းပွဲတွင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက နိုင်ငံတော်အာဏာသိမ်းယူရေးနှင့် တပ်မတော်ဖြုံခွဲရေးကြိုးပမ်းမှုတွင် ဦးနေဝင်း၏မိသားစုများ ပါဝင်နေကြောင်း၊ ဦးအေးဇော်ဝင်း၊ ဒေါ်ခင်စန္ဒာဝင်းနှင့်သားများ ဦးနေဝင်း၏လုံခြုံရေးတပ်ခွဲအား ခါးပိုက်ဆောင်တပ်အသွင် အသုံးချခဲ့ကြောင်း၊ ဘိုးတော်ဆိုသူတစ်ဦးကို ဖွင့်ဟပြောဆိုပြီး အောင်မြင်စေရေး စောင့်ရှောက်ပေးရန် ပြောကာ ငွေကျပ် သုံးသိန်းပေးခဲ့ကြောင်း စသည်ဖြင့် ထည့်သွင်းရှင်းလင်းပြောကြားသည်။

၂၀ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုဆောင်၌ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟို အဖွဲ့၏ မြန်မာနိုင်ငံမူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပသည်။ သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်နိုင်ငံသံရုံး ယာယီတာဝန်ခံ Ms. Priscilla A Clapp က ဝါရှင်တန်မြို့၌ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Rand Beers ၏ ပြောကြားချက်ကြောင့် ရှုပ်ထွေးခဲ့ရသည်ကို ဝါရှင်တန်က စိတ်မကောင်းဖြစ်ရပါကြောင်း၊ "ညီညွတ်သော'ဝ' ဒေသစစ်တပ်ကို အမေရိကန်က အကြမ်းဖက်အုပ်စုတစ်ခုအဖြစ် မရှုမြင်ပါကြောင်း" ရှင်းလင်းပြောကြားသည်။

၂၁ SURA ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူ ရွက်ဆစ်အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချနေမှုများ၊ ပါခြိုးစခန်းတိုက်ပွဲတွင် လုပ်ကြံဖန်တီးခဲ့မှုနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့် တွေ့ဆုံသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို အင်းလျားလမ်းတပ်မတော်ဧည့်ဝေဟာတွင်ကျင်းပသည်။

၂၂ ၇၄ ကြိမ်မြောက် အော်စကာဆုခံမြှင့်ပွဲအခမ်းအနားကို အမေရိကန် ပြည်ထောင်စု လော့စ်အိန်ဂျလိတွင် ကျင်းပသည်။ အေဗျူးတီးဖူးလ်မိုင်းက အကောင်းဆုံး ဇာတ်ကားဆု၊ အကောင်းဆုံး ဒါရိုက်တာဆုကို ယင်းကားရိုက်ကူးသူ ရွန်.ဟိုးဝပ်က ရရှိပြီး ဒဏ္ဍဝါရှင်တန်က 'ထရိန်နင်ဒေး' ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆု၊ ဟေးလီဘယ်ရီက 'မွန်းစတားဘောလ်' ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆု အသီးသီးဆွတ်ခူးရရှိသည်။

၂၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တာဝန်ရှိသူများ လိုက်ပါလျက် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိပြီး (၅၇) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ပြသမည့်ပြခန်းများကို ကြည့်ရှုစစ်ဆေးလိုအပ်သည်များကို လမ်းညွှန်သည်။

၂၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော်ဩဝါဒိစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို တပ်မတော်မွာရုံတွင် ကျင်းပသည်။

၂၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဦးဝိစာရလမ်း၊ တော်လှန်ရေးပန်းခြံတွင် ကျင်းပသော (၅၇) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၂၆ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ကျင်းပသည်။ အဆိုပါဆက်ကပ်လှူဒါန်းပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်၍ သံဃာတော်အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်သည်။

SURA ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူ ရွက်ဆစ်အဖွဲ့၏ အကြမ်းဖက်မှု လုပ်ရပ်များ၊ မူးယစ်ဆေးဝါးထုတ်လုပ် ရောင်းချနေမှုများ၊ တပ်မတော် ပါခြိုးစခန်းတိုက်ပွဲတွင် လုပ်ကြံဖန်တီးမှုများနှင့် ပတ်သက်၍ ကိုယ်တိုင်ပါဝင်ခဲ့ကြပြီး မကြာမီက လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်လာခဲ့ကြသော ရွက်ဆစ်အဖွဲ့မှ တပ်ခွဲမှူးအဆင့် ကွမ်းခမ်း၊ တပ်စုမှူးအဆင့် အိုက်မောင်နှင့် တပ်သားအဆင့် အိုက်ပီးတို့အား မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများက ဖြစ်ရပ်အမှန်များနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခြင်း အခမ်းအနားကို တပ်မတော်ဧည့်ဝေဟာ

တွင် ကျင်းပသည်။ ဤလ ၂၉ ရက်နေ့တွင် အဆိုပါရွက်ဆစ်အဖွဲ့မှ ကွမ်းခမ်း၊ အိုက်မောင်နှင့် အိုက်ပီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများက ဖြစ်ရပ်မှန်များနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခြင်း အခမ်းအနားကို ဆက်လက်ပြုလုပ်သည်။

ဧပြီလ

၁ တရုတ်နိုင်ငံ၏ ရှန်ကျိ (၃) ဟု အမည်ပေးထားသော တတိယမြောက် လူမပါသည့် အာကာသယာဉ်ထိပ်ဖူးသည် ကမ္ဘာကို (၁၀၈) ကြိမ်မြောက် လှည့်ပတ်ပြီးနောက် မွန်ဂိုလီးယားဒေသတွင် ကမ္ဘာမြေပြင်သို့ အောင်မြင်စွာ ပြန်ဆင်းနိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ကြေညာသည်။

၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယ ဗိုလ်ချုပ်မှူးကြီး) သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Commission of Science, Technology and Industry for Nation Defence, Vice Minister, Mr. Zhang Weimin နှင့် အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၅ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၄) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက် မိန့်ခွန်းပြောကြားပြီး သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

၆ အိန္ဒိယ၊ မြန်မာ၊ ထိုင်းသုံးနိုင်ငံ သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (India-Myanmar-Thailand Ministerial Meeting on Transport Linkages) ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွှန့် (ယခု ဗိုလ်ချုပ်ကြီး ခင်ညွှန့်) တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၇ အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီ ဆိုကာနိုပူထရီသည် အလည်အပတ်ရောက်ရှိနေသော အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ် ဘီဇိုလစ်နှင့် တွေ့ဆုံပြီး အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးနှင့်နိုင်ငံရေးအခြေအနေအပြင် နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စများကို ဆွေးနွေးကြကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၈ ကျိုင်းတုံမြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ရောက်ရှိလာရာလေဆိပ်တွင်တာဝန်ရှိသူများက ကြိုဆိုကြစဉ်

မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ တြိုက်ဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ကျိုင်းတုံမြို့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် အစိုးရနည်းပညာကောလိပ် တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို လှည့်လည်စစ်ဆေးကြည့်ရှုပြီး ကျိုင်းတုံမြို့နယ်ရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တောင် အာရှဒေသအတွင်း ဆင်းရဲနွမ်းပါးသူ ပိုမိုများပြားလာခြင်းနှင့် လုံခြုံမှုကင်းမဲ့ခြင်းတို့ကို ကျော်လွှားနိုင်မည့် အစီအစဉ်တစ်ရပ် ဖော်ဆောင်သွားရန် တောင်အာရှဒေသ အတွင်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (အက်စစ်အေအေအာစီ) ဝင်များအား ပါကစ္စတန် သမ္မတ ပါဗက်ရ်မူရှာရက်ဖ်က ဆော်သြလိုက်သည်။

၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ဖောင်တော်ဦးဘုရားရုပ်ပွားတော်များနှင့် ရွှေဟောင်းသမိုင်းဝင် အလိုတော်ပေါက် ဘုရားတို့ကို ဖူးမြော်ကြည်ညိုကြသည်။

၁၂ အာရှတိုက်သည် ပြန်ကြားရေးနည်းပညာခေတ် အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ပြီး ၂၁ ရာစုအတွင်း ကမ္ဘာ့စီးပွားရေးအချက်အချာဒေသတစ်ခုဖြစ်လာအောင် ကိုယ်တိုင်ဖန်တီးသွားရန် ကြိုးပမ်းသင့်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် လီဟန်ဒွန်က ပြောကြားလိုက်သည်။

၁၃–၁၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မန္တလေးတိုင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းများသို့ သွားရောက်၍ လမ်း၊ တံတားတည်ဆောက်ရေး စီးမံကိန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၁၇ အိန္ဒိယမီးရထား နှစ် (၁၅၀) ပြည့် အခမ်းအနားကို နယူးဒေလီမြို့ရှိ ရထားပြတိုက်တွင် ကျင်းပရာဝန်ကြီးချုပ် အတားလ်ဘီဟာရီဗာဂ်ပါယီ တက်ရောက်၍ အခမ်းအနားကိုဖွင့်လှစ်ပေးသည်။

၁၆ တူနီးရှားနိုင်ငံနှင့် နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆက်သွယ်မှုများ ပိုမိုခိုင်မာအောင်ပြုလုပ်ရန် အထူးသဖြင့် အဆင့်မြင့်ဆက်ဆံမှုများ ပြုလုပ်သွားရန် တူနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်သမ္မတ ကျန်ဇီမင်းက ကမ်းလှမ်းပြောကြားလိုက်သည်။

၀၉ နိုပေါနိုင်ငံသည် တရုတ်ပြည်နှင့် ကောင်းမွန်သော ဆက်ဆံမှုများ ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း ဘုရင်ဂျာနင်ဒရာက သန္နိဋ္ဌာန်ပြုပြောကြားသည်။

တူရကီနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှုများ တိုးမြှင့်ရန်အတွက် ပိုမိုဆောင်ရွက်ကြရန် တူရကီ၌အလည်အပတ်ရောက်ရှိနေသော တရုတ်ဝန်ကြီးချုပ် ကျွန်ုံကျိက အစ္စတန်ဘူလ်မြို့တွင် တိုက်တွန်းလိုက်သည်။

၂၀ ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိုသည် အလည်အပတ်ရောက်ရှိနေသော တရုတ်အိုလံပစ်ကော်မတီဥက္ကဋ္ဌ ယွမ်ဝီမင်းခေါင်းဆောင်သည့် တရုတ်အားကစားကိုယ်စားလှယ်အဖွဲ့အား ဟာဗားနားမြို့၌ လက်ခံတွေ့ဆုံဆွေးနွေးကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

၂၁ နိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ပဲခူးတိုင်းအနောက်ပိုင်း မင်းလှမြို့နယ် ကံတင်ဘီးလင်းရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၃–၂၆ ပြည်ထောင်စု မြန်မာနိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့် ဇနီး ဒေါ်မြမြစန်းတို့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

၂၉ အမေရိကန် ပြည်ထောင်စုသည် တရုတ်-အမေရိကန်ဆက်ဆံရေး ပိုမိုကောင်းမွန်အောင်ဖန်တီးကာ တရုတ်တစ်ပြည်တည်း မူဝါဒနှင့် တရုတ်-အမေရိကန် ပူးတွဲကြေညာချက် သုံးရပ်ကို တိတိကျကျ အလေးထားလိုက်နာလိမ့်မည်ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံက မျှော်လင့်ထားကြောင်း သမ္မတကျန်ဇီမင်းက ပြောကြားသည်။

၂၆ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် အထူးလေယာဉ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့် ဇနီးဒေါ်မြမြစန်းတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

၂၇ ဂျပန်နိုင်ငံနှင့် မိတ်ဆွေဖြစ်မှု၊ ပူးပေါင်းဆောင်ရွက်မှုကို ကျစ်လျစ်ခိုင်မာအောင် ဆောင်ရွက်ရေးနှင့် တိုးချဲ့သွားရန်မှာ ဗီယက်နမ်နိုင်ငံ၏ တစ်သမတ်တည်းနှင့် ရေရှည်သဘောဆောင်သော မူဝါဒပင်ဖြစ်သည်။ ဧည့်သည်တော် ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကိုအိဇုမိနှင့် တွေ့ဆုံဆွေးနွေးစဉ် ဗီယက်နမ်ဂန်ကြီးချုပ် ဖန်ဗန်ခိုင်က ယင်းသို့ ထုတ်ဖော် ပြောကြားလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၉ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ရန်ကုန်မြို့ တပ်မတော် ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားပြီး ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သည်။

အမေရိကန်နှင့် ရုရှားနိုင်ငံတို့ မေလ ထိပ်သီးအစည်းအဝေး မတိုင်မီ နျူကလီးယားလက်နက်များ လျှော့ချရေး သဘောတူချက်မရနိုင်ဆိုသော အခြေအနေ လက္ခဏာများ ပေါ်ပေါက်နေခိုက်မှာပင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစ်ဖဲလ်သည် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီအိုင်ဗာနော့နှင့် မော်စကိုလေဆိပ်တွင် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်ဟု ရိုက်တာကသတင်းဖော်ပြသည်။

၃၀ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသည့်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) အား နှုတ်ဆက်စဉ်

အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၀၂) ကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖန္ဓမ်းပင်မြို့ ဗွီးပရိမီရိုအရပ်၌ ဘုရင့်လယ်ယာစိုက်ပျိုးရေး လယ်ထွန်မင်္ဂလာအခမ်းအနား ပွဲတော်ကြီးကို ဘုရင်နိုရိုဒွန်သီဟာနုနှင့် မိဖုရားမိုနီနိတ်သီဟာနုတို့ ကြီးကြပ်မှုဖြင့် ကျင်းပသည်။ ယင်းပွဲတော်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ ပျိုးကြရာသီ စတင်သည့်အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်သည်။

မေလ

၁ ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဒုတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်အောင်မြင်ပြီးစီးခြင်း ရေစက်ချမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညိုပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) က ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်တွင် တင်လှူပူဇော်ပေးသည်။

၂ မြန်မာ - အိန္ဒိယ အဏ္ဏဝါသိပ္ပံ ပညာရှင်များ ပူးပေါင်းဆောင်ရွက်သည့် ကပ္ပလီပင်လယ်ပြင် လေ့လာသုတေသနပြုခြင်း ဆိုင်ရာ ရှင်းလင်းတင်ပြပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ နန်းသီတာဆိပ်ကမ်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်ချီးမြှင့်သည်။

ဆူကလီးယား ထိပ်ဖူးများ သိုလှောင်ထားမှုကို လျှော့ချရန်အတွက် အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့၏ စေ့စပ်ဆွေးနွေးမှုများမှာ တိုးတက်မှုရှိလာကြောင်း၊ သို့သော် ကွဲလွဲချက်များ ရှိနေသေးကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ပြောကြားသည်။

၄ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ရဲမြင့်(ယခု ဒုတိယဗိုလ်ချုပ်ကြီး)၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဦးစီးအရာရှိချုပ် (ရေ)၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မန္တလေးတိုင်းနှင့် ပဲခူးတိုင်းသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက် တိုးတက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၅ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာထရန်ဒတ်လောင်ခေါင်းဆောင်သည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

၆ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာထရန်ဒတ်လောင်က ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

မျက်မှောက်ခေတ်ကာလတွင် ကမ္ဘာပေါ်၌ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှု အခြေအနေသစ်များကို ရင်ဆိုင်ကြုံတွေ့နေရပေရာ ထိုအခြေအနေမျိုးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်ကြရာ၌ မိမိကိုယ်ကို အန္တရာယ်ဖြစ်စေသည့် မည်သည့်စနစ်၊ မည်သည့်သဘောတရားရေးကိုမဆို လက်မခံသင့်ကြောင်း၊ မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က ပြောကြားသည်။

၇ မြန်မာ - တရုတ်နိုင်ငံ သဘောတူညီချက်များ အကောင်အထည်ဖော်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်ဆွေးနွေးမှာကြားသည်။

၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေး

နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မေ ၅ ရက်မှစတင်၍ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သော ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ထရန်ဒတ်လောင်ခေါင်းဆောင်သည့် ဗီယက်နမ်နိုင်ငံ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

၉/၁၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယ ဗိုလ်ချုပ်မှူးကြီး) သည် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ရှမ်းပြည်နယ်သို့ သွားရောက်၍ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၀) သင်တန်းဆင်းပွဲနှင့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀၅) သင်တန်းဆင်းပွဲများသို့ တက်ရောက်ချီးမြှင့်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၁၀ ဗီယက်နမ်နိုင်ငံသည် တရုတ်ပြည် အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်ပြီး ဒေသအတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်စေရန် အစဉ်ထာဝရဆန္ဒပြုကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်ဖန်ဗန်ခိုင်ကပြောကြားသည်။

၁၄ Bagan Cybertech Company Limited နှင့် ထိုင်းနိုင်ငံ Shin Satellite Company Limited တို့အကြား သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ချုပ်ဆိုပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) ၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်ချီးမြှင့်သည်။

၁၅ ပါကစ္စတန်သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ် မူရှာရက်ဖ်သည် ပါကစ္စတန်နိုင်ငံသို့ လာရောက်လည်ပတ်နေသော ဧည့်သည်တော်တရုတ်ပြည်သူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတကြီး မစ္စတာထရန်ဒတ်လောင်နှင့်အတူ စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်တွင် အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) အလုပ်သင်ဗိုလ်လောင်းအမှတ်စဉ် (၃၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ အလုပ်သင်ဗိုလ် ဗိုလ်လောင်း သီဟအောင်အား ငွေဆုချီးမြှင့်စဉ်

သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတန်ကြားရွှန်အား ရဝါပင်ဒီမြို့ရှိ ၎င်း၏သမ္မတရုံးတွင် လက်ခံတွေ့ဆုံသည်။

၁၆ ဂျက်ရှိရက် (၆၉)နှစ်ကို ပြင်သစ်နိုင်ငံ၏ သမ္မတအဖြစ် ငါးနှစ်သက်တမ်းသစ်အတွက် တရားဝင်အပ်နှင်းလိုက်သည်။

ယခင် ဆိုဗီယက်ပြည်ထောင်စုထံမှ အမွေဆက်ခံရရှိထားသော သက်တမ်းကြာမြင့်နေပြီဖြစ်သည့် လက်နက်အစုအပုံများကို ရှင်းလင်းဖယ်ရှားပစ်ရန် အတွက် ဥပဒေမူကြမ်းရေးဆွဲရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က အစိုးရအဖွဲ့ကို တိုက်တွန်းလိုက်သည်။

၂၁ မြန်မာ - ထိုင်း နယ်စပ်ရှိ မိမိတပ်စခန်းများအား ဘိန်းမှောင်ခိုအကြမ်းဖက် သောင်းကျန်းသူ SURA နှင့် ထိုင်းတပ်အချို့ ပူးပေါင်းအဖွဲ့များလာရောက် တိုက်ခိုက်စဉ် ထိုင်းတပ်မှ လက်နက်ကြီးများဖြင့် ပစ်ကူပေးပစ်ခတ်တိုက်ခိုက်သည့် သတင်းဆက်နှင့် ပတ်သက်ပြီး ပြည်တွင်း ပြည်ပသတင်းစာ ဆရာများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဝေဟာ၌ ကျင်းပသည်။

ရုရှားနှင့် အမေရိကန်ပြည်ထောင်စု၊ ၂၄ စုတွင် စုပုံနေသော နျူကလီးယား လက်နက်များကို သုံးပုံနှစ်ပုံ လျှော့ချရေး သဘောတူစာချုပ်တစ်ရပ်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ကျော့ဒဗလျူဘုရှ်တို့သည် မော်စကို၌ လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်ကြသည်။

ပြင်သစ်သမ္မတ
ငါးနှစ်သက်တမ်းထပ်မံဆောင်ရွက်ခွင့်
ရရှိသွားသည့် ပြင်သစ်သမ္မတ
ဂျက်ရှီရက်

၂၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၅၄) ကြိမ်မြောက် တိပိဋကဓရ ကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် 'ရောမ ကြေညာစာတမ်း' ကို ရောမမြို့တွင် လက်မှတ်ရေးထိုးလိုက်သည်။ ဤသို့ လက်မှတ်ရေးထိုးလိုက်ခြင်းဖြင့် မြောက်အတ္တလန်တိတ် စစ်စာချုပ်အဖွဲ့ (နေတိုး) နှင့် မိတ်ဖက်နိုင်ငံအဖြစ် ဖော်ထုတ်ပြသလိုက်သည်။

၂၉ ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်း ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများ လှူဒါန်းသည့် အခမ်းအနားကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ မြို့နယ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်၍ ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများ လှူဒါန်းသည်။

လာမည့် လေးနှစ်သက်တမ်းအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌ ရွေးချယ်ပွဲကို ဆိုးလ်မြို့တော်တွင် ကျင်းပရာ လက်ရှိ ဥက္ကဋ္ဌဖြစ်သူ ဆက်ဘလတ်တာက ၎င်း၏ အဓိကပြိုင်ဘက် ကင်မရွန်းမှ အစ်ဆာဟာယာတို့ကို အနိုင်ရရှိပြီး ဒုတိယအကြိမ် ပြန်လည်အရွေးခံရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

၃၀ ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်၍ အမှာစကားပြောကြားသည်။

မော်စကိုမြို့တွင် ကျင်းပသော နှုတ်ကလီးယားလက်နက်များသုံးပုံနှစ်ပုံ လျှော့ချရေးစာချုပ်လက်မှတ်ရေးထိုးပွဲတွင် အမေရိကန်သမ္မတလျော့ဒဗလျူဘုရှ်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ကို တွေ့ရစဉ်

ဌာန်လ

၁ ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်သော အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၄) သင်တန်းဖွင့်အခမ်းအနားကို မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး ခင်ညွန့်) တက်ရောက်အမှာစကား ပြောကြားသည်။

၂ နယ်စပ်ဒေသ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိပါးနေသော SURA နှင့် KNU သောင်းကျန်းသူ အဖျက်သမားများအား ရှုတ်ချပွဲအခမ်းအနားကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ) ညွှန်ကြားရေးမှူး လျော့တီနက်သည် အီဂျစ်သမ္မတ ဟို့စနီမူဘာရက်နှင့် တွေ့ဆုံပြီး လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးသည်။

၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏

အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) အဆင့်မြင့်စီးပွားရေး အရာရှိကြီးများသည် လာအိုနိုင်ငံ ဗီယင်ကျင်းမြို့တွင် သုံးရက်ကြာအစည်းအဝေးတစ်ရပ် ကျင်းပကာ အာဆီယံစီးပွားဖက်နိုင်ငံများနှင့် ဒေသတွင်းစီးပွားရေး ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မည်သို့မည်ပုံ တိုးမြှင့်သွားမည်ဆိုသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်ဟု လာအိုသတင်းဌာန (ကေပီအယ်လ်) က ကြေညာသည်။

တရုတ်နိုင်ငံသည် အက်စ်တိုးနီးယားအစိုးရနှင့် လုပ်ငန်းအတူဆောင်ရွက်ရန် အသင့်ရှိကြောင်းနှင့် တရုတ် - အက်စ်တိုးနီးယား ဆက်ဆံရေး ညှိသာစွာ တိုးတက်လာမည့် ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းသစ်များကို ရှာဖွေသွားရန် အသင့်ရှိကြောင်း တရုတ်သမ္မတ ကျန်ဇီမင်းက တားလ်လင်းမြို့၌ ပြောကြားလိုက်သည်။

၁၅ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌက ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် ခဲတံများထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်အမှာစကား ပြောကြားသည်။

၁၇ ပျောက်ဆုံးနေသော ကူဝိတ်နိုင်ငံ၏ အမျိုးသားရေး သမိုင်းဝင်မှတ်တမ်းများကို ပြန်လည်လွှဲပြောင်းပေးရေး၊ အီရတ်နိုင်ငံ၏ သဘောတူညီချက်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ကြိုဆိုလိုက်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပေဒပစ္စည်းများ ဖျက်ဆီးသည့် အခမ်းအနားကို လာရှိးမြို့ အားကစားကွင်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် တရားမဝင်မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် သုံးစွဲမှုတို့ကို တိုက်ဖျက်ရာတွင် အစိုးရအား အခွင့်အာဏာပိုမိုပေးမည့် ဥပဒေတစ်ရပ်ကို သမ္မတဂလိုရီယာ မကာပါဂါးအာရိုယိုက လက်မှတ်ရေးထိုးပေးလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။

၈ နယ်စပ်ဒေသ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိပါးနေသော SURA နှင့် KNU သောင်းကျန်းသူ အဖျက်သမားများအား ဒေသခံတိုင်းရင်းသားပြည်သူများက ရှုတ်ချသည့်လူထုအစည်းအဝေးများကို ကြိုဆိုထောက်ခံပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် အချုပ်အခြာအာဏာကို လေးစားဂုဏ်ပြုသည့် အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

၁၂ ပြည်ထောင်စု ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ဗဟို ပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှု သင်တန်းအမှတ်စဉ် (၅) နှင့် အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်ဩဝါဒ စကား မြွက်ကြားသည်။

လမ်းညွှန်မှုဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ၂၀၀၁ - ၂၀၀၂ ပညာသင်နှစ် ပထမအကြိမ် ဝိဇ္ဇာ (ဗုဒ္ဓဓမ္မ) BA.(B.Dh)ဘွဲ့ဘွဲ့နှင်းသဘင် အခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသဘင်ဓမ္မာရုံကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး ခင်ညွန့်) တက်ရောက်ကြည်ညိုသည်။

၅ ရုပ်ရှား၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတို့အကြား ဆက်ဆံရေး ပိုမိုကောင်းမွန်မှုသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုပါ ကောင်းမွန်စေလိမ့်မည်ဟု တရုတ်ပြည်သူ့သမ္မဂ္ဂနိုင်ငံ သမ္မတ ကျန်ဇီမင်းက စိန့်ပီတာစဘတ်မြို့တွင် ပြောကြားသည်။

၆ ပြီးခဲ့သည့် မေလ ၂၀ ရက်နေ့က မိမိတပ်မတော်စခန်းများနှင့် ပြည်သူ့စစ်စခန်းများကို SURA ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ယိုးဒယားစစ်တပ်တို့ ပူးပေါင်းတိုက်ခိုက်ခဲ့သဖြင့် ဆုံးရှုံးခဲ့သည့်စခန်းများကို ပြန်လည်တိုက်ခိုက်မည့် ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအား ရှင်းလင်းပြောကြားသည့် ရှင်းလင်းပွဲကို ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ရေဟာ၌ ကျင်းပသည်။

၇ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ တောင်သူများ အစုံနှံသည့်ဘိန်းမျိုးစေ့များနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေဇနီး ဒေါ်ကြိုင်ကြိုင်က မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့်
လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတန်ဆောင်း၌ ဘက်စုံတည်ဆောက်ရေး
အတွက် အလှူတော်ငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်

၁၈ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့အကြား ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း တိုးမြှင့်ရေးဆိုင်ရာ ဦးဆောင်ကော်မတီ ပထမအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း တိုးမြှင့်ရေး ဆိုင်ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်ဆွေးနွေး မှာကြားသည်။

၁၉ မြန်မာ - မလေးရှား နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကျင်းပရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်ဆွေးနွေး မှာကြားသည်။

၂၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေဇနီး ဒေါ်ကြိုင်ကြိုင်သည် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်း ကော်မတီက ကြီးမှူး၍ ဇူလိုင် ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သော လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တောင်ဘက်မုခ်အနီး၌ ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ခဲ့မြင့်ပြီး သစ်ပင်များပါဝင်စိုက်ပျိုးသည်။

၂၃ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ကချင်ပြည်နယ်သို့ သွားရောက်၍ မြစ်ကြီးနားမှက်မမြင်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို တက်ရောက်ချီးမြှင့်ပြီး ဗန်းမော်မြို့ ပညာရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ရွှေဖိနပ်ဆု ရရှိသွားသော ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုကို မိမိအသင်း အတွက်ရရှိသော ကမ္ဘာ့ဖလားကြီးကို ပွေ့ပိုက်လျက်တွေ့ရစဉ်

၂၄ မြန်မာ - ယိုးဒယား နယ်စပ်ရှိ SURA ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူများ သိမ်းယူထားသော မိမိတပ်စခန်းများကို မိမိတပ်မတော်က ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ခြင်းနှင့် ပတ်သက်ပြီး ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ကျင်းပသည်။

၂၇ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တိုင်ပင်ဆွေးနွေးရန် အတွက် ရုရှားနိုင်ငံသို့ ယခုနှစ်ကုန် ဒီဇင်ဘာလ (သို့မဟုတ်) လာမည့် နှစ်ဆန်းပိုင်း ဇန်နဝါရီလတွင် သွားရောက်ရန်စီစဉ်ထားကြောင်း ကနေဒါနိုင်ငံ၌ ရောက်ရှိနေသော ဧည့်သည်တော် ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကိုအိဇုမိက ပြောကြားသည်။

နီပေါဘုရင် ဂျာနင်ဒရာသည် အိန္ဒိယနိုင်ငံသို့ ခြောက်ရက်ကြာ တရားဝင်ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်ပြီးဆုံးသည်။

၃၀ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားကို ချီးမြှင့်သည့် ယာရှင်ဆုကို ဂျာမနီအသင်းမှ ဂိုးသမားကြီး အိုလီဗာခန်း (၃၃) နှစ်အား ချီးမြှင့်လိုက်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ကြေညာသည်။

အသန့်ရှင်းဆုံး အသင်းဆုကို ဘယ်လ်ဂျီယံက ရရှိပြီး ဂိုးအများဆုံးသွင်းသူကို ချီးမြှင့်သည့် ရွှေဖိနပ်ဆုကို ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုက ရရှိသွားသည်။

ဇူလိုင်လ

၁ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ပြုလုပ်သော ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရရှိသူများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်သည်။

၂ ကမ္ဘာ့ဖလားဘောလုံးပွဲတွင် ပူးတွဲအိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့ပြီး အတိတ်ကနာကြည်းဖွယ်ရာ ဖြစ်ရပ်များအား မေ့ပျောက်လျက် ရင်းနှီးမှုတည်ဆောက် ရေးအတွက် ရည်ရွယ်ကာ ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိသော တောင်ကိုရီးယား သမ္မတ ကင်ဒေးဂျုံသည် ဂျပန်ဘုရင် အကီဟီတိုနှင့် တွေ့ဆုံဆွေးနွေးသည်။

၅ ၂၀၀၂ ကမ္ဘာ့ ပတ်ဝန်းကျင်နေ့ အခမ်းအနားကို ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

၁၀ တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော နီပေါနိုင်ငံ၊ ဘုရင် ဂျာနင်ဒရာဘီဟာဘီခရမ်ရှားဒေ့သည် တရုတ် ဒုတိယသမ္မတ ဟူကျင်တောင်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်လုပ်ကိုင်မည် ဖြစ်ကြောင်း ဆွေးနွေးကြသည်။

၁၁ ၂၀၀၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာစီးပွားရေး ဗဟိုဌာန၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၁၃ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ဧရာဝတီတိုင်း မအူပင်တက္ကသိုလ် တည်ဆောက်ရေး

ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) လွှိုင်ကော်မြို့ မြို့တော်ခန်းမတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်

လုပ်ငန်း၊ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာ ထန်းတပင် အဆင့် မြင့်ကွန်ကရစ်ခင်းလုပ်ငန်းနှင့် ရန်ကုန်မြို့အနောက်ပိုင်းတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် နှစ်အတန်ကြာ အချိန်ယူရဦးမည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ပြောကြားလိုက်သည်။

၁၅ အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် ယင်းအဖွဲ့အစည်း၏ အသားကျနေပြီဖြစ်သော အခြေခံမူများ၊ လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်များကို ဆက်လက် လိုက်နာကျင့်သုံးမည် ဆိုလျှင် အာဆီယံဒေသအတွင်း ငြိမ်းချမ်းရေးကို ထာဝစဉ် ထိန်းသိမ်းထားနိုင်မည် ဖြစ်ကြောင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဆယက် ဟာမက် အယ်လ်ဘာကပြောကြား သည်။

၁၆ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) သည် ကယားပြည်နယ် လွှိုင်ကော်မြို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး လွှိုင်ကော်မြို့ မြို့တော်ခန်းမတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

၁၇ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) သည် ရှမ်းပြည်နယ် မောက်မယ်မြို့သို့ ရောက်ရှိပြီး ဂေါဒန် ကျောက်အလှဆင်ပစ္စည်းထုတ်လုပ်သည့် အိမ်တွင်းမှုလုပ်ငန်း၊ ဆိုက်ခေါင်- နမ့်စန် ရထားလမ်း ဖောက်လုပ်ရေး လုပ်ငန်း၊ ပွန်ချောင်းတံတားတည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၁၈ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မော်ဘိမြို့နယ် ဗဟိုပြည်သူ့ဆက်ဆံရေးတပ်၊ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့်

အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ် (၅) နှင့် အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၂၄) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းဩဝါဒစကား မြွက်ကြားသည်။

၁၉ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ဒဂုံအရှေ့၊ စက်မှုမြို့ စီမံခန့်ခွဲရေးရုံး၊ ကနောင်ခန်းမ၌ ဒဂုံအရှေ့ စက်မှုမြို့၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားပြီး ဒဂုံအရှေ့ စက်မှုမြို့ရှိ စက်ရုံအလုပ်ရုံများနှင့် ရန်ကုန်သန်လျင်တံတား အမှတ် (၂) တည်ဆောက်ရေး စီမံကိန်း တည်ဆောက်မှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

၂၁ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဖွင့်လှစ်ရေး၊ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

၂၃ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့၏ (၂/၂၀၀၂) ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ် (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်အမှာစကား ပြောကြားသည်။

၂၄ ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ နိကာယ်ငါးရပ်၊ ပဋ္ဌကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အဆိုပါစာသင်တိုက်ကြီး၏ ပြည်လုံးချမ်းသာ၊ မဟာသိမ်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၂၆ ပညာရေးဝန်ကြီးဌာန၏ ၂၀၀၂ ခုနှစ်၊ ကျောင်းနေအရွယ်ကလေးများ၊ ကျောင်းနေရေးလုပ်ငန်းစဉ် အောင်မြင်မှု ဂုဏ်ပြုပွဲအခမ်းအနားကို ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

၂၇ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး)သည် မန္တလေးတိုင်း၊ မိတ္ထီလာမြို့သို့ ရောက်ရှိ၍ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်း၊ မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် မိတ္ထီလာစက်မှုဇုန်များအား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၂၈ အမျိုးသမီးကဏ္ဍဆိုင်ရာ အထူးအစည်းအဝေးကို ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတကာရေးရာနှင့် သုတေသနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ နာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ဩဂုတ်လ

၂ ပါကစ္စတန်သမ္မတ ပါဗက်ရှ်မူရှာရက်ဖ်သည် တရုတ်သမ္မတ ကျန်ဇီမင်းနှင့် ဘေဂျင်းမြို့တော်တွင် တွေ့ဆုံဆွေးနွေးသည်။ ယင်းဆွေးနွေးမှုသည် အိန္ဒိယနိုင်ငံနှင့် တင်းမာမှုဖြစ်ပေါ်ခဲ့ခြင်းကို ကျားကန်ပေးရန်အတွက် အလားအလာ တစ်ရပ်ဖြစ်သည်ဟု နိုင်ငံရေး အကဲခပ်သမားများက ပြောကြားသည်။

၄ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စယိုရိကိုကာဝါဂူချိနှင့် အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

၅ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စယိုရိကိုကာဝါဂူချိနှင့် အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော်သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၆ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဆူရာကီယတ်ဆတ်သီရာ ထိုင်းနှင့်အဖွဲ့ဝင်များအား ကုန်းမြင့်သာလေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၈ ၃၅ ကြိမ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် အခမ်းအနားကို အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ အာဆီယံ ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်မိန့်ခွန်းပြောကြားသည်။

၉ နိုင်ငံတော်နှင့် တပ်မတော်ကို ကမ္ဘာက အထင်အမြင် လွဲစေရန်နှင့် မြန်မာ-ထိုင်းနယ်စပ်ပြဿနာပေါ်စေရန် သောင်းကျန်းသူဆန့်ကျင်ဖက်အုပ်စုနှင့် ထိုင်းမီဒီယာများပေါင်းပြီး မဟုတ်မမှန် လုပ်ကြံသတင်းဖြန့်ခြင်းနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ သတင်းစာဆရာများအား တွေ့ဆုံပြုလုပ်သည့် ပုံမှန်သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့အင်းလျားလမ်း တပ်မတော်ဧည့်ဂေဟာ၌ ကျင်းပသည်။

၁၀ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ရှမ်းပြည်နယ် နမ့်စဉ်၊ မိုင်းပန်၊ လွိုင်လင်၊ လင်းခေးမြို့များသို့ သွားရောက်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

၁၃ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး ခင်ညွန့်) သည် ပဲခူးမြို့ရှိ တမ္ပလောဟာမဟာမုနိ ကြေးသွန်းရုပ်ပွားတော်ကြီး သွန်းလောင်းအပူဇော်ခံရန် နမူနာထုလုပ်ထားမှုကို ကြည့်ရှုကြည်ညိုသည်။

အာဆီယံအဖွဲ့ဝင်သစ်နှင့် အဖွဲ့ဝင်ဟောင်း ပေါင်းစပ်ဖွဲ့စည်းရေးကြိုးပမ်းအားထုတ်ခြင်း ဖွံ့ဖြိုးမှုကွာဟခြင်းကို ကျဉ်းမြောင်းသွားအောင် လုပ်ဆောင်ရန် အာဆီယံအတွင်းရေးမှူးချုပ် ရှဒိုဖိုဆီဗီရိနိုက အာဆီယံနိုင်ငံများအားလုံးကို တိုက်တွန်းလိုက်သည်။

၁၇ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်များ အသင်းတို့၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ရန်ကုန်မြို့၊ လှိုင်မြို့နယ်ရှိ MICT. Park ၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက် အမှာစကားပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စယိုရီကိုကာဝါဂူချီနှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်စဉ်

၂၅၉၁၈

၁၈ ပြည်ထောင်စု မြန်မာနိုင်ငံသို့ အလည်အပတ် ရောက်ရှိလာသည့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ ဒေါက်တာမဟာသီဘင်မိုဟာမက်နှင့် ဇနီး ဒါတင်ဆရီ ဒေါက်တာစီတီဟက်စ်မာဟာဂျိမိုဟာမက်အလီတို့ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

၁၉ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အလည်အပတ်လာရောက်ခဲ့ပြီး ပြန်လည်ထွက်ခွာသွားသော မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီဒေါက်တာ မဟာသီဘင်မိုဟာမက်နှင့် ဇနီးနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လိုက်ပါပို့ဆောင်နှုတ်ဆက်သည်။

ကုလသမဂ္ဂ ကလေးလူငယ်များရန်ပုံငွေအဖွဲ့ (ယူနီဆက်) အမှုဆောင်ညွှန်ကြားရေးမှူး ကာဂိုးဘယ်လာမီသည် အာဖရိက လေးနိုင်ငံရှိ အမျိုးသမီးများနှင့် ကလေးလူငယ်များအား ထိခိုက်နစ်နာစေသော ပြဿနာများအပြင် ယင်းဒေသရှိ ပညာရေးနှင့် ကျန်းမာရေးအခြေအနေများကို ကိုယ်တိုင်လေ့လာသုံးသပ်နိုင်ရန် မာလာနိုင်ငံသို့ စတင်ထွက်ခွာသွားသည်။

၂၁ တစ်ကမ္ဘာလုံး လွှမ်းခြုံဖြစ်ပေါ်မှုစဉ်နှင့် အရှေ့တောင်အာရှဒေသတွင် လွှမ်းခြုံဖြစ်ပေါ်မှု စဉ်ဆိုင်ရာ နိုင်ငံတကာ နှီးနှောဖလှယ်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းတက္ကသိုလ်တွင် စတင်ကျင်းပရာ ပညာရှင်တစ်ရာခန့် တက်ရောက်ကြသည်။

တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသော တန်ဇန်နီးယား ပြည်ထောင်စုသမ္မတနိုင်ငံတွင် ပါဝင်သည့် ဇန်ဇီဘာသမ္မတအာမေနီအဘစ်ကာရိုမေသည် တရုတ်သမ္မတကြီး ကျန်ဇီမင်းကို သွားရောက်တွေ့ဆုံသည်။

၂၃ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများအား အဓမ္မပြုကျင့်သည်ဟူသော စွပ်စွဲချက်နှင့် ပတ်သက်၍ မဟုတ်မှန်ကြောင်း သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။

နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသည့် ကမ္ဘာ့အိုဇုန်းလွှာပါးလွှာမှု အခြေအနေသည် အန္တာတိကဒေသတွင် စတင်ဖြစ်ပေါ်လျက်ရှိကြောင်း အိုဇုန်းလွှာအပေါက်သည် ပိုမိုကျယ်ပြန့်ကြီးထွားလာမည်ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ပြောကြားသည်။

၂၄ ဗဟိုဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်) ၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မန္တလေးတိုင်း၊ ဗဟိုဝန်ထမ်းကက္တသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၅ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် မန္တလေးတိုင်း၊ အမရပူရမြို့နယ် မှန်တန်းရပ်ရှိ ဗားမဲ့ဆရာတော် လှူဒါန်းခဲ့သော သံသေဓာတ်သားဖြင့် ဗဒုံမင်း (ဘိုးတော်ဘုရား) တည်ထား ကိုးကွယ်ခဲ့သည့် ရွှေဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့် မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

၂၆ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ဗဟိုဝန်ထမ်းကျောင်းတော်ကြီး၌ ပြုလုပ်သော ဗဟိုဝန်ထမ်းကျောင်းတော်ကြီး ဆရာတော်ဘုရားကြီး၏ ပရိနိဗ္ဗာန်စာရင်းပြုပွဲသို့ တက်ရောက်ကြသည်။

၂၇ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး Mr, Barrister Nagmul Huda နှင့် အဖွဲ့အား ကုန်းမြင့်သာရှိ ဇလျှာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် လူငယ်များမူးယစ်ဆေးဝါးသုံးစွဲမှုများပြားလာသဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုများကို နှိမ်နင်းပြီး မူးယစ်ဆေးဝါး ရောင်းဝယ်သူများအားလုံးကို ဖမ်းဆီးရန် မြို့တော်ရဲတပ်ဖွဲ့ဝင်များအား ဖနွမ်းပင်အာဏာပိုင်များက အမိန့်ပေးလိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၂ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) မှ ၂၀၀၈-၂၀၀၂ အင်ဂျင်နီယာသင်တန်း အောင်မြင်ခဲ့သည့် ကျောင်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အမေရိကန်က အီရတ်နိုင်ငံအား စစ်ရေးအရ တိုက်ခိုက်ရန် ရှိမှုနှင့် ပတ်သက်၍ အာရပ်နိုင်ငံများအားလုံး ဆန့်ကျင်ကြရန် အီဂျစ်သမ္မတဟိုစနီမူဘာရက်က တိုက်တွန်းလိုက်သည်ဟု ဆင်ဟွာသတင်း ဌာနက ဖော်ပြသည်။

၂၈ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ဗိုလ်ချုပ်ကြီး) သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ

နိုင်ငံ သံအမတ်ကြီး Mr. Ahmed Rahim နှင့် အဖွဲ့အား ကုန်းမြင့်သာရှိ လေယာဉ်ကွင်းတွင် လက်ခံတွေ့ဆုံသည်။

၂၉ ကမ္ဘောဒီးယားအစိုးရသည် ဒုက္ခရောက်နေသော လူငယ်များအတွက် ၃ နှစ် ပညာရေးစီမံကိန်း ချမှတ်အကောင်အထည်ဖော်ရန်နှင့် ဆင်းရဲနွမ်းပါး ကလေး ၃၀၀၀ ကျော်အတွက် အကျိုးဖြစ်ထွန်းစေမည့် မျှော်လင့်ချက်ဖြင့် ယင်းသို့ အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်ကြောင်း ကမ္ဘောဒီးယားဒေးလီး သတင်းစာက ဖော်ပြသည်။

၃၀ ကုလသမဂ္ဂ ပိုစတာပြပွဲ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့၊ ကုန်းမြင့်သာရှိ လေယာဉ်ကွင်းတွင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုလသမဂ္ဂပိုစတာပြပွဲ ကျင်းပရေး ကော်မတီနာယက အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) တက်ရောက် ဆွေးနွေးမှာကြားသည်။

စက်တင်ဘာလ

၁ အီရတ်သည် မိမိနိုင်ငံကာကွယ်ရေးအတွက် ဖြစ်နိုင်သည့်နည်းလမ်းအားလုံးကို သုံးသွားမည်ဖြစ်ကြောင်း အီရတ်ဒုတိယသမ္မတ တာဟာယာဆင် ရာမာဒန်က ပြောကြားလိုက်သည်ဟု ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။

၂ ရန်ကုန် အမျိုးသားဇာတ်ရုံ၌ ကျင်းပသော ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၏ ဆဋ္ဌမအကြိမ် ဘွဲ့ယူ ကျောင်းသားကျောင်းသူများ၏ လက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်မှုအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) တက်ရောက် ချီးမြှင့်သည်။

၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ပိုလ်ချုပ်ကြီး မောင်အေး (ယခု ဒုတိယပိုလ်ချုပ်မှူးကြီး) သည် ပြင်ဦးလွင်မြို့၊ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ နန်းမြင့်မျှော်စင် တည်ဆောက်ရေး လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးသည်။

၄ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံအနီးရှိ MRTV New Studio Complex အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

၅ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဆွေးနွေးရန် ရုရှားသို့ သွားမည်ဟု ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

၆ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံ အနီးရှိ MRTV New Studio Complex အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုဖီအာနန်သည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် တွေ့ဆုံဆွေးနွေးစဉ် အီရတ်အားစစ်ရေးအရ တိုက်ခိုက်မှု မှန်သမျှကို ဆန့်ကျင်ကြောင်း ပြောကြားခဲ့သည်ဟု ဆင်ဟွာက ရေးသားသည်။

၇ ရန်ကုန်မြို့ စိန်ရတုခန်းမ၌ ကျင်းပသော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) တက်ရောက်မိန့်ခွန်းပြောကြားသည်။

၈ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) သည် စစ်ကိုင်းတိုင်းမုံရွာမြို့ လေယာဉ်ပြေးလမ်း တည်ဆောက်ခြင်းလုပ်ငန်း၊ ချင်းတွင်းတံတားနှင့် စက်မှုဇုန်တို့ကို ကြည့်ရှုစစ်ဆေးသည်။

၁၀ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) သည် စစ်ကိုင်းတိုင်း မကွေးဇောက်လျှပ်စစ်မြစ်ရေတင် လုပ်ငန်း၊ မန္တလေးတိုင်း၊ မန္တလေးမြို့ သီရိမန္တလာစေ့းနှင့် ရတနာပုံစေ့း၊ မန္တလေး တက္ကသိုလ် ဘွဲ့နှင်းသဘင်တည်ဆောက်ရေး လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆွစ်ဇာလန်နိုင်ငံသည် ကုလသမဂ္ဂ၏ ၁၉၀ မြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

တောင်အာဖရိကနိုင်ငံ သမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလား၏ အမေရိကန်ပြည်ထောင်စုကို ကမ္ဘာ့ငြိမ်းချမ်းရေး၏ အန္တရာယ်ကောင်ဟု ကင်ပွန်းတပ်လိုက်သည်ဟု ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

၁၃ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) သည် ၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့အားကစားအဖွဲ့အား တွေ့ဆုံအမှာစကားပြောကာ အောင်နိုင်ရေးအလံကို အပ်နှင်းသည်။

၁၄ ဒသမအကြိမ် မြန်မာ့ရိုးရာ အဆိုအကအရေးအတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ပိုလ်ချုပ်ကြီး ခင်ညွန့် (ယခု ပိုလ်ချုပ်ကြီး) တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုဖီအာနန်သည် အီရတ်နှင့်အရှေ့အလယ်ပိုင်းပြဿနာကို ညှိနှိုင်းရန်အတွက် အာရပ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကုလသမဂ္ဂဌာနချုပ်တွင် တွေ့ဆုံဆွေးနွေးသည်။

၁၅ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွှန့် (ယခု ဗိုလ်ချုပ်ကြီး) သည် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အဆင့်မြင့်မီးခံအုတ်စက်ရုံ (တိုးချဲ့) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဩစတြေးလျနှင့် တရုတ်သည် နယ်ပယ်အသီးသီး၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် ဝန်ကြီးချုပ်နှစ်ဦးဖြစ်သည့် ဂျွန်ဟောင်းဝပ်နှင့် လီဖုန်းတို့တွေ့ဆုံစဉ်၌ သဘောတူညီ ဆွေးနွေးကြသည်ဟု ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။

၁၆ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေး(ယခု ဒုတိယ ဗိုလ်ချုပ်မှူးကြီး) သည် အိန္ဒိယ သမ္မတနိုင်ငံ Army Headquarters မှ Lt. General Sjs Saighal နှင့် အဖွဲ့ဝင်များအား ကုန်းမြင့်သာ၊ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

၁၇ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ အစည်းအဝေး (၇/၂၀၀၂) သို့ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှု ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွှန့် (ယခု ဗိုလ်ချုပ်ကြီး) တက်ရောက်ဆွေးနွေး မှာကြားသည်။

ကုလသမဂ္ဂ လက်နက်စစ်ဆေးမှုများအား ပြန်လည်လာရောက်ခွင့်ပြုရန် အီရတ်နိုင်ငံက ဆုံးဖြတ်ပြီးနောက်တွင် အီရတ်နိုင်ငံအပေါ် ကုလသမဂ္ဂ၏ အရေးယူမှုများကို ပယ်ဖျက်ပေးသင့်ကြောင်း မလေးရှားနိုင်ငံက တိုက်တွန်းလိုက်သည်။

၁၉ ၅၇ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ မူဘောင်အတွင်း တရားရေးလုပ်ငန်းဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဘေဂျင်းမြို့၌ ကျင်းပရာ တရုတ်နှင့်နိုင်ငံခြားကိုယ်စားလှယ် ၄၀၀ ကျော် တက်ရောက်ကြသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၀ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(အေ) တွင် နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့ သရုပ်ပြတီးမှုတ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်



အဖွင့်အမှာ စကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့မြင့်သည်။

၃၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်သည်။

အောက်တိုဘာလ

၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံတွင် ရောက်ရှိသည့် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာ အလက်စ်ဇန္ဒားဒေါင်နာအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၄ အဆင့်မြင့် မွမ်းမံပြင်ဆင် ပြီးစီးသွားသည့် စံပြအဆင့်မြင့် ရုပ်ရှင်ရုံသစ်ဖွင့်လှစ်ပွဲ အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ကျုံးကြီးလမ်းထောင့်ရှိ အဆိုပါ စံပြအဆင့်မြင့်ရုပ်ရှင်ရုံသစ်ရှေ့ ဥပစာ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အားပေးပြီး စံပြအဆင့်မြင့်ရုပ်ရှင်ရုံသစ်ကို ကြည့်ရှုစစ်ဆေးသည်။

၅ ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာ

ပြည်လမ်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေး ခန်းမ၌ နိုင်ငံတော် သံဓုံတီးဝိုင်းဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

တရုတ်ပြည်နှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများသည် ပထဝီအနေအထားအရ နီးစပ်ပြီး သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများနှင့် ဆိုးရွားသော စိန်ခေါ်မှုများကိုပါ ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ တရုတ်ပြည် သယ်ယူပို့ဆောင်ရေး ဝန်ကြီးဟောင်း ရှန်ဒွန်က ဂျကာတာမြို့၌ ပြောကြားသည်။

၂၁ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့ မြို့တော်ခန်းမ၊ အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများအား တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဂျဗားပြည်နယ်၊ ဆလာဝီမြို့တွင် မီးရှူးမီးပန်းစက်ရုံတစ်ခု၌ ဗုံးပေါက်ကွဲရာ တစ်ဦးသေဆုံးပြီး ၁၉ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၂ အမျိုးသား ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဗဟိုအလုပ်အမှုဆောင်များအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ မှာကြားသည်။

တရုတ်နှင့် ဂျပန်တို့၏ ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးသည် ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ဖွံ့ဖြိုးရေးတို့ကို ဖြစ်ထွန်းစေကြောင်း တရုတ်သမ္မတကျန်ဇီမင်းက ဘေဂျင်းမြို့တွင် ပြောကြားသည်။

၂၃ လူဦးရေ သန်း ၁၀၀ ကျော် နေထိုင်သော ဥရောပမြို့ကြီးပေါင်း ၁၃၀၀ ကျော်တွင် တနင်္ဂနွေတစ်ရက်က

ကား မမောင်းရန်နှင့် သတ်မှတ်ခဲ့ရာ အောင်မြင်မှုများ ရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၄ အစ္စရေးတပ်ဖွဲ့များ အနောက်ဘင်္ကာမ်းမှ အပြန်ဆုံးရုပ်သိမ်းရန်နှင့် ရာမာလာမြို့ရှိဌာနချုပ်အား ဝိုင်းရံမှု အဆုံးသတ်ရန် တောင်းဆိုထားသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၄၃၅ ကို ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်က ကြိုဆိုလိုက်သည်။

၂၅ ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့် တွေ့ဆုံ၍ ပုံမှန်သတင်းစာရှင်းလင်းပွဲကို အင်းလျားလမ်း တပ်မတော်ဧည့်ရေဟာ၌ ကျင်းပသည်။

အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံမှ မီဒီယာလုပ်ငန်း ကိုယ်စားလှယ်များသည် တရုတ်ပြည် ဘေဂျင်းမြို့တော်ရှိ ဆင်ဟွာသတင်းဌာနသို့ သွားရောက်လေ့လာကြသည်။

၂၆ ကုလသမဂ္ဂ၏ လုံခြုံရေးကောင်စီကောင်စီဝင်အဖြစ် ဂျာမနီ၊ စပိန်၊ ပါကစ္စတန်၊ ချီလီနှင့် အင်ဂိုလာနိုင်ငံတို့သည် အဖွဲ့ဝင်သစ်ငါးနိုင်ငံအနေနှင့် ဖြစ်ပေါ်လာသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၈ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဆင်းအခမ်းအနားတွင် အမှာစကား ပြောကြားသည်။

၂၉ ဗဟိုဝန်ထမ်း တက္ကသိုလ်၊ အခြေခံဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄၉) သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွှန့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ် MRTV -3 ထုတ်လွှင့်ခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားစဉ်

စကားပြောကြားပြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးဆုရရှိသူများနှင့် လိုဂိုဒီဇိုင်းဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

၉ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ် MRTV 3 ထုတ်လွှင့်ခြင်းနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

၁၀ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်သည် ရန်ကုန်တိုင်း လှိုင်မြို့နယ်၌ ဖွင့်လှစ်ထားသည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ အဆောက်အအုံ (MICT Park) လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

၁၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်သည် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ သစ်တောဦးစီးဌာန တော်ဝင်ခန်းမ၌ ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း လီမိတက်၏ နဝမအကြိမ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၁၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် အင်းလေးဒေသကျေးရွာများသို့ ဒေသစာရီကြွချီအပူဇော်ခံခဲ့ပြီး ညောင်ရွှေမြို့ အဌဒိသာမွေဝိဟာရ ဒေသစာရီကျောင်းတော်ကြီး၌ သုံးညတာကိန်းဝပ်စံပယ် အပူဇော်ခံရန် ညောင်ရွှေမြို့သို့ ကြွချီတော်မူလာသည့် အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

(၁၄) ကြိမ်မြောက် အာရှအားကစားဘောလုံးဗိုလ်လုပွဲကို ယှဉ်ပြိုင်ကစားရာ အီရန်အသင်းက ဂျပန်အသင်း

ကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ရွှေတံဆိပ် ဆွတ်ခူးသွားသည်။ အီရန်အသင်းသည် ၁၉၇၄၊ ၁၉၉၀ နှင့် ၁၉၉၈ ခုနှစ်တို့တွင် ရွှေတံဆိပ်ရရှိခဲ့ပြီး ယခုစတုတ္ထအကြိမ် ရွှေတံဆိပ်ရရှိခြင်း ဖြစ်သည်။ တတိယနေရာလုပ္ပဲတွင် တောင်ကိုရီးယားက ထိုင်းကို သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး ကြေးတံဆိပ်ဆွတ်ခူးသွားသည်။

၁၆ ၂၀၀၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွာရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၁၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဧရာဝတီတိုင်းအတွင်း တည်ဆောက်လျက်ရှိသော လမ်းသမိုင်တံတား တည်ဆောက်ရေးစီမံကိန်း၊ ဝါးခယ်မတံတား တည်ဆောက်ရေးစီမံကိန်းနှင့် စပါးစိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

၁၈ ဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ဂျပန်စီးပွားရေးကို အားသစ်၊ မာန်သစ်ပြန်ဖြည့်ပေးရန် ထင်ရှားပြတ်သားပြီး ပျော့ပျောင်းသောအစီအမံများ ချမှတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကုအိဇုမိက ဂျပန်လွှတ်တော် အထူးအစည်းအဝေး၌ ပြောကြားသွားသည်။

၁၉ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကြီး၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နိုင်ငံတကာသတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

၂၀ ဂျပန်အိမ်ရှေ့မင်းသား၏ ကြင်ရာတော် မာဆာကို၏ ခမည်းတော် အပါအဝင် ပုဂ္ဂိုလ်ငါးဦးတို့အား ကုလသမဂ္ဂ၏ ထိပ်တန်းတရားစီရင်ရေး အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ တရားရုံးတရားသူကြီးများအဖြစ် ကိုးနှစ်သက်တမ်း တာဝန်ထမ်းဆောင်ရန် ကုလသမဂ္ဂက ရွေးချယ်လိုက်သည်။

၂၃ သြစတြေးလျနိုင်ငံတွင် မိုးခေါင်ရေရှားဒဏ် ခံနေရသည့် လယ်ယာစိုက်ပျိုးမြေများကို ဖြတ်သန်းတိုက်ခတ်လာသော လေပြင်းနှင့်အတူပါလာသည့် ဧရာမဖုန် မုန်တိုင်းကြီးသည် သြစတြေးလျနိုင်ငံ၏ အကြီးဆုံးမြို့ကြီးဖြစ်သည့် ဆစ်ဒနီမြို့ကို ဖုံးလွှမ်းသွားခဲ့သည့်အပြင် ပြည်နယ်လေးခုကိုပါ ဖြတ်သန်းသွားကြောင်း သိရသည်။

၂၄ (၅၇) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံသဘင်ဆောင်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

၂၅ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ဒုတိယအကြိမ်ဖျက်ဆီးသည့် အခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အားကစားကွင်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်သည်။

၂၆ အာရှဒေသတွင် အကြီးမားဆုံး ရုပ်ရှင်ပွဲတော် ဖြစ်သည့် (၁၅) ကြိမ်မြောက် တိုကျို နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ဂျပန်နိုင်ငံတိုကျိုမြို့တော်၌ ဖွင့်လှစ်လိုက်သည်။ ၁၀ ရက်ကြာ ပြုလုပ်မည့် ယင်းရုပ်ရှင်ပွဲတော်တွင် ကမ္ဘာအရပ်ရပ်မှ ရုပ်ရှင်ကားပေါင်း ၁၂၁ ကား ပါဝင်ပြသမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ရုပ်ရှင်ကားများအနက် ဆုများအဖြစ် တိုကျိုဂရမ်ပရီဆုနှင့် ငွေသားယန်းငွေ ၁၀ သန်း (ဒေါ်လာ ၈၀၆၀၀) ချီးမြှင့်သွားမည်ဖြစ်သည်။

၂၇ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘရာမန်ဘာရီမြို့အနီးရှိ အဇမ်ပူဝါ ရထားဘူတာရုံ၌ ခရီးသည်ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိခဲ့ရာ လူခုနစ်ဦး သေဆုံးပြီး ၃၀ ဒဏ်ရာရရှိခဲ့သည်။

၂၈ ၃၁ ဗီယက်နမ်သမ္မတ ထရန်ဒတ်လောင်သည် ပြင်သစ်နိုင်ငံသို့ လေးရက်ကြာ လာရောက်လည်ပတ်သည်။ ပြင်သစ်နှင့် ဗီယက်နမ်တို့ ၁၉၇၃ ခုနှစ်တွင် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ချိန်မှစပြီး ဗီယက်နမ်နိုင်ငံ၏ နိုင်ငံအကြီးအကဲတစ်ဦး ပြင်သစ်သို့လာရောက်လည်ပတ်ခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်သည်ဟုဆိုသည်။

နိဒါန်း

၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ကျရောက်ခဲ့သည့် (၅၇) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသသည့် ကုလသမဂ္ဂပို့စတာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်မီရှင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်[1]တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။

၁ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ၂ ဝန်ကြီးချုပ် ကျ။ရုံကျိသည် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် ဖနွမ်းပင်မြို့တွင် တွေ့ဆုံကာ နှစ်နိုင်ငံပိုမိုချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်ကဝန်ကြီးချုပ် ကျ။ရုံကျိ၏ခရီးသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေလိမ့်မည်ဟု ပြောကြားသည်။

၃ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ နိုင်ငံဘာ ၃ ရက်မှ ၅ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပမည့် ပထမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးညီလာခံ၊ အဋ္ဌမအကြိမ် အာဆီယံထိပ်သီးညီလာခံနှင့် အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ အကြီးအကဲများ ညီလာခံနှင့် အာဆီယံ-အိန္ဒိယထိပ်သီးညီလာခံများသို့ တက်ရောက်ရန် နိုင်ငံဘာ ၃ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ထွက်ခွာသွားသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ရှိနေစဉ် အတွင်း နိုင်ငံဘာ ၃ ရက် ညနေပိုင်းတွင် Hotel Inter - Continental ၌ ကျင်းပသည့် ပထမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးညီလာခံ (The First Greater Mekong Subregion Summit)၊ နိုင်ငံဘာ ၄ ရက်နေ့တွင် ကျင်းပသည့် အဋ္ဌမအကြိမ် အာဆီယံထိပ်သီးညီလာခံ၊ နိုင်ငံဘာ ၅ ရက်နေ့တွင် ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၊ အစိုးရအကြီးအကဲများ၏ ညီလာခံနှင့် အာဆီယံ - အိန္ဒိယထိပ်သီးညီလာခံများသို့ တက်ရောက်သည်။ နိုင်ငံဘာ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၂ ခုနှစ် ကုလသမဂ္ဂပို့စတာပြပွဲ အထိမ်းအမှတ်ပြုင်ပွဲ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်

၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ရန်ကုန်တိုင်းမှော်ဘီမြို့နယ်နှင့် လှည်းကူးမြို့နယ်အတွင်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

၂ ဒေသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော်

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိကြသူများအား ဆုများကို ချီးမြှင့်သည်။

၉ ကာကွယ်ရေးဝန်ကြီးဌာန (၄၉) ကြိမ်မြောက် မိသားစုဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ကာကွယ်ရေးဝန်ကြီးဌာန အနော်ရထာခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

၁၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် မကွေးတိုင်းရှိ ဧရာဝတီတံတား (မကွေး) တည်ဆောက်ပြီးစီးမှုနှင့် မကွေးလေယာဉ်ကွင်းသစ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို လည်းကောင်း၊ မန္တလေး ပျဉ်းမနားမြို့၌ ဆောင်ရွက်လျက်ရှိသည့် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကိုလည်းကောင်း လှည့်လည်သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

၁၅ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူး၍ 'နိုင်ငံခေတ်မီဖွံ့ဖြိုးဖို့၊ တူယှဉ်လက်တွဲကြိုးပမ်းစို့' ဆောင်ပုဒ်နှင့်အညီ ခင်းကျင်းပြသမည့် မြန်မာအမျိုးသမီးများ၏ ကြိုးပမ်းစွမ်းဆောင်မှုပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်တက်ရောက်၍ မြန်မာအမျိုးသမီးများ၏ ကြိုးပမ်းစွမ်းဆောင်မှုပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြပွဲ၌ ခင်းကျင်းပြသထားသော မြန်မာအမျိုးသမီးများ၏ ကြိုးပမ်းစွမ်းဆောင်မှုပြကွက်များနှင့် သရုပ်ပြတင်ဆက်မှု အစီအစဉ်များကို ကြည့်ရှုအားပေးသည်။

၁၅–၁၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နိုဝင်ဘာ ၁၅ ရက်နေ့တွင် ရှမ်းပြည်နယ် လဲချားမြို့နယ် အတွင်းရှိ လွိုင်လင် - ပန်ကေတု-သီပေါလမ်း အဆင့်မြှင့်တင် ဖောက်လုပ်ရေးလုပ်ငန်းများနှင့် မိုင်းရှူးရတနာတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်းပန်မြို့ တပ်နယ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ မဟာဗျူဟာလမ်းများနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် ဆက်စပ်လျက်ရှိသည့် မဟာဗျူဟာလမ်းများတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးကိစ္စများကို မှာကြားသည်။

၁၆ ကာကွယ်ရေး ဝန်ကြီးဌာန တပ်မတော်ထောက်လှမ်းရေး မိသားစု (၁၃) ကြိမ်မြောက် ဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်လမ်းရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တက်ရောက်၍ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရှာယက်ဖ်သည် ဖွဲ့စည်းပုံစည်းမျဉ်းအရ ပါကစ္စတန်နိုင်ငံသမ္မတအဖြစ် ငါးနှစ်တာဝန်ထမ်းဆောင်ရန် သမ္မတနန်းတော်၌ ကျမ်းသစ္စာကျိန်ဆိုသည်။

၁၈ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၂) စတုတ္ထနေ့အစည်းအဝေးသို့ တက်ရောက်၍ ဩဝါဒစကား မြွက်ကြားသည်။

၁၉ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) သတ္တမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ အနုမောဒနာရေစက်ချတရားပွဲနှင့် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ စွယ်တော်မြတ်စေတီတော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ဓမ္မစက္ကမုဒြာဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

၂၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး

မစ္စတာ မိုရှက်ခန်းနှင့်အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံ - ညောင်ဦးသို့ ရောက်ရှိပြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောဇီလျှပ်စစ်မြစ်ရေတင် စီမံကိန်းနှင့် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့သရောက်လျှပ်စစ်မြစ်ရေတင် စီမံကိန်း၊ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၂၄ မကွေးတိုင်း ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ ဒေသများနှင့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ဒေသများကိုလည်းကောင်း၊ ရခိုင်ပြည်နယ်နှင့်လည်းကောင်း ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူစေရေးအတွက် မကွေးမြို့နှင့် မင်းဘူးမြို့ကို ဆက်သွယ်ပေးထားသော ဧရာဝတီမြစ်ကူး ဧရာဝတီတံတား (မကွေး) ဖွင့်ပွဲအခမ်းအနားကို မကွေးမြို့ ဧရာဝတီတံတား (မကွေး) တည်ဆောက်ရေး စီမံကိန်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်ချီးမြှင့်ပြီး ပြည်သူလူထုအား နှုတ်ခွန်းဆက်စကား ပြောကြားသည်။

၂၅-၂၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းတမံဘက်စုံစီမံကိန်း၏ လျှပ်စစ်ဓာတ်အား ပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်း၊ ပခုက္ကူအထည်စက်ရုံ စီမံကိန်း၊ စက်မှုဇုန်နှင့် လေယာဉ်ကွင်းသစ် ဖောက်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ သာကြီးတောင် ရေနံမြေ၌ ရေနံစိမ်းထွက်ရှိမှုကို ကြည့်ရှုပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေ ပေးအပ်သည်။ မုံရွာစက်မှုဇုန်နှင့် ချင်းတွင်းတံတား (မုံရွာ) တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဒီဇင်ဘာလ

၁/၂ ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တရုတ်သမ္မတ ကျန်ဇီမင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်၌ လည်ပတ်ရန် ဒီဇင်ဘာ ၁ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ဘေဂျင်းသို့ ရောက်ရှိလာသည်။ ဒီဇင်ဘာ ၂ ရက်နေ့တွင် ရုရှားသမ္မတပူတင်သည် တရုတ်သမ္မတ ကျန်ဇီမင်းနှင့် တွေ့ဆုံဆွေးနွေးသည်။

၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ရန်ကုန်မြို့၌ ရောက်ရှိနေသော အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ ရိုဒိုလ်ဖိုးစီဆာဗာရီနိုဂျူနီယာအား ရန်ကုန်မြို့ ကုန်းမြင့်သာယာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂/၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဒီဇင်ဘာ ၂ ရက်နေ့တွင် မန္တလေးမြို့ စက်မှုဇုန် ကနောင် စက်မှုခန်းမ၌ မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားပြီး စက်မှုဇုန်ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးအားပေးသည်။ ဒီဇင်ဘာ ၃ ရက်နေ့တွင် စစ်ကိုင်းတိုင်း ကလေးမြို့သို့ ရောက်ရှိပြီး တမူး - ကလေး - ကလေးဝကားလမ်းနှင့် မြစ်သာမြစ်ကူး မြစ်သာတံတား (ကလေးဝ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ဒီဇင်ဘာ ၄ ရက်နေ့တွင် အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ကလေးမြို့တွင်းလမ်းများနှင့် ကလေးမြို့ဖွံ့ဖြိုးစည်ပင်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဒီဇင်ဘာ ၅ ရက်နေ့ညပိုင်းတွင် မဟာမုနိဘုရားကြီးသို့ သွားရောက်ပြီး မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းဆက်ကပ် လှူဒါန်းသည်။ ဒီဇင်ဘာ ၆ ရက်နံနက်ပိုင်းတွင် မန္တလေးတောင်တော်ရှိ ဆုတောင်းပြည့် မြတ်စွာဘုရားကိုလည်းကောင်း၊ ဒီဇင်ဘာ ၇ ရက်နေ့ နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ်ရှိ ရွှေစာရံစေတီတော်ကိုလည်းကောင်း သွားရောက်ဖူးမြော် ကြည်ညိုခဲ့သည်။ နိုဝင်ဘာ ၂၂ ရက်နေ့တွင် စတင်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ၁၆ ရက်ကြာ ၂၃ မြို့နယ်ခရီးစဉ်သည် ဒီဇင်ဘာ ၇ ရက်နေ့တွင် ပြီးဆုံးခဲ့ပြီး ယင်းနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၃/၅ ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အိန္ဒိယနိုင်ငံတွင် သုံးရက်ကြာလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အိန္ဒိယနိုင်ငံနယူးဒေလီမြို့သို့ ဒီဇင်ဘာ ၃ ရက်နေ့တွင် ရောက်ရှိလာသည်။ အိန္ဒိယနိုင်ငံတွင် ရှိနေစဉ် အိန္ဒိယ ဝန်ကြီးချုပ် အတားလ်ဘီဟာရီ ဗာ့ဂျ်ပါယီနှင့် တွေ့ဆုံပြီး အီရတ်နိုင်ငံကိစ္စ၊ အကြမ်းဖက်လုပ်ရပ်ကိစ္စနှင့် ကုန်သွယ်ရေးနှင့် ကာကွယ်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

၅ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည်

ရန်ကုန်မြို့ ပြည်လမ်းဟံသာဝတီအဝိုင်းအနီးရှိ စာပေဗိမာန်ဝင်း၌ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ၁၃၆၄ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် စာအုပ်စျေးပွဲတော်သို့ လာရောက်ပြီး စာအုပ်ဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

၆ ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆုနှင့် (၁၃) ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

၆ ___ ၈ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် အရှေ့မြောက်ဒေသများသို့ လှည့်လည်ပြီး နယ်စပ်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေး နိုင်ငံတော်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လေ့လာကြည့်ရှုစစ်ဆေးသည်။

၈ အဋ္ဌမနေ့ အမျိုးသားကာကွယ်ရေး ဆေးတိုက်နေ့များ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပရာ အမျိုးသားကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

၁၃ ___ ၁၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဒီဇင်ဘာ ၁၃ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်ရှိ သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေး စီမံကိန်းကို လည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နှင့် ဘားအံမြို့များသို့ သွားရောက်ကာ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

၁၅ တတိယအကြိမ် မြန်မာတိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သဝဏ်လွှာပေးပို့ပြီး အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ညီလာခံအဖွင့်မိန့်ခွန်း ပြောကြားသည်။

၁၇ ___ ၁၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဒီဇင်ဘာ ၁၇ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့သို့ ထွက်ခွာသွားကြသည်။ အထူးလေယာဉ်သည် ဇီယာအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိရာ ဧည့်သည်တော် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘိဂမ်ခါလီဒါဇီယာက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။ ဒီဇင်ဘာ ၁၇ ရက်နေ့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့် ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ ညပိုင်းတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘိဂမ်ခါလီဒါဇီယာက ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား Bangladesh - China Friendship Conference Centre ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းကျွေးခဲ့သည်။ ဒီဇင်ဘာ ၁၈ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အီယာဇျဒင်အာမက်ဒ်တို့သည် သမ္မတအိမ်တော်ရှိ သီးသန့်ခန်းမ၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံကြသည်။ ထို့နောက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့က သမ္မတအိမ်တော်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းကျွေးခဲ့သည်။ ယင်းနေ့ ညနေပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ပြန်လာည်ရောက်ရှိသည်။

၂၀ မီလီနီယံ ဒီမိုကရက်တစ် ပါတီ (အမ်ဒီပီ) မှ သမ္မတလောင်းရိုမူဟွန်သည် တောင်ကိုရီးယားသမ္မတရွေးပွဲတွင် ပြိုင်ဖက်အားလုံးကို အနိုင်ရရှိ

တောင်ကိုရီးယားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ရွေးချယ်တင်မြောက်ခံရသည့် မီလီနီယံ ဒီမိုကရက်တစ်ပါတီမှ ရှီမူဟွန် (ယာ)

လိုက်ကြောင်း အမျိုးသား ရွေးချယ် တဆများပြားနေခြင်းကို လျော့နည်းသွား ပြီး လေထုညစ်ညမ်းမှုကို လျှော့ချနိုင် မည်ဟု ဆိုသည်။ အိန္ဒိယဝန်ကြီးချုပ် အတားလ်ဘီဟာရီ ဗာဂ်ပေယီသည် တောင်ကိုရီးယားနိုင်ငံလုပ် ရထားတွဲ များတွင် စီးနင်းလိုက်ပါကာ ထိုရထား လမ်းကို ဖွင့်လှစ်ပေးခဲ့သည်။

၂၈ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး သည် အကြိမ် (၂၀) မြောက် မြန်မာ - ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့် (ကြည်း) တပ်မတော် အမှတ် (၃) စစ်တိုင်း တိုင်းမှူးခေါင်း ဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား ရန်ကုန်မြို့ ကုန်းမြင့်သာယာရှိ ဇေယျာ သီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

၂၉ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်း ပသည့် တတိယအကြိမ် တိုင်းရင်းဆေး နှင့် ဆေးပစ္စည်းပြပွဲကို လာရောက် ကြည့်ရှုစစ်ဆေးအားပေးသည်။

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ တွင် မြေအောက်မီးရထားလမ်းပိုင်းတစ်ခု ကို စတင်ဖွင့်လှစ်လိုက်သည်။ ယင်းကဲ့သို့ ဖွင့်လှစ်လိုက်ခြင်းဖြင့် နယူးဒေလီမြို့၌ လမ်းပေါ်ပို့ဆောင်ရေးယာဉ်များ မတန်

၃၀ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ပဲခူးတိုင်း သနပ်ပင်မြို့နယ်၌ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆) က တာဝန်ယူတည်ဆောက်ပြီးစီး သွားသည့် တာဝရထိန်းတံခါးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာ စကား ပြောကြားသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထရန်ဒတ်လောင်အား
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များ ဝမ်ဟုတ်ဒေသမှထွက်ရှိသည့်
ကျောက်မီးသွေးနမူနာများကို ကြည့်ရှုစစ်ဆေးစဉ်

ဗိုလ်ချုပ်ကြီး ခင်ညွှန့်. တောင်သူများအပ်နှံသည့်ဘိန်းမျိုးစေ့များကို ရှမ်းပြည်နယ် (မြောက်ပိုင်း)
လားရှိုးမြို့တွင် ၂၅-၁၀-၂၀၀၂ ရက်နေ့က စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးစဉ်

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရ
မေသန်းနုအား ရွှေစင်ရုပ်ဆုခိုးမြင့်စဉ်

ရုပ်ရှင်ထူးချွန်ဆု (၅) ဆု ထူးထူးခြားခြားရရှိသွားသော “နှလုံးလှလူမိုက်” မှ
ရုပ်ရှင်အနုပညာရှင်များ၊ ထုတ်လုပ်သူနှင့် ဒါရိုက်တာတို့ကို အတူတကွတွေ့ရစဉ်

ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသားကျောင်းသူကလေးများ
ဖျော်ဖြေတင်ဆက်နေကြစဉ်

ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့နယ် ကံတင်ဘီးလင်းရေလှောင်တမံ ရေထိန်းမျှော်စင်

ရောဝတီတိုင်း ဝါးခယ်မမြို့နယ် ပန်းတနော်-ရွှေလောင်း-ဝါးခယ်မလမ်းပေါ်ရှိ
ရွှေလောင်းတံတားသစ်ကြီး

အပိုင်း - ၂

စာအုပ်စာပေပန်းချီပန်းပုယဉ်ကျေးမှုရေကြောင်းသီပို့နည်းပညာ အားကစားနှင့်ဘာသာသာသနာစသည့်နှစ်ချုပ်ဆောင်းပါးများ

* ရွှေရတုပညာတန်ဆောင် ... ဦးသန်းဦး ... ၃၄
* မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ... မောင်ကြင်နာ ... ၄၈
* ရန်ကုန်ပန်းချီပန်းပုကျောင်း ရွှေရတု အထိမ်းအမှတ်ပန်းချီပန်းပုပြပွဲ ... ဦးမင်းနိုင် ... ၅၈
* ရည်ညွှန်းစာအုပ်များနှင့် မြန်မာ့ စွယ်စုံကျမ်းနှစ်ချုပ်၏ အခန်းကဏ္ဍ ... ဦးစိုးမြင့်သန်း ... ၆၄
* ၁၄ ကြိမ်မြောက်အာရှအားကစား ပြိုင်ပွဲနှင့်မြန်မာ ... ဒေါက်တာတင်ထွန်းဦး ... ၇၂
* မြန်မာ့သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ... နွေသင်နိုင် ... ၈၂
* စာပေနှင့်သုတဆိုင်ရာ စာတမ်းဖတ်ပွဲများ (၂၀၀၂) ... ဦးကြည်ထွက်း ... ၉၂
* နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများ ... ဦးထွန်းနိုင်(သာသနာရေး)... ၁၀၂



ကိုးကွယ်ဘွယ်
ဗုဒ္ဓဘာသာပညာ



ရွှေရတု ပညာတန်ဆောင်
(၁၉၅၂-၂၀၀၂)

ပညာတန်ဆောင်
တည်ထောင်ခဲ့သူ
ဆရာကြီး
ဦးထွန်းအောင်၏
ပုံတူပန်းချီကား

ပညာအလင်းရောင်

သုံးလောက ထွတ်ထား၊ ရှင်တော်မြတ်ဘုရားက "ပညာ သမာ၊ အာဘာ နတ္ထိ" "ပညာနှင့် တူသော အလင်းရောင်သည် မရှိ" ဟူ၍ အတိအလင်း ဟောဖော်မိန့်မှာ ညွှန်ပြခဲ့ပါသည်။

မြန်မာပညာရှိ ညောင်ပင်သာ ဦးပုည (မြန်မာသက္ကရာဇ် ၁၁၉၀-၁၂၆၃) ကမူ ဖော်ပြပါ မြတ်ဗုဒ္ဓ၏ ဟောဖော်ညွှန်ပြချက်ကို မှတ်ရလွယ်ကူအောင်၊ ဆောင်ရလွယ်ကူအောင် ရည်သန်၍ "သုတ ရတနာ ဆုံးမစာ" ၌-

"မိုးရောင် လရောင် နေရောင် ဥာဏ်ရောင် လွှမ်း၍မိုး၊ ပညာ သမာ အာဘာ နတ္ထိ၊ မြတ်မုနိ၊ ဟောရှိ ကျမ်းကိုကိုး၊

ထို့ကြောင့် များစွာ လူတကာ "ပညာ" ရအောင် ကြိုးဟူ၍ပင်၊ ပညာ **အရောင် အလင်း**" ကို ထင်းထင်းရှင်းရှင်းကြီး မြင်သွားစေရန် အလို့ငှာ မိုးမောင်းထိုးပြီး အထင်အရှား ပြသထားပေသည်။ မှတ်သားလောက်ပါသည်။

သမိုင်းနောက်ခံ

"ပညာအရောင်အလင်း" ကို ထွန်းညှိဖြန့်ဝေမှုအနေဖြင့် ပြိတိသျှကိုလိုနီခေတ်၊ မြန်မာနိုင်ငံတွင် "**ပညာသတင်းစာ**" တစ်စောင်ကို ၁၉၀၆ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်၊ ကြာသပတေးနေ့မှ စတင်၍ ရန်ကုန်မြို့၊ စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း)ရှိ၊ ပြိတိသျှဘားမားပုံနှိပ်တိုက်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့ဖူးသည်။ ပညာသတင်းစာအနေဖြင့် ထိုသို့ကြိုးစားအားထုတ် ဖြန့်ချိခဲ့ရာတွင် နောက်ပိုင်း၌ အရှုံးပေါ်လာသဖြင့် ပညာသတင်းစာထုတ်ဝေခြင်းမှာ ရပ်ဆိုင်းသွားခဲ့ရပေသည်။

တစ်ဖန် မြန်မာနိုင်ငံ ပညာရေးဌာန (Department of Public Instruction) ၏ အားပေးမှုဖြင့် "ပညာမဂ္ဂဇင်း" ကို ပညာရေးဌာန၊ ပညာမင်းကြီး၏ အပါးတော်မြဲ ဆရာကြီးဦးထွန်းအောင်က အကျိုးတော်ဆောင်အယ်ဒီတာချုပ်အဖြစ် တာဝန်ယူ၍ ထုတ်ဝေနိုင်ရန် ကြိုးစားအားထုတ်ခဲ့ပြန်ရာ ၁၉၃၈ ခုနှစ် ဇန်နဝါရီလ (၁)ရက် စနေနေ့တွင် စတင်ထုတ်ဝေဖြစ်ခဲ့ပါသည်။ ထိုပညာမဂ္ဂဇင်းသည်လည်း

ဒုတိယကမ္ဘာစစ်မီးကြီး မြန်မာနိုင်ငံသို့ ကူးစက်လောင်ကျွမ်းလာမှုကြောင့် ၁၉၄၁ ခုနှစ်ကုန်ခန့်တွင် ရပ်စဲခဲ့ရဖူးလေသည်။

ပညာတန်ဆောင်စာစောင် ပေါ်ထွန်းလာခြင်း

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် "ပြည်တော်သာ ဘဝသစ် ဖန်တီးမှု ပညာရေး စီမံကိန်း" အရ ပြည်ထောင်စုမြန်မာနိုင်ငံ ကျောင်းများရှိ ဆရာ၊ ဆရာမများ၏ ပညာသင်ကြား သင်ယူမှု ကောင်းမွန်တိုးတက် ဖွံ့ဖြိုးစေရေးကို ရှေးရှုလျက် ပညာမင်းကြီး၏ မေတ္တာရပ်ခံ တိုက်တွန်းအားပေးချက်တို့ဖြင့် အငြိမ်းစားလက်ထောက် ပညာမင်းကြီး ဦးထွန်းအောင်သည် ပညာမဂ္ဂဇင်းအစား "ပညာတန်ဆောင်" စာစောင်အမည်ဖြင့် ၁၉၅၂ ခုနှစ် ဇန်နဝါရီလ (၁) ရက် အင်္ဂါနေ့တွင် စတင်ထုတ်ဝေခဲ့သည်။

စတင်ထုတ်ဝေစဉ်ကပင် "**ပညာတန်ဆောင်**" ထုတ်ဝေဖြန့်ချိရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပညာမင်းကြီး၏ ထောက်ခံအားပေးမှုကို ကောင်းစွာရရှိခဲ့ပါသည်။ ထိုသို့ ရရှိခဲ့လင့်ကစား ပညာတန်ဆောင် ရေရှည်တည်တံ့ခိုင်မြဲရှင်သန်တိုးတက်စေရန် ရည်သန်လျက် အစိုးရအဖွဲ့အစည်းမဟုတ်သော "**ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့**"ကို ၁၉၅၂ ခုနှစ် ဇန်နဝါရီလ (၃) ရက် ကြာသပတေးနေ့တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

ပညာတန်ဆောင်သည် စတင်တည်ထောင်ဖွဲ့စည်းခဲ့သည့် အချိန်မှစ၍ ပုဂ္ဂလိကအကျိုးအမြတ်အတွက် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်မဟုတ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြု၊ အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သော အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ရပ်သာ ဖြစ်ကြောင်းတို့ကို ပထမဆုံးစာစောင် ထုတ်ဝေစဉ်ကပင် တိုင်းသိပြည်သိဖြစ်စေရန် စာစောင်၏နောက်ကျောဖုံးတွင် "လစဉ်" "နှစ်လုံးပေါက်" အောက်ပါအတိုင်း အတိအလင်း ထည့်သွင်းဖော်ပြထားပါသည်-

"ပညာတန်ဆောင်သည် တစ်ဦးတစ်ယောက်သောသူ၏ အကျိုးစီးပွားအလို့ငှာ ထုတ်ဝေသော စာစောင်မဟုတ်၊ နိုင်ငံတော်တစ်ဝန်းလုံးရှိ နိုင်ငံတော်ကျောင်းများနှင့် အသိအမှတ်ပြုကျောင်းများ၏အကျိုးကျေးဇူးကို ရှေးရှုလျက် အုပ်ချုပ်ရေးအဖွဲ့က စောင့်ရှောက်သောအနေဖြင့် ကြပ်မတ်ထုတ်ဝေသော စာစောင်ဖြစ်ကြောင်း သိစေလိုပါသည်။"

"ပညာတန်ဆောင်အတွက် ရရှိသောနှစ်စဉ်ကြေးများသည် စာသင်ကျောင်းများ၏ အကျိုးကျေးဇူးအတွက်သာလျှင် အသုံးပြုရန် ဖြစ်ပါကြောင်း"

"ပညာတန်ဆောင်" ပထမဆုံးထုတ်စာစောင်တွင် စာစောင်၏ "အမှတ်အသား" (Logo) အဖြစ် "ပွင့်နေသော စာအုပ်နှင့် ထိန်ထိန်လင်းနေသော ဖယောင်းတိုင်" တို့၏အောက်ဝယ် "ပညာသမာ အာဘာ နတ္ထိ" ဟူသော "ဆောင်ပုဒ်" ကို တိတိကျကျ ရှင်းရှင်း လင်းလင်း ကွက်ကွက်ကွင်းကွင်း ဖော်ပြထားပါသည်။ ထို့ပြင် "သဟ်တေဇာ၊ နေစကြာသို့၊ ပညာတန်ဆောင် အလင်းဆောင်အံ့" ဟူ၍လည်း ကြွေးကြော်ကြုံဝါးချက်ကို အားပါးတရ ဖော်ပြထားသည်ကို ထပ်လောင်းတွေ့ရှိရပါသည်။

သို့ဖြင့် ပညာတန်ဆောင်စာစောင်သည် "ပညာ သမာ၊ အာဘာ နတ္ထိ" ဟူသော ဆောင်ပုဒ်ကို ခိုင်ခိုင်မြဲ မြဲဦးထိပ်ပန်ဆင်လျက် "ပညာတန်ဆောင် အလင်းဆောင်အံ့" ဟူသော ကြိုးပမ်းအားထုတ်ချက်ဖြင့် ပေါ်ထွက်လာသည့် မြန်မာ့ပညာရေးလောက၏ မိုးရှူးတန်ဆောင်သဖွယ် အလင်းရောင်ဖြန့်ဝေပေးနိုင်သည့် ပညာရေးပညာပေး စာစောင်အဖြစ် တွေ့မြင်နေရပေသည်။

အထက်တွင် ဖော်ပြထားသည့် ပညာတန်ဆောင်၏ အမှတ်အသားကိုပင် နှစ်ငါးဆယ်လုံးလုံးယနေ့သို့တိုင် ဆက်လက်သုံးစွဲလျက် ရှိနေပေသည်။

ပညာတန်ဆောင်၏ ရည်ရွယ်ချက်

"ပညာတန်ဆောင်" သည် မူလကနဦးကပင် "နိုင်ငံတော်၏ ပညာရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပညာစာစောင်တစ်ခုဖြင့် စွမ်းဆောင်ဖြည့်ဆည်းနိုင်သလောက် စွမ်းဆောင်ဖြည့်ဆည်းပေးရန်၊ အထောက်အကူပြုရန်" ဟူသော အဓိကရည်ရွယ်ချက်ဖြင့် ထုတ်ဝေခဲ့သည့် စာစောင်ဖြစ်ပါသည်။ ထို့အဓိက ရည်ရွယ်ချက်နှင့် အညီ ပညာတန်ဆောင်သည် မိမိ၏မူလလည်းဖြစ်၊ အဓိကလည်းကျသည့် အဆိုပါ ရည်ရွယ်ချက်အတိုင်း မျက်ခြည်မပြတ် တစ်စိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပညာတန်ဆောင်အဖွဲ့ဝင်အချို့ (ဝဲမှယာ)
(၁) ဝဏ္ဏကျော်ထင် ဦးသန်းမောင်၊ ငွေထိန်း (၂) ဆရာကြီး ဦးတိုးမြိုင်၊ တွဲဖက်စာတည်း (၃) ဝဏ္ဏကျော်ထင် ဦးဘဖေ၊ လက်ထောက်ပညာမင်းကြီး (၄) ဆရာကြီး ဦးရွှေဖုံးရင် (၅) ဦးသန့်၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်း (၆) ဝဏ္ဏကျော်ထင် ဦးဘိုးသွယ် (စာတည်း) (၇) ဦးဘဘွား၊ တက္ကသိုလ်ပညာရေး မဟာဌာနမှူး (၈) အမှူထမ်းကောင်း တံဆိပ်ရမင်း ဦးထွန်းဆောင်၊ အမှူဆောင်

သို့ဖြင့် "ပညာတန်ဆောင်" သည် "မြန်မာ့ပညာရေးလောကတွင် သက်တမ်း အရှည်ကြာဆုံး ပညာရေးစာစောင် တစ်စောင်အဖြစ် ခိုင်မြဲစွာ ရပ်တည်နိုင်ခဲ့ပြီး "ခေတ်" "စနစ်" အဆက်ဆက်၌ ဖော်ပြပါ နိုင်ငံတော်၏ ပညာရေးကဏ္ဍဆိုင်ရာ တာဝန်ကို ဦးလည်မသုန် ကျပွန်စွာ ထမ်းဆောင်လာခဲ့ပါသည်။

ခေတ်စနစ်အရ ပြောင်းလဲဖြစ်ထွန်း တိုးတက်နေသော နိုင်ငံတော်၏ ပညာရေးလုပ်ငန်းများနှင့် လိုက်လျောညီထွေဖြစ်စေရန်၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်း အမျိုးမျိုးတို့နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ပိုမိုသွက်လက် ထက်မြက်ထိရောက်စေရန် ရည်သန်လျက် ပညာတန်ဆောင်အဖွဲ့ စည်းမျဉ်းကို ပြုပြင်မွမ်းမံရေးဆွဲ အတည်ပြုပြဋ္ဌာန်းခဲ့ရာ၌ ပညာတန်ဆောင်၏ ရည်ရွယ်ချက်များကိုလည်း၊ အောက်ပါအတိုင်း သတ်မှတ်ခဲ့ပါသည်-

(က) နိုင်ငံတော်က ချမှတ်ထားသည့်ကျောင်းတွင်း ကျောင်းပြင်ပ အခြေခံပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် အထောက်အကူ ဖြစ်စေရန်၊

(ခ) အခြေခံပညာဆိုင်ရာ ဆရာဆရာမများအား ခေတ်မီပညာရေး အတွေးအခေါ်၊ ပညာရေးသဘောတရားနှင့် လက်တွေ့လုပ်ငန်းများ အကျွမ်းတဝင် ရှိစေရေးအတွက် အထောက်အကူပြုရန်၊

(ဂ) ဆရာ ဆရာမများ၏ အရည်အသွေးနှင့် သင်ကြားမှုစွမ်းရည် တိုးတက်မြင့်မားလာစေရေးအတွက် အထောက်အကူပြုရန်၊

(ဃ) အခြေခံပညာရေးဆိုင်ရာ ကျောင်းတွင်း ကျောင်းပြင်ပသင်ကြားမှု သင်ယူမှုအခြေအနေများ တိုးတက်ကောင်းမွန်လာစေရေးအတွက် အထောက်အကူပြုရန်၊

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ပညာရေးဝန်ကြီးဌာနဝန်ကြီးတို့အား
ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်

(၎) အခြေခံပညာရေးဆိုင်ရာ အရာထမ်းများ၊ ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေး လုပ်ငန်းများတွင် အထောက်အကူပြုရန်၊

(စ) ကျောင်းတွင်း ကျောင်းပြင်ပ အခြေခံပညာရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ရသော ပညာရေးသုတေသနလုပ်ငန်းများကို အထောက်အကူပြုရန်၊

(ဆ) ဖော်ပြပါ ရည်ရွယ်ချက်များနှင့် အညီ ကျောင်းတွင်း ကျောင်းပြင်ပ အခြေခံပညာရေး ဖွံ့ဖြိုးတိုးတက်ရန် သက်ဆိုင်ရာ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတော်အဖွဲ့အစည်းများနှင့် အခါအားလျော်စွာပူးပေါင်းဆောင်ရွက်ရန်။

အထက်ပါ ပညာတန်ဆောင်၏ ရည်ရွယ်ချက်များကို ဆန်းစစ်ကြည့်ပါက ပထမမူလအဓိကရည်မှန်းချက်ကို အခြေခံပြီး ခေတ်စနစ်ပြောင်းလဲတိုးတက် ဖြစ်ထွန်းလာမှုများနှင့်အညီ ပိုမိုမြင့်မားကျယ်ပြန့် နက်ရှိုင်းလာသော ရည်ရွယ်ချက်များဖြစ်ကြောင်းကို တွေ့မြင်ရပေမည်။ သဘောသဘာဝအားဖြင့် နိုင်ငံတော်၏ ပညာအဆင့်အတန်းနှင့် အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန် မြင့်မားလာစေရန်၊ ဆရာ ဆရာမများကိုသာမက ပညာရေးဝန်ထမ်းကြီးငယ်များ၊ ကျောင်းသူ ကျောင်းသားများ၊ မိဘ ပြည်သူအများကိုပါ ပညာဖြန့်ဝေပေးရန် ရည်ရွယ်မျှော်မှန်းထားကြောင်း ကောင်းစွာပေါ်ပေါက်မြင်ရပေသည်။

ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့

ပြည်ထောင်စုမြန်မာနိုင်ငံ စာသင်ကျောင်းများတွင် ပညာသင်ကြားမှု တိုးတက်ကောင်းမွန်စေရေးအတွက် ဆရာဆရာမများအဖို့ ပညာပေးစာစောင်တစ်စောင်ကို လစဉ်အချိန်မှန် ထုတ်ဝေဖြန့်ချိသွားရန် လိုအပ်သည့်အလျောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပညာမင်းကြီး၏ ထောက်ခံအားပေးတိုက်တွန်းမှုဖြင့် ပထမဆုံး "ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့" ကို ထိုစဉ်က ဖွဲ့စည်းခဲ့ရာ၌ အဆိုပါအုပ်ချုပ်ရေးအဖွဲ့တွင် ပါရှိသည့်အဖွဲ့ဝင်များမှာ-

(၁) သီရိပျံချီ စည်သူ ဦးသန့် ဥက္ကဋ္ဌ
အတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန

(၂) သီရိပျံခို ဦးဘိုးသုန် လက်ထောက်ပညာမင်းကြီး — အဖွဲ့ဝင် — ဆောင်ရွက်ခဲ့ကြပါသည်။ နှစ်ငါးဆယ်ကာလ အတွင်း ခေတ်အဆက်ဆက် ပညာရေးဝန်ကြီးများ၊

(၃) ဦးဘဘွား ကျောင်းအုပ်ကြီး နိုင်ငံတော်ဆရာအတတ်သင်သိပ္ပံ — အဖွဲ့ဝင် — ဒုတိယဝန်ကြီးများ၊ ပညာမင်းကြီးများ (ပညာညွှန်ကြားရေးဝန်/အခြေခံပညာညွှန်ကြားရေးမှူးချုပ်) သည် ရာထူးအရ နာယကများအဖြစ်အုပ်ချုပ်

(၄) ဦးရွှေဖုံးရင် ကျောင်းအုပ်ကြီး ပုဇွန်တောင်မြို့နိစပါယ်ကျောင်း — အဖွဲ့ဝင် — ရေးအဖွဲ့က တင်မြှောက်ခဲ့ကြသည်။ ခေတ်ပြောင်းကာလဖြစ်သည့်အလျောက် ၁၉၈၈ ခုနှစ် စက်တင်ဘာလမှ ၁၉၈၉ ခုနှစ် ဇွန်လအထိ နာယကများ မရှိခဲ့ချေ။ သို့ရာတွင် ၁၉၈၉ ခုနှစ် ဇူလိုင်လမှစ၍ အခြေခံပညာညွှန်ကြားရေးမှူးချုပ်များသာ နာယကများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ထူးခြားချက်တစ်ရပ်မှာ ၁၉၉၉ ခုနှစ် ဧပြီလမှစ၍ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တာဝန်မှအနားယူသွားခဲ့သော ဦးထင်ကြီးအား ပထမဆုံးဂုဏ်ထူးဆောင်နာယကအဖြစ် တင်မြှောက်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ပညာတန်ဆောင်စတင်ထုတ်ဝေသည်မှ အစပြု၍ (၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလထုတ်မှ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလထုတ်အထိ) နှစ်ငါးဆယ်ကာလအတွင်း ပညာရေးဝန်ကြီး (၉) ဦး၊ ဒုတိယဝန်ကြီး (၇)ဦး၊ ပညာမင်းကြီး/ ပညာညွှန်ကြားရေးဝန်/ အခြေခံ ပညာညွှန်ကြားရေးမှူးချုပ် (၂၀)ဦးအပြင် ဂုဏ်ထူးဆောင် နာယကအပါအဝင် စုစုပေါင်း (၃၇) ဦးသည် ပညာတန်ဆောင်စာစောင်၏ နာယကကြီးများအဖြစ် ထမ်းရွက်ခဲ့ကြကြောင်း တွေ့ရပါသည်။

(၅) ဦးထွန်းအောင် အထူးအရာရှိ — အမှုဆောင် နှင့် — မသင်မနေရ မူလတန်းပညာရေး အတွင်းရေးမှူးတို့ဖြစ်ကြောင်း၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့၏သင်းဖွဲ့မှတ်တမ်းတွင် တွေ့ရှိမှတ်သားရပါသည်။ စင်စစ် အားဖြင့် ဤအုပ်ချုပ်ရေးအဖွဲ့သည် မူလရည်ရွယ်ချက်ဖြစ်သည့် "ပညာတန်ဆောင် စာစောင်ထုတ်ဝေဖြန့်ချိရေးအတွက် မူဝါဒလမ်းညွှန်မှုများ ချမှတ်ပေးသည့် အမြင့်ဆုံးအဖွဲ့" ဖြစ်သည်။ အကျိုးဆောင် စေတနာဝန်ထမ်း ထမ်းရွက်ကြသည့် အဖွဲ့တစ်ရပ်လည်း ဖြစ်ပေသည်။ (အဖွဲ့ ဥက္ကဋ္ဌ ဦးသန့်သည် ၁၉၅၂ ခုနှစ် ဇန်နဝါရီလမှ ၁၉၅၇ ခုနှစ် ဇူလိုင်လအထိ ၅ နှစ် ၇ လ၊ ထမ်းဆောင်ခဲ့ပြီးနောင်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဖြစ်ခဲ့ပါသည်။)

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ရည်ရွယ်ချက်များ တိုးချဲ့ကျယ်ပြန့်လာသည်နှင့်အမျှ အုပ်ချုပ်ရေးအဖွဲ့၏ တာဝန်များသည်လည်း ကျယ်ပြန့်လာရာ ပညာတန်ဆောင်အဖွဲ့လုပ်ငန်းများကို အနီးကပ်ကြီးကြပ်နိုင်ရန်နှင့် လုပ်ငန်းများစနစ်တကျ ပိုမိုတွင်ကျယ်စွာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အလို့ငှာ ၁၉၉၉ ခုနှစ် မတ်လ (၂၆) ရက် သောကြာနေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် "ပညာတန်ဆောင်အဖွဲ့၏ စည်းမျဉ်း" ပုဒ်မ (၁၀)၊ (ယ) ဖြင့် "အလုပ်အမှုဆောင်ကော်မတီ" တစ်ရပ်ကိုလည်း ထပ်မံဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

အုပ်ချုပ်ရေးအဖွဲ့၏နာယကများ

ပညာတန်ဆောင် စတင်ထုတ်ဝေစဉ်ကပင် (၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလထုတ်မှစ၍) ပညာရေးဝန်ကြီးဌာနနှင့် ပညာမင်းကြီး (ညွှန်ကြားရေးဝန်/အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်) တို့သည် စာစောင်၏နာယကများအဖြစ် ကူညီလမ်းပြ

တင်းတင်းပြည့်သည့် ၂၀၀၂ ခုနှစ် ဇန်နဝါရီလတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်ဦးရေ ၂၁ ဦးရှိလာကြောင်း တွေ့ရသည်။ ထိုအုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဥက္ကဋ္ဌ ၁ ဦး၊ ဒုတိယဥက္ကဋ္ဌ ၁ ဦး၊ ငွေထိန်း ၁ ဦး ၊ အတွင်းရေးမှူး ၁ ဦး၊ တွဲဖက်အတွင်းရေးမှူး ၁ ဦး နှင့် အဖွဲ့ဝင် ၁၆ ဦးတို့ပါဝင်ပါသည်။

ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့အောက်တွင် ပညာတန်ဆောင်ရုံးကို ပညာတန်ဆောင် အုပ်ချုပ်ရေးမှူးက ရုံးအကြီးအကဲအဖြစ် တာဝန်ယူရပါသည်။ ထိုအုပ်ချုပ်ရေးမှူးသည် ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ကွင် ရာထူးအရ လည်း အတွင်းရေးမှူးတာဝန်ကိုပါ ထမ်းဆောင်ကြရပါသည်။

နှစ်ငါးဆယ်ကာလအတွင်း အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ထမ်းဆောင်ခဲ့သူ ၁၀ ဦးမှာ ဦးသန့်၊ ဦးမြင့်၊ ဦးဘဖေ၊ ဦးကွန်း၊ ဦးရွှေဖုန်းရင်၊ ဦးစံမြင့်၊ ဦးအေးမောင်၊ ဦးဘိုးသွယ်၊ ဦးထင်ကြီးနှင့် ဦးသန်းဦး တို့ ဖြစ်ကြသည်။ ဒုတိယ ဥက္ကဋ္ဌများအဖြစ် ထမ်းဆောင်ခဲ့သူ ၅ ဦးမှာ ဦးအေးမောင်၊ ဦးသောင်းထွဋ်၊ ဒေါက်တာ ရဲအောင်၊ ဦးထင်ကြီးနှင့် ဦးသန်းဦးတို့ဖြစ်ကြသည်။ ထို့ပြင် ငွေထိန်းအဖြစ် ၁၆ ဦး၊ အုပ်ချုပ်ရေးမှူးများ/အတွင်းရေးမှူးများအဖြစ် ၆ ဦး၊ အဖွဲ့ဝင်များအဖြစ် ၅၀ ဦးတို့ သည် ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ တာဝန်ခံများအဖြစ် ထမ်းရွက်ခဲ့ကြကြောင်း ကောင်းစွာမှတ်တမ်းတင်ထားပါသည်။

ပညာတန်ဆောင်စာတည်းအဖွဲ့

ပညာတန်ဆောင်စာတည်းအဖွဲ့သည် စာစောင်၏ ဦးနှောက်သဖွယ် အမြဲထာဝရ စီစဉ်တိုထွင်ဖန်တီးပုံဖော်ပေးနေရသည့် အဖွဲ့တစ်ရပ်ဖြစ်ပေသည်။ ပညာရေး ပညာရပ်ဆိုင်ရာ စာစောင်ဖြစ်သည့်အပြင် ဆရာ ဆရာမများသာမက ပညာရေးဝန်ထမ်းကြီးငယ် အားလုံးအတွက်ကိုပါ ပညာဝေငှပေးသည့် စာစောင်မျိုးဖြစ်သဖြင့် စာတည်းအဖွဲ့သည် ကြီးလေးမြင့်မြတ်လှသည့် စာပေလုပ်ငန်းအရပ်ရပ်ကို တာဝန်ခံ ထမ်းဆောင်လျက်ရှိပါသည်။ စာတည်းအဖွဲ့တွင် ဝါရင့်သမ္ဘာရင့် ပညာရှင်စာတည်းမှူးနှင့် စာတည်းများပါဝင်သည်။ စာတည်းများတွင် ဘာသာရပ်စာတည်း၊ အထွေထွေစာတည်းအပြင် အကျိုးဆောင်စာတည်းဟူ၍ သတ်မှတ်ပါရှိသည်။

နှစ်ပေါင်း ငါးဆယ်ကာလအတွင်း ပညာတန်ဆောင် စာစောင်တွင် တာဝန်ယူတည်းဖြတ်ရသော အချိန်ပြည့် တာဝန်ထမ်းဆောင်ခဲ့သည့် စာတည်းအဖွဲ့ဝင် ဦးရေပေါင်းမှာ လက်ရှိစာတည်းအဖွဲ့ဝင်များ အပါအဝင် ၁၅ ဦးရှိပေသည်။ ဘာသာရပ်အလိုက် တာဝန်ယူဆောင်ရွက်ရသော တတ်ကျွမ်းနှံ့စပ်သည့်အကျိုးဆောင် စာတည်းဦးရေမှာ ၅ ဦးရှိသည်။

ပညာတန်ဆောင် စာတည်းအဖွဲ့သည် စာစောင်ပါ (က) အကြောင်းအရာ (ခ) စာပေပုံသဏ္ဌာန် (ဂ) စာပေအရည်အသွေး (ဃ) စာစောင်အပြင်အဆင်စသည်တို့အ တွက် စာတည်းအဖွဲ့အနေဖြင့် တာဝန်ယူဆောင်ရွက်ကြရပါသည်။

ပညာတန်ဆောင်၏ စာပေခရီး

ပညာတန်ဆောင်စာစောင်သည် ပညာရေးစာစောင် တစ်စောင်ဖြစ်သည်။ ဆရာ ဆရာမများ၊ ပညာရေး ဝန်ထမ်းများ၊ အရာထမ်းများကို ပညာပေးဝေငှသော စာစောင်တစ်စောင်လည်း ဖြစ်ပေသည်။ အထူးသဖြင့် မူလတန်းပညာရေးနှင့် မူလတန်းအဆင့်သင် ဆရာဆရာမများ အတွက် အထောက်အကူပြုရန် ပိုမိုအာရုံစိုက် အလေးပေးသော စာစောင်တစ်စောင်ဖြစ်သည်။

အငြိမ်းစား စာကြည့်တိုက်မှူး၊ လက်ရှိပညာတန်ဆောင် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင် ဒေါ်ဂေးလ် ဒါထွေး ပြုစုသော "ပညာတန်ဆောင်၏ ၁၉၅၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလအထိ အညွှန်းများ" အရ ပညာတန်ဆောင်စာစောင်၌ ပါရှိသည့်အကြောင်းအရာ ခေါင်းစဉ်စုံစုပေါင်း ၈၂၉ ခုပါရှိသည်။ ထိုပါရှိသည့် အကြောင်းအရာများကို အုပ်စုကြီးအလိုက် စုစည်းခွဲခြားကြည့်ပါက (၁)နိုင်ငံတော်ပညာရေး မူဝါဒ စီမံကိန်းနှင့်စီမံချက်များ (၂) အတ္ထုပ္ပတ္တိများ (၃) ကျောင်းသင်ဘာသာရပ်များ (၄) ဆရာအတတ်သင် ပညာရပ်ဆိုင်ရာဘာသာရပ်များ (၅) ဆရာ့သိက္ခာ၊ စေတနာ၊ မေတ္တာစသည့် ဆရာ့စိတ်ဓာတ်မြင့်မားရေး အကြောင်းအရာများ (၆) ဆရာများ၏ ပညာအရည်အသွေး ပိုမိုမြင့်မားရေး (၇) ဆရာ့ဘဝ ဆရာ့အလုပ် သရုပ်ဖော်ပုံများ (၈) ပညာရေးသုတေသန

လုပ်ငန်းများ (၉) နိုင်ငံတကာပညာရေး အခြေအနေ (၁၀) အထွေထွေ ဗဟုသုတအကြောင်းအရာများ ဟူ၍ ခွဲခြားတွေ့ရှိရပါသည်။

ပညာတန်ဆောင်စာစောင် စတင်ခဲ့သည့်ကာလမှ မျက်မှောက်ကာလအထိ ပညာတန်ဆောင်တွင် တင်ပြခဲ့သော၊ တင်ပြ နေဆဲလည်းဖြစ်သော စာပေပုံသဏ္ဌာန်အစုံစုံ အဖုံဖုံတို့ကို အုပ်စုအလိုက် ထပ်မံစုစည်းကြည့်ပါက (က) စကားပြေ ဆောင်းပါးမျိုးစုံ (ခ) ကဗျာအမျိုးမျိုး (ဂ) ဝတ္ထုတို/ရှည်များ၊ (ဃ) ပြဇာတ် (င) အတ္ထုပ္ပတ္တိများ (စ) သဝဏ်လွှာများ၊ မိန့်ခွန်းများ (ဆ) စာညွှန့်/စာနုများ (ဇ) ရုပ်ပြောင်ကာတွန်းများ (စျ) ပညာရေးဟာသများ (ည) အိတ်ဖွင့်ပေးစာများ (ဋ) မေးဖြေပုံစံများ (ဌ) ဓာတ်ပုံသတင်း၊ ပညာရေးသတင်း (ပြည်တွင်း/နိုင်ငံတကာ) စသည်ဖြင့် ခွဲခြားတွေ့ရှိရမည်ဖြစ်ပါသည်။

နှစ်ငါးဆယ်ကာလအတွင်း နှစ်အလိုက်စာစောင်ဈေးနှုန်း၊ စာမျက်နှာဦးရေနှင့် ထုတ်ဝေဦးရေတို့ကို အောက်တွင် ဖော်ပြထားပါသည်-

နှစ်	ဈေးနှုန်းဦးရေ	စာမျက်နှာဦးရေ	ထုတ်ဝေ
၁၉၅၂	၃/	၆၂	၄၅၀၀
၁၉၅၅	၃/	၁၂၀	၉၀၀၀
၁၉၅၅	၃/	၁၂၀	၉၀၀၀
၁၉၆၀	၃/	၁၀၈	၁၂၀၀၀
၁၉၆၅	၃/	၁၃၂	၁၃၀၀၀
၁၉၇၀	၃/	၁၂၈	၁၄၅၀၀
၁၉၇၅	၃/	၈၀	၁၇၀၀၀
၁၉၈၀	၃/၂၅း	၇၂	၁၉၀၀၀
၁၉၈၅	၅/	၆၀	၂၂၀၀၀
၁၉၉၀	၉/	၄၈	၂၅၁၅၀
၁၉၉၅	၁၀/	၆၄	၃၈၀၀၀
၂၀၀၀	၂၅/	၆၄	၄၀၀၀၀
၂၀၀၁	၂၅/	၆၄	၄၀၀၀၀
၂၀၀၂	၃၅/	၆၄	၄၂၀၀၀

ပညာတန်ဆောင်စာစောင်၏ စာပေခရီးစဉ်တွင် နှစ်ငါးဆယ်ကာလအတွင်း စက္ကူဈေးနှုန်းအဆမတန် ကြီးမြင့်တိုးတက်လာမှုကြောင့် စာစောင်ဈေးနှုန်းကို မြှင့်တင်ရမှုတို့နှင့် မလွဲမသွေ ရင်ဆိုင်ခဲ့ရပေသည်။ မည်သို့ပင် ရင်ဆိုင်ခဲ့ရစေကာမူ ပညာတန်ဆောင်၏ မူလရည်မှန်းချက်အတိုင်း အကျိုးအမြတ်ကို ပမာနမထားဘဲ အသက်သာဆုံးဈေးနှုန်းဖြင့် ဖြန့်ဝေနိုင်ရန် ထာဝရကြိုးစားအား ထုတ်ခဲ့ကြသည့်အတွက် ဈေးနှုန်းအတက်ကြမ်းတမ်းခြင်း မရှိခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (Unicef)ကလည်း အခြေခံပညာသင်ကျောင်းများအားလုံးသို့ "ပညာတန်ဆောင်စာစောင်" ဖြန့်ချိရောက်ရှိနိုင်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ စက္ကူ။ ပုံနှိပ်မင် စသည်တို့ကိုလည်းကောင်း၊ နောက်ပိုင်း၌ ပုံနှိပ်စက်ကိုလည်းကောင်း၊ ပံ့ပိုးကူညီလာသည့်အတွက် ပညာတန်ဆောင်အနေဖြင့် တွေ့ကြုံရင်ဆိုင်ရသည့် အခက်အခဲ အကျပ်အတည်းများကြားမှ အခြေခံပညာသင်ကျောင်းများအားလုံး (နယ်စပ်ဒေသများအပါအဝင်)သို့ စာစောင်ပုံမှန်ပေးပို့ ရောက်ရှိရေးကို မဖြစ်မနေကြိုးပမ်းအားထုတ်ခဲ့ရာ အောင်မြင်ခဲ့ပါသည်။

ပညာတန်ဆောင် (၁၉၅၂) စတင်ထုတ်ဝေစဉ်က စာစောင်အရေအတွက် ၄၅၀၀ ဖြင့်စတင်ခဲ့ရာမှ နှစ်ငါးဆယ်ပြည့်သည့် ရွှေရတုပညာတန်ဆောင် (၂၀၀၂) စာစောင်ကို စောင်ရေလေးသောင်းနှစ်ထောင် (၄၂၀၀၀) သို့ပင် တိုးမြှင့်ထုတ်ဝေလာနိုင်ပြီဖြစ်သဖြင့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများအားလုံး (နယ်စပ်ဒေသများအပါအဝင်) ပညာရေးကောလိပ်များအားလုံးနှင့် အခြေခံပညာပြည်/နယ်တိုင်း၊ မြို့နယ်ပညာရေးမှူး ရုံးများအားလုံးသို့ပင် အရောက်ဖြန့်ချိပေးပို့ နိုင်လာပြီဖြစ်ပါသည်။

ပညာတန်ဆောင် သင်ကြားမှု ထောက်ကူပြုကားချပ်များ

ပညာတန်ဆောင်၏ ရည်မှန်းချက်နှင့်အညီ စာ သင်ကျောင်းများတွင် သင်ကြားမှု/သင်ယူမှုကို အထောက် အကူပြုနိုင်စေရေးအတွက် ပညာတန်ဆောင်စာစောင်၏ နောက်ဆက်တွဲအဖြစ် "သင်ကြားမှုအထောက်အကူပြု ကားချပ်များ" ကို စာသင်ခန်းသုံး/သင်တန်းသုံးအဖြစ် ၁၉၅၂ ခုနှစ် စက်တင်ဘာလထုတ် စာစောင်ထုတ်ဝေသည့်လမှစ၍ ၁၉၈၂ ခုနှစ်အထိ သုံးလတစ်ကြိမ် စာသင်ကျောင်းများသို့ ပုံမှန်ပို့ပေးဖြစ်ခဲ့သည်။ ထိုသို့ပေးပို့ခဲ့သည့် သင်ကြားမှုထောက်ကူပြုရုပ်ပုံ/မြေပုံ/သရုပ်ဖော်ပုံ၊ ပညာရေးပြကွဒိန်ကားချပ်များသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ္ခါ၊ သိပ္ပံ၊ ပထဝီဝင်၊ သမိုင်း စသည့် ဘာသာရပ်ဆိုင်ရာ ကျောင်းသင်ခန်းစာများ

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွှန့် ရွှေရတုပညာတန်ဆောင်အထိမ်းအမှတ်
ပြခန်းအတွင်းကြည့်ရှုနေစဉ်

သင်ကြားသင်ယူမှုနှင့် လေ့ကျင့်ရေးတို့အတွက် များစွာစိတ်ဝင်စားမှုနှင့်အထောက်အကူပြုမှုရရှိပါသည်။

၁၉၈၃ ခုနှစ်နောက်ပိုင်းကာလတွင်မူ အဆိုပါ ပညာတန်ဆောင် သင်ကြားမှုထောက်ကူပြုကားချပ်များကို သုံးလတစ်ကြိမ်အစား နှစ်လတစ်ကြိမ် ပုံနှိပ်ပြီးပညာတန်ဆောင်စာစောင်များနှင့် အတူ ကျောင်းများသို့ ပုံနှိပ်မီဒီယာအဖြစ် ပုံမှန်ဖြန့်ချိပေးပို့လျက်ရှိပါသည်။

ပညာတန်ဆောင် အထူးစာစဉ်များ

သင်ကြားပြသသည့်ဆရာ ဆရာမများနှင့် သင်ယူသူ တပည့်များအတွက် သင်ကြား/သင်ယူမှုကို ပံ့ပိုးအား ဖြည့်ပေးသည့် လက်စွဲသဖွယ်လည်းအသုံးပြုနိုင်သော "ပညာတန်ဆောင်အထူးစာစဉ်များ" ကို ၁၉၉၂ ခုနှစ်မှ စ၍ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ်ၤာ၊ ရူပဗေဒစသည့် ဘာသာရပ်ဆိုင်ရာများအနေဖြင့်လည်းကောင်း၊ သင်ကြား သင်ယူသူတို့၏ စိတ်ဓာတ်ပိုင်းနှင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ မြင့်တင်ပေးမှုအနေဖြင့်လည်းကောင်း၊ ကျောင်းသားကျောင်းသူလူငယ်များ၏ ဘက်စုံဖွံ့ဖြိုးရေး အတွက် ပြုစုပျိုးထောင်မှုဆိုင်ရာ ပံ့ပိုးပေးခြင်းအနေဖြင့် လည်းကောင်း၊ အထူးစာစဉ် အမျိုးအမည်ပေါင်း (၃၃) မျိုးကို ပုံနှိပ်ပြီးဈေးနှုန်း ချိုသာစွာဖြင့် ဖြန့်ချိပေးခဲ့ပါသည်။

ဖော်ပြပါ အထူးစာစဉ် စာအုပ်များသည် မြန်မာ့ပညာသင်ကြားရေး စာပေလောက က ကျော်လွန်၍နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုများကိုပင် ဆွတ်ခူးနိုင်ခဲ့ကြောင်း တွေ့ရသည်။ ပညာတန်ဆောင် အထူးစာစဉ်အနက် အောက်ဖော်ပြပါ ပညာတန်ဆောင် အထူးစာစဉ်စာအုပ်များသည် အမျိုးသားစာပေဆုကို ရရှိခဲ့ကြပါသည်။

(၁) "မင်္ဂလာပါ ဆရာမ"၊ ဦးသန်းထွတ် (တိုက်စိုး) ၁၉၉၆ခုနှစ်အမျိုးသားစာပေဆု (သာသာပြန်ရသဆု)

(၂) "မြန်မာနိုင်ငံ ပညာရေးဌာနသမိုင်း"(ဦးသန်းဦး) ၁၉၉၉ ခုနှစ် အမျိုးသားစာပေဆု(သုတပဒေသာ-ဝိဇ္ဇာဆု)

(၃) "မြန်မာ့ပညာရေးရှုခင်း" (ဦးသောင်းထွဋ်)
၂၀၀၀ ပြည့်နှစ် အမျိုးသားစာပေဆု (သုတ
ပဒေသာ-ဝိဇ္ဇာဆု)

အထိမ်းအမှတ် အထူးထုတ်စာစောင်များ

ပညာတန်ဆောင်သည် အရေးကြီးသည့် ပညာရေးနှင့်လူမှုရေးအထိမ်းအမှတ် နေ့ကြီးရက်ကြီး အခါကြီးများ၊ ပညာတန်ဆောင်နှင့်သက်ဆိုင်သည့် အမှတ်တရဖြစ် ထွန်းမူဆိုင်ရာ နေ့ရက်များကို ရည်ညွှန်းဖော်ကျူး ဂုဏ်ပြုသောအားဖြင့် "ပညာတန်ဆောင်အထူးထုတ် အထိမ်းအမှတ်ထုတ်စာစောင်များ"ကို အကြောင်းအားလျော်စွာနှင့် အခါအားလျော်စွာ ပြုစုပုံနှိပ်ထုတ်ဝေ ဖြန့်ချိလျက်ရှိပါသည်။ အထူးထုတ် အထိမ်းအမှတ်ထုတ် စာစောင်များမှာ-

(၁) အထက်တန်း ကျောင်းအုပ်ကြီးများ၏ ဥာဏ်နှီးနှောဖလှယ်ပွဲစာစောင် (ဧပြီလ၊ ၁၉၅၈ ခုနှစ်)
(၂) ပညာတန်ဆောင် ဆယ်နှစ်မြောက်စာစောင် (ဇန်နဝါရီလ-၁၉၆၂ ခုနှစ်)
(၃) ဦးထွန်းအောင် အထိမ်းအမှတ် စာစောင် (ဒီဇင်ဘာလ၊ ၁၉၆၉ ခုနှစ်)
(၄) နိုင်ငံတကာ ပညာရေးနှစ် စာစောင် (ဇန်နဝါရီလ၊ ၁၉၇၀ ပြည့်နှစ်)
(၅) ကလောင်သစ် အထိမ်းအမှတ် စာစောင် (ဇန်နဝါရီလ၊ ၁၉၇၂ ခုနှစ်)
(၆) ပညာတန်ဆောင် (ဆရာအတတ်သင်) စာစောင် (ဇန်နဝါရီလ၊ ၁၉၇၃ ခုနှစ်)
(၇) ပညာတန်ဆောင် (သုတေသန) စာစောင် (ဖေဖော်ဝါရီလ၊ ၁၉၇၃ ခုနှစ်)
(၈) ငွေရတုသဘင်အထိမ်းအမှတ်စာစောင် (ဇန်နဝါရီလ၊ ၁၉၇၇ ခုနှစ်)
(၉) ပညာတန်ဆောင် စာကြည့်တိုက်အထိမ်းအမှတ် စာစောင် (နိုဝင်ဘာလ၊ ၁၉၈၂ ခုနှစ်)
(၁၀) ဆရာအတတ်သင်အထူးထုတ်စာစောင် (မတ်လ၊ ၁၉၈၄ ခုနှစ်)
(၁၁) ပညာရေးလုပ်သား အထူးစာစောင် (ဧပြီလ၊ ၁၉၈၄ ခုနှစ်)
(၁၂) ပညာတန်ဆောင် ဦးသျှောင်ဆရာကြီးများအား ဂုဏ်ပြုစာစောင် (ဧပြီလ၊ ၁၉၈၉ ခုနှစ်)
(၁၃) အားလုံးအတွက် ပညာရေးစာစောင် (ဇန်နဝါရီလ၊ ၁၉၉၁ ခုနှစ်)
(၁၄) လေးဆယ့်ငါးနှစ်မြောက် ပညာတန်ဆောင် စာစောင် (ဇန်နဝါရီလ၊ ၁၉၉၇ ခုနှစ်)
(၁၅) ပညာတန်ဆောင် နှစ် (၅၀) ပြည့်အထူး စာစောင်
(ဇန်နဝါရီလ၊ ၂၀၀၂ ခုနှစ်)
(၁၆) ရွှေရတုသဘင်မှတ်တမ်း အထူးစာစောင်
(ဖေဖော်ဝါရီလ၊ ၂၀၀၂ ခုနှစ်)

တို့ဖြစ်သည်။ ပုံမှန်အထိမ်းအမှတ်အဖြစ် နှစ်စဉ်ထုတ်ဝေလျက်ရှိသော အထူးထုတ်ပညာတန်ဆောင် စာစောင်များမှာ-

(၁) ဇန်နဝါရီလ၊ ပညာတန်ဆောင် မွေးဖွားသည့်လ၊ နှစ်သစ်ကူးအထူးစာစောင်။
(၂) ဖေဖော်ဝါရီလ၊ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အထိမ်းအမှတ်စာစောင် (ပြည်နယ်/ တိုင်း တစ်ခုစီမှ ကလောင်ရှင်များပါရန် စီစဉ်သည်။)
(၃)စက်တင်ဘာလ၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာစောင် (မြန်မာနိုင်ငံ စာတတ်မြောက်ရေး ကြိုးပမ်းမှုများ ဖော်ပြရန်စီစဉ်သည်။)
(၄) နိုဝင်ဘာလ၊ စာကြည့်တိုက် အထိမ်းအမှတ် စာစောင် ဆရာကြီး ဦးထွန်းအောင်အား အမှတ်တရဖော်ပြသည့်စာစောင်
(၅) ဒီဇင်ဘာလ၊ ၁၉၉၈ ခုနှစ်မှစ၍ ပညာတန်ဆောင်စာပေပြိုင်ပွဲ/ဆုနှင်းသဘင်ဆုရစာမူများ ဖော်ပြသည့် စာစောင်

တို့ဖြစ်သည်။

သို့ဖြင့် ပညာတန်ဆောင်စာစောင်သည် ကြီးမား မွန်မြတ်လှသော

- "သမိုင်းပေးတာဝန်"
- "ပညာရေးတာဝန်"
- "စာပေတာဝန်"

ကြီးသုံးရပ်ကို မပျက်မကွက် ဆောင်ရွက်နိုင်စွမ်းရှိသည့် စာစောင်တစ်စောင်အဖြစ် ကောင်းစွာမှတ်ကျောက် တင်နိုင်ပြီဖြစ်ပါသည်။

စာပေပြိုင်ပွဲများ

ပညာတန်ဆောင်သည် ဆရာဆရာမများအတွက် ပညာရေးအတတ်ပညာ၊ ဆရာ့အတတ်ပညာ၊ ခေတ်မီနည်းပညာ စသည်များကို ဖြန့်ဝေပေးရေးတာဝန်ကို သာမက ဆရာဆရာမများ၏ စိတ်ဓာတ်နှုန်းဖွဲ့ ထိုးထွင်းမှု၊ တီထွင်ဖန်တီးဖော်ထုတ်မှု စသည့်အရေးအသားစွမ်းပကား၊ ကလောင်စွမ်းအား တို့ကိုပိုမို ရှင်သန်ထက်မြက်လာစေရန် ရည်သန်လျက် ကလောင်သွေးပေးရေး တာဝန်ကိုပါ တစ်ပါတည်းဆောင်ရွက်ခဲ့ ဆောင်ရွက်လျက်ရှိနေပေသည်။

ပညာတန်ဆောင်သည် ကလောင်သစ် ဆရာဆရာမများကို ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးသည့်အနေဖြင့် ဆရာဆရာမများ၏ လက်စွမ်း ကလောင်စွမ်းကိုပိုမိုထက်မြက် လာစေရန် ဆောင်ရွက်ပေးသည့် လုပ်ငန်းများအနက် "ပညာတန်ဆောင် စာပေပြိုင်ပွဲ ကျင်းပပေးခြင်း" သည် ပညာတန်ဆောင်၏ လုပ်ငန်းတစ်ရပ် ဖြစ်လာပါသည်။

ပညာတန်ဆောင် စာပေပြိုင်ပွဲများကို ၁၉၅၄ ခုနှစ်မှ စတင်ကျင်းပခဲ့သည်။ ထိုစဉ်က ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲတို့ဖြင့်သာ စတင်ခဲ့ရခြင်းဖြစ်ပေသည်။ ဝတ္ထုတိုပြိုင်ပွဲကို ၁၉၈၆ ခုနှစ်၊ ဘာသာပြန်ပြိုင်ပွဲကို ၁၉၉၆ ခုနှစ်၊ ဦးသန်းညွန့်စာပေပြိုင်ပွဲကို ၁၉၉၉ ခုနှစ်နှင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကို ၂၀၀၀ ပြည့်နှစ်တို့မှ စတင်ကျင်းပလာခဲ့သည်။ စာပေပြိုင်ပွဲများကိုသာမက သင်ကြားမှုအထောက်အကူပြု ကားချပ်ပြိုင်ပွဲကိုလည်း ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပလာခဲ့သည်။

ပညာတန်ဆောင်သည် အဓိကဦးတည်သူ ဆရာ ဆရာမများကိုသာမက ကျောင်းသား ကျောင်းသူများကိုပါ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးသည့် အနေဖြင့် စာစီစာကုံး (အထက်တန်း)၊ စာစီစာကုံး (အလယ်တန်း)၊ စာစီစာကုံး (မူလတန်း) စာပေပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှစတင်ကျင်းပဆောင်ရွက်ပေးလျက်ရှိနေသည်။

ပညာတန်ဆောင်စာပေပြိုင်ပွဲများကို ၁၉၅၄ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ကျင်းပခဲ့ရာ၌ စာပေအမျိုးအစားအလိုက် ကျင်းပဖြစ်သော ပြိုင်ပွဲအကြိမ်နှင့်ဆုရဦးရေတို့ကို အချုပ်အားဖြင့် ဖော်ပြရသော်-

(၁) ဆောင်းပါးပြိုင်ပွဲ ၁၀ ကြိမ်၊ ဆုရဦးရေ (၅၉)
(၂) ကဗျာပြိုင်ပွဲ ၃ ကြိမ်၊ ဆုရဦးရေ (၁၆)
(၃) ဝတ္ထုတိုပြိုင်ပွဲ ၅ ကြိမ်၊ ဆုရဦးရေ (၂၆)
(၄) စာစီစာကုံး (အထက်တန်းဆင့်) (၅) ကြိမ်၊ ဆုရ ဦးရေ (၂၀)
(၅) စာစီစာကုံး (အလယ်တန်းဆင့်) (၇) ကြိမ်၊ ဆုရဦးရေ (၃၀)
(၆) စာစီစာကုံး (မူလတန်းဆင့်) (၇) ကြိမ်၊ ဆုရဦးရေ (၃၀)
(၇) ဘာသာပြန် (၇) ကြိမ်၊ ဆုရဦးရေ (၂၁)
(၈) ဦးသန်းညွန့်စာပေဆု (၄) ကြိမ်၊ ဆုရဦးရေ (၁၀)
(၉) ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ (၃) ကြိမ်၊ ဆုရ ဦးရေ (၉)
(၁၀) သင်ကြားမှု ထောက်ကူပြုကားချပ်ပြိုင်ပွဲ (၄) ကြိမ်၊ ဆုရဦးရေ (၂၄)

တို့ဖြစ်ပါသည်။

သို့ဖြင့် ပညာတန်ဆောင် စာစောင်သည် စာစောင်သက်တမ်းကာလအတွင်း ဆရာ ဆရာမများကိုသာမက ကျောင်းသား ကျောင်းသူများနှင့်ပါ ထိတွေ့ပြီးလျှင် ပညာဗဟု "သုတ" နှင့်ပ ညာ "ရသ" မျိုးစုံတို့ ဖန်တီးဖော်ထုတ်နိုင်စွမ်း ရှိလာစေသည့် အပြင် ထိုမှတစ်ဆင့် အောင်မြင်သည့် ကလောင်ရှင်များ ပြုစုမွေးထုတ် ပေးလာနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်အဆင့် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေ စာပေဆု စသည်တို့ကို ဆွတ်ခူး ရရှိလာနိုင်သည့် ပညာတန်ဆောင်ကလောင်ရှင်များအဖြစ်ဖြင့်ပင် တက်လှမ်းရောက်ရှိလာမှုများကို အားပါးတရတွေ့မြင်နေကြရသဖြင့် ဝမ်းသာကြည်နူးစွာ ဂုဏ်ယူမှတ်တမ်းတင်ပါသည်။

၁၉၉၃ ခုနှစ်တွင် ကျင်းပသော ပညာတန်ဆောင် စာပေပြိုင်ပွဲ ဆုနှင်းသဘင်မှ စတင်၍ "နိုင်ငံတော်အဆင့် စာပေပြိုင်ပွဲအသီးသီးတွင် ဆုချီးမြှင့်ခံရသော ပညာတန်ဆောင်ကလောင်ရှင်များ" အား ပညာတန်ဆောင်က ထပ်ဆင့်ဂုဏ်ပြုလျက်ရှိပါသည်။ သို့ဖြင့်လည်း ပညာတန်ဆောင်သည်

ပညာ တန်ဆောင်

ဒဂုန်တာရာ ဇော်နေဝါဒိုလ

ပြည်ထောင်စု မြန်မာ နိုင်ငံတော်

အစိုးရ

ပဉ္ဇာဝဏ္ဍိုဇနဒီပနီ

၏

ဆုချီးမြှင့်တင်ခြင်း

၁၉၉၂ ခုနှစ်၊ ဇွန်လ

ပညာ

ပထမဦးဆုံး ပညာတန်ဆောင်စာစောင်ရှေ့ဖုံးနှင့် နောက်ကျောဖုံးဒီဇိုင်းပုံ

"ပညာရေးတာဝန်" အပြင် "စာပေတာဝန်" ကိုပါ တစ်ဖက်တစ်လမ်းက တက်လှမ်းကာ တာဝန်ကျေ ပွန်စွာ ဆက်လက်ထမ်းဆောင်လျက် ရှိနေပါသည်။ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှု

ပညာတန်ဆောင်အဖွဲ့သည် နိုင်ငံတော်၏ အမျိုးသား ပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိ၏အင်အားကို အခြေခံလျက် ချမှတ်ထားသည့် မူလရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်လျက် ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှု လုပ်ငန်းများကို ပိုမိုထိရောက် စွာအထောက်အကူ ပြုစေရန် ပညာတန်ဆောင်အဖွဲ့သည် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူး ပေါင်းဆောင်ရွက်နိုင်သည့် အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ နိုင်ငံတော်ရှိ ကလေးသူငယ် များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ကို ကူညီပံ့ပိုးပေးနေသော "ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့" (Unicef) နှင့် ဆက်သွယ်ကာ အကူ အညီများ ရရှိခဲ့ပါသည်။ အထူးသဖြင့် ပညာ တန်ဆောင်ထုတ်ဝေရန် လိုအပ်သော ပုံနှိပ်စက္ကူ၊ ပုံနှိပ်စက်မင်များ စသည်ပစ္စည်းအချို့ကို ၁၉၉၀ ပြည့်နှစ်မှ စတင်ရရှိခဲ့သဖြင့် ပညာတန်ဆောင် အတွက် အကျိုးဖြစ်ထွန်းလျက် ရှိသည်။

ပညာတန်ဆောင်အဖွဲ့သည် ယူနီဆက် အဖွဲ့၏ အကူအညီကိုရယူပြီး "ပညာတန်ဆောင် ဖတ်ရှုမှုအခြေအနေ လေ့လာဆန်းစစ်ချက်" တစ်ရပ် ကို ဆောင်ရွက်ရာ၌ ၁၉၉၂ နှင့် ၁၉၉၄ ခုနှစ် များတွင် ပြည်နယ်နှင့်တိုင်း ၁၄ ခုရှိ မြို့နယ်ပေါင်း

ပညာတန်ဆောင်အုပ်ချုပ်ရေး

ရန်ကုန်မြို့—ဘွဲ့—နိုဝင်ဘာလ—ဆေးဆောင်း၊ ခိုင်တိုက်အွင် မိုက်ခိုင်နှ
ဦးထွန်းအောင်၊ စာ—ထ°—အယ်ဒီ၊ ဘ°—စာပေကထုတ်ဝေသည်

၁၆ မြို့နယ်သို့ ပညာတန်ဆောင် အဖွဲ့ဝင်များ ကွင်းဆင်းကာ ဆရာ ဆရာမများ ပညာရေး ဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းလေ့လာခဲ့သည်။ ထို့ပြင် "မေးမြန်းစုံစမ်းလွှာ" ၃၀၀၀ ကို ပြည်နယ် နှင့်တိုင်းအနှံ့ရှိပညာတန်ဆောင် စာဖတ်ပရိသတ် များထံ ပေးပို့တောင်းခံစုစည်း ဆန်းစစ်လေ့လာ သုတေသနပြုဖြစ်ခဲ့သည်။

ပညာတန်ဆောင်အဖွဲ့သည် ပညာရေး ဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ယူနီဆက်အဖွဲ့နှင့်ပူးပေါင်း ဆောင်ရွက်မှုတစ်ရပ်အဖြစ် "အာရှဒေသဆိုင်ရာ လူတိုင်းအတွက် ပညာရေးဆွေးနွေးပွဲကြီး" (ဝန်ကြီး များအဆင့်)ကို ၁၉၉၅ ခုနှစ် မတ်လ (၂၈) ရက်နေ့ မှ မတ်လ (၃၀) ရက်နေ့အထိ ရန်ကုန်မြို့ ကရိတ် အဆောက်အအုံခန်းမတွင် ကျင်းပနိုင်ခဲ့ပါသည်။

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ပညာတန်ဆောင်အဖွဲ့အတွက် ခေတ်မီပုံနှိပ်စက် တစ်လုံးကို ၂၀၀၀ ပြည့်နှစ်၊ မေလ (၁၈) ရက် ကြာသပတေးနေ့တွင် လှူဒါန်းခဲ့ပါသည်။

ထို့ပြင် "ရေးဦးကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် ပရိုဂျက်" တစ်ခုကို ၂၀၀၀ ပြည့်နှစ်မှစ၍ ပညာတန်ဆောင်နှင့်ဆက် သွယ်ကာ ရန်ကုန်မြို့စွန်ရှိ မြို့နယ်ငါးမြို့နယ်မှ အခြေခံပညာ မူလတန်းကျောင်း (၅၁) ကျောင်း၊ ရပ်ရွာငါးခုတို့တွင်လည်းကောင်း၊ မန္တလေးမြို့၊ မြို့နယ်တစ်မြို့နယ်မှ အခြေခံပညာ မူလတန်း ကျောင်း (၁၀) ကျောင်းတို့တွင်လည်းကောင်း၊ စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ယူနီဆက်၊ ဂျပန်နိုင်ငံ Ministry of Post and Telegram Department ဝန်ထမ်း အဖွဲ့နှင့် Rishi Ko Sakai အဖွဲ့တို့မှ အကူအညီ ကိုရယူရန် အခြေခံပညာဦးစီးဌာနများနှင့် ညှိနှိုင်းပြီး၊ ပညာတန်ဆောင်သည် မြို့နယ်ပေါင်း ၁၄ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ပေါင်း ၂၀၆၇ မှ မူလတန်း ကျောင်းသားကျောင်းသူ ၁၈၉၈၀၀ ၏ ပညာရည်တိုးမြှင့်ရေးလုပ်ငန်း များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ပညာတန်ဆောင်စာကြည့်တိုက်

ပညာတန်ဆောင် စာကြည့်တိုက်သည် ပညာ တန်ဆောင်ကို ထူထောင်ခဲ့သူ ပညာတန်ဆောင် ဖခင်ကြီး ဦးထွန်းအောင် ကွယ်လွန်ခဲ့သည့် (၁၀) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ထူထောင်ခြင်းဖြစ် သည့်အလျောက် ၁၉၇၉ ခုနှစ် နိုဝင်ဘာလ (၂၅) ရက် တနင်္ဂနွေနေ့တွင် စမ်းချောင်းမြို့နယ်၊ ရန်အောင်လမ်း၊ အမှတ် (၃) တွင် စတင် ဖွင့်လှစ် ဖြစ်ခဲ့သည်။

ပညာတန်ဆောင် စာကြည့်တိုက်ကို မြန်မာ နိုင်ငံ ပညာရေးရည်ညွှန်းစာကြည့်တိုက် တစ်ခု အဖြစ်လည်းကောင်း၊ ပညာရေးမော်ကွန်းတိုက်တစ်ခု အဖြစ်လည်းကောင်း တည်ရှိလာစေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဖြစ်မြောက်လာ စေရန် ဦးတည်လျက် ပညာတန်ဆောင် စာကြည့် တိုက်တွင်-

(က) မြန်မာနိုင်ငံ ပညာရေး ဆင်ဒီကိတ်၊ အစီရင် ခံစာများ၊ စစ်ကြိုခေတ် ပညာမင်းကြီးရုံး နှစ်လည်အစီရင်ခံစာ အပါအဝင်၊ ပညာရေး ကော်မတီများ၏ အစီရင်ခံစာများ၊ ပညာရေး ထောက်အထား စာအုပ်စာတမ်းစသည်များ စုစုပေါင်း ၁၅၀၀ ကို သိမ်းဆည်းထားရှိသည်။

(ခ) ပညာရေး ကိုဓဉပဒေ အပါအဝင်ပညာရေး အက်ဥပဒေများ၊ ပညာရေးမူဝါဒ၊ ပညာရေး စီမံကိန်းဆိုင်ရာ များ၊ ပညာရေး ပြက္ခဒိန်များ၊ စုစုပေါင်း ၃၅၀ ကို စုစည်းထားရှိသည်။

(ဂ) ပညာရေး သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာ ဆိုင်ရာ စာအုပ်စာတမ်းများ စုစုပေါင်း ၃၅၀ ကို စုဆောင်းရရှိထားသည်။

(ဃ) စစ်ကြိုခေတ်မှ မျက်မှောက်ခေတ်အထိ၊ ကျောင်းများတွင် ပြဋ္ဌာန်းအသုံးပြုခဲ့သည့် ကျောင်းသုံးစာအုပ်များ၊ ပညာရေး ကောလိပ် နှင့် ဆရာအတတ်သင်ကျောင်းနှင့် သိပ္ပံများ တွင် သင်ကြားပို့ချခဲ့သည့် သင်တန်းသုံးစာအုပ် များ အပါအဝင် ကျောင်းသုံးစာအုပ် စုစုပေါင်း ၃၁၃၀ ကိုလည်း စုဆောင်းရရှိထားသည်။

(င) ပညာရေးဆိုင်ရာ ရှားပါးမဂ္ဂဇင်းများအပြင်၊ မျက်မှောက်ခေတ် တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများမှ ထွက်ရှိသည့် ကျောင်းမဂ္ဂဇင်းများ အပါအဝင်၊ ပညာရေး မဂ္ဂဇင်းစုစုပေါင်း ၂၇၅၀ ကိုလည်း ထိန်းသိမ်း ထားနိုင်ပြီဖြစ်သည်။

(စ) ပညာရေးဆိုင်ရာ ရည်ညွှန်းကိုးကားနိုင်သည့် ပညာ ရေးမဟာဘွဲ့ကျမ်း၊ မြန်မာစာ ပါရဂူ

ဘွဲ့ကျမ်းနှင့်တကွ ရည်ညွှန်းစာအုပ်ပေါင်း (အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့်) ၅၅၀၀ ၊ မြန်မာစာပေ၊ အင်္ဂလိပ်စာပေ တို့အတွက် ရည်ညွှန်း ကိုးကားနိုင်သည့် စာအုပ်ပေါင်း ၂၅၀၀ ကို စင်တင်ထားရှိပြီဖြစ်သည်။

ပညာတန်ဆောင် စာကြည့်တိုက်စတင် ထူထောင်သည့် အချိန်မှစ၍ ဝယ်ယူခြင်း၊ အလှူခံခြင်း၊ စာကြည့်တိုက်အချင်းချင်းဖလှယ်ခြင်း၊ မိတ္တူကူးပွားရယူ ခြင်း စသည့်နည်းလမ်းများဖြင့် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလအထိ စုစည်းခဲ့ရာ၊ စာအုပ်ပေါင်း ၁၇၉၅၇ ကို စုဆောင်းရရှိထားပြီး ဖြစ်ပါသည်။

အထိမ်းအမှတ်သဘင် ဆင်ယင်ကျင်းပခြင်း

ပညာတန်ဆောင်၏ ဌေရတုသဘင် အခမ်းအနားတစ်ရပ်ကို၊ ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက် ခန်းမဆောင်၌ ဆုပေးပွဲနှင့်အတူ တခမ်း **တနား** သိုက်သိုက်မြိုက်မြိုက် ဆင်ယင်ကျင်းပနိုင်ခဲ့ပါသည်။

"ရွှေရတုသဘင်" ပညာတန်ဆောင် ရွှေရတုသဘင် အထိမ်းအမှတ် အခမ်းအနားများကို ရန်ကုန်မြို့ကမာရွတ်မြို့နယ်၊ ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့၊ ရုပ်ရှင်ခန်းမ၌ ဆင်ယင်ကျင်းပရာ၌-

(က) ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်၊ အင်္ဂါနေ့တွင် အသက် ၇၅ နှစ်အထက် ပညာတန်ဆောင် ကလောင်ရှင်ကြီး ၁၉ ဦးအား ပူဇော်ကန်တော့သည့် "သက်ကြီးပူဇော်ပွဲ" တစ်ရပ်ကို အမှတ်တရ ကျင်းပခဲ့သည်။

(ခ) ၂၀၀၂ ခုနှစ် ဇန်နဝါရီလ(၂) ရက်၊ ဗုဒ္ဓဟူးနေ့နံနက် ၈ နာရီတွင် ကျင်းပသည့် "ပညာတန်ဆောင် ရွှေရတုသဘင်ဖွင့်ပွဲ" အခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုဗိုလ်ချုပ်ကြီးခင်ညွန့်) တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားခဲ့ခြင်းဖြင့် စတင်ခဲ့သည်။

(ဂ) "ပညာတန်ဆောင် ရွှေရတုသဘင်၊ စာတမ်းဖတ်ပွဲ"ကို မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ရုပ်ရှင်ခန်းမ၌၊ ၁-၁-၂၀၀၂ (အင်္ဂါနေ့) နှင့် ၂-၁-၂၀၀၂ (ဗုဒ္ဓဟူးနေ့) တို့တွင် ကျင်းပခဲ့သည်။

(ဃ) နှစ်ငါးဆယ်ပြည့် ပညာတန်ဆောင် စွမ်းဆောင်အောင်မြင်မှုတို့နှင့် စပ်လျဉ်း၍ မှတ်တမ်းတင်ဖော်ပြထားသည့် "ပညာတန်ဆောင် ရွှေရတုအထိမ်းအမှတ် ပြခန်း" ကိုလည်း ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နှင့် (၂) ရက်နေ့များတွင် ဖွင့်လှစ်ပြသခဲ့သည်။

(င) ပညာတန်ဆောင် နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်အဖြစ် " ရွှေရတု ပညာတန်ဆောင် မဂ္ဂဇင်း"ကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီတွင် စောင်ရေ သုံးသောင်းထုတ်ဝေခဲ့ပါသည်။

နိဂုံး

အခြေပ်အားဖြင့် "ပညာတန်ဆောင်" သည် စတင် ထူထောင်ခဲ့သည့် ၁၉၅၂ ခုနှစ် ဇန်နဝါရီလ(၁) ရက်၊ အင်္ဂါနေ့မှ နှစ်ငါးဆယ် တင်းတင်းပြည့်မြောက်သည့် ၂၀၀၂ ခုနှစ် ဇန်နဝါရီလ (၁) ရက် အင်္ဂါနေ့အထိ နှစ်ငါးဆယ် စာပေခရီးစဉ်ကာလအတွင်း ကြီးမားမြင့်မြတ်လှသည့်-

(က) သမိုင်းအစဉ်အလာ
(ခ) ပညာရေး အစဉ်အလာ
(ဂ) စာပေအစဉ်အလာ

ကောင်းသုံးရပ်တို့နှင့်အညီ မိမိစွမ်းဆောင်နိုင်သည့် ဘက်မှ ကျယ်ပြန့်သည့် "ပညာရေးမိဒီယာကွန်ရက်" အဖြစ် နိုင်ငံနှင့်အဝန်း ဖြန့်ကြက်လျက် "အမျိုးသားပညာရေးတာဝန်များ" အဖြစ် အမျိုးသားရေးအင်အားစု တစ်ရပ်အနေဖြင့် တစ်တပ်တစ်အားအင်တိုက်အားတိုက်ပါဝင် ကြိုးပမ်းထမ်းဆောင်လျက်ရှိနေပါကြောင်း မှတ်တမ်းဝင် မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ဦးသန်းဦး





မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

MMU ဖွင့်လှစ်ရေးညီနှိုင်းဆွေးနွေး

ရေကြောင်းပညာတက္ကသိုလ် ဖွင့်လှစ်ရေးအတွက် အတွင်းရေးမှူး (၁) လမ်းညွှန်ဆွေးနွေးစဉ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်သည် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များကို မွေးထုတ်နိုင်ရန် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဆိုင်ရာကဏ္ဍ (၄) ရပ် ချမှတ်ခဲ့သည်။ ၎င်းတို့မှာ -

၁။ နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော်တစ်ခုအဖြစ် တည်ဆောက်နိုင်စွမ်းရှိသည့် လူစွမ်းအားအရင်း အမြစ်ကို ဖန်တီးရန်။

၂။ ပညာစွမ်းရည်၊ ဉာဏ်စွမ်းရည်၊ လူမှုစွမ်းရည် မြင့်မားသည့် အရင်းအမြစ်သည် အလားအလာကောင်းသည့် အနာဂတ်ဖြစ်စေရန်အတွက် အာမခံချက်ဖြစ်သည်ကို တစ်မျိုးသားလုံးခံယူလျက် မြန်မာ့ပညာရေးစနစ်ကို တည်ထောင်ရန်။

၃။ မြန်မာ့ ပညာရေးစနစ်သည် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ပင်မအရင်းအမြစ်ဖြစ်စေရန်နှင့် အလားတူမြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးကိုလည်း မြန်မာ့ပညာရေးစနစ်၏ အရင်းအမြစ် အသုံးပြုနိုင်စေရန်။

၄။ နိုင်ငံတော်တွင် အရည်အချင်းမြင့်မားသည့် လူစွမ်းအား အရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်သော လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုများ တည်တံ့ခိုင်မြဲတိုးတက်နေစေရန် တို့ဖြစ်ပါသည်။

အမျိုးသားပညာရည် မြင့်မားရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ထိုမျှမက အမျိုးသားရေးဂုဏ်သိက္ခာစောင့်ရှောက်မြှင့်တင်ရေး၊ အမျိုးသားရေးစွမ်းဆောင်ရည် တိုးပွားခိုင်မာရေးတို့အတွက် ပဓာနကျသည့် လိုအပ်ချက်လည်းဖြစ်သည်။

ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိပြီး မြစ်ချောင်းပေါများသော မြန်မာနိုင်ငံ၏ ပထဝီအနေအထားတို့ကို အခြေခံ၍ ရေကြောင်းပညာရပ်များဖြစ်သော ရေတမံတည်

အတွင်းရေးမှူး (၁) စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးစဉ်



အတွင်းရေးမှူး (၁) အင်္ဂလိပ်ဘာသာစကား လက်တွေ့သင်ကြားခန်းမကို ကြည့်ရှုစဉ်

ဆောက်မှုပညာရပ်၊ ဆိပ်ကမ်းတည်ဆောက်မှု ပညာရပ်၊ မြစ်ချောင်းနှင့် ပင်လယ်ရေတိမ်ပိုင်း ထိန်းသိမ်းရေးပညာရပ်နှင့် နိုင်ငံရပ်ခြားသွားလာမှုပညာရပ်စသည်တို့ လိုအပ်လျက်ရှိပါသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မရှိမဖြစ်လိုအပ်ချက်ဖြစ်သည့် ရေကြောင်းပညာရပ်များ အဆင့်မြင့်သင်ကြားနိုင်ရေးအတွက် စီမံဆောင်ရွက်ရန်လမ်းညွှန်ခဲ့ပါသည်။ ရေကြောင်းပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံတကာကုန်သွယ်စီးပွားရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ကာကွယ်ရေးကဏ္ဍတို့သာမက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍနှင့် အခြားသောနိုင်ငံတော်စီးပွားရေးကို အထောက်အကူပြုသည့်ကဏ္ဍများတွင်လည်း လွန်စွာအရေးပါသည်။

ပင်လယ်ရေကြောင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးအတွက် ရေကြောင်းပညာရပ်များ အဆင့်မြှင့်တင်နိုင်ရန် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် MYAN - MAR MARITIME UNIVERSITY ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်ကာ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့နှင့် အောက်တိုဘာလ ၁၄ ရက်နေ့များတွင် ညီနှိုင်းအစည်းအဝေးများကျင်းပ၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဖြစ်မြောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် ဖြစ်မြောက်ရေး ဦးစီးကော်မတီတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က နာယကအဖြစ် ဆောင်ရွက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကာ အဖွဲ့ဝင် (၁၂) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ဆပ်ကော်မတီ (၅) ခုကိုလည်း သက်ဆိုင်ရာပညာရှင်များဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

(၁) တက္ကသိုလ် ဥပဒေပြုစုရေး၊ ဆရာ ဆရာမများ ရရှိရေးနှင့် တက္ကသိုလ်ဖွဲ့စည်းပုံရေးဆွဲရေးဆပ်ကော်မတီ

(၂) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးဇယားရေးဆွဲရေး ဆပ်ကော်မတီ

(၃) အဆောက်အအုံများ တည်ဆောက်ရေးဆပ်ကော်မတီ

(၄) စာအုပ်စာတမ်းနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူစုဆောင်းရေး ဆပ်ကော်မတီ

(၅) ဘဏ္ဍာရေးဆပ်ကော်မတီ တို့ဖြစ်ပါသည်။

၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေအမှတ် (၁/၂၀၀၂) ကို အခန်း (၉)ခန်းဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

အခန်း (၁) အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်
အခန်း (၂) တက္ကသိုလ် တည်ထောင်ခြင်း
အခန်း (၃) တက္ကသိုလ်၏ ရည်မှန်းချက်များ
အခန်း (၄) ကောင်စီဖွဲ့စည်းခြင်း
အခန်း (၅) ကောင်စီ၏ လုပ်ငန်းတာဝန်များ
အခန်း (၆) တက္ကသိုလ် ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့များ ဖွဲ့စည်းခြင်း
အခန်း (၇) ဝန်ထမ်းဖွဲ့စည်းခြင်း
အခန်း (၈) ဘဏ္ဍာရေး
အခန်း (၉) အထွေထွေ တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သည် ပါမောက္ခချုပ် အပါအဝင် အရာထမ်း (၂၄၈)နေရာ၊ အမှုထမ်း (၅၈၃) နေရာ စုစုပေါင်း (၈၃၁) နေရာဖြင့် ဖွဲ့စည်းထားပါသည်။ စီမံခန့်ခွဲရေးဌာနတွင် သင်ကြားရေးဌာနဟူ၍ အစု (၂) စုရှိပြီး အောက်ပါအတိုင်း ဖွဲ့စည်းထားရှိပါသည်။



ရေကြောင်းပညာတက္ကသိုလ် ကွန်ပျူတာခန်းမ



အတွင်းရေးမှူး (၁) Electronic ခန်းမကို စစ်ဆေးကြည့်ရှုစဉ်

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်



မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် ခိုးမြှင့်အပ်နှင်းမည့်ဘွဲ့၊ ဒီပလိုမာနှင့် ခွင့်ပြုကျောင်းသားဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

စဉ်	ဘွဲ့ဒီပလိုမာ အမည်	ပညာသင်နှစ်	ပထမနှစ်	ခွင့်ပြုမည့် ကျောင်းသားဦးရေ
၁	B.E (Naval Architecture)	၅	၁၀၀	၅၀၀
၂	B.E (Marine Engineering)	၅	၁၀၀	၅၀၀
၃	B.E (Port and Harbour Engineering)	၅	၁၀၀	၅၀၀
၄	B.E (River and Ocean Engineering)	၅	၁၀၀	၅၀၀
၅	B.E (Marine Electrical Systems and Electronics)	၅	၁၀၀	၅၀၀
၆	B.Sc (Hons Nautical) (Science)	၅	၁၀၀	၅၀၀
၇	Dip:S.M (Post-graduate Diploma in Shipping Management)	၁	၁၀၀	၁၀၀
၈	Dip:P.M (Post-graduate Diploma in Port Management)	၁	၁၀၀	၁၀၀
၉	Dip:Naut Studies (Diploma in Nautical Studies)	၂	၂၀၀	၄၀၀
၁၀	Dip:Mar. Tec. (Diploma in Maritime Technology)	၂	၂၀၀	၄၀၀

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားကို ကြည့်လျှင် သဘာဝအားဖြင့် မြစ်ချောင်းအင်းအိုင်များ၊ အဏ္ဏဝါရေပြင်များဖြင့် ဖွဲ့စည်းတည်ရှိနေကြောင်း တွေ့ရမည်ဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေကြောင်းလုပ်ငန်းရပ် အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရန် အလွန်အရေးကြီးသကဲ့သို့ ရေကြောင်းသွားလာမှုနှင့်ပတ်သက်သော လုပ်ငန်းတာဝန်များ ဆောင်ရွက်သွားရန် ပညာရှင်များ လိုအပ်လျက်ရှိသည်။ အဆိုပါ လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်မည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကြီးကို ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ ပထမနှစ်တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ်ၤာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် ကွန်ပျူတာဘာသာရပ်များကို ပိုင်နိုင်ကျွမ်းကျင်စေရန် အဓိကသင်ကြားပို့ချပေးလျက် ရှိပါသည်။ စာတွေ့၊ လက်တွေ့မှတစေရန် စီစဉ်ထားပြီး အထောက်အကူပစ္စည်းများ၊ စာအုပ်စာတမ်းများ၊ ဓာတ်ခွဲခန်းပစ္စည်းများ၊ English Language Lab ပစ္စည်းများ၊ ကွန်ပျူတာများဖြင့် သင်ကြားပေးလျက်ရှိသည်။ စာသင်နှစ်တစ်တန်းပြီးတစ်တန်း တက်လာသည်နှင့်အမျှ လိုအပ်မည့်ခေတ်မီသင်ကြားမှု အထောက်အကူပြုပစ္စည်းများ၊ စာအုပ်စာတမ်းများ၊ Software များကို တင်သွင်းရန် စီမံထားရှိပြီးဖြစ်သည်။

စာသင်နှစ်တိုင်းတွင် အပိုင်းနှစ်ပိုင်း (Terms) ခွဲခြားသင်ကြားပေးပြီး လက်တွေ့ဓာတ်ခွဲခန်းသာမက သဘော်ကျင်း၊ စက်ရုံ၊ အလုပ်ရုံများတွင် လက်တွေ့ဆည်းပူးခြင်း၊ (Terms) တစ်ခုနှင့်တစ်ခုကြားတွင် Sea Training (ပင်လယ်ပြင်လေ့ကျင့်ခန်း) များ စီစဉ်ထားရှိကာ သင်ယူသည့်ဘာသာရပ်အတွက် အကျိုးများ

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်



မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဖွင့်ပွဲ အခမ်းအနား

၂၀၀၂-၂၀၀၃
အကြီးတန်း
သစ်လွင်ကြိုဆိုပွဲ
ပါမောက္ခချုပ်
အမှာစကား

သည်ထက်များစေရန် ထားရှိသည်။ ထို့အပြင် သဘော်တည်ဆောက်ရေး၊ ဆိပ်ကမ်းတည်ဆောက်ရေး၊ ရေကြောင်းဆိုင်ရာ သွားလာရေးနယ်ပယ်အသီးသီးမှ စာတွေ့လက်တွေ့ ကျွမ်းကျင်သူပညာရှင်များကိုယ်တိုင် ပါဝင်ပို့ချပေးလျက် ရှိသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သည် နိုင်ငံတကာအဆင့်မီဘွဲ့၊ ဒီဂရီသင်ကြားအပ်နှင်းပေးသည့် တက္ကသိုလ်ကြီးဖြစ်သည်။ ကမ္ဘာအရပ်ရပ်ရှိ ရေကြောင်းပညာတက္ကသိုလ်များ သင်ရိုးဇယားများအား စိစစ်၍ မြန်မာကျောင်းသားများအတွက် အထိရောက်ဆုံး သင်ကြား တတ်မြောက်စေရန်နှင့် လက်တွေ့နယ်ပယ်သို့ တိုက်ရိုက်ဝင်ရောက်ပို့ဆောင်နိုင်ရန် ဦးတည်ချက်ထားရှိ ဆောင်ရွက်လျက်ရှိသည်။ အဓိကထား သင်ကြားပေးမည့် ဘာသာရပ်မှာ ရေယာဉ်ဒီဇိုင်း ထုတ်လုပ်ရေးဆွဲရေးနှင့် ရေယာဉ်တည်ဆောက်မှုပညာရပ်ဖြစ်သည်။ ယင်းပညာရပ်ကို အထောက်အကူဖြစ်စေရန် လျှပ်စစ်နှင့်အီလက်ထရွန်းနစ်ဘာသာရပ်၊ ရေယာဉ်သုံး စက်ကိရိယာဘာသာရပ်၊ ရေယာဉ်ကိုင်တွယ် မောင်းနှင်သည့် ဘာသာရပ်များဖြင့် ပံ့ပိုးထားသည်။ တိုးတက်ထွန်းကားသည့် နိုင်ငံတိုင်းတွင် မရှိမဖြစ်လိုအပ်သည့် ဆိပ်ကမ်းတည်ဆောက်မှုဘာသာရပ်၊ မြစ်ချောင်းနှင့် ရေတိမ်ပိုင်း ထိန်းသိမ်းမှုဘာသာရပ်ဖြင့် အထောက်အကူပြုပေးထားပါသည်။

၎င်းအပြင် ဘွဲ့၊ ဒီဂရီ ရပြီးသူများအနေဖြင့် ပင်လယ်ပြင်ရေကြောင်းတွင် ရေယာဉ်မာလိန်မှူး၊ အင်ဂျင်နီယာမှူးများအဖြစ် ကုန်သွယ်ရေကြောင်းဘက်တွင် ဝါသနာထုံပါက ပေါင်းကူးစနစ်ဖြင့် ကူးပြောင်းနိုင်ရေးအတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီး International Maritime Organization(IMO) မှတ်ချက်များ နှင့်ညီညွတ်သည့် သင်ရိုးညွှန်းတမ်းများ ရေးဆွဲပို့ချ သွားမည်ဖြစ်သည်။ ဘာသာရပ်အသီးသီးတွင် ထူးချွန်သည့်ကျောင်းသားများကို နိုင်ငံတကာတက္ကသိုလ်များသို့ စေလွှတ်သင်ကြားစေပြီး မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် မျိုးဆက်သစ်များအား ပို့ချသင်ကြားစေရန် စီစဉ်ထားရှိပါသည်။ ထို့အတူ လက်ရှိသင်ကြားရေးဆိုင်ရာ ဆရာ၊ ဆရာမများကိုလည်း ပြည်တွင်းပြည်ပ အဆင့်မြင့် ဘွဲ့လွန်ဒီဂရီသင်တန်းများသို့ တက်ရောက်သင်ကြားစေမည် ဖြစ်ပါသည်။ မိမိတို့ သင်ကြားတတ်မြောက်လာသည့် အဆင့်မြင့်ပညာရပ်များ၊ အတွေ့အကြုံများ၊ သုတေသနတွေ့ရှိချက်များကို အသုံးချ၍ နိုင်ငံတော်နှင့် အမျိုးသားရေးအကျိုးစီးပွား ဖြစ်ထွန်းစေရန်၊ မြန်မာ့ပညာရေး နိုင်ငံတကာနှင့် ရင်ဘောင်တန်းယှဉ်တွဲ ရပ်တည်နိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကို ယာယီအားဖြင့် ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ ရန်ကုန်မြို့ရှိ ရေကြောင်းပညာသိပ္ပံကျောင်းဝင်းအတွင်း၌ (၄) ထပ်ကျောင်းဆောင်နှင့် စာသင်ခန်း (၂) ခုကို တည်ဆောက်ဖွင့်လှစ်ထားသည်။ နိုင်ငံတကာအဆင့်မီတက္ကသိုလ်တွင် အောက်ပါအဆောက်အအုံများ ပါဝင်တည်ဆောက်ထားပါသည်။

၁။	ပင်မအဆောက်အအုံ (၁)	ဆောင်
၂။	စာသင်ဆောင်များ	(၆) ဆောင်
၃။	Lecture Theatre	(၃) ဆောင်
၄။	အလုပ်ရုံ (Black Smit Carpentry/ Fitting)	(၂) ဆောင်
၅။	Multi - purpose Hall	(၁) ဆောင်
၆။	Recreation Centre	(၁) ဆောင်

ပါရှိပြီး ယင်းတက္ကသိုလ်ကို ရန်ကုန်မြို့ တစ်ဖက်ကမ်းရှိ သံလျင် - သီလဝါဒေသတွင် တည်ဆောက်လျက်ရှိရာ ၂၀၀၃ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့ နံနက် (၈း၃၀) တွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် "ရတနာအုတ်မြစ်တော်စိ" အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

၁၀ ကြိမ်မြောက် ပစိဖိတ် ဒေသဆိုင်ရာ သက်ဆိုင်ရာရေကြောင်း၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ညီလာခံ (The Tenth Pacific Congress on Marine Science and Technology) (PACON 2002) အား ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်မှ (၂၆) ရက်အထိ ကျင်းပခဲ့သည်။

ဒုတိယပါမောက္ခချုပ်က ဒေါက်တာဝါတာနာဘီအား ကျောင်းသားများနှင့်မိတ်ဆက်ပေးစဉ်

ဒေါက်တာဝါတာနာဘီ၏ အထူးပို့ချချက်

PACON ၏ ၂၀၀၂ ခုနှစ်ဆောင်ပုဒ်မှာ သမုဒ္ဒရာရာစုနှစ် (The Ocean Century) ဖြစ်သည်။ အဆိုပါညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၂၄) နိုင်ငံမှ ပညာရှင်ပေါင်း (၃၀၀) ခန့် တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) အား တက်ရောက်စေခဲ့ပါသည်။

ညီလာခံ၌ ပညာရှင်များက ဘာသာရပ်ဆိုင်ရာစာတမ်းများ၊ သုတေသနစာတမ်းများ ဖတ်ကြားတင်သွင်းခဲ့ကြသည်။ မြန်မာနိုင်ငံ ကိုယ်စားလှယ်က ညီလာခံ၏ Forum ၌ Education For Maritime Science and Technology in Myanmar စာတမ်းဖတ်ကြားတင်သွင်းခဲ့သည်။ PACON Chairman Dr Kengi Hotta က ညီလာခံတက်ရောက်သည့် ပညာရှင်များနှင့် မိတ်ဆက်ပေးသည်။ မြန်မာနိုင်ငံ၌ ဖွင့်လှစ်သည့် ရေကြောင်းပညာတက္ကသိုလ်အား ပညာရပ်ပိုင်းဆိုင်ရာအကူအညီများပေးရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ အမေရိကန်နိုင်ငံမှ Mr Shinme Oh က မြန်မာနိုင်ငံ၏ ပညာတိုးတက်မှုအား ဝမ်းသာကုဏ်ယူကြိုဆိုပါကြောင်းနှင့် ဂျပန် - မြန်မာအကျိုးတူပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ Professor Dr Susumu Ishii က ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံပြီး မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အတွက် လိုအပ်ချက်များ ကူညီဖြည့်ဆည်းလိုပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များ၊ ပါမောက္ခနှင့် အထောက်အကူပစ္စည်းများ၊ ထူးချွန်သူများအား ပညာတော်သင်စေလွှတ်ရေး ဆိုင်ရာနည်းများ အတွက် ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ရေကြောင်းတက္ကသိုလ်အား နိုင်ငံခြားအဖွဲ့အစည်းများက ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆက်သွယ်ညှိနှိုင်းခြင်း၊ ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ခြင်း၊ ဘာသာရပ်ဆိုင်ရာပညာရှင်များအား စေလွှတ်၍ ဆရာ၊ ဆရာမများနှင့် ဆွေးနွေးပို့ချခြင်း၊ ကျောင်းသားများအား Special Lecture များ ပို့ချခြင်းပြုလုပ်ခဲ့ကြသည်။ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း 42nd International Boat Show သို့ တက်ရောက်ရန် ဖိတ်ခေါ်ခဲ့ရာ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) အား တက်ရောက်စေခဲ့သည်။ တိုကျို ရှိ Nihon တက္ကသိုလ်၊ Saitima တက္ကသိုလ်နှင့် တိုကျို ရေကြောင်း ပညာတက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ ပညာရေးညှိနှိုင်းဆောင်ရွက်မှုများ၊ ထူးချွန်ကျောင်းသားများအား ပညာသင်စေလွှတ်နိုင်ရေး၊ နည်းပြဆရာ၊ ဆရာမများအား အဆင့်မြင့်ပညာ သင်ကြားရေးအတွက် စေလွှတ်နိုင်ရေးဆွေးနွေးသဘောတူညီမှုများ ရရှိခဲ့သည်။

၂၀၀၃ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့၌ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ဂျပန်- မြန်မာအကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဒုတိယဥက္ကဋ္ဌ Professor Dr Kengi Hotta (Professor of Oceanic Architecture and Engineering Depts College of Science and Technology, Nihon University, Japan) သည် Technology for Ocean and Coastal Space Utilization ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချမှုကို ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲအပြီးတွင် ဂျပန် မြန်မာချစ်ကြည်ရေးအသင်းက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ ကျပ်ငွေ ၇ သိန်း လှူဒါန်းခဲ့သည်။ ယခင်က ကျပ်ငွေ (၁၀) သိန်း လှူဒါန်းခဲ့ပြီးဖြစ်သည်။ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများက ထူးချွန်ကျောင်းသားများအား ဆုများချီးမြှင့်မည့် အစီအစဉ်များလည်း ကမ်းလှမ်းထားပါသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သည် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် (အကြိုးတန်း) အား ၂၀၀၂ ခုနှစ်၊ သြဂုတ်လ (၁) ရက်နေ့၊ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့တွင် အငယ်တန်းမောင်သစ်လွင်ကြိုဆိုပွဲများ ပြုလုပ်၍ နိုင်ငံတော်အကြိုးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ သင်ကြားပို့ချပေးလျက် ရှိသကဲ့သို့ ကမ္ဘာ့ရေကြောင်းဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာ ရေကြောင်းတက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပညာရေးဆိုင်ရာ ဆွေးနွေးမှုများ၊ နိုင်ငံတကာအဆင့်မီသင်ကြားပို့ချမှုများဖြင့် လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်စွာ ဝင်ရောက်အမှုထမ်းဆောင်နိုင်သည့် အထိ သင်ကြားပို့ချပေးလျက်ရှိပါကြောင်း တင်ပြရေးသားလိုက်ရပေသည်။

(မောင်ကြင်နာ)

ရန်ကုန်ပန်းချီပန်းပုကျောင်း ရွှေရတုအထိမ်းအမှတ် ပန်းချီပန်းပုပြပွဲ

ရွှေရတုပန်းချီပန်းပုဖွင့်ပွဲအခမ်းအနားတွင် တွေ့ရသောပန်းချီပန်းပုပညာရှင်များ

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိသည်။ လွတ်လပ်သော နိုင်ငံ၏ဂုဏ်အင်္ဂါနှင့် အညီ ဝန်ကြီးဌာနအသီးသီးကို ဖွဲ့စည်းထူထောင်ရာ၌ ယဉ်ကျေးမှုဝန်ကြီးဌာနသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာနကို ၁၉၅၂ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ပြီးသည့်နောက် ထိုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ပန်းချီပန်းပုကျောင်းကို ဖွင့်လှစ်သည်။

ပန်းချီပန်းပုကျောင်းကို ဘုရားလမ်း ဂျူဗလီဟော ဝင်းအတွင်းတွင် ဖွင့်လှစ်ပြီး များမကြာမီ ပန်တျာကျောင်းကိုပါ ဂျူဗလီဟောဝင်းအတွင်းတွင် ဖွင့်လှစ်သည်။ ပထမဦးဆုံး ပန်းချီပန်းပုကျောင်းအုပ်မှာ "ရေမင်းသားဆရာဆောင်" ဖြစ်ပြီး ခန့်အပ်စာရရှိသည့်နေ့မှာပင် ဆရာဆောင် ကွယ်လွန်ခဲ့ရာ "ဦးခင်မောင်" ကို ကျောင်းအုပ်ကြီးအဖြစ် ဆက်လက်ခန့်အပ်သည်။ ထိုစဉ်အခါက နည်းပြဆရာများမှာ ဦးမြတ်ကျော်၊ ဦးသိန်းဟန်နှင့် ဦးအမ်တင်အေးတို့ ဖြစ်ကြပြီး ပန်းပုနည်းပြဆရာများအဖြစ် ဦးဟန်တင်နှင့် ဦးစံဖေတို့ကို ခန့်အပ်သည်။ ပန်းချီပန်းပုကျောင်းမှာ ၃ နှစ်သင်တန်းဖြစ်ပြီး ကျောင်းအုပ်ကြီး ဦးခင်မောင်၏ လက်ထက်တွင် ကျောင်းဆင်းလက်ရာပြပွဲတစ်ပွဲ ကျင်းပကြောင်းကို မှတ်သားရဖူးသည်။

၁၉၆၂ ခုနှစ်တွင် ပန်းချီပန်းပုကျောင်းကို တက္ကသိုလ်ရိပ်သာလမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ ကျောင်းအုပ်ကြီး ဦးခင်မောင် အနားယူသွားသဖြင့် ဆရာဦးမြတ်ကျော်က ကျောင်းအုပ်ကြီးတာဝန်ကို ဆက်လက် ထမ်းဆောင်သည်။ ပန်းချီနည်းပြအဖြစ် ဦးလွန်းကြွယ်ကို ဖြည့်စွက်ခန့်အပ်ပြီး ပန်းပုနည်းပြအဖြစ် ဦးအောင်သွင်ကို ဖြည့်စွက်ခန့်အပ်သည်။ ထိုအချိန်တွင် ပန်းပုနည်းပြ ဦးစံဖေသည် နုတ်ထွက်သွားပြီးဖြစ်သည်။ ကျောင်းအုပ်ကြီး ဦးမြတ်ကျော်၏ လက်ထက်တွင် ကျောင်းဆင်းလက်ရာပြပွဲတစ်ကြိမ် ကျင်းပသည်ကို တွေ့ရဖူးသည်။

၁၉၆၄ ခုနှစ်တွင် ပန်းချီပန်းပုကျောင်းကို ဗဟန်း အမှတ် (၈) ကိုယ့်မင်းကိုယ့်ချင်းလမ်းသို့ ပြောင်းရွှေ့ ဖွင့်လှစ်သည်။ ထိုအတောအတွင်း ကျောင်းအုပ်ကြီး ဦးမြတ်ကျော် ကွယ်လွန်ခဲ့ပြန်ရာ

ဦးလွန်းကြွယ်နှင့် ဦးသုခတို့က ကျောင်းအုပ်တာဝန်များကို ဆက်လက်ထမ်းဆောင်ကြသည်။

၁၉၇၈ - ၇၉ ခုနှစ်တွင် ဦးအမ်တင်အေးက ကျောင်းအုပ်အဖြစ် တာဝန်ယူဆောင်ရွက်သည်။ ညနေပိုင်းသင်တန်းများကို အရှိန်မပျက် ဆက်လက်ပို့ချပေးသည်။ ကျောင်းဆင်းလက်ရာပြပွဲများကိုလည်း မှန်မှန်ကျင်းပပေးသည်ကို တွေ့ရသည်။ ၁၉၈၁ ခုနှစ်တွင် ဦးအမ်တင်အေး အနားယူသွားပြီးသည့်နောက် ၁၉၈၂ ခုနှစ်တွင် ဦးသန့်စင်က ကျောင်းအုပ်အဖြစ် ဆောင်ရွက်သည်။

၁၉၈၂ ခုနှစ်နောက်ပိုင်း ထူးခြားချက်တစ်ရပ်မှာ ရှေးရိုးမြန်မာပန်းချီကို တိုးချဲ့သင်ကြားပေးခြင်းဖြစ်သည်။ ရှေးယခင်က ပန်းချီပန်းပုကျောင်းတွင် အနောက်တိုင်းနည်းကိုသာ ဦးစားပေးပြီး သင်ကြားခဲ့သည်။ ခေတ်အဆက်ဆက် ရှေးရိုးမြန်မာပန်းချီနှင့် အဆက်ပြတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပန်းချီပညာသည် ပုဂံခေတ်ကတည်းက စတင်ထွန်းကားခဲ့ပြီး မြန်မာတို့၏ရိုးရာအနုပညာတွင် ပန်းချီလည်းတစ်ခု အပါအဝင်ဖြစ်သည်။ ပုဂံခေတ် (၁၁ မှ ၁၃)ရာစုအတွင်း နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးများအဘက်ဘက်မှ ထွန်းကားလာသည့်နည်းတူ ပန်းချီပန်းပုပညာသည်လည်း အထွတ်အထိပ်သို့ရောက်ရှိခဲ့သည်။ ပုဂံပျက်သုဉ်းပြီးနောက် အင်းဝခေတ်တွင် ဆက်လက်ထွန်းကားလာခဲ့ပြီး တောင်ငူခေတ်တွင်မူ ပန်းချီပညာထွန်းကားသင့်သလောက် မထွန်းကားဟု ပညာရှင်များက ယူဆကြသည်။

ကုန်းဘောင်ခေတ်တွင် မြန်မာပန်းချီပညာပြန်လည်ရှင်သန်ဖွံ့ဖြိုးလာခဲ့ပြီး နန်းတွင်းပန်းချီ အစုအစည်းနှင့် မှတ်တမ်းတင်လုပ်ငန်းများလည်း ပေါ်ထွက်လာသည်။ ပုရပိုက်ပန်းချီများလည်း အရှိန်ရလာသည်။ ထိုသို့ အရှိန်ရပြီး အားကောင်းနေဆဲ ၁၈၈၆ ခုနှစ်တွင် နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့လေရာ မြန်မာ့ရိုးရာပန်းချီပန်းပုပညာရပ်များ ရှင်သန်ခွင့်မရတော့ပေ။ ရိုးရာပညာရပ်များ တစ်စတစ်စပျောက်ကွယ်လာခဲ့ရာ ရှေးရိုးမြန်မာပန်းချီကဏ္ဍာသည်လည်း မှေးမှိန်လာခဲ့ပေသည်။

ထိုသို့ မှေးမှိန်ပျောက်ကွယ်လာသည်ကို သိမြင်လာကြသည့်အတွက် ရှေးရိုးမြန်မာပန်းချီ ပြန်လည်ထွန်းကားရေးကို နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းအားထုတ်လာကြသည်ကို တွေ့ရပေသည်။ ထိုသို့ ကြိုးပမ်းအားထုတ်ကြရာ၌ ပန်းချီပန်းပုကျောင်းများ၌ ရှေးရိုးမြန်မာပန်းချီသင်ကြားရေးသည် တစ်ခန်း တစ်ကဏ္ဍအဖြစ် ပါဝင်ပေသည်။ ၁၉၈၂ ခုနှစ် နောက်ပိုင်းမှစ၍ ပန်းချီပန်းပုကျောင်း ဒုတိယနှင့် တတိယနှစ်သင်တန်းများတွင် ရှေးရိုးမြန်မာပန်းချီ သင်ကြားပို့ချရေးကို သင်ရိုးညွှန်းတမ်း မာတိကာများ ရေးဆွဲပြီး စီစဉ်ဆောင်ရွက်ခဲ့သည်။

ပန်းချီပန်းပုကျောင်း၏ ပထမဦးဆုံး ရှေးရိုးမြန်မာပန်းချီနည်းပြဆရာမှာ " ဦးဆေးရိုး" ဖြစ်သည်။ ဦးဆေးရိုး ကွယ်လွန်သည့်အခါ ဆရာဦးသန်းကြွယ်က နည်းပြဆရာအဖြစ် ဆက်လက်ဆောင်ရွက်သည်ကို တွေ့ရသည်။ ကျောင်းဆင်းလက်ရာပြပွဲများတွင် ရှေးရိုးမြန်မာပန်းချီကို ကဏ္ဍာတစ်ရပ်အဖြစ် တွေ့မြင်ရသည်မှာ အားရကြည်နူးဖွယ် ဖြစ်သည်။

ဦးသန့်စင် ပြောင်းရွှေ့သွားပြီးသည့်နောက် ဦးစိုးတင့် (ပန်းပု) သည် ကျောင်းအုပ်ဖြစ်လာခဲ့ပြီး ဦးစိုးတင့် ပြောင်းရွှေ့သွားသည့်အခါ ဦးအောင်မြင့်က ကျောင်းအုပ်တာဝန်ကို ဆက်လက်ထမ်းဆောင်သည်။ ၁၉၉၇ - ၉၈ ခုနှစ်တွင် ဦးကျော်အုန်းက ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူသည်ကို တွေ့ရသည်။

၂၀၀၂ ခုနှစ်အထိ နှစ်ပေါင်း (၅၀) ခန့်အတွင်း ပန်းချီပန်းပုပညာရှင်ပေါင်း (၄၀၀၀) ကျော်ကို ရန်ကုန် ပန်းချီပန်းပုကျောင်းမှ မွေးထုတ်နိုင်ခဲ့ပြီး ကျောင်းဆင်းလက်ရာပြပွဲများကိုလည်း မှန်မှန်ခင်းကျင်း ပြသနိုင်ခဲ့ပေသည်။ ပြည်ထောင်စု၊ လွတ်လပ်ရေး၊ တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့၊ အမျိုးသားနေ့ စသည့်နေ့ကြီးရက်ကြီးများနှင့် လှေပွဲ၊ ဆင်ခင်း၊ မြင်းခင်း အားကစားပွဲတော်စသည့်ပွဲလမ်းသဘင်များတွင်လည်း ပန်းချီပန်းပုကျောင်းအနေဖြင့် ကျရာအခန်းမှ တာဝန်ယူလုပ်ဆောင်ခဲ့ရာ နည်းပြဆရာများနှင့် ကျောင်းသားကျောင်းသူတို့၏ လက်ရာများ အများအပြား ပါဝင်ခဲ့ပေသည်။ ယနေ့ အနုပညာလောကတွင် ထင်ပေါ်ကျော်ကြားနေကြသူများ၊ ပညာရှင်များနှင့် အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေကြသူများတွင် ပန်းချီပန်းပုကျောင်းဆင်းများ အများအပြား ပါဝင်ကြပေသည်။

နှစ်ပေါင်း ၅၀ ခန့်အတွင်း ကျောင်းသားဟောင်းများသည် ဌာနအသီးသီး၊ လုပ်ငန်းအသီးသီးနှင့် နေရပ်အမျိုးမျိုးတွင် ကျင်လည်ကျက်စားလျက်

ရှိကြရာ ကျောင်းသားဟောင်းများကို ပြန်လည်စုစည်းပြီး စနစ်တကျစည်းရုံးလှုပ်ရှားနိုင်ရန်အတွက် မိတ်ဆုံပွဲတစ်ရပ်ကို ရိုးရာပညာရှင်များ အစည်းအရုံး (ဗဟို) က ကြီးမှူး၍ ၂၀၀၂ ခု၊ ဇူလိုင်လ ၁ ရက်နေ့က ရန်ကုန်မြို့ မြေပဒေသာကျွန်းတွင် ကျင်းပခဲ့ပေသည်။ ယင်းမိတ်ဆုံပွဲသို့ ကျောင်းအုပ်ကြီးများ၊၊ ကျောင်းသားဟောင်းများ၊ အငြိမ်းစားများ၊ ကျောင်းသူ ကျောင်းသားများနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပေသည်။ မိတ်ဆုံပွဲ၏ရလဒ်ကား "နှစ်ငါးဆယ်ပြည့် ရွှေရတုသဘင်ကြီး" ပင်ဖြစ်ပေသည်။

ရွှေရတုသဘင်ဖြစ်မြောက်ရေးအတွက် ဥက္ကဋ္ဌ ဦးသောင်းဟန် ဦးဆောင်သောအဖွဲ့ဝင် ၃၆ ဦး ပါဝင်သည့် ပြပွဲကော်မတီက စည်းရုံးလှုပ်ရှားခဲ့ကြရာ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ကြီးတွင် တခမ်းတနား ခင်းကျင်းပြသနိုင်ခဲ့ပေသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်. တက်ရောက်ချီးမြှင့်ပြီး ပန်းချီပန်းပုကျောင်းသို့ ပထမဦးဆုံး သင်တန်းတက်ရောက်ခဲ့သူ ဦးစံရင်၊ ဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် ကျောင်းအုပ် ဦးကျော်အုန်းတို့က ပြပွဲကိုဖဲကြိုးဖြတ်ပြီး ဖွင့်လှစ်ပေးသည်။ ပြပွဲကြိုးဖြစ်မြောက်ရေးအတွက် ကျောင်းသူ ကျောင်းသားဟောင်းများက အားကြိုးမာန်တက်ရေးဆွဲပေးပို့ကြရာ ဆီ ၂၃၈၊ ရေ ၇၈၊ အကလိုင်းလစ် ၁၂၂၊ ဖယောင်း ၅၊ ခဲ ၁၊ ပါတိတ် ၁၊ ရွှေချည်ထိုး ၁၊ ကနုကမာ ၂ နှင့် ပန်းပု ၂၀ ခန့် ဖြစ်သည်။ အရေအတွက်များပြီး လက်ရာစုံသလောက် ပေမိုကိုက်မီ အဆင့်အတန်းမြင့်သည့် လက်ရာများ အများအပြားပါဝင်သည်။

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ့ပန်းချီပန်းပုအနုပညာကို ဤသို့တက်ရောက်ချီးမြှင့်စဉ်

တက်ရောက်ကြသူများတွင် ကျောင်းအုပ်ကြီးများ၊ အငြိမ်းစားများ၊ ဆရာကြီးများ၊ ကျောင်းသူ ကျောင်းသားများ၊ နာယကကြီးများနှင့် ယဉ်ကျေးမှု တက္ကသိုလ်မှ ပါမောက္ခများ၊ ကထိကများနှင့် ပန်းချီပန်းပုကို စိတ်ပါဝင်စားကြသူ အများအပြား ပါဝင်ကြသည်။ ပထမထပ်တွင် နာမည်ကျော် ပန်းချီဆရာကြီးများ ဖြစ်ကြသည့် ဦးဘညာဏ်၊ ဆရာဆောင်၊ ဦးစံဝင်း၊ ဦးမောင်မောင်မြ၊ ဦးဘကြည်၊ ဦးလှရှိန်၊ ဦးမြတ်ကျော်၊ ဦးအမ်တင်အေး၊ ဦးသိန်းဟန်၊ ဦးသုခ

ရန်ကုန်ပန်းချီပန်းပုကျောင်းရွှေရတုအထိမ်းအမှတ်ပန်းချီပန်းပုပြပွဲ

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွှန့် ပြခန်းအတွင်းလှည့်လည်ကြည့်ရှုစဉ်

နှင့် ဦးလွန်းကြွယ်တို့၏ ပုံတူပန်းချီကားကြီးများကို တခမ်းတနား ချိတ်ဆွဲထားရာ အားရကြည်နူးဖွယ် ဖြစ်သည်။

ကွယ်လွန်ကုန်ကြပြီဖြစ်သည့် ဆရာကြီးများ၏ ရေဆေး၊ ဆီဆေးလက်ရာများကို ခက်ခက်ခဲခဲရှာဖွေ စုဆောင်းပြသထားရာ ရှားပါးလက်ရာများဖြစ်သည် နှင့်အမျှ အတုယူဖွယ်ကောင်းသည့် လက်ရာများဟု ဆိုရမည်။ ဆရာကြီး ဦးငွေကိုင်၏ နှစ်ပေါင်း ၃၀ ကျော်က ရေဆေးကားတွင် မြန်မာတို့ဝတ်စားဆင်ယင်ပုံနှင့် ဓလေ့စရိုက်များ ပေါ်လွင်လျက်ရှိသည်။ သီချင်းဆိုနေသူ အမျိုးသမီးနှင့် စောင်းတီးနေသည့် အမျိုးသားမှာ ဝတ်စားဆင်ယင်ပုံ မြန်မာဆန်သဖြင့် လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ခန့်က မြန်မာတို့ဆင်ယင်ထုံးဖွဲ့ပုံကို ပြန်ပြောင်းသတိရစေသည်။

ရေမင်းသား ဆရာဆောင်၊ အမ်တင်အေး၊ ဦးခင်မောင်နှင့် ဦးမောင်မောင်မြတို့က ရေမျှောနည်းဖြင့် ရေးခြယ်ထားပုံမှာ နည်းယူစရာကောင်းလှသည်။ ဘိုကလေးကျော်လှိုင်က တစ်နေရာတည်းကို အချိန်ခွဲပြီး (၂) ပုံ ရေးခြယ်ထားရာ တစ်မျိုးတစ်ဘာသာစီ ကောင်းသည်ဟု ဆိုရမည်။ ဦးတင်အေး (မန္တလေး) ၏ "တောင်ကြီး မီးထွန်းပွဲတော်" သည်လည်း လက်ရာမြောက် ဆီဆေးကားတစ်ချပ် ဖြစ်သည်။ အကြောင်းအရာကား ဖွဲ့စည်းပုံနှင့် အသွေးအရောင်တို့သည်လည်း လူငယ်ပန်းချီဆရာများ လေ့လာဖွယ်ကောင်းပေသည်။

ပန်းချီဆရာအများစုတွင် အမျိုးသမီးပန်းချီဆရာမ ကိုးဦးပါဝင်ပြသရာ ထူးခြားချက်တစ်ရပ်ဟု ဆိုရပေမည်။ ဒေါ်မြင့်ခိုင်၊ ဒေါ်ခင်မိုးပွင့်၊ ဒေါ်စန်းနုယဉ်၊ နော်လဲ့လဲ့အုန်း၊ ဒေါ်ဖြူဖြူဝင်း၊ ဒေါ်မြနှင်းလှိုင်၊ ဒေါ်ခင်သန့်စင်၊ ဒေါ်လဲ့လဲ့ဝင်းနှင့် သမီးမြတ်ကျော်တို့ ပါဝင်ရာ အမျိုးသမီးများ အတုယူဖွယ်ဖြစ်သည်။ ဒေါ်မြင့်ခိုင်သည် ပန်းချီကျောင်းဆင်းဖြစ်ပြီး ဆရာကြီး ဦးငွေကိုင်၏ဆုကို ဆွတ်ခူးခဲ့သူဖြစ်ရာ ရှားပါးသည့်အမျိုးသမီးပန်းချီဆရာမဟု ဆိုရမည်။

ဆရာ ကြည်သိန်း၊ မင်းဝေအောင်၊ ဝသုန်၊ လှဘုန်းအောင်၊ ရွှေသို့ရဲမြင့်၊ မင်းတင်အောင်ထိုက်၊ စိုးမိုးနှင့် ဝင်းမြင့်မိုးတို့၏ လက်ရာများသည် ထူးခြား

သည်။ ပြပွဲတင် ပန်းချီကားများအနက် ဆရာကြည်သိန်း၏ "မင်္ဂလာ" အမည်ရှိ ကားသည်လည်း ထူးခြားသည်။ ရှေးရိုးမြန်မာပန်းချီနည်းကို အခြေခံ၍ ရေးခြယ်ထားပြီး ကျေးတောသူ၏အလှနှင့် လှည်းယဉ်တို့သရုပ်ဖော်ထားရာ ရှားပါးလက်ရာမျိုးတွင် အကျုံးဝင်ပေသည်။ နောက်ခံအဖြူပေါ်တွင် နွား ၂ ကောင် ကနေသည့်လှည်းယဉ်ကလေးကို ကွင်းကွင်းကွက်ကွက်မြင်ရသည်။ ပုသိမ်ထီးဆောင်းပြီး ခြောက်လက်မဆံထောက်ဖါးဖါးတွင် ပန်းများ ဝေနေအောင် ပန်ထားသည့် ကျေးတောသူမကလေး၏ အလှသည်ပေါ်လွင်နေပေသည်။ မြန်မာဆန်သည့် လှည်းအိမ်၊ လှည်းပဒေါင်း၊ တံပိုးကြေးနှင့် နွားများကို ဆင်မြန်းထားပုံတို့မှာလည်း နွဲ့နှောင်းပြီး တင့်တယ်ပြေပြစ်လှပေသည်။ ပြပွဲကြီးတွင် ရွှေတံဆိပ် ၈ ခုရ ပန်းချီကျောင်းသားဟောင်း "သုခုမ အုန်းခင်"၏ လက်ရာအချို့ကိုပါ ပြသထားရာ လူငယ်များအားကျဖွယ်ဖြစ်သည်။

သာမန်ပြပွဲများထက် တစ်မူထူးခြားသည်မှာ ပြပွဲကက်တလောက်ပင် ဖြစ်သည်။ ကြွေရောင်ကတ်ပြားပေါ်တွင် (၇၈) ပုံကို ရောင်စုံပုံနှိပ်ထားသဖြင့် ဝယ်ရကျိုး၊ ကြည့်ရကျိုးနပ်သည်ဟု ဆိုရမည်။ အစဉ်အဆက် လက်ဆင့်ကမ်း ဆောင်ရွက်ခဲ့ကြသည့် ကျောင်းအုပ်ကြီးများ၏ အမည်စာရင်း၊ နည်းပြများ၏ အမည်စာရင်းနှင့် လက်ထောက်များ၏ အမည်စာရင်းတို့ကိုပါ ထည့်သွင်းဖော်ပြထားရာ တစ်သက်တာသိမ်းဆည်းထားရမည့် စာအုပ်မျိုးဖြစ်သည်။ မြန်မာပန်းချီပန်းပု သမိုင်းအတွက် တစ်ထောင့်တစ်နေရာမှ အားထားရမည့် စာအုပ်မျိုးဟု ဆိုရမည်။

ပြပွဲတစ်ပွဲလုံးကို ခြုံကြည့်ပါက ကြည့်တတ်၊ မြင်တတ်၊ ယူတတ်လျှင် ပညာရနိုင်သည့်ပြပွဲမျိုးဟု ဆိုရမည်။ လှုံ့ကြသည်မှာလည်း အားရစရာပင်ဖြစ်သည်။ ဦးကြည်ဝင်းက "ခြသေ့မုခ်ဦး" ဆီဆေးကားတစ်ချပ်ကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေသို့ လှူဒါန်းပြီး ဦးမြဝင်းက ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသို့ "မေမြို့ပန်း" ဆီဆေးကားတစ်ချပ် လှူဒါန်းသည်။ ဦးလှတင်ထွန်းက "မြန်မာ့အလှ" ရေဆေးကားတစ်ချပ်ကို ဗိုလ်ချုပ်ကြီး ခင်ညွှန့်သို့ လှူဒါန်းပြီး ကျောင်းသားဟောင်း ဦးထွန်းဝင်းက " ခရီးတစ်ထောက်" ဆီဆေးကားကို ပြတိုက်မှူး ဒေါ်နုမြစံသို့ လှူဒါန်းသည်။ ပြပွဲကျင်းပရေးကော်မတီက ကျောင်းအုပ်ကြီး ဦးကျော်အုန်းသို့ ပန်းချီကျောင်းသားများ ဆေးပစ္စည်းများဝယ်ရန်နှင့် ခရီးထွက်နိုင်ရန် ငွေ ၇၂၀၀၀/- ပေးအပ်လှူဒါန်းပြန်ရာ မြင်ရတွေ့ရသည်မှာ ကြည်နူးစရာကောင်းသည်နှင့် အမျှ အတုယူစရာကောင်းပေသည်။

ပြပွဲတစ်ခုလုံးကို ခြုံ၍ကြည့်လျှင် နေရာကျဉီးမြောင်းပြီး မီးအားနည်းသည်မှအပ ဆိုဖွယ်ရာမရှိပေ။ ပန်းပုအားနည်းသည်ကိုလည်း ခွင့်လွှတ်ကြရပေမည်။

ဧည့်သည်တော်များက ထင်မြင်ချက်၊ မှတ်ချက်အချို့ကို အလှည့်သင့်သလို ပြောဆိုကြရာ၌ "ဝင်းမြင့်မိုး၏ "ကြိုးပန်းချီ" မျိုးကိုလည်း ကျောင်းတွင် ထည့်သွင်းသင်ကြား ပေးသင့်ကြောင်း" ဗိုလ်မှူးချုပ် ခင်အုန်း (အငြိမ်းစား)က ပြောကြားသွားရာ စဉ်းစားဖွယ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်က "ယနေ့ကျင်းပသော နှစ်ငါးဆယ်ပြည့် ရွှေရတုပန်းချီပန်းပုကျောင်း အထိမ်းအမှတ်ပြပွဲကြီးတွင် ပြသထားသော ပန်းချီလက်ရာများသည် အသွင်အမျိုးမျိုး၊ အယူအဆအမျိုးမျိုး၊ အတွေးအခေါ်အမျိုးမျိုးဖြင့် ပုံဖော်ထားသည်မှာ အလွန်စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ယနေ့ ထင်ပေါ်ကျော်ကြားနေကြသည့် ပန်းချီဆရာကြီးများ၏ လက်ရာများဖြစ်သဖြင့် အလွန်တန်ဖိုးကြီးမားသည်ဟုလည်း ဆိုနိုင်ပါသည်။

မြန်မာပန်းချီဆရာကြီးများ၏ လက်ရာနှင့် အယူအဆ၊ အတွေးအခေါ်အရ ပုံဖော်မှုများမှာ နိုင်ငံတကာအဆင့်မီသည်မှာ အမှန်ဖြစ်ပါသည်။ သို့သော် နိုင်ငံတကာက သိရှိအောင် ကြိုးပမ်းအားထုတ်မှု အားနည်းသေးသောကြောင့် နိုင်ငံတကာတန်းဝင်သင့်လျက် မဝင်နိုင်သေးသည်ကို တွေ့ရပါသည်။ တစ်ယောက်နှစ်ယောက်စ စတင်ဝင်ရောက်နိုင်နေပြီဖြစ်သော်လည်း ပန်းချီကျော်အများစု နိုင်ငံတကာတန်း ဝင်ရောက်နိုင်အောင်ကြိုးစားကြဖို့ တိုက်တွန်းလိုပါသည်။

မြန်မာပန်းချီပညာရှင်ကြီးများ အောင်မြင်မှု အပေါင်းနှင့် ပြည့်စုံကြပါစေ၊ အသက်ရှည်၊ အနာကင်း၊ အနုပညာအမွေ လက်ဆင့်ကမ်း ပေးနိုင်ကြပါစေ"

ဟု မှတ်ချက်ရေးသားခဲ့ရာ ပန်းချီပန်းပု ပညာရှင်များ အထူးစဉ်းစားဖွယ်ဖြစ်သည်ဟု ဆိုရပါမည်။

(ဦးမင်းနိုင်)


မြန်မာ့
စွယ်စုံကျမ်း
နှစ်ချုပ်
...I can th
of readin
elegant vo
The Folio Society's
more enjoyable way
Chandra Sekar
(MCSE)
Prodigies
Supe
Ngu-
uyen
Norb
Ph.D

ရည်ညွှန်းစာအုပ်များနှင့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံ စာအုပ်ထုတ်ဝေမှု ဖြစ်စဉ်အရ ယနေ့ကာလသည် ယခင်ကာလများကထက် စာအုပ်ထွက်ရှိနှုန်း အရှိန်အဟုန်မြင့်တက်၍ သိသိသာသာ တိုးတက်လာသည့် အခါသမယဖြစ်သည်။ ထွက်ပေါ်ခဲ့သည့် စာအုပ်အမျိုးအစားသည်လည်း အထူးပင် စုံလင်လှသည်။ မြန်မာနိုင်ငံ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနမှ ထုတ်ပြန်သည့် စာရင်းအရ ၂၀၀၂ ခုနှစ်အတွက် စာအုပ်ပေါင်း (၈၆၈၃) အုပ် ထွက်ပေါ်ခဲ့ပြီး အများဆုံးထွက်ပေါ်လာသည့် စာအုပ်အမျိုးအစားမှာ သုတစာပေအမျိုးအစား စာရင်းဝင် စာအုပ်များဖြစ်သည်ကို တွေ့ရသည်။

သုတစာပေ အမျိုးအစား များပြားလာသည့် အလျောက် ထိုအမျိုးအစားဝင် ရည်ညွှန်းစာအုပ်များမှာလည်း ပြိုင်တူများပြားလာခဲ့သည်။ တစ်နည်းအားဖြင့် ရည်ညွှန်းစာအုပ်များသည် စာအုပ်ထုတ်ဝေရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အားကောင်းလာခဲ့သည်။

ရည်ညွှန်းစာအုပ်၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က မြန်မာစာပေလောကနှင့် စာပေပညာရှင်များ၏အကျိုးအား သယ်ပိုးလိုသောစေတနာဖြင့် 'မြန်မာ့ရည်ညွှန်းစာအုပ် စာတမ်းဖတ်ပွဲ' ကို ၁၁ - ၁ - ၁၉၈၄ နေ့က ကျင်းပခဲ့ဖူးသည်။ ၎င်းသည် စာပေဗိမာန်အဖွဲ့၏ (၁၇) ကြိမ်မြောက် စာတမ်းဖတ်ပွဲဖြစ်သည်။ စာပေဗိမာန်အဖွဲ့သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ၁၉၆၅ ခုနှစ်မှစပြီး စာပေနှီးနှောဖလှယ်ပွဲများနှင့် စာတမ်းဖတ်ပွဲများကို ကျင်းပပေးခဲ့သည်။ ကလေးစာပေ၊ သိပ္ပံစာပေမှအစ ဝတ္ထုတိုစာတမ်း၊ ခရီးသွားစာပေစာတမ်း၊ ဝတ္ထုရှည်စာတမ်း၊ ကဗျာ၊ စကားပြေစသည်တို့ အပါအဝင် အကြောင်းအရာအမျိုးမျိုးအတွက် စာတမ်းဖတ်ပွဲများကို စာပေတာဝန်တစ်ရပ်အဖြစ် ဖော်ဆောင်ခဲ့သည်။

ထို 'မြန်မာ့ရည်ညွှန်းစာအုပ် စာတမ်းဖတ်ပွဲ' ကျင်းပစဉ် ၁၉၈၄ ကာလကမူ မြန်မာနိုင်ငံ၌ ရည်ညွှန်းစာအုပ်များ ထွက်ရှိမှု နည်းပါးခဲ့သည်ကို မှတ်တမ်းများတွင် တွေ့ရသည်။ အစိုးရအဖွဲ့အစည်း အသီးသီး၏ အချို့ဌာနဆိုင်ရာများမှသာ ရည်ညွှန်းစာအုပ်များကို ထုတ်ဝေခဲ့သည်။ ပုဂ္ဂလိကထုတ်ဝေရေးကဏ္ဍမှ ရည်ညွှန်းစာအုပ်ထုတ်ဝေမှုမှာ အတော်ပင် နည်းပါးခဲ့သည်။ ထိုကွက်လပ်ကို ဖြည့်ဆည်းရန် အတွက်လည်း စာပေဗိမာန်အဖွဲ့က မြန်မာ့ရည်ညွှန်းစာအုပ် စာတမ်းဖတ်ပွဲကို ကျင်းပပေးခဲ့ရခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုစာတမ်းဖတ်ပွဲတွင် စာပေပညာရှင်များဖြစ်ကြသည့် ဦးသော်ကောင်း၊ ဦးမောင်မောင်ညွှန့် (မင်းလှညွှန့်ကြူး) ၊ ဦးကျော်အောင် (ကျော်အောင်)၊ ဒေါ်ကြွန် (မကြွန်)၊ တို့က "ရည်ညွှန်းစာအုပ်ဟူသည်"၊ "ဘာသာစကား ရည်ညွှန်းစာအုပ်များ"၊ "စာပေရည်ညွှန်းစာအုပ်များ"၊ "မှတ်တမ်းမှတ်ရာ ရည်ညွှန်းစာအုပ်များ" စသည့်ခေါင်းစဉ်များဖြင့် ဖတ်ကြားတင်သွင်းခဲ့သည်။

ယခုအခါ၌ ရည်ညွှန်းစာအုပ်များ အများအပြားထွက်ပေါ်လာခြင်းမှာ ထိုစာတမ်းဖတ်ပွဲ၏ ကျေးဇူးကြောင့် ဖြစ်သည်ဟုဆိုနိုင်သည်။

ရည်ညွှန်းစာအုပ်ဟူသည် ပညာရပ်ဆိုင်ရာ ဝေါဟာရတစ်ခုဖြစ်ပြီး အင်္ဂလိပ်ဝေါဟာရ Reference Book ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားသော ဝေါဟာရဖြစ်သည်။ မြန်မာဘာသာအားဖြင့်မူ 'ကိုးကားချက် ရှာဖွေကြည့်ရန်စာအုပ်' ဟု သုံးနှုန်းကြသည်။

ရည်ညွှန်းစာအုပ်သည် သုတစာပေအမျိုးအစားဖြစ်သော်လည်း သုတဆိုင်ရာ စာအုပ်တိုင်း ရည်ညွှန်းစာအုပ်မဟုတ်ပေ။ ရည်ညွှန်းစာအုပ်တွင် သိစရာ၊ မှတ်စရာများ ပါဝင်သည်။ ၎င်းတို့ကို အလွယ်တကူကြည့်ရှုနိုင်အောင် စနစ်တစ်ခုကိုသုံး၍ စီစဉ်ထားသည်။ ထိုစီစဉ်မှုမှာ အက္ခရာစဉ်၊ သက္ကရာဇ်စဉ်၊ ပညာရပ်စဉ်တို့ဖြစ်သည်။ စာအုပ်ပါအကြောင်းအရာက တစ်ဆက်တစ်စပ်တည်းမဟုတ်။ ထို့ကြောင့် စာသားအနည်းအများသည်လည်းမတူ။ သို့သော် တိုတိုတုတ်တုတ်နှင့် လိုရင်းထိထိမိမိဖြစ်အောင် စာအရေးအသားပုံသဏ္ဌာန်ဖြင့် ရေးထားသည်။ ရည်ညွှန်းစာအုပ်ကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကထက် အများစုက ပြုစုရေးသားကြသည်က များသည်။ ပါဝင်သောအချက်အလက်များကလည်း တိကျမှန်ကန်မှုရှိရသည်။

မြန်မာစာပေနှင့် စာကြည့်တိုက်ပညာရှင်များ ကောက်ယူထားသောစာရင်းအရ ရည်ညွှန်းစာအုပ်အမျိုးအစား (၁၀) မျိုးရှိနေသည်ကို မှတ်တမ်းများ



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့ဝင်လူကြီးများ အမှတ်တရ

တွင် တွေ့ရသည်။ ၎င်းတို့မှာ ၁ - စွယ်စုံကျမ်း (Encyclopaedia)၊ ၂ - နှစ်ချုပ် (Yearbook)၊ ၃ - အဘိဓာန် (Dictionaries)၊ ၄- လက်စွဲစာအုပ် (Handbooks)၊ ၅ - လမ်းညွှန်စာအုပ် (Directory)၊ ၆ - အတ္ထုပ္ပတ္တိ အဘိဓာန် (Biographical Dictionaries)၊ ၇- မြေပုံစာအုပ် (Atlases)၊ ၈- ဂေဇက်တီးယား (Gazetteers)၊ ၉- အညွှန်း (Indexes)၊ ၁၀- စာစုစာရင်း (Bibliography) တို့ဖြစ်သည်။

ရည်ညွှန်းစာအုပ် တစ်မျိုးချင်းစီ၏ နယ်ပယ်က ကျယ်ဝန်းလှသည်။ (၁၀) မျိုးစလုံးကို ပေါင်းသော် ကျမ်းတစ်စောင်ပင် ရေးဖွဲ့နိုင်လောက်သည်။ ထို့ပြင် ထို (၁၀) မျိုးစလုံးသည် စာပေရှုထောင့်နှင့် စာကြည့်တိုက်ရှုထောင့်ဟူသော ထောင့် (၂) ခုစလုံးနှင့် သက်ဆိုင်နေသည်လည်းဖြစ်ရာ အထူးဆောင်းပါးတစ်ပုဒ်အနေနှင့် ပြည့်စုံအောင် ရေးသားတင်ပြနိုင်မည် မဟုတ်ချေ။

သို့ဖြစ်သောကြောင့် အဓိကအားပြုတင်ပြလိုသော အကြောင်းအရာသို့ ရောက်ရှိရေးအတွက် အမျိုးအစား (၂) ဖြစ်သည့် နှစ်ချုပ်စာအုပ်များအကြောင်း မိုးမောင်းထိုးတင်ပြမည်ဖြစ်ပါသည်။

သို့သော် နှစ်ချုပ်စာအုပ်အကြောင်း လေ့လာပြီဆိုသောအခါ မြန်မာ့စွယ်စုံကျမ်းဟူသည့် အမျိုးအစား (၁) နှင့် ပတ်သက်သောအကြောင်းအရာကလည်း ကျွဲကူးရေပါသဘောမျိုးဖြင့် တင်ပြရန်က ရှိနေသည်။ မည်သို့ဆိုစေ အမျိုးအစား (၂) နှစ်ချုပ်စာအုပ်အတွက် အမျိုးအစား (၁) စွယ်စုံကျမ်းအကြောင်း ဦးစွာတင်ပြခြင်းကလည်း သင့်လျော်မှန်ကန်လှသည်။ အကြောင်းမူ ထိုအမျိုးအစား (၂) ရပ်စလုံးသည် တဆက်တစပ်တည်းဖြစ်ပြီး မြန်မာ့စွယ်စုံကျမ်းနှင့် နှစ်ချုပ်စာအုပ်များကို စာပေဗိမာန်တစ်ခုတည်းက ခေတ်အဆက်ဆက် ထုတ်ဝေဖြန့်ချိခဲ့ကာ ယနေ့တိုင် ထုတ်ဝေဖြန့်ချိလျက်ရှိသောကြောင့် ဖြစ်သည်။

စွယ်စုံကျမ်းသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝန်း ထုတ်ဝေသောရည်ညွှန်းစာအုပ်မျိုးဖြစ်သည်။ ပညာဗဟုသုတမှန်သမျှ မကျန်ရအောင် ဖော်ပြထားသဖြင့် စွယ်စုံကျမ်းဟုခေါ်သည်။ ပလိနီကြီး၏ (Historia Naturalis) (အေဒီ ၇၇ ခု) ကျမ်းသည် ကမ္ဘာ့အစောဆုံး စွယ်စုံကျမ်းဟု မှတ်တမ်းတင်ကြသည်။ သို့သော် ယခုကဲ့သို့သော ခေတ်မီစွယ်စုံကျမ်း







ရည်ညွှန်းကျမ်းများဖြစ်သော အဘိဓာန်စာအုပ်အမျိုးမျိုးနှင့် စွယ်စုံကျမ်း

သည် ၁၆၃၀ ခု ဆွစ်ဇာလန်နိုင်ငံတွင် ထုတ်ဝေခဲ့သည့် ဂျိုဟန်နရစ်အယ်လ်စတက် ပြုစုခဲ့သောကျမ်းက ပထမဆုံး ခေတ်မီစွယ်စုံကျမ်းဟု ဆိုကြသည်။ တစ်ဦးတစ်ယောက်တည်းက ပြုစုခဲ့သော်လည်း နောက်ပိုင်းတွင် ပညာရှင်အများစုက စုပေါင်း၍ ပြုစုကြသည်။

ဤတွင်လည်း အထွေထွေစွယ်စုံနှင့် ပညာရပ်စွယ်စုံဟူ၍ ၂ မျိုးခွဲကြသည်။ အထွေထွေစွယ်စုံသည် ပညာရပ်စုံ ပါဝင်သော်လည်း ပညာရပ်တစ်ခုစီအတွက် အသေးစိတ်မပါ။ ပညာရပ်စွယ်စုံမှာ ယင်း ပညာရပ်နှင့်ပတ်သက်၍ အစုံလင်ဆုံးဖြစ်သည်။

မြန်မာနိုင်ငံတွင် စာပေဗိမာန်အဖွဲ့ တစ်ခုတည်းကသာ ထုတ်ဝေခဲ့သောမြန်မာ့စွယ်စုံကျမ်းသည် အထွေထွေစွယ်စုံကျမ်း အမျိုးအစားဖြစ်သည်။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (B.T.S) (ယခုစာပေဗိမာန်)သည် မြန်မာ့စွယ်စုံကျမ်းအတွဲ (၁) ကို ၁၉၅၄ ခုနှစ်က စတင်ပုံနှိပ်ထုတ်ဝေခဲ့သည်။ (ခရစ်နှစ် ၂၀၀၄ ခုနှစ်သည် မြန်မာ့စွယ်စုံကျမ်း၏ နှစ် (၅၀) ပြည့် ကာလဖြစ်သည်)၊ အတွဲ (၂) ကို ၁၉၅၅ ခုနှစ်၊ အတွဲ (၃) ကို ၁၉၅၆ ခုနှစ်၊ အတွဲ (၄) ကို ၁၉၅၀ ပြည့်နှစ်၊ အတွဲ (၅) ကို ၁၉၆၁ ခုနှစ်များတွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ အတွဲ (၁) မှ (၅) အထိကို အင်္ဂလန်နိုင်ငံဟေဆယ်ဝပ်ဆင်ဗိုင်းနေးလီမိတက် (Hazell, Watson & Viney Ltd) ပုံနှိပ်တိုက်တွင် ပုံနှိပ်သည်။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၆) ကို (၁၉၆၂) မှစ၍ ပြည်လမ်းရှိ ဆိုရန်တိုဗီလာ အဆောက်အအုံတည်ရှိရာ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ပုံနှိပ်ရာမှ အတွဲ (၇) (၁၉၆၃)၊ အတွဲ (၈) (၁၉၆၃)၊ အတွဲ (၉) (၁၉၆၄)၊ အတွဲ (၁၀) ၁၉၆၆၊ အတွဲ (၁၁) (၁၉၇၀)၊ အတွဲ ၁၂ (၁၉၇၂)၊ အတွဲ ၁၃ (၁၉၇၃)၊ အတွဲ (၁၄) (၁၉၇၄)၊ အတွဲ (၁၅) (၁၉၇၆)၊ အထိ စွယ်စုံကျမ်းများကို ကိုယ့်နိုင်ငံတွင်းမှာပင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

မြန်မာနိုင်ငံတွင် မြန်မာ့စွယ်စုံကျမ်းမပေါ်မီကတည်းက စွယ်စုံကျမ်းသဘောမျိုးဆောင်သည့် ကျမ်းများ ရှိခဲ့သည်။ ကျီးသဲလေးထပ်ဆရာတော်၏ စွယ်စုံကျော်ထင်ကျမ်း၊ မုံရွေးဇေတဝန်ဆရာတော်၏ သမန္တစက္ခုဒီပနီကျမ်း၊ မောင်းထောင်ဆရာတော်၏ အမေးတော်ဖြေ၊ ဦးကျော်ထွန်း (ဓနုဖြူ)၏ ပကိဏ္ဏကဒီပနီကျမ်းတို့သည် စွယ်စုံကျမ်းလမ်းပေါ်တွင် တည်ရှိကြသော စာအုပ်များဖြစ်သည်။

ကမ္ဘာတွင် ထင်ရှားကျော်ကြားခဲ့သော စွယ်စုံကျမ်းများကိုကြည့်လျှင် ဦးစွာပြိတိန်နိုကာစွယ်စုံကျမ်း Encyclopaedia Britannica ကို တွေ့ရသည်။ နှစ်ပေါင်း ၂၁၅ နှစ် တစ်ဆက်တည်းထုတ်ဝေခဲ့ပြီး အတွဲပေါင်း (၃၀) တွင် ဝေါဟာရပေါင်း (၄၃) သန်း ရှိသည်။ အမေရိကားနားစွယ်စုံကျမ်း (Encyclopaedia Americana) တွင် ဝေါဟာရ သန်း (၂၀) ရှိသည်။

အခြားသော ကမ္ဘာ၏ထင်ရှားသောစွယ်စုံကျမ်းများမှာ Coller's Encyclopaedia (၂၄ တွဲ)၊ Encyclopaedia International အတွဲ (၂၀)၊ Funk and Wagnalls New Encyclopaedia (၂၇- တွဲ)၊ Chamber's Encyclopaedia : Elms Fand (၁၅- တွဲ)၊ International Everyman's Encyclopaedia အတွဲ (၂၀) တို့ ဖြစ်သည်။

မြန်မာ့စွယ်စုံကျမ်းတွင်မူ အတွဲ (၁၅) တွဲတွင် က- အက္ခရာမှ အ- အက္ခရာအထိ အကြောင်းရပ်ပေါင်း ၄၄၆၂ ခု ပါရှိသည်။ အက္ခရာဝလိစဉ်သည့် စနစ်ကို အသုံးပြုသည်။ မြန်မာ့စွယ်စုံကျမ်း၏ နောက်ဆုံးအတွဲဖြစ်သော အတွဲ (၁၅) ကို ၁၉၇၆ ခုနှစ်တွင် ထုတ်ဝေပြီးသောအခါ မြန်မာ့စွယ်စုံကျမ်းများ အမြဲခေတ်မီနေစေရန် စွယ်စုံကျမ်း၏အဖြည့်ကျမ်းများအဖြစ် မြန်မာ့စွယ်စုံကျမ်း၊ နှစ်ချုပ်စာအုပ်ကို စာပေဗိမာန်မှ ၁၉၇၈ ခုနှစ်မှစ၍ ထုတ်ဝေခဲ့သည်။ စွယ်စုံကျမ်း၏ ပြဋ္ဌာန်းချက်အရ အကြောင်းအရာ ပညာရပ်မှန်သမျှ စွယ်စုံပါရှိရန် လိုအပ်သဖြင့် နောက်ပိုင်းအဖြစ်အပျက်များကိုလည်း ချန်လှပ်ထားရန် မဖြစ်ပေ။ ထို့ကြောင့် တစ်နှစ်တာကာလအတွင်း ထင်ရှားသည့်အဖြစ်အပျက်များ၊ တိုးပွားလာသည့် ပညာရပ်များ၊ ကျော်ကြားထင်ရှားလာသည့် လူပုဂ္ဂိုလ်အတ္ထုပ္ပတ္တိများအကြောင်းကို ဖော်ပြရဦးမည် ဖြစ်သည်။ ဤသို့ဖြင့် တစ်နှစ်တစ်ကြိမ်ထုတ်ဝေသော စွယ်စုံနှစ်ချုပ်စာအုပ်များ ပေါ်ပေါက်လာခဲ့သည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်သည် ကမ္ဘာကျော်ပြိတိန်နိုကာစွယ်စုံကျမ်း၏ စွယ်စုံနှစ်ချုပ်ဖြစ်သော Britinica Book of the Year နှင့် ဆင်တူသည်။ လက်ငင်းအဖြစ်အပျက် အကြောင်းအရာများကို စုစည်းထားပုံခြင်းတူညီသည်။ ဤနေရာတွင် Almanac သည်လည်း စွယ်စုံနှစ်ချုပ် စာအုပ်ဖြစ်သဖြင့် Yearbookနှင့် မှားယွင်းတတ်သောသဘော ရှိသည်။ Almanac သည် တစ်နှစ်အတွင်း ဖြစ်ရပ်များကို အဓိကမထားဘဲ အချက်အလက်ပေါင်းစုံကို ရှာဖွေရန် တစ်နှစ်တစ်ကြိမ် ထုတ်ဝေသောစာအုပ်မျိုး ဖြစ်သည်။ Almanac နှင့်ပတ်သက်၍ Information Please Almanac၊ Reader's Digest Almanac၊ Whita Ken's Almanac The World Almanac and Book of Facts တို့က ထင်ရှားသည်။ မြန်မာနိုင်ငံတွင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ဦးစီးထုတ်ဝေသော Facts about Myanmar သည် Almanac စာအုပ်အမျိုးအစားဖြစ်သည်။

စာပေဗိမာန်မှ ထုတ်ဝေလျက်ရှိသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များသည် Yearbook စာရင်းဝင်နှစ်ချုပ်စာအုပ် ဖြစ်သည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်ကို စတင်ထုတ်ဝေခဲ့သော ပထမဆုံးနှစ် (၁၉၇၈) က စာအုပ်၏ပထမစာမျက်နှာတွင် ကျမ်းဦးစကား၌ အောက်ပါအတိုင်း တွေ့ရသည်။

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်ကပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် (၁၅) တွဲပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပါပြီ။ ယင်းသို့ အတွဲပြည့်ပုံနှိပ်ထုတ်ဝေပြီးရုံဖြင့် စာပေဗိမာန်သည် တာဝန်ကျေပြီဟု မယူဆခဲ့ပါ။ စာပေဗိမာန်သည် တစ်နှစ်အတွင်း မြန်မာ့စွယ်စုံကျမ်းတွဲ (၁၅) တွဲလုံး ထုတ်ဝေနိုင်သည်ကား မဟုတ်ပါ။ မည်သည့်နိုင်ငံတွင်မျှ စွယ်စုံကျမ်းအတွဲစုံကို တစ်နှစ်နှင့်အပြီး ထုတ်ဝေနိုင်ခဲ့ရိုး မရှိပါ။ နောက်ဆုံးအတွဲကို ထုတ်ဝေပြီးတိုင်း မိမိတို့ထုတ်ဝေခဲ့သော စွယ်စုံကျမ်းကို အစဉ်အမြဲခေတ်မီစေရန်၊ နှစ်စဉ်လိုပင် နှစ်ချုပ်ကျမ်းများကို မပြတ်ဆက်၍ ပုံနှိပ်ထုတ်ဝေခဲ့ကြရသည်သာ ဖြစ်ပါသည်။ ၁၉၇၆ ခုနှစ်က အဖြစ်အပျက်သည် ၁၉၇၇ ခုနှစ်တွင် မတူတော့ပါချေ။ နိုင်ငံတကာ၏ အဖြစ်အပျက်ကိုပင် ကြည့်ပါ။ ၁၉၇၆ ခုနှစ်တွင် အုပ်ချုပ်ခံနယ်မြေတစ်ခုသည် ၁၉၇၇ ခုနှစ်တွင် လွတ်လပ်ရေးရသော သမ္မတနိုင်ငံ ဖြစ်လာသည်လည်း ရှိ၏။ နယ်မြေအမည်ပါပျောက်၍ အခြားနယ်မြေနှင့်ပေါင်းသွားသည်လည်း ရှိ၏။ အမည်သစ်ပြောင်း၍သွားသည်လည်း ရှိ၏။ စွယ်စုံကျမ်းပါ ပုဂ္ဂိုလ်တို့အနက် အချို့ကွယ်လွန်သွားသည်လည်း ရှိ၏။ ရာထူးမှကျသွားသည်လည်း ရှိ၏။ တက်သွားသည်လည်း ရှိ၏။

တိုးတက်လျက်ရှိသော သိပ္ပံပညာတိုထွင်မှုများလည်း ရှိ၏။ ယင်းသို့သော အပြောင်းအလဲများကို စွယ်စုံကျမ်းပြုစုထုတ်ဝေသူတို့သည် လျစ်လျူရှုထား၍ မဖြစ်ပါ။ စွယ်စုံကျမ်းဖတ်ပရိသတ်အား နောက်ဆုံးအခြေအနေအထိ သိမြင်ဖတ်ရှုနိုင်ရန် တင်ပြရမည်မှာ စွယ်စုံကျမ်းထုတ်ဝေသူတို့ တာဝန်ဖြစ်သည်ဟု ယူဆသည့်အတိုင်း ဗြိတိန်နိကာစွယ်စုံကျမ်းထုတ်ဝေရေးတိုက်သည် ဗြိတိန်နိကာ စွယ်စုံနှစ်ချုပ်ကိုလည်းကောင်း၊ ကမ္ဘာ့စွယ်စုံကျမ်း ထုတ်ဝေရေးတိုက်သည် ကမ္ဘာ့စွယ်စုံကျမ်းနှစ်ချုပ်ကို လည်းကောင်း၊ ထိုမှတစ်ပါး အခြားအခြားစွယ်စုံကျမ်းထုတ် တိုက်ကြီးများသည် စွယ်စုံနှစ်ချုပ် အသီးသီးကိုလည်းကောင်း ပြုစု ပုံနှိပ်ထုတ်ဝေလေ့ရှိပါသည်။ ထို့အတူပင် မြန်မာ့ဝမ်းမြောက်ရပါသည်။ ယင်းသို့ ပြုစုထုတ်ဝေရာ၌ ကူညီကြသူတို့အားလည်း အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

အထက်ပါ ကျမ်းဦးစကားကိုကြည့်လျှင်ပင် စွယ်စုံကျမ်းနှင့်စွယ်စုံနှစ်ချုပ်၏ သဘောသဘာဝကို နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။

ဤနေရာ၌ စာပေဗိမာန်၏ အကြောင်းချင်းရာကို ထပ်မံဖော်ပြရန် လိုအပ်ပါသည်။ စာပေဗိမာန်သည် မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားရှင်သန်လာခဲ့သော အဖွဲ့အစည်းကြီးဖြစ်သည်။ ထိုစဉ်အခါ နိုင်ငံတော်၏ဝန်ကြီးချုပ်ဖြစ်သူက မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံရပ်ခြားမှစာပေလက်ရာများအား လေ့လာသိရှိနိုင်ရေးအတွက်



ရည်ညွှန်းကျမ်းမျိုးဝင်စွယ်စုံကျမ်း စာအုပ်အမျိုးမျိုး

စွယ်စုံကျမ်း ပုံနှိပ်ထုတ်ဝေသော စာပေဗိမာန်သည် မြန်မာ့စွယ်စုံကျမ်းများနောက်ဆုံးတွဲထုတ်ဝေပြီးသည်နှင့် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ကို ပုံနှိပ်ထုတ်ဝေရန် ကြိုးပမ်းခဲ့ပါသည်။ ယခု မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၇၈) ကို စာပေပညာရှင်များ၏ အကူအညီဖြင့် ပြုစုထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်ကများစွာ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကို ၂၆-စ-၁၉၄၇ တွင် ဖွဲ့စည်းတည်ထောင်ပြီး၊ ပုံနှိပ်ခြင်းနှင့် စာအုပ်ထုတ်ဝေခြင်းလုပ်ငန်းများကို လုပ်ကိုင်စေခဲ့သည်။ နောင်တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းမှ စာပေဗိမာန်ဟူ၍ အမည်ပြောင်းလဲခဲ့သည်။ ထိုစာပေဗိမာန်မှနေ၍ မြန်မာ့စွယ်စုံကျမ်း

ရည်ညွှန်းစာအုပ်အမျိုးအစားတစ်ရပ်ဖြစ်သော လမ်းညွှန်စာအုပ်

များထုတ်ဝေရန် ဝန်ကြီးချုပ်က လမ်းညွှန်ခဲ့သည်နှင့် အညီ ယခုကဲ့သို့ မြန်မာ့စွယ်စုံကျမ်းများ ပြီးမြောက်အောင် ထုတ်ဝေနိုင်ခဲ့ခြင်းနှင့် စွယ်စုံနှစ်ချုပ်များ အဆက်မပြတ်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ယခုဆိုလျှင် စာပေဗိမာန်၏သက်တမ်း နှစ် (၅၀) ကျော်ခဲ့ပြီဖြစ်သကဲ့သို့ စွယ်စုံကျမ်း၏သက်တမ်းသည်လည်း နှစ် (၅၀) ပြည့်တော့မည်ဖြစ်သည်။

ဤတွင် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်၏ အခန်းကဏ္ဍကလည်း (၂၅) နှစ်ကာလထဲသို့ ရောက်ရှိလာတော့မည်ဖြစ်သည်။ ၁၉၇၈ နှစ်မှစ၍ တစ်နှစ်တစ်အုပ်နှုန်းနှင့် နှစ်မခြားစေဘဲ ထုတ်ဝေနိုင်ခဲ့ပြီး ယခုနှစ် ၂၀၀၃ နှစ်အတွက် ထုတ်ဝေပြီးလျှင် စွယ်စုံနှစ်ချုပ်သည် ၂၆ နှစ်တိုင်၍ ၂၆ အုပ်မြောက်ရှိပြီဖြစ်သည်။

စင်စစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တစ်အုပ်ပုံမှန်ထွက်ရှိနိုင်ရေးကိစ္စကား စွယ်စုံနှစ်ချုပ်စာတည်းအဖွဲ့ဝင်တို့၏ အဓိကတာဝန်ဖြစ်သည်။ မိမိတို့၏လုပ်ငန်းဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးအမှုဆောင်ပြုသော ဌာနဆိုင်ရာအကြီးအကဲများ၏ လမ်းညွှန်မှုများကို ခံယူရသည်။ အကြီးအကဲများကရွေးချယ်ဖွဲ့စည်းပေးသော မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့မှ စာပေပညာရှင်များ၏ ဦးဆောင်မှုကို ခံယူရသည်။ စွယ်စုံကျမ်းဟူသည် သာမန်စာအုပ်မဟုတ်ပေ။ ထို့ပြင် နိုင်ငံတော်ကို ကိုယ်စားပြု၍ တစ်ခုတည်းသောစာအုပ်အဖြစ် ထုတ်ဝေရခြင်းဖြစ်သည်။ ထို့ကြောင့် ယခင်ကာလများကကဲ့သို့ ပြင်ပစာပေပညာရှင်များ၏ အကူအညီကို ရယူခဲ့သည်။

ယနေ့ ထွက်ပေါ်နေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များကိုကြည့်လျှင် အပိုင်း (၃) ပိုင်းခွဲ၍ ရေးသားဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ အပိုင်း (၁) သည် ထုတ်ဝေသောခုနှစ်၏

ရှေ့တစ်နှစ် (ဥပမာ ၂၀၀၂ တွင် ထုတ်ဝေပါက ၂၀၀၁ ခုနှစ်မှ ဖြစ်ရပ်) ၏ ဖြစ်ရပ်များကို ဖော်ပြသည်။ ထိုသို့ ဖော်ပြရာတွင် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်အလိုက် ရက်စွဲများဖြင့် မှတ်တမ်းတင်ဖော်ပြထားသည်။ အပိုင်း (၂) သည် နှစ်ချုပ်အထူးဆောင်းပါးများကို ဖော်ပြထားသည်။ အကြောင်းအရာများကို စာတည်းအဖွဲ့မှ ရွေးချယ်ရသည်။ အကြောင်းအရာ ရသောအခါ မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့ကို တင်ပြရသည်။ စီစဉ်ရေးအဖွဲ့မှ ဆုံးဖြတ်ချက်ချမှုအပေါ်တွင် အကြောင်းအရာအား ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းများကို ပြုလုပ်ရသည်။ ထိုအကြောင်းအရာ၏ နယ်ပယ်တွင် ကျွမ်းကျင်သော စာပေပညာရှင်အား စာမူအပ်နှံရသည်။ ၁၉၇၈ မှ ၂၀၀၂ အထိ ထွက်ပေါ်ခဲ့သော စွယ်စုံကျမ်းနှစ်ချုပ်မှ ဆောင်းပါးပေါင်း (၂၁၀) ကို ထည့်သွင်းဖော်ပြပေးခဲ့ပြီဖြစ်သည်။

အပိုင်း (၃) သည် မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထား၍ ရေးသားတင်ပြထားမှုများဖြစ်သည်။ ဤတွင် ကမ္ဘာနှင့်မြန်မာမှ သတ်မှတ်ထားသော အထိမ်းအမှတ်နေ့များ၊ ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ (လူပုဂ္ဂိုလ်နှင့် ရဟန်းပုဂ္ဂိုလ်)၊ နိုင်ငံတွင်း အသစ်ဖွင့်လှစ်ထားသော တံတား၊ ဆည်မြောင်း၊ တာတမံ၊ ဌာနများနှင့် အခြားနိုင်ငံများတွင် ထင်ရှားကျော်ကြားခဲ့သော အကြောင်းအရာများကို ထည့်သွင်းဖော်ပြထားသည်။

နှစ်ချုပ်စာအုပ်၏ နောက်ဆုံးစာမျက်နှာများတွင်မူ နှစ်ချုပ်စာအုပ်၏သဘောသဘာဝအတိုင်း အကြောင်းရပ်များကို တစ်ပုဒ်ချင်းလေ့လာဖတ်ရှုနိုင်ရန်အပြင် ရည်ညွှန်းကိုးကားဖွယ်အကြောင်းများကို လွယ်လင့်တကူ အလျင်အမြန်ရှာဖွေနိုင်ရန်အတွက် အကွက်ရာစဉ်အညွှန်းများကို ထည့်သွင်းပေးထားသည်။

ကမ္ဘာတွင် ထွက်ပေါ်နေသော စွယ်စုံနှစ်ချုပ်စာအုပ်များကို လေ့လာလျှင် အကြမ်းအားဖြင့် (၃) မျိုးရှိသည်ဟု ပညာရှင်များက ရေးသားကြသည်။ စွယ်စုံကျမ်းကမ္ဘာ့ကျမ်းများက ထုတ်ဝေသောစွယ်စုံနှစ်ချုပ်၊ သီးသန့်ထုတ်ဝေသည့် အထွေထွေနှစ်ချုပ်နှင့် ပညာရပ်နှစ်ချုပ်ဟူ၍ဖြစ်သည်။ မြန်မာနိုင်ငံစာပေဗိမာန်မှ ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်သည် အထက်ပါ ၃ မျိုးစလုံးနှင့် အကျုံးဝင်သည်ဟု ဆိုနိုင်သည်။ ပုဂ္ဂလိကစာအုပ်ထုတ်ဝေသူများမှလည်း သီးသန့်ထုတ်ဝေသည့် စွယ်စုံနှစ်ချုပ်သဘောမျိုး စာအုပ်များကို ထုတ်ဝေကြသည်။ ဥပမာ နွယ်နီမဂ္ဂဇင်းအယ်ဒီတာအဖွဲ့က ထုတ်ဝေခဲ့သော အာရှနှစ်ချုပ်ဟူသည့် စာအုပ်မျိုးဖြစ်သည်။

မည်သို့ဆိုစေ ရည်ညွှန်းစာပေဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ စွယ်စုံကျမ်းနှင့်စွယ်စုံနှစ်ချုပ် စာအုပ်များသာ ဖွံ့ဖြိုးတိုးတက်ရုံမဟုတ်ပေ။ ရည်ညွှန်းစာအုပ် အမျိုးအစားဝင် အခြားစာအုပ်များလည်း တစ်ပြိုင်နက်ထွက်ပေါ်နေပါမှ ရည်ညွှန်းစာပေ ဖွံ့ဖြိုးတိုးတက်ရာသည်။

မြန်မာနိုင်ငံ၏ စာပေလောကသည် ထိုလက္ခဏာရပ်များနှင့် ပြည့်စုံညီညွတ်နေသည်ဟု ဆိုနိုင်ပါသည်။ သာလွန်အဘိဓာန်၊ ရှေ့ဆောင်အဘိဓာန်၊ မြန်မာစာအဖွဲ့ အဘိဓာန်၊ မန္တလေးအဘိဓာန်ဟူသော စာအုပ်များထွက်ပေါ်နေသကဲ့သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ဝေသော ခရီးသွားလက်စွဲစာအုပ်များ၊ ပုဂံ၊ ကျိုက်ထီးရိုး၊ အင်းလေးသွား လက်စွဲစာအုပ်များ ထွက်ရှိနေလေသည်။ ဤသို့ပင် မန္တလေးလမ်းညွှန်၊ ရန်ကုန်လမ်းညွှန်၊ ပညာရေးလမ်းညွှန်ဟူသော စာအုပ်များ ထွက်ရှိနေသကဲ့သို့ မောင်ဇေယျာ၏ မြန်မာလူကျော်(၁၀၀)၊ မောင်သုတ (သခင်ဘသောင်း)၊ စာဆိုတော်များ အတ္ထုပ္ပတ္တိစာအုပ်များသည် အတ္ထုပ္ပတ္တိအဘိဓာန်သဘောမျိုးထွက်ပေါ်လာခဲ့သည်။ ဤသို့လျှင် ဇေဇက်တီးယားဟုခေါ်သော ပထဝီဝင်အဘိဓာန်စာအုပ်များ (ဥပမာ နိုင်ငံရေးပထဝီဝင်)၊ အညွှန်းစာအုပ်များ (မလိခ၏ ပျို့အညွှန်း၊ ဝတ္ထုတိုအညွှန်း) နှင့် စာစုစာရင်း (စာကြည့်တိုက်သုံး ဘွဲ့ယူစာတမ်း) များလည်း ပေါ်ထွက်လာခဲ့သည်။

အချုပ်ဆိုလျှင် စာပေလောကနှင့် သုတပိုင်းဆိုင်ရာကဏ္ဍ၌ ရည်ညွှန်းစာအုပ် တစ်အုပ်သည် ခက်ခဲနက်နဲစွာပေါ်ပေါက်လာသည်နှင့်အညီ အဓွန့်ရှည်တည်တံ့ခိုင်မြဲလျက် လက်တွေ့ဘဝ၌အသုံးဝင်နေမည့် သဘောလက္ခဏာရှိနေသဖြင့် စာပေဗိမာန်မှ ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များ၏ အခန်းကဏ္ဍသည်လည်း ရည်ညွှန်းစာအုပ်များလောကတွင် ကြာလေတန်ဖိုးရှိလေ ဖြစ်လာပေလိမ့်မည်။

ဦးစိုးမြင့်သန်း

14th Asian Games
BUSAN 2002

၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့်မြန်မာ

၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီး (14th Asian Games) ကို ၂၉-၉-၂၀၀၂ ရက်မှ ၁၄-၁၀-၂၀၀၂ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဒုတိယမြို့တော် ဘူဆန်နှင့်အခြားမြို့များတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ ယင်းပြိုင်ပွဲကြီးတွင် မြန်မာအားကစားအဖွဲသည် အားကစားနည်း ၁၃ မျိုးတွင် အင်တိုက်အားတိုက်ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် ခြောက်ခုရရှိပြီး နိုင်ငံအလိုက် အဆင့် ၂၃ တွင် ရပ်တည်နိုင်ခဲ့ပါသည်။

ယခုပြိုင်ပွဲကြီး၌ နိုင်ငံပေါင်း ၄၄ နိုင်ငံမှ အားကစားအဖွဲဝင် ၉၉၁၉ ဦး (အားကစားသမား ၆၇၁၄ ဦး) က အားကစားနည်း ၃၈ မျိုးတွင် ရွှေတံဆိပ်ပေါင်း ၄၂၀ အတွက် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအများစုကို ဘူဆန်မြို့တွင် ကျင်းပပြီး အချို့ကို ဘူဆန်မှကားဖြင့်သွားလျှင် တစ်နာရီအတွင်းရောက်နိုင်သည့် အူဆန်၊ မေဆန်၊ ချန်ဝန်နှင့် ယန်ဆန်စသည့် မြို့ကြီးလေးမြို့တွင် ကျင်းပခဲ့၏။ ဖွင့်ပွဲအခမ်းအနား မတိုင်မီကပင် ဘောလုံးနှင့်ဘတ်စကက်ဘော ပွဲစဉ်အချို့ စတင် ကျင်းပခဲ့သည်။

ပြိုင်ပွဲ၏ မူလအစ

အာရှတိုက်တွင် ၁၉၁၃ ခုနှစ်မှ စတင်၍ အားကစားပြိုင်ပွဲများ ကျင်းပလာခဲ့ကြသည်။ ိုလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် အရှေ့အာရှအိုလံပစ်အားကစားပြိုင်ပွဲဟူ၍ ၁၉၁၃ ခုနှစ်က ကျင်းပခဲ့ရာ လစ်ပိုင်၊ ဂျပန်၊ ထိုင်ဝမ်၊ မလေးရှား၊ ထိုင်းနှင့် ဟာင်ကောင်တို့ ဦးစွာပါဝင်ယှဉ်ပြိုင်ခဲ့ကြ၏။

ဒုတိယအကြိမ်မြောက် ပြိုင်ပွဲ၌မူ အရှေ့ဖျားဂျန်ပိယံ အားကစားပြိုင်ပွဲဟု နာမည်ပြောင်းပြီး ၁၉၃၄ ခုနှစ် ၁၀ ကြိမ်မြောက်ပြိုင်ပွဲအထိ ကျင်းပလာခဲ့ကြသည်။ ၁၁ ကြိမ်မြောက်ပြိုင်ပွဲကို အရှေ့အာရှချန်ပီယံ အားကစားပြိုင်ပွဲဟူသောအမည်ဖြင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပရန်စီစဉ်ခဲ့ကြသော်လည်း ဒုတိယကမ္ဘာစစ်ကြီးကြောင့် ပယ်ဖျက်ခဲ့ကြရသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် အာရှတိုက်ပြည်သူများအကြားတွင် အာရှတိုက်တစ်တိုက်လုံး ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားပြိုင်ပွဲကြီး ကျင်းပရေးဟူသော စိတ်ကူးဆန္ဒများ ပေါ်ပေါက်လာခဲ့ကြသည်။

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ၁၉၄၈ ခုနှစ်က ကျင်းပသည့် ၁၄ ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်အားကစားပွဲတော်တွင် အိန္ဒိယ၊ ကိုရီးယား၊ မြန်မာ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာနှင့် ထိုင်ဝမ်တို့မှ ကိုယ်စားလှယ်များသည် ၁၉၄၉ ခုနှစ်၌ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ပထမအကြိမ် အာရှအားကစားချန်ပီယံအားကစားပြိုင်ပွဲကျင်းပရန် သဘောတူညီခဲ့ကြ၏။

သို့ရာတွင် အိန္ဒိယနိုင်ငံတွင် ထိုနှစ်က မကျင်းပဖြစ်ဘဲ အာရှအားကစားအဖွဲ AGF(Asian Games Federation) ကို ဖွဲ့စည်း တည်ထောင်ခဲ့ကြသည်။ ယင်းနောက် ၁၉၅၁ ခုနှစ်မှစတင်၍ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ အာရှအားကစားပြိုင်ပွဲ အမည်ဖြင့် ပထမဆုံးအကြိမ် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ယှဉ်ပြိုင်ကျင်းပခဲ့ကြပါသည်။ ၁၁ နိုင်ငံမှ အားကစားသမား ၅၀၀ ခန့်က အားကစားနည်း ခြောက်မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြ၏။

ပထမအကြိမ် ပြိုင်ပွဲကြီး၏ ဦးတည်ချက်ဆောင်ပုဒ်မှာ "ပြေးလမ်းပေါ်က အတားအဆီးဆူးငြောင့်ခလုတ်များကို ဖျက်ဆီးကျော်လွှားကြ၊ ဘာသာအယူဝါဒနှင့် အတွေးအခေါ်များဖြင့် ငြိမ်းချမ်းရေးနှင့် ချမ်းသာကြွယ်ဝမှုကို မြှင့်တင်ပါ" ဟူ၍ ဖြစ်၏။

ထိုနောက် ၁၉၅၄ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဒုတိယအကြိမ်အာရှအားကစားပြိုင်ပွဲကို ကျင်းပခဲ့ပြီး လေးနှစ်တစ်ကြိမ် စဉ်ဆက်မပြတ် ဆက်လက်ကျင်းပလာခဲ့ကြရာ ယခု ၂၀၀၂ ခုနှစ် ပြိုင်ပွဲသည် ၁၄ ကြိမ်မြောက် ပြိုင်ပွဲကြီးဖြစ်ပါတော့သည်။

အာရှအားကစားအဖွဲ့ (AGF) အဖွဲ့ဝင်နိုင်ငံများက အမြဲတမ်းထာဝရအဖွဲ့ကြီးတစ်ခု တည်ထောင်ရန် အားလုံးသဘောတူညီခဲ့ကြပြီး ၁၉၈၂ ခုနှစ်မှစ၍ အာရှအိုလံပစ်ကောင်စီ (အိုစီအေ) (OCA) (Olympic Council of Asia) ကို တည်ထောင်ခဲ့ကြလေသည်။

၁၃ ကြိမ်မြောက်ပြိုင်ပွဲ

အာရှအားကစားပြိုင်ပွဲကို တစ်နှစ်ပြီးတစ်နှစ် ပိုမို၍ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာခဲ့ကြရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၆-၁၂-၉၈ ရက်မှ ၂၀-၁၂-၉၈ အထိ ကျင်းပခဲ့သည့် ၁၃ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီးတွင် အာရှနိုင်ငံ ၄၁ နိုင်ငံမှ အားကစားသမား ၆၅၅၄ ဦးက အားကစားအမျိုးအစား ၃၆ မျိုးတွင် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြ

ဘူဆန်မြို့ ဂင်ဟေးလေဆိပ်တွင် မြန်မာအားကစားအဖွဲ့ကို ကိုရီးယားပြည်သူများက ကြိုဆိုနေကြစဉ်

ယခုပြိုင်ပွဲကြီး၏ ဆောင်ပုဒ်



ဤပြိုင်ပွဲကြီး၏ ပထမဆုံးရွှေတံဆိပ်ကို
အမျိုးသားဓားခုတ်ပြိုင်ပွဲတွင်
တရုတ်အားကစားသမား(ဝ)ကရရှိခဲ့သည်

သည်။ ယင်းပြိုင်ပွဲတွင် တရုတ်နိုင်ငံက ရွှေတံဆိပ် အများဆုံး၊ ဆုတံဆိပ်အများဆုံးဖြင့် နိုင်ငံအလိုက် ပထမနေရာမှ ဝိုလ်စွဲခဲ့သည်။

မြန်မာတို့ယှဉ်ပြိုင်ခဲ့သမျှ

၁၉၅၁ ခုနှစ် ပထမအကြိမ် ပြိုင်ပွဲမှစ၍ မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသားအလေးမအဖွဲ့က ရရှိသော ကြေးတံဆိပ်သုံးခုဖြင့် နိုင်ငံ ၁၁ နိုင်ငံတွင် အဆင့် ၈ ရရှိခဲ့သည်။ ထိုနောက် ၁၉၈၆ ခုနှစ် ၉ ကြိမ်မြောက် ပြိုင်ပွဲမှလွဲ၍ ကျန်ပွဲများအားလုံးတွင် မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

မြန်မာအားကစားအဖွဲ့၏ အအောင်မြင်ဆုံး ပြိုင်ပွဲမှာ ၁၉၇၀ ပြည့်နှစ်က ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ၆ ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲဖြစ်၍ ရွှေသုံးဆု၊ ငွေနှစ်ဆု၊ ကြေးခုနစ်ဆုရကာ ၁၈ နိုင်ငံတွင် အဆင့် ၈ ရရှိခဲ့သည်။

ပြီးခဲ့သည့် ၁၃ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် အလေးမ၊ ပိုက်ကျော်ခြင်း၊ မြားပစ်၊ ကန်းလေ့လျော်နှင့် တိုက်ကွမ်ဒို စသည့် အားကစားနည်း ၅ မျိုးတွင် အားကစားသမား ၅၀ ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေခြောက်ခု၊ ကြေးလေးခုရရှိခဲ့ရာ အမျိုးသမီး ပိုက်ကျော်ခြင်းအဖွဲ့က ရွှေတံဆိပ်ရရှိခဲ့ပါသည်။

၁၄ ကြိမ်မြောက် ပြိုင်ပွဲ

၂၀၀၂ ခုနှစ် ၁၇ ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ဂျပန်နိုင်ငံနှင့်အတူ အောင်မြင်စွာ လက်ခံကျင်းပခဲ့သည့် တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအပြီး သုံးလခန့် အကြာတွင် ၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကိုလည်း လက်ခံကျင်းပခြင်းဖြစ်၏။

ယှဉ်ပြိုင်ကြသည့် အားကစားအမျိုးအစား ၃၈ မျိုးမှာ ပြေးခုန်ပစ်၊ ရေကူး၊ မြားပစ်၊ ကြက်တောင်၊ ဘော့စ်ဘော၊ ဘတ်စကက်ဘော၊ ဘိလိယက်၊ ကာယဗလ၊ ဘိုးလင်း၊ လက်ဝှေ့၊ ကန်းလေ့လျော်၊ စက်ဘီး၊ မြင်းစီး၊ ဓားခုတ်၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ လက်ပစ်ဘော၊ ဟော်ကီ၊ ဂျူဒို၊ ကဘာဒီ (Kabaddi)၊ ကရာတေး ဒို၊ ခေတ်သစ်ပင်တာသလွန်၊ လှေလှော်၊ ရပ်ဂ်ဘီ၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ဆော့ဖ်ဘော၊ ဆော့ဖ်တင်းနစ်၊ စကွက်ရှ် (Squash)၊ စားပွဲတင် တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ဘော်လီဘော၊ အလေးမ၊ နပန်းနှင့် ဝူရှူးအားကစားတို့ဖြစ်ကြပါသည်။

ပြိုင်ပွဲဝင် နိုင်ငံများ

၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြိုးတွင် စုစုပေါင်း ၄၄ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ကြရာ အရှေ့အာရှက တရုတ်၊ မြောက်ကိုရီးယား၊ ဟောင်ကောင် (တရုတ်)၊ ဂျပန်၊ တောင်ကိုရီးယား၊ မကာအို (တရုတ်)၊ မွန်ဂိုလီးယား၊ တိုင်ပေ (တရုတ်) တို့ ပါဝင်ကြသည်။ ထို့အတူ အရှေ့တောင်အာရှမှ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် အရှေ့တီမော၊ အနောက်အာရှမှ ဘာရိန်း၊ အီရန်၊ ဂျော်ဒန်၊ ကူဝိတ်၊ လက်ဘနွန်၊ အိုမန်၊ ပါလက်စတိုင်း၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ ဆီးရီးယား၊ ယူအေအီးနှင့် ယီမင်၊ တောင်အာရှမှ ဘင်္ဂလားဒေ့ရှ်၊ ဘူဒန်၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် အာဖဂန်နစ္စတန်၊ အာရှအလယ်ပိုင်းက ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်စတန်၊ တခ်မန်နစ္စတန်နှင့် ဥစ္စဘက်ကစ္စတန်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အာရှအိုလံပစ် အဖွဲ့ဝင် နိုင်ငံ ၄၃ နိုင်ငံနှင့် မကြာခင်အဖွဲ့ဝင်ဖြစ်တော့မည့် အရှေ့တီမောတို့ ဖြစ်ကြသည်။ ပါလက်စတိုင်းနှင့် အာဖဂန်နစ္စတန် နိုင်ငံတို့ ပါဝင်လာနိုင်ခြင်းသည်လည်း ထူးခြားချက်တစ်ရပ်ပင် ဖြစ်ပါ၏။

အထိမ်းအမှတ်ရုပ်ပုံနှင့် သင်္ကေတ

ပင်လယ်ကမ်းခြေမြို့ ဖြစ်သည့်အတွက် ပင်လယ်၏ အမှတ်လက္ခဏာတစ်ရပ် ဖြစ်သည့် စင်ရော့ဂ်က်ရုပ်ပုံကို ဘူတန်အာရှအားကစားပြိုင်ပွဲ၏ အထိမ်းအမှတ်ရုပ်ပုံအဖြစ် သရုပ်ဖော်ထား၏။

စင်ရော့ဂ်က်ပုံနှင့်အတူ Duria ဟူသောစာတန်းကိုလည်း ဖော်ပြထားရာ Duria သည် Durative နှင့် Asia စကားလုံးနှစ်လုံးကို ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။ "ထာဝရခိုင်မြဲသော အာရှ" ဟူ၍ အဓိပ္ပာယ်ရပြီး ကိုရီးယားတွင် "သင်နှင့်ကျွန်ုပ် အတူတကွ" (You and Me Together) ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ အာရှအားကစားပြိုင်ပွဲ၏ ဦးတည်ချက်ဖြစ်သော အာရှနိုင်ငံများအကြား စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဖော်ညွှန်းထားခြင်းဖြစ်လေသည်။

ယခုပြိုင်ပွဲ၏ သင်္ကေတအမှတ်အသားအတွက် တောင်ကိုရီးယားနိုင်ငံနှင့် ဘူဆန်မြို့တို့၏သင်္ကေတ

ကွင်းလယ်မှအိုလံပစ်မီးရှူးတိုင်ကြီးကို မီးထွန်းညှိနေစဉ်

ဖွင့်ပွဲကျင်းပရာ အားကစားကွင်းကြီးအတွင်းမှ စာရေးသူ

အဖြစ် ဖော်ညွှန်းသည့် ပင်လယ်လှိုင်းပြာများဖြင့် သရုပ်ဖော်ထားပြီး သန်း ၄၀၀၀ ခန့်ရှိသော အာရှတိုက်သားတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းလုံးညီညွတ်မှုတို့ကိုလည်း ဖော်ပြထားပါသည်။

ဦးတည်ချက်နှင့် ဆောင်ပုဒ်

အာရှနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရေးဟူသော ဦးတည်ချက်ဖြင့် ဤအားကစားပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့၍ ယခုနှစ်ဆောင်ပုဒ်မှာ New Vision, New Asia ဖြစ်ပြီး "အတွေး အမြင်သစ်နှင့် အာရှသစ်"ဟူ၍ အဓိပ္ပာယ်ရပါသည်။

ကျင်းပသည့်နေရာများ

ဘူဆန်ပင်မအားကစားကွင်းကြီး (Busan Asiad Main Stadium) ကို ၁၉၉၆ ခုနှစ် မတ်လက စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ ခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ်ခဲ့သည်။ ဝမ်ငွေ ၂၂၆ သန်းကျော်ကုန်ကျသော ယင်းအားကစားရုံကြီးတွင် အထပ်လေးထပ်ပါရှိ၍ မြေအောက်အထပ်တစ်ထပ် ပါဝင်၏။ အားကစားကွင်း အကျယ်အဝန်းမှာ ၃၃၀၀၀၀ စတုရန်းမီတာဖြစ်၍ ပွဲကြည့်ပရိသတ် ၅၄၅၃၄ ဦး ဆံ့ပေသည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲ၏ ပွဲအချို့ကို ဤကွင်းကြီး၌ ကျင်းပခဲ့သည်။

အားကစားရွာကြီးသည်လည်း အားကစားသမား ၁၂၀၀၀ ခန့် တည်းခိုနိုင်ပြီး ကြီးမားခံ့ထည်လှ၏။ ဤပြိုင်ပွဲကြီးတွင် စီမံခန့်ခွဲရေးအရာရှိ ၃၁၀၅၀၊ ကြီးကြပ်ရေးအရာရှိ ၁၆၀၀၀၊ စေတနာဝန်ထမ်း ၁၆၀၀၀၊ ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားတွင် ပါဝင်ရန် လူ ၁၀၀၀၀၊ သတင်းမှတ်တမ်းတင်ထုတ်ပြန်ရေးအဖွဲ့ဝင် ၇၀၀၀ ခန့်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြ၏။

ဖွင့်ပွဲအခမ်းအနား

ဖွင့်ပွဲအခမ်းအနားကြီးကို ၂၉-၉-၂၀၀၂ ရက်နေ့ ညနေ ၆ နာရီက ဘူဆန်မြို့ ပင်မအားကစားကွင်းကြီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် ကိုရီးယားအက္ခရာစဉ်လိုက်အတိုင်း နိဂုံးအဖွဲ့ကစတင်၍ အားကစားအဖွဲ့များ ချီတက်ဝင်ရောက်ခဲ့ကြ၏။ မြန်မာအားကစားအဖွဲ့သည် မွန်ဂိုလီးယားအပြီး အမှတ်စဉ် ၉ မှ ချီတက်ခဲ့ကြသည်။

ကိုရီးယားအားကစားအဖွဲ့သည် နောက်ဆုံးမှ ချီတက်ခဲ့ကြရာ တောင်နှင့်မြောက်ကိုရီးယား အားကစားအဖွဲ့များသည် အမျိုးသားပြန်လည်ပေါင်းစည်းရေးပြယုဂ်အဖြစ် ကိုရီးယားကျွန်းဆွယ်အလံတော်နောက်မှ ကိုရီးယား (KOREA) စာတန်းကို ကိုင်ဆောင်ပြီး ဘေးချင်းယှဉ်လျက် လက်တွဲကာ အတူတကွ ချီတက်ခဲ့ကြပါသည်။

မြောက်ကိုရီးယား ဘောလုံးအသင်း ဂိုးသမား ရီချွန်ဟွန်နှင့် တောင်ကိုရီးယားလက်ပစ်ဘောအားကစားမယ် ဟွမ်ဘိုဆန်အီးတို့က ကိုရီးယားကျွန်းဆွယ် အလံကိုအတူကိုင်၍ ယင်း၏နောက်တွင် တူညီဝတ်စုံဝတ် ကိုရီးယားအားကစားမောင်မယ်များ ချီတက်ခဲ့ရာ ပွဲကြည့်ပရိသတ်များအားလုံး မတ်တတ်ရပ်ကာ ကောင်းချီးပေးခဲ့ကြသည်။

အားကစားမီးရှူးတိုင်အတွက် မီးတောက်မီးလှုံကို တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားရှိ အမြင့်ဆုံးတောင်ထွတ်များ ဖြစ်ကြသည့် ဟယ်ကာနှင့် ဘိတ်ဒူတောင်ထိပ်တို့တွင် နေရောင်ခြည်မှတစ်ဆင့် မီးထွန်းညှိခဲ့ပြီး အခြားပြိုင်ပွဲဝင်နှင့် ဒေသပေါင်း ၄၂ ခု၌ လှည့်လည်ခဲ့သောမီးရှူးတိုင်များမှ မီးများနှင့် ပေါင်းစပ်ခဲ့သည်။ ယင်းနောက် ၂၃ ရက်အတွင်း ကိုရီးယားကျွန်းဆွယ်တွင် လူပေါင်း ၇၄၅၇ ဦးက လက်ဆင့်ကမ်းသယ်ဆောင်ခဲ့ကြသည်။

အာရှတိုက်တစ်တိုက်လုံး၏ တစ်ခုတည်းသော ညီညွတ်ပေါင်းစည်းမှုလက္ခဏာဖြစ်သည့် မီးရှူးတိုင်ကို ကွင်းလယ်စင်မြင့်တွင် ကမ္ဘာ့အိုလံပစ် ရွှေတံဆိပ်ဆုရှင်များ ဖြစ်ကြသည့် တောင်ကိုရီးယားမှ ဂျူဒို လက်ရွေးစင်ဟောင်း ဟာဟွန်ဂျူနှင့် မြောက်ကိုရီးယားမှ ဂျူဒိုအားကစားမယ် ဆန်ဟွီးတို့က မီးရှူးတိုင်ကြီးသို့ အတူ မီးထွန်းညှိပေးခဲ့ကြသည်။

အာရှအိုလံပစ်ကောင်စီ (OCA)ဥက္ကဋ္ဌ ရှိတ်အာမက် အယ်ဖာဟက်အယ်ဘားက ကြိုဆိုနှုတ်ခွန်းဆက် မိန့်ခွန်းပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံ သမ္မတကင်ဒေးဂျုံက အားကစားပြိုင်ပွဲကြီးကို ဖွင့်လှစ်ပေးခဲ့သည်။

ယှဉ်ပြိုင်ခဲ့ကြပုံများ

ပြိုင်ပွဲဝင် ၉၉၁၉ ဦးတွင် တောင်ကိုရီးယားက အားကစားအဖွဲ့ဝင် ၁၀၀၈ ဦး၊ ဂျပန်က ၉၈၈ ဦး၊ တရုတ်က ၉၄၆ ဦး၊ တိုင်ပေ (တရုတ်)က ၅၂၀ ဦး၊ အိန္ဒိယက ၅၀၃ ဦးဖြင့် အားကစားသမားဦးရေ အများဆုံးယှဉ်ပြိုင်ခဲ့ကြသည်။

ထို့အတူ နိုင်ငံစုံမှ မီဒီယာသမား ၈၀၂၇ ဦး ကလည်း သတင်းယူရန် ရောက်ရှိလာခဲ့ကြသည်။

ပြိုင်ပွဲကြီးတစ်ခုလုံး၏ ပထမဆုံးရွှေတံဆိပ်ကို ၂၉-၉-၂၀၀၂ ရက်က အမျိုးသားတစ်ဦးချင်း မားခုတ်ပြိုင်ပွဲတွင် တရုတ်မှ ဝန်ဟိုင်ဘင်းက ဦးစွာ ရရှိခဲ့၍ တောင်ကိုရီးယားက ဒုတိယရရှိခဲ့သည်။

ယခုပြိုင်ပွဲကြီးတွင် အကြိတ်အနယ် ပါဝင် ယှဉ်ပြိုင်ခဲ့ကြရာ ကမ္ဘာ့စံချိန်သစ် ၂၀ တင်နိုင်ပြီး ကမ္ဘာ့စံချိန်တူ ၁၂ ခု ရှိခဲ့၏။ ထို့အတူ အာရှစံချိန်သစ် ၄၂ ခု တင်နိုင်ပြီး စံချိန်တူ ၁၂ ခုရှိခဲ့သည်။ အာရှအားကစားပြိုင်ပွဲ စံချိန် ၂၀၄ ခုကို ချိုးခဲ့ပြီး စံချိန်တူ ၄၀ ခုရှိခဲ့၏။

အများ စိတ်ဝင်စားကြသည့် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် အီရန်ကဗိုလ်စွဲသွားပြီး ဂျပန်က ဒုတိယ ရရှိသည်။ အိမ်ရှင်တောင်ကိုရီးယားက တတိယသာရရှိသည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြောက်ကိုရီးယားက ပထမ၊ တရုတ်က ဒုတိယ၊ ဂျပန်က တတိယရရှိသည်။

ပြိုင်ပွဲအပြီးတွင် တရုတ်က ရွှေတံဆိပ် ၁၅၀ ခု၊ ငွေတံဆိပ် ၈၄ ခု၊ ကြေးတံဆိပ် ၇၄ ခုဖြင့် ယခင် အစဉ်အလာအတိုင်း နိုင်ငံအလိုက်တွင် ပထမနေရာ မှ ရပ်တည်နိုင်ခဲ့၏။ အိမ်ရှင်တောင်ကိုရီးယားက ရွှေ ၆၆ ခု၊ ငွေ ၈၀၊ ကြေး ၈၄ ဖြင့် ဒုတိယ၊ ဂျပန်က ရွှေ ၄၄၊ ငွေ ၇၃၊ ကြေး ၇၂ ဖြင့် တတိယ ရရှိခဲ့သည်။

ယခုပြိုင်ပွဲကြီးတွင် စာနယ်ဇင်းသမားများက ရွေးချယ်ပေး၍ Samsung အီလက်ထရွန်နစ် ကုမ္ပဏီကြီးက ချီးမြှင့်သည့်အဆင့်မြင့်ဆုံး၊ တန်ဖိုးအရှိဆုံး ယှဉ်ပြိုင်သူဆု (Most Valuable Performance) ကို မီတာ ၂၀၀ ရေကူးပြိုင်ပွဲတွင် ကမ္ဘာ့စံချိန် ချိုးခဲ့သည့် ဂျပန်ရေကူးသမား ကိုဆုခဲခိတာကျိမက ရရှိသွားခဲ့သည်။

ပိတ်ပွဲအခမ်းအနားကို ၁၄-၁၀-၂၀၀၂ ရက် ညနေက ဘူဆန် ပင်မအားကစားကွင်းကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ၁၅ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ၂၀၀၆ ခုနှစ်တွင် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာတို့ရခဲ့သော ဆုတံဆိပ်များ

မြားပစ်၊ ပြေးခုန်ပစ်၊ ဘိလိယက်၊ ကာယဗလ၊ လက်ဝှေ့၊ ဂျူဒို၊ လှေလှော်၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ တိုက်ကွမ်ဒို၊ အလေးမ၊ ဝူရှူးနှင့် ရွက်လှေစသည့် အားကစားနည်း ၁၃ မျိုးတွင် အားကစားသမား အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၃၁ ဦး၊ အုပ်ချုပ်သူ နည်းပြနှင့် ဒိုင်လူကြီး ၃၇ ဦး စုစုပေါင်း ၉၉ ဦး ပါဝင်သော မြန်မာအားကစားအဖွဲ့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာအဖွဲ့အတွက် ပွဲဦးထွက်ဆုတံဆိပ်ကို ၃၀-၉-၂၀၀၂ ရက်က အမျိုးသမီးအလေးမ ၄၈ ကီလိုတန်းတွင် ကေသီဝင်းက ကမ္ဘာ့စံချိန်နှင့်အညီ မ ပြီး ဒုတိယငွေတံဆိပ်ရယူပေးခဲ့သည်။

မြန်မာနိုင်ငံအတွက် တစ်ခုတည်းသော ရွှေတံဆိပ်ဆုကို အမျိုးသမီးဝူရှူးပြိုင်ပွဲ ထိုက်ကျိခွမ်နှင့် ထိုက်ကျိကျန်တွင် ခိုင်ခိုင်မော်က တရုတ်၊ ဂျပန်၊ တိုင်ပေ၊ ဟောင်ကောင်၊ စင်ကာပူ စသည်တို့ကို ကျော်လွှားပြီး ပြတ်ပြတ်သားသား အနိုင်ယူဆွတ်ခူးပေးခဲ့သည်။

အမျိုးသမီး အလေးမပြိုင်ပွဲ ၄၈ ကီလိုတန်းမှ ကေသီဝင်း၊ ၆၃ ကီလိုတန်းမှ ခင်မျိုးနွယ်၊ အမျိုးသား ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲမှ ကျော်ဦး၊ အမျိုးသမီး ပိုက်ကျော်ခြင်းအဖွဲ့ (စက်ဝိုင်းခတ်) နှင့် အမျိုးသား ပိုက်ကျော်ခြင်းအဖွဲ့ (အဖွဲ့လိုက် REGU) တို့က ငွေတံဆိပ်များ ရယူပေးခဲ့ကြသည်။

ထို့အတူ အမျိုးသမီး ဝူရှူးပြိုင်ပွဲ နန်းခွမ်သုံးမျိုးပေါင်းပြိုင်ပွဲမှ ဆွေဆွေသန့်၊ အမျိုးသမီး အလေးမ ၆၉ ကီလိုတန်းမှ မြစန္ဒာဦး၊ ကာယဗလ ၇၅ ကီလိုတန်းမှ မင်းဇော်ဦး၊ အမျိုးသား ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲမှ ကျော်ဦးနှင့် အောင်ဆန်းဦး၊ အမျိုးသားပိုက်ကျော်ခြင်းအဖွဲ့က စက်ဝိုင်းခတ်နှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ကြေးတံဆိပ်များ ဆွတ်ခူး ပေးခဲ့ကြသည်။

ဆက်လက်ကြိုးစားရန် လိုအပ်

ဆုတံဆိပ်အနေအထားအရ ၁၉၉၈ ခုနှစ် အာရှအိုလံပစ်တွင် မြန်မာက ရွှေ ၁၊ ငွေ ၆၊ ကြေး ၄ ရရှိခဲ့ရာ ယခုဆုတံဆိပ်တစ်ခုသာ တိုးရသော်လည်း ယခင်ပိုက်ကျော်ခြင်းနှင့် အလေးမကသာ ဆုရခဲ့ပြီး ယခု ဝူရှူး၊ အလေးမ၊ ပိုက်ကျော်ခြင်း၊ ဘိလိယက်နှင့် ကာယဗလတို့က ဆုရခဲ့ခြင်းဖြစ်ရာ ဆုရအားကစားနည်း အရေအတွက် ပိုမိုများပြားလာခဲ့ပါသည်။ သေချာပေါက်ဆု မျှော်မှန်းထားခဲ့ကြသည့် ရွက်လှေနှင့် လှေလှော်တို့မှ ဆုများမရရှိခဲ့ပေ။ ပိုက်ကျော်ခြင်းမှလည်း ယခင်ရနေကျဆုတံဆိပ် အရေအတွက်မှ လျော့နည်းခဲ့သည်။

အားကစားမောင်မယ်များတည်းခိုရာ အိုလံပစ်ကျေးရွာ

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာအားကစားမယ်များ လက်ပြန္နတ်ဆက်နေစဉ်

မည်သို့ပင်ဖြစ်စေကာမူ မြန်မာအားကစား သမားများအားလုံး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် အထူး ကြိုးစားခဲ့ကြ၍ ရရှိသည့်ဆုတံဆိပ်အရေအတွက် ပေါင်း (၁၂ ဆု) မှာလည်း ယခင် ဆုအများဆုံးရရှိ ခဲ့သည့် ၁၉၇၀ ပြည့်နှစ် ဗန်ကောက်အာရှအားကစား ပြိုင်ပွဲကအတိုင်း စုစုပေါင်း ၁၂ ဆုဖြစ်ပြီး ယခင် အကြိမ်ထက် ဆုရအားကစားအမျိုးအစား တိုးတက် များပြားလာခဲ့ခြင်းကြောင့် အောင်မြင်သင့်သလောက် အောင်မြင်ခဲ့သည်ဟု ယူဆရမည်ဖြစ်ပါသည်။

သို့သော် နိုင်ငံတော်နှင့် အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်ကြီးများ၊ ပြည်သူများက အထူးအားပေး နေကြသည့် အချိန်ကာလတွင် ယခုထက်ပိုမိုအောင် မြင်လာကြစေရန် မြန်မာအားကစားမောင်မယ်များ အထူးကြိုးစားသင့်ကြပါကြောင်း စေတနာကောင်း ဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။

ဒေါက်တာ တင်ထွန်းဦး

အားကစားနည်းအလိုက် ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာအားကစားမောင်မယ်စာရင်း

၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အောက်ပါစာရင်းအတိုင်း အားကစား နည်း ၁၃ မျိုးတွင် အားကစားသမား အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၃၁ ဦး၊ စုစုပေါင်း ၆၂ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

	ကျား	မ	ပေါင်း
၁။ မြားပစ်	၄	-	၄
၂။ ပြေးခုန်ပစ်	၁	၁	၂
၃။ ဘိလိယက်၊ စနူကာ	၂	-	၂
၄။ ကာယဗလ	၄	-	၄
၅။ လက်ဝှေ့	၁	-	၁
၆။ ဂျူဒို	၁	၂	၃
၇။ လှေ့လှော်	-	၄	၄
၈။ ပိုက်ကျော်ခြင်း	၉	၉	၁၈
၉။ ရေကူး	-	၁	၁
၁၀။ တိုက်ကွမ်ဒို	၁	၂	၃
၁၁။ အလေးမ	-	၃	၃
၁၂။ ဝူရှူး	၃	၂	၅
၁၃။ ရွက်လှော်	၅	၃	၈
	၃၁	၃၁	၆၂

၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာအားကစားမောင်မယ်များ

မြားပစ် - နန်းအောင်၊ ညီညီထွန်း၊ ဝင်းမင်းဇော်၊ ရန်အောင်စိုး(အားလုံး တစ်ဦးချင်းနှင့် အသင်းလိုက်)

ပြေးခုန်ပစ် - ဇော်မင်းထွေး (မာရသွန်)၊ ပပ (မာရသွန်)

ဘိလိယက်၊ စနူကာ - ကျော်ဦး၊ အောင်စန်းဦး

ကာယဗလ - ထွန်းထွန်းအောင် (၆၀ ကီလို)၊ ကျော်လွင် (၆၅ ကီလို)၊ အောင်ခိုင်ဝင်း (၇၀ ကီလို)၊ မင်းဇော်ဦး (၇၅ ကီလို)

လက်ဝှေ့ - ကျော်စွာအောင် (လိုက်ဖလိုင်းဝိတ်)

ဂျူဒို - ရန်နိုင်စိုး၊ အေးအေးသင်း၊ လေးနန္ဒာအောင် (အားလုံးတစ်ဦးချင်း)

လှေ့လှော် - မြင့်မြင့်ဝင်း၊ စိုးယုမော်၊ ယဉ်ယဉ်ထွေး၊ ချောစု (Coxless လေးယောက်လှော်)

ပိုက်ကျော်ခြင်း - အောင်မျိုးစန်းမြင့်၊ သောင်းညွှန့်၊ မြင့်ဆွေ၊ သိန်းဇော်မင်း၊ အောင်ဟိန်း၊ ကျော်ဇေယျ၊ မောင်မောင်၊ ကျော်မင်းစိုး၊ သန်းဇော်ဦး (အားလုံးအသင်းလိုက်/ရီဝူး/စက်ဝိုင်း)၊ မာမာဝင်း၊ စန်းစန်းဌေး (၁)၊ နုနုယဉ်၊ ခင်ချိုလတ်၊ နိုင်နိုင်ဝင်း၊ မေဇင်ဖြူး၊ စန်းစန်းဌေး (၂)၊ ခင်နုနုဖြူး၊ မိုးမိုးလွင် (အားလုံးအသင်းလိုက်/ရီဝူး/စက်ဝိုင်း)

ရေကူး - မိုးသူအောင်(မီတာ၅၀ နှင့် ၁၀၀ အလွတ်ကူး၊ မီတာ ၁၀၀ လိပ်ပြာကူး)

တိုက်ကွမ်ဒို - သစ်လွင် (ဖယ်သာဝိတ်)၊ ခင်ဆွေဦး (ပင်းဝိတ်)၊ စိုးစိုးမြာ (ဖလိုင်းဝိတ်)

အလေးမ - ကြည်ကြည်သန်းနှင့် ကေသီဝင်း(၄၈ ကီလို)၊ ဆွေဆွေဝင်း (၅၃ ကီလို)၊ ရွှေစင်ဝင်း (၅၈ ကီလို)၊ ခင်မိုးနွယ် (၆၃ ကီလို)၊ မြစန္ဒာဦး (၆၉ ကီလို)၊ ချိုချိုဝင်း (၇၅ ကီလို)

ဝူရှူး - ဇော်ဇော်မိုး (နန်းခွမ်)၊ ပြည့်ဝေဖြိုး (ချန်းခွမ်)၊ သိန်းထိုက်ဦး (၅၂ ကီလို ဆန့်ရှ)၊ ခိုင်ခိုင်မော် (ထိုက်ကျိခွမ်)၊ ဆွေဆွေသန်း (နန်းခွမ်)

ရွက်လှော် - စည်သူမိုးမြင့်နှင့် ဖုန်းကျော်မိုးမြင့် (International 420 Class)၊ အောင်မြင်သူနှင့် စိုင်းပြည့်စုံဟိန်း(Enterprise Class)၊ သက်ဖြိုးဝင်း (Optimist)၊ ချစ်စု(Optimist)၊ စုမြတ်စိုးနှင့် နန်းခမ်းဆေး (International 420 Class)။

၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့်မြန်မာ

အာရှအားကစားပြိုင်ပွဲများတွင် မြန်မာတို့ရရှိခဲ့သော ဆုတံဆိပ်များ								
အကြိမ်	ခုနှစ်	အိမ်ရှင်နိုင်ငံ	ပြိုင်ပွဲဝင်	အားကစား	ပိုလ်စွဲ	မြန်မာရခဲ့သည့်ဆုများ		
			နိုင်ငံ	နည်း	နိုင်ငံ	ရွှေ	ငွေ	ကြေး
၁။	၁၉၅၁	နယူးဒေလီ(အိန္ဒိယ)	၁၁	၆	ဂျပန်	-	-	၃
၂။	၁၉၅၄	မနီလာ(ဖိလစ်ပိုင်)	၁၉	၈	ဂျပန်	၂	-	၂
၃။	၁၉၅၈	တိုကျို (ဂျပန်)	၂၀	၁၃	ဂျပန်	၁	၁	-
၄။	၁၉၆၂	ဂျကာတာ(အင်ဒိုနီးရှား)	၁၆	၁၅	ဂျပန်	၂	၁	၃
၅။	၁၉၆၆	ဗန်ကောက် (ထိုင်း)	၁၈	၁၄	ဂျပန်	၁	-	၄
၆။	၁၉၇၀	ဗန်ကောက် (ထိုင်း)	၁၈	၁၃	ဂျပန်	၃	၂	၃
၇။	၁၉၇၄	တီဟီရန် (အီရန်)	၁၉	၁၆	ဂျပန်	၁	၂	၃
၈။	၁၉၇၈	ဗန်ကောက် (ထိုင်း)	၂၁	၁၉	ဂျပန်	-	၃	၃
၉။	၁၉၈၂	နယူးဒေလီ(အိန္ဒိယ)	၃၃	၂၁	တရုတ်	-	-	-
၁၀။	၁၉၈၆	ဆိုးလ်(တောင်ကိုရီးယား)	၂၃	၂၅	တရုတ်(ယှဉ်ပြိုင်ခြင်းမပြုခဲ့ပါ)			
၁၁။	၁၉၉၀	ဘေဂျင်း(တရုတ်)	၃၆	၂၃	တရုတ်	-	-	၂
၁၂။	၁၉၉၄	ဟီရိုရှိမား (ဂျပန်)	၄၂	၃၄	တရုတ်	-	-	၂
၁၃။	၁၉၉၈	ဗန်ကောက် (ထိုင်း)	၄၁	၃၆	တရုတ်	၁	၆	၄
၁၄။	၂၀၀၂	ဘူဆန်(တောင်ကိုရီးယား)	၄၄	၃၈	တရုတ်	၁	၅	၆

၁၄ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံအလိုက်ရရှိခဲ့သည့် ဆုတံဆိပ်စာရင်း

အဆင့်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၁၅၀	၈၄	၇၄	၃၀၈
၂	တောင်ကိုရီးယား	၉၆	၈၀	၈၄	၂၆၀
၃	ဂျပန်	၄၄	၇၃	၇၂	၁၈၉
၄	ကာဇက်စတန်	၂၀	၂၆	၃၀	၇၆
၅	ဥဇဘက်ကစ္စတန်	၁၅	၁၂	၂၄	၅၁
၆	ထိုင်း	၁၄	၁၉	၁၀	၄၃
၇	အိန္ဒိယ	၁၁	၁၂	၁၃	၃၆
၈	ထိုင်ဝမ်	၁၀	၁၇	၂၅	၅၂
၉	မြောက်ကိုရီးယား	၉	၁၁	၁၃	၃၃
၁၀	အီရန်	၈	၁၄	၁၄	၃၆
၁၁	ဆော်ဒီအာရေဗျ	၇	၁	၁	၉
၁၂	မလေးရှား	၆	၈	၁၆	၃၀
၁၃	စင်ကာပူ	၅	၂	၁၀	၁၇
၁၄	အင်ဒိုနီးရှား	၄	၇	၁၂	၂၃
၁၅	ဗီယက်နမ်	၄	၇	၇	၁၈
၁၆	ဟောင်ကောင်	၄	၆	၁၁	၂၁
၁၇	ကာတာ	၄	၅	၈	၁၇
၁၈	ဖိလစ်ပိုင်	၃	၇	၁၆	၂၆
၁၉	ဘာရိန်း	၃	၂	၂	၇
၂၀	ကူဝိတ်	၂	၁	၅	၈

အဆင့်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၂၁	သီရိလင်္ကာ	၂	၁	၃	၆
၂၂	ပါကစ္စတန်	၁	၆	၆	၁၃
၂၃	မြန်မာ	၁	၅	၆	၁၂
၂၄	ကာဂျစ်စတန်	၁	၅	၆	၁၂
၂၅	တာဒ်မင်နစ္စတန်	၁	၂	၁	၄
၂၆	မွန်ဂိုလီးယား	၁	၁	၁၂	၁၄
၂၇	လက်ဘနွန်	၁	၀	၀	၁
၂၈	တာဂျစ်ကစ္စတန်	၀	၂	၄	၆
၂၉	မကာအို	၀	၂	၂	၄
၃၀	ယူအေအီး	၀	၂	၁	၃
၃၁	ဘင်္ဂလားဒေ့ရှ်	၀	၁	၀	၁
၃၂	ဆီးရီးယား	၀	၀	၃	၃
၃၂	နီပေါ	၀	၀	၃	၃
၃၄	ကျော်ဒန်	၀	၀	၂	၂
၃၄	လာအို	၀	၀	၂	၂
၃၆	အာဖဂန်နစ္စတန်	၀	၀	၁	၁
၃၆	ဘရူနိုင်း	၀	၀	၁	၁
၃၆	ပါလက်စတိုင်း	၀	၀	၁	၁
၃၆	ယီမင်	၀	၀	၁	၁



သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် အတွင်းရေးမှူး (၁)
ပိုလ်ချုပ်ကြီးခင်ညွန့်၊ ဤသို့ကြီးကြပ်လမ်းညွှန်လေ့ရှိသည်

နိဒါန်း

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဧရိယာ အကြီးမားဆုံးဒေသဖြစ်ပြီး ၆၇၆,၅၇၇ စတုရန်း ကီလိုမီတာရှိသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် ဆက်စပ်သောနယ်စပ်အရှည်မှာ ၅၈၅၈ ကီလိုမီတာရှိပြီး ကမ်းရိုးတန်းအရှည် ၂၈၃၂ ကီလိုမီတာရှိသည်။

လူဦးရေ ၅၁ သန်းရှိကာ ကမ္ဘာတွင် မိမိတို့အချုပ်အခြာအာဏာနှင့် ငြိမ်းချမ်းညီညွတ်စွာရှိသော နိုင်ငံဖြစ်သည်။

ယနေ့ကမ္ဘာ

ယနေ့မျက်မှောက် ကမ္ဘာသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှု အရှိန်အဟုန်ကောင်းသော ကာလထဲသို့ ရောက်ရှိနေသည်။ ဆက်သွယ်ရေးစနစ်များ အံ့မခန်း ထူးခြားကောင်းမွန်လာသည်။

ယခင်က စိုက်ပျိုးရေးအခြေခံဘဝ၊ စက်မှုအခြေခံဘဝများအား ဖြတ်သန်းကာ သိပ္ပံနှင့်နည်းပညာအခြေခံဘဝထဲ၌ ခိုင်ခိုင်မာမာ ရပ်တည်နေပြီဖြစ်သည်။

ပညာရှင်များက ကမ္ဘာတွင် လူတို့၏ အသိဉာဏ်ပေါက်ကွဲမှု ၃ ကြိမ်ဖြစ်ပေါ်ခဲ့ပြီဟုဆိုသည်။ ပထမပေါက်ကွဲမှုမှာ အက္ခရာပေါ်ပေါက်လာခြင်းဖြစ်ပြီး၊ ဒုတိယပေါက်ကွဲမှုမှာ ပုံနှိပ်စက်ပေါ်ပေါက်လာခြင်းဖြစ်ကာ တတိယပေါက်ကွဲမှုမှာ ယခုသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ တိုးတက်ထွန်းကားလာခြင်း ဖြစ်သည်။

ဤသို့ တတိယပေါက်ကွဲမှု ပေါ်ပေါက်လာသော အခါ Globalization ဟုခေါ်သော တစ်ကမ္ဘာလုံးဆက်စပ်ယှက်နွယ် ဖြစ်ပေါ်ပြောင်းလဲမှုများသည်လည်း သိပ္ပံနှင့်နည်းပညာအောက်တွင် ပိုမိုဖြစ်ထွန်းလာခဲ့သည်။ Globalization ဟူသည်မှာ တိုးတက်လာသော ဆက်သွယ်ရေးစနစ်ကြောင့် ကမ္ဘာကြီးကျဉ့်

သွားသည့် သဘောတရားဖြစ်သည်။ ကမ္ဘာ၏ တစ်နေရာမှ အခြားမည်သည့်နေရာကိုမဆို အလွယ်တကူ လျှင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်မှုကြောင့် ကမ္ဘာကို Global Village ဟုပင် တင်စားပြောဆိုလာကြသည်။

သို့ဖြစ်သောကြောင့်ပင် တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုများက နိုင်ငံများစွာသို့ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများစွာကို ပေးအပ်ခဲ့ပြီးဖြစ်သည်။ စိန်ခေါ်မှုဟူသည်မှာ သိပ္ပံနှင့်နည်းပညာများကို ကမ္ဘာအနှံ့အပြားတွင် သုံးစွဲနေထိုင်ပါလျက်နှင့် မိမိနေရာ၌ မသုံးစွဲနိုင်ပါက မိမိဘဝသာနောက်ကျ ကျန်ရစ်လျက် နောက်ဆုံးအထီးကျန်ဆန်သွားတော့မည့် အရေးအရာဖြစ်ခြင်းကို ဆိုလိုသည်။ အခွင့် အလမ်းဟူသည်မှာလည်း သိပ္ပံနှင့် နည်းပညာက ပေးလာသော တိုးတက်မှု၊ ဖွံ့ဖြိုးမှုများရရှိစေသည့် အရေးအရာများကို ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံသည် ထိုစိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို အောင်မြင်စွာရယူမဖြေရှင်းနိုင်လျှင် ကမ္ဘာတွင် အထီးကျန်ဖြစ်ပြီး ကျရှုံးမည့် အခြေအနေများနှင့် ရင်ဆိုင်ရမည်သာ ဖြစ်သဖြင့် သိပ္ပံနှင့်နည်းပညာကဏ္ဍကို နိုင်ငံတစ်နိုင်ငံ၏ ဦးစားပေးလုပ်ငန်း တစ်ခုအနေနှင့် လုပ်ကိုင်လျက်ရှိသည်။ တစ်နည်းအားဖြင့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ကွာဟမှုမရှိအောင် နိုင်ငံတိုင်းက ကြိုးပမ်းနေသောကမ္ဘာကြီး ဖြစ်သည်။

ယနေ့မြန်မာ

ယနေ့ မြန်မာနိုင်ငံသည် ထိုကဲ့သို့သော သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ကွာဟမှုမရှိစေရန် လည်းကောင်း၊ ကမ္ဘာနှင့်အမြဲတစေ ရင်ပေါင်တန်းလိုက်နိုင်ရန် လည်းကောင်း၊ သတင်းနှင့်နည်းပညာရေးရာများကို အမျှားနည်းတူ ရှေ့တန်းမှစတင်လှုပ်ရှားလာခဲ့သည်။ ရှေ့တန်းမှ ပါဝင်သည့်အလျောက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ အရောက် လှမ်းနိုင်မည် ဖြစ်သည်။

ဝန်ကြီးဌာနသစ်များ

နိုင်ငံတော်အစိုးရသည် ကမ္ဘာပေါ်တွင် လက်ရှိဖြစ်ပေါ်နေသည့် ဖြစ်စဉ်များနှင့် အလားအလာများကို သေချာကျနစွာ လေ့လာဆန်းစစ်ပြီး မိမိနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ ကူးပြောင်းတက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ဆိုသည်ကို ကောင်းစွာ နားလည်သဘောပေါက်ခဲ့သည်။

သဘောပေါက်သည့်အလျောက် စာတိုက်၊ ဆက်သွယ်ရေးနှင့် ကြေးနန်းဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနသစ်များအဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ထို့အတူ အစိုးရအဖွဲ့အစည်း မဟုတ်သော သတင်းနှင့် ဆက်သွယ်ရေးနည်းပညာနှင့် နှီးနှွယ်သည့် ကုမ္ပဏီ၊ လုပ်ငန်းများမှ တိုင်းရင်းသားလုပ်ငန်းရှင်၊ အဖွဲ့အစည်းများလည်း ပါဝင်လာမှ မိမိနိုင်ငံ၏ နည်းပညာစနစ်များ အောင်မြင်နိုင်မည်ကို နိုင်ငံတော် အစိုးရကနားလည်ခံယူထားသည့်အလျောက် ပုဂ္ဂလိကနည်းပညာအဖွဲ့အစည်းအသီးသီးကိုလည်း နွေးထွေးစွာ ဖိတ်ခေါ်ကြိုဆိုလက်ခံခဲ့သည်။

ပေါ်ပေါက်လာသော ကွန်ပျူတာစနစ်

မြန်မာနိုင်ငံတွင် ကွန်ပျူတာအသုံးပြုပုံနှင့် စနစ်များ ထွန်းကားလာခဲ့သည်မှာ ၁၉၇၀ ပြည့်နှစ်ကာလတစ်ဝိုက်က ဖြစ်သည်။ ထိုကာလ ပညာရေးဌာန၏ ၁၉၇၁ ခုနှစ်၊ ဧပြီလ၌ တက္ကသိုလ်များ ကွန်ပျူတာဌာန (Universities Computer Centre) ကို စတင်ဖွင့်လှစ်လိုက်ခြင်းသည် မြန်မာနိုင်ငံကွန်ပျူတာသမိုင်း၏ အဦးအစဟု ဆိုရမည်ဖြစ်သည်။

ထိုအချိန်တွင် ပုဂ္ဂလိက ကွန်ပျူတာအလုပ်ရုံလေးများမှလည်း ကွန်ပျူတာ နည်းပညာရပ်များကို စိတ်ဝင်စားသူ လူငယ်လေးများအား ဖြန့်ဖြူးပေးဝေနိုင်ခဲ့သောသင်တန်းများ ရှိခဲ့သည်။ တစ်ဆက်တည်းတွင် ကွန်ပျူတာနှင့် ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ တင်သွင်းရောင်းချခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း Hard ware အသုံးချ Programme နှင့် Application များ ရေးဆွဲခြင်းနှင့် အသုံးပြုခြင်း Software နှင့် ကွန်ပျူတာအချင်းချင်း ကွန်ရက်ချိတ်ဆက် အသုံးပြုခြင်းများ တည်ရှိခဲ့သည်။

၁၉၈၆ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်၏ အုပ်ချုပ်မှုအောက်တွင် ကွန်ပျူတာသိပ္ပံဌာန (The Department of Computer Science) ဟူ၍ ကွန်ပျူတာဘာသာရပ်အား အဆင့်မြှင့်တင်ပေးခဲ့သည်။

CDMA Radio တယ်လီဖုန်း ဆက်သွယ်ရေး ကိရိယာ

အချက်အလက် (DATA) များ လျင်မြန်စွာ ပို့ /ယူနိုင်သည့် နည်းစနစ်သစ် ဖြစ်သော ကွန်ပျူတာ ဆက်သွယ်ရေး အိတ်ချိန်း

ဖြည်ပေါ်ခေါ်ဆိုမှုများကို ခေတ်မီဆက်သွယ်ရေးစနစ်ဖြင့် ဆောင်ရွက်ပေးနေပုံ

၁၉၈၇ ခုနှစ်တွင် ကွန်ပျူတာသိပ္ပံနှင့် နည်းပညာ တက္ကသိုလ် (Institute of Computer Science & Technology) ဟူ၍ အမည်ပြောင်းလဲခဲ့ပြီး ၁၉၈၈ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ဟူ၍ ကွန်ပျူတာဘာသာနှင့် ပတ်သက်၍ အဓိပ္ပာယ်ပြည့်ဝသော အမည်နာမများအား ရွေးချယ်ကာ အဆင့်မြှင့်တင်ပေးခဲ့သည်။

၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ကွန်ပျူတာသိပ္ပံနှင့် နည်းပညာတက္ကသိုလ်ကို ပညာရေးဝန်ကြီးဌာနမှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (Ministry of Science and Technology M.O.S:T) သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယနေ့ကာလတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်၌ နည်းပညာတက္ကသိုလ် (၅) ခု၊ ကွန်ပျူတာတက္ကသိုလ် (၂) ခု၊ အစိုးရကွန်ပျူတာကောလိပ် (၂၄) ခုနှင့် အစိုးရနည်းပညာကောလိပ် (၂၆) ခုပင် ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံ၌ သတင်းနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် မြန်မာ့ကွန်ပျူတာသိပ္ပံ ဖွံ့ဖြိုးမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး မြန်မာ့ကွန်ပျူတာ ဖွံ့ဖြိုးရေးကောင်စီကို အမြင့်ဆုံးအဖွဲ့အဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

အထက်ပါဥပဒေဖြင့် မြန်မာကွန်ပျူတာ ပညာရှင်များ အသင်း၊ မြန်မာကွန်ပျူတာ လုပ်ငန်းရှင်အသင်းနှင့် မြန်မာကွန်ပျူတာ ဝါသနာရှင်များအသင်းတို့ကို ဖွဲ့စည်းခဲ့ပြီး ထိုအသင်း (၃) သင်းအား အခြေခံ၍ မြန်မာကွန်ပျူတာ အသင်းချုပ်အား ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလတွင် ဖွဲ့စည်းခဲ့သည်။

အင်တာနက် (Internet)

အင်တာနက်ဆိုသည်မှာ International Network ကို အတိုကောက် ခေါ်ထားခြင်းဖြစ်သည်။ သဘောတရားမှာ တစ်ကမ္ဘာလုံးတွင်ရှိကြသည့် ကွန်ပျူတာများ တစ်ခုနှင့်တစ်ခု ဆက်သွယ်ချိတ်ဆက်ထားသော ကွန်ရက် Network ဆိုသည့် စနစ်ပေါ်မှာ လူအများ တစ်ဦးနှင့်တစ်ဦး စကားနှုတ်ပိုင်းအတွင်း စာပို့နိုင်ခြင်း၊ သတင်းအချက်အလက်များကို ရှာဖွေနိုင်ခြင်းစသည့် လူထုဆက်သွယ်ရေးဆိုင်ရာ နည်းစနစ်တစ်ခု ဖြစ်သည်။

အင်တာနက်သမိုင်းကိုကြည့်လျှင် ၁၉၆၉ ခုနှစ်က အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနသည် ကွန်ရက်စနစ်နှင့် သုတေသနပြုလုပ်ရန် အဆင့်မြင့် သုတေသနစီမံကိန်းများဆိုင်ရာ (Advanced Research Project Agency-ARPANET) ဖွဲ့စည်းခဲ့သည်ကို အဦးဆုံးအနေနှင့် တွေ့ရသည်။

ထိုအဖျင်စီကို ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ ရန်သူနိုင်ငံများ၏ နူးကလီးယားထိုးစစ်နှင့် ကြုံတွေ့လျှင် အစိုးရ လုပ်ငန်း ဆိုင်ရာများကို စစ်ရေးနှင့် ပညာရေး သုတေသီများက ဆက်လက် ဆောင်ရွက်နိုင်စေရန်ဖြစ်သည်။

၁၉၇၀ ပြည့်နှစ်တွင် ထို Arpanet က Control Protocol ဟူသည့် ကွန်ပျူတာစနစ်တစ်ခုကို ကျင့်သုံးလာသည်။ Protocol ဟူသည်မှာ ကွန်ပျူတာအချင်းချင်း နားလည်သည့် ဘာသာစကားကဲ့သို့သော နားလည်မှုတစ်ရပ်ဖြစ်သည်။ ၁၉၇၃ ခုနှစ်တွင် ထို Arpanet က အင်္ဂလန်၊ နော်ဝေးနိုင်ငံတို့နှင့် ကွန်ရက်စနစ်တစ်ခုကို ထူထောင်ခဲ့သည်။ ဤသို့နှင့် ၁၉၉၂ ခုနှစ်သို့ ရောက်သောအခါ ကမ္ဘာဖြန့်ကြက်ကွန်ရက် (World Wide Web) ဆိုသည်ကို ထုတ်ဝေခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ကမ္ဘာ့ဖြန့်ကြက်ကွန်ရက် (WWW) များစွာကို ထုတ်လုပ်ခဲ့သည်။ ထိုမျှမက ထိုကွန်ရက်သည် စီးပွားရေး၊ လူထုဆက်သွယ်ရေး လုပ်ငန်းများထဲသို့ ဝင်ရောက်လာရာမှ အင်တာနက်စနစ်ခိုင်မာလာခဲ့သည်။

မြန်မာ့ဆက်သွယ်ရေးစနစ်

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးဝန်ဆောင်မှုများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆောင်ရွက်ပေးသည်။ တည်ဆဲဥပဒေအရ စာတိုက်၊ ကြေးနန်းနှင့် ဆက်သွယ်ရေးဝန်ဆောင်မှု အားလုံးအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆောင်ရွက်ပေးပြီး ခေတ်နှင့်အညီ တိုးတက်လာသော ဝန်ဆောင်မှုများကို အပြည့်အဝ ပေးဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်။

တယ်လီဖုန်းဆက်သွယ်ရေးတွင် ယခုအခါ တယ်လီဖုန်းပေါင်း (၃၅၀,၀၀၀) ကို ဆက်သွယ်မှုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်တွင်း ဆက်သွယ်မှုတိုးတက်ပြီး ဝန်ဆောင်မှုပေးနိုင်ရန် မိုက်ကရိုဝေဗ်ဆက်ကြောင်းသစ်များ

တည်ဆောက်ပေးခြင်း၊ ကြိုးမဲ့ လက်ကိုင်ဖုန်းစနစ်များ သုံးစွဲတပ်ဆင်ခြင်း၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်အသုံးပြုစခန်းများ တိုးချဲ့တည်ဆောက်ပေးခြင်းတို့ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေသည်။

အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဝန်ဆောင်မှုအနေနှင့် ပိုမိုကောင်းမွန် တိုးတက်စေရန် ယခင်အဆင့် (B) ဂြိုဟ်တု မြေပြင်စခန်းအစား၊ အဆင့် (A) ဂြိုဟ်တုမြေပြင်စခန်းနှင့် အပြည်ပြည် ဆိုင်ရာ တယ်လီဖုန်း စက်ခလုတ်ခုံ အသစ်တို့ကို တည်ဆောက်ပေးခဲ့သည်။

ယခုအခါ အာရှ၊ ဥရောပအရှေ့အလယ်ပိုင်းသို့ ဆက်သွယ်ထားသော အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ရေအောက်ကေဘယ်လ်လမ်းကြောင်းသို့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှချိတ်ဆက်အသုံးပြုပြီး ဝန်ဆောင်မှု ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ပြီးဖြစ်သည်။

မြို့ပြဒေသကြီးများတွင် လက်ကိုင်တယ်လီဖုန်းစနစ်ကို ဖွင့်လှစ်ပေးခဲ့ရာ အသုံးပြုသူ (၁၅၀,၀၀၀) ကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

မြို့ပြနည်းတူ ကျေးလက်ဒေသတယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှု ပေးနိုင်ရန်အတွက်လည်း IPSTAR ဟုခေါ်သော ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်သည်။

အင်တာနက်ခေါ် အပြည်ပြည်ဆိုင်ရာ သတင်းနှင့်နည်းပညာဆက်သွယ်ရေး ကွန်ရက်စနစ်သစ်ကိုလည်း မြန်မာနိုင်ငံတွင် စတင်အသုံးပြုနေပြီး၊ အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ သတင်းနှင့် ဆက်သွယ်ရေး နည်းပညာကုမ္ပဏီများသည် သက်ဆိုင်ရာ ဘာသာရပ်များတွင် အသုံးချလျက်ရှိသည်။

မြန်မာနိုင်ငံနှင့် အာဆီယံ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် စတင်ဖြစ်ပေါ်လာခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အခြေအနေ၊ ဒေသဆိုင်ရာ အခြေအနေ ပြောင်းလဲလာသည်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့်ဆက်ဆံရေးကို မြှင့်တင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြင့် ၁၉၉၅၊ ဘရူနိုင်း၊ ၂၈ ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးတွင် ချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရာမှစ၍ ၁၉၉၆ ခုနှစ်၊ အင်ဒိုနီးရှား၊ ဂျကာတာအာဆီယံဝန်ကြီးအဆင့် အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက် ရာမှ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ အကြိမ် ၃၀ မြောက် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးတွင် မြန်မာနိုင်ငံသည် တင်းပြည့်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့သည်။

ဤသို့ဖြင့် အာဆီယံလူပ်ရှားမှုများ၌ ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံတော်အစိုးရသည် ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လတွင် စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့၌ ကျင်းပသော စတုတ္ထအကြိမ် အာဆီယံထိပ်သီး၊ အလွတ်သဘော အစည်းအဝေး၌ e-ASEAN လုပ်ငန်းဆိုင်ရာ သဘောတူညီချက် (e-ASEAN Frame work Agreement) ကို လက်မှတ်ရေးထိုးခဲ့သည်။

ထိုစာချုပ်မှ

အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေး နည်းပညာကဏ္ဍ၊ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ခိုင်မာစေရေး အတွက် ပူးပေါင်းဆောင်ရွက်ရန်

- အဖွဲ့ဝင်နိုင်ငံ အချင်းချင်းနှင့် အဖွဲ့ဝင်နိုင်ငံအတွင်း နည်းပညာကွာဟမှု လျော့ပါးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊
- အစိုးရနှင့် ပုဂ္ဂလိကအကြား အီးအာဆီယံအသိအမှတ်ပြုရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်၊
- အီးအာဆီယံ အစပျိုးဆောင်ရွက်မှုကို အထောက် အကူပြုရေးအတွက် သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေး ကုန်ပစ္စည်းများ ကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် ဖြေလျော့မှု တိုးမြှင့်ရန်၊

ဟူသော သဘောတူညီချက်များအရ ရှေးဦးစွာ နိုင်ငံတော်အဆင့် လုပ်ငန်းအဖွဲ့ (Myanmar e-National Task Force) ဖွဲ့စည်းပြီး မြန်မာ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်ဖွံ့ဖြိုးရေးကိစ္စရပ်များကို စတင်ဆောင်ရွက်ခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် MCC Team X တို့ ပူးပေါင်း ဆောင်ရွက်ထားသည့် Internet Website

အီလက်ထရောနစ်ပညာရေးစနစ်

အဲ့မခန်း ဖွံ့ဖြိုးတိုးတက်လာသော ကမ္ဘာ့ဆက်သွယ်ရေး စနစ်နှင့်အညီ မြန်မာ့ဆက်သွယ်ရေး ပုံစံသည် ဆန်းသစ်လာခဲ့ပြီး မြန်မာ့လူ့အဖွဲ့အစည်းအတွင်းသို့ တိုက်ရိုက်ရောက်ရှိလာသောအခါ နိုင်ငံတော်အစိုးရသည် မြန်မာ့ပညာရေးကို အီလက်ထရောနစ်ပညာရေးစနစ်သို့ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစ၍ စတင်တိုးမြှင့်ကျင့်သုံးခဲ့လေသည်။

အီလက်ထရောနစ်ပညာရေးစနစ်သည် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကိုအသုံးပြု၍ အီလက်ထရောနစ် အချက်အလက်ထုတ်လွှင့်မှု အစီအစဉ် (Electronic Data Broadcasting System) အဖြစ်နှင့် ပို့ချသင်ကြားသောစနစ် ဖြစ်သည်။

ထိုစနစ်မှ စဉ်ဆက်မပြတ် ပညာရေး (Lifelong Learning and Continuing Education) အစီအစဉ်များ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်များ ဆောင်ရွက်ခြင်း၊ အဆင့်မြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းပေးမည့် အစီအစဉ်များ ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို လက်တွေ့အသုံးပြုပြီး ဆောင်ရွက်မည့် အစီအစဉ်သစ်များဆောင်ရွက်ခြင်း၊ ပညာရေးကွန်ရက် MOE net တည်ထောင်သော လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးဂြိုဟ်တုမှတစ်ဆင့် တစ်နိုင်ငံလုံး Electronic Broadcasting System တည်ထောင်သော လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ အခွင့်အလမ်းပွင့်နေသော ပညာရေးစနစ် Open Education System တည်ထောင်ရန် ဆောင်ရွက်ခြင်းများကို ပြုလုပ်ပေးမည့်စနစ်ဖြစ်သည်။

မြန်မာ့သတင်းနှင့် ဆက်သွယ်ရေး နည်းပညာ အဆောက်အအုံ

အိုင်စီတီ၏ ရှေးဦးအစဖြစ်သော အိုင်တီ (IT) ဟူသည် ကွန်ပျူတာနှင့် ကွန်ပျူတာအချင်းချင်း ဆက်သွယ် ဆောင်ရွက်သည့် နည်းပညာဖြစ်သည်။ ထိုနည်းပညာများကို ဆောင်ရွက်တတ်သူများကို အိုင်တီပညာရှင်ဟုခေါ်သည်။ မြန်မာနိုင်ငံတွင် အိုင်တီပညာရှင်တို့သည် ကွန်ပျူတာဖွံ့ဖြိုးမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သည်။

၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်းတွင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာအိုင်တီပညာရှင် အစုအဖွဲ့တစ်ခုသည် အိန္ဒိယနိုင်ငံသို့ အိုင်တီ ပညာရပ်များနှင့် ပတ်သက်၍ လေ့လာရန်သွားရောက်ခဲ့ကြသည်။ ထိုလေ့လာမှုခရီးသည် မြန်မာ့အိုင်စီတီလောက၏ ပထမဆုံးသော ခြေလှမ်းဟု ဆိုရမည်ဖြစ်သည်။

အိန္ဒိယ လေ့လာရေးခရီးစဉ် အပြီးတွင် နိုင်ငံတော် အစိုးရက မြန်မာနိုင်ငံအိုင်စီတီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်သွားနိုင်ရန်အတွက် မြန်မာအိုင်စီတီ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း (Myanmar ICT Development Corporation) ကို ပုဂ္ဂလိက အိုင်တီလုပ်ငန်းရှင်များ ပါဝင်စေလျက် ဖွဲ့စည်းခဲ့သည်။

ထိုကော်ပိုရေးရှင်းက ပထမဦးဆုံးဆောင်ရွက်မည့် လုပ်ငန်းအဖြစ် မြန်မာ့သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ အဆောက်အအုံတစ်ခုအား တည်ဆောက်ရန်ဖြစ်ပြီး သတင်းနည်းပညာမဟာစီမံကိန်း (IT Master Plan) ရေးဆွဲကာ စီစဉ်ဆောင်ရွက်ခဲ့သည်။

ထိုသတင်းနည်းပညာမဟာစီမံကိန်းတွင် IT infrastructure၊ IT Education ၊ IT application၊ IT Industry ဖွံ့ဖြိုးတိုးတက်ရေးဟူ၍ အဝိုင်းလေးပိုင်းပါဝင်သည်။

ထိုစီမံကိန်းအရ နိုင်ငံတော်က ပေးအပ်သော ရန်ကုန် တက္ကသိုလ် လှိုင်နယ်မြေအတွင်းရှိ မြေကွက် (၅) ဧကတွင် ICT Park ကြီးတစ်ခုကို တည်ဆောက်ရန် ၂၀၀၁ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့က အုတ်မြစ်ချကာ ဧပြီလအတွင်းက စတင်တည်ဆောက်ခဲ့သည်။

သိပ္ပံပညာနယ်ပယ်တွင် ကွန်ပျူတာကို အသုံးချ၍ ကွန်ပျူတာမှ ထွက်ပေါ်လာသောကုန်ပစ္စည်းဟုဆိုနိုင်သည့် Software များကို ထုတ်လုပ်ရန်၊ ထို Software များကို မြန်မာနိုင်ငံသား လုပ်ငန်းရှင်များက ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သော Software တင်ပို့လာစေရန်၊ Software ထုတ်လုပ်သူ ပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်ရန်၊ ယခင်က သီးခြားစီတည်ရှိနေသော Software Development ကုမ္ပဏီများ တစ်စုတစ်လုံးတည်းရှိလာစေရန်လည်းကောင်း ဤအိုင်စီတီပတ်ဝန်းက ရည်ရွယ်သည်။

ထိုရည်ရွယ်ချက်ကို ဖော်ဆောင်ရန် သတင်းနည်းပညာစနစ်ကို ဆောင်ရွက်မည့် Software Development ကုမ္ပဏီ ၁၁ ခုမှ တစ်ဦးလျှင် ကျပ်သိန်း ၁၀၀ စီမတည်ထည့်ဝင်ခဲ့ကြပြီး အကောင်အထည် ဖော်ခဲ့သည်။

ဤသို့ဖြင့် ပြည်တွင်း အင်ဂျင်နီယာပညာရှင်များ ပုံစံထုတ်၍ ရှစ်လကြာ တည်ဆောက်ခဲ့သည့် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အဆောက်အအုံကြီးကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲများ ဦးဆောင်၍ အောင်မြင်စွာ ဖွင့်လှစ်ခဲ့သည်။

ယခုအခါ မြန်မာ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အဆောက်အအုံကို တစ်ခုတည်းသော မြန်မာ့အိုင်စီတီ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီက တာဝန်ယူအုပ်ချုပ်စီမံထားသည်။ ထိုကုမ္ပဏီသည် အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့ အချိုးကျပါဝင် ဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်သည်။

မြန်မာအိုင်စီတီပတ်ဝန်းကို ကြည့်လျှင် အဓိကအားဖြင့် အထပ်သုံးထပ်ပါရှိသည့် ပင်မအဆောက်အအုံတစ်ခု Software Develop ကုမ္ပဏီရုံးခန်းများ ဖွင့်လှစ်ရန် နှစ်ထပ်ဆောင်လေးဆောင်ဟူ၍ တွေ့ရမည်ဖြစ်သည်။ ပင်မအဆောက်အအုံသည် အစည်းအဝေးများ၊ နှီးနှောဖလှယ်ပွဲများ၊ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန် ဖြစ်ပြီး၊ ကျန်နှစ်ထပ်ဆောင်လေးဆောင်မှာ သတင်းနည်းပညာစနစ်ကို ဆောင်ရွက်မည့် ပညာရှင်အင်ဂျင်နီယာများအတွက် အလုပ်စခန်းများ ဖြစ်သည်။

ပုဂံဆိုက်ဘာတက်စ်

မြန်မာနိုင်ငံ၏သတင်းနှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပံ့ပိုးဆောင်ရွက်ပေးသော အဖွဲ့အစည်းဖြစ်သည်။

လုပ်ငန်းအနေအထားအရ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည်။ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကအိုင်တီကုမ္ပဏီများ ပူးပေါင်းပါဝင်သည်။ ထို့ကြောင့် ပုဂံဆိုက်ဘာတက်စ်ကို Semi-government အဖွဲ့အစည်းဟု ဆိုနိုင်သည်။

အထူးသဖြင့် ပုဂံဆိုက်ဘာတက်စ်သည် မြန်မာ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အဆောက်အအုံမှ အိုင်တီကုမ္ပဏီများ၏ ပြည်တွင်းပြည်ပ ဆက်သွယ်ရေး ကိစ္စရပ်များကို ဆောင်ရွက်ပေးရသည်။

ဆိုက်ဘာတက်စ်သည် မြန်မာနိုင်ငံ၏ အဓိက အင်တာနက်လုပ်ငန်းဝန်ဆောင်မှု ISP-Internet Service Provide အဖြစ် အချက်အလက်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ပုဂံ ဆိုက်ဘာတက်စ်သည် ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလက ဖွဲ့စည်းခဲ့သော နိုင်ငံတော်အဆင့် လုပ်ငန်းအဖွဲ့ (e-National Task Force) ဖွဲ့စည်းပြီး အစိုးရတစ်ပိုင်း ကုမ္ပဏီအသွင်ဖြင့် ပေါ်ပေါက်လာသည်။ ဖွဲ့စည်းပြီး တစ်လအကြာတွင် Data အချက်အလက်များအား နိုင်ငံတကာသို့ အပြန်အလှန် ပေးပို့နိုင်သော FTP (File Transfer Protocol) ဝန်ဆောင်မှုများ စတင် ခဲ့သည်။ ထို့နောက် IT ဆိုင်ရာ ဝန်ဆောင်မှုများကို အသင်းဝင်စနစ် (၄) မျိုးခွဲ၍ ပုဂ္ဂလိကကဏ္ဍအား ခွင့်ပြု မိတ်ဆက်ခဲ့သည်။

ပုဂံဆိုက်ဘာတက်စ်သည် အချက်အလက်ကွန်ရက်များ ပြည်ပ ဆက်သွယ်ရေးကွန်ရက် (Internet) ပေါ်သို့ လွှတ်တင်ပေးခြင်းကို ဆောင်ရွက်လာခဲ့ပြီး ၂၀၀၁ ခုနှစ်၊ ဧပြီလ၌ Internet (ပြည်တွင်း ဆက်သွယ်ရေးကွန်ရက်) စနစ်ကို ထူထောင်ကာ အချက်အလက် ကွန်ရက်စာမျက်နှာ (Web Page) များ လွှတ်တင်ပေးခြင်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်အတူ လုပ်ကိုင်ခဲ့သည်။

ပုဂံဆိုက်ဘာတက်စ်သည် အချက်အလက်ဆိုင်ရာ ဆက်သွယ်ရေးစနစ်များကို ဦးဆောင်ပေးနိုင်မည့် အဓိက အပေါ်ထပ်အဆောက်အအုံဖြစ်သည်။ Teleport တစ်ခုကို မြန်မာ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံ ထူထောင်လုပ်ကိုင်ခဲ့သည်။

အဆိုပါ Teleport ၏ အဓိကရည်ရွယ်ချက်မှာ MICT Park အတွက် လိုအပ်သော အင်တာနက်၊ အင်ထရာနက်၊ တယ်လီဖုန်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများ ဖြည့်ဆီးပေးရန်နှင့် နောက်ဆုံးပေါ် ဂြိုဟ်တုဆက်သွယ်ရေးဖြင့် ကွန်ရက်စနစ်များ ထူထောင်ပေးရန်ဖြစ်သည်။

ပုဂံဆိုက်ဘာတက်စ် Teleport အဆောက်အအုံကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်နေ့က

အခြေခံပညာ မူလတန်းကျောင်းများတွင် ကလေးသူငယ်များ မာတီမီဒီယာသင်ခန်းစာ လေ့ကျင့်နေပုံ

MICT Park နှင့်အတူ စတင်ဖွင့်လှစ်ကာ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အီလက်ထရောနစ်၊ အမျိုးသားအဆင့် ICT လုပ်ငန်းအဖွဲ့

(e-National Task Force (e-NTF)

မြန်မာနိုင်ငံ၏ ခေတ်မီသတင်းအချက်အလက်နည်းပညာများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလက ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်သည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ဦးဆောင်ကာ လုပ်ငန်းကော်မတီ (၆) ခုကို ထပ်မံဖွဲ့စည်းခဲ့သည်။ ၎င်းတို့မှာ (၁) e-government (၂) e-Commerce (၃) National Portal (၄) Online Banking (၅) e-Education (၆)Telemedicine (၇)Digital Library တို့ဖြစ်သည်။

နိဂုံး

မကြာသေကာလတွင် ကမ္ဘာကြီးသည် သတင်းဆက်သွယ် ရေး အမြန်လမ်းမကြီး (Information Super High Way) ဟူသည့် လမ်းမကြီးပေါ်သို့ ရောက်ရှိလာတော့မည်ဖြစ်သည်။

ထိုအချိန်တွင် မြန်မာနိုင်ငံသည် သတင်းနှင့် ဆက်သွယ်ရေး နည်းပညာရပ်များဆီသို့ အတိုင်းအတာ ခရီးကာလတစ်ခုထိရောက်အောင် ချဉ်းကပ်နိုင်မည်ဖြစ်သည်။

အထူးသဖြင့် ယခုကဲ့သို့ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အဆောက်အအုံကြီးတစ်ခု ပေါ်ပေါက်လာသည်မှာ သတင်းနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှု၏ ပင်မရေစီးတစ်ခု တည်ရှိလာသည့်နှယ် ဖြစ်သည်။

နွေသင်နိုင်

စာပေနှင့်ဆိုင်ရာ စာတမ်းဖတ်ပွဲများ (၂၀၀၂ ခုနှစ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကျင်းပသောစာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများ

မြန်မာနိုင်ငံတွင် စာတမ်းဖတ်ပွဲများကို ၁၉၁၀ ပြည့်နှစ်ကပင် စတင်ခဲ့ပါသည်။ မြန်မာနိုင်ငံ သုတေသနအသင်းနှင့်အတူ ပေါက်ဖွားလာခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချိန်က အင်္ဂလိပ်ပဋိညာဉ်ခံ အရာရှိတစ်ဦးဖြစ်သူ မစ္စတာကျေ၊ အက်(စ်) ဟာနီဗယ်သည် ကမ္ဘာအရပ်ရပ်ရှိ သုတေသနပညာရှာမှီးကြသော အသင်းအဖွဲ့များနှင့် ပုဂ္ဂိုလ်များကို အားကိုးကာ မြန်မာပြည်တွင်လည်း ဤအသင်းမျိုး ရှိသင့်ရှိထိုက်သည်ဟု ယုံကြည်သဖြင့် ဗြိတိသျှ လူကြီးလူကောင်းများ မြန်မာပညာရှိကြီးများကို ချဉ်းကပ်တိုက်တွန်းခဲ့ခြင်းကြောင့် ခရစ်နှစ် ၁၉၁၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ သုတေသနအသင်းကို စတင်တည်ထောင်ခဲ့သည်။

အသင်းတည်ထောင်သည့် အခမ်းအနားကို ၁၉၁၀ ပြည့်နှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ဗားနတ် ပီဌကတ်တိုက်၌ ကျင်းပရာ မြန်မာပြည် ဒုဘုရင်ခံ ဆာဟားဗစ်သာကယ်ဝိုက်က သဘာပတိပြုလုပ်၍ ဝတ်လုံတော်ရ ဦးမေအောင်က အသင်းပဏာမ မိန့်ခွန်းကို မြွက်ကြားခဲ့သည်။ ပထမဆုံးဥက္ကဋ္ဌမှာ မစ္စတာအိပ်(ချ) အယ်အေးလဖြစ်၍ အသင်းတည် ထောင်စတွင် အဖွဲ့ဝင် ၂၃၅ ဦးရှိသည်။

အသင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံနှင့် ယင်း၏ ကျောခိုင်းနယ်စပ်နိုင်ငံများ၏ ယဉ်ကျေးမှု အနုပညာသိပ္ပံပညာ၊ စာပေပညာစသည်တို့ကို လေ့လာစုံစမ်းရှာဖွေရန်နှင့် အထူးသဖြင့် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသော သုတေသနလုပ်ငန်းများကို အားပေးရန် ဖြစ်လေသည်။ အသင်း၏ အရပ်ရပ်လုပ်ငန်းဆောင်တာများကို အသင်းအရာရှိ ၁၅ ဦးနှင့် အခြားအဖွဲ့ဝင် ၁၅ ဦးတို့ပါဝင်သော အမှုဆောင်အဖွဲ့က ကွပ်ကဲဆောင်ရွက်လေသည်။ အမှုဆောင်အဖွဲ့သည် သာမန်အားဖြင့် တစ်နှစ်လေးကြိမ် တွေ့ဆုံစည်းဝေးကာ ကြားကာလတွင် စီမံမှုအဖွဲ့ငယ်က အသင်း၏ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လေသည်။ ပုဂ္ဂိုလ် ၁၅ ဦးပါဝင်သော အထွေထွေကော်မတီက အသင်း၏ဝါဒနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ပေးလေသည်။

အသင်း၏အဓိကလုပ်ငန်းသည် သုတေသနပြုရေးပင်ဖြစ်ရာ အသင်းသားများ သုတေသနပြုလုပ် ရှာဖွေတွေ့ရှိထားချက် စာတမ်းများကို ဖတ်ကြားနိုင်ရန် တစ်နှစ်လျှင်လေးကြိမ်မှ ခြောက်ကြိမ်အထိ အစည်းအဝေးပြုလုပ်လေ့ရှိ၏။ နှစ်စဉ် ဒီဇင်ဘာလတွင်လည်း လေးရက်ကြာမျှ သုတေသနညီလာခံ ကျင်းပပြုလုပ်ကာ အရပ်ရပ်သုတေသနစာတမ်းများ ၁၀ စောင်မှ ၁၅ စောင်အထိ ဖတ်ကြားကြလေသည်။ ယင်းစာတမ်းများကို မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်တွင် ပုံနှိပ်ထုတ်ဝေသည်။ ဂျာနယ်ကို ၁၉၁၁ ခုနှစ်တွင် ပထမဆုံးပုံနှိပ်ထုတ်ဝေခဲ့၍ ဂျာနယ်၏ ပထမဆုံးစာတည်းမှာ မစ္စတာစီ၊ ဒူးရွားဇဲ ဖြစ်၏။

နောက်ပိုင်းတွင် အခမ်းအနားများ၌ တာဝန်အရ ပြောကြားရာ၌ပင် အလျဉ်းသင့်သည့် အကြောင်းအရာများကို စာတမ်းအဖြစ်ဖတ်ကြားခဲ့သည်။ ဥပမာအားဖြင့် ၁၉၅၅ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် ကျင်းပသော စာပေဗိမာန်ဆုနှင်းသဘင်တွင် ၁၉၅၅ ခုနှစ်အတွက် "သခင်ကိုယ်တော်မှိုင်းဦးကာ" ဖြင့် စာပေဗိမာန်ဆုရရှိသည့် ဆရာဇော်ဂျီက ပြန်ကြားပြောဆိုရာ၌ "စာအုပ်စင်နှင့် ကျွန်တော်" ဟူသောအကြောင်းကို ဖတ်ကြားသွားပါသည်။

ထို့ပြင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေဗိမာန်အဖွဲ့က ၁၉၆၅ ခုနှစ်မှစပြီး စာပေ နှိုးနှောဖလှယ်ပွဲများကိုကျင်းပခဲ့ရာ ပြည်သူ့အကျိုးပြုမလေ့ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၀၂ ခုနှစ်အတွင်း စာပေဆိုင်ရာ စာတမ်းဖတ်ပွဲများပြုလုပ်ခဲ့ရာ ပညာရှင်အသီးသီးက စာတမ်းပေါင်းများစွာကို ဖတ်ကြားခဲ့ကြပါသည်။

(၁) ဖေဖော်ဝါရီလတွင် ကြူးကြူးသင်း၏ "၁၉၈၁ ခုနှစ်မတိုင်မီ အမျိုးသားရေးညွှန်းဖွဲ့တေးများစာတမ်း

(၂) ဖေဖော်ဝါရီလတွင် ရဲမြလွင်၏ "ကျွန်တော် မြန်မာပြန်ခဲ့သော ဂျပန်ဝတ္ထုစာပေများ" စာတမ်း

(၃) ဖေဖော်ဝါရီလတွင် ပါရဂူ၏ "ဟိန္ဒီစာပေနှင့်ဟိန္ဒီမြန်မာပြန်" စာတမ်း

(၄) ဖေဖော်ဝါရီလတွင် ဌေးမောင်၏ "၂၁ ရာစုဦး စာပေအနုပညာရှင်တို့၏ အမျိုးသားရေးတာဝန်အတိတ်၏ ပုံရိပ်များ" စာတမ်း

(၅) ၁၂- ၅- ၂၀၀၂ ရက်နေ့တွင် ဦးတင်ရှိန် (မင်းကြော့ရှိန်)၏ "၂၁ ရာစုနှစ်ဦးတင်ပြချက်" စာတမ်း

(၆) ၁၂- ၅- ၂၀၀၂ ရက်နေ့တွင် ဦးလှမောင် (အောင်ချိန်ဘွား)၏ "မြန်မာ့စားသုံးမှုဓလေ့နှင့် စားသုံးဆီ" စာတမ်း

(၇) ၁၅- ၉- ၂၀၀၂ တွင် ဦးအောင်သန်းထွန်း (မုံရွာ)၏ "မြန်မာဓမ္မသတ်များက ဖော်ထုတ်ပြသသော မြန်မာ့ယဉ်ကျေးမှုလူမှုရေးဘဝနှင့် အတွေးအခေါ်များ" စာတမ်း

(၈) ၁၅- ၉- ၂၀၀၂ တွင် ဦးခင်အေး (မောင်ခင်မင်- ဓနုဖြူ) ၏ "နေ့စဉ်သုံးမြန်မာစာပေ အရေးအသား" စာတမ်း

(၉) ၆- ၁၀- ၂၀၀၂ တွင် ဒေါက်တာကျော်ညွန့်စိန်၏ "အနာကြီးရောဂါကင်းဝေးရေး မီဒီယာတို့ကူညီပေး" စာတမ်း

(၁၀) ၂၆- ၁၀- ၂၀၀၂ တွင် ဦးချစ်နိုင် (ချစ်နိုင်စိတ်ပညာ)၏ "အမျိုးသားနောက်ခံကျမ်းများကို လေ့လာတင်ပြချက်" စာတမ်း

(၁၁) ၂၆- ၁၀- ၂၀၀၂ တွင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၏ "အမျိုးသားရေးအားမာန် ဝတ္ထုရှည်များ" စာတမ်း

သုတဘဏ်စာတမ်းဖတ်ပွဲ

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှကြီးမှူး၍ သုတဘဏ်စာတမ်းဖတ်ပွဲများကို ၂၀၀၁ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၂၀၀၂ ခုနှစ်အတွင်း ပညာရှင်အသီးသီးက အောက်ပါ စာပေဆိုင်ရာစာတမ်းများကို ဖတ်ကြားခဲ့ပါသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံတွင် ဖတ်ကြားသောစာတမ်းများ

၂၀၀၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်

ညီလာခံ ဒုတိယနေ့အခမ်းအနားကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များက စာပေနှင့်စာနယ်ဇင်းလုပ်ငန်းများ မြှင့်တင်ရေးဆိုင်ရာ စာတမ်း ၆ စောင်ကို တင်သွင်းခဲ့ကြသည်။ တင်သွင်းခဲ့သည့် စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) "စာပေဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စာပေနှင့် စာနယ်ဇင်းသမားများသည် အဖွဲ့၏ ဦးဆောင်မှုဖြင့် တက်ကြွစွာ ပါဝင်ရိုင်းပင်း ဆောင်ရွက်ရေး"၊ စာတမ်းရှင် ဦးလှထွန်း (လှထွန်း-တံတား) နှင့် ဦးခင်ရွှေ (ရွှေစွန်ညို)

(၂) "စာပေနှင့်စာနယ်ဇင်းဆိုင်ရာ အတတ်ပညာ၊ နည်းပညာနှင့် သုတရသရေးသားမှု အရည်အချင်း မြင့်မားလာစေရန်နှင့် စာပေမှုးဆက်သစ်များပေါ်ထွန်းလာစေရန် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရေး"၊ စာတမ်းရှင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)

(၃) "မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရှင်သန်ထွန်းကား ပြန့်ပွားရေးကို စဉ်ဆက်မပြတ် လှုံ့ဆော်ရေးသားရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား တက်ကြွစွာပါဝင်ဆောင်ရွက်ရေး" စာတမ်းရှင် - ဒုတိယ ဗိုလ်မှူးကြီး အုန်းမောင် (ငြိမ်း) (မြင်းမူမောင်နိုင်မိုး)

(၄) "အမျိုးသားအမွေ ဂန္ဓဝင်နှင့်ခေတ်ပြိုင် မြန်မာစာပေကို ထိန်းသိမ်းမြှင့်တင်ရင်း ပြည်တွင်းပြည်ပ ကျယ်ပြန့်စွာလေ့လာဖတ်ရှု သိရှိနိုင်ရေး" စာတမ်းရှင်- ဦးမျိုးသန့်. (မောင်ဆုရှင်)

(၅) "လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသအထိ စာပေ၏ အကျိုးပြုမှုကိုရရှိခံစားနိုင်ရေး" စာတမ်းရှင်- ဦးချစ်နိုင် (ချစ်နိုင်- စိတ်ပညာ)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ပညာရှင်များစာတမ်းဖတ်ပွဲဖြစ်မြောက်ရေးဆွေးနွေးနေကြစဉ်

(၆) "အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်မည်" စာတမ်းရှင်- ဦးကျော်ဝင်း (မနုဿ ကျော်ဝင်း)

တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန စာတမ်းဖတ်ပွဲ

တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန စာပေဆိုင်ရာစာတမ်းများကို ရန်ကုန်တက္ကသိုလ် အမရဆောင်၌ ၂၀၀၂ ခုနှစ်အတွင်း ၉ ကြိမ် ဖတ်ကြားခဲ့ပါသည်။ ဖတ်ကြားခဲ့သောစာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ၂- ၁- ၂၀၀၂ ရက်နေ့ ၂၅ ကြိမ်မြောက် စာတမ်းဖတ်ပွဲတွင် မြန်မာ့သမိုင်းအဖွဲ့ဝင် ဦးလှသိန်း၏ "The Myanmar Hlultaw its deterioration and decay" စာတမ်း

(၂) ၂၉- ၃- ၂၀၀၂ ရက်နေ့ ၂၆ ကြိမ်မြောက် စာတမ်းဖတ်ပွဲတွင် ဦးဘမော်ပါမောက္ခ (ငြိမ်း) ဘူမိဗေဒဌာန၏ "Pleistocene of Myanmar Stressing on Terrace deposit of Ayeyawaddy and Chindwin Rivers" စာတမ်း

(၃) ၂၃- ၅- ၂၀၀၂ ရက်နေ့ ၂၇ ကြိမ်မြောက် စာတမ်းဖတ်ပွဲတွင် ဒေါက်တာခင်မောင်ညွန့်၏ "မြန်မာကျမ်းများ ဘာသာပြန် (မြန်မာမှ အင်္ဂလိပ်)" စာတမ်း

(၄) ၃၁- ၅- ၂၀၀၂ ရက်နေ့ ၂၈ ကြိမ်မြောက် စာတမ်းဖတ်ပွဲတွင် ဒေါက်တာသန်းထွန်း၏ ဂေါဒွန်လုစ် (ခေတ်ဟောင်း မြန်မာက ခေတ်ဦးပုဂံ)" စာတမ်း

(၅) ၃၀- ၈- ၂၀၀၂ ရက်နေ့ ၂၉ ကြိမ်မြောက်စာတမ်းဖတ်တွင် ဒေါက်တာတိုးလှ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၏ "အနန္တသူရကျောက်စာလေ့လာချက်" စာတမ်း

(၆) ၂၇- ၉- ၂၀၀၂ ရက်နေ့ ၆၀ ကြိမ်မြောက်စာတမ်းဖတ်ပွဲတွင် ဒေါက်တာခင်မောင်ညွန့်၏ "Tawthelin the month of Myanmar Traditional Regatta Festival" စာတမ်း

(၇) ၆၁ ကြိမ်မြောက်စာတမ်းဖတ်ပွဲတွင် ဒေါက်တာခင်မောင်ညွန့်၏ "Festival of Tazanmone" စာတမ်း

(၈) ၂၀- ၁၂- ၂၀၀၂ ရက်နေ့ ၆၂ ကြိမ်မြောက်စာတမ်းဖတ်ပွဲတွင် ဒေါက်တာခင်မောင်ညွန့်၏ "The Defence System of Ancient City Mrauku" စာတမ်း

(၉) ၂၄- ၁၂- ၂၀၀၂ ရက်နေ့ ၆၃ ကြိမ်မြောက်စာတမ်းဖတ်ပွဲတွင် ဒေါ်ရည်ရည်အောင်၏ "ညောင်ရမ်းမင်းသမီးကြီး ကျောက်စာ (ပုံ ၁၄၃- က) အကဲဖြတ်ချက်" စာတမ်း

ထို့ပြင်လည်း တက္ကသိုလ်သမိုင်း သုတေသနဦးစီးဌာနတွင် (၂၅- ၁၁- ၂၀၀၂) ရက်နေ့က ကွယ်လွန်သူမြန်မာ့သမိုင်းအဖွဲ့ဝင်ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ ၈၅ နှစ်မြောက် အထိမ်းအမှတ် စာတမ်း (၈) စောင် ဖတ်ကြားခဲ့ပါသည်။

ပညာရေးစုံညီပွဲတော် စာတမ်းဖတ်ပွဲ

၂၀၀၂- ၂၀၀၃ ခုနှစ် ပညာရေးစုံညီပွဲတော်အထိမ်းအမှတ် မြန်မာစာ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ စာကြည့်တိုက်နှင့် သုတေသနစာတမ်းဖတ်ပွဲများကို ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ (၃၀- ၁၂- ၂၀၀၂) (၃၁- ၁၂- ၂၀၀၂) နှင့် (၁- ၁- ၂၀၀၃) ရက်နေ့တို့တွင် နံနက် (၈း၃၀) နာရီမှ ညနေ (၁၆း၀၀) နာရီအထိ ပြုလုပ်ခဲ့ရာ ပညာရှင်အသီးသီးက စာတမ်းပေါင်း (၄၀) ကိုဖတ်ကြားခဲ့ပါသည်။ ဖတ်ကြားခဲ့သော စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၃၀-၁၂-၂၀၀၂) ရက်နေ့တွင်ဖတ်ကြားသော စာတမ်းများ

(၁) **ဦးတင်လွင် (အချိန်ပိုင်းပါမောက္ခ၊ အရှေ့တိုင်း ပညာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ ပါဠိဟူသော ဗျုပ္ပတ်နှင့် စပ်လျဉ်း၍ နောက်ထပ်တွေ့ရှိရသော အဆိုအမိန့်တစ်ရပ် စာတမ်း**

(၂) **ဦးကြင်လှိုင် (ပါမောက္ခ၊ အရှေ့တိုင်းပညာဌာန၊ ဒဂုံတက္ကသိုလ်)၏ ပါဠိစာပေမြန်မာစကားပုံများ စာတမ်း**

(၃) ဒေါ်ခင်သိန်း (ပါမောက္ခ၊ အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၏

မေတ္တာသုတ်မှ ဖော်ညွှန်းပြသော နိုင်ငံသားကောင်း ဖြစ်ကြောင်းအကျင့်တရားများ စာတမ်း

(၄) ဒေါ်ပပအောင် (လက်ထောက်ကထိက အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Arada's Teaching from Buddhacarita စာတမ်း

(၅) ဒေါ်ခင်မင်းကြည် (နည်းပြ၊ အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Kalidasa's poetic Art and His Love for Nature စာတမ်း

(၈) ဒေါ်ပိုးပိုး၊ ဦးကြည်ရွှင် (ကထိကများ၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ The Use of Multimedia Technology in English Language Teaching စာတမ်း

(၉) ဒေါ်ကျော့ကျော့ (အကြံပေး ပုဂ္ဂိုလ်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်) ၏ Analytical Study of Selected Myanmar Traditional Literary Works Recorded on

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကျင်းပသောစာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသော ပညာရှင်သုံးဦး (ရှေ့တန်း)

(၆) ဒေါ်မေစန်းရီ (ကထိက၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ A Review of Code- switching in Academic settings in seven countries စာတမ်း

(၇) ဒေါ်ဌေးဌေးဝင်း (ကထိက၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန် တက္ကသိုလ်)၏ An Over-

Palm- leaf, Parabaiks and Kamavasa Housed in Universities Central Library စာတမ်း

(၁၀) ဒေါ်တင်ဘုန်းနွယ် (စာကြည့်တိုက်မှူး၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်) ၏ Digitized Ninety photos of 18th century

Myanmar collected in Universities Central Library before 1960 စာတမ်း

(၁၁) ဒေါ်တင်ဝင်းရည် (စာကြည့်တိုက်မှူး (၁) တက္ကသိုလ်များဗဟိုစာကြည့်တိုက်) ၏ Universities Central Library in the Digital Age စာတမ်း

(၁၂) ဒေါ်နီနီနိုင် (စာကြည့်တိုက်လက်ထောက် (၁) တက္ကသိုလ်များဗဟိုစာကြည့်တိုက်) ၏ Analysis of Resource Centre for Ancient Myanmar Manuscripts in Yangon and Mandalay စာတမ်း

(၁၃) ဦးသိန်းရွှေ (ကထိကဌာနမှူး စာ/ သုဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) ၏ AACR ၌ပါရှိသည့် အင်ဒိုနီးရှားနှင့် မလေးလူမျိုးအမည်များ ကက်တလောက်တင်ခြင်းဆိုင်ရာ လေ့လာသုံးသပ်ချက် စာတမ်း

၃၁- ၁၂- ၂၀၀၂ ရက်နေ့တွင် ဖတ်ကြားသော စာတမ်းများ

(၁) ဒေါ်ယဉ်ယဉ်စိန် (ကထိက၊ စာ/ သုဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Subject Analysis for Books on Myanmar စာတမ်း

(၂) ဒေါ်ဌေးဌေးဝင်း (ကထိက၊ စာ/ သုဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ The Role of the Reference Librarian in Academic Libraries in Myanmar စာတမ်း

(၃) ဦးထွန်းအောင်ကျော် (ကထိက၊ စာ/သုဌာန၊ ရန်ကုန်တက္ကသိုလ်)၏ ကျိန်းဖောတိုင်းရင်းသားများ၏ အမည်မှည့်ပုံစနစ်ကို စာကြည့်တိုက်ပညာ ရှုထောင့်မှ လေ့လာတင်ပြခြင်း စာတမ်း

(၄) ဒေါ်စောမြကြည်သာ (ကထိက၊ စာ/ သုဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ မျိုးတူစုပြုရာတွင် ဒူဝီဒဿမ မျိုးတူစုစနစ်၏ အသုံးဝင်မှုနှင့် 19th ed 21st ed များ၏ ကွဲပြားခြားနားမှုများကို လေ့လာတင်ပြခြင်း စာတမ်း

(၅) ဒေါ်နီဝင်းဇော် (လ/ထကထိက၊ စာ/ သုဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှိ မြန်မာရည်ညွှန်းစာအုပ်များအား လေ့လာတင်ပြခြင်း စာတမ်း

(၆) ဒေါ်စိန်စိန်လွင် (လ/ထကထိက၊ စာ/ သုဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ လားဟူတိုင်းရင်းသားအမည်များ ကက်တလောက်တင်ပြခြင်းဆိုင်ရာ လေ့လာချက် စာတမ်း

(၇) ဦးဇော်အောင်ထွတ် (နည်းပြ၊ စာ/သုဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ မြန်မာမင်းများ ပိဋကတ်တိုက်များကို လေ့လာသုံးသပ်ခြင်း စာတမ်း

(၈) ဒေါ်ခင်ကြူ (ကထိက၊ စာ/ သုဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Technical Approach to Abstracting and Indexing of Myanmar periodicals စာတမ်း

(၉) ဒေါ်သန်းနွဲ့ (ပါမောက္ခနှင့်ဒေါ်ခင်ခင်ဦး၊ ဒေါ်ရီရီချို၊ နည်းပြများ၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Convention on the Riths of the child and Child Laws in some Asian Countries စာတမ်း

(၁၀) ဒေါ်ခင်မာရီ (ကထိက၊ ဥပဒေဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Trademark and International Rules Relating to Trademark စာတမ်း

(၁၁) ဒေါ်တင်မေထွန်း (ကထိက၊ ဥပဒေဌာန၊ ရန်ကုန်တက္ကသိုလ်)၏ National Treatment and International Invesment စာတမ်း

(၁၂) ဒေါ်သီတာ (နည်းပြ၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Legal Protection for Inventions (Patent Law) စာတမ်း

(၁၃) ဒေါ်နှင်းနှင်းစောလှမောင် (နည်းပြ၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Port State Control in Myanmar စာတမ်း

၁- ၁- ၂၀၀၃ ရက်နေ့တွင်ဖတ်ကြားသော စာတမ်းများ

(၁) U Forbis (နည်းပြစိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၏ The Importance of Goal Setting စာတမ်း

(၂) ဦးခင်မောင်လတ် (ကထိက၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၏ Construction of Intelligence Test စာတမ်း

(၃) ဒေါ်ခင်မျိုးရီ (တွဲဖက်ပါမောက္ခ၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ Resource for Creative Thinking စာတမ်း

(၄) ဒေါ်နွယ်နီလှ (ကထိက၊ စိတ်ပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၏ A field study of life style of people living in Thongwa and Thanlyin စာတမ်း

(၅) ဒေါ်ငွေးငွေး (ပါမောက္ခ၊ စိတ်ပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်) ၏ Family and it's various functions စာတမ်း

(၆) ဒေါ်သက်ထားဝင်း (တွဲဖက်ပါမောက္ခ၊ စိတ်ပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၏ Schizophrania စာတမ်း

(၇) ဒေါ်တင်မာစန်း (နည်းပြ၊ စိတ်ပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၏ A study on Need Assessment of Counselling of university students စာတမ်း

(၈) ဦးထွန်းအောင်ကျော် (ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၏ **ဖွန်းဒေသိယစကား၏ ကြီယာပုဒ်ဖွဲ့ပုံ** စာတမ်း

(၉) ဦးကိုလေး (ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ The Role of Kha in Myanmar Grammar စာတမ်း

(၁၀) ဒေါက်တာ အောင်မြင့်ဦး (ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ **မြန်မာနိုင်ငံရှိ တိုင်းရင်းသားစာအရေးအသားစနစ်များ** စာတမ်း

(၁၁) ဒေါ်ချိုချိုတင် (ကထိက၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန် ပညာရေးတက္ကသိုလ်)၏ **မြန်မာ့ရသစာပေ ဘဝအသိ အာနိသင်ပေးသောအဖွဲ့များ** စာတမ်း

(၁၂) ဒေါ်အေးမြင့် (ပါမောက္ခ၊ မြန်မာစာဌာန၊ ပြည်တက္ကသိုလ်)၏ **ပြည်မြို့ရောက် ရှင်မဟာရဋ္ဌသာရ၏ နောက်ဆုံးလက်ရာသံဝရပျို့ စာတမ်း**

(၁၃) ဦးလှမြင့် (ပါမောက္ခ၊ မြန်မာစာဌာန၊ ပန်းမော်ဒိကရီကောလိပ်)၏ **ဆောင်းပါးစာပေ စာတမ်း**

စိတ်ပညာဌာန ရွှေရတုအထိမ်းအမှတ် စာတမ်းဖတ်ပွဲ

ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန နှစ်ငါးဆယ်ပြည့် ရွှေရတုအထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာတွင် (၂၆- ၁၂- ၂၀၀၂) နှင့် (၂၇- ၁၂- ၂၀၀၂) တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ စာတမ်းဖတ်ပွဲတွင် အောက်ပါစာတမ်းများကို ဖတ်ကြားခဲ့ကြပါသည်။

(၂၆- ၁၂- ၂၀၀၂) ရက်နေ့တွင် ဖတ်ကြားသောစာတမ်းများ

(၁) Development of Psychological Tests in Myanmar (စာတမ်းရှင် ဒု- ဗိုလ်မှူးကြီး အုန်းလှိုင်)

(၂) Current Trends in youth Violence Reserach (စာတမ်းရှင် ပါမောက္ခ ဦးခင်မြင့်၊ စိတ်ပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)

(၃) Children's Mental Health Care in the 21st Century Elaminating the Trauma Burden (စာတမ်းရှင် ဒေါ်မြတ်သစ္စာကျော်၊ တွဲဖက်ပါမောက္ခ၊ စိတ်ပညာဌာန၊ ဒဂုံတက္ကသိုလ်)

(၄) Psychotherapy (စာတမ်းရှင် ဒေါ်သက်ထားဝင်း၊ တွဲဖက်ပါမောက္ခ၊ စိတ်ပညာဌာန၊ အဝေးသင်တက္ကသိုလ်)

၂၇- ၁၂- ၂၀၀၂ ရက်နေ့တွင် ဖတ်ကြားသောစာတမ်းများ

(၁) Obescity (စာတမ်းရှင် ဒေါ်ရီရီခိုင်၊ ကထိက စိတ်ပညာဌာန၊ အဝေးသင်တက္ကသိုလ်)

ရန်ကုန်ပညာရေးတက္ကသိုလ်သင်ပြန်ညွှန်းပညာဌာန ပါမောက္ခဒေါ်ထူးထူးအောင် စာတမ်းဖတ်ကြားစဉ်

နှင့် စာတမ်းဖတ်ပွဲတက်ရောက်သူများ

(၂) Psychological Application in Qualitative Research (စာတမ်းရှင် ဗိုလ်ကြီးချိုချိုဦး၊ တပ်မတော်သူနာပြု တက္ကသိုလ်)

(၃) A Study on Kisure Activities of Youth (စာတမ်းရှင်ဒေါ်ခင်အိအိထွန်း၊ နည်းပြ၊ ဒဂုံတက္ကသိုလ်)

(၄) ပုဂ္ဂလိကကဏ္ဍ ဝန်ထမ်းရွေးချယ်ရေး (၇) နှစ်ကာလ အသုံးချစိတ်ပညာ စစ်ဆေးမှုအခြေအနေများ (စာတမ်းရှင်ဒေါက်တာဝါဝါစိန်၊ Managing Director Today Top star)

ကြည့်မြင်တိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့

စာတမ်းဖတ်ပွဲ

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြိုးမှူး၍ အ.ထ.က (၁) ကြည့်မြင်တိုင်၊ မြစ်ပယ်ခန်းမတွင် စာဆိုတော်နေ့အထိမ်းအမှတ်စာတမ်းဖတ်ပွဲကို ၁၉- ၁၂- ၂၀၀၂ နေ့လယ် ၁၂ နာရီတွင်ပြုလုပ်ခဲ့ရာ အောက်ပါစာတမ်းများကို ဖတ်ကြားခဲ့ပါသည်။

(၁) ဦးအေးချို (မဟာဝိဇ္ဇာ) ၏ "ရွှေးရွှေးတုန်းက ကြည့်မြင်တိုင်" စာတမ်း

(၂) တက္ကသိုလ် နှင်းဝေ၏ "မျိုးချစ်ကြည့်မြင်တိုင်" စာတမ်း

(၃) သူရဇော်၏ "စာပေကြည့်မြင်တိုင်" စာတမ်း

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲ

၂၀၀၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို စက်တင်ဘာလ ၈ ရက်နှင့် ၉ ရက်နေ့တွင် ရန်ကုန်မြို့ကမာရွတ်မြို့နယ် ပြည်လမ်းရှိစိန်ရတုခန်းမ၌ ကျင်းပရာ စာတမ်းရှင်များက စာတမ်း ၁၀ စောင် ဖတ်ကြားတင်သွင်းကြသည်။

(၁) True Story of NGOS in Education for All Activities စာတမ်း ဒေါက်တာဒေါ်တင်လင်းမြင့်၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

(၂) EFA Initiatives in Myanmar စာတမ်း
ဦးတင်ညို၊ ညွှန်ကြားရေးမှူးချုပ်၊ အမှတ် (၁) အခြေခံပညာဦးစီးဌာန

(၃) Equitable Access to and Completion of Primary Education စာတမ်း
ဦးစီထန်ဇာတွင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမှတ် (၁) အခြေခံပညာဦးစီးဌာန

(၄) Promoting Quality for Basic Education စာတမ်း
ဒေါ်ထူးထူးအောင်၊ ပါမောက္ခ၊ သင်ပြနည်းပညာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်

(၅) National EFA Plan of Action Focusing on Non-formal Education စာတမ်း
ဒေါ်စီစီအေး၊ လက်ထောက်ပညာရေးသုတေသနအရာရှိ၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့

(၆) National Action Plan for EFA Focusing on ECCE စာတမ်း
ဒေါ်မြင့်မြင့်သန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

(၇) National Action Plan for EFA Focusing on Strengthning EMIS စာတမ်း
ဦးထွန်းလှ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

(၈) ၂၀၀၂ ခုနှစ် စာတတ်မြောက်ရေးကြိုးပမ်းဆောင်ရွက်မှုများ စာတမ်း
ဦးစောအောင်၊ ပညာရေးသုတေသနအရာရှိ၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့

(၉) ကရင်ပြည်နယ် ပြည်နယ်လုံးကျွတ်စာတတ်မြောက်ရေးကြိုးပမ်းမှု စာတမ်း
ဦးစောဘလှိုင်၊ ပြည်နယ်ပညာရေးမှူး၊ ကရင်ပြည်နယ်

(၁၀) CE in Myanmar စာတမ်း
ဦးမြင့်ဟန်၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့နှင့်
ဒေါ်နီနီစန်း၊ လက်ထောက်ပညာရေးသုတေသနအရာရှိ၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့

နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် ၂၀၀၂ ခုနှစ် အတွင်း စာပေဆိုင်ရာစာတမ်းဖတ်ပွဲများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ကျင်းပပြီး ပညာရှင်များက စာပေအသိပညာ တိုးတက်ရာ တိုးတက်ကြောင်း စာတမ်းအမြောက်အမြား ဖတ်ကြားတင်သွင်းခဲ့ကြပါသည်။ ယနေ့ပညာခေတ်တွင် "ပညာအဖွဲ့အစည်း" (Knowledge Society) ပေါ်ပေါက်ခဲ့ပြီးဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူ့အဖွဲ့အစည်းသည် ပညာပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပညာနှင့်ပတ်သက်၍ နောက်ကျကျန်ခြင်းမရှိနိုင်စေရန် ပညာရှင်များအနေဖြင့် အမြဲတမ်း သုတေသနပြုကာ ပညာရှာမှီးနေကြရမည်ဖြစ်သည်။ တွေ့ရှိချက်များကိုလည်း လူ့အဖွဲ့အစည်းတစ်ရပ်လုံး သိရှိနားလည်သဘောပေါက်ရေးအတွက် စာတမ်းဖတ်ပွဲများ ပြုလုပ်နေကြရမည်သာ ဖြစ်ပါတော့သည်။

ဦးကြည်ထွက်း


ဇေတက်ပရိယတ္တိသာသနာတက္ကသိုလ် ရန်ကုန်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)တွင် သံယာတော်များ စာသင်ကြားနေကြစဉ်

သာသနာတော် ၂၅၂၄ ခုနှစ်၊ ကောဇာသင်္ကရာဇ် ၁၃၄၂ ခုနှစ် နယုန်လဆန်း (၁၃) ရက်(၁၉၈၀ ပြည့်နှစ်၊ မေလ ၂၆ ရက်) နေ့တွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသောသာသနာ တော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံယာ့အစည်းအဝေးကြီးက ဂန္ဆုရဖြစ်သော ပရိယတ္တိစာပေသင်ကြားရေးနှင့် စပ်လျဉ်း၍ ဖော်ပြလတ္တံ့ပါ မူလေးရပ်ကို တညီတညွတ်တည်း ချမှတ်ပြဋ္ဌာန်းပေးခဲ့ပါသည် -

(က) ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်စေခြင်း

(ခ) ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း

(ဂ) ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေခြင်း

(ဃ) မြန်မာစာပေအရေးအသား တော်စေခြင်း

ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံယာ့အစည်းအဝေးကြီးက ချမှတ်ပြဋ္ဌာန်းခဲ့သည့် မူလေးရပ်နှင့်အညီ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကို ၁၃၄၈ ခုနှစ်၊ နယုန်လပြည့်ကျော် (၁)ရက် (၂၃-၆-၈၆) နေ့တွင်လည်းကောင်း၊ မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကို ၁၃၄၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁) ရက် (၂၁-၈-၈၆) နေ့တွင်လည်းကောင်း စတင်ဖွင့်လှစ်ခဲ့ပါသည်။

ရည်ရွယ်ချက်

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် တည်ထောင်ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များမှာ-

(က) ဂိုဏ်းပေါင်းစုံ သံယသမ္မုတိရသံယာ့ကိုယ်စားလှယ် တစ်ထောင်ကျော်တို့၏ ဆန္ဒနှင့်အညီ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အထက်တန်းကျကျ ဆောင်ရွက်ရန်၊

(ခ) ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံယာ့အစည်းအဝေးကြီးက ချမှတ်ထားသော ဖော်ပြလတ္တံ့ပါ အရည်အသွေးများနှင့် ရဟန်းတော်များ ပြည့်စုံစေရန် -

(၁) အကျင့်သိက္ခာမြင့်မားစေခြင်း
(၂) ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း
(၃) ပါဠိဘာသာတတ်မြောက်ကျွမ်း ကျင်စေခြင်း
(၄) မြန်မာစာပေအရေးအသား တော်စေခြင်း

(ဂ) ပြည်တွင်းပြည်ပတို့၌ သာသနာပြုစွမ်းနိုင်သော ရဟန်းတော်များ ပေါ်ပေါက်လာစေရန်နှင့် အထူးအားဖြင့် သင်တန်းသားရဟန်းသံဃာတော်များအား ဆင်းရဲချမ်းသာမရွေး ကျေးလက်တောရွာပါမကျန် နေထိုင်သီတင်းသုံး၍ သာသနာပြုနိုင်သည့် စိတ်ဓာတ်မျိုး၊ အလေ့အကျင့်မျိုး ရရှိအောင် ဆောင်ရွက်ပေးရန်၊

(ဃ) လူအများ တွေ့ကြုံ ခံစားနေရသော ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း၊ နှလုံးမသာမယာခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့ကို ဗုဒ္ဓမြတ်စွာဘုရား၏ တရားဒေသနာတော်ဖြင့် သက်သာပျောက်ကင်း ချမ်းသာစေရန်၊

အခြေခံမူများ

(က) ဆဋ္ဌသံဂါယနာတင် ထေရဝါဒပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တည်းဟူသော ပရိယတ္တိသာသနာတော်လာ ဓမ္မဝိနယနှင့် အညီသာ ဖြစ်ရမည်။

(ခ) ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ချမှတ်ပြဋ္ဌာန်းထားသော ပရိယတ္တိပညာသင်ကြားရေးဆိုင်ရာမူ (၄) ရပ်ကို အခြေခံရမည်။

(ဂ) ရှေးရိုး ပိဋကတ်သင်နည်းနှင့် ခေတ်တက္ကသိုလ်သင်နည်းတို့ကို အခြေခံ၍ သင့်လျော်အောင် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) ပါဠိဘာသာ၊ ပါဠိပိဋကတ် တတ်မြောက်ကျွမ်းကျင်မှုကို အထောက်အကူပြုသော နည်းဖြင့်သာ ဘာသန္တရကို ခွင့်ပြုနိုင်သည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ သံဃာတော်များ ဆွမ်းဘုဉ်းပေးတော်မူကြစဉ်

(ဂ) သာသနာ့တက္ကသိုလ်တွင် ဝိနည်းကျင့်ဝတ်ချုတ်ယွင်းသော ရဟန်း၊ လူကျင့်ဝတ်ချုတ်ယွင်းသော ပုဂ္ဂိုလ်တို့ မပါဝင်စေရ။

(စ) အရာခပ်သိမ်း၌ နိဂုဟ၊ ပဂ္ဂဟမျှတအောင် စီမံဆောင်ရွက်ရမည်။

တည်နေရာ

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် တည်နေရာမှာ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင်သာ ဖြစ်သည်။

ဆောင်ပုဒ်

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၏ ဆောင်ပုဒ်မှာ " သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟူ၍ ဖြစ်သည်။

အလံ

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၏ အလံတော်မှာ အဝါရင့်ရောင်နောက်ခံပေါ်တွင် ကြည့်မြင်သူ၏ လက်ဝဲဘက်အထက်ထောင့်၌ ရောင်ခြည်တော်ခြောက်သွယ် ပါရှိသောအလံဖြစ်သည်။

တံဆိပ်အမှတ်အသား

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၏ တံဆိပ်အမှတ်အသားမှာ အလယ်တွင်ကြာငါးခိုင်၊ ဘေးပတ်လည်တွင် တက္ကသိုလ် ဆောင်ပုဒ်နှင့် တက္ကသိုလ်အမည်၊ တက္ကသိုလ်တည်ရာမြို့အမည်၊ တက္ကသိုလ်စတင်ဖွင့်လှစ်သည့် သာသနာတော်နှစ်၊ ကောဇာသက္ကရာဇ်ပါရှိသော တံဆိပ်အမှတ်အသား ဖြစ်သည်။

တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးနှစ်ခု၏ ပညာသင်ကြားရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နေစေရေးအတွက် စီမံကွပ်ကဲအုပ်ချုပ်ရန် တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (အလှည့်ကျ) ကိုယ်စားလှယ်ဆရာတော်တစ်ပါးစီ၊ သာသနာ့တက္ကသိုလ်ကြီးများမှ နာယကချုပ်၊ ဒုတိယနာယကချုပ်နှင့် မော်ကွန်းထိန်းဆရာတော်များ သာသနာရေးဝန်ကြီးအမှူးပြုသော ပညာရှင်များဖြင့် ဖွဲ့စည်းထားပါသည်။

အဓိပတိ တင်မြှောက်ခြင်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဥက္ကဋ္ဌ ဆရာတော်ကို ဗဟိုအဖွဲ့၏ အကြီးအမှူးနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ အဖြစ်လည်းကောင်း၊ အကျိုးတော်ဆောင် ဆရာတော်ကို ဗဟိုအဖွဲ့၏ဒုတိယအကြီးအမှူးနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ အဖြစ်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အစည်းအဝေးက တင်မြှောက်ရမည်ဖြစ်ပါသည်။

သာသနာ့တက္ကသိုလာ ဓမ္မာစရိယတန်း

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၌ -

၁။ သာသနတက္ကသိုလ ဓမ္မာစရိယတန်း (သင်တန်းကာလ ၄ နှစ်)

၂။ သာသနတက္ကသိုလ မဟာဓမ္မာစရိယတန်း (သင်တန်းကာလ ၂ နှစ်) ဟူ၍ သင်တန်းနှစ်မျိုး ဖြစ်ပါသည်။

၁။ ပထမကြိုးတန်း (သို့မဟုတ်) သက္ကသိဟ၊ စေတိယင်္ဂဏစာသင်တန်း အောင်မြင်ပြီးသူဖြစ်ခြင်း၊

၂။ အသက် (၃၀) နှစ်၊ သိက္ခာ (၁၀) ဝါထက် မကြီးခြင်း၊

၃။ သာသနာ့တက္ကသိုလ် ဝင်ခွင့်စာမေးပွဲ ရေးဖြေနူတ်ဖြေနှစ်ရပ်လုံး အောင်မြင်သူ ဖြစ်ခြင်း

ဟူသော အရည်အချင်းများနှင့် ပြည့်စုံသော ရဟန်းတော်များနှင့် သာမဏေများသည် သာသနတက္ကသိုလဓမ္မာစရိယတန်း၊ ပထမနှစ်သင်တန်းကို တက်ရောက်ခွင့်ရှိပါသည်။

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၌ သာသနတက္ကသိုလဓမ္မာစရိယတန်း စတုတ္ထနှစ်၊ အတန်းတင်စာမေးပွဲဖြေဆိုပြီးသော သင်တန်းသားသည် စာမျက်နှာ (၅၀) ရှိသော သာသနတက္ကသိုလ ဓမ္မာစရိယဘွဲ့ယူစာတမ်းငယ် ရေးသားတင်သွင်း၍ သာသနာ့ရိပ်သာ၌ (၁၀) ရက်တိုင်တိုင် ပဋိပတ္တိလုပ်ငန်းကို မဖြစ်မနေ အားထုတ်ရမည်ဖြစ်ပါသည်။

သာသနတက္ကသိုလ မဟာဓမ္မာစရိယတန်း

သာသန တက္ကသိုလ ဓမ္မာစရိယတန်း စတုတ္ထနှစ် အောင်မြင်သော ပုဂ္ဂိုလ်များတွင် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့မှ သတ်မှတ်ပေးထားသော စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်သော ပုဂ္ဂိုလ်များသည် မဟာ ဓမ္မာစရိယတန်းသို့ တက်ရောက်၍ ပညာသင်ကြားခွင့်ရရှိကြပါသည်။ မဟာဓမ္မာစရိယတန်း၌ ရေးဖြေစာမေးပွဲ ၂ နှစ်

အောင်မြင်ပြီးပါက သာသနာ့ရိပ်သာ၌ ပဋိပတ္တိလုပ်ငန်းကို အနည်းဆုံး (၄၅) ရက် မဖြစ်မနေ သွားရောက်၍ အားထုတ်ကြရပါသည်။

ပဋိပတ်လုပ်ငန်း အားထုတ်ပြီးသည့်အခါ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးထားသည့် မဟာဓမ္မာစရိယဘွဲ့ယူ ကျမ်းခေါင်းစဉ်အတည်ပြုရေးအဖွဲ့သို့ ကျမ်းခေါင်းစဉ်သုံးခုစီကို မာတိကာနှင့်တကွ တင်သွင်းရပါသည်။ ကျမ်းခေါင်းစဉ်အတည်ပြုပေးရေးအဖွဲ့က ကျမ်းတင်သွင်းမည့်သင်တန်းသားနှင့် တွေ့ဆုံဆွေးနွေး၍ သင့်လျော်သောကျမ်းခေါင်းစဉ်နှင့် မာတိကာကို အတည်ပြုပေးပါသည်။

ယင်းကျမ်းခေါင်းစဉ်အတိုင်း သတ်မှတ်ပေးထားသော ကြီးကြပ်ရေးအဖွဲ့နှင့်တွေ့ဆုံ၍ အနီးကပ်ကြီးကြပ်မှုကိုခံယူကာ သုံးနှစ်အတွင်းကျမ်းပြီးစီးအောင် ရေးသားပြုစုရပါသည်။ သုံးနှစ်အတွင်း ဘွဲ့ယူကျမ်းစာပေ မတင်သွင်းနိုင်ပါက "သာသနတက္ကသိုလ မဟာဓမ္မာစရိယ" ဘွဲ့ ခံယူခွင့်မရှိတော့ပါ။

ပညာသင်ကြားရေး ဌာနများ

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၌ ပညာသင်ကြားရေးဌာနများသည် -

၁။ ဝိနယပိဋကမဟာဌာန
၂။ သုတ္တန္တပိဋကမဟာဌာန
၃။ အဘိဓမ္မ ပိဋကမဟာဌာန
၄။ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန
၅။ ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန
၆။ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန
၇။ ဗုဒ္ဓဒေသနာ ပြန့်ပွားရေးပညာဌာန

ဟူ၍ စာသင်ဌာန (၇) ဌာနရှိရာ (၁) (၂) (၃) ဌာနသုံးခုသည် မဟာဌာနများဖြစ်ပါသည်။ (၄) (၅) (၆) (၇) ဌာနလေးခုသည် အထောက်အကူပြုဌာနများ ဖြစ်ပါသည်။

သင်ကြားသည့်ဘာသာရပ်များသည်လည်း ဤ (၇) မျိုးပင် ဖြစ်ပါသည်။ သာသနတက္ကသိုလ ဓမ္မာစရိယတန်း သင်တန်းသားများသည် (၄) နှစ်လုံးပင် ဘာသာရပ် (၇) မျိုးကို နှစ်အလိုက် သင်ရိုးညွှန်းတမ်းပြဋ္ဌာန်းချက်များအတိုင်း သင်ယူကြရပါသည်။ သာသနတက္ကသိုလ ဓမ္မာစရိယတန်း သင်တန်းသားများသည် မဟာဌာနသုံးခုမှ စိတ်ကြိုက်တစ်ဘာသာစီကို သင်ယူရပြီး အထောက်အကူပြုဘာသာရပ်များ အားလုံးကို သင်ယူရသဖြင့် (၅) ဘာသာ သင်ယူရပါသည်။

ပြဋ္ဌာန်းကျမ်းစာများ

သာသနတက္ကသိုလ ဓမ္မာစရိယပထမနှစ်

- ဝိနယဘာသာ ပါရာဇိကပါဠိတော်
- သုတ္တန္တဘာသာ သီလက္ခန္ဓဝဂ္ဂပါဠိတော်
- အဘိဓမ္မာဘာသာ ဓမ္မသင်္ဂဏိပါဠိတော်

တို့ကို အနက်ယောဇနာခြင်း၊ မြန်မာပြန်ဆိုခြင်းနှင့် ကျမ်းရိုးနည်းစနစ်များကို အဋ္ဌကထာလာ ပုံစံများ၊ နိယံများဖြင့် ရှင်းလင်းသင်ကြားပို့ချပါသည်။

ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်တို့၌ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ၊ အဋ္ဌသာလိနီအဋ္ဌကထာသုံးကျမ်းကို သုံးနှစ်ခွဲ၍ ဖော်ပြပြီးသောနည်းစနစ်များဖြင့် သင်ကြားပို့ချပါသည်။

မဟာဓမ္မာစရိယ ပထမနှစ်သင်တန်း ဝိနယပိဋကမဟာဌာန၌ ပါစိတ္တိယ၊ မဟာဝဂ္ဂပါဠိတော်နှင့် အဋ္ဌကထာဋီကာတို့ကိုလည်းကောင်း၊ သုတ္တန္တပိဋကက၊ မဟာဌာန၌ မဟာဝဂ္ဂ၊ မူလပဏ္ဏာသပါဠိတော်နှင့် အဋ္ဌကထာဋီကာတို့ကို လည်းကောင်း၊ အဘိဓမ္မပိဋကမဟာဌာန၌ ဝိဘင်္ဂ၊ ဓာတုကထာပါဠိတော်နှင့် အဋ္ဌကထာ ဋီကာတို့ကို လည်းကောင်း၊ မဟာဓမ္မာစရိယတန်း၊ ဒုတိယနှစ်သင်တန်း၊ ဝိနယပိဋက မဟာဌာန၌ စူဠဝဂ္ဂ၊ ပရိဝါရပါဠိတော်နှင့် အဋ္ဌကထာဋီကာတို့ကိုလည်းကောင်း၊ သုတ္တန္တ ပိဋကမဟာဌာန၌ ပါထိကဝဂ္ဂ၊ မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသပါဠိတော်နှင့် အဋ္ဌကထာဋီကာတို့ကိုလည်းကောင်း၊ အဘိဓမ္မပိဋကမဟာဌာန၌ ပုဂ္ဂလပညတ္တိ၊ ကထာဝတ္ထုယမက၊ ပဋ္ဌာနပါဠိတော်များနှင့် အဋ္ဌကထာဋီကာတို့ကို လည်းကောင်း၊ သင်ရိုးညွှန်းတမ်းပါ သင်ကြားနည်းစနစ်များ ဗဟုသုတအဖြစ် လေ့လာရမည့်ကျမ်းစာများဖြင့် သင်ကြားပို့ချပါသည်။

ပါဠိစာပေဘာသာရပ်၌ပါဠိဝါကျရေးသားပုံစနစ်၊ သဒ္ဒါကျမ်းတို့၏ အဆိုအမိန့်များ၊ ရောမအက္ခရာဝါကျများအကြောင်း၊ အရှေ့တိုင်းသဒ္ဒါနည်းများအကြောင်း၊ ဘာသာဗေဒအကြောင်း စသည်တို့ကို နှစ်အလိုက် ပြဋ္ဌာန်းချက်ပါ ပါဠိသဒ္ဒါကျမ်းများ၊ သင်္ကတ၊ ပြာကရိတသဒ္ဒါကျမ်းများ၊ အရှေ့တိုင်းခေတ်သစ်သဒ္ဒါကျမ်း အဆိုအမိန့်များဖြင့် ရှင်းလင်းသင်ကြားပို့ချပါသည်။

မြန်မာစာပေ ဘာသာရပ်၌ မဟာဗုဒ္ဓဝင်၊ လယ်တီဒီပနီပေါင်းချုပ်၊ ရေသည်ပြဇာတ်၊ မေတ္တာစာများ၊ ပါရာယနဝတ္ထု၊ ဂါထာခြောက်ဆယ်ပျို့၊ ဆုတောင်းခန်းပျို့၊ ပါရမီတော်ခန်းပျို့၊ မဟာသုတကာရီ မယဒေဝလက်ဝဿစ်၊ ပုဂံကျောက်စာများ၊ ဝေါဟာရတ္ထ ပကာသနီ၊ ဝေါဟာရလီနတ္ထဒီပနီအစရှိသည်တို့ကို နှစ်အလိုက်ပြဋ္ဌာန်း၍ သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားလေ့ကျင့်စေပါသည်။ အဖွဲ့အလိုက် ကျမ်းခေါင်းစဉ်ဖြင့် စာတမ်းငယ်ပြုစုခြင်း၊ စုပေါင်းဖတ်ခြင်း၊ ဆွေးနွေးဝေဖန်ခြင်း စသည်ဖြင့် ကျမ်းစာပြုစုရာ၌ လွယ်ကူစေရန် ကြိုတင်လေ့ကျင့် သင်ကြားကြပါသည်။

အင်္ဂလိပ်စာပေဘာသာရပ်၌ ဓမ္မပဒ၊ အဘိဓမ္မတ္ထသင်္ဂဟ အစရှိသောကျမ်းစာများကို လေ့ကျင့်သင်ကြားရေးသားစေခြင်း၊ မဟာဓမ္မာစရိယတန်း၌ စကားပြောသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း အစရှိသည်ဖြင့် အခြေခံရရှိအောင် လေ့ကျင့်သင်ကြားပို့ချပါသည်။

ဗုဒ္ဓဒေသနာပြန့်ပွားရေး ဘာသာရပ်၌ သာသနာလက်ဝရစာတမ်း၊ ပိဋကတ်တော်သမိုင်း၊ မဟာဝံသစသော သာသနာဝင်ကျမ်းများ၊ ဗုဒ္ဓနိုင်ငံတော် ဗုဒ္ဓသာသနိက ပထဝီဝင်၊ ဗုဒ္ဓသာသနာ ၂၅၀၀ ခရီး၊ အိန္ဒိယမြန်မာ ဗုဒ္ဓဘာသာ သီဟိုဠ်၌လင်းရောင်ခြည်၊ ဝေဒယဉ်ကျေးမှုနှင့် ဘာသာရေးအတွေးအခေါ်စသောကျမ်းစာများကို နှစ်အလိုက်ပြဋ္ဌာန်းသတ်မှတ်၍ သင်ကြားပို့ချပါသည်။ သာသနာ့သမိုင်းဆိုင်ရာသုတေသနစာတမ်းများကိုလည်း ရေးသားတင်သွင်းစေပါသည်။

ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများ

မဟာဓမ္မာစရိယတန်းသို့ တက်ရောက်၍ ပညာသင်ကြားခွင့်မရသော ပုဂ္ဂိုလ်များ၊ မဟာဓမ္မာစရိယတန်းသို့ တက်ရောက်၍ ပညာသင်ကြားခွင့်ရသော်လည်း တက္ကသိုလ်များ၌ သင်ကြားရေးနှင့် စီမံခန့်ခွဲရေး တာဝန်မထမ်းဆောင်ရသော ဘွဲ့ယူကျမ်းစာတင်သွင်းပြီးသော ပုဂ္ဂိုလ်များသည် ထေရဝါဒ၊ ဩဝါဒါစရိယဆရာတော်ကြီးများ စေလွှတ်သည့် သာသနာပြုဌာနများသို့ ကြွရောက်၍လက်တွေ့သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ကြရပါသည်။ နှစ်စဉ်နှစ်တိုင်း ၂ နှစ် သာသနာပြုလုပ်ငန်း တာဝန်ထမ်းဆောင်ပြီးမှသာ "သာသနတက္ကသိုလမဟာစရိယ"

ဘွဲ့နှင်းသဘင်တွင် နာယကချုပ်ဆရာတော်က ဘွဲ့လက်မှတ်ချီးမြှင့်တော်မူစဉ် (ပေါ်)၊ ဘွဲ့ယူသံယာတော်များ (အောက်)

ဘွဲ့၊ "သာသနတက္ကသီလ မဟာဓမ္မာစရိယ" ဘွဲ့ တံဆိပ်နှင့် လက်မှတ်များကို တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့က အပ်နှင်းချီးမြှင့်ပါသည်။

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများနှင့် ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်းများ၌ တာဝန်ထမ်းဆောင်နေကြသော ပုဂ္ဂိုလ်များသည် ငါးနှစ်တာဝန်ထမ်းဆောင်ပြီးမှသာ "သာသနတက္ကသီလ ဓမ္မာစရိယ" ဘွဲ့၊ "သာသနတက္ကသီလ မဟာဓမ္မာစရိယ" ဘွဲ့များကို ရရှိကြမည်ဖြစ်ပါသည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် အဖွဲ့အစည်းအဆင့်ဆင့်

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ ပညာသင်ကြားရေး၊ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး၊ ထောက်ပံ့လှူဒါန်းရေး စသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်းအဖွဲ့အစည်းများ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်-

(၁) တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့
(၂) ဗဟိုပညာရေးအဖွဲ့
(၃) တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်၊ မန္တလေး)
(၄) တက္ကသိုလ် ပညာသင်ကြားရေးအဖွဲ့ (ရန်ကုန်၊ မန္တလေး)
(၅) ညွှန်ကြားရေးမှူးတစ်ဦး ဦးဆောင်သော တက္ကသိုလ်ဌာနခွဲ (ရန်ကုန်၊ မန္တလေး)

တက္ကသိုလ် ဥပတ္ထမ္ဘကအဖွဲ့

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ ပညာရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရာ၌ လိုအပ်သည့်ဘက်မှ ထောက်ပံ့မှုများပေးစွမ်းနိုင်ရန် စေတနာရှင်များ၊ ပညာရှင်များ ပါဝင်သော တက္ကသိုလ်ဥပတ္ထမ္ဘကအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဆောင်သော တိပိဋကနိကာယသာသနာပြုအဖွဲ့သည် တက္ကသိုလ်ကြီးများအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းနိုင်ရန် "တက္ကသိုလ်ဥပဋ္ဌာက" အဖွဲ့များကို ဖွဲ့စည်း၍ ၁၉၉၂ ခုနှစ်၊ မေလအထိ တက္ကသိုလ်သံဃာတော်များအား ပစ္စည်းလေးပါးဖြင့် အနီးကပ်ပြုစု ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများအရှည်တည်တံ့ခိုင်မြဲစွာ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နိုင်ငံတော်အစိုးရသို့ လွှဲပြောင်းအပ်နှံခဲ့ရာ ၁၃၅၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၅) ရက် (၃၁-၅-၉၂) နေ့တွင် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကို လည်းကောင်း၊ ၁၃၅၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁) ရက် (၁၅-၇-၉၂) နေ့တွင် မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကိုလည်းကောင်း သာသနာရေးဝန်ကြီးဌာနက လွှဲပြောင်းလက်ခံခဲ့ပါသည်။

သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ရန်ကုန်ဌာနခွဲတစ်ခု၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မန္တလေးဌာနခွဲတစ်ခု ဖွင့်လှစ်၍ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့နှင့် သာသနာ့တက္ကသိုလ်ကြီးများ၏ ရုံးပိုင်းဆိုင်ရာလုပ်ငန်းများ၊ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းခြင်းဆိုင်ရာ လုပ်ငန်းများကို ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူး တစ်ဦးစီပါဝင်သော ရုံးအဖွဲ့များ ဖွဲ့စည်းခန့်အပ်၍ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အောင်မြင်မှု

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ စတင်ဖွင့်လှစ်သည့် ၁၃၄၈(၁၉၈၆) ခုနှစ်မှ ၁၃၆၅ (၂၀၀၃) ခုနှစ်အထိ "သာသနတက္ကသီလ ဓမ္မာစရိယ" ဘွဲ့ရပုဂ္ဂိုလ်ပေါင်း (၆၂၄) ပါး၊ "သာသနတက္ကသီလ မဟာဓမ္မာစရိယ" ဘွဲ့ရပုဂ္ဂိုလ်ပေါင်း (၁၀၈) ပါး ပေါ်ထွက်ခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများသည် နာယကချုပ်နှင့် သင်ကြားစီမံဆရာတော်များ သီတင်းသုံးရာ ကျောင်းဆောင်များ၊ ပြည်နယ်/တိုင်းဝိဇ္ဇာလယကျောင်းဆောင်များ၊ ပဋိဂကတ်တိုက်၊ မော်ကွန်းတိုက်၊ သိမ်တိုက်၊ ဆွမ်းစားဆောင်များဖြင့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးများဖြစ်ပြီး နှစ်စဉ် စာသင်သံဃာအပါး (၂၀၀) ကို လက်ခံ၍ ပညာသင်ကြားပေးလျက်ရှိပါကြောင်း နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများအကြောင်း သိရှိကြည်ညို ကုသိုလ်ယူနိုင်ကြရန် ရေးသားတင်ပြလိုက်ပါသည်။

(ဦးထွန်းနိုင်)
သာသနာရေး

အပိုင်း - ၃

၂၀၀၂- ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင်ဖော်ပြထားသော အကြောင်းရပ်များသည် ၂၀၀၂ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထားရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

ကုလသမဂ္ဂ ပို့စတာပြပွဲ ။ ။ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာ (၂၄) ရက်တွင် ကျရောက်သည့် (၅၇) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသသည့် ကုလသမဂ္ဂ ပို့စတာပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၈ ရက်နေ့ အထိ ကျင်းပခဲ့သည်။

ပို့စတာပြပွဲကို ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ပြပွဲခန်းမအတွင်းရှိ ကုလသမဂ္ဂပို့စတာပြပွဲ ဗဟို ပြကွက်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်နှင့် ကုလသမဂ္ဂလက်ထောက်အထွေထွေ အတွင်းရေးမှူးချုပ် သံအမတ်ကြီး မစ္စတာ ကျိုးဇက်ဖ် ဗာနာရိဒ်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြ



အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကျိုးဇက်ဖ်ဗာနာရိဒ်တို့ ပြကွက်များကိုကြည့်ရှုစဉ်

ဖွင့်ပွဲအခမ်းအနားကျင်းပ

ကုလသမဂ္ဂ ပို့စတာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့ နံနက် (၉) နာရီအချိန်တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွှန့် တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

ကုလသမဂ္ဂပို့စတာပြပွဲ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမရှေ့ မျက်နှာစာ၌ ကျင်းပရာ ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် United Resident Coordinator, Mr Patrice Coeur Bizot နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါ်ကြူကြူဆွေတို့က ဖဲကြိုးဖြတ်၍ ကုလသမဂ္ဂ

သည်။ ထို့နောက် ဂီတလှုလင် မောင်ကိုကိုရေးစပ် သီကုံးသည့် ကုလသမဂ္ဂပို့စတာပြပွဲ အဖွင့်သီချင်းကို တေးသံရှင် သန်းမြတ်စိုး၊ ကေတုဝင်းထွဋ်နှင့် ရတနာဦးတို့က သီဆိုဂုဏ်ပြုကြသည်။

အဖွင့်မိန့်ခွန်းပြောကြားခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်က အဖွင့်မိန့်ခွန်းပြောကြားရာတွင်-

- မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်သည့်နေ့မှစ၍ ကုလသမဂ္ဂစနစ်အတွင်းမှာ တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ကြောင်း
- မြန်မာနိုင်ငံသားများသည် ကုလသမဂ္ဂအဖွဲ့ကြီးအတွင်း အရေးပါသည့်နေရာများတွင် တာဝန်ထမ်းဆောင်နိုင်ခဲ့သည်ကို မိမိ

တို့အနေဖြင့် များစွာဂုဏ်ယူမိကြောင်း ယနေ့ဆိုလျှင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂသည် လူသားများဖွံ့ဖြိုးတိုးတက်ရေး အစီအမံ၊ ကျန်းမာရေး၊ ပညာရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် အစားထိုးသီးနှံ စိုက်ပျိုးရေး စီမံချက်များအပါအဝင် ကဏ္ဍအသီးသီးမှာ ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်လျက် ရှိနေကြောင်း

ပိုစတာပြပွဲနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်က ပေးပို့သောသဝဏ်လွှာကို ထည့်သွင်းဖတ်ကြားသည်။

ဆုချီးမြှင့်ပွဲအခမ်းအနား

ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၂



အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကျိုးဇက်ဖ်ဗာနာရိဒ်တို့ ပြကွက်များကိုကြည့်ရှုစဉ်

နိုင်ငံတော်၏ လူမှုစီးပွားအခြေအနေများ တိုးတက်စေရန် မိမိတို့နှင့်အတူ နိုင်ငံတော်၏ နေရာဒေသအနှံ့အပြားတွင် တာဝန်ထမ်းဆောင်နေကြသည့် ကုလသမဂ္ဂ ဝန်ထမ်းအမျိုးသား၊ အမျိုးသမီးများကို ချီးကျူးဂုဏ်ပြုပါကြောင်း

စသည်တို့ကို ထည့်သွင်းမိန့်ကြားခဲ့ရာ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ လက်တွဲဆောင်ရွက်မှု၏ ရလဒ်အခြေအနေကောင်းများကို ပေါ်လွင်စွာသိရှိကြရသည်။

သဝဏ်လွှာဖတ်ကြား

ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် သံအမတ်ကြီး မစ္စတာကျိုးဇက်ဖ်ဗာနာရိဒ်က မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ကုလသမဂ္ဂ ပိုစတာပြပွဲ အထိမ်းအမှတ် တက္ကသိုလ် ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံး (မြန်မာ) နှင့် စာစီစာကုံး (အင်္ဂလိပ်)၊ ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုချီးမြှင့်သည်။

ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် သံအမတ်ကြီး မစ္စတာ ကျိုးဇက်ဖ်ဗာနာရိဒ် က ၂၀၀၂ ခုနှစ် ကုလသမဂ္ဂ ပိုစတာပြပွဲအထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး (မြန်မာ) နှင့် စာစီစာကုံး (အင်္ဂလိပ်)၊ ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၂ ခုနှစ် ကုလသမဂ္ဂ ပိုစတာပြပွဲ

အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံး (မြန်မာ)၊ စာစီစာကုံး (အင်္ဂလိပ်) နှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူများအား လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ၂၀၀၂ ခုနှစ် ကုလသမဂ္ဂ ပိုစတာပြပွဲ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အခြေခံပညာ မူလတန်းအဆင့် အစည်းဖြစ်သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ကြသည့် အမျိုးသားအဆင့် ပြပွဲကြီးဖြစ်သည်။ ပြပွဲဖြစ်မြောက်ရေးနှင့် ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသနိုင်ရေးအတွက် ကုလသမဂ္ဂပိုစတာပြပွဲ ကျင်းပရေးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးကို စနစ်တကျဖွဲ့စည်း၍ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကျိုးဇက်ဖ်ဗာနာရိဒ်တို့ ပြကွက်များကိုကြည့်ရှုစဉ်

ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ ကုလသမဂ္ဂပိုစတာပြပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ၂၀၀၂ ခုနှစ် ကုလသမဂ္ဂ ပိုစတာပြပွဲ အထိမ်းအမှတ်၊ အခြေခံပညာအဆင့် ဒစ်ဂျစ်တယ် ပိုစတာပြပွဲတွင် ဆုရရှိသူများနှင့် ဝါသနာရှင်အဆင့် ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ပိုစတာပြပွဲ ပြကွက်များ

ကုလသမဂ္ဂ အဖွဲ့ကြီးပိုစတာပြပွဲကို နိုင်ငံပေါင်းများစွာတွင် ခင်းကျင်းပြသခဲ့သည်။ ဤပြပွဲကြီးသည် ကုလသမဂ္ဂအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမှ လူမှုရေးအဖွဲ့

ပြပွဲပြုလုပ်သည့် တပ်မတော်ခန်းမအတွင်း၌ ဗဟိုပြကွက်အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂ ပိုစတာပေါင်း ၈၉ ခုကို ချိတ်ဆွဲပြသခဲ့သည်။ ဗဟိုပြကွက်တွင် ၁၉၉၇ ခုနှစ်က ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်တို့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ တွေ့ဆုံစဉ် လက်ဆွဲနှုတ်ဆက်နေသည့် မှတ်တမ်းဓာတ်ပုံ၊ ၁၉၉၅ ခုနှစ်က ကုလသမဂ္ဂ နှစ် ၅၀ မြောက် အထွေထွေညီလာခံသို့ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက် မိန့်ခွန်းပြောကြားခဲ့သည့် သမိုင်းဝင် ဓာတ်ပုံ၊ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ကုလသမဂ္ဂ လက်ထောက် အထွေထွေအတွင်းရေးမှူးချုပ်တို့ ဒဂုံရိပ်သာ၌ တွေ့ဆုံစဉ်က အမှတ်တရဓာတ်ပုံများကို တခမ်းတနား ချိတ်ဆွဲပြသထားသည်။

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကုလသမဂ္ဂလက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဂျိုးဇက်ဖ်ဗာနာရိဒ်တို့ ပြကွက်များကိုကြည့်ရှုစဉ်

ကုလသမဂ္ဂနှင့် ကုလသမဂ္ဂစနစ်၏ သမိုင်းကြောင်းနှင့် လှုပ်ရှားမှုများကို ဖော်ကျူးလျက်ရှိသည့် ကုလသမဂ္ဂပိုစတာပေါင်း ၈၉ ခုကို ခေါင်းစဉ်များခွဲ၍ ချိတ်ဆွဲထားသည်။ (၁၉၃၈) ခုနှစ်တွင် တည်ထောင်ခဲ့သော နိုင်ငံပေါင်းချုပ် အသင်းကြီးလက်ထက်မှစ၍ သမိုင်းဝင် ကနဦးပိုစတာများပါဝင်သည်။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ပညာရေး၊ ပတ်ဝန်းကျင်ထိမ်းသိန်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လက်နက်ဖျက်သိမ်းရေး၊ အသားရောင်ခွဲခြားမှု မရှိစေရေးနှင့် အခွင့်အရေးများ စသည်ဖြင့် ကဏ္ဍများအလိုက် ပိုစတာများကို ခွဲခြားပြသထားသည်။

ကုလသမဂ္ဂအကြောင်း သိကောင်းစရာပြကွက်တွင် ကုလသမဂ္ဂဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်၊ အခြေခံမူ၊ ပဋိညာဉ်စာတမ်း၊ လုပ်ငန်းများ၊ အဖွဲ့အစည်းများ၊ တာဝန်များ၊ ရုံးဌာနတည်နေရာများကို စုံလင်စွာဖော်ပြထားသည်။ အထူးသဖြင့် ဒေသအလိုက် တည်ရှိသည့် အဖွဲ့ဝင်နိုင်ငံများစာရင်းကို ကမ္ဘာ့မြေပုံကြီးပေါ်တွင် အရောင်များဖြင့် ဆေးခြယ်ဖော်ပြထားသည်မှာ ရှင်းလင်းလှသည်။ ယနေ့ကာလတွင် ကုလသမဂ္ဂအဖွဲ့ကြီး၌ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၁ နိုင်ငံရှိနေပြီဖြစ်သည်။ နောက်ဆုံးဝင်ရောက်သည့်နိုင်ငံ (၂) နိုင်ငံမှာ ဆွစ်ဇာလန်နိုင်ငံနှင့် အရှေ့တီမောနိုင်ငံတို့ ဖြစ်သည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ အမှတ်စဉ် ၅၈ ဖြင့် (၁၉-၇-၄၈) ရက်နေ့တွင် အဖွဲ့ဝင်ဖြစ်ခဲ့သည်။ တောင်နှင့်အနောက် အာရှဒေသမှ (၈) နိုင်ငံ၊ အရှေ့အာရှနှင့် ပစိဖိတ်ဒေသမှ (၁၉) နိုင်ငံ၊ အရှေ့တောင်အာရှဒေသမှ (၁၁) နိုင်ငံ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသမှ (၆၈) နိုင်ငံ၊ ဥရောပဒေသမှ နိုင်ငံ (၅၀)၊ အမေရိကဒေသမှ (၃၅) နိုင်ငံ စုစုပေါင်း အဖွဲ့ဝင် (၁၉၁) နိုင်ငံဖြစ်သည်။ ပြပွဲ၏ ထူးခြားချက်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၁) နိုင်ငံ၏အလံများကို စိုက်ထူပြသထားရာ ပြပွဲကို ပိုမိုမြင့်ဆိုင်စေပြီး အဓိပ္ပာယ်များစွာ လေးနက်စေပါသည်။

အခြားသောနိုင်ငံများတွင် ပြသထားခဲ့ခြင်းမရှိသေးသည့် ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အထွေထွေအတွင်းရေးမှူးချုပ် ခုနစ်ဦး၏ ပုံတူပန်းချီကားကြီးများမှာလည်း ပြပွဲအတွက် ထူးခြားချက်တစ်ရပ်ဖြစ်သည်။ ပထမဆုံး အတွင်းရေးမှူးချုပ်ဖြစ်သူ နော်ဝေနိုင်ငံသား မစ္စတာထရစ်ဗီလီ (၁၉၄၆-၁၉၅၃) (ပန်းချီဦးစံတိုး) ဆွီဒင်နိုင်ငံသား မစ္စတာ ဒက်ဟစ်မားရှိုးလ် (ဒ်) (၁၉၅၃-၁၉၆၁)(ပန်းချီ ဦးအောင်သင်းဦး)၊ မြန်မာနိုင်ငံသား ဦးသန့် (၁၉၆၁-၁၉၇၁)(ပန်းချီ မစန္ဒာဝင်းထွန်း)၊

သြစတြီးယားနိုင်ငံသား မစ္စတာကုတ်(တ်)ဝါးလ်ဒ်ဟိုင်း(မ်)(၁၉၇၂-၁၉၈၁)ပန်းချီ ဦးသက်ဦး(မွန်သက်)၊ ပီရူးနိုင်ငံသား မစ္စတာ ဟားဗီးယားပီရက်ဇ်ဒီကွေးလျား (၁၉၈၁-၁၉၉၁)(ပန်းချီ ဦးမင်းနိုင်) အီဂျစ်နိုင်ငံသား မစ္စတာ ဘူးထရို့စ်ဂါလီ(၁၉၉၂-၁၉၉၆)(ပန်းချီ ဦးကျော်အုန်း)၊ ယခုလက်ရှိ အတွင်းရေးမှူးချုပ်ဖြစ်သူ ဂါနာနိုင်ငံသား မစ္စတာ ကိုဖီအာနန်(၁၉၉၇-ယနေ့အထိ)(ပန်းချီ ဦးလွန်းကြွယ်) တို့၏ ပုံတူပန်းချီကားကြီးများမှာ ဆီဆေးလက်ရာများဖြစ်ပြီး ပြပွဲကြီးအတွင်း အထူးခံ့ညားထည်ဝါလျက်ရှိသည်။ ပုံတူပန်းချီကားများထဲမှ မစ္စတာကိုဖီအာနန်၏ပုံကို မြန်မာနိုင်ငံ၏အမှတ်တရလက်ဆောင်အဖြစ် ကုလသမဂ္ဂသို့ ပေးပို့လှူဒါန်းသည်။

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ ချစ်ကြည်ရင်းနှီးမှု ပြယုဂ်များအဖြစ် ဗဟိုပြကွက်၏ဝဲဘက်တွင် ၁၉၉၀ ပြည့်နှစ်က မြန်မာနိုင်ငံမှကုလသမဂ္ဂဌာနချုပ်သို့ ပေးပို့လှူဒါန်းခဲ့သော မြန်မာ့အနုပညာလက်ရာ ရွှေချည်ထိုးကားချပ်၏ပုံတူ ရွှေချည်ထိုးကားချပ်နမူနာကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်က ကုလသမဂ္ဂနှစ် (၅၀) မြောက် အထိမ်းအမှတ်အဖြစ် လှူဒန်းခဲ့သည့် ငွေဖလားကြီးဓာတ်ပုံတို့ကို ပြသထားသည်။

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်မှုပြကွက်တွင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မူးယစ်(ဗဟို) တို့ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအများအပြား၏ ဓာတ်ပုံများကို ချိတ်ဆွဲပြသထားသည်။

ကုလသမဂ္ဂ ပိုစတာပြပွဲအထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့သည့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ဂရုပ်ဖစ်ဒီဇိုင်းပိုစတာပြိုင်ပွဲ အသီးသီးတွင် ဆုရရှိခဲ့သူများ၏ ကိုယ်ရေးမှတ်တမ်းဓာတ်ပုံနှင့် ပြိုင်ပွဲဆုရစာမူများ၊ ပန်းချီရုပ်ပုံများ၊ ဒီဂျစ်တယ်ပိုစတာများကိုလည်း ပြပွဲ၌ ခင်းကျင်းပြသထားပြီး ကုလသမဂ္ဂနှင့်စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများကိုလည်း ခန်းမကြီး၏ထိပ်နှစ်ဖက်တွင်ရှိသည့် ဖိလစ်တီဗို ဖန်သားပြင်တွင် ပြသထားသည်။ ပြပွဲတစ်နေရာရှိ "ပိုမိုကောင်းမွန်သော ကမ္ဘာကြီးအတွက် ကုလသမဂ္ဂ ပိုစတာပြပွဲ" ဟု ဖော်ညွှန်းထားသည့် စာတန်းမှာ ပြပွဲ၏ အဓိပ္ပာယ်ကို ပိုမိုနက်ရှိုင်းစေခဲ့သည်။

ပြပွဲ၏စိတ်ဝင်စားဖွယ် အစီအစဉ်တစ်ခုမှာ ကွန်ပျူတာဥာဏ်စမ်း ပဟေဋ္ဌိပြိုင်ပွဲကျင်းပပေးခြင်းဖြစ်သည်။ ကွန်ပျူတာအလုံး ၃၀ ဖြင့် ပြပွဲရက်အတွင်း နေ့စဉ်နံနက် ၁၀ နာရီ၊ မွန်းလွဲ (၁) နာရီ၊ ညနေ (၃) နာရီတို့တွင် တစ်နေ့သုံးကြိမ် ကျင်းပပေးပြီး ပြိုင်ပွဲအပြီးတွင် အမှတ်အများဆုံး ရရှိသူများအား ဆုချီးမြှင့်ပေးခဲ့သည်။

လက်ဆောင်ပေးခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သည် ပြပွဲဖွင့်ပွဲနေ့တွင် ပြကွက်များအား လှည့်လည်ကြည့်ရှုနေစဉ် ကုလသမဂ္ဂလက်ထောက်၊ အထွေထွေအတွင်းရေးမှူးချုပ်သံအမတ်ကြီး မစ္စတာဂျိုးဇက်ဖ်ဗာနာရိဒ်အား ကျောက်ရောင်စုံ စီခြယ်ထားသော ကုလသမဂ္ဂတံဆိပ်ပါ ကျောက်စီပန်းချီကားချပ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။ ပြပွဲဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် သံအမတ်ကြီး မစ္စတာ ဂျိုးဇက်ဖ်ဗာနာရိဒ်နှင့် United Nations Coordinator, Mr Patrice Coeur Bizot လက်မှတ်ရေးထိုးခဲ့ကြသည်။

ဤကုလသမဂ္ဂ ပိုစတာပြပွဲကြီးသည် ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော ကုလသမဂ္ဂ၏ များမြောင်လှစွာသော လုပ်ငန်းများ၊ လှုပ်ရှားဆောင်ရွက်မှုများနှင့် ကမ္ဘာ့အဖွဲ့အစည်းကြီးက ရင်ဆိုင်ဖြေရှင်းခဲ့ရသော ကိစ္စရပ်များမျက်မှောက်ကာလတွင် ဆောင်ရွက်နေရသော အကြောင်းအရာများနှင့် စပ်လျဉ်းသည့် သမိုင်းဝင်မှတ်တမ်းများကို တစ်စုတစ်ဝေးတည်း ပြသထားခြင်းဖြစ်သောကြောင့် ဤပြပွဲကြီးသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Ly Pounkhan အမှူးပြုသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ စစ်သံမှူးများနှင့် ၎င်းတို့၏မိသားစုများ၊ အခြေခံ

ပညာ အထက်တန်းကျောင်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူအများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့သည်။

"သာယာကောင်းမွန်သော ကမ္ဘာဖြစ်ဖို့ စည်းလုံးကြပါစို့" (For A Better World) ဟူသော (၅၇) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်ဆောင်ပုဒ်နှင့်အညီ လူသားတို့ မှီတင်းနေထိုင်ရာ ကမ္ဘာကြီး၏ ကောင်းကျိုးအတွက် မြန်မာနိုင်ငံသည် ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ဆောင်ရွက်လျက် ရှိပေသည်။

အေး (ရန်ကုန်တက္ကသိုလ်)

ကမ္ဘာ့ဆရာများနေ့(၂၀၀၂) ။ ။ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) အထိမ်းအမှတ် အခမ်းအနားကို ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၅) ရက်၊ စနေနေ့ နံနက် (၈) နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့် တက်ရောက်၍ ဂုဏ်ပြုခြီးကျူး အမှာစကား ပြောကြားခြီးမြှင့်သည်။ အမှာစကားပြောကြားရာတွင် အာစရိယဆရာ၏ ကျေးဇူးဂုဏ်ကိုအလေးအနက်ထား ပြောကြားသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ပထမဆုံးသော ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်း ဖြစ်သည်။

ကမ္ဘာ့ဆရာများနေ့တွင် နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်သည့် "လူသားရင်းမြစ် ပြုစုပျိုးထောင်ပေးမှု" တွင် ပဓာနကျသော အခန်းကဏ္ဍက ပါဝင်နေသည့် ဆရာများ၏ တန်ခိုးကြီးမားမှုကို ပိုမိုပေါ်လွင်ထင်ရှားအောင် ဖော်ဆောင်ပေးခြင်းဖြစ်သကဲ့သို့ "ဆရာ၏ဂုဏ်ရည်၊ ကျင့်ဝတ်သိက္ခာနှင့်ဂုဏ်ကျေးဇူး" တို့ကိုလည်း အထူးဖော်ကျူး ဂုဏ်ပြုခြင်းလည်းဖြစ်သည်။

မြန်မာလူမျိုးတို့သည် မိမိတို့ကို ကိုယ်ထိလက်ရောက်ပညာသင်ကြားပေးသည့်ဆရာ ကိုသာမကသင်ဆရာ မြင်ဆရာ ကြားဆရာ ဟူ၍ မိမိအတွက် ပညာတစ်စုံတစ်ခု ပေးနိုင်သူတိုင်းကို ကျေးဇူးရှင်ဆရာအဖြစ် ကောင်းစွာခံယူအသိအမှတ်ပြုသည့် မြန်မာ့ဓလေ့ အစဉ်အလာကောင်းတစ်ရပ်လည်း ရှိထားပြီးဖြစ်သည်။

ကမ္ဘာ့ဆရာများနေ့အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်က ဧည့်သည်တော်များအား လိုက်လံနှုတ်ဆက်စဉ်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်
ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းကို လိုက်လံကြည့်ရှုစဉ်

မြန်မာ့လူဘောင်အဖွဲ့အစည်းနှင့် မြန်မာလူမျိုးတို့သည် ဆရာ၏ဂုဏ်ဒြပ်နှင့်တန်ဖိုးကို လေးစားကြည်ညိုကြသည့်အလျောက် ဆရာများဘက်က လည်း ဆရာ့ဂုဏ်သိက္ခာ၊ ဆရာ့ကျင့်ဝတ်တို့နှင့်အညီ တပည့်များ၏ မိဘများသဖွယ်သာမက လူဘောင်အဖွဲ့အစည်း၏ ဦးဆောင်သူများအဖြစ် ပြန်လည် စောင့်ထိန်းကြရမည်သာ ဖြစ်ပေသည်။

မြန်မာ့လူဘောင်အဖွဲ့အစည်းတွင် ဆရာများကို ဦးစီးဦးဆောင်ပြုနိုင်သည့် ရပ်ရွာအဖွဲ့အစည်း၌ ဩဇာတိက္ကမ ရှိသောအာစရိယနေရာတွင် ထိုက်ထိုက်တန်တန် နေရာပေးအလေးထားသည့် အစဉ်အလာ ရှိသည်နှင့်အညီ အာစရိယဂုဏ်အင်္ဂါရပ်နှင့် ညီညွတ်စွာ ပြုမူပြောဆိုကျင့်ကြံနေထိုင်ခြင်းအားဖြင့် ယင်းအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း "ပညာကိုအခြေပြုသည့် မြန်မာ့လူဘောင်အဖွဲ့အစည်းကြီး" ဖြစ်ထွန်းလာရေးအတွက် မိမိတို့၏ တပည့်ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများကို စည်းရုံးဦးဆောင်မှုပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟူ၍လည်း အလေးအနက် တိုက်တွန်းမှာကြားသွားပါသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ လက်အောက်ခံအဖွဲ့ကြီးလေးဖွဲ့ဖြစ်သည့် "ယူနက်စကို"၊ "အိုင်အယ်လ်အို"၊ "ယူအင်ဒီပီ" နှင့် "ယူနီဆက်" တို့မှ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော "ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) စုပေါင်းသဝဏ်လွှာ" ကို အမှတ် (၁) အခြေခံပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက ဖတ်ကြားသည်။

ထိုနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံဆရာအဆင့်၊ "ဆရာဂုဏ်ရည်" ဆောင်းပါးပြိုင်ပွဲ ပထမဆုရ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန လက်ထောက်ကထိက ဦးသန်းဝင်း၊ ဒုတိယဆုရ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါ်နီလာမြင့်၊ တတိယဆုရ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှ ကထိက ဒေါ်တင်တင်ဝေတို့အား လည်းကောင်း၊ အခြေခံပညာ အထက်တန်းဆရာအဆင့် ဆရာ့ဂုဏ်ရည်ဆောင်းပါးပြိုင်ပွဲ ပထမဆုရ မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုစိန်၊ ဒုတိယဆုရ မန္တလေးတိုင်း၊ ချမ်းအေးသာစံမြို့နယ်မှ လက်ထောက်မြို့နယ်ပညာရေးမှူး

ဦးမင်းဝေ၊ တတိယဆုရ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အတွင်းရေးမှူး (၁) က အခြေခံပညာအလယ်တန်းဆရာအဆင့် ဆရာ့ဂုဏ်ရည်ဆောင်းပါးပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မြမြသန်း၊ ဒုတိယဆုရ ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ် အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် လိုဂိုဒီဇိုင်း ဖန်တီးရေးဆွဲပေးသည့် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မချို့ဇော်အောင်နှင့် ချမ်းအေးသာစံမြို့နယ် အမှတ် (၁၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်း၊ တတိယဆုရ ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ် (၈) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တိုးတိုးဌေးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ကမ္ဘာ့ဆရာများနေ့ စာတမ်းဖတ်ပွဲကျင်းပနေစဉ်

ထို့နောက် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် လိုဂိုဒီဇိုင်း ဖန်တီးရေးဆွဲပေးသည့် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မချို့ဇော်အောင်နှင့် ချမ်းအေးသာစံမြို့နယ် အမှတ် (၁၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်း၊ တတိယဆုရ ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ် (၈) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တိုးတိုးဌေးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် လိုဂိုဒီဇိုင်း ဖန်တီးရေးဆွဲပေးသည့် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မချို့ဇော်အောင်နှင့် ချမ်းအေးသာစံမြို့နယ် အမှတ် (၁၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်း၊ တတိယဆုရ ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ် (၈) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တိုးတိုးဌေးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က ပညာရေးတက္ကသိုလ် ပညာရေးကောလိပ်အဆင့်မြတ်ဆရာ ကဗျာပြိုင်ပွဲ ပထမဆုရ မကွေးတိုင်း ပခုက္ကူပညာရေးကောလိပ် ပထမနှစ်မှ မထက်နေခြည်ဝင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်း စစ်ကိုင်း ပညာရေးတက္ကသိုလ် တတိယနှစ်မှ မောင်ချမ်းငြိမ်း၊ တတိယဆုရ မွန်ပြည်နယ် မော်လမြိုင်ပညာရေး ကောလိပ် ဒုတိယနှစ်မှ မမေမိုးကြူတို့အား လည်းကောင်း၊ ပညာရေး

မဆုယမင်း၊ ဒုတိယတန်း၊ အထက (၁) ဒဂုံ၏ပို့စကတ်ပန်းချီလက်ရာ

တက္ကသိုလ် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ ဧရာဝတီတိုင်း ပုသိမ်ပညာရေးကောလိပ် ဒုတိယနှစ်မှ မနှင်းဇာခြည်ဝမ်း၊ ဒုတိယဆုရ ရှမ်းပြည်နယ် တောင်ကြီး ပညာရေးကောလိပ် ပထမနှစ်မှ မခင်စန္ဒီကို၊ တတိယဆုရ စစ်ကိုင်းတိုင်း မုံရွာပညာရေးကောလိပ် ပထမနှစ်မှ မသင်းလဲ့လဲ့စိုး တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်က အခြေခံပညာအထက်တန်းဆင့် မြတ်ဆရာကဗျာပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းဆင့် မြတ်ဆရာ စာစီစာကုံးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသည့်ကျောင်းသားကျောင်းသူများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်က အခြေခံပညာအလယ်တန်းဆင့် မြတ်ဆရာကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းဆင့် မြတ်ဆရာစာစီစာကုံးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသည့် ကျောင်းသားကျောင်းသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ ရွေတံဆိပ်ဆုရှင် အခြေခံပညာကျောင်းသားကျောင်းသူများက အိုဘယ်ဆရာသီချင်းဖြင့် ဂုဏ်ပြုဖြေဖျော်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်း

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားတွင် တက်ရောက်လာသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ၂၀၀၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုစစ်ဆေးသည်။

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဟောပြောပွဲ

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဟောပြောပွဲကို စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းတွင် သဘာပတိအဖြစ် အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာခင်မောင်ဝင်းက ဆောင်ရွက်သည်။ အငြိမ်းစားပါမောက္ခချုပ် ဦးသောင်းထွဋ်က "ဆရာများ ကမ္ဘာနှင့်မြန်မာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမှတ် (၃) အခြေခံပညာဦးစီးဌာန၊ ဦးစီးအရာရှိ ဦးတင်လှိုင်က "မြတ်ဆရာတို့ဂုဏ်ရည် နှိုင်းမမီဟူသောခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

မွန်းလွဲပိုင်းတွင် သဘာပတိအဖြစ် အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာကျော်စိန်က ဆောင်ရွက်သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ

ဦးခင်အေးက "ဂုဏ်ရည်ဝေဖြာ မြတ်ဆရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဆရာကြီး ဦးသန်းဦးက "ဆရာ့သိက္ခာ ဆရာ့စေတနာ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောကြသည်။

၂၀၀၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ကျင်းပရေး ဦးစီးကော်မတီ ဖိတ်ကြားရေးနှင့် သတင်းပြန်ကြားရေးကော်မတီက "ကမ္ဘာ့ဆရာများနေ့" အထိမ်းအမှတ် "ပို့စကတ်" ကိုလည်းကောင်း၊ "ပညာရေးသတင်းလွှာ" ကိုလည်းကောင်း၊ အထူးထုတ်မဂ္ဂဇင်းအဖြစ် "မြတ်ဆရာမဂ္ဂဇင်း" ကိုလည်းကောင်း ဂုဏ်ပြုထုတ်ဝေသည်။ ။

မြတ်ဆရာ

လောကကို ပညာဖြင့် အလှဆင်သူ
လောကကို ကရုဏာဖြင့် ဖြေဖျောက်သူ
အများအကျိုးကို ကိုယ်ကျိုးစွန့်၍ ဆောင်ရွက်တတ်သူ . . . . . ဆရာဟူ၏။ ။

မောင်ဟန်ဝင်း (ထန်းတပင်)

ဦးသန်းဦး

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနား။ ။ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ (World Diabetes Day) ကို ကမ္ဘာ့နိုင်ငံများတွင် ၁၉၉၁ ခုနှစ်မှ စတင်၍ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်၌ ရန်ကုန်မြို့၊ သူနာပြု တက္ကသိုလ်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

နှစ်စဉ်နိုဝင်ဘာလ (၁၄) ရက်နေ့ကို ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ထားသည်။ ဤသို့သတ်မှတ်ခဲ့ခြင်းမှာ ဆီးချိုသွေးချိုရောဂါကုသရေး၌ အရေးပါသော ဆေးဝါးဖြစ်သည့် အင်ဆူလင် (Insulin) ဟော်မုန်းဆေးဝါးကို စတင်ရှာဖွေတွေ့ရှိခဲ့သူ Frederick Banting ၏ မွေးနေ့ကို ရွေးချယ်သတ်မှတ် ဂုဏ်ပြုခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO- World Health Organization) နှင့် အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါ အဖွဲ့ချုပ် (International Diabetes Federation) တို့ ပူးပေါင်း၍ ကျင်းပခြင်း ဖြစ်သည်။ ဤကမ္ဘာ့ ဆီးချိုသွေးချို ထိန်းသိမ်းရေးနေ့ အခမ်းအနားကို နိုင်ငံပေါင်း (၁၄၀) ကျော်တွင် နှစ်စဉ် ကျင်းပပြုလုပ်လျက်လည်း ရှိသည်။

ဤအထိမ်းအမှတ် နေ့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအဖွဲ့ချုပ်တို့က နှစ်စဉ်ဆောင်ပုဒ်တစ်ခု ရွေးချယ်သတ်မှတ်ပြီး ကမ္ဘာတစ်ဝန်း ဆီးချိုသွေးချိုရောဂါကာကွယ် ထိန်းသိမ်းရေးအတွက် တိုက်ပွဲနိုးလှုံ့ဆော် ကျင်းပလျက်ရှိရာ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ် " Your Eyes and Diabetes : Don't lose sight of the risks " ကို သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် "စက္ခုအမြင်ထိန်းလိုလျှင်၊ ဆီးချို သွေးချိုဂရုပြုဆင်ခြင်" ဟု ဘာသာပြန်ဆိုကာ ဆောင်ပုဒ်သတ်မှတ် ကျင်းပနိုင်ခဲ့သည်။

ယနေ့အချိန်တွင် ဆီးချိုသွေးချိုရောဂါဖြစ်ပွားနှုန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများထက် ပိုမိုများပြားလျက်ရှိသော်လည်း နောင်အနာဂတ်ကာလတွင် တိုးတက်များပြားလာသော ဤရောဂါ၏ ဒဏ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများက အများဆုံးခံရဖွယ်ရှိသည်ကို ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။

ကမ္ဘာ့လူသားများအား ခြိမ်းခြောက်အန္တရာယ်ပြုသော ရောဂါများတွင် ဆီးချိုသွေးချိုရောဂါသည် အပါအဝင်ဖြစ်သည်။ ဤရောဂါဖြစ်ပွားနှုန်းမှာလည်း ကမ္ဘာနှင့်အဝန်းကြောက်မက်ဖွယ် တိုးတက်များပြားလာလျက်ရှိသည်။ ကမ္ဘာပေါ်တွင် ၁၉၈၅ ခုနှစ်၌ ဆီးချိုသွေးချိုရောဂါဝေဒနာရှင် သန်းပေါင်း (၃၀) သာရှိခဲ့ရာမှာ (၁၅) နှစ်ကျော်ကာလအတွင်း ခြောက်ဆနီးပါး တိုးပွားလာကာ ယခုအခါ ဝေဒနာရှင်ပေါင်း (၁၇၇) သန်းထက် မနည်းရှိနေပြီဖြစ်သည်။ ဤသို့ရောဂါဖြစ်ပွားမှုနှုန်း တိုးတက်များပြားလာမှုကို ကာကွယ်ထိန်းသိမ်း ဆောင်ရွက်မှုများမပြုလုပ်ခဲ့လျှင် နောင်လာမည့် (၂၅) နှစ်အတွင်း ဆီးချို၊ သွေးချိုရောဂါ ဝေဒနာရှင်သန်း (၃၀၀) အထိ တိုးပွားလာနိုင်မည် ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအဖွဲ့ချုပ်တို့က ခန့်မှန်းတွက်ချက်ထားကြသည်။

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

World Diabetes Day

၁၄-၁၁-၂၀၀၂

စက္ခုအမြင်ထိန်းလိုလျှင်၊ ဆီးချိုသွေးချိုဂရုပြုဆောင်ရွင်

"Your Eyes and Diabetes: Don't lose sight of the risks"

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

ကမ္ဘာနှင့်အဝန်း ဆီးချိုသွေးချို ရောဂါဖြစ်ပွားနှုန်း တိုးတက်များပြားလာသည့် အကြောင်းရင်းများတွင်-

- အသက်အရွယ်ကြီးမြင့်လာသော လူဦးရေများပြားလာခြင်း
- ကျန်းမာရေးနှင့် မညီညွတ်သည့် အစားအစာများ စားသုံးခြင်း၊ အဝလွန်ကဲခြင်း
- ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း
- ကျန်းမာရေးနှင့် မညီညွတ်သည့် လူမှုဘဝနေထိုင်မှု ပုံစံများရှိလာခြင်း စသည့်တို့ကြောင့်ဖြစ်သည်ဟု ပညာရှင်များကလေ့လာတွေ့ရှိထားကြသည်။

ဆီးချိုသွေးချိုရောဂါဝေဒနာရှင်များအနေဖြင့် ရောဂါ ထိန်းသိမ်းကုသမှုမကောင်းခဲ့လျှင် ဤရောဂါ၏ နောက်ဆက်တွဲအနာရောဂါများ ဖြစ်ပေါ်ခံစားလာစေနိုင်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲရောဂါများဖြစ်သည့်နှလုံးနှင့် သွေးကြောများတွင် ဖြစ်ပွားသည့် ရောဂါများကြောင့် သေဆုံးမှုသည် အဓိကအကြောင်းရင်း ဖြစ်သည်။

ထိုသို့ကမ္ဘာတွင် နှလုံးနှင့်သွေးကြောဆိုင်ရာ ရောဂါ ဖြစ်ပွားမှုများသာမက မျက်စိအမြင်လွှာထိခိုက်ပျက်စီး၍ စက္ခုမြင်ကွင်း၊ အမြင်အာရုံဆုံးရှုံးခြင်း၊ ခြေလက်ရှိ အာရုံကြောများထိခိုက်ပျက်စီးရခြင်း၊ ကျောက်ကပ်များ ထိခိုက်ပျက်စီးအလုပ်မလုပ်ခြင်း၊ ဦးနှောက်သွေးကြောများထိခိုက်၍ လေဖြတ်ရောဂါများဖြစ်ပေါ်လာခြင်း စသည့်အနာရောဂါများသည် ဆီးချိုသွေးချိုရောဂါများ၏ နောက်ဆက်တွဲရောဂါများပင် ဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆီးချိုသွေးချိုရောဂါသည် အရွယ်ရောက်ပြီးသူများ၌ အမြင်အာရုံထိခိုက်ဆုံးရှုံးခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။ ယခုနှစ် အထိမ်းအမှတ်နေ့အတွက် စက္ခုအမြင်အာရုံဆုံးရှုံးခြင်းကို ဆောင်ပုဒ်ဦးတည် ရွေးချယ်သတ်မှတ်ပေးထားရာ "ဆီးချို သွေးချိုရောဂါကြောင့် မျက်စိထိခိုက်ခြင်းကို စောစီးစွာရောဂါ ရှာဖွေဖော်ထုတ်နိုင်ပြီး အမြင်အာရုံဆုံးရှုံးခြင်းကို ကာကွယ်နိုင်စေရန်" လှုံ့ဆော်ထားခြင်းဖြစ်သည်။

ဆီးချိုသွေးချိုရောဂါ၏နောက်ဆက်တွဲရောဂါများမှာကာကွယ်ကုသမှုများပြုလုပ်နိုင်ကြရာ ဤသို့လှုံ့ဆော်တိုက်တွန်းခြင်းဖြင့် နောက်ဆက်တွဲရောဂါဖြစ်ပွားမှုများကို သတိပြုကာကွယ်ကုသနိုင်စေမည်ဖြစ်သည်။

ဆီးချိုသွေးချိုရောဂါနှင့် နောက်ဆက်တွဲရောဂါဖြစ်ပွားမှုများမှာ ကြောက်စရာကောင်းသော်လည်း ဆီးချိုသွေးချိုရောဂါသည် ရောဂါရှိခါစတွင် ရောဂါရှိမှန်း မသိဘဲဖြစ်တတ်သည်။ အပြည်ပြည်ဆိုင်ရာဆီးချိုသွေးချို ရောဂါအဖွဲ့ချုပ်က ဆီးချိုသွေးချိုရောဂါရှင် (၅၀) ရာခိုင်နှုန်းသည် ရောဂါရှိ၍ရှိမှန်းမသိဘဲဖြစ်သည်ဟု ခန့်မှန်းဖော်ပြထားသည်။ ထို့အပြင် အခြားအရေးကြီးသည့် အကြောင်းအချက်တစ်ခုမှာ ဆီးချိုသွေးချို ရောဂါသည် ဆေးကုသမှုစရိတ်ကြီးမားလွန်းခြင်းပင် ဖြစ်သည်။ ရောဂါရှင်နှင့်ယင်း၏မိသားစုတို့ ကျခံသုံးစွဲရသည့် ဆေးကုသမှုကုန်ကျစရိတ်များအပြင် ဆီးချိုသွေးချိုရောဂါရှင် တစ်ဦးချင်းစီအတွက် နိုင်ငံတော်ပိုင်းမှကုန်ကျခံရမှုများရှိသည်။ ကျွမ်းကျင်သူပညာရှင်များက ကမ္ဘာ့နိုင်ငံများသည် ယင်းတို့၏ကျန်းမာရေး အသုံး

စရိတ်၏ (၅) ရာခိုင်နှုန်းမှ (၁၀) ရာခိုင်နှုန်းအထိကို ဆီးချိုသွေးချိုရောဂါနှင့် နောက်ဆက်တွဲရောဂါများ ကုသမှုအတွက်သုံးစွဲရကြောင်း တွက်ချက်ခန့်မှန်းထားကြသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆီးချိုသွေးချိုရောဂါရှင်များ၏ ၈၅ မှ ၉၅ ရာခိုင်နှုန်းသည် အမျိုးအစား (၂) ဆီးချိုသွေးချိုရောဂါသည်များ ဖြစ်သည်။ ဤအမျိုးအစား (၂) ဆီးချိုသွေးချိုရောဂါသည် မဖြစ်ခင်ကပင် ကာကွယ်နိုင်သည်။ ကိုယ်လက်လှုပ်ရှား၊ သွက်လက် လှုပ်ရှားမှုများသော နေထိုင်မှုဘဝပုံစံဖြင့် နေထိုင်ခြင်း၊ အဝလွန်ကဲခြင်းကို ကာကွယ်ခြင်း၊ အဆီစားသုံးမှုလျော့ချခြင်း၊ အမျှင်ဓာတ်များပါဝင်သော ဟင်းသီးဟင်းရွက်များ စားသုံးခြင်းစသည်တို့ဖြင့် ကာကွယ်နိုင်သည်။

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း၊ ဆောင်ပုဒ်သတ်မှတ်ဦးတည်လှုံ့ဆော်ခြင်းတို့ဖြင့် ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းမှုများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြတ်လေးခိုင်

ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ (၂၀၀၂)

ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ (၂၀၀၂)။ ။ ပြည်ထောင်စု မြန်မာနိုင်ငံတွင် သာသနာအကျိုး သယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် နယ်ပယ်အသီးသီးတွင် ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များရှိသည်။

ရဟန်းတော်များ

ကဝိန္ဒာဘရ၊ ဘဒ္ဒန္တ
သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ
အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ လားရှိုးမြို့ မြို့လယ်ကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကောသရာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါ
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒိစရိယ၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မဂ်လာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ခမာဝုဓ၊ ဘဒ္ဒန္တ
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၃) ဝါ
အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အကျိုးတော်ဆောင်၊
(၁၃၆၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ညာဏိက၊ ဘဒ္ဒန္တ
သက်တော် (၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက၊ ညောင်လေးပင် ဝိနည်းပြန်ဌာနတောရ ရွှေကျင်ဂိုဏ်းဥက္ကဋ္ဌ၊ အုတ်တွင်းမြို့ ကန်ကလေးတောရ ရွှေကျင်ကျောင်းစာသင်တိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

တိက္ခပဏ္ဍိတ၊ ဘဒ္ဒန္တ
သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒိစရိယ၊ နန်းဦးပဝါရဏာ နိကာယဂိုဏ်းချုပ်၊ မော်ဘီမြို့ နန်းဦးကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နာယက၊ ဘဒ္ဒန္တ
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒိစရိယ၊ ဆူးလေစေတီတော် ဩဝါဒိစရိယ၊ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံကျော်ကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နန္ဒိယ၊ ဘဒ္ဒန္တ
သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၉) ဝါ
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒိစရိယ၊ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော် ဩဝါဒိ

စရိယအဖွဲ့ ဥက္ကဋ္ဌ၊ ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ မင်္ဂလာကန်တော်ကျောင်း ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ နတ်ကော်လပြည့်ကျော် ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ရာဇိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၁၀၁) နှစ်၊ သိက္ခာတော် (၈၁) ဝါ
တွံတေးမြို့နယ် ဇောတိကျေးရွာ ဇောတိကာရုံကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝိသုဒ္ဓါစာရ၊ ဘဒ္ဒန္တ
သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မြို့နယ်ဩဝါဒိစရိယ၊ လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော် ဩဝါဒိစရိယ၊ သာဝတ္ထိစမတောင်တော် ဩဝါဒိစရိယ၊ အေလာဇေယျသိမ် မန်ကျည်းကုန်းကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သီလစာရ၊ ဘဒ္ဒန္တ
သက်တော် (၁၀၀) နှစ်၊ သိက္ခာတော် (၇၉) ဝါ
စူဠကမ္မဋ္ဌာနာစရိယ၊ တောင်ကြီးမြို့ ဓမ္မရတနာတောရကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သီလဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ပြည်မြို့ ဘုရားသုံးဆူကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သုမန၊ ဘဒ္ဒန္တ
သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် သာသနာ့ဇောတိကာရုံ အုပ်ချုပ်ရေးဆရာတော်
(၁၃၆၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အာဒိစ္စ၊ ဘဒ္ဒန္တ
သက်တော် (၁၀၃) နှစ်၊ သိက္ခာတော် (၈၃) ဝါ
ပခုက္ကူမြို့ ရွှေကူဘုရားကြီးနှင့်ပြည်လုံးချမ်းသာဘုရားကြီးဂေါကပအဖွဲ့ဩဝါဒိစရိယ၊ မြတိုက်ကျောင်း ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အာဒိစ္စရံသီ၊ ဘဒ္ဒန္တ
သက်တော် (၆၄) နှစ်၊ သိက္ခာတော် (၈) ဝါ
တောင်ငူမြို့ ရွှေမင်းဝံ နိုင်ငံတကာဝိပဿနာ အလုပ်စခန်း ပဓာနကမ္မဋ္ဌာနစရိယအမျိုးသားစာပေဆုရ စာရေးဆရာ ဆန်းလွင်
(၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဥက္ကံသ၊ ဘဒ္ဒန္တ
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ နိုင်ငံတော်ဩဝါဒိစရိယ၊ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မြေနီကျင်းကျောင်းတိုက် သတိပဋ္ဌာန်ရိပ်သာ ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဥတ္တရာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ
အဘိဓဇ အဂ္ဂမဟာသဒ္ဓ မွဇောတိက၊ နိုင်ငံတော် ဩဝါဒိစရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒိစရိယအဖွဲ့ ဥက္ကဋ္ဌ(ဟောင်း)၊ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် သီတာရုံကျောင်း ပဓာန နာယက
(၁၃၆၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဣန္ဒက၊ ဘဒ္ဒန္တ
သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ မြို့နယ်ဩဝါဒိစရိယ (ရွှေကျင်)၊ လက်ပံတန်းမြို့ ရွှေတောင်ကျောင်းတိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဣန္ဒဝံသာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဩဝါဒိစရိယ၊ စေတိယင်္ဂဏ ပရိယတ္တိစာမေးပွဲနာယက၊ ဝေဠုဝန်နိကာယဂိုဏ်း ဗဟိုအကျိုးတော်

ဆောင်ချုပ်၊ စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်း
တိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
နေ့၌ ပျံလွန်တော်မူသည်။)

ဣန္ဒာစာရ၊ ဘဒ္ဒန္တ
သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒစရိယ၊
ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဂေါပကအဖွဲ့
ဩဝါဒစရိယ၊ သန်လျင်မြို့ မင်းကျောင်းပထမပြန်
စာသင်တိုက် ပဓာန နာယက
(၁၃၆၄ ခုနှစ်၊ နယုန်လဆန်း ၁ ရက်နေ့၌ ပျံလွန်
တော်မူသည်။)

လူပုဂ္ဂိုလ်များ

ကျော်လွင်၊ ဦး
အသက် (၇၂) နှစ်
နှစ်ဖက်လှ ဦးကျော်လွင်၊ သာသနာတော်ထွန်းကား
ပြန့်ပွားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
(၁-၈-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်ဇော်၊ သခင်
အသက် (၈၅) နှစ်
စာရေးဆရာကြီး ရေနံမြေသခင် ခင်ဇော်၊ နိုင်ငံ့
ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ နိုင်ငံတော်ကောင်စီဝင်
(အငြိမ်းစား)၊ ၁၉၆၅ ခုနှစ် အမျိုးသားစာပေဆုရှင်
(၁၀-၆-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်မောင်တင့်၊ ဦး
အသက် (၇၃) နှစ်
စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၊ ပညာရေး
တက္ကသိုလ် ပါမောက္ခချုပ် (အငြိမ်းစား)၊ ၁၉၇၂ ခုနှစ်
အမျိုးသားစာပေဆု ဝတ္ထုရှည်ဆုရှင်
(၁၀-၅-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

စံတိုး၊ ဦး
အသက် (၆၁) နှစ်
ပန်းချီဆရာကြီး ဦးစံတိုး
(၂၁-၁၀-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

တင်၊ ဦး
အသက် (၆၅) နှစ်
စာရေးဆရာကြီး တက္ကသိုလ်နှင်းဝေ၊ ရန်ကုန်
တက္ကသိုလ် မြန်မာစာဌာနကထိက (အငြိမ်းစား)၊
M.A.,R.L
(၂၈-၁၁-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

တင်မောင်၊ သူရ ဦး
အသက် (၈၁) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လွတ်လပ်ရေး
မော်ကွန်းဝင် (ဒုတိယဆင့်)၊ ပြန်ကြားရေးဝန်ကြီးဌာန
နှင့် အမှတ် (၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး
(အငြိမ်းစား)၊ စာရေးဆရာ အောင်လံ (နန်းရှေ့)
(၇-၄-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

တင်အောင်သန်း၊ ဦး
အသက် (၇၁) နှစ်
ဂီတစာဆို တေးသံရှင် ကိုတင်အောင်သန်း၊ ဒုတိယ
ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ မြန်မာ့အသံနှင့်
ရုပ်မြင်သံကြား ခေတ်ပေါ်နှင့်ခေတ်ဟောင်းတေး
ဂီတ စိစစ်ရေးအဖွဲ့ဝင်၊ ဗိုလ်ကြီး (အငြိမ်းစား)
(၁-၃-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

နေဝင်း၊ ဦး
အသက် (၉၃) နှစ်
ကာကွယ်ရေးဦးစီးချုပ် (အငြိမ်းစား)၊ ဗိုလ်ချုပ်ကြီး
(အငြိမ်းစား)
(၅-၁၂-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

မိုးကြည်၊ ဦး
အသက် (၆၂) နှစ်
စာရေးဆရာ မေမြို့ မိုးကြည်၊
အနုပညာစာပေဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ
ဆိုင်ရာ စာပေစတုတ္ထဆုရှင်၊
(၉-၁၂-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

မောင်မောင်၊ ဦး
အသက် (၇၈) နှစ်
စာရေးဆရာကြီး လင်းယုန်မောင်မောင်
(၂၅-၅-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

မောင်မောင်ကလေး၊ ဦး
အသက် (၈၄) နှစ်
တက္ကသိုလ် ခင်လေးမောင်၊ လွတ်လပ်ရေး
မော်ကွန်းဝင် (တတိယဆင့်)၊ မြန်မာနိုင်ငံဓာတ်ပုံ
အသင်းနာယက၊ ၁၉၉၇ ခုနှစ် အမျိုးသားစာပေဆု
စာပဒေသာဆုရှင်၊ မြန်မာ့ရည်ညွှန်းကျမ်း စီစဉ်ရေး
အဖွဲ့ဝင်၊ မြန်မာ့မီးရထား ဒုတိယငွေစာရင်းမှူးချုပ်
(အငြိမ်းစား)
(၃၀-၁၂-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

မြင့်ဦး၊ ဦး
အသက် (၅၃) နှစ်
စာရေးဆရာ လင်းဝေမြို့ Living Color မဂ္ဂဇင်း

အယ်ဒီတာချုပ်
(၂၇-၆-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

လှမောင်၊ ဦး
အသက် (၉၄) နှစ်
စာပေဗိမာန် ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား)၊ စစ်သားဂုဏ်ရည်၊ ကမ္ဘာ့ရိက္ခာ ပြဿနာ၊ မြေဆီလွှာသရုပ်ပြ၊ ကမ္ဘာ့စားဖို စသည့်လူထုပညာပေးစာစဉ်များ ရေးသားသူ
(၁၀-၁၂-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

ဝင်းဦး၊ ဦး
အသက် (၅၃) နှစ်
ထရမ်းပက် ဝင်းဦး၊၁၉၉၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကောင်းဆုံးတေးဂီတဆုကို ဦင်မာလာနှင်းဆီဇာတ်ကားဖြင့် ဆွတ်ခူးရရှိသူ
(၅-၇-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

သန်းဆွေ၊ ဒေါ်
အသက် (၈၃) နှစ်
စာရေးဆရာမကြီး မြမဆွေ။ မြန်မာစာပါမောက္ခ (အငြိမ်းစား)၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်
(၇-၆-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

သိန်းယဉ်၊ ဒေါ်
အသက် (၇၇) နှစ်
စာရေးဆရာမကြီး ဒေါ်သိန်းယဉ်၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်
(၃၀-၃-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

အောင်သန်းဝင်း၊ ဦး
အသက် (၇၃) နှစ်
စာရေးဆရာ ဂုဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ရုံးအဖွဲ့မှူး (အငြိမ်းစား)
(၁၈-၂-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

အောင်သိန်း၊ ဦး
အသက် (၈၆) နှစ်
ရုပ်ရှင်မျက်မှန် ဦးအောင်သိန်း၊ ၁၉၅၁ ခုနှစ် အောက်တိုဘာလတွင် ရုပ်ရှင်မျက်မှန် မဂ္ဂဇင်းကို ဦးစီးထုတ်ဝေသူ
(၆-၁၂-၂၀၀၂ ရက်နေ့၌ ကွယ်လွန်သည်။)

စိုးအောင်

ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ
နိုင်ငံတကာ

နိုင်ငံတကာ၌ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ သိပ္ပံ၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေး စသည့် နယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ၂၀၀၂ ခုနှစ်အတွင်း ကွယ်လွန်ခဲ့ကြသော ပုဂ္ဂိုလ်များစာရင်းကို လက်လှမ်းမီသရွေ့ ရှာဖွေစုစည်းဖော်ပြပါသည်။ အကျွေးစဉ်လိုက် ဖော်ပြထားပါသည်။

ကလော့စ် (နယ်သာလန်မင်းသားကြီး) (၇၆ နှစ်)
။ ။ဂျာမန်နိုင်ငံတွင် မွေးဖွားခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် နယ်သာလန်ဘုရင်မကြီး ဘီးထရစ်၏ ကြင်ယာတော်

စက်သေနတ်ငယ်တစ်မျိုးကို တီထွင်ခဲ့သော အင်ဂျင်နီယာ အူဇီဂေါ

ဖြစ်လာသည်။ ဂျာမန်တို့၏ ကျူးကျော်မှုအကြောင်းကို သတိတရရှိနေဆဲဖြစ်၍ နယ်သာလန်ပြည်သူတို့က ထိုလက်ထပ်ထိမ်းမြားပွဲကို ဒေါသတကြီး ဆန့်ကျင်ခဲ့ကြသည်။ တစ်ချိန်က ဟစ်တလာ၏ နာဇီလူငယ်ဖြစ်ခဲ့သော ကလော့စ်သည် တော်ဝင်မိသားစုတွင် သားတော်သုံးပါး၏ ခမည်းတော်အဖြစ် ထင်ရှားလာရာ နယ်သာလန်နိုင်ငံ၏ တတိယကမ္ဘာဖွံ့ဖြိုးရေး မူဝါဒတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည်။

ဂေါ, အူဇီ (၇၉ နှစ်)။ ။စက်သေနတ်ငယ်တစ်မျိုးကို တီထွင်ခဲ့သော အင်ဂျင်နီယာဖြစ်သည်။ သူ့အမည်ကို အစွဲပြုလျက် အူဇီသေနတ်ဟု ခေါ်တွင်ခဲ့သည်။ အားထားလောက်ပြီး သုံးရန်လွယ်ကူသော သေနတ်ဖြစ်၍ နိုင်ငံပေါင်း ၂၀ ကျော်တွင် လက်စွဲပြုသုံးစွဲခြင်းကြောင့် ၁၉၅၆ ခုနှစ်တွင် အူဇီသေနတ်စတင်အသုံးပြုချိန်မှစ၍ အစွမ်းရေးအစိုးရ လက်နက်

ထုတ်လုပ်ရေးလုပ်ငန်းသည် ဝင်ငွေ အမေရိကန် ဒေါ်လာ သန်းထောင်ပေါင်း ၂၀၀၀ ကျော် ရရှိခဲ့ပြီးဖြစ်သည်။

အကယ်ဒမီ ဆုရှင် ရုပ်ရှင် သရုပ်ဆောင် ရော့စတိုင်ကျာ

စတိုင်ကျာ, ရော့ (၇၇ နှစ်)။ ။ "ညဉ့်၏ အပူရှိန်တွင်" အမည်ရှိ ရုပ်ရှင်ကား၌ သရုပ်ဆောင်မှု ပီပြင်လှ၍ ၁၉၆၇ ခုနှစ်တွင် အကယ်ဒမီဆု ဆွတ်ခူးရရှိခဲ့သူ ဖြစ်သည်။ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားလောကတွင် ၅၇ နှစ်ကြာမျှ ကျင်လည်ခဲ့ရာ နပိုလီယန်၊ ရပ်စပျူတင်နှင့် မူဆိုလိနီစသည့် သမိုင်းဝင် ပုဂ္ဂိုလ်များ ဇာတ်ရုပ်အသီးသီးကို သရုပ်ဆောင်ခဲ့ဖူးသည်။

အိန္ဒိယ ဂုရုကြီးဆွာမီ ဆချီဒနန္ဒာ

ဆချီဒနန္ဒာ, ဆွာမီ (၈၇ နှစ်)။ ။ ၁၉၆၉ ခုနှစ်က ဝုဒ်စတော့ပွဲတော်ကို စတင်ဖွင့်လှစ်ရာတွင် ပရိသတ်အား "ဥံ" ဟု ရေရွတ်ရန် သင်ကြားပေးခဲ့သော အိန္ဒိယဂုရုကြီးဖြစ်သည်။ အိန္ဒိယနိုင်ငံတောင်ပိုင်း ဇာတိဖြစ်ပြီး ၁၉၆၆ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုသို့ သွားရောက်၍ အရှေ့တိုင်း ဘာသာရေးမှ စိတ်ဝင်စားဖွယ် ယဉ်ကျေးမှုရေးရာ တို့ကို ဟောပြောပို့ချခဲ့သည်။ ကယ်ရိုကင်း၊ ဂျက်ဖ် ဂိုးဘလမ်နှင့် လော်ရာဒန်းတို့ကဲ့သို့ ထင်ရှားပုဂ္ဂိုလ် တို့အတွက် ဘာသာတရားဆိုင်ရာ အကြံပေးပုဂ္ဂိုလ် အဖြစ် ဆောင်ရွက်ခဲ့သည်။ ဗာဂျီးနီးယား ပြည်နယ်က ယောဂရိပ်သာအပါအဝင် တရားစခန်းအတော်များ များကို ထူထောင်ခဲ့သည်။

ဟိုချီမင်း ထိုးစစ်တွင် မြောက်ဗီယက်နမ် တပ်ဖွဲ့များကို ဦးဆောင်ခဲ့သော ဗိုလ်ချုပ်ကြီး ဗန်တီယင်ဒေါင်

ဒေါင်, ဗန်တီယင် (၈၄ နှစ်)။ ။ အမေရိကန် ထောက်ကူသော တောင်ဗီယက်နမ်တပ်ဖွဲ့များ၏ လက်မှ ဆေးဂုံမြို့ကို သိမ်းပိုက်ရန် ၅၅ ရက်ကြာ ဆင်နွှဲရသည့် ဟိုချီမင်းထိုးစစ်တွင် မြောက်ဗီယက်နမ်တပ်ဖွဲ့များကို ဦးဆောင်ခဲ့သော ဗိုလ်ချုပ်ကြီး ဖြစ်သည်။ လက်သမားမျိုးရိုးမှ ဆင်းသက်လာပြီး စစ်ဦးစီးချုပ် အဆင့်ထိရောက်ရှိ လာသူဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် ကွန်ပျူတာ့၏ မဟာနွေဦးအောင်ပွဲ အမည်ရှိ အတွေ့အကြုံမှတ်တမ်းစာအုပ်ကို ပြုစုခဲ့သည်။

ပရိုခိုရော့ဗ်, အလက်ဇန္ဒား (၈၅ နှစ်)။ ။ လေဆာနည်းပညာတီထွင်မှုတွင် ပါဝင်သော အခန်းကဏ္ဍအတွက် ၁၉၆၄ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဗယ်ဆုချီးမြှင့်ခံရသူဖြစ်သည်။

ပရိုခိုရော့ဗ်, အလက်ဇန္ဒား (၈၅ နှစ်)။ ။ လေဆာနည်းပညာတီထွင်မှုတွင် ပါဝင်သော အခန်းကဏ္ဍအတွက် ၁၉၆၄ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဗယ်ဆုချီးမြှင့်ခံရသူဖြစ်သည်။

ပဲရုဇ်, မက်စ် (၈၇ နှစ်)။ ။ လူ၏ ဟေမိုဂလိုဘင် မော်လီကျူးဖွဲ့တည်ပုံကို လုပ်ဖော်ကိုင်ဖက် ဂျွန်ကင်ဒရူးနှင့်အတူ ပုံဖော်ပြနိုင်ခဲ့ခြင်းကြောင့် ၁၉၆၂ ခုနှစ်တွင် ဓာတုဗေဒဆိုင်ရာ နိုဗယ်ဆုကို ဆွတ်ခူးရရှိခဲ့ သူဖြစ်သည်။ ပဲရုဇ်၏ ကြိုးပမ်းမှုသည် လူသားအတွက် ရောဂါသုတေသနလုပ်ငန်းအတွက် အခြေခံအုတ်မြစ် ဖြစ်ခဲ့သည်။

ဖူယာစတင်းဘဲ့ဂ်, ယိုရှင်းအဲဂွန်ဖူအဲ့စ်ထ်စူ (၇၉ နှစ်) ။ ။ ဂျာမနီ၏ သမ္ဘာရင့်တော်ဝင်မိသားစုဝင်ဖြစ်သည်။ ၁၄၇၀ ပြည့်နှစ်က စတင်ထူထောင်ခဲ့သော အရက်စက်ရုံအပါအဝင် မိသားစုစီးပွားရေး လုပ်ငန်းကို စီမံကွပ်ကဲခဲ့သည်။ အနုပညာနှင့် ရှားပါးစာအုပ်များကို အမြတ်တနိုး စုဆောင်းမှုအတွက် အထူး ကျော်ကြားသည်။ သူစုဆောင်းထားသမျှ၏ တစ်စိတ်တစ်ဒေသ ကို ၁၉၉၂ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၂၄ ဒသမ ၅ သန်းဖြင့် ရောင်းချခဲ့သည်။

အနောက်ဂျာမနီနိုင်ငံ၏ ထောက်လှမ်းရေးဌာန အကြီးအကဲဟောင်း ဟဲဟတ်ဗက်ဇယ်

ဗက်ဇယ်, ဟဲဟတ် (၈၈ နှစ်) ။ ။ ဟစ်တလာ၏ ဆိုဗီယက်ဆန့်ကျင်မှုလုပ်ငန်းတွင် ထောက်လှမ်းရေး အရာရှိတစ်ဦးဖြစ်ခဲ့ပြီး ၁၉၆၈ ခုနှစ်မှ ၁၉၇၈ ခုနှစ် အထိ ကာလအတွင်း အနောက်ဂျာမနီနိုင်ငံ၏ ထောက်လှမ်းရေးဌာန အကြီးအကဲဖြစ်လာသည်။ ဂျာမနီ၏ တန်ပြန်စစ်ထောက်လှမ်းရေးအဖွဲ့ကို ထူထောင်သူအဖြစ် ဂုဏ်ပြုခံရသူဖြစ်သည်။

ဘလက်ဂွာ, ယိုကွင်း (၉၅ နှစ်) ။ ။ ဒိုမီနီကန်သမ္မတနိုင်ငံကို ၂၂ နှစ်တာ အုပ်စိုးခဲ့သောသမ္မတဟောင်းဖြစ်သည်။

ဖက်ရှင်ဒီဇိုင်း ပညာရှင် ဘီလ်ဘလပ်စ်

ဘလပ်စ်, ဘီလ် (၇၉ နှစ်) ။ ။ အမေရိကန်ဝတ်စုံစတိုင်ဖန်တီးမှုတွင် "ရောစပ်၍ လိုက်ဖက်တင့်" အယူအဆကို စတင်အသုံးချခဲ့သော ဖက်ရှင်ဒီဇိုင်းပညာရှင်ဖြစ်သည်။ နှစ်ပေါင်း ခြောက်ဆယ်ကြာမျှ အတွေ့အကြုံအတွင်း တစ်နေ့လျှင် ၂၅ ဒေါ်လာ ရရှိသော ဒီဇိုင်းပုံကြမ်းလောင်းသူအဖြစ်မှ အောင်မြင်မှု ရရှိလာသူဖြစ်သည်။ အိပ်ရာခင်းစမှသည် ရေမွှေးနှင့် ချော့ကလက်အထိ ကုန်ပစ္စည်းတိုင်းလိုလိုသူ၏ အမည်နှင့် မကင်းတော့သည်အထိ ဒီဇိုင်းလောကကို စိုးမိုးခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ဒီဇိုင်းဖန်တီးမှုမှ အငြိမ်းစားယူခဲ့သည်။ သူ၏ လိုင်စင်သည် ဒေါ်လာသန်း ၅၀ ထိ တန်ဖိုးရှိလာသည်။ သူ၏ အမှတ်တံဆိပ်ကို ၂၀၀၁ ခုနှစ်တွင် ဆွီဒင်ဒီဇိုင်းပညာရှင် လားစ်နီလ်ဆင်က လွှဲပြောင်းယူခဲ့သည်။

အမေရိကန် ရေတပ်အရာရှိ အက်ဒွပ်လာ တီမာဘိခ်

ဘိခ်, အက်ဒွပ်လာတီမာ (၈၄ နှစ်) ။ ။ ရေငုပ်သင်္ဘောနောက်ခံ လျှို့ဝှက်သည်းဖို ဇာတ်လမ်းဖြစ်သော ငြိမ်သက်နက်ရှိုင်းအမည်ရှိ ရောင်းအား အကောင်းဆုံးဝတ္ထုကို ရေးသားခဲ့သည့် အမေရိကန် ရေတပ်အရာရှိ တစ်ဦးဖြစ်သည်။ ထိုဝတ္ထုကို ကလပ်ဂေဘယ်လ်နှင့် ဘတ်လန်ကတ်စတာတို့ ပါဝင်သရုပ်ဆောင်သော ရုပ်ရှင်ကားအဖြစ် ဖန်တီးခဲ့သည်။ ဘိခ်သည် ဒုတိယကမ္ဘာစစ်အတွင်းက ရဲစွမ်းသတ္တိဆိုင်ရာ ဆုတံဆိပ် ၁၀ ခု ချီးမြှင့်ခံခဲ့ရသည်။ ဂျပန်သင်္ဘောများကို ဂျပန်ကမ်းခြေအနီးတွင်ပင် နှစ်မြှုပ်ဖျက်ဆီးခဲ့ခြင်းအတွက်ရရှိသော ရေတပ်သူရဲကောင်းမှတ်တမ်းဝင်ဆုလည်း အပါအဝင်ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ၈၄ ရက်လုံးလုံး ရေပြင်ပေါ်မတက်ဘဲ ကမ္ဘာပတ်ခဲ့သည့် ရေငုပ်သင်္ဘောကို ကွပ်ကဲခဲ့ရာ ကမ္ဘာ့စံချိန်တစ်ရပ်အဖြစ် တွင်ကျန်ရစ်သည်။

ဘက်ရှီးယား, တာရှင်း (၇၇ နှစ်)။ ။ အီဂျစ်သမ္မတ ဂါမဲအပ္ပဒဲလ်နတ်ဆာနှင့် အဏ္ဏဝါဆာဒတ်တို့၏ ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။ အာရပ်နိုင်ငံများနှင့် အစ္စရေးနိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်သည်ဟု အခိုင်အမာ ယုံကြည်သူဖြစ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်းက အီဂျစ်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့အကြား ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းမှုအဆင့် အသီးသီးတွင် အီဂျစ်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် ဆောင်ရွက်ခဲ့သည်။

ဘင်ဆင်, မီးလ်ဒရက်ဝစ် (၉၆ နှစ်)။ ။ ကယ်ရိုလင်းကင်းဟူသော ကလောင်အမည်ဖြင့် နန်စီဒရူး စာစဉ်ဝတ္ထုများကို ဖန်တီးခဲ့သူဖြစ်သည်။ အမျိုးသမီးသတင်းစာပညာရှင်အဖြစ် ၅၈ နှစ်တာ ကာလကို ဖြတ်သန်းခဲ့သည်။ စာအုပ် ၁၃၀ ကျော်ရေးခဲ့သော်လည်း ဒရူးစာစဉ်ဝတ္ထုများလောက် လူကြိုက်များခြင်းမရှိခဲ့ချေ။ ဒရူးစာစဉ် ဝတ္ထုများအနက် ပထမဆုံး ၂၃ ပုဒ်ကို ရေးသားခဲ့သည်။

မာဂရက် (မင်းသမီး) (၇၁ နှစ်)။ ။ ပြိတိသျှ ဘုရင်မကြီး ဒုတိယမြောက် အယ်လီဇဘက်၏ ညီမအငယ်ဆုံးဖြစ်သည်။ ၁၉၅၃ ခုနှစ်က နန်းတွင်းအမှုထမ်း တစ်ခုလပ် ပီတာတောင်ဆင်နှင့် ချစ်ကြိုက်ရည်ငံမှုကြောင့် ကမ္ဘာတစ်ဝန်းလုံးရှိ သတင်းစာများတွင် ဟိုးဟိုးကျော်ခဲ့ပြီးနောက် ၁၉၆၀ ပြည့်နှစ်တွင် မာတ်ပုံဆရာ အန်တိုနီအမ်းစထရောင်းနှင့် လက်ထပ်ခဲ့ပြန်သည်။ အမ်းစထရောင်းနှင့် ၁၉၇၈ ခုနှစ်တွင် ကွာရှင်း ပြတ်စဲခဲ့ပြန်သည်။ ဆေးလိပ်အလွန်အကျွံသောက်၍ နှလုံးရောဂါဖိစီးလျက် ကွယ်လွန်ချိန်ထိ လက်တွန်းလှည်းပေါ်တွင်သာ နေခဲ့ရသည်။

မတ်ဆူး, ဂျက်စ် (၉၄ နှစ်)။ ။ ပါရီမြို့ကို နာဇီတို့ လက်အောက်မှ လွတ်မြောက်စေခဲ့သော စစ်ပွဲတွင် လည်းကောင်း၊ အင်ဒိုချိုင်းနား စစ်ပွဲများတွင် လည်းကောင်း၊ ၁၉၅၇ ခုနှစ်က အငြင်းပွားဖွယ်ရာ အယ်ဂျီးယားစစ်ပွဲတွင်လည်းကောင်း အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့သည့်ပြင်သစ်ဗိုလ်ချုပ်ကြီးဖြစ်သည်။ ပြင်သစ်နိုင်ငံသမိုင်းတွင် အမည်းစက်ထင်ခဲ့ရသော အယ်ဂျီးရီးယား နယ်ချဲ့စစ်ပွဲအတွင်း ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲဝေဖန်ခံခဲ့ရသည်။ နောက်ပိုင်းတွင် သူကိုယ်တိုင်က နောင်တရ၍ ဝမ်းနည်းကြောင်းဖွင့်ဟပြောကြားခဲ့သည်။ ၁၉၆၉ ခုနှစ်က သူရဲကောင်းဂုဏ်ထူးဆောင် ဆုတံဆိပ်ချီးမြှင့်ခံခဲ့ရသည်။

ယွန်းငဲ, ထရော့ဒါး (၈၁ နှစ်)။ ။ ဂျာမနီနာဇီခေါင်းဆောင် ဟစ်တလာ၏ အတွင်းရေးမှူးဖြစ်သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်ထိ ဆောင်ရွက်ခဲ့ပြီး ဟစ်တလာ မိမိကိုယ်ကို သတ်သေခြင်းမပြုမီ နှစ်ရက်အလိုတွင် ဘာလင်မြို့ရှိ ကတုတ်ကျင်းတစ်ခုအတွင်း၌ ဟစ်တလာ၏ နောက်ဆုံးသေတမ်းစာကို ရယူခဲ့သူဖြစ်သည်။ ယွန်းငဲ၏ ဘဝအကြောင်း မှတ်တမ်းတင် ရုပ်ရှင်ကားကို ဘာလင်ရုပ်ရှင်ပွဲတော်၌ ပထမဆုံးပွဲအဖြစ် စတင်ပြသပြီး နာရီပိုင်းခန့်အကြာတွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

ရောလ်စ်, ဂျန် (၈၂ နှစ်)။ ။ ထင်ရှားသော အမေရိကန် တွေးခေါ်ပညာရှင်လည်းဖြစ်ပြီး "တရားမျှတမှု သီဝရီ" ဟူသော စာအုပ်ဖြင့် ထင်ရှားခဲ့သည့် ဟားဗတ်တက္ကသိုလ် ပါမောက္ခ တစ်ဦးလည်းဖြစ်သည်။ ၁၉၇၁ ခုနှစ်က ပြုစုခဲ့သော ထိုစာအုပ်သည် ဗီယက်နမ်စစ်ပွဲနှင့် ပတ်သက်၍ လူကျင့်ဝတ်သိက္ခာနှင့် ညီမညီ အငြင်းပွားနေသော အချိန်ကာလတွင် တရားမျှတမှုနှင့် သာတူညီမျှခံစားမှုတို့နှင့် စပ်လျဉ်း၍ အယူအဆများကို နှိုက်နှိုက်နဲ့နဲ့ ဆန်းစစ်ဝေဖန်ထားသည်။ ဂျာမန် အတွေးအခေါ် ပညာရှင် အင်မျူယဲလ်ကန့် လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာက ပေါ်ထွန်းခဲ့ပြီး နောက်ပိုင်းတွင် ထိုဘာသာရပ်အကြောင်းအရာနှင့် စပ်လျဉ်း၍ အကောင်းဆုံးပြုစုရေးသားခဲ့သော စာရေးဆရာဖြစ်သည်ဟူ၍ စာပေဝေဖန်ရေးသမားတို့က ရောလ်စ်ကို လေးစားကြသည်။

သမိုင်းနောက်ခံဝတ္ထုများကို ဖန်တီးခဲ့သူ ဝေါလတာလော့ဒ်

လော့ဒ်, ဝေါ်လတာ (၈၄ နှစ်)။ ။ သမိုင်းပညာရှင် တစ်ဦးဖြစ်ပြီး (တိုက်တန်းနစ်သင်္ဘောအကြောင်း နောက်ခံ) မေ့မရသော ညတစ်ညနှင့် (ပုလဲဆိပ်ကမ်း သမိုင်းဖြစ်ရပ်နောက်ခံ) အသရေညှိုးသောနေ့ စသည့် လူကြိုက်များသော သမိုင်းနောက်ခံဝတ္ထုများကို ဖန်တီးခဲ့သူလည်းဖြစ်သည်။ "မေ့မရသော ညတစ်ည" ကို ၁၉၅၈ ခုနှစ်က ဟောလီးဝုဒ်ရုပ်ရှင်တစ်ကားအဖြစ် ရိုက်ကူးခဲ့သည်။ တိုက်တန်းနစ်သင်္ဘောနစ်စဉ်က အသက်မသေဘဲ ကျန်ရစ်သူ ပုဂ္ဂိုလ် ၆၀ ကို ရှာဖွေတွေ့ဆုံမေးမြန်းပြီးမှ ထိုဝတ္ထုကို ဖန်တီးခဲ့သည်ဟုဆိုသည်။ ၁၉၉၈ ခုနှစ်တွင် တိုက်တန်းနစ်အမည်ရှိ အောင်မြင်သော ရုပ်ရှင်ကားကြီးကို ဖန်တီးရာတွင် ဝေါ်လတာလော့ဒ်သည် အတိုင်ပင်ခံပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဝေါ်လတာစ်, ဗာနွန် (၈၅ နှစ်)။ ။ အမေရိကန် ဒုတိယပိုလ်ချုပ်ကြီး (အငြိမ်းစား) ဖြစ်ပြီး ကုလသမဂ္ဂသံအမတ်ကြီးအဖြစ်ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန်တွင် စတင်၍ စစ်မှုထမ်းခဲ့သည်။ ဘာသာစကား ခုနစ်မျိုးကို ပြောဆိုနိုင်စွမ်းရှိ၍ အမေရိကန်သမ္မတ ဟယ်ရီထရူးမင်း၏ လက်ထက်မှ ရစ်ချတ်နစ်ဆင်၏ လက်ထက်အထိ ကမ္ဘာအနှံ့အပြားတွင် သံတမန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် စီအိုင်အေ၏ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခံရသည်။ နောက်လေးနှစ်အကြာတွင် အငြိမ်းစားယူခဲ့ပြီး ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဟူး, တို (၈၂ နှစ်)။ ။ ပြင်သစ်နှင့် အမေရိကန်တို့ကို အံတုခဲ့သော ကွန်မြူနစ်စစ်ပွဲကို ဂုဏ်ပြုကဗျာရေးဖွဲ့ခဲ့သော ဗီယက်နမ်ကဗျာစာဆိုဖြစ်သည်။ စစ်ပြီးခေတ်တွင် အစိုးရအဖွဲ့ထိပ်တန်းတာဝန်များကို ထမ်းဆောင်ခဲ့သည်။ "ကျွန်ုပ်အတွက်မူ ကဗျာတို့သည် တော်လှန်ရေးအတွက် လက်နက်ဖြစ်သည်" ဟု တစ်ခါက ရေးသားခဲ့ဖူးသည်။ ဗီယက်နမ် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဖြစ်သည်။ ဒုတိယဝန်ကြီးချုပ်ဟောင်းလည်းဖြစ်သည်။

ဟဲရစ်, ရစ်ချက် (၇၂ နှစ်)။ ။ အော်စကာဆုအတွက် လျာထားစာရင်းဝင် အိုင်းရစ်ရုပ်ရှင်သရုပ်ဆောင်ဖြစ်သည်။ သူနှင့် သက်တူရွယ်တူမျိုးဆက်အတွက် ကြည်ဖြူမျှတ၊ ဤဘဝ (၁၉၆၃) နှင့် ကင်မလော့ (၁၉၆၇) တို့တွင် အဓိက အခန်းက သရုပ်ဆောင်ခဲ့မှုအတွက် ထင်ရှားကျော်ကြားသည်။ ငယ်ရွယ်နုပျိုသော ပရိသတ်အတွက်မူ ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲများတွင် မှော်ပညာရှင်ကြီး ပါမောက္ခအယ်ဘတ်စ် ဒမ်ဘယ်ဒေါအဖြစ် သိရှိသူ များပြားသည်။ ဒုတိယမြောက် ဟယ်ရီပေါ်တာ ရုပ်ရှင်ကားတွင် သရုပ်ဆောင်ပြီး မကြာမီကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ဟန်ဆင်, ဇီဖရီ (၉၀ နှစ်)။ ။ အမေရိကန်အမျိုးသားအာကာသနှင့် လေကြောင်းဌာန (နာဆာ) တွင် အာကာသဝတ်စုံများကို ဖန်တီးခဲ့သော လျှပ်စစ်အင်ဂျင်နီယာဖြစ်သည်။ ရှေးဦးတီထွင်ခဲ့သော ဖိအားခံ ဝတ်စုံများနှင့်မတူဘဲ ၁၉၅၅ ခုနှစ်တွင် ပထမဆုံးပုံစံထုတ်ခဲ့သည့် ၂၂ ဒသမ ၇ ကီလိုဂရမ် လေးသော မာ့စ်-အိုင် ဝတ်စုံသည် အာကာသယာဉ်မှူးများအား အသက်ရှူနိုင်စေပြီး လက်မောင်းများကို ၉၀ ဒီဂရီကွေးနိုင်သောကြောင့် လက်ရှိအာကာသဝတ်စုံများအတွက် အကျိုးပြုခဲ့သည့် ဒီဇိုင်းဖြစ်သည်။

အာလက်ဂ်, ရွန်နီ (၇၁ နှစ်)။ ။ ရုပ်မြင်သံကြားသတင်းအစီအစဉ်နှင့် အားကစားအစီအစဉ်များတွင် တီထွင်ကြံဆဖန်တီးမှုတို့အတွက် ဂုဏ်ပြုခံရသည့် အေဘီစီရုပ်မြင်သံကြားဌာန အကြီးအကဲတစ်ဦးဖြစ်သည်။ အေဘီစီတွင် တင်ဆက်သော Wide World of Sports အစီအစဉ်နှင့် Nightline အစီအစဉ်များကို စဉ်တိုက် ဖန်တီးခဲ့သူဖြစ်သည်။ အောင်ပွဲအတွက် ရွှင်မြူးမှုနှင့် ရှုံးပွဲအတွက် ကြေကွဲမှုတို့ကို ပေါ်လွင်စေသည့်စကားလုံးဖြစ်သော "The Thrill of victory and the agony of defeat" ကို စတင်တီထွင်သုံးနှုန်းခဲ့သူအဖြစ်လည်း ထင်ရှားသည်။ အင်မီဆု ၃၇ ဆုနှင့် ရုပ်မြင်သံကြားအစီအစဉ်တင်ဆက်မှုအကယ်ဒမီဆုတို့ကို ဆွတ်ခူးရရှိခဲ့သည်။

အီနာဂါ, ဆာဘူရို (၈၉ နှစ်)။ ။ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့ ဂျပန်ပြည်သူ့ရေတပ်ဖွဲ့ (JMSDF) ၏ ဆီးနှင်းတိုက်ခိုက်ရေးသင်္ဘော ဆာဘူရို (DD-111) ကို ဦးဆောင်ခဲ့သူဖြစ်သည်။ ဆာဘူရိုသင်္ဘောသည် ဂျပန်ပြည်သူ့ရေတပ်ဖွဲ့၏ ပထမဆုံးသော ဆီးနှင်းတိုက်ခိုက်ရေးသင်္ဘော

ဟသ်တဆရာတော် ဘဒ္ဒန္တ ခမာဝုဓ

တွင် နှစ်ငါးဆယ်လုံးလုံး ဆန့်ကျင်လှုပ်ရှားခဲ့သည်။ ဂျပန် သမိုင်းသစ်အမည်ရှိ သူ့စာအုပ်ကို ပြင်ဆင်တည်းဖြတ်ထုတ်ဝေခွင့်ကို ပယ်ချခဲ့ခြင်းအတွက် ၁၉၆၅ ခုနှစ်က ဂျပန်အစိုးရကို တရားစွဲဆိုခဲ့သည်။ ထိုအချိန်မှစ၍ သူ၏ ဆန့်ကျင်လှုပ်ရှားမှုကို စတင်ခဲ့ခြင်းဖြစ်သည်။ နန်ကျင်းမြို့တွင် နှိပ်စက်ညှဉ်းပန်းမှုများနှင့် စစ်သုံ့ပန်းစခန်းများတွင် လူမဆန်သော စမ်းသပ်မှုများအကြောင်းအပါအဝင် နိုင်ငံ၏ အတိတ်ကာလ အမည်းစက်များကို အသေးစိတ် လေ့လာရေးသားခဲ့သည်။ အဆိုပါ သမိုင်းစာအုပ်ကို ပညာရေးဝန်ကြီးဌာနက "တစ်အုပ်လုံးအနီဌာန်ရုံများနှင့် မှုန်မှိုင်းရီဝေနေသည်" ဟူ၍ ဝေဖန်ရှုတ်ချခဲ့သည်။ နောက်ဆုံးတွင်မူ ၁၉၉၇ ခုနှစ်၌ တရားရုံးချုပ်က ထိုစာအုပ်ကို ခွင့်ပြုခဲ့သည်။

အမ်ဘရော့စ်, စတီဖင်န် (၆၆ နှစ်)။ ။ ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်ဖွဲ့များ၏ ရဲဝံ့စွန့်စားခန်းများကို ရောင်းအားအကောင်းဆုံးစာအုပ်များအဖြစ် ဖန်တီးခဲ့သော အမေရိကန်သမိုင်းပညာရှင်ဖြစ်သည်။ ဝစ္စကွန်ဆင်တက္ကသိုလ်ဘောလုံးလက်ရွေးစင်ဖြစ်ခဲ့ပြီးနောက် ဒို့ကိုက်အိုက်ဆင်ဟောင်းဝါးနှင့် ရစ်ချတ်နစ်ဆင်တို့၏ အတ္ထုပ္ပတ္တိအတွဲပေါင်းများစွာဖြင့် ထင်ရှားသော ပညာရှင်တစ်ယောက်ဖြစ်လာခဲ့သည်။ ဟောလီဝုဒ်ရုပ်ရှင်ကားအမြောက်အများတွင် အကြံပေးပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သည်။ သူ့စာအုပ်အတော်များများတွင် သူတစ်ပါး၏ စာပိုဒ်များကို ခိုးယူထည့်သွင်းရေးသားထားသည်ကို ထုတ်ဖော်ထောက်ပြခံရသောကြောင့် ၂၀၀၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ သူ၏ ဂုဏ်သိက္ခာ ကျဆင်းခဲ့ရသည်။

မျိုးမြင့်သောင်း

ခမာဝုဓ- ဘဒ္ဒန္တ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) (မြန်မာ ၁၂၇၃-၁၃၆၄) ။ ။ ဆရာတော် ဘဒ္ဒန္တခမာဝုဓကို ဧရာဝတီတိုင်းဟသ်ာတမြို့က နောင်စုအုပ်စုသပြေကုန်းရွာတွင် ခမည်းတော် ဦးဖိုးကြွယ်- မယ်တော် ဒေါ်လှတို့က ၁၂၇၃-ခုနှစ်၊ ဝါခေါင်လဆုတ် (၅) ရက်၊ တနလ်ာနေ့တွင် ဖွားမြင်သည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ငါးနှစ်သားအရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ချောင်းဖျားရွာ ကိုသုကာရုမ်ကျောင်း ဆရာတော် ဘဒ္ဒန္တအာဒိစ္စကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ၁၂၉၃-ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်နေ့၌ ဦးဖိုးကြွယ်-ဒေါ်လှမိသားစုနှင့် ဦးဖိုးမင်း- ဒေါ်ဖွားသက်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဟသ်ာတမြို့ကိုသုကာရုမ်ကျောင်းတိုက် ဗုဒ္ဓသိမ်တော်တွင် ဓမ္မာရုံကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒာသဘမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကျောင်းသားအရွယ်တွင်ချောင်းဖျားရွာရှိ ကိုသုကာရုမ်ကျောင်းတွင် ဗုဒ္ဓဘာသာစာပေများနှင့်အလယ်တန်းလောကဓါတ်ပညာများကိုပါပူးတွဲသင်ယူဆည်းပူး၍ ရှင်သာမဏေပြုပြီးနောက် ကိုသုကာရုမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာဒိစ္စ၊ ဒုတိယဆရာတော်ဘဒ္ဒန္တသုဓရ၊ ဘုရားကုန်းမေယဝန်ကျောင်းဆရာတော်ဘဒ္ဒန္တပညာဗလ၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယ စတုတ္ထသာသနာပိုင် လယ်တီကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တရာဇိန္ဒစသော ဆရာတော်များ၊ အင်္ဂပူမြို့၊ ကန်ဆည်ကျောင်းတိုက် မဟာဒွါရနိကာယသြဝါဒါစရိယဘဒ္ဒန္တဥေယျဓမ္မ၊ သာယာဝတီခရိုင်လက်ပံတန်းမြို့သဒ္ဓမ္မောဒယကျောင်း

တိုက်ဆရာတော်တို့ထံ နေ့ဝါညဝါပါဠိအဋ္ဌကထာ ကျမ်းများကို သင်ကြားတော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည်လက်ပံတန်းမြို့ သဒ္ဓမ္မောဒယတိုက်၊ ဟင်္သာတမြို့နတ်မော်တိုက်နယ် ပြာကတတ်ကျေးရွာ ဣန္ဒိတာရုံကျောင်းတိုက်တို့တွင် ပရိယတ္တိစာပေပို့ချခဲ့ပြီး လက်ရှိလယ်တီကျောင်းတိုက်၌ ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူရင်း ဂုဏ်ရောင်ဝေဖြာ ဒေသနာ၊ ဝိနယဝိသဇ္ဇနာကျမ်းစသော ကျမ်းစာ (၁၀) ကျမ်းကိုရေးသားစီရင်တော်မူခဲ့သည်။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေး၊ (၆၆) ပါး မူလသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ တွဲဖက်အကျိုးတော်ဆောင်၊ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့ကြီး၏တွဲဖက်အကျိုးတော်ဆောင်၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ တွဲဖက်အကျိုးတော်ဆောင်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင်နှင့်ဒုတိယဥက္ကဋ္ဌစသည့် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်းသာသနာပိုင်တင်မြှောက်ခံရခြင်း

၁၃၅၀- ပြည့်နှစ်၊ တပေါင်းလဆန်း ၁၁ ရက်နေ့တွင် ဓမ္မာနုဓမ္မမဟာဒွါရနိကာယဧကာဒသမသာသနာပိုင်ဖြစ်တော်မူသော ဓနုဖြူမြို့၊ မဟာသဒ္ဓမ္မဇောတိကာရာမ (တောင်ပေါ်) ကျောင်းတိုက်ပဓါနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တစန္ဒရံသီဘဝနတ်ထံပျံလွန်တော်မူရာ ၁၃၅၁- ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့တွင် ထိုစဉ်ကနိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌဖြစ်တော်မူသော ဘဒ္ဒန္တခမာဝုဓဆရာတော်ဘုရားကြီးအား ဒွါဒသမမြောက် ဓမ္မာနုဓမ္မမဟာဒွါရနိကာယ သာသနာပိုင်ဆရာတော်အဖြစ် တင်မြှောက်ခဲ့သည်။

ဘွဲ့တံဆိပ်တော်များခံယူရရှိတော်မူခြင်း

ဆရာတော်၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ယုံကြည်လေးစားလျက် ၁၃၄၅- ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၅၂- ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၅၇- ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ တံဆိပ်တော်ကိုလည်းကောင်း နိုင်ငံတော်အစိုးရက ဆက်ကပ် လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၃) ဝါအရ ၁၃၆၄- ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များ (၂၀၀၂)။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရွှင်ရွှင်ချို့ချို့ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများ၊ နိုင်ငံတော်၏ ပညာရေးကဏ္ဍ၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားစစ်မှုထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၊ အငြိမ်းစားပြည်သူ့ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဃတံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုး

ရေး တံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းကဲ့သို့ ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်နှင့်အညီ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ ပုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏အမည်များနှင့် ဘွဲ့တံဆိပ်တော်အမည်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏အမည်များနှင့် ဘွဲ့အမည်များ၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဇန်နဝါရီလ ၄ ရက်၊ ၅၄ နှစ် မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂ အရ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး သုံးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၂၂ ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး သုံးပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၂၂ ပါးနှင့် သီလရှင်ဆရာကြီးနှစ်ပါး စုစုပေါင်း ၂၄ ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၆၆ ပါးနှင့် သီလရှင်ဆရာကြီး ၁၁ ပါး စုစုပေါင်း ၇၇ ပါး၊ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး လေးပါးနှင့် သီလရှင်ဆရာကြီး တစ်ပါး စုစုပေါင်း ငါးပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ငါးပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ကိုးပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး တစ်ပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး တစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၃၇ ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တစ်ပါး၊ သီရိလင်္ကာနိုင်ငံမှ တစ်ပါး၊ ဂျပန်နိုင်ငံမှ တစ်ပါး၊ အမေရိကန်နိုင်ငံမှ တစ်ပါး၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ တစ်ပါး၊ စုစုပေါင်း ၄၂ ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၂၆ ပါးနှင့် လူပုဂ္ဂိုလ် တစ်ဦး စုစုပေါင်း ၂၇ ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၉ ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တစ်ပါး၊ မြန်မာနိုင်ငံမှ သီလရှင်ဆရာကြီး တစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၂၂ ပါး၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်များတွင် မြန်မာနိုင်ငံမှ နှစ်ဦးနှင့် အမေရိကန်နိုင်ငံမှ တစ်ဦး စုစုပေါင်း သုံးဦး၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် သုံးဦး၊ သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် လေးဦး၊ အဂ္ဂမဟာ သီရိသုဓမ္မသိဏီ ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သီရိသုဓမ္မသိဏီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် လေးဦး၊ သီဟသုဓမ္မသိဏီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ငါးဦး၊ သုဓမ္မသိဏီ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် လေးဦး စုစုပေါင်း ဆရာတော်ကြီး ၂၂၄ ပါး၊ သီလရှင်ဆရာကြီး ၁၅ ပါးနှင့် လူပုဂ္ဂိုလ် ၂၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၂ အရ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ

ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် သူရဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ခြောက်ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသောပုဂ္ဂိုလ် ၂၄ ဦး၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ခုနစ်ဦး၊ ဆေးပညာထူးချွန်တံဆိပ် (ပထမအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (ပထမအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၁ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် သုံးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၂၄ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၇၅ ဦး၊ စီမံထူးချွန်တံဆိပ် (ပထမအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၄၂ ဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၆၅ ဦး၊ စီမံထူးချွန်တံဆိပ် (တတိယအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၈၅ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၄၀၊ လူမှုထူးချွန်တံဆိပ် (ဒုတိယအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၅၉ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယအဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၂၆၁ ဦး၊ ရဲဗလတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ငါးဦး၊ ရဲသူရဲနှံတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၀ ဦးနှင့် ရဲကျော်စွာတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် လေးဦး စုစုပေါင်း ၇၂၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၂ အရ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဘတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၃၅ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၃,၆၄၂ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၀၂ အရ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၅၅၁ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၈,၃၁၅ ဦး စုစုပေါင်း ၈,၈၇၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၀၂ အရ ရဲမှူထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် စုစုပေါင်း ၃၁ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၀၂ အရ နိုင်ငံတော်ရဲမှူထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် စုစုပေါင်း ၁၄၈ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၀၂ အရ ပြည်သူ့ဝန်ထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၄၅ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၁၆,၀၀၁ ဦး စုစုပေါင်း ၁၆,၁၄၆ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၄၁ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂၆,၅၅၇ ဦး စုစုပေါင်း ၂၆,၆၉၈ ဦး ပါဝင်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့စွန့်စွန့်စားစားထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်းသုံးဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်များနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပေးအပ်သည့်တာဝန်ဝတ္တရားများကို ထူးကဲကောင်းမွန်စွာ ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၁၁ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်သည်။

စိုးအောင်

ဂုဏ်ဝင်း (၁၉၂၉-၂၀၀၂) ။ ။ ၁၉၂၉ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် အဘ အမျိုးသား ပညာဝန် ဦးစိုးဝင်း၊ အမိ ဒေါ်မမကြိုးတို့က ရန်ကုန်မြို့တွင် မွေးဖွားသည်။ မွေးချင်းသုံးယောက် အနက် အကြီးဆုံးဖြစ်သည်။ ရေကျော်မက်သဒစ် ကျောင်းတွင် စတင်ပညာသင်ကြားခဲ့ပြီး ၁၉၄၁ ခုနှစ်တွင် ဖခင် အလုပ်တာဝန် ပြောင်းရွှေ့ရာ မော်လမြိုင်မြို့သို့ လိုက်ပါ၍ ရှင်မဟာပုဒ္ဓဃောသ ကျောင်းတွင် ၈ တန်းအထိ၊ ပညာသင်ကြားသည်။ ထို့နောက် အမှတ် (၁) အစိုးရ အထက်တန်းကျောင်း (ဒိုင်းဝန်ကျင်း) မှ ၉ တန်း အောင်သည်။ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ပြီး ဗဟန်းအစိုးရ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်သည်။

စာရေးဆရာ ဂုဏ်ဝင်း

သွေးသောက်မဂ္ဂဇင်း၊ ထို့နောက် ရှုမဝ မဂ္ဂဇင်းတို့ တွင် အယ်ဒီတာလုပ်ရင်း ၁၉၅၁ ခုတွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားပြီး ၁၉၅၆ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။ ၁၉၅၁ ခုမှ ၁၉၅၈ ခုနှစ်ထိ စာပေဗိမာန်တွင် လက်ထောက် အယ်ဒီတာအဖြစ် အမှုထမ်းသည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၈၉ ခုနှစ်အထိ မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း တွင်လည်းကောင်း၊ အမှတ် (၂) စက်မှု ဝန်ကြီးဌာနတွင် ရုံးအဖွဲ့မှူးအဖြစ်လည်း ကောင်း အမှုထမ်းခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် အငြိမ်းစား ယူခဲ့သည်။

အဘိုးဖြစ်သူသည် ကဗျာစာပေ ဝါသနာထုံ သူဖြစ်၍ ကဗျာစာပေအမွေကို အဘိုးထံမှခံယူ ရရှိသည်။ အသက် ၁၅ ခုနှစ်အရွယ်ကပင်ကဗျာများ စတင်ရေးသား ခဲ့၍ ၁၉၄၇ ခုနှစ်တွင် "ဂုဏ်ဝင်း" အမည်ခံယူသည်။ ရှုမဝမဂ္ဂဇင်းတွင် ကဗျာများ ရေးသားပြီးထင်ရှားလာသည်။ ဇဝနဂျာနယ်တွင် ကလေးကဗျာများ ရေးသားသည်။ အစောဆုံး တွေ့ရသော ကဗျာမျှားမှာ သုံးရာသီ၊ လာနိုးငယ် မျှော်နှင့် စိန်ကြောင်နီလာ (၁၉၄၈) တို့ဖြစ်သည်။ ကြေးမုံမဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်း၊ ပဒေသာမဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်း၊ မြဝတီနှင့် ငွေတာရီကန့်ကွက်လွှာ (ရှုမဝ ၅၆)၊ သံလွင်မြေပုံ (၅၂)၊ တေလေနှင့်အလိမ္မာ (၆၉-၇၀) တို့မှာ ကဗျာရှည်များဖြစ်၍ လှမြတ်မွန် (ကြေးမုံ မဂ္ဂဇင်း ၅၀) မှာ ကဗျာဝတ္ထုဖြစ်သည်။ သူ၏ကဗျာများမှာ မဂ္ဂဇင်းများတွင်ပြန့်ကျဲပါဝင်နေပြီး ကဗျာစာအုပ် အဖြစ်စုစည်းထုတ်ဝေခဲ့ခြင်းမရှိပေ။ ဆရာသည် ကလေး ကဗျာများလည်းရေးသားခဲ့ရာ ယင်းကဗျာများကို တိရစ္ဆာန်ရုံကဗျာများအမည်ဖြင့် ၁၉၆၈ ခုနှစ်တွင် စာပေဗိမာန်မှ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကဗျာ ၅၄ ပုဒ်ပါဝင်သည်။

ဂုဏ်ဝင်းသည် ဝတ္ထုတိုနှင့် ဆောင်းပါး အပုဒ် ၂၀ ခန့်လည်းရေးသားခဲ့သည်။ ပြား ၆၀ တန် ဝတ္ထုခေတ်က ထိုက္ကတ္ထိ (၁၉၆၀) နှင့် ချစ်ရလျက်နှင့်ပင် (၁၉၆၁)တို့ကို ရေးသားထုတ်ဝေခဲ့သည်။ ဆရာဂုဏ်ဝင်း၏ ကလောင်ခွဲတစ်ခုမှာ 'အေးမွန်'ဖြစ်၍ ဘာသာပြန်ဝတ္ထုတို၊ ရှည်များ ရေးခဲ့သည်။ စာရေးဆရာကြီးကျက်လန်ဒန်၏ "မီးဖိုလှည့်ပါ" အပါအဝင်ကမ္ဘာကျော်ဝတ္ထုကြီး ၅ ပုဒ်နှင့် အခြားဝတ္ထုတို များဘာသာပြန်ခဲ့သည်။ အရိုင်းခေါ်သံ (၁၉၅၈)နှင့် ကတုံးပေါ်ထိပ်ကွက် (၁၉၆၀) ဘာသာပြန်များ ထင်ရှားသည်။ စုံထောက်ဝတ္ထုများလည်း ဘာသာပြန်ခဲ့သည်။

၁၉၅၅ ခု ဒီဇင်ဘာလတွင် မော်လမြိုင်သူ ဒေါ်အေးသွင်နှင့်လက်ထပ်၍ သားသမီး ၅ ဦး ထွန်းကားခဲ့သည်။ အမည်ရင်းမှာ ဦးအောင်သန်းဝင်း ဖြစ်သည်။

၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ တွင် ကွယ်လွန်သည်။

ကျာမနီနိုင်ငံ ။ ။ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ တွင်ကျင်းပမည့် ပြည်ထောင်စုပါလီမန်ရွေးကောက်ပွဲ ကို ရှေးရှုလျက် ကျာမနီရှိနိုင်ငံရေးပါတီများသည် ကြိုတင်ပြင်ဆင်လျက်ရှိကြသည်။ အတိုက်အခံ အင် အားစုဖြစ်နေသော ခရစ်ယာန် ဒီမိုကရက်တစ် ယူနီယံ (CDU) နှင့် ခရစ်ယာန် ဆိုရှယ်ယူနီယံ (CSU) တို့သည် ဘာဗေးရီးယားပြည်နယ်ရှိ ခရစ်ယာန် ဆိုရှယ်ယူနီယံမှ အက်စ်မန်စုတိုးအီးဘားကို နှစ်ပါတီ ပူးပေါင်းအဖွဲ့၏ ခေါင်းဆောင်အဖြစ် ဇန်နဝါရီလ ၁၁ ရက်နေ့က သဘောတူသတ်မှတ်လိုက်ကြသည်။ စတိုးအီးဘာသည် ဘာဗေးရီးယားပြည်နယ်တွင် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်နေသူဖြစ် သည်။ သူသည် စီးပွားရေးစီမံခန့်ခွဲမှု၌ တော်သည်ဟု သတ်မှတ်ထားကြသည်။ ကျာမနီရှိ အခြားပြည်နယ် များတွင် စီးပွားရေးကျဆင်းမှုဒဏ်ကို ခံနေကြရ သော်လည်း စတိုးအီးဘားသည် ဘာဗေးရီးယား၏

စီးပွားရေးအခြေအနေကို မထိခိုက်အောင်စွမ်းဆောင်နိုင်ခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကဦးတည်ဆောင်ရွက်သော ဂရင်းစ်အဖွဲ့သည် ဒေသဆိုင်ရာရွေးကောက်ပွဲများ၌ မအောင်မြင်ဘဲဖြစ်နေသည်။ သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲတွင် နေရာရရှိရေးအတွက် လက်ရှိနိုင်ငံခြားရေးဝန်ကြီး ဖစ်ရှားကို ဂရင်းစ်အဖွဲ့၏ ခေါင်းဆောင်အဖြစ် ဇန်နဝါရီလ ၂၁ ရက်နေ့က တင်မြှောက်ခဲ့သည်။

ဇန်နဝါရီလ ၁၀ ရက်နေ့တွင် လက်ဝဲပါတီများဖြစ်ကြသော ဆိုရှယ်ဒီမိုကရက်တစ်ပါတီနှင့် ကွန်မြူနစ်ပါတီတစ်ဖြစ်လဲ ဆိုရှယ်လစ် ဒီမိုကရေစီပါတီတို့သည် ပူးပေါင်းလိုက်ကြသည်။

ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သော စာရင်းအင်းများအရ ၂၀၀၁ ခုနှစ်အတွက် ကျာမနီနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်း ဝ ဒသမ ၆ ရာခိုင်နှုန်းသာဖြစ်ပြီး ဘတ်ဂျက်လိုငွေပြမှုမှာလည်း ဂျီဒီပီ၏ ၂ ဒသမ ၆ ရာခိုင်နှုန်းအထိ ဖြစ်နေသည်။ ဥရောပသမဂ္ဂသည် ၁၉၉၇ ခုနှစ်က စည်းကမ်းချက်တစ်ရပ် ချမှတ်ခဲ့သည်။ တစ်ခုတည်းသော ယူရိုငွေကြေးဇုန်အတွင်း ဝင်ရောက်လိုသောနိုင်ငံသည် ဘတ်ဂျက်လိုငွေပြမှု အများဆုံးအားဖြင့် ဂျီဒီပီ၏သုံးရာခိုင်နှုန်းသာဖြစ်ရမည်ဟု သတ်မှတ်ထားသည်။ ဥရောပကော်မရှင်သည် ကျာမနီ၏စီးပွားရေးကျဆင်းနေမှုနှင့်ပတ်သက်ပြီး ကြိုတင်သတိပေးရန် စိုင်းပြင်းခဲ့သည်။ ဘဏ္ဍာရေးဝန်ကြီး ဟန်းစ်အိုက်ခဲလက ၂၀၀၂ ခုနှစ်တွင် ၂ ရာခိုင်နှုန်းထက်ကျော်မည်မဟုတ်ဟု ပြောကြားသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ ကျင်းပသော ဥရောပသမဂ္ဂ၏ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးက ဘတ်ဂျက်လိုငွေပြမှုနှင့်ပတ်သက်၍ ကျာမနီနိုင်ငံအား ကြိုတင်သတိပေးလွှာပေးပို့ခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်။

ဖေဖော်ဝါရီလ ၇ ရက်နေ့ကထုတ်ပြန်ခဲ့သော ကိန်းဂဏန်းများအရ ကျာမနီနိုင်ငံတွင် အလုပ်လက်မဲ့ဦးရေမှာ စံချိန်တင်နိုင်လောက်အောင် များပြားသွားသည်။ အလုပ်လက်မဲ့ဦးရေ ၄ သန်းကျော်သွားခဲ့သည်။ ဤသို့ဖြစ်ခြင်းကြောင့် လက်ရှိဝန်ကြီးချုပ် ရှရိုဒါအဖို့ ရွေးကောက်ပွဲအလားအလာမကောင်းဘဲ ဖြစ်ခဲ့သည်။ ထို့ကြောင့် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ဝန်ကြီးချုပ်ရှရိုဒါသည် ပြည်ထောင်စုအလုပ်သမားအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းမည်ဟု ကြေညာခဲ့သည်။ အလုပ်သမားအဖွဲ့သည် အလုပ်လက်မဲ့ကိန်းဂဏန်းများကို ဖောင်းပွပြခဲ့ကြောင်းစွပ်စွဲခဲ့သည်။

မတ်လ ၂၂ ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့သည်။ ဤဥပဒေကြမ်းအရ ကျွမ်းကျင်သောနိုင်ငံခြားသားအလုပ်သမားများကို အထိန်းအကွပ်ဖြင့် လက်ခံသွားရန်ဖြစ်သည်။ သို့ရာတွင် ဥပဒေမဲ့ဝင်ရောက်လာသူများကို ပြင်းထန်စွာအရေးယူသွားရန် ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးပြဿနာသည် ရွေးကောက်ပွဲရလဒ်များကို ထိခိုက်စေနိုင်သော ပြဿနာဖြစ်သည်။ အတိုက်အခံပါတီများက ဤဥပဒေကြမ်းကို အတည်ပြုရာတွင် အခြေခံဥပဒေနှင့် မညီညွတ်ဟု စွပ်စွဲထားသည်။ ကျာမနီနိုင်ငံတွင် နိုင်ငံခြားသားပေါင်း ၉ သန်းခန့် ရှိသည်။ ကျာမနီတွင် စာရင်းမဝင်ဘဲ၊ မှတ်ပုံတင်မရှိဘဲ ဥပဒေမဲ့ဝင်ရောက်နေသူ အများအပြားရှိသည်။

ဂရင်းစ်အဖွဲ့သည် ၎င်းတို့အဖွဲ့ကို လူကြိုက်များလာစေရန် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ပြင်ဆင်ခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး ဖစ်ရှား၏ကြိုးပမ်းမှုဖြင့် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ အစဉ်အလာအားဖြင့် ငြိမ်းချမ်းရေးအတွက် အဓိကလှုပ်ရှားခဲ့သည်။ အခြေခံစည်းမျဉ်းသစ်အရ ဂရင်းစ်အဖွဲ့သည် ငြိမ်းချမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့နှင့်အတူ ပညာရေး၊ မိသားစုများအရေးတို့ကိုပါ ဦးစားပေးဆောင်ရွက်သွားရန် ဖြစ်သည်။ အကြမ်းမဖက်ရေး၊ လူ့အခွင့်အရေးတို့ကို ဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ်ထားသော်လည်း လူမျိုးပြုန်းတီးရေးနှင့် အကြမ်းဖက်ဝါဒများဖြစ်ပေါ်လာပါက အင်အားသုံးဖြေရှင်းမှုကိုလည်း သုံးသင့်သုံးရမည်ဟု အခြေခံစည်းမျဉ်း၌ ဖော်ပြထားသည်။ အင်အားသုံးခြင်းကို နိုင်ငံတကာဥပဒေနှင့် လျော်ညီစွာပြုလုပ်ရမည်ဟု သတ်မှတ်ထားသည်။

ဒုတိယကမ္ဘာစစ်ပြီး ကျာမနီနိုင်ငံသမိုင်းတွင် မကြုံစဖူး ထူးကဲစွာ လူသတ်မှုကြီးဖြစ်ခဲ့သည်။ လုံးချင်းသေနတ်သမားတစ်ဦးသည် ကျာမနီအရှေ့ပိုင်းရှိ အဲဖတ်မြို့မှအထက်တန်းကျောင်းတွင် ပစ်ခတ်ခဲ့

ရာ ၁၆ ဦးသေဆုံးပြီး လူအများအပြားဒဏ်ရာရခဲ့ကြသည်။ သေနတ်သမားသည် သူ့ကိုယ်သူလည်း ပစ်သတ်သွားသည်။ သေနတ်သမားသည် ကျောင်းထုတ်ခံလိုက်ရသော ၁၉ နှစ်သားတစ်ဦး ဖြစ်သည်။ သေနတ်သမားသည် သေနတ်ပြောင်းရှည်တစ်လက်၊ ပြောင်းတိုတစ်လက်တို့ကို ကိုင်ဆောင်ပစ်ခတ်ခဲ့သည်။ ထိုသေနတ်များကို သူသည်တရားဝင်ကိုင်ဆောင်ခွင့် ရရှိခဲ့သည်။ ထို့ပြင် သေနတ်ပစ်အသင်းများ၌လည်း လေ့ကျင့်ခဲ့သည်။ စနစ်တကျကြိုတင်ပြင်ဆင်ပြီးမှ သူ့ကိုကျောင်းထုတ်ခဲ့သောကျောင်းသို့ သွားရောက် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြဌာန်းခဲ့သော အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေး ဥပဒေနှင့်အညီ တင်းကျပ်စွာ အရေးယူဆောင်ရွက်မှုကို ဧပြီလ ၂၆ ရက်နေ့တွင် အောက်လွတ်တော်က အတည်ပြုပေးခဲ့သည်။ နိုင်ငံခြားအကြမ်းဖက် အဖွဲ့အစည်းများတွင် ပါဝင်ခြင်း၊ ထောက်ခံခြင်းပြုမှုတို့ကို ရာဇဝတ်မှုဟု အဆိုပါဥပဒေ၌ ဖော်ပြသည်။ ဂျာမနီနိုင်ငံတွင် ရောက်ရှိနေသည့် စစ်သွေးကြွများအား ထိရောက်စွာ အရေးယူဖော်ထုတ်နိုင်ရန် ဥပဒေပြင်ဆင်ချက်ချမှတ်ခဲ့သည်။

ဂျာမနီအရှေ့ပိုင်း ပြည်နယ်ရွေးကောက်ပွဲတွင် ဧပြီ ၂၁ ရက်နေ့ မဲစာရင်းအရ အာဏာရဆိုရှယ်ဒီမိုကရက်တစ်ပါတီ (SPD) သည် မရှုမလှရှုံးခဲ့ရသည်။ အတိုက်အခံပါတီများ၏ နောက်လိုက်ဖြစ်သွားသည်။ လာမည့် ပြည်ထောင်စုရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် ဆိုရှယ်ဒီမိုကရက်တစ်ပါတီသည် ဧပြီလ ၂၄ ရက်နေ့တွင် ရွေးကောက်ပွဲကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ မိသားစုများအရေး၊ ပညာရေးတို့တွင် ထောက်ပံ့ငွေများ ပိုမိုသုံးစွဲပေးမည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရာတွင် အကျဉ်းအကျပ်တွေ့စေမည့် အရေးကိစ္စများတွင် ဂျာမနီနိုင်ငံအနေဖြင့် တာဝန်ယူမည်မဟုတ်ကြောင်း၊ ဂရင်းစ်အဖွဲ့နှင့် ဆက်လက်မဟာမိတ်ပြုသွားမည် ဖြစ်ကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။

ဆိုဗီယက်ခေတ်က ရုရှားတို့အနေဖြင့် ဂျာမနီသို့ အကြွေးဒေါ်လာ ၆ ဒသမ ၄ ဘီလီယံတင်ရှိခဲ့သည်။ ထိုအကြွေးများကို အရစ်ကျပြန်လည်ပေးဆပ်ရေးအတွက် ရုရှားသမ္မတပူတင်နှင့် ဂျာမနီဝန်ကြီးချုပ် ရှရိုဒါတို့ သဘောတူညီခဲ့ကြသည်။ ရုရှားနှင့် ဂျာမနီတို့သည် ပိုမိုရင်းနှီးလာကြသည်။ ပူတင်သည် ဂျာမနီသို့မကြာခဏ လာရောက်ခဲ့သည်။ ရုရှားနှင့် ဂျာမနီချစ်ကြည်ရင်းနှီးမှုကို စိန့်ပီတာ့စ်ဘာ့ဂ် ဆွေးနွေးသဘောတူညီချက်များဖြင့် ဖော်ပြခဲ့ကြသည်။

ပြည်ထောင်စုဂျာမနီနိုင်ငံနှင့် တရုတ်နိုင်ငံတို့ အကြား သံတမန်ဆက်သွယ်မှု အနှစ် ၃၀ မြောက် အထိမ်းအမှတ်အဖြစ် တရုတ်သမ္မတကျန်ဇီမင်းသည် ဂျာမနီသို့ ဧပြီလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ သွားရောက်လည်ပတ်ခဲ့သည်။ တရုတ်-ဂျာမနီ ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ပူးပေါင်းရေးစာချုပ်များကို ချုပ်ဆိုခဲ့သည်။ ရုရှိဒါကလည်း တရုတ်ပြည်သို့ သွားရောက်လည်ခဲ့သည်။

အတိုက်အခံနှစ်ပါတီ ညွှန့်ပေါင်းအဖွဲ့က ရွေးကောက်ပွဲကြေညာစာတမ်း ထုတ်ပြန်မှုအကြောင်းကို ညွှန့်ပေါင်းအဖွဲ့ခေါင်းဆောင် စတိုးအီးဘားက ရှင်းပြခဲ့သည်။ မေလ ၆ ရက်နေ့က ရှင်းပြရာတွင် လက်ရှိအစိုးရကကျင့်သုံးနေသည့် စီးပွားရေးမူဝါဒများကို ပြုပြင်ပြောင်းလဲသွားစေမည်ဖြစ်ကြောင်း၊ ဘတ်ဂျက်အသုံးစရိတ်များကို တဖြည်းဖြည်းလျှော့ချသွားမည် ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို တိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း စသည်တို့ ပါဝင်သည်။ လက်ရှိအစိုးရက ကျွမ်းကျင်သောနိုင်ငံခြားအလုပ်သမားများကို အထိန်းအကွပ်ဖြင့် လက်ခံမည်ဆိုသည့်အချက်ကိုလည်း ဝေဖန်ခဲ့သည်။

ဇွန်လအတွင်းက ပါလီမန်သည်အကြမ်းဖက်ဝါဒဆန့်ကျင်ရေးဥပဒေကို အားဖြည့်ပေးသည့် ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်။ ငွေမည်းကိုငွေဖြူဖြစ်အောင် လုပ်မှုကိုဆန့်ကျင်သည့်ဥပဒေ ပြဌာန်းခဲ့သည်။ အကြမ်းဖက်အဖွဲ့အား ဘဏ္ဍာငွေထောက်ပံ့မှုများမပြုနိုင်အောင် တားမြစ်ချက်များကို ချမှတ်ခဲ့သည်။ ဂျာမနီသည် နိုင်ငံတကာအကြမ်းဖက်ဝါဒဆန့်ကျင်ရေးတွင် ပိုမိုတက်ကြွစွာပါဝင်လာခဲ့သည်။ မိုဟာမက်ဟေဒါးဇန်မားဆိုသူသည် ဆီးရီးယားတွင် မွေးဖွားခဲ့သော ဂျာမနီနိုင်ငံသားဖြစ်သည်။ သူသည် ဟမ်းဆာ့ဂ်မြို့တွင်နေထိုင်ရင်း စက်တင်ဘာလ ၁၁ ရက်နေ့က အမေရိကန်ပြည်ထောင်စုအပေါ် တိုက်

ခိုက်သူများကို စုစည်းပေးခဲ့သည်။ ယင်းအမှုဖြင့် ယခုအခါ ဆီးရီးယားအကျဉ်းထောင်တွင် ရောက်ရှိနေသည်။

ဇွန်လအတွင်းက ကျာမနီရှိကျူးလူမျိုးများနှင့် ဆန့်ကျင်ရေးဝါဒီတို့အကြား အကြိုးအကျယ်အငြင်းပွားခဲ့ကြသည်။ ကျူးအရေးအခင်းသည် ပါလီမန်ရွေးကောက်ပွဲများ၌ အရေးပါသောကိစ္စတစ်ရပ်ဖြစ်သည်။

၂၀၀၃ ခုနှစ်အတွက် ပြည်ထောင်စုဘတ်ဂျက်မူကြမ်းကို အစိုးရက ဇွန်လ ၁၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ဝန်ကြီးချုပ်ရှရိဒါက ယခုဘတ်ဂျက်ကို ကြောင်းကျိုးဆင်ခြင်တုံတရား၊ တာဝန်ရှိမှု အသိတရားတို့ဖြင့် ရေးဆွဲတင်ပြထားသည်ဟုဆိုသည်။ စုစုပေါင်းအသုံးစရိတ်သည် ယူရို ၂၄၆ ဒသမ ၃ ဘီလီယံသာ ရှိမည်ဖြစ်ကြောင်း၊ ၂၀၀၂ ခုနှစ်အသုံးစရိတ်ထက် ၀.၅ ရာခိုင်နှုန်းလျော့နည်းကြောင်း၊ ဘတ်ဂျက်လိုငွေပြမှုမှာလည်း ဂျီဒီပီ၏ ၁ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် ဝန်ကြီးချုပ်ရှရိဒါသည် ကာကွယ်ရေးဝန်ကြီးရူးဒေါ့စ်ရှားပင်းအား ရာထူးမှဖယ်ရှားခဲ့သည်။ ရှားပင်းသည် စစ်လက်နက်ပစ္စည်းကုမ္ပဏီများအပါအဝင် ကုန်မျိုးစုံလုပ်ကိုင်သည့်ကုမ္ပဏီကြီးများ၏ ကိုယ်စားလှယ်ထံမှဒေါ်လာ ၇၅၀၀၀ ရယူခဲ့သည်။ ၎င်းငွေများအနက်မှ ဒေါ်လာ ၂၇၀၀၀ ဖြင့် အဖိုးတန်အဝတ်အထည်များကို ပယ်ယူဝတ်ဆင်ခဲ့သည်။ မလျော်ကန်သည့်နည်းဖြင့် ငွေများလက်ခံရယူခဲ့သဖြင့် ထိုဝန်ကြီးအား ရာထူးမှဖယ်ရှားလိုက်ခြင်းဖြစ်သည်။

ဇူလိုင်လ ၁၂ ရက်နေ့တွင် လျှို့ဝှက်ဖိုင်များအား သုတေသီများသို့ကြည့်ခွင့်ပေးရေးဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ အရှေ့ကျာမနီလက်ထက်ကစကာမီခေါ်ထောက်လှမ်းရေးအဖွဲ့သည် ပြည်သူ့ဝန်ထမ်းအကြိုးအကဲများနှင့် ပတ်သက်၍ မှတ်တမ်းပြုစုခဲ့သည်။ ထိုမှတ်တမ်းများကို သုတေသီတို့အား ကြည့်ရှုလေ့လာခွင့်ပေးတော့မည်ဖြစ်သည်။ ဤသို့ဆိုလျှင် ဝန်ကြီးချုပ်ဟောင်းဟဲလ်မွတ်ခိုးလ်နှင့် ပတ်သက်သော ထိန်ချန်ထားသည့်လျှို့ဝှက်ချက်များကို ဖော်ထုတ်နိုင်တော့မည်ဖြစ်သည်။ ခိုးလ်က ယင်းဥပဒေကို တရားရုံးများ၌ စိန်ခေါ်မည်ဟု ကြိုတင်အသိပေးထားသည်။

ဂျူလိုင်လ ၁ ရက်နေ့က ဆွစ်ဇာလန်နှင့်ကပ်နေသော ကျာမန်တောင်ပိုင်းရှိ လေထုအတွင်း၌ ရုရှားခရီးသည်တင်လေယာဉ်နှင့် (DHL) အမည်ရှိသောကုန်ပို့လေယာဉ်တို့ တိုက်မိကြသည်။ ရုရှားလေယာဉ်တွင် လိုက်ပါလာသော ကျောင်းသားလူငယ် ၅၂ ဦးနှင့် လေယာဉ်ဝန်ထမ်းစုစုပေါင်း ၆၉ ဦးတို့ သေဆုံးခဲ့သည်။ ချောကုန်ပို့လေယာဉ်မှ လေယာဉ်မောင်းနှစ်ဦးလည်း သေဆုံးခဲ့သည်။

ဒုတိယကမ္ဘာစစ်ဖြစ်ပြီးနောက်ပိုင်း ဥရောပအလယ်ပိုင်း၌ အဆိုးဝါးဆုံးမြစ်ရေလျှံမှုဖြစ်ခဲ့သည်။ မိုးများအလွန်အကျွံရွာသွန်းသဖြင့် မြစ်ရေများလျှံတက်ကာ ကျာမနီအရှေ့ပိုင်းနှင့်တောင်ပိုင်းတို့တွင် ရေများဖုံးလွှမ်းသွားခဲ့သည်။ မြစ်ရေလျှံသဖြင့် ရုရှားတွင် ၅၈ ဦး၊ ချက်နိုင်ငံတွင် ၁၆ ဦး၊ ကျာမနီတွင် အနည်းဆုံး ၁၈ ဦး သေဆုံးခဲ့သည်။ အဆိုးဆုံးဒဏ်ခံခဲ့ရသည့်ဒေသမှာ ဆက်ဇိုနီပြည်နယ်ဖြစ်သည်။ အယ်လ်ဘီမြစ်နှင့်ဂင်း၏မြစ်လက်တက်တစ်ခုတို့တွင် ရေကြီးခဲ့သဖြင့် တံတားပေါင်း ၁၈၀ ပျက်စီးခဲ့သည်။ လမ်းအရှည်ကီလိုမီတာ ၇၄၀ အထိ ပျက်စီးခဲ့သည်။ ရထားလမ်းအရှည် ကီလိုမီတာ ၅၃၀ ပျက်စီးခဲ့သည်။ နေအိမ်များနှင့်စီးပွားရေးလုပ်ငန်း ဝင်းခြံပေါင်းထောင်သောင်းခြို၍ ပျက်စီးခဲ့သည်။ ဆက်ဇိုနီပြည်နယ်၏မြို့ တောင်ဒရက်စ်ဒင်တွင် ဩဂုတ်လ ၁၇ ရက်နေ့က အမြင့်ဆုံးရေလျှံတက်ခဲ့သည်။ မြို့တော်အာဏာပိုင်များက ယဉ်ကျေးမှုအမွေအနှစ်များမပျက်စီးအောင်ကြိုးပမ်းကာကွယ်ခဲ့ကြသည်။ ဤရေဘေးကိစ္စတွင် ဝန်ကြီးချုပ်ရှရိဒါသည် လျင်မြန်ထိရောက်စွာ ဆောင်ရွက်ခဲ့သည်။ သို့ဖြစ်၍ ရှရိဒါအဖို့ ရွေးကောက်ပွဲတွင် အနိုင်ရရန် အလားအလာကောင်းသွားသည်။

ကျာမနီသည် ၎င်းနိုင်ငံတွင်းရှိ အစွန်လာမ်စစ်သွေးကြွများ၊ အယ်လ်ကိုင်ဒါကလာပ်စည်းကို အရေးယူခဲ့သည်။ စက်တင်ဘာ ၁၁ အရေးအခင်းတွင် ကြံရာပါတစ်ဦးအဖြစ် မသက်သာသူမော်ရိုကိုနိုင်ငံသားမိုးနီးယားမိုတာဆာဒက်အပေါ် ဩဂုတ်လ ၁၈ ရက်နေ့တွင် တရားရုံးကစွဲချက်တင်ခဲ့သည်။

ဇူလိုင်လအတွက် ထုတ်ပြန်သောကိန်းဂဏန်းအရ ကျာမနီတွင် အလုပ်လက်မဲ့ပေါင်း ၄ သန်းကျော်ရှိသည်။ ၂၀၀၅ ခုနှစ်တွင် အလုပ်လက်မဲ့ဦးရေ ၂

သန်းအထိ ကျဆင်းရေးအစီအစဉ်ကို ဝန်ကြီးချုပ် ရှရိုဒါက ထောက်ခံကြောင်း ကြေညာခဲ့သည်။ အတိုက် အခံပါတီများကမူ ဝန်ကြီးချုပ်သည်ရွေးကောက်ပွဲ ကတိအတိုင်းမလုပ်ခဲ့ဟု ဝေဖန်နေကြသည်။

စက်တင်ဘာလအတွင်းက ဂျာမနီနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ လက်ရှိအာဏာရအဖွဲ့တွင် ဆိုရှယ်ဒီမိုကရက်တစ် ပါတီနှင့် ဂရင်းအဖွဲ့တို့က မဟာမိတ်ဖွဲ့ထားသည်။ ခရစ်ယာန်ဒီမိုကရက်တစ်ယူနီယံနှင့် ခရစ်ယာန် ဆိုရှယ်ယူနီယံတို့သည် အတိုက်အခံညွှန့်ပေါင်းအဖွဲ့ ဖြစ်သည်။ ရွေးကောက်ပွဲတွင် အခြားပါတီများလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးသူပေါင်း ၇၉ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့သည်။

ဆိုရှယ် ဒီမိုကရက်တစ်ပါတီ (SPD) သည် အမတ်နေရာ ၂၅၁ နေရာရရှိခဲ့သည်။ ၁၉၉၈ ခုနှစ် ရွေးကောက်ပွဲထက် အမတ်နေရာလျော့နည်းသွားသည်။ ဂရင်းစ်အဖွဲ့က အမတ်နေရာ ၅၅ နေရာ ရရှိခဲ့သည်။ အာဏာရညွှန့်ပေါင်းအဖွဲ့က အမတ် ၃၀၆ ဦး ရွေးကောက်ခံခဲ့ရသည်။ ခရစ်ယာန်ဒီမို ကရက်တစ် ယူနီယံနှင့် ခရစ်ယာန်ဆိုရှယ်ယူနီယံတို့၏ ညွှန့်ပေါင်းအဖွဲ့က စုစုပေါင်းအမတ် ၂၄၈ ဦး ရွေးကောက်ခံရသည်။ သို့ဖြစ်၍ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဝန်ကြီးချုပ်ရှရိုဒါဦးဆောင်သောအဖွဲ့က ရွေးကောက်ပွဲအောင်နိုင်ကြောင်း ကြေညာခံခဲ့ရ သည်။

ရွေးကောက်ပွဲကာလအတွင်းက ဂျာမနီအစိုးရ သည် အီရတ်၌စစ်ရေးအရဝင်ရောက်တိုက်ခိုက်မှုကို ပြောင်ပြောင်တင်းတင်းဆန့်ကျင်ခဲ့သည်။ သို့ဖြစ်၍ ဂျာမနီနှင့်အမေရိကန်ပြည်ထောင်စုတို့အကြား အက်ကြောင်းထင်ခဲ့သည်။ အပြန်အလှန်ပုတ်ခတ်မှု များ ရှိခဲ့သည်။

ပါလီမန်ရွေးကောက်ပွဲများတွင် အနိုင်ရသဖြင့် အမတ် ၆၀၃ ဦးရှိသော အောက်လွှတ်တော်က အမတ် ၃၀၆ ဦး ရရှိသည့် ညွှန့်ပေါင်းအဖွဲ့ခေါင်း ဆောင် ရှရိုဒါအားဝန်ကြီးချုပ်အဖြစ် အောက်တိုဘာ လ ၂၂ ရက်နေ့က ရွေးကောက်တင်မြှောက်ခဲ့သည်။ အာဏာရညွှန့်ပေါင်းအဖွဲ့က စာမျက်နှာ ၈၈ ရွက်ပါ လုပ်ငန်းစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ စီးပွားရေး ပြန်လည်ရှင်သန်လာရေး၊ အလုပ်အကိုင်များရရှိရေး၊ တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိ ခဲ့သည်။ အာဏာရအဖွဲ့သည် စီးပွားရေးနှင့် အလုပ် သမားဆိုင်ရာဝန်ကြီးဌာနများကို ပေါင်းစည်းထား သည့် ဝန်ကြီးဌာနတစ်ခု ဖန်တီးခဲ့သည်။

အောက်တိုဘာလ ၃၀ ရက်နေ့တွင် နိုင်ငံခြား ရေးဝန်ကြီးများဖြစ်ကြသော ဂျာမနီဝန်ကြီးဖစ်ရှား နှင့် အမေရိကန်ဝန်ကြီး ကောလင်းပါဝဲလ်တို့သည် ဝါရှင်တန်၌တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် အီရတ်နိုင်ငံအပေါ် စစ်ရေးအရဝင်ရောက်တိုက်ခိုက် မှုနှင့်စပ်လျဉ်း၍ သဘောထားကွဲလွဲမှုကို ပြန်လည် ရင်ကြားစေ့မပေးနိုင်ခဲ့ပေ။ သမ္မတဘုရှ်က ဂျာမန် ပေါင်းစည်းရေးအထိမ်းအမှတ်အဖြစ် သဝဏ်လွှာ ပေးပို့ခဲ့သည်။ ထို့ကြောင့် ဂျာမန်တို့က အမေရိကန် နှင့်ဂျာမန်တို့ ပြန်လည်သင့်မြတ်ရန် အခွင့်အလမ်း ပေါ်လာပြီဟု မျှော်လင့်ခဲ့သည်။ သို့ရာတွင် ကောလင်းပါဝဲလ်က ဖစ်ရှားအား ၁၀ မိနစ်သာ လက်ခံတွေ့ဆုံပြီး အခြားအဆင့်မြင့်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခွင့်မပေးဘဲ ထားခဲ့သည်။

စက်တင်ဘာ ၁၁ အရေးအခင်းနှင့် ဆက်စပ် နေသော မော်ရိုကိုလူမျိုးမိုတာဆာဒက်အား နိုဝင် ဘာလ ၁၃ ရက်နေ့က ရုံးတင်စစ်ဆေးခဲ့သည်။ ယင်း သို့ စစ်ဆေးရာတွင် အမေရိကန် ၄ ဦးတို့အား ပူးတွဲ တရားလိုများအဖြစ် ပါဝင်ခွင့်ပေးပြီး တရားစစ်ဆေး ကြားနာရာတွင်လည်း တက်ရောက်ခွင့်ပြုခဲ့သည်။ ၎င်းတို့ ၄ ဦးအနက် ၃ ဦးမှာ ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာနကိုဖြိုခွင်းစဉ်က အသက်ရှင်ကျန်ရစ်ခဲ့သူ များ ဖြစ်သည်။ ကျန်တစ်ဦးမှာ ပြန်ပေးဆွဲခံခဲ့ရသော လေယာဉ်မှဝန်ထမ်းတစ်ဦး၏ ဇနီးဖြစ်သည်။

နိုဝင်ဘာလ ၈ ရက်နေ့တွင် ဂျာမန်ကာကွယ် ရေးဝန်ကြီး ပီတာစတရပ်သည် ဝါရှင်တန်၌အမေရိ ကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစ်ဖဲလ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့ တွေ့ဆုံအပြီးတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစ်ဖဲလ်က နှစ် နိုင်ငံအကြား" အဆိပ်ပြယ်သွားပြီ" ဟုပြောခဲ့သည်။ အီရတ်အားစစ်ရေးအရ တိုက်ခိုက်မည်ပြုစဉ်က ဂျာမန်တို့သည် အပြင်းအထန် ကန့်ကွက်ခဲ့သည်။ ယင်းဖြစ်ရပ်ကို "အဆိပ်သင့်ပြီ" ဟု သုံးနှုန်းခဲ့သည်။ ထိုပြင်ဝန်ကြီးနှစ်ဦး ဆွေးနွေးနေစဉ်ကာလအတွင်း

သမ္မတဘုရှဲနှင့်ဝန်ကြီးချုပ် ရှရိုဒါတို့သည် တယ်လီဖုန်းဖြင့် ၁၀ မိနစ်ကြာ စကားပြောခဲ့သည်။ သဘောထားကွဲပြီးနောက်တွင် ပထမဆုံးဂင်းတို့ချင်းစကားပြောကြခြင်းဖြစ်သည်။ နိုဝင်ဘာနောက်ဆုံးပတ်အတွင်း ကလည်း နေတိုးအဖွဲ့အစည်းအဝေးတွင် အချင်းချင်းလက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။

ဦးခင်မောင်မြ

စင်ကာပူနိုင်ငံ။ ။ဂျပန်နှင့် စင်ကာပူနိုင်ငံတို့သည် လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် (အက်ဖ်တီအေ) ကို ၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးလိုက်ကြရာ အခြားအရှေ့တောင်အာရှနိုင်ငံများနှင့် အလားတူစာချုပ်များချုပ်ဆိုရန် ကြိုးပမ်းနေသောဂျပန်နိုင်ငံအတွက် ယင်းစာချုပ်မှာ ပထမဆုံးဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ် ဂျွန်နီချီရိုကိုအိဇုမိသည် ဒေသဆိုင်ရာတစ်ပတ်ကြာခရီးစဉ်အတွင်း စင်ကာပူနိုင်ငံသို့ နောက်ဆုံးဝင်ရောက်ခဲ့သည်။ တိုကျို၏ အာရှမူဝါဒသစ်နှင့် နှစ်နိုင်ငံကိစ္စရပ်များကို ဆွေးနွေးပြီးနောက် ဂျပန်ဝန်ကြီးချုပ်နှင့် စင်ကာပူဝန်ကြီးချုပ်တို့က စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းစာချုပ်မှာ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ လူများ၊ ငွေကြေးနှင့် သတင်းအချက်အလက်ဖလှယ်မှု ပိုမိုတိုးတက်စေရန်နှင့် နှစ်နိုင်ငံစီးပွားရေးနယ်စပ်ကို လျှော့ချရန်ရည်ရွယ်ကြောင်း ဂျပန်အရာရှိတစ်ဦးက ပြောသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်သည် စင်ကာပူနှင့်ဆက်ဆံရေးကို ခိုင်မာစေရုံသာမက အခြားနိုင်ငံများနှင့် မိမိတို့ဆက်ဆံရေးအတွက် စံနမူနာတစ်ရပ်ဖြစ်သည်ဟု မျှော်လင့်ကြောင်း ဂျပန်ဝန်ကြီးချုပ်ကပြောသည်။

ဂျပန်နှင့်အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) တို့ ပိုမိုအနီးကပ် ပူးပေါင်းဆောင်ရွက်သွားရန် စင်ကာပူနိုင်ငံ၌ရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ် နိချီရိုကိုအိဇုမိက ဇန်နဝါရီလ ၁၃ ရက်နေ့တွင် တိုက်တွန်းပြောကြားခဲ့သည်။ ပရိသတ် ၁၀၀၀ ခန့် တက်ရောက်သော အကြိမ် ၂၀ မြောက် စင်ကာပူဟောပြောပို့ချချက် အခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ " ဖူကူဒါမိန့်ခွန်း" အပေါ် အခြေခံ၍ မူဝါဒများ တိုးတက်အောင် မိမိဆောင်ရွက်သွားလိုကြောင်း ကိုအိဇုမိက ပြောသည်။

ကွယ်လွန်သူ ဂျပန် ဝန်ကြီးချုပ်ဟောင်း ဘာကီယိုဖူကူဒါက ၁၉၇၇ ခုနှစ်တွင် မနီလာမြို့တွင် မိန့်ခွန်းပြောကြားရာ၌ သဘောတူညီမှုများစွာ ပေါင်းဖော်ဖက်ဖြစ်ရန်နှင့် ဂျပန်နိုင်ငံနှင့်အာဆီယံနိုင်ငံတို့ စိတ်တူကိုယ်တူနားလည်သဘောတူညီမှုရှိကြရန် တိုက်တွန်းပြောဆိုခဲ့သည်ကို မစ္စတာကိုအိဇုမိက ရည်ညွှန်းပြောကြားခြင်းဖြစ်သည်။ ၂၅ နှစ်အတွင်း ကမ္ဘာ့အခြေအနေ အကြီးအကျယ်

ဂျပန်ဝန်ကြီးချုပ် ဂျွန်နီချီရိုကိုအိဇုမိနှင့် စင်ကာပူဝန်ကြီးချုပ်
ဂိုချောက်တောင်တို့ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ကို
လက်မှတ်ရေးထိုးချုပ်ဆိုစဉ်

ပြောင်းလဲခဲ့ပြီးနောက် ဂျပန်နှင့်အာဆီယံတို့ ထိပ်တိုက်တွေ့ခဲ့ကြကြောင်း၊ ထိုပြောင်းလဲမှုများမှာ ၂၁ ရာစုနှစ်အတွက် ပို၍မြန်ဆန်ပြီး အရှိန်အဟုန်ကြီးမားလာမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်နှင့် စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်တို့ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ဗန်ကောက်မြို့၌တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံပိုမိုနီးကပ်စွာ စီးပွားရေးပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူကြကြောင်း သတင်းစာရှင်းလင်းပွဲ၌ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရတ်တာကစ်မာနာသက်က ပြောကြားသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးကို အဆင့်ဆင့်လုပ်ဆောင်သွားမည်။ ဝန်ကြီးချုပ်နှစ်ဦးသည် အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဒေသ (အက်ဖ်တာ) နှင့် အာဆီယံရင်းနှီးမြှုပ်နှံရေးဒေသ (အေအိုင်အေ) တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံအချို့အတွင်း အကောင်အထည်ဖော်ပြီးဖြစ်သော နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးကို အခြေခံလျက် (အေအိုင်အေ) ကို ထူထောင်သွားနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်နှစ်ဦး သဘောတူခဲ့ကြသည်။ စင်ကာပူနှင့်ထိုင်းနိုင်ငံတို့မှာ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးကိုတိုးမြှင့်ရန် နယ်ပယ်အများအပြားတွင် ပူးပေါင်းနိုင်ကြမည်ဖြစ်သည်။ ယင်းကိစ္စရပ်များကိုလေ့လာရန် ပူးတွဲကော်မတီထူထောင်သွားရန်နှင့် အတားအဆီးများကို ဖယ်ရှားပစ်မည့်ဥပဒေများကို ပြန်လည်သုံးသပ်ကြရန် ဝန်ကြီးချုပ်နှစ်ဦးက သဘောတူခဲ့ကြသည် စသဖြင့် ထိုင်းပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်အတွင်း အားကစားလောကၐ အာရှတိုက်၏ထိပ်တန်း ၁၀ နိုင်ငံအနက် တစ်နိုင်ငံဖြစ်လာရန် ရည်ရွယ်ထားကြောင်း စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်က မတ်လ ၁၇ ရက်နေ့က ပြောကြားသည်။ စထရိတ်တိုင်းမ်သတင်းစာနှင့် စင်ကာပူအားကစားကောင်စီ (အက်စ်အက်စ်စီ) တို့ ပူးတွဲကြီးမှူးကျင်းပသော စင်ကာပူလက်ရွေးစင် အမျိုးသားနှင့်အမျိုးသမီးအား ကစားသမား ၅၀ တို့အား ရွေးချယ်အသိအမှတ်ပြုရေးအခမ်းအနားၐ ဂိုချောက်တောင်က ဆက်လက်ပြောကြားရာၐ လက်ရွေးစင်အားကစားသမား ၅၀ တို့မှာ ရည်မှန်းချက်အောင်မြင်ရေးအတွက် မိမိတို့၏အကောင်းဆုံးနှင့်အမြင့်မားဆုံး မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးကြမည့်သူများ ဖြစ်သည်။ အားကစားမှာ ထူခွန်ရုံသက်သက်သာမဟုတ်ဘဲ နိုင်ငံတော်တည်ဆောက်ရေးအတွက်လည်း အရေးကြီးသည်သာမက လူမှုအဖွဲ့အစည်းအသီးသီးမှ ပြည်သူများအချင်းချင်း ရင်းနှီးခင်မင်လာအောင် ပြုလုပ်နိုင်သည့် ထိရောက်သောလုပ်ငန်းတစ်မျိုးလည်း ဖြစ်သည်။ အားကစားမှာ လူတစ်ဦးချင်း၏ စည်းကမ်းလိုက်နာမှု၊ ဖန်တီးစွမ်းရည်ရှိမှု၊ စွန့်စားမှုနှင့် ထူးခွန်လိုမှုကိုလည်း မွေးမြူပေးသည်။ တက်ကြွထူးခွန်သော အားကစားလုပ်ငန်းသည် စီးပွားရေးတွင်လည်း ထူးထူးခြားခြား အကျိုးကျေးဇူးဖြစ်ထွန်းစေသည်စသဖြင့် ဂိုချောက်တောင်က ပြောကြားခဲ့သည်။

လာမည့်နှစ်များတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများအတွက် အသင့်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်က မေလ ၁၉ ရက်နေ့တွင် စင်ကာပူလူငယ်များအား သတိပေးစကားပြောကြားခဲ့သည်။ ၁၀ ကြိမ်မြောက် နှစ်ပတ်လည်နိုင်ငံလုံးဆိုင်ရာ လူငယ်အောင်မြင်မှု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဂိုချောက်တောင်က မိန့်ခွန်းပြောကြားရာၐ ယခုကဲ့သို့ပြောကြားလိုက်ခြင်း ဖြစ်သည်။ လွန်ခဲ့သောနှစ် အနည်းငယ်အတွင်းက စင်ကာပူနိုင်ငံသားတို့သည် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။ လာမည့်နှစ်အနည်းငယ်တွင်လည်း နောက်ထပ်စိန်ခေါ်မှုများ ပေါ်ပေါက်လာဦးမည်ဖြစ်သည်။ စင်ကာပူနိုင်ငံသည် ယင်းစိန်ခေါ်မှုများကို လုံခြုံရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ နိုင်ငံ၏ စီးပွားရေးအနေအထားကို မူလအခြေအနေအတိုင်း ဖြစ်စေရန် ပြန်လည်တည်ဆောက်ခြင်းဖြင့် ပြန်လည်တုံ့ပြန်ရင်ဆိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးနယ်ပယ်တွင် စင်ကာပူနိုင်ငံအသစ်တစ်ဖန် ပြန်လည်လှုပ်ရှားနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်သော အလားအလာများ ပိုမိုတိုးတက်အောင်နှင့် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင်

အခက်အခဲတွေသူများကိုလည်း အကူအညီပေးကြရန် ဂိုချောက်တောင်ကလူငယ်များကို တိုက်တွန်းခဲ့သည်။

စီးပွားရေး - စင်ကာပူနိုင်ငံ၏ လက်လီဈေးကွက်မှာ ၂၀၀၁ ခုနှစ် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံဖိုးခန့် ရရှိပြီး နိုဝင်ဘာလတွင် ဒေါ်လာ ၁ ဒသမ ၂၀ ဘီလီယံဖိုးခန့် ရရှိကြောင်း ယင်းဌာနကဖော်ပြသည်။ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ (အမ်အေအင်) သည် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားဈေးကွက်အပြောင်းအလဲများ ထပ်တူထပ်မျှဖြစ်မှု လွယ်ကူစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု အမ်အေအက်စ်ဒုတိယဥက္ကဋ္ဌ အန္တရာယ်ကင်းပြီးခိုင်မာရေးကို ထိန်းသိမ်းကူညီသွားမည်။ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ထပ်တူထပ်မျှအံဝင်ခွင်ကျဖြစ်ရေးမှာ အမေရိကန်နှင့်ဥရောပ၏ အတွေ့အကြုံများနှင့် နှိုင်းစာလျှင် အာရှတွင်အကျိုးသက်ရောက်မှု နည်းပါးလျက်ရှိသည်။ သို့ရာတွင် အာရှတိုက် အနှံ့အပြား၌ ထပ်တူထပ်မျှတူညီရေးအတွက် အလားအလာကောင်းများ ကြီးမားစွာ တည်ရှိနေသည်စသည်ဖြင့် စင်ကာပူနိုင်ငံတွင် ကျင်းပသော ၂၀၀၂ ခုနှစ် အာရှဘဏ်လုပ်ငန်းရှင်များ ထိပ်သီးအစည်းအဝေးတွင် မစ္စတာပါးလ်မားက ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံ ကြုံတွေ့ခဲ့ရသော စီးပွားရေးအကျပ်အတည်းများကို ကျော်လွှားလွန်မြောက်နိုင်သော စွမ်းအားရှိကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ဂျော့ခ်ျယီအိုက ဩဂုတ်လ ၁၁ ရက်နေ့တွင် ပြောကြားခဲ့သည်။ စင်ကာပူ၌ နေထိုင်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေး လူထုအစီ

စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသော စင်ကာပူနိုင်ငံ၏ မြင်ကွင်းတစ်ခု

ဘာလတွင် ဒေါ်လာ ၁ ဒသမ ၂၀ ဘီလီယံဖိုးခန့် ရရှိကြောင်း ယင်းဌာနကဖော်ပြသည်။ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ (အမ်အေအင်) သည် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားဈေးကွက်အပြောင်းအလဲများ ထပ်တူထပ်မျှဖြစ်မှု လွယ်ကူစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု အမ်အေအက်စ်ဒုတိယဥက္ကဋ္ဌ အန္တရာယ်ကင်းပြီးခိုင်မာရေးကို ထိန်းသိမ်းကူညီသွားမည်။ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ထပ်တူထပ်မျှအံဝင်ခွင်ကျဖြစ်ရေးမှာ အမေရိကန်နှင့်ဥရောပ၏ အတွေ့အကြုံများနှင့် နှိုင်းစာလျှင် အာရှတွင်အကျိုးသက်ရောက်မှု နည်းပါးလျက်ရှိသည်။ သို့ရာတွင် အာရှတိုက် အနှံ့အပြား၌ ထပ်တူထပ်မျှတူညီရေးအတွက် အလားအလာကောင်းများ ကြီးမားစွာ တည်ရှိနေသည်စသည်ဖြင့် စင်ကာပူနိုင်ငံတွင် ကျင်းပသော ၂၀၀၂ ခုနှစ် အာရှဘဏ်လုပ်ငန်းရှင်များ ထိပ်သီးအစည်းအဝေးတွင် မစ္စတာပါးလ်မားက ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံ ကြုံတွေ့ခဲ့ရသော စီးပွားရေးအကျပ်အတည်းများကို ကျော်လွှားလွန်မြောက်နိုင်သော စွမ်းအားရှိကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ဂျော့ခ်ျယီအိုက ဩဂုတ်လ ၁၁ ရက်နေ့တွင် ပြောကြားခဲ့သည်။ စင်ကာပူ၌ နေထိုင်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေး လူထုအစီအစဉ်၌ သတင်းထောက်များအား ဂျော့ခ်ျယီအိုက ဆက်လက်ပြောကြားရာတွင် မသေမချာမရေရာမှုများသည် ဒေသအတွင်း ရှိမြဲရှိနေသည်။ မဟာဗျူဟာမြောက် ပတ်ဝန်းကျင်သည် ပြောင်းလဲနေပြီး မိမိတို့၏ မဟာဗျူဟာများကြံ့ခိုင်မြဲကြံ့ခိုင်နေစေရန် မိမိတို့ အသေအချာလုပ်ဆောင်ကြရမည်။ စည်းလုံးညီညွတ်စွာနေထိုင်ကြပြီး ပျော့ပျောင်းမှုရှိနေကြရမည် စသည်ဖြင့်ပြောကြားခဲ့သည်။ အမျိုးသားနေ့၌ ပေးပို့သော သဝဏ်လွှာတွင် ဝန်ကြီးချုပ် ဂိုချောက်တောင်က စင်ကာပူ၏စီးပွားရေးသည် ယခုနှစ် ဒုတိယသုံးလပတ်အတွင်း ၃ ဒသမ ၉ ရာခိုင်နှုန်း တိုးလာသည်။ ၂၀၀၂ ခုနှစ် ပထမနှစ်ဝက်အတွက် တိုးတက်မှုသည် ၁ ဒသမ ၂ ရာခိုင်နှုန်းရှိသည်စသည်ဖြင့် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ပြင်ပပတ်ဝန်းကျင်အခြေအနေ မရေမရာဖြစ်နေစေကာမူ ယခုနှစ်ဒုတိယခြောက်လတွင် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်လိမ့်မည်ဟု စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန

(အမ်တီအိုင်) က ဩဂုတ်လ ၁၂ ရက်နေ့က ထုတ်ပြန်သော ၂၀၀၂ ခုနှစ် ဒုတိယသုံးလပတ်စီးပွားရေးစစ်တမ်းဌ ဖော်ပြထားသည်။ ယင်းမှတ်တမ်းတွင် အမ်တီအိုင်သည် စင်ကာပူနိုင်ငံ၏ ၂၀၀၂ ခုနှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန့် ခန့်မှန်းချက်ကို မူလက ၂ ရာခိုင်နှုန်း၊ ၃ ရာခိုင်နှုန်းသာရှိမည်ဟု ခန့်မှန်းခဲ့ရာမှ ၃ ရာခိုင်နှုန်းနှင့် ၄ ရာခိုင်နှုန်းရှိမည်ဟု ပြောင်းလဲ သတ်မှတ်လိုက်သည်။ အထူးသဖြင့် ထုတ်လုပ်မှုကဏ္ဍတွင် စီးပွားရေး ပြန်လည်ကောင်းမွန်လာသော အရှိန်အဟုန်မှာ စင်ကာပူ၏ ယခုနှစ် ဒုတိယခြောက်လပိုင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟုပြော၍ ယင်းသို့ ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံ၏ ၂၀၀၂ ခုနှစ် ဒုတိယသုံးလပတ်စီးပွားရေးဝန်ဆောင်မှုနှင့် ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်ကို ထည့်သွင်းတွက်ချက်ကာ ယင်းကဲ့သို့ပြင်ဆင်သတ်မှတ်ခြင်း ဖြစ်သည်။ ထို သုံးလပတ်တွင် စင်ကာပူနိုင်ငံ၏စီးပွားရေး တိုးတက်မှုသည် နှစ်အလိုက်နှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်လာကြောင်း၊ ပထမ သုံးလပတ်က ၁ ဒသမ ၅ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေးကို အဆောတလျင် အရေးတကြီး ပြုပြင်ပြောင်းလဲရန် ဝန်ကြီးချုပ် ဂိုချောက်တောင်က ဩဂုတ်လ ၁၉ ရက်နေ့တွင် အထူးအလေးထားပြောကြားခဲ့သည်။ အမျိုးသားနေ့လူထုအစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ၌ စင်ကာပူနိုင်ငံ၏စီးပွားရေးသည် လက်ရှိစီးပွားရေးပုံစံဖြင့် တိုးတက်ကောင်းမွန်ခဲ့သည်။ သို့သော် ကမ္ဘာ့ပြောင်းလဲမှုတွင် လိုက်ပါနေသောစင်ကာပူနိုင်ငံသည် ပြုပြင်ဆန်းသစ်ရန် လိုအပ်သည်။ စင်ကာပူစီးပွားရေးကို ပြုပြင်ပြောင်းလဲမှုမရှိလျှင်၊ စွမ်းဆောင်ရည်များကို အသစ်တစ်ဖန်မတည်ဆောက်လျှင် မိမိတို့အဆင့်အတန်းပိုမိုမြင့်မားလာနိုင်မည်မဟုတ်။ မိမိတို့၏ စီးပွားရေးကို ယခုအခါပြုပြင်ပြောင်းလဲမှုများ မလုပ်လျှင် အနာဂတ်တွင်မျှော်လင့်ချက် အားရဖွယ်ရှိမည်မဟုတ်။ စီးပွားရေးတိုးတက်မလာရုံသာမက ကျဆင်းသွားနိုင်သည် စသည်ဖြင့် ဂိုချောက်တောင်က ပြောကြားခဲ့သည်။

အာရှစီးပွားရေး အခြေအနေကောင်းလာပြီဖြစ်၍ စင်ကာပူနိုင်ငံသည် အာရှတိုက်တွင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကျိုးအမြတ်ကို ကောင်းစွာရရှိနိုင်သော အနေအထားရှိကြောင်း ဝန်ကြီးချုပ် ဂိုချောက်တောင်က အောက်တိုဘာလ ၁၁ ရက်နေ့တွင် ပြောကြားခဲ့သည်။

စင်ကာပူစက်မှုလုပ်ငန်းပေါင်းချုပ်အသင်း၏ နှစ်ပတ်လည်ညစာစားပွဲတွင် မိန့်ခွန်းပြောကြားရာ၌ တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယအပါအဝင် အာရှနိုင်ငံများသည် ယခင်နှစ်က ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှေးကွေးစေကာမူ အလွန်တိုးတက်မှု ရှိခဲ့သည်။ နောင်နှစ်တွင်လည်း ယင်းနိုင်ငံများ၏ စီးပွားရေးခိုင်မာမည်ဟု မျှော်လင့်သည်။ ယင်းအာရှနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုကို စင်ကာပူထုတ်ကုန်ကဏ္ဍအတွက် ဝယ်လိုအားကကျားကန်ပေးနိုင်သည်။ တရုတ်နိုင်ငံသို့ အာဆီယံမှပစ္စည်းတင်ပို့မှုမှာ ယခင်နှစ်က ၁၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ထိုအချိန်၌ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသို့ ဒေသထွက်ကုန်ပစ္စည်းတင်ပို့မှုမှာ ၁၁ ရာခိုင်နှုန်းနှင့် ၅ ရာခိုင်နှုန်းလျော့ကျခဲ့သည်စသည်ဖြင့် ဂိုချောက်တောင်က ပြောကြားခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး- စင်ကာပူနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်နိုင်ရေးအတွက် ပိုမိုရင်းနှီးသော စီးပွားဖက်များအဖြစ် ဖန်တီးနိုင်ရန် နည်းလမ်းများရှာဖွေမည့်ပူးတွဲ လေ့လာရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းသွားရန် သဘောတူညီလိုက်ကြပြီဖြစ်သည်။ စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်နှင့်ဧည့်သည်တော် အိန္ဒိယဝန်ကြီးချုပ် အတာလ်ဘီဟာရီဗာဂ်ပါယီတို့ ဧပြီလ ၈ ရက်နေ့က စင်ကာပူတွင် တွေ့ဆုံဆွေးနွေးကြစဉ် ယင်းသဘောတူညီချက် ရရှိလိုက်ခြင်းဖြစ်သည်။ ယင်းသဘောတူစာချုပ်မှာ အိန္ဒိယနှင့်စင်ကာပူနှစ်နိုင်ငံအတွက် အရေးကြီးပြီးအကျိုးပြုမည်ဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဂျော့ယီအိုက ခေါင်းဆောင်ကြီးနှစ်ဦးဆွေးနွေးပွဲအပြီးတွင် သတင်းစာဆရာများအား ပြောကြားသည်။

အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲဝင်နိုင်ငံများနှင့် စီးပွားရေး၊ နိုင်ငံရေးနှင့် လုံခြုံရေးကိစ္စရပ်များ၌ ပိုမိုရင်းနှီးစွာ

ဆက်ဆံနိုင်ရေးနည်းလမ်းများကို ရှာဖွေနေကြကြောင်း အိန္ဒိယဝန်ကြီးချုပ်က ဧပြီလ ၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ စင်ကာပူသို့ လာရောက်လည်ပတ်သောခရီးစဉ်၏ နောက်ဆုံးနေ့တွင် စင်ကာပူပြည်သူတို့အား ပြောကြားရာတွင် အရှေ့တောင်အာရှဒေသသည် အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ မဟာဗျူဟာဆိုင်ရာနှင့် စီးပွားရေးကိစ္စရပ်များတွင် အဓိကကျသောဒေသဖြစ်သည်။ လောလောဆယ်တွင် အိန္ဒိယနိုင်ငံသည် အိန္ဒိယ - အာဆီယံ ၂၀၂၀ ပြည့်နှစ် ဆက်ဆံရေးဆိုင်ရာ အစီအစဉ်တစ်ရပ်ပေါ်ထွန်းအောင်ဖော်ဆောင်ပြီး အာဆီယံဒေသနှင့် နက်နက်ရှိုင်းရှိုင်းဆက်ဆံရေးနည်းလမ်းများ ရှာဖွေနေသည်စသည်ဖြင့် အိန္ဒိယဝန်ကြီးချုပ်က ပြောကြားခဲ့ သည်။

စင်ကာပူနိုင်ငံသို့ မိမိ တရားဝင်လာရောက်လည်ပတ်သောခရီးစဉ်မှာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်စေရန် တွန်းအားဖြစ်စေမည်ဟု မျှော်လင့်ကြောင်း စင်ကာပူသို့ ဧပြီလ ၂၆ ရက်နေ့က ရောက်ရှိလာသော တရုတ်ဒုတိယသမ္မတ ဟူကျင်တောင်က ပြောကြားသည်။

တရုတ်နှင့်စင်ကာပူနိုင်ငံတို့သည် ၁၉၉၀ ပြည့်နှစ်တွင် သံတမန်ဆက်ဆံရေးထူထောင်ခဲ့ပြီးမှစ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခဲ့သည်။ ကဏ္ဍအများအပြားဌ နှစ်နိုင်ငံအပြန်အလှန် အကျိုးထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များတွင် ကောင်းစွာညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ခဲ့သည်။ စင်ကာပူနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရန် အကျိုးထိရောက်စွာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရန်မှာ တရုတ်အစိုးရ၏ မူဝါဒဖြစ်သည်။ စင်ကာပူဌမိမိလည်ပတ်စဉ်အတွင်း နှစ်နိုင်ငံပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာနှင့်ဒေသဆိုင်ရာ အကျိုးစီးပွားကိစ္စရပ်များကို စင်ကာပူခေါင်းဆောင်များနှင့် သဘောထားအမြင်ချင်းနက်ရှိုင်းစွာ သုံးသပ်ဖလှယ်သွားမည်စသည်ဖြင့် ဟူကျင်တောင်က ပြောကြားခဲ့သည်။

မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံတို့ ပူးတွဲချုပ်ဆိုမည့် စာချုပ်အရ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း စင်ကာပူနိုင်ငံက မေလ ၄ ရက်နေ့တွင် ပြောကြားလိုက်သည်။ ကျန်သောအာဆီယံနိုင်ငံများကလည်း ပူးပေါင်းပါဝင်ရန် မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကလိုလားပါက သုံးပွင့်ဆိုင် သဘောတူညီချက်ကို လေ့လာဆန်းစစ်ရန် ပေးပို့သင့်ကြောင်း ရိုက်တာသတင်းဌာနမေးမြန်းချက်ကို စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက ပြန်ကြားသည်။ ထိုပူးပေါင်းဆောင်ရွက်မှုဌ ဖြည့်စွက်စရာရှိပါက စင်ကာပူကလိုလားစွာ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဌာန ပြန်ကြားစာဌ ဖော်ပြထားသည်။ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်တို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး သဘောတူစာချုပ်တစ်ရပ်ကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ဌ် မေလ ၇ ရက်နေ့ဌ် လက်မှတ်ရေးထိုးခဲ့ကြသည်။ စာချုပ်အရ ထောက်လှမ်းရေးသတင်းများ ဖလှယ်ကြမည်ဖြစ်သည်။

စင်ကာပူတွင် အလည်အပတ်ရောက်ရှိနေသော ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဘလက်စ်အိုပီးသည် ဝန်ကြီးချုပ်ဂိုချောက်တောင်နှင့် ဩဂုတ်လ ၁၉ ရက်နေ့တွင် တွေ့ဆုံ၍ နှစ်နိုင်ငံနှင့်ဒေသဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ဖိလစ်ပိုင်နှင့် အာဆီယံနိုင်ငံများ အပြန်အလှန်ဆက်ဆံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆွေးနွေးခဲ့ကြသည်ဟု စင်ကာပူဝန်ကြီးချုပ်၏ ပြန်ကြားရေးအရာရှိက ထုတ်ဖော်ပြောကြားသည်။ စင်ကာပူနိုင်ငံသည် ဖိလစ်ပိုင်တွင် အဓိကရင်းနှီးမြှုပ်နှံသောနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။

သင့်ဘဝ - ဦးရဲလွင်

ဆန်းလွင်၊ ဦး (စာရေးဆရာ)(ခရစ် ၁၉၃၈-၂၀၀၂) ။ ။ စာရေးဆရာဆန်းလွင်ကို ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ဌ် ရခိုင်ပြည်နယ် သံတွဲမြို့တွင် အဘ ကုန်သည်ဦးဘိုးညွန့်၊ အမိ ဒေါ်လှကြီးတို့က မွေးဖွားသည်။

ဒဿနစာပေများ ရေးသားတင်ပြခြင်းဌ ထင်ရှားခဲ့သော စာရေးဆရာဆန်းလွင်သည် ကလေးအရွယ်ကမိဘအုပ်ထိန်းမှုအောက်တွင် မိဘများ၏

ဆန်းလွင်

ဆန်းလွင်၊ ဦး (စာရေးဆရာ)

ဦးချစ်ဆွေတို့၏ ကူညီပံ့ပိုးမှုဖြင့် စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ်ကို စတင်ဖန်တီးရေးဖွဲ့သည်။

၁၉၅၈ ခုနှစ်တွင် သူ၏ဝတ္ထုအတော်များများထွက်ပေါ်လာသည်။ 'အသည်းလမ်းမှာ လျှောက်လာပါ'၊ ဒေါက်တာမော်လီမိုး၊ သစ္စာနယ်လွန်သူရယ်၊ မုန်းသံသရာချေ ကာလပေါ်ဝတ္ထုများ ထုတ်ဝေခဲ့သည်။ ထို့ပြင် ခေတ်မီစာပေနှင့် စည်ပင်သာယာပုံနှိပ်တိုက်ပိုင်ရှင် ဦးလှသန်းနှင့်ရင်းနှီးလာရာမှ 'မုန်းဆက်ဆက်မရှယ်' ဝတ္ထုကိုရေးသားထုတ်ဝေခဲ့သည်။

ဝတ္ထုများလှိုင်လှိုင်ထွက်နေသကဲ့သို့ တစ်ဖက်မှလည်းသူသည် လူဝင်မှုကြိုးကြပ်ရေးအရာရှိအဖြစ်လည်းကောင်း၊ အလွတ်ပညာသင်ကျောင်းဆရာအဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။

တက္ကသိုလ်တက်ရောက်စဉ် လောကျစ်သင်ခန်းစာပို့ချချိန်၌ ဆရာဦးဖေအောင်၏ပို့ချမှုမှ 'အရစ်တိုတယ်' ဟူသောအမည်ကြားလိုက်ချိန်မှ စတင်၍ ဒဿနိကဗေဒဘာသာကို စိတ်ဝင်စားမှုပိုခဲ့သည်။ ပါမောက္ခဆရာ ကေအင်ကား၊ ဒေါက်တာခင်မောင်ဝင်း၊ ဒေါ်ခင်ဆက်ရည်၊ ဦးခင်မောင်ဒင် ဟူသောဆရာများ၏ သင်ကြားမှု အောက်ဝယ် သူသည်ဒဿနိကဘာသာရပ်တွင် ထူးချွန်လာခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ဒဿနိကဗေဒဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့ (ရွှေတံဆိပ်) ရကာ မဟာဝိဇ္ဇာတန်းကို ဆက်လက်သင်ကြားခဲ့သည်။ ထိုကာလမှာပင် သူသည် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဒဿနိကဗေဒဌာနတွင် နည်းပြဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ နည်းပြဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်းနှင့် ဒဿနိကဗေဒကျမ်းများကို စတင်ပြုစုခဲ့ရာ 'သျှင်ဥက္ကဋ္ဌသို့ပြန်ကြားချက်' နှင့် 'ရွှေဥဒေါင်းသို့ ပြန်ကြားချက်' ဟူသော စာအုပ်နှစ်အုပ်သည်ပထမဆုံးထွက်ပေါ်လာခဲ့သည်။

ထိုနောက် ဖီလိုဆိုဖီ ကကြီးခကွေး၊ ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ၊ တရုတ်တွေးခေါ်ရှင်ကြီးများ၊ ရုရှားတွေးခေါ်ရှင်ကြီးများ၊ ဘာထရန်ရပ်ဆယ်ဘဝ၊ သိပ္ပံပညာကျော်အိုင်စတိုင်း စာအုပ်များကိုပြုစုခဲ့သည်။

အသက် ၃၂ နှစ်အရွယ်တွင် ပါမောက္ခဒေါက်တာခင်မောင်ဝင်းက သူ့အားကမ္ဘာအေး ဓလေ့ထုံးစံအတိုင်း နေထိုင်ခဲ့သော်လည်း အရွယ်ရောက်လာသောအခါ တစ်မျိုးတစ်ဖုံစိတ်ပိုင်းဆိုင်ရာ အတွေးအခေါ်များ ပေါ်ပေါက်လာခဲ့သည်။ ငယ်စဉ်က မိရိုးဖလာအရ ဗုဒ္ဓဘာသာဝင်မဟုတ်ခဲ့ပေ။ အသက် (၁၈) နှစ်အရွယ်တွင် မိဘများ၏ဘာသာအပြင် အခြားဘာသာ အယူဝါဒများကိုလည်း လေ့လာခဲ့သည်။ အသက် (၂၂) နှစ်တွင် ကွန်မြူနစ်ဝါဒကိုလေ့လာပြီးနောက် ဘာသာအယူဝါဒကို စွန့်ပယ်ခဲ့သည်။

၁၉၅၅ ခုနှစ်၌ ဆယ်တန်းအောင်သောအခါ မိခင်နှင့်ဦးလေးဖြစ်သူက သူ့အားရန်ကုန်မြို့တော်သို့ပို့လိုက်သည်။ ဘော်ဒါဆောင်တစ်ခုတွင် နေထိုင်ရင်းပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိကောက်ပဲသီးနှံဝယ်ယူရေးအဖွဲ့ (ကုန်သွယ်ရေး) ရုံးတွင် အောက်တန်းစာရေး၊ ထို့နောက် အထက်တန်းစာရေးအဖြစ် အမှုထမ်းကာ တစ်ဖက်မှလည်း သက်ကြီးတက္ကသိုလ်သို့တက်၍ ဘဝကိုရုန်းကန်ခဲ့သည်။

စာရေးဆရာဖြစ်ချင်သည့် ဦးဆန်းလွင်သည် တက္ကသိုလ်ကျောင်းသားဘဝတွင် မြန်မာစာမြတ်နိုးစိတ်ဖြင့် စာပေကို လေ့လာလိုက်စားခဲ့သည်။ တက္ကသိုလ် မြန်မာစာအသင်း ဖွဲ့သောအခါ အမှုဆောင်အဖြစ် ဝင်ရောက်ဆောင်ရွက်ကာ အသင်းမှကျင်းပပေးသော စကားရည်လုပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုများရရှိခဲ့သည်။

စာပေလောကသို့ ထိုအချိန်မှစ၍ ဝင်ရောက်ခဲ့သည်။ ထိုစဉ်က တစ်ကျပ်တန်၊ ပြားခြောက်ဆယ်တန်ဝတ္ထုများထုတ်ဝေစအချိန် ဖြစ်သည်။ စာရေးဆရာအထောက်တော်လှအောင်နှင့် စာပန်းချီ

ကုန်းမြေရှိ ဗုဒ္ဓတက္ကသိုလ်သို့စေလွှတ်၍ ဗုဒ္ဓ၏ကိုယ်ကျင့်တရားပညာ (Buddhist Ethiecs) ကို သုတေသနပြုရန် လမ်းညွှန်ခဲ့သည်။ ထိုမှ့စ၍သူသည် ဗုဒ္ဓဘာသာအယူဝါဒကို စနစ်တကျလေ့လာလိုက်စားခဲ့သည်။ ထိုစဉ်တွင်ပင် သူ၏ဆရာမရီနာဆာကားအိမ်တွင်ကျေးဇူးတော်ရှင် တောင်ပုလုဆရာတော်ကြီးကို ဖူးခွင့်ရသည်။ သိလိုသောပြဿနာပုစ္ဆာများအား ဆရာတော်ကြီးကို မေးခွင့်ရသည်။ ဆရာတော်ကြီးက တိုက်ရိုက်မဖြေဘဲ ပဋိပုစ္ဆာဗျာကရဏနည်းဖြင့် မေးခွန်းမေး၍ပြန်ဖြေသည်။

၁၉၆၈ ခုနှစ်တွင် အေးစာပေတိုက်မှ ထုတ်ဝေသောဖဲသမားဝတ္ထု (ဘာသာပြန်)ဖြင့် အမျိုးသားစာပေစတုတ္ထဆု ရခဲ့သည်။

ဦးဆန်းလွင်သည် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၌ တာဝန်ထမ်းဆောင်နေရာမှ မြစ်ကြီးနားကောလိပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ ထိုအခါ ကချင်ပြည်နယ်နေရာအနှံ့သို့ လှည့်လည်လျှောက်သွားရင်း အတွေ့အကြုံများကို ၁၉၆၅-၆၆ လုပ်သားပြည်သူနေ့စဉ်သတင်းစာ၌ ဆောင်းပါးရေးသားတင်ပြခဲ့သည်။ ထိုဆောင်းပါးများမှာ ၁၉၆၅ ခုနှစ်၊ ကချင်ပြည်နယ်ဦးစီးအဖွဲ့နှင့် လမ်းစဉ်ပါတီတိုင်းခွဲ (၅)၊ ကိုင်းကြီးကြပ်ရေးကော်မတီ၏ တာဝန်ပေးချက်အရ ကချင်ယဉ်ကျေးမှုသမိုင်း သုတေသနအဖွဲ့ကို ခေါင်းဆောင်၍ ကချင်ပြည်နယ်အနှံ့အပြားသို့ သွားရောက်လေ့လာခြင်း၏ရလဒ်ဖြစ်သည်။ ထိုမျှမကသေးပေ၊ ကချင်ပြည်နယ်ရှိ စာပေမိတ်ဆွေများနှင့် ပူးပေါင်း၍ တက္ကသိုလ်ကျောင်းသူတစ်ဦးပြဇာတ်ကိုရေးကာ စင်တင်ကပြစေခဲ့သည်။

၁၉၆၇ ခုနှစ်တွင် မြစ်ကြီးနားကောလိပ်မှ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ ပြန်လည်ပြောင်းရွှေ့ရသည်။ ၁၉၇၁ ခုနှစ်တွင် ဒေါက်တာခင်မောင်ဝင်းနှင့် တွဲဖက်၍'အခြေခံယုတ္တိဗေဒကျမ်း' ကို ပြုစုခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ကထိကရာထူးဖြင့် ပညာရေးလောကမှ အငြိမ်းစားယူခဲ့သည်။

၁၉၆၈ ခုနှစ်တွင် သူသည်ရုပ်ရှင်လောကသို့ ဇာတ်ညွှန်းရေးဆရာအဖြစ် စတင်ဝင်ရောက်ခဲ့သည်။ ထိုနောက် ဒါရိုက်တာနန္ဒာမင်းခေါင်အမည်ဖြင့် ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးခဲ့သည်။ 'မျက်နှာငယ်ရမှာက မောင့်ချစ်ဦး'၊ လောကကို အလှဆင်မယ် ရုပ်ရှင်ကားများမှာ ဦးဆန်းလွင်ဒါရိုက်တာလုပ်ရိုက်ကူးသော ဇာတ်ကားများဖြစ်သည်။ ထို့နောက် ဆန်းလွင်ရုပ်ရှင်သရုပ်ဆောင်သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

၁၉၇၂ ခုနှစ်၊ အောက်တိုဘာလတွင် 'ရုပ်ရှင်အနုပညာနှင့်ရုပ်ရှင်အတတ်ပညာ အခြေခံများ' စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ စာရေးဆရာဆန်းလွင်အဖြစ်နှင့် ပြုစုခဲ့သောစာအုပ်များမှ ထင်ရှားခဲ့သည်များမှာ 'ရတနာသုံးပါးကိုယုံကြည်ကိုးကွယ်ဆည်းကပ်လာသူ တစ်ယောက်အကြောင်း၊ သစ္စာဉာဏ်ပွင့်ဒဿန၊ ရွှေတောင်တက်ဒဿန၊ ဘုံစဉ်စံဒဿန၊ သေခြင်းဒဿန၊ မိုးကုတ်ဝိပဿနာရှုနည်းလက်စွဲ၊ ကိုယ်တွေ့ဝိပဿနာ၊ ဗုဒ္ဓဘာသာသိမှတ်ဖွယ်ရာများ၊ ထေရဝါဒအုတ်မြစ်များအဖွင့် တို့ဖြစ်သည်။ ဝိပဿနာရှုနည်းလက်စွဲကျမ်းနှင့် ယောဂီလက်စွဲကျမ်းများကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရေးသားခဲ့သည်။

ဦးဆန်းလွင်သည် အယူအဆစုံသကဲ့သို့ ဘဝလည်းစုံလင်လှသည်။ အသက် ၃၅ နှစ်တွင် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူခဲ့ကာ အသက် ၅၈ နှစ် (၁၉၉၆) တွင် အရှင်အာဒိစ္စရံသီဘွဲ့ဖြင့် ရဟန်းအဖြစ်ခံယူခဲ့သည်။ ရဟန်းဘဝတွင် ဗုဒ္ဓဘာသာသင်တန်းများဖွင့်၍ ပို့ချပေးခဲ့သည်။

တောင်ငူမြို့ ရွှေမင်းဝန်ကျောင်းတိုက်ဆရာတော်အဖြစ်နှင့် ဘာသာရေး၊ သာသနာရေးလုပ်ငန်းများကို ဆောင်ရွက်တော်မူရင်း ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။ ။

ဦးစိုးမြင့်သန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ။ ။ ဇန်နဝါရီလလယ်ခန့်တွင် တရုတ်နှင့်အမေရိကန်တို့အကြား သံတမန်ဆက်ဆံမှု တင်းမာစေသည့်ဖြစ်ရပ်တစ်ခုပေါ်ပေါက်ခဲ့သည်။ တရုတ်သမ္မတကြီးကျန်ဇီမင်းအတွက် အထူးသီးသန့်လေယာဉ် တည်ဆောက်ပေးရန် ဘိုးရင်းကုမ္ပဏီသို့ အပ်နှံခဲ့သည်။ ထိုဘိုရင်း ၇၆၇ လေယာဉ်ကို တည်ဆောက်ပြီးသောအခါ တရုတ်အစိုးရသို့လွှဲအပ်ခဲ့သည်။ သက်ဆိုင်ရာတရုတ်အာဏာပိုင်များက ထိုဘိုရင်း ၇၆၇ လေယာဉ်ကို စစ်ဆေးကြည့်ရှုခဲ့ရာ လျှို့ဝှက်ထောက်လှမ်းရေးပြုလုပ်ထားသည့်

အမေရိကန်သမ္မတ ဘုရှ် ဖေဖော်ဝါရီလက တရုတ်နိုင်ငံသို့ အလည်အပတ် ရောက်ရှိရာတွင် တရုတ် ဒုတိယသမ္မတ ဟူကျင်တောင်းနှင့် တွေ့ဆုံခဲ့စဉ်

ပစ္စည်းကိရိယာ ၂၀ ကို ဖော်ထုတ်ရရှိခဲ့ကြသည်။ ဤသို့တွေ့ရှိဖော်ထုတ်ခဲ့ကြောင်း ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကြေညာခဲ့သည်။ ထိုလေယာဉ်စတင် တည်ဆောက်စဉ်ကပင် တရုတ်အရာရှိ ၂၀ တို့အား စောင့်ကြည့်ကြီးကြပ်စေခဲ့သည်။ ထိုပုဂ္ဂိုလ်တို့အား တာဝန်လစ်ဟင်းပေါ်ဆမှုဖြင့် ရာထူးမှထုတ်ပယ်ခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၂၁ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲလုပ်သောအခါ ဤကိစ္စကိုအထူးအလေးမထားသကဲ့သို့ ပြောဆိုခဲ့သည်။ အနာဂတ်ကာလ တရုတ်-အမေရိကန် ဆက်ဆံရေး တိုးတက်ကောင်းမွန်ရေးကို ရှေးရှုလျက် ဤသို့သဘောထားခဲ့ဟန်တူသည်။ ထို့ပြင် ဖေဖော်ဝါရီလ၌ သမ္မတဘုရှ်နှင့်သမ္မတကျန်ဇီမင်းတို့ တရုတ်ပြည်၌တွေ့ဆုံကြရန် စီစဉ်ထားပြီးဖြစ်ရာ နှစ်နိုင်ငံခေါင်းဆောင်ချင်းအပြန်အလှန် ရင်းနှီးချစ်ကြည်မှုရရှိရေးအတွက် ဤကိစ္စကိုတရားဝင်ကန့်ကွက်ခြင်းမပြုခဲ့ပေ။

တရုတ်ပြည်လုံးဆိုင်ရာ စာရင်းစစ်အဖွဲ့သည် ပြည်တွင်းရှိ ဘဏ္ဍာငွေသုံးစွဲမှုများကို စစ်ဆေးခဲ့သည်။ ယင်းသို့ ပုံမှန်စစ်ဆေးရင်းတရုတ်ဘဏ် (Bank of China) ၌ ယွမ်ငွေ ၂ ဒသမ ၇ ဘီလီယံကို လိမ်လည်လှည့်ဖြားခဲ့ကြောင်း တွေ့ရှိရသည်။ တရုတ်ဘဏ်သည် အဓိကဘဏ်ကြီး ၄ ခုအနက်မှတစ်ခုဖြစ်သည်။ တရားမဝင်သောနည်းလမ်းများဖြင့် ငွေများချေးခဲ့ခြင်း၊ လုပ်ငန်းရှင်များသို့ ယုံကြည်ကြောင်း ငွေကြေးအာမခံသည့်စာများထုတ်ပေးခြင်းတို့၌ အဆိုပါငွေပမာဏကို လိမ်လည်ခဲ့ကြခြင်းဖြစ်သည်။ သို့ဖြစ်၍ အဆိုပါဘဏ်မှ တာဝန်ရှိသူ ၃၅ ဦးတို့အား ပြစ်ဒဏ်ပေးသည့်အနေဖြင့် အခြားဘဏ်များသို့ပြောင်းရွှေ့ပစ်ခဲ့သည်။ ထိုစဉ်က တရုတ်ဘဏ်၏ဥက္ကဋ္ဌမှာ ဝမ်ရွှေးသင်းဖြစ်သည်။ သူသည် လေးစားခံရသောဘဏ်လုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။

ဇန်နဝါရီလနှောင်းပိုင်းတွင် တရုတ်အစိုးရသည် ရေကြောင်းများသန့်ရှင်းရေး၊ လေထုညစ်ညမ်းမှုပပျောက်ရေးတို့အတွက် လုပ်ငန်းစီမံကိန်းကြီးတစ်ရပ်ရေးဆွဲဆောင်ရွက်ခဲ့သည်။ ၅ နှစ်စီမံကိန်းအတွက် ဒေါ်လာ ၈၄ ဘီလီယံကျခံသုံးစွဲရန် စီစဉ်ထားခဲ့သည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ယခင် ၅ နှစ်ကာလထက် နှစ်ဆပိုမိုသုံးစွဲလာခြင်းဖြစ်သည်။

ဖေဖော်ဝါရီလ ၂၁-၂၂ ရက်နေ့များတွင် သမ္မတဘုရှ်သည် တရုတ်ပြည်သို့သွားရောက်လည်ပတ်ခဲ့သည်။ သမ္မတနှစ်ဦးတို့ ထိပ်သီးဆွေးနွေးပွဲကျင်းပခဲ့သည်။ သမ္မတဘုရှ်သည် တရုတ်ကုန်သွယ်ရေးအရာရှိများနှင့်လည်း တွေ့ဆုံ၍မေးခွန်းများကို ဖြေကြားခဲ့သည်။ ဤသို့တွေ့ဆုံမေးမြန်းပြောကြားပုံများကို တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်သည့် ရုပ်/သံအစီအစဉ်များမှာ ဖော်ပြခဲ့သည်။ နှစ်နိုင်ငံအရာရှိများသည် ဘုရှ်၏ခရီးစဉ်နှင့်ပတ်သက်၍ အကောင်းဘက်မှ ရှုမြင်ပြောကြားခဲ့သည်။ သို့သော်လည်း

ကုန်သွယ်ရေးနှင့် ကာကွယ်ရေးကိစ္စများတွင် အဓိက ကျသောကိစ္စများအတွက် သဘောတူညီချက်မရရှိခဲ့ပေ။ ပါကစ္စတန်နှင့်အီရန်သို့ ဒုံးကျည်ပစ္စည်းကိရိယာများနှင့်နည်းပညာတို့ကို တရုတ်ပြည်ကတင်ပို့နေမှုနှင့်ပတ်သက်၍ အမေရိကန်တို့အလိုကျအတိုင်းမဖြစ်ခဲ့ပေ။ သမ္မတဘုရှ်သည် တရုတ်ပြည်၌ရှိစဉ် ဘာသာရေးလွတ်လပ်ခွင့်နှင့် စပ်လျဉ်း၍တိုက်တွန်းနှိုးဆော်ခဲ့သည်။ ဘုရှ်သည်ထိုခရီးစဉ်၌ "တရုတ်တစ်နိုင်ငံတည်းရှိမှု" (One China) ကိုထောက်ခံကြောင်း၊ ထိုင်ဝမ်ကိစ္စကို ငြိမ်းချမ်းစွာဆွေးနွေးဖြေရှင်းစေလိုကြောင်းများကို ပြောခဲ့သည်။

ဖေဖော်ဝါရီလစောစောပိုင်းတွင် တရုတ်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့က စွမ်းအင်ကဏ္ဍ ပြန်လည် ဖွဲ့စည်းတည်ဆောက်ရေး စီမံကိန်းကို အတည်ပြုပေးခဲ့သည်။ စွမ်းအင်ကဏ္ဍ၌ နိုင်ငံတော်စွမ်းအားကော်ပိုရေးရှင်းက ကြီးစိုးလွှမ်းမိုးထားမှုကို လျော့ပါးသွားစေတော့မည်ဖြစ်သည်။ ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဝေပေးမှုတို့ကို သီးသန့်စီခွဲခြားထားတော့မည်ဖြစ်သည်။ ဤသို့ဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲခစျေးနှုန်းများကို ချပစ်တော့မည်ဖြစ်သည်။ ထို့ပြင် အနောက်မြောက်ဒေသရှိ စင်ကျန်ပြည်နယ်မှ သဘာဝဓာတ်ငွေ့များကို ရှန်ဟိုင်း၌ ဓာတ်ငွေ့သုံးစွဲသူများထံသို့ ပို့လွှတ်မည့်စီမံကိန်းကို ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အစိုးရကထုတ်ဖော်ကြေညာလိုက်သည်။ ဤစီမံကိန်းအတွက် ဒေါ်လာ ၁၈ ဘီလီယံကုန်ကျမည်ဖြစ်သည်။ ဤစီမံကိန်းသည် ၂၀၀၄ ခုနှစ်စောစောပိုင်းတွင် အကောင်အထည်ပေါ်လာတော့မည်ဖြစ်သည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် နိုင်ငံလုံးဆိုင်ရာစာရင်းအင်းဗျူရိုအဖွဲ့က တွေ့ရှိချက်အစီရင်ခံစာတစ်စောင်ကို တင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာ၌ အစိုးရအရာရှိများက စာရင်းဇယားများကို လုပ်ကြံဖော်ပြထားကြောင်း ပါရှိခဲ့သည်။ ထိုဗျူရိုအဖွဲ့မှ အကြီးအကဲဖြစ်သူ ကျူကျီရှင်းက အစိုးရအရာရှိများသည် ကိန်းဂဏန်းများကို ခွဲ့ကားပြခဲ့ကြောင်း၊ အတိအကျ အစီရင်ခံရန် ပျက်ကွက်ခဲ့ကြောင်း၊ အစီရင်ခံတင်ပြရန် ငြင်းဆန်ခဲ့ကြောင်း၊ စာရင်းအင်းပြုစုနည်းများကို မသိမြင်ကြကြောင်း၊ လေ့ကျင့်မှုမရှိသဖြင့် စာရင်းဇယားထားသို့တင်ပြမှုတို့၌ မကျွမ်းကျင်ကြောင်း ရှင်းပြခဲ့သည်။ ဒေသဆိုင်ရာ အာဏာပိုင်များသည် တိုးတက်မှုနှုန်းကို ခွဲ့ကားဖော်ပြခဲ့ကြသည်။ ဒေသဆိုင်ရာအာဏာပိုင်အားလုံးက ၎င်းတို့ပြည်နယ်အသီးသီး၏တိုးတက်မှုနှုန်းသည် ၂၀၀၁ ခုနှစ်တွင် ၈ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြခဲ့ကြသည်။

တရုတ်ကွန်မြူနစ်ပါတီ၏ ၁၆ ကြိမ်မြောက် ကွန်ဂရက်ကျင်းပနေပုံကို တွေ့ရစဉ်

ပြည်နယ်တစ်ခုကသာလျှင် ထိုမျှမဟုတ်ကြောင်း တင်ပြခဲ့သည်။ အမှန်အားဖြင့် တစ်မျိုးသားလုံး၏ တိုးတက်မှုနှုန်းသည် ၇ ဒသမ ၂ ရာခိုင်နှုန်းသာ ရှိပေသည်။

ဖေဖော်ဝါရီလစောစောပိုင်းက ရှန်ဟိုင်းရှိ ပထမဆုံးပုဂ္ဂလိကဘဏ်ဖြစ်သော မင်းရှိန်းဘဏ်မှ အလယ်အလတ်တန်းအရာရှိတစ်ဦးကို လိမ်လည်မှုဖြင့် ဖမ်းဆီးခဲ့သည်။ မင်းရှိန်းဘဏ်သည် ရှန်ဟိုင်း၌ အောင်မြင်မှုအရှိဆုံးဘဏ်လည်းဖြစ်သည်။ အဆိုပါ ဘဏ်အရာရှိသည် ငွေစက္ကူစက်ရုံမှ တံဆိပ်တုံးအတု ကိုသုံးကာ ၄ နှစ်ကာလအတွင်း မင်းရှိန်းဘဏ်မှ ငွေများကို လိမ်လည်ထုတ်ယူသုံးစွဲခဲ့သည်။ ယွမ်ငွေ ၃၅၃ ဒသမ ၈ သန်းအထိ လိမ်လည်ထုတ်ယူကာ ကိုယ်ကျိုးအတွက် သုံးစွဲခဲ့သည်။

နဝမမြောက် နိုင်ငံလုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်၏ ပဉ္စမအကြိမ်အစည်းအဝေးကို ဘေဂျင်းမြို့၌ မတ်လ ၅ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပခဲ့သည်။ နိုင်ငံလုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်သည် တရုတ်ပြည်၌ ဥပဒေပြု လွှတ်တော်ဖြစ်သည်။ အထက်နှင့်အောက်ဟူ၍ မခွဲခြားဘဲလွှတ်တော် တစ်ရပ်တည်းသာ ရှိသည်။ ထိုကွန်ဂရက်အစည်းအဝေးသို့ကိုယ်စားလှယ်ပေါင်း ၃၀၀၀ နီးပါးမျှ တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးသို့ ဝန်ကြီးချုပ် ကျူရုံကျိုက လုပ်ငန်းအစီရင်ခံစာတင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာ၌ မူဝါဒရေးရာအပြောင်းအလဲတို့ကို ထူးထူးခြားခြားမတင်ပြဘဲ အကျင့်ပျက်လာဘ်စားမှုများကို တိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ ကျေးလက်ဆင်းရဲသားများ၏ ဘဝကိုမြှင့်တင်ပေးသွားမည်ဖြစ်ကြောင်းတို့ကို ဖော်ပြထားသည်။ ထို့ပြင် ပြည်သူ့လုပ်ငန်းများအတွက် သုံးစွဲမည့်ကုန်ကျစရိတ်များကိုလည်း တင်ပြခဲ့သည်။ နိုင်ငံပိုင်ဘဏ်များသို့ ငွေအရင်းအနှီးများ ထည့်သွင်းပေးရေး၊ အဝေးဆက်သွယ်ရေး၊ လေကြောင်းသွားလာရေး၊ မီးရထားသွားလာရေး၊ ဓာတ်အားပေးရေးလုပ်ငန်းများ၌ နိုင်ငံတော် လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားမှုကို လျော့ချရေးတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

မတ်လ ၆ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးရှန်းဟွေချိန်က ၂၀၀၂ ခုနှစ်အတွက် ဘတ်ဂျက်ကို တင်ပြခဲ့သည်။ ထိုဘတ်ဂျက်အရ ကာကွယ်ရေးအသုံးစရိတ်ကို ယွမ်ငွေ ၁၆၆ ဘီလီယံအထိ တိုးချဲ့သွားမည်ဖြစ်သည်။ ဒေသဆိုင်ရာအစိုးရများ၏ အခြေခံရန်ပုံငွေတိုးတက်ရရှိရေးအတွက် အခွန်ငွေမျှဝေရယူရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်ကိုလည်း ချပြခဲ့သည်။ ထို့ပြင် ဒေသဆိုင်ရာအာဏာပိုင်များက တောင်သူလယ်သမားတို့အပေါ် အခွန်ငွေများ တစ်ဖက်သတ်ချမှတ်ကောက်ခံနေမှုမှ ကင်းလွတ်သွားစေရန် "အခွန်အစားအခကြေး" (Fees for Tax) ပြုပြင်ပြောင်းလဲရေးကိုလည်း တင်ပြခဲ့သည်။

ပြည်သူ့တရားရုံးချုပ် ဥက္ကဋ္ဌရှောင်ယန်းကလုပ်ငန်းအစီရင်ခံစာကို တင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာ၌ ၂၀၀၁ ခုနှစ်တွင် တရားရုံးများနှင့် ရဲအဖွဲ့တို့က ဒုစရိုက်ဂိုဏ်းများနှိမ်နင်းရေးကို အထူးကြပ်မတ်ဆောင်ရွက်ဖမ်းဆီးခဲ့ကြောင်း၊ သို့ဖြစ်၍ တရားရုံးများသို့ ရောက်ရှိလာသည့်ဂိုဏ်းဖွဲ့ပြုလုပ်ထားသောဒုစရိုက်မှုများ ၆ ဆတိုးလာကြောင်း၊ အကြမ်းဖက်မှုပါသည့်ပြစ်မှုများလည်း တိုးလာကြောင်း အစီရင်ခံတင်ပြခဲ့သည်။

အမေရိကန်ပြည်ထောင်စုဘက်မှ ဆက်တိုက်မှားယွင်းသည့် လုပ်ရပ်များကြောင့် မတ်လတွင် တရုတ်-အမေရိကန်ဆက်ဆံရေးမှာ ဆိုးဝါးလာခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ စစ်ဘက်အရာရှိများ၏ကွန်ဖရင့်သို့ ထိုင်ဝမ်မှကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးတန်ယောင်မင်းအား အမေရိကန်တို့က တက်ရောက်ခွင့်ပေးခဲ့သည်။ ဤလုပ်ရပ်ကြောင့် တရုတ်-အမေရိကန်ဆက်ဆံရေးကျဲသွားစေခဲ့သည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက "အဏုမြူရေးရာ ရပ်တည်မှု အနေအထားသုံးသပ်ချက်" စာတမ်းကို ထုတ်ပြန်ခဲ့သည်။ ထိုသတင်း၌ တရုတ်ပြည်နှင့် အဏုမြူရေးရာထိပ်တိုက်ရင်ဆိုင်လာရပါက အရေးပေါ်ဆောင်ရွက်မည့် အစီအစဉ်များကို ဖော်ပြထားသည်။ ထိုစာတမ်းအတွက် ဒေါသဖြစ်ရကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တရုတ်ပြည်တောင်ပိုင်းရှိ ဟိုင်နန်ကျွန်း၌ ဧပြီလ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ ပိုအာအိုအာ၌ နှီးနှောဖလှယ်ပွဲ (Boao Asia Forum) ကို စတင်ကျင်းပခဲ့သည်။ ဤနှီးနှောဖလှယ်ပွဲသည် အာရှတိုက်အတွက် ကမ္ဘာ့စီးပွားရေးနှီးနှောဖလှယ်ပွဲဖြစ်သည်။

ရန်ဟိုင်းမြို့ပြင်တွင်ရှိသည့် ဆော့ဖ်ဝဲယားထုတ်လုပ်သည့် စက်မှုဇုန်တစ်ခု

ဤနှီးနှောဖလှယ်ပွဲကို တရုတ်အစိုးရက နှစ်စဉ်ကျင်းပသွားနိုင်ရန် စီစဉ်ထားသည်။ ဤနှီးနှောဖလှယ်ပွဲ၌ ဝန်ကြီးချုပ်ကျုံကျိုက ဧည့်ခံခဲ့သည်။ ဂျပန်နှင့်ထိုင်းတို့မှ ဝန်ကြီးချုပ်များအပါအဝင် အဆင့်မြင့်အာဏာပိုင်ပေါင်း ၁၉၀၀ ခန့် တက်ရောက်ခဲ့သည်။ ထို့ပြင် ဒေသဆိုင်ရာဝါရင့်ခေါင်းဆောင်များ၊ ပညာရှင်များနှင့် နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးအဖွဲ့များမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။

ဧပြီလ ၂၈ ရက်နေ့မှ မေလ ၁ ရက်နေ့အထိ တရုတ်ဒုတိယသမ္မတဟူကျင်တောင်သည် ပထမဆုံး တရားဝင်အလည်အပတ်ခရီးအဖြစ် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့သည်။ သမ္မတဘုရှ်၊ ဒုတိယသမ္မတစ်ချေနေတိုးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မေလ ၁ ရက်နေ့တွင် ဟူကျင်တောင်သည် သမ္မတဘုရှ်နှင့် နာရီဝက်ကြာတွေ့ဆုံဆွေးနွေးခဲ့သည်။ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး၊ ထိုင်ဝမ်၏အနေအထားအဆင့်သတ်မှတ်ရေး၊ ဒုံးကျည်များပြန့်ပွားနေမှုအရေး၊ လူ့အခွင့်အရေးများကို ဆွေးနွေးခဲ့ကြသည်။

တရုတ်လေကြောင်းလိုင်းပိုင် ၇၆၇ လေယာဉ်သည် တောင်ကိုးရီးယားရှိဖူဆန်မှ ကင်ဟေးလေဆိပ်သို့အဆင်းတွင် ပျက်ကျသွားခဲ့သည်။ လေယာဉ်ဝန်ထမ်းအဖွဲ့နှင့်ခရီးသည်များ စုစုပေါင်း ၁၆၆ ဦး လိုက်ပါခဲ့ကြသည်။ လူပေါင်း ၁၂၇ ဦး သေဆုံးသည်။ ဧပြီလ ၁၅ ရက်နေ့က လေယာဉ်ပျက်ကျရာတွင် လူ ၃၉ ဦးမှာ အသက်ရှင်သန်ကျန်ရစ်ခဲ့ကြောင်း အဲ့သြဖွယ်ရာတွေ့ရှိခဲ့ရသည်။ လေယာဉ်ပျက်ကျသည့် အကြောင်းရင်းကို သေချာစွာမသိရသေးသော်လည်း လေဆိပ်သို့အဆင်းတွင် တောင်ထွတ်တစ်ခုနှင့် တိုက်မိပြီး ပျက်ကျခဲ့ခြင်းဖြစ်မည်ဟု ယူဆရသည်။

အမေရိကန်ပြည်ထောင်စုသည် တရုတ်ပြည်မှ တင်သွင်းသောသံမဏိများအပေါ် အကောက်ခွန်တိုးယူခဲ့သည်။ ထို့ကြောင့် တရုတ်သံမဏိကုမ္ပဏီများအဖို့ ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့် နစ်နာခဲ့ရသည်။ ယင်းကို တုံ့ပြန်သည့်အနေဖြင့် မေလ ၂၂ ရက်နေ့တွင် တရုတ်ပြည်ကလည်း အမေရိကန်မှတင်သွင်းသော သံမဏိတို့အပေါ် အကောက်ခွန်တိုးမြှင့်ယူခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် တရုတ်ပြည်ပါဝင်ခွင့်ရရှိပြီးနောက် ကိုယ်ကျိုးစီးပွားကို ကာကွယ်သည့်အနေဖြင့် ဤကဲ့သို့ပထမဆုံးအကြိမ် အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်တို့၏ အကောက်ခွန်တိုးယူမှုသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏စည်းမျဉ်းများကို ဖောက်ဖျက်ကြောင်း ထင်ရှားပေါ်လွင်သွားပါက အမေရိကန်၏အခြားသွင်းကုန်များအပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံမည်ဟု တရုတ်တို့က ပြောကြားသည်။

နိုင်ငံလုံးဆိုင်ရာ စာရင်းအင်းဗျူရိုအဖွဲ့က မေလ ၁၅ ရက်နေ့တွင် စီးပွားရေးကိန်းဂဏန်းများကို ထုတ်ပြန်ခဲ့သည်။ ၂၀၀၂ ခုနှစ် ပထမ ၄ လပတ်အတွင်း ပို့ကုန်များ၊ စက်မှုထုတ်ကုန်များ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် တစ်နှစ်ပြီးတစ်နှစ် ၂၉.၀၆ ရာခိုင်နှုန်း တိုးတက်စီးဝင်လာခဲ့သည်။ စီးပွားရေးကို နှိုးဆွပေးသည့်အနေဖြင့် အစိုးရက အသုံးစရိတ်များကို များစွာတိုးချဲ့နေသဖြင့် နိုင်ငံ၏ ဘဏ္ဍာရေးကို ထိခိုက်စေကြောင်း၊ စားသုံးသူတို့အတွက် ကုန်စျေးနှုန်းများမှာလည်း ယေဘုယျအားဖြင့် ကျဆင်းနေကြောင်း၊ အလုပ်လက်မဲ့ဦးရေမှာ တိုးပွားလာနေကြောင်း အကဲခတ်သူများက သုံးသပ်ခဲ့သည်။

ရှန်ကျင့်အထူးစီးပွားရေးရှိ စျေးကွက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပါဝင်ခွင့်ကို အရှိန်တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း ဇွန်လ ၁၇ ရက်နေ့ထုတ် ဖိုင်နင်ရှယ်တိုင်းသတင်းစာက ဖော်ပြခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပါဝင်ခွင့်ပေးမှုသည် မကြုံစဖူး ထူးကဲသောလုပ်ဆောင်ချက်ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် တရုတ်ပြည်ဝင်ရောက်ခွင့်ရရှိရေးအတွက် ညှိနှိုင်းခဲ့စဉ်ကထက် ကန့်သတ်ချက်များကို ပိုမိုလျှော့ချပေးခဲ့သည်။

တရုတ်ပြည်ဘေဂျင်းမြို့၌ ဇွန်လ ၁၆ ရက်မနေ့က လိုင်စင်မဲ့ဖွင့်ထားသော အင်တာနက်ကဖေးတစ်ခုသည် ရှိမီးကြောင့်မီးလောင်ခဲ့ရာ လူ ၂၄ ဦးသေဆုံး၍ ၁၃ ဦးဒဏ်ရာရခဲ့သည်။ ထိုအင်တာနက်ကဖေးကို အသက် ၁၃၊ ၁၄ နှစ်အသီးသီးရှိသော လူငယ်နှစ်ဦးက ဒေါသအလျောက်တုံ့ပြန်ရင်း မီးရှို့ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဘေဂျင်းမြို့တော်ဝန်ကဘေဂျင်းရှိအင်တာနက်ကဖေးပေါင်း ၂၄၀၀ ကို ပိတ်ပင်ခဲ့သည်။ အင်တာနက်ကဖေး ၂၀၀ ကိုသာ ဖွင့်လှစ်ခွင့်လိုင်စင်ထုတ်ပေးခဲ့သည်။ အစိုးရက အင်တာနက်များကို ထိန်းချုပ်ခဲ့သည်။

ဇူလိုင်လအတွင်းတရုတ်-အမေရိကန်သံတမန်ဆက်ဆံရေးသည် ပိုမိုတင်းမာသွားခဲ့သည်။ တင်းမာစေခဲ့သည့် ပထမအကြောင်းရင်းမှာ တရုတ်တို့က ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်သစ်ကို ပထမဆုံးစမ်းသပ်ပစ်လွှတ်ခဲ့မှုဖြစ်သည်။ ဒုတိယအကြောင်းရင်းမှာ အမေရိကန်စစ်ဌာနချုပ်၏ နှစ်ပတ်လည်အစီရင်ခံစာပါအချက်များဖြစ်သည်။ ထိုအစီရင်ခံစာ၌ မကြာသေးမီနှစ်များအတွင်းက တရုတ်ပြည်သည် အမေရိကန်အကျိုးစီးပွားကို ခြိမ်းခြောက်နိုင်လောက်အောင် စီးပွားရေး၊ စစ်ရေးတိုးတက်မှုများ ရှိခဲ့ကြောင်း၊ စစ်အသုံးစရိတ်သည် လူသိရှင်ကြားကြေညာထားသည်ထက် များစွာကျော်လွန်နေကြောင်း ဖော်ပြထားသည်။ တရုတ်အစိုးရပိုင်းက အမေရိကန်စစ်ဌာနချုပ်၏ စွပ်စွဲရေးသားချက်များကို ငြင်းဆိုခဲ့သည်။ နိုင်ငံပိုင်သတင်းမီဒီယာများက အမေရိကန်သည် စိတ်ကစဉ့်ကလျားဖြစ်ပြီး အခြားသူများကို ရန်လိုမုန်းတီးနေသည့်ရောဂါနှင့် ထိန်းမနိုင်သိမ်းမရလောက်အောင် စိတ်တုန်လှုပ်ချောက်ချားသည့် ရောဂါတို့ စွဲကပ်နေကြောင်း ရေးသားခဲ့ကြသည်။ ဇူလိုင်လ ၁၁ ရက်နေ့ထုတ် အရှေ့ဖျားစီးပွားရေးသုံးသပ်ချက်မဂ္ဂဇင်း၌ တရုတ်တို့သည်ရုရှားလုပ် A-12 ထပ်ဆင့်လွှတ်ဒုံးကျည်ကို ရရှိသွားပြီဖြစ်ကြောင်း၊ ထိုဒုံးကျည်ကြောင့် လေကြောင်းကာကွယ်ရေးစွမ်းအား တက်လာခဲ့ကြောင်း ဖော်ပြထားသည်။

တရုတ်ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်များသည် ဇူလိုင်လကုန်ပိုင်းက ဘေဂျင်းမြို့တော်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၂၅၀ ကွာဝေးသော ပေတိုင်ယောအမည်ရှိ ပင်လယ်ကမ်းခြေအပန်းဖြေစခန်း၌ နှစ်စဉ်ပုံမှန်အတိုင်း နွေရာသီအတွက် အနားယူရင်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုသို့တွေ့ဆုံခဲ့ကြစဉ် တရုတ်ကွန်မြူနစ်ပါတီအတွက် မျိုးဆက်သစ်ခေါင်းဆောင်များကို ရွေးချယ်သတ်မှတ်ခဲ့ကြသည်။ တရုတ်တို့၏ စတုတ္ထမျိုးဆက်သစ် ခေါင်းဆောင်များကို တရုတ်ကွန်မြူနစ်ပါတီ၏ ၁၆ ကြိမ်မြောက် ပါတီကွန်ဂရက်က ရွေးချယ်အတည်ပြုဆုံးဖြတ်မည်ဖြစ်သည်။

သြဂုတ်လ ၂၅ ရက်နေ့တွင် တရုတ်အစိုးရက ဒုံးကျည်များ၊ ဒုံးကျည်နှင့်ဆက်စပ်နေသော နည်းပညာများတင်ပို့မှုနှင့် စပ်လျဉ်း၍ ရှေးကမရှိခဲ့ဖူးသော စည်းမျဉ်းသစ်များကို ချမှတ်ပေးလိုက်သည်။ ဤစည်းမျဉ်းသစ်အရ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံ၏ အကျိုးစီးပွားတို့ကို ထိခိုက်နိုင်သောတင်ပို့မှုများနှင့် ပတ်သက်၍ ဗဟိုစစ်ကော်မရှင်၏အတည်ပြုချက်ကို ကြိုတင်ရယူပြီးမှသာ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ အစုအပြုံလိုက် သေကျေပျက်စီးစေနိုင်သော လက်နက်များမပြန့်ပွားရေးသည် တရုတ်

ပြည်၏မူဝါဒဖြစ်သည်။ ဤမူဝါဒကို ပိုမိုခိုင်မာစေရန် ဤသို့စည်းမျဉ်းသစ်များ ချမှတ်လိုက်ခြင်းဖြစ်သည်။

သြဂုတ်လ ၂၆ ရက်နေ့တွင် အမေရိကန်အစိုးရက တရုတ်ပြည်ရှိစင်ကျန်ဒေသတွင် ဆူပူလှုပ်ရှားနေသော အရှေ့တောကက်စတန် အစွန်လမ်းလှုပ်ရှားရေးအဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ပေးခဲ့သည်။ စင်ကျန်ဒေသမှ မွတ်ဆလင်များသည် တရုတ်တို့၏အုပ်ချုပ်ရေးကို ဆန့်ကျင်လှုပ်ရှားနေကြသည်။ ခွဲထွက်ရေးကြိုးပမ်းနေကြသည်။

ယူနန်ပြည်နယ်အလယ်ပိုင်းဌာန မြစ်ရေလျှံမှုသည် စိုးရိမ်ဖွယ်ရာဖြစ်သဖြင့် သြဂုတ်လ ၂၁ ရက်နေ့က အရေးပေါ်အခြေအနေကြေညာလိုက်ရသည်။ ဤသို့ မြစ်ရေလျှံမှုကြောင့် လူပေါင်း ၉၀၀ ကျော် သေဆုံးခဲ့ရသည်။ တုန်တင်းရေကန်ကြီး ကျိုးပေါက်ပြီး ဟူနန်နှင့်ဟူပေပြည်နယ်များတွင် ရေလွှမ်းမိုးသွားမည် စိုးရိမ်ရသဖြင့် စစ်ဘက်နှင့်အရပ်ဘက် ပုဂ္ဂိုလ် ထောင်သောင်းတို့သည် ယန်စီမြစ်ရိုးတစ်လျှောက်ရှိဆည်မျှား၊ တာတမံများကို အားဖြည့်ခဲ့ကြရသည်။ ရေဘေးကာကွယ်ရေးတွင် လူထုအင်အားဖြင့် ဆောင်ရွက်နိုင်ခဲ့သောကြောင့် ကြောက်မက်ဖွယ်ဘေးဆိုးကြီးကို ကျော်လွှားနိုင်ခဲ့သည်။ တရုတ်အစိုးရနှင့်ပြည်သူတို့ လက်တွဲညီညွတ်မှုကို ဖော်ထုတ်နိုင်ခဲ့သည်။

စက်တင်ဘာ လဦးပိုင်းတွင် ပြည်ပရောက် ဘာသာရေးခေါင်းဆောင် ဒလိုင်းလားမား၏ တမန်တော်နှစ်ဦးသည် တိဘက်ရှိလာဆာမြို့တော်သို့ ရောက်လာခဲ့သည်။ သူတို့သည် တရုတ်အရာရှိများနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြသည်။ ဤသို့လာရောက်ခြင်းသည် ဒလိုင်းလားမားနှင့် တရုတ်အာဏာပိုင်တို့အကြား အဆင့်မြင့်ပိုင်းတွင် တွေ့ဆုံမှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။ တရုတ်အစိုးရသည် တိဗက်အရေးတွင် ပျော့ပျောင်းလာမှုလက္ခဏာဖြစ်သည်။

အောက်တိုဘာလ ၂၂-၂၈ ရက်များတွင် သမ္မတကျန်ဇီမင်းသည် အမေရိကန်ပြည်ထောင်စုသို့ တရားဝင်အလည်အပတ်ရောက်ခဲ့သည်။ ခရောဖိုးဒ်ရှိ သီးသန့်ခြံတွင် သမ္မတနှစ်ဦးတွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြသည်။ သမ္မတနှစ်ဦးက သူတို့သည်မြောက်ကိုးရီးယား၌ အဏုမြူလက်နက်ကင်းရှင်းရေး၊ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး၊ အစုအပြုံလိုက် သေကျေပျက်စီးစေနိုင်သည့်လက်နက်များ မပြန့်ပွားရေးတို့တွင် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူထားပြီးဖြစ်သည်ဟု ပြောခဲ့ကြသည်။

တရုတ်ကွန်မြူနစ်ပါတီ၏ ၁၆ ကြိမ်မြောက် ကွန်ဂရက်ကို ဘေဂျင်မြို့တော်၌ နိုဝင်ဘာလ ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပခဲ့သည်။ ပါတီကိုယ်စားလှယ်ပေါင်း ၂၁၁၄ ဦးတက်ရောက်ခဲ့သည်။ ထိုကွန်ဂရက်သို့ ပါတီအထွေထွေအတွင်းရေးမှူး ကျန်ဇီမင်းက ဗဟိုကော်မတီ၏ နိုင်ငံရေးဆောင်ရွက်ချက်အစီရင်ခံစာကို တင်သွင်းခဲ့သည်။ ယင်းသို့ အစီရင်ခံစာတင်သွင်းရာတွင် ကျန်ဇီမင်းကအထူးအာရုံစူးစိုက်၍ ပြောကြားခဲ့သောအချက် ပါဝင်သည်။ ပဂ္ဂလိကပိုင်ပစ္စည်းနှင့် ချမ်းသာကြွယ်ဝမှုကို အကာအကွယ်ပေးရေးသည် တရုတ်စီးပွားရေးမူဝါဒ၏ မဏ္ဍိုင်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ အာဏာရလာချိန်မှစ၍ နိုင်ငံပိုင်အရင်းအနှီးများကိုသာ ဦးစားပေးအဆင့် သတ်မှတ်ခဲ့သည်။ ၎င်းရပ်တည်ချက်ကို ခွင့်လွှတ်လိုက်ပြီဖြစ်သည်။ တရုတ်ပြည်၌ ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုကို လက်တွေ့အားဖြင့် လက်ခံလာခဲ့သည်မှာ ကြာပြီဖြစ်သည်။ သို့သော် ယခုကဲ့သို့ ကျန်ဇီမင်းက ဖွင့်ပြောလိုက်သဖြင့် ပုဂ္ဂလိကပိုင်ဆိုင်မှုကို တရားဝင်အသိအမှတ်ပြုရာ ရောက်သွားသည်။

ဤကွန်ဂရက်က အချိန်ပြည့်ဗဟိုကော်မတီဝင် ၁၉၈ ဦးနှင့် အရန်ဗဟိုကော်မတီဝင် ၁၅၈ ဦးတို့ကို ရွေးကောက်တင်မြှောက်ခဲ့သည်။ တန်ခိုးဩဇာကြီးမားသောအမြဲတမ်း ပေါလစ်ဗျူရိုအဖွဲ့ကိုလည်း ရွေးကောက်တင်မြှောက်ခဲ့သည်။ ဟူကျင်တောင်းအား အထွေထွေ အတွင်းရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။ ပေါလစ်ဗျူရိုအမြဲတမ်းအဖွဲဝင်သစ်များမှာ ဝါစဉ်အလိုက် ဟူကျင်တောင်း၊ ဝုပန်ကို၊ စိန်ကျားပေါင်၊ ကျားကျင်လင်း၊ ချိန်ကျင်းဟောင်၊ ဟွမ်ကျူး၊ ဝုကွမ်ချိန်၊ လီချန်ချန်းနှင့် လောကန်တို့ဖြစ်ကြသည်။

ကျန်ဇီမင်းသည် ဗဟိုစစ်ကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် ရှိနေဦးမည်ဖြစ်ရာ ၎င်း၏သြဇာအရှိန်အဝါ ရှိနေဦးမည်ဖြစ်သည်။

ဦးခင်မောင်မြ

တက္ကသိုလ် ဘုန်းနိုင် (၁၉၃၀ - ၂၀၀၂)။ ။

တက္ကသိုလ်ဘုန်းနိုင်ကို ရန်ကုန်တိုင်း သံလျင်မြို့၌ ဖ ခင် ဦးထွန်းဖေ၊ မိခင် ဒေါ်ကြင်မေတို့က ၁၉၃၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဖွားမြင်သည်။ မွေးချင်း (၅) ယောက်ရှိသည့်အနက် ဒုတိယမြောက် ဖြစ်ပြီး ငယ်နာမည် မောင်ဖေသိန်းဖြစ်ကာ အစိုးရ အမှုထမ်းဆောင်သောအခါ ဦးခင်မောင်တင့်ဟု တွင်သည်။

တက္ကသိုလ် ဘုန်းနိုင်

သံလျင်၊ တံတားဝ၊ သုံးခွမြို့ မက်သဒစ်ကျောင်းများ ပြည်မြို့၊ ပေါင်းတည်မြို့ အစိုးရအထက်တန်းကျောင်းများတွင် ပညာသင်ကြားခဲ့ပြီး ဗုဒ္ဓစာပေကို ထုံးဘိုမြို့၊ ကိုးဆောင်တွဲကျောင်းတွင် သင်ကြားခဲ့သည်။

တက္ကသိုလ်ဘုန်းနိုင်၏ စာပေအနုပညာနှင့် ပတ်သက်သော ထူးခြားချက်မှာ ကလေးဘဝအရွယ် ၈ နှစ်သားကပင် 'ဒဂုန်မောင်ဖေသိန်း' ဟူသော ကလောင်အမည်ဖြင့် စာများရေးခဲ့သည်ဟုဆိုသည်။ ကျောင်းသားဘဝ ကျောင်းနံရံကပ်စာစောင်များတွင် 'သုမောင်' ဟူသောကလောင်အမည်နှင့် 'စာ' များ ရေးသားခဲ့သည်။

၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာများကို ဆက်လက်သင်ကြားခဲ့သည်။

၁၉၄၉ ခု ဇန်နဝါရီလထုတ် ရှုမဝမဂ္ဂဇင်း (အတွဲ ၂ - အမှတ် ၂၀)တွင် တက္ကသိုလ်ဘုန်းနိုင် ကလောင်အမည်ဖြင့် "ဒို့ဟ" ကဗျာကို ရေးသား၍ စာပေနယ်သို့ စတင်ဝင်ရောက်လာသည်။ စင်စစ် တက္ကသိုလ်ဘုန်းနိုင်ဟူသော ကလောင်အမည်သည် သူစွဲလမ်းနှစ်ခြိုက်ခဲ့သည့် စာရေးဆရာဗန်းမော်တင်အောင်၏ ဘုန်းမောင့်တစ်ယောက်ထဲရယ်" ဝတ္ထုစာအုပ်မှ အဓိကဇာတ်ဆောင် 'ဘုန်းနိုင်' ၏ အမည်ကို ကလောင်အဖြစ် ယူထားခြင်း ဖြစ်ကြောင်း တက္ကသိုလ်ဘုန်းနိုင်ကိုယ်တိုင် ပြောခဲ့ရေးခဲ့သည်။

၁၉၅၀ ပြည့်နှစ်၌ အတွဲ (၁)၊ အမှတ် (၆)၊ ဖေဖော်ဝါရီလထုတ်ဖြစ် သော တော်ဝင်မဂ္ဂဇင်းတွင် ပါဝင်သည့် 'လရောင်နှင့်အရိပ်' သည် တက္ကသိုလ်ဘုန်းနိုင်၏ ပထမဆုံးအကြိမ် ပုံနှိပ်ဖော်ပြခြင်းခံရသော ဝတ္ထုစာမူဖြစ်သည်။ ထိုဝတ္ထုသည် မော်ပါဘွန်းကပ် ကို မှီး၍ ရေးသားထားခြင်း ဖြစ်သည်။

၁၉၅၁ တွင် ရန်ကုန်တက္ကသုလ်မှ စိတ်ပညာဖြင့် ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့ကို ပထမဆင့်မှ အောင်မြင်ပြီး ဘွဲ့နှင်းသဘင်၌ ထူးချွန်မှုဆုကဆိပ် ခံုးမြှင့်ခြင်း ခံရသည်။ ထိုနှစ်မှာပင် မန္တလေးစိတ်ပညာဌာန တည်ထောင်သူနှင့် ဌာနမှူးအဖြစ် တာဝန်ယူခဲ့သည်။

၁၉၅၅ မှ ၁၉၆၂ အထိကာလတွင် မန္တလေး တက္ကသိုလ်စိတ်ပညာဌာန လက်ထောက်ကထိကနှင့် ကထိကတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၅၆ မှ ၁၉၆၁ ကာလတွင်မူ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၊ ကိုလံဘီယာတက္ကသိုလ် ဘွဲ့လွန် မဟာဌာနမှ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

၁၉၆၂ မှ ၁၉၇၂ (၁၀) နှစ်တာ ကာလသည်ကား တောင်ကြီးကောလိပ်၏ ကျောင်းအုပ်ကြီး ဦးခင်မောင်တင့်အဖြစ် တက္ကသိုလ်ကောလိပ်လောကတွင် နာမည်ထင်ရှားခဲ့သည်။ ထို့အတူ တက္ကသိုလ်ဘုန်းနိုင်ဟူသော ကလောင်အမည်ဖြင့် လွမ်း (၁၉၆၂)၊ မိုးညအိပ်မက်မြူ (၁၉၆၂)၊ ဤမြေမှသည် (၁၉၆၃)၊ မောင့်ဘဝညလားကွယ် (၁၉၆၃) သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင် (၁၉၆၄)၊ ချစ်သောဤကမ္ဘာ (၁၉၆၄)၊ လွမ်းတေးမဆုံးစေနှင့် စောသခင် (၁၉၆၅)၊ ကမ္ဘာကုန်ကျယ်သရွေ့ဝယ် (၁၉၆၆)၊ နွေကန္တာဦး (၁၉၆၆)၊ ဝသန်လေချိန် မှန်ကူး (၁၉၆၉)၊ တစ်ပြည်သူမရွှေထား (၁၉၇၁)၊ နှင်းငွေတစ်ထောင့် မိုးတစ်မှောင့် (၁၉၇၂) စသည့် ဝတ္ထုများက ထိုအချိန်အခါဝယ် ကလောင်အမည်နှင့် ဝတ္ထုအမည်ယှဉ်တွဲ၍ ထင်ရှားကျော်ကြားခဲ့သည်။ တစ်နည်းအားဖြင့် ထိုစဉ်က စာရေးဆရာတက္ကသိုလ်ဘုန်းနိုင်သည် စာရေးဆရာအဖြစ် ကျော်ကြားခဲ့ခြင်း မျိုးနှင့် ကျော်ကြားခဲ့ခြင်းဖြစ်သည်ဟု နှောင်းသုတေသီတို့က သတ်မှတ်ကြသည်။

ဝါစ်ဆက်တည်းမှာပင် တက္ကသိုလ်ဘုန်းနိုင် သည် ၁၉၆၄ မှ ၁၉၈၈ ကာလအတွင်းဝယ် တက္ကသိုလ်ပညာရေးအဖွဲ့များ ကောင်စီ၏အဖွဲ့ဝင် အဖြစ်လည်းကောင်း၊ တက္ကသိုလ်များ ဗဟို ကောင်စီ အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၇၂ မှ ၁၉၇၇ အထိ ငါးနှစ်တာကာလတွင် ပုသိမ်ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးအဖြစ် ပြောင်းရွှေတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၇ တွင် ဂျပန်နိုင်ငံသို့ ပညာရေး လေ့လာရေးအဖွဲ့ဝင် ခေါင်းဆောင်အဖြစ် သွားရောက်ခဲ့သည်။

၁၉၇၇ မှ ၁၉၇၈ အထိကာလသည် မော်လမြိုင်ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးအဖြစ် အမှုထမ်းသည့်ကာလ ဖြစ်သည်။ ထိုကာလက သူ၏ ကိုယ့်ဘဝအလှဒွေလမင်း (၁၉၇၆) ဝတ္ထုထွက်ပေါ် သည်။

၁၉၈၀ ပြည့်တွင် ပညာရေးနှိုးနှောဖလှယ်ပွဲ၌ အခြေခံပညာရေးနှိုးနှောပွဲ၏ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၈၁ တွင် ဂျပန်နိုင်ငံသို့ အထူး ပညာရေး လေ့လာရေးအဖွဲ့ ဒုတိယ ခေါင်းဆောင်အဖြစ် သွားရောက်ခဲ့သည်။ ထိုအချိန်တွင် ဆရာ၏ စွန့်စားရသောနွေညများ (၁၉၈၀) ဝတ္ထုထွက်ပေါ် ခဲ့သည်။

၁၉၈၂ ခုနှစ် ပထမအကြိမ်စာပေလုပ်သား အဖွဲ့ ညီလာခံတွင် စာရေးဆရာအဖွဲ့ညီလာခံ၏ သဘာပတိအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။

၁၉၈၃ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သို့ ပညာရေးလေ့လာရေးအဖွဲ့ ခေါင်းဆောင်အနေ နှင့် သွားရောက်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် မော်လမြိုင်တက္ကသိုလ်၏ ဒုတိယပါမောက္ခချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုနှစ်များတွင် ဆရာ၏ မိုးတွေရွာမှဖြင့်လျှင်ကွယ် (၁၉၈၄) ဝတ္ထုစာအုပ်ထွက်ပေါ်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်နေရာမှ အငြိမ်းစားယူခဲ့သည်။ ထိုအချိန်မှစ၍ ဝတ္ထုများ၊ စာပေဆောင်းပါးများကို ယခင်ကထက်ပို၍ ရေးသား နိုင်ခဲ့သည်။

ထိုသို့နှင့် သူ၏နောက်ပိုင်း စာပေလက်ရာများ အဖြစ် တိမ်ညိုအလွင့်လအမြင့် (၁၉၉၀) ၊ ချစ်သူ အိမ်အမိုးနောက်ဝယ် လပျောက်ခဲ့ခြင်း (၁၉၉၁)၊ မျက်ရည်သောကများ၏ ဟိုမှာဘက်၊ လေရူးသည် စာမတတ်ပါ (၁၉၉၅) တို့ကို ဆက်လက်တွေ့ခဲ့ရသည်။

တက္ကသိုလ်ဘုန်းနိုင်သည် လုံးချင်းဝတ္ထုများကို စဉ်ဆက်မပြတ် ရေးသား ထုတ်ဝေနိုင်သကဲ့သို့ မဂ္ဂဇင်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်း မပြတ် မလတ် ရေးသားခဲ့သည်။ မဂ္ဂဇင်းများတွင် ပါဝင်ခဲ့ သော ဝတ္ထုတိုများကို တစ်ပေါင်းတစ်စပ်တည်း ရှိအောင် ဝတ္ထုတိုပေါင်းချုပ်စာအုပ်အဖြစ် ထုတ်ဝေ ခဲ့ရာတွင် ပြန်လည်တင်ပြသည် (၁၉၆၅)၊ ဝတ္ထုတို ပေါင်းချုပ် အမှတ် ၁၊ ၂၊ ၃ (၁၉၆၉)၊ ဝိညာဉ်မှာ ပူးသည့် ကြည်နူးမှုအလှပန်း (၁၉၉၃) ကျွန်တော့် ဘဝ ပိတောက်ကဗျာ (၁၉၉၃) စသည့်စာအုပ်များ ထွက်ရှိခဲ့သည်။

စာပေအနုပညာဆိုင်ရာ စာအုပ်များအနေနှင့် ဘုန်းနိုင်အတွေး ဘုန်းနိုင်အမြင် (၁၉၇၇)၊ ခပ်သိမ်း ကဗျာရဲ့ဖွယ်သာတည်း ပထမတွဲ၊ ဒုတိယတွဲ (၁၉၉၄) စာအုပ်များနှင့် တွဲတေးကဗျာမဂ္ဂဇင်းတွင် ၂၄ လ တိုင် အခန်းဆက်ရေးသားခဲ့သည့် လီရာနာ၊ ဂင်္ဂါ၊ ဧရာဝတီ (ကဗျာနိယမနှင့် သခင်ရ) စသည်တို့ကို တွေ့ရသည်။

တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုစာအုပ်များကို နိုင်ငံခြားဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။ ယင်း စာအုပ်များမှာ ရုရှားဘာသာဖြင့် သူ့ကျွန်မခံပြီ (၁၉၇၀)၊ တရုတ်ဘာသာဖြင့် စွန့်ခွာရသည့် နွေညများ (၁၉၈၈)၊ ဟင်ဒီဘာသာဖြင့် သူငယ်ချင်း လို့ပဲ ဆက်၍ ခေါ်မည်ခိုင် (၁၉၉၄)၊ မုန်းရစ်လေဦး တို့ ဖြစ်သည်။ မိုးညအိပ်မက်မြူဝတ္ထုမှာ ဂျပန်နိုင်ငံ အိုဆာကာ တက္ကသိုလ်၊ မြန်မာစာဌာန ပြဌာန်း စာအုပ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ နှင်းငွေ့ တစ်ထောင့် မိုးတစ်မှောင့်စာအုပ်မှာ ၁၉၇၃ ခုနှစ်၏ ဝတ္ထုရှည် အမျိုးသားစာပေဆုကို ရရှိ ခဲ့သည်။ ဝတ္ထု။ ကျမ်း၊ စာအုပ်များအပြင် ကဗျာနှင့်ပတ်သက်၍ တစ်ပုဒ်စ၊ နှစ်ပုဒ်စ ကိုယ်တိုင်ရေး ကဗျာအနေနှင့် တည်ရှိသကဲ့သို့ အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် ဘာသာပြန် ကဗျာစာအုပ်များကိုလည်း ပြန်ဆို ရေးသားခဲ့သည်။ ၎င်းတို့မှာ ရှားလော့ဒေဝီ (၁၉၉၆) နှင့် တမ်းတခြင်း (၁၉၉၇) တို့ ဖြစ်ကြသည်။

တက္ကသိုလ် ဘုန်းနိုင်

သူရ
ဦးတင်မောင်

တက္ကသိုလ်ဘုန်းနိုင်သည် ငယ်စဉ်က ဆင်းရဲတွင်း သက်ဆင်းခဲ့ရသူဖြစ်ကြောင်း၊ ဖခင်ဖြစ်သူနှင့် ရှင်လျက်ကွဲနေရသောကြောင့် ထမင်းသုပ်၊ မုန့်ဟင်းခါးများ လှည့်လည်ရောင်းကာ မိခင်နှင့်အစ်မကို လုပ်ကိုင်ကျွေးမွေးခဲ့ရကြောင်း၊ ထိုကဲ့သို့ဘဝနာခဲ့သဖြင့် အလွမ်းဝတ္ထုများ ပို၍ရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ ဆရာကြီးမကွယ်လွန်မီ သက်ရှိထင်ရှားရှိစဉ်ကတည်းက တွေ့ဆုံမေးမြန်းသူ ဝင်းငြိမ်း၏မေးခွန်းများကို ဖြေဆိုရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

တက္ကသိုလ်ဘုန်းနိုင်၏ ရသစာပေအရေးအသား (ဝတ္ထု)နှင့် ပတ်သက်၍ ထင်ရှားကျော်ကြားမှုကို ထိုစဉ်က 'စွယ်တော်ရွက် စာရေးဆရာ' ဟု ခေါ်ဝေါ်သုံးစွဲရလောက်အောင် အောင်မြင်ခဲ့သော 'သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်' ဝတ္ထုက သက်သေပြခဲ့သည်။

"ဘဝဟူသည်ကို သစ်ရွက်နှင့်ပမာ ပုံခိုင်း၍ နှိုင်းစတမ်းဆိုပါလျှင် . . . . တစ်ရိုးတံမှာ အလွှာငယ်တစ်ဆယ်မက ကြွယ်လှသော စိန်ပန်းရွက်နှယ် ဘဝမျိုးလည်း ရှိသည်။ တစ်ညှာတွင် တစ်လွှာရှိ၍ ဤတစ်လွှာပင် တစ်ရွက်မည်သော ညောင်ရွက်ကဲ့သို့ ဘဝမျိုးလည်း ရှိပါ၏။ ခိုင်နှင့်ကျွန်တော့်ဘဝမှာမူ နှစ်လွှာပေါင်းမှတစ်ရွက်ဖြစ်ရမည့် စွယ်တော်ရွက်ပမာသာ ဖြစ်ခဲ့ရသည်။ တစ်လွှာကြွေခဲ့လေပြီမင့် တစ်ရွက်မမည်လေတော့သော အထီးကျန်ထိုဘဝဝယ်. . . . " ဟူသောစာသားက ခေတ်အဆက်ဆက်တိုင် မရိုးနိုင်အောင် ပဲ့တင်ထပ်နေခဲ့သည်။

ဤကဲ့သို့ မြန်မာစာပေလောက၊ မြန်မာဝတ္ထုရှည်သမိုင်းနှင့် ပတ်သက်၍ လေ့လာပြီဆိုသောအခါ မပါမဖြစ် ထည့်သွင်းပြောဆိုရမည့် တက္ကသိုလ်ဘုန်းနိုင်သည် ၂၀၀၂ ခုနှစ်၊ မေလ ၁၁ ရက်နေ့၌ အမှတ် ၃၆၊ ဓမ္မရောင်ခြည်ကျောင်းလမ်း၊ အမှူထမ်းရပ်ကွက်၊ သံလျင်မြို့တွင် ကွယ်လွန်ခဲ့သည်။ ဇနီးဒေါ်နီနီခင်နှင့် သားသမီးငါးယောက် မြေး (၁၀) ယောက်တို့ ကျန်ရစ်သည်။

တင်မောင်၊ သူရဦး (ခရစ် ၁၉၂၂-၂၀၀၂) ။ ။

အောင်လံ (နန်းရှေ့) ကလောင်အမည်ဖြင့် စာပေများရေးသားခဲ့သော သူရဦးတင်မောင်ကို မန္တလေးမြို့တွင် ဖခင် ဦးစံမြ၊ မိခင် ဒေါ်မမတို့က ၁၉၂၂ ခုနှစ်၊ မေလ ၁၂ ရက်နေ့၌ မွေးဖွားသည်။

သူရဦးတင်မောင်သည် ၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော်သို့ ဝင်ရောက်ပြီး ဂျပန်ခေတ် စစ်တက္ကသိုလ် ဗိုလ်သင်တန်း ဒုတိယပတ် တက်ရောက်သည်။ ၁၉၄၄ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်နိုင်ငံ ဘုရင့်စစ်တက္ကသိုလ် ကြည်းတပ်၏ လေတပ်တွင်လေ့ကျင့်သင်ယူသည်။ ၁၉၄၇ ခုနှစ်မှစတင်၍ မြန်မာ့လေတပ် ထူထောင်ရေးလုပ်ငန်းများတွင် ဦးဆောင်ပါဝင်ဆောင်ရွက်သည်။

သူရဦးတင်မောင်သည် ၁၉၆၃ ခုနှစ်မှ၁၉၆၅ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်တွင် ဦးစီးဌာနခွဲမှူး (စည်းရုံးရေး) တာဝန်ကို ထမ်းဆောင်ခဲ့ပြီး ၁၉၆၅ ခုနှစ်မှစ၍ ပါတီဗဟိုကော်မတီအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ စစ်ကိုင်းတိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် စာပေဗိမာန်အဖွဲ့ ဥက္ကဋ္ဌ၊ အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်သူ့တပ်မတော်စာစဉ် စိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်သည်။

သူရဦးတင်မောင်သည် ၁၉၇၆ ခုနှစ်တွင် တပ်မတော် (လေ) မှ ဒုတိယဗိုလ်မှူးကြီး အဆင့်ဖြင့် အငြိမ်းစားယူသည်။ ၁၉၇၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး ၁၉၈၅

ခုနှစ်တွင် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အဖွဲ့ဝင်အဖြစ်မှ အငြိမ်းစားယူသည်။

သူရဦးတင်မောင်သည် တပ်မတော် (လေ) တွင် တာဝန်ထမ်းဆောင်စဉ် လေတပ်မဂ္ဂဇင်း၌ ဆောင်းပါးများ စတင်ရေးသားသည်။ တပ်မတော် (လေ) တွင် စစ်သည်တော်ကျင့်ဝတ်ပြန့်ပွားစေရန် စည်းရုံးဆောင်ရွက်သည်။ ၁၉၅၀ ပြည့်နှစ်တွင် "စစ်တို့၏သဘောသည် လူသူအင်အားပမာန မဟုတ်၊ စွမ်းရည်သတ္တိသာလျှင်ပမာနဖြစ်သည်" ဟူသော ခေါင်းစဉ်ဖြင့် တပ်မတော် (ကြည်း၊ရေ လေ) ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ တတိယဆုကို ရရှိသည်။ ထိုဆောင်းပါးကို ၁၉၅၀ ပြည့်နှစ်၌ စစ်နှလုံးဂျာနယ်တွင် ဖော်ပြခြင်းခံရသည်။ ၁၉၆၅ ခုနှစ်တွင် တပ်မတော် (လေ) သမိုင်းကို ကော်မတီဥက္ကဋ္ဌအဖြစ် ဦးဆောင်တာဝန်ယူ ရေးသားသည်။

သူရဦးတင်မောင်သည် စစ်နှလုံးဂျာနယ်၊ စစ်ပညာဂျာနယ်၊ ခေတ်ရေးဂျာနယ်၊ မြဝတီမဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်းများတွင် ဆောင်းပါးနှင့် ကဗျာများကို အောင်လံ (နန်းရှေ့)၊ မှူးအောင်လံ၊ ရတနာပုံ မောင်မောင်ကျော်ဝင်း စသည့် ကလောင်အမည်များဖြင့် ရေးသားသည်။ ဆက်လက်၍ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံများ၊ ဒုတိယကမ္ဘာစစ်အတွင်း တွေ့ကြုံရသည့် အတွေ့အကြုံများ၊ လွတ်လပ်ရေး အမွန်ရှည်ရေးနှင့် ပြည်ထောင်စု မပြိုကွဲရေးအတွက် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို ချယ်ရီမဂ္ဂဇင်းနှင့် စစ်ပြန် မဂ္ဂဇင်းများတွင် အောင်လံ (နန်းရှေ့) ကလောင်အမည်ဖြင့် ဆောင်းပါးများ ရေးသားသည်။

သူရဦးတင်မောင်သည် ၁၉၄၉ ခုနှစ်တွင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ သူရဘွဲ့ကို လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယအဆင့်) ကို လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို လည်းကောင်း ရရှိသည်။

သူရဦးတင်မောင်သည် ၁၉၄၉ ခုနှစ်တွင် ဦးထွန်းရွှေ၊ ဒေါ်လွန်းခင် တို့၏သမီးဖြစ်သူ ဒေါ်နုနုရွှေနှင့် လက်ထပ်ထိမ်းမြားခဲ့ပြီး သားသမီး ငါးဦး ထွန်းကားသည်။

စာရေးဆရာအောင်လံ (နန်းရှေ့) ကလောင် အမည်ခံ သူရဦးတင်မောင်သည် ၂၀၀၂ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

တင်အေးကြည်၊ ဒေါ် (ခရစ် ၁၉၃၄-၂၀၀၂)။ ။

ဒေါ်တင်အေးကြည်ကို ၁၉၃၄ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်နေ့တွင် ကျောက်ဆည်မြို့၌ အဘဦးသိလှ၊ အမိ ဒေါ်ခင်မကြီးတို့က မွေးဖွားသည်။ ၁၉၅၁ ခုနှစ်တွင် ကျောက်ဆည်မြို့အစိုးရ အထက်တန်းကျောင်းမှာ တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ ၁၉၅၅ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

ဒေါ်တင်အေးကြည်

ဘွဲ့ရပြီး ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် စာကြည့်တိုက်မှူး အထူးသင်တန်းသို့ တက်ရောက်ခဲ့သည်။ သင်တန်းကာလ မှာ (၆) လ ဖြစ်သည်။ ၁၉၅၆ ခုနှစ်တွင် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်တွင် ဒုတိယစာကြည့်တိုက်မှူးတာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ကျင်းပသည့် အရှေ့တောင်အာရှ စာကြည့်တိုက်များ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဩစတေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ရှိ နယူးဆောဉ်သ်ဝေး တက္ကသိုလ်၌ စာကြည့်တိုက် ဘွဲ့လွန်ဒီပလိုမာသင်တန်းတက် ရောက်ခဲ့သည်။ သင်တန်းကာလမှာ (၂) နှစ်ဖြစ်သည်။

စာကြည့်တိုက်မှူး တာဝန်ဖြင့် နှစ်ပေါင်းနှစ်ဆယ် ကျော်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၇၈ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှစ၍ စာပေဗိမာန် စာတည်းဌာနတွင် လက်ထောက်စာတည်းတာဝန် ပြောင်းရွှေ့ထမ်းဆောင်ခဲ့သည်။ ၁၉၈၂ ခုနှစ်၊

ဖေဖော်ဝါရီလ (၅) ရက်နေ့မှစ၍ တာဝန်ခံစာတည်းတာဝန်သို့ အဆင့်တိုးမြှင့် ထမ်းဆောင်ခဲ့ကာ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ပြုစုရေးတာဝန်ကို ဆောင်ရွက်ခဲ့သည်။ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့မှစ၍ စာတည်းမှူးတာဝန်သို့ အဆင့်တိုးမြှင့် ထမ်းဆောင်ခဲ့သည်။

၁၉၇၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရန်ကုန် တက္ကသိုလ်၊ စာကြည့်တိုက်ပညာဌာန၊ စာကြည့်တိုက် ဒီပလိုမာသင်တန်းများတွင် "ဖွဲ့စည်းရေးနှင့် စီမံခန့်ခွဲမှု" ဘာသာရပ်ကို သင်ကြားပို့ချပေးခဲ့သည်။ ထိုသင်တန်း၏ စာတမ်းများကိုလည်း ပြင်ပစာစစ်တစ်ဦးအနေဖြင့် စိစစ်ပေးခဲ့သည်။

၁၉၇၈ခုနှစ်တွင် လက်ထောက်စာတည်းတာဝန် ထမ်းဆောင်ရင်း ထိုင်း၊ ဟောင်ကောင်၊ မလေးရှား သုံးနိုင်ငံ လေ့လာရေးကိုယ်စားလှယ်တစ်ဦးအဖြစ်သွားရောက်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် စာတည်းမှူးတာဝန် ထမ်းဆောင်ရင်း ဂျပန်နိုင်ငံသို့ စာအုပ်ထုတ်ဝေရေး လုပ်ငန်းနှင့် ပတ်သက်၍ လေ့လာရေးခရီး သွားရောက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်နေ့တွင် နှစ်ပြည့် ပင်စင်ဖြင့် အငြိမ်းစားယူခဲ့သည်။

၁၉၇၂ ခုနှစ်တွင် ဒေါ်တင်အေးကြည် အမည် ရင်းဖြင့် " ကမ္ဘာ့အမျိုးသား စာကြည့်တိုက်များ" စာအုပ်ကို လည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် တက္ကသိုလ် တင်အေးကြည်ကလောင်အမည်ဖြင့် " ပဟေဠိမေတ္တာ"နှင့် "ချိုမရွှင် ငြိုငြင်ရိပ်ဝယ်" လုံးချင်း ဝတ္ထုစာအုပ်များကို လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် အခြားစာရေးဆရာငါးဦးဖြင့် "အာရှရိုးရာပုံပြင် လက်ရွေးစင်" စာအုပ်ကိုလည်းကောင်း ရေးသားထုတ်ဝေခဲ့သည်။ အေး (စာပေဗိမာန်)ကလောင် အမည်ဖြင့် မဂ္ဂဇင်းဆောင်းပါးများကိုလည်း ရေးသားခဲ့သည်။

ဒေါ်တင်အေးကြည်၏ ခင်ပွန်းမှာ ဦးအောင်ရွှေ (B.A. R.L.) ညွှန်ကြားရေးမှူးချုပ်၊ စည်ပင်သာယာရေး ဦးစီးဌာနဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်အတွင်းက ကွယ်လွန်ခဲ့သည်။ ဒေါ်တင်အေးကြည်သည် ၂၀၀၂ ခုနှစ် နိုဝင်ဘာလ (၂၆) ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် သားနှစ်ယောက်ကျန်ရစ်သည်။

ဦးရဲဝင်း

တောင်အာဖရိက။ ။ ဘဏ္ဍာရေးဝန်ကြီးထရီဗောမန်ညီအယ်လ်က ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ၂၀၀၂-၂၀၀၃ ခုနှစ်အတွက်ဘတ်ဂျက်ကို တင်သွင်းခဲ့သည်။ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ရန်းငွေ ၂၈၇. ၉ ဘီလီယံကို သုံးစွဲမည်ဖြစ်ပြီး ရငွေအနေဖြင့် ရန်းငွေ ၂၆၅. ၂ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဘတ်ဂျက်အရ သုံးငွေသည် ရန်းငွေ ၃၃၄. ၆ ဘီလီယံအထိ တိုးမြှင့်သွားရန်ဖြစ်သည်ဟုဆိုသည်။

ဘတ်ဂျက်အရ သက်ကြီးရွယ်အိုပင်စင်ငွေနှင့် ကလေးသူငယ်များထောက်ပံ့ရေးတို့ကို တိုးချဲ့သုံးစွဲကာ ဆင်းရဲမှုသက်သာအောင်ပြုလုပ်သွားမည်ဖြစ်သည်။ ကိုယ်ခံစွမ်းအား ကျဆင်းမှုရောဂါတိုက်ဖျက်ရေးကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် မြို့ပြများ အသစ်မွမ်းမံ ပြုပြင်ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးတို့ကို ဦးတည်လုပ်ဆောင်သွားမည်ဖြစ်သည်။ ရဲတပ်ဖွဲ့ကို အင်အားဖြည့်တင်းကာ ဒုစရိုက်မှုများ ကျဆင်းရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ပုဂ္ဂလိကဝင်ငွေခွန်များ၊ ရင်းနှီးမြှုပ်နှံမှုအခွန်များ၊ လုပ်ငန်းငယ်များမှ အခွန်များကို လျှော့ချကာ စီးပွားရေးဘဝရှင်သန်လာရေးကိုမြှင့်တင်သွားမည်ဖြစ်သည်။

၁၉၉၉ ခုနှစ် ဇွန်လတွင် အငြိမ်းစား ယူခဲ့ပြီးနောက်တွင် သမ္မတဟောင်းနယ်လ်ဆင်မင်ဒဲလားသည် နိုင်ငံရေးဝေဖန်မှုများကို ရှောင်ကြဉ်ခဲ့သည်။ သို့ရာတွင် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် သတင်းစာတစ်စောင်နှင့် တွေ့ဆုံမေးမြန်းခန်းဌာ မင်ဒဲလားသည် ကိုယ်ခံစွမ်းအားကျဆင်းမှုရောဂါနှင့် ပတ်သက်၍ အစိုးရ၏ မူဝါဒနှင့်လုပ်ကိုင်ပုံများကို ဝေဖန်ခဲ့သည်။ အာဏာရပါတီ အနေဖြင့် အေအိုင်ဒီအက်စ်ရောဂါ၏ အကြောင်းရင်းများကို ပြောကြားမနေဘဲ ရောဂါတိုက်ဖျက်ရေးကိုသာ အာရုံစူးစိုက်ရန် တိုက်တွန်းခဲ့သည်။ အေအိုင်ဒီအက်စ်ရောဂါအကြောင်းရင်းများကို ငြင်းခုံရင်း တောင်အာဖရိကသည် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် အငြင်းပွားခဲ့ရသည်။ မင်ဒဲလားက ဤသို့အငြင်းပွားမှုကို ရှောင်ရှားရန် အကြံပေးခြင်းဖြစ်သည်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ပြုလုပ်သည့် မြောက်ပိုင်းပြည်နယ်လွတ်တော်က ၎င်းပြည်

နယ်၏အမည်ကို လင်းပိုပိုပြည်နယ်ဟု ပြောင်းလဲခေါ်ဝေါ်ရန် မဲပေးဆုံးဖြတ်ခဲ့ကြသည်။ ဤသို့အမည်ပြောင်းလဲရာတွင် တောင်အာဖရိက လူဖြူတို့အား နှိမ်ချရန်မဟုတ်ကြောင်း ပြောကြားခဲ့ကြသည်။

တောင်အာဖရိက၏ အရှေ့ဘက်ကမ်းခြေရှိ အရှေ့လန်ဒန်မြို့တွင် လုံခြုံရေးအစောင့်တပ်သားတစ်ဦးက လူအများကိုပစ်သတ်မှုဖြစ်ပွားခဲ့သည်။ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ချစ်သူ၏စွန့်ပစ်ခံရသော အစောင့်တပ်သားသည် ၎င်း၏ချစ်ခဲ့ဖူးသူ မိန်းကလေး၊ သူမ၏ဖခင်နှင့် အခြားရှစ်ယောက်တို့ကို သေနတ်ဖြင့် ပစ်သတ်ပြီးနောက် သူ့ကိုယ်သူ အဆုံးစီရင်လိုက်သည်။ တောင်အာဖရိက၌ ဤသို့သော အကြမ်းဖက်မှုများထူပြောသည်။ ၂၀၀၁ ခုနှစ်က ကိုးလအတွင်း လူသတ်မှုပေါင်း ၁၅၀၀၀ ကျော် ဖြစ်ပွားခဲ့သည်။ ၂၀၀၀ ပြည့်နှစ် အမေရိကန်ပြည်ထောင်စု၌ ဖြစ်ပွားခဲ့သည့် လူသတ်မှုအရေအတွက်နှင့် အတူတူပင်ဖြစ်သည်။

မီးရထားအသွားအလာများကိုထိန်းကျောင်းပေးသောသံကြိုးအခိုးခံရပြီး နောက်အချက်ပြကိရိယာအလုပ်မလုပ်သောကြောင့် မီးရထားတိုက်မှုဖြစ်ပွားခဲ့သည်။ လူပေါင်းအနည်းဆုံး ၂၀ ကျော် သေဆုံးပြီး ၈၀ ကျော်ဒဏ်ရာရခဲ့သည်။ ဤမီးရထားတိုက်မှုသည် ဖေဖော်ဝါရီလ ၅ ရက်နေ့က ဒါဘန်မြို့၏ အရှေ့ဘက်ကီလိုမီတာ ၇၀ အကွာတွင် ဖြစ်ပွား ခဲ့သည်။

မတ်လ ၂၅ ရက်နေ့တွင် ပရီတိုးရီးယားမြို့တော်ရှိ အထက်တရားရုံးက အောက်တရားရုံး၏ စီရင်ချက်ကို အတည်ပြုပေးလိုက်သည်။ ဤစီရင်ထုံးအရ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူနေရဆဲဖြစ်သော HIV ပိုးတွေ့ထားသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးသည် အေအိုင်ဒီအက်စ်ရောဂါကုဆေးဝါးကို လက်ခံရယူသုံးဆောင်ပိုင်ခွင့် ရှိသွားသည်။ အထက်တရားရုံး တရားသူကြီးက ဤအမှုနှင့်ပတ်သက်၍ အယူခံဝင်နေဆဲမှာပင် နိုင်ငံတစ်ဝန်းလုံးရှိ ဤသို့သောကိုယ်ဝန်ဆောင် အမျိုးသမီးများကို အေအိုင်ဒီအက်စ်ရောဂါကုဆေးနယ်ဗီရာပင်းဆေးတိုက်ကျွေးရမည်ဟု စီရင်ထုံး၌ ထည့်သွင်းရေးသားခဲ့သည်။ ဤဆေးဝါးမျိုးသည် စေးကြီးသောကြောင့် အစိုးရသည် စမ်းသပ်နယ်မြေ ၁၈ ခုတွင်သာ အသုံးပြုခဲ့သည်။ တောင်အာဖရိကတွင် တရားစီရင်ရေးနည်းလမ်းဖြင့်လည်း အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးကို ဆောင်ရွက်နေကြောင်း သာဓကတစ်ရပ်ဖြစ်သည်။

ပရီတိုးရီးယားမြို့တော်ရှိ အထက်တရားရုံးက ဝေါတာဘက်ဘွန်းအားစွဲချက် ၄၆ ခုဖြင့် တရားစွဲဆိုခံထားရာမှ ဧပြီလ ၁၁ ရက်နေ့တွင် တရားသေလွတ်ပေးခဲ့သည်။ တောင်အာဖရိကရှိ သတင်းမီဒီယာလောကၦ ဘက်ဘွန်းသည် "ဒေါက်တာမရဏာ" ဟု ထင်ရှားကျော်ကြားခဲ့သည်။ အသားအရောင်ခွဲခြားသည့် အစိုးရလက်ထောက်က သူသည် ဓာတုနှင့်ပိုးမွှားလက်နက်များ ထုတ်လုပ်ရေးအစီအစဉ်ကို ကြီးကြပ်ကွပ်ကဲခဲ့ရသူ ဖြစ်သည်။ သံသယ အကျိုးခံစားခွင့်ဖြင့် တရားသေလွတ်ပေးခဲ့ခြင်း ဖြစ်သည်။

မေလ ၁၃ ရက်နေ့တွင် သမ္မတ သာဘိုအမ်ဘေကီသည် အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေးလှုပ်ရှားမှု၌ ပါဝင်ခဲ့သူ ၃၃ ဦးတို့အား ပြစ်ဒဏ်များမှ ကင်းလွတ်ခွင့်ပြုပေးခဲ့သည်။ ထိုသူများအား ဂိုဏ်းချုပ်ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးဦးဆောင်သောအမှန်တရားနှင့်ပြန်လည်သင့်မြတ်ရေးကော်မရှင်က လွတ်ငြိမ်းချမ်းသာခွင့်မပေးဘဲထားခဲ့သည်။ ဤကဲ့သို့ ထိုသူများအား သမ္မတက ပြစ်ဒဏ်ကင်းလွတ်ပေးခဲ့သဖြင့် ၎င်းတို့ကော်မရှင်ကို ပြက်ရယ်ပြုရာကျသည်ဟု ဒက်စ်မွန်တူးတူးက ဝေဖန်ခဲ့သည်။

အမျိုးသားလွတ်တော်က ဓါတ်သတ္တုနှင့် ရေနံဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ဇွန်လ ၂၅ ရက်နေ့တွင် ၂၄၃ မဲ- ၃၅ မဲဖြင့်အတည်ပြုပေးလိုက်သည်။ ဤဥပဒေကြမ်းအရ ပုဂ္ဂလိကပိုင်ဖြစ်နေသော ဓါတ်သတ္တုလုပ်ငန်းနှင့် ရေနံလုပ်ငန်းတို့ကို နိုင်ငံပိုင်အဖြစ်သို့ ပြောင်းပေးရန်ဖြစ်သည်။ ဤလုပ်ငန်းများကိုလူဖြူတို့ကချည်းသာ လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားရာမှ လူမည်းများပါ ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရရှိရေးအတွက် ဤသို့ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ဤဥပဒေအရ သတ္တုရှာဖွေတူးဖော်ရေး လုပ်ငန်းများကို လုပ်ကိုင်ဆဲ ကုမ္ပဏီများသည်လည်း လုပ်ကိုင်ခွင့်လိုင်စင်များ တောင်းခံဆောင်ရွက်မည်ဖြစ်သည်။ ပုဂ္ဂလိကပိုင်ဖြစ်နေပြီး မလုပ်ကိုင်ရသေးသော သတ္တုလုပ်ကွက်များကိုလည်း အစိုးရကသာ ချုပ်ကိုင်ထား

မည်ဖြစ်သည်။ သတ္တုနှင့် ရေနံလုပ်ငန်း လုပ်ကိုင်လိုလျှင် ကုမ္ပဏီများသည် လူမည်းများပိုင်ဆိုင်ခွင့်နှင့် ပါဝင်လုပ်ကိုင်ခွင့်ပေးထားကြောင်း လိုင်စင်လျှောက်ထားစဉ်တွင်ပင် တစ်ပါတည်း တင်ပြကြရမည်ဖြစ်သည်။

ဇွန်လ အလယ်ပိုင်းက နစ်နာခံထားရသူများ စုပေါင်းလျက် ဘဏ်သုံးခုအပေါ် တရားစွဲဆိုမှုပြုခဲ့သည်။ အမေရိကန်ဘဏ်နှင့် ဆွစ်ဘဏ်နှစ်ခုတို့သည် အသားအရောင်ခွဲခြားသည့်ခေတ်က တောင်အာဖရိကအပေါ် နိုင်ငံတကာတားမြစ်မိန့်များချမှတ်ထားသည်ကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြ သည်။ ထိုဘဏ်များသည် လူမည်းများအား အခမဲ့စေခိုင်းခဲ့သည်။ လူသတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုများလည်း ကျူးလွန်ခဲ့သည်။ ဤလူသတ်မှုများအတွက် နစ်နာခံခဲ့ရသူတို့က လျော်ကြေးငွေ ဒေါ်လာ ဘီလီယံ ၅၀ ရယူလိုကြောင်း အမေရိကန် ပြည်ထောင်စု၊ ဆွစ်ဇာလန်နိုင်ငံနှင့် တောင်အာဖရိကနိုင်ငံ တရားရုံးများတွင် တရားစွဲဆို ခဲ့သည်။ ဤအမှုတွင် တရားလိုများဘက်မှ အမေရိကန်ရှေ့နေတစ်ဦးက အမှုလိုက်ပါစွဲဆိုပေး ခဲ့သည်။

ပရီတိုးရီးယားရှိ အထက်တရားရုံးက အေအိုင်ဒီအက်စ်ရောဂါရနေဆဲ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အစိုးရက နယ်ဗီရာပင်းဆေးကို တိုက်ကျွေးရမည်ဟု စီရင်ချက်ချခဲ့သည်။ ယင်းစီရင်ချက်ကို မကျေနပ်၍ အစိုးရက အခြေခံဥပဒေဆိုင်ရာတရားရုံး (အမြင့်ဆုံးအယူခံရုံး) သို့ အယူခံခွင့်တောင်းခံခဲ့သည်။ ထိုအယူခံတရားရုံးချုပ် က အစိုးရ၏အယူခံခွင့်တောင်းခံလွှာကို ဇူလိုင်လ ၅ ရက်နေ့က ပယ်ချခဲ့သည်။ အေအိုင်ဒီအက်စ် ရောဂါရှင်ကိုယ်ဝန်ဆောင်များအား အစိုးရက နယ်ဗီရာပင်းဆေးများမပေးဘဲထားခြင်းသည် အခြေခံဥပဒေနှင့် မညီညွတ်ကြောင်း၊ လူတို့၏ အသက်ကို ကယ်ဆယ်ရေးက.ပိုမိုအရေးကြီးကြောင်း ဆိုကာ အစိုးရ၏အယူခံလွှာကို ပယ်ချခဲ့ခြင်းဖြစ် သည်။

တောင်အာဖရိက၌ အေအိုင်ဒီအက်စ် ရောဂါတိုက်ဖျက်ရေးတွင် ကုသပေးရေးလှုပ်ရှားမှုအဖွဲ့သည် အထင်ရှားဆုံးအဖွဲ့ဖြစ်သည်။ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဤအဖွဲ့က ပြိတိန်မှ ဂလက်ဇိုစမစ်သ်က လိုင်းကုမ္ပဏီနှင့် ဂျာမနီမှ ဘိုးရင်းဂျာအင်ဂယ်လ်ဟိုင်းကုမ္ပဏီတို့အပေါ် အေအိုင်ဒီအက်စ်ပျောက်ဆေးဝါးများတွင် အဆမတန်စျေးနှုန်းများသတ်မှတ်မှုအတွက် တရားစွဲဆိုခဲ့သည်။ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတို့သည် တောင်အာဖရိက၌ အေအိုင်ဒီအက်စ်ရောဂါပျံ့နှံ့နေမှုကို အခွင့်ကောင်းယူလျက် မရှိမဖြစ်သော ဆေးဝါးများအပေါ် စျေးနှုန်းအဆမတန် မြှင့်တင်ထားခြင်းကြောင့် ဝေဖန်ပြစ်တင်ခံနေရသည်။

အခြေခံဥပဒေဆိုင်ရာ တရားရုံးက ယောကျ်ားလျာများနှင့် မိန်းမလျာများသည် လိင်တူချင်း အကြင်လင်မယား အဖြစ်ပေါင်းသင်းလျက် ကလေးငယ်များကို မွေးစားနိုင်ကြောင်း စက်တင်ဘာလ ၁၀ ရက်နေ့တွင် စီရင်ထုံးချမှတ်ခဲ့သည်။ တည်ဆဲကလေးငယ်များစောင့်ရှောက်ရေးဥပဒေနှင့် အုပ်ထိန်းသူများဥပဒေတို့ကို ကိုးကားလျက်လိင်တူချင်းပေါင်းသင်းနေသော လင်မယားတို့သည် ကလေးမွေးစားခြင်းမပြုနိုင်ဟု ငြင်းပယ်ထားခြင်းသည် အခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု ဆုံးဖြတ်ခဲ့သည်။ ကလေးများ၏ ဘဝတည်ငြိမ်ရေး၊ မေတ္တာရိပ်ခံယူနိုင်ရေးတို့အတွက် ၎င်းပုဂ္ဂိုလ်များသည်လည်း ကလေးမွေးစားခွင့်ရှိရမည်ဟု စီရင်ထုံးတွင်ရေးသားဖော်ပြထားသည်။

တောင်အာဖရိကနိုင်ငံ၌ လူဖြူလူနည်းစု၏ အုပ်စိုးမှုကို ပြန်လည်ထူထောင်လိုသော လူဖြူအစွန်းရောက်ဝါဒီများသည် အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိကြသည်။ အောက်တိုဘာလကုန်ပိုင်းက ဆိုဝီတိုမြို့တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။ ထိုဗုံးကွဲမှုများကြောင့် ဗလီတစ်ခု၊ ဗုဒ္ဓဘာသာဘုရားရှိခိုးကျောင်းတစ်ကျောင်း၊ အစ္စလာမ်စာသင်ကျောင်းတစ်ကျောင်းတို့ပျက်စီးခဲ့သည်။ ဂျိုဟန်းနက်စ်ဘာ့ဂ်သို့သွားသည့် မီးရထားလမ်းလည်းပြတ်တောက်ခဲ့ရသည်။ သမ္မတ အမ်ဘေကီက ၎င်းတို့နိုင်ငံရှိ လူဖြူလူမည်းတို့သည် ယင်းသို့သော အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ကြောင်း၊ လက်ယာအစွန်းရောက်လူမျိုးရေးဝါဒီတို့၏ ခြောက်လှန့်မှုကြောင့် ကြောက်ရွံ့နောက်တွန့်သွားမည် မဟုတ်ကြောင်းပြောကြားခဲ့သည်။ အစိုးရသည် ပြစ်မှုကျူးလွန်သူများကို ဖမ်းမိစေရန် အပူတပြင်းကြိုးပမ်းလျက်ရှိသည်။

အခြေခံ ဥပဒေဆိုင်ရာ တရားရုံးက အောက်တိုဘာလ ၄ ရက်နေ့တွင် စီရင်ချက်ချမှတ်ရာ၌ ရပ်ကွက်၊ ကျေးရွာအဆင့်များရှိ ကောင်စီဝင်များသည် မိမိတို့၏ကိုယ်စားလှယ်ဖြစ်နေသောနေရာများကိုမစွန့်လွှတ်ဘဲ ပါတီတစ်ခုမှ အခြားပါတီတစ်ခုသို့ ခြံခုန်ကူးပြောင်းခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့သည်။ ဤသို့ခြံခုန်ကူးပြောင်းခွင့်ပေးလိုက်သဖြင့် လက်ယာယိမ်း ဒီမိုကရေစီ မဟာမိတ်အဖွဲ့မှ ကောင်စီဝင် ၃၈ ဦးတို့သည် အာဖရိကအမျိုးသားကွန်ဂရက်ပါတီသို့ကူးပြောင်းခဲ့ကြသည်။ ထို့ကြောင့် ကိတ်တောင်းမြို့တွင် လက်ယာယိမ်းပါတီမကြီးစိုးနိုင်တော့ဘဲ လူမည်းအများစုပါသော အေအင်စီပါတီက အာဏာရပါတီဖြစ်သွားခဲ့သည်။ တရားရုံးသည် အခြေခံဥပဒေကိုပြင်ဆင်လျက်ပြည်နယ်အဆင့်၊ ဗဟိုအဆင့်တို့ရှိ လွှတ်တော်ကိုယ်စားလှယ်တို့ကိုလည်း အလားတူပါတီကူးပြောင်းခွင့်ပေးရန်စီစဉ်လျက်ရှိသည်။

အသားအရောင်ခွဲခြားမှုလက်ထက်တွင် နစ်နာခဲ့ရသူ ၈၂ ဦးတို့သည် စုပေါင်းလျက် နိုင်ငံစုံကော်ပိုရေးရှင်းကြီး ၂၀ တို့အပေါ် လျော်ကြေးရလိုမှုဖြင့် အမေရိကန်ပြည်ထောင်စုမှ တရားရုံးတစ်ခုတွင် တရားစွဲဆိုခဲ့ကြသည်။ ဤအမှုတွင်တရားလိုရှေ့နေများ အဖြစ်အမေရိကန်ဥပဒေပညာရှင်နှင့် တောင်အာဖရိကရှေ့နေတစ်ဦးတို့က လိုက်ပါဆောင်ရွက်ပေးကြသည်။

ဦးခင်မောင်မြ

ထိုင်းနိုင်ငံ။ ။ ဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ နှစ်ရက်ကြာ အလည်အပတ်ခရီးအဖြစ် ဇန်နဝါရီလ ၁၇ ရက်နေ့က သွားရောက်ခဲ့သည်။ ယင်းခရီးစဉ်မှာ ၂၀၀၁ ခုနှစ် ဩဂုတ်လက အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီဆုကာနိုပူထရီ၏ ဗန်ကောက်ခရီးစဉ်ပြီးသည့်နောက် ဖြစ်ပေါ်လာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်သောတရားဝင်ခရီးစဉ်အတွက် ကျေနပ်မိကြောင်း၊ နှစ်ရက်ကြာယင်းခရီးစဉ်ကြောင့် အာဆီယံအိမ်နီးချင်းနှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က ပြောကြားသည်

ဟု ထိုင်းသတင်းဌာနက ဇန်နဝါရီလ ၁၉ ရက်နေ့ကဖော်ပြသည်။ ဝန်ကြီးချုပ်သက်ဆင်သည် အင်ဒိုနီးရှားသမ္မတမယ်ဂါဝတီဆိုကာနိုပူထရီနှင့် တွေ့ဆုံဆွေးနွေးရာတွင် အကြောင်းအရာများစွာတို့၌ အောင်မြင်မှုများ ရရှိခဲ့သည်။ ဝန်ကြီးချုပ်သက်ဆင်သည် အင်ဒိုနီးရှားနိုင်ငံတွင် နှစ်ရက်ကြာနေထိုင်လည်ပတ်ပြီးနောက် ဇန်နဝါရီလ ၁၉ ရက်နေ့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိလာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ရှိနေစဉ် ငါးဖမ်းလုပ်ငန်း၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဗန်ကောက်မြို့၏ ဒုတိယမြောက် နိုင်ငံတကာလေဆိပ်သစ်ဖြစ်သော ဆူဗာနာဘူမိ လေဆိပ်အုတ်မြစ်ချပန္နက်တင်အခမ်းအနား ကျင်းပရာ ထိုင်းဘုရင်ဘူမိဘောအဒူလျာဒတ်ရှိက ဇန်နဝါရီလ ၂၀ ရက်နေ့က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းအခမ်းအနားသို့ ပြည်သူတစ်ထောင်ကျော်၊ ထိုင်းအစိုးရအဖွဲဝင် ဝန်ကြီးများ၊ နိုင်ငံခြားဧည့်သည်များနှင့် သံအမတ်ကြီးများ တက်ရောက်ကြသည်။ ဘုရင်ဘူမိဘော အုတ်မြစ်မချမီ ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က လေဆိပ်သစ်စီမံကိန်းနှင့်ပတ်သက်၍ ဘုရင်အား အတိုချုပ်ရှင်းလင်းပြောကြားသည်။ ယင်းလေဆိပ်သစ်ကို ဗန်ကောက်မြို့၏အရှေ့တောင်ဘက်ကီလိုမီတာ ၃၀ အကွာတွင် လက်ရှိဒွန်မောင်းလေဆိပ်နေရာ၌ အစားထိုးတည်ဆောက်မည်ဖြစ်သည်။ ယင်းလေဆိပ်သစ်အတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ကုန်ကျမည်ဖြစ်ပြီး နှစ်စဉ်ခရီးသည် သန်း ၃၀ နှင့် ကုန်တန်ချိန် ၁ ဒသမ ၄၆ သန်း ကိုင်တွယ်ပို့ဆောင်သယ်ယူပေးနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသို့ ဖေဖော်ဝါရီလ ၁ ရက်နေ့က တစ်ရက်ကြာလုပ်ငန်းသဘောခရီး သွားရောက်ခဲ့ခြင်းမှာ အာရှနိုင်ငံများအကြားပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က ဖေဖော်ဝါရီလ ၂ ရက်နေ့က ပြောကြားသည်။ အိန္ဒိယခရီးစဉ်တွင် အာရှဒေသစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများဆွေးနွေးပွဲ (အေစီဒီ) အဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်သူ တိုးမြှင့်ရေးကိုအဓိကရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ အာရှဒေသ နိုင်ငံများအကြား

ထိုင်းနိုင်ငံရှိ သံမဏိစက်ရုံ
တစ်ခုအား တွေ့ရစဉ်

ကုန်သွယ်ရာတွင် ပိုမိုအနီးကပ်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးနှင့် အာရှဒေသနိုင်ငံများရှိ လူ့အရင်းအမြစ်များဖွံ့ဖြိုးရေး ပူးတွဲ ဆောင်ရွက်သွားရန် ရည်ရွယ်ချက်များထားရှိကာ အိန္ဒိယနိုင်ငံ အေစီဒီအဖွဲ့တွင် အရေးပါသောအဖွဲ့ဝင်ဖြစ်လာရန် လိုလားလျက်ရှိသည်ဟု ဝန်ကြီးချုပ်သက်ဆင်က အပတ်စဉ်ကျင်းပနေကျ ရေဒီယိုအသံလွှင့်အစီအစဉ်တွင် ပြောကြားခဲ့သည်။ ယခုခရီးစဉ်မှာ နှစ်လအတွင်းအိန္ဒိယနိုင်ငံသို့ ဝန်ကြီးချုပ်သက်ဆင်၏ ဒုတိယအကြိမ်ခရီးစဉ်ဖြစ်သည်။ အာရှအိမ်နီးချင်း နိုင်ငံများအကြား ဆက်ဆံရေးပိုမိုခိုင်မြဲလာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန် ရည်ရွယ်ချက်ဖြင့် ဝန်ကြီးချုပ်သက်ဆင်သည် အိန္ဒိယနိုင်ငံသို့ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလက ပထမဆုံးအကြိမ် သွားရောက်ခဲ့သည်။ ဒုတိယအကြိမ်ခရီးတွင် ထိုင်းဝန်ကြီးချုပ်သည် အိန္ဒိယသမ္မတကြီးအား သွားရောက်ဂါရဝပြုခဲ့ပြီး ဝန်ကြီးချုပ်ဗာဂျ်ပေယီနှင့်လည်း တွေ့ဆုံကာ အေစီဒီအရေးကိစ္စများနှင့် အခြားကိစ္စများကို ဆွေးနွေးခဲ့သည်။

ထိုင်းနိုင်ငံအစိုးရအဖွဲ့နှင့် စီးပွားရေးအဖွဲ့တို့သည် အမေရိကန်ဒေါ်လာသန်း ၈၆၀ ကုန်ကျမည့် စီမံကိန်းအရ ထိုင်းနိုင်ငံ၏မြို့တော်ဗန်ကောက်ကို ၂၀၀၅ ခုနှစ်အတွင်း၌ ဒေသတွင်းခေတ်အမီဆုံး မြို့တော်အဖြစ် တည်ဆောက်သွားမည်။ ၁၀ နှစ်အတွင်း အထူးစည်ကားသော ကမ္ဘာတွင်ရေပန်းအစားဆုံး အချက်အချာနေရာအဖြစ် ဖန်တီးသွားမည်ဟု ထိုင်းနိုင်ငံအသံလွှင့်ဌာနက မတ်လ ၅ ရက်နေ့က ကြေညာသည်။ ယင်းစီမံကိန်းအရ ဗန်ကောက်မြို့တော်သည် အဝတ်အထည်များ၊ သားရေထည်ပစ္စည်းများနှင့် ကျောက်မျက်ရတနာများဖြင့် ပြည့်လျှံနေမည့်နေရာဒေသကြီးအဖြစ် ရောက်ရှိလာမည်ဖြစ်သည့်အပြင် ထိုကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ခြင်းဖြင့် လာမည့်ငါးနှစ်အတွင်း နှစ်စဉ်အမေရိကန်ဒေါ်လာသန်း ၂၇၀ အထိ ရရှိမည်ဟု မျှော်လင့်ထားသည်။

ထိုစီးပွားရေးကဏ္ဍကို ကြီးကြပ်ကွပ်ကဲတာဝန်ယူရသော ထိုင်းဒုတိယဝန်ကြီးချုပ် ဆွမ်ကစ်ဂျက်ဆုဆရီနီတက်က ယင်းစီမံကိန်းကို အစည်းအဝေးတွင် တင်သွင်းခဲ့သည်။ ယင်းအစည်းအဝေးသို့ ဗန်ကောက်မြို့တော်ရှိ ကျောက်မျက်ရတနာ ကုန်သည်များ၊ အထည်ကုန်သည်များနှင့် သားရေထည်လုပ်ငန်းရှင်များ၏ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ယင်းစီမံကိန်းများအတွက် ဖော်ပြပါစီးပွားရေးလုပ်ငန်းကြီးသုံးခုမှ အမေရိကန်ဒေါ်လာ ၂၄၁ သန်းထည့်ဝင်ရင်းနှီးမြှုပ်နှံကြမည်ဖြစ်ကြောင်း ထိုင်းအစိုးရအဖွဲ့က ကျန်ငွေအမေရိကန်ဒေါ်လာ ၆၁၉ သန်းကို ထည့်ဝင်ရန် စဉ်းစားနေကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ပြည်ပရင်းနှီးမြှုပ်နှံမှု - နိုင်ငံစုံမှ ကုမ္ပဏီများသည် အိမ်နီးချင်းနိုင်ငံများရှိ ၎င်းတို့၏ ထုတ်လုပ်ရေးစက်ရုံများကို ထိုင်းနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းလာကြသည်ဖြစ်ရာ ၂၀၀၂ ခုနှစ်အတွင်းနိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်မြင့်မားလာဖွယ်ရာရှိကြောင်း ထိုင်းရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (ဘီအိုအိုင်)

က မျှော်လင့်ထားသည်ဟု ဇန်နဝါရီလ ၃ ရက်နေ့ ထုတ် စီးပွားရေးလုပ်ငန်း နေ့စဉ်သတင်းစာက ရေးသားဖော်ပြသည်။ နိုင်ငံခြားကုမ္ပဏီရင်းနှီးမြှုပ်နှံမှုများ ဖြန့်ကြက်ရန်ပိုမိုသင့်လျော်မည့်စျေးကွက်များ ရှာဖွေလျက်ရှိရာတွင် ၂၀၀၂ ခုနှစ် စတုတ္ထသုံးလပတ်မှစပြီး အိမ်နီးချင်းနိုင်ငံများရှိ ၎င်းတို့၏ ကုန်ထုတ်လုပ်မှုစက်ရုံများကို ထိုင်းနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းခဲ့ကြသည်။ တောင်အမေရိက၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတွင်ရင်းနှီးမြှုပ်နှံမှုမှ ရရှိသောဝင်ငွေများ နည်းပါးသည်ကို ကာမိစေရန် နိုင်ငံခြားကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမည့်နေရာသစ်များ ရှာဖွေကြသဖြင့် ၂၀၀၁ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ ပြည်ပမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာခြင်းဖြစ်သည်။ မကြာမီက သုတေသနပြုချက်အရ နိုင်ငံခြားကုမ္ပဏီများသည် ၎င်းတို့၏ ကုန်ထုတ်စက်ရုံများကို အရှေ့တောင်အာရှသို့ ရွှေ့ပြောင်းလာရာတွင် ထိုင်းနိုင်ငံမှာ ထိပ်ဆုံးဦးစားပေး ရွေးချယ်ရာနေရာ ဖြစ်ခဲ့သည်။ ယင်းသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအနက် ၂၀၀၂ ခုနှစ်အတွင်း အဓိကအားဖြင့် စိုက်ပျိုးရေးနှင့်ဆက်နွယ်သော စီးပွားရေးလုပ်ငန်းများ၊ အကျိုးဆောင်ကဏ္ဍ၊ စက်တပ်ယာဉ်နှင့် အပိုပစ္စည်းထုတ်လုပ်မှုများ တိုးပွားလာဖွယ်ရာရှိပြီး အီလက်ထရောနစ်စက်မှုလုပ်ငန်းများလည်း ၂၀၀၂ ခုနှစ်အလယ်ပိုင်းမှစ၍ တိုးတက်လာဖွယ်ရာရှိသည်ဟု ဘီအိုအိုင်အတွင်းရေးမှူးချုပ် ချာကရာဗွန်က ပြောကြားခဲ့သည်။

ထိုင်းရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ (ဘီအိုအိုင်) သည် ထိုင်းနိုင်ငံကို ၂၀၀၄ ခုနှစ်၌ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တွင် ရင်းနှီးမြှုပ်နှံမှု ထိပ်တန်းနိုင်ငံအဖြစ် တိုးတက်မှုဖွံ့ဖြိုးလာစေရန် စီစဉ်ထားသည်ဟု ဝန်ကြီးချုပ်ရုံးဝန်ကြီးချတ်ဆူရွှန် ချေဆန်က ဇန်နဝါရီလ ၂၆ ရက်နေ့ကပြောကြားခဲ့သည်။ ယင်းအစီအစဉ်မှာ ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ဘီအိုအိုင်၏ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးမဟာဗျူဟာအစိတ်အပိုင်းဖြစ်ပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို အရှိန်တိုးမြှင့်ရန်ရည်ရွယ်ထားသည်။ မဟာဗျူဟာများသည် အစိုးရ၏အမျိုးသားဖွံ့ဖြိုးရေးမူဝါဒနှင့် အညီအညွတ်ဖြစ်သည့်အပြင် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့ (ဂျက်ထရို) က ဆောင်ရွက်ခဲ့သော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လမ်းကြောင်းနှင့်လည်း အညီအညွတ်ဖြစ်သည်။ မဟာဗျူဟာများအရ ဘီအိုအိုင်သည် ထိုင်းနိုင်ငံကို ၂၀၀၄ ခုနှစ်တွင် အာဆီယံ၌ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအတွက် ပထမရွေးချယ်ရာနိုင်ငံအဖြစ်ရောက်အောင် စီစဉ်ထားသည်ဟု ချတ်တူရွှန်ကပြောကြားသည်။

ဂျပန်ရင်းနှီးမြှုပ်နှံမှု အလားအလာအနေအထားဆိုင်ရာ ဂျက်ထရိုက်နောက်ဆုံးလေ့လာချက်အရ ထိုင်းနိုင်ငံသည်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာ၌ လာမည့်သုံးနှစ်ကာလအတွင်း အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ပြီးလျှင် တတိယအကောင်းဆုံးနိုင်ငံဖြစ်ကြောင်း ထိုင်းရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (ဘီအိုအိုင်) က ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကြေညာခဲ့သည်။ ထိုင်းနိုင်ငံသည် နိုင်ငံရေးတည်ငြိမ်မှု၊ တရားဥပဒေစနစ်ကောင်းမွန်မှု၊ အခွန်အကောက်စနစ် သင့်မြတ်မှု၊ လုပ်ငန်းစွမ်းရည်မြင့်မားမှု၊ အခြေခံအဆောက်အအုံနှင့် အထောက်အကူပြုစက်ရုံများ အသားကျမှုအပြင် စီးပွားရေးတည်ငြိမ်မှုတို့ အပါအဝင်များစွာတိုးတက်ကောင်းမွန်နေသည်ဟု ဂျပန်စီးပွားရေးလုပ်ငန်းရှင်များက ဘီအိုအိုင်သတင်းတွင်ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၏အားနည်းချက်မှာ လုပ်သားပမာဏကိစ္စဖြစ်သည်။ ကုန်ထုတ်လုပ်မှုဆိုင်ရာ ကနဦးရင်းနှီးမြှုပ်နှံမှုစရိတ်နှင့် စျေးကွက်အလားအလာတို့တွင်လည်း အားနည်းနေသည်။ ထိုင်းအစိုးရသည် နှစ်စဉ်အမေရိကန်ဒေါ်လာသန်း ၄၅၀၀ (ဘတ်ငွေသန်း ၂၀၀၀၀) ထက်မနည်း ရရှိရေးအတွက် ပြည်တွင်းပြည်ပနှစ်ဌာနမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်ရန် (ဘီအိုအိုင်/ ၃-၂-၁) အမည်ရှိသုံးနှစ်မဟာဗျူဟာစီမံကိန်းကို လက်ခံအတည်ပြုလိုက်ပြီဖြစ်သည်။ စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းချက်သုံးရပ်လည်း ချမှတ်ထားသည်ဟု ဘီအိုအိုင်၏ဖက်စ်သတင်းတွင် ဖော်ပြထားသည်။

ဂျာမနီနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများသည် ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်သွားရန် စိတ်ဝင်စားမှုပြသကြောင်း၊ အာရှဒေသတွင်ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံရေးအတွက် ထိုင်းနိုင်ငံကိုတံခါးပေါက်အဖြစ် ထားရှိအသုံးပြုလိုကြကြောင်း ထိုင်း

ကုန်သွယ်ရေးကိုယ်စားလှယ် ခန်သီဆူပါမွန်ကိုး၏ ပြောကြားချက်ကို ထိုင်းသတင်းဌာနက မတ်လ ၅ ရက်နေ့က ဖော်ပြသည်။ ခန်သီသည် ဖေဖော်ဝါရီလ ကုန်ပိုင်းက ဂျာမနီနိုင်ငံသို့သွားရောက်လည်ပတ်ခဲ့ရာ ထိုင်းနိုင်ငံတွင် နိုင်ငံခြားတိုင်းပြည်များမှ လာရောက် ရင်းနှီးမြှုပ်နှံရေးနှင့် ကုန်သွယ်ရေး အတွက် ထိုင်းနိုင်ငံ၏ရပ်တည်ချက်သဘောထားကို ရှင်းပြရန် ဂျာမနီစီးပွားရေးနှင့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။ ယခင်က အရှေ့တောင်အာရှဒေသ တွင် ရင်းနှီးမြှုပ်နှံနိုင်သောနေရာကောင်းအဖြစ် စင်ကာပူ၊ မလေးရှားနှင့်ဟောင်ကောင်တို့ကိုသာ မျက်စိကျသော ဂျာမနီစီးပွားရေးလုပ်ငန်းရှင် အများ အပြားတို့မှာ ယခုအခါထိုင်းသံရုံးနှင့်ဆက်သွယ်ပြီး ထိုင်းနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားလို ကြောင်း ပြောကြားလာကြသည်။

စီးပွားရေးတိုးတက်မှု - ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်လာသော ရလဒ်အဖြစ် ၂၀၀၂ ခုနှစ် ထိုင်း စီးပွားရေးတိုးတက်မှုနှုန်းမှာ စုစုပေါင်းပြည်တွင်း ထုတ်ကုန်များ၏ ၁-၃ ရာခိုင်နှုန်းမှ ၂-၃ ရာခိုင်နှုန်း သို့ တိုးတက်လာမည်ဟုခန့်မှန်းကြောင်း ထိုင်းဘဏ် (ဘီအိုတီ) က သုံးသပ်ထားကြောင်း ထိုင်းသတင်း ဌာနက ဇန်နဝါရီလ ၂၄ ရက်က ရေးသားဖော်ပြ သည်။ ၂၀၀၁ ခုနှစ် စတုတ္ထသုံးလပတ်တွင် ဘက်စုံ စီးပွားရေးအခြေအနေတိုးတက်မှု ရှိခဲ့ပြီး ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ထိုင်းဘဏ်အုပ်ချုပ် ရေးမှူးက ပြောကြားခဲ့သည်။ ပြည်တွင်းငွေကြေး သုံးစွဲမှုအခြေအနေတိုးတက်ခဲ့ရာ စီးပွားရေးနာလန်ထူ သော လမ်းကြောင်းပေါ်သို့ ထိုင်းနိုင်ငံပြန်ရောက် သည့်လက္ခဏာဖြစ်သည်။ ထိုင်းဗဟိုဘဏ်သည် မကြာမီကရင်းနှီးမြှုပ်နှံမှုစာချုပ် ပြန်ဝယ်ယူနှုန်းကို

ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်

သည်ဒသမ ၂၅ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအထိ လျော့ချရန်ဆောင်ရွက်ခဲ့ခြင်းမှာ စီးပွားရေးနာလန်ထူမှုကို တိုးမြှင့်ရန်ဆောင်ရွက်ခြင်းဖြစ်ပုံရပြီး အစိုးရဘတ်ဂျက်လိုငွေပြမှု အခြေအနေမှ သက်သာစေသည်။ ယင်းအခြေအနေများအရ ၂၀၀၂ ခုနှစ် စီးပွားရေးအခြေအနေမှာ ၂၀၀၁ ခုနှစ်ကထက် ပိုကောင်းမည်ကို မိမိယုံကြည်သည်ဟု ဘီအိုတီအကြီးအကဲက ပြောကြားသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး - မဲခေါင်မြစ်ညာဒေသနိုင်ငံများဖြစ်ကြသော ထိုင်း၊ လာအို၊ မြန်မာနှင့် တရုတ်လေးနိုင်ငံတို့သည် ဒေသအတွင်းဘုံအန္တရာယ်ကြီးတစ်ခုဖြစ်သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် ရည်ရွယ်ချက်ဖြင့် ထိုင်းနိုင်ငံမြောက်ပိုင်းဇင်းမယ်မြို့တွင် အစည်းအဝေးပြုလုပ်ကြကြောင်း ဒေသသတင်းဌာနက ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ ဘန်ကောက်မြို့မြောက်ဘက် ကီလိုမီတာ ၇၈၀ အကွာရှိ ဇင်းမယ်မြို့၌ ကျင်းပသောအစည်းအဝေးမှာ ဘိန်းဖြူနှင့်အခြားမူးယစ်ဆေးပင်များ စိုက်ပျိုးထုတ်လုပ်မှု တိုက်ဖျက်ရေးနှင့် ဒေသအတွင်းလက်တွေ့ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် ဦးတည်နေသည်။ ယင်းအစည်းအဝေးတွင် ထိုင်းဝန်ကြီးချုပ်ရုံးဝန်ကြီး သမ္မာရက်အီဆာရန်ကူးလ်နာအာယုတ္တရက သဘာပတိအဖြစ်ဆောင်ရွက်သည်။ အစည်းအဝေးတွင် မဲခေါင်မြစ်ညာဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ဖြန့်ချိမှုနှင့် မှောင်ခိုလုပ်ငန်းများ မည်သို့မည်ပုံတားဆီးပိတ်ပင်သွားကြမည်ဆိုခြင်းကို အာရုံစိုက်ဆွေးနွေးခဲ့ကြသည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ မြန်မာနှင့်လာအိုနိုင်ငံတို့ကို ဖြတ်ကျော်ကာ ထိုင်းနိုင်ငံအထိ ကီလိုမီတာ ၄၀၀ ခန့် ရှည်လျားသော မဲခေါင်မြစ်ညာဒေသမှာ မူးယစ်ဆေးဝါးများမှောင်ခိုတင်ပို့ရောင်းချသောဒေသတစ်ခုဖြစ်နေသည်။

ထိုင်းအစိုးရက ချမှတ်ထားသော မူးယစ်ဆေးဝါးဆန့်ကျင်ရေးမူဝါဒနှင့်အညီ ၂၀၀၂ ခုနှစ်တွင် တရားမဝင်မူးယစ်ဆေးဝါးများ ဆန့်ကျင်တိုက်ဖျက်ရေး စည်းရုံးလုပ်ဆောင်ရာတွင် အသက်အရွယ်အုပ်စုနှစ်ခုကို ထိုင်းအစိုးရက ပစ်မှတ်ထားကာမူးယစ်ဆေးဝါးပြဿနာကို ထိရောက်စွာ ဖြေရှင်း သွားမည်ဖြစ်ကြောင်း ထိုင်းသတင်းဌာနက မတ်လ ၁၈ ရက်နေ့တွင် သတင်းဖော်ပြခဲ့သည်။ ပထမပစ်မှတ်မှာ အသက် ၁၂ နှစ်နှင့် ၂၅ နှစ်အကြားရှိလူငယ်များဖြစ်ကြပြီး **'မူးယစ်ဆေးကင်းလွတ်သော အေးချမ်းမှုရှိသည့် မျိုးဆက်သစ်'** ဟူသော ဆောင်ပုဒ်ဖြင့် မူးယစ်ဆေးကို ဆန့်ကျင် တိုက်ဖျက်သွားမည်ဖြစ်သည်။ မူးယစ်ဆေးစွဲမှုကို တားဆီးဆန့်ကျင်ရာ၌ လူငယ်များ၏အခန်းကဏ္ဍ အဓိကကျသည်ဟူသော အချက်ကိုအခြေခံ၍ မူးယစ်ဆေးဆန့်ကျင်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်စေမည်ဖြစ်သည်။

ဒုတိယဦးတည်ချက်မှာ အသက် ၂၅ နှစ်အထက်ရှိသူများ ဖြစ်ကြပြီး **'လူသားထု၏စွမ်းအားဖြင့် တရားမဝင်မူးယစ်ဆေးကို အနိုင်ယူ'** ဟူသော ဆောင်ပုဒ်ဖြင့် မူးယစ်ဆေးဆန့်ကျင်တိုက်ဖျက်ရေးကို စည်းရုံးလှုံ့ဆော်မည်ဖြစ်သည်။ တိုင်းပြည်၏ မူးယစ်ဆေးပြဿနာမှာ အလွန်ဆိုးရွားကြောင်း၊ အစိုးရက မူးယစ်ဆေးဆန့်ကျင်ရေးစစ်ပွဲကို ကြေညာပြီး ပြင်းပြင်းထန်ထန်ကြိုးပမ်းနှိမ်နင်းသွားမည် ဖြစ်ကြောင်း ဝန်ကြီးချုပ် သက်ဆင်ရွှင်နာဝပ်က ပြောကြားသည်။ အစိုးရက ထုတ်ပြန်သောကိန်းဂဏန်းများအရ ထိုင်းနိုင်ငံ၌မူးယစ်ဆေးသုံးစွဲသူ သုံးသန်းရှိ၍ စုစုပေါင်းလူဦးရေ၏ ၄ ရာခိုင်နှုန်း ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး - ဖေဖော်ဝါရီလ ၂၁ ရက်နေ့က ဖူးခက်တွင်ကျင်းပသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ တံခါးပိတ်အစည်းအဝေး၌ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး၊ ဒေသအတွင်း ပိုမိုလွတ်လပ်သောကုန်သွယ်မှုရရှိအောင် ဆောင်ရွက်ရေးနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများဆန်းသစ်ရှင်သန်လာစေရေး အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ အာဆီယံအဖွဲ့သည် လွန်ခဲ့သော ၁၀ စုနှစ် နှစ်ခုအတွင်း စီးပွားရေးတောင့်တင်းခိုင်မာပြီး ဒေသအတွင်း တည်ငြိမ်မှု၏အခြေခံအုတ်မြစ်အဖြစ် အခိုင်အမာရပ်တည်နေထိုင်ခဲ့ကြသည်။ သို့သော် ယင်းအခြေအနေမှာ ၁၉၉၇ ခုနှစ်မှ ၁၉၉၈ ခုနှစ် စီးပွားရေးအကျပ်အတည်းကာလတွင် ယိုယွင်းလာခဲ့သည်။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့အစည်းအဝေးတွင် အကြမ်းဖက်ဝါဒတိုက်ဖျက်လုပ်ဆောင်ရာ၌

အနီးကပ်ပူးပေါင်းပါဝင် လုပ်ဆောင်သွားကြရန် အာဆီယံ ၁၀ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။ အာဆီယံနိုင်ငံအားလုံးတို့တွင် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးဗဟိုဌာနများ ထူထောင်ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ ဖိလစ်ပိုင်၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများသည် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်ရာ ထိုင်းနိုင်ငံက ထိုသုံးနိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည် ဖြစ်သည်။ အာဆီယံနိုင်ငံများသည် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၌ အားတက်သရောလုပ်ဆောင်မှု တစ်ခုတည်းသာမက အချင်းချင်းဆက်သွယ်ပြီး အထင်အမြင်လွဲမှုများ ပပျောက်ရေးလုပ်ဆောင်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦးဖေးမလုပ်ဆောင်သွားမည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံလုံးမှ ပညာရေးဝန်ကြီးများသည် ၃၇ ကြိမ်မြောက်အာဆီယံပညာရေးဝန်ကြီးများ ညီလာခံတက်ရောက်ရန် ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့သို့ မတ်လ ၁၂ ရက်နေ့က ရောက်ရှိခဲ့ကြသည်။ ညီလာခံဖွင့်ပွဲတွင် ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က ယဘာပတိအဖြစ်ဆောင်ရွက်၍ အဖွင့်မိန့်ခွန်းပြောကြားကာ ညီလာခံကိုဖွင့်လှစ်ပေးခဲ့သည်။ ညီလာခံကို သုံးရက်ကြာကျင်းပ၍ ပညာရေးဆိုင်ရာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ပညာရေးပြုပြင်ပြောင်းလဲမည့် အစီအစဉ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။ အာဆီယံ ၁၀ နိုင်ငံအတွင်း ပညာရေးအခြေအနေများကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ပညာရေးဝန်ကြီးများအပြင် အာဆီယံပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အဆင့်မြင့်အရာရှိများလည်း တက်ရောက်ဆွေးနွေးကြသည်။ ယင်းညီလာခံကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် မတ်လ ၁၅ ရက်နေ့အထိ ကျင်းပခဲ့သည်။

သင့်ဘဝ- ဦးရဲလွင်

မာတ်ရှင်၊ ဦး (ဗကဘိုးဘိုးကြီး) (ခရစ် ၁၉၁၅-၂၀၀၃)။ ။ ရေစကြိုမြို့နယ်၊ ကြက်ဆူကျင်းရွာဇာတိဖြစ်သည်။ အဘဦးစံညွှန့်၊ အမိဒေါ်ထွန်းတို့၏သားဖြစ်၏။ ငယ်နာမည်ကိုမောင်ဖြစ်၍ တောင်သူမျိုးရိုးဖြစ်သည်။ တစ်မိပေါက်တစ်ယောက်ထွန်းလာသူဖြစ်သည်။

ထိပ်တန်းသဘင်အနုပညာရှင် ဦးမာတ်ရှင်

ရုပ်ရှင်အလွန်ဝါသနာပါသည်။ ပခုက္ကူနှင့် ရေစကြိုမြို့သို့ မြေပဲနှင့်ထန်းလျက်သွားရောင်းတိုင်း မာတ်ရှင်ခေါ် ရုပ်ရှင်ကို အမြဲကြည့်၏။ ထိုကြောင့် ဇာတ်သဘင်လောကသို့ ဝင်သောအခါ "မာတ်ရှင်" ဟူသောဝါဟာရကို နှစ်သက်၍ သူ့နာမည်ကို သူကိုယ်တိုင်ရွေးပေးခဲ့သည်။

မိမိရပ်ရွာဒေသကတောရကျောင်း၊ သုံးတောင်ပိုင်းကျောင်း၊ ဦးပုညကျောင်းတို့တွင် ကိုးကြောင်းအတတ်ကအစပရိတ်ကြီး၊ လောကနီတိ၊ သဒ္ဒါ၊ သင်္ဂြိုဟ်စသော ဘုန်းတော်ကြီးကျောင်းသင်ရိုးတို့ကို သင်ကြားခဲ့သည်။ ကိုရင်သုံးဝါရခဲ့သည်။ လောကုတ္တရာစာပေအခြေခံကောင်းခဲ့သည်။ ကိုရင်ထွက်ပြီးရွာတွင်တောင်သူလုပ်ခဲ့သည်။ တောင်သူအလုပ်ကိုလုံးဝစိတ်မဝင်စား။ ဝါသနာအရ ရပ်ရွာဘုရားပွဲ၊ ကျောင်းပွဲတို့တွင် ကျေးလက်ဂီတ၊ ကျေးလက်အက

အဖွဲ့ကို ဦးဆောင်ဆင်နွှဲခဲ့သည်။ သပြေကန်သို့ရောရှိုး သွားရင်း ကန်ပေါင်ပေါ်ကနေ ဒိုင်ဗင်ထိုးအမြဲလေ့ ကျင့်ခဲ့သည်။

အသက် ၂၂နှစ်အရွယ်တွင် မင်းသားကိုဖျတ်စိန်၊ မင်းသမီး မရွှေစိန်ဇာတ်အဖွဲ့နှင့် ယောနယ် ဂန့်ဂေါဘက်တက်ကရာတွင် လိုက်ပါလာခဲ့ပြီးမီးထိုး၊ ကားဆွဲဘဝနှင့်ဇာတ်ခုံပေါ် စတင်ရောက်ခဲ့သည်။ ထိုနောက်မင်းသားနောက်လိုက် မားထမ်းလုံထမ်းအဆင့်မျိုးမှ "ဘိုကေမောင်" ဟူသောနာမည်တစ်လုံးရလာသည့် ဇာတ်လိုက်မင်းသားအဆင့် ရောက်လာခဲ့သည်။

နဘူးခွေတွင် ကျွမ်းကျင်စွာဒိုင်ဗင်ထိုးလေ့ကျင့်ပြီး ဇာတ်ခုံပေါ်တွင် မီးကွင်းဒိုင်ဗင်ထိုး အကတင်ဆက်ခဲ့သည်။ မီးကွင်းအဆင့်မှ မားကွင်းအဆင့်ထိ ဒိုင်ဗင်ထိုး ကပြနိုင်သည့်အခါ "ဘိုကေမောင်" ဟူသောဇာတ်လိုက်မင်းသားအဖြစ် နာမည်ကျော်လာခဲ့သည်။ ထို့နောက်ရေစကြိုမြို့နယ် မအူရုပ်သေးဆရာကြီးဦးစံရွှေထံခိုလှုံမိသည်။ ဦးစံရွှေနှင့်ရုပ်သေးလည်းကခဲ့သည်။ ဦးစံရွှေဇာတ်ထောင်သောအခါ ဇာတ်လည်းကခဲ့သည်။ ဦးစံရွှေသင်ပေးသမျှ ဇာတ်ရုပ်အမျိုးမျိုးအတွက် ဇာတ်စာတွေကြည်ကနေ အောင်ကျက်ခဲ့ရ၏။ ဉာဏ်လည်းကောင်း၍ ကျက်နိုင်သလောက်လည်း ပေါက်မြောက်ခဲ့လေသည်။ ကျက်ရုံရရုံနှင့်မပြီးမူဘဲ ဦးစံရွှေကိုယ်တိုင်က အာကိုက်လျှာကိုက်အဖြတ်အတောက် လေယူလေသိမ်းအစ နမူနာရွက်ပြပြီးသင်သည်။

အလားတူပင်ရေစကြိုမြို့နယ်၊ ညောင်စောက်ရွာက စာလည်းဟော ကွက်စိပ်လည်းဟောသည့် ရှေးစာရေးဆရာကြီး ဆရာဖိုးထံတွင်လည်း ပညာဆည်းပူးခဲ့သည်။ ဤသို့ဆရာကြီး ဦးစံရွှေနှင့်ညောင်စောက်ဆရာဖိုးကြီးတို့ထံ ပညာသင်ယူခဲ့ရခြင်းသည် နောင်တွင် "ဗကဘိုးဘိုးကြီးဦးဓာတ်ရှင်" ဟုအောင်မြင်ကျော်ကြားဖို့ အခြေခံကောင်းဖြစ်ခဲ့လေသည်။

ဦးစံရွှေနှင့် ၂ နှစ် 'က' ပြီးနောက်မြင်းခြံဘက်ကူး၍အငြိမ့်လောက ဇာတ်လောကတွင်ကျင်လည်ခဲ့သည်။ အောင်ကြီးညွန့်ဇာတ်၊ မိန်းမမင်းသား အောင်သိန်းဇာတ်နှင့်လယ်ကိုင်းမင်းသားကိုသံချောင်းဇာတ်တို့နှင့် ဆက်ကခဲ့သည်။ မြို့မကြည်၊ အဝေရာ၊ လှစန်းကြည်၊ လှစန်းရီအငြိမ့်တို့နှင့်လည်း တွဲခဲ့သည်။

"ဓာတ်ရှင်" အဖြစ်နာမည်ရလာ၍ ခေါ်သူလည်းပေါလာသည်။ ရန်ကုန်ဆင်းပြီး ဇာတ်ထောင်မည်ဟုမင်းသမီးမဖွားကခေါ်သဖြင့် ၎င်း၏တူမမင်းသမီးခင်နုတို့နှင့်အတူ ရန်ကုန်မြေခြေချဖြစ်ခဲ့သည်။

ရန်ကုန်၊ ကျောက်မြောင်းတွင်အိမ်ငှားနေခိုက် ရန်ကုန်ဇာတ်လောက အငြိမ့်လောကထဲ မထိုးဖောက်နိုင်သေးမီ လူမှုဒုက္ခအမျိုးမျိုးရောက်ခဲ့ရသည်။ ထို စဉ်နဲ့ဆရာကိုစံထွန်းနှင့်ဆက်မိရာမှ အလုံပန်းခြံတွင် ချစ်စနိုးမခင်ကြည်အငြိမ့်နှင့်စတင်ကခဲ့သည်။ အာစလျှာစသဘောကျသဖြင့် စပေါ်ငွေ ၃၀ ကျပ်ပေးပြီး အခေါ်ခံရသည်။ အငြိမ့်တည်ရာ ဦးဘသိန်း၏ရေကျော်အိမ်မှာ အငြိမ့်အဖွဲ့သားများနှင့်အတူနေခဲ့သည်။ လူရွှင်တော်ကိုကြင်ပျော်နှင့်အချိတ်အဆက်မိပြီးလူကြိုက်များလာသည်။ နောက်နှစ်တွင်လူရွှင်တော်ခေါင်းဆောင်နေရာ အထားခံရပြီးစပေါ်ခကို လည်းယခင် ၃၀ ကျပ်ပေးခဲ့ရာမှ ၅၀၀ ကျပ်အထိ တက်ပေးလာသည်။ ချစ်စနိုးအငြိမ့်တွင် "ဓာတ်ရှင်၊ ကြယ်ပြောင်" လမ်းမတော်ဦးလေးဆင်အငြိမ့်တွင် "ညှပ်ကြီး ၊ ဒံပေါက်"၊ ဖက်ရှင်အောင်ငွေအငြိမ့်တွင် "ဓာတ်ဆီ ၊ ဓာတ်ဆံ" အတွဲတို့ခေတ်ပြိုင် ထင်ရှားပြီး လူကြိုက်များလာသည်။

"ဓာတ်ရှင်" နာမည်ကြီးလာ၍ ဂျပန်ခေတ်တွင် စာချုပ်မထားတော့ဘဲ လူရွှင်တော်ရွှေငါးနှင့်အတူ တောင်ရှည်ပုဆိုးညှပ်လျက် တွေ့ရာကြုံရာအငြိမ့်၊ ဇာတ်တို့တွင်အညာနှင့်အောက် စုန်ဆန်ပြီးကနေခဲ့သည်။ တစ်ငြိမ့်တည်းတစ်ဇာတ်တည်း စာချုပ်ကနေရသည်ထက်ပိုပြီး တွက်ခြေကိုက်ခဲ့သည်။ ဇာတ်ဆရာအငြိမ့်ဆရာတို့ကလည်း ဝမ်းသာအားရကြိုဆိုခဲ့ကြသည်။

စာရေးဆရာ ရွှေတိုင်ညွန့်နှင့် ဆိုင်းဆရာကိုအေးမောင်တို့ လာရောက်ဆက်သွယ်ပေးခဲ့၍ မင်္ဂလာဦးအောင်မောင်းဇာတ်သို့ ပြောင်းလဲရောက်ရှိသည်။ ဂျပန်ခေတ် "နေသူရိန်" ရုံတော်တွင် မင်္ဂလာဦးအောင်မောင်းနှင့်စတင်ကခဲ့သည်။ ၎င်းရေးသည့် "ရင်သွေးတော်" ပြဇာတ်နာမည်ကြီးခဲ့သည်။ မင်္ဂလာဦးအောင်မောင်းဇာတ်နှင့်အညာပြန်တက်ပြီးလှည့်လည်ကခဲ့၏။ ကိုယ့်နယ်ပြန်ရောက်လာ၍ ကြက်ဆူကျင်းရွာ သံယောဇဉ်နှင့် ရုတ်တရက်မပြန်ချင်သောကြောင့် မင်္ဂလာဦးအောင်မောင်းဇာတ်

နှင့်ဆက်မလိုက်ဖြစ်ဘဲ ပခုက္ကူကဆိုင်းဆရာစိန်ဘယူနှင့်တွဲဖက်ပြီး မင်းသားအာဇာနည်တင်ရွှေနှင့် ဇာတ်ထောင်ကာ ကခဲ့ပြန်လေသည်။ အာဇာနည်တင်ရွှေနှင့် နှစ်ပေါက်အောင်ကပြီး ရွာပြန်ကုန်ကူးနေခဲ့သေး၏။ ရွာကနေမြင်းခြံသို့ ငါးပိဝယ်သွားစဉ် မင်္ဂလာဦးအောင်မောင်းဇာတ် မြင်းခြံရောက်နေခိုက် နှင့်ကြုံ၍ ပန်းပဲမောင်တင့်တယ်ဇာတ်ကို ပန်းပဲဆရာဦးနှောင်းဇာတ်ရုပ်ကနေပြီး ဝင်ကခဲ့သေးသည်။

ရွာပြန်၊ ငါးပိကုန်ကူးနေရာမှ ရန်ကုန်ပြန်ဆင်းခဲ့ပြီး ဆိုင်းဆရာဦးအေးမောင်၏ "စိန်နှစ်စိန်" ဇာတ်နှင့်အောက်မြန်မာပြည်လှည့်လည်ပြီး ၂ နှစ်ခန့်ကခဲ့သည်။ ထိုနောက်ရွှေကြီးညို၊ မင်္ဂလာဦးအောင်ငြိမ်းနှင့်သားတက်ခေတ်စိန် ဇာတ်တို့တွင်လှည့်လည်ကခဲ့ပြီးနောက် မင်္ဂလာဦးအောင်မောင်း ဇာတ်ပြန်ရောက်ခဲ့ပြန်သည်။ မင်္ဂလာဦးအောင်မောင်းနှင့်ကနေရင်း ရွာဘက်ပြန်လှည့်လာပြီး ရေစကြိုမြို့နယ်၊ ပေကုန်းရွာမှနာမည်ကြီး မင်းသမီးမြန်မာညွန့်နှင့် အကြောင်းပါလေသည်။

မြန်မာညွန့်နှင့်က နေစဉ်ရွှေမန်းတင်မောင်ဇာတ်ကလူလွှတ်ပြီး အသုံး ၅၀၀ ကျပ်နှင့် ညကြွး ၂၀ပေး၍အခေါ်ခိုင်းသဖြင့် ရွှေမန်းတင်မောင်ဇာတ်ထဲ ရောက်ခဲ့သည်။ ရွှေမန်းတင်မောင်သည် သူ့ဇာတ်အတွက် လူကောင်းစုရာ၌ အခြားဇာတ်များက နေစဉ် သူကိုယ်တိုင်ခေါင်းပေါင်းကြီးပေါင်း၊ ရုပ်ဖျက်ဝင်ကြည့် ပြီးဇာတ်ကောင်တွေကို အကဲဖြတ်ရွေးချယ်လေ့ရှိသည်။ ဤသို့အကဲခတ်ပြီး ဦးဓာတ်ရှင်၏အစွမ်းအစကို နှစ်သက်၍ ဆက်သွယ်ခေါ်ယူခဲ့သည်။

ရွှေမန်းတင်မောင်နှင့်က နေစဉ် ဒေါ်ရီတင်နှင့် အကြောင်းပါခဲ့ပြန်သည်။ အိမ်ထောင်ဆက်များ၌ သားသမီး မြေးမြစ်များလည်း များလေသည်။ ဖခင်အမွေဆက်ခံခဲ့ကြသည့် ဇာတ်သဘင်သည်များလည်းရှိသည်။ ဆိုင်းဆရာများလည်း ကျန်ရစ်သည်။

ရွှေမန်းတင်မောင်နှင့်ကနေရင်းက တစ်ပတ်ကျော့ပြီးအငြိမ့်လောကထဲ ပြန်ဝင်ဖြစ်ခဲ့ပြန်သည်။ ကိုလှမောင်အငြိမ့်နှင့်ဝါးခယ်မမှအပြန်၊ ရွှေမန်းတင်မောင်ကလည်း ပုသိမ်မှအပြန်နှင့်သဘော်ဦးခန်းမှာဆုံမိကြပြီး ညဉ့်ဝက်စနစ်ကရေး၊ စာကိုအခြေခံထားပြီး ဗုဒ္ဓဝင်ဇာတ်တော်ကြီးများကရေး ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ထိုကြောင့်ရွှေမန်းတင်မောင်ဇာတ်သို့ ဒုတိယအကြိမ်ပြန်ရောက်ပြီး ဗုဒ္ဓဝင်ဇာတ်တော်ကြီးများကို အချိန်ယူလေ့ကျင့်ပြီးကခဲ့ကြရာ သူများလိုက်မမီအောင် အနုပညာမြောက်ခဲ့သည်။ ဗုဒ္ဓဝင်ဇာတ်တော်တွင် ဗကဘိုးဘိုးကြီးဇာတ်ရုပ်ကို ပြောစမှတ်တွင်ရစ်အောင် ပိုင်ပိုင်နိုင်နိုင်သရုပ်ဆောင်ကပြနိုင်ခဲ့၍ ဦးဓာတ်ရှင်အမည်ရင်းမှ "ဗကဘိုးဘိုးကြီးဦးဓာတ်ရှင်" ဟုပရိသတ်ကထပ်ဆင့်ပေးသောအမည်ရရှိခဲ့လေသည်။

ရွှေမန်းတင်မောင်က "မင်းညီနောင်" ဇာတ်ထုပ်ဓာတ်ပြားသွင်းရာတွင် ဘိုးတော်ဦးဝိုင်းဇာတ်ရုပ်နေရာထားသည့် မြတလေးကိုမေ့ကျန်ပြီး မခေါ်ခဲ့မိသောကြောင့် ကွက်လပ်ဖြစ်နေစဉ် ဦးဓာတ်ရှင်ကိုအစားထိုးခဲ့ရာမှ ဦးဓာတ်ရှင်၏လေယူလေသိမ်းကိုကြိုက်ပြီးဗုဒ္ဓဝင်ကသည့်အခါတွင် ဗကဘိုးဘိုးကြီးဇာတ်ရုပ်အဖြစ်ရွေးချယ်ခဲ့သည်။ ဗုဒ္ဓဝင်ဇာတ်တော်တွင်မင်းသားရွှေမန်းတင်မောင်၊ အမေကြီးအို ဦးအောင်စိန်၊ ရွှေတိုင်သောင်း၊ ဦးဓာတ်ရှင်တို့လေးဦးမိမိတို့ကျရာ ဇာတ်ရုပ်တို့၌တုမမီနိုင်လောက်အောင်သရုပ်ဆောင် ကပြနိုင်ခဲ့ကြလေသောကြောင့် ပြောစမှတ်တွင်ရစ်ခဲ့ကြလေသည်။

ပညာသည်ချင်းတွဲမိပြီး ရွှေမန်းတင်မောင်နှင့် လျှမ်းလျှမ်းတောက်နေချိန်တွင် ဒေါ်သန်းရင်က ပန်တျာကြည်လင်အား ဇာတ်ထောင်လို၍ ဦးဓာတ်ရှင်ကို ရွှေမန်းတင်မောင်ထံမှ တောင်းယူခဲ့သည်။ "ဦးဓာတ်ရှင် စီမံအုပ်ချုပ်သော" ဟူသည့်ဇာတ်ခေါင်းစည်းတင်လျက် မန်နေဂျာခန့်ခဲ့သည်။ ညကြွးလည်းတက်ပေးခဲ့သည်။ ပန်တျာကြည်လင်နှင့်တွဲခဲ့ရာတွင် မင်းသားကလည်း ပင်ကိုအရည်အသွေးရှိပြီးဦးဓာတ်ရှင်ကလည်း ဇာတ်စီးကောင်းခဲ့လေသောကြောင့်ပန်တျာကြည်လင်လည်း နာမည်ထိုးတက်လာသည်။ ဇာတ်ရင်းကြေး ၁၂၀၀ မှ ၂၀၀၀ ထိမြင့်တက်လာသည်။

အလားတူပင် စိန်မာဒင်နှင့် ရွှေမန်းကျော်အောင်တို့ကိုလည်းဇာတ်စီးကခဲ့သည်။ မိမိစီမံအုပ်ချုပ်ပြီးဇာတ်စီးကခဲ့သမျှသော မင်းသားများနာမည်ထင်ရှားကျော်ကြား သွားခဲ့ကြသည် ချည်းပင်။ ရွှေမန်းကျော်အောင်နှင့်မကွေးပွဲတော်မှ အောက်ပိုင်းသို့ဆင်းကအလာတွင် ဇာတ်ဆရာကိုဘသိန်းရောမင်းသားကျော်အောင်ပါ ကားဝယ်စီးနိုင်လောက်

အောင် အကျိုးအမြတ်ဖြစ်ထွန်းခဲ့ကြသည်။ မိမိ ကျေးဇူးကြောင့်ဟု အောက်မေ့ကြပြီး ဦးမာတ်ရှင်အား ပဲခူးပွဲကိုခြီးမြှင့်ကြသည်။ ပဲခူးပွဲကိုပြန်ပြီးတစ်ဆင့် ရောင်းလိုက်ရာ ဇာတ်ရင်းအပြင်အမြတ် ၈၀၀၀ ရရှိ၏။ ထိုအမြတ် ၈၀၀၀ နှင့်ပဲခူးဘုရားပွဲတော် ဇာတ်ရုံမှာပင် သားသုံးယောက်နှင့်သမီးတစ်ယောက်တို့အား ဇနီးဒေါ်ရီတင်နှင့်အတူ ရှင်ပြုနားသအလှူတော်မဂ်လာကို ဆင်ယင်ကျင်းပခဲ့သည်။ ပဲခူးပွဲတော်မှာပင် အတူကနေကြသော ရွှေမန်းတင်မောင်၊ မြို့တော်သိန်းအောင်၊ စိန်အောင်မင်း၊ ရွှေနန်းတင်နှင့်ပန်တျာကြည်လင်ဇာတ်အဖွဲ့တို့ကလည်း လာရောက်ကူညီအားပေးခဲ့ကြလေသည်။

ရွှေမန်းကျော်အောင်နှင့်လေးနှစ်ကပြီးနောက် ရွှေနန်းတင်၊ ထို့နောက်မန္တလေးသိန်းဇော်တို့ကိုလည်း ဇာတ်စီးကခဲ့သည်။ မိမိသားဓာတ်လင်းလည်းပါ၏။ မန္တလေးသိန်းဇော်နှင့်သုံးနှစ်ကပြီးနောက် အသက်အရွယ်လည်းကြီးရင့်လာ၍ ဇာတ်သဘင်လောကမှ အနားယူခဲ့သည်။

အနားယူပြီးနောက် အစဉ်အလာကြီးမားသော ပညာရှင်ကြီးတစ်ဦးဖြစ်၍ ဇာတ်ထုပ်၊ ဇာတ်စာ၊ ဇာတ်သီချင်းတို့ရေးပေးနေရသည်။ ချီကောက်လာခေါ်ပြန်လျှင်လည်း မလွဲမရှောင်သာလိုက်ခဲ့ရသည်။ ဆို၊ က၊ ရေ၊ တီးပြိုင်ပွဲများတွင်လည်း အဆို၊ အငို၊ အပြောအကဲဖြတ်ဒိုင်အဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ ငွေကြေးကိုအဓိကမထားဘဲ မိမိတစ်သက်လုံးထမ်းဆောင်ခဲ့သော အနုပညာတာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့သည်။

ဇာတ်သဘင်ခရီးတစ်လျှောက် ဦးမာတ်ရှင်ပါဝင်အသံသွင်းခဲ့ဇာတ်ထုပ်၊ ပြဇာတ်နှင့်အခြားအစီအစဉ်တို့ကို ကောက်နုတ်ဖော်ပြရသော်----------

ဗုဒ္ဓဝင်ဖွားတော်မူခန်း (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ ပကဘိုးဘိုးကြီးအဖြစ်)။ ဗုဒ္ဓဝင်လေးတော်တင်ခန်း (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့)၊ မင်းညီနောင် (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ မယ်ဉဖခင်အဖြစ်)၊ ပဉ္စိပူစိကာ (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ ဖိုးကြာအဖြစ်) ဗိမ္မိသာရ (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ ဒီဋ္ဌနောက်ပါအဖြစ်)၊ လက်ဝဲသုန္ဒရ (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ နောက်ပါအဖြစ်)၊ သခ်ဝလိယ (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ နောက်ပါအဖြစ်)၊ ဝိမာန (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ နောက်ပါအဖြစ်)၊ မဟောသဓ (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ ဝန်ကြီးအဖြစ်)၊ သန္တိ (ရွှေမန်းတင်မောင်ဇာတ်အဖွဲ့၊ နောက်ပါအဖြစ်)၊ မုဒုလက္ခဏာ (ရွှေမန်းကျော်အောင်ဇာတ်၊ ဆရာတော်ရသေ့အဖြစ်)၊ မေဓာဝီ (ရွှေမန်းကျော်အောင်ဇာတ်၊ ဖခင်ဖိုးသုခအဖြစ်)၊ ပေါရိသာဒ (ရွှေမန်းကျော်အောင်ဇာတ်၊ ရသကအဖြစ်)၊ ဇဝိတသာမဏော (ရွှေမန်းကျော်အောင်ဇာတ်၊ နောက်ပါအဖြစ်)၊ ရောရုဝ (မင်္ဂလာဦးအောင်မောင်းဇာတ်၊ နောက်ပါအဖြစ်)၊ သုဝဏ္ဏသာမ (ပန်တျာကြည်လင်ဇာတ်၊ ပိဋ္ဌိယက္ခမင်းအဖြစ်)၊ တေမိယ (မန္တလေးသိန်းဇော်ဇာတ်၊ ကာသိကရာဇ်မင်းအဖြစ်)၊ ဆဒ္ဒန်ဆင်မင်း (မန္တလေးသိန်းဇော်ဇာတ်၊ သောနုတ္တိရ်အဖြစ်နှင့်ရော ဆဒ္ဒန်ဆင်မင်းအဖြစ်နှင့်ပါ) စသည်တို့ဖြစ်သည်။

ဦးမာတ်ရှင်ရေးခဲ့သော ဇာတ်ထုပ်များကို ကောက်နုတ်ဖော်ပြရလျှင်---သီရိမာ၊ မေဓာဝီ၊ မုဒုလက္ခဏာ၊ စကြာလုံရှင်၊ ဇဝိတသာမဏော၊ ရှင်ဥပဂုတ္တ၊ သုဝဏ္ဏသာမ၊ ဆဒ္ဒန်ဆင်မင်း၊ မြစိမ်းစသည်တို့ဖြစ်သည်။

အခြားသောဇာတ်ဝင်စာများ၊ သီချင်းများ၊ တေးထပ်၊ ခွန်းထောက်ကဗျာမျိုးကအစ ဆိုင်းဆင့်များအထိ အမျိုးမျိုးရေးခဲ့သည်။ အဓိပ္ပာယ်ရောစာသားနှင့်အသံတို့ကိုပါ နှစ်သက်အာတွေ့လှသဖြင့် ရွှေမန်းတင်မောင်နှစ်ပါးခွင်တွင် ဦးမာတ်ရှင်၏သီချင်းများသီဆိုလေ့ရှိခဲ့သည်။ ဗကဘိုးဘိုးကြီးဦးမာတ်ရှင်ဟူ၍ ထင်ရှားကျော်ကြားခဲ့သည်မှာလည်း သူ၏သဘင်ရည်ပြည့်ဝမှုကြောင့်ပင်ဖြစ်သည်။

ဘဝတစ်လျှောက်လုံး မိမိတတ်ကျွမ်းရာ အနုပညာဖြင့်နိုင်ငံတစ်ဝန်း လှည့်လည်ကပြဖျော်ဖြေတင်ဆက်ခဲ့သည့်အပြင် နှောင်းလူတို့အတွက်ပါ အသံသွင်းထားခဲ့ခြင်း၊ ရုပ်မြင်သံကြားရိုက်ကူးထား ရှိခဲ့ခြင်းတို့ဖြင့် အနုပညာတာဝန်ကို သယ်ပိုးထမ်းဆောင်ခဲ့ပြီး အသက် (၈၇) အရွယ် ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ဇာတ်သဘင်အနုပညာရှင်ကြီးဦးမာတ်ရှင် ကွယ်လွန်ခဲ့သည်။

သန်းအောင် (အညာမြေ)

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့။ ။၂၀၀၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ ၈ ရက်နေ့တွင် ရန်ကုန်မြို့ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်မိန့်ခွန်းပြောကြားသည်။

မြန်မာနိုင်ငံတော်တွင်လည်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ နိုင်ငံတကာစာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ယခုကဲ့သို့ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ပညာရေးရည်မှန်းချက် အတိမ်အနက်၏လေးနက်မှုကို ထင်ဟပ်ဖော်ညွှန်းပြသနေခြင်း ဖြစ်သည်။



ဗိုလ်ချုပ်ကြီး ခင်ညွန့်
နိုင်ငံတကာ
စာတတ်မြောက်ရေးနေ့
အထိမ်းအမှတ်
စာစီစာကုံးပြိုင်ပွဲ
ဆုရကျောင်းသားတစ်ဦးအား
ဆုချီးမြှင့်စဉ်

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးက စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့ (International Literacy Day) အဖြစ် ၁၉၆၇ ခုနှစ်က စတင်သတ်မှတ်ပေးခဲ့ပြီးသည့်နောက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအသီးသီးတွင် စာတတ်မြောက်ရေးနေ့ အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်းအစဉ်အလာမပျက် ကျင်းပလျက် ရှိသည်။ ပြည်ထောင်စု ယခုနှစ် ကျင်းပသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့သည် စာတတ်မြောက်ရေးလုပ်ငန်းနှင့် ပတ်သက်ပြီး ယခင်နှစ်များကထက် ပိုမိုထူးခြားသည့် နေ့တစ်နေ့၊ ပိုမိုထူးခြားသည့် နှစ်တစ်နှစ်ဟု ဆိုရမည် ဖြစ်သည်။ ယူနက်စကိုအဖွဲ့က ကုလသမဂ္ဂအဖွဲ့သို့ တင်ပြသည့် အစီအစဉ်များထဲတွင် ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ စက်တင်

ဘာလ ၈ ရက်နေ့အထိကို 'နိုင်ငံတကာ စာတတ်မြောက်ရေးဆယ်စုနှစ်' အဖြစ် သတ်မှတ်လိုက်သည့် အတွက် ယနေ့သည်ဆယ်စုနှစ်၏ အစနေ့၊ အစနှစ် ဖြစ်လာခြင်းကြောင့် ဖြစ်သည်။

ယနေ့အချိန်အခါသည် ကမ္ဘာ့နိုင်ငံအသီးသီး အနေဖြင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားနေမှသာ လျှင် ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်း လျော့နည်းလာသည်နှင့်အညီ

ဗိုလ်ချုပ်ကြီး ခင်ညွှန့်
၂၀၀၂ ခုနှစ် နိုင်ငံတကာ
စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်
စာစီစာကုံးပြိုင်ပွဲ
ဆုရကျောင်းသူတစ်ဦးအား
ဆုချီးမြှင့်စဉ်

ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးပေါ်ထွန်းလာမည်ဟူသည့် ယုံကြည်မှော်လင့်ချက်ဖြင့် ကြိုးပမ်းနေသည့်အချိန် ဖြစ်သည်။ ကမ္ဘာ့ပညာရေးဆိုင်ရာ ညီလာခံကြီးများ၊ ဒေသဆိုင်ရာ ပညာရေး ဆွေးနွေးပွဲများ အခါအားလျော်စွာ ကျင်းပပြီး မိမိတို့ နိုင်ငံသူနိုင်ငံသားများ ပညာရည်မြင့်မားရေးကို အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၀ ပြည့်နှစ် ဂျွန်တီယန်တွင် ကျင်းပခဲ့သည့်လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြီးသို့ ပါဝင်တက်ရောက်ပြီးနောက် ၁၉၉၀ ပြည့်နှစ်တွင် ရှိခဲ့သည့်စာမတတ်သူ ၂၂ ရာခိုင်နှုန်းကို ထက်ဝက်လျော့ချမည်ဟူသည့် ဦးတည်ချက်ဖြင့် စနစ်တကျစီမံကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တစ်မျိုးသားလုံး ကြိုးပမ်းမှုကြောင့် ၂၀၀၁ ခုနှစ်တွင် သက်ကြီးစာမတတ်သူနှုန်း ၈ ဒသမ ၆ ရာခိုင်နှုန်းသာ ရှိတော့သည်အထိ ထက်ဝက်မက လျော့ချနိုင်သည်။

ပညာရေးမြှင့်တင်မှု အစီအစဉ်များ၊ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းများ၊ အနှစ် ၃၀ နှစ်ရှည်ပညာရေးစီမံကိန်းများကို အဆင့်ဆင့်ချမှတ်ဆောင်ရွက်ရာတွင် လူတိုင်းအတွက် ပညာရေးစီမံကိန်းကိုလည်း ဆက်စပ်ယှဉ်တွဲ ဆောင်ရွက်လျက်ရှိသည်။ လူတိုင်းအတွက် ပညာရေးစီမံကိန်းအောက်တွင် ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးနည်းလမ်းနှစ်သွယ်ဖြင့် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ အနာဂတ်ကာလတွင် စာမတတ်သူ လုံးဝမရှိစေရေး ဦးတည်မျှော်မှန်းပြီး ကျောင်းနေအရွယ် ကလေးအားလုံးကျောင်းနေရေးနှင့် ကျောင်းနေမြဲရေးကို ကျောင်းအပ်နှံရေးသီတင်းပတ် လှုပ်ရှားမှုနှင့်မူလတန်းလွန်ကျောင်း အစီအစဉ်များ ပေါင်းစပ်ပြီး နိုင်ငံတော်အစိုးရနှင့် မိဘပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းကြောင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် ကျောင်းနေနှုန်း ၉၃ ဒသမ ၀၇ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာပြီး အထူးအောင်မြင်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ကျောင်းနေရွယ်လွန် သက်ကြီးစာမတတ်သူများအတွက် စာတတ်မြောက်ရေး 'အ' သုံးလုံးကျေလုပ်ငန်းများနှင့် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်များကို နယ်စပ်ဒေသများပါမကျန် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းအသီးသီးတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်။

ကျောင်းပြင်ပ ပညာရေးစီမံကိန်းကို လူတိုင်းအတွက် ပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု ဗဟို



ပိုလ်ချုပ်ကြီး ခင်ညွန့်
၂၀၀၂ ခုနှစ် နိုင်ငံတကာ
စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်
ဆောင်းပါးပြိုင်ပွဲ
ဆုရဆရာမတစ်ဦးအား
ဆုချီးမြှင့်စဉ်

ကော်မတီ၊ ဦးစီးကော်မတီများအပြင် ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ/ ရပ်ကွက် အခြေခံအဆင့် အထိ လူတိုင်းအတွက် ပညာရေးလုပ်ငန်းကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပြီး မြန်မာနိုင်ငံစာတတ်မြောက်မှုနှုန်းကို တိုးတက်မြင့်မားအောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အာရှနှင့်ပစိဖိတ်ဒေသ အတွင်းရှိ စာတတ်မြောက်မှုနှုန်းမြင့်မားသည့် (က) အုပ်စုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်လျက်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံအတွင်း အခြေခံပညာ စာတတ်မြောက်ပြီးသည့် ဒေသများတွင် စာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှုနိုင်မြင့်တင်ရေးအစီအစဉ်များ၊ ဝင်ငွေတိုးပွားရေး အစီအစဉ်များနှင့် ဘဝသာယာရေး အစီအစဉ်များ ပါဝင်သည့် 'စဉ်ဆက်ပညာရေး' ဖြစ်ထွန်းအောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေမှု အတော်ခရီးရောက်နေပြီဖြစ်သည်။

စဉ်ဆက် ပညာရေးစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ရပ်ရွာပညာပဒေသာဌာနများသည် အလွန်အရေးပါသည်။ ရပ်ရွာပညာပဒေသာဌာနများသည် ကျေးလက်နေရပ်ရွာသူရပ်ရွာသားအားလုံးအတွက် ကိုယ်တိုင်စုပေါင်းစီမံဖွင့်လှစ်ထားသည့်ဌာနများ ဖြစ်ပြီး ရပ်ရွာသူရပ်ရွာသားများအချိန်မရွေး ဆုံစည်းရာ၊ အပန်းဖြေရာ၊ သတင်းအချက်အလက်ရယူရာ၊ အသက်မွေးဝမ်းကျောင်းပညာ ဆည်းပူးရာ၊ ရပ်ရေးရွာရေး တိုင်ပင်ဆွေးနွေးရာဌာနများ ဖြစ်နေပြီဖြစ်သည်။ ယခုအခါ နိုင်ငံတစ်ဝန်းလုံးတွင် စံပြကျေးရွာများအပါအဝင် ရပ်ရွာပညာပဒေသာဌာနပေါင်း ၄၁၄ ခု ဖွင့်လှစ်ပြီး စာတတ်မြောက်ရေးနှင့်ဆက်စပ်နေသည့် ဝင်ငွေတိုးလုပ်ငန်းနှင့် ဘဝသာယာစည်ပင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုအရ ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ပညာဘက်တိုက် စာကြည့်တိုက်များကို ပြည်နယ်/တိုင်းမှသည် မြို့နယ်၊ ရပ်ကွက်/ကျေးရွာအထိ စနစ်တကျတိုးချဲ့ ဖွင့်လှစ်လာနိုင်ပြီဖြစ်၍ လူတိုင်းစာတတ်ရန်၊ စာဖတ်သူတိုင်း စာဖတ်ရန် ရေကန်အသင့် ကြာအသင့်ဖြစ်လာပြီဖြစ်သည်။ စာဖတ်သူတိုင်းကို စနစ်တကျလေ့လာတတ်မြောက် သင်ယူနိုင်သည့် အခြေအနေနှင့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖော်ဆောင်ပေးနိုင်မည် ဖြစ်သည်။ ထို့ကြောင့် အစဉ်သင်ယူနေသည့် မြန်မာ့လူဘောင်အဖွဲ့အစည်း ဖြစ်ထွန်းပေါ်ပေါက်လာရေးတွင် ရပ်ရွာပညာပဒေသာဌာနများနှင့် ပညာဘက်တိုက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလျက်ရှိသည်။

၂၀၀၂ ခုနှစ်တွင် စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးဖြစ်သည့် မွန်ပြည်နယ်နှင့်ပဲခူးတိုင်းတွင် စာတတ်မြောက်ရေး ကောက်သင်းကောက်လုပ်ငန်းများကို ဖြန့်ကြက်ဆောင်ရွက်ခဲ့ရာ စာတတ်မြောက်သူ ၁၁,၀၉၇ ဦး တိုးပွားလာသည်။ ရခိုင်

ပြည်နယ်၊ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် ပြည်နယ်/တိုင်းလုံးကျွတ် စာတတ်မြောက်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ၇၃,၅၀၅ ဦးအထိ စာတတ်မြောက်မှု တိုးတက်ဖြစ်ထွန်းလာပြီ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နယ်စပ်ဒေသများတွင် အကြောင်းအမျိုး မျိုးကြောင့် ကျောင်းနေခွင့်မရခဲ့သည့် ကျောင်းနေ အရွယ်လွန် စာမတတ်သူများကို စာတတ်မြောက်စေ ရန် 'အ' သုံးလုံးသင်တန်းများ ဖွင့်လှစ်ပေးရန် လမ်းညွှန်ခဲ့သည့်အလျောက် ပညာရေးဝန်ကြီးဌာန နှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီးနယ်စပ်ဒေသ နွေရာသီ 'အ' သုံးလုံး သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးလျက် ရှိသည်။ ယင်းသို့ ဖွင့်လှစ်သင်ကြားပေးခဲ့သည့် အတွက် ၂၀၀၁ ခုနှစ်အထိ ကိုးကန့်ဒေသ၊ 'ဝ' ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ရခိုင်ဒေသ၊ ကရင်ဒေသ၊ ပအိုဝ်းဒေသ၊ ပလောင်ဒေသ၊ ရှမ်းဒေသ၊ နာဂဒေသ စသည့် နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသား ၂၁,၈၁၅ ဦး စာတတ်မြောက်လာခဲ့ပြီ ဖြစ်သည်။

၂၀၀၂ ခုနှစ် နယ်စပ်ဒေသ နွေရာသီ 'အ' သုံးလုံးသင်တန်းများကို ကချင်အထူးဒေသ (၁) တွင် ဝိုင်းမော်မြို့နယ်၊ ကချင်အရှေ့မြောက်ဒေသတွင် ကွတ်ခိုင်မြို့နယ်နှင့်လားရှိုးမြို့နယ်၊ ကဘော်ချိုင့်ဝှမ်း ဒေသတွင် တမူးမြို့နယ်၊ တနင်္သာရီဒေသတွင် ရေဖြူ မြို့နယ်၊ ကျိုင်းတုံအရှေ့ဒေသတွင် တာချီလိတ်မြို့နယ် (အရှေ့ခြမ်း)၊ ရခိုင်ဒေသတွင် ဘူးသီးတောင်မြို့နယ် နှင့် ရသေ့တောင်မြို့နယ်များကို တိုးချဲ့ဖွင့်လှစ်ခဲ့ သည့်အတွက် ဒေသခံတိုင်းရင်းသား ၅,၄၂၅ ဦး ထပ်မံစာတတ်မြောက်လာခဲ့ပြီ ဖြစ်သည်။

သက်ကြီးစာတတ်မြောက်ရေး အောင်မြင်ဖြစ် ထွန်းအောင် တစ်ဖက်က ဖိဖိစီးစီးဆောင်ရွက်နေ သကဲ့သို့ သက်ငယ်စာမတတ်သူများ တိုးပွားလာခြင်း မရှိစေရန် ကျောင်းနေအရွယ် ကလေးအားလုံး

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားတွင်
ကျောင်းသားကျောင်းသူကလေးများ ဖျော်ဖြေတင်ဆက်စဉ်

ကျောင်းနေရေးလုပ်ငန်းစီမံချက်ကို စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်ဒေသတွင် ရှိကြသည့် ကလေးငယ်များ ပညာသင်ယူမှုအခွင့်အလမ်း ပိုမိုရရှိအောင် မိမိအရပ်၊ မိမိဒေသ၌ပင် အလယ်တန်းပညာကို လွယ်ကူထိရောက်စွာသင်ယူနိုင်ရန် အလယ်တန်းပညာကိုပါဆက်လက်သင်ယူနိုင်သော မူလတန်းလွန်ကျောင်းပေါင်း ၂,၄၀၀ ကို ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် ဖွင့်လှစ်ပေးနိုင်ခြင်းသည် ကျေးလက်ဒေသများအတွက် အလွန်အကျိုးများပြီး ထူးခြားထိရောက်သည့် ပညာရေးအစီအစဉ်တစ်ရပ်ဖြစ်သည်။

ပညာရေးဗျူဟာတစ်ရပ်အဖြစ် ကျောင်းတွင်း ပညာရေးနှင့် ကျောင်းပြင်ပပညာရေးကို ညီညွတ်မျှတစွာ ပေါင်းစပ်ပေးမည့် တန်းညီအစီအစဉ် (Equivalency Programme) ဖြစ်သည့် ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ် (Non-Formal Primary Education) ကိုလည်း စနစ်တကျ သုတေသနပြုပြီး လိုအပ်သည့်သင်ရိုးညွှန်းတမ်းများ ရေးဆွဲကာ ကျောင်းသုံးစာအုပ်များ ပြုစုပြီးဖြစ်၍ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှ စတင်ပြီး အချို့ဒေသများတွင် အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းအစီအစဉ်သည် မူလတန်းပညာသင်ယူပိုင်ခွင့်နှင့် အရည်အသွေးတိုးတက်မြင့်မားအောင် လုပ်ဆောင်ပေးသည့် အစီအစဉ်တစ်ခုဖြစ်သည်။

ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်တွင် ပါဝင်သည့် ကျေးလက်ပညာရေးဖွံ့ဖြိုးမှုအစီအမံများတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးနှင့် အနည်းဆုံး အခြေခံပညာမူလတန်းပြီးဆုံးရေး၊ သက်ကြီးစာမတတ်သူ ပပျောက်ရေး၊ စာတတ်မြောက်ပြီးသူများ စာဖတ်ရှုနိုင်မြင့်တင်ပြီး မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများသည် မြန်မာ့ပညာရေးမျှော်မှန်းချက်၏ အခြေခံအကျဆုံးနှင့် ပဓာနအကျဆုံးလုပ်ငန်းများ ဖြစ်သည့်အတွက် ရည်မှန်းချက်အောင်မြင်အောင် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံသူနိုင်ငံသား တစ်ယောက်မကျန် စာတတ်မြောက်ရေးလုပ်ငန်းကို ဆယ်စုနှစ်အတွင်း အရှိန်အဟုန်ပိုမိုတိုးမြှင့်ပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်သွားရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးစီမံချက် လုပ်ငန်းစဉ်ကြီးအောင်မြင်ဖြစ်ထွန်းမှုကို စံပြုပြီး ရေရှည်တိုးတက်ဖြစ်ထွန်းစေရန် ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရေး၊ စာတတ်မြောက်ရေးမှသည် စာဖတ်ရှုနိုင်မြှင့်တင်ရေး၊ မိသားစုဝင်ငွေတိုးပွားရေးနှင့် ဘဝသာယာရေးစသည့် စဉ်ဆက်ပညာရေးအစီအစဉ်များ အောင်မြင်ဖြစ်ထွန်းစေပြီး အစဉ်သင်ယူသင်ကြားနေသည့် မြန်မာ့လူဘောင်အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာရေးကို အထောက်အကူပြုမည့် ရပ်ရွာပညာပဒေသာဌာနများ ဆက်လက်ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

၂၀၀၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ တောင်ဥက္ကလာပမြို့နယ် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ဖြိုးပိုင်သော်၊ ဒုတိယဆုရ မြစ်ကြီးနားမြို့ အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ထွန်းအောင်နှင့် တတိယဆုရ ပြည်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသား မောင်ရဲမင်းအောင်၊ အခြေခံပညာ အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ ဘိုကလေးမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မနှင်းရည်မြတ်၊ ဒုတိယဆုရ လမ်းမတော်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မအိအိဝင်းနောင်နှင့် တတိယဆုရ ညောင်လေးပင်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မနီလာဝင်း၊ ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မော်လမြိုင်ပညာရေးကောလိပ်မှ မဝင်းမြင့်တင်၊ ဒုတိယဆုရ သယ်န်းကျွန်း ပညာရေးကောလိပ်မှ

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့

ကောလိပ်မှ မည်ဂုဏ်မြင့်တို့အား ဆုများချီးမြှင့်သည်။

၂၀၀၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို စက်တင်ဘာလ ၈ ရက်နေ့နှင့် ၉ ရက်နေ့တွင် စိန်ရတုခန်းမ၌ ကျင်းပသည်။ စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်တင်လင်းမြင့်က 'True Story of NGOs in Education for All Activities' စာတမ်း၊ အမှတ် (၁) အခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက 'EFA Initiatives in Myanmar' စာတမ်း၊ အမှတ် (၁) အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိထန်ဇာတွင်းက 'Equitable Access to and Completion of Primary Education' စာတမ်း၊ ရန်ကုန် ပညာရေးတက္ကသိုလ် သင်ပြနည်းပညာဌာန ပါမောက္ခ ဒေါ်ထူးထူးအောင်က 'Promotion Quality for Basic Education' စာတမ်း၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့လက်ထောက်ပညာရေး သုတေသနအရာရှိ ဒေါ်စီစီအေးက၊ National EFA Plan of Action Focusing on Non-formal Education၊ စာတမ်း၊ ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး ဒေါ်မြင့်မြင့်သန်းက 'National Action Plan for EFA Focusing on ECCE' စာတမ်း၊ ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှက 'National Action Plan for EFA Focusing on Strengthening EMIS' စာတမ်း၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ပညာရေးသုတေသနအရာရှိ ဦးစောအောင်က '၂၀၀၂ ခုနှစ် စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ' စာတမ်း၊ ကရင်ပြည်နယ် ပြည်နယ်ပညာရေးမှူး ဦးစောဘလှိုင်က 'ကရင်ပြည်နယ် ပြည်နယ်လုံးကျွတ် စာတတ်မြောက်ရေးကြိုးပမ်းမှု' စာတမ်းနှင့် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဟန်နှင့် လက်ထောက်ပညာရေး သုတေသန အရာရှိ ဒေါ်နီနီစန်းတို့က 'CE in Myanmar၊ စာတမ်းတို့ကို အသီးသီးဖတ်ကြား တင်သွင်းကြသည်။

စိုးအောင်

နှစ် (၅၀) ပြည့်ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာန

နှစ် (၅၀) ပြည့် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန ။ ။ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနကို ၁၉၅၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် စတင်ထူထောင်ဖွင့်လှစ်ခဲ့သဖြင့် ၂၀၀၂ ခုနှစ်၌ ရှေ့ရတုကာလ သက်တမ်းဆီသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ (စတင်ဖွင့်စဉ်က စိတ္တဇေဒဌာနအမည်ဖြစ်သည်။) ထိုအချိန်ထိုကာလမှစ၍ မြန်မာနိုင်ငံတွင် စိတ်ပညာဘာသာရပ်ကို စနစ်တကျစုစည်းလေ့လာသင်ကြားမှု စတင်နိုင်ခဲ့သည်။

စိတ်ပညာဌာန မဖွင့်လှစ်ခင်က စိတ်ပညာဘာသာရပ်ကို ဒဿနိကဇေဒ (ယခင်သဘာဝတ္ထဇေဒ) နှင့် တွဲဖက်ထားခဲ့သဖြင့် စိတ်ပညာဘာသာရပ်လေ့လာမှုမှာ စနစ်တကျစုစည်းမှုမရှိခဲ့ချေ။

ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာနစတင်ဖွင့်လှစ်သည့်အချိန်တွင် ပထမဦးဆုံးပါမောက္ခအဖြစ် ဒေါက်တာလှဘူးက တာဝန်ထမ်းဆောင်ခဲ့သည်။ ကထိကမှာ ဒေါက်တာလှသွင်ဖြစ်သည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်မှာ ဒေါက်တာထင်အောင် ဖြစ်သဖြင့် စိတ်ပညာဌာနကို ပါမောက္ခချုပ် ဒေါက်တာထင်အောင်အမှူးပြု၍ စိတ်ပညာပါရဂူနှစ်ဦးဖြစ်သောပါမောက္ခဒေါက်တာလှဘူးနှင့် ကထိကဒေါက်တာလှသွင်တို့က ဦးစီးဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ်၌ သီးခြားဌာနအဖြစ် စိတ်ပညာသင်ကြားမှုစတင်ခဲ့သည့်အချိန်တွင် ပထမဆုံးကျောင်းသားများအနက် မောင်ကျော်စိန်၊ မောင်ခင်မောင်တင့်တို့ ပါဝင်ခဲ့ရာ စိတ်ပညာဌာနငွေရတုကာလဝန်းကျင်သို့ ရောက်ရှိသည့်အခါ မောင်ကျော်စိန်မှာ ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာနပါမောက္ခဒေါက်တာကျော်စိန်အဖြစ် လည်းကောင်း၊ မောင်ခင်မောင်တင့်မှာ စိတ်ပညာဌာနဆရာတာဝန်အဆင့်ဆင့်မှသည် ပုသိမ်ကောလိပ်ကျောင်းအုပ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်သူများဖြစ်ခဲ့သည်။ ဒေါက်တာကျော်စိန်မှာ ရန်ကုန်တက္ကသိုလ်မှ စိတ်ပညာမဟာဝိဇ္ဇာဘွဲ့ကို ရရှိပြီး ၁၉၆၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ကိုလံဘီယာတက္ကသိုလ်၌ ပညာဆက်လက်ဆည်းပူးခဲ့ရာ ယင်းတက္ကသိုလ်မှ" စက်မှုစိတ်ပညာနှင့် ဆက်ဆံရေးစိတ်ပညာ" ဖြင့် ပါရဂူဘွဲ့ (Ph.D) ရရှိခဲ့သည်။ ရန်ကုန်

တက္ကသိုလ် စိတ်ပညာဌာနပါမောက္ခဖြစ်ပြီး နောက်ပိုင်း၌ ရန်ကုန်တက္ကသိုလ် (ယခင်ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်)၊ မန္တလေးတက္ကသိုလ် (ယခင်မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်) ပါမောက္ခချုပ်တာဝန်များအပြင် ပညာရေးဝန်ကြီးအထိပါ တာဝန်ယူထမ်းရွက်ခဲ့သူဖြစ်သည်။

ဒေါက်တာကျော်စိန်အပြင် ပထမဆုံးစိတ်ပညာကျောင်းသားဖြစ်ခဲ့သည့် မောင်ခင်မောင်တင့်သည် စိတ်ပညာဆိုင်ရာရသဝတ္ထုများကို ရေးဖွဲ့သည်။ ဦးခင်မောင်တင့်သည် ၁၉၅၅ ခုနှစ်၊ မန္တလေးတက္ကသိုလ်စိတ်ပညာဌာနကို ဦးဆောင်ဖွင့်လှစ်ခဲ့သူဖြစ်ပြီး ဌာနမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ဦးခင်မောင်တင့်သည် ကောလိပ်၊ ဒီဂရီကောလိပ်များတွင် ကျောင်းအုပ်ကြီးတာဝန်များထမ်းဆောင်ခဲ့ပြီး ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ပါမောက္ခ ဒေါက်တာလှဘူးနှင့် ကထိက ဒေါက်တာလှသွင်တို့က သင်ကြားပို့ဆောင်ပေးခဲ့သည့် စိတ်ပညာဌာနသည် ပထမဦးဆုံးကျောင်းသားများနှင့် အစဉ်အဆက်မျိုးဆက်သစ်ကျောင်းသားများ၏ စွမ်းစွမ်းတမံလက်ဆင့်ကမ်းပြုစုပျိုးထောင်မှုတို့ဖြင့် ယခုအခါဘွဲ့လွန်သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများကို သင်ကြားပေးလျက်ရှိနေပေပြီ။ ထို့အပြင် အခြိန်ပိုင်းလေ့လာသင်ကြားနိုင်သည့် ဘွဲ့လွန်ဒီပလိုမာသင်တန်း (Diploma in Applied Psychology) များကိုလည်း တိုးတက်ဖွင့်လှစ်နေပြီဖြစ်သည်။

ရန်ကုန်တက္ကသိုလ်၌ စိတ်ပညာဌာနစတင်ဖွင့်လှစ်ခြင်းသည် ရန်ကုန်တက္ကသိုလ်အဝန်းအဝိုင်းတွင်သာ စိတ်ပညာဘာသာရပ် သင်ကြားလေ့လာမှုဆောင်ရွက်နိုင်ခဲ့သည် မဟုတ်ဘဲ မြန်မာနိုင်ငံရှိ အခြားသောတက္ကသိုလ်၊ ကောလိပ်များတွင်ပါ ပျံ့နှံ့ထူထောင် ပြန့်ပွားနိုင်စေခဲ့သည်။ အခြားသော တက္ကသိုလ်ကောလိပ်များတွင် စိတ်ပညာဘာသာရပ် သင်ကြားလေ့လာမှုများကို တိုးချဲ့နိုင်စေခဲ့သည်။ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ် (ယခင်



နှစ်ငါးဆယ်ပြည့် ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနဆရာကန်တော့ပွဲ

ဆရာအတတ်သင်သိပ္ပံ) များတွင် ပညာရေး၊ စိတ်ပညာနှင့် ကလေးစိတ်ပညာများကို မယူမနေရ ဘာသာရပ်များအဖြစ် သင်ကြားပေးလျက်ရှိသည်။

ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနသည် ပညာရပ်သင်ကြားပို့ချမှု၊ လေ့လာမှုစသည့် ပညာရပ်နယ်ပယ်တာဝန်တွင်သာမက တက္ကသိုလ်ပြင်ပ လူမှုရေးနယ်ပယ်များတွင်လည်း စိတ်ပညာတာဝန်များကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်သည်။ သုတေသနပြုလုပ်ခြင်းများ၊ သုတေသနစာတမ်းများဖတ်ကြားခြင်း၊ စိတ်ပညာစစ်ဆေးလွှာနှင့် ဉာဏ်ရည်စစ်ဆေးလွှာများ ပြုစုဆောင်ရွက်ခြင်း၊ ကျန်းမာရေးဦးစီးဌာန စိတ်ပညာကျန်းမာရေးဆေးရုံ (ယခင်စိတ်ရောဂါကုဆေးရုံ)၊ ဆေးပညာသိပ္ပံဦးစီးဌာန၊ ဆေးတက္ကသိုလ်များနှင့် လူမှုဝန်ထမ်းဦးစီးဌာန လုပ်ငန်းနယ်ပယ်များတွင်ပါ ပါဝင်ကူညီဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် စိတ်ပညာဘာသာရပ်သည် ယခင်တစိမ်းပြင်ပြင်ဖြစ်ခဲ့ရာမှ ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာန၏ စွမ်းဆောင်မှုများနှင့် စိတ်ပညာဌာနကို မျိုးစေ့ချသူများ၊ လက်ဆင့်ကမ်းသူများ၏ အားထုတ်ကြိုးပမ်းမှုများကြောင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် စိတ်ပညာသည်ဖွံ့ဖြိုးလာခဲ့သည်။ ယခုအခါ ကမ္ဘာ့ပညာရေးလောကတွင် ဖွံ့ဖြိုးတိုးတက်လာနေသော စိတ်ပညာဘာသာရပ်လေ့လာမှုကို ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနက ခေတ်နှင့်အညီ အမီလိုက်ကာ ဆောင်ရွက်လျက်ရှိသည်။

ရွှေရတုကာလသက်တမ်း ရောက်ရှိခဲ့သည့် ၂၀၀၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာန နှစ် (၅၀) ပြည့်အထိမ်းအမှတ် ရွှေရတုသဘင်အခမ်းအနားကို ကျင်းပခဲ့ပြီး အခမ်းအနား၌ အောက်ပါအစီအစဉ်များကို စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။

- ၂၆-၁၂-၂၀၀၂ နေ့ နံနက်ပိုင်းတွင် စိတ်ပညာဌာန နှစ် (၅၀) ပြည့်အထိမ်းအမှတ် ရွှေရတု သဘင်အခမ်းအနား ကျင်းပခြင်း၊
- ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ-ဆရာမကြီးများအား ကန်တော့ခြင်း၊
- ဟောပြောပွဲ ကျင်းပခြင်း၊
- ၂၆-၁၂-၂၀၀၂ နေ့နှင့် ၂၇-၁၂-၂၀၀၂ နေ့များတွင် စိတ်ပညာဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပခြင်း၊
- စိတ်ပညာဌာန ခရီးပြခန်းငယ်ခင်းကျင်းပြသခြင်း။

လူ့အဖွဲ့အစည်းအတွက် အကျိုးပြုအသုံးဝင်သော စိတ်ပညာဘာသာရပ်ကို သင်ကြားလေ့လာနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံပညာရေးစနစ်တွင် အောင်မြင်မှုမှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ။

မြတ်လေးနိုင်

နှစ်ဆယ့်ငါးအုပ်မြောက် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်

။ ။ မြန်မာ့စွယ်စုံကျမ်း၏ နောက်ဆုံးအတွဲဖြစ်သော အတွဲ (၁၅) ကို ၁၉၇၆ ခုနှစ်တွင် ထုတ်ဝေပြီးနောက် စွယ်စုံကျမ်း၏အဖြည့်ကျမ်းအဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များကို စာပေဗိမာန်သည် ၁၉၇၈ ခုနှစ်မှစ၍ ထုတ်ဝေခဲ့သည်။

ထိုမှစ၍ တစ်နှစ်တစ်အုပ်ပုံမှန်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်သည် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၂) အထိ ရေတွက်လျှင် ၂၅ အုပ်မြောက်ရှိခဲ့ပြီဖြစ်သည်။

ပျက်ကွက်မှုလည်းမရှိစေရ၊ ပုံမှန်အချိန်ကာလတွင်လည်း ထုတ်ဝေနိုင်ရမည်ဖြစ်ပြီး စွယ်စုံကျမ်းနှစ်ချုပ်၏အင်္ဂါရုပ်များလည်း ကိုက်ညီစွာပြုစုနိုင်ရေးအတွက် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များကို ပြန်ကြားရေးဝန်ကြီးဌာနမှ ရွေးချယ်ပေးသော ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့ ပညာရှင်များနှင့်အတူ စာပေဗိမာန်၊ စာတည်းဌာန၊ စွယ်စုံနှစ်ချုပ် စာတည်းအဖွဲ့သည် အချိန်မီဆောင်ရွက်လုပ်ကိုင်ခဲ့ရသည်။ အထူးသဖြင့် စာတည်းအဖွဲ့သည် စီစဉ်ရေးအဖွဲ့ပညာရှင်များအား အစည်းအဝေးခေါ်ယူခြင်း၊ စာမူများအပ်နှံခြင်း၊ တည်းဖြတ်ခြင်း၊ ပြုစုခြင်း စသည့် လုပ်ငန်းများစွာကို စုဝေး တိုင်ပင်ဆွေးနွေးကာ ဆောင်ရွက်ခဲ့ရသည်။

တစ်နှစ်တာအတွက် စွယ်စုံနှစ်ချုပ်စာအုပ်တစ်အုပ်တွင် အပိုင်း (၃) ပိုင်း ပါဝင်စေပြီး အပိုင်း (၁) ကို နှစ်တစ်နှစ်၏လစဉ်ဖြစ်ရပ်များဖြင့် တင်ပြ၍



မြန်မာ့စွယ်စုံကျမ်းတစ်အုပ်၏ အနေအထားပုံစံ

အပိုင်း (၂) ကို အထူးဆောင်းပါးများဖြင့် ဖွဲ့စည်း မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၇၈-၂၀၀၂) တွင် ကာ အပိုင်း (၃) ကို ထိုနှစ်တစ်နှစ်၏ မှတ်တမ်းတင် အပ်သော အကြောင်းအရာများဖြင့် ဖွဲ့စည်းတင်ပြ ထားပါသည်။

ဤတွင် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ပါဝင် သော အပိုင်း(၂)၏ အထူးဆောင်းပါးများဟူသည် သိသင့်သိအပ်သော အကြောင်းအရာများနှင့် ကာလ အဆက်ဆက်ပြန်လည်ရည်ညွှန်းကိုးကားဖွယ်ရာ အကြောင်းအရာများကို ရည်ညွှန်းကျမ်းစီစဉ်ရေး အဖွဲ့က စနစ်တကျရွေးချယ်ကာ ထိုအကြောင်းအရာ ဘာသာရပ်တွင် ကျွမ်းကျင်သောစာရေးဆရာ (သို့မဟုတ်) ပညာရှင်အား စာမူအပ်နှံ၍ ရေးသား ဖော်ပြထားသောဆောင်းပါးများ ဖြစ်သည်။

၁၉၇၈ မှ ၂၀၀၂ အထိ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၂၅) အုပ်တွင် ပါဝင်ဖော်ပြခဲ့သော ဆောင်းပါး အရေအတွက်မှာ ၂၁၀ စောင်ရှိသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ပါဝင်ခဲ့သော အထူးဆောင်းပါးများနှင့် စာရေး သူ (ပညာရှင်)များ

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၁	၁၉၇၈	ကမ္ဘာ့ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ ပြဿနာများ	ဦးအောင်သန့်
၂	″	ကမ္ဘာ့ပင်လယ်ပြင်ဥပဒေ	ဦးထင်ဖတ်
၃	″	စက်ဦးနှောက်ခေတ်	ဦးထင်ဖတ်
၄	″	မတည်ငြိမ်သော ငွေကြေးစနစ်	ဒေါက်တာ စိန်မောင်
၅	″	သေမင်းတမန် လက်နက်ဆန်းများ	ဦးမောင်မောင် ရင်
၆	၁၉၇၉	မူးယစ်ဆေးဝါးအန္တရာယ်	ဦးမျိုးသန့်
၇	″	ဆေးပညာနှင့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများ	ဦးမောင်မောင် ရင်
၈	″	အာဖရိက	ဦးဘဝင်း
၉	″	အဏ္ဏဝါသိုက်ကြီး	ဦးထင်ဖတ်
၁၀	၁၉၈၀	စွမ်းအင်အကျပ်အတည်း	ဦးထင်ဖတ်
၁၁	″	အပြည်ပြည်ဆိုင်ရာ ကလေးများနှစ်	ဒေါ်အုန်းကြည်

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၁၂	။	သိပ္ပံနှင့်စက်မှုနည်းပညာလောက	ဒေါက်တာတင်အောင်
၁၃	။	အာကာသသုတေသန	ဦးမောင်မောင်ရင်
၁၄	၁၉၈၁	ပထမအကြိမ်ဂိုဏ်းပေါင်းစုံသံယာ့အစည်းအဝေးပွဲကြီး	ဦးအုံမောင်
၁၅	။	ကုလသမဂ္ဂ ဖွဲ့ဖြိုးရေးဆယ်စုနှစ်	ဦးအောင်သန့်
၁၆	။	စနေဂြိုဟ်	ဒေါက်တာစိန်ထွန်း
၁၇	။	ခေတ်သစ်စာကြည့်တိုက်များ	ဦးသန်းထွတ်
၁၈	။	၁၉၇၉၊ ၈၀ ကမ္ဘာ့စီးပွားရေး အခြေအနေ	ဦးသန်း
၁၉	။	လေမုန်တိုင်းကြီးများ	ဦးစံလှဘော်
၂၀	။	ကာကွယ်ထိန်းသိမ်းပြုပြင်ရမည့် သမိုင်းဝင်အမွေအနှစ်များ	ဦးသန်းဆွေ
၂၁	။	ဓမ္မပဒဏ္ဍာမဟာဝိဇယစေတီတော်ကြီး	ဦးစဝ်ထွန်းမှတ်ဝင်း
၂၂	၁၉၈၂	မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီစတုတ္ထအကြိမ် ပါတီညီလာခံ	တက္ကသိုလ်သခ်
၂၃	။	ရေနံ	ဦးတင်ညွန့်
၂၄	။	သားငှက်ဘေးမဲ့တော	ဦးချစ်ကိုကို
၂၅	။	အနောက်တိုင်းဗီသုကာလက်ရာ	ဒေါက်တာလွင်အောင်
၂၆	။	တတိယအကြိမ်ပြည်သူ့လွှတ်တော်	ဦးသောင်းလွင်
၂၇	။	နိုင်ငံတကာ မသန်စွမ်းသူများနှစ်	ဒေါ်ညွန့်မြင့်
၂၈	။	၁၉၈၀၊ ၈၁ ကမ္ဘာ့စီးပွားရေးအခြေအနေ	ဦးသန်း
၂၉	။	အံ့ဖွယ်ရာဆေးပညာ	ဒေါက်တာမောင်မောင်ညို
၃၀	၁၉၈၃	မြန်မာနိုင်ငံအနှစ် ၂၀ နှစ်ရှည် စီးပွားရေးစီမံကိန်း	ငွေသန်းနိုင်
၃၁	။	သမဝါယမစီးပွားရေး ဒုတိယမဏ္ဍိုင်	ဦးလှမောင်-သမဝါယမ
၃၂	။	သက်ကြီးရွယ်အိုဘဝ	ဦးသန်းတင်
၃၃	။	အစာအာဟာရနည်းပညာ	ဒေါက်တာမျိုးသန့်တင်

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၃၄	။	ဇီဝနည်းပညာ	ဒေါက်တာကျော်စိုး
၃၅	။	မြန်မာ့ရုပ်မြင်သံကြား	ဦးကိုကိုကြီး
၃၆	။	၂၀ ရာစုလေကြောင်းပို့ဆောင်ရေး	အောင်မန်း
၃၇	။	လက်တင်အမေရိက	ဦးမိုးမြင့်သောင်း
၃၈	။	နေ(သို့မဟုတ်)သာမန်ကြယ်တစ်လုံး	ဒေါက်တာစိန်ထွန်း
၃၉	။	ကမ္ဘာ့အားကစား	မောင်ရဲဝင်း
၄၀	၁၉၈၄	စာနယ်ဇင်းစုံခေတ်ကြေးမုံ	ဦးဉာဏ်ဝင်း
၄၁	။	ကမ္ဘာ့ဆက်သွယ်ရေးစနစ်	ဦးကိုကိုကြီး
၄၂	။	အရှေ့တောင်အာရှအားကစားပြိုင်ပွဲ	ဦးခင်မောင်လွင်
၄၃	။	အန္တာတိကဒေသသုတေသန	ဦးမိုးမြင့်သောင်း
၄၄	။	မြန်မာနိုင်ငံအားကစား	ဦးတင်မောင်လွင်
၄၅	။	မြန်မာနိုင်ငံတံဆိပ်ခေါင်းများ	ဦးမောင်မောင်လင်း
၄၆	။	ဒြပ်စင်များ	ဒေါက်တာအောင်ကျော်
၄၇	။	ယန္တရားလုပ်သားများ	ဦးခင်အောင်ကြည်
၄၈	။	မိုးလေဝသဂြိုဟ်တုများ	ဦးသုတ
၄၉	၁၉၈၅	ရင်သွေးကျန်းမာအနာဂတ်ချမ်းသာ	ဒေါက်တာတင်ဦး(ကလေးဆေးရုံကြီး)
၅၀	။	ကြယ်တံခွန်များ၊ ဥက္ကာများ	ဦးသုတ
၅၁	။	ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ	ငွေသန်းနိုင်
၅၂	။	ကမ္ဘာ့အိုလံပစ်အားကစားပွဲတော်	စစ်ကိုင်းကြည်ညွန့်
၅၃	။	စိုက်ပျိုးရေးကို အခြေခံသော မြန်မာ့စားသောက်ကုန် စက်မှုလုပ်ငန်း	ဒေါက်တာမျိုးသန့်တင်
၅၄	။	အာကာသသိပ္ပံတိုးတက်မှု	မောင်လှိုင်ဝင်း
၅၅	။	ဇီဝနည်းပညာတိုးတက်မှု	ဒေါက်တာမျိုးမင်းအောင်
၅၆	။	ကွန်ပျူတာတိုးတက်မှု	ဦးကိုကိုလေး
၅၇	။	ရောဂါပြီးပေဒ	ဒေါက်တာသန်းနုရွှေ
၅၈	၁၉၈၆	မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပဉ္စမအကြိမ် ပါတီညီလာခံ	ဦးအုန်းလွင်

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၅၉	။	စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်	တက္ကသိုလ် တင်အေးကြည်
၆၀	။	ဒုတိယအကြိမ် ဂိုဏ်းပေါင်း စုံသံယာ့အစည်းအဝေးကြီး	ဦးဉာဏ်ဝင်း
၆၁	။	နှစ် ၄၀မြောက် ကုလသမဂ္ဂအဖွဲ့ချုပ်	ဦးဝင်းတင် (ဟံသာဝတီ)
၆၂	။	အပြည်ပြည်ဆိုင်ရာ လူငယ်များနှစ် ၁၉၈၅	ပျဉ်းမနား မောင်နီသင်း
၆၃	။	အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ	ဦးခင်မောင်လွင် (အား/ကာ)
၆၄	။	ပြည်သူ့ကျန်းမာရေး	ဒေါက်တာ အောင်ခင်ဆင့်
၆၅	။	ပိုးသတ်ဆေး	ဒေါက်တာ အာလော
၆၆	။	နက္ခတ္တဗေဒတိုးတက်မှုများ	ဒေါက်တာ စိန်ထွန်း
၆၇	၁၉၈၇	မဟာဝိဇ္ဇယစေတီတော်	ဦးအုံမောင်
၆၈	။	မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့	ရဲဘော်စိုးတင့်
၆၉	။	မြန်မာနိုင်ငံတက္ကသိုလ်နှင့် ကောလိပ်များ	ဦးသော်ကောင်း
၇၀	။	ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ	မောင်ရဲဝင်း
၇၁	။	တိပိဋကဓရဘွဲ့ရ ဆရာတော်များ	မောင်အုံ
၇၂	။	ထူးခြားသောအမြွာများ	ဆရာဝန်တင်ရွှေ
၇၃	။	လွန်းရာကျော်မြန်မာ့ အချိတ်ထည်လုပ်ငန်း	နတ်မောက် ထွန်းရှိန်
၇၄	။	အဏုမြူမောတ်ပေါင်းဖိုများ တွင်အန္တရာယ်ကင်းရှင်းရေး	ဒေါက်တာ တင်အောင်
၇၅	။	မြန်မာ့ဆေးဖက်ဝင် အပင်များ	ဒေါက်တာ ကျော်စိုး
၇၆	။	ဟိုက်ပါဟင်းလင်းပြင်	ဒေါက်တာ စိန်ထွန်း
၇၇	။	ပထမအကြိမ် ပြည်သူ့ လွှတ်တော်ဥပဒေများ	တက္ကသိုလ် တင်အေးကြည်
၇၈	၁၉၈၈	နံရံပန်းချီနှင့် ပုရပိုက်ပန်းချီ	ဦးမင်းနိုင်
၇၉	။	ကျန်းမာရေးနှင့် အသက်ရှည်ရေး	ဒေါက်တာ မောင်မောင်ညို

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၈၀	။	ဒုတိယအကြိမ်ပြည်သူ့ လွှတ်တော်ဥပဒေများ	တက္ကသိုလ် တင်အေးကြည်
၈၁	။	အပြည်ပြည်ဆိုင်ရာမူးယစ် ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေး	ဦးဉာဏ်ဝင်း
၈၂	။	ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်ဆက်သောကဇာတ်များ	ဗိုလ်ကျော်ဆန်း
၈၃	။	လေကြောင်းပို့ဆောင်ရေး	ဦးမိုးမြင့်သောင်း
၈၄	၁၉၈၉	သခ်ၤာသစ်နှင့် ခေတ်သစ်သခ်ၤာသမိုင်း	ဒေါက်တာ ခင်မောင်ဝင်း
၈၅	။	ဖန်ပြွန်သန္ဓေသား	ဒေါက်တာ မောင်မောင်ညို
၈၆	။	ရှေးဟောင်းသုတေသန တိုးတက်မှု	ဒေါက်တာ ခင်မောင်ညွန့်
၈၇	။	တတိယအကြိမ်ပြည်သူ့ လွှတ်တော်ဥပဒေများ	တက္ကသိုလ် တင်အေးကြည်
၈၈	။	စတုတ္ထအကြိမ်ပြည်သူ့ လွှတ်တော်ဥပဒေများ	ဦးအေးချို (ဗဟိုတရားရုံး ရှေ့နေ)
၈၉	။	အပြည်ပြည်ဆိုင်ရာ ရေကြောင်းသယ်ယူ ပို့ဆောင်ရေး	ဦးခင်မောင်သိန်း (ကြယ်ငါးပွင့်)
၉၀	၁၉၉၀	ကမ္ဘာ့မိုးလေဝသ ပြောင်းလဲမှု	နိုင်ရွှေမိုး
၉၁	။	ဆေးပညာတိုးတက်မှုများ	ဒေါက်တာ မောင်မောင်ညို
၉၂	။	နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဆောင်ရွက်ချက်များ	ဦးစိုးအောင်
၉၃	။	ဂန္ဓဝင်မြန်မာ့ပန်းချီ မိတ်ဆက်	ဦးမင်းနိုင်
၉၄	။	နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေနှင့် နည်းဥပဒေများ	ဦးအေးချို (ဗဟိုတရားရုံး ရှေ့နေ)
၉၅	။	သခ်ၤာသစ်၏ အနှစ်သာရ	ဒေါက်တာ ခင်မောင်ဝင်း
၉၆	။	စိတ်နယ်လွန်ပညာ	ဒေါက်တာ ကျော်စိန်
၉၇	။	မျိုးရိုးဗီဇပညာ တိုးတက်မှု	ဆရာဝန်တင်ရွှေ

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၉၈	။	လျှပ်ကဲလျှပ်ကူးသတ္တိ	ဒေါက်တာ စိန်ထွန်း
၉၉	။	အာရှစာအုပ်ထုတ်ဝေရေး	မောင်ဆုရှင်
၁၀၀	၁၉၉၁	ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ	ဦးအေးမောင်
၁၀၁	။	ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ	ဦးဉာဏ်ဝင်း
၁၀၂	။	အရှေ့ဥရောပ ပြုပြင်ပြောင်းလဲရေး	ဒေါက်တာ ခင်မောင်ညွန့်
၁၀၃	။	ပဏာမကျန်းမာရေး စောင့်ရှောက်မှု	ဒေါက်တာ မောင်မောင်ညို
၁၀၄	။	အားကစားဆိုင်ရာ ဆေးပညာ	ဆရာဝန် တင်ရွှေ
၁၀၅	။	ကမ္ဘာ့ခေတ်သစ် ဗိသုကာ	ဒေါက်တာ လွင်အောင်
၁၀၆	။	မော်တော်ယာဉ် စက်မှုနည်းပညာ	ဦးကြင်စိုး
၁၀၇	။	မြန်မာ့ရုပ်ရှင်ထူးခွန်ဆု	တက္ကသိုလ် မောင်မောင်ခင်
၁၀၈	။	မြန်မာ့ပန်းပုလက်ရာ	သုတေသီ ရာမညကိုကိုနိုင်
၁၀၉	။	ကေသြေစ်(သို့မဟုတ်) ပရမ်းပတာထဲမှ အစီအစဉ် တကျဖြစ်စဉ်	ဒေါက်တာ စိန်ထွန်း
၁၁၀	။	ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွား ရေးဆောင်ရွက်ချက်များ (၁၉၉၀)	ဦးသိန်းဆွေ
၁၁၁	၁၉၉၂	ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်း	ဦးအေးချို (မဟာဝိဇ္ဇာ)
၁၁၂	။	မြန်မာနိုင်ငံ ရှေးဟောင်း သုတေသနဦးစီးဌာန	ဒေါက်တာ ခင်မောင်ညွန့်
၁၁၃	။	သရက္ခန်ဗုဒ္ဓရုပ်ပွားတော် မြတ်ငါးဆူ	ဦးတင်လှိုင်
၁၁၄	။	ဗိုလ်ချုပ်မှူးကြီးစောမောင်၏ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေးခရီး	စာတည်း အဖွဲ့ဝင်
၁၁၅	။	ပင်လယ်ကွေစစ်ပွဲ	ဦးခင်မောင်လေး
၁၁၆	။	မျိုးချစ်စိတ်ဓာတ်ထက်သန် ရေးပညာပြန့်ပွားလှုံ့ဆော် ရေး	ဦးညွန့်ဟံ
၁၁၇	။	ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ	ဦးဉာဏ်ဝင်း
၁၁၈	။	ရောဂါကာကွယ်ရေးဆေးများ	ဒေါက်တာ မောင်မောင်ညို
၁၁၉	။	မော်လီကျူးအဆင့် ဇီဝဗေဒ	ဆရာဝန် တင်ရွှေ
၁၂၀	။	ခေတ်မီလက်နက်ဆန်းများ	တူးတူး
၁၂၁	။	ကမ္ဘာ့ပတ်ဝန်းကျင် သန့်ရှင်းရေး	ဦးခင်မောင်ဇော်
၁၂၂	၁၉၉၃	ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ	ဦးဉာဏ်ဝင်း
၁၂၃	။	မြန်မာကလေးပန်းချီ မိတ်ဆက်	ဦးစိုးအောင်
၁၂၄	။	အမျိုးသား အားကစားပွဲတော်	ခင်မောင်လွင် (အား/ကာ)
၁၂၅	။	မြန်မာစာအဖွဲ့နှင့် မြန်မာစာ	ဦးသိန်းမြင့်
၁၂၆	။	မြန်မာဗီဒီယို	တက္ကသိုလ် မောင်မောင်ခင်
၁၂၇	။	ငှက်ဖျားရောဂါ တိုက်ဖျက်ရေး	ဆရာဝန် တင်ရွှေ
၁၂၈	။	မျိုးရိုးလိုက်ရောဂါများနှင့် နောက်ဆုံးပေါ် ဗီဇ နည်းပညာတိုးတက်မှုများ	ဒေါက်တာ နီလာရွှေ
၁၂၉	။	မြန်မာ့ကျောက်မျက်ရတနာ	ပါမောက္ခ ဦးဉာဏ်သင်း
၁၃၀	။	အစားထိုးရုပ်ပြခွဲစိတ်မှု	ပါမောက္ခ ဒေါက်တာ သိန်းညွန့်
၁၃၁	။	မြန်မာနိုင်ငံပန်းချီပန်းပုနှင့် ပန်တျာကျောင်းများ	ဒေါက်တာ ခင်မောင်ညွန့်
၁၃၂	။	အေအိုင်ဒီအက်စ်နှင့် မြန်မာနိုင်ငံ	ဒေါက်တာ မောင်မောင်ညို
၁၃၃	။	မြန်မာ့ရိုးရာကျေးလက် အနုပညာပြိုင်ပွဲ	မောင်ဆုရှင်

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၁၃၄	၁၉၉၄	ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မြတ်များ	ဦးဉာဏ်ဝင်း
၁၃၅	″	ပထမအကြိမ်မြန်မာ့ရိုးရာ မြင်းခင်းသဘင်	ဒေါက်တာ ခင်မောင်ညွှန့်
၁၃၆	″	နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၉၃ ခုနှစ်၊ ဥပဒေနည်း ဥပဒေများ	ဦးအေးချို (ဗဟိုတရားရုံး ရှေ့နေ)
၁၃၇	″	အမျိုးသားညီလာခံ	ဦးမျိုးသန့်
၁၃၈	″	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း	ဦးအုန်းလွင်
၁၃၉	″	ဗိုင်းရပ်စ်အသည်းရောင် အသား၀ါရောဂါ (ဘီ)	ဆရာဝန် တင်ရွှေ
၁၄၀	″	ကမ္ဘာ့စီးပွားရေး	ပါမောက္ခ ဦးမြတ်သိန်း
၁၄၁	″	မြန်မာနိုင်ငံနှင့်ကျန်းမာရေး စောင့်ရှောက်မှုစနစ် အမျိုးမျိုး	ဒေါက်တာ မောင်မောင်ညို
၁၄၂	″	လှော်ကားဥယျာဉ်	မောင်ခေတ်ထွန်း
၁၄၃	၁၉၉၅	ဗုဒ္ဓမြတ်စွယ်တော်	ဒေါက်တာ ခင်မောင်ညွှန့်
၁၄၄	″	ရာပြည့်မလွန်စေး ဆန်လှူအသင်းကြီး	ဉာဏ်ဝင်း (စာပေဗိမာန်)
၁၄၅	″	ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ	ခင်မောင်ဝင်း ကြည် (မြန်မာ့လှုပ်စစ် လုပ်ငန်း)
၁၄၆	″	မြန်မာနိုင်ငံဆေးတက္ကသိုလ် များနှင့် အခြားနှီးနွှယ်သော တက္ကသိုလ်များ	ဒေါက်တာ မောင်မောင်ညို
၁၄၇	″	ဒုတိယအကြိမ်အမျိုးသား အားကစားပွဲတော်	ခင်မောင်လွင် (အား/ကာ)
၁၄၈	″	မြနန်းစံကျော် ရွှေနန်းတော်	ဦးမင်းနိုင်
၁၄၉	″	ပလိပ်ရောဂါ	ဒေါက်တာ မောင်မောင်ညို နှင့်ဒေါက်တာ နန်းဥမ္မာ
၁၅၀	″	မြန်မာနှင့်ကမ္ဘာ ခရီးသွားလုပ်ငန်း	ဦးမျိုးသန့်

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၁၅၁	″	မြန်မာ့ကုန်စည်ပြပွဲများ	ဆွေသန့်ကို
၁၅၂	၁၉၉၆	နှစ် (၅၀)ပြည့် ရွှေရတု တပ်မတော်နေ့	တင်သန်းဦး
၁၅၃	″	ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်	ဝန်ထမ်း တစ်ဦး
၁၅၄	″	ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက်စိန်ရတုသဘင်	ဦးသော်ကောင်း ဦး၀င်းမွန်
၁၅၅	″	သဘာ၀ဘေးအန္တရာယ်နှင့် ဆေးပညာအကူအညီ	ဒေါက်တာ မောင်မောင်ညို
၁၅၆	″	မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ	မောင်ဆုရှင်
၁၅၇	″	ရှေးဟောင်းမြို့တော်များ ပြန်လည်တူးဖော်ခြင်း	ဦးမင်းနိုင်
၁၅၈	″	ခြိမ့်သည်းဆင်ယင်မြန်မာ့ ရုပ်ရှင်စိန်ရတုသဘင်	မောင်နေမျိုး
၁၅၉	″	အပူပိုင်းဒေသစိမ်းလန်းစို ပြည်ရေးဆောင်ရွက်ချက်များ	ဆွေသန့်ကို
၁၆၀	″	စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ	မောင်ငွေဌေး (လူမှုဝန်ထမ်း)
၁၆၁	″	ဓာတ်မှန်ပညာ၏ နှစ် တစ်ရာခရီး	ဒေါက်တာ ကျော်မြင့် (ဓာတ်မှန်)
၁၆၂	၁၉၉၇	အရှေ့တောင်အာရှနိုင်ငံ များအသင်း (အာဆီယံ)	ဦးရဲတင့်
၁၆၃	″	နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးကိုအထောက်အကူပြု သည့်လမ်းတံတားများ	ဦးစိုးအောင်
၁၆၄	″	ယဉ်ကျေးမှုတက္ကသိုလ်	ဦးစိုးညွှန့် (ယဉ်ကျေးမှု တက္ကသိုလ်)
၁၆၅	″	ခေတ်အဆက်ဆက် တိုးတက်လာသည့် ဆည်မြောင်းလုပ်ငန်းများ	ဦးရဲမြင့်၊ ဦးလှ၀င်း
၁၆၆	″	မြန်မာ့ရိုးရာယဉ်ကျေးမှုပန်း (၁၀)မျိုး ပြပွဲ၊ ပြိုင်ပွဲ	ဦးမင်းနိုင်
၁၆၇	″	မြန်မာနိုင်ငံဘိုးဘွား ရိပ်သာများ	မောင်ငွေဌေး (လူမှုဝန်ထမ်း)

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၁၆၈	။	မြန်မာနိုင်ငံနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး	ရင်ရင်လေး
၁၆၉	။	အာဟာရနှင့်ကျန်းမာရေး	ဒေါက်တာမောင်မောင်ညို
၁၇၀	။	နှစ် (၅၀) ပြည့်ရွှေရတုစာပေဗိမာန်	မုံရွာဝင်းဖေ
၁၇၁	၁၉၉၈	နှစ် (၅၀)ပြည့်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်	ဆရာဝန်တင်ရွှေ
၁၇၂	။	သက်ကြီးရွယ်အို ကျန်းမာရေး	ဒေါက်တာမောင်မောင်ညို
၁၇၃	။	ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်း	ဗိုလ်မှူးကြီးသန်းထွန်း
၁၇၄	။	ရတနာမာတ်ဌေရာဖွေတူးဖော်ထုတ်လုပ်ရေးစီမံကိန်း	လေ့လာသူတစ်ဦး
၁၇၅	။	မြို့ပြဖွံ့ဖြိုးမှု အထူးစီမံကိန်းများ	အောင်နိုင်မြင့်
၁၇၆	။	ကျောက်ကပ်အစားထိုးကုသခြင်း	ဒေါက်တာပိုင်စိုး
၁၇၇	။	သင်းလုံးကျွတ်မြန်မာ့ပန်းချီပန်းပုလက်ရာမွန်ပြပွဲကြီး	ဦးမင်းနိုင်
၁၇၈	။	အမျိုးသားပြတိုက်	ဦးကျော်ဝင်း(မနုဿ)
၁၇၉	၁၉၉၉	အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်	ဒေါက်တာခင်မောင်ညွန့်
၁၈၀	။	၂၀ ရာစုသိပ္ပံ၊ ဇီဝ၊ စက်မှုနှင့်နည်းပညာ	ဦးမျိုးသန့်
၁၈၁	။	မြန်မာ့ပန်းပုအဆင့်ဆင့်တိုးတက်လာပုံ	ဦးမင်းနိုင်
၁၈၂	။	မြန်မာ့လူမှုဝန်ထမ်းလုပ်ငန်း	မောင်ငွေဌေး(လူမှုဝန်ထမ်း)
၁၈၃	။	ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ	ခင်မောင်လေး
၁၈၄	။	မြန်မာအမျိုးသမီးများ၏အခန်းကဏ္ဍ	စောမုံညင်း
၁၈၅	။	အင်တာနက် (ကွန်ပျူတာနည်းပညာ)	ဦးဝင်းမော်

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၁၈၆	။	မြန်မာနိုင်ငံနှင့်အနာကြီးရောဂါ	ဆရာဝန်တင်ရွှေ
၁၈၇	၂၀၀၀	မြတ်ဘုရားရွှေတိဂုံထီးတော်တင်ပွဲ	ကျော်ဖုန်းမြင့်(ဓာတုဗေဒ)
၁၈၈	။	အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့	မောင်ငွေဌေး(လူမှုဝန်ထမ်း)
၁၈၉	။	တိုးတက်ပြောင်းလဲလာသည့်လက်မှုအနုပညာ	ဦးမင်းနိုင်
၁၉၀	။	တည်ဆောက်ဖွင့်လှစ်ပြီး စီမံကိန်းဝင်တံတားကြီးများ	ကံမြင့်
၁၉၁	။	အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး	ချမ်းငြိမ်းမြင့်
၁၉၂	။	မြန်မာနိုင်ငံငါးလုပ်ငန်း	လေ့လာသူတစ်ဦး
၁၉၃	။	လာမည့်ရာစုနှစ်အတွက် ကျန်းမာရေးမိတ်ဆက်	ဆရာဝန်တင်ရွှေ
၁၉၄	။	နှစ်(၅၀)အတွင်းမြန်မာဝတ္ထုများတွင် မြန်မာ့လူမှုအဖွဲ့နှင့် လူမှုဓလေ့ထင်ဟပ်ချက်	ဦးသန်းထွတ်(တိုက်စိုး)ဦးသော်ကောင်း
၁၉၅	၂၀၀၁	လောကချမ်းသာအဘယ လာဘမုနိရုပ်ပွားတော်	မင်းနိုင်
၁၉၆	။	မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း	မြတ်လေးခိုင်
၁၉၇	။	မြန်မာနိုင်ငံစာအုပ်ထုတ်ဝေရေးလုပ်ငန်း	ဦးစိုးမြင့်သန်း
၁၉၈	။	အေအိုင်ဒီအက်စ်ရောဂါ ဆိုင်ရာနောက်ဆုံးတွေ့ရှိချက်များ	ဒေါက်တာကြည်ဟန်
၁၉၉	။	ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက်	ဦးထွန်းနိုင်(သာသနာရေး)
၂၀၀	။	မြန်မာ့ကျောက်မျက်ရတနာပြပွဲများ	ကျော်ဖုန်းမြင့်(ဓာတုဗေဒ)
၂၀၁	။	မူးယစ်ဆေးဝါးနှင့် ယနေ့လူငယ်	ဆရာဝန်တစ်ဦး(ကုသိုလ်ဖြစ်ဆေးရုံ)
၂၀၂	။	မြန်မာနိုင်ငံ ပုံတောင်ဒေသမှ ရှာဖွေတွေ့ရှိသည့် ကမ္ဘာ့ရှေးအကျဆုံးလူတူပရိုင်းမိတ်	ဗိုလ်မှူးကြီးသန်းထွန်း(စစ်မဟာဗျူဟာလေ့လာရေးရုံး

နှစ်ဆယ့်ငါးအုပ်မြောက် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်

စဉ်	ခုနှစ်	အထူးဆောင်းပါးအမည်	စာရေးသူ
၂၀၃	၂၀၀၂	မြန်မာနိုင်ငံပညာရေး ပြုပြင်ပြောင်းလဲမှု	ဦးသန်းဦး
၂၀၄	။	မြန်မာ့ဆီစားသုံးမှုဓလေ့	အောင်ချိန်ဘွား
၂၀၅	။	ဆယ့်ကိုး၊ နှစ်ဆယ်ရာစု မြန်မာနိုင်ငံပန်းချီလှုပ်ရှားမှု	ဦးမင်းနိုင်
၂၀၆	။	မြန်မာနိုင်ငံ၏ သဘာဝ အခြေခံရင်းမြစ်လုပ်ငန်း	မောင်မောင် မြင့်သိန်း
၂၀၇	။	နှစ်(၅၀)ပြည့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း	ဦးစိုးအောင်
၂၀၈	။	မြန်မာ့စဉ့်	ဦးစိန်လှိုင်၊ ဦးကြည်ထွဏ်း
၂၀၉	။	မြန်မာနိုင်ငံနှင့်မိုးလေဝသ ခန့်မှန်းမှု	မောင်ကြင်နာ
၂၁၀	။	မြန်မာဆင်နွှဲအရှေ့တောင် အာရှအားကစားပြိုင်ပွဲ	ဒေါက်တာ တင်ထွန်းဦး

ဦးစိုးမြင့်သန်း

နှစ်ဆယ့်တစ်ရာစု စွမ်းဆောင်ရည် ထူးချွန်ဆုရသူနှစ်ဦး။ ။ အင်္ဂလန်နိုင်ငံ၊ ကိန်းဘရစ်ချ်မြို့၊ အပြည်ပြည်ဆိုင်ရာ အတ္ထုပ္ပတ္တိ ဗဟိုဌာနသည် အနှစ်လေးဆယ်ကျော်စုဆောင်းပြုစုခဲ့သော ကမ္ဘာ့နိုင်ငံအသီးသီးမှ ထူးချွန်ထက်မြက်သည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုဖတ်ရှုစိစစ်ကာ နှစ်ဆယ့်တစ်ရာစု စွမ်းဆောင်ရည် ထူးချွန်ဆုများချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံမှ ဖော်ပြပါပုဂ္ဂိုလ်နှစ်ဦးသည် ဆုအသီးသီးရရှိခဲ့သည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးကို ၂၀၀၁ ခုနှစ်တွင် စာပေနှင့်စာနယ်ဇင်းဆိုင်ရာ စွမ်းဆောင်ရည်ဆု ချီးမြှင့်ခဲ့သည်။

ဒေါက်တာတင် ထွန်းဦးသည် ၁၉၇၂ ခုနှစ်မှစ၍ စာပေနယ်သို့ရောက်ရှိပြီး စာနယ်ဇင်းမျိုးစုံတွင် ကလောင်အမည် အမျိုးမျိုးဖြင့် ကျန်းမာရေးအားကစားနှင့် သုတပညာပေးဆောင်းပါးပေါင်း ၁၂၀၀ ကျော်နှင့် စာအုပ် ၂၄ အုပ်ကိုရေးသားခဲ့ပြီးဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် စာပေဗိမာန်စာမူဆုကို

နှစ်ဆယ့်တစ်ရာစုစွမ်းဆောင်ရည်ထူးချွန်ဆုရသူနှစ်ဦး

"ပတ်ဝန်းကျင်နှင့် သင့်ကျန်းမာရေး" စာမူဖြင့် ရရှိခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် "မူးယစ်ဆေးဝါးနှင့် အေအိုင်ဒီအက်စ်" စာအုပ်ဖြင့်လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် "အားလုံးကျန်းမာ ပြည်သာယာ" စာအုပ်ဖြင့်လည်းကောင်း အမျိုးသားစာပေဆုများ ရရှိခဲ့သည်။

၁၉၈၂ ခုနှစ်မှစ၍ သုတစွယ်စုံစာအုပ်တိုက်ကို တည်ထောင်ခဲ့သည်။ လစဉ်ထုတ် သုတစွယ်စုံ၊ အာရောဂျံနှင့်အားကာ မဂ္ဂဇင်းများနှင့် အပတ်စဉ်ထုတ် ပြည်မြန်မာ၊ သတင်းလွှာ၊ ထွန်းတောက်ကြယ် ဂျာနယ်များ၏ အယ်ဒီတာချုပ်လည်း ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ကဗျာဆရာကြီး ထီလာစစ်သူကိုလည်း ၂၀၀၂ ခုနှစ်၌ ကိန်းဘရစ်မြို့ အပြည်ပြည်ဆိုင်ရာ အတ္ထုပ္ပတ္တိဗဟိုဌာနကြီးကပင် စာပေနှင့်နိုင်ငံတော်တာဝန် ထမ်းရွက်မှုအတွက် ၂၁- ရာစုစွမ်းဆောင်ရည်ထူးချွန်ဆုကို ချီးမြှင့်ခဲ့သည်။ ထို့ပြင် ကဗျာဆရာကြီး ထီလာစစ်သူ၏ အတ္ထုပ္ပတ္တိကို အာရှတိုက်သား ထင်ရှားသူတစ်ထောင် စာအုပ်တွင် ဖော်ပြခဲ့သည်။

ထီလာစစ်သူသည် ၁၉၅၀ ပြည့်နှစ်တွင် တပ်မတော်သို့ဝင်ရောက်ခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိအဆင့် ရောက်ရှိခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ကျိုက်ထိုမြို့နယ် နလက ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၈၂ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

ဝန်ထမ်းသက် ကာလတစ်လျှောက်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီးဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၄- ၈၈ ခုနှစ်တွင် မကွေးတိုင်းမြို့သစ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသည်။ ပြန်ကြားရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တစ်ဖန် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။



နှစ်ဆယ့်တစ်ရာစု စွမ်းဆောင်ရည်
ထူးချွန်ဆုရ ထီလာစစ်သူ

၁၉၆၂ ခုနှစ် နိုဝင်ဘာလတွင် အမျိုးသား စာပေညီလာခံကြီးကို ဦးဆောင်ကျင်းပပေးခဲ့သည်။ ၁၉၆၃ ခုနှစ် မေလတွင်ဝါဂီနစ် (သဘင်) ပညာသည်များညီလာခံကို ကျင်းပပေးခဲ့သည်။ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ၁၉၈၉ မှ ၁၉၉၃ အထိ ဆောင်ရွက်ခဲ့သည်။

စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်ပရန်နှိမ်တံဆိပ်၊ နိုင်ငံတော်စစ်မှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ် လေးခုရရှိခဲ့သည်။ ထီလာစစ်သူသည် ၁၄ နှစ်သားအရွယ်ကပင် ကဗျာစတင်ရေးသားခဲ့ပြီး ယခုအခါကဗျာပုဒ်ရေ ၁၀၀၀ ကျော် ရှိပြီဖြစ်သည်။ အချို့ကဗျာများကို အင်္ဂလိပ်၊ တရုတ်၊ ပြင်သစ်၊ ဂျပန်၊ ဂျာမန်နှင့် ရုရှားဘာသာများသို့ ပြန်ဆိုခဲ့ပြီး ဖြစ်သည်။

ဆောင်းပါး၊ စာတမ်း၊ ဝတ္ထုတိုစုစုပေါင်း ပုဒ်ရေ ၁၅၀၀ ကျော်ရေးသားခဲ့ရာ အင်္ဂလိပ်ဘာသာသို့ ၂၅၅ ပုဒ် ပြန်ဆိုခဲ့သည်။ ကဗျာစာအုပ် ၁၄ အုပ်၊ ဝတ္ထုစာအုပ် ၁၀ အုပ်၊ ကျမ်းစာအုပ်နှင့် ဆောင်းပါးပေါင်းချုပ်အပါအဝင် ၃၅ အုပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ထီလာစစ်သူသည် ၎င်း၏ထင်ရှားသော "မဲခေါင်မြစ်မှ အိုရွက်ဝါ" ကဗျာစာအုပ်ဖြင့် မြန်မာနိုင်ငံတွင် အစောဆုံးစာပေဆုဖြစ်သော စာပေဗိမာန်ဆုကို ၁၉၆၂ ခုနှစ်က တပ်မတော်သားတစ်ဦးအနေဖြင့် ပထမဦးစွာ ဆွတ်ခူးရရှိခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် "၂၀ ရာစု မြန်မာစာပေနှင့် မြန်မာကဗျာ ဂုဏ်ဝင်း" စာအုပ်ဖြင့် အမျိုးသားစာပေဆုဆွတ်ခူးရရှိခဲ့သည်။

၁၉၉၆ ခုနှစ် အောက်တိုဘာလက ဂျပန်နိုင်ငံ Indochina Venture Forum အသင်းကြီးက "မဲခေါင်မြစ်မှ အိုရွက်ဝါ" ကဗျာစာအုပ်အတွက် ထီလာစစ်သူအား ကဗျာသရဖူဘွဲ့ကို ချီးမြှင့်ခဲ့သည်။

၂၀၀၁ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာအသင်းက The Literary Messenger Of Friendshp စာပေယဉ်ကျေးမှု ချစ်ကြည်ရေးသံတမန်ဘွဲ့ ချီးမြှင့်ခဲ့သည်။

နှစ်ဆယ့်တစ်ရာစု စွမ်းဆောင်ရည်
ထူးချွန်ဆုရ ဒေါက်တာတင်ထွန်းဦး

ပခုက္ကူ ဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု

ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကား ပြောကြားပြီး ဆုများချီးမြှင့်သည်။

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေချစ်မြတ်နိုးသူ ပခုက္ကူဦးအုံးဖေ ထူထောင်ပေးခဲ့သည့် ပခုက္ကူဦးအုံးဖေစာပေဆုနှင့် ပညာရည်ချွန်ဆုများကို ၁၉၉၃ ခုနှစ်မှ စတင်၍ ချီးမြှင့်လာခဲ့သည်မှာ ၁၁ ကြိမ်မြောက်ရှိပြီဖြစ်သည်။ စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေသည် မူလလှူဒါန်းခဲ့သော စာပေဒါနနှင့် စေတနာကိုထပ်မံအားဖြည့်ပြီး ပညာရည်ချွန်ဆုရန်ပုံငွေအတွက် ငွေကျပ် ၂၉ သိန်းကို ၂၀၀၂ ခုနှစ် သြဂုတ်လတွင် ထပ်မံဖြည့်စွက်လှူဒါန်းပေးအပ်ခဲ့သည်။ ထို့ပြင် စာပေဆုရန်ပုံငွေအတွက် ငွေကျပ် သိန်း ၅၀ ကိုလည်း ထပ်မံလှူဒါန်းခဲ့ပြန်သည်။

ယခုနှစ်တွင် စတင်ချီးမြှင့်သည့် ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆုမှာ စာပေထုတ်ဝေရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကောင်းပေမွန်များ အရည်အချင်းပြည့်မီစွာ ထွက်ပေါ်လာရေးကို ဂုဏ်ပြုအားပေးသည့်အနေဖြင့် နှစ်စဉ်ထုတ်ဝေသောစာအုပ်များထဲမှ ရွေးချယ်၍ ချီးမြှင့်ခြင်းဖြစ်သည်။ (၁၀) ကြိမ်မြောက်ရှိပြီဖြစ်သည့် ပခုက္ကူဦးအုံးဖေစာပေဆုကို ယှဉ်ပြိုင်သည့်ဘာသာရပ် (၅) မျိုးတွင် ဆုဆွတ်ခူးနိုင်သူ ၁၀၉ ဦး ရှိပြီဖြစ်သည်။ ယင်းဆုရစာအုပ်များကို ပုံနှိပ်ထုတ်ဝေခဲ့ရာ (၇၇)အုပ် ရှိပြီဖြစ်သည်။ ထို့အပြင် ပခုက္ကူဦးအုံးဖေစာပေဆုတွင် ဆုတစ်ခုမှာ စာပေလုပ်ငန်းအပေါ် မြတ်နိုးတွယ်တာစွာဖြင့် နှစ်ပေါင်းများစွာစာပေတာဝန်ကျေပွန်ခဲ့သည့် စာပေပညာရှင်ကြီးများအတွက် ချီးမြှင့်သော "တစ်သက်တာစာပေဆု" ဖြစ်ပြီး စာပေပညာရှင်ကြီး ၁၃ ဦးအထိ ချီးမြှင့်နိုင်ခဲ့ပြီဖြစ်သည်။

၂၀၀၂ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုအတွက် ဘာသာရပ် ၅ မျိုးဌ ပြိုင်ပွဲဝင်တင်သွင်းသောစာမူပေါင်း ၅၂ စောင်ရှိသည်။ ယင်းစာမူများကို စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့သည် ရည်ရွယ်ချက်နှင့် အခြေခံမူ ၅ ရပ်ဖြင့် စိစစ်ရွေးချယ်သည်။

နိုင်ငံတော်တွင် လူစွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်စွမ်းပေးနေသည့် ပညာပါရမီဖြည့်ဆည်းမှုတစ်ရပ်ဖြစ်သော မျိုးဆက်သစ်လူငယ်များအတွက် ပညာရည်ချွန်ဆုများ နှစ်စဉ်ချီးမြှင့်လာခဲ့ရာ ယခုနှစ်၌ တက္ကသိုလ်ဝင်တန်းတွင် မြန်မာစာအမှတ်အများဆုံးရသူ လေးဦး၊ ပညာရေးဘာသာရပ် ၁၀ မျိုးတွင် အမှတ်အများဆုံးဖြင့် ဘာသာရပ်အလိုက် ထူးချွန်သူ ၁၆ ဦး၊ ယဉ်ကျေးမှုတက္ကသိုလ်မှ မြန်မာစာဘာသာရပ်ထူးချွန်သူ ၂ ဦး၊ စုစုပေါင်းကျောင်းသားကျောင်းသူ ၂၂ ဦး ရွေးချယ်ခံရသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၂ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဦးမျိုးသန့် (မောင်ဆုရှင်) အား ဆုချီးမြှင့်သည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး တင်ငွေက ၂၀၀၂ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ ကဗျာပေါင်းချုပ်ဆုနှင့်ဝတ္ထုတိုပေါင်းချုပ်ဆုရ ပုဂ္ဂိုလ်များအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က ကျမ်းစာပေဆုနှင့် သုတေသနစာပေဆုရပုဂ္ဂိုလ်များအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆုများကို ချီးမြှင့်ရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက မြန်မာစာ ထူးချွန်ဆုရရှိကြသော ကျောင်းသားကျောင်းသူနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရရှိကြသော ကျောင်းသားကျောင်းသူများကို ဆုများချီးမြှင့်သည်။

ထိုနောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက မြန်မာစာဘာသာရပ် ပညာရည်ချွန်ဆုကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အင်္ဂလိပ်စာဘာသာရပ်ပညာရည်ချွန်ဆုကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က သင်္ချာဘာသာရပ် ပညာရည်ချွန်ဆုကိုလည်း

ကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဓာတုဗေဒဘာသာ၊ ရူပဗေဒဘာသာနှင့် ဇီဝဗေဒဘာသာရပ် ပညာရည်ချွန်ဆုကိုလည်းကောင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပထဝီဝင်ဘာသာရပ်၊ သမိုင်းဘာသာရပ်၊ ဘောဂဗေဒဘာသာရပ်နှင့် စိတ်ကြိုက်မြန်မာစာဘာသာရပ်တို့တွင် ပညာရည်ချွန်ဆု ရရှိကြသော ကျောင်းသားကျောင်းသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပခုက္ကူဦးအုံးဖေက ၂၀၀၂ ခုနှစ်တွင် စတင်ချီးမြှင့်သည့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆုရ ဒေါက်တာဒေါ်မြမြဝင်းအား ဆုချီးမြှင့်သည်။

၂၀၀၂ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
၁။	ကဗျာ ပေါင်းချုပ်ဆု (ပထမဆု)	လရိပ်စဉ်းပြာပန်း ကဗျာ	မောင်အုန်းသောင်း
	ဒုတိယဆု	မည်ဦးပန်းဝေ ဉယျာဉ်မြေ	မောင်စိုးမြတ် (ချောင်းဦး)
	တတိယဆု	ပန်းတံတားနှင့် အခြားကဗျာများ	သူရိန်ကျော် (ကျောက်နဂါး)
၂။	ဝတ္ထုတို ပေါင်းချုပ်ဆု	ရင်းထောင်ရင်းဆွဲ	တွင်းကြီးသား
	ဒုတိယဆု	ဆောင်မြဲအိုးလွယ် နှင့်အခြားဝတ္ထုတိုများ	တင်ဝင်းဦး
	တတိယဆု	သူတို့ကိုယ်စား ဝတ္ထုတိုများ	ပုသိမ် ရန်နောင်ဦး
၃။	ကျမ်းစာပေ ဆု-ပထမဆု	မြန်မာ့ပေါရာဏ မိတ်လင်စုံအဘိဓာန်	ဦးမြတ်ကျော် (မြန်မာစာအဖွဲ့)
	ဒုတိယဆု	လူထုပညာ	မောင်မင်း
	တတိယဆု	ထားဝယ်၊ မြိတ်၊ ကော့သောင်နှင့် တနင်္သာရီကျွန်းစုများဆီသို့	မယဉ်ကျေး (ကျောင်းကုန်း)
၄။	သုတေသန စာပေဆု ပထမဆု	တစ်ခေါက်တစ်ခါ မက္ခရာသို့လာရောက် စေချင်သည်	အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)
	ဒုတိယဆု	ကမ်းသာကင်းမြို့	မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)

ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
	တတိယဆု	ရှေးဟောင်းမြို့တော် ပုခန်းကြီးနှင့်အနီး ပတ်ဝန်းကျင်ရှိ လည်ပတ်ရန်နေရာများ	တင်ထွန်း
၅။	တစ်သက် တာစာပေဆု	ဦးမျိုးသန့် (မောင်ဆုရှင်)	
၆။	ပခုက္ကူ စာကြည့်တိုက် စာအုပ်ဆု	တကယ်ချစ်ရဲ့လား	ဒေါက်တာမြမြဝင်း

ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆု ရရှိသူများ

စဉ်	ရရှိသူ	ကျောင်းအမည်
၁။	မဟေမန်ဦး	ဒဂုံတက္ကသိုလ်
၂။	မောင်သန်းဇော်လင်း	ပဲခူးဒီဂရီကောလိပ် (အဝေးသင်ဌာနခွဲ)
၃။	မောင်ကျော်စွာဝင်း	ရတနာပုံတက္ကသိုလ် (အဝေးသင်ဌာနခွဲ)
၄။	မောင်ကျော်မင်းထွန်း	ဟင်္သာတ တက္ကသိုလ် (အဝေးသင်ဌာနခွဲ)

ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရသူများ

၁။	မဝင်းမော်ဦး	ပထမနှစ် (ဇာတ်သဘင် အထူးပြု)	ယဉ်ကျေးမှု တက္ကသိုလ် (ရန်ကုန်)
၂။	မလွင်မိထွန်း	ပထမနှစ် (ဂီတပညာ အထူးပြု)	ယဉ်ကျေးမှု တက္ကသိုလ် (မန္တလေး)

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရသူများ

စဉ်	ဘာသာရပ်	ရရှိသူ	ကျောင်းအမည်
(က)	မြန်မာစာဘာသာ		
၁။	ပထမဆု	မောင်ရဲမင်းထက်	အထက(၂)မုံရွာမြို့ စစ်ကိုင်းတိုင်း
၂။	ဒုတိယဆု	မေသွင်ဇော်	အထက၊ ဓနုဖြူ။ ဧရာဝတီတိုင်း
၃။	တတိယဆု	မောင်မိုးမင်းဝင်း	အထက(၁)မုံရွာ၊ စစ်ကိုင်းတိုင်း

စဉ်	ဘာသာရပ်	ရရှိသူ	ကျောင်းအမည်
(ခ) အင်္ဂလိပ်စာဘာသာ			
၁။	ပထမဆု	မအိစန္ဒာငြိမ်း	အထက(၁) ဒဂုံ၊ ရန်ကုန်တိုင်း
၂။	ဒုတိယဆု	မောင်ပြည့်ဖြိုးကျော်	အထက(၆) ဗိုလ်တထောင်၊ ရန်ကုန်တိုင်း
၃။	တတိယဆု	မအေးပြည့်ဖြိုးခိုင်	အထက(၁)မုံရွာ၊ စစ်ကိုင်းတိုင်း
(ဂ) သင်္ချာဘာသာ			
၁။	ပထမဆု	မောင်ဖုန်းဇော်စိုး	တွဲဖက်အထက၊ ဖောင်တော်ဦး၊ မန္တလေးတိုင်း
၂။	ဒုတိယဆု	မစုဖြိုးအောင်	အထက(၁)၊ မိုးကုတ်၊ မန္တလေးတိုင်း
၃။	တတိယဆု	မလီလီမြင့်	အထက(၁)၊ ပြင်ဦးလွင်၊ မန္တလေးတိုင်း
(ဃ) ဓာတုဗေဒဘာသာ			
၁။	ပထမဆု	မောင်သူဟန်ထက်	အထက ၁၆၊ မန္တလေး
(င) ရူပဗေဒဘာသာ			
၁။	ပထမဆု	နော်သစ္စာမိုးမြင့်	အထကအနီးစခန်း၊ ပြင်ဦးလွင်
(စ) ဇီဝဗေဒဘာသာ			
၁။	ပထမဆု	မသွယ်ဇင်ဝင်း	အထက ၈၊ မော်လမြိုင် မွန်ပြည်နယ်
(ဆ) ပထဝီဝင်ဘာသာ			
၁။	ပထမဆု	မောင်ကျော်သူဝင်း	ပြင်ပဖြေ တောင်တွင်းကြီး မကွေးတိုင်း
(ဇ) သမိုင်းဘာသာ			
၁။	ပထမဆု	မောင်အောင်သိန်းဝင်း	အထက(၁) မြိတ်၊ တနင်္သာရီတိုင်း
(စျ) ဘောဂဗေဒဘာသာ			
၁။	ပထမဆု	မခင်နှင်းဦး	အထက(ခွဲ)၊ပိတ်တာလေး၊ (ကျွဲမငေးစာစစ်ဌာန) ရောဝတီတိုင်း

စဉ်	ဘာသာရပ်	ရရှိသူ	ကျောင်းအမည်
(ည) စိတ်ကြိုက်မြန်မာစာဘာသာ			
၁။	ပထမဆု	မဇင်ရှုန်ဟုန်	လေ့ကျင့်ရေး၊ ပညာရေး တက္ကသိုလ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း

မျိုးမျိုးကြည်

ပညာရေးစုံညီပွဲတော်။ ။ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့မှ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့အထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကျင်းပ

ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို စိန်ရတုခန်းမရှေ့ မျက်နှာစာ၌ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက် ၈ နာရီတွင်ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

ပညာရေးစုံညီပွဲတော်ကို ပြည်နယ်နှင့်တိုင်းများ ကိုယ်စားပြု ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၄ ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ကျောင်းသားကျောင်းသူ ကလေးများက မိုးပျံပူဖောင်းများ လွှတ်တင်ကြသည်။ ထိုအချိန်တွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မအိအိချွန်နှင့် မောင်ဇေယျာပြည့်ဖြိုးတို့က ဖိုးသက်မြန်မာဆိုင်းအဖွဲနှင့် တွဲဖက်၍ "ဇမ္ဗူဒီပါ" သီချင်းဖြင့် သီဆိုဂုဏ်ပြုပြီး အထက (၂) ကမာရွတ်မှ ကျောင်းသူ ၁၀၀ တို့က ကဗျာလွတ်အကဖြင့် တင်ဆက်ကပြည့်ခဲ့သည်။

ထိုနောက် အလက (၁) ရန်ကင်းလေ့ကျင့်ရေး အလယ်တန်းကျောင်း နိုင်ငံတော်အလံကိုင်အဖွဲနှင့် အထက (၄) ဗိုလ်တထောင်ဘင်ခရာအဖွဲ၏ ချီတက်

ဗိုလ်ချုပ်ကြီး ခင်ညွှန့် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောစဉ်

သရုပ်ပြ၊ အလက (၁) ဒဂုံမှ ကျောင်းသူများ၏ မူလတန်းကျောင်းသူကလေးများ၏ ဘင်ခရာနှင့် ကာယအက အလှပဒေသာသရုပ်ပြ၊ အထက (၄) လှိုင်မှ ကျောင်းသူများ၏ ပျူခေတ်အကသရုပ်ပြ၊ အထက (၂) ဗဟန်းမှကျောင်းသူကလေးများ၏ "ပန်းတိုင်းပွင့်စေသည်" သီချင်းနှင့် ချူကွင်းအက သရုပ်ပြ၊ အထက (၂) ကမာရွတ်မှ ကျောင်းသူကလေးများ၏ မြန်မာ့ထီးအကသရုပ်ပြ၊ အလက (၁) ရန်ကင်းလေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ပညာရေးစုံညီပွဲတော် အလံကိုင်အဖွဲ့နှင့် ဘင်ခရာအဖွဲ့ ချီတက်သရုပ်ပြ၊ အထက (၂) လသာမှ ကျောင်းသူကလေးများ၏ မြန်မာ့သိုင်းသရုပ်ပြ၊ အမက (၈) သဃ်န်းကျွန်းမှ ကျောင်းသားကျောင်းသူကလေးများ၏ မူးယစ်ကင်းစင်တို့ဝန်းကျင် တေးသရုပ်ဖော်၊ အထက (၃) မင်္ဂလာတောင်ညွှန့်မှ ကျောင်းသူများ၏ တူယှဉ်နွဲပျော်၊ ရာသီပွဲတော် တေးသရုပ်ဖော်၊ အမက (၆) ကျောက်တံတားမှကျောင်းသူကလေးများ၏ တိုက်ကွမ်ဒိုစွမ်းရည်သရုပ်ပြ၊ အလက (၁) ရန်ကင်းလေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ပြည်နယ်နှင့်တိုင်း အလံနှင့်ရောင်စုံအလံကိုင်အဖွဲ့ ချီတက်သရုပ်ပြ၊ အထက (၂) စမ်းချောင်းမှ အခြေခံပညာပန်းဖွားအဖွဲ့ ချီတက်သရုပ်ပြ၊ အထက (၂) စမ်းချောင်းမှ ကျောင်းသူများ၏ မြန်မာ့ရိုးရာအိုးစည်ပဒေသာ အကသရုပ်ဖော်၊ အထက (၃) မင်္ဂလာတောင်ညွှန့်မှ ကျောင်းသူကလေးများ၏ ဘင်ခရာအဖွဲ့ ချီတက်သရုပ်ပြတို့ကို အစီအစဉ်အတိုင်း တင်ဆက်၍ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်နှင့် ဧည့်သည်တော်များသည် စိန်ရတုခန်းမ ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်တို့၌ ခင်းကျင်းပြသထားသော ပညာရေးစုံညီပွဲတော်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်

ပညာရေးစုံညီပွဲတော် မဟာပဋ္ဌာန်းဒေသနာပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ရာဟုထောင့်ရင်ပြင်၌ ကျင်းပသည်။ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်



ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားမြင်ကွင်း တစ်ကွက်

ကြည်ညိုသည်။ ကျောင်းသား ကျောင်းသူများက ရွတ်ဖတ်ပူဇော်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း ၉၀၀၀၊ ဆီမီး ၉၀၀၀ နှင့် ရေချမ်း ၉၀၀၀ တို့ကို ကပ်လှူပူဇော်ကာ မဟာပဋ္ဌာန်းဒေသနာပါဠိတော်ကို ရွတ်ဖတ်ပူဇော်သည်။

အထက်မြန်မာပြည် ပညာရေးစုံညီပွဲတော် မဟာပဋ္ဌာန်းဒေသနာပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စွယ်တော်မြတ်စေတီတော် (မန္တလေး) ၌ ကျင်းပသည်။ ပူဇော်ပွဲတွင် ကျောင်းသားကျောင်းသူများက စွယ်တော်မြတ်စေတီတော်အား ပန်း၊ ဆီမီး၊ ရေချမ်းနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ကာ မဟာပဋ္ဌာန်းဒေသနာပါဠိတော် ရွတ်ဖတ်ပူဇော်သည်။

ပညာရေးစုံညီပွဲတော် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေ ၅ နာရီမှ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ နံနက် ၂ နာရီခွဲအထိ မန္တလေးတက္ကသိုလ် ဓမ္မာရုံ၌ ကျင်းပသည်။ ပူဇော်ပွဲတွင် မန္တလေးမြို့ရှိ တက္ကသိုလ်များ၊ မြစ်ကြီးနားတက္ကသိုလ်နှင့် ရွှေဘို ဒီဂရီကောလိပ်မှ ဝတ်အသင်း ရှစ်သင်းတို့က အန္တရာယ်ကင်းပရိတ်တရားတော်များကို အလှည့်ကျ

ပညာရေးစုံညီပွဲတော် တက္ကသိုလ်ဝတ်ရွတ်ပူဇော်ပွဲကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေ ၄ နာရီခွဲတွင် ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသည်။ ပူဇော်ပွဲတွင် တက္ကသိုလ်ကောလိပ်များမှ ကျောင်းသားကျောင်းသူ ၆၀၀ တို့က မြတ်စွာဘုရားအား ပန်းရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ ပရိတ်တော်များ၊ ဓမ္မစက္ကပဝတ္တနသုတ်တော်နှင့် မဟာပဋ္ဌာန်းဒေသနာပါဠိတော်တို့ကို ရွတ်ဖတ်ပူဇော်သည်။

စုံညီပွဲတော်ပြခန်းများ

ပညာရေးစုံညီပွဲတော်ပြခန်းများကို စိန်ရတုခန်းမ၌ ခင်းကျင်းပြသသည်။ မြေညီထပ်ရှိ ပညာရေးစာအုပ်ပွဲတော်ပြခန်းတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်၊ ရန်ကုန်အဝေးသင် တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်နှင့် တက္ကသိုလ်များဗဟိုစာကြည့်တိုက်တို့၏ စာအုပ်ပြခန်းများ၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ကျောင်းသားကုန်တိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်

စာအုပ်ဆိုင်နှင့် ပုဂ္ဂလိကစာအုပ်ဆိုင်များ ပါဝင်ပြသသည်။ ပထမထပ်တွင် အနှစ် ၃၀ ပညာရေး စီမံကိန်းများ အကောင်အထည်ဖော်မှုပြခန်း၊ ဘက်စုံပညာဖွံ့ဖြိုးမှုပြခန်း၊ အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းပြခန်း၊ အခြေခံပညာဦးစီးဌာနများ၏ လက်မှုပညာပြခန်း၊ အိမ်တွင်းမှု (အချက်အပြုတ်) ပြခန်း၊ စက်မှုအနုပညာပြခန်း၊ အိမ်တွင်းမှု (အချုပ်အလုပ်နှင့် လက်မှု) ပြခန်း၊ လက်မှုပညာ အရောင်းပြခန်း၊ တက္ကသိုလ်များ သမိုင်းသုတေသန ဦးစီးဌာနပြခန်း၊ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ပြခန်းနှင့် လက်တွေ့သရုပ်ပြရေးဆွဲမှုပြခန်း၊ ဒုတိယထပ်တွင် မြန်မာလူမှုဘဝသရုပ်ဖော် ပန်းချီပြပွဲနှင့် အခြေခံပညာကျောင်းသားကျောင်းသူများ၏ လက်တွေ့ပို့စကတ် ပန်းချီရေးဆွဲသရုပ်ပြခန်းတို့ ပါဝင်ပြသသည်။

တတိယထပ်ရှိ Creating Knowledge through ICT ပြခန်းတွင် e-Government in Education Sector ပြကွက်၊ Online Education ပြကွက်၊ ရန်ကုန်အဝေးသင် တက္ကသိုလ်၏ Video Conferencing (Yangon - Mandalay) ပြကွက်၊ Video library Management System ပြကွက်နှင့် e - Book Website ပြကွက်၊ Video Conferencing Using VSAT and Wireless link (Yangon - Mandalay) ပြကွက်၊ ရန်ကုန်တက္ကသိုလ် Department of Engineering Physics and IT ၏ IT Electronic and Communication ပြကွက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏ Model Of- Library ပြကွက်၊ ကုမ္ပဏီများ၏ ကွန်ပျူတာနည်းပညာပြကွက်များနှင့် အခြေခံပညာကျောင်းသားကျောင်းသူများ၏ ကွန်ပျူတာစွမ်းရည်ပြသမှုများ ပါဝင်သည်။

အခြေခံပညာကျောင်းများ ဘင်ခရာတီးပြိုင်ပွဲ

တတိယအကြိမ် အခြေခံပညာ အဆင့် ဘင်ခရာတီးပြိုင်ပွဲကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့များတွင် ရန်ကုန်မြို့ပြည်သူရင်ပြင်၌ ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၈ ရက်နေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပရာ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် စိုးဝင်းမောင် တက်ရောက် အမှာစကားပြောကြားသည်။ ဖွင့်ပွဲ အခမ်းအနားအပြီးတွင် (က) အဆင့်ပြိုင်ပွဲများကို ကျင်းပ၍ ဒီဇင်ဘာလ ၂၉ ရက်နေ့ နံနက် ၇ နာရီ ခွဲတွင် (ခ) အဆင့်ပြိုင်ပွဲများကို ကျင်းပသည်။ ပြိုင်ပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲ

ပညာရေးစုံညီပွဲတော်တွင်တွေ့ရသော ကျောင်းသူကျောင်းသားကလေးတို့၏ လက်မှုပညာ

ကျင်းပရာ (က) အဆင့်ပြိုင်ပွဲ၌ ပထမဆုကို အထက (၄) တာမွေဘင်ခရာအဖွဲ့၊ ဒုတိယဆုကို အထက (၃) တောင်ကြီးဘင်ခရာအဖွဲ့၊ တတိယဆုကို အထက (၁) မော်ဘီဘင်ခရာအဖွဲ့၊ အကောင်းဆုံး တီးဝိုင်းခေါင်းဆောင်ဆုကို အထက (၄) တာမွေဘင်ခရာအဖွဲ့ခေါင်းဆောင် စုစုအောင် နှင့် (ခ) အဆင့်ပြိုင်ပွဲ၌ ပထမဆုကို အထက (၁) ပြင်ဦးလွင်ဘင်ခရာအဖွဲ့၊ ဒုတိယဆုကို အထက (၆) မြောက်ဥက္ကလာပဘင်ခရာအဖွဲ့၊ တတိယဆုကို အထက (၈) မော်လမြိုင်ဘင်ခရာအဖွဲ့၊ အကောင်းဆုံး တီးဝိုင်းခေါင်းဆောင်ဆုကို အထက (၁) ပြင်ဦးလွင်ဘင်ခရာအဖွဲ့ခေါင်းဆောင် မောင်နန်မွန်ပေါင်တို့က ရရှိသည်။

ပညာရေးမိသားစုလှေလှော်ပြိုင်ပွဲ

ပညာရေးမိသားစု လှေလှော်ပြိုင်ပွဲကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အထိ ရန်ကုန်မြို့အင်းလျားကန်ရှိ တက္ကသိုလ်လှေလှော်အသင်းတိုက်၌ ကျင်းပသည်။ ပြိုင်ပွဲတွင် အမျိုးသားတစ်ယောက်လှော် (အကြီးတန်း)၊ အမျိုးသမီး တစ်ယောက်လှော်၊ အမျိုးသားတစ်ယောက်လှော် (အငယ်တန်း)၊ အမျိုးသား နှစ်ယောက်လှော် (အငယ်တန်း)၊ အမျိုးသမီး နှစ်ယောက်လှော်၊ အမျိုးသား လေးယောက်လှော် (ဝမ်းပြား)၊ အမျိုးသား လေးယောက်လှော် (ဝမ်းလုံး)၊ အမျိုးသမီး လေးယောက်လှော် (ဝမ်းပြား)၊ အမျိုးသမီး လေးယောက်လှော် (ဝမ်းလုံး)၊ အမျိုးသား အမျိုးသမီးနှစ်ယောက်လှော် (အကြီးတန်း) နှင့် နဂါးလှေပြိုင်ပွဲများကို ဒဂုံတက္ကသိုလ် (က) အသင်း၊ (ခ) အသင်းနှင့် (ဂ) အသင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (က) အသင်းနှင့် (ခ) အသင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် (က) အသင်းနှင့် (ခ) အသင်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (က) အသင်းနှင့် (ခ) အသင်း၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်အသင်း၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်အသင်းနှင့် အထက (၂)' ကမာရွတ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်သည်။ လှေလှော်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကို ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ နံနက် ၈ နာရီတွင် စတင်ကျင်းပလျက် ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဝန်ထမ်းရွေးချယ်လှေကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက

ကျောင်းသူကလေးတို့၏ ပန်းချီအနုပညာသရုပ်ပြ

ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

စုံညီပွဲတော် စာတမ်းဖတ်ပွဲ

အထက်မြန်မာပြည် ပညာရေးစုံညီပွဲတော် စာတမ်းဖတ်ပွဲကို ဒီဇင်ဘာလ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့များတွင် ကျင်းပသည်။ မန္တလေးတက္ကသိုလ် အင်းဝခန်းမ၌ ကျင်းပသောစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင် တက်ရောက် အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲတွင် ပါဝင်ဆွေးနွေးသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စာတမ်းဖတ်ပွဲကို မန္တလေးတက္ကသိုလ် လေးထပ်ဆောင်၌ကျင်းပရာ စာပေနှင့် လူမှုသိပ္ပံ၊ သက်ရှိသိပ္ပံနှင့် သဘာဝသိပ္ပံဘာသာရပ်များကို အဖွဲ့သုံးဖွဲ့ခွဲ၍ စာတမ်းများဖတ်ကြားတင်သွင်းသည်။ စာတမ်းရှင်များ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ စာတမ်းဖတ်ပွဲတက်ရောက်သူများကမေးမြန်းဆွေးနွေးရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပညာရေးစုံညီပွဲတော် စာတမ်းဖတ်ပွဲကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ် ရူပဗေဒခန်းမတွင် ရူပဗေဒနှင့် သခ္ဏာစာတမ်းဖတ်ပွဲ၊ ဓာတုဗေဒခန်းမတွင် ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒ စာတမ်းဖတ်ပွဲ၊ သတ္တဗေဒခန်းမတွင် သတ္တဗေဒနှင့် ရုက္ခဗေဒ စာတမ်းဖတ်ပွဲ၊ ဝိဇ္ဇာအဆောက်အအုံတွင် ဘူမိဗေဒနှင့် ပထဝီဝင် စာတမ်းဖတ်ပွဲ၊ ဘွဲ့နှင်းသဘင် ကောင်စီခန်းမတွင် သမိုင်း၊ နိုင်ငံကာဆက်ဆံရေးပညာ၊ ရှေးဟောင်းသုတေသနပညာ၊ မနုဿဗေဒ၊ ဒဿနိကဗေဒ စာတမ်းဖတ်ပွဲ၊ အပန်းဖြေရိပ်သာတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ စာကြည့်တိုက်နှင့် သုတပညာစာတမ်းဖတ်ပွဲ၊ ရန်ကုန် စီးပွားရေးတက္ကသိုလ် စီးပွားရေးခန်းမတွင် စီးပွားရေးနှင့်ပညာရေးစာတမ်းဖတ်ပွဲတို့ကို ကျင်းပရာ သက်ဆိုင်ရာစာတမ်းရှင်များက စာတမ်းများ အသီးသီးဖတ်ကြားတင်သွင်းသည်။

မြန်မာ့ထုံးဓလေ့ တတ်ကျွမ်းမှုပြိုင်ပွဲ

ပညာရေးစုံညီပွဲတော် မြန်မာနှင့်နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးဓလေ့တတ်ကျွမ်းမှု ဗဟိုအဆင့်ပြိုင်ပွဲကို ဒီဇင်ဘာလ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့များတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနခန်းမ၌ ကျင်းပသည်။ ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများမှ ရွေးချယ်ခံရသူ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၄ ဦးနှင့် ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းများမှ ရွေးချယ်ခံရသူ အလယ်တန်းအဆင့် ကျောင်းသူတစ်ဦး စုစုပေါင်း ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် အေးချမ်းသာယာ ပြည်မြန်မာခေါင်းစဉ်ဖြင့် Power Point သို့မဟုတ် အလင်းပေါက်ကော်ပြား အသုံးပြု၍ ရှင်းလင်းတင်ပြခြင်း၊ ပညာဒီမာန် အလယ်တန်း၊ အထက်တန်းကျောင်း ပုံစံငယ်ပြုလုပ်ထားရှိမှု ရှင်းလင်းတင်ပြခြင်း၊ ရွာလမ်းအိမ်ကျောင်းသန့်ရှင်းကြောင်း၊ စုပေါင်းအမှီကံသိမ်းခေါင်းစဉ်ဖြင့် ဖြတ်ညှပ်ကပ်စာအုပ်ငယ်ပြုလုပ်ထားမှု ရှင်းလင်းတင်ပြခြင်းနှင့် အကဲဖြတ်အဖွဲဝင်များ၏ နှုတ်မေး၊ နှုတ်ဖြေ စစ်ဆေးခြင်းတို့ကို ဖြေဆိုယှဉ်ပြိုင်ရသည်။

မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးဓလေ့တတ်ကျွမ်းမှု ဗဟိုအဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာလ ၃၁ ရက်နေ့ ပြိုင်ပွဲအပြီးတွင် ဆက်လက်ကျင်းပရာ ပထမဆုကို အထက (၁) စစ်ကိုင်းမှ အဋ္ဌမတန်းကျောင်းသူ မဝင်းဝါဝင်း၊ ဒုတိယဆုကို အထက (၁) ဒေးဒရဲမှ အဋ္ဌမတန်းကျောင်းသူ မမေဇွန်ဦးနှင့် တတိယဆုကို အထက (၁) ပြည်မှ အဋ္ဌမတန်းကျောင်းသူ မနီလာစိုးတို့က ဆွတ်ခူးရရှိသည်။

ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများ ချီတက်သရုပ်ပြပွဲ

ပညာရေးစုံညီပွဲတော် ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများ ချီတက်သရုပ်ပြပွဲအခမ်းအနားကို ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ သုဝဏ္ဏဘွဲ့ကျင်းပသည်။

ထူးချွန်ဆုများ ချီးမြှင့်ပွဲ

ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်

မွန်းလွဲ ၁ နာရီခွဲတွင် စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အမှာစကားပြောကြား၍ ထူးခွန်ဆုများ ချီးမြှင့်သည်။

ရှေးဦးစွာ အခမ်းအနားကို နိုင်ငံတော်သီချင်းတီးမှုတ်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်း၊ စုံညီပွဲတော် တို့နွဲ့ပျော်၊ ဘက်စုံဆင်နွဲဆုနှင်းပွဲ သီချင်းတို့ကို သီဆိုဂုဏ်ပြုကြသည်။ ထို့နောက် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးခင်ညွန့်အမှူးပြုသော နိုင်ငံတော်အကြီးအကဲများနှင့် အလှူရှင်များက ၂၀၀၂ -၂၀၀၃ ပညာသင်နှစ် ဒသမတန်းနှင့် အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ၊ ဒသမတန်း သိပ္ပံဘာသာရပ်အုပ်စုနှင့် ဝိဇ္ဇာဘာသာရပ်အုပ်စု ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ၊ အဋ္ဌမတန်း စာပေဘာသာရပ် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ ဒသမတန်းနှင့် အဋ္ဌမတန်း ကျောင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရကျောင်းသား ကျောင်းသူများ၊ ၂၀၀၁-၂၀၀၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အလိုက် အဆင့် ၁ မှ ၁၀ အထိ ရရှိသော ကျောင်းသားကျောင်းသူများ၊ သိပ္ပံဘာသာရပ်အုပ်စု ပထမဆု၊ ဒုတိယဆုနှင့် ဝိဇ္ဇာဘာသာရပ်အုပ်စု ပထမဆုရကျောင်းသူများ၊ ဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ကျောင်းသားကျောင်းသူများ၊ နိုင်ငံတကာအားကစားပြိုင်ပွဲ ပထမဆုရ ကျောင်းသားကျောင်းသူများ၊ နိုင်ငံတကာစာပေ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ ပထမဆုရ ကျောင်းသားကျောင်းသူများ၊ တတိယအကြိမ် အခြေခံပညာကျောင်းများ ဘင်ခရာတီးပြိုင်ပွဲ ပထမဆုရ ကျောင်းဘင်ခရာအဖွဲများ၊ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရ အခြေခံပညာ အထက်တန်းကျောင်းများ၊ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဆိုင်များရှိသည့် အခြေခံပညာကျောင်းဆုရ ကျောင်းများ၊ မြန်မာနှင့် နိုင်ငံတကာထုံးဓလေ့တတ်ကျွမ်းမှု ဗဟိုအဆင့်ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရ ကျောင်းသားကျောင်းသူများ၊ ၂၀၀၂ ခုနှစ် ပညာတန်ဆောင်စာစီစာကုံးပြိုင်ပွဲ အဆင့်အလိုက် ပထမဆုရ ကျောင်းသားကျောင်းသူများ၊ တိုကိုဝါခဲတံပန်းချီပြိုင်ပွဲ အဆင့်အလိုက်ပထမဆုရ ကျောင်းသားကျောင်းသူများအား ဆုများအသီးသီးချီးမြှင့်သည်။

ထို့နောက် အခြေခံပညာ ကျောင်းသားကျောင်းသူများက 'ဘက်စုံပညာကိုရည် တို့လှမ်းချီ' သီချင်း၊ အမှတ် (၂) အခြေခံပညာဦးစီးဌာနကိုယ်စားပြု ကျောင်းသား ကျောင်းသူများက 'ဇာတိမာန်' သီချင်းတို့ကို သီဆိုဖျော်ဖြေကြပြီး ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

အလားတူ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများတွင် အသီးသီးကျင်းပသည်။

စိုးအောင်

ပါကစ္စတန် ။ ။ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပါကစ္စတန်သမ္မတ ဗိုလ်ချုပ်ကြီးပါဗက်ဇ်မူရှာရက်ဖ်သည် သမိုင်းမှတ်တိုင်ထူသည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။ ထိုမိန့်ခွန်းဖြင့် ပါကစ္စတန်အနေနှင့် အလေးအနက်စဉ်းစားရွေးချယ်ရမည့် လမ်းနှစ်သွယ်ကို တင်ပြခဲ့သည်။ လမ်းတစ်သွယ်မှာ တရားဥပဒေမဲ့ပြီး အဖျက်ဝါဒဖြစ်သော ဘာသာရေးအစွန်းရောက်မှုဖြစ်သည်။ အခြားလမ်းတစ်သွယ်မှာ သည်းခံခွင့်လွှတ်တတ်သော အသိပညာနှင့်ပြည့်စုံသော တရားဥပဒေဘောင်အတွင်း ကျရောက်သော ခိုင်မာတောင့်တင်းတိုးတက်သည့် အစွမ်းလမ်းလှုံအဖွဲ့အစည်းဖြစ်သည်။ သမ္မတမူရှာရက်ဖ်သည် ဘာသာရေးအရ သည်းခံခွင့်လွှတ်မှု၊ ခေတ်မီမှု၊ မယုတ်မလွန်ကျင့်သုံးမှု၊ တရားဥပဒေနှင့် လူမှုရေးဝတ္တရားများကို လေးစားမှုတို့နှင့် ပတ်သက်၍ မပြတ်မလတ်ထည့်သွင်းရည်ညွှန်းခဲ့သည်။

သမ္မတမူရှာရက်ဖ်သည် အစွမ်းလမ်ဘာသာရေးကို သွန်သင်ပြသခဲ့သူများနှင့် ပါကစ္စတန်နိုင်ငံကို

အခြေချတည်ထောင်ပေးခဲ့သူ မိုဟာမက်အလီကျင်းနား တို့အား ရည်ညွှန်းကိုးကားလျက် အထက်ကတင်ပြခဲ့သော မွန်မြတ်သည့်တရားများသာလျှင် အစ္စလာမ်၏ သွန်သင်ချက် အစစ်အမှန်တရားများဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပါကစ္စတန်အနေဖြင့် နောက်ဆုံး စာရင်းရှင်းရမည့်နေ့ကို ရောက်လာပြီဖြစ်ကြောင်း၊ ဘာသာရေးသက်သက်နိုင်ငံအဖြစ် ရည်တည်နေချင် သလား သို့မဟုတ် ရှင်သန်တက်ကြွဖွံ့ဖြိုးတိုးတက် သည့် သာယာဝပြောသောအစ္စလာမ်နိုင်ငံဖြစ်ချင် သလားဟူသည့် အချက်နှစ်ချက်ကို စဉ်းစားရွေးချယ် ရတော့မည်ဖြစ်ကြောင်း သမ္မတမူရှာရက်ဖ် ပြော ကြားခဲ့သည်။

သမ္မတမူရှာရက်ဖ်သည် လက်တွေ့သာဓကများ ကို ဖော်ပြလျက် ဘာသာရေးကိုဏ်းဂဏခွဲဖြင့် အကြမ်းဖက်ရက်စက်မှုများကို ကျူးလွန်နေကြသည့် ဘာသာရေးအစွန်းရောက် အဖွဲ့ငါးခုကို ဖျက်သိမ်း တားမြစ်ကြောင်း ကြေညာခဲ့သည်။ ကက်ရှ်မီးယား ဒေသ၌ အကြမ်းဖက်မှုများကို လက်မခံကြောင်း၊ သို့ရာတွင် ကက်ရှ်မီးယားဒေသခံပြည်သူတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လေးစားအသိအမှတ်ပြု ကြောင်း၊ ကက်ရှ်မီးယားအရေးနှင့်စပ်လျဉ်း၍ အိန္ဒိယ နှင့်ပါကစ္စတန်ဆွေးနွေးလိုကြောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းက ကက်ရှ်မီးယားပြဿနာပြေလည် ရေးအတွက် ဝင်ရောက် ဆောင်ရွက်ပေးရန် လိုကြောင်းများကို ထည့်သွင်းပြောကြားခဲ့သည်။

ဇန်နဝါရီလ ၂၄ ရက်နေ့တွင် သမ္မတ မူရှာရက်ဖ်က ပါကစ္စတန်၌ အထွေထွေရွေးကောက်ပွဲ များကို ကြိုတင်စီစဉ်ထားသည့်အတိုင်း အောက်တို ဘာလအတွင်း၌ ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အာဖဂန်နစ္စတန်အရေးတွင် အမေ ရိကန်တို့နှင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးစစ်ပွဲ ပါဝင်ခဲ့သဖြင့် မူရှာရက်ဖ်သည် နာမည်ကျော်ကြား လျက် နိုင်ငံတကာမှ လက်ခံသူဖြစ်လာခဲ့သည်။ မူရှာရက်ဖ်သည် တာဝန်ရှိသော အစွန်းရောက်

သမ္မတ မူရှာရက်ဖ် ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားနေသည်ကို နားဆင်နေကြသည့်ပြည်သူများ

အစ္စလာမ်ဝါဒီများအား ဖမ်းဆီးမိရေး အတွက် အစ္စမ်းကုန်ကူညီမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။

ဖေဖော်ဝါရီလ ၁၂-၁၄ ရက်များတွင် သမ္မတ မူရာရက်ဖ်သည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်၍ သမ္မတဘုရှ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဘုရှ်က မူရာရက်ဖ်အား အာဖဂန်နစ္စတန်စစ်ပွဲတွင် ထောက်ခံနေမှုနှင့် အကြမ်းဖက်ဆန့်ကျင်ရေးတွင် ပါဝင်မှုတို့ကြောင့် ချီးကျူးခဲ့သည်။

မတ်လကုန်ခါနီးရက်များတွင် ပါကစ္စတန်နှင့် အမေရိကန်စီအိုင်အေတို့ ပူးပေါင်းလျက် လာဟိုးစသော မြို့ကြီးများတွင် ရှာဖွေခဲ့ရာမှ အယ်လ်ကိုင်ဒါကွန်ရက်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့သည်။ အယ်လ်ကိုင်ဒါအဖွဲဝင် ၆၉ ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အနက် ဝါရင့်ခေါင်းဆောင်ဖြစ်သော အဘူဇုဘေဒါလည်း ပါဝင်ကြောင်း သိရှိရသည်။

ဗိုလ်ချုပ်ကြီးမူရာရက်ဖ်၏ သမ္မတသက်တမ်းကို နောက်ထပ် ၅ နှစ်တိုးရေးအတွက် ပြည်လုံးကျွတ် ဆန္ဒမဲပေးသူ ၄၃ ဒသမ ၉ သန်းအနက် ၄၂ ဒသမ ၈ သန်းတို့က ထောက်ခံဆန္ဒမဲပေးခဲ့ကြသည်။ ထို့ကြောင့် သမ္မတသက်တမ်း တိုးရေးအတွက် ထောက်ခံဆန္ဒမဲပေးသူ ၉၇ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သည်။

အတိုက်အခံအင်အားစုများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပတ်သက်၍ အခြေခံဥပဒေနှင့် မညီညွတ်ကြောင်း လျှောက်လွှာများတင်ခဲ့သည်။ တရားရုံးချုပ်က ဧပြီလ ၂၇ ရက်နေ့တွင် ထို လျှောက်လွှာများကို ပယ်ချပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသည် အခြေခံဥပဒေနှင့်ညီညွတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ဧပြီလအတွင်း အမေရိကန်သတင်းထောက် ဒယ်နီယယ်ပါးလ်အား သတ်ဖြတ်မှုနှင့်စပ်လျဉ်း၍ တရားရုံးတွင်စတင်ကြားနာစစ်ဆေးသည်။ အဓိကတရားခံအိုမာရှိတ်သည် ပထမတွင်ဖြောင့်ချက်ပေးခဲ့ပြီးမှ နောက်ပိုင်းတွင်ထိုဖြောင့်ချက်ကို ရုပ်သိမ်းခဲ့သည်။ ဧပြီလ ၂၂ ရက်နေ့က သက်သေထွက်ဆိုရာတွင် တက္ကစီယာဥ်မောင်းတစ်ဦးက ၎င်းသည်ပါးလ်အား ကရာချီမြို့ရှိဟိုတယ်တစ်ခုသို့ပို့ပေးခဲ့ရကြောင်း၊ ထိုဟိုတယ်၌ ရှိတ်နှင့်ပါးလ်တို့တွေ့ဆုံခဲ့ကြောင်း၊ ရှိတ်က ပါးလ်အား အခြားကားတစ်ခုဖြင့် သယ်ဆောင်သွားသည်ကို မြင်လိုက်ရကြောင်း ထွက်ဆိုသွားသည်။

ဇွန်လ ၁၄ ရက်နေ့တွင် ကရာချီမြို့ရှိ အမေရိကန် ကောင်စစ်ဝန်ရုံး၏ အပြင်ဘက်တွင် ကားပုံးပေါက်ကွဲမှုတစ်ခု အကြီးအကျယ်ဖြစ်ခဲ့သည်။ ထို အသေခံပုံးခွဲမှုကြောင့် လူ ၁၃ ဦးသေဆုံးပြီး ၄၀ ကျော် ဒဏ်ရာရခဲ့ကြသည်။ ထိုကောင်စစ်ဝန်ရုံးရှိ အမေရိကန်မရိမ်းတပ်သားတစ်ဦးနှင့် ပါကစ္စတန်လူမျိုး ကောင်စစ်ဝန်ရုံးဝန်ထမ်း ၄ ဦးတို့ ဒဏ်ရာအနည်းငယ်စီ ရရှိခဲ့သည်။ ကောင်စစ်ဝန်ရုံးလည်း အနည်းငယ် ပျက်စီးသွားခဲ့သည်။ ထို့ကြောင့် လုံခြုံရေးလုပ်ငန်း စစ်ဆေးရန် ၎င်းကောင်စစ်ဝန်ရုံးကို ခေတ္တပိတ်ထားခဲ့ရသည်။ ကာကွယ်ရေးဝန်ကြီးဒေါ်နယ်ရမ်းစ်ဖဲလ် ပါကစ္စတန်သို့ရောက်ပြီး နောက်တစ်နေ့တွင် ဤသို့ပုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ဇွန်လ ၂၆-၂၇ ရက်နေ့များတွင် သမ္မတမူရာရက်ဖ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် ၇၇ ခု၏ မူကြမ်းများကို ဖော်ထုတ်ကြေညာခဲ့သည်။ အခြေခံဥပဒေပြင်ဆင်ချက်များကို တင်ပြရာ၌ ရေရှည်တည်တံ့ခိုင်မြဲသော ပြည်ထောင်စုဒီမိုကရေစီဖော်ဆောင်ရေးဟု အကြောင်းပြခဲ့သည်။ ထိုပြင်ဆင်ချက်များ၌ အမျိုးသားလုံခြုံရေးကောင်စီဖွဲ့စည်းရေး၊ သမ္မတအနေဖြင့် အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းခွင့်ရှိရေး၊ သမ္မတသည်ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲဝင်များအား ရာထူးမှဖယ်ရှားခွင့်ရှိရေး စသည်တို့ပါဝင်သည်။

ဇွန်လအတွင်း မူရာရက်ဖ်သည် ဝန်ကြီးအဖွဲနှင့် စစ်တပ်အတွင်းအပြောင်းအလဲများကို ပြုလုပ်ခဲ့သည်။ နိုင်ငံတကာဖိအားပေးမှုကြောင့် ကက်ရှ်မီးယားအရေးတွင် တင်းမာသောသဘောထားရှိသည့် နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူဆက်တားအား ရာထူးမှနုတ်ထွက်စေပြီး အီနာမူးလ်ဟက်အား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ကက်ရှ်မီးယားအရေးကို ကိုင်တွယ်နေကြသည့် စစ်တပ်အကြီးအကဲအချို့ကိုလည်း ရာထူးမှနုတ်ထွက်စေခဲ့သည်။ အစွန်းရောက် အစ္စလာမ်ဝါဒီများနှင့် နီးကပ်စွာ ဆက်သွယ်နေသော စစ်တပ်အရာရှိကြီးများအား ဖယ်ရှားခဲ့သည်။



ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ဖြစ်လာသည့် ဇာဖရူလာခန်ဂျမာလီ

ဟိုက်ဒရာဘတ်တရားရုံးက ဒယ်နီယယ်ပါးလ် အားသတ်မှုနှင့် ပတ်သက်၍ အိုမာရှိတ်အား သေဒဏ်ချမှတ်ခဲ့သည်။ ကျန်ပူးတွဲတရားခံသုံးဦးတို့အား ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခဲ့သည်။ ဒယ်နီယယ်ပါးလ်၏ဇနီးနှင့်သားတို့အတွက် လျော်ကြေးငွေ ရူပီး ၂ ဘီလီယံပေးဆောင်ရန်လည်း အမိန့် ချမှတ်ခဲ့သည်။

စစ်တပ်က အာဏာသိမ်းယူခဲ့ပြီးနောက် သုံးနှစ်အတွင်း ရွေးကောက်ပွဲများ ကျင်းပပေးမည်ဟူသော ဗိုလ်ချုပ်ကြီးမူရှာရက်ဖ်၏ ကတိကိုထိန်းသိမ်းသောအားဖြင့် ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့က အောက်လွတ်တော်ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ မူရှာရက်ဖ်အား ထောက်ခံသည့် ပါတီက အမတ်နေရာအများဆုံးရခဲ့သော်လည်း

အစိုးရဖွဲ့နိုင်လောက်သော အမတ်ဦးရေမရရှိခဲ့သဖြင့် ညွှန့်ပေါင်းအစိုးရဖွဲ့ခဲ့ရသည်။

အမျိုးသားလွှတ်တော်သည် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ဇာဖရူလာခန်ဂျမာလီကို ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။ အသက် ၅၈ နှစ်ရှိ ဂျမာလီသည် ဘလူချီစတန်ပြည်နယ် ဝန်ကြီးချုပ် အဖြစ်လည်းကောင်း၊ ဇီယာအူးလ်ဟပ်၏ စစ်အစိုးရ လက်ထက်က ကက်ဘိနက်ဝန်ကြီး အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ဖူးသူဖြစ်သည်။

ဦးခင်မောင်မြ

ပြင်သစ်နိုင်ငံ ။ ။ မြေထဲပင်လယ်တွင်း၌ ကော်ဆီကာကျွန်းအား ပြင်သစ်အစိုးရက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကျယ်ကျယ်ပြန့်ပြန့်ပေးရန် ဥပဒေကြမ်းတစ်ရပ်ကို အဆိုပြုခဲ့သည်။ သို့ရာတွင် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် အခြေခံဥပဒေဆိုင်ရာကောင်စီက ထိုဥပဒေကြမ်းမှာ အခြေခံဥပဒေနှင့် မညီညွတ်ဟု အကြောင်းပြကာပယ်ချလိုက်သဖြင့် ကော်ဆီကာကျွန်း ကိုယ်ပိုင်အုပ်ချုပ်ရေးကိစ္စမှာ တုံ့ဆိုင်းသွားခဲ့ရသည်။ ကော်ဆီကာသည် ပြင်သစ်ပိုင်ကျွန်းဖြစ်သည်။ ထိုကျွန်းသားများသည် သီးခြားလွတ်လပ်ရေးအတွက် လှုပ်ရှားနေကြသည်။ ဤအခြေအနေတွင် ပြင်သစ်အစိုးရက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကျယ်ပြန့်စွာပေး၍ ထိုကျွန်းအားပြင်သစ်နိုင်ငံအတွင်း ဆက်လက်တည်ရှိနေစေရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် လက်ယာဝါဒီများလွှမ်းမိုးထားသော အခြေခံဥပဒေဆိုင်ရာကောင်စီက ယင်းကဲ့သို့ ပယ်ချလိုက်ခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံသည် တစ်ပြည်ထောင်စနစ် (Unitary State System) ကျင့်သုံးသောနိုင်ငံဖြစ်သည်။ သို့ဖြစ်၍ ကော်ဆီကာကျွန်းအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးလိုက်လျှင် ပြင်သစ်အခြားဒေသများကလည်း အလားတူတောင်းဆိုလာပါက ပြင်သစ်၏တစ်ပြည်ထောင်စနစ် ပျက်ပြားသွားမည်ကို စိုးရိမ်ကြသည်။ သို့ရာတွင် ကော်ဆီကာ၌ဖြစ်ပေါ်နေသောအခြေအနေများအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေးသာလျှင် ပြင်သစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဖြစ်ပေသည်။

ဇန်နဝါရီလအတွင်း ပြင်သစ်နိုင်ငံတွင် စွပ်စွဲအပုပ်ချမှုသတင်းတစ်ရပ် ပေါ်ထွက်လာခဲ့သည်။ ၁၉၈၆-၈၈ ခုနှစ်အတွင်းက သမ္မတရှိရက်၏အစိုးရသည် လက်ဘနွန်နိုင်ငံတွင် ပြန်ပေးဆွဲဖမ်းဆီးခံထားရသည့် ပြင်သစ်လူမျိုးသုံးဦးအတွက် လျော်ကြေးငွေများပေးခဲ့သည်ဟု သတင်းစာများ၌ဖော်ပြပါရှိခဲ့သည်။ ထိုအပုပ်ချသတင်းအတွက် သမ္မတရှိရက်သည် ဒေါသထွက်ခဲ့သည်။ ပြန်ပေးဆွဲခံရချိန်နှင့် လျော်ကြေးပေးခဲ့ရချိန်တို့မှာ ၁၉၈၈ ခုနှစ်က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲနှင့်တိုက်ဆိုင်နေသည်။ ထိုရွေးကောက်ပွဲ ပထမတစ်ကြိမ်တွင် သမ္မတရှိရက်သည် လိုအပ်သည့်ထောက်ခံမဲအပြည့်မရသဖြင့် ဒုတိယအကြိမ်ဆန္ဒမဲပေးပွဲများ ကျင်းပရန်ပြင်ဆင်နေချိန်ဖြစ်နေသည်။ သမ္မတရှိရက် အနိုင်ရရေးအတွက် မားစာခံများကို ဖြစ်သည့်နည်းဖြင့် လွတ်မြောက်လာစေရန် ကြိုးပမ်းခဲ့သည်ဟု သံသယဖြစ်စရာရှိလာခဲ့သည်။ အစိုးရရန်ပုံငွေမှ ဒေါ်လာ ၃ သန်းကို ထုတ်သုံးခဲ့သည်ဟု သတင်းများကဆိုသည်။ ထို့ပြင် အစိုးရဘဏ္ဍာငွေများကို သမ္မတရှိရက်၏ပါတီဝင်များသို့ ပေးခဲ့သည်ဟုလည်း သတင်းစာများက ဖော်ပြခဲ့ကြသည်။

ဂျက်ရှိရက်သည် ၁၉၇၇-၉၅ ခုနှစ်များအတွင်း က ပါရီမြို့တော်ဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုစဉ်ကအကျင့်ပျက်လာဘ်စားမှုများ ရှိခဲ့သည်ဟု စွပ်စွဲချက်များပေါ်ထွက်ခဲ့သည်။ အဲရစ်ဟာလ်ဖင်အမှုကြီးပြုသောတရားသူကြီးများက ထိုစွပ်စွဲချက်များနှင့် ပတ်သက်၍စုံစမ်းခဲ့သည်။ သို့ရာတွင် ဇန်နဝါရီလ ၁၄ ရက်နေ့က အဲရစ်ဟာလ်ဖင်သည် စုံစမ်းစစ်ဆေးနေသည့်လုပ်ငန်းမှ နုတ်ထွက်ခဲ့သည်။ ဟာလ်ဖင်က ရှိရက်၏အာဏာရပါတီသည် မာဖီးယားဂိုဏ်းကဲ့သို့ အနိုင်ကျင့်ခြိမ်းခြောက်နေသည်ဟု ပြောခဲ့သည်။ ထို့ပြင် ၂၀၀၁ ခုနှစ်အတွင်းက တရားစီရင်ရေးအာဏာပိုင်များကလည်း သမ္မတတစ်ဦးသည် ရာထူးလက်ကိုင်ရှိနေစဉ်အတွင်း တရားစီရင်စစ်ဆေးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်ဟု စီရင်ထုံးချမှတ်ခဲ့သည်။ ထိုစီရင်ထုံးကိုလည်း ဟာလ်ဖင်သည် မကျေမနပ်ဖြစ်ခဲ့သည်။



သမ္မတအဖြစ် ဒုတိယသက်တမ်းအတွက် ထပ်မံရွေးကောက်တင်မြှောက်ခံရသည့် ပြင်သစ်သမ္မတ ဂျက်ရှီရက်

ဇန်နဝါရီလ ၁၂ ရက်နေ့တွင် အခြေခံဥပဒေ ဆိုင်ရာကောင်စီက အစိုးရ၏စီးပွားရေးမူဝါဒများနှင့် ပတ်သက်၍ စီရင်ထုံးချမှတ်ခဲ့သည်။ အစိုးရက ချမှတ်ထားသည့် စီးပွားရေးမူဝါဒသည် စီးပွားရေး လုပ်ငန်းရှင်များအတွက် အာမခံချက်ပေးထားသော အခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ဆန့်ကျင်နေ ကြောင်း၊ အခြေခံဥပဒေဆိုင်ရာ ကောင်စီက အကြောင်းပြခဲ့သည်။ အခြေခံဥပဒေတွင် လုပ်ငန်း ရှင်များအနေဖြင့် အလုပ်သမားများအား အလုပ် ဖြုတ်ပိုင်ခွင့်ပေးထားသည်။ သို့ရာတွင် အစိုးရသည် အလုပ်ဖြုတ်ရေးနှင့်ပတ်သက်၍ မည်သည့်အခြေ အနေ၊ မည်သည့်အခါမျိုးတွင်မှ အလုပ်ဖြုတ်ခွင့်ရှိ ကြောင်း၊ အကန့်အသတ်များချမှတ်ပေးခဲ့သည်။ သို့ဖြစ်၍ အခြေခံဥပဒေဆိုင်ရာ ကောင်စီ၏စီရင်ထုံး ကြောင့် အစိုးရသည်အဆိုပါကန့်သတ်ချက်များ ချမှတ်ရေးကို ရပ်ဆိုင်းထားခဲ့ရသည်။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် လက်ရှိ သမ္မတရှီရက်က ဒုတိယအကြိမ်သက်တမ်းအတွက် ထပ်မံယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း တရားဝင် ကြေညာခဲ့သည်။ သမ္မတရှီရက်သည် ဧပြီ- မေလများ တွင် ကျင်းပသည့်သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက် ယှဉ်ပြိုင်တော့မည်ဖြစ်သည်။ ဖေဖော်ဝါရီလ ၂၄ ရက် နေ့တွင် ဝန်ကြီးချုပ်လိုင်ယွန်နယ်ယော့စပင်က လည်း သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဟု ကြေညာခဲ့သည်။ သို့ဖြစ်ရာ ၂၀၀၂ ခုနှစ် သမ္မတရွေး ကောက်ပွဲသည် ရှီရက်နှင့် ယော့စပင်တို့အကြား စိတ်မကျေပွဲ ထပ်မံယှဉ်ပြိုင်မှုဖြစ်ပေတော့မည်။ ၁၉၉၅ ခုနှစ်က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ တွင် ရှီရက်သည် ဒုတိယအကြိမ်ဆန္ဒပေးပွဲကျင်းပ တော့မှ ဘော့စပင်အပေါ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၂၀၀၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတ လောင်း ၁၉ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဇန်နဝါရီလအတွင်း ကောက်ယူခဲ့သည့် လူထုဆန္ဒ သဘောထားစစ်တမ်းများအရ M D C ပါတီမှ သမ္မတ လောင်း ယွန်ပီယာရှက်ဗ်နာမွန်သည် ရွေ့ကပြေးနေ သည်။ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ တရားဥပဒေ စိုးမိုးရေးတို့အတွက် ဆောင်ရွက်သွားမည်ဟု ၎င်းက ကြေညာထားသည်။ သမ္မတရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရင်း အစိုးရအဖွဲ့အတွင်း၌လည်း ရာထူးအပြောင်းအလဲများ ရှိခဲ့သည်။

ပါရီမြို့နီစီပယ်တွင် ကောင်စီဝင်ဖြစ်ခဲ့ဖူးသူ ဒီဒီယာရှုလားသည် ဒုံမီနီကန် သမ္မတနိုင်ငံမှ ပြင်သစ်နိုင်ငံသို့ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ပြန် လည်ရောက်ရှိလာသည်။ သူသား၏သတင်းပေးချက် အရ အာဏာပိုင်များက သူ့ကိုဖမ်းဆီးမိခဲ့သည်။ ရှီရက်သည် ပါရီမြို့တော်ဝန်လုပ်စဉ်က ရှုလားသည် ကောင်စီဝင်အဖြစ် ထမ်းဆောင်ရင်း အကျင့်ပျက် လာဘ်စားမှုများတွင် ပါဝင်ခဲ့သည်။ ထိုသို့လာဘ်စား မှုများသည် ၁၉၉၅ ခုနှစ်တွင် ပေါ်ထွက်လာခဲ့ရာ သူသည် ကာရစ်ဘီယန်ဒေသသို့ ထွက်ပြေးပုန်း အောင်းနေခဲ့သည်။ ပါရီသို့ ရှုလားပြန်လည်ရောက်ရှိ လာခြင်းသည် သမ္မတရှီရက်အား အပုပ်ချရေး အတွက် အကွက်ကောင်းဖြစ်သွားစေခဲ့သည်။

နိုင်ငံပိုင် ရေနံလုပ်ငန်း ကုမ္ပဏီဖြစ်သော အဲ့လ်ဖ်-အက်ကွီတိန်းနှင့်ပတ်သက်၍ တရားသူကြီး များသည် ရှစ်နှစ်ကြာစုံစမ်းစစ်ဆေးခဲ့သည်။ ဖေဖော် ဝါရီလ ၅ ရက်နေ့တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့က အပြီးသတ်အစီရင်ခံစာကို တင်သွင်းခဲ့သည်။ ၁၉၈၉-၉၃ ခုနှစ်များအတွင်း ကုမ္ပဏီအရာရှိများ၊

နိုင်ငံရေးသမားများ၊ ကြားပွဲစားများသည် ကုမ္ပဏီပိုင်ငွေဒေါ်လာသန်း ၄၀၀ ကို တရားမဝင်နည်းလမ်းများဖြင့် သုံးစွဲခဲ့ကြောင်းအစီရင်ခံစာ၌ ဖော်ပြထားသည်။ ပါဝင်ပတ်သက်သူပေါင်း ၄၂ ဦးရှိသည်။ ၎င်းတို့သည် ကုမ္ပဏီငွေများကို ပုဂ္ဂိုလ်ရေးနှင့်နိုင်ငံရေးအကျိုးအမြတ်အတွက် အသုံးပြုခဲ့ကြသည်။ ထို့ကြောင့် စုံစမ်းစစ်ဆေးနေဆဲအခိုက်အတန့်မှာပင် ယခင်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးနှင့် အခြားပုဂ္ဂိုလ်ခြောက်ဦးတို့အား ကိုယ်ရေးကိုယ်တာအလွဲသုံးစားပြုခဲ့မှုဖြင့် အပြစ်ဒဏ်များချမှတ်ခဲ့သည်။

ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပြင်သစ်အလယ်ပိုင်းမှအသက် ၃၀ အရွယ်ရှိ လူတစ်ယောက်သည် နွားရူးရောဂါဖြင့်သေဆုံးသွားခဲ့သည်။ သူသည် ၎င်းရောဂါဖြင့် စတုတ္ထမြောက်သေဆုံးသူဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် နွားခြံတစ်ခု၌ နွားတစ်ကောင်နွားရူးရောဂါရရှိကြောင်း တွေ့ရှိပါက အဆိုပါခြံတွင်းရှိ နွားအားလုံးကိုသတ်ပစ်ရသည်။ ပြင်သစ်နိုင်ငံတွင် နွားရူးရောဂါကြောင့် တုန်လှုပ်ချောက်ချားလျက်ရှိသည်။

သမ္မတလောင်းများဖြစ်ကြသည့် ရှီရက်နှင့် လော့စပင်တို့သည် ရွေးကောက်ပွဲကြေညာစာတမ်းများကို မတ်လ ၁၈ ရက်နေ့က ထုတ်ပြန်လိုက်ကြသည်။ အကြောင်းအရာများစွာတို့တွင် သမ္မတလောင်းနှစ်ဦးတို့၏ ရပ်တည်ချက်များမှာ ဆင်တူနေကြသည်။ အထူးသဖြင့် ရာဇဝတ်မှုများနှိမ်နင်းရေး၊ တရားဥပဒေစိုးမိုးရေးတို့တွင် ဆင်တူနေကြသည်။

၁၉၇၇-၉၅ နှစ်များအတွင်း ရှီရက်အနေဖြင့် ပါရီမြို့တော်ဝန်အဖြစ် ဆောင်ရွက်စဉ်ကပါတီရန်ပုံငွေကို လွဲမှားဖောက်ပြန်စွာ ရှာဖွေခဲ့မှုနှင့်ပတ်သက်၍ တရားသူကြီးများက စုံစမ်းစစ်ဆေးနေမှုကို ရပ်တန့်ပေးရန် ရှီရက်၏ လက်ထောက်ဟောင်းတစ်ဦးက ပါရီမြို့တော်အယူခံရုံးသို့ လျှောက်ထားခဲ့သည်။ အဆိုပါအယူခံရုံးက ထိုလျှောက်လွှာကို မတ်လ ၂၀ ရက်နေ့က ပယ်ချခဲ့သည်။ ထိုမျှသာမက အဆိုပါစီရင်ချက်တွင် ရှီရက်သည်သမ္မတအဖြစ် ထပ်မံအရွေးမခံရပါက သူ့ကိုလည်းတရားသူကြီးများက စစ်ဆေးသွားရမည်ဟု ဖော်ပြပါရှိခဲ့သည်။

ဧပြီလ ၂၁ ရက်နေ့တွင် ပြင်သစ်သမ္မတ ရွေးကောက်ပွဲ၏ပထမအကြိမ် ဆန္ဒမဲပေးပွဲကို ကျင်းပခဲ့သည်။ ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်း၏ ၇၁ ဒသမ ၆ ရာခိုင်နှုန်းက မဲပေးခဲ့ကြသည်။ ပထမအကြိမ်ဆန္ဒမဲပေးပွဲတွင် ရှီရက်သည်ထောက်ခံမဲ ၁၉ ဒသမ ၈၃ ရာခိုင်နှုန်းရရှိခဲ့သည်။ လက်ယာအစွန်းရောက်ပါတီဖြစ်သည့် အမျိုးသားတပ်ဦးမှ ယွန်မာရီလာပင်းက ထောက်ခံမဲ ၁၆ ဒသမ ၈၆ ရာခိုင်နှုန်းရရှိခဲ့သည်။ ဆိုရှယ်လစ်ပါတီမှ လိုင်ယွန်နယ်လော့စပင်က ၁၆ ဒသမ ၁၈ ရာခိုင်နှုန်းထောက်ခံမဲ ရရှိခဲ့သည်။ လက်ယာအစွန်းရောက်လာပင်းသည် ဒုတိယနေရာရသွားခြင်းကြောင့် ပြင်သစ်နိုင်ငံရေးလောကတွင် တုန်ခါသွားခဲ့သည်။

သမ္မတရွေးကောက်ပွဲအတွက် ဒုတိယအကြိမ်ဆန္ဒပေးပွဲကို မေလ ၅ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ ဤဆန္ဒမဲပေးပွဲမတိုင်မီတွင် ပါရီမြို့တော်နှင့်တကွ အခြားဒေသများ၌ အမျိုးသားတပ်ဦးပါတီအား ဆန့်ကျင်ရေးလူထုဆန္ဒပြပွဲများ ပြုလုပ်ခဲ့သည်။ ဆိုရှယ်လစ်ပါတီ၊ ကွန်မြူနစ်ပါတီတို့ကလည်း လက်ယာအစွန်းရောက်ဝါဒီဖြစ်သူ လာပင်းတက်မလာရေးအတွက် အပြင်းအထန်ကြိုးပမ်းခဲ့ကြသည်။ ရှီရက်အား ထောက်ခံမဲပေးရန် လှုံ့ဆော်စည်းရုံးခဲ့ကြသည်။

ပါလက်စတိုင်းနယ်မြေများ၌ အစွန်းရောက်စစ်ရေးအရဝင်ရောက်စွက်ဖက်မှုများ၊ လက်နက်အားဖြင့် ပါလက်စတိုင်းတို့ကို နှိမ်နင်းနေမှုများကြောင့် ပြင်သစ်နိုင်ငံရှိမွတ်ဆလင်များသည် ဂျူးဆန့်ကျင်ရေးလှုပ်ရှားမှုများကို ပိုမိုပြုလုပ်လာကြသည်။ သို့ဖြစ်၍ ဧပြီလအတွင်းက အစိုးရသည် ဂျူးဘုရားရှိခိုးကျောင်းများနှင့် ဂျူးလူနေရပ်ကွက်များကို လုံခြုံရေးထူထပ်စွာ ချထားပေးရသည်။ အစွန်းရောက်ခြိုးခြုပ် အေရီယာယ်လ်ရှာရွန်က ပြင်သစ်၌ဂျူးဆန့်ကျင်ရေးတိုးပွားလာနေကြောင်းကို သတိပေးခဲ့သည်။ ၂၀၀၂ ခုနှစ် ပထမသုံးလပတ်အတွင်း ဂျူးတို့အပေါ်တိုက်ခိုက်မှုပေါင်း ၃၀၀ ရှိခဲ့သည်။ ၂၀၀၁ ခုနှစ်ထက် တစ်ဆတိုးပွားလာခဲ့ခြင်းဖြစ်သည်။

သမ္မတရွေးကောက်ပွဲအတွက် ဒုတိယအကြိမ်ဆန္ဒပေးပွဲကို မေလ ၅ ရက်နေ့ကကျင်းပခဲ့ရာ လက်ရှိသမ္မတရှီရက်သည် ပြိုင်ဘက်လာပင်းကို အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ ရှီရက်သည် ထောက်ခံမဲ ၈၂ ဒသမ ၂ ရာခိုင်နှုန်းရရှိခဲ့သည်။ ဤသို့ဖြင့် ရှီရက်

သည် သမ္မတအဖြစ်ဒုတိယသက်တမ်းအတွက် ထပ်မံရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ မေလ ၆ ရက်နေ့တွင်သမ္မတရှိရက်သည် ယွန်ရက်ဖာရင်အားကြားဖြတ်အစိုးရ၏ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ရက်ဖာရင်သည် ဗဟိုလမ်းစဉ်ဝါဒီလစ်ဘရယ်ဒီမိုကရေစီပါတီမှ ခေါင်းဆောင်ဖြစ်သည်။ ရက်ဖာရင်အစိုးရသည် အောက်လွှတ်တော်ကိုရွေးကောက်ဖွဲ့စည်းသည်။ ဇွန်လအထိ ကြားဖြတ်အစိုးရတာဝန်ကို ထမ်းဆောင်သည်။

အမေရိကန်သမ္မတဘုရှ်သည် ၎င်းဦးဆောင်သော အစိုးရအဖွဲ့၏ မူဝါဒများနှင့်ပတ်သက်၍ ပြင်သစ်နှင့်ဥရောပရှိ အခြားနိုင်ငံတို့၏ စိုးရိမ်မှုများကို ပြေပျောက်စေရန် ဥရောပသို့ ခရီးထွက်ခဲ့သည်။ မေလ ၂၆-၂၇ ရက်နေ့တွင် ပြင်သစ်သို့ရောက်ရှိခဲ့သည်။ ဘုရှ်နှင့်ရှီရက်တို့သည် မေလ ၂၆ ရက်နေ့က ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲအပြီးတွင် ရှီရက်က အမေရိကန်နှင့်ဥရောပတို့အကြား မဟာမိတ်ဖြစ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ အရေးကြီးကြောင်း ပြောကြားခဲ့သည်။ မေလ ၂၇ ရက်နေ့တွင် သမ္မတဘုရှ်သည် နော်မန်ဒီကမ်းခြေရှိ စစ်သချိုင်းသို့သွားရောက်ခဲ့သည်။ ထိုသချိုင်းမှာ ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့သော အမေရိကန်စစ်သည် ၉၀၀၀ ခန့်တို့၏ စစ်သချိုင်းဖြစ်သည်။ ထိုသို့သွားရောက်စဉ် သမ္မတဘုရှ်ကကွန်နုပ်တို့၏ဘိုးဘေးများစွန့်လွှတ်စွန့်စားခဲ့ကြသကဲ့သို့ ယခုခေတ်အကြမ်းဖက်ဝါဒဆန့်ကျင်ရေးတွင်လည်း အလားတူ စွန့်လွှတ်စွန့်စားကြရန်လိုကြောင်း ပြောကြားခဲ့သည်။

ဇွန်လ ၉ ရက်နှင့် ၁၆ ရက်နေ့များတွင် အောက်လွှတ်တော်အတွက် ပထမနှင့်ဒုတိယအကြိမ် ဆန္ဒမဲပေးပွဲများကို ကျင်းပခဲ့သည်။ အမတ်နေရာ ၅၇၇ နေရာအတွက် အမတ်လောင်းပေါင်း ၈၄၂၄ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပထမအကြိမ်တွင် ဆန္ဒမဲမပေးသူ ၃၅ ဒသမ ၆၊ ဒုတိယအကြိမ်တွင် ၃၉ ဒသမ ၇ ရာခိုင်နှုန်းအသီးသီးရှိခဲ့သည်။ ပထမအကြိမ်တွင် ဝန်ကြီးချုပ်ရက်ဖာရင်ဦးဆောင်သော "သမ္မတမဲအများစုရရေးသမဂ္ဂ" က အမတ် ၄၆ ဦး တိုက်ရိုက်အရွေးခံရသည်။ ဒုတိယအကြိမ် ဆန္ဒမဲပေးပွဲတွင် အမတ် ၉၀၃ ဦးထပ်မံအရွေးခံရပြန်သည်။ ကျန်အမတ်နေရာများအနက် လက်ယာယိမ်းဗဟိုပါတီက အမတ် ၄၄ ဦး၊ ဗဟိုဝါဒီပါတီက အမတ် ၂၉ ဦး စသည်ဖြင့် အသီးသီးအရွေးခံခဲ့ရသည်။ ဤသို့ဖြင့် သမ္မတရှိရက်ကို ထောက်ခံသောပါတီများက မဲအပြတ်အသတ်နိုင်ခဲ့သည်။ ဝန်ကြီးချုပ် ရက်ဖာရင်၏ပါတီက လုံးလုံးလျားလျားအစိုးရဖွဲ့နိုင်သောပါတီအဖြစ် ရွေးကောက်ပွဲအောင်နိုင်ခဲ့သည်။ လက်ယာအစွန်းရောက်ပါတီဖြစ်သော အမျိုးသားတပ်ဦးသည် အမတ် ၁ နေရာသာ အရွေးခံခဲ့ရသည်။ လက်ဝဲဝါဒီဖြစ်သော ဆိုရှယ်လစ်ပါတီသည်။ အမတ် ၁၄၀ ဦး အရွေးခံခဲ့ရသည်။

ယခင် သက်တမ်းတွင် သမ္မတရှိရက်သည် ဆိုရှယ်လစ်ဝန်ကြီးချုပ် လော့စဗင်နှင့်ပူးတွဲ၍ အစိုးရဖွဲ့ခဲ့ရသည်။ ယခုသက်တမ်းတွင် သမ္မတရှိရက်သည် လွတ်လွတ်ကျွတ်ကျွတ် အင်အားကောင်းလာသဖြင့် ဇွန်လ ၁၇ ရက်နေ့တွင် ယွန်မီယာရက်ဖာရင်ကိုပင် ထပ်မံ၍ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးနေရာအပြောင်းအလဲအနည်းငယ်သာ ပြုလုပ်ခဲ့သည်။ အစိုးရအဖွဲ့အားကောင်းစေရေးအတွက် ဒုတိယဝန်ကြီးချုပ်နေရာကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ သမ္မတရှိရက်သည် ၎င်း၏ အနေအထားကို ခိုင်မာစေခဲ့သည်။

ဇူလိုင်လ ၅ ရက်နေ့တွင် သမ္မတနန်းတော်ကကော်မရှင်တစ်ရပ်ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ ထိုကော်မရှင်တွင် နာမည်ကျော်ကြားထင်ရှားသော ဥပဒေပညာရှင် ၁၂ ဦး ပါဝင်သည်။ ပြင်သစ်သမ္မတနိုင်ငံ သမ္မတအပေါ် ရာဇဝတ်ကြောင်းအရ တာဝန်မကင်းမှုဖြင့် စွပ်စွဲရေးတွင်လိုက်နာကျင့်သုံးရမည့်စည်းမျဉ်းများကို ဤကော်မရှင်ကလေ့လာစစ်၍ အစီရင်ခံစာ တင်သွင်းရန်ဖြစ်သည်။ ရွေးကောက်ပွဲကာလအတွင်းက ရှီရက်သည်ဤသို့သောကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးမည်ဟု ကတိပြုခဲ့သည်။

ဇူလိုင်လ ၂၆-၂၇ ရက်နေ့များတွင် ဝန်ကြီးချုပ်ရက်ဖာရင်ဦးဆောင်သော ဝန်ကြီးများအဖွဲ့သည် ကော်ဆီကာကျွန်းသို့ သွားရောက်ခဲ့သည်။ ပြင်သစ်နိုင်ငံကျိုးပဲ့မသွားရေးအတွက် ကော်ဆီကာကျွန်း၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရေးကို ဆွေးနွေးခဲ့ကြသည်။

ဩဂုတ်လ ၈ ရက်နေ့တွင် ပါရီရှိအစိုးရရှေ့နေက ပုဂ္ဂိုလ် ၁၂ ဦးတို့အား တယ်လီဖုန်းဆက်သွယ်မှု

အောက်တိုဘာလအတွင်းက ကော်ဆီကာကျွန်း၌ ဗုံးပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့သည်။ အောက်တိုဘာလ ၂၆-၂၇ ရက်နေ့များတွင် ပြည်ထဲရေးဝန်ကြီးဆာကိုစီး ဦးဆောင်သောဝန်ကြီးများသည် ကော်ဆီကာသို့ သွားရောက်ခဲ့ကြသည်။ ဒေသန္တရလွတ်လပ်ခွင့်များဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ပြင်သစ်အစိုးရသည် ပါရီရှိဗဟိုအစိုးရကချုပ်ကိုင်ထားသောအာဏာများကို ပြင်သစ်ပိုင်ဒေသ ၂၆ ခုသို့ ခွဲဝေပေးတော့မည်ဖြစ်ကြောင်း၊ ဗဟိုချုပ်ကိုင်မှုလျော့ချပေးရာတွင် ကော်ဆီကာကျွန်းကရှေ့ဆောင်လမ်းပြဖြစ်တော့မည်ဖြစ်ကြောင်း ရှင်းပြခဲ့ကြသည်။ ပြင်သစ်နိုင်ငံ၏စုစည်းမှုလည်း မပျက်စေဘဲ ဒေသဆိုင်ရာအာဏာပိုင်များအား လုပ်ပိုင်ခွင့်နှင့်အာဏာများ ခွဲဝေပေးရေးအစီအစဉ်ကို ပြင်သစ်အစိုးရက ချမှတ်ကျင့်သုံးတော့မည်ဟု ကတိပြုခဲ့ကြသည်။

သမ္မတရွေးကောက်ပွဲနှင့် ပါလီမန်ရွေးကောက်ပွဲများတွင် အပြတ်အသတ်အနိုင်ရခဲ့ကြသော RPR နှင့် UMP ပါတီတို့သည် တစ်ခုတည်းသောပါတီအဖြစ် ပေါင်းစည်းခဲ့ကြသည်။ ထိုသို့ ပေါင်းစည်းထားသည့် ပါတီ၏အမည်ကိုပြည်သူ့အရေးလှုပ်ရှားမှုသမဂ္ဂ (Union for Popular Movement) ဟု သတ်မှတ်ခေါ်ဝေါ်လိုက်ကြသည်။ ဤပါတီ၏ ဥက္ကဋ္ဌအဖြစ် သမ္မတရှိရက်က အမည်တင်သွင်းသော အလိန်းယပ်ပေး ကဆောင်ရွက်သည်။

အောက်တိုဘာလအတွင်းက ကျင်းပခဲ့သည့် ဥရောပသမဂ္ဂ ထိပ်သီးအစည်းအဝေးတွင် သမ္မတရှိရက်နှင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲတို့သည် ခွန်းကြီးခွန်းငယ်စကားများခဲ့ကြသည်။ ယင်းသို့ကွဲပြဲခဲ့မှုကို ရင်ကြားစေ့သည့်အနေဖြင့် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် သမ္မတရှိရက်၏ နှစ် ၇၀ မြောက်မွေးနေ့အတွက် ဗြိတိန်ဝန်ကြီးချုပ်က သဝဏ်လွှာပါးခဲ့သည်။ ယင်းကိုတုံ့ပြန်သည့်အနေဖြင့် ပြင်သစ်သမ္မတက ပိတ်ပင်ထားခဲ့သော နှစ်ကုန်ချိန် ပြင်သစ်-ဗြိတိန်တွေ့ဆုံပွဲကို ပြန်လည်ဖွင့်လှစ်ပေးလိုက်သည်။ နှစ်နိုင်ငံအပြန်အလှန် သင့်မြတ်ရေးကို ပြုလုပ်လာကြသည်။

ဦးခင်မောင်မြ

ကို ခိုးယူနားထောင်မှု၊ အသံဖမ်းထားမှုတို့နှင့်စပ်လျဉ်း၍ တရားစွဲဆိုကာ တရားရုံးသို့တင်ပို့လိုက်သည်။ ထို ၁၂ ဦးသည် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက သမ္မတမီထရောင်းအား ဆန့်ကျင်သူများအသုံးပြုသည့် တယ်လီဖုန်း ၁၅၀ တို့မှအသံများကို ဖမ်းယူ၍ တိပ်ခွေ သွင်းထားခဲ့သည်။ ဤသို့လှုပ်ရှားမှုကို "ပြင်သစ်ဝါးတားဂိတ်" ဟု သမုတ်ခေါ်ဝေါ်ကြသည်။ သမ္မတမီထရောင်းကွယ်လွန်ပြီး နောက်တစ်နှစ်တွင်မှ ဤအမှုပေါ်လွင်လာခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ပြင်သစ်အစိုးရက သမ္မတ၏မော်ကွန်းတိုက်ကို စုံစမ်းစစ်ဆေးသူများအား ကြည့်ရှုခွင့်ပေးပြီးနောက်မှ ဤအမှုကို သိရှိလာခဲ့သည်။

စက်တင်ဘာလ ၂၁-၂၂ ရက်နေ့များတွင် ပါရီမြို့တော်၌ သမ္မတရှိရက်၏ပါတီဖြစ်သော "သမ္မတနိုင်ငံအတွက်စုစည်းရေး" (Rally for Republic) ပါတီညီလာခံကျင်းပခဲ့သည်။ ဤပါတီသည် သမ္မတမဲအများစုရရေးသမဂ္ဂ (UMP) နှင့် ပူးပေါင်းလျက်ပိုမိုကျယ်ပြန့်သောပါတီကို ထူထောင်နိုင်ရန် RPR ပါတီကို ဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့သည်။ ရှိရက်၏ RPR ပါတီသည် မူလဗီဇအားဖြင့် ၁၉၇၇ ခုနှစ်က ဗိုလ်ချုပ်ကြီးဒီဂေါလ်တည်ဆောက်ခဲ့သည့် ဂေါလ်ဝါဒီပါတီသည် အမည်အမျိုးမျိုးပြောင်းလဲခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ရှိရက်သည်ထိုပါတီ၏ ဥက္ကဋ္ဌဖြစ်လာပြီး RPR ဟုခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အစိုးရသည် ပြင်သစ်နှင့်ဗြိတိန်တို့အကြား စစ်ရေးစွမ်းရည်ကွာဟချက်နည်းသွားစေရန်လည်းကောင်း၊ ဥရောပလုံခြုံရေးတွင်ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရန် လည်းကောင်း ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်သွားမည်ဟု စက်တင်ဘာလ ၁၁ ရက်နေ့က ကြေညာခဲ့သည်။ ကာကွယ်ရေး အသုံးစရိတ်သည် ၂၀၀၃ ခုနှစ်တွင် ဒေါ်လာ ၁၁၃ ဒသမ ၇ ဘီလီယံဖြစ်ခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် ဒေါ်လာ ၁၁၅ ဒသမ ၁ ဘီလီယံအထိ သုံးစွဲမည်ဟုကြေညာခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ကာကွယ်ရေးအသုံးစရိတ်သည် ဂျီဒီပီ၏ ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်သည်။ စက်တင်ဘာလ ၁၁ ရက်နေ့တွင် သမ္မတ၏အကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီး အွန်နရီ ဘွန်တဂျိတ်သည် လက်နက်ကိုင်တပ်များ၏ ဦးစီးချုပ်ဖြစ်လာခဲ့သည်။

ဖိလစ်ပိုင် နိုင်ငံ ။ ။ မိမိကိုယ်ရေးကိုယ်တာ ကိုယ်ကျိုးစီးပွားထက် အများအကျိုးစီးပွားအတွက် အလုပ်လုပ်ကြရန်နှင့် ဖိလစ်ပိုင်နိုင်ငံသည် ဖိလစ်ပိုင်ပြည်သူတို့အတွက် ငြိမ်းချမ်းရေး၊ တိုးတက်ရေး၊ သာယာဝပြောရေးကို ရှေးရှုလျက် အလေးထားစူးစိုက်ဆောင်ရွက်ကြရန် ဖိလစ်ပိုင်ပြည်သူများအား သမ္မတဂလိုရီယာမဂါပါဂါလ်အာရိယိုက တိုက်တွန်းပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံမှာ ယခင်နှစ်ကတန်ဖိုးရှိသောရည်ရွယ်ချက်များ အထမြောက်စေရန်နှင့် ပြန်လည်ဆန်းသစ်သောစိတ်အားထက်သန်မှုများကို အမိအရဆုပ်ကိုင်ထားကြရန်လည်း ဒီဇင်ဘာလ ၃၁ ရက်နေ့က နှစ်သစ်သဝဏ်လွှာတွင် ဖော်ပြထားသည်။ ပို၍ကောင်းမွန်သောအနာဂတ်အတွက် ကြိုးကြိုးစားစားအလုပ်လုပ်ကြရန်နှင့် မျှော်လင့်ချက်၊ ရည်မှန်းချက်အတိုင်း ဆက်လက်လုပ်ကိုင်သွားကြရန် ၇၆ သန်းကျော်ရှိသော ဖိလစ်ပိုင်လူမျိုးများအား သမ္မတကတိုက်တွန်းခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၀၁ ခုနှစ်တွင် ဖိလစ်ပိုင်အစိုးရ၏အုပ်ချုပ်မှုအောက်တွင် ငြိမ်းချမ်းစွာနှင့်အောင်မြင်စွာ အသွင်ကူးပြောင်းခဲ့သည်။ အမျိုးသားအဆောက်အအုံ တည်ဆောက်ရာတွင် နှေးကွေးသော်လည်းသေချာမှုရှိသည်စသဖြင့် သမ္မတအာရိယိုး၏ နှစ်သစ်ကူး သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ပူးတွဲစီးလှေကျင့်မှု ဆောင်ရွက်သွားမည်ဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စုအား အမြဲတမ်းစစ်အခြေစိုက်စခန်း ထူထောင်ခွင့်ပေးမည်မဟုတ်ကြောင်း ဖိလစ်ပိုင်အစိုးရက ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ထပ်မံအတည်ပြုပြောကြားလိုက်သည်။ ဖိလစ်ပိုင်အထက်လွှတ်တော်က ထောက်ခံအတည်ပြုထားသောစာချုပ်အရ ခွင့်ပြုထားသည့်တိုင်အောင် အမြဲတမ်းစစ်အခြေစိုက်စခန်း ထူထောင်ဖွင့်လှစ်ခြင်းကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက တားဆီးထားသည်ဖြစ်ရာ သမ္မတဂလိုရီယာမဂါပါဂါလ်အာရိယိုကလည်း ခွင့်ပြုမည်မဟုတ်ကြောင်း သမ္မတရုံးပြောခွင့်ပုဂ္ဂိုလ် ရီဂိုဘာတိုတီလာအိုက ကြေညာချက်ထုတ်ပြန်ရာ၌ ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု အမြဲတမ်းစစ်အခြေစိုက်စခန်းနှင့် ထောက်ပံ့ကူညီမှုပေးသော အဖွဲ့အစည်းများကို ဖွဲ့စည်းထူထောင်ထားရှိမည်မဟုတ်သော်လည်း ပူးတွဲစစ်ရေးလေ့ကျင့်စဉ် နှစ်ဖက်စလုံးအသုံးချနိုင်ရန် စစ်သည်တည်းခိုဆောင်များ၊ သင်တန်းခန်းမဆောင်နှင့် စားသောက်ဆောင်များကို ယာယီတည်ဆောက်ခွင့် ပြုမည်ဖြစ်သည်။ ဖိလစ်ပိုင်စစ်အခြေစိုက်စခန်းများတွင် ယာယီသဘောအားဖြင့် အမေရိကန်တပ်များက နေရာထိုင်ခင်းအဆောက်အအုံများ တည်ဆောက်သွားမည် ဖြစ်သော်လည်း ဖိလစ်ပိုင်စခန်းတပ်မှူးများ၏ အမိန့်ညွှန်ကို နာခံရမည်ဖြစ်ကြောင်း ကြေညာချက်ပါရှိသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အလည်အပတ်ရောက်ရှိနေသော ရိုမေးနီးယားသမ္မတ အိုလီအီယူစကူးသည် သမ္မတဂလိုရီယာမဂါပါဂါလ်နှင့် သမ္မတနန်းတော်တွင် ဖေဖော်ဝါရီလ ၂၀ ရက်နေ့က တွေ့ဆုံဆွေးနွေးကြပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာတောင့်တင်းအောင် ဆောင်ရွက်သွားရန် သဘောတူညီကြသည်။ ဆွေးနွေးပွဲအပြီး သမ္မတနှစ်ဦး သီးခြားစီထုတ်ပြန်သောကြေညာချက်များတွင် သမ္မတနှစ်ဦးတို့သည် နှစ်နိုင်ငံအကြားယဉ်ကျေးမှုတူညီနေခြင်းကို ထောက်ပြကြပြီး နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ပြုလုပ်သွားကြရန် သဘောတူညီခဲ့ကြသည်။ သမ္မတနှစ်ဦးတို့သည် လယ်ယာစိုက်ပျိုးရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးနှင့် စိုက်ပျိုးရေးရိက္ခာနှင့် သစ်တောကဏ္ဍများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးဆိုင်ရာသဘောတူစာချုပ်များ ချုပ်ဆိုသောအခမ်းအနားသို့လည်း တက်ရောက်ခဲ့ကြသည်။

လာအိုဝန်ကြီးချုပ် ဘွန်ညန်ဘိုရာချစ် ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးစဉ်ကြောင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာတောင့်တင်းလာမည်ဟု မျှော်လင့်ကြောင်းသမ္မတ အာရိယိုက ဧပြီလ ၂၉ ရက်နေ့က ပြောကြားသည်။ ယခုနှစ်ဖေဖော်ဝါရီလက လာအိုနိုင်ငံသို့ ဖိလစ်ပိုင်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး သွားရောက်လည်ပတ်စဉ် လာအိုအစိုးရက ခင်မင်ရင်းနှီးစွာ ဆက်ဆံခဲ့၍ ကျေးဇူးတင်ကြောင်း အာရိယိုကပြောကြားသည်။ လာအိုဝန်ကြီးချုပ် ဗိုရာချစ်ကပြန်လည်ပြောကြားရာတွင်မိမိနှင့် ဇနီးအဖွဲ့ဝင်များကိုဖိတ်ကြားပြီး နွေးထွေးခင်မင်စွာဆက်ဆံ၍ကျေးဇူးတင်ကြောင်း၊ မိမိ၏ခရီး

ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမဂါပါဂါလ်အာရိုယို

စဉ်မှာ ပထမဆုံးခရီးစဉ်ဖြစ်စေကာမူ ဖိလစ်ပိုင်နိုင်ငံမှာ တောင့်တင်းခိုင်မာသော လူမှုစီးပွားရေးဖွဲ့ဖြိုးတိုးတက်နေသည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ ဖိလစ်ပိုင်နှင့်လာအိုနိုင်ငံတို့သည် ၁၀ နိုင်ငံပါဝင်သောအာဆီယံအဖွဲ့ဝင်များဖြစ်ကြပြီး စားနပ်ရိက္ခာထုတ်လုပ်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းတို့တွင် ယခင်နှစ်ကသဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။

ဖိလစ်ပိုင်အစိုးရက ဆောင်ရွက်မည့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုအစီအစဉ်ကို အကူအညီပေးရန် ကမ္ဘာ့ဘဏ်ကဖိလစ်ပိုင်နိုင်ငံအား အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ထက်မနည်းကို သုံးနှစ်အစီအစဉ်ဖြင့် ထုတ်ချေးကြောင်းသမ္မတရုံးကလွန်လ ၁၄ ရက်နေ့တွင် ကြေညာသည်။ နိုင်ငံတောင်ပိုင်းတွင် ငြိမ်းချမ်းရေးအထောက်အကူပြုရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးလုပ်ငန်းဝန်းကျင်ခိုင်မာစေရန် ဆင်းရဲနွမ်းပါးမှုကိုဝန်ဆောင်မှုပေးသောလုပ်ငန်းတိုးတက်စေရန် ဆောင်ရွက်ဆဲကာလ၌ ကမ္ဘာ့ဘဏ်ကစူးစမ်းလေ့လာမှုနှင့် နည်းပညာအကူအညီပေးသွားရန် စီစဉ်ထားသည်။ ဖိလစ်ပိုင်နိုင်ငံအား ထုတ်ချေးသောငွေမှာ ဒေါ်လာသန်း ၁၇၀၀ ဖြစ်နိုင်သည်ဟု ကမ္ဘာ့ဘဏ်ကပြောသည်။ ဇူလိုင်လ ၁ ရက်နေ့မှစ၍ ဖိလစ်ပိုင်နိုင်ငံသို့ကမ္ဘာ့ဘဏ်က ငွေထုတ်ချေးသောအစီအစဉ် စမည်ဖြစ်သည်။

သမ္မတအာရိုယိုသည် မကွာဆီကိုနိုင်ငံ လော့စ်ကာဘို့စ်မြို့၌ ကျင်းပသော ၁၁ ကြိမ်မြောက် အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့(အေပက်)၏ ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်ရန် အောက်တိုဘာလ ၂၆ ရက်နေ့တွင် မနီလာမြို့မှ ထွက်ခွာသွားခဲ့သည်။ သမ္မတအာရိုယိုသည် ဟိုနိုလူလူမြို့၌ ခေတ္တရပ်နား၍ အမေရိကန်ပစိဖိတ်စစ်ဌာနချုပ် ဗိုလ်ချုပ်ကြီးသောမတ်စ်ဖာဂို့တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အခြားခေါင်းဆောင်များနှင့်အတူ အာရိုယိုသည်အမေရိကန်သမ္မတကျော့ဘုရှ်နှင့် တွေ့ဆုံခဲ့သည်။ ဩစတြေးလျှံနိုင်ကြီးချုပ် ဂျွန်ဟောင်းဝပ်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် နယူးဇီလန်ဝန်ကြီးချုပ် ဟီလင်ကလပ်တို့နှင့်လည်း တွေ့ဆုံခဲ့သည်။

ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အထူးသဖြင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ပြုလုပ်သွားရန် သဘောတူညီခဲ့ကြသည်။ ဗီယက်နမ်သမ္မတ ထရန်ဒတ်လောင်နှင့် ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတအာရိုယိုတို့ ဟနွိုင်းမြို့တွင် နိုဝင်ဘာလ ၆ ရက်နေ့က တွေ့ဆုံဆွေးနွေးစဉ် ယင်းကဲ့သို့သဘောတူညီလိုက်ကြခြင်းဖြစ်သည်။ လုံခြုံရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ သတင်းဖလှယ်ရေးနှင့်အကြမ်းဖက်ဝါဒပူးပေါင်းတိုက်ဖျက်ရေးတို့ ပိုမိုခိုင်မာတောင့်တင်းအောင် ဆောင်ရွက်သွားရန်လည်း နှစ်ဦးနှစ်ဖက်သဘောတူညီမှု ရရှိခဲ့ကြသည်။ ဗီယက်နမ်၊ ဖိလစ်ပိုင်ရာဇဝတ်မှုတိုက်ဖျက်ရေး သဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်သွားရန်နှင့် ရာဇဝတ်မှုချုပ်ငြိမ်းရေးနှင့်နှစ်နိုင်ငံအကြား တရားရေးကဏ္ဍတွင် အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်များကိုလည်း လက်မှတ်ထိုးချုပ်ဆိုခဲ့ကြသည်။

အမြဲတမ်းစစ်အခြေစိုက်စခန်းထားရှိမှုကို ခွင့်မပြုသော်လည်း ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွက် အမေရိကန်စစ်သားများ ဖိလစ်ပိုင်တွင် ရှိနေသေးသည်

သမ္မတအာရိယိုနှင့် ဥည့်သည်တော်ရုရှားနိုင်ငံခြားရေးဝန်ကြီး အီကောအိုင်ဗာနော့တို့သည် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံမှု ကဏ္ဍအားလုံးအထူးသဖြင့် အကြမ်းဖက်ဝါဒဆန့်ကျင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့တွင် ပိုမိုခိုင်မာတောင့်တင်းအောင် ပူးပေါင်းဆောင်ရွက်သွားရန် ဒီဇင်ဘာလ ၁၆ ရက်နေ့က သဘောတူညီခဲ့ကြသည်။ နှစ်နိုင်ငံအကြားကူးသန်းရောင်းဝယ်ရေးနှင့် အပြန်အလှန်ဆက်ဆံရေး တိုးတက်စေရန် ရုရှားနိုင်ငံက စိတ်ဝင်စားကြောင်းကိုလည်း ရုရှားနိုင်ငံခြားရေးဝန်ကြီး အိုင်ဗာနော့က အလေးထားပြောကြားခဲ့သည်။

စီးပွားရေး - ဖိလစ်ပိုင်နိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုမှာ ယခင်နှစ်ပထမသုံးလပတ်က မက်ထရစ်တန် ၂ ဒသမ ၈၁ သန်းရှိခဲ့ရာမှ ယခုနှစ်ပထမသုံးလတွင် ၁၀ ဒသမ ၆ ရာခိုင်နှုန်းတိုးလာမည်ဟု မျှော်လင့်ရသည်။ တောင်သူလယ်သမားများ ဆန်စပါးမျိုးကောင်းမျိုးသန့်များရရှိခြင်း၊ ဆန်စပါးစိုက်ပျိုးနိုင်မည့် ရေသွင်းဧရိယာ ၁၁ ဒသမ ၁ ရာခိုင်နှုန်းတိုးလာခြင်း စသည်တို့ကြောင့် မျှော်မှန်းချက်အတိုင်းဖြစ်လာနိုင်ဖွယ်ရှိသည်ဟု ဖိလစ်ပိုင်လယ်ယာစိုက်ပျိုးရေးဝန်ကြီး လီယိုနာဒိုမွန်တီမာယာက ပြောကြောင်း ဇန်နဝါရီလ ၇ ရက်နေ့တွင် ဖိလစ်ပိုင်သတင်းဌာနက ဖော်ပြသည်။ ယခုနှစ်ပထမသုံးလတွင် ရေသွင်းစိုက်ပျိုးသောဧကစပါးစိုက်ဧရိယာ ဟတ်တာ ၆၈၀၀၀ နှင့် မိုးစပါးဧရိယာ ဟက်တာ ၁၅၀၀၀ ရှိနေခြင်းကြောင့် ယခင်နှစ်ပထမသုံးလရိတ်သိမ်းခဲ့သော စပါးဧရိယာ ဟက်တာ ၉၃၂၀၀၀ ထက် ဧရိယာပိုလာမည်ဟု လယ်ယာစိုက်ပျိုးရေးဗျူရိုမှ ထုတ်ပြန်သောစာရင်းဇယားများတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်အစိုးရက နိုင်ငံအတွင်းဆင်းရဲနွမ်းပါးမှု လျော့နည်းပျောက်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက်အများအပြားအောင်မြင်လျက်ရှိသည်ဟု သမ္မတဂလိုရီယာမဂါပါဂါးလ်အာရိယိုက ဇန်နဝါရီလ ၁၂ ရက်နေ့က ပြောကြားခဲ့သည်။ အပတ်စဉ်ပြုလုပ်နေကျ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်တွင် သမ္မတအာရိယိုက ပြောကြားရာ၌ ယခင်နှစ်ကစီးပွားရေးအသင့်အတင့်ကောင်းမွန်လာ၍ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး အစီအစဉ်ကို အစိုးရကအရှိန်မြှင့်ဆောင်ရွက်နိုင်ခဲ့သည်။ မူလက လယ်ယာမြေ ဟက်တာ တစ်သိန်းအထိ ခွဲဝေပေးနိုင်ခဲ့ပြီး ကျန်ရှိနေသော ဟက်တာမြေဧက ၃၀၀၀၀ ကိုလည်း ငွေကြေးရရှိလျှင်ဆက်လက်ခွဲဝေပေးသွားမည်။ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ ရင်ဆိုင်နေရသော အခက်အခဲဆုံးပြဿနာမှာ မနီလာမြို့တော်တွင် နေထိုင်ကြသူများ

အပါအဝင် အိုးအိမ်မဲ့သူများအတွက် နေအိမ်ရရှိရေး ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးသည် ၂၀၀၂ ခုနှစ် ပထမသုံးလပတ်တွင် ၃ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်း ယခင်နှစ်ပထမသုံးလကထက် ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးလာကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသားစာရင်းနှင့် သန်းခေါင်စာရင်းဘုတ်အဖွဲ့က မေလ ၃၀ ရက်နေ့တွင် ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းထုတ်ကုန်စုစုပေါင်း (ဂျီဒီပီ) သိသိသာသာတိုးတက်လာသည်။ ဝန်ဆောင်မှုကဏ္ဍတွင် အားကောင်းလာခြင်းကြောင့် အစိုးရရည်မှန်းထားသော တိုးတက်မှု ၃ ဒသမ ၆ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအကြား ရရှိရမည်ဆိုသောဘောင်အတွင်းမှ တိုးတက်လာခဲ့ခြင်းဖြစ်သည်။ ဝန်ဆောင်မှုကဏ္ဍမှာ ဂျီဒီပီတိုးတက်မှုနှုန်းအား လုံး၏ ၆၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ပြည်ပမှရငွေအပါအဝင် စုစုပေါင်းပြည်တွင်းထွက်ကုန်သည် ယခုနှစ်ပထမသုံးလတွင် ၄ ဒသမ ၉ ရာခိုင်နှုန်းတိုးလာသည်။ ၂၀၀၁ ခုနှစ် ပထမသုံးလတွင် စုစုပေါင်းပြည်တွင်းထွက်ကုန်သည် ၃ ဒသမ ၄ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးသည် ကမ္ဘာ့စီးပွားရေးဝန်းကျင်စိန်ခေါ်မှု ကြားကပင်မျှော်လင့်ထားသော ၃ ဒသမ ၄ ရာခိုင်နှုန်းထက်ပို၍ မြင့်တက်ခဲ့သည်။

ပို့ကုန်ဖွံ့ဖြိုးရေးစီမံကိန်းသစ်ကို ဇွန်လ ၁၀ ရက်နေ့တွင် သမ္မတအာရိယိုကအတည်ပြုပေးလိုက်ရာ ယင်းအစီအစဉ်မှာ ၂၀၀၂ မှ ၂၀၀၄ ခုနှစ်အထိ ဖိလစ်ပိုင်နိုင်ငံ၏ ပို့ကုန်ဆိုင်ရာ မဟာဗျူဟာကို ရုပ်လုံးဖော်သောစီမံကိန်းပင် ဖြစ်သည်။ သမ္မတနှုန်းတော်တွင် ကျင်းပသောပို့ကုန်ဖွံ့ဖြိုးရေးကောင်စီသုံးလပတ်အစည်းအဝေး၌ မဟာဗျူဟာနှင့်လုပ်ငန်းညွှန်ကြားချက်များကို ရှင်းလင်းတင်ပြပြီးနောက် ယင်းစီမံကိန်းကို ချက်ချင်းအတည်ပြုလိုက်ခြင်း ဖြစ်သည်။ ယင်းစီမံကိန်းအရ ဖိလစ်ပိုင်နိုင်ငံ ပို့ကုန်တိုးတက်သော ၂၀၀၁ ခုနှစ်တွင် ၁၁ ရာခိုင်နှုန်းရှိပြီး ၂၀၀၃ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်းရှိကာ ၂၀၀၄ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းရှိရန်ဖြစ်သည်။ ထိုပို့ကုန်တိုးတက်မှုနှုန်းမှာ ယခင်လျာထားသည်ထက် မြင့်မားကြောင်း၊ အခြေအနေပေါ်မူတည်၍ သတ်မှတ်နှုန်းအတိုင်း ဖြစ်လာမည်ဖြစ်ကြောင်း သမ္မတအာရိယိုကပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင်းသို့ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်လာခြင်းမှာ ယခင်နှစ်ကဤအချိန်ကာလထက် နှစ်ဆနီးပါးရှိခဲ့သည်ဟု ဖိလစ်ပိုင်ဗဟိုဘဏ်က ကြေညာကြောင်း ဖိလစ်ပိုင်သတင်းဌာနက ဩဂုတ်လ ၉ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ ယခင်နှစ်က ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၈၀၈ သန်းရှိခဲ့ပြီး ယခုနှစ်တွင် ဒေါ်လာ ၁ ဒသမ ၅၀၄ ဘီလီယံအထိ တိုးတက်လာခဲ့သည်။ ယခုနှစ် ပထမလေးလအတွင်း ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာ ၁ ဒသမ ၆၉ ဘီလီယံစီးဝင်မှုအဖြစ်သို့ ပြောင်းပြန်ပြောင်းလဲသွားသည်။ ယင်းသို့ဖြစ်ရခြင်းမှာ နိုင်ငံခြားငွေကြေး သတ်မှတ်တန်ဖိုးရှိသော ကြွေးမြီအာမခံစာချုပ်များ၌ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြင့်လာခြင်း ကြောင့် ဖြစ်သည်။ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလနှင့် မတ်လအတွင်း၌ အမေရိကန်ဒေါ်လာ ၂ ဘီလီယံတန်ဖိုးရှိသော အာမခံစာချုပ်များကို ဘတ်ဂျက်အထောက်အကူပြုရန် အစိုးရကထုတ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ စုစုပေါင်း တိုင်းပြည်ထုတ်ကုန် (ဂျီဒီပီ) သည် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့က မျှော်မှန်းထားသော ၄ ဒသမ ၅ ရာခိုင်နှုန်းထက် ကျော်လွန်နေသည်။ ဂျီဒီပီတိုးတက်မှုနှုန်းကို ၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် စုစုပေါင်းအမျိုးသားထုတ်ကုန် (ဂျီအင်ပီ) တိုးတက်နှုန်းကို ၅ ဒသမ ၂ ရာခိုင်နှုန်းအသီးသီးသတ်မှတ်ထားသော်လည်း ဖိလစ်ပိုင်နိုင်ငံ၏စီးပွားရေးမှာ အစိုးရ၏ တစ်နှစ်လုံးအတွက်သတ်မှတ်ထားသော တိုးတက်မှုနှုန်းကို ပြည်မီအောင် ဖြည့်ဆည်းနိုင်မည့် အခြေအနေရှိနေသည်ဟု လူမှုစီးပွားစီမံကိန်းရေးဆွဲရေးဝန်ကြီး ဒန်တစ်ကီလာက ဩဂုတ်လ ၂၉ ရက်နေ့တွင် ပြောကြားသည်။ ၂၀၀၂ ခုနှစ် ပထမခြောက်လတွင် စီးပွားရေးပျမ်းမျှတိုးတက်မှုနှုန်းမှာ ဂျီဒီပီတွင် ၄ ဒသမ ၁ ရာခိုင်နှုန်းရရှိနေပြီး ဂျီအင်ဒီတွင် ၄ ဒသမ ၇ ရာခိုင်နှုန်း ရရှိထားပြီဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုနှုန်းလျာထားချက်မှာ ဂျီဒီပီအတွက် ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်း၊ ဂျီအင်ပီအတွက် ၄ ဒသမ ၅ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ ၂၀၀၁ ခုနှစ် အောက်တိုဘာလတွင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၉၄၁ ဘီလီယံရှိခဲ့ရာမှ ၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် ၂ ဒသမ ၆ ရာခိုင်နှုန်း အထိ တိုးပြီး စုစုပေါင်းအမေရိကန်ဒေါ်လာ ၃ ဒသမ ၀၁၆ ဘီလီယံအထိရှိလာကြောင်း ဖိလစ်ပိုင်အမျိုးသားစာရင်းအင်းဌာနက ဒီဇင်ဘာလ ၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ ၂၀၀၂ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဖိလစ်ပိုင်နိုင်ငံ၏ပြည်ပပို့ကုန်မှာ ၂၀၀၁ ခုနှစ် အလားတူကာလကထက် ၈ ဒသမ ၁ ရာခိုင်နှုန်းတိုးပြီး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၀၄၉ ဘီလီယံအထိ ရှိခဲ့၍ ၂၀၀၁ ခုနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၈၇၅ ဘီလီယံသာ ရှိခဲ့သည်။ အောက်တိုဘာလတွင် အီလက်ထရွန်နစ်ပစ္စည်းများ ပြည်ပပို့ရာမှ ရရှိငွေမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅၆ ဘီလီယံရရှိခဲ့သည်။ ယခင်နှစ်က အလားတူကာလကထက် ၈ ဒသမ ၅ ရာခိုင်နှုန်းတိုးလာကာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၂ ဘီလီယံသာ ရှိခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

မူးယစ်ဆေးဝါးအရေး - ဖိလစ်ပိုင်နိုင်ငံတွင် တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု သုံးစွဲမှုတို့ကို တိုက်ဖျက်ရာတွင် အစိုးရအား အခွင့်အာဏာပိုပေးမည့်ဥပဒေတစ်ရပ်ကို သမ္မတအာရိယိုက ဇွန်လ ၇ ရက်နေ့က လက်မှတ်ရေးထိုးခဲ့သည်။ အသစ်ပြဋ္ဌာန်းလိုက်သော ၂၀၀၂ ခုနှစ်အန္တရာယ်ရှိသော မူးယစ်ဆေးဝါးအသစ် ပြဋ္ဌာန်းလိုက်သော ၂၀၀၂ ခုနှစ် အန္တရာယ်ရှိသောမူးယစ်ဆေးဝါးဥပဒေအရ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှုနှင့် သုံးစွဲသူများအား ပိုမိုကြီးလေးသော ပြစ်ဒဏ်များချမှတ်နိုင်မည်ဖြစ်သည့်ပြင် လူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးသွားနိုင်မည်ဖြစ်ကြောင်း သမ္မတနန်းတော်၏ ထုတ်ပြန်သောကြေညာချက်၌ ဖော်ပြထားသည်။ ယင်းဥပဒေအရ မူးယစ်ဆေးဝါးရောင်းချသူ၊ ကုန်သွယ်သူ၊ သယ်ဆောင်သူ၊ ပြည်ပမှတင်သွင်းသူနှင့် ဆက်နွယ်သူများအား အပြစ်ရှိကြောင်း တရားရုံးကတွေ့ရှိပါက သေဒဏ်စီရင်ချက်ချမှတ်မည်ဖြစ်သည်။ ထို့ပြင် ရှာဘူ (မိတဖိတာမင့် ဟိုက်ဒရိုကလိုရိုဒ်) ဂရမ် ၅၀၊ ဆေးခြောက်ဂရမ် ၅၀၀၊ ဘိန်း၊ မော်ဖိန်း၊ ဘိန်းဖြူ။ ကိုကင်းအယ်စတာစိန့် အခြားအန္တရာယ်ရှိသော မူးယစ်ဆေးဟု သတ်မှတ်သောပစ္စည်းတစ်ခုခု ပိုင်ဆိုင်ထားရှိသူများအား အလားတူသေဒဏ်စီရင်သွားမည်ဖြစ်သည်။ သို့သော် အထက်ဖော်ပြပါ ပစ္စည်းအရေအတွက်အောက်လျှော့နည်းပိုင်ဆိုင်သူများကိုမူ ထောင်ဒဏ်တစ်သက်စီရင်သွားမည်ဟုဆိုသည်။

နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးမှောင်ခိုဂိုဏ်းများနှင့် ပြည်တွင်းမူးယစ်မှောင်ခိုဂိုဏ်းများကို အရှိန်မြှင့်တိုက်ခိုက်ချေမှုန်းသွားရန် သမ္မတဂလိုရီယာမကာပါဂါးလ်အာရိယိုက ဩဂုတ်လ ၃၁ ရက်နေ့တွင် အမိန့်ပေးခဲ့သည်။ မနီလာမြို့ အမျိုးသားရဲတပ်ဖွဲ့ဌာနချုပ်၌ ဖိလစ်ပိုင်မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့က ကြီးမှူးကျင်းပသော ထောက်လှမ်းရေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော မူးယစ်ဆေးဝါးနှိမ်နင်းရေးအရာရှိများထံ ပေးပို့သောသဝဏ်လွှာ၌ ဤအမိန့်ကိုဖော်ပြထားသည်။

မူးယစ်ဆေးဝါးဂိုဏ်းများကို နှိမ်နင်းရာတွင် အကူအညီပေးရန် ရဲအဖွဲ့၊ အမျိုးသားထောက်လှမ်းရေးအဖွဲ့နှင့် အခြားဥပဒေစောင့်ထိန်းရေး အေဂျင်စီများကိုလည်း ဆော်သြထားသည်။ ဖိလစ်ပိုင်နိုင်ငံတွင် အသုံးများသောမူးယစ်ဆေးမှာ မီသာဖီတမင်းဟိုက်ဒရိုကလိုရိုက်ဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သူ လူ ၂၆၀၀၀ ကို ဖမ်းဆီးခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

မက်သာဖက်တမင်းဟိုက်ထရိုကလိုရိုက်နှင့် ဆေးခြောက်စုစုပေါင်း အလေးချိန်ကီလို ၃၀၀ ကျော် မီးရှို့ဖျက်ဆီးသောအစီအစဉ်ကို အောက်တိုဘာလ ၁၀ ရက်နေ့က နိုင်ငံမြောက်ပိုင်းလာဝူနာပြည်နယ်တွင်ကျင်းပရာ သမ္မတ ဂလိုရီယာမကာပါဂါးလ်အာရိယိုက တက်ရောက်ခဲ့သည်။ မက်သာဖက်တမင်းဟိုက်ထရိုကလိုရိုက် ၁၉၈ ကီလိုနှင့် ဆေးခြောက် ၁၁၂ ကီလိုကို ဖျက်ဆီးခြင်းမှာ အသစ်အတည်ပြုထားသော ၂၀၀၂ ခုနှစ်အန္တရာယ်ရှိသော မူးယစ်ဆေးဝါးဆိုင်ရာအက်ဥပဒေအရ တရားမဝင်မူးယစ်ဆေးဝါးများကို ပထမဆုံးအကြိမ် မီးရှို့ဖျက်ဆီးခြင်းဖြစ်သည်။ မကြာမီမူးယစ်ဆေးဝါး ၁ ဒသမ ၄ တန်ခန့်ကိုလည်း မီးရှို့ဖျက်ဆီးမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ် ဖိလစ်ပိုင်နိုင်ငံတွင် မုတ်သုံမိုးရွာသွန်းမှုကြောင့် ရေကြီးမြေပြိုမှုများ ဖြစ်ပွားရာ လူခုနစ်ဦးထက်မနည်းသေဆုံးပြီး လူ ၃၀၀၀ ကျော်မှာ နေအိမ်များကိုစွန့်ခွာသွားကြရကြောင်း အရာရှိတစ်ဦးက ဇူလိုင်လ ၇ ရက်နေ့က ပြောကြားသည်။ ဇူလိုင်လ ၇ ရက်နေ့ကစပြီး တိုက်ခတ်သော ဂလိုရီယာတိုင်ဖုန်းမုန်တိုင်းကြောင့် တောင်ကိုရီးယားလမျိုးငါးဦးအပါအဝင် စုစုပေါင်း လူ ၂၁ ဦး သေဆုံးခဲ့သည်။ လူ ၃၀ ခန့် ဒဏ်ရာရပြီး ၂၀၀၀ ခန့် ရေမြုပ်နေအိမ်များကို စွန့်ခွာခဲ့ကြရသည်။ ဒုက္ခသည်အများအပြားကို စာသင်ကျောင်းများ၊ အစိုးရအဆောက်အဦများ၌ ဖွင့်လှစ်ထားသော ယာယီစခန်းများသို့ ရွှေ့ပြောင်းပေးထားရသည်။ ယင်းမုန်တိုင်းသည် တစ်နာရီကီလိုမီတာ ၁၇၀ အထိတိုက်ခတ်ပြီး ဂျပန်နိုင်ငံတောင်ပိုင်းသို့ ရွှေ့လျားရာတွင် အရှေ့တောင်အာရှကျွန်းဆွယ်၌ မိုးသည်းထန်စွာရွာသွန်းစေခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် မကြာမီက ရေကြီးမှုများနှင့် ဂလိုရီယာတိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ သန်းထက်မနည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဖိလစ်ပိုင်လယ်ယာစိုက်ပျိုးရေးဝန်ကြီး ပီယိုနာဒိုမွန်တီမေယာက ဇူလိုင်လ ၁၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

သင့်ဘဝ - ဦးရဲလွင်

ပီယက်နမ်နိုင်ငံ။ ။ ပီယက်နမ်ကွန်မြူနစ်ပါတီမှ ဩဇာအရှိန်အဝါကြီးမားသူ ထရန်ဒတ်လောင်းအား ပီယက်နမ်သမ္မတအဖြစ် နောက်ထပ်ငါးနှစ်သက်တမ်းတာဝန်ထမ်းဆောင်ရန် ဇူလိုင်လ ၂၃ ရက်နေ့တွင် ပြန်လည်တင်မြှောက်ခဲ့သည်။ မစ္စတာ ငုယင်ဗန်အန်ကို ပီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ထပ်မံရွေးချယ်တင်မြှောက်ခဲ့သည်။ ဇူလိုင်လ ၂၃ ရက်နေ့က ကျင်းပသော ၁၁ ကြိမ်မြောက် ပီယက်နမ်အမျိုးသားလွှတ်တော် ပထမအစည်းအဝေးတွင် ယင်းကဲ့သို့ ရွေးချယ်တင်မြှောက်လိုက်ခြင်းဖြစ်သည်။

ကျင်းပဆဲ ၁၁ ကြိမ်မြောက် ပီယက်နမ်အမျိုးသားလွှတ်တော် ပထမအစည်းအဝေးတွင် အစိုးရအဖွဲဝင် ဝန်ကြီးသစ်များစာရင်းကို ဩဂုတ်လ ၅ ရက်နေ့က အတည်ပြုခဲ့သည်။ အစိုးရအဖွဲသစ်တွင်

ဌယင်တန်ဒွန်းနှင့် ဖမ်ဂီယာမီယမ်တို့က လက်ရှိဒုတိယဝန်ကြီးချုပ်များနေရာ၌ ဆက်လက်တာဝန်ယူရပြီး ယခင်ကုန်သွယ်ရေးဝန်ကြီး မူဆွန်သည်လည်း ဒုတိယဝန်ကြီးချုပ် ဖြစ်လာသည်။ မီအီထရပ်ကို သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးအဖြစ် ဒူထရွန်တာကို စာတိုက်နှင့်ကြေးနန်းဝန်ကြီးအဖြစ် လီသီဘူးကို လူဦးရေမိသားစုနှင့်ကလေးသူငယ်များရေးရာ ကော်မတီဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခဲ့သည်။ ယင်းဝန်ကြီးများမှာ ဝန်ကြီးသစ်များဖြစ်၍ အစိုးရအဖွဲ့ ဝန်ကြီးသစ်များကို စာရင်းတွင်အစားထိုးခန့်ထားသော ဝန်ကြီး ၁၁ ဦးနှင့် ဝန်ကြီးဟောင်း ၁၂ ဦးတို့ ပါဝင်သည်။

နိုင်ငံတော်ပို့ကုန်မြှင့်တင်ရေးနှင့် အခွန်ငွေတိုးတက်ရရှိရေးတို့ကို အဓိကဦးတည်လျက် လူမှုစီးပွားပြန်လည်ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို အရှိန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထုတ်ကုန်အရည်အသွေးမြှင့်တင်ရေး၊ ထုတ်လုပ်မှုစရိတ်လျော့ချရေးနှင့် ပင်လယ်ရပ်ခြားဈေးကွက်ပိုမိုရှာဖွေရေးတို့အတွက် ခေတ်မီယန္တရားများကို တိုးမြှင့်သွားမည်ဟု ဒုတိယဝန်ကြီးချုပ် ဗူခိုအင်က ၁၁ ကြိမ်မြောက် အမျိုးသားလွှတ်တော် ပထမအစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ ပီယက်နမ်နိုင်ငံ၏ ထုတ်လုပ်မှုနှင့်စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် စီးပွားရေးကဏ္ဍအားလုံးရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့ကို အလေးပေးခြင်း၊ မှောင်ခိုရောင်းဝယ်မှု တားဆီးကာကွယ်ခြင်း၊ အခွန်ရှောင်မှုနှင့် မသမာသောကုန်သွယ်မှုတို့ကို ကာကွယ်တားဆီးမှုများပြုလုပ်ကာ ပြည်တွင်းအခွန်နှုန်း တိုးမြှင့်ရရှိအောင် သင့်လျော်သောမူဝါဒများ ချမှတ်ဆောင်ရွက်သွားမည့်ကိစ္စကိုလည်း ဒုတိယဝန်ကြီးချုပ် ဗူခိုအင်က သဘောတူသည်။ လယ်ယာထွက်ပစ္စည်းဈေးနှုန်းများ တည်ငြိမ်စေရေး၊ ကျေးလက်ဒေသနှင့် တောင်တန်းဒေသများရှိ ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့ကို တိုက်ဖျက်နိုင်အောင် ဆောင်ရွက်နိုင်ရေးတို့အတွက် အဓိကကျသောအစီအစဉ်များကိုလည်း အဓိကထားပြောကြားခဲ့သည်။

ပီယက်နမ်အစိုးရ၏ လက်ရှိအားနည်းချက်များကို ကျော်လွှားနိုင်ရန် မူဝါဒဖော်ဆောင်မှုများကို ပိုမို

ကျွမ်းကျင်စွာဆောင်ရွက်သွားကြရန် ဗီယက်နမ် ဝန်ကြီးချုပ်ဖန်ဗန်ခိုင်က စက်တင်ဘာလ ၄ ရက်နေ့ တွင် ဆော်သြခဲ့သည်။ လွန်ခဲ့သော ၂ နှစ်အတွင်း ဗီယက်နမ်စီးပွားရေးမှာ အခြားဒေသတွင်းနိုင်ငံများ၏ စီးပွားရေးနှင့်နှိုင်းယှဉ်ပါက ပိုမိုမြင့်မားစွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ သို့ရာတွင် နိုင်ငံတော်၏စီးပွားရေးတိုးတက်မှုနှုန်းမှာ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် သတ်မှတ်လျာထားချက်များကို ပြည့်မီအောင် မဆောင်ရွက်နိုင်ခဲ့ပါ။ စီးပွားရေးအဖွဲ့အစည်းများ ပြန်လည်ထူထောင်ခြင်းနှင့် အုပ်ချုပ်ရေးပြုပြင် ပြောင်းလဲမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက် သွားရန် အစိုးရကသန္နိဋ္ဌာန်ချထားသည်စသဖြင့် ဝန်ကြီးချုပ် ဖန်ဗန်ခိုင်က အစိုးရအဖွဲ့အစည်းအဝေး တွင် ပြောကြားခဲ့သည်။

၂၀၀၂ ခုနှစ်အတွင်း ပြည်တွင်းပြည်ပတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများရှိနေစေကာမူ ဗီယက်နမ်နိုင်ငံ၏စီးပွားရေး တိုးတက်မှုနှုန်းမှာ ၇ ရာခိုင်နှုန်းအထိ စံချိန်တင်ခဲ့ရာ ၂၀၀၁ ခုနှစ်ကထက် မြင့်တက်ခဲ့သည်ဟု ဗီယက်နမ်ကွန်မြူနစ်ပါတီဗဟို ကော်မတီ၏ ခုနစ်ကြိမ်မြောက် မျက်နှာစုံညီအစည်း အဝေးကြေညာချက်၌ ဖော်ပြထားသည်။ ယင်း အစည်းအဝေးကို နှိုဝင်ဘာလ ၇ ရက်နေ့မှ ၉ ရက်နေ့ အထိ ဟနွိုင်းမြို့၌ ကျင်းပခဲ့သည်။ အမျိုးသား လွှတ်တော်က အတည်ပြုထားသော လူမှုစီးပွားရေး လျာထားချက်များ အားလုံးနီးပါးကို ဖြည့်စွမ်းပေးရုံ မက သာလွန်၍ဖြည့်စွမ်းပေးခဲ့သည်။ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် ငွေကြေးအရင်းအမြစ်များကို ပို၍စုဆောင်းခဲ့သည်။ စီးပွားရေးအဆောက်အအုံ အထူးသဖြင့် စိုက်ပျိုးရေးတွင်အပြုသဘောဆောင် သော ကနဦးပြောင်းလဲမှုများ ရှိသည်။ ကနဦး ခန့်မှန်းထားသောဘတ်ဂျက်ထက် ကျော်လွန်ပြီးငွေ ကြေးနှင့်ဘဏ္ဍာလုပ်ငန်းများတွင် တိုးတက်မှုများ ရှိခဲ့ သည်။ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် အလုပ် အကိုင်ဖော်ထုတ်ရေး အစီအစဉ်မှာ အရှိန်ရလာပြီး ပညာရေး၊ လေ့ကျင့်သင်ကြားရေးနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများကို ပိုမိုအာရုံစိုက်ခဲ့သည်။

ဝန်ကြီးချုပ်ဖန်ဗန်ခိုင် ၎င်း၏မိတ်ဆွေသင်္ဘောအချို့နှင့် စကားလက်ဆုံကျနေစဉ်

ပြည်သူတို့၏နေထိုင်မှုအခြေအနေမှာ ဆက်တိုက်တိုး တက်ခဲ့ပြီး လူမှုရေး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးအခြေအနေတို့မှာလည်း တည်တံ့ခိုင်မြဲနေသည်ဟု ကြေညာချက်၌ဖော်ပြထားသည်။

ဗီယက်နမ်စီးပွားရေး တိုးတက်မှုနှုန်းကို ၂၀၀၃ ခုနှစ်အတွင်း၌ ၇ ရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင်နှုန်းမြှင့်တင်ရန် အရေးတယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဖန်ဗန်ခိုင်က နိုဝင်ဘာလ ၁၂ ရက်နေ့က ပြောကြားသည်။ နိုင်ငံ၏စီးပွားရေးပုံစံအသစ် ပြန်လည်ဖွဲ့စည်းရေး၊ ထုတ်လုပ်မှုစရိတ်လျှော့ချရေး၊ ထုတ်ကုန်အရည်အသွေးတိုးတက်နိုင်ရေးတို့အတွက် လုပ်သွားကြရမည်ဟု ၁၁ ကြိမ်မြောက် ဗီယက်နမ်အမျိုးသားညီလာခံဖွင့်ပွဲနေ့ မိန့်ခွန်းပြောကြားစဉ် ဝန်ကြီးချုပ်ဖန်ဗန်ခိုင်က ထည့်သွင်းပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ဝက်စ်လိတ်စ်ရေကန်အနောက်ဘက်စွန်းဒေသနှင့် မြစ်နီမြစ်မြောက်ပိုင်းဒေသတို့တွင် လူ ၇၅၀၀၀၀ နေထိုင်နိုင်သော နယူးဟန်ဒိုင်းမြို့တော်သစ်ကို ဒေါ်လာ ၃၀ ဘီလီယံအကုန်အကျခံပြီး တည်ဆောက်ရေးအစီအစဉ်ရေးဆွဲထားပြီးဖြစ်သည်။ မြေဟက်တာ ၈၈၃၀ တွင်တည်ဆောက်မည့်မြို့သစ်တိုးချဲ့ရန် ကုန်ကျငွေ ရာခိုင်နှုန်း ၇၀ ကို နိုင်ငံတော်က ထောက်ပံ့ချေးငွေများနှင့် ဖွံ့ဖြိုးရေးအကူအညီငွေများထဲမှ သုံးစွဲသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၂၀ ရက်နေ့ထုတ် ဒေသသတင်းဌာနများက ဖော်ပြသည်။ စီမံချက်ကို အဆင့်သုံးဆင့်ဖြင့် ပြုလုပ်သွားမည်ဖြစ်ရာ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် အတိုင်ပင်ခံများထံမှ နည်းပညာဆိုင်ရာ အကူအညီများ ရယူသွားမည်ဖြစ်သည်။ စီမံကိန်း ပထမအဆင့်ကို ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဆောင်ရွက်မည်ဖြစ်ပြီး အမှတ် ၅ လမ်းမကြီးတိုးချဲ့ခြင်းနှင့် မြို့တော်ဟောင်းနှင့် မြို့တော်သစ်နှစ်ခြမ်းတို့ကို ဆက်သွယ်မည့်တံတားနှစ်စင်း တည်ဆောက်ခြင်းဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို စတင်မည်ဖြစ်သည်။ စီမံကိန်းဒုတိယအဆင့်ကို ၂၀၁၅ ခုနှစ်၌ အပြီးလုပ်ဆောင်သွားမည်ဖြစ်ရာ လက်ရှိနိုင်ငံတကာ လေဆိပ်အနီး လူနေတိုက်တာအိမ်ရာတည်ဆောက်ပေးသွားမည်ဖြစ်ပြီး တတိယအဆင့် လုပ်ငန်းစီမံချက်ကို ၂၀၂၀ ပြည့်နှစ်၌ မြို့စွန်ဒေသဖွံ့ဖြိုးရေးကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်သည်။

စီးပွားရေး- ဗီယက်နမ်နိုင်ငံတွင် ယူရိုငွေကြေး (ဥရောပငွေကြေး) ကို တရားဝင်သုံးစွဲနေပြီဖြစ်ကြောင်း ဇန်နဝါရီလ ၂ ရက်နေ့ထုတ် သတင်းစာ၌ ရေးသားဖော်ပြသည်။ ဗီယက်နမ်နိုင်ငံသည် ၁ ရက်နေ့မှစ၍ ဘဏ်ငွေလဲလှယ်မှု ကိစ္စရပ်များတွင် ဥရောပငွေကြေးယူရိုငွေကို ဥရောပ ၁၂ နိုင်ငံသုံးငွေကြေးများနေရာတွင် အစားထိုးလိုက်ပြီဖြစ်သည်။ လက်ရှိ ပြင်သစ်ဖရန့်ငွေနှင့် ဂျာမန်မတ်ငွေအပ်ငွေများကိုသာ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ထုတ်ယူခွင့်ပြုထားမည်ဖြစ်သည်။ ဥရောပသမဂ္ဂဝင်နိုင်ငံများဖြစ်သော ၁၂ နိုင်ငံမှ ပြည်တွင်းသုံးငွေကြေးဟူသမျှကို ဇန်နဝါရီလ (၁) ရက်နေ့မှစ၍ ဗီယက်နမ်ဘဏ်များ၌ အပ်နှံခြင်း၊ လွှဲပြောင်းခြင်းပြုမည်မဟုတ်တော့ကြောင်း သတင်းစာ၌ရေးသားဖော်ပြထားသည်။ ဥရောပ နိုင်ငံများ၏ ပြည်တွင်းသုံးငွေများအပ်နှံခွင့်နှင့် လွှဲပြောင်းခွင့်ပြုနေခဲ့သော ဗီယက်နမ်ဘဏ်အချို့တွင် ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ယင်းငွေကြေးများလဲလှယ်ရေးအတွက် ဥရောပငွေကြေး (ယူရိုငွေ)ကို တင်သွင်းခွင့်ပြုခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၄၅၉ ခု ထပ်မံရင်းနှီးမြှုပ်နှံလုပ်ကိုင်ခဲ့ကြသဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) သည် ၂၀၀၁ ခုနှစ်၌ မြင့်တက်ခဲ့ရာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံဖိုးရှိခဲ့သည်။ နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုအရ ၂၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု ဒီဇင်ဘာလ ၃၁ ရက်နေ့ထုတ် ဗီယက်နမ်နယူးစ်သတင်းစာတွင် ရေးသားဖော်ပြသည်။ ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၂၁၀ ၏ ရင်းနှီးမြှုပ်နှံမှုငွေပင်ငွေရင်းကို တိုးမြှင့်ခဲ့ရာ အမေရိကန်ဒေါ်လာသန်း ၅၀၀ အထိ ရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံသာရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ အမှန်တကယ်ထုတ်ပေးသော ရင်းနှီးမြှုပ်နှံမှုငွေ

ပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံအထိရှိရာ နှစ်အလိုက်နိုင်းယှဉ်ချက်အရ ၃ ရာခိုင်နှုန်းမြင့်တက်လာသည် ဗီယက်နမ်နိုင်ငံ၌ အများဆုံးရင်းနှီးမြှုပ်နှံသူများတွင် တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် စင်ကာပူတို့ပါဝင်သည်။

ဗီယက်နမ်နိုင်ငံသည် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့် ငါးနှစ်စီမံကိန်းကို ရေးဆွဲပြဋ္ဌာန်းလိုက်ပြီဖြစ်သည်။ ယင်းစီမံကိန်းအရ မဲခေါင်မြစ်ဝှမ်းဒေသသည် နှစ်စဉ်စုစုပေါင်း ထုတ်ကုန်စုစုပေါင်း (ဂျီဒီပီ) တိုးတက်မှုနှုန်း ၉ ဒသမ ၈ ရာခိုင်နှုန်းရရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းတိုးတက်မှုနှုန်းသည် နိုင်ငံတစ်ဝန်း ပျမ်းမျှတိုးတက်ရမည့်နှုန်းထက် သုံးရာခိုင်နှုန်းနီးပါးပိုနေကြောင်း ဖေဖော်ဝါရီလ ၂၆ ရက်နေ့ထုတ် ဗီယက်နမ်သတင်းစာတွင် ဖော်ပြထားသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍတို့တွင် နှစ်စဉ်ခြောက်ရာခိုင်နှုန်းတိုးရမည်ဖြစ်ပြီး စက်မှုလက်မှုကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတို့တွင် နှစ်စဉ် ၁၃ ဒသမ ၅ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ၁၀ ရာခိုင်နှုန်း အသီးသီးတိုးတက်ရမည်ဖြစ်သည်။ လာမည့်ငါးနှစ်အတွင်း အလုပ်အကိုင်သစ် နှစ်သန်းခန့်ဖန်တီးပေးရမည်ဖြစ်ပြီး မဲခေါင်မြစ်ဝှမ်းဒေသ၏ တစ်ဦးချင်းဝင်ငွေသည် ၂၀၀၅ ခုနှစ်အတွင်း ပျမ်းမျှအမေရိကန်ဒေါ်လာ ၅၅၀ ရှိမည်ဖြစ်သည်။ ငတ်မွတ်ခေါင်းပါးမှု ပပျောက်စေပြီး ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု အရေအတွက် ၁၀ ရာခိုင်နှုန်းနှင့်အောက် ရောက်သွားစေနိုင်မည်ဖြစ်သည်။ ကျေးလက်ဒေသရှိ အိမ်ထောင်စုတိုင်းကို လျှပ်စစ်မာတ်အား ၈၀ ရာခိုင်နှုန်းရရှိစေမည်ဖြစ်ပြီး သောက်ရေသန့် ၆၀ ရာခိုင်နှုန်းရရှိစေမည်ဖြစ်သည်ဟု ငါးနှစ်စီမံကိန်းတွင် ရေးဆွဲပြဋ္ဌာန်းထားသည်။

ဟန္ဒိုင်းမြို့တွင် နိုင်ငံတကာကုန်စည်ပြပွဲကို ဧပြီလ ၉ ရက်နေ့က စတင်ဖွင့်လှစ်ပြသခဲ့သည်။ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များအကြား အပြန်အလှန်ကူးလူးဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ပြုလုပ်သွားရန် ရည်ရွယ်ချက်ဖြင့် ယင်းပြပွဲကို ပြသခြင်းဖြစ်သည်။ ယင်းပြပွဲမှာ ၁၂ ကြိမ်မြောက် နိုင်ငံ

ဗီယက်နမ်နိုင်ငံရှိ
စတော့ရှယ်ယာဈေးကွက်တစ်ခု
မြင်ကွင်း

တကာကုန်စည်ပြပွဲဖြစ်၍ ဗိယက်နမ်တွင်ကျင်းပခဲ့သမျှသော ကုန်စည်ပြပွဲများအနက် အကြီးကျယ်ဆုံးဖြစ်သည်။ ယင်းပြပွဲသို့ ဗိယက်နမ်နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းကဏ္ဍများအားလုံးကို ကိုယ်စားပြုသော ဗိယက်နမ်စီးပွားရေးလုပ်ငန်း ၃၃၀ နှင့် ကမ္ဘာပေါ်ရှိ နိုင်ငံနှင့်ဒေသ ၂၀ မှ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင် ၃၀၀ တို့ တက်ရောက်ပြီး ပြခန်းပေါင်း ၆၀၀ ရှိသည်။ နိုင်ငံခြားပြခန်းများတွင် တရုတ်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ အီရတ်၊ မလေးရှား၊ ပါကစ္စတန်၊ ရုရှားနှင့်ထိုင်းနိုင်ငံတို့မှ အမျိုးသားကုန်စည်ပြခန်းများလည်း ပါဝင်သည်။ ဗိယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာနက ပြပွဲကိုကြီးမှူးကျင်းပခြင်းဖြစ်၍ ယင်းပြပွဲ၌အစား၊ အဖျော်ယမကာ၊ ဓာတုပေဒပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ စက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာယန္တရားများ၊ ဆေးပစ္စည်းကိရိယာများ၊ အလှကုန်ပစ္စည်းများနှင့် လက်မှုအနုပညာလက်ရာများကို ပြသထားသည်။

ဗိယက်နမ်ပုဂ္ဂလိက စက်မှုလုပ်ငန်းကဏ္ဍသည် ၂၀၀၂ ခုနှစ် ပထမခုနစ်လတွင် ၁၉ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်လာခြင်းမှာ ဗိယက်နမ်စက်မှုကဏ္ဍဖွံ့ဖြိုးမှုတွင် အမြင့်ဆုံးဖြစ်ကြောင်း ဗိယက်နမ်စာရင်းအင်းဦးစီးဌာနမှ အစီရင်ခံစာတွင်ဖော်ပြခဲ့သည်။ ပုဂ္ဂလိကစက်မှုလုပ်ငန်း ကဏ္ဍပြီးလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်မှုနှုန်းမှာ ဒုတိယအမြင့်ဆုံးဖြစ်ပြီး ထိုကာလအတွင်း ၁၂ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်၍ နိုင်ငံပိုင်ကဏ္ဍက ၁ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့သည် စသဖြင့် အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။ ကမ္ဘာ့စီးပွားရေးနှင့်တစ်သားတည်းဖြစ်အောင် အရှိန်အဟုန်မြင့်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၈၄ ထက်မနည်းကို ၇ လအတွင်းပြင်ဆင်ဖွဲ့စည်းမှုများပြုလုပ်ခဲ့သည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၈၄ ခုအနက် လုပ်ငန်း ၇၀ ကို အစုစပ်ကုမ္ပဏီများအဖြစ် ပြောင်းလဲပြီး ကျန်လုပ်ငန်း ၁၂ ခုကို ရောင်းချကာ လုပ်ငန်းနှစ်ခုကို ငှားရမ်းလိုက်သည်ဟု အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဆက်သွယ်ရေး- ဗိယက်နမ်နိုင်ငံ၌ ၂၀၀၁ ခုနှစ်က တယ်လီဖုန်းအလုံး ၁ ဒသမ ၁၁ သန်း တပ်ဆင်ပေးခဲ့ပြီးနောက်ပိုင်း လူတစ်ရာလျှင် တယ်လီဖုန်းငါးလုံးနှုန်း သို့မဟုတ် ယခုလက်ရှိအနေအထားအရ တယ်လီဖုန်းအလုံးပေါင်း ၄ ဒသမ ၂၈ သန်း တပ်ဆင်အသုံးပြုလျက်ရှိကြောင်း ဗိယက်နမ်သတင်းစာက ဇန်နဝါရီလ ၂ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ဗိယက်နမ်နိုင်ငံတွင် တယ်လီဖုန်းနှင့်အင်တာနက်လုပ်ငန်းများအတွက် ယခင်နှစ်သတ်မှတ်ချက်ထက် ကျော်လွန်ခဲ့သည်။ နိုင်ငံအတွင်းကျေးလက်ဒေသအားလုံး၏ ၉၀ ရာခိုင်နှုန်းနီးပါး တယ်လီဖုန်းအသုံးပြုနေပြီဖြစ်သည်။ ယခုအခါ အင်တာနက်သုံးစွဲသူ ၁၆၀၀၀၀ ရှိနေပြီဖြစ်သည်။ ဗိယက်နမ်နိုင်ငံကပြည်ပနိုင်ငံများသို့ တယ်လီဖုန်းဆက်သွယ်သောမိနစ်သန်းပေါင်း ၅၄၄ သန်းအထိ ရှိခဲ့ရာတစ်နှစ်ထက်တစ်နှစ် ၁၆ ဒသမ ၂ ရာခိုင်နှုန်းတိုးခဲ့သည်။

ဗိယက်နမ် ဝန်ကြီးချုပ် ဖန်ဗန်ခိုင်သည် ၂၀၀၁-၂၀၀၅ ခုနှစ်ကာလ၌ ဗိယက်နမ်နိုင်ငံတွင် အင်တာနက်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးကိစ္စရပ်များကို အင်တာနက်မှအချိန်မရွေး လျင်လျင်မြန်မြန်လုပ်ဆောင်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။ ယင်းအစီအစဉ်ဖွံ့ဖြိုးတိုးတက်ပြီး ရည်မှန်းချက်ပြည့်စုံအောင်မြင်ပါက ၂၀၀၂ ခုမှ ၂၀၀၃ ခုနှစ်တွင် အလုပ်အကိုင်နှင့်စပ်လျဉ်းသော သင်တန်းကျောင်းများနှင့် ကောလိပ်များ၊ တက္ကသိုလ်များ၊ သုတေသနသိပ္ပံအားလုံး အင်တာနက်နှင့်ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လူ ၁၀၀ လျှင် အင်တာနက်နှင့်စပ်လျဉ်းသောအလှူငွေထည့်ဝင်သူ ၁ ဒသမ ၃ မှ ၁ ဒသမ ၅ ရှိလာမည်ဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် အင်တာနက်အသုံးပြုသူ ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး - ဗိယက်နမ်နိုင်ငံသည် ဂျပန်နိုင်ငံနှင့် အပြန်အလှန်ရေရှည်အကျိုးရှိမည့် ဆက်ဆံရေးကို တိုးမြှင့်လုပ်ဆောင်သွားရန်ဆန္ဒရှိကြောင်း ဗိယက်နမ်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဥယင်ဗန်အန်က ဂျပန်အောက်လွှတ်တော်ဥက္ကဋ္ဌ တာမီဆူကီဝါတာနုကီနှင့် ဟန္နိုင်းမြို့တွင် ဇန်နဝါရီလ ၁၀ ရက်နေ့က တွေ့ဆုံဆွေးနွေးစဉ် ထုတ်ဖော်ပြောကြားသည်။ ဂျပန်နိုင်ငံမှ အကူအညီများ ပိုမိုရရှိရန်

အထူးသဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) သို့ ပူးပေါင်းကြိုးပမ်းရာ၌ ဂျပန်နိုင်ငံ၏အကူအညီ ရရှိရန် မျှော်လင့်သည်။ ဂျပန်နိုင်ငံနှင့် ဗိယက်နမ်နိုင်ငံတို့၏ ဥပဒေအဖွဲ့အစည်းများ ပိုမိုရင်းနှီးစွာ ဆက်ဆံသွားရန် မျှော်လင့်ထားပြီး အနာဂတ်နှစ်နိုင်ငံ ဥပဒေအဖွဲ့အစည်းများ၊ အတွေ့အကြုံများကို ဖလှယ်သွားမည်ဟု မျှော်လင့်သည်ဟု မစ္စတာအန်က ပြောကြားသည်။ တာမီဆူကိုဝါတာနုကိသည် ဗိယက်နမ်နိုင်ငံသို့ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရောက်ရှိ၍ ဆွေးနွေးပွဲတွင်အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဂျပန်နိုင်ငံက ဦးစားပေးကြောင်း တာမီဆူကိုက အတည်ပြုပြောကြားသည်။

တရုတ်သမ္မတ ကျန်ဇီမင်းသည် ၃ ရက်ကြာ တရားဝင်လည်ပတ်ရန် ဟန္ဒိုင်းမြို့သို့ ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ရောက်ရှိခဲ့သည်။ သမ္မတကျန်ဇီမင်းအား ဟန္ဒိုင်းလေဆိပ်တွင် ဗိယက်နမ်ကွန်မြူနစ်ပါတီနှင့် အစိုးရအဖွဲ့မှအဆင့်မြင့်အရာရှိကြီးများက ကြိုဆိုခဲ့ကြသည်။ ယခုနှစ်ကုန်ပိုင်း၌ ဗိယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာငုယင်ဗန်အန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက်လည်ပတ်မည့်ကိစ္စကို ကြိုဆိုပါသည်။ နှစ်နိုင်ငံခေါင်းဆောင်များ ဆွေမျိုးသားချင်းအဖြစ် အမြဲတမ်းလည်ပတ်သင့်ကြသည်။ လွန်ခဲ့သော ၇ နှစ်က မိမိဗိယက်နမ်သို့ အလည်ရောက်ရှိခဲ့ပြီး နောက်ပိုင်းပြုပြင်ပြောင်းလဲမှုကြောင့် အကြီးအကျယ်တိုးတက်အောင်မြင်နေသည်ကို တွေ့မြင်ရ၍ဝမ်းသာကြည်နူးမှုဖြစ်ရပါသည်ဟု တရုတ်သမ္မတက ပြောကြားခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအပေါ် မိမိ အပြည့်အဝယုံကြည်သည်။ ပူးပေါင်းဆောင်ရွက်မှုအဆင့်ကို ပိုမိုတိုးချဲ့၍ ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်သည်စသဖြင့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် တရုတ်သမ္မတက ပြောကြားသည်။

မူးယစ်ဆေးဝါး - အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) လွှတ်တော်များအဖွဲ့ မူးယစ်ဆေးဝါးအန္တရာယ် တိုက်ဖျက်နှိမ်နင်းရေး အချက်အလက်စုဆောင်းရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ဟန္ဒိုင်းမြို့တွင် ဇန်နဝါရီလ ၂၉ ရက်နေ့က ကျင်းပခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သော အရှေ့တောင်အာရှဖြစ်ပေါ်ရေးဆိုင်ရာ ၂၂ ကြိမ်မြောက်အာဆီယံလွှတ်တော်များအဖွဲ့အထွေထွေညီလာခံကချမှတ်ထားသော ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်သွားရန် ရည်ရွယ်ချက်ဖြင့် ယင်းအစည်းအဝေးကိုကျင်းပခြင်းဖြစ်သည်။ ဗိယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့်မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ဟိုချီမင်းမြို့တွင် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော ရာဇဝတ်မှုများကို နှိမ်နင်းသွားမည်ဖြစ်ရာ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများကို မကြာမီကာလအတွင်း သုတ်သင်ရှင်းလင်းရန်စီစဉ်ထားသည်။ ကာလကြာမြင့်စွာ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သော ဂိုဏ်းများကိုထောက်လှမ်းခဲ့ပြီးနောက် ထိုသို့နှိမ်နင်းရေးဆောင်ရွက်ခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးဂိုဏ်းများကို နှိမ်နင်းချေမှုန်းခြင်းကို ဇွန်လတစ်လျှောက်လုံး ပြုလုပ်သွားမည်ဖြစ်ပြီး လူမှုရေးမကောင်းမှုများကို နိုင်ငံတစ်ဝန်းလုံးအမြစ်ပြတ်ချေမှုန်းသော ဆောင်ရွက်ချက်တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ဗိယက်နမ်သတင်းဌာနက ဇွန်လ ၁၃ ရက်နေ့က ရေးသားဖော်ပြသည်။ ယခုအခါ ဟိုချီမင်းမြို့အာဏာပိုင်များက မူးယစ်ဆေးစွဲသူများကို ပြန်လည်ထူထောင်ရေးစခန်းများသို့ လေးနှစ်မှငါးနှစ်အထိပို့ထားသည်။ ယခင်ကခြောက်လသာ ပို့ခဲ့သည်။ ဟိုချီမင်းမြို့၏ ပြန်လည်ထူထောင်ရေးစခန်း ၁၁ ခုတွင် မူးယစ်ဆေးစွဲသူ ၁၆၀၀၀ ရှိပြီး ယခုနှစ်ကုန်၌ ယင်းစခန်းများတွင် နောက်ထပ်မူးယစ်ဆေးစွဲသူ ၂၀၀၀၀ ခန့် ရောက်လာမည်ဟုအာဏာပိုင်များက မျှော်လင့်ထားသည်။

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆောင်ရွက်ချက်များ (၂၀၀၂) ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၈၀ ပြည့်နှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ထိုစည်းမျဉ်းအရ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာ

တိပိဋကရွေးချယ်ရေး စာမေးပွဲဖြေဆိုစဉ်

တော်သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးလုပ်ငန်းရပ်များကို ကြိုးပမ်းထမ်းဆောင်တော်မူခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ကြသည့်အပြင် သာသနာ့ဦးသျှောင်ဆရာတော် သံဃာတော်မထေရ်မြတ်ကြီးများ၏ ဩဝါဒကိုနာယူလျက် နိုင်ငံတော်အစိုးရ၏ဦးဆောင်လမ်းညွှန်မှုဖြင့် ပြည်သူအများသည် ထက်သန်နိုးကြားသော စေတနာ၊ သဒ္ဓါတရားပြည့်ဝစွာ ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ကြရာ ၂၀၀၂ ခုနှစ်အတွင်း ဆောင်ရွက်ချက်များကို အောက်ပါအတိုင်း ဖော်ပြပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီအစည်းအဝေးများ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီအစည်းအဝေးများကို ပုံမှန်အားဖြင့်လေးလလျှင်တစ်ကြိမ် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ကျင်းပရာ၊ ၂၀၀၂ ခုနှစ်အတွင်းတွင် (၄) ကြိမ်ကျင်းပ၍ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများကို ညှိနှိုင်းဆွေးနွေးတော်မူကြသည်။

(က) ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး (၁၉-၃-၂၀၀၂ မှ ၂၀-၃-၂၀၀၂ ထိ)

(ခ) ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး (၁၇-၇-၂၀၀၂ မှ ၁၈-၇-၂၀၀၂ ထိ)

(ဂ) ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဆဋ္ဌမအစည်းအဝေး (၂၇-၁၁-၂၀၀၂ မှ ၂၈-၁၁-၂၀၀၂ ထိ)

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ၁၃၆၃ ခုနှစ်၊ တပေါင်းလဆန်း (၁၀) ရက်နေ့တွင် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) က သဘာပတိအဖြစ် ဆောင်ရွက်တော်မူ၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တတေဇနိယ (အဂ္ဂမဟာ

ဓမ္မာစရိယဘုန်းတော်ကြီး ပညာသင်ကျောင်းတွင် ပညာသင်ကြားပေးနေစဉ်

ပဏ္ဏိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) က အခမ်းအနားမျူးအဖြစ် ဆောင်ရွက်တော်မူသည်။ အစည်းအဝေးကို ၂၅-၃-၂၀၀၂ အထိ ဆက်လက်ကျင်းပခဲ့သည်။

ထိုအစည်းအဝေးတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးက မဟာဝိဇယစေတီတော်နှင့် စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများကို တင်ပြလျှောက်ထားခဲ့သည်။

ပဉ္စမအကြိမ် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးက ရွေးချယ်တင်မြှောက်ခြင်း (၁) ရပ်၊ မှတ်တမ်းတင်ခြင်း (၈) ရပ်၊ အတည်ပြုခြင်း (၃) ရပ်၊ ဆုံးဖြတ်ချက် (၁) ရပ်တို့ကို အတည်ပြုတော်မူခဲ့သည်။

ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း

နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့များကို ဖွဲ့စည်းရာတွင် ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များထဲမှ တစ်ကြိမ်လျှင် (၁၅) ပါးစီဖြင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ (၉) ဖွဲ့ကို နိုင်ငံတော်သံဃဝိနိစ္ဆယမှူခင်း (၂၄) မှုကိုလည်းကောင်း၊ နိုင်ငံတော်သီးခြားမှုခင်း (၁) မှုတို့ကိုလည်းကောင်း စစ်ဆေးဆုံးဖြတ်တော်မူခဲ့သည်။

သာသနာရေးဆိုင်ရာအနေဖြင့် ၂၀၀၂ ခုနှစ် အတွင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ပုံမှန်အစည်းအဝေး ၄၁ ကြိမ်၊ အထူးအစည်းအဝေးနှစ်ကြိမ်၊ ညှိနှိုင်းအစည်းအဝေး ၁၂ ကြိမ်၊ ၄၇ ပါး စုံညီအစည်းအဝေးသုံးကြိမ်တို့ကို ဆောင်ရွက်ပေးနိုင်သည်။ ပညာရေးရာအနေဖြင့် ပရိယတ္တိစာမေးပွဲများကို နှစ်စဉ်မပြတ် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး စီစဉ်ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ ၂၀၀၂ ခုနှစ်အတွင်းတွင် ဗုဒ္ဓဘာသာစာမူများ စိစစ်ခြင်းနှင့်စပ်လျဉ်း၍ စာမူပေါင်း ၃၈၇ ကို စိစစ်ပေးခဲ့သည်။

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးသည် ပရိယတ္တိတွင် အဆင့်မြင့်ဆုံး၊ အခက်ခဲဆုံးစာမေးပွဲကြီးဖြစ်သည်နှင့်အညီ နှုတ်တက်အာဂုံဆောင်စွမ်းရည်၊ သဘောရေးဖြေစွမ်းရည်နှစ်မျိုးစလုံးကို ဖြေဆိုရသောကြောင့် လွန်စွာပင်ပန်းလှသော စာမေးပွဲကြီးဖြစ်ပေသည်။ ၁၉၄၈ ခုနှစ်မှ စတင်ပြီး နှစ်စဉ်မပျက်ကျင်းပခဲ့ရာ (၅၄) ကြိမ်မြောက် တိပိ

ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များ

ဘုန်းတော်ကြီးသင် ပညာသင်ကျောင်းမှ ကိုရင်ကလေးများ

ဋ္ဌကဓရတိပိဋကကောဝိဒ ရွှေးချယ်ရေးစာမေးပွဲကြီးကို ၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း (၁၄) ရက်မှ ပြာသိုလပြည့်ကျော် (၂) ရက်အထိ (၃၃) ရက်တိုင် တိုင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပသည်။

အဆိုပါစာမေးပွဲတွင် အာဂုံပြန်သံယာတော် (၅၆) ပါး၊ သဘောရေးဖြေသံယာတော် (၈၅) ပါး ဖြေဆိုတော်မူကြရာ အာဂုံပြန် (၄၁) ပါး၊ သဘောရေးဖြေ (၇) ပါး အောင်မြင်တော်မူကြသည်။

သဘောရေးဖြေအောင်မြင်သော (၇) ပါး

ဒီဃနိကာယ်သုံးကျမ်းအောင်	(၁)	ပါး
ဝိနည်းဒုတိယပိုင်းသုံးကျမ်းအောင်	(၄)	ပါး
ဝိနည်းပထမပိုင်းနှစ်ကျမ်းအောင်	(၂)	ပါး

အာဂုံပြန်ဆိုအောင်မြင်သော (၄၁) ပါး

မူလအာဘိဓမ္မိက	(၁)	ပါး
ဒီဃဘာဏက	(၇)	ပါး
ဝိနယဓရ	(၈)	ပါး
ဥဘတော ဝိဘင်္ဂဓရ	(၂၅)	ပါး

(၅၄) ကြိမ်မြောက် တိပိဋကဓရတိပိဋက ကောဝိဒရွှေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် (၄၈) ပါးတို့အား ချီးကျူးပူဇော်သည့် (၅၄) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲအခမ်းအနားကို ၁၃၆၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂) ရက်နေ့တွင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။

အစိုးရ ဓမ္မာစရိယစာမေးပွဲ

အစိုးရဓမ္မာစရိယစာမေးပွဲကို ၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄) ရက်နေ့မှ တပေါင်းလပြည့်ကျော် (၁၃) ရက်နေ့အထိ ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်သူဦးရေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

စာဖြေဌာနပေါင်း ၃၄

ဖြေဆိုသူပေါင်း	- ၁၁၄၁၅	ခဲ့ပြီး ၁၉ ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု
အောင်မြင်သူ		စာမေးပွဲကိုလည်း ကျင်းပခဲ့ရာ မြို့နယ်ပေါင်း ၁၆၈
ကျမ်းရင်းသုံးကျမ်းအောင်	- ၄၄၈	မြို့နယ်တွင် စာရင်းပေးသွင်းသူပေါင်း ၆၇၆၀၁ ဦး၊
နှစ်ကျမ်းအောင်	၄၀၃	တက်ရောက်ဖြေဆိုသူပေါင်း ၅၀၅၁၂ ဦးရှိ၍ ရိုးရိုး
တစ်ကျမ်းအောင်	၇၂၃	အောင်မြင်သူပေါင်း ၁၈၇၇၂ ဦး၊ ဂုဏ်ထူးဖြင့်
ဂုဏ်ထူးအောင်		အောင်မြင်သူပေါင်း ၂၄၆၃၇ ဦးနှင့် သုံးဘာသာဂုဏ်
မြန်မာဂုဏ်ထူး	- ၈	ထူးဖြင့် အောင်မြင်သူပေါင်း ၇၁၀၃ ဦးတို့ ဖြစ်ကြ
ပါဠိဂုဏ်ထူး	- ၇	သည်။

ပြည်နယ်/တိုင်းအလိုက် ပထမပြန်စာမေးပွဲများ ကျင်းပခြင်း

၂၀၀၂ ခုနှစ်၊ ပထမပြန်စာမေးပွဲများကို တစ်ပြည်လုံးတွင် ပြည်နယ်/တိုင်းအလိုက် စာဖြေဌာနပေါင်း ၂၂၇ ဌာန၌ ကျင်းပခဲ့ရာ စာရင်းသွင်း၊ ဖြေဆိုသူ၊ အောင်မြင်သူ စာရင်းချုပ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည် -

အတန်း	စာရင်းသွင်းသူ	ဖြေဆိုသူ	အောင်မြင်သူ
ပထမကြီးတန်း	- ၁၅၄၉၁	၁၃၀၄၁	၃၂၀၀
ပထမလတ်တန်း	- ၁၇၃၄၄	၁၅၀၈၉	၅၀၃၆
ပထမငယ်တန်း	- ၂၄၅၂၇	၂၀၆၆၃	၉၃၈၈
စုစုပေါင်း	- ၅၃၃၆၂	၄၈၃၉၃	၁၇၆၂၄

နိကာယ်ငါးရပ်ပါဠိတော် စာမေးပွဲ

နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲကို ၂၀၀၂ ခုနှစ်တွင် စာဖြေဌာန ၆၃ ဌာနတို့၌ (၁၀-၆-၂၀၀၂) မှ (၁၄-၆-၂၀၀၂) အထိ ကျင်းပခဲ့ရာ စာရင်းသွင်းသူ ၂၁၁၄၉ ပါးရှိ၍ ဖြေဆိုသူ ၁၀၆၀၂ ပါးရှိသည်။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲ

၂၀၀၂ ခုနှစ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၁-၁၂-၂၀၀၂ မှ ၂၃-၁၂-၂၀၀၂ နေ့အထိ ကျင်းပခဲ့ရာ အောင်စာရင်းချုပ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

စာမေးပွဲအမည်	စာရင်းသွင်းသူ	ဖြေဆိုသူ	အောင်မြင်သူ
အဘိဓမ္မာ	- ၁၇၅၁၄	၁၁၅၃၁	၈၃၅၇
ဂုဏ်ထူးဆောင်	- ၂၃၈၄	၁၅၇၇	၁၀၉၇
ဝိသုဒ္ဓိမဂ်	- ၁၅၆၇	၈၉၇	၆၇၆
စုစုပေါင်း	၂၁၄၆၅	၁၄၀၀၅	၁၀၁၃၀

ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲများ

ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းများကို ပြည်နယ်/တိုင်းအသီးသီးတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ၁၉ ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကိုလည်း ကျင်းပခဲ့ရာ မြို့နယ်ပေါင်း ၁၆၈ မြို့နယ်တွင် စာရင်းပေးသွင်းသူပေါင်း ၆၇၆၀၁ ဦး၊ တက်ရောက်ဖြေဆိုသူပေါင်း ၅၀၅၁၂ ဦးရှိ၍ ရိုးရိုး အောင်မြင်သူပေါင်း ၁၈၇၇၂ ဦး၊ ဂုဏ်ထူးဖြင့် အောင်မြင်သူပေါင်း ၂၄၆၃၇ ဦးနှင့် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူပေါင်း ၇၁၀၃ ဦးတို့ ဖြစ်ကြသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ

မြန်မာတစ်နိုင်ငံလုံးရှိ ဆင်းရဲချို့တဲ့သောကလေးများပညာသင်ကြားနိုင်ရန်နှင့် ယဉ်ကျေးသိမ်မွေ့စေရန် ရည်ရွယ်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ဖွင့်လှစ်ခဲ့ရာ ၂၀၀၂ ခုနှစ်တွင် အောက်ဖော်ပြပါအတိုင်း ရှိခဲ့သည်-

မြို့နယ်ပေါင်း	-	၂၃၄ မြို့နယ်
ကျောင်းပေါင်း	-	၁၀၇၄ ကျောင်း
ကျောင်းသား/		-၁၄၉၇၂၂
ကျောင်းသူပေါင်း		

အလားတူပင် သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်းများကိုလည်း သီလရှင်ကျောင်းများ၌ ဖွင့်လှစ်ခဲ့ရာ တစ်ပြည်လုံးတွင်ကျောင်းပေါင်း ၁၆ ကျောင်းရှိ၍ ကျောင်းသား၊ ကျောင်းသူ၊ သီလရှင်၊ ကလေး စုစုပေါင်း၁၇၉၇ ဦး ပညာသင်ကြားလျက်ရှိသည်။

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ နဝမအကြိမ်အစည်းအဝေးကို ၂၃-၇-၂၀၀၂ နေ့၌ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ကျင်းပခဲ့သည်။

နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများ

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်းအသီးသီးတွင် နယ်စပ်နှင့်တောင်တန်းဒေသသာသနာပြုလုပ်ငန်းများအတွက် မြို့နယ်များတွင် သာသနာပြုလုပ်ငန်းများကို ၁၉၉၁ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ၂၀၀၂ ခုနှစ်တွင် သာသနာပြုပုဂ္ဂိုလ်များ၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

သာသနာပြုဌာန	-	၄၂၀
သာသနာပြုရဟန်းတော်	-	၅၆၁ ပါး

သာသနာပြုသီလရှင် - ၃၇ ပါး
သာသနာပြုလူပုဂ္ဂိုလ် - ၈၈၈ ဦး

သာသနာပြုပုဂ္ဂိုလ်များ အရည်အချင်းပြည့်မီရေး၊ အသိအမြင်ဗဟုသုတကြွယ်ဝရေး၊ သာသနာပြုလုပ်ငန်း ရှင်သန်ထက်မြက်နိုးကြားစေရေးတို့အတွက် သာသနာပြုမွမ်းမံသင်တန်းများကို နှစ်စဉ်ကျင်းပပေးခဲ့သည်။ ပြည်နယ်နှင့်တိုင်းအသီးသီး၌ သာသနာပြုရဟန်းတော်သင်တန်း (၁၃) ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းရဟန်းတော် (၈၂၅) ပါး ရှိပြီဖြစ်သည်။ "ဝ" ဒေသရဟန်းတော်များ အထူးသင်တန်းကို ၂၆-၁-၂၀၀၂ မှ ၉-၂-၂၀၀၂ အထိ သင်တန်းသားရဟန်းတော် ၁၆ ပါးဖြင့် နာဂလိုဏ်ဂူကလေးဝတောရကျောင်းတွင် ဖွင့်လှစ်ခဲ့သည်။ ပထမအကြိမ်တိုင်းရင်းဆေးပညာအခြေခံနှင့် တိုင်းရင်းဆေးဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှု သင်တန်းကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) တွင် ၂၂-၄-၂၀၀၂ မှ ၂၀-၅-၂၀၀၂ ရက်နေ့အထိ သင်တန်းသားရဟန်းတော် ၉၂ ပါးဖြင့် လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)တွင် ၆-၅-၂၀၀၂ မှ ၃၁-၅-၂၀၀၂ ရက်နေ့အထိ သင်တန်းသားရဟန်းတော် ၁၁၅ ပါးဖြင့် လည်းကောင်း ဖွင့်လှစ်ခဲ့သည်။ သာသနာပြုသီလရှင်သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ခဲ့ပြီး သာသနာပြုသီလရှင် ၁၄၁ ပါး တက်ရောက်ပြီးဖြစ်သည်။ သာသနာပြုလူပုဂ္ဂိုလ်သင်တန်း ၃၅ ကြိမ် ဖွင့်လှစ်ခဲ့ပြီး လူပုဂ္ဂိုလ် ၃၁၆၃ ဦး သင်တန်းဆင်းပြီး ဖြစ်သည်။

ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ ဖွင့်လှစ်မှုအခြေအနေ

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ချမှတ်ထားသော ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်/တိုင်းများ ရှိကျောင်း ၁၃ ကျောင်းတွင် သင်ဘန်း ၇၉ ခု ဖွင့်



သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်းမှ သီလရှင်ဆရာလေးများ

လှစ်ပြီး ရဟန်းတော် ၂၀၈၁ ပါး တက်ရောက်သင်ကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဘုရားဖူးအဖွဲ့များ လာရောက်ခြင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဗုဒ္ဓဘာသာဘုရားဖူးအဖွဲ့များသည် ၁၉၉၇ ခုနှစ်တွင် ဘုရားဖူးအကြိမ် ၄ ကြိမ်၌ ၁၇၀ ဦး၊ ၁၉၉၈ ခုနှစ်တွင် ၂ ကြိမ်၌ ၆၆ ဦး၊ ၁၉၉၉ ခုနှစ်တွင် ၂ ကြိမ်၌ ၆၀ ဦး၊ ၂၀၀၀ ပြည့်နှစ်တွင် ၂ ကြိမ်၌ ၆၀ ဦး၊ ၂၀၀၁ ခုနှစ်တွင် ၂ ကြိမ်၌ ၅၆ ဦး၊ ၂၀၀၂ ခုနှစ်တွင် ၂ ကြိမ်၌ ၆၀ ဦးတို့ လာရောက်၍ အောက်မြန်မာပြည်၊ အထက်မြန်မာပြည်ရှိ တန်ခိုးကြီးဘုရားများကို ဖူးမြော်ကြည်ညို လေ့လာခဲ့ကြသည်။ ဘုရားဖူးအဖွဲ့များကို သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ဌာနဆိုင်ရာများနှင့် ညှိနှိုင်း၍ ဘုရားများဖူးမြော်ရေး၊ စားသောက်နေထိုင်ရေးတို့အတွက် စရိတ်ကျခံလျက် အကူအညီပေးခဲ့သည်။

မစ္ဈိမဒေသဘုရားဖူးစေလွှတ်ရေးလုပ်ငန်း

ဗုဒ္ဓဘာသာဝင်များအနေဖြင့် သံဝေဇနိယလေးဌာနဖြစ်သော မြတ်စွာဘုရားအလောင်း သိဒ္ဓတ္ထမင်းသားဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ် (နီပေါနိုင်ငံ)၊ ဂေါတမမြတ်စွာဘုရားအဖြစ် ပွင့်တော်မူရာ ဗုဒ္ဓဂယာ၊ မြတ်စွာဘုရား တရားဦးဟောတော်မူရာ မိဂဒါဝုန်နှင့် မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံ (အိန္ဒိယနိုင်ငံ) တို့သို့ ကုသိုလ်ဇောစိတ်တို့ဖြင့် သွားရောက်ဖူးမြော်ရန်ဆန္ဒပြင်းပြလျက် ရှိကြရာ သံဝေဇနိယလေးဌာန တည်ရှိရာမစ္ဈိမဒေသနှင့် အခြားသာသနိက အဆောက်အအုံများတည်ရှိရာနေရာများဘို့ ဘုရားဖူးသွားလိုသူများ၊ ငွေကြေးအကုန်အကျသက်သာပြီး စိတ်ချမ်းသာမှုရရှိကာ အဆင်ပြေစွာစနစ်တကျသွားရောက် ဖူးမြော်ကြည်ညိုသဒ္ဓါပွားနိုင်စေရန် ရည်ရွယ်၍ သာသနာရေးဝန်ကြီးဌာနသည် မစ္ဈိမဒေသဘုရားဖူးစေလွှတ်ရေးလုပ်ငန်းကို ၁၉၉၈ ခုနှစ်မှစ၍ ကြိမ်းကြပ်တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၉-၂၀၀၀ ပြည့်နှစ်အတွင်းတွင် ဘုရားဖူးခေါက်ရေ ၂၀ နှင့် ရဟန်းရှင်လူပုဂ္ဂိုလ်ဘုရားဖူးပေါင်း ၆၅၅ ဦးကိုလည်းကောင်း၊ ၂၀၀၀-၂၀၀၁ ခုနှစ်အတွင်းတွင် ဘုရားဖူးခေါက်ရေ ၂၀ နှင့် ဘုရားဖူးဦးရေ ၆၄၀ ဦးကိုလည်းကောင်း မစ္ဈိမဒေသသို့ဘုရားဖူးစေလွှတ်ပေးပေးနိုင်ခဲ့သည်။ ၂၀၀၁-၂၀၀၂ ခုနှစ်အတွင်းတွင်လည်း ဘုရားဖူးခေါက်ရေ ၂၀ နှင့် ဘုရားဖူးဦးရေ ၆၅၀ ဦး ဘုရားဖူးနိုင်ရန် စီစဉ်ပေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်တွင် သင်ကြားရေးရာပိုင်း၌ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသက ဦးဆောင်လျက် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော်၊ ဒုတိယပါမောက္ခချုပ် (စီမံ)၊ မဟာဌာနမှူးဆရာတော်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခဆရာတော်များ၊ ဧည့်ပါမောက္ခများ၊ ကထိကများ စသည်ဖြင့် ဆရာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအသီးသီး ပါဝင်ဆောင်ရွက်လျက်ရှိသည်။

တက္ကသိုလ်တွင် ပြဋ္ဌာန်းမည့် သင်ခန်းစာများ၊ သင်ရိုးများ၊ အချိန်ဇယားများကို မဟာဌာနမှူးဆရာတော်များက ဦးဆောင်ရေးဆွဲပြီး သင်ကြားရေးပိုင်းဆိုင်ရာ မူမံးမံသင်တန်းများနှင့် ပါရဂူတန်းဝင်ရောက်ခွင့် အင်္ဂလိပ်စာအထူးမူမံးမံသင်တန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။

တက္ကသိုလ်တွင် တက်ရောက်သင်ကြားလျက်ရှိသော နိုင်ငံခြားသားရဟန်းတော်များအား ပိဋကတ်စာရခေါ် ရွာစဉ်လှည့်လည်ဆွမ်းခံကုသိုလ်ယူခြင်းစသည်တို့ကို ကိုယ်တွေ့မျက်မြင်သိရှိနားလည်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်း၊ လသာမြို့နယ်နှင့် ကျောက်တံတားမြို့နယ်တို့တွင် ဆွမ်းခံထွက်စေခဲ့သည်။

၂၀၀၂-၂၀၀၃ ပညာသင်နှစ် ဗုဒ္ဓဓမ္မဒီပလိုမာသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲများနှင့် နှုတ်မေးစာမေးပွဲများကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နှင့် ၉ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့သည်။ နိုင်ငံပေါင်း ၂၀ မှ ရဟန်း ၂၅၀ ပါး၊ သီလရှင် ၁၂ ပါး၊ အမျိုးသား ၄၀ ဦး၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၃၃၀ ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။ ပြည်တွင်းမှ ၇၇ ဦး ဖြေဆိုခဲ့သည်။ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်အတွက် ဗုဒ္ဓဓမ္မဒီပလိုမာတန်း၊ ဝိဇ္ဇာတန်းအပြင် မဟာတန်းများကိုလည်း ၂၀၀၂ ခုနှစ်၊ ဇွန်လတွင် ဖွင့်လှစ်ပို့ချခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ၂၀၀၁-၂၀၀၂ ပညာသင်နှစ် ပထမ အကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၆၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၉) ရက်၊ (၄-၆-၂၀၀၂) အင်္ဂါ နေ့ နံနက် (၉) နာရီအချိန်တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသဘင်ဓမ္မာရုံကြီး၌ ကျင်းပခဲ့သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်အပ်နှင်းကြောင်း ထုတ်ပြန်ချက်အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရသည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၈-၃-၂၀၀၂) ကြာသပတေးနေ့ နေ့လယ် (၁၂) နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံမြို့၊ ကိုးဆောင်တိုက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘိတ အမှူးပြုသော ဆရာတော်ကြီးများ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရသည့် ပြည်တွင်းပြည်ပဆရာတော် ၂၂၄ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၁၅ ပါးနှင့် ဘွဲ့ခံလူပုဂ္ဂိုလ် ၂၇ ဦးတို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေအမှူးပြုသော အကြီးအကဲများ တက်ရောက်ကြည်ညိုး၍ ဘွဲ့တံဆိပ်တော်များနှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

အခမ်းအနားအပြီးတွင် ဘွဲ့ခံဆရာတော်များနှင့် သီလရှင်များအား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဝန်ကြီးဌာနများ၊ ရုံးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် လုပ်သားပြည်သူများက သင်္ကန်း၊ ထီး၊ ဖိနပ်စသော တန်ဖိုးငွေ ၁၁၈၂၃၁၁ ကျပ်ရှိ လှူဖွယ်ပစ္စည်းမျိုးစုံတို့ကို လောင်းလှူပူဇော်ကြသည်။

မခင်နွဲ့ဟန်ကြည်

မလေးရှားနိုင်ငံ။ ။ မလေးရှားနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လွတ်လပ်ရေးကိုထိပါးလာသော မည်သူကိုမဆို မလေးရှားပြည်သူများက ဆန့်ကျင်ရန် ပြင်ဆင်ထားကြရမည်။ တစ်ဦးတစ်ယောက်က မလေးရှားနိုင်ငံကို ရန်ပြုလာပါက မလေးရှားပြည်သူများနှင့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များက တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ရန် အသင့်ပြင်ဆင်ထားကြမည်ဟု မိမိယုံကြည်ကြောင်း မလေးရှားနိုင်ငံတောင်ပိုင်း ဖိုတ်ဒစ်ဆင်စစ်အခြေခံသင်တန်း စခန်း၌ ဇန်နဝါရီလ (၁) ရက်နေ့က ပြုလုပ်သောစစ်ရေးပြပွဲတွင် မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က ပြောကြားခဲ့သည်။

အစိုးရသည် မိမိဆန္ဒအလျောက် တပ်ဖွဲ့များတွင် ပူးပေါင်းခြင်းဖြင့် နိုင်ငံကာကွယ်ရေးအတွက် တာဝန်ယူထားဆဲဖြစ်သော မလေးရှားပြည်သူများ၏ စိတ်နေသဘောထားကို ဂုဏ်ယူပါသည်။ မိမိတို့နိုင်ငံတွင် စစ်ဘက်ရေးရာလုပ်ငန်းမှာ အချို့နိုင်ငံများနှင့် မတူဘဲ မိမိဆန္ဒအလျောက်သာ စစ်ထဲဝင်နိုင်ရာ နှစ်လိုဖွယ်ရာဖြစ်သည်။ အချို့နိုင်ငံများမှာ စစ်ပွဲကာလတွင် အသုံးချရန် အရန်စစ်တပ်အဖြစ် နိုင်ငံသားတိုင်းကို စစ်ပညာလေ့ကျင့်သင်ကြားပေးထားပြီး အသုံးချကြသည်စသဖြင့် မဟာသီက ဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာ့မြင်ကွင်းတွင် ဖြစ်ပေါ်ပြောင်းလဲမှုများကို ပိုမိုသတိပြုကြရန်နှင့် နိုင်ငံတကာစေးကွက်၌

မည်သည့်စိန်ခေါ်မှုမျှးကိုမဆို ရင်ဆိုင်ရေးအတွက် ပြင်ဆင်ထားကြရန် မလေးရှားပြည်တွင်းကုန်စည်ထုတ်လုပ်သူမျှးနှင့် ကုန်ပစ္စည်းတင်ပို့သူမျှးကို မလေးရှားဒုတိယဝန်ကြီးချုပ်က တိုက်တွန်းခဲ့သည်။ စျေးကွက်လွတ်လပ်မှုကြောင့် ကမ္ဘာ့ယှဉ်ပြိုင်မှုတိုးမြှင့်လာမည့်အပြင် အာဆီယံလွတ်လပ်သောကုန်သွယ်ရေးဒေသ အကောင်အထည်ဖော်မှုက စိန်ခေါ်မှုအသစ်မျှးပေါ်ပေါက်လာစေမည်ဖြစ်သည်ဟု ကွာလာလမ်ပူမြို့အနီး ရာဝမ်ဒေသရှိစက်ရုံတစ်ရုံ၌ ထုတ်ကုန်သစ်မျှး စတင်ထုတ်ဝေရာတွင် ဒုတိယဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ပြောကြားခဲ့သည်။ စျေးကွက်လွတ်လပ်ခြင်းမှာ မလေးရှားနိုင်ငံနှင့် ပြည်တွင်းကုမ္ပဏီမျှးအတွက် ကြီးမားသောစိန်ခေါ်မှုမျှး ဖြစ်ကြသည်။ သို့သော် မလေးရှားနိုင်ငံသည် ယခုအခါယင်းဖြစ်ပေါ်ပြောင်းလဲမှုမျှးကို ရင်ဆိုင်ရန်ပြင်ဆင်ထားသည်။ စျေးကွက်သစ်မျှးကို ပြည်တွင်းကုန်စည်ထုတ်လုပ်သူမျှး ပိုမိုစူးစမ်းရှာဖွေကြရန် လိုသည်။ အရှေ့အလယ်ပိုင်းနှင့် တရုတ်နိုင်ငံကို မလေးရှားထုတ်ကုန်မျှးအတွက် အလွန်အလားအလာကောင်းသော စျေးကွက်ကြီးနှစ်ခုအဖြစ် မလေးရှားအစိုးရက ဖော်ထုတ်ခဲ့သည် စသဖြင့် ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် ကမ္ဘာပေါ်၌ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုအခြေအနေသစ်မျှးကို ရင်ဆိုင်ကြုံတွေ့နေရပေရာ ထိုအခြေအနေမျိုးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းအားထုတ်ကြရာ၌ မိမိကိုယ်ကို အန္တရာယ်ဖြစ်စေသော မည်သည့်နည်းစနစ်၊ မည်သည့်သဘောတရားကိုမဆို လက်မခံသင့်ကြောင်း ဝန်ကြီးချုပ်မဟာသီမိုဟာမက်က မေလ ၆ ရက်နေ့က ပြောကြားသည်။ ကွာလာလမ်ပူမြို့၌ ကျင်းပသော ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးကောင်စီ၏ ၃၅ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အစည်းအဝေး၌ ဝန်ကြီးချုပ်မဟာသီက မိန့်ခွန်းပြောကြားရာတွင် မလေးရှားနိုင်ငံ စီးပွားရေးအောင်မြင်မှု ရရှိခြင်းအကြောင်းရင်းမှာ လက်ရှိလုပ်ငန်းအစီအစဉ်များ၊ ယန္တရားများ၊ စနစ်များ၊ လုပ်ငန်းစဉ်များကိုကျော်၍ အဝေးကိုလှမ်းမျော်ကြည့်နေတတ်သော နိုင်ငံ၏အစွမ်းအစနှင့် ဆန်းသစ်လိုမှုတို့ကြောင့် ဖြစ်သည်စသဖြင့် ပြောကြားခဲ့သည်။

မလေးရှားဝန်ကြီးချုပ်မဟာသီမိုဟာမက် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအစည်းအဝေး တက်ရောက်ပြီးပြန်လာစဉ်

မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် နိုင်ငံဖြတ်ကျော်မှုခင်းနှင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး သုံးပွင့်ဆိုင်သဘောတူစာချုပ်ကို မေလ ၇ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။ သတင်းဖလှယ်ရေးနှင့်ဆက်သွယ်ရေး စည်းကမ်းချက်များ သတ်မှတ်ရေးဆိုင်ရာယင်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲသို့ ဝန်ကြီးချုပ် မဟာသီမိုဟာမက်နှင့် ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမက်ဂေါပါဂါးလ်ဒါရိုယိုတို့ တက်ရောက်ကြသည်။ ဖိလစ်ပိုင်သမ္မတသည် ပစိဖိတ်ဒေသနိုင်ငံများ စီးပွားရေးကောင်စီ၏ ၃၅ ကြိမ်မြောက် နိုင်ငံတကာအထွေထွေ အစည်းအဝေးတက်ရန် မလေးရှားသို့ တစ်ရက်ကြာရောက်ရှိနေခြင်းဖြစ်သည်။ လက်မှတ်ရေးထိုးပွဲမကျင်းပမီ မဟာသီနှင့် အာရိုယိုတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

သဘောတူစာချုပ်ကို မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆယက်ဟာမက်အယ်လ်ဘာ၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟတ်ဆန်ဗီဒါယုဒါနှင့် ဖိလစ်ပိုင်နိုင်ငံ ပြည်ထဲရေးနှင့်ဒေသန္တရအစိုးရဝန်ကြီး ကျို့စ်ဒီလီနာဂျူနီယာတို့က လက်မှတ်ရေးထိုးကြသည်။ ယင်းစာချုပ်မှာ သုံးနိုင်ငံအတွက်သာမဟုတ်ဘဲ မည်သည့် အာဆီယံနိုင်ငံကိုမဆို ဝင်ခွင့်ပြုမည်ဟု မလေးရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

မလေးရှားနိုင်ငံ၏ ပိုမိုအရေးပါသော ပုဂ္ဂလိက အခန်းကဏ္ဍလုပ်ငန်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ရေးအတွက် အကျိုးဖြစ်ထွန်းသော စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ဆက်လက်ဖန်တီးလုပ်ဆောင်သွားရန် အစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးချုပ်မဟာသီက မေလ ၃၀ ရက်နေ့က ပြောကြားခဲ့သည်။

၂၀၀၃ ခုနှစ် ဘတ်ဂျက်အကြိုဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်မဟာသီက ဆက်လက်ပြောကြားရာ၌ ယင်းသို့လုပ်ဆောင်ရာတွင် စွမ်းရည်ပိုမိုထက်မြက်ပြီး ပိုမိုအကျိုးသက်ရောက်မှု ရရှိရေးအတွက် အစိုးရစက်ယန္တရားကို စည်းကမ်းတကျဖြစ်စေခြင်းဖြင့် အကောင်အထည်ဖော်သွားမည်။ ပုဂ္ဂလိကအခန်းကဏ္ဍစီးပွားရေးဆောင်ရွက်မှု ကုန်ကျစရိတ်လျော့နည်းစေရန်နှင့် စွမ်းရည်ပိုမိုထက်မြက်စေရန် အစိုးရက အကူအညီပေးသွားမည်။ သို့သော် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုသက်ဝင်လှုပ်ရှားပြီး မူလစီးပွားရေးပုံသဏ္ဌာန်အနေအထားမျိုး ပြန်ရရှိစေရန် အပြောင်းအလဲများ အဆောတလျင်လုပ်ဆောင်သွားရန် လိုအပ်သည်စသဖြင့် ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် စည်းလုံးညီညွတ်ရေးနှင့် နယ်ပယ်အားလုံးတွင် တစ်ဟုန်ထိုး တိုးတက်လုပ်ဆောင်ရေး ဆုံးဖြတ်ချက်ထားလျက်နိုင်ငံ၏ ၄၅ နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဩဂုတ်လ ၃၀ ရက်နေ့က ကျင်းပခဲ့သည်။ ရောင်စုံရိုးရာဝတ်စုံများ ဝတ်ဆင်ထားကြသော လွတ်လပ်ရေးအခမ်းအနားတွင် ပါဝင်ဆင်နွှဲသူ ၁၂၀၀၀ ခန့်တို့မှာ စိတ်ဓာတ်မြင့်မားစွာ သီဆိုကခုန်ကြလျက် ကွာလာလမ်ပူမြို့ လွတ်လပ်ရေးရင်ပြင်၌ စီတန်း လှည့်လည်ကြသည်။ စီတန်းလှည့်လည်သူများနောက်တွင် ကြည်း၊ ရေ၊ လေတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက တင့်ကားများ၊ ခြေလျင်တိုက်ခိုက်ရေးယာဉ်များ၊ လေကြောင်းရန်တိုက်ခိုက်ရေးယာဉ်များ ပါဝင်သောစစ်ယာဉ် ၈၅ စီးတို့ဖြင့် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ လွတ်လပ်ရေးအခမ်းအနားသို့ လမ်းဘေးဝဲယာမှ ပြည်သူထောင်ပေါင်းများစွာ လာရောက်ကြည့်ရှုအားပေးကြသည်။

စီးပွားရေး-မလေးရှားနိုင်ငံတွင် ရင်းဂစ်ငွေသန်း ၆၅၀(ဒေါ်လာ ၁၇၁ သန်း) တန် ရေသန့်စက်ရုံတည်ဆောက်ပြီးစီးပါက ၂၀၀၃ ခုနှစ်တွင် အိမ်နီးချင်းစင်ကာပူနိုင်ငံမှ သောက်သုံးရေသန့်ဝယ်ယူရေးကိစ္စကို မလေးရှားနိုင်ငံက ရပ်ဆိုင်းလိုက်ရန် စီစဉ်ထားသည်။ ပြဿနာကြီးများနှင့်မကြုံလျှင် စီမံကိန်းမှာ ဧပြီလတွင်ပြီးစီးမည်ဟု ကျိုဟာပြည်နယ်ဝန်ကြီးချုပ် အဗ္ဗဒူဂါနီအော့သ်မန်းက ပြောကြားခဲ့သည်။ စီမံကိန်းပြီးစီးသောအခါ ကျိုဟာပြည်နယ်တစ်ခုလုံးကို အစိုးရကရေဖြန့်ဝေသွားနိုင်မည်။ စင်ကာပူနိုင်ငံမှ သောက်သုံးရေကို မှီခိုအားထားစရာမလိုတော့ပေ။ ရေကိစ္စမှာ အိမ်နီးချင်းနှစ်နိုင်ငံ ရန်ပွားဖွယ်ရာကိစ္စဖြစ်ခဲ့ရသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်၍ ၂၀၀၁ ခုနှစ် စက်တင်ဘာလ၌ ရေကိစ္စအပါအဝင် တာရှည်အငြင်းပွားမှုများကို အဆုံးသတ်ပစ်ရန် မလေးရှားနှင့်စင်ကာပူတို့ သဘောတူခဲ့ကြသည်။ ရေကိစ္စမှာ သယံဇာတရှားပါးသော စင်ကာပူနိုင်ငံအတွက် အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်ခဲ့သည်။ ၂၀၀၁ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်ကုန်၌ ကုန်ဆုံးမည့်စင်ကာပူ၏ ရေကိုဝယ်ယူမှုစာချုပ်များကို အသစ်ပြန်ချုပ်ဆိုရေး သဘောတူချက်ကို စင်ကာပူဝါရင့်ဝန်ကြီး လီကွမ်ယူနှင့် မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်တို့ သဘောတူခဲ့ကြသည်။ မလေးရှားနိုင်ငံသည် စင်ကာပူနိုင်ငံသို့ ရေကုန်ကြမ်းရောင်းချပြီး သောက်သုံးရေသန့်ကို စင်ကာပူနိုင်ငံမှ ပြန်ဝယ်သုံးခဲ့ရသည်။

မလေးရှားနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်ရေးအခြေအနေမှာ ၁၉၉၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၁၅၂၀၀ ဖိုး ရှိခဲ့ရာမှ ၂၀၀၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၃၈၈၀၀ ဖိုးအထိ သုံးဆတိုးလာခဲ့သည်။ မလေးရှားနိုင်ငံတကာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးရာဇီဒါးအာဇစ်ကပြောကြားသည်။ ၂၀၀၁ ခုနှစ်က မလေးရှားအာဆီယံ စုစုပေါင်းကုန်သွယ်မှုအနက် မလေးရှားပို့ကုန်နှင့်သွင်းကုန်မှာ အမေရိကန်ဒေါ်လာသန်း ၂၂၁၀၀ ဖိုးနှင့်သန်း ၁၆၇၀၀ ဖိုး အသီးသီးရှိခဲ့သည်ဟု မတ်လ ၂၀ ရက်နေ့ထုတ် မလေးရှားသတင်းစာများတွင် ရေးသားဖော်ပြသည်။ အာဆီယံအဖွဲ့သည် ၂၀၀၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်ခဲ့သည်။

မလေးရှားနှင့်အခြားအာဆီယံနိုင်ငံများ ကုန်သွယ်ရေးမှာ မလေးရှားနှင့်အခြားကမ္ဘာ့နိုင်ငံများနှင့် ကုန်သွယ်ရေး၏ ၂၄ ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေး၏ ၁၈ ဒသမ ၃ ရာခိုင်နှုန်း၊ ဂျပန်နှင့်ကုန်သွယ်ရေး၏ ၁၆ ရာခိုင်နှုန်း၊ ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေး၏ ၁၃ ဒသမ ၃ ရာခိုင်နှုန်း အသီးသီးရှိခဲ့သည်။ မလေးရှားနိုင်ငံနှင့် အာဆီယံကုန်သွယ်ရေးမှာ ဆက်လက်တိုးတက်နေမည်ဖြစ်သည်။ အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသအက်ဖ်တာလုပ်ငန်းစဉ်များ ပြီးသွားသောအခါ မလေးရှားနိုင်ငံသည် ဒေသတွင်းအဓိပ္ပာယ်အနှစ်သာရ ကျယ်ပြန့်ပြည့်ဝသော ကုန်သွယ်မှုကွန်ရက်ကို ထူထောင်ခဲ့သည်စသဖြင့် ဝန်ကြီးက ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ၏ စီးပွားရေးပြန်လည်နာလန်ထူခြင်းမှာ ၂၀၀၂ ခုနှစ်တွင် အတော်အသင့်ရှိမည်ဖြစ်ရာ စုစုပေါင်းပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ဂျီဒီပီသည် ၂၀၀၂ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ဖွယ်ရှိသည်။ ၂၀၀၁ ခုနှစ်က ဂျီဒီပီတိုးတက်မှုမှာ သုညဒသမ ၄ ရာခိုင်နှုန်းရှိသည်ဟု မလေးရှားနီဂါရာဘဏ် (မလေးရှားဗဟိုဘဏ်)က မတ်လ ၂၁ ရက်နေ့က ဖော်ပြသည်။ ၂၀၀၂ ခုနှစ်အတွက် မလေးရှားစီးပွားရေးတိုးတက်မှုနှုန်းမှာ ပုဂ္ဂလိကစားသုံးမှုကဏ္ဍ ပိုမိုတိုးတက်ခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု အတော်အတန်တိုးလာခြင်း ပြည်သူတို့ အသုံးစရိတ်တည်ငြိမ်နေခြင်းနှင့် ပို့ကုန်အတော်အသင့်ရှိခြင်းတို့အပေါ် အခြေခံကြောင်း မလေးရှားဗဟိုဘဏ်၏ ၂၀၀၁ ခုနှစ်အတွက် ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။ မလေးရှားနိုင်ငံ၏ စီးပွားရေးမှာ ၂၀၀၂ ခုနှစ် ပထမသုံးလတွင် ကျဆင်းလာမည်ဖြစ်ရာ နောက်ဆုံးရရှိသောအညွှန်းကိန်းဂဏန်းများအရ မလေးရှားစီးပွားရေးတည်ငြိမ်မှုရှိသော လက္ခဏာကိုဖော်ပြနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

မလေးရှားနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၁၅ ဘီလီယံရှိခဲ့ရာ ဇွန်လကထက် ၆ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း တရားဝင်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဓိကပို့ကုန်များဖြစ်ကြသော လျှပ်စစ်နှင့်အီလက်ထရွန်းနစ်ထုတ်ကုန်များ၊ ဓာတုနှင့်ဓာတုပေဒဆိုင်ရာ ထုတ်ကုန်များ၊ စားအုန်းဆီ၊ သစ်အချောထည်ပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများနှင့် အပိုပစ္စည်းအစိတ်အပိုင်းများ တင်ပို့ရာတွင် တိုးတက်ခဲ့ကြောင်း နိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ ယင်းပို့ကုန်တန်ဖိုးမှာ မလေးရှားနိုင်ငံ၏ ပြည်ပပို့ကုန်စုစုပေါင်း၏ ၇၂ ဒသမ ၂ ရာခိုင်နှုန်းအထိရှိကြောင်း၊ ဇူလိုင်လတွင် ထိပ်တန်းပြည်ပပို့ကုန်စျေးကွက်ခြောက်ခုဖြစ်သော အာဆီယံနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဟောင်ကောင်သို့ ပို့ကုန်များမှာ မလေးရှားနိုင်ငံ၏ စုစုပေါင်းပြည်ပပို့ကုန်၏ ၈၂ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သဘာဝဘေးအန္တရာယ် - အရှေ့တောင်အာရှတွင် ရံဖန်ရံခါ ဆုံးရှုံးမှုများစွာဖြစ်ပွားစေသော မီးခိုးညစ်

မလေးရှားနိုင်ငံခေါင်းဆောင်ဖြစ်လာတော့မည့် မလေးရှားဒုတိယဝန်ကြီးချုပ် အပ္ပဒူလာအာမက်ဘာဒါဝီ

ညမ်းမှုများ ဖုံးလွှမ်းစေတတ်သည့် တောမီးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အချင်းချင်းရိုင်းပင်းကူညီရန် အရှေ့တောင်အာရှနိုင်ငံများက ဇွန်လ ၁၀ ရက်နေ့တွင် သဘောတူခဲ့ကြသည်။ ၁၉၉၇ နှင့် ၁၉၉၈ ခုနှစ်များတွင် အရှေ့တောင်အာရှကို ဖုံးလွှမ်းသွားခဲ့သော မီးခိုးမြူများကြောင့် ဒေသတွင်းစီးပွားရေးကို အမေရိကန်ဒေါ်လာ သန်း ၉၀၀၀ ဖိုး ဆုံးရှုံးစေခဲ့ကြောင်း အထူးသဖြင့်လယ်ယာစိုက်ပျိုးရေး၊ ပို့ဆောင်ရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့ကို ထိခိုက်သွားစေခဲ့ကြောင်း အရှေ့တောင်အာရှအသင်း (အာဆီယံ) က ကြေညာသည်။ တောမီး၊ မီးခိုးပြဿနာကို စုပေါင်းဖြေရှင်းနိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ရေးရာဝန်ကြီးများသည် ကွာလာလမ်ပူမြို့၌ကျင်းပသောအစည်းအဝေး၌ သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြသည်။ ယင်းသဘောတူစာချုပ်မှာ တောမီးများကို စုပေါင်းငြိမ်းသတ်ရန်နှင့် နယ်စပ်ဖြတ်ကျော်ညစ်ညမ်းမှုများကို စုပေါင်းဖယ်ရှားနိုင်ရန် ကမ္ဘာပေါ်တွင် ပထမဆုံးချုပ်ဆိုသောစာချုပ်ဖြစ်ကြောင်း၊ အာဆီယံကြေညာချက်၌ ဖော်ပြထားသည်။ ကမ္ဘာပေါ်တွင် နှစ်စဉ်တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧကသန်း ၅၀၀ အထိ မီးလောင်ဆုံးရှုံးခဲ့ရသည်။ အပူပိုင်းနှင့်သမန္တရပိုင်းမြက်ခင်းများ ဆုံးရှုံးရသည်။ အပူအအေးမမျှ သစ်တောဧကသန်းမှ ၁၅ သန်းအထိ ပျက်စီးခဲ့ရသည်။ အပူပိုင်းသစ်တော သန်း ၂၀ မှ ၄၀ အထိ ဆုံးရှုံးခဲ့ရသည်။

နိုင်ငံဖြတ်ကျော် မီးခိုးမြူတိမ်ညစ်ညမ်းမှုများထိန်းချုပ်နိုင်မည့် ကြိုတင်သတိပေးထောက်လှမ်းရေးအစီအစဉ်ကို အလေးအနက်ထားဖော်ဆောင်သွားရန် ပတ်ဝန်းကျင်ရေးရာ အာဆီယံဝန်ကြီးများကဆုံးဖြတ်ကြောင်း မလေးရှား သိပ္ပံ၊ နည်းပညာနှင့် ပတ်ဝန်းကျင်ရေးရာ၌ ဝန်ကြီးလော်ဟိန်းတင်ကပြောကြားသည်။ အာဆီယံဝန်ကြီးများသည် ဇူလိုင်လနှင့် အောက်တိုဘာလအကြား ခြောက်သွေ့ရာသီအတွင်း မီးရှို့မှုများ အချိန်ကန့်သတ်ပေးသောစည်းကမ်းချက်များအပါအဝင် တောင်သူလယ်သမားများနှင့် ဒေသခံများရှိမီးကို တင်းကျပ်စွာတားမြစ်ရန် သဘောတူခဲ့ကြသည်။

အလုပ်သမားအရေး - မလေးရှားနိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်အလုပ်လုပ်နေသော နိုင်ငံခြားသားများမှာ ယခုအခါလူဝင်မှုကြီးကြပ်ရေး ဥပဒေကို ပြင်ဆင်ထားသောဥပဒေအရ အရေးယူခြင်းခံနေကြရကြောင်း၊ မလေးရှားဒုတိယဝန်ကြီးချုပ် အပ္ပဒူလာအာမက်ဘာဒါဝီက ဩဂုတ်လ ၇ ရက်နေ့က အတည်ပြုပြောကြားသည်။ ပြစ်မှုကျူးလွန်ကြောင်းထင်ရှားပါက ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးသွားမည်။ တရားမဝင် ဝင်ရောက်လာသူများမှာ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အာဏာသက်ရောက်သော လူဝင်မှုကြီးကြပ်ရေးဥပဒေပါ စာပိုဒ်သစ်များအရ ကြိမ်ဒဏ်ပေးခံရမည့်ပြင် မလေးရှားနိုင်ငံသုံးရင်းဂစ်ငွေ ၁၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၆၃၁ ဒေါ်လာ) အထိ သို့မဟုတ် ထောင်ဒဏ်ခြောက်လမှ ငါးနှစ်အတွင်း ကျခံရမည်ဖြစ်သည်။ မလေးရှားနိုင်ငံတွင် တရားမဝင်ရောက်ရှိလာကြသော နိုင်ငံခြားသား ၂၅၀၀၀၀ ခန့်တို့မှာ မတ်လမှ ဇူလိုင်လအတွင်း အစိုးရသတ်မှတ်ထားသော လွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ်အရ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်သွားခဲ့ကြပြီးဖြစ်သည်။

သင့်ဘဝ ဦးရဲလွင်

မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေး (မြန်မာနိုင်ငံ) (၂၀၀၂) ။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၂ခုနှစ် အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အောင်မြင်စွာကြိုးပမ်းဆောင်ရွက်နိုင်သည်။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာ-တရုတ်-လာအို-ထိုင်း လေးနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကျွမ်းကျင်သူများအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ဇန်နဝါရီလ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့များတွင် ကျင်းပသည်။

မြန်မာ-ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံ တာချီလိတ်မြို့၌ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ကျင်းပသော တောင်သူများအပ်နှံသည့် ဘိန်းမျိုးစေ့များ ဖျက်ဆီးပွဲတွင် ဖျက်ဆီးမည့် ဘိန်းမျိုးစေ့များကို ကြည့်ရှုစစ်ဆေးကြစဉ်

မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး အထိ ဖွင့်လှစ်သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှောင်ခိုမှုနှင့် အလွဲသုံးစားမှု ထိန်းချုပ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် လက်မှတ်ရေးထိုးသည်။

ဆဋ္ဌမ အကြိမ်မြောက် မြန်မာ-ထိုင်းမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို မြန်မာနိုင်ငံ တောင်ကြီးမြို့၌ ဖေဖော်ဝါရီလ ၁၄ ရက်နေ့နှင့် ၁၅ ရက်နေ့များတွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အရှေ့တောင်အာရှ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးရေး စီမံကိန်းအရ အမျိုးသားအလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ တောင်ကြီးမြို့၌ ဖေဖော်ဝါရီလ ၂၀ ရက်နေ့နှင့် ၂၁ ရက်နေ့များတွင် ကျင်းပသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Yunnan Provincial Public Security Academy တွင် ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ မတ်လ ၂၃ ရက်နေ့ ရေး သင်တန်းသို့ မြန်မာနိုင်ငံမှ ရဲအရာရှိ ၂၅ ဦး တက်ရောက်သည်။

အဋ္ဌမအကြိမ်မြန်မာ- အမေရိကန်နှစ်နိုင်ငံပူးပေါင်း၍ ဘိန်းအထွက်နှုန်း တိုင်းတာခြင်းလုပ်ငန်းအတွက် နှစ်နိုင်ငံပူးပေါင်းအဖွဲ့များသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းရူးမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်္ခမြို့နယ်၊ တန့်ယန်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်နှင့် မူဆယ်မြို့နယ်များသို့ သွားရောက်ပြီး တရားမဝင် ဘိန်းခင်းများကို တိုင်းတာ လေ့လာခြင်း၊ ဘိန်းသီး၊ ဘိန်းစေး၊ ဘိန်းရွက်နှင့် မြေနမူနာ ပစ္စည်းများ စုဆောင်းရယူခြင်း၊ ဒေသခံ ဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ အစားထိုးမွေးမြူရေး၊ မူးယစ်ဆေးဝါးဆေးစွဲနေသူများအား ကုသရေး၊ တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခြင်းတို့ကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ မတ်လ ၂ ရက်နေ့ အထိ ဆောင်ရွက်သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး

ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ၁၆ ကြိမ်မြောက်ဖျက်ဆီးသည့် အခမ်းအနား

မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်မှု အလုပ်ရုံဆွေးနွေးပွဲကို တရုတ်နိုင်ငံယူနန်ပြည်နယ် ကူမင်းမြို့၌ မတ်လ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ပြည်တွင်းပြည်ပ သတင်းထောက်များပါဝင်သည့်အဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများသို့ မတ် ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ သွားရောက်၍ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို လေ့လာသည်။

မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အရာရှိများ၏ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံမြဝတီမြို့နှင့် ထိုင်းနိုင်ငံမဲဆောက်မြို့များ၌ မတ်လ ၂၀ ရက်နေ့နှင့် ၂၁ ရက်နေ့များတွင် ကျင်းပသည်။

မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးတို့ ခေါင်းဆောင်သောသံတမန်များ နာယက လာအိုနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှ အကြီးအကဲများပါဝင်သည့် လေ့လာရေးအဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) '၀' ဒေသများသို့ ဧပြီလ ၁ ရက်နေ့မှ ၃ ၇က်နေ့အထိ သွားရောက်၍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဘိန်းအစားထိုးသီးနှံဖြစ်ထွန်းမှုများကို လေ့လာသည်။

နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးထိပ်သီးအစည်းအဝေး (၂၀၀၂) ကို ကျပန်နိုင်ငံတိုက်ဖျိုမြို့၌ ဧပြီလ ၂၃ ရက်နေ့နှင့် ၂၄ ၇က်နေ့များတွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါးဆိုင်ရာ အမေရိကန်အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ၌ မေလ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မြန်မာ-တရုတ်-လာအို-ထိုင်း-ဗီယက်နမ်-ကမ္ဘောဒီးယား ခြောက်နိုင်ငံ နဝမအကြိမ်အဆင့်မြင့်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး

သတ္တမအကြိမ် မြန်မာ-ထိုင်းနှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေး

အရာရှိများအစည်းအဝေးကို တရုတ်နိုင်ငံ ဘေဂျင်းမြို့၌ မေလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန ဌာနမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့နှင့် အမေရိကန်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့တို့ ပူပေါင်းစီစဉ်ဖွင့်လှစ်သည့် ငွေကြေးစုံစမ်းစစ်ဆေးမှုသင်တန်းကို ရန်ကုန်မြို့၌ ဇွန်လ ၃ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပရာ သင်တန်းသား ၂၅ ဦးတက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော ဂျပန်နိုင်ငံသံအမတ်ကြီး၊ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ သံရုံးယာယီ တာဝန်ခံများ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်မှ ကိုယ်စားလှယ်၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပသတင်းထောက်များပါဝင်သည့် အဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ်သို့ ဇွန်လ ၆ ရက်နေ့တွင် သွားရောက်၍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဘိန်းအစားထိုးသီးနှံ ဖြစ်ထွန်းမှုများကို လေ့လာသည်။

မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သော နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်ရုံးမှ မူးယစ်ဆေးဝါးနှင့် HIV/AIDS အကြေပေးနှင့် အဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်မှ ကိုယ်စားလှယ်၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ချရေး ဆောင်ရွက်နေကြသည်။ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများ ပါဝင်သည့် လေ့လာရေးအဖွဲ့သည် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နယ် ဝက်ထီးကန်ရှိ ရွှေပြည်သာလူငယ်ပြုစုပျိုးထောင်ရေးစခန်းသို့ ဩဂုတ်လ ၃၁ ရက်နေ့တွင် သွားရောက်၍ မူးယစ်ဆေးစွဲလူငယ်များအားပြုစုပျိုးထောင်ပေးမှုများကို လေ့လာသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဆွေးနွေးပွဲကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန ဌာနမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဟက်ရောက်သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး



\'ဝ' ဒေသ မိုင်းမောတွင် ဘိန်းအစားထိုးလက်ဖက်စိုက်ခင်းကို တွေ့ရစဉ်

၂၃ ကြိမ်မြောက် အာဆီယံနိုင်ငံများ မူးယစ်ဆေးဝါးဆိုင်ရာအဆင့်မြင့် အရာရှိများအစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အောက်တိုဘာလ ၁၄ ရက်နေ့နှင့် ၁၅ ရက်နေ့များတွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနဌာနမှူး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါးထိန်းချုပ်ရေးအလှူရှင် နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးကို သြစတြေးယားနိုင်ငံ ဗီယင်နာမြို့၌ အောက်တိုဘာလ ၂၂ ရက်နေ့နှင့် ၂၃ ရက်နေ့များတွင် ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

စိတ်ကြွရှူးသွပ်ဆေးဆိုင်ရာ သတင်းအချက်အလက်တိုးမြှင့်ရေးစီမံကိန်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာလ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

နိုင်ငံတကာဖွံ့ဖြိုးရေးဆိုင်ရာ သြစတြေးလျအေဂျင်စီ (Aus AID) အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အာရှဒေသ ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ စီမံကိန်းအရ မူးယစ်ဆေးဝါးကိုယ်တွင်းထိုးသွင်းမှုကြောင့် ဖြစ်ရသည့် HIV/ AIDS အန္တရာယ်လျော့ချရေးအတွက် ထိရောက်စွာ ချဉ်းကပ်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၌ နိုဝင်ဘာလ ၇ ရက်နေ့နှင့် ၈ ရက်နေ့များတွင် ကျင်းပသည်။

၂၆ ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အကြီးအကဲများအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်ဖွဲ့ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးတို့ ခေါင်းဆောင်

သော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံမှူးကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများပါဝင်သည့် လေ့လာရေးအဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ရှမ်းပြည်နယ် (အရှေ့မြောက်) ဒေသများသို့ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ သွားရောက်၍ နယ်စပ်ဒေသမူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လေ့လာသည်။

သတ္တမအကြိမ်မြောက် မြန်မာ-ထိုင်းမူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ထိုင်းနိုင်ငံချင်းမိုင်မြို့၌ ဒီဇင်ဘာလ ၁၂ ရက်နေ့နှင့် ၁၃ ရက်နေ့များတွင် ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နေသော ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပရာမူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့်မြန်မာနိုင်ငံဆိုင်ရာ ကျပန်နိုင်ငံသံအမတ်ကြီးခေါင်းဆောင်သော သံရုံးကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံးတို့ပူးပေါင်း၍ တရားမဝင်ဘိန်းစိုက်ပျိုးမှုမြေပြင်စာရင်းကောက်ယူရေးလုပ်ငန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ၁၄ မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၁၁ မြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၁၅ မြို့နယ်နှင့် 'ဝ' ဒေသ ၁၃ မြို့နယ် စုစုပေါင်း ၅၃ မြို့နယ်ရှိ ကျေးရွာပေါင်း ၂,၁၈၂ ရွာသို့ ၂၀၀၂ ခုနှစ်အတွင်း ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ ဘိန်းစိုက်ပျိုးသောကျေးရွာ ၉၄၇ ရွာ၊ ဘိန်းစိုက်ဧရိယာ ပျမ်းမျှဟက်တာ ၈၁,၄၀၀ (၂၀၁,၀၅၈ ဧက)၊ တစ်ဧက ပျမ်းမျှ အထွက်နှုန်း ၄ ဒသမ ၀၅ ကီလိုနှင့် ဘိန်းထုတ်လုပ်မှု ပျမ်းမျှ ၈၂၈ တန်ဖြစ်ကြောင်း ခန့်မှန်းတိုင်းတာရရှိသည်။

ပန်းတိုင်သစ် စီမံကိန်း

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးဆိုင်ရာ ပန်းတိုင်သစ် စီမံကိန်း ၂၀၀၂ခုနှစ် ဧပြီလမှ စတင်၍ အကောင်ထည် ဖော်ဆောင်ရွက်သည်။ ပန်းတိုင်သစ် စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးစေခြင်းဖြင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးဖြစ်သည်။ ပန်းတိုင်သစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘိန်းစိုက်ပျိုးခြင်းမပြုနိုင်အောင် ဥပဒေအရာ တားဆီးခြင်း၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် တားဆီးခြင်း၊ မျိုးစေ့များကို အရင်းမပျောက်သော နည်းလမ်းဖြင့် ဖြန့်ဖြူးခြင်း၊ ဒေသ အလိုက်ဖြစ်ထွန်းမည့် တိရစ္ဆာန်များဖြန့်ဖြူးခြင်း၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ အစီအမံများဖြင့် ဦးစားပေးနယ်မြေများ သတ်မှတ်ပြီး ကွင်းဆင်းကြပ်မတ်စစ်ဆေးခြင်း၊ စည်းရုံးပညာပေးခြင်းနှင့် လိုအပ်ချက်များဖြည့်ဆည်းစီမံဆောင်ရွက်ပေးခြင်းစသည့် နည်းဗျူဟာများကို ကျင့်သုံးသည်။ စီမံကိန်းဝင်နယ်မြေအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ကို သတ်မှတ်ထားသည်။ စီမံကိန်းအတွက် မူးယစ်ဗဟိုအဖွဲ့ ရန်ပုံငွေမှ ပထမအဆင့်ကျပ်သိန်း ၅၀၀နှင့် ဒုတိယအဆင့် ကျပ်သိန်း ၅၀၀ စုစုပေါင်း ကျပ်သိန်း ၁၀၀၀ လျာထားပြီး စီမံကိန်းဝင်နယ်မြေများသို့ ခွဲဝေထုတ်ပေးသုံးစွဲသည်။ ၂၀၀၂ ခုနှစ်အတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ကျပ် ၅၇၅ သိန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ကျပ်သိန်း ၅၀ သိန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ကျပ် ၂၅ သိန်း၊ ကချင်ပြည်နယ်တွင် ကျပ်သိန်း ၂၀ နှင့် ကယားပြည်နယ်တွင်ကျပ် ငါးသိန်း စုစုပေါင်း ကျပ် ၆၂၅ သိန်း ထုတ်ပေးပြီးဖြစ်သည်။

ပန်းတိုင်သစ် စီမံကိန်း၏ အောင်မြင်မှုတစ်ရပ်မှာ ဒေသခံဘိန်းစိုက်ကောက်သူများက ဘိန်းမျိုးစေ့များနှင့် ဘိန်းသီးခြောက်များကို ဒေသဆိုင်ရာ အာဏာပိုင်များထံ အပ်နှံကြခြင်းဖြစ်သည်။ ဘိန်းစိုက်တောင်သူများအပ်နှံသော ဘိန်းမျိုးစေ့များနှင့် ဘိန်းသီးခြောက်များ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားများကို ကျင်းပခဲ့ရာ ဇွန်လ ၂ ရက်နေ့တွင် ပင်လောင်းမြို့၌ ၈၂၂ ဒသမ ၉၈ ကီလို၊

ငွန်လ ၃ ရက်နေ့တွင် လွိုင်ကော်မြို့၌ ၃၈ ဒသမ ၂၇၃ ကီလို၊ ငွန်လ ၅ ရက်နေ့တွင် ကျိုင်းတုံမြို့၌ ၆၉၅ ဒသမ ဝ၆ ကီလို၊ ငွန်လ ၇ ရက်နေ့တွင် လားရှိုးမြို့၌ ၁၀၁, ၉၄၀ ဒသမ ၄၃၃ ကီလို၊ ငွန်လ ၈ ရက်နေ့တွင် လောက်ကိုင်မြို့၌ ၁၃,၄၄၂ ဒသမ ၈၅၆ ကီလို၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် လားရှိုးမြို့၌ ၁၈,၈၂၂ ဒသမ ၇၇ ကီလို၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဝိုင်းမော်မြို့၌ ၁၉၂ ဒသမ ၉၉ ကီလိုနှင့် ဒီဇင်ဘာလ ၈ ရက်နေ့တွင် နမ့်စန်မြို့၌ ၈,၆၂၅ ဒသမ ၉၁၄ ကီလို စုစုပေါင်း ဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက် ၁၅၂,၀၅၁ ဒသမ ၂၇၆ ကီလို ကို မီးရှို့ဖျက်ဆီးသည်။

ဘိန်းခင်းများနှင့်ဘိန်းချက်စခန်းများဖျက်ဆီးခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်းကာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးများဖြစ်လာမည့် ဘိန်းစိုက်ခင်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့် ဘိန်းချက်စခန်းများကို ရှာဖွေဖော်ထုတ်ဖျက်ဆီးသည်။

၂၀၀၁-၂၀၀၂ ခုနှစ် ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ဘိန်းခင်း ၁၇,၉၂၈ ဒသမ ဝ၅ ဧက၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ဘိန်းခင်း ၂,၇၁၈ ဒသမ ၉၆ ဧက၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌ ဘိန်းခင်း ၂၂၉ ဒသမ ၁၀ ဧက၊ ကချင်ပြည်နယ်၌ ဘိန်းခင်း ၄,၇၇၅ ဒသမ ၆၆ ဧက၊ မကွေးတိုင်း၌ ဘိန်းခင်း ၈ဒသမ ဝ၆ ဧက၊ ကယားပြည်နယ်၌ ဘိန်းခင်း ၂၀၂ ဧက၊ ချင်းပြည်နယ်၌ ဘိန်းခင်း ဝ ဒသမ ၅ ဧက စုစုပေါင်း ဘိန်းခင်း ၂၅,၈၆၂ ဒသမ ၃၃ ဧက ဖျက်ဆီးနိုင်သည်။ ၁၉၈၈-၈၉ ခုနှစ် ဘိန်းရာသီမှ ၂၀၀၁-၂၀၀၂ ခုနှစ် ဘိန်းစိုက်ရာသီအထိ တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်းစုစုပေါင်း ၁၅၃,၉၄၉ ဒသမ ၆၁ ဧကကို ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ချိန်စင်းကြိုင်ကျေးရွာပျက် အနီးရှိ ဘိန်းချက်စခန်းသုံးခုကို ဇန်နဝါရီလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့ အထိလည်းကောင်း၊ တန့်ယန်းမြို့နယ် လွယ်ပန်လျှိုတောင်ကြောရှိ ဘိန်းချက်စခန်းတစ်ခုကို ဇန်နဝါရီလ ၂၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၂ ရက်နေ့အထိလည်းကောင်း၊ ကွတ်ခိုင်မြို့နယ် ဟိုဖျက်ကျေးရွာအနီးရှိ ဘိန်းချက်စခန်းနှစ်ခုကို မေလ ၂၅ ရက်နေ့တွင် လည်းကောင်း၊ လောက်ကိုင်မြို့နယ် တာချီကမ်းပါးကျေးရွာအရှေ့ဘက်ရှိ ဘိန်းချက်စခန်းတစ်ခုကို ဇူလိုင်လ ၂၈ ရက်နေ့တွင်လည်းကောင်း၊ လောက်ကိုင်မြို့နယ် ရှာပါနိုက်ကျေးရွာအနီးရှိ ဘိန်းချက်စခန်း တစ်ခုကို အောက်တိုဘာလ ၃၀ ရက်နေ့တွင် လည်း ကောင်း၊ ကွတ်ခိုင်မြို့နယ် ပန်လွေကျေးရွာအနီးရှိ ဘိန်းချက်စခန်းတစ်ခုကို နိုဝင်ဘာလ ၂ ရက်နေ့တွင်လည်းကောင်း အသီးသီးဝင်ရောက်ရှင်းလင်းဖျက်ဆီးခဲ့သည်။

တားဆီးနှိမ်နင်းမှု

တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိ တားဆီးနှိမ်နင်းခဲ့သော မူးယစ်ဆေးဝါးစုစုပေါင်းမှာ ဘိန်းဖြူ ၁,၀၂၅ မှုနှင့် ၃၃၃ ဒသမ ၈၈၇၇ ကီလို၊ ဘိန်းအမှု ၃၉၀ နှင့် ၁,၈၆၃ ဒသမ ၂၇၃ ကီလို၊ ဆေးခြောက် ၂၃၂ မှုနှင့် ၂၈၁ ဒသမ ၉၈၈၄ ကီလို၊ ဘိန်းညှစ်မှုနှင့် ၃၁၄ ဒသမ ၄ ကီလို၊ ဘိန်းဆီ ၄၄ မှုနှင့် ၁၈ ဒသမ ၂၅ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၃၇ မှုနှင့် ၃၃၈ ဒသမ ၄၅၄ လစ်တာ၊ အဆင့်နိမ့်ဘိန်း ၁၆၈ မှုနှင့် ၁၂၅ ဒသမ ၉၄၇၇ ကီလို၊ မူးယစ်ဆေးဝါးအာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည် ၁၆ မှုနှင့် ၁၄၀ ဒသမ ၇၇၅ လစ်တာ၊ ကေဖင်းကီလို ၄၀၊ ဘိန်းစာမှုန့် ၂၅ မှုနှင့် ၁၅၂ ဒသမ ၆၅၄၅ ကီလို၊ စိတ်ကြွရုံးသွပ်ဆေးပြား ၅၄၁ မှုနှင့် ဆေးပြား ၉,၃၉၉,၇၉၄ ပြား အက်ဖီဒရင်း ၁၀ မှုနှင့် ၁,၇၂၃ ဒသမ ၅၃၆၉ ကီလို၊ မော်ဖင်းထိုးဆေး နှစ်မှုနှင့် ၁၇၇ ပုလင်း၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် သုံးမှုနှင့် ၂,၉၅၃ ဒသမ ၂၈၈၄ လစ်တာ၊ ဓာတုဆေးရည် ၁၀ မှုနှင့် ၂၆,၄၄၀ ဒသမ ၄၁၉ လစ်တာ၊ စိတ်ကြွရုံးသွပ်

ဆေးမှုန့် ငါးမှုန့် ၁၆ ဒသမ ၂၀ ကီလို၊ ဒိုင်ယာစီပင်ဆေးပြား သုံးမှုန့် ဆေးပြား ၃၄၇,၆၂၁ ပြား၊ ဒိုင်ယာစီပင် ထိုးဆေး နှစ်မှုန့် ၄၁ ပုလင်း၊ စိတ်ကြွရူးသွပ်ဆေးပုံဆောင်ခဲ (အိုက်စ်) နှစ်မှုန့် ၄၁၅ ဒသမ ၂ ကီလို၊ ဓာတုဆေးမှုန့် တစ်မှုန့် ၄,၈၄၀ ဒသမ ၃၉ ကီလို၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင်ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု ၂၃၄ မှု၊ အခြားမူးယစ်ဆေးဝါးအမှု ၁၅၈ စုစုပေါင်း မူးယစ်ဆေးဝါးအမှု ၂,၈၉၉ မှုနှင့် တရားခံ (ကျား) ၃,၄၈၈ ဦး၊ တရားခံ (မ) ၈၀၃ ဦး စုစုပေါင်း တရားခံ ၄,၂၉၁ ဦးဖြစ်သည်။

မူးယစ်ဆေးဝါးများဖျက်ဆီးခြင်း

မူးယစ်ဗဟိုအဖွဲ့က ဖမ်းဆီးရမိသူမူးယစ်ဆေးဝါးများ ၁၆ ကြိမ်မြောက် ဖျက်စီးသည့်အခမ်းအနားကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်ဝင်းအတွင်း မီးရှို့ဆောင်၌ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူးကိုယ်စား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်ကရှင်းလင်းတင်ပြသည်။ ထို့နောက် မူးယစ်ဆေးဝါးအာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည်ပုလင်းများအား လမ်းကြိတ်စက်ဖြင့် ကြိတ်၍ ဖျက်စီးသည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဧည့်သည်များသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်စစ်ဆေးကြသည်။ ထို့နောက် မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ ဩစတြေးလျ နိုင်ငံသံအမတ်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အမေရိကန်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံတို့က စက်ခလုတ်များကို ပြိုင်တူနှိပ်၍ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို မီးရှို့ဖျက်စီးသည်။

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ၁၆ ကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားတွင် ဘိန်းဖြူ ၂၄၀ ဒသမ ၄၆၂ ကီလို၊ ဘိန်း ၃,၀၂၇ ဒသမ ၈၃၂ ကီလို၊ ဘိန်းဆီ ၁၂ ဒသမ ၂၇၉ ကီလို၊ ဘိန်းရည် ၃၁ ဒသမ ၂၅၀ ကီလို၊ ဆေးခြောက် ၄၃၄ ဒသမ ၂၅၃ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၆၆၈ ဒသမ ၉၄၄ လီတာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၄,၉၄၆,၉၆၆ ပြား၊ အက်ဖီဒရင်း ဆေးမှုန့် ၂,၈၆၅ ဒသမ ၇၀၃ ကီလို၊ ဘိန်းစာမှုန့် ၉၈ ဒသမ ၄၄၀ ကီလို၊ ဘိန်းညို ၁၃၀ ဒသမ ၃၈၀ ကီလို၊ အက်ဖီဒရင်းဆေးပြား ၄,၀၅၀,၉၄၇ ပြား၊ ဖီနိုဘာဘီတယ်ဆေးပြား ၂၀ ချောင်း၊ စိတ်ကြွရူးသွပ်ဆေးပုံဆောင်ခဲ (အိုက်စ်) ၅၁၇ ဒသမ ၈၉၀ ကီလို၊ ကေဖင်း ၃,၀၂၁ ဒသမ ၈ ကီလို၊ မော်ဖင်းထိုးဆေးပုလင်း ၁၁၀၊ ကိုဒင်းဆေးပြား ရှစ်ပြားတို့ကို မီးရှို့ဖျက်ဆီးသည်။

မူးယစ်ဆေးဝါးများဖျက်စီးသည့် အခမ်းအနားများကို နယ်စပ်ဒေသများတွင်လည်း ကျင်းပခဲ့ရာ ဇွန်လ ၇ ရက်နေ့တွင် လာရှိုးမြို့၌ ဘိန်း ၂၄၉ ကီလို၊ ဘိန်းညို ၁၀၅ ကီလိုနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း ဇွန်လ ၈ ရက်နေ့တွင် လောက်ကိုင်မြို့၌ ဘိန်းဖြူ ၀ ဒသမ ၀၇၃ ကီလို၊ ဘိန်း ၉၄ ဒသမ ၇၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၇,၂၀၀၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၁၇၀ ဒသမ ၀၁ ကီလိုနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ပန်ဝိုင်မြို့၌ ဘိန်းဖြူ ၀ ဒသမ ၃၅၃ ကီလို၊ ဘိန်း ၁ ဒသမ ၅၃ ကီလိုနှင့် အက်စစ်များကိုလည်းကောင်း၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင်လားရှိုးမြို့၌ ဘိန်းဖြူ ၄၄ ဒသမ ၈၇ ကီလို၊ ဘိန်း ၃၈၃ ဒသမ ၁၈ ကီလို၊ ဘိန်းညို ၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀,၀၀၀၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၈ ဒသမ ၇ ကီလိုနှင့်အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် နမ့်စန်မြို့၌ ဘိန်းဖြူ ၆ ဒသမ ၉၂၄၈ ကီလို၊ ဘိန်း ၁၃၉ ဒသမ ၄၅၈၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅,၄၇၂ ပြား၊ ဆေးခြောက် ၂ ဒသမ ၂၀၃၈ ကီလိုနှင့် ကိုဒင်းပါဝင်သော ချောင်းဆိုးပျောက်ဆေးရည် ၉၈ ဒသမ ၅ လစ်တာတို့ကို ဖျက်ဆီးသည်။

စိုးအောင်

မိုးကြည်၊ ဦး (မေမြို့ မိုးကြည်)

မိုးကြည်၊ ဦး (မေမြို့ မိုးကြည်) (ခရစ်နှစ် ၁၉၄၁-၂၀၀၂)။ ။ မေမြို့ မိုးကြည်ကို တောင်သူဦးတော်မောင်၊ ဒေါ်စောမြတို့က ၁၉၄၁ ခုနှစ်၊ ဧပြီလ (၁) ရက်၌ ရွှေဘိုခရိုင်၊ ပလိုင်းရွာတွင် ဖွားမြင်သည်။ ငယ်မည် မောင်ကြည်ဆောင်ဖြစ်သည်။

မေမြို့ မိုးကြည်

မေမြို့ မိုးကြည်၏ အဓိကရနှင့် အထင်ကရ ဆရာများမှာ ဂန္ဓကာရက ကျမ်းပြုအကျော်ဆရာတော် အရှင်ဇနကာဘိဝံသနှင့် မောင်သုတအမည်ခံ ဗိုလ်မှူးဘသောင်း (မဟာဝိဇ္ဇာရွှေတံဆိပ်ရ) တို့ ဖြစ်သည်။ ၁၈ နှစ်သားအရွယ်မှစတင်၍ စာပေများရေးသားခဲ့သည်။ ဆောင်းပါးစာတမ်းပေါင်း ၃၀၀ ကျော်နှင့် လုံးချင်းစာအုပ် ၃၅ အုပ်အထိ ရေးသားခဲ့သည်။ ထင်ရှားသည့်စာအုပ်များမှာ ခေတ် ၉ ခေတ်မှ မြန်မာကဗျာများအဖွင့် စာပေသမိုင်းသစ်၊ ဘွဲ့တံဆိပ်ဂုဏ်ရည်သမိုင်းချုပ်နှင့် ဘွဲ့ရမဟာထေရ်ကြီးများ၊ သာသနာ ၂၅၊ ၂၆ ရာစုခေတ် သျှင်မဟာဗုဒ္ဓယောသ (သို့မဟုတ်) အရှင်ဇနကာဘိဝံသ၊ မြန်မာစစ်ပညာ၊ လွတ်လပ်ရေးနှင့် တေးဂီတ၊ မြန်မာစာပေတိုက်ပွဲများတို့ ဖြစ်ကြသည်။

မေမြို့မိုးကြည်သည် မြကန်သာမဂ္ဂဇင်း၊ စာပုလွေမဂ္ဂဇင်း၊ မြတ်ရတနာမဂ္ဂဇင်းနှင့် ချင်းတွင်းကျာနယ်တို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် အနုပညာဆိုင်ရာစာပေဆုကို ရရှိခဲ့သည်။ မန္တလေးမြို့ သျှန်တက္ကသိုလ်တွင် ပါဠိမြန်မာဆရာအဖြစ် သုံးနှစ်ကျော်သင်ကြားခဲ့ပြီး အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင်လည်း အလုပ်အမှုဆောင်အဖြစ် ဆရာကြီးဦးရွှေဒေါင်း၊ လူထုဦးလှ၊ လူထုဒေါ်အမာတို့နှင့် တွဲဖက်၍ အသင်းကြီးဖျက်သိမ်းသည်အထိ ဆောင်ရွက်ခဲ့သည်။

မြို့တော် အသံလွှင့်လုပ်ငန်း

မေမြို့မိုးကြည်သည် ကျန်းမာရေးအခြေအနေမကောင်း၍ စာရေးကျဲသွား သော်လည်း တတ်စွမ်းသမျှ စာပေတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ရွက်သွားခဲ့သည်။ ဘာသာသွေးမဂ္ဂဇင်း အကြံပေးနာယကအဖြစ် အဆင့်ဆင့်တာဝန်ယူခဲ့ပြီး ၂၀၀၁ ခုနှစ် မေလတွင်ပြန်လည်ထုတ်ဝေသော အသွင်သစ် ဘာသာသွေးမဂ္ဂဇင်းမှ စတင်၍ စာတည်းချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သည်မှာ ကွယ်လွန်ချိန်အထိ ဖြစ်သည်။

ကျန်းမာရေး ပိုမို ယိုယွင်းလာသော်လည်း စာပေမှတ်တိုင်ဖြစ်ခဲ့သည့် မြန်မာစာပေတိုက်ပွဲများ (စတုတ္ထအကြိမ်) ပြန်လည်ရိုက်နှိပ်ရန်နှင့် မြန်မာစာပေတိုက်ပွဲများ (ဒုတိယတွဲ) ထုတ်ဝေရန်ပြင်ဆင်တည်းဖြတ်နေဆဲကာလ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၌ ရန်ကင်းမြို့ (၁၃) ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ ခြံအမှတ် (၄-ခ) နေအိမ်တွင် ကွယ်လွန်သည်။ ဇနီး ဒေါ်လှရွှေနှင့် သမီးမဝါဝါ၊ မဖြူဖြူစိုးတို့ ကျန်ရစ်ခဲ့သည်။

ကိုသီအောင်

မြို့တော်အသံလွှင့်လုပ်ငန်း ။ ။အသံလွှင့်လုပ်ငန်းသည် ကမ္ဘာပေါ်တွင် ၂၀ ရာစုခေတ်ဦးကပင် စတင်ပေါ်ပေါက်လာခဲ့သော ပြန်ကြားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။ ကမ္ဘာ့ပထမဆုံး ရေဒီယိုအသံလွှင့်လုပ်ငန်းကို ၁၉၂၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံ၌ စတင်တည်ထောင်ခဲ့သည်။

မြန်မာနိုင်ငံတွင်မူ အသံလွှင့်လုပ်ငန်းကို ၁၉၃၇ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ထိုအချိန်သည် မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေသည့် ကာလဖြစ်သည်။ ကြေးနန်းဆက်သွယ်ရေးဌာနက အိန္ဒိယနှင့် မြန်မာနိုင်ငံ ဝိုင်ယာလက် ကြေးနန်းဆက်သွယ်ရာတွင် အသုံးပြုသော မာ့ကိုနီအသံလွှင့်စက် တစ်လုံးတည်းဖြင့် စမ်းသပ်အသံလွှင့်ခဲ့ခြင်းဖြစ်သည်။ အသံလွှင့်ခဲ့သည့် နေရာမှာ မင်္ဂလာဒုံဖြစ်သည်။ ၁၉၃၈ ခုနှစ်တွင် နောက်ဆုံးပေါ် ၁၀ ကီလိုဝပ် ဖီးလစ်အမျိုးအစား အသံလွှင့်စက်ကို မင်္ဂလာဒုံတွင်ပင်ထား၍ အသံလွှင့်ခဲ့သည်။ တစ်ချိန်တည်းတွင် ရန်ကုန်မြို့၊ ပန်းဆိုးတန်း၊ ဗဟိုကြေးနန်းရုံးကြီး အောက်ထပ်ရှိ

အသံလွှင့်လုပ်ငန်း အကြီးအကဲက လုပ်ငန်းအကြောင်းသိကောင်းစရာများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာတည်းအဖွဲဝင်နှစ်ဦးအား ဤသို့ရှင်းပြသည်

အခန်းအချို့ကို အသံလွှင့်ရုံအဖြစ် ပြောင်းလဲဖန်တီးရန် အင်္ဂလိပ်အစိုးရက စီစဉ်ကာ ဝပ် ၅၀၀ အားရှိ အသံလွှင့်စက်တစ်လုံးကို တည်ဆောက်ထားရှိခဲ့သည်။

ဤသို့ဖြင့် ၁၉၃၉ ခု၊ ဇွန်လတွင် မြန်မာနိုင်ငံတော်အစိုးရ၊ အစမ်းအသံလွှင့်ရုံ (Burma State Experimental Broadcasting Service) ဟူ၍ ပေါ်ပေါက်လာခဲ့သည်။ ၁၀ ကီလိုဝပ်အား၊ ဖီးလစ်အသံလွှင့်စက်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ၆၀၀၇ ကီလိုဆိုင်ကယ် ၄၉ မိတာတို့ဖြင့် အသံလွှင့်ပေးခဲ့သည်။ နေ့စဉ် နံနက်၊ နေ့လယ်၊ ညနေဟူ၍ သုံးကြိမ် လွှင့်ထုတ်ခဲ့သည်။ ဤသို့ဖြင့်ပင် ရန်ကုန်မြို့နှင့် အနီးပတ်ဝန်းကျင်သို့ အသံလွှင့်ခဲ့သော ၈၆ မိတာ အသံလွှင့်စက်ကလေးမှသည် မြန်မာနိုင်ငံတော်အစိုးရအသံလွှင့်ဌာန (Burma State Broadcasting Service) ဟူ၍ ၁၉၃၉ ခု၊ အောက်တိုဘာ (၁) ရက်နေ့၊ ညနေ (၅) နာရီအချိန်တွင်၊ ဗဟိုကြေးနန်းရုံးကြီး၌ပင် ဖွင့်ပွဲလုပ်ကာ ပေါ်ပေါက်လာခဲ့ပေသည်။

၁၉၄၆ ခု၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် ဗမာ့အသံအမည်ဖြင့် ထုတ်လွှင့်ခဲ့ပြီး ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် 'မြန်မာ့အသံ' ဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြန်မာ့အသံ၊ ရေဒီယိုအစီအစဉ်၊ အသံလွှင့်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ကမ္ဘာကြီးနှင့် ရင်ပေါင်တန်းလျက် ၂၁ ရာစုခေတ်ဦး ၂၀၀၀ ပြည့်နှစ်မှစ၍ ပြန်ကြားရေးမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ဤတွင် ပုံနှိပ်မီဒီယာ (Print Media) နှင့်အတူ အသံမီဒီယာ (Sound Media) လုပ်ငန်းပါ

မြို့တော်အသံလွှင့်လုပ်ငန်း

မြို့တော်အသံလွှင့်လုပ်ငန်းမှ
အစီအစဉ်ကြေညာသူနှစ်ဦး

ယှဉ်ပြိုင်ဖွဲ့ဖြိုးလာခဲ့ရာ အသံမီဒီယာပိုင်းအနေနှင့် နိုင်ငံတော်ပိုင်းမှ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီ ရုပ်မြင်သံကြားတို့ အင်အားကောင်းစွာ ဖြစ်ထွန်း ပေါ်ပေါက်လာခဲ့ပြီး ဖြစ်သည်။

ထိုအချိန်တွင် ရေဒီယိုအသံလွှင့်လုပ်ငန်း သည် ရုပ်မြင်သံကြားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာခဲ့၍ မှေးမှိန်ဖျော့တော့သွားသယောင် ရှိခဲ့သော်လည်း အမှန်စင်စစ် ဦးမော့ခေါင်းထောင်လာသည် ဟုဆိုနိုင်သည့် သာဓကတစ်ခုရှိလာခဲ့သည်။ ယင်းမှာ ရန်ကုန် မြို့တော်စည်ပင် သာယာရေး ကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနက ကြီးမှူး လွှင့်ထုတ်ခဲ့သည့် 'မြို့တော် အသံလွှင့်လုပ်ငန်း'ပင် ဖြစ်သည်။ ၎င်းကို အင်္ဂလိပ် ဘာသာအားဖြင့် CITYFM ဟု ခေါ်တွင်သည်။ စင်စစ် CITYFM သည် ကမ္ဘာ့မြို့တော် အတော်များများတွင် ဖွံ့ဖြိုးရှင်သန် နေသောအသံလွှင့်လုပ်ငန်း တစ်ခုဖြစ်သည်။ မြို့တော်အသံလွှင့်လုပ်ငန်းဖြစ်သဖြင့် မြို့တော်၏ အရေးပါအရာရောက်သော လုပ်ငန်းတစ်ခုဖြစ် သည်ဟု ဆိုရမည်။ ထို့ကြောင့် မြို့တော် အသံလွှင့် လုပ်ငန်းသည် မြို့တော်အတွက် မရှိမဖြစ်လိုအပ် ချက်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံ၏ မြို့တော်အသံလွှင့် လုပ်ငန်း စတင်ပေါ်ပေါက်လာရခြင်းမှာ နေ့စဉ်နှင့်အမျှ မြို့တော်အတွင်း ဖြတ်သန်းမောင်းနှင်လျက်ရှိကြ သော မော်တော်ယာဉ်များကိစ္စကအစ ဟုဆိုရမည် ဖြစ်သည်။ ၎င်းသည် ကမ္ဘာ့နေရာအနှံ့အပြားမှ မြို့တော် တစ်ခု၏ ကြုံဆုံရမှုဖြစ်သည်။ မြန်မာနိုင်ငံ တွင်လည်း ထိုပုံစံအတိုင်းသာ ဖြစ်သည်။ တစ်နေ့ တစ်ခြား များပြားတိုးတက်လာသော ယာဉ်များ၏ သွားလာ ဖြတ်သန်းမှုအား ထိန်းသိမ်းလမ်းညွှန် ပေးနိုင်ရန်အတွက် တစ်ဖက်မှ ပို့ဆောင်ရေးဝန်ကြီး ဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့နှင့်အတူ မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ပူးပေါင်း ဆောင်ရွက်ရန်ဖြစ်သည်။

အများအားဖြင့် မော်တော်ယာဉ်များပေါ် တွင် F.M လိုင်းပါဝင်သော ရေဒီယိုလေးများ ရှိတတ်ကြသည်။ ယခုဆိုလျှင် ယာဉ်များအတွက် မြို့တော်အသံလွှင့် လုပ်ငန်းဟူသော သဘောကို

သိရှိရသောအခါ မော်တော်ယာဉ်တိုင်းတွင် ရေဒီယို ပါရှိနေပြီဟု ဆိုနိုင်ပြီဖြစ်သည်။ မြို့တော်အသံလွှင့် ဌာနသည် မော်တော်ယာဉ်များအတွက် လမ်းကြောင်း ပြခြင်း၊ လမ်းအခြေအနေ အစီရင်ခံခြင်း၊ အန္တရာယ် ပေါ်ပေါက်မှုကို သတိပေးခြင်း စသည့်ကိစ္စရပ်များကို အချိန်နှင့်အမျှ လွှင့်ထုတ်ပေးနေလေသည်။

မြို့တော်အသံလွှင့်ဌာန၏ တည်နေရာသည် ရန်ကုန်မြို့၊ မြို့တော်ခန်းမ၏ အပေါ်ဆုံးအထပ်တွင် ဖြစ်သည်။ ယခုအခါတွင် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန၊ ဌာနမှူး ဦးလှမြင့်ဆွေ ဦးဆောင်၍ ဝန်ထမ်း ၂၅ ဦးနှင့်အတူ ဆောင်ရွက်လျက်ရှိသည်။

မြို့တော်အသံလွှင့်လုပ်ငန်းသည် ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့မှစ၍ FM 89 နှင့် FM 99 မီဂါဝပ်မှ စမ်းသပ်အသံလွှင့်အနေနှင့် ထုတ်လွှင့်ခဲ့သည်။ ထိုစဉ် က နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ်၊ နေ့လယ် ၂ နာရီမှ ၄ နာရီထိ တစ်ကြိမ် စုစုပေါင်း တစ်ရက်လျှင် လေးနာရီ ထုတ်လွှင့်ခဲ့သည်။ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစ၍ တရားဝင်စတင်ထုတ်လွှင့်ခဲ့ပြီး နံနက် (၇) နာရီမှ (၁၂) နာရီထိတစ်ကြိမ်၊ နေ့လယ် ၁ နာရီမှ ညနေ ၆ နာရီထိတစ်ကြိမ် ထုတ်လွှင့်သည်။ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့မှ စတင်ကာ နံနက် (၇) နာရီမှ ည (၇) နာရီထိ တိုးချဲ့ထုတ်လွှင့်ခဲ့သည်။ ထုတ်လွှင့်သည့် စက်အနေနှင့် အီတလီနိုင်ငံမှ 2 KW Transmitter (၂) လုံးအား တစ်လုံးလည်၊ တစ်လုံးနားစနစ်ဖြင့် ဆောင်ရွက်ခဲ့သည်။

မြို့တော်အသံလွှင့်လုပ်ငန်း၏ ထူးခြားချက်မှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာခေတ်၌ ပေါ်ထွက်လာသော အင်တာနက်တွင် Yangon City Web-Site ကို ထည့်သွင်းရာ၌ CITY F.M ကိုပါ ပူးတွဲထည့်သွင်းထားခြင်းဖြစ်သည်။ ၎င်းအစီအစဉ်ကို ၂၀၀၂ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့က စတင်အကောင်အထည်ဖော်ခဲ့သည်။

သို့ဖြစ်သောကြောင့် မြို့တော်ရေဒီယို၏ အသံသည် ကမ္ဘာ၏ အခြားနိုင်ငံများသို့ပါ ရောက်ရှိနားထောင်နိုင်သည့် အနေအထားတွင် ရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့်လည်း အခြားနိုင်ငံရောက် မြန်မာလူမျိုးများက မြို့တော်အသံလွှင့်လုပ်ငန်းသို့ သီချင်းတောင်းဆိုနိုင်သည့် အခွင့်အရေးရရှိလျက် မြန်မာရန်နှင့် မကင်းမကွာရှိနေနိုင်သည့် အနေအထားဖြစ်သည်။ သုတေသနပြုချက်အရ ရက်သတ္တပတ် တစ်ပတ်တည်းတွင်ပင် နိုင်ငံမျိုးစုံမှ မြန်မာလူမျိုးတို့၏ သီချင်းတောင်းခံလွှာမှာ ၃၄၀ ခန့် ရှိသည် ဟု ဆိုသည်။ ၎င်းကို Internet Request Program ဟူ၍ အင်တာနက်မှတစ်ဆင့် တောင်းဆိုသည့် သောတရှင်လိုရာကဏ္ဍအဖြစ် တည်ရှိသည်။

ဤသို့လျှင် အသံထွက်ဝတ္ထု၊ ဟာသအတို အထွာ၊ အသစ်တို့၏အသံ၊ ခေတ်ပေါ်ဂီတ စသည့် အစီအစဉ်များဖြင့် တစ်နေ့လျှင် သီချင်းပုဒ်ရေ ၃၀၀ ကျော် လွှင့်ထုတ်ပေးနေသော မြို့တော်ရေဒီယိုသည် နိုင်ငံစီးပွားရေး၊ ဖွံ့ဖြိုးမှုအတွက် တစ်ဖက်တစ်လမ်းမှလည်း ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများအား ကြော်ငြာပေးသည့် ကဏ္ဍများကို ထည့်သွင်းအသံလွှင့်ပေးခဲ့သည်။

မြို့တော်အသံလွှင့်လုပ်ငန်းသည် မကြာခင် ကာလတွင် ကမ္ဘာ့မြို့တော်ရေဒီယိုစနစ်များကဲ့သို့ ၂၄ နာရီ ထုတ်လွှင့်ခြင်းကိုလည်း ဆောင်ရွက်တော့မည် ဖြစ်ကြောင်း မြို့တော်ရေဒီယို၏ တာဝန်ရှိပုဂ္ဂိုလ်များက သွားရောက်တွေ့ဆုံသည့် ပုံနှိပ်မီဒီယာများမှ သတင်းထောက်များ၊ စာရေးဆရာများ၊ သုတေသီများအား အသိပေးဖြေကြားခဲ့ကြောင်းသိရသည်။

အချုပ်ဆိုရလျှင် ကမ္ဘာနှင့် ရင်ပေါင်တန်းလိုက်နေသော မြန်မာနိုင်ငံသည် မြို့တော်ရေဒီယို အစီအစဉ်များကို ထုတ်လွှင့်ပေးခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအား တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နေခြင်းဖြစ်သည် ဟုဆိုနိုင်ပေသည်။

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒုတိယအကြိမ် ညီလာခံ။ ။ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးရှုဆောင်ရွက်ကြရာတွင် စာကြည့်တိုက်များ၊ စာကြည့်တိုက် ပညာရှင်များနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည့်အလျောက် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းကြီးကို ၁၉၉၈ ခုနှစ်ကပင်

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒုတိယအကြိမ်ညီလာခံတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်
မိန့်ခွန်းမြွက်ကြားစဉ်

စတင်ဖွဲ့စည်းပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းသည် နိုင်ငံတော်က အသိအမှတ်ပြု ဖွဲ့စည်းထားသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်း (Non- Governmental Organization- NGO) များတွင်တစ်ခုအပါအဝင် ဖြစ်ပါသည်။

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ပေါ်ပေါက်လာစေရန်အတွက် ၁၉၉၀ ပြည့်နှစ်ကပင် စတင်ကြိုးပမ်းအား ထုတ်ခဲ့ကြသည်။ ထို့ကြောင့် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာ (၁၄) ရက်နေ့၌ ဝန်ကြီးဌာနပေါင်းစုံမှ စာကြည့်တိုက်မှူးများ စုစည်းညှိနှိုင်း၍ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဖြစ်မြောက်ရေးကော်မတီတစ်ရပ်ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြသည်။ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာ (၂၃) ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့၏ မှတ်ပုံတင်အမှတ် (၁၇၃၁) ဖြင့် တရားဝင်ဖွဲ့စည်းခွင့်ရရှိခဲ့သည်။

"နိုင်ငံတကာတွင် စာကြည့်တိုက်အသင်းများရှိကြရာ မြန်မာနိုင်ငံတွင်လည်း စာကြည့်တိုက်အသင်းရှိခြင်းဖြင့် နိုင်ငံတကာစာကြည့်တိုက်အသင်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ပြီး နိုင်ငံတော်၏ တိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း" ၁၉၄၄ ခုနှစ်၊ ဖေဖော်ဝါရီ (၁၈) ရက်နေ့က ကျင်းပသည့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဖြစ်မြောက်ရေးနှင့် အမျိုးသားစာကြည့်တိုက်ကိစ္စတွေ့ဆုံညှိနှိုင်းပွဲတွင် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်ခဲ့ကြရာ ၁၉၉၈ ခုနှစ်တွင် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကြီးကိုအောင်မြင်စွာ ထူထောင်နိုင်ခဲ့ကြပေသည်။

ပထမအကြိမ်ညီလာခံကျင်းပခြင်း

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းကြီး၏ သမိုင်းဝင် ပထမအကြိမ်ညီလာခံကို ၁၉၉၈ ခုနှစ်၊ ဇွန် (၂၇) ရက်နေ့က ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမကြီး၏၌ အောင်မြင်စွာ ကျင်းပခဲ့သည်။ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုယ်တိုင် ကြွရောက်ချီးမြှင့်ပြီး လမ်းညွှန်မိန့်ခွန်းမြွက်ကြားခြင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

ကောင်စီ၏ အလှူတော်ငွေ ကျပ်တစ်သိန်းတိတိ ပေးအပ်ခြင်း၊ အခြားအလှူရှင်များထံမှ အလှူငွေများကို လက်ခံရယူပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကြီး၏ ပထမအကြိမ် ညီလာခံကြီးတွင် အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို အတည်ပြုပြဋ္ဌာန်းခဲ့ကြပြီး ထိုညီလာခံကြီးကပင် အဖွဲ့ဝင် (၂၁) ဦးပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို သင်းဖွဲ့စည်းမျဉ်းပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်တင်မြှောက်ဖွဲ့စည်းပေးခဲ့ပေသည်။

"ရိုးရာယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားပညာရေး အဆင့်အတန်းမြှင့်တင်ရေးနှင့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာပြန့်ပွားထွန်းကားရေးတို့ကို ယှဉ်တွဲအကောင်အထည်ဖော်ရာတွင် စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးပါသည်ကိုသိမြင်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအနေဖြင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကြီး ပေါ်ထွန်းလာရန် အားပေးဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း"

"မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကြီးသည် စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ပညာရှင်များ အချင်းချင်း ညီညွတ်ခိုင်မာသည့်စိတ်ထားဖြင့် စာကြည့်တိုက်များနှင့် စာကြည့်တိုက်ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လာအောင် ဦးဆောင်မှုပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားပြီဖြစ်ကြောင်း"

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ညီလာခံလမ်းညွှန်မိန့်ခွန်းနှင့်အညီ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ခဲ့ကြပေသည်။

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ အလုပ်အမှုဆောင်အဖွဲ့သည် အသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို အားကြိုးမာန်တက် ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာ (၂၇) ရက်နေ့က ပထမအကြိမ်နှစ်လည် (သင်း လုံးကျွတ်) အစည်းအဝေးတစ်ရပ် ကျင်းပပြီး (၁) နှစ်နှင့် (၅) လသက်တမ်းအတွင်း အသင်းကြီး၏ အကျိုးစီးပွားအတွက် မိမိတို့၏ဆောင်ရွက်ချက်များ၊ ငွေစာရင်းရှင်းတမ်းများကိုတင်ပြ၊ အတည်ပြုချက်ရယူနိုင်ခဲ့ကြသည်။ စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ စာတမ်း (၄) စောင်ကိုလည်း ဖတ်ကြားတင်သွင်းခဲ့ကြပြီး အသင်းဝင်များက မေးခွန်းများမေးမြန်းခြင်း၊ စာတမ်းရှင်များကပြန်လည် ဖြေကြားခြင်းဖြင့် ပထမအကြိမ်နှစ်လည် အစည်းအဝေးကြီးကို ကျင်းပနိုင်ခဲ့ကြသည်။

ဒုတိယနှစ်လည်အစည်းအဝေးကြီးကို (၂၀၀၀) ပြည့်နှစ်၊ ဩဂုတ် (၂၆) ရက်နေ့က အောင်မြင်စွာကျင်းပကြပြီး အသင်းကြီး၏ (၉) လတာအတွင်း ဆောင်ရွက်ချက်များနှင့် ဘဏ္ဍာရေးရှင်းတမ်းများ၊ စာရင်းစစ်အစီရင်ခံစာများ ကို သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အစဉ်အလာမပျက် စာကြည့်တိုက်ပညာရပ်ဆိုင်ရာ စာတမ်း (၃) စောင်ကိုလည်းဖတ်ကြားနိုင်ခဲ့ကြသည်။

တတိယအကြိမ် နှစ်လည်အစည်းအဝေးကြီးကို (၂၀၀၁) ခုနှစ်၊ ဇွန် (၂၃) ရက်နေ့က အောင်မြင်စွာကျင်းပနိုင်ခဲ့ပြန်သည်။ အစည်းအဝေးကြီးတွင် စာကြည့်တိုက် အသင်းသားများက စာကြည့်တိုက်ပညာရပ်ဆိုင်ရာ စာတမ်း (၂) စောင်ကို ဖတ်ကြားတင်သွင်းခဲ့ကြပေသည်။

နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကြီးသည် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ နိုင်ငံတကာစာကြည့်တိုက်အသင်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းသည် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံ (Congress of Southeast Asian Librarians- CONSAL) ၏ အဖွဲ့ဝင်ဖြစ်သကဲ့သို့ နိုင်ငံတကာစာကြည့်အသင်းများ အဖွဲ့ချုပ် (International Federation of Library Associations- IFLA)၏ အဖွဲ့ဝင်အဖြစ်လည်း ရပ်တည်နေပြီဖြစ်သည်။

၁၉၉၉ ခုနှစ် ဩဂုတ် (၂၀ မှ ၂၈ ရက်နေ့အထိ) ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ကျင်းပသည့် IFLA ၏ (၆၅) ကြိမ်မြောက် အထွေထွေညီလာခံကြီးသို့ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း နာယကကြီးများ ဖြစ်ကြသော ဆရာကြီး ဦးသော်ကောင်း၊ ဆရာမကြီး ဒေါ်တင်ဘုန်းနွယ်၊ အသင်းဥက္ကဋ္ဌ ဦးခင်မောင်တင် နှင့် ဒု- ဥက္ကဋ္ဌ ဦးတင်မောင်လွင်တို့ တက်ရောက်ခဲ့ကြပြီး စာကြည့်တိုက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

၂၀၀၀ ပြည့်နှစ် ဧပြီ (၂၃ မှ ၃၀ ရက်နေ့အထိ) စင်ကာပူနိုင်ငံတွင် ကျင်းပသည့် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ၏ (၁၁) ကြိမ်မြောက် ညီလာခံ (CONSAL XI) သို့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း နာယကဆရာကြီး ဦးသော်ကောင်း ဦးဆောင်၍ အဖွဲဝင်များအဖြစ် အသင်းဥက္ကဋ္ဌ ဦးခင်မောင်တင်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချိုအေးနှင့် အလုပ်အမှုဆောင်များဖြစ်ကြသော ဦးမြင့်ကြိုင်နှင့် ဒေါ်ခင်မော်မော်ထွန်းတို့ တက်ရောက်ခဲ့ကြ ပြီး ဒေသအတွင်းစာကြည့်တိုက်လုပ်ငန်းရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီသတင်းအချက်အလက်များ ထုတ် ပြန်မှုနည်းပညာရပ်များ (Information Technology) ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

၂၀၀၂ ခုနှစ် ဩဂုတ် (၁၈) မှ (၂၄) အထိ စကော့တလန်နိုင်ငံ ဂလပ်စဂိုမြို့တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက် အသင်းများအဖွဲ့ချုပ် (IFLA) ၏ (၆၈) ကြိမ်မြောက်အထွေထွေညီလာခံကြီးသို့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း တွဲဖက်ဘဏ္ဍာရေးမှူး ဦးချိုအေးတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကြီး၏ ဖြစ်ပေါ်တိုးတက်မှုများကို တင်ပြနိုင်ခဲ့သည်သာမက ခေတ်မီစာကြည့်တိုက်ပညာများ သင်ကြားလေ့ကျင့်နိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးနိုင်ခဲ့ပေသည်။

ISBN, ISSN လုပ်ငန်းများ

မြန်မာနိုင်ငံတွင် စျေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမှု၏ အကျိုးဆက်တစ်ခုအဖြစ် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေသော စာအုပ်စာတမ်းများကို နိုင်ငံတကာစာအုပ် စျေးကွက်သို့ တင်ပို့ရောင်းချနိုင်သည့် အခွင့်အလမ်းတစ်ရပ်ပေါ်ပေါက်လာခဲ့သော်လည်း မြန်မာနိုင်ငံထုတ်စာအုပ်စာတမ်းများ၌ ISBN (International Standard Book number) နှင့် ISSN (International Standard Serial Number) များ မပါရှိသည့်အတွက် အခက် အခဲဖြင့် ရင်ဆိုင်ကြရသည်။ ISBN, ISSN တို့သည် စာအုပ်စျေးကွက်တွင် အမှာစာများပြုလုပ်ခြင်း၊ မှတ်တမ်းတင်ခြင်းများကို လွယ်ကူစွာဆောင်ရွက်နိုင်သကဲ့သို့ စာအုပ်များကတ်တလောက်ပြုလုပ်ရာ၌ စာကြည့်တိုက်များအတွက် အလွန်အရေးပါလှသည်။ နိုင်ငံတကာတွင် နိုင်ငံတော်စာကြည့်တိုက်များ၊ နိုင်ငံတော် စာကြည့်တိုက်အသင်းများကသာ တာဝန်ယူ၍ မိမိနိုင်ငံအတွက် ISBN, ISSN တို့ကို ထုတ်ပေးလေ့ရှိရာ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းအနေဖြင့် ISBN, ISSN များရရှိရေး အတွက် နိုင်ငံတော်၏ လမ်းညွှန်မှုကိုခံယူ၍ စနစ်တကျစီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပေသည်။

ဒုတိယအကြိမ်ညီလာခံကျင်းပခြင်း

အသင်းကြီးအနေဖြင့် စတင်တည်ထောင်စဉ်က အသင်းဦးရေ (၂၆၀) ခန့်ရှိခဲ့ရာမှ ယခုအခါ အသင်းဦးရေ (၄၅၇) ဦးအထိ တိုးတက်အောင်စည်းရုံးဆောင်ရွက်နိုင်ပြီ ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း အသင်းကြီး၏ ရည်ရွယ်ချက်များနှင့် ထိုရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ချမှတ်ထားသော လုပ်ငန်းစဉ်များကို အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိပေသည်။

ကျင်းပပြီးစီးခဲ့သည့် ပထမအကြိမ်ညီလာခံနှင့် ပထမ၊ ဒုတိယ၊ တတိယနှစ်ပတ်လည် အစည်းအဝေးကြီးများ၏ အတွေ့အကြုံများ၊ ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ စသည်တို့အပေါ် အခြေခံ၍ ဒုတိယအကြိမ် ညီလာခံကြီးကို အသင်းကြီး၏ သက်တမ်း (၄) နှစ်ပြည့်မြောက်သည့် ၂၀၀၂ ခုနှစ်၊ ဇူလိုင် (၂၀) ရက်က ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ အမျိုးသားပြတိုက်ရှိ ဘက်စုံခန်းမကြီးအတွင်း၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

ဦးချိုအေး (စာကြည့်တိုက်အသင်းဝင်တစ်ဦး)

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၂၀၀၂ ခုနှစ်အတွင်း တိုးတက်ဖြစ်ပေါ်ခဲ့သည့် ထင်ရှားသောအကြောင်းရပ်အချို့ကို အောက်ပါအတိုင်း ဖော်ပြပါသည်။

မဟာသီဘင်မိုဟာမက်နှင့် ဇနီး ဒါတင်ဆရီ ဒေါက်တာ စိတီဟက်စ်မာဟာဂျိမိုဟာမက်စလီ တို့သည် သြဂုတ်လ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အလုပ်သဘောအလည်အပတ်ခရီး လာရောက်သည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဂျပန်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံစဉ်

နိုင်ငံရပ်ခြားဆက်ဆံရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသမ္မတ မစ္စတာ ထရန်ဒတ်လောင် ခေါင်းဆောင်သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေလ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ ဒေါက်တာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် နိုဝင်ဘာလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပသော ပထမအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးညီလာခံ၊ အဋ္ဌမအကြိမ် အာဆီယံထိပ်သီးညီလာခံနှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများ ညီလာခံများနှင့် အာဆီယံ- အိန္ဒိယထိပ်သီးညီလာခံများသို့ တက်ရောက်သည်။

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ သည် ဒီဇင်ဘာလ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးချုပ် မစ္စတာဝမ်ကျုံးယုနှင့် အဖွဲ့အား ဇန်နဝါရီလ ၂၁ ရက်နေ့တွင်လည်းကောင်း၊ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် Admiral Narong Yuthavong (RTN) နှင့်အဖွဲ့အား ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်လည်းကောင်း၊ ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး မစ္စယိုရီကိုကာ ဝါဂူချိနှင့် အဖွဲ့ဝင်များအား ဩဂုတ်လ ၅ ရက်နေ့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ဆူရာကီယတ်သီရာ ထိုင်းနှင့် အဖွဲ့ဝင်များအား ဩဂုတ်လ ၆ ရက်နေ့တွင်လည်းကောင်း၊ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအလက်စ်ဇန္ဒားဒေါင်နာနှင့်အဖွဲ့အား အောက်တိုဘာလ ၂ ရက်နေ့တွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာမိုရှက်ခန်းနှင့်အဖွဲ့ဝင်များအား နိုဝင်ဘာလ ၂၁ ရက်နေ့တွင်လည်းကောင်း အသီးသီး လက်ခံတွေ့ဆုံသည်။

မဟာကျောက်စိမ်းရတနာကြီး

ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ Ruby Dragon Jade & Gems Co., Ltd. နှင့် ကျောက်စိမ်းနဂါး (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်တို့က တူးဖော်ရရှိသော တန် ၃,၀၀၀ ကျော်ရှိ မဟာကျောက်စိမ်းရတနာကို နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ မေလ ၂၆ ရက်နေ့တွင် ကျင်းပသည်။ မဟာကျောက်စိမ်းရတနာကြီးမှာ အထူးဒေသ(၆) ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ Ruby Dragon Jade & Gems Co,Ltd.နှင့် ကျောက်စိမ်းနဂါး (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်တို့၏ ကချင်ပြည်နယ် ဖားကန့်မြို့နယ် နမ့်မှော်ကျေးရွာရှိ နမ့်မှော်ဖော်ထုတ်လုပ်ကွက် အမှတ် ၁၀၉တွင် ဥမင်လိုက်ခေါင်းစနစ် (ခေါင်းစားထိုးစနစ်) ဖြင့် မြေအောက်ပေ ၄၀ အနက်မှ တူးဖော်တွေ့ရှိခဲ့သည့် အလျားပေ ၇၀၊ အနံ ၁၆ ပေ၊ အမြင့်ပေ ၃၀ ရှိ ကျောက်စိမ်းအငုတ် (Dyke) ကြီးတစ်ခုဖြစ်သည်။ အဆိုပါ ကျောက်စိမ်းအငုတ် (Dyke) ကြီးတွင် အမည်းရောင် ဆာပင်တင်း (Serpentine) များဖုံးအုပ်လျက်ရှိပြီး အောက်တွင်အဖြူရောင် ကျောက်စိမ်းသားများနှင့်အတူ အစိမ်းရောင်၊ ခရမ်းရောင် ကျောက်စိမ်းသားများ ရောနှောပါဝင်လျက်ရှိရာ ယန်းညက် Crystal ဖြစ်သဖြင့် ကျောက်သားဖွဲ့စည်းမှု အထူးကောင်းမွန်သည့် ကျောက်စိမ်းငုတ်ကြီး ဖြစ်သည်။ ကျောက်စိမ်းငုတ်ကြီးအား လေ့လာစိစစ်ကြည့်ရာ ကျောက်စိမ်း အရည်အသွေးအင်္ဂါရုပ်များအရ ဗေဒါခွာမ်၊ ချယ်ရီခွာမ်၊ အဆင့်မြင့်ပေါ်လီသား၊ အသားမှန်၊ ပိန်းဥသား၊ ပဲရည်ပါ ကျောက်သားမှန်၊ ကျောက်စိမ်းရည်ပါ ကျောက်သား စသည့် ကျောက်စိမ်းအမျိုးအစားအဆင့်ဆင့် ရောနှောပါဝင်လျက်ရှိသဖြင့် တန်ဖိုးကြီးမားပြီး အလွန်ရှားပါးကာ ရတောင့်ရခဲ ထူးခြားသည့် ကျောက်စိမ်းရတနာကြီး ဖြစ်သည်။

လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ

ဖြူးချောင်းတံတားဖွင့်ပွဲကို ဖြူးမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်ရှိ တံတားမြောက်ဘက် မဂ်လာမင်္ဂျာပ်၌ ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပသည်။ ဖြူးချောင်းတံတား အမျိုးအစားမှာ အုတ်မြစ်အမျိုးအစား တံတားဖြစ်ပြီး ကိုယ်ထည်မှာ သံကူကွန်ကရစ်ကိုယ်ထည် ဖြစ်သည်။ အလျား ၄၆၈ ပေ၊ ယာဉ်သွားလမ်း အကျယ် ၄၈ ပေရှိသည်။ လေးလမ်းသွားတံတားဖြစ်ပြီး လူသွားလမ်း အကျယ်တစ်ဖက်လျှင် ခြောက်ပေစီကျယ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ ဖြစ်သည်။ တံတားတည်ဆောက်မှုအတွက် ငွေကျပ် ၆၂၀ သန်းကုန်ကျသည်။

ဒုံသမိမြစ်ကူးတံတားဖွင့်ပွဲကို သထုံမြို့နယ် ဒူးရင်း ဆိပ်ကျေးရွာအနီးရှိ တံတားမုခ်ဦးထိပ်၌ ဇန်နဝါရီလ ၁၉ ရက်နေ့၌ ကျင်းပသည်။ ဒုံသမိမြစ်ကူး တံတားသည် အလျားပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေရှိပြီး လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီပါရှိသည်။ အုတ်မြစ်အမျိုးအစားတံတားဖြစ်ပြီး ပေ ၁၀၀ အရှည် ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင် ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ် ၇၇ ပေ၊ အမြင့်ခြောက်ပေရှိသည်။ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကို ဆက်သွယ်တည်ဆောက်ထားသည့် ကားလမ်းနှင့်ရထားလမ်း နှစ်လမ်းသုံးတံတားဖြစ်သည်။

တနိုင်းမြစ်ကူးတံတားဖွင့်ပွဲကို တနိုင်းမြို့နယ်ရှိ တံတားအနီး မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပသည်။ တနိုင်းမြစ်ကူးတံတားသည် မြစ်ကြီးနား - ပန်ဆောင်- လီဒို လမ်းမပေါ်တွင် အရေးပါသော တံတားဖြစ်ပြီး အပေါ်ထည် H 20 သံပေါင်နှင့် RPT သံပေါင်အောက်ထည် သံကူကွန်ကရစ် အမျိုးအစားတံတားဖြစ်သည်။ တံတားအရှည် ၉၄၂ ပေ၊ ယာဉ်သွားလမ်း အကျယ် ၁၂ ပေနှင့် ခွင့်ပြုတန်ချိန်တန် ၃၀ ရှိသည်။

မတ်လန်းတံတားဖွင့်ပွဲကို လံချားမြို့နယ်ရှိ တံတားထိပ် မိုင်းရှူးဘက်ကမ်းမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၂၄ ရက် နေ့တွင် ကျင်းပသည်။ မတ်လန်းတံတားကို လံချားမြို့နယ်လံချား- မိုင်းနောင်- မိုင်းရှူးလမ်းပေါ်ရှိ နမ့်တိန်ချောင်းအား ဖြတ်ကျော်တည်ဆောက်ထားသည်။ တံတားအရှည် ပေ ၂၄၀ ပေဖြစ်ပြီး ခန်းဖွင့်ပေ ၈၀ သုံးခန်း ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေဖြစ်ပြီး တစ်ဖက်စီတွင် လူသွားလမ်းအကျယ် သုံးပေစီ ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၆၄ ပေနှင့် အမြင့် ၁၂ ပေ ဖြစ်သည်။ တံတားအပေါ်ထည်နှင့်အောက်ထည်တို့ကို သံကူကွန်ကရစ် အမျိုးအစားဖြင့် ဆောက်လုပ်ထားပြီး အုတ်မြစ်ကို ကွန်ကရစ်အားဖြည့် သံမဏိခွေဖြင့် တည်ဆောက်ထားသည်။ ခွင့်ပြုယာဉ် အလေးချိန်မှာ HS, 20- 44 -၃၆ တန် နှစ်လမ်းဖြစ်ပြီး ယာဉ်တစ်စီးချင်းခွင့်ပြုတန်မှာတန် ၆၀ ဖြစ်သည်။

ရွှေလောင်းတံတားဖွင့်ပွဲကို ဝါးခယ်မမြို့နယ် ပန်းတနော်- ရွှေလောင်း- ဝါးခယ်မလမ်း မိုင်တိုင် အမှတ် ၂၁/ ဝ ရှိတံတားအနီး မင်္ဂလာမဏ္ဍပ်၌ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပသည်။ ရွှေလောင်းတံတားသည် အရှည်ပေ ၁, ၉၀၀ ရှိသော ဘေလီသံပေါင်ကြိုးတံတား အမျိုးအစား ဖြစ်သည်။ တံတားအောက် အခြေခံအုတ်မြစ်အဖြစ် သံကူကွန်ကရစ်လွန်တူးဘိုးပိုင်အုတ်မြစ်နှင့် သံကူကွန်ကရစ်အောက်ထည်ပေါင်၌ တည်ဆောက်ထားသည်။ ယာဉ်သွားလမ်းအကျယ် ၁၄ ပေရှိပြီး တစ်ဖက်တစ်ချက်စီတွင် လူသွားလမ်းအကျယ် သုံးပေစီပါရှိသည်။ တာဝါတိုင် နှစ်တိုင်သည် ၄၇ ပေမြင့်ပြီး အလယ်သံပေါင်ကြိုးတံတား ခန်းဖွင့်ပေ ၅၀၀ ရှည်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် ၃၆ တန်ဖြစ်သည်။ တံတားအောက်ရေလမ်း ကင်းလွတ်နယ်မြေအကျယ်ပေ ၄၀၀ နှင့် ရေအတက်ဆုံးအချိန်တွင် အမြင့် ၃၆ ပေရှိသည်။

ဘုမ္မဇိုးဖြတ်ချောင်း သံကူကွန်ကရစ်တံတားဖွင့်ပွဲကို ကဝမြို့နယ် ဇင်းဘုကျေးရွာ၌ ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပသည်။ တံတားမှာအလျားပေ ၉၀၊ အကျယ် ၁၂ ပေရှိသည်။ တံတားတည်ဆောက်ခြင်းကြောင့် ရှမ်းကန်၊ ဇင်းဘုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာမှ ကဝမြို့သို့ အချိန်မရွေးလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်သည်။

ဇော်ဂျီမြစ်ကူးတံတားအမှတ် ၃/၄၀၂ ဇော်ဂျီတံတား (ကျောက်ဆည်) ဖွင့်ပွဲကို ကျောက်ဆည်မြို့ ရန်ကုန်- မန္တလေးကားလမ်းပေါ်ရှိ တံတား၌ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပသည်။ ဇော်ဂျီတံတား (ကျောက်ဆည်) သည် အရှည်ပေ ၂၁၀၊ ယာဉ်သွားလမ်းအကျယ်ပေ ၆၀၊ လူသွားလမ်းအကျယ် တစ်ဖက်ငါးပေစီရှိပြီး သံကူ ကွန်ကရစ်တံတားဖြစ်သည်။ တံတားခံနိုင်အားတန် ၆၀ ရှိသည်။

ပါဒဝ (ပီလခတ်) တံတားဖွင့်ပွဲကို ကျောက်တန်းမြို့နယ်ရှိ တံတားအနီးမင်္ဂလာမဏ္ဍပ်၌ ဧပြီလ ၁၇ ရက်နေ့တွင် ကျင်းပသည်။ ပါဒဝ (ပီလခတ်) တံတားသည် အလျားပေ ၁၂၀၊ အကျယ် ၁၉ ပေရှိ ချောင်းကူး ကွန်ကရစ်တံတားဖြစ်သည်။ တံတားတည်ဆောက်မှုအတွက် ငွေကျပ် သိန်း ၂၇၀ ကုန်ကျသည်။

မဏိပူရမြစ်ကူးကပ်တဲလ်ကြိုးတံတားဖွင့်ပွဲကို တီးတိန်မြို့နယ်ရှိ တံတားဖွင့်ပွဲဗဟိုမဏ္ဍပ်၌ ဧပြီလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ မဏိပူရမြစ်ကူး ကပ်တဲလ်ကြိုး တံတားသည် တီးတိန်- ကပ်တဲလ်-ရိဒ်ရေကန် ကားလမ်းပေါ်တွင် တည်ရှိသည်။ တံတားအရှည်ပေ ၄၈၀၊ အကျယ် ၁၀ ပေ ကိုးလက်မ ရှိပြီး တာဝါတိုင် သံမဏိကွန်ကရစ်တိုင်နှင့် သံမဏိ သံပေါင်ကြိုးတံတား သစ်သားကြမ်းခင်းအမျိုးအစား ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ် မြေအကျယ်ပေ ၃၅၀ နှင့် အမြင့်ပေ ၂၀ ရှိသည်။ တံတား၏ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီး ချင်း ၁၀ တန် ဖြစ်သည်။

မန်းချောင်းတံတားဖွင့်ပွဲကို မင်းဘူး (စကု) မြို့နယ်ရှိ တံတားအနီး ယာယီမဏ္ဍပ်၌ မေလ ၂၈ ရက်နေ့တွင် ကျင်းပသည်။ မန်းချောင်းတံတားသည် ပုသိမ်- မုံရွာ လမ်းမကြီးပေါ်ရှိ မိုင်တိုင် ၁၁၂/ ၄ တွင် တည်ရှိပြီး သံကူကွန်ကရစ် အုတ်မြစ်ခံဘေလီ အမျိုးအစား တံတားဖြစ်သည်။ တံတားအရှည်ပေ ၄၂၀၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေ ၁၀လက်မ ခွဲနှင့် ခွင့်ပြုယာဉ်အလေးချိန်တန် ၂၀ ဖြစ်သည်။

ညောင်ခါးရွာ- မြစ်ကျိုး- ဒိုက်ဦး မြေသားလမ်း (ဒိုက်ဦးအပိုင်း) နှင့် (ဝေါအပိုင်း) ဖွင့်ပွဲကို ဒိုက်ဦးမြို့အဝင် လမ်းသစ်ပေါ်ရှိ ယာယီမဏ္ဍပ်နှင့် ဝေါမြို့နယ်အဖျားငှက် ချေးဝင်းကျေးရွာအုပ်စု မိုင်တိုင်အမှတ် ၈၁/ ၄ အနီး၌ ဇွန်လ ၂ ရက်နေ့တွင် အသီးသီးကျင်းပသည်။ ညောင်ခါး ရွာ- မြစ်ကျိုး- ဒိုက်ဦး မြေသားလမ်းသစ်သည် ဒိုက်ဦးမှ ညောင်ခါးရွာအထိ လမ်းအရှည် ၂၁ မိုင် နှစ်ဖာလုံ၊ လမ်းအကျယ်ပေ ၃၀၊ လမ်းအမြင့် ခြောက်ပေရှိပြီး မန္တလေးနှင့် မော်လမြိုင်သို့ ဖြတ်လမ်းမသွားရောက်နိုင်သည်။ ယခင်စစ်တောင်းတံတား- ဘုရားကြီး- ဒိုက်ဦးလမ်းဟောင်းအတိုင်း သွားရောက်ပါက ၄၅ မိုင် နှစ်ဖာလုံ ဖြစ်၍ ယခုလမ်းသစ်ဖောက်လုပ်ခြင်းကြောင့် ၂၄ မိုင် လျော့နည်းသက်သာသည်။ လမ်းသစ်တစ်ဖက်တစ်ချက်စီတွင် အကျယ်ပေ ၂၀၊ အနက်ခြောက်ပေရှိသည့် ရေနုတ်မြောင်းများပါရှိသည်။

ကျောက်ကြီးပေါက် တံတားဖွင့်ပွဲကို အမ်းမြို့နယ်ရှိ ကျောက်ကြီးပေါက်တံတား၌ ဇွန်လ ၂၅ ရက်နေ့တွင် ကျင်းပသည်။ ကျောက်ကြီးပေါက် တံတားသည် အမ်းမြို့နယ် တောင်ကုတ်- မအီ-

ရောဝတီတံတား (မကွေး) ဖွင့်ပွဲအခမ်းအနား

ကျောက်ဖြူလမ်းပေါ်တွင် တည်ရှိပြီး သံကူကွန်ကရစ်၊ သံမဏိသံပေါင်အမျိုးအစား တံတားဖြစ်သည်။ တံတားအရှည်ပေ ၃၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီရှိသည်။ တံတားအောက်ရေလမ်း ကင်းလွတ်နယ်မှာ အကျယ်ပေ ၁၆၀၊ အမြင့် ခြောက်ပေရှိပြီး တံတား၏ ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ ဖြစ်သည်။

တံငါတံတားဖွင့်ပွဲကို မတ္တရာမြို့နယ်ရှိ တံတားအနီး မဂ်လာမင်္ဂလာပ်၌ ဇူလိုင်လ ၁၄ ရက်နေ့တွင် ကျင်းပသည်။ တံငါတံတားသည် မန္တလေး- မတ္တရာ- လက်ပံလှ- ဝါးဖြူ တောင်- မိုးကုတ်- မိုးမိတ်- စီအူ- ဗန်းမော်လမ်းပေါ်ရှိ တံငါရွာအနီး ချောင်းမကြီးချောင်းကိုဖြတ်ပြီး ဆောက်လုပ်ထားသော သံကူကွန်ကရစ် အမျိုးအစားတံတားဖြစ်သည်။ ခန်းဖွင့်ပေ ၆၀ ပါအခန်းခြောက်ခန်းပါရှိပြီး အရှည်ပေ ၃၆၀ ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်းတစ်ဖက်တစ်ချက် အကျယ်သုံးပေစီ ဖြစ်သည်။

သစ်ရာကောက်- စမ်းမကြီး- ကိုးပင် မြေသာဖြတ်လမ်း ဆင်ပေါင်ဝဲမြို့နယ် အပိုင်းဖွင့်ပွဲကို ကိုးပင်ကျေးရွာ လမ်းမုခ်ဦး၌ လည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် အပိုင်းဖွင့်ပွဲကို စမ်းမကြီးကျေးရွာလမ်းမုခ်ဦး၌ လည်းကောင်း၊ မကွေးမြို့နယ်အပိုင်းဖွင့်ပွဲကို ဖွင့်ပွဲမုခ်ဦး၌ လည်းကောင်း ဇူလိုင်လ ၂၆ ရက်နေ့တွင် အသီးသီးကျင်းပသည်။ သစ်ရာကောက်- စမ်းမကြီး- ကိုးပင် ဖြတ်လမ်းသည် လက်ရှိ ၁၀၈မိုင်လေးဖာလုံရှိ မကွေး-အောင်လံလမ်းကို ၈၁မိုင် ခုနှစ်ဖာလုံသာကွာဝေးအောင်ဖြတ်၍ ဖောက်လုပ်ထားသောလမ်းဖြစ်သည်။ လမ်းပိုင်းအရှည် ၂၁မိုင် လေးဖာလုံရှိပြီး ဆင်ပေါက်ဝဲ၊ တောင်တွင်းကြီးနှင့် မကွေးမြို့နယ်များရှိ ဆက်စပ်ပေးသော မြေသားလမ်းဖြစ်သည်။

ယူးချောင်းတံတားဖွင့်ပွဲကို တမူးမြို့နယ်ရှိ တံတားအနီး မဂ်လာမင်္ဂလာပ်၌ အောက်တိုဘာလ ၆ ရက်နေ့တွင် ကျင်းပသည်။ ယူးချောင်းတံတားသည် တမူး- စေတီလမ်းပေါ်တွင် ယူးချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည်။ တံတားအရှည်ပေ ၄၀၀၊ အကျယ် ၁၀ပေကိုးလက်မရှိသည်။ အချင်းခြောက်ပေနှင့်ကိုးပေရှိ ရေတွင်းပုံအုတ်မြစ်ပေါ်တွင် သံကူကွန်ကရစ်ကိုယ်ထည် တည်ဆောက်ထားကာ အပေါ်ထည်မှာ နှစ်လွှာတစ်ထပ် ဘေလီသံပေါင်နှင့် သစ်မာကြမ်းကို သံမဏိကြိုးဆိုင်းစနစ်ဖြင့် တည်ဆောက်ထားသော တံတားဖြစ်သည်။ ရေလမ်းကင်းလွတ်နယ်မြေ အကျယ်ပေ ၁၀၀၊ အမြင့် ခြောက်ပေရှိပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်တန် ၂၀ ဖြစ်သည်။

ဧရာဝတီတံတား (မကွေး)ဖွင့်ပွဲကို တံတားတည်ဆောက်ရေးစီမံကိန်းအနီးရှိ မဂ်လာမင်္ဂလာပ်၌ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပသည်။ ဧရာဝတီတံတား (မကွေး) သည် မကွေးမြို့နှင့် မင်းဘူးမြို့တို့ကို ဆက်သွယ်ထားသည်။ ချဉ်းကပ်တံတားအရှည် ပေ ၂,၀၂၀၊ ပင်မတံတားအရှည် ၆,၉၆၉ ပေ စုစုပေါင်းတံတားအရှည် ၈,၉၈၉ ပေ ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီဖြင့် မကွေးဘက်ကမ်းတွင် မဂ်လာလမ်း၊ မင်းဘူးဘက်ကမ်းတွင် ကျွဲသိုးမြောင်ကျေးရွာအနီး ဧရာဝတီမြစ်ကို ဖြတ်၍ ဖောက်လုပ်ထားသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် အခြေခံစောက်ထည် တံတားအမျိုးအစားဖြစ်ပြီး အပေါ်ထည်မှာ သံမဏိပေါင်၊ ချဉ်းကပ်တံတားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ် ဖြစ်သည်။ တံတားရေလမ်း ကင်းလွတ်နယ်အကျယ် ပေ၃၆၀၊ အမြင့် ၅၇ ပေ ရှိသည်။ တံတားခံနိုင်ဝန်တန် ၆၀ ဖြစ်သည်။

လမ်းသမိုင်တံတားဖွင့်ပွဲကို တံတားမဂ်လာမင်္ဂလာပ်၌ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင်ကျင်းပသည်။ လမ်းသမိုင်တံတားသည် ဝါးခယ်မနှင့် ကျုံမငေးတို့ကို ဆက်သွယ်သည့် လမ်းပေါ်တွင် တည်ရှိသော လမ်းသမိုင်ချောင်းကို ဖြတ်သန်းတည်ဆောက်ထားသည့် တံတားဖြစ်သည်။ တံတားအရှည်ပေ ၂၂၀၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေကျယ် သံမဏိပေါင်ရက်မနှင့် ကြမ်းခင်းအခန်းဖွင့်ပါရှိကာ ကျန်ခန်းဖွင့်များမှာ သံကူကွန်ကရစ် ဖြစ်သည်။ အောက်ထည်ကို သံကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြင့် တည်ဆောက်ထားသည်။ ရေလမ်းကင်းလွတ်နယ်မြေအကျယ် ၂၉ ပေ၊ အမြင့် ၂၄ ပေရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း အလိုက်တန် ၂၀ ဖြစ်သည်။ တံတားတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၂၇၀ ကုန်ကျသည်။

ဆည်မြောင်းတာတမံများ တည်ဆောက် ဖွင့်လှစ်ခြင်း

သာယာဝတီမြို့နယ် သုံးဆယ်ရေလှောင်တမံ ဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍပ်၌ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပသည်။ သုံးဆယ် ရေလှောင်တမံကို သာယာဝတီမြို့နယ်ရှိ သုံးဆယ် ချောင်းပေါ်တွင် တည်ဆောက်ထားသည်။ မြေသား တမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ပေ ၁၅၀၊ တမံ အလျား ပေ ၁, ၃၂၀ ရှိသည်။ ရေလှောင်တမံမှ စိုက်ဧက ၅၀, ၀၀၀ သို့ ဆည်ရေပေးဝေနိုင်မည် ဖြစ်သည်။

ကဝမြို့နယ် ပိုင်ကျုံရေထိန်းတံခါးဖွင့်ပွဲကို ရေထိန်း တံခါးအနီးရှိ မဂ်လာမဏ္ဍပ်၌ ဖေဖော်ဝါရီ လ ၂၄ ရက် နေ့တွင်ကျင်းပသည်။ ပိုင်ကျုံ ရေထိန်းတံခါးကို ကဝမြို့နယ် ပိုင်ကျုံချောင်းနှင့် ပဲခူးမြစ်ဆုံရာ အနီးတွင် တည်ဆောက်ထားသည်။ ခြောက်ပေ × ၁၂ ပေ အကျယ်ရှိ ရေတံခါးပေါက် ၃၇ ပေါက်ပါရှိသော ကွန်ကရစ်ရေတံခါးအမျိုး အစားဖြစ်သည်။ အကျိုးပြု ဧရိယာဧက ၃၀, ၀၀၀ ရှိသည်။ ပဇိုင်တာတောင်ပိုင်းရှိ ရေကြီးရေလွှမ်း ကွင်းများတွင် မိုးရာသီရေထုတ်နုတ်နိုင်ရန်နှင့် ပဲခူးမြစ်ရေ မဝင်စေရန်၊ နွေရာသီတွင် ရေချို ထိန်းသိမ်းသိုလှောင်နိုင်ရန်နှင့် ရေငန်နှင့် နုန်းများ မဝင်စေရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ် သည်။

ဒီမောဆိုးမြို့နယ် လွိုင်နန်းဖရေထိန်း တမံ ဖွင့်ပွဲကို ရေထိန်းတမံအနီးရှိ မဂ်လာမဏ္ဍပ်၌ မတ်လ ၅ ရက်နေ့တွင် ကျင်းပသည်။ လွိုင်နန်းဖရေထိန်း တမံကို ဒီမောဆိုးမြို့ နယ် လွိုင်နန်းဖကျေးရွာအနီး တီးကယ်လျားချောင်းပေါ်တွင် တည်ဆောက်ထား သည်။ တမံအမြင့်ပေ ၆၀၊ တမံ အလျားပေ ၁, ၆၉၀၊ ကန်ရေပြည့်ရေလှောင် ပမာဏ ဧကပေ ၁, ၃၀၀ ရှိပြီး မြေသားတမံ အမျိုးအစားဖြစ်သည်။ ရေထိန်းတမံတွင် တူးမြောင်းမကြီးတစ်ခု၊ လက်တံ ရေပေးမြောင်း ၁၀ ခု၊ တူးမြောင်းအဆောက်အအုံ ၇၂ ခုပါရှိပြီး ဧက ၂,၀၅၀ သို့စိုက်ပျိုးရေပေးဝေ နိုင်သည်။ ထို့ပြင် ကျေးလက်သောက်သုံးရေရရှိရေး အတွက် ဆိုင်ဖွန်စနစ်ဖြင့် ကျေးလက်ရေပေးဝေရေး လုပ်ငန်းနှင့် ကျေးရွာ သုံးရေစုကန်တစ်ကန်တို့ကိုပါ ဆောင်ရွက်ထားသည်။ ရေထိန်းတမံတည်ဆောက် ရေးအတွက် ငွေကျပ် ၂၀၉ ဒသမ ၅ သန်း ကုန်ကျ သည်။

ကြို့ပင်ကောက်မြို့နယ် ဘော်ဘင်ရေလှောင် တမံ ဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍပ်၌ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပသည်။ ဘော်ဘင် ရေလှောင်တမံကို ပင်မရေလှောင်တမံနှင့် ရေကူ တမံတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ပင်မ တမံသည် ကြို့ပင်ကောက် မြို့နယ်သရက်ချောင်း ပေါ်တွင် တည်ရှိပြီး မြေသားတမံအမျိုးအစားဖြစ် သည်။ တမံအလျားပေ ၉၁၀ နှင့် အမြင့် ၁၂၇ ပေ ရှိသည်။ ရေကူတမံသည် ဇီးကုန်းမြို့နယ် ဘော်ဘင် ချောင်းပေါ်တွင်တည်ရှိပြီး မြေသားတမံအမျိုး အစားဖြစ်သည်။ တမံအလျားပေ ၁,၅၉၀ နှင့် အမြင့် ၁၁၈ ပေရှိသည်။ ဘော်ဘင် ရေလှောင်တမံ၏ အကျိုးပြုဧရိယာ ဧက ၃၀,၀၀၀ ဖြစ်သည်။

မင်းလှမြို့နယ် (ပဲခူးတိုင်းအနောက်) ကံတင် ဘီးလင်းရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံ အနီးရှိ မဂ်လာမဏ္ဍပ်၌ ဧပြီလ ၂၁ ရက်နေ့တွင် ကျင်းပသည်။ ကံတင်ဘီးလင်းရေလှောင်တမံကို မင်းလှမြို့နယ် သဲကောရေလှောင်တမံအထက်မိုင် ၂၀ ခန့်အကွာ ကျွဲမကိုင်းကျေးရွာအနီးတွင် တည်ဆောက်ထားသည်။ တမံအလျားပေ ၁,၁၀၀၊ အမြင့် ၁၂၃ ပေရှိပြီး မြေသားတမံအမျိုးအစား ဖြစ်သည်။ ရေလှောင်တမံ၏ အကျိုးပြုဧရိယာမှာ ဧက ၂၅,၀၀၀ ဖြစ်သည်။

ဒိုက်ဦးမြို့နယ် ဘိုင်းဒါးရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံထိပ်ရှိ မဂ်လာမုခ်ဦး၌ မေလ ၁၀ ရက်နေ့တွင် ကျင်းပသည်။ ဘိုင်းဒါး ရေလှောင်တမံ သည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံ အလျား ပေ ၁,၄၀၀၊ အမြင့် ၁၂၂ ပေ ရှိသည်။ ရေလှောင် တမံမှ လယ်မြေဧက ၄၆,၇၀၀ သို့ ရေပေးဝေနိုင် မည်ဖြစ်ပြီး ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ် ၁.၉၉၈ သန်း ကုန်ကျသည်။

သထုံမြို့နယ် ဇိုက်ကရဲရေထိန်းတံခါးဖွင့်ပွဲကို ရေထိန်းတံခါးအနီး မဂ်လာမဏ္ဍပ်၌ ဇွန်လ ၂၅ ရက် နေ့တွင် ကျင်းပသည်။ ဇိုက်ကရဲရေထိန်းတံခါးသည် သထုံမြို့နယ် အောင်ကန်သာကျေးရွာအနီး ဇိုက်ကရဲ တူးမြောင်းဘေး၌ တည်ရှိသည်။ ခြောက်ပေ၊ ၁၂ ပေအကျယ်ရှိ ရေတံခါး ပေါက် ၂၁ ပေါက် ပါရှိသော

ကွန်ကရစ်ရေတံခါး အမျိုးအစား ဖြစ်သည်။ ရေထိန်းတံခါး၏ အကျိုးပြုဧရိယာ ဧက ၂၀,၀၀၀ ဖြစ်သည်။ သထုံမြို့နယ် သမင်ရိုး တူးမြောင်းဝဲယာရှိ ရေနက်ကွင်း၌ မြစ်ရေဝင်ရောက်မှုကြောင့် မိုးရာသီရေကြီးနစ်မြုပ်ခြင်းကို ကာကွယ်နိုင်ပြီး မိုးနှောင်းရာသီတွင် ရေချိုထိန်းသိမ်းခြင်းနှင့် နွေရာသီရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။ မိုးရေများကို မိုးရာသီတွင် ဆောလျင်စွာထုတ်နိုင်ရန်နှင့် နွေရာသီတွင် အောင်ရေပေးနိုင်ရန် ရည်ရွယ်တည်ဆောက်ထားသည်။

ရေနံချောင်းမြို့နယ် နဂါးရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံ၌ ဇူလိုင်လ ၂၇ ရက်နေ့တွင် ကျင်းပသည်။ နဂါးရေလှောင်တမံသည် ဒေါင်းနေချောင်းဆည်အစုအဖွဲ့ ကိုးခုအနက်မှ နဂါးချောင်းကို တမံပိတ်သည့် ရေလှောင်တမံတစ်ခု ဖြစ်သည်။ တမံအလျားပေ ၃,၀၅၀၊ အမြင့် ၆၈ ပေရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး လယ်ယာစိုက်ပျိုးမြေဧက ၂,၇၄၀ ခန့်ကို စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်မည်ဖြစ်သည်။

ငါန်းဇွန်မြို့နယ် ဖောင်းကတော ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီး မဂ်လာမဏ္ဍာပ်၌ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကျင်းပသည်။ ဖောင်းကတောရေလှောင်တမံသည် ငါန်းဇွန်မြို့နယ် ဖောင်းကတောကျေးရွာအရှေ့ဘက် ၁ ဒသမ ၇ မိုင်ခန့်အကွာတွင် တည်ရှိသည်။ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအလျားပေ ၂,၈၅၀၊ တမံအမြင့် ၆၇ ပေ ဖြစ်သည်။ ရေလှောင်တမံတွင်ရေဧက ပေ ၁,၁၀၀ မှ ဧကပေ ၇,၉၀၀ အထိရေလှောင်ထားရှိနိုင်ပြီး မြေဧရိယာဧက ၂,၀၀၀ ခန့်ကို ဆည်ရေပေးဝေနိုင်သည်။ ထို့ပြင် ယာမြေဧက ၁၈၀ ခန့်ကို မိုးရာသီတွင် ရေလွှမ်း၍ သဲဖုံးပျက်စီးမှုမှ ကာကွယ်နိုင်မည် ဖြစ်သည်။

မလှိုင်မြို့နယ် ကျင်းသာရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံ၌ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပသည်။ ကျင်းသာရေလှောင်တမံသည် မလှိုင်မြို့နယ် ကျင်းသာကျေးရွာအနီးတွင် တည်ရှိသည်။ တမံအလျားပေ ၁,၉၀၀၊ တမံအမြင့် ၅၆ ပေရှိပြီး သိမ်းကုန်းချောင်းမှရေကို သိုလှောင်ထား၍ သံကူကွန်ကရစ်အမျိုးအစား ရေထုတ်ပြွန်ဖြင့် ကုန်းတဲဆည်သို့ ဆည်ရေချပေးသည်။ ယင်းမှတစ်ဆင့် ဆည်ရေသောက်ဧရိယာရှိ လယ်ယာမြေများသို့ ဆည်ရေပေးဝေသွားမည် ဖြစ်သည်။

အမ်းမြို့နယ် ဟင်းရွက်ရေလှောင်တမံဖွင့်ပွဲကို အမ်းမြို့နယ် အောက်ရွာရှိ မဂ်လာမဏ္ဍာပ်၌ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပသည်။ ဟင်းရွက်ရေလှောင်တမံသည် ဟင်းရွက်ချောင်းပေါ်တွင် တည်ရှိပြီး မြေသားတမံအမျိုးအစား ဖြစ်သည်။ တမံအလျားပေ ၇၅၀၊ အမြင့်ပေ ၇၀ ရှိသည်။ တမံ၏ရေလှောင်ပမာဏသည် ဧကပေ ၆,၁၂၀ (ဂါလန်သန်းပေါင်း ၁,၆၅၂) ဖြစ်သည်။ အသုံးပြုနိုင်သော ရေပမာဏမှာ ဧကပေ ၅,၄၂၀ (ဂါလန်သန်း ပေါင်း ၁,၄၆၃) ဖြစ်ပြီး လူဦးရေ တစ်သိန်းအတွက် တစ် ရက်လျှင်လူတစ်ဦး ဂါလန် ၃၀ ဖြင့် တစ်နှစ်ပတ်လုံး သုံးစွဲနိုင်သည်။

ပြင်ဦးလွင်မြို့နယ် ဆင်လမ်းရေလှောင်တမံဖွင့်ပွဲကို ဆင်လမ်းရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍာပ်၌ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပသည်။ ဆင်လမ်းရေ လှောင်တမံကို ဆင်လမ်းချောင်းပေါ်တွင် တည်ဆောက်ထားသည်။ တမံအလျား ၆၆၅ ပေ၊ အမြင့် ၉၂ ပေရှိပြီး ရေဧက ပေ ၅,၆၀၀ သိုလှောင်နိုင်သည်။ ပြင်ဦးလွင်မြို့နေ ပြည်သူများသို့ နေ့စဉ် ရေဂါလန် ၂ ဒသမ ၅ သန်းပေးဝေနိုင်ရန်၊ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ကန်တော်ကြီးသို့ ရေကူပေးသွင်းနိုင်ရန်နှင့် စိုက်ပျိုးမြေဧက ၅၀၀ သို့ ရေပေးနိုင်ရန်အပြင် ပုသိမ်ကြီးမြို့နယ်ရှိ ဆည်တော်လေး ရေလွှဲဆည်မှတစ်ဆင့် သီးနှံစိုက်ပျိုးမြေဧက ၂,၀၀၀ သို့ ရေကူဖြည့်ဆည်းနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

သနပ်ပင်မြို့နယ်တာဝရေထိန်းတံခါး ဖွင့်ပွဲကို ရေထိန်းတံခါးအနီးရှိ မဂ်လာမဏ္ဍာပ်၌ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပသည်။ တာဝရေထိန်းတံခါးကို ပဲခူးမြစ် အရှေ့ဘက်ခြမ်းရှိ တာဝကျေးရွာအနီး ပဲခူးမြစ်နှင့် ပဲခူး-စစ်တောင်း တူမြောင်းဆုံရာအနီးတွင် တည်ဆောက်ထားသည်။ ရေထိန်းတံခါးသည် ကွန်ကရစ်ရေတံခါး အမျိုးအစားဖြစ်ပြီး ခြောက်ပေါ်၊ ၁၂ ပေအကျယ်ရှိ ရေတံခါးပေါက် ၃၃ ပေါက်ပါရှိသည်။ ရေထိန်းတံခါး၏ အကျိုးပြုဧရိယာ ဧက ၃၂,၀၀၀ဖြစ်သည်။ မိုးရာသီတွင် ရေပိုရေလျှံ

များကို ပဲခူးမြစ်ထဲသို့ ထုတ်နုတ်ပေးရန်နှင့် နွေရာသီတွင် ရေငန်နှင့် နုန်းများမဝင်ရောက်စေရန် ရည်ရွယ်တည်ဆောက်ထားသည်။ ထို့ပြင် နွေသီးနှံစိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် ရေချိုထိန်းသိမ်းသိုလှောင်ထားမည် ဖြစ်သည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်ခြင်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်ရှိ မယ်ပန်ချောင်းရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲကို အဆိုပါရေ အားလျှပ်စစ်စက်ရုံ၌ မေလ ၁၄ ရက်နေ့တွင် ကျင်းပသည်။ မယ်ပန်ချောင်းရေအားလျှပ်စစ်စက်ရုံတွင် တစ်နှစ်လျှင် ကီလိုဝပ် ၅ ဒသမ ၅ သန်း ထုတ်လုပ်မည့် ကီလိုဝပ် ၆၀၀ စက်နှစ်လုံးစုစုပေါင်း ကီလိုဝပ် ၁,၂၀၀ တပ်ဆင်ထားပြီး မိုင်းဆတ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ၂၄ နာရီလုံလောက်စွာ မီးပေးနိုင်မည်ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၁၅၀ နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သိန်း ကုန်ကျသည်။

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲကို အဆိုပါရေအားလျှပ်စစ်စက်ရုံတွင် တစ်နှစ်လျှင် ကီလိုဝပ် ၅ ဒသမ ၅ သန်း ထုတ်လုပ်မည့် ကီလိုဝပ် ၆၀၀ စက်နှစ်လုံးစုစုပေါင်း ကီလိုဝပ် ၁,၂၀၀ တပ်ဆင်ထားပြီး မိုင်းဆတ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ၂၄ နာရီလုံလောက်စွာ မီးပေးနိုင်မည်ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၁၅၀ နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သိန်း ကုန်ကျသည်။

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲကို အဆိုပါရေအားလျှပ်စစ်စက်ရုံတွင် တစ်နှစ်လျှင် ကီလိုဝပ် ၅ ဒသမ ၅ သန်း ထုတ်လုပ်မည့် ကီလိုဝပ် ၆၀၀ စက်နှစ်လုံးစုစုပေါင်း ကီလိုဝပ် ၁,၂၀၀ တပ်ဆင်ထားပြီး မိုင်းဆတ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ၂၄ နာရီလုံလောက်စွာ မီးပေးနိုင်မည်ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၁၅၀ နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သိန်း ကုန်ကျသည်။

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲကို အဆိုပါရေအားလျှပ်စစ်စက်ရုံတွင် တစ်နှစ်လျှင် ကီလိုဝပ် ၅ ဒသမ ၅ သန်း ထုတ်လုပ်မည့် ကီလိုဝပ် ၆၀၀ စက်နှစ်လုံးစုစုပေါင်း ကီလိုဝပ် ၁,၂၀၀ တပ်ဆင်ထားပြီး မိုင်းဆတ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ၂၄ နာရီလုံလောက်စွာ မီးပေးနိုင်မည်ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မှုအတွက် ငွေကျပ်သန်း ၁၅၀ နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သိန်း ကုန်ကျသည်။

စက်ရုံသစ်များ (ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားအပြီးတွင်
စက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြစဉ်

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် တောင်နီကျေးရွာ ကိုယ့်အားကိုယ်ကိုးလမ်း စပါးခွံခတ်ငွေ့သုံး ရေအားလျှပ်စစ်ခတ်အားပေးစက်ရုံဖွင့်ပွဲကို အဆိုပါစက်ရုံ၌ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသည်။ စပါးခွံခတ်ငွေ့သုံး လျှပ်စစ်ခတ်အားပေးစက်ရုံမှာ စက်အမျိုးအစား တီအီး-ဒီအက်စ် ၇၀၊ မြင်းကောင်ရေ ၁၀၀ အားနှင့် မီးဖိုအမျိုးအစားမှာ အာရ်အိတ်ချ် ၁၀ ဖြစ်ပြီး တစ်နာရီ စပါးခွံလောင်စာ ၁၀ တင်းကုန်ကျ၍ လျှပ်စစ်ခတ်အားကေဗွီအေ ၅၀ ထွက်ရှိကာ နှစ်ပေမီးချောင်း ၁,၆၀၀ အထိ လျှပ်စစ်မီးသုံးစွဲနိုင်မည်ဖြစ်သည်။ စက်ရုံကို မြန်မာတီထွင် သူများအသင်းလီမိတက်က တီထွင်ထုတ်လုပ်ခဲ့ပြီး တန်ဖိုးငွေကျပ် ၅၈ ဒသမ ၇၆ သိန်းကုန်ကျကာ ၂၄ နာရီပတ်လုံး လျှပ်စစ်ခတ်အားသုံးစွဲနိုင်မည်ဖြစ်သည်။

စက်ရုံသစ်များဖွင့်လှစ်ခြင်း

Flying Wheel စက်မှုကုန်ထုတ်လီမိတက် စပါးနှံ တံဆိပ်စက်ဘီးတာယာနှင့် ကျွတ်စက်ရုံဖွင့်ပွဲ၊ စီဝိုင်တီ စက်မှုကုန်ထုတ်လီမိတက် ပဲ့လွှားချည်မျှင်စက်ရုံဖွင့်ပွဲ အခမ်းအနားများကို မန္တလေးစံပြစက်မှုမြို့သစ် စက်မှုဇုန် ၁ ရှိ အဆိုပါစက်ရုံများ၌ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အသီးသီးကျင်းပသည်။ စပါးနှံတံဆိပ် စက်ဘီးတာယာနှင့် ကျွတ်စက်ရုံသည် တစ်ရက်လျှင် အရွယ်စုံတာယာ အလုံး ၁၀,၀၀၀ နှင့် ကျွတ်အလုံး ၇,၀၀၀ ထုတ်လုပ်နိုင်ပြီး ပဲ့လွှားချည်မျှင်စက်ရုံသည် ရစ်တိုင် ၁၀,၀၀၀ အားဖြင့် တစ်ရက်လျှင် ချည်မျှင် ၄ ဒသမ ၈ တန် ထုတ်လုပ်နိုင်သည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန သကြားလုံးစက်ရုံ (ကျောက်ဆည်)၊ ဖိနပ်စက်ရုံ (ကျောက်ဆည်) နှင့် စက်ဘီးစက်ရုံ (ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားများကို ကျောက်ဆည်မြို့ ကျောက်ဆည်စက်မှုနယ်မြေရှိ အဆိုပါစက်ရုံများ၌ ဧပြီလ ၁၁ ရက်နေ့တွင် အသီးသီးကျင်းပသည်။ သကြားလုံးစက်ရုံ (ကျောက်ဆည်) မှ သကြားလုံးအပျော့ (Soft Candy) အမျိုးမျိုး၊ ဖိနပ်စက်ရုံ (ကျောက်ဆည်)မှ ကွင်းထိုးဖိနပ်နှင့် ခြေညှပ်ဖိနပ်များနှင့် စက်ဘီးစက်ရုံ (ကျောက်ဆည်) မှ မောင်မြန်မာတံဆိပ်စက်ဘီးနှင့် ဆိုက်ကားများကို ထုတ်လုပ်ဖြန့်ဖြူးမည် ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ကျောက်ဆည် တန် ၅၀ ဖွဲနုဆီစက်နှင့် ၂၅ တန် ဆန်စက်ဖွင့်ပွဲ အခမ်းအနားကို ကျောက်ဆည်မြို့နယ် မိုးကြိုးကုန်းကျေးရွာရှိ တန် ၅၀ ဖွဲနုဆီစက်၌ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသည်။ ဖွဲနုဆီစက်သည် ဆီကြွမ်းတစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းအထိ ကျန်ရှိအောင် ဖွဲနုဆီ ထုတ်ယူနိုင်စွမ်းရှိသည်။ ဖွဲနုတန်ချိန် ငါးသောင်းအား စဉ်ဆက်မပြတ် ထုတ်လုပ်ကြိတ်ခဲ့နိုင်ပြီး ဖွဲနုဆီကြွမ်းတန်ချိန် ၇၀၀၀ ထွက်ရှိမည်ဖြစ်၍ ဖွဲနုစားဆီ တန်ချိန် ၃,၀၀၀ ခန့် ထွက်ရှိနိုင်မည် ဖြစ်သည်။

Ti Garment Co., Ltd. အထည်ချုပ် စက်ရုံဖွင့်ပွဲကို ရန်ကုန်မြို့၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်စက်မှုဇုန်၌ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပသည်။ အထည်ချုပ် စက်ရုံတွင် အမျိုးသားဝတ်ရုပ်အင်္ကျီများကို အဓိကထား ထုတ်လုပ်သွားမည်ဖြစ်ပြီး ထုတ်လုပ်သော ရုပ်အင်္ကျီများကို ဂျပန်နိုင်ငံသို့ ရာနှုန်းပြည့် တင်ပို့မည်ဖြစ်သည့်အပြင် ဥရောပနိုင်ငံများသို့လည်း တင်ပို့ရန် စီစဉ်ထားသည်။ အထည်ချုပ်စက်ရုံကို ဝန်ထမ်း ၄၀၀ ကျော်ဖြင့် အောက်တိုဘာလမှစတင် လည်ပတ်လျက်ရှိသည်။ စက်ရုံတည်ဆောက်မှုအတွက် အမေရိကန် ဒေါ်လာ တစ်သန်းခွဲ ရင်းနှီးမြှုပ်နှံထားသည်။

စိုးအောင်

မြန်မာနိုင်ငံ မိုးလေဝသသတင်း ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်မှု။ ။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိသော သဘာဝတရားကြီးအား သိပ္ပံပညာ၊ ရူပဗေဒ၊ သခ္ခါစသည့် ပညာရပ်များ အသုံးပြုကာ စောင့်ကြည့်မှတ်သားသည်။ နေ့စဉ်ဖြစ်ပေါ်လျက်ရှိသော နေပူခြိန်၊ အပူချိန်၊ လေဖိအား၊ လေတိုက်နှုန်း၊ စိုထိုင်းဆ၊ မိုးရွာသွန်းမှု၊ တိမ်တိုက်များဖုံးလွှမ်းမှု၊ မြစ်ရေကြီးမှုနှင့် မြေငလျင်လှုပ်မှု စသည်တို့ကို မြန်မာနိုင်ငံတစ်ဝန်း၌ ဖြန့်ကြက်ထားသည့် မိုးလေဝသစခန်း ၆၃ ခု၊ မိုးလေဝသနှင့် ဇလဗေဒစခန်း ၃၉ ခု၊ ဇလဗေဒစခန်း

မြန်မာနိုင်ငံမိုးလေဝသသတင်း ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်မှု

လပတ်မိုးလေဝသသတင်းရိုက်ကူးမှုအား ဌာနပိုင်စတူဒီယို၌ ရိုက်ကူးထုတ်လုပ်စဉ်

၃၀၊ စိုက်ပျိုးရေး မိုးလေဝသစခန်း ၁၈ ခုနှင့် မြေငလျင်စခန်းလေးခုတို့မှလာသော အချက်အလက်များအား ရန်ကုန်မြို့ကမ္ဘာအေးရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ အမျိုးသား မိုးလေဝသခန့်မှန်းရေးဌာနသို့ ပေးပို့သည်။

မိုးလေဝသသည် ပိုင်နက်နယ်နိမိတ်ကန့်သတ်ချက်မရှိသော သဘာဝပြောင်းလဲမှုကြီးဖြစ်ရာ မိမိနိုင်ငံတစ်ခုတည်း၏ ခန့်မှန်းတိုင်းထွာတွက်ချက်၍ ခိုင်လုံတိကျနိုင်ကောင်းသည် မဟုတ်ချေ။ ပတ်ဝန်းကျင်နိုင်ငံများဖြစ်သော သီရိလင်္ကာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ လာအို၊ ထိုင်း စသည့်နိုင်ငံများနှင့် မိုးလေဝသအချက်အလက်များ အပြန်အလှန် ဆက်သွယ်ဖလှယ်ပြီး ဒေသကြီးတစ်ခုလုံး၏ မိုးလေဝသဖြစ်စဉ် ခန့်မှန်းတိုင်းထွာမှုကို ရရှိခြင်းဖြစ်သည်။ ယခုအခါတွင် မိုးလေဝသဂြုိဟ်တုများကြောင့် ယခင်ကထက်ပို၍ နီးစပ်တိကျသော မိုးလေဝသအခြေအနေများကို ခန့်မှန်းရရှိနိုင်ပါသည်။

လွတ်လပ်ရေးမရမီက မြန်မာနိုင်ငံတွင် မိုးလေဝသစခန်းတစ်ခုတည်းသာ ရှိသည်။ အိန္ဒိယမှ တိုက်ရိုက်ကွပ်ကဲသည့် မိုးလေဝသပညာရှင်များကို အိန္ဒိယမှ စေလွှတ်သည်။ မြန်မာနိုင်ငံမှ အမှုထမ်းအချို့ရှိသည်။ ၁၉၃၇ ခုနှစ်၊ တွဲရေး၊ ခွဲရေးတွင် မြန်မာနိုင်ငံသည် အိန္ဒိယမှခွဲထွက်ခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံတွင် သီးခြားမိုးလေဝသဌာနဟူ၍ ဖြစ်ပေါ်လာသည်။ ပထမဆုံး ညွှန်ကြားရေးဝန်မှာ မြန်မာအမျိုးသား မိုးလေဝသပညာရှင် ဒေါက်တာဘိုးအေးဖြစ်ပါသည်။ ကျပန်တို့ အုပ်စိုးစဉ်က မိုးလေဝသဌာနသည် ကျပန်တပ်မတော်၏အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်ခဲ့ရသည်။ အိန္ဒိယသို့ ကျပန်လေတပ်က သွားရောက်တိုက်သည့် အခါများတွင် လိုအပ်သည့် မိုးလေဝသအခြေအနေများကို တိုင်းထွာတွက်ချက် ထုတ်ပြန်ပေးရသည်။

လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ ဖြစ်တည်လာချိန်မှ ယနေ့အထိ မြန်မာနိုင်ငံ မိုးလေဝသဌာနသည် ပညာရှင်များ မွေးထုတ်ခြင်း၊ နိုင်ငံရပ်ခြားသို့ မိုးလေဝသပညာသင်များ စေလွှတ်ခြင်း၊ မိုးလေဝသတိုင်းတာရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အရာထမ်းအမှုထမ်းများ တိုးချဲ့ခန့်ထားခြင်း စသည်တို့ဖြင့် မိုးလေဝသတိုင်းတာမှုလုပ်ငန်းများကို အင်ပြည့်အားပြည့် စွမ်းအားပြည့် ဆောင်ရွက်လျက်ရှိပါသည်။

နေ့စဉ်တိုင်းတာရရှိသော မိုးလေဝသအချက်အလက်များ၊ ခန့်မှန်းချက်များ လုပ်သားပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့၍ လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် မိုးလေဝသသတင်းများကို ၁၉၄၇ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှ စတင်ထုတ်ပြန်ခဲ့သည်။ နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းထုတ်ပြန်မှုများ ပြုလုပ်ခဲ့ရာမှမြန်မာနိုင်ငံတစ်ဝန်း အချိန်တို့အတွင်း ထိရောက်စွာအသိပေးနိုင်ရန်အတွက် မြန်မာ့အသံမှ မုတ်သုံရာသီ၊ မိုးလေဝသသတင်းကို ၁၉၄၉ ခုနှစ်တွင်လည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် မုတ်သုံရာသီ ရေကြီးမှုသတိပေးချက်ကိုလည်းကောင်း စတင်ထုတ်ပြန်ပေးခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ နေ့စဉ်နှင့်လစဉ်ထုတ်ပြန်လျက်ရှိသော မိုးလေဝသသတင်းနှင့် ခန့်မှန်းချက်များကို ၁၉၈၀ ပြည့်နှစ်၊

စက်တင်ဘာလမှစ၍ အများပြည်သူနှင့်နိုင်ငံတော်အဖွဲ့အစည်းများအတွက် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ ထုတ်လွှင့်ကြေညာပေးခဲ့သည်။ ထိုသို့ လွှင့်ထုတ်ကြေညာရာတွင် အသုံးပြုခဲ့သော နောက်ခံပြကွက်များ၊ တင်ပြပုံ တင်ပြနည်းစနစ်များအား ခေတ်မီဆန်းသစ်သော ပြကွက်များဖြင့် ပြောင်းလဲပြသသွားရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့သည်။ ယခင်က မြန်မာရေဒီယိုနှင့် ရုပ်မြင်သံကြား ဦးစီးဌာနတွင် ရိုက်ကူးထုတ်လွှင့်ရာမှ မိုမိုဌာနတွင် ကိုယ်ပိုင်ရိုက်ကူးထုတ်လုပ်ရေး ခန်းမဆောင်ထားရှိပြီး အဆင့်မြင့်ရိုက်ကူး ထုတ်လွှင့်နိုင်ရန်အတွက် ၁၉၉၇-၉၈ ဘဏ္ဍာရေးနှစ်မှစ၍ ငွေလုံးငွေရင်းများအား ခွင့်ပြုခဲ့ရာ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းခွင့်ပြုငွေ သိန်း (၄၀၀) ကျော်ခန့် ရှိခဲ့သည်။

နှစ်အလိုက်ခွင့်ပြုရရှိခဲ့သည့်ငွေများဖြင့်အဆင့် (၅)ဆင့်ခွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

အဆင့်(၁) လိုအပ်သောသတင်းပုံစံများ စုဆောင်းပြုခြင်း။
(နိုင်ငံတကာသတင်းမီဒီယာများ၏ လုပ်ထုံးလုပ်နည်းများကို လေ့လာ၍ မိမိနိုင်ငံနှင့်လျော်ညီအောင် တီထွင်ကြံဆရေး)

အဆင့်(၂) လိုအပ်သော မီဒီယာသတင်းထုတ်လုပ်ရေးဆိုင်ရာ ပညာရှင်များမွေးမြူခြင်း။
(ကင်မရာ ရိုက်ကူးရေး ပညာရှင်၊ မိတ်ကပ် ပညာရှင်၊ အသံဖမ်း ပညာရှင်၊ ဓာတ်ပုံပညာရှင်၊ တည်းဖြတ် ပညာရှင်၊ သတင်းထုတ်လုပ်ရေး ပညာရှင်နှင့် သတင်းပညာရှင် စသည်များ . . .)

အဆင့်(၃) လိုအပ်သော ဗီဒီယိုရိုက်ကူးရေးအတွက် ကွန်ပျူတာပစ္စည်းများနှင့် အသံဖမ်းကိရိယာများ စုဆောင်းခြင်း။

အဆင့်(၄) ရိုက်ကူးရေးကင်မရာများနှင့် မီးအလင်းအမှောင်ပစ္စည်းများ စုဆောင်းခြင်း။

အဆင့်(၅) တည်းဖြတ်ခြင်းကိရိယာများနှင့် စတူဒီယိုတည်ဆောက်ခြင်းတို့ ဖြစ်သည်။

မိုးလေဝသရုပ်မြင်သံကြား စတူဒီယိုလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများအား ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြန်မာ့ရုပ်မြင်သံကြားနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။ ၁၉၉၇ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် သက်ဆိုင်ရာပညာရှင်များက လာရောက်တပ်ဆင်ပေးခဲ့သည်။ စတူဒီယိုလုပ်ငန်းအတွက် ဌာနအတွင်းမှ ဝန်ထမ်းများဖြစ်သော ဦးထွန်းလွင် သုတေသနအရာရှိ (ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမျိုးသန့်၊ အငယ်တန်းအင်ဂျင်နီယာ (ယခု/လက်ထောက်အင်ဂျင်နီယာ)၊ ဦးဘမော် တိုင်းထွာရေး (၃)၊ ဦးဘသက်ဦး တိုင်းထွာရေး (၃) တို့အား စတင်သင်တန်းများ ပို့ချခဲ့သည်။

၁၉၉၇ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့တွင် မြန်မာ့ရုပ်မြင်သံကြားမှလည်းကောင်း၊ စက်တင်ဘာ (၅) ရက်နေ့တွင် မြဝတီရုပ်မြင်သံကြားမှလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့တွင် အာဆီယံနိုင်ငံမြို့တော်များအတွက် နေ့စဉ်မိုးလေဝသခန့်မှန်းချက်များနှင့် မေလအတွင်း၌ လပတ်မိုးလေဝသရုပ်မြင်သံကြား သတင်းနောက်ခံပုံများ၊ ပြကွက်များ၊ မြေပုံများကို စတင်ထုတ်လွှင့်နိုင်ခဲ့သည်။ ၎င်း

လေဖိအားတူမျဉ်း (အိုက်ဆိုဘား)ရေးဆွဲသည့်လုပ်ငန်း

အပြင် ၁၉၉၇-၉၈ အယ်လ်နီးညိုနှင့် ပတ်သက်သော ပညာပေးဗီဒီယိုအခွေကို ဘေးတွေနေသော ပင်လယ်ရေများ ခေါင်းစဉ်ဖြင့် ထုတ်လုပ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ မိုးလေဝသသတင်းနှင့် အာဆီယံနိုင်ငံမြို့တော်များအတွက် နေ့စဉ်မိုးလေဝသသတင်းများကို နောက်ခံပြကွက်အရှင်များဖြင့်လည်းကောင်း၊ အနိမ့်ဆုံးအပူချိန်နှင့် အမြင့်ဆုံးအပူချိန်များ၊ နေဝင်နေထွက်အချိန်များကို ရန်ကုန်နှင့်မန္တလေးမြို့ကြီးများအနီးတစ်ဝိုက် ခန့်မှန်းချက်များတွင် ထည့်သွင်းဖော်ပြခြင်းတို့အား ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ထုတ်လွှင့်ခဲ့သည်။ ၁၀ နိုင်ငံမြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသောကမ္ဘောဒီးယားနိုင်ငံ၊ ဖန္နမ်းပင်မြို့တော်အတွက် ခန့်မှန်းချက်နှင့် ရှမ်းပြည်နယ်အား ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းဟူ၍ အပိုင်း(၂)ပိုင်း ခွဲခြားဖော်ပြခဲ့ရာမှ ရှမ်းပြည်နယ်အရှေ့ပိုင်းဟူ၍ တိုးချဲ့ထုတ်ပြန်ပေးခဲ့သည်။ ထို့ကြောင့် မိုးလေဝသခန့်မှန်းချက်သတင်းများအား အနီးစပ်ဆုံးဒေသများအထိ တိုင်းတာခန့်မှန်း၍ ရုပ်မြင်သံကြားမှတစ်ဆင့် ထိရောက်စွာထုတ်လွှင့်နိုင်ခဲ့သည်။ သတင်းကြည့်ရှုသူများအား တင်ပြလိုသည့်မိုးလေဝသခန့်မှန်းချက်များအား သုတရသအပြင် နောက်ခံလှုပ်ရှားမှုပြကွက်များ၊ မြေပုံများ၊ နောက်ခံတီးလုံးများ၊ ပြကွက်ရှုခင်းများအား ရှုထောင့်မျိုးစုံမှ မျက်စေ့ပသာဒနှင့် သောတအာရုံခံစားမှုရသကို ပေးစွမ်းနိုင်ခဲ့သည်။

မိုးလေဝသ သတင်းထုတ်ပြန်ချက်များအား ရုပ်ပုံ၊ ကားချပ်၊ တေးဂီတများအပြင် Weathercaster များဖြင့် တင်ပြနိုင်ရန် ဌာနတွင်းရှိအမှုထမ်းအမျိုးသမီးငယ် (၁၁) ဦးအား ပြင်ပမှကင်မရာပညာရှင်၊ မီးပညာရှင်၊ မိတ်ကပ်ပညာရှင်များ အကူအညီခေါ်ယူရိုက်ကူးမှုအား ၂၀၀၁ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ မတ်လ (၂၉) ရက်နေ့တွင် Weathercaster အမျိုးသမီးငယ်နှစ်ဦးဖြင့် မိုးလေဝသနေ့စဉ်သတင်းအား စတင်ထုတ်လွှင့်နိုင်သကဲ့သို့ ဦးထွန်းလွင်သည် MRTV 3 အတွက် အင်္ဂလိပ်ဘာသာဖြင့် မိုးလေဝသသတင်းကြေညာချက်ကို စမ်းသပ်ထုတ်လွှင့်နိုင်ခဲ့သည်။

၂၀၀၁ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ဌာနတွင်းအမှုထမ်းအမျိုးသမီးငယ် သုံးဦးဖြင့် မိုးလေဝသခန့်မှန်းချက်များကို စတင်ထုတ်လွှင့်ခဲ့သည်။ အဆိုပါအမျိုးသမီးငယ်တို့အား မြန်မာဆန်ဆန်ဝတ်ဆင်စေခဲ့သည်။ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် လက်ခံရရှိခဲ့သည့် မိုးလေဝသရောင်စုံတီမံပုံဖမ်းစက်ဖြင့် ဖမ်းယူရရှိကာ ပုံကိုတင်ပြခဲ့ရာ သတင်းကြည့်ရှုသူများအတွက် နေ့စဉ်ပြောင်းလဲနေသော မိုးလေဝသသတင်းအချက်အလက်များသာမက မိုးလေဝသဂြိုဟ်တုမှ တစ်နာရီတစ်ကြိမ် ရိုက်ကူးပေးပို့သည့်ပုံများကို ကြည့်ရှုခွင့်ရရှိခဲ့သည်။

၂၀၀၂ ခုနှစ် ဇန်လမှ မိုးအကုန်ကာလအထိ ၂၀၀၂ ခုနှစ် ဇွန်လမှ မိုးအကုန်ကာလအထိ မိုးလေဝသသတင်းပုံနှင့် တင်ပြချက်များအား

သတင်းကြေညာသူနှင့် နောက်ခံမိုးလေဝသပြကွက်တို့ ထပ်သည့်လုပ်ငန်း

နောက်ခံတေးဂီတ(တီးလုံး)အား "မိုး" (ကိုမြကြိုး) သီချင်းဖြင့်လည်းကောင်း၊ နှိုင်ဘာလမှ ဆောင်းအကြိုကာလတွင် "ဆောင်းအမိ" (ဒေါ်မေလှမြိုင်) သီချင်းဖြင့် လည်းကောင်း၊ ဆောင်းကာလတစ်လျှောက်လုံးတွင် "ဆောင်းရယ် နှင်းရယ်ကိုယ့်

လပတ်မိုးလေဝသသတင်းရိုက်ကူးမှု အား ဌာနပိုင်စတူဒီယို၌ ရိုက်ကူး ထုတ်လုပ်စဉ်

ချစ်သူရယ်" (တွံတေးသိန်းတန်)သီချင်းတီးလုံးဖြင့် လည်းကောင်း၊ မိုးလေဝသသတင်းနှင့် ဖွင့်တီးလုံးတွင် မြန်မာ့သံစဉ်ဖြစ်သော လှေတော်သံ (မန္တလေးစိန်မွတ်တား၏ လက်သံ) ဖြင့် ပြောင်းလဲထုတ်လွှင့်ခဲ့ရာ မိုးလေဝသသတင်း ထုတ်လွှင့်သည့် အဆင့်ဆင့်တိုးတက်မှုများအား လူထုကနှစ်ခြိုက်သဘောကျပြီး စိတ်ဝင်စားမှုများ ပိုမိုလာကြောင်း တွေ့ရှိရသည်။

၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် မိုးလေဝသရုပ်မြင်သံကြားသတင်းကို ဌာနပိုင်မိုးလေဝသစတူဒီယိုတွင် အောင်မြင်စွာရိုက်ကူးနိုင်ခဲ့သည်။ ယခင်က MRTV တွင် သွားရောက်ရိုက်ကူးခဲ့ရာ၌ ကြုံတွေ့ရသည့် အခြိန်ကန့်သတ်ချက်နှင့် အခက်အခဲများကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့သည်။ ရိုက်ကူးမှု၊ ရုပ်/သံထပ်မှု၊ တည်းဖြတ်မှုဆိုင်ရာ ခေတ်မီပစ္စည်းများကို နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် အထူးပြုလုပ်နိုင်ခဲ့သည်။ ထို့ကြောင့် ၂၀၀၃ ခုနှစ်၊ မတ်လအတွက် ရုပ်မြင်သံကြားသတင်းကို ပြည့်ဝစုံလင်လှစွာဖြင့် ဌာနပိုင်ရိုက်ကူးရေးဆွဲ၍ ထုတ်လုပ်နိုင်ခဲ့သည်။ မတ်လဆန်းမှစ၍ မိုးလေဝသသတင်း နောက်ခံအား **နွေမိန်တပေါင်း** သီချင်းတီးလုံးဖြင့် အားဖြည့်ထုတ်လွှင့်နိုင်ခဲ့သည်။

မိုးလေဝသတိုင်းတာမှုသည် သဘာဝတရား၏ အစိုးမရသော ပြောင်းလဲမှုများကိုသိရှိရန် သိပ္ပံပညာရပ် ခေတ်မီကိရိယာများကို မြန်မာနိုင်ငံတစ်ဝန်းတပ်ဆင်ထားသည်။ တိုင်းတာရေးစခန်းအသီးသီးမှ အဆင့်ဆင့်သောကျွမ်းကျင်ဝန်ထမ်းများ၏ မျက်ခြည်မပြတ် စောင့်ကြည့် တိုင်းတာမှတ်သားမှုအပေါ် အခြေခံ၍ သက်ဆိုင်ရာပညာရှင်များ၏ သုံးသပ်အတည်ပြုချက်များဖြင့် ဆောင်ရွက်ရသောလုပ်ငန်းဖြစ်သည်။

- မှန်တိုင်းဖြစ်ခြင်း၊ ရေကြီးခြင်း၊ လေတိုက်ခိုက်ခြင်း စသည့် ဘေးအန္တရာယ်များမှ ကာကွယ်ရေးအတွက် ကြိုတင်ခန့်မှန်းချက်နှင့် သတိပေးချက်များ ထုတ်ပြန်ရန်၊
- ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းခရီးများ သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေး အန္တရာယ်ကင်း၍ လျင်မြန်ချောမွေ့စေရန်၊
- လေ၊ ရေ၊ နေရောင်ခြည်စွမ်းအင်နှင့် သဘာဝသယံဇာတများအား ကာလရှည်စွာတည်တံ့မည့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ထုတ်ယူသုံးစွဲရေးတွင် အထောက်အကူပြုရန်၊
- စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာပိုမိုထုတ်လုပ်ရေးကို အထောက်အကူပြုရန်၊
- နိုင်ငံတော်ကာကွယ်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် စက်မှုကဏ္ဍများကို အထိရောက်ဆုံး အကျိုးပြု၍ လျင်မြန်ချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်၊
- မိုးလေဝသနှင့် ဇလဗေဒလုပ်ငန်းများတိုးတက်မှုအတွက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ နိုင်ငံတကာတို့နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပညာပေးရေးနှင့် သုတေသနပြုရေး ဆောင်ရွက်ရန်၊

အစရှိသည့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ရည်ရွယ်ချက်နှင့်အညီ မြန်မာနိုင်ငံမိုးလေဝသသတင်း ရိုက်ကူးထုတ်လွှင့်မှုကို ဆောင်ရွက်လျက်ရှိပေသည်။

(မောင်ကြင်နာ)



"ဦးစီးဌာနခွဲတစ်ခုအား ဖွဲ့စည်းပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ဌာနဆိုင်ရာ ညွှန်ကြားချက်များ၊ ဦးစီးဌာနချုပ်၏ ညွှန်ကြားချက်များ နှင့် ဦးစီးဌာနခွဲ၏ ဝန်ထမ်းများ ကိုယ်တိုင် ဆောင်ရွက်ရမည့် တာဝန်များ (ဥပမာ - ဝန်ထမ်းများ၏ ဝင်ငွေခွန်ကောက်ခံခြင်း၊ ဝန်ထမ်းများ၏ ပြစ်မှုဆိုင်ရာ အမှုများကို ဖြေရှင်း

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပစ္စည်းပြပွဲ။ ။တတိယအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမတွင် ကျင်းပသည်။

တတိယအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် တစ်မျိုးသားလုံး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ အမျိုးသားကျန်းမာရေးကော်မတီ၏ဦးဆောင်မှုဖြင့် မြန်မာ့တိုင်းရင်းဆေးပညာခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အစွမ်းထက်သည့် မြန်မာ့တိုင်းရင်းဆေးပင်နှင့် ကုထုံးကုနည်းများကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည့် လုပ်ငန်းအစီအစဉ်တစ်ရပ် ဖော်ထုတ်ရေးဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် နှစ်ပေါင်းထောင်ချီရှည်လျားသည့် မြန်မာ့ယဉ်ကျေးမှုသမိုင်းအဦးအစကာလပင် ပေါ်ထွန်းဖွံ့ဖြိုး စည်ပင်ခဲ့သောဘိုးဘွားအမွေအနှစ် ရိုးရာပညာဖြစ်ခဲ့ပြီး မြန်မာတိုင်းရင်းသမားတော်ကြီးများ အဆက်ဆက်က အတိဓမ္မာနည်း၊ နက္ခတ်အခြေခံနည်း၊ သဘာဝဓမ္မအခြေခံနည်းစသည့် နည်းနာအရပ်ရပ် အပူနာ၊ အအေးနာ၊ သွေး၊ လေ၊ သည်းခြေ၊ သလိပ်၊ ဂြိုဟ်သက်ရောက်မှု၊ ဓာတ်သက်ရောက်မှု စသော အကြောင်းတရားများကို မူတည်ကုသသည့် ကုထုံးအဖုံဖုံ၊ ခက်ခဲနက်နဲသော ဆေးကျမ်း အသွယ်သွယ်၊ အစွမ်းအာနိသင် ထက်မြက်သည့် ဆေးဝါးအမျိုးမျိုးတို့ကို ဆရာစဉ်သမားဆက် လက်ဆင့်ကမ်းဖော်ထုတ် ထိန်းသိမ်းခဲ့ကြသည့် အတွက် အရည်အသွေးမြင့်မားသော မြန်မာ့တိုင်းရင်းဆေးပညာအဖြစ် ယခုတိုင် တင့်တင့်တယ်တယ် သိကွာရှိရှိ ဂုဏ်ဒြပ်မြင့်မြင့်မားမား ရပ်တည်လျက်ရှိသည်။

မြန်မာ့တိုင်းရင်းဆေးပညာ၏ စွမ်းပကား ကြောင့်မြန်မာလူမျိုးတို့သည် ခေတ်အဆက်ဆက် ကျန်းမာကြံ့ခိုင် သော၊ လက်ရုံးရည် နှလုံးရည် ထက်မြက်သော လူမျိုးတစ်မျိုးအဖြစ် ထင်ပေါ်ကျော်ကြားခဲ့ပြီး အိမ်နီးချင်းနိုင်ငံများ၏ လေးစား

တတိယအကြိမ် တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲအခမ်းအနား

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးပစ္စည်းပြပွဲ

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တတိယအကြိမ်တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ၌
တိုင်းရင်းဆေးပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်

ခဲ့ညားခြင်းခံခဲ့ရသည်။ နယ်ချဲ့လက်အောက်ရောက်ခဲ့ရချိန်တွင် အခြားသော ရိုးရာယဉ်ကျေးမှုများ၊ ရိုးရာအမွေအနှစ်ပညာရပ်များနှင့်အတူ မြန်မာ့တိုင်းရင်းဆေးပညာသည် ဖိနှိပ်ခြုံးနှိမ်ခြင်းခံရပြီး မှေးမှိန်ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရသည်။ ထို့ပြင် ပညာကိုတန်ဖိုးထား သိုဝှက်လွန်းခြင်းများ၊ သားစဉ်မြေးဆက်သာ ပညာကိုအကန့်အသတ်ထား ဖြန့်ဝေခြင်းများ၊ ကျယ်ပြန့် သိမ်မွေ့နက်နဲသည့် မြန်မာ့ဆေးပညာဆိုင်ရာကျမ်းအချို့ကို နှောင်းလူများ ဖော်ထုတ်အသုံးပြုနိုင်ရန် ခက်ခဲအောင် ပညာဝှက်ပြုစုခဲ့ခြင်းများစသည့် အကြောင်းတရားများကြောင့် မြန်မာ့တိုင်းရင်းဆေးပညာ ပြန့်ပွားဖွံ့ဖြိုးမှု လျော့နည်းကျဆင်းပြီး အဖိုးတန်ဆေးကျမ်းများ၊ ထက်မြက်သည့်ကုထုံးများ၊ အစွမ်းထက်သည့် ဆေးဝါးများသည် တစ်စတစ်စ တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်လာခဲ့ရသည်။ ဤသို့ မြန်မာ့တိုင်းရင်းဆေး ပညာရပ်များ မှေးမှိန် တိမ်ကောလာမှုနှင့်အတူ ကုထုံးကုနည်းများ အကွဲကွဲ အပြားပြားဖြစ်နေမှုများ၊ တိုင်းရင်းဆေးပညာ အဖွဲ့အစည်းများ အမြောက်အမြားဖြစ်ခဲ့ရပြီး မြန်မာ့တိုင်းရင်းဆေးပညာ၏ ထက်မြက်လှသည့် စွမ်းရည်သတ္တိများတဖြည်းဖြည်း ယုတ်လျော့ကျဆင်းလာခဲ့ရသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အနောက်တိုင်းဆေးပညာနှင့် ရင်ပေါင်တန်းပြီး နိုင်ငံတကာ အဆင့်မီစေရန်အတွက် "တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် တိုင်းရင်းဆေးပညာရပ်များ၊ အစွမ်းထက်မြက်သည့် ဆေးစွမ်းကောင်းများ၊ ဆေးဖက်ဝင်အပင်များ၊ တတ်ကျွမ်းနားလည်သည့် တိုင်းရင်းဆေးသမားတော်ကြီးများကို ပြန်လည်ဖော်ထုတ်ပေးရန်၊ တိုင်းရင်းဆေးပညာ စနစ်တကျပြန့်ပွားရေးအတွက် အရည်အသွေးမြင့်မားသည့် လူစွမ်းအားအရင်းအမြစ်များ (Highly Qualified Human Reasources) ဖော်ထုတ်ရေး အစီအမံများ ဆောင်ရွက်ရန်၊ မြန်မာ့တိုင်းရင်းဆေးဝါးနှင့်ကုထုံးများကို နိုင်ငံတကာက လက်ခံလာစေရေးအတွက် စနစ်တကျသုတေသနပြု စံချိန်စံညွှန်းများဖော်ထုတ် မှတ်တမ်းတင်ရန်နှင့် ခေတ်မီ

နည်းစနစ်များ၊ ပစ္စည်းကိရိယာများ အသုံး ပြုပြီး အဆင့်မြှင့်တင်ပေးရန်" စသည့်လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်စေခဲ့သည်။ ထို့ပြင် နိုင်ငံတော်အကြီးအကဲက တိုင်းရင်းဆေးဝါးများ ပိုမိုအစွမ်းထက်စေရေး၊ ရောဂါအသစ်များနှင့် ပြန်လည် ဦးမော့လာသည့် ရောဂါများကို ကုသနိုင်မည့် တိုင်းရင်းဆေးဝါးများ ရှာဖွေသုတေသနပြု ဖော်ထုတ်ရေး၊ အစွမ်းထက်သည့် ဆေးဝါးနှင့်ကုထုံးများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် ဆောင်ရွက်ရေး တို့အတွက်လည်း လမ်းညွှန်ချက်များ ထပ်မံချမှတ်ပေးထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာ့တိုင်းရင်းဆေးဝါး နှင့်ကုထုံးများကို စနစ်တကျသုတေသနပြုပြီး နိုင်ငံတကာက လက်ခံသည့် ဆေးဝါးနှင့်ကုထုံးများ ဖြစ်စေရန် စံချိန်စံညွှန်းများကို ဖော်ထုတ်မှတ်တမ်း တင်ခြင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်မှု သုတေသနပြုမှုများတွင် ခေတ်မီနည်းစနစ်များ၊ ခေတ်မီပစ္စည်း ကိရိယာများကို အသုံးပြုလုပ်ကိုင် ဆောင်ရွက်ခြင်း၊ ရောဂါအသစ်အဆန်းများကို ကုသနိုင်သည့် မြန်မာတိုင်းရင်းဆေး ပညာရပ်များ၊ ဆေးစွမ်းကောင်းများကို သုတေသနပြုဖော်ထုတ်ခြင်း၊ အချို့ရောဂါများကို တိုင်းရင်းဆေးပညာနှင့် အနောက်တိုင်းဆေးပညာ ပေါင်းစပ်ကုသခြင်းတို့ကို ဆောင်ရွက်နေပြီဖြစ်သည်။

ယခင်က ရန်ကုန်မြို့နှင့် မန္တလေးမြို့ တိုင်းရင်းဆေးဆရာတစ်နှစ်သင်တန်း၊ မန္တလေးတိုင်းရင်းဆေးသိပ္ပံ ဒီပလိုမာသင်တန်းများမှ တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးခဲ့ရာမှ ယခုအခါ မန္တလေးမြို့တွင် တိုင်းရင်းဆေး တက္ကသိုလ် တည်ထောင်ဖွင့်လှစ် လေ့ကျင့်ပေးလျက်ရှိသည်။ တိုင်းရင်းဆေးတက္ကသိုလ်တွင် မြန်မာ့တိုင်းရင်းဆေးပညာရပ်အမျိုးမျိုး၊ မြန်မာ့ တိုင်းရင်းဆေးပညာနှင့် ဆက်စပ်နေသည့် ခန္ဓာဗေဒ၊ ရောဂါဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ စသည့် အနောက်တိုင်းဆေးပညာဘာသာရပ်များ၊ သိပ္ပံဘာသာရပ်များနှင့် သုတေသနဘာသာရပ်များကို သင်ကြားပေးနေသည်။ ထို့ပြင် အစွမ်းအာနိသင် ထက်မြက်သည့် မြန်မာ့တိုင်းရင်းဆေးဝါးများကို စနစ်တကျ ဖော်စပ်ထုတ်လုပ်နိုင်သည့် အခြေခံကိုလည်း သင်ကြားပေးလျက်ရှိသည်။

ယနေ့ ကမ္ဘာ့နိုင်ငံအတော်များများတွင် အနောက်တိုင်း ဆေးဝါးဘေးထွက်ဆိုးကျိုး (Side Effect) တွေ့ရှိမှု၊ စျေးနှုန်းကြီးမြင့်မှုများကြောင့် တိုင်းရင်းဆေးဝါးဘက်သို့ ဦးလှည့်လာနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် မြန်မာ့တိုင်းရင်းဆေးပညာ၏ အဆင့်အတန်း မြင့်မားမှု၊ တိုင်းရင်းဆေးသမားတော်များ၏ အစွမ်းထက်မြက်မှု၊ တိုင်းရင်းဆေးဝါးများ၏ အာနိသင်ထက်မြက်မှုများကို ဖော်ထုတ်မြှင့်တင်ပေးပြီး မြန်မာ့တိုင်းရင်း ဆေးပညာဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် အရှေ့တောင်အာရှနိုင်ငံအချို့ကလာရောက် လေ့လာရသည်အထိတိုးတက်နေပြီဖြစ်သည်။

အာရှတိုက်နိုင်ငံများအနက် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ တိုင်းရင်းဆေးဝါးများကသာ အနောက်တိုင်းဆေးဝါးများနှင့် ယှဉ်ပြိုင်နိုင်ရာ မိမိတို့ဆေးဝါးများလည်း ယင်းသို့ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းအားထုတ်ကြရန် လိုအပ်သည်။ ဤသို့ကြိုးပမ်းနိုင်ရေးအတွက် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းကို ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ရာ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းက ဦးဆောင်၍ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းဆေးသမားတော်များ၏ ညီညွတ်မှုစွမ်းပကားကို ရယူဆောင်ရွက် သွားကြရမည်ဖြစ်သည်။

တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ - တတိယအကြိမ် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၂၆ ရက် နေ့အထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်းများ၊ တိုင်းရင်းဆေးသုတေသနပြခန်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းပြခန်း၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) တိုင်းရင်းဆေး သုတေသနပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာနပြခန်း၊ အမှတ်-(၁) စက်မှုဝန်ကြီးဌာနပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြခန်း၊ ပုဂ္ဂလိကဆေးဝါးထုတ်လုပ်သူနှင့် ရောင်းဝယ်သူများ၏ပြခန်း

များ၊ ကုမ္ပဏီများ၏ ခေတ်မီဆေးဝါး ထုတ်လုပ်သည့် စက်ကိရိယာပြခန်းများအပါအဝင် ပြခန်းပေါင်း ၁၃၆ ခန်းခင်းကျင်းပြထားသည်။

ဝန်ကြီးဌာနပြခန်းများဖြစ်သည့် သစ်တောရေးရာ ဝန်ကြီးဌာနပြခန်းတွင် ဆေးဖက်ဝင်အပင်များထွက်ရှိသော မြန်မာ့တော အမျိုးအစားများ၊ မြန်မာ့သဘာဝ တောအမျိုးအစားနှင့် ဆေးဖက်ဝင်အပင်များ၊ သစ်တောဦးစီးဌာန၏ ဆေးဖက်ဝင်အပင်များနှင့် ပတ်သက်သော ဆောင်ရွက်ချက်များနှင့် မွန်ပြည်နယ် ရေးမြို့နယ်ရှိ ဆေးတောင်ကြီးပြကွက်များ၊ အမှတ် (၁) စက်မှုဝန်ကြီးဌာနပြခန်းတွင် မြန်မာ့ဆေးဖက်ဝင်အပင်များ၊ ရှားပါးသော အစွမ်းထက်တိုင်းရင်းဆေးပင်များနှင့် မြင်းခွာရွက်အဆီထုတ်လုပ်ပုံ နည်းစဉ်ပြကွက်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနပြခန်းတွင်ဆေးဖက်ဝင် အပင်များ၏ ပြကွက်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ပြခန်းများတွင် သမားရိုးကျ တိုင်းရင်းဆေးမှသည် တိုးတက် ဆန်းသစ်သော တိုင်းရင်းဆေး ခေတ်သစ်ဆီသို့၊ နိုင်ငံတကာနှင့် တိုင်းရင်းဆေး၊ ကျန်းမာရေး ပညာပေးဆောင်ရွက်နိုင်မှု၊ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဖွင့်လှစ်ခဲ့သော အခြေခံတိုင်းရင်းဆေး ပညာသင်တန်းအမျိုးမျိုးနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု၊ တိုင်းရင်းဆေး သုတေသနဌာနခွဲ၏ ဆောင်ရွက်ပြီးသော ဆေးပင်သုတေသနစီမံချက်များနှင့် လက်ရှိဆောင်ရွက်လျက်ရှိသော သုတေသနစီမံချက်များ၊ ရောဂါကြီးခြောက်မျိုးတွင် အသုံးများသောဆေးပင် ခြောက်နမူနာများ၊ ဆေးပင်များ စုဆောင်းပုံ၊ မျိုးမည်ဖော်ပုံ၊ ထိန်းသိမ်းပုံပြကွက်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ အသင်းပြခန်းတွင် အသင်း၏ရည်ရွယ်ချက်နှင့် ဖွဲ့စည်းပုံ ပြကွက်၊ တိုင်းရင်းဆေးသုတေသနပြခန်းတွင် ဆေးကောင်းတစ်ခွက် ပေါ်ထွက်လာရန် လျှောက်လှမ်းခဲ့သော သုတေသနခရီး၊ တိုင်းရင်းဆေးဖုံနှင့် ဆေးပင်များ၏ အာနိသင်ကို ရောဂါဖြစ်စေသော ဗက်တီးရီးယားများ စာတ်ခွဲခန်းတွင် မွေးမြူစမ်းသပ်ခြင်းသုတေသန၊ တီဘီပိုးအပေါ် အာနိသင်ရှိသော မြန်မာတိုင်းရင်းဆေးဖုံဖြင့် တီဘီရောဂါ လူနာများအား စမ်းသပ်ခြင်း သုတေသန၊ သွေးပေါင်ချအာနိသင်ဖော်ထုတ်မှု သုတေသနပြကွက်၊ ဆေးပင်ဆေးဖုံတို့၏ ဆေးဝါးအာနိသင် သုတေသနနည်းပညာ လုပ်ငန်းစဉ်များပြကွက်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ပြခန်းတွင် အနှစ် ၄၀ ခရီး၊ ဆေးဖုံများတွင်ပါဝင်သော ဆေးပစ္စည်းကြမ်း နမူနာများ၊ ဗက်တီးရီးယားများ မွေးမြူစမ်းသပ်ခြင်း ပြကွက်များကို ခင်းကျင်းပြသထားသည်။

စိုးအောင်

မြန်မာ့ပန်းဆယ်မျိုး အနုပညာပြပွဲ (၂၀၀၂)။ ။

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)က ကြိုးမျှားစီစဉ်သည့် သင်းလုံးကျွတ် 'မြန်မာ့ပန်းဆယ်မျိုး အနုပညာပြပွဲ ၂၀၀၂' ကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ခင်းကျင်းပြသသည်။

ရည်ရွယ်ချက်များ

'မြန်မာ့ပန်းဆယ်မျိုး အနုပညာပြပွဲ ၂၀၀၂' ကို နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်ဖြစ်သော 'အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး' ကို အကောင်အထည်ဖော်ခြင်းဖြင့် အများပြည်သူသိရှိခံစားပေးနိုင်ရန်၊ မြန်မာတို့၏ ရှေးစဉ်ဆက်မှ တိုးတက်ဖွံ့ဖြိုးလာသော မြန်မာ့ပန်းဆယ်မျိုး အနုပညာလက်ရာများကို အများပြည်သူများ သိရှိခံစားဂုဏ်ယူနိုင်ကြစေရန်၊ မြန်မာတစ်နိုင်ငံလုံးရှိ တိုင်း၊ ပြည်နယ် အသီးသီးမှ ပန်းဆယ်မျိုးအနုပညာရှင်များ၏ လက်ရာများကို ပြည်သူများ၏ရှေ့တွင်တင်ပြ၍ ပြည်သူများခံစားအားပေးနိုင်ရန်၊ မြန်မာ့ပန်းဆယ်မျိုး အနုပညာများအား နိုင်ငံတကာနယ်ပယ်တွင် ထင်ရှားပေါ်လွင်မှု ရှိလာစေရန်နှင့် ပန်းဆယ်မျိုး ပညာရှင်များ၏ ဘဝမြှင့်တင်ရေး ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီး ခင်ညွန့် မြန်မာ့ရိုးရာပန်းဆယ်မျိုးပြပွဲ ကြည့်ရှုစဉ်

ဖွင့်ပွဲအခမ်းအနား

'မြန်မာ့ပန်းဆယ်မျိုး အနုပညာပြပွဲ ၂၀၀၂' ဖွင့်ပွဲအခမ်းအနားကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ နံနက် ၈ နာရီ၌ တပ်မတော်ခန်းမတွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို တပ်မတော်ခန်းမရှေ့မျက်နှာစာ၌ ကျင်းပရာ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဦးသန့်စင်(ခ) ပန်းချီလှထွန်းက ပြပွဲခင်းကျင်းပြသမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြန်မာနိုင်ငံ၏ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) နာယကပန်းချီဆရာကြီး ဦးမင်းနိုင်၊ ဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ပန်းတမော့ပညာရှင် ဦးတော်တော်တို့က 'မြန်မာ့ပန်းဆယ်မျိုးအနုပညာပြပွဲ ၂၀၀၂'ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို တပ်မတော်ခန်းမအတွင်း ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦး D. အောင်သိန်း (ထားဝယ်)က ကိုယ်တိုင်ရေးဆွဲထားသည့် သုံးပေ × လေးပေ အရွယ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ပုံတူဆီဆေးပန်းချီကားကြီးကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးသောင်းဟန်က ကိုယ်တိုင်ရေးဆွဲထားသည့် သုံးပေ × လေးပေအရွယ် မြန်မာ့ရတနာအမည်ရှိ ဆင်ဖြူတော်ပုံဆီဆေးပန်းချီကားကြီးနှင့် ရန်ကုန်တိုင်းသာကေတမြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ပန်းပုဆရာကြီး ဦးကျော်မြင့်က ကိုယ်တိုင် ထုဆစ်ထားသည့် ဆင်ဖြူတော်ပန်းပုရုပ်တုတို့ကို အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အတွင်းရေးမှူး (၁) နှင့်ဧည့်သည်တော်များသည် ပြပွဲတွင်ခင်းကျင်းပြသထားသည့် မြန်မာ့ပန်းဆယ်မျိုးပြကွက်များ၊ ကိုယ်ပိုင်ပန်းချီပြခန်းအသီးသီးရှိ အနုပညာလက်ရာများကို အသေးစိတ် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အတွင်းရေးမှူး (၁) သည် 'မြန်မာ့ပန်းဆယ်မျိုး အနုပညာပြပွဲ ၂၀၀၂' ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး တပ်မတော်ခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

ပန်းဆယ်မျိုး

ပြခန်း အလယ်ဗဟိုတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် အနုပညာပန်းများဖြစ်သည့် ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းရန်၊ ပန်းပု၊ ပန်းတမော့၊ ပန်းပွတ်၊ ပန်းချီနှင့် ပန်းယွန်းစသော အနယ်နယ်အရပ်ရပ်မှ ပန်းချီကား ၇၁၂ ကား၊ ပန်းပု ရုပ် ၁၁၀ နှင့် ပန်းဆယ်မျိုးဆိုင်ရာ အနုပညာလက်ရာများကို ပြသထားသည်။

ပြခန်းပတ်လည်တွင် ကိုယ်ပိုင်ပန်းချီပြခန်း ၃၃ ခန်းတို့မှ အနုပညာလက်ရာမျိုးစုံတို့ကို မြန်မာ့ရိုးရာယဉ်ကျေးမှုမြတ်နိုးသူတိုင်း အနုပညာလက်ရာမွန်မျိုးစုံအား တစ်ထိုင်တည်းလေ့လာနိုင်ရန် စီစဉ်ခင်းကျင်းပြသထားသည်။

စိုးအောင်

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းကကြီးမှူးကျင်းပသော ၂၀၀၁ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ချီးမြှင့်သည့် အခမ်းအနားကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၊ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ (၁) ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ တက်ရောက် ချီးမြှင့်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားကာ ၂၀၀၁ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ရွှေစင်ရုပ်ဆုများနှင့် နှင်းနှင်းခိုင်ကုမ္ပဏီ

လိမိတက် (VeVe) က ချီးမြှင့်သည့် ငွေကျပ်တစ်သိန်းစီကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ အမှုဆောင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိပြီးသော ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ထုတ်လုပ်သူများ၊ အထူးဖိတ်ကြားထားသူများနှင့် ရုပ်ရှင်ချစ်ပရိသတ်များ တက်ရောက်ကြသည်။

အမျိုးသားရေးစိတ်ဓာတ်နိုးကြားမှု၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတို့နှင့်အတူ ၁၉၂၀ ပြည့်နှစ်ကစတင်ခဲ့သော မြန်မာ့ရုပ်ရှင်သမိုင်းသည် ယခုအခါ နှစ်ပေါင်း ၈၀ ကျော်ရှိပြီဖြစ်သည်။ စိန်ရတုကာလကိုပင် ကျော်လွန်၍ ပတ္တမြားရတုကာလသို့ပင် ချဉ်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင်လောက တစ်စထက်တစ်စ တိုးတက်လာခြင်းနှင့်အတူ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများကို ၁၉၅၂ ခုနှစ်မှစတင်ချီးမြှင့်ခဲ့ သည်။ ရုပ်ရှင်အနုပညာရှင်များ၏ ထူးချွန်စွာ ကြိုးပမ်းဆောင်ရွက်မှုများကို နိုင်ငံတော်က ချီးမြှင့်အားပေးလျက်ရှိရာ ၁၉၅၂ ခုနှစ်ကစတင်၍ ၂၀၀၁ ခုနှစ်အထိ ရုပ်ရှင်ထူးချွန်ဆု ၂၅၄ ဆု ချီးမြှင့်ခဲ့ပြီး ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ရာတွင် ထူးချွန်ဆု အမျိုးအစား (၁၁) မျိုးရှိသည်။ ယင်းဆုများမှာ အကောင်းဆုံးရုပ်ရှင် တည်းဖြတ်ဆု၊ အကောင်းဆုံးရုပ်ရှင်အသံဆု၊ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု၊ အကောင်းဆုံး တေးဂီတဆု၊ အကောင်းဆုံးဇာတ်ညွှန်းဆု၊ အကောင်းဆုံး ဇာတ်ကားဆု၊

၂၀၀၁ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူ ရုပ်ရှင်အနုပညာရှင်များ

အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆု၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုနှင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုများဖြစ်ကြသည်။ ဆုတစ်မျိုးချင်းအတွက် ထူးချွန်စွာသရုပ်ဆောင်နိုင်သူ နှစ်ဦးရှိပါကပူးတွဲချီးမြှင့်သည်။

၂၀၀၁ ခု ပြက္ခဒိန်နှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၁၆ ကားနှင့် ၂၀၀၀ ပြည့်နှစ် ပြက္ခဒိန်နှစ်အတွင်းမပြသဖြစ်ဘဲ ကျန်နေသည့် ဇာတ်ကားသုံးကား အပါအဝင် စုစုပေါင်း ၁၉ ကားကို သေသေချာချာ ကြည့်ရှုအကဲဖြတ်ရွေးချယ်သည်။ ယင်းဇာတ်ကားများမှာ အချစ်ကမမေ့တတ်ဘူး၊ အချစ်ဖြတ်သန်းရာဒေသ၊ ရွှေရောင်လွှမ်းသောမနက်ဖြန်များ၊ ပုံလာလာ ပြောတိုင်းယုံ၊ ပဉ္စလက်ရင်ခွင်၊ ဆွေမျိုးတော်ရင် ဘယ်လိုခေါ်မလဲ၊ ပြန်ပြောပြဖို့ တော်တော်ခက်လိမ့်မယ်၊ စိတ်မရှိနဲ့ချစ်ကြည့်မလို့၊ ရင်ထဲမှာ ဘာညာဘာညာ၊ အချစ်ကိုမွေးဖွားခြင်း၊ ကောင်းကင်ထက်ကပန်းတစ်ပွင့်၊ ဝမ်းနည်းရမလား ဝမ်းသာရမလား မိသိန်းကြည်၊ နှလုံးလှလူမိုက်၊ ဆေးပေါင်းခတဲ့ည၊ သင်၏ချစ်လှစွာသော၊ ချစ်ခြင်း၏အခြားမဲ့၌၊ ပန်းတစ်ပွင့်ဖန်ဆင်းခြင်း၊ အိပ်မက်ရာသီနှင့် သမီးမိုက်ဇာတ်ကားများ ဖြစ်ကြသည်။

၂၀၀၁ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အကောင်းဆုံးထူးချွန်ဆုရရှိကြသည့် အမည်စာရင်းကို အကယ်ဒမီဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များက တစ်ဦးစီကြေညာပေးပြီးရရှိသည့်ဆု တစ်ခုချင်းအလိုက် အကောင်းဆုံးရုပ်ရှင်ပြကွက်အချို့ကို ကောက်နုတ်ပြသသည်။ ၂၀၀၁ ခုနှစ်အတွက် ရရှိသောမြန်မာ့ရုပ်ရှင်ထူးချွန်ဆုအမျိုးအစားများမှာ အကောင်းဆုံးဓာတ်ပုံဆု၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု၊ အကောင်းဆုံး ဇာတ်ကားဆု၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာ ဆု၊ အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုနှင့် အကောင်းဆုံးအမျိုးသား ဇာတ်ကောင်ဆုများဖြစ်ကြသည်။ ရုပ်ရှင်တည်းဖြတ်ဆု၊ ရုပ်ရှင်အသံဆုနှင့် ရုပ်ရှင်တေးဂီတဆုများကိုမူ ဆွတ်ခူးနိုင်ခြင်းမရှိပေ။

၂၀၀၁ ခုနှစ်
မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ

စဉ်	ဆုအမည်	ရရှိသူ	ဇာတ်ကားအမည်
၁	အကောင်းဆုံးဓာတ်ပုံဆု	ကိုကိုဌေး	ကောင်းကင်ထက်ကပန်းတစ်ပွင့်
၂	အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု	ခင်လေးသိမ့်	ပန်းတစ်ပွင့်ဖန်ဆင်းခြင်း
၃	အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု	နေအောင်	နှလုံးလှလူမိုက်
၄	အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆု	မေသဇာဦး	နှလုံးလှလူမိုက်
၅	အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု	စိုးမြတ်နန္ဒာ	အချစ်ကိုမွေးဖွားခြင်း
၆	အကောင်းဆုံးဇာတ်ကားဆု		နှလုံးလှလူမိုက်
၇	အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု	ဒါရိုက်တာမောင်တင်ဦး	နှလုံးလှလူမိုက်
၈	အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု	မေသန်းနု	ချစ်ခြင်း၏အခြားမဲ့၌
၉	အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆု	ထက်ထက်မိုးဦး	သမီးမိုက်
၁၀	အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆု	မင်းမော်ကွန်း	နှလုံးလှလူမိုက်
၁၁	အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆု	လွင်မိုး	ပန်းတစ်ပွင့်ဖန်ဆင်းခြင်း

ခမ်းငယ်

မြန်မာ့သမိုင်းမှတ်တိုင်ဖြစ်သော ဆေးပညာလောက၏ အောင်မြင်မှုတစ်ခု ။ ။ မိုးမမအောင်၊ မိုးပပအောင် ကိုယ်ချင်းဆက် အမြွာခွဲစိတ်အောင်မြင်မှုသည် မြန်မာ့ဆေးပညာလောက၏ အောင်မြင်မှု မှတ်တိုင်တစ်တိုင်ကို စိုက်ထူလိုက်နိုင်ခြင်းပင် ဖြစ်သည်။ ထို့အပြင် မြန်မာ့ဆေးပညာလောက၊ မြန်မာ့ဆေးပညာရှင်များ၏ အဆင့်အတန်းမြင့်မားမှုကိုပါ ထင်ဟပ်ဖော်ပြလျက် ရှိပါသည်။

မြန်မာနိုင်ငံ ကိုယ်ချင်းဆက်အမြွာ ခွဲစိတ်မှုသမိုင်း

မြန်မာနိုင်ငံတွင် ပထမဆုံးကိုယ်ချင်းဆက်အမြွာခွဲစိတ်မှုကို ၁၉၇၁ ခုနှစ်က ပြုလုပ်ခဲ့ရာ ဒေါက်တာဦးဖေညွန့်နှင့် ဒေါက်တာဦးထွဋ်ဆိုင်တို့က မနန်းစိုး၊ မနန်းစံ ကိုယ်ချင်းဆက်အမြွာတို့ကို ခွဲစိတ်ခဲ့ကြ၏။ ၁၉၉၃ ခုနှစ်တွင် ဒုတိယအကြိမ် ကိုယ်ချင်းဆက်အမြွာခွဲစိတ်မှုအဖြစ် အေးအေးငြိမ်း၊ အိအိငြိမ်းတို့ကို ကလေးခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာ ဦးမောင်မောင်နှင့် ဒေါက်တာဦးအောင်ကြည်တို့က ဦးဆောင် ခွဲစိတ်ခဲ့ကြ၏။ ၂၀၀၂ ခုနှစ်တွင် တင်ပါးဆုံချင်းဆက် မိုးမမအောင်နှင့် မိုးပပအောင်တို့ကို ကလေးခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာဦးအောင်ကြည်က ဦးဆောင်ပြီး ခွဲစိတ်ခဲ့သည်။

ကိုယ်ချင်းဆက်အမြွာဖြစ်နှုန်း

အမြွာ ၂၀၀၀၀ တွင် ကိုယ်ချင်းဆက်အမြွာတစ်မြွာ မွေးဖွားတတ်သည်။ ယခုအထိ ကမ္ဘာပေါ်တွင် ကိုယ်ချင်းဆက်အမြွာခွဲခဲ့သည်မှာ ၂၅၀ ခန့်သာရှိသည်။ ကမ္ဘာပေါ်၌ ၁၈၀၀ ပြည့်နှစ်တွင် ကိုယ်ချင်းဆက်အမြွာကို ကောနစ်ဆိုသူက ပထမဆုံးခွဲစိတ်ခဲ့သည်။

ထူးခြားချက်များ

မိုးမမအောင်နှင့် မိုးပပအောင်တို့သည် ထူးခြားသော ကိုယ်ချင်းဆက်အမြွာဖြစ်သည်။

၁။ ၎င်းအမြွာညီအစ်မမှာ တင်ပါးဆုံရိုးချင်းဆက် (Ischiopagus) အမျိုးအစားဖြစ်သည်။ တင်ပါးဆုံရိုးချင်းဆက်အမြွာကို ခွဲစိတ်ခြင်းမှာ မြန်မာနိုင်ငံတွင် ပထမဆုံးခွဲစိတ်ခြင်းဖြစ်သည်။ ယခုကဲ့သို့ တင်ပါးဆုံ ပိုင်း ကိုယ်ချင်းဆက်အမြွာ (Ischiopagus Tripus) များမှာ ရှားပါးလှပြီး ယခု မိုးမမအောင်နှင့် မိုးပပအောင် ခွဲစိတ်မှုမှာ တစ်ကမ္ဘာလုံးတွင် ၁၉ တွဲမြောက် ခွဲစိတ်ကုသမှုဖြစ်သည်။

၂။ ၎င်းအမြွာညီအစ်မ ခွဲစိတ်မှုမှာ မန္တလေးမြို့တွင် ပြုလုပ်သော ပထမဆုံး ကိုယ်ချင်းဆက်အမြွာခွဲစိတ်မှု ပင်ဖြစ်သည်။

၃။ မိုးညီအစ်မနှစ်ယောက်၏ ထူးခြားချက်မှာ ခြေထောက်သုံးချောင်းသာ ပါနေခြင်းဖြစ်သည်။ Tripus ဟုခေါ်သည်။ တစ်ယောက်နှစ်ချောင်းစီ ရအောင် ခွဲစိတ်ပေးရသည်။ ကမ္ဘာပေါ်တွင် ဤကဲ့သို့ ခွဲစိတ်ပေးခြင်းမျိုးတွင် မြန်မာနိုင်ငံမှ မိုးမမအောင်တို့ ညီအစ်မခွဲစိတ်မှုမှာ ဒုတိယ မြောက်ပင်ဖြစ်သည်။ ပထမအကြိမ်မှာ ၁၉၉၇ ခုနှစ်က အမေရိကန်နိုင်ငံ တွင် ကိုယ်ချင်းဆက် အမြွာ၏ ခြေထောက်ကို ခွဲထုတ်ပေးခဲ့သည်။

၄။ မိုးပပအောင်သည် ဦးခေါင်းတွင် အရည်စုသော ရောဂါ (Hydrocephalus) ခံစားရသည်။ ထို့ကြောင့် သမီးငယ် ပပ ၄၉ ရက်သားအရမှာ ခွဲစိတ်ပြီး Shunt ထည့်ပေးရသည်။ ၎င်းအမြွာကို ခွဲစိတ်ပြီး အရေပြားအား တစ်ယောက်စီ ပြန်ချုပ်သောအခါ ချုပ်စရာများများရအောင် အရေပြား ဧရိယာကို ကြီးမားစေသည့် "တစ်သျှူးကျယ်ပြန့်စေသော ပစ္စည်း" (Tissue Expander) များကို ထည့်ပေးရသည်။ Shunt နှင့် Tissue Expander နှစ်မျိုးစလုံး ထည့်သုံးသော ကိုယ်ချင်းဆက်အမြွာခွဲစိတ်မှုတွင်မိုးမမအောင် အမြွာညီအစ်မ ခွဲစိတ်ခြင်းမှာ ကမ္ဘာပေါ်တွင် ပထမဆုံးဖြစ်သည်။

၅။ ဤအမြွာခွဲစိတ်ခြင်းသည် မြန်မာနိုင်ငံ၏ ပထမဆုံး ဗီဒီယိုကွန်ဖရင့် (Video Conference) ဖြစ်သည်။ မန္တလေးမြို့တွင် လက်တွေ့ခွဲစိတ်နေပုံကို ဂြိုဟ်တုမှတစ်ဆင့် Very Small Aperture Terminal (VSAT) စနစ်ဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ ရန်ကုန်မြို့တော်ရှိ ဆေးတက္ကသိုလ်များမှ စစ်ဆေးပေးသည်။

ညနေ ၅ နာရီ ၇ မိနစ်တွင် မိုးမမအောင်နှင့် မိုးပပအောင်တို့ကို သီးခြားစီဖြစ်အောင် အောင်မြင်စွာ ခွဲစိတ်ပေးခဲ့သည်။ ညနေ ၅ နာရီ ၂၅ မိနစ်မှ စတင်၍ ပါမောက္ခ ဒေါက်တာအောင်ကြည်နှင့် ပါမောက္ခ ဒေါက်တာထူးဟန်တို့ ဦးဆောင်သောအဖွဲ့ နှစ်ဖွဲ့ဖြင့် သီးခြားစီ အပြီးသတ်ခွဲစိတ်ပြုပြင်မှုများကို ပြုလုပ်ခဲ့ရာ ည ၈ နာရီ ၁၅ မိနစ်တွင် ခွဲစိတ်ကုသမှု တစ်ရပ်လုံး အောင်မြင်စွာ ပြီးစီးခဲ့သည်။

ခွဲစိတ်စဉ်က ခွဲစိတ်ထားသော ဒဏ်ရာများနှင့် နီးနေ၍ ဝမ်းသွားနိုင်အောင် အူကနေ ဖောက်ပြီး ဝမ်းသွားလမ်းကြောင်းကို လမ်းလွှဲထားခဲ့သည်။ ချုပ်ရိုးများကောင်း၍ ခွဲစိတ်ပြီး သုံးလရှိသွားသော အခါမှ လွှဲထားသော လမ်းကြောင်းကို ပြန်ပိတ်ပေးလိုက်သည်။ ယခုအခါ အမြွာညီအစ်မနှစ်ယောက် စလုံးပုံမှန်ဝမ်းသွားလမ်းကြောင်းမှ ဝမ်းသွားနိုင်ကြပေပြီ။

ပံ့ပိုးကူညီမှုများ

ကလေးများ ခွဲစိတ်ကုသနိုင်ဖို့အတွက် ဆေးပစ္စည်းကိရိယာများကို ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့သည့်အပြင် ကလေးခွဲစိတ်ကိရိယာများ ဝယ်ရန် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အခြားအလှူရှင်များက ပံ့ပိုးကူညီခဲ့ကြသည်။

မန္တလေးကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်အေးကြည် ဦးဆောင်သော စီမံခန့်ခွဲမှုအဖွဲ့က ခွဲစိတ်ကုသမှု အဆင်ပြေချောမွေ့စေရန် ကြပ်မတ်ပေးခဲ့သည်။

လှူဒါန်းမှုများ

ကိုယ်ချင်းဆက်အမြွာညီအစ်မ ခွဲစိတ်ကုသမှုအတွက် စေတနာရှင် ပြည်သူလူထုက အလှူငွေများကို သဒ္ဓါတရားထက်သန်စွာဖြင့် ငွေကျပ် ၃၁ သိန်းကို ပထမအကြိမ် လှူဒါန်းခဲ့ကြသည်။ ၂၀၀၂ ခုနှစ်၊ မေလ ၅ ရက်နေ့က လှူဒါန်းခြင်းဖြစ်သည်။ ဒုတိယအကြိမ် ငွေလှူဒါန်းပွဲကို မန္တလေး အထွေထွေရောဂါ ဆေးရုံကြီး၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့က အလှူငွေများကို လက်ခံရယူခဲ့သည်။ ဒုတိယလှူဒါန်းသည့် အခမ်းအနားတွင် အလှူရှင် ၃၂ ဦးတို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဆေးရုံအုပ်ကြီးတို့က လက်ခံရယူခဲ့ကြ၏။ ဒုတိယ အကြိမ် လှူဒါန်းငွေအပါအဝင် စုစုပေါင်း အလှူငွေကျပ် ၈၂,၉၀,၀၀၀ ကို လက်ခံရရှိခဲ့သည်။

ခေတ်မီနည်းများဖြင့် ခွဲစိတ်နေပုံကို တိုက်ရိုက်ထုတ်လွှင့်ပြသခြင်း

ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးမောင်မောင်နှင့် သက်ဆိုင်ရာ ဆရာဝန်ကြီးများက ခွဲစိတ်ကုသမှု အခြေအနေများကို Close Circuit TV မှတစ်ဆင့် ရှင်းလင်းတင်ပြကြသည်။



မိုးပပအောင်နှင့်မိုးမမအောင်

ကိုယ်ချင်းဆက် အမြှာညီအစ်မအား ခွဲစိတ်ကုသမှု အခြေအနေများကို Local Area Network (Fibre Optic Cable) စနစ်ဖြင့် မန္တလေးဆေးတက္ကသိုလ်ရှိ ဘွဲ့လွန်၊ ဘွဲ့ကြိုကျောင်းသားများ၊ အလုပ်သင်ဆရာဝန်များအား ထပ်ဆင့်ရှင်းလင်းသင်ကြားခဲ့သည်။

မန္တလေးဆေးတက္ကသိုလ် ခွဲစိတ်ကုပညာဌာနမှူး ပါမောက္ခ ဒေါက်တာဝင်းမြင့်က LAN စနစ် ဖြင့် တိုက်ရိုက် ထုတ်လွှင့်နေမှုကို ရှင်းလင်းပြသသင်ကြားရာ တက်ရောက်လာကြသည့် ဆရာဝန်များ၊ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များ၊ မရှင်းလင်းသည်များကို မေးမြန်းကြသည်။ အလားတူ ရန်ကုန်ရှိ ဆေးတက္ကသိုလ်များမှ ဆရာဝန် များနှင့် ကျောင်းသားကျောင်းသူများအား ဂြိုဟ်တုမှ တစ်ဆင့် Very Small Aperture Terminal (VSAT) စနစ်ဖြင့် တိုက်ရိုက်ထုတ်လွှင့် ပြသသည်။

အမြှာညီအစ်မအား မခွဲစိတ်မီတွေ့ရပုံ

အမြှာညီအစ်မ မွေးဖွားပုံ

မိုးမမအောင်နှင့် မိုးပပအောင်တို့သည် မန္တလေးမြို့ ကျွဲဆည်ကန်ရပ်နေ မော်တော်ယာဉ်ဂိတ်မှူး ဦးအေးမင်းနှင့် မအေးအေးဝင်းတို့က မွေးဖွားသော သမီးဦးကလေးများဖြစ်ကြသည်။ ယင်း ကိုယ်ချင်းဆက်အမြှာ မိုးမမအောင်နှင့် မိုးပပအောင်တို့အား ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီး၌ သားဖွားနှင့် မီးယပ်ဆရာဝန် ဒေါက်တာမေလှနှင့် အဖွဲ့က အရေးပေါ်ခွဲစိတ်မွေးဖွားပေးခဲ့သည်။ မွေးဖွားပြီးလျှင်ပြီးချင်း ကိုယ်ချင်းဆက်အမြှာကို မန္တလေးကလေးဆေးရုံကြီး အထူးကြပ်မတ် ကုသဆောင်သို့ ပြောင်းရွှေ့စောင့်ရှောက်ခဲ့သည်။ ကလေးများသည် လမစေ့၊ ပေါင်မပြည့်ကလေးများဖြစ်ပြီး နှစ်ဦးပေါင်း၏ ကိုယ်အလေးချိန်မှာ သုံးကီလိုဂရမ်သာရှိသဖြင့် အထူးကြပ်မတ် ကုသပေးခဲ့ရသည်။

အမြွာညီအစ်မ ကိုယ်ချင်းဆက်နေပုံ

အမြွာနှစ်ယောက်၏ ကိုယ်တွင်းအင်္ဂါများကို မန္တလေးအထွေထွေရောဂါ ဆေးရုံကြီး ဓာတ်မှန်ဌာနမှ ကထိက ဒေါက်တာဦးဉာဏ်ထွန်း၏ အကူအညီဖြင့် စမ်းသပ်စစ်ဆေးကြည့်ရှုခဲ့ကြ၏။ ညီအစ်မနှစ်ယောက်၏ အူမကြီးနှင့် အူသိမ် နောက်ပိုင်းတို့ ဆက်နေကြ၏။ (Urethra) တွင် တစ်ယောက်က တိုပြီး တစ်ယောက်က ရှည်သည်။ တင်ပါးဆုံရိုးကွင်း နှစ်ခုက ဆက်နေသည်။ "အေဩတာ" (Aorta) သွေးလွှတ်ကြောမကြီး၏ Median Sacral Artery နှစ်ချောင်း ဆက်သည်။

မခွဲစိတ်မီ အမြွာညီအစ်မ၏ ကျန်းမာရေးအခြေအနေ

မွေးခါစ ကလေးများတွင် "လွှတ်သွေးပြန်ပွင့်" (ဝမ်းတွဲင်းပါ) နှလုံးရောဂါ (Patent Ductus Arteriosus) ပါရှိသည့်အပြင် လမစေ့ ပေါင်မပြည့်ခြင်းတို့ကြောင့် အထူးကြပ်မတ်ကုသဆောင်တွင် တယုတယပြုစုစောင့်ရှောက်ခဲ့ကြရသည်။

အသက်နှစ်လအရွယ်၌ မိုးပပအောင်တွင် မွေးရာပါ "ဦးနှောက်အတွင်း ရေစုသောရောဂါ" (Hydrocephalus) ရှိသဖြင့် ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမြင့်သိန်း၏ အကူအညီကို ရယူ၍ ကလေးခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာအောင်ကြည်က ဦးနှောက်အတွင်းခန်း ရေဝင်သဖြင့် VP Shunt ကို ထည့်သွင်းကုသပေးခဲ့ရသည်။ ၎င်း VP Shunt က ပိုးဝင်ခြင်းနှင့် မကြာခဏ ပိတ်ဆို့ခြင်းများဖြစ်လာ၍ သုံးကြိမ်မျှ ပြန်လည်ပြုပြင်ခွဲစိတ်ခဲ့ရသည်။ နောက်ဆုံးတွင် အမေရိကန်နိုင်ငံလုပ် VP Shunt ကို မှာယူရရှိ၍ အသစ်လဲလှယ်ထည့်သွင်းပေးခဲ့ရာ ပိုးဝင်ခြင်း ပိတ်ဆို့ခြင်း ထပ်မံမဖြစ်တော့ပေ။

အမြွာညီအစ်မနှစ်ယောက် အသက်သုံးလ အရွယ်အရောက်တွင် အူကျရောဂါဖြစ်လာပြန်သည်။ သမီးကြီး မိုးမမအောင်က ညာဘက်တွင် အူကျပြီး သမီးငယ် မိုးပပအောင်က ဘယ်ဘက်တွင် အူကျရောဂါ ရခဲ့သည်။ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့က ညီအစ်မနှစ်ယောက်စလုံးကို ခွဲစိတ်ကုသပေးခဲ့ကြ၏။ မေ့ဆေးဆရာဝန်ကြီး ပါမောက္ခ ဦးသန့်ဇင်နှင့် မေ့ဆေးဆရာဝန်ကြီး (ကလေး) ဦးမောင်ဦးကို့၏ အကူအညီနှင့် ကလေးခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခဦးအောင်ကြည်နှင့် ကလေးခွဲစိတ်ဆရာဝန်ကြီး ဦးမျိုးညွှန့်တို့က ခွဲစိတ်ကုသပေးခဲ့ကြသည်။

မခွဲစိတ်မီ ကြိုတင်လေ့ကျင့်ကြပုံ

ခွဲစိတ်ကုသနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် ကလေးဆေးရုံကြီးတို့မှ ပါမောက္ခများ၊ အထူးကု ဆရာဝန်ကြီးများသည် ညှိနှိုင်းဆွေးနွေးမှုကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ခွဲစိတ်ကုသပုံကိုလည်း အကြိမ်ကြိမ် ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

လေ့ကျင့်ရာတွင် ခွဲစိတ်ခံမည့် ကလေးများပုံတူ ကလေးအရုပ် (Dummy) နှင့် လေ့ကျင့်ကြသည်။ မည်သည့်အဆင့်ရောက်လျှင် မည်သူကလုပ်ဆောင်ရမည်ကို ခွဲစိတ်ရာတွင် ပါဝင်မည့် ဆရာဝန်များ၊ သူနာပြုများအား လုံး တစ်ပတ်ကို တစ်ကြိမ် အနည်းဆုံး ဇာတ်တိုက်လေ့ကျင့်ခဲ့ကြ၏။

မန္တလေး ကလေးဆေးရုံကြီး ခွဲစိတ်ခန်းမှာ ကလေးအရုပ်များနှင့် အစမ်းလေ့ကျင့်ခဲ့ကြ၏။ ခွဲစိတ်ရန် နီးလာသောအခါ တစ်ပတ်ကိုသုံးကြိမ် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြ၏။

တစ်သျှူးကျယ်ပြန့်ပစ္စည်းထည့်ပုံ

ကလေးများ ခွဲစိတ်ပြီး ပြန်ပိတ်ရာတွင် အရေပြားတစ်သျှူးများများရအောင် ၎င်းတို့၏ ခန္ဓာကိုယ်ထဲသို့ "တစ်သျှူးကျယ်ပြန့်ပစ္စည်း" (Tissue Expander) ကို ထည့်ပေးရသည်။ Tissue Expander မှာ ဆီလီကွန်နှင့် ပြုလုပ်ထားသော ဘောလုံးလိုအရာပင် ဖြစ်သည်။ ၎င်း Tissue Expander ကို ကလေးများ၏ ဝမ်းဗိုက်ထဲထည့်ချပ်လိုက်ပြီး တစ်နေ့ကို "မူမှန်ဆားရည်" Normal Saline နည်းနည်းစီ (၂၀ စီစီခန့်) ထည့်ပေးရ၏။ Tissue Expander ကို ၁၈-၆-၂၀၀၂ နေ့ကစပြီး ကြိုထည့်ထားသည်။ ဆီလီကွန်ဘောလုံးများက ၆၀၀ စီစီသာ ဆံ့သော်လည်း Normal Saline ခေါ်မူမှန်ဆားရည်ကို ၁၀၀၀ ထည့်ထား၏။ Tissue Expander တစ်ခုသည် ဒေါ်လာ ၂၀၀၀ နှင့် ၃၀၀၀ ကြားမှာ ရှိသည်။ ၎င်းပစ္စည်းများကို ပြင်သစ်နိုင်ငံ "အင်ဖာ" (AMFA) အဖွဲ့က လှူဒါန်းသည်။



အမြှာညီအစ်မအား ခွဲစိတ်နေစဉ်

ခွဲစိတ်ပုံများ

မိုးမမအောင်နှင့် မိုးပပအောင် ကိုယ်ချင်းဆက် အမြှာညီအစ်မအား ခွဲစိတ်ကုသမှုကို ၂၀၀၂ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့က မန္တလေးကလေးဆေးရုံကြီး ခွဲစိတ်ခန်းမ၌ ဆောင်ရွက်ခဲ့သည်။ ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီးများ ဖြစ်ကြသော ပါမောက္ခ ဒေါက်တာဦးအောင်ကြည်နှင့် ပါမောက္ခ ဒေါက်တာထူးဟန်၊ မေ့ဆေးအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ပါမောက္ခ ဒေါက်တာသန့်ဇင်နှင့် ဒေါက်တာမောင်ဦးတို့ ဦးဆောင်သော အဖွဲ့တို့က ခွဲစိတ်ရန် ပြင်ဆင်မှုများကို နံနက် ၆ နာရီတွင် စတင်ပြုလုပ်ခဲ့သည်။

ခွဲစိတ်မှု၏ ပထမအဆင့်ကို နံနက် ၈ နာရီ မိနစ် ၄၀ မှစတင်ပြုလုပ်ခဲ့ပြီး အမြှာညီအစ်မအား ပက်လက်အနေအထားဖြင့် စတင်ခွဲစိတ်သည်။ ဝမ်းဗိုက်အတွင်းရှိ အူနှင့် အခြားကိုယ်တွင်းအင်္ဂါများကို ပါမောက္ခ ဒေါက်တာအောင်ကြည် ဦးဆောင်သော ကလေးခွဲစိတ်ဆရာဝန်များအဖွဲ့က အသေးစိတ်စစ်ဆေးရာ အူသိမ်နောက်ပိုင်းနှင့် အူမကြီး အစပိုင်းတို့သည် တစ်ခုတည်းရှိနေသဖြင့် ကလေးနှစ်ဦးအတွက် သီးခြားစီဖြစ်စေရန် ခွဲစိတ်ပြုပြင်ပေးသည်။ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ဝမ်းဗိုက်ကို ခေတ္တပြန်ပိတ်၍ ဒုတိယအဆင့်ကို စတင်ရန် ပြင်ဆင်သည်။ နံနက် ၁၁ နာရီတွင် ခွဲစိတ်မှု၏ ဒုတိယအဆင့်ဖြစ်သော မျှောက်လျှက်အနေအထားဖြင့် ခွဲစိတ်ကုသမှုကို အရိုးအထူးကု ဆရာဝန် ပါမောက္ခ ဒေါက်တာခင်မောင်ဟန်၊ ဒေါက်တာ သန်းချို့နှင့် ဒေါက်တာနွဲ့တို့အဖွဲ့က ဦးဆောင်ပြုလုပ်ခဲ့သည်။ တစ်ခုတည်းဆက်နေသော တင်ပါးဆုံအရိုးကွင်းကို သီးခြားစီ ခွဲစိတ်ပြီး ပူးကပ်နေသော ခြေထောက်နှစ်ချောင်းကို သီးခြားစီဖြစ်အောင် ခွဲစိတ်ပေးခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ပြီးစီးသည်။

ခွဲစိတ်မှု၏ တတိယအဆင့်အဖြစ် ပက်လက်အနေအထားသို့ ပြန်ပြောင်း၍ ဝမ်းဗိုက်အောက်ပိုင်းကို ပြန်လည်စစ်ဆေးခွဲစိတ်ခဲ့သည်။ ယင်းခွဲစိတ်မှု

အပိုင်းကို ဆီးနှင့် ကျောက်ကပ်ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာတိုးလွင် ဦးဆောင်သော အဖွဲ့က ပူးကပ်နေသော ဆီးအိမ်ကို သီးခြားစီ ဖြစ်အောင် ခွဲထုတ်ပေးသည်။ တစ်ဆက်တည်းမှာပင် နှလုံးခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခွန်စိုးမိုးက သွေးကြောများကို ကြည့်ရှု စစ်ဆေးကုသပေးသည်။

မန္တလေးမြို့တွင် လက်တွေ့ခွဲစိတ်နေပုံများကို ကျန်းမာရေး စီမံကိန်း ဦးစီးဌာနနှင့် Bagan Cybertec တို့ ပူးပေါင်း၍ ရန်ကုန်မြို့ရှိ အမျိုးသား ကျန်းမာရေး ကော်မတီ အစည်းအဝေးခန်းမသို့ လည်းကောင်း၊ မန္တလေးမြို့ရှိ ဆေးတက္ကသိုလ်သို့ လည်းကောင်း တိုက်ရိုက် ထုတ်လွှင့်ပြသခဲ့ပြီး ရန်ကုန်မြို့ရှိသမား တော်ကြီးများ၊ မန္တလေးမြို့ရှိ သမားတော်ကြီး များ၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက တိုက်ရိုက် ကြည့်ရှု၍ အပြန်အလှန်ဆက်သွယ် မေးမြန်းကြ သည်။

လက်ရှိအခြေအနေ

မန္တလေးမြို့ ကလေးဆေးရုံကြီးတွင် ၂၀၀၂ ခုနှစ်၊ သြဂုတ်လ ၁၁ ရက်နေ့တွင် ခွဲစိတ်ကုသပေး ခဲ့ပြီး ပြုစုစောင့်ရှောက်ထားသည့် ကိုယ်ချင်းဆက် အမြွာညီအစ်မ မိုးမမအောင်နှင့် မိုးပပအောင်တို့၏ ကျန်းမာရေးအခြေအနေများ ကောင်းမွန်လျက်ရှိပြီး ပုံမှန်အစားအစာများကို စားသောက်လျက်ရှိသည်။ အမြွာညီအစ်မနှစ်ဦးမှာ ထိုင်နိုင်ရပ်နိုင်ကြပြီး ကလေးများ၏ အရိုးအဆစ်များ သန်မာလာစေရေး အတွက် "ကာယကုပညာဌာန" မှ Physiotherapy အဖွဲ့က နေ့စဉ် (ရုံးပိတ်ရက်မှအပ) လာရောက်၍ ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။

ရုရှားပြည်ထောင်စု ။ ။ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရုရှားမှ TV-6 သည် ရုပ်/သံလုပ်ငန်းများ ပိတ်သိမ်းခံလိုက်ရသည်။ TV-6 ကို အကြွေးများပေး ဆပ်နိုင်မှုမရှိသဖြင့် အစိုးရကပိတ်သိမ်းရန်ဆုံးဖြတ် ခဲ့သည်။ သို့ရာတွင် TV-6 က တရားရုံးချုပ်အထိ အယူခံဝင်ခဲ့သည်။ တရားရုံးချုပ်ကလည်း ထိုအယူ ခံလွှာကို ပယ်ချခဲ့သည်။ ဤသို့ဖြင့် နောက်ဆုံးသီးခြား လွတ်လပ်စွာဆောင်ရွက်နေသည့် ပုဂ္ဂလိက ရုပ်/သံ လွှင့်ဌာနတစ်ခု ပျောက်ပျက်သွားခဲ့ရသည်။ TV-6 သည် တစ်နိုင်ငံလုံးသို့ ရုပ်/သံလွှင့်ပေးနေသော ရုပ်/သံလုပ်ငန်းဖြစ်သည်။ TV-6 သည် မကြာခဏ အားဖြင့် ရုရှားအစိုးရကိုဝေဖန်သည့် သတင်းအချက် အလက်များကို ထုတ်လွှင့်ပေးခဲ့သည်။ ဤသို့ ပြုလုပ် နေမှုကို ရုရှားသမ္မတရုံးက မကြိုက်သဖြင့်ယခုကဲ့သို့ TV-6 ကို တရားရုံးချုပ်အမိန့်အရ ပိတ်သိမ်းလိုက် ခြင်းဖြစ်သည်ဟု အကဲခတ်သူများက ပြောဆိုကြ သည်။ တရားရုံးချုပ်က ဤအမှုတွင်ဥပဒေနှင့်အညီ သာ ဆုံးဖြတ်ခဲ့ကြောင်း ရှင်းပြသည်။ သမ္မတပူတင် က ဤအမှုတွင် အစိုးရကဝင်ရောက်စွက်ဖက်မှုမရှိ ခဲ့ကြောင်း ပြောဆိုခဲ့သည်။

ဇန်နဝါရီလ ၄ ရက်နေ့တွင် သမ္မတပူတင်သည် မီးရထားဝန်ကြီး နီကိုလိုင်အက်ဆီယိုနစ်ကို အား ဖယ်ရှားပြီးနောက် ဂင်နာဒီဖာဒေယက်ဗ်အား ဝန်ကြီးသစ်အဖြစ် ခန့်အပ်ခဲ့သည်။ ဝန်ကြီးဟောင်း သည် လာဘ်စားမှုဖြင့် တာဝန်မှရပ်စဲခံရခြင်းဖြစ် သည်။

ရုရှားအထက်လွှတ်တော်သည် သဘာပတိနှင့် ပထမလက်ထောက်သဘာပတိတို့ကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာလအတွင်းက ရွေးကောက်တင်မြှောက်ခဲ့ပြီး နောက် ယခုတစ်ဖန်ဇန်နဝါရီလ ၃၀ ရက်နေ့က လက်ထောက်သဘာပတိသုံးဦးတို့ကို ထပ်မံရွေးချယ် တင်မြှောက်ခဲ့သည်။ ရုရှား အထက်လွှတ်တော်ကို ရုရှားပြည်ထောင်စုအတွင်းရှိ သမ္မတနိုင်ငံများ၊ ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ခန့်အပ်စေလွှတ်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ ထို ကိုယ်စားလှယ်များတွင် အုပ်ချုပ်ရေးဘက်မှပုဂ္ဂိုလ် များနှင့် ဥပဒေပြုရေးဘက်မှပုဂ္ဂိုလ်များ ပါဝင်ကြ သည်။ သို့ဖြစ်၍ ရုရှားအထက်လွှတ်တော်သည် အုပ်ချုပ်ရေးနှင့်ဥပဒေပြုရေးတို့တွင် သြဇာကြီးမား သော အဖွဲ့အစည်းဖြစ်သည်။ ထို့ကြောင့် အထက် လွှတ်တော်၌ ခေါင်းဆောင်မှုအပြောင်းအလဲသည် အရေးပါသောအပြောင်းအလဲတစ်ခု ဖြစ်သည်။

၂၀၀၁ ခုနှစ်ကုန်နှင့် ၂၀၀၂ ခုနှစ်ဆန်းပိုင်း တွင် ရုရှားစစ်တပ်များသည် ခီချင်စစ်သွေးကြွများ အား နှိမ်နင်းသည့်စစ်ဆင်ရေးများကို ပြုလုပ်ခဲ့သည်။ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ရုရှားစစ်ဘက်အရာရှိ ကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှပုဂ္ဂိုလ်များကို သယ်ဆောင်လာသောရဟတ်ယာဉ်တစ်စင်း ပျက်ကျ



ရုရှားသမ္မတ ပူတင်

သွားခဲ့သည်။ စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့သည် ဟုလည်းဆိုသည်။ မြေပြင်မှ ပစ်ချလိုက်မှုကြောင့်ဟု လည်း ဆိုသည်။ ထိုရဟတ်ယာဉ် ပျက်ကျရာ၌ ပြည်ထဲရေး ဒုတိယဝန်ကြီးလည်း ပါသွားသည်။ ရဟတ်ယာဉ်တွင် ပါသူအားလုံးသေဆုံးခဲ့သည်။

ဇန်နဝါရီလ ၂၃ ရက်နေ့က ဝါရှင်တန်၌ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များနှင့် ချီချင် နိုင်ငံခြားရေးဝန်ကြီး အီလီယပ်စ်အက်စဒေါ်တို့ သည် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုချီချင်နိုင်ငံခြား ရေးဝန်ကြီးကို ရုရှားအစိုးရကအကြမ်းဖက်သမားဟု သတ်မှတ်ထားသည်။ သို့ဖြစ်၍ အမေရိကန်နိုင်ငံခြား ရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များနှင့်ချီချင်နိုင်ငံခြားရေး ဝန်ကြီးတို့ တွေ့ဆုံမှုသည် မိတ်ဆွေမပီသသောအပြု အမူဖြစ်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြစ်တင်ဝေဖန်လိုက်သည်။ အမေရိကန်နှင့်အခြား လူ့အခွင့်အရေးသမားများကား ချီချင်ညာဉ်၌ ရုရှား စစ်တပ်ကခွဲထွက်ရေးသူပုန်များအား နှိမ်နင်းနေမှုကို အင်အားသုံးမှုလွန်ကဲသည်ဟု မကြာခဏစွပ်စွဲဝေဖန် နေကြသည်။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် သမ္မတပူတင်က အဆင့်မြင့်ဥပဒေဝန်ထမ်းများအား အကြမ်းဖက် ဒုစရိုက်မှုများ မြင့်တက်လာမှုကို မနှိမ်နင်းသောကြောင့် ပြစ်တင်ဝေဖန်လိုက်သည်။ သမ္မတပူတင်က ၂၀၀၁ ခုနှစ်တွင် လူသတ်သမား ၇၀၀၀ တို့သည် ဥပဒေစက်ကွင်းမှလွတ်ထွက်သွားခဲ့ကြောင်း၊ လူသတ်မှု၊ လုယက်မှု၊ ပြန်ပေးဆွဲမှု၊ ဖောက်ထွင်းမှုတို့သည် နေ့စဉ်ဘဝ၏အစိတ်အပိုင်းကဲ့သို့ ဖြစ်နေကြောင်း၊ ၂၀၀၁ ခုနှစ်ကပြစ်မှုပေါင်း သုံးသန်းမျှရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ ရုရှား၌ဒုစရိုက်မှုများ ထူပြောနေသည်ကို လူထုက စိတ်ကုန်နေကြပြီဖြစ်သည်။ သို့ဖြစ်၍ ယခင်ကရပ်ဆိုင်းထားခဲ့သော သေဒဏ်ပေးမှုကို ပြန်လည်ကျင့်သုံးရန် အောက်လွှတ်တော်က လိုလားနေပြီဖြစ်သည်။ ဤသို့သော အခြေအနေတွင် သမ္မတပူတင်က ဒုစရိုက်မှုများအပေါ် တင်းကျပ်စွာ အရေးယူကြရန် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီလဆန်းပိုင်းက ရုရှားပြည်လုံးဆိုင် ရာပါတီ၊ ဆသနယ်မြေပါတီ၊ ညီညွတ်သောပါတီတို့ သည် ကွန်ဂရက်များအသီးသီးကျင်းပခဲ့ကြသည်။ ထို ပါတီသုံးခုကိုဖျက်သိမ်း၍ ညီညွတ်သောရုရှားပါတီ (United Russia Party) ဟူသောအမည်ဖြင့် ပါတီသစ် တစ်ရပ်ထူထောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤသို့ သုံးပါတီပေါင်းထားသောပါတီသည် ရုရှားတွင်အကြီး

ဆုံးနှင့် ဩဇာတိက္ကမအကြီးမားဆုံးပါတီ ဖြစ်လာပေ တော့သည်။ ဤပါတီသစ်သည် သမ္မတပူတင်ကို ထောက်ခံသွားမည့်ပါတီဖြစ်သည်။

ရုရှားဗဟိုဘဏ်ဥက္ကဋ္ဌ ဗစ်တာဂျီရပ်ရှ်ချင်ကို သည် သမ္မတပူတင်၏ခွင့်ပြုချက်ဖြင့် မတ်လ ၁၅ ရက်နေ့တွင် ရာထူးမှနုတ်ထွက်သွားခဲ့သည်။ သူ့ နေရာတွင် ပထမလက်ထောက် ဘဏ္ဍာရေးဝန်ကြီး ဖြစ်သူ ဆာဂျီအစ်နတ်ယက်ဗ်အား အစားထိုးခန့်အပ် လိုက်သည်။ သူသည် သမ္မတပူတင် ကဲ့သို့ပင် စိန့်ပီတာ့စ်ဘာ့ဂ်မြို့သားဖြစ်ပြီး ရိုးဖြောင့်မှု၊ လုပ်ငန်း ကျွမ်းကျင်မှုတို့တွင် နာမည်ရထားပြီးသူဖြစ်သည်။ သူသည် ဘဏ်စနစ်ကို ပြုပြင်သွားလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ ငွေကြေးဖလှယ်ရာတွင် ထိန်းချုပ်ထားမှုများကို လျှော့ချပြီးရူဘယ်လ်ငွေ တန်ဖိုးကို ရုရှား၏အဓိကထွက်ကုန်များဖြစ်သော ရေနံ၊ အခြားကုန်ကြမ်းများ၏ ဈေးနှုန်းတို့နှင့် နီးစပ်မှုရှိအောင် လုပ်ဆောင်ပေးလိမ့်မည်ဟု ထင်ကြေး ပေးနေကြသည်။

ရုရှားပြည်ထောင်စုတွင် အဖွဲဝင်သမ္မတနိုင်ငံ များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများမှ ကိုယ်စား လှယ်များဖြင့် နိုင်ငံတော်ကောင်စီ၏ သဘာပတိအဖွဲ့ ကို ဖွဲ့စည်းထားသည်။ သဘာပတိအဖွဲဝင်များကို ခြောက်လတစ်ကြိမ် အလှည့်ကျလဲလှယ်ပေးသည်။ မတ်လ ၁၄ ရက်နေ့တွင် သမ္မတပူတင်ကအလှည့်ကျ သဘာပတိအဖွဲဝင်များ၏ အမည်စာရင်းကိုကြေညာ ခဲ့သည်။ ထိုသူများမှာ ဗလာဒီမီယာပူတင်၊ ချီတာ အုပ်ချုပ်ရေးမှူးရာဗီးလ်ဂျင်ညာတူလင်၊ အက်စ်ထရာ ခန် အုပ်ချုပ်ရေးမှူး အနာတိုလီရုဇ်ဗင်၊ ယာမာလို နီနက် အုပ်ချုပ်ရေးမှူး ယူရီနီယီလော့ဗ်၊ နော့ဗ်ဂိုရော့ အုပ်ချုပ်ရေးမှူး မစ်ခိုင်းလ်ပရူးဆက်၊ အောရီ ယောလ် အုပ်ချုပ်ရေးမှူး ယီကာစထရိုယက်ဗ်၊ ဆာမာရာ အုပ်ချုပ်ရေးမှူး ကွန်စတင်ကိုင်တီးကော့ဗ် နှင့် ဆာခါလင်အုပ်ချုပ်ရေးမှူး အီကောဖာဒက်ဒီနော့ဗ် တို့ဖြစ်ကြသည်။

မတ်လတစ်လျှောက်လုံးတွင် ရုရှားစစ်တပ်နှင့် ချီချင်ရဲတပ်ဖွဲ့တို့သည် ချီချင်ခွဲထွက်ရေးသူပုန်များ ကို ချီချင်ညာဒေသတစ်ခွင်လုံးတွင် လိုက်လံတိုက်ခိုက် ဖမ်းဆီးသတ်ဖြတ်ခဲ့ကြသည်။ ဤသို့ သူပုန်များအား နှိမ်နင်းရာတွင် အကြမ်းဖက်ရက်စက်မှုများကို ကျူးလွန်ခဲ့ကြကြောင်း စွပ်စွဲသံများပေါ်ထွက်လာခဲ့ သည်။ ထို့ကြောင့် မတ်လ ၂၈ ရက်နေ့တွင် ရုရှား တပ်ပေါင်းစုမှူး ဒုတိယဗိုလ်ချုပ်ကြီး မော်လတင် စကိုင်းက အထူးစစ်ဆင်ရေးများတွင် လူအခွင့်အရေး များကို ဂရုပြုကြရန်စည်းမျဉ်းများ ထုတ်ပြန်ခဲ့သည်။

မတ်လ ၁၀ ရက်နေ့တွင် ရုရှားသည်အမေ ရိကန်ပြည်ထောင်စုမှ ကြက်များတင်သွင်းမှုကို ပိတ် ပင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၌ ကြက်များ ကိုမွေးမြူစဉ်ကပင် ဓာတုဗေဒဆေးဝါးများ သုံးနေ ကြသည်။ ထို့ကြောင့် စားသုံးသူများ၏ကျန်းမာရေး ကိုထိခိုက်မည် စိုးရိမ်ပြီးတားမြစ်ပိတ်ပင်ခဲ့ခြင်းဖြစ် သည်။ ရုရှားသို့ တင်သွင်းသောကြက်များအနက် ၇၀ ရာခိုင်နှုန်းသည် အမေရိကန်ပြည်ထောင်စုမှဖြစ် သည်။ ရုရှားသည် အမေရိကန်ကြက်များကို တစ်နှစ် လျှင်ဒေါ်လာသန်း ၆၀၀ မှ ၈၀၀ ဖိုးထိ ဝယ်ယူခဲ့ သည်။ ရုရှားနှင့်အမေရိကန်အရာရှိများသည် ကြက် များတင်သွင်းရေးနှင့် ပတ်သက်၍မတ်လ ၃၁ ရက် နေ့တွင် သဘောတူညီမှုရသွားကြသည်။ ရုရှားတို့ သည် အမေရိကန်ကြက်များအား ပိတ်ပင်ထားမှုကို ရုပ်သိမ်းပေးလိုက်သည်။

မတ်လ ၁၈ ရက်နေ့တွင် သမ္မတပူတင်သည် နှစ်ပတ်လည်ပြည်ထောင်စု အခြေအနေမိန့်ခွန်းကို ပြောကြားခဲ့သည်။ ဤမိန့်ခွန်း၌ ပြည်တွင်းရေးရာ များကို အာရုံစိုက်ပြောဆိုခဲ့သည်။ မြေယာနှင့်အလုပ် သမားဥပဒေများ၊ အငြိမ်းစားယူမှုနှင့် တရားစီရင် ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ အခွန်ကောက် ခံမှုစနစ်များကို ပြုလုပ်ခဲ့သည့်အတွက် ချီးကျူးပြော ဆိုခဲ့သည်။ တစ်ချိန်တည်းတွင်လည်း ဗျူရိုကရေစီ လုပ်ထုံးလုပ်နည်းများကြောင့် အလုပ်များအကောင် အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိ ကြောင်း၊ အကျင့်ပျက်လာဘ်စားမှုများကိုလည်း တွေ့ မြင်နေရကြောင်း ပြောကြားခဲ့သည်။ ခွဲထွက်လိုသော ချီချင်ညာအား ရုရှားပြည်ထောင်စုအတွင်း ဆက် လက်နေထိုင်သွားရန် ဆွဲဆောင်ရမည်ဟု ပြောခဲ့ သည်။ ရုရှားနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာ လက်တွေ့ အကျိုးရှိမှု အလေးထားရေးဖြစ်ကြောင်း၊ နိုင်ငံတကာ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးတွင် ရုရှားသည်ပူး ပေါင်းပါဝင်ကြိုးပမ်းခဲ့ကြောင်းလည်း ပြောကြား သွားသည်။

ရုရှားပြည်ထောင်စု

ရုရှားအောက်လွှတ်တော်ရှိ ရေးရာကော်မတီများတွင် ရုရှားကွန်မြူနစ်ပါတီနှင့် ယင်း၏မဟာမိတ်အဖွဲတို့က အပိုင်စီးထားခဲ့သည်။ သို့ရာတွင် ဧပြီလအတွင်းက ကွန်မြူနစ်နှင့် မဟာမိတ်တို့သည် လွှတ်တော်ရေးရာကော်မတီများ၌ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌစသောနေရာများကို စွန့်လွှတ်ခဲ့ကြရသည်။ လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့ကိုထောက်ခံမဲမပေးဘဲ နေခဲ့ကြသောကြောင့်ဖြစ်သည်။

မေလကုန်ခါနီးပိုင်းတွင် ရုရှားသည်အမေရိကန်ပြည်ထောင်စု၊ နေတိုးအဖွဲ့၊ ဥရောပသမဂ္ဂတို့နှင့် ထိပ်သီးအစည်းအဝေးများကို အစဉ်တစိုက်ပြုလုပ်ခဲ့သည်။ ရုရှားတို့သည် နိုင်ငံရေး၊ လုံးခြုံရေးကိစ္စများတွင် ၎င်းတို့လည်းအနောက်တိုင်း၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်နေကြောင်းနိမိတ်လက္ခဏာများ ပြသခဲ့ကြသည်။ ထိပ်သီးအစည်းအဝေးများ ပြုလုပ်ခဲ့ခြင်းသည် စစ်အေးကာလအမှန်တကယ်ပြီးဆုံးသွားပြီဖြစ်ကြောင်း ပြသရာရောက်သည်ဟု အကဲခတ်သမားများက ခိုးကျူးခဲ့ကြသည်။ အနောက်တိုင်းနှင့်ရုရှားတို့အကြား ဆက်ဆံရေးအနေအထားသစ်ဖြစ်ပေါ်လာပြီး အဏုမြူလက်နက်များ အပြိုင်အဆိုင် တပ်ဆင်နေခြင်းထက် ကုန်သွယ်မှုကပိုမိုအရေးကြီးကြောင်း သိမြင်လာကြသည်။ ဤသို့ပြောင်းလဲလာသည်မှာ စက်တင်ဘာ ၁၁ အရေးအခင်းကတွန်းပို့လိုက်ခြင်းဖြစ်သကဲ့သို့ တစ်ပိုင်းကလည်း ရုရှားသည်စီးပွားရေးတွင် အနောက်တိုင်းကဲ့သို့ခေတ်မီလိုခြင်းကြောင့်လည်း ဖြစ်ပေသည်။

မေ ၂၃ ရက်နေ့တွင် သမ္မတဘုရှ်သည် ရုရှားနိုင်ငံသို့ ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိလာခဲ့သည်။ မေလ ၂၄ ရက်နေ့တွင် သမ္မတနှစ်ဦးသည် မော်စကိုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤစာချုပ်အရ နှစ်နိုင်ငံတို့သည် ၁၀ နှစ်ကာလအတွင်း အဏုမြူလက်နက်များကို သုံးပုံနှစ်ပုံအထိ လျှော့ချရန် သဘောတူခဲ့ကြသည်။ စွမ်းအင်မူဝါဒနှင့်အကြမ်းဖက်ဝါဒဆန့်ကျင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးကိုလည်း သဘောတူခဲ့ကြသည်။ သို့ရာတွင် ကုန်သွယ်ရေး၊ အဏုမြူလက်နက်မပြန့်ပွားရေးတို့နှင့် စပ်လျဉ်း၍ နှစ်နိုင်ငံအကြား သဘောထားကွဲလွဲနေဆဲပင်ဖြစ်သည်။

မေလ ၂၈ ရက်နေ့တွင် ရောမမြို့၌နေတိုးရုရှားကောင်စီဖွဲ့စည်းကြောင်းကို ကြေညာခဲ့သည်။ မေလ ၂၉ ရက်နေ့တွင် ရုရှားဥရောပသမဂ္ဂထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့သည်။ ဤထိပ်သီးအစည်းအဝေးက ရုရှားသည်ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည့် နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုပေးခဲ့သည်။

ကာဇက်စတန်သမ္မတနိုင်ငံ၏ မြို့တော်တွင် မေလ ၉ ရက်နေ့က ပုံးပေါက်ကွဲသဖြင့် လူ ၃၄ ဦးသေဆုံးကာ ၁၃၀ ဦးဒဏ်ရာရခဲ့သည်။ ထိုနေ့တွင် ဒုတိယကမ္ဘာစစ်အတွင်းက နာဇီတို့အပေါ် ရုရှားတို့က အောင်ပွဲခံနိုင်မှုအထိမ်းအမှတ်အဖြစ် အောင်ပွဲနေ့လူထုချီတက်ပွဲကို ကျင်းပခဲ့သည်။ ပုံးဖောက်ခွဲမှုကို ချီချင်ခွဲထွက်ရေးသမားတို့က ကျူးလွန်ခဲ့သည်ဟု

ရုရှားစစ်သားများ
ချီချင်ညာဒေသတွင်
ကင်းလှည့်နေစဉ်

ရုရှားတို့ကယူဆနေကြသည်။ သမ္မတပူတင်က ဗုံးဖောက်ခွဲသူများကို နာဇီများ၊ လူ့အလေးအမွှားယုတ်ညံ့သူများဟု ခေါ်ဆိုလိုက်သည်။ မော်စကို၌ ကျင်းပသောအောင်ပွဲနေ့ အထိမ်းအမှတ်ချီတက်ပွဲတွင် သူကိုယ်တိုင်တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

ဇွန်လ ၂၆ ရက်နေ့တွင် အောက်လွှတ်တော်က စိုက်ပျိုးမွေးမြူရေး မြေဝယ်ယူရောင်းချပိုင်ခွင့် ဥပဒေကြမ်းကို အတည်ပြုပေးခဲ့သည်။ ဤသို့ဖြင့် ရုရှားနိုင်ငံသားတို့သည် မြေယာပိုင်ဆိုင်ထုခွဲရောင်းချပိုင်ခွင့်ရှိကြောင်း အတည်ပြုပေးခဲ့သည်။ သို့ရာတွင် စိုက်ပျိုးရေးမြေများအား နိုင်ငံခြားသားများနှင့် နိုင်ငံခြားကုမ္ပဏီတို့က အစုရှယ်ယာဝင်ထားသည့် ကုမ္ပဏီများသို့ ရောင်းချခွင့်ကိုမူ တားမြစ်ပိတ်ပင်ခဲ့သည်။

ဇွန်လ ၉ ရက်နေ့က မော်စကိုမြို့လယ်တွင် အဓိကရုဏ်းတစ်ခု ဆိုးဝါးစွာဖြစ်ပေါ်ခဲ့သည်။ ထိုနေ့က ကမ္ဘာ့ဖလားဗိုလ်လုပွဲအတွက် ရုရှားနှင့်ဂျပန်အသင်းတို့ ယှဉ်ပြိုင်နေပုံကို ရုပ်မြင်သံကြားဖန်သားပြင်ကြီးများထောင်၍ မော်စကိုတွင် ပြသခဲ့သည်။ ထိုပြိုင်ပွဲ၌ ရုရှားကဂျပန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသွားခဲ့သည်။ ထိုအခါ ဘောလုံးပွဲကြည့်ပရိသတ်များက ဒေါသပေါက်ကွဲပြီးအဓိကရုဏ်းဖြစ်သွားခဲ့သည်။ လူတစ်ဦးသေဆုံးပြီး ဂျပန်ကျောင်းသားများအပါအဝင် လူပေါင်း ၅၀ ကျော်ဒဏ်ရာရခဲ့ကြသည်။

ဇူလိုင်လ ၁ ရက်နေ့က ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပြင်ဆင်ချက်ကို ထုတ်ပြန်လိုက်သည်။ ဤပြင်ဆင်ချက်အရ ရုရှားနိုင်ငံ၌ရာဇဝတ်မှုများကို စီရင်ရာတွင် အနောက်တိုင်းပုံစံနှင့်ခပ်ဆင်ဆင်တူသော နည်းစနစ်များဖြင့် ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ပေါ်လွင်သွားသည်။ အရေးကြီးသော အမှုများတွင် ဂျူရီအဖွဲ့ဖြင့် တရားစစ်ဆေးစီရင်သွားမည်ဖြစ်သည်။ ဖမ်းဆီးခြင်း၊ ရှာဖွေခြင်းများကို တရားရုံးမှအမိန့်ဖြင့်သာ ဆောင်ရွက်ကြရန်ဖြစ်သည်။ တရားရုံးတွင် ရောက်ရှိတင်ပြထားသော သက်သေခံအထောက်အထားနှင့်ပတ်သက်၍ တရားခံရှေ့နေများအား အခွင့်အာဏာများကို ပေးရန်ဖြစ်သည်။ မသင်္ကာသူတစ်ဦးအား အများဆုံး ၄၈ နာရီအထိသာ ချုပ်နှောင်ထားရမည်ဖြစ်သည်။ သူ့အားရှေ့နေဖြင့် ခုခံပိုင်ခွင့်ပေးရမည်ဖြစ်သည်။ ထောင်ဒဏ်အစားအခြားနည်းပြစ်ဒဏ်ပေးနိုင်ရန်လည်း ခွင့်ပြုထားသည်။

ဩဂုတ်လ ၁၉ ရက်နေ့က ရုရှားကြည်းတပ်ပိုင်သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်တစ်စင်းသည် ချီချင်ညာမြို့တော် ဂရော့ဇ်နီအနီးတွင် ချီချင်ခွဲထွက်ရေးသမားတို့၏ တိုက်ခိုက်ပစ်ခတ်မှုကြောင့် ပျက်ကျခဲ့ရသည်။ ထိုရဟတ်ယာဉ်ပေါ်တွင်ပါသူ ၁၄၇ ဦးအနက် ၁၁၄ ဦးတို့ သေဆုံးခဲ့ရသည်။ ထိုရဟတ်ယာဉ်ပျံသန်းမှုကို စီစဉ်သူတို့၏ ပေါ့ဆည့်ဖျင်းမှုအားကာကွယ်ရေးဝန်ကြီး ဆာဂျီအီဗန်နော့ဗ်က ဝေဖန်ပြစ်တင်လိုက်သည်။ ကြည်းတပ်မှ လေကြောင်းပို့ဆောင်ရေးတာဝန်ခံ ဗိုလ်မှူးကြီးကိုလည်း ချက်ချင်းရာထူးမှချထားခဲ့သည်။

၂၀၀၀ ပြည့်နှစ် ဩဂုတ်လအတွင်းက အဏုမြူရေငုပ်သင်္ဘော 'ကုစ်'သည် ဘယ်ရင်းပင်လယ်တွင်း၌ တော်ပီဒိုများ ပေါက်ကွဲသဖြင့်နစ်မြုပ်ခဲ့ရသည်။ ထိုသင်္ဘောတွင် လိုက်ပါသွားသူ ၁၁၈ ဦးသေဆုံးခဲ့ရသည်။ ဤဖြစ်ရပ်နှင့်စပ်လျဉ်း၍ ရုရှားအစိုးရသည် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့က လေ့လာတွေ့ရှိချက် အထောက်အထားစာအုပ်ပေါင်း ၁၃၃ တွဲကို တင်ပြခဲ့သည်။ ဤအဖွဲ့က တော်ပီဒိုမှလောင်စာများ စိမ့်ထွက်မှုကြောင့် ပေါက်ကွဲမှုဖြစ်ရသည်ဟု သုံးသပ်ဖော်ပြခဲ့သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်များအပေါ် အခြေခံလျက် အစိုးရထုတ်သတင်းစာ၌ စာမျက်နှာ ၄ မျက်နှာပါသောသတင်းကို ဖော်ပြခဲ့သည်။ ဩဂုတ်လ ၂၉ ရက်နေ့က ထုတ်ပြန်သော ထိုသတင်းတွင် တာဝန်လစ်ဟင်းမှု၊ မကျွမ်းကျင်မှု၊ ရုရှားရေတပ်အတွင်းထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်မှုတို့ ရှိခဲ့ကြောင်းဖော်ပြထားသည်။ ထိုရေငုပ်သင်္ဘောနစ်မြုပ်သော နှစ်နှစ်မြောက်နေ့ဖြစ်သည့် ဩဂုတ်လ ၁၂ ရက်နေ့တွင် 'ကုစ်' သင်္ဘောသားများကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ကျောက်တိုင်ဖွင့်လှစ်ပွဲ ကျင်းပခဲ့သည်။ အထိမ်းအမှတ်ကျောက်တိုင်ကို မော်စကိုမြို့တွင် စိုက်ထူထားသည်။

စက်တင်ဘာလကုန်ပိုင်းတွင် ရုရှားနှင့်ဥရောပသမဂ္ဂတို့အကြား ဆက်ဆံရေးတင်းမာမှုဖြစ်ခဲ့ရသည်။ ရုရှားနယ်မြေ ကာလင်နင်ဂရက်ဒေသနှင့် ရုရှားပြည်

ထောင်စုမှ အခြားဒေသများအကြား သွားလာရာတွင် ပြည်ဝင်ခွင့်ဗီဇာမဲ့ သွားလာခွင့်ရှိရေးအတွက် ဆက်ဆံရေးတင်းမာမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ကာလင်နင်ဂရက်ကို အဝင်အထွက်ပြုလုပ်သော ရုရှားနိုင်ငံသားတို့သည် ပိုလန်နှင့်လစ်သူယေးနီးယား နိုင်ငံတို့ကို ဖြတ်ကျော်လိုလျှင်ဗီဇာပါရမည်ဟု ဥရောပသမဂ္ဂက ဇွတ်အတင်းတောင်းဆိုခဲ့သည်။ ထိုနှစ်နိုင်ငံသည် ၂၀၀၄ ခုနှစ်တွင် ဥရောပသမဂ္ဂဝင်ဖြစ်လာကြတော့မည်ဖြစ်သည်။ သို့ဖြစ်၍ ဥရောပသမဂ္ဂနယ်မြေအတွင်း အကျုံးဝင်မည့်ထိုနှစ်နိုင်ငံကို ဖြတ်ကျော်လျှင် ဗီဇာပါရမည်ဟု တောင်းဆိုခြင်းဖြစ်သည်။ ရုရှားတို့က ဤတောင်းဆိုချက်သည် လွတ်လပ်စွာသွားလာခွင့်ကို ပိတ်ပင်ရာရောက်သည့်ပြင် ရုရှားတို့၏ပိုင်နက်နယ်မြေခိုင်မြဲမှုသိက္ခာကို ခြိမ်းခြောက်ရာရောက်သည်ဟုဆိုကာ တောင်းဆိုချက်ကို ငြင်းပယ်ခဲ့သည်။

ကာလင်နင်ဂရက်သည် ဘောလ်တစ်ပင်လယ်ကမ်းခြေတွင်ရှိပြီး ရုရှားပင်လယ်ကူးသင်္ဘောများအတွက် အရေးပါဆုံးနေရာဖြစ်သည်။ ရုရှားပြည်တွင်းမှ ကုန်းလမ်းအားဖြင့် ကာလင်နင်ဂရက်သို့သွားမည်ဆိုလျှင် ပထဝီအနေအထားအရ ပိုလန်နှင့်လစ်သူယေးနီးယားတို့ကို ဖြတ်ကျော်ရန်လိုအပ်သည်။ ကာလင်နင်ဂရက်သည် ဂိုဏ်းဖွဲ့လှုပ်ရှားသောဒုစရိုက်သမားတို့ ခိုအောင်းလှုပ်ရှားရာဒေသလည်း ဖြစ်နေသည်။ ဥရောပသမဂ္ဂကလည်း ၎င်းအဖွဲ့ဝင်နိုင်ငံများ၏ လုံခြုံဘေးကင်းရေးအတွက် ဗီဇာပါရမည်ဟု တောင်းဆိုခြင်းဖြစ်သည်။ ရုရှားကလည်း ဤသို့ထစ်ငေါ့ထားခြင်းသည် လွတ်လပ်စွာသွားလာခွင့်ရှိရမည်ဟူသော လူ့အခွင့်အရေးကိုချိုးဖောက်ခြင်းဖြစ်သည်ဟုဆိုကာ ဥရောပသမဂ္ဂ၏တောင်းဆိုချက်ကို ပယ်ချနေခြင်းဖြစ်သည်။

အောက်တိုဘာလ ၂၃ ရက်နေ့တွင် ချီချင့်စစ်သွေးကြွအမျိုးသားအမျိုးသမီး ၄၀ ခန့်သည် မော်စကိုရှိကဇာတ်ရုံတစ်ခုကို ရုတ်ချည်းဝင်ရောက်စီးနင်းခဲ့သည်။ အမျိုးသမီးများသည် သူတို့ကိုယ်ပေါ်တွင် ပေါက်ကွဲစေသောယမ်းများ ပက်ထားသည်။ ထိုကဇာတ်ရုံတွင် ပရိသတ် ၈၅၀ ကျော်ရှိသည်။ ချီချင့်တို့က ချီချင့်ညာဉ်ဆင်နွှဲနေသော စစ်ပွဲကို ရပ်ဆိုင်းပေးရန် တောင်းဆိုခဲ့ကြသည်။ သူတို့၏ တောင်းဆိုချက်ကိုမလိုက်လျောပါက ဇာတ်ရုံကို ဖောက်ခွဲပစ်မည်ဟု ခြိမ်းခြောက် ခဲ့ကြသည်။ အောက်တိုဘာလ ၂၆ ရက်နေ့နံနက်တွင် ရုရှားအထူးတပ်ဖွဲ့များက ဇာတ်ရုံတွင်းသို့မှုးမေ့စေသောဓာတ်ငွေ့များကို သွတ်သွင်းလိုက်သည်။ အထူးတပ်ဖွဲ့များက ဇာတ်ရုံကိုသိမ်းပိုက်ရာတွင် ပရိသတ်ထဲမှ ၁၁၉ ဦး သေဆုံးခဲ့သည်။ ထိုအနက်မှ နှစ်ဦးသာလျှင် သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့သည်။ ကျန်သေဆုံးသူများမှာ ဓာတ်ငွေ့ကြောင့်ဖြစ်သည်။ အထူးတပ်ဖွဲ့မှ အရာရှိတစ်ဦးလည်း သေဆုံးခဲ့သည်။ နောင်အခါတွင် အထူးတပ်ဖွဲ့ကချီချင့်သူပုန် ၃၇ ဦးကို ပစ်သတ်ခဲ့ကြောင်း ပြောဆိုသည်။ သူပုန်နှစ်ယောက်ကို အရှင်ဖမ်းဆီးမိခဲ့သည်။

အောက်တိုဘာလ ၂၈-၂၉ ရက်နေ့များက အဝေးရောက်ချီချင့်များသည် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကွန်ဂရက်တစ်ရပ်ကျင်းပခဲ့သည်။ ယင်းသို့ ကျင်းပခြင်းကိုမကျေနပ်သဖြင့် ရုရှားသမ္မတပူတင်က ကိုပင်ဟေဂင်မြို့တွင် ကျင်းပမည့်ရုရှား-ဥရောပသမဂ္ဂထိပ်သီးအစည်းအဝေးသို့ မတက်ဟုငြင်းဆန်ခဲ့သည်။ ထို့ကြောင့် ထိပ်သီးအစည်းအဝေးကို ဘရပ်ဆဲလ်မြို့သို့ ပြောင်းရွှေ့ကျင်းပခဲ့ရသည်။ ချီချင့်ခေါင်းဆောင် မတ်စခါဒေါ့ဗ်က ပဋိပက္ခကိုတွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းဖြင့် ဖြေရှင်းရန် တောင်းဆိုခဲ့သည်။ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဒိန်းမတ်ကချီချင့်သူပုန်ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဇာကာယက်ဗ်ကို ဖမ်းဆီးခဲ့သည်။ ရုရှားတို့က ၎င်းအားလွှဲပြောင်းအပ်နှံရန် တောင်းဆိုခဲ့သည်။

နိုဝင်ဘာလ ၁၁ ရက်နေ့က ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ ရုရှား-ဥရောပထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့သည်။ ထိုအစည်းအဝေး၌ သဘောတူညီမှုအရ ကာလင်နင်ဂရက်အရေးကိစ္စမှာ ပြေလည်သွားသည်။ ကာလင်နင်ဂရက်သို့ အဝင်အထွက်ပြုလုပ်လိုသော ရုရှားနိုင်ငံသားများသည် လစ်သူယေးနီးယား ကောင်စစ်ဝန်ရုံးက ထုတ်ပေးသော နိုင်ငံစုံဝင်ရောက်ခွင့်လက်မှတ်ဖြင့် သွားလာနိုင်ကြမည်ဖြစ်သည်။ သို့မဟုတ်လစ်သူယေးနီးယားကို ဖြတ်ကျော်သွားမည့်မီးရထား၌ အပြန်ခရီးတစ်ခေါက်အတွက် ထုတ်ပေးသောခရီးသွားခွင့်လက်မှတ်ဖြင့် သွားလာနိုင်ကြမည်ဖြစ်သည်။ ဤသို့

သော အထောက်အထားလက်မှတ်များအတွက် ကုန်ကျစရိတ်ကို ရုရှားနိုင်ငံသားများ ကျခံရန်မလိုဘဲ လစ်သူယေးနီးယားက ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ ဤသို့ဖြင့် ပြဿနာပြေလည်သွားခဲ့သည်။

ဆိုက်ဘေးရီးယားမှ ရေနံများကိုပိုက်လိုင်းများဖြင့် အာတိတ်သမုဒ္ဒရာ ဆိပ်ကမ်းမြို့ဖြစ်သည့် မူးရ်ဟန့်စ်သို့ပို့ရန်၊ ထိုမြို့အနီးတွင် ရေနံဆိပ်တစ်ခုကို တည်ဆောက်ရန်ရုရှားမှရေနံကုမ္ပဏီကြီး ၄ ခုတို့သည် နိုဝင်ဘာလ ၂၇ ရက်နေ့က သဘောတူညီခဲ့ကြသည်။ ထိုစီမံကိန်းအတွက် ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံကုန်ကျမည်ဖြစ်သည်။ ရုရှားသည် ရေနံများကို တစ်နေ့လျှင်စည်ပေါင်း ၃ ဒသမ ၉ သန်းကို တင်ပို့နိုင်သည့် စွမ်းအားရှိသည်။ သို့ရာတွင် ပိုက်လိုင်းဆက်သွယ်ရေးပြဿနာကြောင့် ယခုအခါ ၃ ဒသမ ၂ သန်းကိုသာ နေ့စဉ်တင်ပို့နေရသည်။ အာတိတ်ဆိပ်ကမ်းမှတစ်ဆင့် ရေနံများကိုသယ်ယူနိုင်မည်ဆိုလျှင် ဥရောပနှင့်အမေရိကန်တို့သည် ရေနံအတွက် အရှေ့အလယ်ပိုင်းဒေသကို မှီခိုအားထားနေရမှုမှ လမ်းလွှဲတစ်ခုရရှိသွား မည်ဖြစ်သည်။ ရုရှားနှင့်အမေရိကန်သမ္မတနှစ်ဦးသည် စွမ်းအင်အတွက်ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူထားသည်။

ဦးခင်မောင်မြ

ရွှေတိဂုံစေတီတော်မော်ကွန်းဓာတ်ပုံပြခန်း။ ။ ရွှေတိဂုံ စေတီတော်မော်ကွန်းဓာတ်ပုံပြခန်းဖွင့်ပွဲကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်တော် ရာဟုထောင့်အောင်မြေ အနီးရှိ ရွှေတန်ဆောင်း၌ ၂၀၀၂ ခုနှစ် မေလ ၂၆ ရက်နေ့တွင် ကျင်းပသည်။

ရွှေတိဂုံစေတီတော် မော်ကွန်းဓာတ်ပုံပြခန်း၌ သက်ဆိုင်ရာကဏ္ဍအလိုက် ပြကွက်ငါးမျိုးခွဲခြားပြသထားသည်။ ပထမပြကွက်ဖြစ်သည့် 'ရွှေတိဂုံဝန်းကျင် ရှုလေလျှင်' ပြကွက်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကြည့်ညိုဖွယ် မြင်ကွင်းများ၏ ကြည့်ညိုသပ္ပာယ်ဖွယ်မြင်ကွင်းများ၊ အလယ်ပစ္စယာနှင့် အောက်ပစ္စယာတွင်တည်ရှိသော သာသနိကအဆောက်အအုံနှင့် ပတ်ဝန်းကျင်ရှုခင်းများကို ဖူးမြော်လေ့လာကြည့်ညိုနိုင်သောဓာတ်ပုံကြီး ၃၅ ပုံ၊ ဒုတိယပြကွက်ဖြစ်သည့် "ထူးခြားထင်ရှားသိဖွယ်များ" ပြကွက်တွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်၊ အလယ်ပစ္စယာနှင့် အောက်ပစ္စယာ ရှေးဟောင်းသာသနာ့ သမိုင်းဝင်ဌာနများ၊ စေတီပုထိုးရုပ်ပွားဆင်းတုရုပ်တုများကို ဖူးမြော်လေ့လာကြည့်ညိုနိုင်သော ဓာတ်ပုံကြီး ၄၈ ပုံ၊ တတိယပြကွက်ဖြစ်သည့်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင်
ရွှေတိဂုံစေတီတော်ဓာတ်ပုံပြခန်းကို ကြည့်ရှုစဉ်

"ယခင်ယခုနှိုင်းယှဉ်ရှု" ပြကွက်တွင် ရွှေတိဂုံစေတီတော်ဝတ္ထုကမြေအတွင်းရှိ သာသနိကအဆောက်အအုံများအား ရှေးယခင်ခေတ် အဆက်ဆက်ကတွေ့မြင်ရသော အခြေအနေနှင့် ယခု မျက်မှောက်ကာလတွေ့မြင်ရသော အခြေအနေများကို နှိုင်းယှဉ်ဖူးမြော်လေ့လာကြည်ညိုနိုင်သော ဓာတ်ပုံကြီး ပုံ ၅၀၊ စတုတ္ထပြကွက်ဖြစ်သည့် "ရွှေတိဂုံတွင် ဘက်စုံပြုပြင်" ပြကွက်တွင် ၁၉၉၅ ခုနှစ်မှ ယနေ့ကာလအထိ နိုင်ငံတော်က ဦးဆောင်ပြီး ရွှေတိဂုံစေတီတော်ဝတ္ထုကမြေအတွင်းရှိ သာသနိကအဆောက်အအုံများအား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခဲ့ရာ မပြုပြင်မီ အခြေအနေ၊ ပြုပြင်မွမ်းမံဆဲ အခြေအနေ၊ ပြုပြင်မွမ်းမံပြီး အခြေအနေများကို မှတ်တမ်းတင်ထားသော မှတ်တမ်းဓာတ်ပုံကြီး ၉၇ ပုံ၊ ပဉ္စမပြကွက်ဖြစ်သည့် " ဦးခိုက်ပူဇော်ရွှေထီးတော်" ပြကွက်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ယခင်တင်လှူပူဇော်ထားသော ထီးတော်ဟောင်းကြီးဟောင်းနွမ်းပျက်စီးနေမှု အခြေအနေများ၊ ရွှေထီးတော်သစ် အစိတ်အပိုင်းများကို ပညာရှင်အသီးသီး၊ ဌာနအသီးသီးတို့က ဝိုင်းဝန်းဆောင်ရွက်ကြပုံများ၊ ရွှေထီးတော်သစ်တွင် တင်လှူပူဇော်ထားသော ရတနာပစ္စည်းများ၏ ကြည်ညိုသဒ္ဓါပွားဖွယ် မြင်ကွင်းများ၊ ရွှေထီးတော် တင်လှူပူဇော်ပွဲဆိုင်ရာ မြင်ကွင်းများ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲသဘင် ဆင်ယင်ကျင်းပပုံမြင်ကွင်းများစသည့် မှတ်တမ်းဓာတ်ပုံ ၉၉ ပုံတို့ကိုပြသထားသည်။

ထို့ပြင် ရွှေတိဂုံစေတီတော် မော်ကွန်းဓာတ်ပုံပြခန်းတွင် ပြင်ပဌာနတွေ့မြင်ကြည်ညိုရန် ခက်ခဲသော ရွှေတိဂုံစေတီတော်ဆိုင်ရာ ဓာတ်ပုံကြီး ၁၄ ပုံနှင့် Light Box ငါးခုတို့ကိုပေါင်းစပ်ပြီး ကြည်ညိုသဒ္ဓါပွားဖွယ်ဖြစ်အောင် စီစဉ်ပြသထားသည်။

ဦးစိုးအောင်

လူသားအကျိုးပြုမွေးနေ့ အခမ်းအနား။ ။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဘဏ္ဍာရေးအတိုင်ပင်ခံ၊ မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းကို တည်ထောင်သူနှင့် ယင်းဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌဆရာကြီး ဦးလှထွန်းသည် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် အသက် (၈၀)ပြည့်မြောက်ခဲ့သဖြင့် ဆရာကြီး ဦးလှထွန်း၏ အသက် (၈၀) ပြည့် မွေးနေ့ မင်္ဂလာနှင့် အခြားဘဝမှတ်တိုင်များ အထိမ်းအမှတ် အခမ်း အနားကို ရန်ကုန်မြို့နတ်မောက်လမ်းရှိ ဟိုတယ် နီကိုးရွှိုင်ရယ်၌ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။

ဆရာကြီးဦးလှထွန်းအနေဖြင့် အသက် (၈၀) ပြည့်မွေးနေ့မင်္ဂလာအခမ်းအနားကို ထူးခြားလေးနက်စေရန် အခြားဘဝမှတ်တိုင်များ အထိမ်းအမှတ် အခမ်းအနား၊ ငွေလှူဒါန်းမှု အခမ်းအနားများပါ ကျင်းပပြုလုပ်ခဲ့သဖြင့် ဆရာကြီး၏မွေးနေ့အခမ်းအနားမှာ ထူးခြားသောမွေးနေ့မင်္ဂလာအခမ်းအနားဖြစ်ခဲ့သည်။

ဆရာကြီးဦးလှထွန်းအား အဘဦးလှဖေ၊ အမိ ဒေါ်စောတို့က မန္တလေးမြို့၌ ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် မွေးဖွားခဲ့ရာ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် အသက် (၈၀) ပြည့်မြောက်ခဲ့ပြီး အခမ်းအနားကိုမူ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။

၂၂-၁၂-၂၀၀၂ နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဆရာကြီးဦးလှထွန်း၏ အသက် (၈၀) ပြည့်မွေးနေ့မင်္ဂလာနှင့် အခြားဘဝမှတ်တိုင်များ အထိမ်းအမှတ် အခမ်းအနား၌ ဆရာကြီးဦးလှထွန်း၏ ဘဝခရီးတစ်ထောက် ဘဝမှတ်တိုင်များကို သတိရစေရုံမျှသာ မဟုတ်ဘဲ လူမှုဝန်ထမ်းလုပ်ငန်းအဖွဲ့အစည်းများသို့ လည်းကောင်း၊ ဆရာကြီး၏ မွေးဇာတိမန္တလေးမြို့တွင် ထပ်မံတိုးချဲ့သည့် မန္တလေး ဟော့စ်ပစ် (Hospice) ခေါ် ကင်ဆာလူနာများ ခိုလှုံရာဌာနအတွက်လည်းကောင်း ငွေများလှူဒါန်းခဲ့သည့်အတွက် အဆိုပါမွေးနေ့မင်္ဂလာအခမ်းအနားသည် လူသားအကျိုးပြု လုပ်ငန်းဆောင်ရွက်မှုများနှင့် မွန်မြတ်လေးနက်ခြင်း၊ မျိုးဆက်သစ်များ အားကျအတုယူဖွယ်ဖြစ်ခြင်း ဝိသေသများဖြင့် ပြည့်စုံခဲ့သည်။

မွေးနေ့မင်္ဂလာအခမ်းအနားအပြင် အခြားဘဝမှတ်တိုင်များ အထိမ်းအမှတ် အခမ်းအနားဟု ဆိုခဲ့ခြင်းမှာ ဆရာကြီးဦးလှထွန်းသည် ပြည်သူ့စာရင်းကိုင်နှင့် ဘဏ္ဍာရေး အတိုင်ပင်ခံလုပ်ငန်းလုပ်သက် (၅၄) နှစ်ပြည့်မြောက်မှု၊ မြန်မာနိုင်ငံ

အသက် (၈၀)
ပြည့်မွေးနေ့အခမ်းအနားတွင်
ဆရာကြီး ဦးလှထွန်းမှ နှုတ်ဆက်စကား
ပြောကြားစဉ်

စာရင်း ကောင်စီအဖွဲ့ဝင် လုပ်သက် (၄၄) နှစ် ပြည့်မြောက်မှု၊ ရန်ကုန်မြို့တွင် တည်ထောင်ခဲ့သော ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း လေးနှစ်ပြည့်မြောက်မှု စသည့်အထိမ်းအမှတ် အခမ်း အနားများပါဝင်ခဲ့၍လည်း ဖြစ်သည်။

ဆရာကြီးဦးလှထွန်းသည် ၁၉၄၂ ခုနှစ်တွင် (၁၀) တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီး မန္တလေးကောလိပ်တွင် I.Sc တန်း (၂) နှစ် တက်ရောက်ခဲ့ သည်။ ဂျပန်ခေတ်စစ်ပြေးကာလတွင် ဒေါ်မြမြ (သခင်မမြမြ) နှင့် ဘဝခရီးလက်တွဲဆက် ခဲ့ပြီး သမီးတစ်ဦး ထွန်းကားခဲ့သည်။ (ဆရာကြီး၏ဇနီးမှာ ၁၉၇၉ ခုနှစ်တွင်ကွယ်လွန်ခဲ့ပြီး၊ သမီး ဒေါ်မြစန္ဒာထွန်းမှာ ၁၉၉၇ ခုနှစ်တွင် ကွယ်လွန် ခဲ့သည်။)

ဆရာကြီးဦးလှထွန်းသည် ၁၉၄၅ ခုနှစ်တွင် Civil Affairs Administration Service တွင် မော်တော်ယာဉ် အရာရှိအဖြစ်စတင်တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်ကာလဝန်းကျင် များအတွင်း နိုင်ငံအတွင်း၌ Burma Auditors Certificate Rules 1939 အရ ဖွင့်လှစ်သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (R.A) သင်တန်းသို့ (Chartered Accountants, Allan Charlesworth & Co., တွင် တာဝန်ထမ်းဆောင်ရင်း) တက်ရောက်ခဲ့ရာ သင်တန်းတွင် ထူးချွန်မှုကြောင့် ၁၉၅၃ ခုနှစ်နှင့် ၁၉၅၄ ခုနှစ်များ၌ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ Allan Charlesworth & Co., Chartered Accountants, London Office ၌ စာရင်းကိုင်နှင့် စာရင်းစစ်ပညာများ ကိုဆက်လက် ဆည်းပူးခွင့်ရသည်။ ၁၉၅၄ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ခေါ်ယူခြင်းခံရပြီး Assistant Partner အဖြစ်တာဝန်ထမ်းဆောင်ခဲ့ရာ မူလ အလုပ် လစာငွေကျပ် ၁၂၀ မှ ၃,၅၀၀ သို့တိုးမြှင့် ရရှိခဲ့သည်။

၁၉၅၈ ခုနှစ်တွင် Allan Charlesworth & Co., Chartered Accountants ၏ပထမဆုံး မြန်မာ Partner ဖြစ်ခဲ့ပြီး လစာကျပ်၄၅၀၀နှင့် အမြတ်ငွေ သုံးပုံနှစ်ပုံအထိ ခံစားခွင့်များ တိုးတက်ရရှိခဲ့သည်။

၁၉၆၂ ခုနှစ်တွင် အင်္ဂလိပ်များက လုပ်ငန်း တစ်ခုလုံးကိုလွှဲခဲ့ရာ ဆရာကြီးတစ်ဦးတည်း တာဝန် ယူ၍ U Hla Tun & Co, ဟု အမည်ပြောင်းလဲ ဆောင် ရွက်ခဲ့သည်။ မြန်မာပြည် စာရင်းစစ် ဘက္ကာရေး အတိုင်ပင်ခံလုပ်ငန်းကို ၁၉၅၂ ခုနှစ်မှ စတင်၍ ယနေ့အထိ ဆောင်ရွက်လျက်ရှိသည်။ ၁၉၅၄ ခုနှစ်မှ ၁၉၆၂ ခုနှစ် အထိ နိုင်ငံတော်ဘုတ်အဖွဲ့ကြီးများ၊ ပြည်ထောင်စုဘဏ် စသည်တို့ကို ဝန်ဆောင်မှုများ ပြုလုပ်ပေးခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ် အတွင်း နိုင်ငံတော် အစိုးရအဖွဲ့အစည်းများ၊ ရွှေတိဂုံ စေတီ၊ ဆူးလေစေတီနှင့် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေး

ဆရာကြီး ဦးလှထွန်းက အသက် (၈၀) ပြည့်မွေးနေ့အခမ်းအနားတွင် အမျိုးသား ကျန်းမာရေးကော်မတီသို့ ငွေလှူဒါန်းရာ ဝိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့် လက်ခံစဉ်

ဘဏ်တို့အတွက်လည်း ဆောင်ရွက်ပေးခဲ့သည်။ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ပါဝင်သည့် ဖက်စပ် ကော်ပိုရေးရှင်းကြီးများ၊ ဘဏ်များနှင့် နိုင်ငံခြား ကုမ္ပဏီများ၊ ရေနံကုမ္ပဏီကြီးများ စုစုပေါင်း (၈၀) ခန့်ကို ဝန်ဆောင်မှုများပေးလျက် ရှိသည်။

မြန်မာနိုင်ငံမှ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေး ဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော ပါဝါစီမံချက် (Power Project, World Bank) မန္တလေး ရေပေးဝေရေးစီမံချက် (Mandalay Piped Water Project) နှင့် ငါးဖမ်းလုပ်ငန်းစီမံချက် (Third Fisheries Project, Asian Development Bank) အစရှိသည့်လုပ်ငန်းများအတွက် Financial Consultant အဖြစ်ဆောင်ရွက်ခဲ့ပါသည်။

၁၉၉၃ ခုနှစ်တွင် U Hla Tun & Co., သည် Arthur Andersen ကုမ္ပဏီနှင့် စာပေးစာယူစနစ်ဖြင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် Coopers & Lybrand International အဖွဲ့အစည်းနှင့် စာပေးစာယူစနစ်ဖြင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်ခဲ့သည်။

၁၉၈၃ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်အဖြစ် လည်းကောင်း၊ ၁၉၈၄ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် နယ်သာလန်ဘုရင်မ၏ သူရဲကောင်း မှတ်တမ်းဝင် ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့် ခြင်းခံခဲ့ရသည်။

ဘဝခရီးကိုကြိုးစားမှု၊ နိုးကြားမှုများဖြင့် လျှောက်လှမ်းခဲ့သည့် ဆရာကြီးဦးလှထွန်းသည် သွေးကင်ဆာရောဂါဖြင့် သေဆုံးခဲ့သည့် ချစ်သမီး ဒေါ်မြစန္ဒာထွန်းအတွက် အောက်မေ့ဖွယ်အဖြစ် ကုသ၍မရနိုင်သောကင်ဆာဝေဒနာရှင်များအတွက် မြန်မာပြည်တွင် ဟော့စ်ပစ် (Hospice) ကို ၁၉၉၈ ခုနှစ်၌ တည်ထောင်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံလူမှုဝန်ထမ်းသမိုင်းတွင် ထင်ရှားသော လူမှုရေးမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့သည်။ (အကျယ် စွယ်စုံနှစ်ချုပ် ၂၀၀၁ ခုနှစ်ရှု)

ရန်ကုန်မြို့တွင် ၁၉၉၈ ခုနှစ်က ဖွင့်လှစ်နိုင်ခဲ့သည့် မေတ္တာရိပ်မွန် အတွင်းလူနာ (ကင်ဆာ) ဗဟိုဌာန (Hospice) ၏ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ဆရာကြီး၏ဇာတိ မန္တလေးမြို့တွင်ပါ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ဆက်လက် စီစဉ်ခဲ့သည်။ ထို့ကြောင့်လည်း အသက် (၈၀) ပြည့်မွေးနေ့မင်္ဂလာ အခမ်းအနားတွင်

မန္တလေးမေတ္တာရိပ်မွန် အတွင်းလူနာ (ကင်ဆာ) ဗဟိုဌာန (Hospice) တည်ထောင်နိုင်ရန်အတွက် အမေရိကန် ဒေါ်လာတစ်သိန်း စတင်မတည်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မွေးနေ့ပွဲ အခမ်းအနားတွင် ဆရာကြီး ဦးလှထွန်းက အမျိုးသား ကျန်းမာရေးကော်မတီသို့ အမေရိကန်ဒေါ်လာ တစ်သောင်း၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အမေရိကန်ဒေါ်လာ ငါးထောင်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ အမေရိကန် ဒေါ်လာ ငါးထောင်၊ အနာကြီးရောဂါကုဆေးရုံ (ရေနံ့သာ) မန္တလေးသို့ ငွေကျပ်တစ်သိန်း၊ အနာကြီးရောဂါဆေးရုံ (တောင်ပိုင်း) မော်လမြိုင်သို့ ငွေကျပ်တစ်သိန်း၊ မေရီချက်ပ်မင်း နားမကြားသော ကလေးများကျောင်းသို့ ငွေကျပ်တစ်သိန်း၊ မျက်မမြင်ကျောင်း (ခဝဲခြံ) သို့ ငွေကျပ်တစ်သိန်း အသီးသီး လှူဒါန်းခဲ့သည်။

၂၂-၁၂-၂၀၀၂ နေ့တွင်ကျင်းပပြုလုပ်သည့် ဆရာကြီးဦးလှထွန်း၏ အသက် (၈၀) ပြည့် မွေးနေ့မင်္ဂလာ နှင့် အခြားဘဝမှတ်တိုင်များ အထိမ်းအမှတ်အခမ်းအနားသည် ဆရာကြီး၏ ကြိုးစားမှု၊ နှိုးကြားမှုများကို မျိုးဆက်သစ်များအား အားကျဖွယ်၊ အတုယူဖွယ်ဖြစ်စေရုံသာမက လူသားအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုများပါ ပါဝင်ပြည့်စုံခဲ့သဖြင့် ဂုဏ်ပြုဖွယ်ဖြစ်စေသည်သာမက ယင်းသို့သော မွေးနေ့ပွဲ ကျင်းပပြုလုပ်သည်ကိုပါ အတုယူစရာဖြစ်ခဲ့သည်။

မြတ်လေးခိုင်

လက်တင်အမေရိက။ ။ တောင်အမေရိက၊ ဗဟို အမေရိကနှင့် အနောက်အိန္ဒိယကျွန်းစုများမှာ ပြင်သစ်စကား၊ စပိန်စကားနှင့် ပေါ်တူဂီစကားပြောကြသည်။ သမ္မတနိုင်ငံ ၂၀ တို့မှာ အာဂျင်တီးနား၊ ဘိုလီဗီးယား၊ ဘရာဇီး၊ ချီလီ၊ ကိုလံဘီယာ၊ ကိုစတာရီကာ၊ ကျူးဘား၊ ဒိုမီနီကန် ရီပတ်ပလစ်၊ အီကွေဒေါ၊ အယ်ဆာဗေဒို၊ ပနားမား၊ ပါရာဂွေး၊ပီရူး၊ ဥရုဂွေးနှင့် ဗင်နီဇွဲလားနိုင်ငံ တို့ဖြစ်ကြသည်။ ယင်းနိုင်ငံများမှာ လက်တင်အမေရိကနိုင်ငံများ ဖြစ်ကြ၍ အင်္ဂလိပ်စကားပြောသော အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့မှာ မြောက်အမေရိကဖြစ်သည်။ လက်တင်အမေရိက နိုင်ငံများ၌ ၂၀၀၂ ခုနှစ် အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘာဝဘေးအန္တရယ်၊ မူးယစ်ဆေးဝါးဆိုင်ရာ စသည်ဖြင့် ထူးခြားဖြစ်ပေါ်သောနိုင်ငံများကို အကွက်ရာစဉ်အလိုက် အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

ကိုလံဘီယာ။ ။ အမေရိကန်ဒေါ်လာ အတု ၄၁ သန်းကို ကိုလံဘီယာနိုင်ငံအင်ဒီယာတောင်၏ တောင်ပိုင်းမြို့တော်ဘိုဂိုတာရှိ အိမ်တစ်အိမ်မှ သိမ်းဆည်းရမိလိုက်ကြောင်း ကိုလံဘီယာ အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲ ရဲဗိုလ်ချုပ်ကြီး လူဝစ်အန်နက်စ် တိုဂီလီဘတ်က ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ကိုလံဘီယာအစိုးရနှင့် အက်ဖ်အေအာစီ သူပုန်တို့သည် ဧပြီလ ၇ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရန် ရှေ့ရှုလျက် ဆွေးနွေးပွဲများ အဆောတလျင် ပြုလုပ်သွားရန် ဇန်နဝါရီလ ၂၃ ရက်နေ့က သဘောတူလိုက်ကြသည်။ ကိုလံဘီယာစစ်တပ်၏ထိုးစစ်ကို ရှောင်လွှဲရန်တောတွင်းရှိ သူပုန်စခန်းတစ်ခုသို့ အစိုးရစေ့စပ်ဆွေးနွေးသူများနှင့် အက်ဖ်အေအာစီ တပ်မှူးများ ရှစ်နာရီကျော်ကြာ ဆွေးနွေးအပြီးသို့ ကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အပစ်အခတ် ရပ်စဲခြင်းနှင့် ရန်လိုမှုများ ရပ်ဆိုင်းခြင်းရှိ မရှိကို လေ့လာရန် စေ့စပ်ဆွေးနွေးမှုကို အမြန်စတင်မည်ဖြစ်ကြောင်း အစိုးရ၏ငြိမ်းချမ်းရေးဆိုင်ရာ ထိပ်တန်းအရာရှိက ပြောကြားသည်။ အချက် ၁၂ ချက်ပါ ကြေညာချက်ကို အက်ဖ်အေအာစီတပ်မှူးရောလ်ရီယစ် သိရှိပြီးဖြစ်ကြောင်း ယင်းအရာရှိက ပြောကြားသည်။ ကိုလံဘီယာအစိုးရနှင့် အက်ဖ်အေအာစီ သူပုန်တို့သည် နောက်ဆုံးအချိန်ဖြစ်သော သန်းခေါင်အချိန်မတိုင်မီ နာရီပိုင်းအလို ဇန်နဝါရီလ ၂၄ ရက်နေ့က သဘောတူညီမှုရရှိကြခြင်းဖြစ်သည်။

ကာရေဘီယံကျွန်းဆွယ် ပရိဗီဒင်စီယာကမ်းခြေ၌မြုပ်ထားသော ကိုကင်းပေါင်ချိန် ၂၈၀၀ ကို မိမိတို့ ဖမ်းဆီးလိုက်ကြောင်း ကိုလံဘီယာရေတပ်

က ဖေဖော်ဝါရီ လ ၂၄ ရက်နေ့က ကြေညာသည်။ ယင်းကိုကင်းများကို ထိုကျွန်းတွင် မည်သူမည်ဝါမြုပ်ထားခဲ့သည်ကို မသိရှိကြောင်း၊ အဆိုပါကျွန်းသည် နီကာရာဂွာ ကမ်းလွန်တွင် တည်ရှိကြောင်း၊ သို့ရာတွင် အဆိုပါ မူးယစ်ဆေးဝါးများသည် အမေရိကန်ပြည်ထောင်စုသို့ ပို့မည့်ပစ္စည်းများဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ ဖမ်းဆီးရမိသော ကိုကင်းများသည် အမေရိကန်ပေါက်စျေး ဒေါ်လာ ၁၀ သန်းကျော် တန်ဖိုးရှိကြောင်း၊ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ကိုကင်းအများဆုံးထွက်ရှိရာ ကိုလံဘီယာမှ ကိုကင်း ၈၀ ရာခိုင်နှုန်းကို ဝယ်ယူနေသော နိုင်ငံဖြစ်ကြောင်း ကြေညာချက်၌ဖော်ပြ သည်။

ကိုလံဘီယာကမ်းခြေစောင့်တပ်ဖွဲ့က အမြန်ရေယာဉ်ပေါ်၌ အမေရိကန် ပြည်ထောင်စုသို့ တင်ပို့မည့် ကိုကင်းတစ်တန်ခွဲကို တွေ့ရှိရဃည်။ ကာတာဂျီးနား ဆိပ်ကမ်းမြို့အနီး နိုင်ငံပိုင်နက် အတွင်းလန်ခ်တ်ကမ်းခြေကို ကင်းလှည့်စစ်ဆေးစဉ် ယင်းကိုကင်းများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ရေတပ်ဖွဲ့က မတ်လ ၄ ရက်နေ့တွင် ထုတ်ဖော်ပြောကြား သည်။ မကြာမီက စုစုပေါင်း ကိုကင်း ၂၀ ဒသမ ၅ တန်ကို ရေတပ်ဖွဲ့က သိမ်းဆည်းလိုက်ပြီး သဘော်ပေါ်၌ လိုက်ပါလာသူလေးဦးကိုလည်း ဖမ်းဆီးခဲ့သည်။

မြို့တော် ဘိုကိုတာအနောက်တောင်ဘက် ကီလိုမီတာ ၃၀၀ အကွာ ဗာလီဒယ်ကော်ကာ ပြည်နယ် ရိုဒါ နီလိုမြို့တွင် စစ်ဆင်ရေးပြုလုပ်ရာ၌ ကိုကင်းနှင့် ဘိန်းဖြူ ဘုရင်မဟု နာမည်ကျော်ကြားသော အမျိုးသမီးတစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကိုလံဘီယာ ရဲတပ်ဖွဲ့က ကြေညာသည်။ ထိုကိုကင်းဘုရင်မ၏အမည်မှာ နန်စီရာမီရက်ဖ်ဖြစ်ကြောင်း တတိယစစ်တိုင်းမှူး ဗိုလ်ချုပ်ကြီး ဖရန်စစ္စကိုဖီဒရာဇာက သတင်းထောက်များအား ပြောကြားခဲ့သည်။ ကိုလံဘီယာနိုင်ငံသည် နှစ်စဉ်ကိုကင်းတန်ချိန် ၅၈၀ ထုတ်လုပ်ပြီး ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးအများဆုံး ထုတ်လုပ်သော ထိပ်တန်းနိုင်ငံအဖြစ် လူသိများသည်။ ကမ္ဘာပေါ်တွင်ထွက်သော ကိုကင်းပမာဏ၏ ၈၀ ရာခိုင်နှုန်းကို ကိုလံဘီယာနိုင်ငံက ထုတ်လုပ်ပြီး မူးယစ်ဆေးဝါး အများစုကို အမေရိကန်ပြည်ထောင်စုသို့ ပြည်ထောင်စုနှင့် ဥရောပသို့တင်ပို့သည်။

ကျူးဘား။ ။ ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိုသည် အလည်အပတ် ရောက်ရှိနေသော ဧည့်သည်တော် မက္ကဆီကို သမ္မတ ပီကန်တီဖောက်နှင့် ကျူးဘားအစိုးရ အဖွဲ့ချုပ်ရုံးတွင် ဖေဖော်ဝါရီလ ၃ ရက်နေ့က တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ခေါင်းဆောင်ကြီးနှစ်ဦး တွေ့ဆုံဆွေးနွေးသော အဓိက အကြောင်းရင်းများတွင် နှစ်နိုင်ငံ ကုန်သွယ်ရေးမှာတစ်ခု အပါအဝင်ဖြစ်မည်ဟု နှစ်ဘက်အစိုးရများ၏ ပြောခွင့်ရ ပုဂ္ဂိုလ်များက ပြောကြားသည်။ ကျူးဘားနှင့် မက္ကဆီကိုနိုင်ငံတို့၏ ကုန်သွယ်ရေးပမာဏမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၃၅၀ ရှိသည်။ ကျူးဘားနိုင်ငံ၏ ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် အစားအစာ ထုတ်လုပ်သော စက်မှုလုပ်ငန်းတို့တွင် အမေရိကန်ဒေါ်လာ သန်း ၇၀ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော မက္ကဆီကို ကုမ္ပဏီ ၅၀၀ ခန့် ရှိသည်။

အမေရိကအလယ်ပိုင်းသွေးစည်း ညီညွတ်ရေးစနစ် (ဆီကာ) နှင့် ကာရေဘီယံမိသားစုနိုင်ငံများနှင့် ဘုံစျေးအဖွဲ့ (ကာရီကွန်) တို့မှ အဖွဲ့ဝင်နိုင်ငံ ၂၀ တို့သည် လွတ်လပ်သောစျေးကွက်ထူထောင်ရေးနှင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးကို ဦးစားပေးဆွေးနွေးကြလိမ့်မည်ဟု ဆီကာအတွင်းရေးမှူးချုပ် အိုစကာဆန်ကမာရီယာက ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် ဖေဖော်ဝါရီလ ၆ ရက်နေ့က ပြောကြားသည်။ ဆီကာ - ကာရီကွန်ထိပ်သီးအစည်းအဝေးကို ဘိလိပ်မြို့တွင် ဝါစ်ရက်ကြာ ကျင်းပခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အစည်းအဝေးတက်ရောက်လာသူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး သဘောတူစာချုပ်များ ချုပ်ဆိုမည်ဟု မျှော်လင့်ရသည်။ ဂိုဏ်းဖွဲ့ပြစ်မှုများနှင့် မူးယစ်ဆေးဝါး၊ မှောင်ခိုမှု များကို ဆက်လက်ပူးပေါင်းတိုက်ဖျက်သွားရန် သဘောတူညီခဲ့ကြသည်။

ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိုသည် ဧည့်သည်တော် တရုတ်အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ယွမ်ဝီမင်း ခေါင်းဆောင်သော တရုတ်အားကစားကိုယ်စားလှယ်အဖွဲ့အား ဧပြီလ ၂၁ ရက်နေ့တွင်

ဟားဗားနားမြို့၌ လက်ခံတွေ့ဆုံသည်။ နှစ်နိုင်ငံ အားကစားလုပ်ငန်းများ အနီးကပ် ပူးပေါင်း ဆောင်ရွက်ရန် သမ္မတကက်စထရိုနှင့် တရုတ် အားကစားကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးခဲ့ကြသည်။ ၂၀၀၈ ခုနှစ် နွေရာသီအိုလံပစ် အားကစားပွဲတော် ဘေဂျင်းမြို့တော်တွင် ကျင်းပခွင့်ရရေးအတွက် သမ္မတကက်စထရို ထောက်ခံမှုပေးခဲ့သည်ကို ကျေးဇူးတင်ကြောင်း ယွမ်ဝီမင်းက ပြောကြားသည်။ ၂၀၀၈ ခုနှစ် ဘေဂျင်းအိုလံပစ် အားကစားပွဲတော်ကို တက်ရောက်ရန် ယွမ်ဝီမင်း၏ ဖိတ်ကြားချက်ကို သမ္မတကက်စထရိုက ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့သည်။

ဖွဲ့စည်း ထူထောင်ရန် စီစဉ်ထားသော အမေရိကန်နိုင်ငံများ၏ လွတ်လပ်သော ကုန်သွယ်ရေးဒေသ (အက်ဖ်တီအေအေ) သည် အမေရိကန်ပြည်ထောင်စု၏ ကိုလိုနီပြုရေး လက်နက်ကိရိယာတစ်ခုသာဖြစ်ကြောင်း ကျူးဘားသမ္မတ ဖီဒယ် ကက်စထရိုက ပြောကြားပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိတို့၏ စက်မှုလုပ်ငန်းများကို အကာအကွယ်ပြုကြရန် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က တိုက်တွန်းလိုက်သည်။ ဟားဗားနားမြို့၌ ကျင်းပသော စတုတ္ထအကြိမ်မြောက် တစ်ကမ္ဘာလုံးလွှမ်းခြုံပေါင်းစည်းမှုနှင့် ဖွံ့ဖြိုးမှုပြဿနာများဆိုင်ရာ စီးပွားရေးပညာရှင်များ၏ ညီလာခံပိတ်ပွဲ၌ မိန့်ခွန်းပြောကြားရာတွင် သမ္မတကက်စထရိုက ယင်းကဲ့သို့ ပြောကြား ခြင်း ဖြစ်သည်။ အက်ဖ်တီအေအေသည် မိမိတို့အား နိုင်ငံရေးတည်ငြိမ်မှု မရှိသော လက်တင် အမေရိက နိုင်ငံငယ်များခေတ်သို့ ပြန်ပို့နေသည်။ ချမ်းသာသောနိုင်ငံများသည် အက်ဖ်တီအေအေကဲ့သို့ ကြိုးပမ်းမှုများမပါဘဲ ၎င်းတို့ကိုယ်တိုင် ဖွံ့ဖြိုးခဲ့ကြသည်။ လက်တင်အမေရိကနိုင်ငံများသည် စက်မှုလုပ်ငန်းများကို ခေတ်မီနည်း ပညာရှိထားသူများ၏ ယှဉ်ပြိုင်မှုမှ အကာအကွယ်ပေးရန် လိုသည်။ ချမ်းသာသော နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံများ၌ နေထိုင်သော အခြားနိုင်ငံများမှ ပညာတတ်များကြောင့် ရရှိခဲ့သော အောင်မြင်မှု အစိတ်အပိုင်းဖြစ်သည်။ လက်တင်အမေရိကမှ ပညာသည်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ငါးသိန်းကျော်သည် စက်မှုနိုင်ငံများသို့ ပြောင်းရွှေ့နေထိုင်ကြရာ အများဆုံးမှာ အမေရိကန်ပြည်ထောင်စု၌ ဖြစ်သည်စသဖြင့် သမ္မတကက်စထရိုက ၄၃ နိုင်ငံမှ စီးပွားရေးပညာရှင်ဃထ ခန့် တက်ရောက်သော စီးပွားရေးအစည်းအဝေး၌ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

အမေရိကန် သမ္မတဟောင်း ဂျင်မီကာတာခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကျူးဘားနိုင်ငံသို့ မေလ ၁၂ ရက်နေ့က ရောက်ရှိလာရာ ဟားဗားနား လေဆိပ်တွင် ကျူးဘားသမ္မတ ကတ်စထရိုက ကြိုဆိုခဲ့သည်။ သမ္မတဟောင်း ဂျင်မီကာတာ၏ ၁၉၇၇-၁၉၈၁ သမ္မတသက်တမ်း ကာလအတွင်း၌ ကျူးဘားနှင့် ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းခဲ့မှုများအတွက် ချီးကျူးကြောင်း လေဆိပ်တွင်တွေ့ဆုံနှုတ်ဆက်ရာ၌ သမ္မတ ကက်စထရိုက ပြောကြားသည်။ သမ္မတ ဂျင်မီကာတာသည် သမ္မတသက်တမ်းလေးနှစ်တာ ကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေးလမ်းကြောင်း အကျိုးဖြစ်ထွန်းစေရန် ရဲရင့်ပြတ်သားစွာဆောင်ရွက်ခဲ့သည်ဟု သမ္မတ ကက်စထရိုက ပြောကြားသည်။ ၄၇ နှစ်အတွင်း ကျူးဘားနိုင်ငံသို့ ပထမဆုံးအကြိမ် ပြန်လည်ရောက်ရှိလာ၍ မိမိဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း ကျူးဘားနိုင်ငံမှ လူတန်းစား အလွှာစုံမှ လူများစုနှင့် တွေ့ဆုံရန် မျှော်လင့်ပါကြောင်း ဂျင်မီကာတာက ပြောကြားသည်။ အမေရိကန် အစိုးရသည် ကျူးဘားနိုင်ငံအပေါ် ချမှတ်ထားသော ကုန်သွယ်ရေးပိတ်ဆို့မှု အမိန့်ကို ပြန်လည်ရုတ်သိမ်း သင့်ကြောင်း၊ ၁၉၅၉ ခုနှစ်တွင် ကွန်မြူနစ် ခေါင်းဆောင်ကက်စထရို အာဏာရချိန်မှစ၍ အမေရိကန်အစိုးရက ကျူးဘားနိုင်ငံကို ကုန်သွယ်ရေး ပိတ်ဆို့မှုပြုလုပ်ခဲ့ကြောင်း ကျူးဘားပြည်သူလူထု လွတ်လပ်စွာပြောဆိုခွင့် အခြေခံလွတ်လပ်ခွင့်များ စံစားခွင့်ရရှိရေးအတွက် ကက်စထရိုက ကြိုးပမ်းစေလိုကြောင်း မေလ ၁၅ ရက်နေ့တွင် ရုပ်မြင်သံကြားမှ ဂျင်မီကာတာက ပြောကြားခဲ့သည်။

ပီရူး။ ။ အမေရိကန်သမ္မတကျော့ဒဗလျူဘုရှ် ပီရူးနိုင်ငံ လီမာမြို့သို့ မတ်လ ၂၃ ရက်နေ့က အစိုးရ၏ ဧည့်သည်တော်အဖြစ် ရောက်ရှိလာရာ ပီရူး

နိုင်ငံသို့ ပထမဆုံးရောက်ရှိခဲ့သော အမေရိကန်နိုင်ငံ၏ ခေါင်းဆောင်ဖြစ်သည်။ မစ္စတာဘုရှ်မှာ မက္ကဆီကိုနိုင်ငံ မွန်တာရီမြို့၌ ကျင်းပသော ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုအတွက် ငွေကြေးပံ့ပိုးရေး ညီလာခံမှတစ်ဆင့် ပီရူးနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။ သမ္မတ၏ ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးကောလင်းပါဝဲလ်၊ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျန်ဒိုလက်ဇာရိုက်စ်တို့ လိုက်ပါလာကြသည်။

အာရှ - ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ဖိုရမ်အဖွဲ့ဝင် ၂၁ နိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီးများသည် လေကြောင်းနှင့် ရေကြောင်းလုံခြုံရေး ကိစ္စရပ်များနှင့် အကြမ်းဖက် ဆန့်ကျင်ရေးလှုပ်ရှားမှုဆိုင်ရာ ကိစ္စရပ်များ အပါအဝင်ပို့ဆောင်ရေး ကိစ္စအဝဝကို ဆွေးနွေးညှိနှိုင်းရန် လီမာမြို့တွင် မေလ ၇ ရက်မှ ၉ ရက်နေ့အထိ တွေ့ဆုံခဲ့ကြသည်။ ယင်းဆွေးနွေးပွဲမှာ တတိယအကြိမ် အေပတ်အဖွဲ့ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးဖြစ်ပြီး ဆွေးနွေးပွဲသို့ နိုင်ငံတကာမှ ကိုယ်စားလှယ် ၅၀ နီးပါးတက်ရောက်ကြကြောင်း အစည်းအဝေးကျင်းပရေး စည်းရုံးစီစဉ်သူများက မေလ ၆ ရက်နေ့တွင် ကြေညာခဲ့သည်။ ဆွေးနွေးကြရာတွင် ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ၊ လူသားအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ပီရူးနိုင်ငံအရှေ့ပိုင်းရှိ သစ်တောများအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သော လျှို့ဝှက်ဓာတ်ခွဲခန်း ၅၇ ခုကို ပီရူးအမျိုးသားရဲတပ်ဖွဲ့က ဩဂုတ်လ ၆ ရက်မှ ၁၅ ရက်အထိကာလအတွင်း ရှာဖွေဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းစာများက ဩဂုတ်လ ၂၃ ရက်နေ့က ရေးသားဖော်ပြသည်။ မြို့တော်လီမာအရှေ့ဘက် ကီလိုမီတာ ၅၀၀ ခန့်အကွာဝှေးနှင့် ပြည်နယ်နှင့် ကူစကိုပြည်နယ်ရှိ အယာကူချိုသစ်တောဒေသဆိုင်ရာ အထွေထွေ ကိုယ်စားလှယ်ရုံးနှင့် ပီရူးရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစီမံချက်ကို ပြုလုပ်ခဲ့ရာ စီမံချက်တွင် ပါဝင်သော ရဲတပ်ဖွဲ့အကြီးအကဲ ရာအူးကွင်တာနာ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာများကရေးသား ဖော်ပြခြင်းဖြစ်သည်။ ယင်းစီမံချက်အတွင်း ဆာလ်ဖြူရစ်အက်စစ် ၄၈ ကီလိုဂရမ်၊ ရေနံဆီ ၂၃၀၀ ဂါလံ၊ ထုံး ၃ တန်၊ အမိုးနီးယားအများအပြားနှင့် ကိုကာအရွက် ၃၈ တန်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ပနားမား။ ။ ပနားမားရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ကိုကင်းကီလို ၁၆၀၀ ကျော်ကို သိမ်းဆည်းရမိပြီး လူခုနစ်ဦးကို ဖမ်းဆီးခဲ့သည်။ ကိုကင်း တစ်ကီလိုနီးပါးစီ ထည့်ထားသော အထုပ်ပေါင်း ၁၆၁၉ ထုပ်ကို ကုန်တွဲသုံးခုအတွင်းရှိ လယ်ယာထွက်ကုန် ပစ္စည်းများကြားတွင် ဝှက်၍ ယူဆောင်လာသည်ကို တွေ့ရှိရခြင်းဖြစ်သည်။ ကုန်ကားတစ်စီးတွင် ဝှက်ယူလာသော ကိုကင်းများကိုလည်း တွေ့ရှိရသောနေရာမှာ ပနားမားမြို့တော်အနောက်ဘက် ကီလိုမီတာ ၅၅၀ ခန့်တွင် ဖြစ်သည်။ ဖမ်းဆီးရမိသူများတွင် ကိုလံဘီယာနိုင်ငံသားလေးဦးနှင့် ပနားမားနိုင်ငံသား သုံးဦးပါဝင်သည်။

ပနားမားနိုင်ငံသည် မက်ဆီးဒိုးနီးရားနိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို ဧပြီလ ၂၅ ရက်နေ့က ထူထောင်ခဲ့သည်။ ဆက်ဆံရေးထူထောင်မှုသည် နယ်မြေ ပေါင်းစည်းမှုအတွက် အပြန်အလှန်လေးစားရေးနှင့် တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်မစွတ်ရေး အခြေခံများအပေါ် အခြေခံထားကြောင်း ပနားမားနိုင်ငံရေးဝန်ကြီးဌာနကပြောကြားသည်။

ပနားမားတူးမြောင်းကို ဖြတ်သန်းသွားလာကြသော သင်္ဘောများ၏ ဖြတ်သန်းခကို ပျမ်းမျှ ၁၃ ရာခိုင်နှုန်းတိုးပြီးကောက်ယူရန် ပနားမားတူးမြောင်းအုပ်ချုပ်ရေးအဖွဲ့က ဇွန်လ ၇ ရက်နေ့တွင် အဆိုပြုခဲ့သည်။ ယင်းရေလမ်းမှာ စီးပွားရေးလုပ်ငန်းအတွက် အဓိကကျသည်။ ယခုအခါ သင်္ဘောများမှာ ပစိဖိတ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာများအကြား မိုင် ၅၀ ဖြတ်သန်းခအတွက် အမေရိကန်ဒေါ်လာ ပျမ်းမျှ ၄၆၀၀၀ ပေးဆောင်ကြရသည်။ အဆိုပြုထားချက်အရ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ တူးမြောင်းဖြတ်သန်းခကို တိုး၍ကောက်ခံမည်ဖြစ်သည်။ ကုန်အပြည့်တင်ဆောင်ထားကြသော သင်္ဘောများမှာ တူးမြောင်းဖြတ်သန်းခကို ပထမ

တန်ခိုန် ၁၀၀၀၀ တွင် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၉၆ ပေးရ၍ နောက်ထပ်တန်ခိုန် ၁၀၀၀၀ အတွက် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၉၀ ပေးဆောင်ရမည် ဖြစ်သည်။ ယခုအခါ ရေယာဉ်တစ်စင်းသည် ကုန်အပြည့် တင်ဆောင်ပေးပါက တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၅၇ ပေးဆောင်ရပြီး သဘော်အကြီးစားများမှာ အဆိုပြုထားသော နှုန်းသစ်အရ သဘော်တစ်စင်းသည် အမေရိကန်ဒေါ်လာ ၃၂၀၀ ပေးဆောင်ရမည်ဖြစ်သည်။

ဘရာဇီး။ ။ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုမြို့တွင် ဇန်နဝါရီလဆန်းက သွေးလွန်တုပ်ကွေးဖြစ်ပွားရာ လူငါးဦးထက် မနည်းသေဆုံးသွားကြောင်း ကူးစက်သူ နှစ်ဆမကရှိကြောင်း အာဏာပိုင်များက ဇန်နဝါရီလ ၂၅ ရက်နေ့က ပြောကြားသည်။ ယခင်လက ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် သွေးလွန်တုပ်ကွေး ကူးစက်ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

၂၀၀၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲယှဉ်ပြိုင်ကစားခဲ့ကြရာ ဘရာဇီးအသင်းက ဂျာမနီအသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် ထူးထူးခြားခြားအနိုင်ရခဲ့ပြီးနောက် ဘရာဇီးနိုင်ငံတစ်ဝန်းလုံးတွင် အဝါရောင်နှင့် အစိမ်းရောင်ဝတ်ဆင်ထားကြသော လူပင်လယ်ကြီးသည် လမ်းများပေါ်သို့ ထွက်လာကြပြီး အဆိုအတီးအကအခုန်များဖြင့် ခြိမ့်ခြိမ့်သဲအောင်ပွဲခံခဲ့ကြသည်။ ဆော်ပေါလိုမြို့တွင် ဘရာဇီးအသင်း၏ အရောင်များဖြင့် လွှမ်းခြုံထားသော မော်တော်ကားများသည် ဘရာဇီးနိုင်ငံတော်အလံကို လွှင့်ထူပြီး မော်တော် ကားဟွန်းများကို အဆက်မပြတ် တီးကာ မြို့တွင်း၌ လည့်လှည်ကြသည်။ ရီယိုဒီဂျနေရို မြို့တွင် လူများလမ်းပေါ်ထွက်၍ ကခုန်ခဲ့ကြသည်။ ငါးကြိမ်သရဖူဆောင်းတဲ့ ဘရာဇီးဟု ပေါ်တူဂီဘာသာဖြင့် ကြွေးကြော်ခဲ့ကြသည်။

ဘရာဇီးသမ္မတဖာနန်ဒိုဟင်းနရစ်ကာဒိုဆိုကလည်း ဘရာဇီးဘောလုံးသမားများနှင့် နည်းပြဆရာ လူဝစ်ဖီးလစ်စကိုလာရီတို့ကို ဂုဏ်ပြုချီးကျူးလိုက်သည်။ ဘရာဇီးအသင်းသည် ပင်ကိုအရည်အသွေးကောင်းသော စွမ်းဆောင်ရည်နှင့်အသင်း လိုက်စိတ်ဓာတ်တို့ဖြင့် ကမ္ဘာပေါ်တွင် အကောင်းဆုံးအသင်းဖြစ်ကြောင်း သက်သေထူလိုသော စိတ်ဓာတ်တို့ဖြင့် ကမ္ဘာပေါ်တွင် အကောင်းဆုံးအသင်းဖြစ်ကြောင်း သက်သေထူလိုက်ပြီဟု ကြေညာချက်ထုတ်ကာ သမ္မတက ချီးကျူးလိုက်သည်။ ယိုကိုဟားမားမြို့မှလာသော သတင်းတစ်ရပ်တွင် ဘရာဇီးအသင်းအနိုင်ရရှိသည်မှာ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်းညီညီညွတ်ညွတ်ဖြင့် အားကြိုးမာန်တက် ကစားခဲ့ကြ၍ အနိုင်ရပိုလ်စွဲခဲ့ခြင်းဖြစ်ကြောင်း ဘရာဇီးနည်းပြဆရာ စကိုလာရီက ပြောကြားသည်။

၁၇ ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် ဂျာမနီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့ပြီးနောက် ကမ္ဘာတစ်ဝက်လေကြောင်းခရီးကို ဖြတ်သန်း၍ ဘရာဇီးနိုင်ငံမြို့တော် ဘရာဇီးလီးယားမြို့ သို့ ပြန်လည်ရောက်ရှိလာကြသော ဘရာဇီးဘောလုံး အသင်းကို သိန်းနှင့်ချီကာ ဘရာဇီးပြည်သူတို့က ဘရာဇီးနိုင်ငံတော်အလံရောင်များ ဝတ်ဆင်ပြီး ဇူလိုင်လ ၂ ရက်နေ့က သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။ ပြည်တော်ပြန်မျက်နှာပန်းလှသော ဘရာဇီးအသင်းစီးနင်း လိုက်ပါလာသည့် လေယာဉ်ကို ဘရာဇီးလေတပ်တိုက်လေယာဉ်လေးစင်းက ဘရာဇီးလေကြောင်း ပိုင်နက်အဝင်မှ ဆီးကြိုခဲ့ပြီး ဘရာဇီးလီးယားလေဆိပ်သို့ ဆင်းသက်သော အချိန်အထိလိုက်ပါလာခဲ့သည်။ ဘရာဇီးဘောလုံးသမားများ လိုက်ပါလာသော စင်းလုံးငှား လေယာဉ်ကြီး တစ်ဖက်တစ်ချက်၌ ဘရာဇီးဘောလုံးသမားများ၏ ပုံကိုရေးချယ်ထားပြီး လေယာဉ်ကွင်းသို့မဆင်းမီ ကောင်းကင်ယံတွင် လှည့်ပတ်ပျံသန်းနေသေးသည်။ အသင်းကပွတိန်ကာဖူးနှင့် နည်းပြဆရာ လူဝစ်ဖီးလစ်စကိုလာရီတို့က လေယာဉ်ဦးပိုင်းမှ ထွက်၍ ဘရာဇီးအလံများဖြင့် ဝှေ့ယမ်းနှုတ်ဆက်ခဲ့ကြသည်။ လေယာဉ်ဆင်းသက်ပြီးနောက် အသင်းကပွတိန်ကာဖူးက လေယာဉ်မှအထွက်တွင် ကမ္ဘာ့ဖလားကြိုးကို ခေါင်းပေါ်မြှောက်ပြခဲ့ရာ သိန်းချီရှိသော ဘရာဇီးပြည်သူတို့က ကောင်းချီးသြဘာပေးခဲ့ကြသည်။ ဘရာဇီးဘောလုံးသမားများသည် ကိုးမိုင်ခန့်ကွာဝေးသော သမ္မတဖာနန်ဒိုဟင်းနရစ်ကာဒိုဆိုရှိရာ သမ္မတနန်းတော်သို့ အသွားခရီးတွင် ပြည်သူတို့က လမ်းမှသောင်း

သောင်းဖြဖြ ဆီးကြိုခဲ့ကြသည်။ ဘရာဇီးသမ္မတကြီးက ဘရာဇီးအသင်းသည် ယခင်ကလည်း ချန်ပီယံဖြစ်ခဲ့သည်။ ယခုလည်း ချန်ပီယံဖြစ်သည်။ နောင်တွင်လည်း ချန်ပီယံဖြစ်နေဦးမည်ဟုပြောပြီး ဘရာဇီးဘောလုံးသမားများကို တစ်ဦးချင်း ဖက်လှဲတကင်း ကြိုဆိုခဲ့သည်။

မက္ကဆီကို။ ။ ဂင်းနစ်စာအုပ်တွင် အသက်ကြီးဆုံးစာရင်းဝင်ထားသော ဂျပန်အမျိုးသမီးကြီးတစ်ဦးထက် အသက် ၂ နှစ်ကြီးသော အသက် ၁၁၄ နှစ် အရွယ်ရှိ မက္ကဆီကိုအမျိုးသမီးကြီး အူလာလီဟာရီယာသည် ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး အမျိုးသမီးတစ်ဦး ဖြစ်နိုင်ဖွယ်ရှိကြောင်း မက္ကဆီကိုနိုင်ငံထုတ် သတင်းစာများတွင် ဖေဖော်ဝါရီ လ ၂၈ ရက်နေ့က ရေးသားဖော်ပြသည်။ မစ္စဟာရီယာသည် အသက် ၄၀ အရွယ်အထိ မက္ကဆီကိုအရှေ့တောင်ပိုင်းပြည်နယ် ယူကက်တန်ရှိ ဆူစီလာဒေသတွင် နေထိုင်ခဲ့သည်။ သူမသည် အသက် ၁၈ နှစ်အရွယ်တွင် အိမ်ထောင်ကျ၍ ခင်ပွန်းသည်နှင့် အတူ ၆၆ နှစ်တိုင်တိုင်အတူတကွ နေထိုင်ခဲ့ပြီးနောက် ခင်ပွန်းသည် ကွယ်လွန်ခဲ့သည်။ သားသမီးရှစ်ဦးမွေးဖွားခဲ့ရာ နှစ်ဦးမှာ အသက်ရှင်ဆဲဖြစ်သည်။ မြေး ၁၀ ဦး၊ မြစ် ၁၈ ဦးနှင့် တီ ၃၀ ဦး ရှိသည်။

မီလန်နီယိုအသံလွှင့်ဌာန တီဗွီအစီအစဉ်နှင့် မတ်လ ၁၇ ရက်နေ့က တွေ့ဆုံမေးမြန်းရာတွင် မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီး ကျော့ကက်စတန်က မတ်လ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ မက္ကဆီကိုနိုင်ငံ မြောက်ပိုင်း မွန်တာရီမြို့တွင် ကျင်းပမည့် ဘဏ္ဍာငွေ ထောက်ပံ့မှုဆိုင်ရာ ကုလသမဂ္ဂနိုင်ငံတကာ ညီလာခံအရေးပါပုံကို ပြောကြားခဲ့သည်။ ချမ်းသာသော နိုင်ငံများက ပွင့်လင်းပြီး တရားမျှတသော ကုန်သွယ်ရေးစနစ်နှင့် ကိုယ်ကျိုးစီးပွား ကာကွယ်မှုလျော့နည်းသော ကုန်သွယ်ရေးစနစ်ကို ကျင့်သုံးသွားကြရန် အာဖရိက၊ ကာရစ်ဘီယံနှင့် ပစိဖိတ် (အေစီပီ) နိုင်ငံများကိုယ်စားဒိုမီနီကန်နိုင်ငံ သမ္မတ ဟီပိုလီတိုမီဂျာက မေတ္တာရပ်ခံ တိုက်တွန်းခဲ့သည်။ တစ်ကမ္ဘာလုံး လွှမ်းခြုံပေါင်းစည်းသောဖြစ်စဉ်မှာ နှစ်လမ်းသွား ဖြစ်ရမည်။ ကုန်သွယ်ရေးမမျှတမှုမှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံဖြစ်သော ယင်းအေစီပီနိုင်ငံများကို ဖွံ့ဖြိုးမှုဌာနထိခိုက်စေလျက်ရှိသည်ဟု မိဂျာက ထောက်ပြပြောကြားသည်။

ဖွံ့ဖြိုးရေးအတွက် ငွေကြေးပံ့ပိုးမှုဆိုင်ရာ မွန်တာရေးနိုင်ငံတကာညီလာခံတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်က မတ်လ ၂၂ ရက်နေ့တွင် မိန့်ခွန်းပြောကြားရာတွင် အလှူရှင်နိုင်ငံများအနေဖြင့် ဆင်းရဲသောနိုင်ငံများကို အကူအညီပိုပေးသွားကြရန် တိုက်တွန်းခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်ပေါင်းများစွာတို့မှာ ဆင်းရဲဒုက္ခမျိုးစုံ၊ နွမ်းပါးမှုမျိုးစုံ၊ ငတ်မွတ်ခေါင်းပါးမှု၊ ရောဂါဘယဖြစ်မှု၊ ပဋိပက္ခဖြစ်မှု၊ လူဦးရေထူထပ်မှု၊ သဘာဝ အရင်းအမြစ်များလျော့ နည်းကုန်ခန်းမှုတို့ကြောင့် လူနေမှုဘဝတိုးတက်သော အခွင့်အလမ်းများ မရရှိခဲ့ကြပါ။ ပေးကမ်းသောအကူအညီများစွာမှာ ထိရောက်မှုရှိပါသည်။ အကူအညီပေးခြင်းဖြင့် စာပေ၊ အသိပညာ၊ အတတ်ပညာတိုးတက်မှုရှိသည်ကို တွေ့ရပါသည်။ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များမှာ လက်ရှိထက် အကြမ်းဖျင်းအားဖြင့် နှစ်ဆမျှရှိသော တရားဝင်အကူအညီ ဒေါ်လာဘီလီယံ ၅၀ အပိုဆောင်းမပေးဘဲ အောင်မြင်မှုမရရှိနိုင်ကြောင်းတူညီသော လေ့လာတွေ့ရှိချက်များက ဖော်ပြနေသည်စသည်ဖြင့် ကိုဖီအာနန်က ပြောကြားခဲ့သည်။

ချမ်းသာသောနိုင်ငံများနှင့် ဆင်းရဲသောနိုင်ငံများ ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ရန်စေ့စပ်ပြောဆိုပြီး သဘောတူညီမှုအသစ် ရရှိလိုက်သည်ဟု မတ်လ ၂၃ ရက် ညီလာခံ နောက်ဆုံးနေ့တွင် မက္ကဆီကိုသမ္မတ ဗီဆင်တီဖောက်စ်က ပြောကြားသည်။ မွန်တရီ ထိပ်သီးအစည်းအဝေး ကျင်းပဖြစ်ခြင်းမှာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ မူလအတွေးအခေါ် အကြံဉာဏ်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်က နယူးယောက်၌ ကျင်းပခဲ့သော ထောင်စုနှစ်ထိပ်သီးအစည်းအဝေး၌ ကုလသမဂ္ဂအဖွဲ့ဝင် ၁၈၉ နိုင်ငံက ရေးဆွဲခဲ့သော ကမ္ဘာ့ဆင်းရဲနွမ်းပါးမှု တိုက်ဖျတ်ရေး နည်းဗျူဟာအတွက် အရင်းအမြစ်များကို စုစည်းလိုခဲ့သည်။ ရည်မှန်းချက်များတွင် အေအိုင်ဒီအက်စ် ကူးစက်

ပြန့်ပွားမှုမရှိရေး၊ ခြွင်းချက်မရှိသော မူလတန်း ပညာရေးသင်ကြားမှုပေးခြင်းနှင့် တစ်နေ့လျှင် တစ်ဒေါ်လာအောက်လျော့ပြီး ဝင်ငွေရသော လူဦးရေကို ၂၀၀၅ ခုနှစ်၌ ထက်ဝက်လျော့ချသွား စေခြင်းတို့ ပါဝင်သည်။

မက္ကဆီကိုနိုင်ငံသည် လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ခြင်းကြောင့် ပို့ကုန်နှင့် သွင်းကုန်ပမာဏမှာ အမေရိကန် ဒေါ်လာ ၃၂၀ ဘီလီယံဖိုးရှိကာ ကမ္ဘာတွင် သတ္တမမြောက် ကုန်သွယ်မှုအကြီးမားဆုံး နိုင်ငံဖြစ်လာကြောင်း မက္ကဆီကို စီးပွားရေးဌာနမှ စေ့စပ်ညှိနှိုင်းရေးမှူး ဇာနန်ဒိုဒီမက်ဆီယို က ဇွန်လ ၁၃ ရက်နေ့တွင် သတင်းထောက်များအား ပြောကြားသည်။ မက္ကဆီကို၏ စုစုပေါင်းပို့ကုန် ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅၈ ဘီလီယံဖိုး ရှိပြီး သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၀ ဘီလီယံဖိုးအထိ ရှိသည်။ စုစုပေါင်း ပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) တွင် ပို့ကုန်ဝေစုသည် နှစ်ဆမြင့်တက်ခဲ့သည်။ ၁၉၉၃ ခုနှစ် တွင် ၁၅ ရာခိုင်နှုန်းရှိပြီး ၂၀၀၀ ပြည့်နှစ်တွင် ၃၃ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ မက္ကဆီကိုနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် အိန္ဒိယ၊ ဩစတြေလျနှင့် မလေးရှားနိုင်ငံတို့ ထက်သာလွန်ပြီး လက်တင်အမေရိကမှ တင်ပို့သော ပို့ကုန်ပမာဏ၏ ထက်ဝက်ရှိသည် စသည်ဖြင့် စေ့စပ်ညှိနှိုင်းရေးမှူးက ပြောကြားခဲ့သည်။

နာမည်ဆိုးဖြင့်ကျော်ကြားသော မက္ကဆီကို မူးယစ်ဆေးဝါးလက်ဝါးကြီးအုပ် မှောင်ခိုကိုဏ်း၏ ကိုဏ်းခွဲလေးခုကို လော့စ်အိန်ဂျလိစ်မြို့ရှိ ရဲအဖွဲ့က ဖြိုခွင်းခဲ့ပြီး ကယ်လီဖိုး နီးယားနှင့် အမေရိကန်ပြည်ထောင်စု အခြားတစ်နေရာတွင် မှောင်ခိုရောင်းဝယ်မှုပြုလုပ်သူများဟု သံသယရှိသူ ၄၁ ဦးကို ဖမ်းဆီးလိုက်ကြောင်း ဇွန်လ ၁၅ ရက်နေ့ထုတ် လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာတွင် ရေးသားဖော်ပြသည်။ ယင်းအင်အားကြီး မက္ကဆီကို အခြေစိုက် မူးယစ်ဆေးဝါး မှောင်ခိုကိုဏ်းသည် ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိသော ကိုကင်း၊ ဘိန်းဖြူ၊ မက်သာဖက်တမင်နှင့် ဆေးခြောက်များကို အမေရိကန်ပြည်ထောင်စုအတွင်းသို့ နှစ်စဉ် တင်သွင်းနေသည်။ စောစောပိုင်းက ၃၁ နေရာတွင် အရာရှိ ၄၀၀ ကျော်ပါဝင်သော စစ်ဆင်ရေး ဆင်နွှဲခဲ့ရာ ဒေါ်လာ ၃၆၀၀၀၀ တန်ဖိုးရှိ ကိုကင်း၊ ဆေးခြောက်နှင့် ဘိန်းဖြူများကို သိမ်းဆည်းရမိခဲ့သည်။ ခြောက်လုံးပြူး၊ ပစ္စတို ကိုးလက်၊ ရိုင်ဖယ်ရှစ်လက်တို့ကိုလည်း သိမ်းဆည်းရမိခဲ့သည်။

ဟွန်းဒူးရပ်စ်။ ။ စီးပွားရေးလုပ်ငန်းရှင် ရီကာဒို မာဒူရိုသည် ဟွန်းဒူးရပ်သမ္မတသစ် အဖြစ် ဇန်နဝါရီလ ၂၇ ရက်နေ့က ကျမ်းသစ္စာကျိန်ဆိုပြီး ရာဇဝတ်မှု ထူပြောမြင့်တက်လာမှုနှင့် စီးပွားရေး မအောင်မြင်ခြင်းတို့ကို နှိမ်နင်းဖြေရှင်း သွားမည် ဖြစ်ကြောင်းကတိပြုခဲ့သည်။ မာဒူရို ၅၅ နှစ်သည် တီဂူစီဂါပါမြို့ဘောလုံးကွင်း၌ လူထုပရိသတ် ၃၀၀၀၀၏ ရှေ့မှောက်တွင် သမ္မတသစ်အဖြစ် ဇန်နဝါရီလ ၂၇ ရက်နေ့က ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။ လုံခြုံရေးမရှိမှု၊ လူသတ်မှု၊ ပြန်ပေးဆွဲမှုနှင့် ဓားပြမှုတို့ကို နှိမ်နင်းရန် မိမိအား ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်ဂိုဏ်းများနှင့် ပြန်ပေးဆွဲသူများကို ရည်ညွှန်းလျက် မစ္စတာမာဒူရိုက ပြောကြားသည်။ သမ္မတအဖြစ် မာဒူရိုကျမ်းကျိန်ဆိုပွဲသို့ အလယ်ပိုင်းအမေရိကနှင့် ကိုလံဘီယာ သမ္မတများ အပါအဝင် ၆၁ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ မစ္စတာ မာဒူရိုသည် ဇန်နဝါရီလ ၂၇ ရက်နေ့က ကျင်းပသော သမ္မတရွေးချယ်ပွဲတွင် လစ်ဘရယ်ပါတီမှ သမ္မတလောင်းကို အနိုင်ရကာ သမ္မတအဖြစ်အရွေးခံခဲ့ရခြင်းဖြစ်သည်။

အာဂျင်တီးနား။ ။ တောင်အမေရိက ဘုံစျေး (မာကိုဆာ) အဖွဲ့ဝင် အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံတို့သည် အမေရိကန်ပြည်ထောင်စု၏ စိုက်ပျိုးမွေးမြူရေး အမတော်ကြီးဆိုင်ရာ ဥပဒေနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) မှတစ်ဆင့် ဖြေရှင်းပေးရန်တောင်းဆိုကြောင်း မေလ ၂၄ ရက်နေ့တွင် ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ အမေရိကန်ပြည်ထောင်စုအား နှစ်နိုင်ငံပူးတွဲစောဒကတက်မှုကို အာဂျင်တီးနားဝန်ကြီးများအဖွဲ့အကြီးအကဲအပ်ဖရီဒို အတာနာဆော့ဖ်က ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်ပြီး နိုင်ငံတကာကုန်သွယ်မှုတွင် တရားမျှမှုရရှိရေးကို အာဂျင်တီးနားနိုင်ငံက ခုခံကာကွယ်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။ လွတ်လပ်သော ကုန်သွယ်မှုဟူသည်

လူတိုင်းအတွက်ဖြစ်စေရမည်သာဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်ဖြစ်သော အာဂျင်တီးနားနိုင်ငံက နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) မှ ချေးငွေရရှိရေးကြိုးပမ်းရာတွင် အရာမထင်ဖြစ်ခဲ့ရကြောင်း အာဂျင်တီးနားဝန်ကြီးများကောင်စီ အကြီးအကဲ အတာနာဆော့ဖ်က သတင်းစာ ရှင်းလင်းပွဲ၌ ပြောကြားသည်။ အမေရိကန် ပြည်ထောင်စုစိုက်ပျိုးမွေးမြူရေး ဥပဒေသည် နိုင်ငံတကာ သီးနှံစျေးကွက်တွင် တန်ဖိုးနှုန်းထားများကို နိမ့်ကျသွားစေမည်ဖြစ်ရာ အာဂျင်တီးနားနိုင်ငံအဖို့ နှစ်စဉ် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ဆုံးရှုံးနစ်နာမည်ဟု ဆိုသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) တင်းပြည့်အဖွဲ့ဝင်အဖြစ် ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ ဝင်ခွင့်ရရှိသွားခြင်းကို ထောက်ခံကြောင်း အာဂျင်တီးနားသမ္မတ အက်ဒွာဒို့ဒူဟော်ဒိက ထပ်လောင်းပြောကြားခဲ့သည်။ အာဂျင်တီးနားသမ္မတသည် ဧည့်သည်တော် တရုတ်နိုင်ငံခြားရေးဝန်ကြီး တန်ကျားရွှန်အား လက်ခံတွေ့ဆုံပြောကြားရာ၌ တရုတ်နိုင်ငံကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ခွင့်ရရှိသွားခြင်းကြောင့် ကမ္ဘာ့ကုန်သွယ်မှုရေးရာကိစ္စများတွင် မညီမျှမှုကိုပပျောက်သွားစေနိုင်မည်ဖြစ်သည်။ နိုင်ငံအများအပြားဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ရာ၌ အတားအဆီးများကို ဖယ်ရှားပပျောက်သွားစေမည်ဟု သမ္မတဒူဟော်ဒိက ပြောကြားသည်။

သင့်ဘဝ- ဦးရဲလွင်

လင်းယုန်မောင်မောင်(စာရေးဆရာအယ်ဒီတာ)
(ခရစ် ၁၉၂၅-၂၀၀၂)။ ။ စာရေးဆရာ လင်းယုန်မောင်မောင်ကို စစ်ကိုင်းတိုင်း မုံရွာမြို့တွင် အဘဦးအောင်သိန်း၊ အမိ ဒေါ်လှကြည်တို့က ၁၉၂၅ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့တွင် မွေးဖွားသည်။

ငယ်နာမည်မှာ မောင်ရွှေဖြစ်သည်။ လင်းယုန်မောင်မောင်ဖြစ်လာမည့် မောင်ရွှေသည် မုံရွာဆရာလှ မြန်မာစာသင်ကျောင်းတွင် မူလတန်း၊ မိတ္ထီလာအမျိုးသားကျောင်း၊ ရွှေဘိုချမ်းသာကြီး အလွတ်ပညာသင်ကျောင်းနှင့် ရန်ကုန်စိန်ပေါကျောင်းတို့တွင် အလယ်တန်း၊ ရန်ကုန်မြို့မကျောင်းတွင် အထက်တန်း၊ ရန်ကုန်တက္ကသိုလ် (၁၉၄၅-၄၇)တွင် ဥပစာအထက်တန်းအထိ ပညာဆည်းပူးခဲ့သည်။

စာရေးဆရာ လင်းယုန် မောင်မောင်

၁၉၅၇ ခုနှစ်တွင် စာရေးဆရာဗန်းမော်တင်အောင် ဦးစီးထုတ်ဝေသော လင်းယုန်ဂျာနယ်၌ အယ်ဒီတာအဖြစ်တာဝန်ယူခဲ့ရာမှ 'လင်းယုန်မောင်မောင်' ဟူ၍ကလောင်အမည်ရလာခဲ့သည်။

လင်းယုန်မောင်မောင်ရေးသားပြုစုခဲ့သော စာအုပ်များကို ကြည့်လျှင် တစ်နေရာတွင် ထင်ရှားကျော်ကြားခဲ့ရာမှ ကမ္ဘာအနှံ့ပျံ့နှံ့လာသည့် နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးအဖွဲ့အစည်းများအကြောင်းက အရေအတွက်များသည်ကိုတွေ့ရသည်။ ဥပမာ အိုက်ခမန်း၏ငရဲခန်းများ၊ ဟစ်တလာ၊ ကပ်စထရို၊ ချေဂွေဗားရား၊ ဟိုချီမင်း၊ ဒူရင်ဘတ်၏ စစ်ခုံရုံးမှတ်တမ်းများ၊ ပျောက်ဆုံးနေသော စစ်တရားခံမာတင်ဘောမန်း၊ ဂျူးမလေးအီဗာ၊ ကမ္ဘာကျော်ကွန်မန်ဒို အော်တိုစကော်ဇနီ၊ ဂျူလီယာ၊ ကျွန်မနာမည် မာရီယာ၊ ဒိုင်ယာနာဖြစ်ရပ်မှန်ဇာတ်လမ်း၊ ဂျက်ကီ၊ ဂျက်ကလင်းကနေဒီ အိုနာစစ်၊ မာသာထရီဇာနှင့် အက်ဖ်ဘီအိုင်အတွင်းရေး၊ ကေသုံးလုံး၊ ပုလဲဆိပ်ကမ်းမှ တစ်နေ့တာမှတ်တမ်း၊ စကော့တလန်ယာ့စ်စုံထောက်အဖွဲ့ကြီးစာအုပ်များဖြစ်သည်။

လင်းယုန်မောင်မောင်သည် တစ်ဖက်မှ ဘာသာပြန်စာအုပ်များကို ပြုစုသကဲ့သို့ တစ်ဖက်မှလည်း စာပေအဖွဲ့အစည်းများ၌ တာဝန်ယူဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

၁၉၅၁ ခုနှစ်တွင် အလင်းရောင်ဂျာနယ်၌ အယ်ဒီတာ၊ ၁၉၅၂ ခုနှစ်တွင် ပြည်သူ့စာပေမဂ္ဂဇင်း၌ အယ်ဒီတာ၊ ၁၉၅၉ ခုနှစ်တွင် လင်းယုန်ဂျာနယ်၌

အယ်ဒီတာ၊ ၁၉၆၁ ခုနှစ်တွင် ပိုလ်တထောင်သတင်းစာ၌ အယ်ဒီတာ၊ ၁၉၆၂ ခုနှစ်တွင် မော်ကွန်းသတင်းမဂ္ဂဇင်း၌ အယ်ဒီတာ၊ ၁၉၆၄ ခုနှစ်တွင် ချင်းတွင်းဂျာနယ်၌ အယ်ဒီတာ၊ ၁၉၆၈ ခုနှစ်တွင် ဥဒေါင်းဂျာနယ်၌ အယ်ဒီတာ၊ ၁၉၇၉ ခုနှစ်တွင် ရှုပ်ရှင်သတင်းစဉ်၌ အယ်ဒီတာ၊ ၁၉၈၅ ခုနှစ်၌ လုံမလေးမဂ္ဂဇင်း၌ အယ်ဒီတာစသော စာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို အယ်ဒီတာ တစ်ဦးအနေနှင့် ပါဝင်မြှင့်တင် ဆောင်ရွက်ခဲ့သည်။

ထို့အတူ ၁၉၅၉ ခုနှစ်က ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ရက်(မြန်မာနိုင်ငံ)တွင် ပါဝင်ခဲ့၍ ၁၉၆၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းနှင့် ၁၉၆၂ ခုနှစ်တွင် အမျိုးသားစာပေညီညွတ်ရေးအဖွဲ့များတွင် ပါဝင်လှုပ်ရှားခဲ့သည်။

လင်းယုန်မောင်မောင်၏ အထွဋ်ပွတို့ကိုရေးလျှင် သခင်ရွှေအကြောင်းသည်လည်း မပါမဖြစ်ပါရမည့် အကြောင်းအရာဖြစ်သည်။ လင်းယုန်မောင်မောင်အမည်ရင်းမှာ မောင်ရွှေဖြစ်သည်။ ၎င်း၏ မျိုးချစ်စိတ်ထက်သန်မှု အခန်းကဏ္ဍများကို ပြန်ပြောင်းကြည့်သောအခါ ဒုတိယကမ္ဘာစစ်မတိုင်မီက မုံရွာခရိုင် တို့ဗမာအစည်းအရုံးတွင် သခင်ရွှေအဖြစ်လည်းကောင်း၊ ဂျပန်ခေတ်တွင် မုံရွာခရိုင် အာရှလူငယ်အစည်းအရုံးတွင် အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

လင်းယုန်မောင်မောင်သည် လုံးချင်းစာအုပ် (၅၀) ခန့် ရေးသားခဲ့ပြီး ထင်ရှားသောစာအုပ်များမှာ အိုက်စမန်း၏ငရဲခန်း (၁၉၆၅)၊ ဟစ်တလာ (၁၉၆၅)၊ ကပ်စထရို (၁၉၆၆)၊ သွေးစွန်းသောနေ့ရက်များ (၁၉၆၆)၊ ယနေ့ကမ္ဘာ (၁၉၆၇)၊ ချေဂွေဗားရား (၁၉၆၇)၊ မောင်မိုက်သောနေ့ရက်များ (၁၉၇၁)၊ တောင်ကုန်းအမှတ် ၁၉၂ (၁၉၇၂)၊ ကြီးသုံးကြိုးလုပ်ကြံရန် ဟစ်တလာအကြံ (၁၉၇၃)၊ အက်ဖ်ဘီအိုင် (၁၉၈၁)၊ ဂျူလီယာ (၁၉၈၁) တို့ဖြစ်ကြသည်။

လင်းယုန်မောင်မောင်၏ 'သွေးစွန်းသော နေ့ရက်များ' စာအုပ်သည် ဆဋ္ဌမအကြိမ်အထိလည်းကောင်း၊ 'ဟစ်တလာ' စာအုပ်သည် ပဉ္စမအကြိမ်အထိလည်းကောင်း ပြန်လည်ရိုက်နှိပ်ထုတ်ဝေခဲ့ရသည်ကို တွေ့ရသည်။

လင်းယုန်မောင်မောင်သည် ၂၀၀၂ ခုနှစ်၊ မေလ (၂၅) ရက်နေ့၌ ကွယ်လွန်အနိစ္စရောက်ပြီးဇနီး ဒေါ်စန်းမြင့်နှင့်သားသမီးလေးဦး ကျန်ရစ်ခဲ့သည်။

လှမောင်၊ ဦး (စာပေဗိမာန်) (ခရစ် ၁၉၀၉-၂၀၀၂)။ ။ သက်ကြီးစာပေပညာရှင် ဦးလှမောင် (စာပေဗိမာန်) ကို ဖခင်၊ သစ်ကုန်သည် ဦးဘိုးဆင်၊ မိခင်ဒေါ်သင်တို့က ဟင်္သာတမြို့တွင် ၁၉၀၉ ခုနှစ်၊ မတ်လ ၃ ရက်နေ့၌ မွေးဖွားသည်။

ဦးလှမောင်
(စာပေဗိမာန်)

ဦးလှမောင် (စာပေဗိမာန်) သည် ၁၉၂၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်ယူသည်။ ၁၉၃၀ ပြည့်နှစ်မှ ၁၉၄၈ ခုနှစ်အထိ ဇလွန်မြို့နေရှင်နယ် အမျိုးသားကျောင်း၌ ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်သည်။ စစ်ပြီးခေတ် ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) စာတည်းဌာန၌ စာပြုအရာရှိအဖြစ် တာဝန်ထမ်းဆောင်သည်။ စာတည်းဌာန၌ တာဝန်ထမ်းဆောင်စဉ် ပဒေသာပင်များ၊ မြန်မာ့ စီးပွားရေး (ပ)၊ မြန်မာ့စီးပွားရေး (ဒု)၊ မြန်မာ့ စီးပွားရေး (တ)၊ စိုက်ပျိုးရေး၊ စစ်သားဂုဏ်ရည်၊ ကမ္ဘာ့ရိက္ခာပြဿနာ၊ မြေဆီလွှာသရုပ်ပြ၊ ကမ္ဘာ့စားဖို စသည့် လူထုပညာ ပေးစာစဉ်များကို ဘာသာပြန်ရေးသားပြုစုသည်။

ဦးလှမောင် (စာပေဗိမာန်)သည် ၁၉၅၂ ခုနှစ်တွင် စာတည်းဌာနမှ စီမံရေးရာဌာနသို့ အမှုဆောင်အရာရှိအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ စာပေဗိမာန်၏ စီမံကိန်း

လုပ်ငန်းများ အကောင်အထည်ပေါ်စေမည့် ညှိနှိုင်းဆက်စပ်ရေး အစီအစဉ်များကို ဆောင်ရွက်သည်။ ၁၉၅၇ ခုနှစ်တွင် UNESCO fellowship အစီအစဉ်ဖြင့် Book Publishing ပညာရပ်ကို အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်၊ အင်္ဂလန်၊ ပြင်သစ်၊ UNESCO-HQ ၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဂျပန်စသော နိုင်ငံများသို့ သွားရောက်လေ့လာသင်ယူသည်။

ဦးလှမောင် (စာပေဗိမာန်)သည် စာပေဗိမာန် စာတည်းဌာန၊ ပုံနှိပ် ထုတ်လုပ်မှုဌာန၊ အရောင်းဌာန၊ ငွေစာရင်းဌာနများ၏ လုပ်ငန်းများကို စီမံရေးရာဌာန ညှိနှိုင်းမှုအစီအစဉ်ဖြင့် မြန်မာ့စွယ်စုံကျမ်း အတွဲ ၁ မှ ၉ ထိ၊ တိရစ္ဆာန် ဆေးကု သိပ္ပံကျောင်းသုံးစာအုပ်များ၊ သမဝါ ယမပညာရပ် စာအုပ်များ၊ မြေတိုင်းပညာရပ် စာအုပ်များ၊ အခြေခံပညာ ကျောင်းသုံးစာအုပ်များကို ပုံနှိပ်ထုတ်ဝေသည်။ ၁၉၆၇ ခုနှစ်တွင် စာပေဗိမာန် ဒုတိယညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူသည်။

ဦးလှမောင် (စာပေဗိမာန်)သည် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

သခင် ခင်ဇော်(စာရေးဆရာ)(ခရစ် ၁၉၁၇-၂၀၀၂) ။ ။ သခင် ခင်ဇော်ကို မကွေးတိုင်း၊ ရေနံချောင်းမြို့တွင် အဘဦးဘစိန်နှင့် အမိဒေါ်ဖွားရင်တို့က ၁၉၁၇ ခုနှစ်၊ ဇူလိုင်လ (၆) ရက်နေ့၌ မွေးဖွားခဲ့သည်။ မွေးချင်းများတွင် အကြီးဆုံးသားဖြစ်သည်။

စာရေးဆရာ
သခင်
ခင်ဇော်
(၁၉၁၇-
၂၀၀၂)

ရေနံချောင်းမြို့၊ အမျိုးသားအထက်တန်းကျောင်းမှ (၁၀) တန်းအောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်၌ ဥပစာ(သိပ္ပံ)တန်းတွင် ပညာသင်ကြားလျက်ရှိစဉ် ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်တွင် ပါဝင်ခဲ့ပြီး ကျောင်းထွက်ခဲ့လေသည်။

သခင် ခင်ဇော်သည် ရေနံချောင်းမြို့ဘီအိုစီ ရေနံကုမ္ပဏီတွင် စာရေးအဖြစ်အမှုထမ်းစဉ် ၁၃၀၀ ပြည့်နှစ် ရေနံမြေအလုပ်သမားအရေးတော်ပုံတွင် ခေါင်းဆောင်တစ်ဦးအဖြစ် ရှေ့တန်းမှပါဝင်ခဲ့သည်။ ထို့အပြင် ရေနံချောင်းမြို့နယ် တို့ဗမာအစည်းအရုံးဥက္ကဋ္ဌအဖြစ်ဖြင့်လည်း ဆောင်ရွက်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် မကွေးထောင်၌ အကျဉ်းချခံရပြီး မော်လိုက်မြို့သို့ နယ်နှင်ခြင်းခံရသည်။

နိုင်ငံချစ်စိတ်နှင့် အမျိုးချစ်စိတ်ထက်သန်သော သခင် ခင်ဇော်သည် ၁၉၄၈ ခုနှစ်တွင် ဖဆပလအဖွဲ့ချုပ် အလုပ်သမားဌာနတွင် ဒုတိယအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုစဉ်တွင် စာပေရေးသားပြုစုခြင်းကို ဝါသနာထုံသောသခင် ခင်ဇော်သည် 'အလုပ်သမားများသိစရာ' ချစ်မာန်နတ် (ဝတ္ထုတို)၊ အမေရိကန်ဒေါ်လာနယ်ချဲ့စနစ် (နိုင်ငံရေး) စာအုပ် ၃ အုပ်ကိုရေးသားထုတ်ဝေခဲ့သည်။ ၁၉၅၅ မှ ၁၉၆၀၊ ၅ နှစ်တာကာလတွင် ဗမာပြည် အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ် (ဘီဘီယူစီ) ၌ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ပြည်သူ့ပန်းတိုင်ဂျာနယ်၌ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ သခင် ခင်ဇော် ရေးသားခဲ့သောစာအုပ်များမှ ထင်ရှားသည့် လက်ရာများမှာ ဆိုရှယ်လစ်စနစ်နှင့်စပ်ကူးမပ်ကူးကာလ (၁၉၆၅)၊ သုံးရာပြည့်အောင်မြေ (ဝတ္ထုရှည်) (၁၉၆၄)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သမားသမဂ္ဂဥပဒေ (ဘာသာပြန်)၊ ဆိုဗီယက်ယူနီယံ အလုပ်သမားလောက (ဘာသာပြန်)၊ ဒို့လမ်း (ဘာသာပြန်ဝတ္ထု) တို့ဖြစ်သည်။

၁၉၆၅ ခုနှစ်တွင် 'ပြည်သူ့လုပ်သားကြေးမုံ' စာအုပ်ဖြင့် နိုင်ငံရေးဆိုင်ရာ စာပေ (တတိယ) အမျိုးသားစာပေဆု ရရှိခဲ့သည်။ ထိုစာအုပ်သည် 'စာမူ'အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်၍ ၁၉၆၈ ခုနှစ်ရောက်မှ စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ သခင် ခင်ဇော်သည် အလုပ်သမားများဘက်မှ အမြဲရပ်တည်၍စာရေးလေ့ရှိသည်။ 'ပြည်သူ့လုပ်သားကြေးမုံ' စာအုပ်ကိုကြည့်လျှင် ထိုသဘောကို

တွေ့ရသည်။ မြန်မာနိုင်ငံ အလုပ်သမားတို့၏အတိတ်ခေတ်၊ ကိုလိုနီလက်အောက်ခံဘဝမှ တော်လှန်ရေးအစိုးရလက်ထက် ပြည်သူ့အလုပ်သမားကောင်စီအထိ အဆင့်ဆင့်ခြယ်မှုန်းဖော်ပြထားသည့်စာအုပ်ဖြစ်သည်။ ဤသို့ အလုပ်သမားလှုပ်ရှားမှုများကို ဖော်ပြရာတွင် နောက်ခံနိုင်ငံရေးအဖြစ်အပျက်ကိုလည်း ကမ္ဘာနှင့်မြန်မာခိုနိုင်းထိုး၍ ဖော်ပြသွားလေသည်။ အလုပ်သမားဥပဒေများ၊ အလုပ်သမားသပိတ်များ၊ လွတ်လပ်ရေးလှုပ်ရှားမှု အရေးတော်ပုံများကိုလည်း ဖော်ပြရေးသားထားသည်။ စင်စစ် ပြည်သူ့လုပ်သားကြေးမုံသည် နိုင်ငံရေးသမိုင်းကျမ်းငယ်တစ်စောင် အနေဖြင့်လည်းကောင်း၊ အလုပ်သမားသမိုင်းတစ်စောင် အနေဖြင့်လည်းကောင်း မြန်မာစာပေသမိုင်းတွင် မှတ်တမ်းတင်အပ်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။

၁၉၆၉ ခု မေလတွင် 'ဗမာ့လွတ်လပ်ရေးနှင့် အလုပ်သမားတိုက်ပွဲ' စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

စင်စစ် သခင် ခင်ဇော်၏ စာပေဘဝကိုအစမှ ပြောလျှင် ၁၉၃၉ ခု ရှေ့ဆောင်သတင်းစာ၌ ကဗျာများ၊ ဆောင်းပါးများရေးရာမှ မြစ်ဖျားခံခဲ့သည်ဟု ဆိုရမည်။ ဘာလဲဟဲ့ မျိုးချစ်စိတ်၊ အလုပ်သမားများသိစရာ၊ ကမ္ဘာ့လုပ်သားလောက၊ ကိုးချက်ညီပြည်ချစ်ပန်း (ပြဇာတ်) စာအုပ်များကိုလည်း ရေးသားခဲ့သည်။ ရှေ့ဆောင်သတင်းစာနှင့် ကြီးပွားရေးမဂ္ဂဇင်းများ၌ ဆောင်းပါးများရေးသောအခါ ရေနံမြေ သခင် ခင်ဇော်ဟူသော ကလောင်နှင့်ဖြစ်သည်။ ဗမာပြည် အလုပ်သမားအစည်းအရုံးအဖွဲ့ချုပ် (ဘီဘီယူစီ)မှ ဖြန့်ချိသော လုပ်သားနိဂျာနယ်၊ ဗိုလ်ချုပ်အောင်ဆန်းအစ်ကို ဦးအောင်သန်းထုတ်ဝေသော ပြည်သူ့ဂျာနယ်၊ ဗမာအမျိုးသမီးပုံနှိပ်တိုက်မှ ဦးစောလွင်ဖြန့်ချိသော လမ်းစဉ်ဂျာနယ်နှင့် ပန်းတိုင်ဂျာနယ်တို့တွင် တူနီ၊ ညိမ်းခင်အမည်ဖြင့် စာများရေးသားခဲ့သည်။ လုပ်သားဂျာနယ်၌မူ သခင် ခင်ဇော်၊ ငြိမ်းခင်၊ ရေနံ့သာခင် ကလောင်အမည်များဖြင့် ဆောင်းပါးများရေးကာ 'ဖြူမဲ' ကလောင်အမည်ဖြင့် တစ်ခန်းရပ်ပြဇာတ်၊ လုပ်သားသင်္ကြန်စာများကို ရေးခဲ့သည်။

သခင် ခင်ဇော်သည် စာပေသာမက၊ ဂီတနှင့် ပြဇာတ် အသံလွှင့်ခြင်းဆိုင်ရာကိစ္စများကိုလည်း လုပ်ဆောင်ခဲ့သေးသည်။ လုပ်သားကြေးမုံ တေးဂီတအဖွဲ့နှင့် လုပ်သားကြေးမုံ ပဒေသာကပွဲတွင် ဒါရိုက်တာအဖြစ်လည်းကောင်း၊ လူသာလျှင် ပဓာနပင်၊ လုပ်သားဂုဏ်ရည် ချွေးစစ်သည်၊ ပြည်သူ့အလုပ်သမားကောင်စီ၊ လုပ်သားကြေးမုံ တေးရိပ်မြုံ၊ 'ပန်းစုံပွင့်လန်းသည်' စသည့်သီချင်းများကို တေးဖွဲ့၍ အသံလွှင့်ဇာတ်လမ်းများကိုလည်း ရေးသားခဲ့သည်။

သခင် ခင်ဇော်သည် ခေတ်ကာလအဆက်ဆက်တွင် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် အဖွဲ့အစည်းအသီးသီးမှ ပါဝင်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားရုံးကြီးကြပ်သူ တွဲဖက်အလုပ်သမားအရာရှိ၊ ဗဟို အလုပ်သမားကောင်စီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (အချိန်ပြည့်)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင်၊ တတိယအကြိမ် ပြည်သူ့လွှတ်တော်၊ မကွေးတိုင်း၊ ချောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံတော်ကောင်စီဝင်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) လွတ်လပ်ရေးမော်ကွန်းဝင်တံဆိပ်၊ အရေးတော်ပုံတံဆိပ်တို့ကို ချီးမြှင့်ခံရသည်။ ၁၉၈၉ ခုနှစ်တွင် "မြန်မာနိုင်ငံရေး ခေတ်အပြောင်းအလဲနှင့် ပြည်တွင်း ကုန်တင်ကုန်ချ အလုပ်သမားဘဝ" (နိုင်ငံရေးစာပေ) စာပေဗိမာန်စာမူဖြင့် တတိယဆုရရှိခဲ့သည်။

သခင် ခင်ဇော်သည် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ပိုလန်၊ ချက်ကိုစလိုဗက်ကီးယား၊ ဆိုဗီယက် ယူနီယံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့ အလုပ်သမားကိုယ်စားလှယ်အဖြစ် သွားရောက်လေ့လာခဲ့သည်။

မြန်မာနိုင်ငံ အလုပ်သမားရေးရာများကို ကျွမ်းကျင်ပိုင်နိုင်စွာရေးသားနိုင်သည့် စာရေးဆရာနည်းပါးလှပေရာ သခင် ခင်ဇော်အား အလုပ်သမားရေးရာများကိုသာ စိုက်လိုက်မတ်တတ်ရေး၍ မြန်မာစာပေလောက၏ဟာကွက်ကို ဖြည့်ဆည်းပေးသူ၊ အလုပ်သမားရေးရာ စာပေမှတ်တိုင်စိုက်ခဲ့သူဟူ၍ ဆိုရမည်ဖြစ်သည်။

သခင် ခင်ဇော်သည် ၂၀၀၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့၌ ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်သည်။

သခင် ခင်ဇော်၏ ဇနီးမှာ ဒေါ်သန်းသန်းဖြစ်သည်။ ကွယ်လွန်ချိန်၌ စာရေးဆရာရေနံမြေ ခင်မောင်ဇော် အပါအဝင် သားသမီး (၁၁) ယောက်၊ မြေး (၂၁) ယောက်၊ မြစ် (၇) ယောက်ကျန်ရစ်ခဲ့သည်။

သန်းဆွေ၊ ဒေါ်(ပထမဆုံးအမျိုးသမီး မြန်မာစာပါမောက္ခ)(ခရစ် ၁၉၂၀- ၂၀၀၂) ။ ။ မြန်မာ့ပညာရေးလောကတွင် ပထမဆုံးအမျိုးသမီးမြန်မာစာပါမောက္ခလည်းဖြစ်၍ မြန်မာစာနှင့် ပတ်သက်ဆက်နွယ်မှုတိုင်းအတွက် အရေးပါသူတစ်ဦးဖြစ်သည့် ဆရာမကြီးဒေါ်သန်းဆွေကို ၁၉၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂၉) ရက်၌ မန္တလေးတိုင်း၊ အမရပူရမြို့နယ် လိပ်ဆံခွံ (လိပ်ဆံခွန်-မူကွဲ)တွင် အဘလိပ်ဆံခွံရွာအလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးစက်ရုံနှင့်အမိဆရာမ ဒေါ်ထွေးတို့က မွေးဖွားသည်။ ဒေါ်သန်းဆွေသည် မောင်နှမသားချင်းများတွင် သမီးဦးဖြစ်သည်။

ပထမဆုံးအမျိုးသမီး မြန်မာစာပါမောက္ခ
ဒေါ်သန်းဆွေ

၁၉၃၃ ခုနှစ်၌ ဖခင်၏ကျောင်းမှ မြန်မာအလယ်တန်း (၇) တန်းအောင်သည်။ ၁၉၃၅ ခုနှစ်တွင် မန္တလေးဗုဒ္ဓဘာသနနုဂ္ဂဟ မိန်းကလေးကျောင်း (B.T.N) မှ အင်္ဂလိပ်မြန်မာ (၇) တန်းအောင်သည်။ ၁၉၃၈ ခုနှစ်တွင် မန္တလေး (A.B.M) မိန်းကလေးကျောင်းမှ ၁၀ တန်းအောင်သည်။

၁၉၄၁ ခုနှစ် မြန်မာစာဂုဏ်ထူးတန်းတက်နေဆဲတွင် ဒုတိယကမ္ဘာစစ်ဖြစ်ပြီး၊ စစ်ပြီးကာလ ၁၉၄၇ ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့ရ၍ ၁၉၄၉ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ဂုဏ်ထူးဖြင့်အောင်မြင်သည်။ ဘွဲ့ယူကျမ်းမှာ "စိန္တာကျော်သူ ဦးဩနှင့် သူစာပေ" ဖြစ်သည်။

ဝိဇ္ဇာဂုဏ်ထူးဘွဲ့ရသည့် ၁၉၄၇ ခုနှစ်မှာပင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ နည်းပြဆရာအဖြစ်နှင့် ပညာရေးလောကသို့ လုပ်ငန်းစတင်ဝင်ရောက်ခဲ့သည်။ မဟာဝိဇ္ဇာဘွဲ့ရသော ၁၉၄၉ ခုနှစ်တွင် လက်ထောက်ကထိကရာထူးသို့ တိုးမြှင့်ခြင်းခံရပြီး၊ ၁၉၅၁ ခုနှစ်တွင် ကထိကရာထူးသို့တိုးမြှင့်ခြင်းခံရသည်။

ဒေါ်သန်းဆွေသည် တက္ကသိုလ်မြန်မာဘာသာရပ် ပင်ရင်းမြန်မာစာကိုသင်ကြားရာ၌ ပြောင်မြောက်လှပြီး သင်ကြားပုံစနစ်ကျခြင်း၊ မြန်မာစာမြန်မာဘာသာရပ်အပေါ်တွင် ဂရုတစိုက်ရှိလှစွာ အာရုံဝင်စားသင်ကြားတတ်ခြင်းတို့ကြောင့် အသင်အပြကောင်းသူဆရာမအဖြစ် တက္ကသိုလ်မြန်မာစာလောကတွင် ထင်ရှားခဲ့သည်။

ဒေါ်သန်းဆွေသည် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနတွင် ပါမောက္ခအဖြစ်နှင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ အသက်အရွယ်အရ အငြိမ်းစားယူခဲ့သော်လည်း ပျူစာ၊ မင်စာ၊ သုတေသနလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့သည်။ ယင်းတို့နှင့်ပတ်သက်၍ စိတ်ဝင်စားသောတပည့်များအား ပြင်ပမှဆက်လက်ပို့ချပေးခဲ့သည်။

ဒေါ်သန်းဆွေသည် စာတော်ဖတ်ရာထူးဖြင့် စာပေသုတေသနများကို ဆောင်ရွက်ခဲ့ကာ စာတမ်းဖတ်ပွဲများ၌လည်း စာတမ်းပေါင်းများစွာကို ဖတ်ကြား တင်သွင်းခဲ့သည်။ ထိုစာတမ်းများအနက် "မြန်မာဘာသာစကား၊ မြန်မာကျောက်စာ စာတမ်း"

စာအုပ်၊ မော်လမြိုင်ကောလိပ်၌ မြန်မာ စာဌာနမှူး အဖြစ် ဆောင်ရွက်နေစဉ် ၁၉၆၉-၇၀ မြန်မာနိုင်ငံ ဘာသာစာပေနှင့် ယဉ်ကျေးမှုပညာရပ်ဆိုင်ရာ သုတေသနဆွေးနွေးပွဲတွင် တင်သွင်းဖတ်ကြားခဲ့သော 'ရွှေစည်းခုံ မွန်ကျောက်စာ လေ့လာချက် စာတမ်း' ကို စာအုပ်အဖြစ် မြန်မာစာအဖွဲ့က ထုတ်ဝေခဲ့သောစာအုပ်၊ အငြိမ်းစားယူပြီးနောက် ဒေါ်သန်းဆွေ၊ မြန်မာပါမောက္ခ (အငြိမ်းစား) အမည်ဖြင့် ရေးသားသည့် "ပျူစာ ခင်ဘရွှေပေချပ် ဓာတ်ပုံ" စာအုပ်များက အဖိုးထိုက်တန်လှစွာသော သုတေသနစာအုပ်များအဖြစ် မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားခဲ့သည်။

ယခင်ခေတ်ကာလ၏ အဖွဲ့အစည်းအမည်အရ စာပေလုပ်သားအဖွဲ့တွင် ကမာရွတ်မြို့နယ်၊ စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌနှင့် နာယကတာဝန်များကို ယူခဲ့သည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့တွင် အဖွဲ့ဝင်အမှုဆောင်အဖြစ် (၈) နှစ်မျှ ဆောင်ရွက်ခဲ့သည်။ တတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် မြစ်သားမြို့နယ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့၍ ၁၉၈၃ ခုမှစ၍ မြန်မာစာအဖွဲ့ ဦးစီးဌာန၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဒေါ်သန်းဆွေသည် မြန်မာစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ကန်တော့ခံသက်ကြီးစာပေပညာရှင်အဖြစ်သာမက ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ နှစ် (၆၀) ပြည့်အထိမ်းအမှတ် အာစရိယပူဇော်ပွဲတွင် အကန်တော့ခံခဲ့ရသူဖြစ်သည်။ ထို အာစရိယပူဇော်ပွဲတွင် ဆရာမကြီးက "လောကတွင် သစ္စာလေးပါးတရားအမြဲရှိသည်။ ဤသစ္စာတရား လေးပါးကို ဖော်ပြတော်မူမည့်သူ ပေါ်ပေါက်လာသည်ကို ဘုရားပွင့်တော်မူသည်ဟု ခေါ်ရသည်။ သစ္စာလေးပါးတရားသည် လောကကြီး၏ကောင်းကျိုးချမ်းသာကို ဆောင်တော်မူသည်" ဟူ၍ မှာတမ်းစကားခွေခဲ့သည်မှာ နောင်လာနောက်သားများအတွက် မှတ်သားစရာကောင်းလှပေသည်။

ဒေါ်သန်းဆွေသည် မကွယ်လွန်မီ ဝင္ဆုဝန် အိမ်ရာ၊ တိုက်နံပါတ် (၅)၊ အခန်း (၁၂) ၌ နေထိုင်ရင်း ရေချိုးခန်းတွင် ချော်လဲသောဒဏ်ရာကြောင့် လမ်းမလျှောက်နိုင်ဘဲ အိပ်ရာထဲတွင် လဲနေခဲ့ရသည်။ ဒေါ်သန်းဆွေသည် ၂၀၀၂ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့၌ ရန်ကုန်မြို့ အာရှတော်ဝင်ဆေးခန်းတွင် ကွယ်လွန်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု ။ ။ အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းတပ်ဖွဲ့များသည် အာဖဂန်နစ္စတန်တွင် တာလီဘန်တို့နှင့် အယ်လ်ကိုင်ဒါတို့အပေါ် ဆင်နွှဲသည့် စစ်ပွဲမှာ အောင်မြင်မှုရရှိသည်။ သို့ဖြစ်၍ အမေရိကန်ပြည်သူတို့သည် သမ္မတဘုရှ်၏ ဦးဆောင်မှုကို ကျေနပ်အားရနေကြသည်။ ဤသို့သောအခါသမယတွင် သမ္မတဘုရှ်သည် ပြည်ထောင်စုအခြေအနေမိန့်ခွန်းကို ဇန်နဝါရီ ၂၉ ရက်နေ့က ကွန်ဂရက်တွင် ပြောကြားခဲ့သည်။ ဤသို့ မိန့်ခွန်းပြောမှုသတင်းကို ရုပ်မြင်သံကြားအစီအစဉ်မှလည်း တိုက်ရိုက်လွှင့်ထုတ်ခဲ့ရာ ပြည်တွင်းကသာမက နိုင်ငံတကာကပင် စိတ်ဝင်စားစွာ စောင့်ကြည့်နားဆင်ခဲ့ကြသည်။

ဤမိန့်ခွန်းတွင် သမ္မတဘုရှ်က "အကြမ်းဖက်မှုဆန့်ကျင်ရေး ကျွန်ုပ်တို့၏ စစ်ပွဲသည် ယခုအစသာရှိသေးကြောင်း၊ . . . အီရန်၊ အီရတ်နှင့် မြောက်ကိုရီးယားတို့ ပါဝင်ဖွဲ့စည်းထားသည့် 'မကောင်းဆိုးဝါးဝင်ရိုးတန်းအဖွဲ့'ကို အမေရိကန်ပြည်ထောင်စုက ဆန့်ကျင်သွားမည်ဖြစ်ကြောင်း၊ ထိုသုံးနိုင်ငံတို့က အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များကို ထုတ်လုပ်ရန် ကြိုးပမ်းနေကြောင်း၊ အီရတ်နှင့် အီရန်တို့သည် နိုင်ငံတကာ အကြမ်းဖက်သမားများကို လက်ခံသိုဝှက်လျက် သင်တန်းပေး လမ်းညွှန်နေကြောင်း"တို့ကို ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်သမ္မတ၏ မိန့်ခွန်းနှင့်စပ်လျဉ်း၍ ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသရှိ မဟာမိတ်နိုင်ငံများက စိုးရိမ်ခဲ့ကြသည်။ ၎င်းနိုင်ငံများက အကြမ်းဖက်မှု ဆန့်ကျင်ရေးစစ်ပွဲကို အာဖဂန်နစ္စတန်ထက် ကျော်လွန်ဖြန့်ကြက်မှုကို မလိုလားဘဲရှိနေကြသည်။ သမ္မတဘုရှ်၏ မိန့်ခွန်းကို ဆီးနိတ်လွှတ်တော်ရှိ ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်တွမ်းဒက်ရွဲလ်က ထောက်ခံခဲ့သည်။ ကြိုတင်ကာကွယ်မှု ရယူရေး၊ လက်ဦးမှုရယူ တိုက်ခိုက်ရေးတို့ကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။

သမ္မတ ဘုရှ်သည် ၂၀၀၂ ခုနှစ်အတွက် ကာကွယ်ရေး အသုံးစရိတ်ခွင့်ပြုငွေ ဥပဒေကြမ်းကို ဇန်နဝါရီလ ၁၀ ရက်နေ့က ရေးထိုးအတည်ပြုပေးခဲ့သည်။ ထိုဥပဒေကြမ်းအရ ကာကွယ်ရေးအတွက် အသုံးစရိတ် ဒေါ်လာ ၃၁၇ ဒသမ ၅ ဘီလီယံကို

အာဖဂန်နစ္စတန်တွင် အမေရိကန်စစ်ရဲများက အယ်လ်ကိုင်ဒါတို့နှင့်အဆက်အသွယ်ရှိသူတစ်ဦးအား ဖမ်းဆီးပြီးအကျဉ်းစခန်းသို့ လွှဲပြောင်းပေးရန် ခေါ်လာစဉ်

ခွင့်ပြုပေးခဲ့သည်။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အောက်လွှတ်တော်က ၄၀၈ မဲ- ၆ မဲဖြင့် လည်းကောင်း၊ အထက်လွှတ်တော်က ၉၄ မဲ-၂ မဲဖြင့်လည်းကောင်း အသီးသီးအတည်ပြုပေးခဲ့ကြသည်။

အာဖဂန်နစ္စတန် စစ်ပွဲ၌ ဖမ်းဆီးမိသော အယ်လ်ကိုင်ဒါနှင့် တာလီဘန်တို့အား အမေရိကန်စစ်ဘက် အာဏာပိုင်များက ကန်ဒါဟာ၌လည်းကောင်း၊ အာရေဗျပင်လယ်တွင်းရှိ အမေရိကန်စစ်သင်္ဘောတစ်စင်းပေါ်၌ လည်းကောင်း ထိန်းသိမ်းထားခဲ့သည်။ ဤသို့ ဖမ်းဆီးမိသူများနှင့် ပတ်သက်၍ အမေရိကန်နှင့် မဟာမိတ်အစိုးရတို့အကြား အငြင်းပွားခဲ့ကြသည်။ ၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ မလိုက်နာဘဲ ထိုသို့ ဖမ်းဆီးခံထားရသူများအား စစ်သံ့ပန်းအဆင့်ကို မပေးဘဲထားခဲ့သည်။ အမေရိကန် စစ်ဘက်အာဏာပိုင်တို့က ထိုသူများအား "ဥပဒေမဲ့တိုက်ခိုက်သူများ" ဟုလည်းကောင်း၊ "စစ်မြေပြင်တွင် ဖမ်းဆီးခံရသူများ" အဖြစ်လည်းကောင်း သတ်မှတ်ထားခဲ့ကြသည်။ ထိုသူတို့အား စစ်သံ့ပန်းအဆင့်သတ်မှတ်ခဲ့လျှင် ကောင်းစွာပြုစုစောင့်ရှောက်ထားရမည်ဖြစ်သည်။ ထို့ပြင် သူတို့အား စစ်ခုံရုံးဖြင့် မစစ်ဆေးဘဲ စစ် တရားရုံး သို့မဟုတ် အရပ်ဘက်တရားရုံးတွင် တရားစီရင်ရမည်ဖြစ်သည်။ ထိုသူများအား မျက်နှာဖုံးများစွပ်လျက်လည်းကောင်း၊ မျက်စိပိတ်စည်းလျက် လည်းကောင်း၊ လက်ထိပ်များခတ်လျက် လည်းကောင်း၊ ကြမ်းပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်စေလျက်လည်းကောင်း ဖော်ပြသည့်ဓာတ်ပုံများ ပေါ်ထွက်လာသည့်အခါ အမေရိကန်နှင့် မဟာမိတ်တို့အကြား အငြင်းပွားမှုသည် ပိုမိုပြင်းထန်လာခဲ့သည်။ ထိုသူများအား အမေရိကန်တို့သည် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျူးဘားကျွန်းရှိ ဂွမ်တာနာမို ရေတပ်စခန်းသို့ လွှဲပြောင်းပေးပို့ခဲ့သည်။

စက်တင်ဘာ ၁၁ ရက် အရေးအခင်းတွင် အကြမ်းဖက်မှုများနှင့် ပတ်သက်နေသော မော်ရိုကို လူမျိုး ပြင်သစ်နိုင်ငံသား ဇာကရိယပ်စ်မူဆာဝီအပေါ် စွဲချက် ၆ ခုဖြင့်လည်းကောင်း၊ ဖိနပ်ဗုံးသမားဟု နာမည်ကြီးခဲ့သော အမေရိကန်ပိုင်လေယာဉ်လိုင်းမှ လေယာဉ်တစ်စီးအားဖျက်ချရန် ကြိုးပမ်းခဲ့သော ပြိတိသျှနိုင်ငံသား ရစ်ချဒ်ရိဒ်အပေါ် စွဲချက် ၉ ခုဖြင့် လည်းကောင်း သက်ဆိုင်ရာ အမေရိကန်တရားရုံးများက ဇန်နဝါရီလအတွင်း စွဲချက်တင်ခဲ့သည်။

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စီအင်အေသတင်းဌာနက အိုစမာဘင်လာဒင်နှင့် အယ်လ်ကာဂိုးရား ရုပ်မြင်သံကြားဌာနမှ သတင်းထောက်တစ်ဦး တို့၏ တွေ့ဆုံမေးမြန်းခန်းကို ဖော်ပြသည့်အသံသွင်းတိတ်ခွေကို ထုတ်ပြန်လိုက်သည်။ အိုစမာဘင်လာဒင်နှင့် အဆိုပါသတင်းထောက်တို့သည် အောက်တိုဘာလအတွင်းက တွေ့ဆုံမေးမြန်းခဲ့သည်။ သတင်းထောက်က ဘင်လာဒင်အား စက်တင်ဘာ ၁၁ တိုက်ခိုက်မှုကို ဦးဆောင်လမ်းညွှန်ခဲ့မှုရှိ၊ မရှိကို မေးမြန်းခဲ့သည်။ ဘင်လာဒင်က "ပြည်သူ လူထုအား လုံ့ဆော်မှုကို အကြမ်းဖက်မှုဟု ခေါ်ဆိုခဲ့လျှင် ကျွန်ုပ်တို့၏သားများကို သတ်သူတို့အား ကျွန်ုပ်တို့က သတ်ဖြတ်ခြင်းကို အကြမ်းဖက်မှုဟု ခေါ်ဆိုကြလျှင် ကျွန်ုပ်တို့အား အကြမ်းဖက်သမားများဟု သမိုင်းကသက်သေတည်ပါစေ" ဟု

ဖြေကြားခဲ့သည်။ ဤသို့ပြောဆိုချက်ကို ထောက်လျက် အိုစမာဘင်လာဒင်သည် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုတွင် အဓိကတရားခံဖြစ်သည်ဟု မှတ်ယူကြသည်။

၂၀၀၃ ခု ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်ကို သမ္မတဘုရှ်သည် ဖေဖော်ဝါရီလ ၄ ရက်နေ့က ကွန်ဂရက်သို့ တင်သွင်းခဲ့သည်။ ဒေါ်လာ ၂၁၃၀ ဘီလီယံတန်ဖိုးရှိသော ဘတ်ဂျက် အဆိုပြုချက်တွင် ဘတ်ဂျက်လိုငွေမှာ ဒေါ်လာ ၈၀ ဘီလီယံဖြစ်သည်။ ဘတ်ဂျက်လိုငွေပြမှုသည် ဒုတိယနှစ်အတွက်လည်း ဆက်လက်ဖြစ်ပေါ်နေကြောင်း ထင်ရှားခဲ့သည်။ ဤဘတ်ဂျက် အဆိုပြုချက်တွင် ထင်ရှားသော အချက်မှာ ကာကွယ်ရေးအသုံးစရိတ်သည် ဒေါ်လာ ၃၇၈ ဒသမ ၆ ဘီလီယံအထိရှိလာပြီး ရာခိုင်နှုန်း အားဖြင့် ၁၃ ဒသမ ၇ ရာခိုင်နှုန်းဖြင့် တက်လာခြင်း ဖြစ်သည်။ ကာကွယ်ရေးအသုံးစရိတ်တွင် ရုရှားက ဒေါ်လာ ၄၈ ဘီလီယံ၊ တရုတ်က ဒေါ်လာ ၄၁ ဘီလီယံ၊ ဗြိတိန်က ဒေါ်လာ ၃၄ ဘီလီယံ အသီးသီး ရှိနေသည်။ ထိုအသုံးစရိတ်များနှင့် နှိုင်းယှဉ်လျှင် အမေရိကန်ပြည်ထောင်စု၏ ကာကွယ်ရေးအသုံးစရိတ်မှာ များစွာလွန်ကဲနေကြောင်း တွေ့ရှိရသည်။ ထို့ပြင် ဤဘတ်ဂျက်အဆိုပြုချက်၌ လက်ဝဲသူပုန်များအား နှိမ်နင်းရန် ကိုလံဘီယာစစ်တပ်အတွက် ဒေါ်လာ ၉၈ သန်း ထောက်ပံ့ရေးလည်း ပါရှိသည်။

အမေရိကန်က အာဖဂန်နစ္စတန်ကို စစ်ရေးအရဝင်ရောက်တိုက်ခိုက်ခဲ့သည်မှာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့်အညီ ဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးကောလင်းပါဝဲလ်က အီရန်နှင့် မြောက်ကိုရီးယားတို့အပေါ် စတင်တိုက်ခိုက်ရန် အစီအစဉ် မရှိသေးကြောင်း သို့သော် အီရန်နှင့် ပတ်သက်၍ အစိုးရအပြောင်းအလဲပြုလုပ်ရေးသည် နှစ်ပေါင်းများစွာက ထားရှိခဲ့သော အမေရိကန် မူဝါဒဖြစ်ကြောင်း၊ အီရတ်အနေဖြင့် စစ်ကို ရှောင်လွှဲလိုလျှင် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့များကို လက်ခံခွင့်ပြုရမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ဆီးနိတ်ကော်မတီတစ်ရပ်အား ပြောကြားခဲ့သည်။

ဂွမ်တာနာမို ပင်လယ်အော်ရှိ အမေရိကန် ရေတပ်စခန်းတွင် ထိန်းသိမ်းထားသော တာလီဘန် တို့အား ၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ ကာကွယ်စောင့်ရှောက်ထားမည်ဖြစ်ကြောင်း သမ္မတဘုရှ်က ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ သို့ရာတွင် ထိန်းသိမ်းခံထားရသူတို့သည် ပုံမှန်အမြဲတမ်း စစ်တပ်မှ မဟုတ်သောကြောင့် စစ်သံ့ပန်းအဆင့်ကို မပေးနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ သူတို့အား အကြမ်းဖက်သူများအဖြစ်ပင် သတ်မှတ်ထားခဲ့သည်။

စက်တင်ဘာ ၁၁ တိုက်ခိုက်မှု ၆ လမြောက် အထိမ်းအမှတ်နေ့ကို မတ်လ ၁၁ ရက်နေ့က အိမ်ဖြူတော်တွင် ကျင်းပခဲ့သည်။ ဤအခမ်းအနားတွင် သမ္မတဘုရှ်က အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲ၏ ဒုတိယအဆင့်ကို ထုတ်ဖော် ကြေညာခဲ့သည်။ ဤဒုတိယအဆင့်တွင် ရည်မှန်းချက်နှစ်ရပ်ထားရှိကြောင်း၊ ပထမရည်မှန်းချက်မှာ အာဖဂန်နစ္စတန်မှအပ အခြားနိုင်ငံများတွင် အယ်လ်ကိုင်ဒါကွန်ဂရက်မှ အဖွဲ့ဝင်များကို ပြန်လည်စုစည်းခွင့် မရအောင် ပြုလုပ်ရေးဖြစ်ကြောင်း၊ ဒုတိယရည်မှန်းချက်မှာ ကောက်ကျစ်စဉ်းလဲသောနိုင်ငံများ၊ အကြမ်းဖက်အဖွဲ့အစည်းများက အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ မထုတ်လုပ်နိုင်ရေး သို့မဟုတ် ယင်းလက်နက်များ ထုတ်လုပ်နိုင်သည့် နည်းလမ်းများမရရှိအောင် ဟန့်တားရေးဖြစ်ကြောင်း ရှင်းလင်းပြခဲ့သည်။

ထို့ပြင် ကမ္ဘာအနှံ့ခြေဆံ့သော အကြမ်းဖက်မှုဖြင့် မသက်ဝင်သူတို့အား ဖမ်းဆီးမိရန် ကြိုးပမ်းနေသည့် မိတ်ဆွေပီသသော နိုင်ငံများအား ကူညီမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ၏ အန္တရာယ်နှင့် ရင်ဆိုင်နေရချိန်တွင် "မလှုပ်မရှားနေခြင်းသည် ရွေးချယ်ရမည့်လမ်းမဟုတ်" ကြောင်း ယင်းသို့သော သူများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်မရှိ၊ အကြမ်းဖက်ဆန့်ကျင်ရေးတွင် ကြားနေဝါဒမရှိကြောင်းတို့ကိုလည်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းသော သံမဏိများနှင့် စပ်လျဉ်း၍ အကောက်ခွန်များ တိုးမြှင့်ကြောင်းကို မတ်လ ၅ ရက်နေ့တွင် သမ္မတဘုရှ် ကြေညာခဲ့သည်။ ပြည်တွင်းသံမဏိလုပ်ငန်းများ၏ အကျိုးစီးပွားကို ကာကွယ်ရေးအတွက် တင်သွင်း



အရှေ့အလယ်ပိုင်းအရေးနှင့်စပ်လျဉ်းပြီး မိန့်ခွန်းပြောကြားနေသည့် အမေရိကန်သမ္မတဘုရှ်

လာသည့် သံမဏိပစ္စည်းများ၏ အမျိုးအစားအလိုက် အကောက်ခွန်ကို ၈ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း အထိ မတ်လ ၂၀ ရက်နေ့မှစ၍ တိုးမြှင့်ကောက်ခံသွားတော့မည်ဖြစ်သည်။ ဤသို့ သံမဏိတင်သွင်းမှုများ အပေါ် အကောက်ခွန်တိုးယူမှုနှင့်ပတ်သက်၍ ဥရောပသမဂ္ဂနိုင်ငံများ၊ ရုရှား၊ တရုတ်၊ အိန္ဒိယတို့နှင့်ပါ အချေအတင်ပြောခဲ့ရသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တိုင်ကြားမှုများရှိလာခဲ့သည်။

ဧပြီလ ၁၉ ရက်နေ့တွင် ဒီမိုကရက်တစ်ပါတီက လွှမ်းမိုးထားသည့် ဆီးနိတ်လွှတ်တော်က အလှူစကာပြည်နယ်ရှိ အာတိတ်ဒေသ တောရိုင်းတိရစ္ဆာန်များ ဘေးမဲ့တောအတွင်း ရေနံတူးဖော် ထုတ်လုပ်ခွင့်တောင်းခံခြင်းကို ပယ်ချခဲ့သည်။ ဤအချိန်တွင် အမေရိကန် ပြည်ထောင်စု၌ စွမ်းအင်အကျပ်အတည်းပေါ်နေချိန်ဖြစ်သည်။ အီရတ်မှ ရေနံများလည်း မရရှိဘဲဖြစ်နေသောအချိန် ဖြစ်သည်။ သို့ဖြစ်၍ ဘုရှ်အစိုးရ၏ စွမ်းအင်မူဝါဒအရ ပြည်တွင်းရေနံတူးဖော်ထုတ်လုပ်ရေးကို ကြိုးပမ်းလာခဲ့သည်။ ဒုတိယသမ္မတ ဒစ်ချေနီး၏မဟာဗျူဟာအရ အမေရိကန်သည် နိုင်ငံခြားရေနံအပေါ် မှီခိုအားထားနေရမှုမှ ကင်းလွတ်စေရန် ပြည်တွင်းစွမ်းအင်အရင်း အမြစ်များကို ဖော်ထုတ်ရန် ကြိုးပမ်းခဲ့သည်။ သို့သော် အလှူစကာ၌ ရေနံတူးဖော်ခွင့် မရရှိခြင်းကြောင့် ဘုရှ်အစိုးရအဖို့ အရေးရှုံးနိမ့်ခဲ့ရသည်။

စက်တင်ဘာ ၁၁ အရေးအခင်းဖြစ်ပြီးနောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု၌ စွပ်စွဲချက်မရှိဘဲ ဖမ်းဆီမှုများကို ပိုမိုလာခဲ့သည်။ ပြည်သူ့လွတ်လပ်ခွင့်များကို ကာကွယ်သည့် အုပ်စု များနှင့် ရှေ့နေများ၏ လှုပ်ရှားမှုများရှိလာခဲ့သည်။ ဧပြီလ ၃၀ ရက်နေ့တွင် နယူးယောက်မြို့ရှိ ပြည်ထောင်စုတရားသူကြီးတစ်ဦးက အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးစစ်ပွဲနှင့် ပတ်သက်၍ စီရင်ထုံးတစ်ရပ်ချမှတ်ခဲ့သည်။ စက်တင်ဘာလ ၁၁ ရက် တိုက်ခိုက်မှုများနှင့် ပတ်သက်၍ ထင်ရှားသော သက်သေထွက်ဆိုပေးနိုင်သည့်သူများဟု ထင်ရသူတို့ကို တရားရေးဝန်ကြီးဌာနက ဖမ်းဆီးနေခြင်း သည် ယင်း၏လုပ်ပိုင်ခွင့်ကို ကျော်လွန်ကျင့်သုံးရာ ရောက်သည်ဟု ဆုံးဖြတ်ခဲ့သည်။ တရားရုံးတွင် စွဲချက်တင်မခံရဘဲ လူတစ်ဦးတစ်ယောက်အား ထင်ရှားသော သက်သေထွက်ဆိုပေးနိုင်မည့်သူအဖြစ် ဖမ်းဆီးထားခြင်းသည် တရားမဝင်ဟု ဆုံးဖြတ်ထားသည်။ ဤစီရင်ချက်ကို မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ရှေ့နေချုပ်အက်ရှ်ရော့ဖ်က အယူခံဝင်သည်။

ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးအဖွဲ့ (FBI) သည် စက်တင်လာ ၁၁ တိုက်ခိုက်မှုခံခဲ့ရခြင်း၌ မိမိတို့အဖွဲ့တွင်လည်း အားနည်းချက်များရှိခဲ့ကြောင်း FBI အဖွဲ့ ညွှန်ကြားရေးမှူးရောဘတ်ဗူးလာက ဝန်ခံပြောကြားခဲ့သည်။ ယင်းသို့သော အားနည်းချက်များကင်းရှင်းရေးအတွက် FBI အဖွဲ့၌ ပြုပြင်ပြောင်းလဲမှု ပြုလုပ်မည့် အစီအစဉ်များကို ရောဘတ်ဗူးလာက ကြေညာခဲ့သည်။ FBI သည် ဘဏ်လုယက်မှုကဲ့သို့သော သာမန်ဖြစ်ရပ်များကို စုံစမ်းခြင်း၊ ကာကွယ်ခြင်းတို့ထက် အကြမ်းဖက်မှု တိုက်ဖျက်ရေးကို ဦးစားပေးသွားတော့မည်ဖြစ်သည်။ အကြမ်းဖက်မှုကို ဆန့်ကျင်ရေးအတွက် အဖွဲ့ဝင်အင်အားကိုလည်း သုံးဆမျှတိုးသွားတော့မည်ဖြစ်သည်။ အကြမ်းဖက်မှုများကို ကြိုတင်ကာကွယ်ရေးအတွက် စုံစမ်းရာတွင် ပြည်သူ့လွတ်လပ်ခွင့်များကိုလည်း ထိပါးလာတော့မည်ဟု ပြည်သူ့လွတ်လပ်ခွင့် စောင့်ရှောက်သူအုပ်စုများက စိုးရိမ်နေကြသည်။

မေလအတွင်းသမ္မတဘုရှ်သည် ရုရှား၊ ကျာမနီ၊ ပြင်သစ်နှင့် အီတလီနိုင်ငံများသို့ ခရီးလှည့်လည်ခဲ့သည်။ အကြမ်းဖက်မှု ဆန့်ကျင်ရေးစစ်ပွဲတွင်

ဥရောပ၏ ထောက်ခံမှုရရှိရေး အမေရိကန်အနေဖြင့် တစ်ဖက်သတ်ဝါဒကို ကျင့်သုံးနေသည်ဟု စိုးရိမ်နေမှုများ လျော့ပါးစေရေးတို့အတွက် ခရီးလှည့်လည်ခဲ့ခြင်းဖြစ်သည်။ မေလ ၂၄ ရက်နေ့တွင် သမ္မတဘုရှ်နှင့် ရုရှားသမ္မတပူတင်တို့သည် အဏုမြူလက်နက်အစုအပုံများ လျော့ချရေးသဘောတူညီချက်ကို မော်စကိုဌ် လက်မှတ်ရေးထိုးခဲ့ကြသည်။

စက်တင်ဘာ ၁၁ အရေးအခင်းဖြစ်ပြီးနောက် အိမ်ဖြူတော်သည် ပြည်တွင်း လုံခြုံရေးဆိုင်ရာ အိမ်ဖြူတော်ရုံးနှင့် ပြည်တွင်းလုံခြုံရေးကောင်စီတို့ကို ဖွဲ့စည်းခဲ့သည်။ သို့သော် ၎င်းအဖွဲ့သည် ဝန်ကြီးဌာန အဆင့်ကို မရရှိခဲ့ပေ။ ဇွန်လ ၆ ရက်နေ့တွင် သမ္မတဘုရှ်က ကွန်ဂရက်အနေဖြင့် ပြည်တွင်းလုံခြုံရေးဌာနကို ကက်ဘိနက်အဖွဲ့ဝင် ဝန်ကြီးဌာနတစ်ခုအဆင့်ဖြင့် တည်ထောင်ဖွဲ့စည်းခြင်းကို အတည်ပြုပေးရန် တောင်းဆိုခဲ့သည်။ ပြည်တွင်းလုံခြုံရေး ဝန်ကြီးဌာန (Department of Homeland Security) သည် CIA, FBI စသော အဖွဲ့အစည်းများမှ ရရှိသော ထောက်လှမ်းရေးသတင်းများကို စိစစ်သုံးသပ်မည် ဖြစ်သည်။ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့်များ၏ ကာကွယ်ရေး အစီအစဉ်များကို ပေါင်းစပ်ညှိ နှိုင်းပေးမည်လည်း ဖြစ်သည်။ ကမ်းခြေစောင့်အဖွဲ့၊ လျှို့ဝှက်အဖွဲ့စသည့် အေဂျင်စီပေါင်း ၂၂ ခုတို့နှင့် ပတ်သက်၍ လုပ်ငန်းအားလုံးကို လည်းကောင်း၊ လုပ်ငန်းအစိတ်အပိုင်းကို လည်းကောင်း အသုံးချသွားမည်ဖြစ်သည်။ ဤဝန်ကြီးဌာန သစ်တွင် ဝန်ထမ်းပေါင်း ၁၇၀၀၀၀ ခန့်ရှိပြီး နှစ်စဉ်ဘတ်ဂျက် အသုံးစရိတ်မှာ ဒေါ်လာ ၃၇ ဒသမ ၅ ဘီလီယံ ဖြစ်သည်။ FBI,CIA နှင့် အမျိုးသားလုံခြုံရေး အေဂျင်စီတို့သည် ဤဝန်ကြီးဌာန၏ လက်အောက်ခံ မဟုတ်သော်လည်း ထောက်လှမ်းရရှိသော သတင်းအချက်အလက်များကို ဤဝန်ကြီးဌာနသို့ တင်ပြရမည်ဖြစ်သည်။

၁၉၄၇ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ စီအိုင်အေ၊ အမျိုးသားလုံခြုံရေးကောင်စီတို့ကို ဖွဲ့စည်းခြင်းသည် အစိုးရအဖွဲ့ ဖွဲ့စည်းပုံတွင် အရေးအပါဆုံး အပြောင်းအလဲတစ်ရပ်ဖြစ်သည်။

နယူးယောက်ပြည်နယ်ရှိ ဝက်စ်ပွိုင့် စစ်တက္ကသိုလ်သင်တန်းဆင်းပွဲကို ဇွန်လ ၁ ရက်နေ့က ကျင်းပခဲ့သည်။ ထိုသင်တန်းဆင်းပွဲ၌ သမ္မတဘုရှ်က မိန့်ခွန်းပြောကြားရာတွင် စစ်အေးကာလအတွင်းက အသုံးပြုခဲ့သော သေချာပေါက်အပြန်အလှန် ပျက်စီးမှုသဘောတရား၊ ဝိုင်းပတ်ပိတ်ဆို့ ထိန်းချုပ်ရေး သဘောတရားတို့ကို စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ယင်း၏ မဟာမိတ်တို့ကို ကာကွယ်ရေးအတွက် လက်ဦးမှုရယူတိုက်ခိုက်ရေး စစ်သဘောတရားကို ပြောင်းလဲကျင့်သုံးတော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

၂၀၀၂ ခုနှစ် စောစောပိုင်းက သမ္မတဘုရှ်သည် စီအိုင်အေအဖွဲ့အား လျှို့ဝှက်လုပ်ကြံသတ်ဖြတ်ခွင့်အမိန့်အာဏာကို ပေးခဲ့ကြောင်း ဇွန်လ ၁၆ ရက်နေ့ထုတ် ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြခဲ့သည်။ အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား ဖြုတ်ချရေး၊ ဖမ်းဆီးမိရေး၊ သတ်ဖြတ်ရေးတို့အတွက် သေစေလောက်သောအင်အားကို အသုံးပြုခွင့်အာဏာကို စီအိုင်အေအဖွဲ့သို့ ပေးအပ်ခဲ့သည်။

ဇူလိုင်လ ၃၀ ရက်နေ့တွင် သမ္မတဘုရှ်သည် ကော်ပိုရေးရှင်းများ၏ လိမ်လည်လှည့်ဖြားမှု ဥပဒေကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးပေးလိုက်သည်။ ဤဥပဒေအရ ကော်ပိုရေးရှင်းတို့ကို အုပ်ချုပ်သူများသည် စတော့ရောင်းရမှု အခြေအနေကို ချက်ချင်းဖော်ထုတ် ပေးကြရမည်ဖြစ်သည်။ လိမ်လည်လှည့်ဖြားသော အုပ်ချုပ်သူတို့ အပေါ် လည်း အပြစ်ဒဏ်နှစ်ဆတိုးကာ ထောင်ဒဏ် ၅ နှစ်မှ ၁၀ နှစ်အထိ တိုးမြှင့်ထားသည်။ ကော်ပိုရေးရှင်းများတွင် စာရင်းအင်းထားသိမှု စံချိန်များ မှန်ကန်တိကျရေးအတွက် အဖွဲ့ဝင် ၅ ဦး ပါဝင်သည့် ကြီးကြပ်စီစစ်ရေးအဖွဲ့ ထားရှိရမည်ဟုလည်း သတ်မှတ်ထားသည်။ ဤဥပဒေကို အတည်ပြုလက်မှတ်ရေးထိုးပေးခဲ့ခြင်းကြောင့် သမ္မတဘုရှ်အပေါ် စီးပွားရေးလုပ်ငန်းများက ကျေနပ်သဘောကျခဲ့ကြသည်။ အလိမ်အညာခံရသူ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကော်ပိုရေးရှင်းများအပေါ် တရားစွဲဆိုရန် အချိန်ကာလကိုလည်း တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။

ဩဂုတ်လ ၂၆ ရက်နေ့တွင် ဒုတိယ သမ္မတဒစ်ချေးနီးက တက်နက်ဆီပြည်နယ်၊ နက်ရှ်ဗီးလ်မြို့၌ စစ်မှုထမ်းဟောင်းများအား မိန့်ခွန်းပြောခဲ့သည်။

ထိုမိန့်ခွန်းဌ ဒစ်ချေးနီးသည် အကြမ်းဖက်ဝါဒ အပေါ် စစ်ဆင်ရေးကို တိုးချဲ့ရန် အီရတ်နိုင်ငံအား လက်ဦးမှုရယူတိုက်ခိုက်တော့မည့်ဆဲဆဲဖြစ်ကြောင်း သဘောပေါ်လွင်သည့် စကားများကို သုံးနှုန်းခဲ့သည်။

စက်တင်ဘာလ ၁၉ ရက်နေ့တွင် အိမ်ဖြူတော် အစိုးရက ကွန်ဂရက်သို့ ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို တင်သွင်းခဲ့သည်။ ထိုမူကြမ်းဌ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ အကောင်အထည်ပေါ်လာရေး၊ အီရတ်၏ ခြိမ်းခြောက်မှုဘေးအန္တရာယ်များမှ အမေရိကန် အမျိုးသားလုံခြုံရေး အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေး၊ အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းလုံခြုံရေးတို့အတွက် သမ္မတဘုရှ်အား အင်အားသုံးမှုအပါအဝင် သင့်လျော်သောနည်းလမ်းများကို အသုံးပြုခွင့်ပေးရေးတို့ပါရှိသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရတ်အပေါ် အရေးယူရေးအတွက် ဆုံးဖြတ်ချက်သစ် ချမှတ်မပေးလျှင် သို့မဟုတ် အီရတ်က လက်နက်စစ်ဆေးရေးအဖွဲ့များအား ဝင်ရောက်စစ်ဆေးခွင့်မပေးလျှင် အမေရိကန်တို့က တစ်ဖက်သက်ဝင်ရောက်တိုက်ခိုက်ခွင့်ရရှိရေးအတွက် လမ်းခင်းပေးသော ဆုံးဖြတ်ချက်မူကြမ်းကို လက်ခံအတည်ပြုပေးလိုက်သည်။

၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့က တိုက်ခိုက်ခံရမှုတွင် ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနဌ နှိုင်ငံပေါင်း ၇၈ နိုင်ငံမှ သေဆုံးသူပေါင်း ၂၈၀၁ ဦးရှိခဲ့ကြောင်း၊ ပင်တဂွန်စစ်ဌာနချုပ်ဌ သေဆုံးသူပေါင်း ၁၈၄ ဦးရှိခဲ့ကြောင်း၊ ပင်ဆိလ်ဗင်းနီးယားဌ လေယာဉ်ပျက်ကျခဲ့သဖြင့် ၄၄ ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက စက်တင်ဘာလတွင် အတည်ပြုကြေညာခဲ့သည်။ အပိုင်စီးခံရသော လေယာဉ် ၄ စီး ပေါ်တွင် ပါလာသည့် အပိုင်စီးသူ ၁၉ ဦးတို့လည်း သေဆုံးခဲ့ကြသည်။

အောက်တိုဘာလ ၁၀-၁၁ ရက်နေ့များတွင် ကွန်ဂရက် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့က သမ္မတဘုရှ်က အီရတ်အပေါ် စစ်ရေးအရ အရေးယူတိုက်ခိုက်ခွင့် အမိန့်အာဏာကို အသီးသီးပေးအပ်လိုက်ကြသည်။ ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် ပြဿနာကို သံတမန်နည်းအရ မဖြေရှင်းနိုင်ခဲ့သော် အီရတ်တွင် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ မရှိစေရေးအတွက် အီရတ်အပေါ် စစ်ရေးအရ အရေးယူခွင့် အမိန့်အာဏာကို သမ္မတဘုရှ်သို့ အပ်နှင်းလိုက်သည်။

ကွန်ဂရက်၏ သက်တမ်းတစ်ဝက်ကျိုးခြိန် နိုဝင်ဘာလ ၅ ရက်နေ့ ကျင်းပသော အောက်လွှတ်တော်ရွေးကောက်ပွဲများဌ ရီပတ်ဘလီကန်ပါတီက အမတ်ဦးရေအများစု အရွေးခံခဲ့ရသည်။ ကွန်ဂရက်သက်တမ်း ၅ ကြိမ်တိုင်တိုင် ဆက်တိုက်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အထက်လွှတ်တော်တွင် ရီပတ်ဘလီကန်ပါတီက အမတ်အများစုဖြင့် အနိုင်ရထားပြီးဖြစ်သည်။ သို့ဖြစ်၍ ၂၀၀၃ ခုနှစ်တွင် ၁၀၈ ကြိမ်မြောက် ကွန်ဂရက် အစည်းအဝေး ကျင်းပသောအခါ သမ္မတနှင့် လွှတ်တော်နှစ်ရပ်တို့ဌ ရီပတ်ဘလီကန် ပါတီဝင်တို့ ချည်းသာ ဖြစ်ပေတော့မည်။ ၁၉၅၄ ခုနှစ် နောက်ပိုင်းတွင် ရီပတ်ဘလီကန်ပါတီသည် ဤသို့ ပထမဆုံးအကြိမ် အောင်ပွဲခံနိုင်လာခြင်း ဖြစ်သည်။

ဦးခင်မောင်မြ

အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ တစ်သက်တာ စာပေဆု။ ။ ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံဌ ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်(ယခု နိုင်ငံတော်ဝန်ကြီးချုပ်) တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများ ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း (ယခု အတွင်းရေးမှူး ၁)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်

ဆင်းရဲတွင်းမှ ရုန်းထွက်ခြင်းစာအုပ်ဖြင့် အမျိုးသားစာပေဆုရ ဒေါက်တာသက်လွင် ဆုယူစဉ်

ယင်းတစ်သက်တာစာပေဆုမှာ ငယ်စဉ်ကပင် စာပေနှင့် မွေ့လျော်လာသူ၊ စာပေနယ်ပယ်တွင် ဝါသနာ၊ ပညာ၊ စေတနာတို့ကို အရင်းပြု၍ အားကြိုးမာန်တက် ကြိုးပမ်းကြသူများထဲမှ ရွေးချယ်ချီးမြှင့်သည့်ဆုလည်း ဖြစ်ပေသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် အမျိုးသားစာပေဆု စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်စာအုပ်များကို ဘာသာရပ် ၁၄ မျိုးခွဲထားပြီး စိစစ်ရွေးချယ်သည်။ ၂၀၀၁ ခုနှစ်အတွင်း ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ရုံးဌ မှတ်ပုံတင်၍ ထုတ်ဝေသည့်စာအုပ်ပေါင်း ၁၂၉၉ အုပ်ကို ဖတ်ရှုစိစစ်ခဲ့သည်။

အမျိုးသားစာပေဆုချီးမြှင့်ရန်ရွေးချယ်သော ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ပြဇာတ်စာပေမှလွဲ၍ ကျန်ဘာသာရပ် ၁၃ မျိုးအတွက် စာအုပ်များကို ချီးမြှင့် နှိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှ စတင်၍ အမျိုးသားစာပေဆု ချီးမြှင့်လာခဲ့သည်မှာ ဆုအရေအတွက်ပေါင်း ၃၆၈ ဆု ရှိပြီဖြစ်သည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ပြိုင်ပွဲဝင်စာမူများကို စာမူဆုစိစစ်ရွေးချယ်ရေးဆိုင်ရာ မူကိုးချက်နှင့် အညီ စိစစ်ရွေးချယ်သည်။ ၂၀၀၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ရွေးချယ်ရာတွင် ဘာသာရပ် ၁၂ မျိုးရှိသည့်အနက် နိုင်ငံရေးစာပေ ဘာသာရပ်မှအပ ကျန်ဘာသာရပ် ၁၁ မျိုးအတွက် ဆုပေါင်း ၂၇ ဆုကို ချီးမြှင့်နိုင်ခဲ့သည်။ ယခုနှစ်အတွက် တင်သွင်းသောပြိုင်ပွဲဝင်စာမူပေါင်းမှာ ၁၁၆ စောင်ရှိသည်။ စာပေဗိမာန်စာမူဆုကို ဘာသာရပ် ၁၂ မျိုး သတ်မှတ်ပြီး ချီးမြှင့်လာခဲ့သည်မှာ ဆုပေါင်း ၅၁၂ ဆု ချီးမြှင့်နိုင်ခဲ့ပြီဖြစ်သည်။

ဆုများကို ချီးမြှင့်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်(ယခု နိုင်ငံတော်ဝန်ကြီးချုပ်)က ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရသူ ဦးလှကြိုင် (ပါရဂူ)နှင့် အမျိုးသားစာပေဆုရ ပုဂ္ဂိုလ်များကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် စာပေဗိမာန် စာမူဆုများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ

များ၊ စာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုရွေးချယ်ရေးကော်မတီဝင်များ၊ ဆုရ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု ချီးမြှင့်ပွဲတွင် "အမျိုးသားစာပေတစ်သက်တာဆု" ဟူသောဆုတစ်မျိုးကို အသစ်တီထွင်၍ စတင်ချီးမြှင့်သည်။ တစ်သက်တာ စာပေဆုဆိုသည်မှာ မိမိ၏ဘဝတစ်လျှောက်လုံးကို စာပေထဲတွင်သာ မြှုပ်နှံထားပြီး စာပေနှင့် ပျော်မွေ့လျက် အသက်မွေးဝမ်းကျောင်းပြုကာ မိမိနိုင်ငံ၊ မိမိလူမျိုး၏အကျိုးစီးပွားကို စာပေစွမ်းပကားဖြင့် ဦးလည်မသုန် ထမ်းရွက်လျက်ရှိသည့် စာပေပညာရှင်ကြီးများကို ရွေးချယ်ချီးမြှင့်သည့်ဆု ဖြစ်သည်။ ယင်းဆုမှာ စာပေလောကအတွက် အမြင့်ဆုံးနှင့် တန်ဖိုးအရှိဆုံး ဆုဖြစ်သည်။

ဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု အတွင်းရေးမှူး ၁) က လည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေကလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်းက လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် ကြည်အောင်ကလည်းကောင်း ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

၂၀၀၁ ခုနှစ်အမျိုးသားစာပေဆုရရှိသူများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
၁	ဝတ္ထုရှည်	လွမ်းလောက်ပေသည်	ဆောင်းဝင်းလတ်
၂	ဝတ္ထုတို	တောရထားနှင့် အခြားဝတ္ထုတိုများ	မြို့သာမရာထို
၃	ကဗျာပေါင်းချုပ်	နွေမိုးဖျန်းပက်ပန်း တစ်ခက်ကဗျာများ	မြင်းမူ မောင်နိုင်မိုး
၄	စာပဒေသာ	ဆင်းရဲတွင်းမှ ရုန်းထွက်ခြင်း	ဒေါက်တာသက်လွင်
၅	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ	မြန်မာ့တေးဂီတ အနုစာပေသမိုင်း	ဦးမြင့်ကြည်
၆	ကလေးစာပေ	မြစ်ပယ်နှင့် အခြားပုံပြင်များ	ပျဉ်းမဲနား မောင်နီသင်း
၇	လူငယ်စာပေ	အတူလေးရယ်နဲ့. ယှဉ်ကာပြိုင်	ကိုဇော်ဌေး (ယဉ်ကျေးမှု)
၈	ဘာသာပြန် (သုတ)	မဒမ်ကျူရီ	တင်မောင်မြင့်
၉	ဘာသာပြန် (ရသ)	နှလုံးသားထဲမှာ အဖြေရှာ	မြတ်ငြိမ်း
၁၀	သုတပဒေသာ (ဝိဇ္ဇာ)	ဝင်းတွေနှင့် တည်ခဲ့သည့် မင်းနေပြည်	နတ်မောက် ထွန်းရှိန်
၁၁	သုတပဒေသာ (ရိုးရိုးသိပ္ပံ)	စူပါကြိုးမျှင်လေးသီအိုရီ	တက္ကသိုလ် ကြယ်ပွင့်
၁၂	သုတပဒေသာ (အသုံးချသိပ္ပံ)	လူသားအစ မြန်မာက	ဒေါက်တာ တင်သိန်း (ဘူမိဗေဒ)
၁၃	နိုင်ငံရေးစာပေ	ကုန်းဘောင်ကိုဆန်၍	ဒေါက်တာ မတင်ဝင်း (ပညာရေး တက္ကသိုလ်)

၂၀၀၁ ခုနှစ်စာပေဗိမာန်စာမူဆုရရှိသူများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
၁	ဝတ္ထုရှည်ဆု (ဒုတိယဆု)	အစိမ်းရောင်လွင်ပြင်ထဲက အနီရောင်နှလုံးသား	ကိုကြီးအောင်ချမ်းသာ
၂	ဝတ္ထုရှည်ဆု (တတိယဆု)	ငွေလိုမလား၊ အမေလိုသလား	မင်းကွန်ရှင်းလင်း
၃	ဝတ္ထုတိုပေါင်းချုပ်ဆု(ပထမဆု)	ဆန္ဒအသိ	စောမဉ္ဇု
၄	ဝတ္ထုတိုပေါင်းချုပ်ဆု (ဒုတိယဆု)	နှလုံးသားမြို့ဟောင်း တစ်နေရာနှင့် အခြားဝတ္ထုတိုများ	ခင်ခင်ကျော် (ပညာရေး)
၅	ဝတ္ထုတိုပေါင်းချုပ်ဆု (တတိယဆု)	အောင်မြင်ခြင်းအတူတူ နှင့်အခြားဝတ္ထုတိုများ	နန်းမိုးစောအောင်
၆	ကဗျာပေါင်းချုပ်ဆု (ပထမဆု)	မေတ္တာသည်သာ အေးချမ်းရာနှင့် အခြားကဗျာများ	ဇေယျာဘုန်းမြင့်
၇	ကဗျာပေါင်းချုပ်ဆု (ဒုတိယဆု)	ရွှေပင်ငွေခက်မြရွက်စိမ်း လွှာပွင့်နီလာကဗျာများ	မောင်မိုးမြတ် (ချောင်းဦး)
၈	ကဗျာပေါင်းချုပ်ဆု (တတိယဆု)	ရင်လှိုင်းခတ်သံ ကဗျာများ	မကျည်းတန် (လွိုင်ကော်)
၉	သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဆု ပထမဆု	မြန်မာ့လွတ်လပ်ရေးကြိုး ပမ်းမှု ရက်စဉ်သမိုင်း	ဖိုးအောင်လေး
၁၀	သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဆု ဒုတိယဆု	ပင်လယ်ပျော်မော်ကင်း	တက္ကသိုလ်ကိုလတ်
၁၁	သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဆု တတိယဆု	ကမ္ဘာ့လက်ဝှေ့လောကမှ သုတအဖြာဖြာ	ရွှေဘိုဘာမထီခင်အောင်
၁၂	သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) ဆု ပထမဆု	မြူတစ်မှုန်၊ နှင်းတစ်ပွင့် မိုးရေတစ်စက်နှင့် လေညင်းတစ်သွယ်	မောင်ကြင်နာ
၁၃	သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) ဆု ဒုတိယဆု	ဆေးပညာဗဟုသုတ ဒိုင်ယာရီ	ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)
၁၄	သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) (တတိယဆု)	ရေဒီယိုအသံလိုင်းများ၏ အရင်းအမြစ်	ခင်ပြုံးရီ (မြန်မာ့အသံ)
၁၅	စာပဒေသာဆု (ပထမဆု)	စစ်ပါရဂူနှင့် ကဗျာဝိဒူ	သုတေသီရာမည ကိုကိုနိုင်

စဉ်	ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
၁၆	စာပဒေသာဆု (ဒုတိယဆု)	မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင် နန်းညွန့်.ရှိန်	မင်းသျှင်အောင် (တွံတေး)
၁၇	စာပဒေသာဆု (တတိယဆု)	မေတ္တာရေစီးကြောင်း ပေါ်ကတိုင်းရင်းသား စည်းလုံးညီညွတ်ရေး	မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)
၁၈	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု(ပထမဆု)	မြန်မာ့ရိုးရာ ပန်းရန်၊ ပန်းတော့ပညာ	မုံရွာတိုးဝေ (ပန်းရဲ)
၁၉	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု(ဒုတိယဆု)	ဥဿာ ပဲခူး ဟံသာဝတီ	ကိုကို (သုတေသန)
၂၀	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု(တတိယဆု)	ရွှေဟောင်းအမြင့်မြို့	မောင်မောင်ချစ်ဦး
၂၁	ကလေးစာပေဆု (ပထမဆု)	မမအင်ဂျင်နီယာနှင့် ရတနာပန်းကလေးများ	ဇေယျာမျိုး
၂၂	ကလေးစာပေဆု(ဒုတိယဆု)	တို့ဘိုးဘွားအမွေစစ်ဖို့	ဒေါက်တာလှဖေ
၂၃	လူငယ်စာပေဆု ပထမဆု	ပန်းမျိုးအလှ ပန်းအလှ	သန်းအောင် (အညာမြေ)
၂၄	လူငယ်စာပေဆု ဒုတိယဆု	နှင်းဆီညနှင့်အခြားလူငယ် ဝတ္ထုတိုများ	စိုးတင့်ထူး (မအူပင်)
၂၅	ပြဇာတ်စာပေဆု ပထမဆု	ဖယောင်းရုပ်နှင့်သံသွန်းရုပ် ပြဇာတ်များ	ဇင်မင်း (သမိန်ထော)
၂၆	ပြဇာတ်စာပေဆု ဒုတိယဆု	ခင်မဝမ်းမြောက် ပါလေတော့	ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)
၂၇	ပြဇာတ်စာပေဆု တတိယဆု	ရောင်စုံယှက်သန်းယဉ်ကျေးမှုအဆင်ဆန်းများ	ပါမောက္ခဒေါ်အေးသန်း

အရှေ့အလယ်ပိုင်းဒေသ

အရှေ့အလယ်ပိုင်းဒေသ ။ ။၂၀၀၂ ခုနှစ်အတွင်း အရှေ့အလယ်ပိုင်းဒေသ၌ အီရတ်အရေးအခင်းသည် ကမ္ဘာကအာရုံစိုက်လာသော အရေးအခင်းဖြစ်လာခဲ့သည်။ နှစ်ဦးတွင် အစွရေးနှင့် ပါလက်စတိုင်းတို့ အပြန်အလှန်အကြမ်းဖက်မှုများကြောင့် ကမ္ဘာက အထူးအာရုံစူးစိုက်ခဲ့ကြသည်။ သို့ရာတွင် အီရတ်အပေါ် သတ်မှတ်ခဲ့သော တားမြစ်မိန့်များကြောင့် အီရတ်ပြည်သူအများစု၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးများမှာ သေကျေပျက်စီးခြင်း၊ ရောဂါဘယထူပြောခြင်းတို့ဖြင့် ဒုက္ခပင်လယ်ဝေခဲ့ရသည်။ ဤသို့ဖြစ်ပျက်နေမှုနှင့် ပတ်သက်ပြီး အီရတ်အရေးသည် အငြင်းပွားစရာအကြောင်းအရာဖြစ်လာခဲ့သည်။ ထို့ပြင် အကျမြှု။ ဓါတုနှင့် ဇီဝလက်နက်များကို အီရတ်ကထုတ်လုပ်နေသည်။ ထုတ်လုပ်ရန်ကြိုးပမ်းနေသည်ဟူသော သတင်းများ၊ ကုလသမဂ္ဂမှ လက်နက်စစ်ဆေးရေးအဖွဲ့များကို အီရတ်နိုင်ငံတွင်းသို့ ဝင်ခွင့်ပေးလိုက်၊ မပေးလိုက်ဖြစ်နေသော ကိစ္စများကြောင့်လည်း အီရတ်သတင်းကို ကမ္ဘာကစိတ်ဝင်စားလာကြသည်။ ထို့ထက်လေးနက်သောကိစ္စမှာ အမေရိကန်က အီရတ်အရေးတွင် စစ်ရေးအရဝင်ရောက်ရန် ကြုံးဝါးနေမှုဖြစ်သည်။

ထို့ကြောင့် အရှေ့အလယ်ပိုင်းဒေသတွင်လည်းကောင်း၊ ကုလသမဂ္ဂတွင်လည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင်လည်းကောင်း အီရတ်အရေးအခင်းသည် ၂၀၀၂ ခုနှစ်တွင်းအထူးစိတ်ဝင်စားဖွယ်ဖြစ်လာတော့သည်။ သို့ဖြစ်၍ အီရတ်အရေးအခင်း၊ အစွရေးပါလက်စတိုင်း ပဋိပက္ခတို့သည် အရှေ့အလယ်ပိုင်းဒေသလေ့လာရေးတွင် အထူးအရေးပါလာခဲ့ပေသည်။

ဇန်နဝါရီလအလယ်ပိုင်းတွင် အာရပ်အဖွဲ့ချုပ်မှအထွေထွေအတွင်းရေးမှူး အမီယာမိုဟာမက်မူဆာသည် ဘဂ္ဂဒက်မြို့တော်သို့ အလည်အပတ်ရောက်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် အီရတ်ကကူဝိတ်ကိုကျူးကျော်ခဲ့သည့်နောက်ပိုင်း မူဆာသည် ဘဂ္ဂဒက်သို့ ပထမဆုံးရောက်ရှိလာသည့် အာရပ်ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ဤကားအီရတ်အတွက် သံတမန်ရေးရာအောင်ပွဲတစ်ခုဖြစ်သည်။ အီရတ်နှင့် အာရပ်နိုင်ငံများ ပြန်လည်သင့်မြတ်လာသည့် နိမိတ်လက္ခဏာဖြစ်သည်။ အမေရိကန်

ပြည်ထောင်စုသည် အီရတ်မှ ဆက်ဒမ်ဟူစိန်အစိုးရအား ဆန့်ကျင်နေသည့် ပြည်ပရောက်အီရတ်များကို စုစည်းထားသည့် အီရတ်အမျိုးသားကောင်စီကို ထောက်ပံ့နေခဲ့သည်။ သို့ရာတွင် အီရတ်တွင် စစ်ရေးအရဝင်ရောက်စွက်ဖက်မှုကို မလိုလားသောအုပ်စုများ၏ ကြိုးပမ်းမှုကြောင့် အမေရိကန်အစိုးရသည် ယင်းကောင်စီအားထောက်ပံ့နေမှုများကို ရပ်ဆိုင်းခဲ့သည်။

ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ပြည်ထောင်စုအခြေအနေ မိန့်ခွန်းပြောကြားရင်း သမ္မတဘုရှ်က အီရတ်နိုင်ငံအား "မကောင်းဆိုးဝါးဝင်ရိုးတန်းနိုင်ငံတစ်ခု" ဖြစ်ကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။ အီရတ်သည် တားမြစ်မိန့်များရုပ်သိမ်းပေးမှုသာကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့ကို လက်ခံမည်ဖြစ်ကြောင်း ဇွတ်တင်းခံနေခဲ့သည်။ သို့သော် သမ္မတဘုရှ်၏ မိန့်ခွန်းပေါ်ထွက်လာပြီးနောက် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် ကြုံတွင် သတ်မှတ်ချက်များ မထားဘဲဆွေးနွေးလိုကြောင်း အီရတ်ကကြေညာခဲ့သည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က အီရတ်တွင်အစိုးရအပြောင်းအလဲလုပ်ရန် လိုကြောင်းပြောကြားခဲ့သည်။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အီရတ်ဒုတိယသမ္မတ ယာဆင်ရာမာဒန်က အမေရိကန်တို့က စစ်ရေးအရတိုက်ခိုက်လာပါက ချေမှုန်းပစ်မည်ဟု တုံ့ပြန်ပြောဆိုခဲ့သည်။

မတ်လအတွင်းအမေရိကန်က အီရတ်တွင် စစ်ရေးအရဝင်ရောက်အံ့ဆဲဆဲဖြစ်နေပြီဟူသောစိုးရိမ်မှုများပျံ့နှံ့ပေါ်ထွက်လာခဲ့သည်။ မတ်လ ၃ ရက်နေ့တွင် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက ဆက်ဒမ်ဟူစိန်နှင့် စစ်ရေးအရထိပ်တိုက်ရင်ဆိုင်ရာတွင် ဗြိတိန်က အမေရိကန်တို့နှင့်အတူရပ်တည်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုအတွင်း ဥရောပခေါင်းဆောင်များက ဆက်ဒမ်ဟူစိန်အား အမေရိကန်ကဖြုတ်ချဖယ်ရှားရေးကို ထောက်ခံမည်မဟုတ်ကြောင်း ပြောကြားခဲ့ကြသည်။ အီရတ်အစိုးရသည် ကုလသမဂ္ဂမှ လက်နက်စစ်ဆေးရေးအဖွဲ့အား ဝင်ရောက်စစ်ဆေးခွင့်ပြုရေးတွင် ပျော့ပျောင်းသောသဘောထားရပ်တည်ချက်များကို ပြသခဲ့သည်။ မတ်လ ၆ ရက်နေ့တွင် အမေရိကန်က အီရတ်သည် ရေနံနှင့် စားနပ်ရိက္ခာလဲလှယ်ရေးအစီအစဉ်ဖြင့် ရရှိထားသောထရပ်ကားများကို ရွှေ့လျားဒုံးပစ်စင်များ၊ စစ်သုံးယာဉ်များအဖြစ် အသွင်ပြောင်းအသုံးပြုနေကြောင်း အထောက်အထားများကို လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သည်။

အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီသည် မတ်လအလယ်ပိုင်းတွင် အာရပ်နိုင်ငံများတစ်လွှားသို့သွားရောက်လည်ပတ်ခဲ့သည်။ အီရတ်အပေါ်စစ်

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်၏ ၆၅ နှစ်မြောက် မွေးနေ့ကို ဂုဏ်ပြုသည့် အနေဖြင့် အသေခံ ဝုံးခွဲသူ အသွင်ဝတ်ဆင်ကာ စီတန်းလှည့်လည် လာကြသော အီရတ်လူငယ်များ

ရေးအရတိုက်ခိုက်ရာတွင် အာရပ်ကမ္ဘာ၏တုံ့ပြန်ချက်များကို အကဲခတ်ရန်ဖြစ်သည်။ အီရတ်သည် အဏုမြူ။ ဓါတုနှင့် ဇီဝလက်နက်များ ထုတ်လုပ်ရန် ကြိုးပမ်းနေကြောင်း၊ သမားရိုးကျတပ်ဖွဲ့အင်အားကိုလည်း တိုးချဲ့နေကြောင်းတို့ကို အာရပ်နိုင်ငံများကို ဒစ်ချေနီက ပြောကြားခဲ့သည်ဟုဆိုသည်။ အာရပ်နိုင်ငံအများစုက အီရတ်အပေါ် စစ်ရေးအရအရေးယူမှုကိုလိုလားကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အာရပ်နိုင်ငံများက အီရတ်အရေးထက် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခဖြေရှင်းရေးကပို၍ အရေးကြီးကြောင်းကို တိုက်တွန်းခဲ့ကြသည်။ အာရပ်နိုင်ငံမဟုတ်သော တူရကီနိုင်ငံကလည်း အီရတ်အပေါ် အမေရိကန်တို့တိုက်ခိုက်မှုကိုဆန့်ကျင်ကြောင်း ပြောကြားခဲ့သည်။ မတ်လကုန်ပိုင်းတွင် အာရပ်အဖွဲ့ချုပ်၏ ထိပ်သီးညီလာခံက အီရတ်အပေါ် ကျူးကျော်ရန်ခြိမ်းခြောက်နေမှုကို ဆန့်ကျင်ကြောင်း၊ တားမြစ်မိန့်များရုပ်သိမ်းပေးစေလိုကြောင်း၊ အီရတ်နှင့် ကုလသမဂ္ဂတို့ ပြန်လည်ဆွေးနွေးကြစေလိုကြောင်း သတင်းကြေညာချက် ထုတ်ပြန်ခဲ့သည်။ ထိပ်သီးညီလာခံတွင် အီရတ်နှင့် အခြားအာရပ်နိုင်ငံများအကြား ပြန်လည်သင့်မြတ်မှုကို ဖေါ်ထုတ်နိုင်ခဲ့သည်။

ဧပြီလ ၈ ရက်နေ့တွင် ဆက်ဒမ်ဟူစိန်က အီရတ်ရေနံတင်ပို့မှုများကို တစ်လရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အနောက်ဘက်ကမ်းခြေရှိမြို့များကို အစ္စရေးတို့က ကျူးကျော်ထိန်းချုပ်မှုများအား ကန့်ကွက်သည့်အနေဖြင့် ဤသို့ကုန်တင်ပို့မှုကို တစ်လရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။ အီရန်ကလည်း အစ္စရေးအားထောက်ခံသည့် အနောက်နိုင်ငံများသို့ ကုန်တင်ပို့မှုကိုရပ်ဆိုင်းထားခဲ့သည်။ အီရန်၊ အီရတ်တို့က ဤသို့ရေနံတင်ပို့မှုကို ရပ်ဆိုင်းလိုက်သဖြင့် ရေနံဈေးကွက်တွင်အကျပ်အတည်း ပေါ်ပေါက်လာတော့မယောင်ဖြစ်ခဲ့သည်။ သို့ရာတွင် ကမ္ဘာ့ရေနံအများဆုံးထုတ်လုပ်ပေးနေသည့် ဆော်ဒီအာရေဗျက ရေနံတိုးချဲ့ထုတ်လုပ်ခြင်းဖြင့် ရေနံအကျပ်အတည်းကို ရှောင်လွဲစေမည်ဟု ပြောခဲ့သည်။

မေလ ၁၄ ရက်နေ့တွင် လုံခြုံရေးကောင်စီသည် အီရတ်အပေါ် တားမြစ်မိန့်များဆက်လက်ချမှတ်ထားရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် ရေနံနှင့် စားနပ်ရိက္ခာလဲလှယ်ရာတွင် များစွာလျှော့ပေးခဲ့သည်။ အီရတ်တို့သည် စားနပ်ရိက္ခာများ၊ ဆေးဝါးများ၊ လူသားချင်းစာနာထောက်ထားမှုဖြင့် ရောင်းချသောပစ္စည်းများကို ပိုမိုလွတ်လပ်စွာတင်သွင်းခွင့်ရလာကြသည်။

မေလဆန်းပိုင်းတွင် အီရတ်လက်နက်စစ်ဆေးရေးအဖွဲ့နှင့် ကုလသမဂ္ဂတို့သည် အီရတ်တွင် လက်နက်စစ်ဆေးရေးလုပ်ငန်းများအတွက် ဆွေးနွေးခဲ့ကြသော်လည်း ပြေလည်မှုမရရှိခဲ့ပေ။ ဇူလိုင်လ၌ ဗီယင်နာတွင် ထပ်မံဆွေးနွေးကြရန် သဘောတူခဲ့ကြသည်။

စစ်ရေးပြ
အခမ်းအနားတစ်ခုတွင်
သမ္မတဆက်ဒမ်ဟူစိန်၏
မြင်းစီးကျောက်ရုပ်
ရှေ့ကိုဖြတ်၍
ချီတက်လာကြသည့်
အီရတ်စစ်သားများ

အမေရိကန် မောင်းသူမဲ့လေယာဉ်တစ်စီးသည် မေလ ၂၆ ရက်နေ့က အီရတ်မြောက်ပိုင်းတစ်နေရာတွင် ပျက်ကျသွားခဲ့သည်။ အမေရိကန်နှင့် ဗြိတိန်လေယာဉ်တို့သည် တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ လေယာဉ်မပျံသန်းရဂုန်များတွင် ဆက်လက်၍ လေကြောင်းတိုက်ခိုက်မှုများကို ပြုလုပ်လျက်ရှိကြသည်။

ဇွန်လ ၁ ရက်နေ့တွင် သမ္မတ ဘုရှ်သည် ဝက်စ်ပွိုင့်ဗိုလ်သင်တန်းဆင်းပွဲ၌ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။ ထိုမိန့်ခွန်း၌ စစ်အေးကာလကအသုံးပြုခဲ့သည့် ဟန့်တားရေး၊ ထိန်းချုပ်ရေးမူဝါဒကို စွန့်လွှတ်လိုက်ပြီ ဖြစ်ကြောင်း၊ အကြမ်းဖက်မှုနှင့် ပတ်သက်နေသော မည်သည့်ကောက်ကျစ်စဉ်းလဲသော နိုင်ငံကိုမဆို အမေရိကန်က အချိန်မရွေး လက်ဦးမှု ရယူတိုက်ခိုက်မည်ဖြစ်ကြောင်း၊ ရန်သူဘက်မှ ခြိမ်းခြောက်မှုပေါ်ထွက်မလာမီ ကြိုတင်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ဤသို့ဖြင့် ဇွန်လတွင် အမေရိကန်က အီရတ်အပေါ် ကျူးကျော်တိုက်ခိုက်တော့မည့်အရိပ်အရောင်မှာ ပိုမိုပေါ်လွင်လာခဲ့သည်။ ဆက်ဒမ်ဟူစိန် ပြုတ်ကျရေးအတွက် စီအိုင်အေကနည်းမျိုးစုံကို အသုံးပြုခွင့်ပေးလိုက်သည့်အမိန့် ထုတ်ပြန်လိုက်သည်ဟူသော သတင်းကလည်း ထွက်ပေါ်လာခဲ့သည်။

ဇူလိုင်လ ၅ ရက်နေ့တွင် New York Times သတင်းစာတွင် အမေရိကန်၏စစ်ရေး အစီအစဉ်များကို ဖော်ပြခဲ့သည်။ အမေရိကန်တို့သည် အီရတ်နိုင်ငံအား ကြည်း၊ ရေ၊ လေ စစ်ကြောင်းများဖြင့် တိုက်ခိုက်မည်ဖြစ်ကြောင်း၊ စစ်သည် နှစ်သိန်းခွဲပါဝင်မည်ဖြစ်ကြောင်း၊ အီရတ် ပတ်ဝန်းကျင်ရှိနိုင်ငံ ၈၃ ခုတွင် ချထားသောလေတပ်စခန်းများမှ အီရတ်ရှိ နေရာပေါင်းများစွာကို လေကြောင်းမှတိုက်ခိုက်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အီရတ်အမျိုးသားလွှတ်တော်ကလည်း အမေရိကန်တို့၏ တိုက်ခိုက်မှုများကို တွန်းလှန်ရန် ဆုံးဖြတ်ခဲ့သည်။ ဘာသပါတီအာဏာရလာခဲ့သည့် ၃၄ နှစ်မြောက် အထိမ်းအမှတ်နေ့မိန့်ခွန်းတွင် ဆက်ဒမ်ဟူစိန်က အမေရိကန်တို့ ရှုံးနိမ့်လိမ့်မည်ဖြစ်ကြောင်း၊ ရဲရဲဝင့်ဝင့်ဇွဲရှိရှိဖြင့် တိုက်ခိုက်ကြရန် အီရတ်ပြည်သူတို့အား တိုက်တွန်းခဲ့သည်။

ဇူလိုင်လ အလယ်ပိုင်းတွင် လန်ဒန်မြို့၌ ပြည်ပရောက် အီရတ်အတိုက်အခံများသည် ဆက်ဒမ်ဟူစိန်ဖြုတ်ချရေး စစ်ကောင်စီတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြသည်။ ဆက်ဒမ်အစိုးရ၏နေရာတွင် ဒီမိုကရေစီ အစိုးရဖြင့်အစားထိုးရန်၊ ဘာသာရေး၊ လူမျိုးရေးအင်အားစုံကို ကိုယ်စားပြုသော အစိုးရဖွဲ့စည်းရေးတို့ကို ကြိုတင်ဆုံးဖြတ်ခဲ့ကြသည်။

ဇူလိုင်လဆန်း ၄-၅ ရက်နေ့များတွင် ကုလသမဂ္ဂ၊ လက်နက်စစ်ဆေးရေးအဖွဲ့နှင့် အီရတ်တို့သည် လက်နက်စစ်ဆေးခွင့်ပြုရေးနှင့် ပတ်သက်၍ သြစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့၌ ဆွေးနွေးခဲ့ကြသော်လည်း တိုးတက်မှုမရဘဲ ဖြစ်နေခဲ့သည်။ အီရတ်တို့က ၎င်းတို့မေးမြန်းထားသည့် မေးခွန်း ၁၉ ခုကို ကုလသမဂ္ဂဘက်မှ ပြန်ကြားဖြေဆိုရေးကိုသာ အတင်းအကျပ် တောင်းဆိုခဲ့သည်။

စက်တင်ဘာလ ၃ ရက်နေ့က အီရတ်ဒုတိယဝန်ကြီးချုပ် တာရစ်အဇစ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန်းနက်စ်ဘာ့ဂ်မြို့၌ စဉ်ဆက်မပြတ်ဖွဲ့ဖြိုးတိုးတက်ရေး ကမ္ဘာ့ထိပ်သီးညီလာခံအတွင်း တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ အဇစ်က ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့ကို လက်ခံဖွယ်ရှိကြောင်း၊ သို့ရာတွင် တားမြစ်မိန့်များ ရုပ်သိမ်းပေးမှသာဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာလ ၅ ရက်နေ့တွင် အမေရိကန်နှင့် ဗြိတိန်လေယာဉ်တို့သည် ဘဂ္ဂဒက်၏ အနောက်ဘက်ကီလိုမီတာ ၃၉၀ အကွာရှိ အီရတ်လေဆိပ်နှင့် အီရတ်စစ်ကွပ်ကဲရေးဌာနချုပ်တို့ကို တိုက်ခိုက်ခဲ့ကြသည်။ အီရတ်၏စစ်ရေးစွမ်းရည်ကို လျော့နည်းသွားစေရန်ဖြစ်သည်။

စက်တင်ဘာလ ၁၂ ရက်နေ့တွင် သမ္မတ ဘုရှ်သည် ၅၇ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ အီရတ်ကြောင့် ဆိုးဆိုးဝါးဝါးအန္တရာယ်များ ပေါ်ပေါက်နေသဖြင့် ကုလသမဂ္ဂနှင့် လက်တွဲလုပ်ဆောင်လိုကြောင်း၊ အီရတ်သည် ငြိမ်းချမ်းရေးကိုလိုလားပါက အစုအပြုံလိုက်သေကျေပျက်စီးစေနိုင်သော လက်နက်အားလုံးကို စွန့်လွှတ်ရန်၊ အကြမ်းဖက်ဝါဒအားထောက်ခံနေမှုကို အဆုံးသတ်ရန်၊ အီရတ်ပြည်

သူများအား ဖိနှိပ်နေမှုကိုရပ်ဆိုင်းရန်၊ ကုလသမဂ္ဂအား အီရတ်တွင် လူပ်ရှားဆောင်ရွက်ခွင့်ပြုရန် စသည်တို့ကို တင်းတင်းမာမာပြောဆိုလျက် တိုက်တွန်းခဲ့သည်။

စက်တင်ဘာလ ၁၉ ရက်နေ့တွင် သမ္မတဘုရှ်သည် အီရတ်အပေါ် အင်အားသုံးခွင့်ပြုရေးအတွက် ကွန်ဂရက်၏အခွင့်အာဏာကို တောင်းခံခဲ့သည်။ ကုလသမဂ္ဂ၏ ထောက်ခံမှုမရရှိစေကာမူ အီရတ်အပေါ် စစ်ရေးအရအရေးယူမှုကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘုရှ်ကပြောကြားခဲ့သည်။ လက်နက်ဖျက်သိမ်းရေးနှင့် ပတ်သက်၍ အီရတ်တို့ဘက်ကလိုက်နာရမည့် အချက်များချမှတ်နိုင်ရေးအတွက် ကုလသမဂ္ဂကဆုံးဖြတ်ချက်ချမှတ်ရမည်ဟု သမ္မတ ဘုရှ်က ကုလသမဂ္ဂကို တင်းတင်းမာမာတောင်းဆိုခဲ့သည်။

စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဗြိတိသျှအစိုးရက "အီရတ်၏အစုအပြုံလိုက်သေကျေပျက်စီးစေနိုင်သော လက်နက်များအပေါ် ဗြိတိသျှအစိုးရ၏အကဲဖြတ်ချက်" ဟူသော စာတမ်းကိုထုတ်ပြန်ခဲ့သည်။ ထိုစာတမ်း၌ အီရတ်တွင် ၄၅ မိနစ်အတွင်း ပစ်ခတ်နိုင်သည့် ဓါတုနှင့် ဇီဝလက်နက်များရှိကြောင်း၊ အဏုမြူလက်နက်များကိုလည်း ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေကြောင်း စသည်တို့ကိုဖော်ပြထားသည်။ ဤအထောက်အထားဖြင့်ပင် ဆက်ဒမ်ဟူစိန်အစိုးရအားဖြုတ်ချနိုင်လောက်သည့် အကြောင်းပြချက်များ ခိုင်လုံနေပြီ ဖြစ်ကြောင်းကိုလည်း ဝန်ကြီးချုပ် တိုနီဘလဲကပြောကြားခဲ့သည်။

စက်တင်ဘာလ ၃၀ နှင့် အောက်တိုဘာလ ၁ ရက်နေ့များတွင် ဗီယင်နာမြို့၌ ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့၊ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအဖွဲ့နှင့် အီရတ်တို့သည် ဆွေးနွေးခဲ့ကြသည်။ အီရတ်က လက်နက်စစ်ဆေးရေးအဖွဲ့အားခြွင်းချက်မရှိ ဝင်ခွင့်ပေးခဲ့သည်။ သမ္မတ ဆက်ဒမ်၏နှန်းဆောင် ၈ ခုမှအပ ကျန်နေရာအားလုံးကို အချုပ်အချယ်မရှိ သွားလာစစ်ဆေးခွင့် ပေးခဲ့သည်။ ဤသို့ အီရတ်တို့ဘက်မှ လိုက်လျောလာသည့်အခါ လုံခြုံရေးကောင်စီအတွင်း အမေရိကန်၊ ဗြိတိန်တို့က တစ်ဖက်၊ ပြင်သစ်၊ ရုရှား၊တရုတ်၊ ဂျာမနီတို့က တစ်ဖက် အယူအဆများပိုမိုကွဲပြားလာကြသည်။ အမေရိကန်တို့အဖို့ စစ်ရေးအရ အီရတ်ကိုဝင်ရောက်ရေးအတွက် အကြောင်းပြချက်မခိုင်လုံဘဲ ဖြစ်သွားသည်။ လုံခြုံရေးကောင်စီမှ အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံတို့သည် သဘောထားကွဲလွဲမှုများ ပြေလည်ရေးအတွက် အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြသည်။ ဆုံးဖြတ်ချက်သစ်ချမှတ်ရန် လိုမလိုသည် လုံခြုံရေးကောင်စီအတွင်း သဘောထားကွဲလွဲသည့် အဓိကအချက်ဖြစ်လာခဲ့သည်။ အမေရိကန်နှင့် ပြင်သစ်၊ ဂျာမနီတို့အကြား သဘောထားကွဲလွဲမှုသည် ပိုမိုပြင်းထန်လာခဲ့သည်။

အောက်တိုဘာလအတွင်း အီရတ်သည် သံခင်းတမန်ခင်းဖြင့် အမေရိကန်နှင့် နီးစပ်သော အာရပ်နိုင်ငံများ၏ ထောက်ခံမှုကိုပါ ရယူနိုင်ရန် ကြိုးပမ်းခဲ့သည်။ အာရပ်နိုင်ငံများက ၎င်းတို့အနေဖြင့် အမေရိကန်၏ စစ်ရေးဆောင်ရွက်ချက်ကို ဟန့်တားနိုင်မည် မဟုတ်ကြောင်း၊ သို့ဖြစ်၍ အီရတ်အနေဖြင့် ကုလသမဂ္ဂ၏ တောင်းဆိုချက်များကိုသာ လက်ခံလိုက်လျောရန်ဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။ အီရတ်က သမ္မတ၏ နန်းတော်များကိုပါ ဝင်ရောက်စစ်ဆေးခွင့်ပေးမည် ဖြစ်ကြောင်း အာရပ်နိုင်ငံများသို့ ပြောကြားခဲ့သည်။

အောက်တိုဘာလ ၁၅ ရက်နေ့က အီရတ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပလျက် သမ္မတ ဆက်ဒမ်ဟူစိန်အား နောက်ထပ်ခုနစ်သက်တမ်းတိုး၍ သမ္မတတာဝန်ထမ်းဆောင်ခွင့်ပေးရန် သဘောတူခဲ့ကြသည်။ ဆက်ဒမ်ဟူစိန်အား ရာနှုန်းပြည့် ထောက်ခံဆန္ဒမဲ ပေးခဲ့ကြသည်။ အောင်ပွဲခံသည့် အထိမ်းအမှတ်အနေဖြင့် ဆက်ဒမ်သည် အီရတ်ပြည်တွင်းရှိ အကျဉ်းသားအားလုံးကို အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ ထို့ပြင် ပြည်တွင်းပြည်ပ၌ တိမ်းရှောင်ခိုအောင်းနေသူများကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

နိုဝင်ဘာလ ၈ ရက်နေ့တွင် လုံခြုံရေးကောင်စီသည် ဆုံးဖြတ်ချက်အမှတ် ၁၄၄၁ ကို တညီတညွတ်တည်း အတည်ပြုခဲ့ကြသည်။ ဤဆုံးဖြတ်ချက်သည် တစ်ဖက်တွင် ပြင်သစ်နှင့် ရုရှား၊ အခြားတစ်ဖက်တွင် အမေရိကန်နှင့် ဗြိတိန်တို့အကြား စေ့စပ်ညှိနှိုင်းမှုအရ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဤဆုံးဖြတ်ချက်အရ အီရတ်သည် လက်နက်

ဖျက်သိမ်းရေးအတွက် ကုလသမဂ္ဂ၏တောင်းဆိုချက်များအတိုင်း လိုက်နာရမည်ဖြစ်ပေသည်။ သို့မဟုတ်ပါက ဆိုးဝါးသောအကျိုးဆက်များ ကိုရင်ဆိုင်ရမည်ဖြစ်သည်။ ဤဆုံးဖြတ်ချက်အရ အမေရိကန်အား အီရတ်အပေါ် တိုက်ခိုက်ခွင့်ကို အတိအလင်းပေါ်ပေါ်လွင်လွင်ပေးထားခြင်း မရှိသော်လည်း နိုင်ငံတကာက တညီတညွတ်တည်းဆုံး ဖြတ်လိုက်ခြင်းဖြစ်၍ ဆက်ဒမ်ဟူစိန်သည် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့နှင့် အဏုမြူစွမ်းအင်အေဂျင်စီတို့၏ တောင်းဆိုချက်များအတိုင်း အတိအကျလိုက်နာရတော့မည် ဖြစ်ပေသည်။ ဤဆုံးဖြတ်ချက်သည် ပြင်သစ်ကအဆိုပြုထားခဲ့သော "နှစ်ဆင့်စနစ်" ကို လက်ခံရာ ရောက်သွားသည်။ ပထမအဆင့် လက်နက်စစ်ဆေးရေးအဖွဲ့က ဆောင် ရွက်သွားရန် ဖြစ်သည်။ ထိုအဖွဲ့၏ အစီရင်ခံချက်အပေါ် လုံခြုံရေးကောင်စီက ဒုတိယအဆင့် ဆောင်ရွက်ရန် ဖြစ်သည်။ တစ်ချိန်တည်းတွင် အမေရိကန်အနေဖြင့် အီရတ်တို့ဘက်မှ ပျက်ကွက်ပါက လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ထပ်မံတောင်းခံရန်မလိုဘဲ ဆက်လက်ဆောင်ရွက်ခွင့်ရသည်။

အီရတ်တွင်ဖြစ်ပေါ်ပြောင်းလဲမှုများကို အကြောင်းပြု၍ ကမ္ဘာ့အင်အားကြီးနိုင်ငံအချင်းချင်း သဘောထားကွဲလွဲခဲ့ကြသည်။ အာရပ်ကမ္ဘာတွင်လည်း စစ်ရိပ်စစ်ငွေ့များသန်းလာသဖြင့် မတည်မငြိမ်ဖြစ်နေသည်။ အရှေ့အလယ်ပိုင်းတစ်ခွင်လုံးမှာ အကြမ်းဖက်မှုများ၊ အပြန်အလှန်ကလဲစားချေမှုများ၊ စစ်ရေးပြင်ဆင်မှုများဖြင့် လှုပ်လှုပ်ရှားရှားဖြစ်ခဲ့သည်။ ကမ္ဘာတစ်ဝန်းလုံးက ထိုဒေသ၌စစ်ရေးအရှိန်မြင့်တက်လာနေမှုကို စိုးရိမ်တကြီး စောင့်ကြည့်နေကြသည်။ ။

ဦးခင်မောင်မြ

အာဆီယံလူငယ်ချစ်ကြည်ရေးစခန်းချပွဲ (၂၀၀၂ ခုနှစ်) ။ ။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် အာဆီယံအဖွဲ့ကြီး၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ စီမံကိန်းများတွင် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လာခဲ့သည်။

အာဆီယံလူငယ် ချစ်ကြည်ရေးစခန်းချပွဲ စီမံကိန်းသည် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး

ကော်မတီ၏ ဆောင်ရွက်ဆဲ စီမံကိန်းတစ်ရပ်ဖြစ်သည်။ ဤစီမံကိန်းကြီး၏ ရည်ရွယ်ချက်မှာ အာဆီယံလူငယ်များအကြား အာဆီယံနှင့်ပတ်သက်၍ အထွေထွေဗဟုသုတကြွယ်ဝကာ နားလည်မှုပိုမို ရရှိစေရန်နှင့် စခန်းအတွင်း အတူတကွပူးပေါင်းပါဝင်လှုပ်ရှားမှုများ ဆောင်ရွက်ခြင်းဖြင့် တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦးက ပိုမိုနားလည်သဘောပေါက်ကာ ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရန်ဖြစ်သည်။

ဤစီမံကိန်းကို ၁၉၉၇ ခုနှစ်မှစတင်လာခဲ့ရာ စီမံကိန်းအရ လူငယ်ချစ်ကြည်ရေးစခန်းချပွဲများကို အာဆီယံနိုင်ငံများက အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျ လက်ခံကျင်းပကြရသည်။ ၁၉၉၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၊ ၁၉၉၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ၂၀၀၁ ခုနှစ်တွင် မလေးရှားနိုင်ငံတို့က အိမ်ရှင်နိုင်ငံများအဖြစ် အသီးသီးလက်ခံကျင်းပခဲ့ကြသည်။ ၂၀၀၂ ခုနှစ် အာဆီယံလူငယ်ချစ်ကြည်ရေးစခန်းချပွဲသည် မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့သော လူငယ်စခန်းချပွဲဖြစ်သည်။

၂၀၀၂ ခုနှစ် လူငယ်စခန်းချပွဲနှင့် ပတ်သက်၍ အကြိုညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ရန်ကုန်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း ကုန်သွယ်မှု ဗဟိုဌာနတွင် ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နှင့် (၂၀) ရက်များတွင် ပြုလုပ်ခဲ့သည်။ ဤအကြိုညှိနှိုင်းအစည်းအဝေးနှင့် (၄) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီအစည်းအဝေးတို့၏ ဆုံးဖြတ်ချက်များအရ အာဆီယံလူငယ်ချစ်ကြည်ရေးစခန်းချပွဲကို 'အနုပညာဖြင့် သနားကြင်နာမှုကို ဖော်ဆောင်ခြင်း' (Honouring Kindness Through the Art) ဟူသောခေါင်းစဉ်ဖြင့် ရန်ကုန်မြို့နှင့်ပုဂံမြို့များတွင် ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ (၁၂) ရက်နေ့အထိ အောင်မြင်စွာကျင်းပခဲ့သည်။

. လူငယ်စခန်းချပွဲ၏ ရည်ရွယ်ချက်များ

၂၀၀၂ ခုနှစ်အာဆီယံလူငယ်စခန်းချပွဲ၏ ရည်ရွယ်ချက်များမှာ

(၁) အာဆီယံ အဖွဲ့ကြီးအပေါ် နားလည်သဘောပေါက်မှု တိုးပွားလာစေရန်

(၂) ယဉ်ကျေးမှု ရှင်သန် မြင့်မားရေးကို ဦးစားပေးတတ်စေရန်

(၃) အာဆီယံလူငယ်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားလာစေရန်တို့ ဖြစ်သည်။

စခန်းချပွဲ၏ အမှတ်တံဆိပ်

၂၀၀၂ ခုနှစ် အာဆီယံလူငယ်စခန်းချပွဲ၏ အမှတ်တံဆိပ်မှာ မြန်မာ့ရိုးရာပစ်တိုင်းထောင်ပုံဖြစ်သည်။ ပစ်တိုင်းထောင်ရုပ်သည် မည်သည့်အနေအထားမျိုးသို့ ပြောင်းလဲထားရှိစေကာမူ ယင်း၏ သဘာဝအရ အမြဲတမ်းမတ်မတ်ထောင်နေနိုင်သကဲ့သို့ အာဆီယံလူငယ်များသည်လည်း မိမိတို့၏စွမ်းအဖြစ် ပုဂံဟိုတယ်တွင်လည်းကောင်း ကျင်းပခဲ့သည်။ ဤစခန်းချပွဲသို့ အာဆီယံအဖွဲဝင်နိုင်ငံအသီးသီးမှ လူငယ်ခေါင်းဆောင်တစ်ဦးနှင့် ပန်းချီ၊ ပန်းပု၊ အက၊ အတီးအမှုတ်ကျွမ်းကျင်သူ လူငယ်ကိုယ်စားလှယ် ၅ ဦးစီနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အစီအစဉ်ညှိနှိုင်းရေးမှူးအပါအဝင် စုစုပေါင်းကိုယ်စားလှယ် ၆၁ ဦး ပါဝင်ဆင်နွှဲခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်များတွင် လူငယ်ခေါင်းဆောင်အဖြစ် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) မှ ဒုတိယပါမောက္ခ (ဂီတ) ဒေါ်ဝေမာဦး၊ လူငယ်ကိုယ်စားလှယ်များအဖြစ် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ ဇာတ်သဘင်ဌာနမှ နည်းပြဒေါ်ဇင်မာမင်း၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)၊ ဂီတဌာနမှ နည်းပြ ဒေါ်ဖြူးအောင်ကျော်၊ နည်းပြဒေါ်အေးနုလှိုင်နှင့် နည်းပြဦးအောင်ကိုမင်း၊ ပန်းချီ ဌာနမှ နည်းပြဦးစိုင်းမောင်မောင်တို့ ပါဝင်ခဲ့ကြသည်။

ရွှေစည်းခုံစေတီတော်အတွင်း လေ့လာကြစဉ်

ရည်ဖြင့် အခက်အခဲအားလုံးကို ကျော်လွှားလျက် အပြုံးမပျက် ခိုင်မာစွာရပ်တည်နေမည့်အဓိပ္ပာယ်ဖြစ်သည်။

စခန်းချပွဲပြုလုပ်ခြင်း

၂၀၀၂ ခုနှစ် အာဆီယံလူငယ်ချစ်ကြည်ရေးစခန်းချပွဲကို စခန်း ၂ ခုဖြင့်ပြုလုပ်ခဲ့ရာ ရန်ကုန်စခန်းအဖြစ် မြရိပ်ညိုဟိုတယ်တွင် လည်းကောင်း၊ ပုဂံစခန်းစားလှယ်များအဖြစ် ယဉ်ကျေးမှု တက္ကသိုလ် (ရန်ကုန်)၊ ဇာတ်သဘင်ဌာနမှ နည်းပြဒေါ်ဇင်မာမင်း၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)၊ ဂီတဌာနမှ နည်းပြ ဒေါ်ဖြူးအောင်ကျော်၊ နည်းပြဒေါ်အေးနုလှိုင်နှင့် နည်းပြဦးအောင်ကိုမင်း၊ ပန်းချီ ဌာနမှ နည်းပြဦးစိုင်းမောင်မောင်တို့ ပါဝင်ခဲ့ကြသည်။

ရိုးရာအစားအစာ ချက်ပြုတ်ခြင်း

စခန်းချဖွင့်ပွဲ အခမ်းအနား

၂၀၀၂ ခုနှစ် အာဆီယံလူငယ်ချစ်ကြည်ရေး စခန်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ မြရိပ်ညိုဟိုတယ်၊ ဘုရင့်နောင်ခန်းမတွင် ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့၊ နံနက် (၉) နာရီတွင် ကျင်းပခဲ့ရာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်ဖွင့်လှစ်၍ အဖွင့်အမှာ စကားပြောကြားခဲ့သည်။

စခန်းတွင်း လှုပ်ရှားမှုများ

လူငယ်စခန်းချပွဲ စခန်းတွင်းလှုပ်ရှားမှုများအဖြစ် နိုင်ငံအလိုက် ယဉ်ကျေးမှုဖျော်ဖြေပွဲများ တင်ဆက်ခြင်း၊ လေ့လာရေးခရီးများသွားရောက်ခြင်း၊ အနုပညာရပ်ဆိုင်ရာ ဟောပြောပို့ချမှုများ၊ အနုပညာ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အနုပညာပြပွဲငယ် ပြုလုပ်ခြင်း၊ ရိုးရာအစားအစာ ချက်ပြုတ်ခြင်း၊ စျေးရောင်းပွဲတော် ပြုလုပ်ခြင်း၊ စုပေါင်းကပွဲတင်ဆက်ခြင်းတို့ကို လူငယ်ကိုယ်စားလှယ်များက အင်တိုက်အားတိုက်ပါဝင်လှုပ်ရှားခဲ့ကြသည်။

နိုင်ငံအလိုက် ယဉ်ကျေးမှု ဖျော်ဖြေပွဲများ တင်ဆက်ခြင်း

အာဆီယံလူငယ်စခန်းချပွဲ၏ အဓိကလှုပ်ရှားမှုတစ်ခုမှာ နိုင်ငံအလိုက်ယဉ်ကျေးမှုဖျော်ဖြေပွဲများ တင်ဆက်ခြင်းဖြစ်သည်။ နိုင်ငံအသီးသီးသည် ဤယဉ်ကျေးမှုဖျော်ဖြေပွဲအတွက် လိုအပ်သည့် အဓိကပစ္စည်းများကို မိမိတို့နိုင်ငံများမှ ယူဆောင်လာကြသည်။ ယဉ်ကျေးမှု ဖျော်ဖြေပွဲများကို မြရိပ်ညိုဟိုတယ်တွင် အောက်တိုဘာလ (၃) ရက်နေ့မှ အောက်တိုဘာလ (၇) ရက်နေ့အထိ ပြုလုပ်ခဲ့ရာ၊ နိုင်ငံအသီးသီးက အနုပညာဖြင့် သနားကြင်နာမှုကို ဖော်ဆောင်သည့် ပဏာမ စာတမ်းတစ်စောင်စီကို တင်သွင်းဖတ်ကြားကြပြီး စိတ်ဝင်စားဖွယ်ကောင်းသော ယဉ်ကျေးမှုကပွဲများကို တင်ဆက်ကပြခဲ့ကြသည်။ ဤယဉ်ကျေးမှု ဖျော်ဖြေပွဲများတွင် လူငယ်ကိုယ်စားလှယ်များသည် မိမိတို့တတ်ကျွမ်းရာ အဆို၊

အက၊ အတီးအမှုတ် အနုပညာရပ်များ၊ လက်မှုအနုပညာရပ်များ၊ စာပေအနုပညာနှင့် ရုပ်/သံပစ္စည်းများကို ပေါင်းစပ်လျက် 'သနားကြင်နာခြင်း' ကို ဖော်ဆောင်တင်ဆက်ခဲ့ကြသည်။

လေ့လာရေးခရီးများ သွားရောက်ခြင်း

ဤစခန်းချပွဲတွင် ပါဝင် ဆင်နွှဲခဲ့ကြသော လူငယ်ကိုယ်စားလှယ်များသည် ရန်ကုန်မြို့နှင့်ပုဂံမြို့များရှိ ထင်ရှားသော ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးရာနေရာများနှင့် ရှေးဟောင်းယဉ်ကျေးမှုဒေသများသို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြသည်။

ရန်ကုန်မြို့တွင် အောက်တိုဘာလ (၃) ရက်နေ့ ၌ ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်သော ထူးခြားထင်ရှားသည့် ရွှေတိဂုံစေတီတော်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာ အမျိုးသားပြတိုက်နှင့် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်တို့သို့လည်းကောင်း၊ အောက်တိုဘာလ (၄) ရက်နေ့တွင် မြန်မာ့ယဉ်ကျေးမှုအနုပညာရှင်များ မွေးထုတ်ပေးရာ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) သို့လည်းကောင်း သွားရောက်လေ့လာခဲ့ကြသည်။

အောက်တိုဘာလ (၆) ရက်နေ့တွင် လူငယ်ကိုယ်စားလှယ်များသည် ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ခုဖြစ်သော ပဒေသာပင်မြို့တော်နှင့် ပန်းလှိုင်ဂေါက်ကွင်းအပန်းဖြေစခန်းတို့သို့ သွားရောက်ခဲ့ကြသည်။

လူငယ်ကိုယ်စားလှယ်များသည် ပုဂံမြို့၊ ပုဂံဟိုတယ်ရှိ လူငယ်ချစ်ကြည်ရေးစခန်းသို့ အောက်တိုဘာလ (၈) ရက်နေ့တွင် ရောက်ရှိခဲ့ကြသည်။ ပုဂံမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ပုဂံစေတီပုထိုးများအနက် အံ့ဖွယ် (၉) ပါးနှင့် ပြည့်စုံသောရွှေစည်းခုံစေတီတော်ထုထည်အကြီးမား၊ အခိုင်ခဲ့ဆုံးဟု ထင်ရှားသော ဓမ္မာရံကြီး ပုထိုးတော်၊ ဗိသုကာလက်ရာ အနုအလှများပြားဆန်းကြယ်လှသော အာနန္ဒာပုထိုးတော်ကြီး၊ နံရံဆေးရေးပန်းချီများ စုဝေးတည်ရှိရာ မြင်းကပါဂူပြောက်ကြီး၊ မြန်မာ့ယွန်းလက်မှုအနုပညာရပ်များကို

ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် လေ့လာစဉ်

ထိန်းသိမ်းပို့ချပေးရာ မြန်မာ့ယွန်းသိပ္ပံတို့သို့ ယင်းနေ့တွင်ပင် သွားရောက်၍ မြန်မာ့ရှေးဟောင်းအနုပညာလက်ရာများကို စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြသည်။

ဟောပြောပို့ချမှုများ

အာဆီယံလူငယ် ချစ်ကြည်ရေးစခန်းချပွဲတွင် လူငယ်ကိုယ်စားလှယ်များ ဗဟုသုတအသိအမြင်တိုးပွားစေရန်အတွက် ဟောပြောပို့ချမှုများကို ပြုလုပ်ခဲ့သည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အစီအစဉ်ညှိနှိုင်းရေးမှူး Mr. Jerry Reyes က 'အာဆီယံအကြောင်း သိကောင်းစရာ' ကိုလည်းကောင်း၊ ရန်ကုန် ယဉ်ကျေးမှုတက္ကသိုလ်မှ အကြံပေးပုဂ္ဂိုလ် ဆရာကြီး ဦးရဲဒွေးနှင့် ဦးရဲထွဋ်တို့က မြန်မာအကနှင့် မြန်မာ့ရုပ်သေးအကြောင်း၊ ရှေးဟောင်းသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်က ပုဂံခေတ်ပိသုကာလက်ရာများအကြောင်း၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးမှ ဦးသန့်စင်က မြန်မာ့ရိုးရာပန်းချီအကြောင်း၊ မြန်မာ့ယွန်းသိပ္ပံမှ ကျောင်းအုပ်ကြီး ဦးယုသိန်းက မြန်မာ့ယွန်းအကြောင်းတို့ကိုလည်းကောင်း အသီးသီးဟောပြောပို့ချခဲ့ရာ လူငယ်များက စိတ်ပါဝင်စားစွာ လေ့လာမှတ်သားခဲ့ကြသည်။

လက်တွေ့အနုပညာလုပ်ငန်းများ

လူငယ်ချစ်ကြည်ရေးစခန်းတွင်း လှုပ်ရှားမှုများအဖြစ် အနုပညာလက်တွေ့လုပ်ငန်းများကို လူငယ်များ၏ ကျွမ်းကျင်ရာအနုပညာအလိုက် ပန်းချီပန်းပုလက်တွေ့ပြုလုပ်ခြင်း၊ တူရိယာပစ္စည်းများ တီးမှုတ်ခြင်း၊ အကလေ့ကျင့်ခြင်း၊ ကဗျာလက်ာများ သီကုံးရေးသားခြင်း စသည်ဖြင့်ခွဲခြားဆောင်ရွက်ခဲ့သည်။ လက်တွေ့အနုပညာလုပ်ငန်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ပြုလုပ်ခဲ့ကြသည်။

(က) ပန်းပုလက်တွေ့လုပ်ငန်း

ပန်းချီပန်းပုကျွမ်းကျင်သူ လူငယ်ကိုယ်စားလှယ်များသည် ပန်းပုလက်တွေ့လုပ်ငန်းတွင် ပါဝင်ခဲ့ကြသည်။ ပန်းပုလက်တွေ့လုပ်ငန်းကို ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပန်းပုဌာနမှ ဦးဆောင်၍ ယဉ်ကျေးမှုတက္ကသိုလ်နှင့် မြရိပ်ညိုဟိုတယ်ရှိ လက်တွေ့လုပ်ငန်းနေရာတွင် ပြုလုပ်ခဲ့ကြသည်။ ပန်းပုလက်တွေ့လုပ်ငန်းတွင် လူငယ်များသည် ရွှံ့စေးရုပ်များ ပြုလုပ်ခြင်း၊ ပလာစတာပုံသွင်းခြင်း၊ ပလာစတာရုပ်များ ပြုလုပ်ခြင်းတို့ကို စိတ်ပါဝင်စားစွာ ပြုလုပ်ခဲ့ကြသည်။

(ခ) မြန်မာ့ရုပ်သေးတင်ဆက်ခြင်းလက်တွေ့လုပ်ငန်း

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ အကြံပေးပုဂ္ဂိုလ် ဦးရဲဒွေးက မြန်မာ့ရုပ်သေးများ တင်ဆက်ဖော်ဖြေခြင်း အစီအစဉ်ကို သရုပ်ပြခဲ့ပြီး အကကျွမ်းကျင်သူလူငယ်များနှင့် လူငယ်စာပေပညာရှင်များသည် မြန်မာ့ရုပ်သေးကြိုးဆွဲကပြမှုပညာကို သင်ယူခဲ့ကြသည်။

(ဂ) ပန်းချီလက်တွေ့ရေးဆွဲခြင်း

ပန်းချီပန်းပု ကျွမ်းကျင်သူလူငယ်များသည် ရန်ကုန်စခန်းအတွင်း ပြုလုပ်ပေးထားသော အလျား (၈)ပေ၊ အနံ(၅)ပေ ရှိသည့်ကင်းဗတ်ပိတ်ကားပေါ်တွင် သနားကြင်နာခြင်းကို ဖော်ကျူးသောပန်းချီပုံများကို မိမိတို့နှစ်သက်သလို ပေါင်းစပ်ရေးဆွဲခဲ့ကြသည်။ လူငယ်ပန်းချီပညာရှင်များသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်ပေါ်မှလည်းကောင်း၊ ပုဂံဟိုတယ်ဝင်းအတွင်းတွင်လည်းကောင်း မိမိတို့နှစ်သက်ရာပုဂံရှုခင်းပုံများကို ရေးဆွဲခဲ့ကြသည်။

(ဃ) ယွန်းပန်းချီလက်တွေ့ရေးဆွဲခြင်း

ယွန်းပန်းချီ လက်တွေ့ရေးဆွဲခြင်းကို ပုဂံမြို့ရှိ မြန်မာ့ယွန်းသိပ္ပံတွင် ပြုလုပ်ခဲ့သည်။ လူငယ်ပန်းချီ၊ ပန်းပုပညာရှင်များသည် သစ်စေးသုတ်ထားသော ယွန်းအဝိုင်းပြားနှင့် ယွန်းခွက်တို့ပေါ်တွင် ကညစ်တံ၊ ဆေး၊ ရွှေဆိုင်းတို့ကို အသုံးပြု၍ ပန်းချီပုံများ ရေးဆွဲခြင်း၊ ရွှေဇဝါယွန်းပန်းချီ ရေးဆွဲခြင်းတို့ကို အခြေခံမှုစ၍ စိတ်ပါဝင်စားစွာ ပြုလုပ်ခဲ့ကြသည်။ မိမိတို့ပြုလုပ်ထားသော အနုပညာလက်ရာများကို လက်တွေ့လုပ်ငန်းပြီးဆုံးချိန်တွင် အမှတ်တရယူဆောင်သွားကြသည်။

(င) ကဗျာလက်ာများ သီကုံးရေးဖွဲ့ခြင်း

လူငယ်စာပေ ပညာရှင်များသည် လူငယ်ချစ်ကြည်ရေးစခန်းချပွဲ၏ ခေါင်းစဉ်နှင့်သက်ဆိုင်သော ကဗျာလက်ာများ၊ သီချင်းများကို စခန်းချပွဲကာလအတွင်း စီကုံးရေးဖွဲ့ခဲ့ကြပြီး၊ ထိုစာပေလက်ရာများကို နံရံကပ်စာစောင်အဖြစ် ပြုလုပ်တင်ပြခဲ့ကြသည်။ လူငယ်ချစ်ကြည်ရေး၊ အနုပညာဖြင့် သနားကြင်နာမှု

ကို ဖော်ဆောင်ခြင်း၊ မြန်မာ့သနပ်ခါး၊ ပုဂံအနုလက်ရာများ၊ ပုဂံမြေ၏အလှအပများ စသည့် အကြောင်းအရာများကို ပေါ်လွင်အောင်စပ်ဆိုခဲ့ကြသည်။

အနုပညာပြပွဲ

လူငယ်ချစ်ကြည်ရေးစခန်းချပွဲတွင် လူငယ်တို့၏ အနုပညာလက်ရာများကို ပြပွဲငယ်တစ်ခုပြုလုပ်ခင်းကျင်းပြသခဲ့သည်။ ဤပြပွဲငယ်ကို မြရိပ်ညိုဟိုတယ်တွင် ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နေ့၌ ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာလ (၁၁) ရက်နေ့အထိ ခင်းကျင်းပြသခဲ့သည်။ ပြပွဲတွင် လူငယ်အနုပညာရှင်များ၏ ပန်းချီကားအမျိုးမျိုး၊ ပန်းပုလက်ရာများ၊ ကြွေထည်ပစ္စည်းများကို ခင်းကျင်းပြသခဲ့ကြသည်။

ရိုးရာအစားအစာချက်ပြုတ်ခြင်း

၂၀၀၂ ခုနှစ် လူငယ်စခန်းချပွဲတွင် အခြားစခန်းချပွဲများ၌ မပါရှိခဲ့ဖူးသော အစီအစဉ်တစ်ခုဖြစ်သည့် ရိုးရာအစားအစာချက်ပြုတ်ခြင်း အစီအစဉ်ကို ထူးထူးခြားခြား ထည့်သွင်းစီစဉ်ခဲ့သည်။ အောက်တိုဘာလ (၉) ရက်နေ့ညနေပိုင်းမှ စတင်ကာ လူငယ်ကိုယ်စားလှယ်များသည် ပုဂံစခန်းချရာ ပုဂံဟိုတယ်အတွင်း မိမိတို့နိုင်ငံအလိုက် ရိုးရာအစားအစာချက်ပြုတ်ခြင်းကို ပြုလုပ်ခဲ့ကြသည်။ အာဆီယံလူငယ်များသည် မိမိတို့ရိုးရာအစားအစာများကို အဖွဲ့လိုက် တပျော်တပါးချက်ပြုတ်ကြရာ ည ၈ နာရီခန့်တွင် ပြီးစီးခဲ့ကြသည်။ လူငယ်တို့သည် မိမိတို့ရိုးရာအစားအစာများကို ခင်းကျင်း၍ အချင်းချင်း လေ့လှယ်စားသောက်ရင်း ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

စွေးရောင်းပွဲတော်

၂၀၀၂ ခုနှစ် လူငယ်ချစ်ကြည်ရေးစခန်းချပွဲ၏ လှုပ်ရှားမှုတစ်ခုဖြစ်သော စွေးရောင်းပွဲတော်ကို အောက်တိုဘာလ (၁၂) ရက်နေ့နံနက်ပိုင်းတွင် မြရိပ်ညိုဟိုတယ် မြက်ခင်းပြင်၌ ပြုလုပ်ခဲ့သည်။ လူငယ်အနုပညာရှင်များသည် စခန်းအတွင်း ၎င်းတို့ကိုယ်တိုင်ပြုလုပ်သော အနုပညာလက်ရာများ၊ မိမိတို့နိုင်ငံများမှ လက်မှုပစ္စည်းများ၊ စခန်းချပွဲ အမှတ်တရပစ္စည်းကို စွေးနှုန်းချိုသာစွာဖြင့် ပျော်ပျော်ပါးပါး ရောင်းချကြရာ သံရုံးများမှတာဝန်ရှိသူများ အပါအဝင် လူငယ်ကိုယ်စားလှယ်များက အချင်းချင်း အားပေးခဲ့ကြသည်။ စခန်းချပွဲ၏ အဓိကခေါင်းစဉ်ဖြစ်သော' အနုပညာဖြင့် သနားကြင်နာမှုကို ဖော်ဆောင်ခြင်း' ထိရောက်စေရန် ရည်ရွယ်၍ ရောင်းချရငွေများအနက် နိုင်ငံအသီးသီးမှ ထည့်ဝင်ငွေများဖြင့် (၂၃၄၁၀၀) ကျပ်ကို မြန်မာနိုင်ငံ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မစွမ်းမသန်ကျောင်းများအတွက် လူငယ်ကိုယ်စားလှယ်များက ပေးအပ်လှူဒါန်းခဲ့ကြသည်။

စခန်းသိမ်းပွဲ

၂၀၀၂ ခုနှစ် အာဆီယံလူငယ်ချစ်ကြည်ရေးစခန်းချပွဲ၏ စခန်းသိမ်းပွဲကို စခန်းနောက်ဆုံးနေ့ဖြစ်သော အောက်တိုဘာလ (၁၂) ရက်နေ့ညတွင် မြရိပ်ညိုဟိုတယ်မြက်ခင်းပြင်၌ ပြုလုပ်ခဲ့သည်။ စခန်းသိမ်းပွဲတွင် လူငယ်အနုပညာရှင်များသည် မိမိတို့ကျွမ်းကျင်ရာ အနုပညာရပ်များအလိုက် အချင်းချင်းစုပေါင်း၍ အဆိုအကများ၊ အတီးအမှုတ်များဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြသည်။ ထို့နောက် စခန်းချပွဲကာလအတွင်း လူငယ်ကိုယ်စားလှယ်များ၏ လှုပ်ရှားမှုများကို စခန်းထို့စတင်ရောက်ရှိချိန်မှ စခန်းသိမ်းပွဲမတိုင်မီအထိ ရိုက်ကူးထားသောဗီဒီယိုမှတ်တမ်းကို ပြသခဲ့သည်။ စခန်းချပွဲအမှတ်တရအဖြစ် လူငယ်တို့၏ လှုပ်ရှားမှုများပါဝင်သော ဓာတ်ပုံအယ်လဘမ်များ၊ ဗီဒီယိုတိပ်ခွေများကို အာဆီယံနိုင်ငံအသီးသီးသို့ ပေးအပ်ခဲ့သည်။

ဒေါ်မြဦး (ယဉ်ကျေးမှုဗီမာန်)

အင်ကျင်နီယာလုပ်ငန်း ထူးချွန်ဆု (၂၀၀၂)။ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ၁၉၉၇ ခုနှစ်၌ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ အသင်းဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့သည်။ အသင်းဝင်နိုင်ငံဖြစ်လာသည်နှင့်အညီ အသင်းကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အစွမ်းကုန်မြှင့်တင်ပေးခဲ့သည်။ အသင်းကြီးမှ အဖွဲ့ဝင်နိုင်ငံတိုင်းက တညီတညွတ်တည်းချမှတ်သော စည်းမျဉ်းစည်းကမ်းများကို လိုက်နာ၍ ပုံမှန်ကျင်းပသော အစည်းအဝေးများသို့ ကျင်းပသည့်နိုင်ငံအလိုက်သွား၍ တက်ရောက်ခြင်း၊ မိမိနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ၍ အစည်းအဝေးကျင်းပခြင်းများကို ပြုလုပ်ခဲ့သည်။

အာဆီယံ (၁၀) နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွလက်တွဲ၍ အကောင်အထည်ဖော်ခဲ့သည့်နည်းတူ အာဆီယံ (၁၀) နိုင်ငံစလုံး တန်းတူဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စရပ်များကိုလည်း ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့သည်။

အာဆီယံအသင်းဝင် ဖြစ်လာသောအခါ ယခင်ကထက်ပို၍ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထူးတလည် ရှေးရှုဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးစနစ်ဖြစ်ခြင်းကြောင့် ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်းကိစ္စကို ရှေ့တန်းတင်၍ ဦးစားပေးဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးမြေရှိသော နေရာတိုင်းတွင် ဆည်မြောင်းတာတမံများ တည်ရှိရေးရည်ရွယ်ချက်ဖြင့် ဆည်မြောင်းတာတမံ တည်ဆောက်ခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံအနှံ့အပြား ဆောင်ရွက်ခဲ့သည်။ ယနေ့တိုင်လည်း ဆောင်ရွက်နေဆဲဖြစ်သည်။

ထိုသို့သော မြန်မာနိုင်ငံတော်၏ဆည်မြောင်းတာတမံ တည်ဆောက်ခြင်းလုပ်အား‌နှင့်လုပ်သားစွမ်းရည်များကို အာဆီယံအင်ဂျင်နီယာအသင်းချုပ်ကြီးက တွေ့မြင်ခဲ့ရာက ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဆည်မြောင်းတာတမံများ တည်ဆောက်မှုလုပ်ငန်းများကို ဂုဏ်ပြုသောအားဖြင့် ဆုတစ်ဆုပေးအပ်ချီးမြှင့်ခဲ့သည်။

ထိုဆုမှာ အင်ဂျင်နီယာလုပ်ငန်းထူးချွန်ဆု (၂၀၀၂) (ASEAN Outstanding Engineering Award 2002) ဖြစ်သည်။ ဆုပေးရခြင်း၏ ရည်ရွယ်ချက်အဓိပ္ပာယ်မှာ အာဆီယံ (၁၀) နိုင်ငံရှိသည့် အနက် ခရစ်နှစ် ၂၀၀၂ အတွင်း အင်ဂျင်နီယာလုပ်ငန်းရပ်များနှင့်ပတ်သက်၍ အထိရောက်ဆုံးအောင်မြင်မှုအရှိဆုံး ထူးချွန်ခဲ့သည့် နိုင်ငံတစ်နိုင်ငံမှ အဖွဲ့အစည်းတစ်ခုအား ဆုချီးမြှင့်ခြင်းဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း၌ အချိန်တိုကာလအတွင်း မြန်မာနိုင်ငံတွင် ဆည်မြောင်းတာတမံများကို အံ့သြဘာနန်းဖြစ်လောက်အောင် တည်ဆောက်ပြီးစီးနိုင်ခဲ့သဖြင့် ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်မှ (၄) ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ကျင်းပသော အာဆီယံအသင်းချုပ်၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်ညီလာခံက ၂၀၀၂ ခုနှစ် အင်ဂျင်နီယာလုပ်ငန်း ထူးချွန်ဆုကို မြန်မာနိုင်ငံဆည်မြောင်းဦးစီးဌာနအား ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ထိုဆုကို ညီလာခံသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲခေါင်းဆောင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါက်တာစိန်မြင့်က လက်ခံရယူခဲ့သည်။

ထူးချွန်ဆုအား သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးနှင့် ဂုဏ်ပြုပွဲတစ်ရပ်ကို ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့က ရန်ကုန်မြို့၊ ကန်တော်ကြီးကရဝိက်ဟိုတယ်၊ ဥတ္တရဆောင်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အားပေးပြီး အပ်နှင်းသော ထူးချွန်ဆုကို ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်းက လက်ခံရယူခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ။ ။ အင်ဒိုနီးရှားနိုင်ငံအား ကာကွယ်စောင့်ရှောက်ရန်အတွက် အင်အားကြီးမားသော လက်နက်ကိုင်တပ်ဖွဲ့ ထူထောင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း သမ္မတမယ်ဂါဝတီဆိုကာနို ပူထရိက ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြောကြားသည်။ အင်အားချည့်နဲ့သော လက်နက်ကိုင်တပ်ဖွဲ့မျိုးကို နိုင်ငံသူနိုင်ငံသား မည်သူတစ်ဦးတစ်ယောက်မျှ လိုလားမည်မဟုတ်ကြောင်း ဂျကာတာမြို့တော်အစိုးရ အိမ်တော်၌ပြုလုပ်သည့် ကာကွယ်ရေးတပ်ဖွဲ့ (တိအင်အိုင်) ခေါင်းဆောင်များ အစည်းအဝေးနောက်ဆုံးနေ့တွင် သမ္မတမယ်ဂါဝတီက ပြောကြားလိုက်ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီ

နိုင်ငံတော် ကာကွယ်ရေး ဘတ်ဂျက်သည် အကန့်အသတ် ရှိသည်ဖြစ်ရာ ရရှိငွေများကို လက်နက်ကိုင် တပ်ဖွဲ့များ အင်အားခိုင်မာရေး လုပ်ဆောင် သွားရန်ကိုလည်း တိအင်အိုင် ခေါင်းဆောင်များအား သမ္မတမယ်ဂါဝတီက တိုက်တွန်းပြောကြားသည်။ စောစောပိုင်းတွင် တိအင်အိုင်အကြီးအကဲ ရေတပ်ဗိုလ်ချုပ်ကြီး စိဒိုနိက သတင်းထောက်များအား တွေ့ဆုံပြောကြားရာ၌ နိုင်ငံတကာအကြမ်းဖက်သမားများ တိုက်ဖျက်သွားရေးနှင့်စပ်လျဉ်း၍ နိုင်ငံခြားတိုင်းပြည်များနှင့် သတင်းအချက်အလက်နှင့် ထောက်လှမ်းရေး သတင်းများ ဖလှယ်သွားရန် အင်ဒိုနီးရှား စစ်ဘက်ဆိုင်ရာတို့က လိုလားကြောင်း ဖော်ပြပါရှိသည်။

သမ္မတ မယ်ဂါဝတီ ဆိုကာနိုပူထရီသည် မတ်လ ၂၈ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ငါးရက်ကြာ အလည်အပတ်ခရီး ပြီးဆုံးသွားပြီဖြစ်သည်။ သမ္မတမယ်ဂါဝတီသည် ခရီးစဉ်အတွင်း တရုတ်ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံကာ စီးပွားရေးနှင့် နိုင်ငံရေးဆက်ဆံမှုခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ခဲ့သည်။ ဘေဂျင်းမြို့တွင်ရှိနေစဉ် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်နှင့် နှစ်နိုင်ငံစလုံးတွင် ကောင်စစ်ဝန်ရုံးအရေအတွက်တိုးမြှင့်ထားရှိရေးကိစ္စရပ်များနှင့် စပ်လျဉ်းသော စာချုပ်ချုပ်ဆိုသည့် အခမ်းအနားများသို့ တက်ရောက်ခဲ့သည်။ တရုတ်သမ္မတ ကျန်ဇီမင်းကလည်း အင်ဒိုနီးရှားနိုင်ငံအား ဦးစားပေးချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ထုတ်ချေးခဲ့သည်။ မယ်ဂါဝတီ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးမှာ ၁၃ ရက်ကြာ အာရှခရီးစဉ်၏ ပထမဦးဆုံးခရီးဖြစ်သည်။

အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီ ဆိုကာနိုပူထရီနှင့် အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော လာအိုနိုင်ငံဝန်ကြီးချုပ် ဘိုညန်ဗိုရာချစ်တို့သည် ဧပြီလ ၂၅ ရက်နေ့က တွေ့ဆုံကာ နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပြီးနောက် ပူးတွဲ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် မယ်ဂါဝတီက သတင်းထောက်များအား မိမိနှင့် လာအိုနိုင်ငံဝန်ကြီးချုပ်တို့သည် ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ငါးဖမ်းခြင်းလုပ်ငန်းစသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း ပြောကြားသည်။ အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အားလျော်စွာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန်လည်း နှစ်နိုင်ငံ သဘောတူညီခဲ့ကြသည်ဟု သမ္မတကပြောကြားသည်။ လာအိုဝန်ကြီးချုပ် ဗိုရာချစ်ကလည်း အပြန်အလှန်ဆက်ဆံရေး ပိုမို ကောင်းမွန်ရန် လိုအပ်ကြောင်းပြောကြားသည်။

အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီကို သူမ၏ ထိပ်တန်းပါတီဝင်အချို့၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးအချို့နှင့်အတူ တွေ့ရစဉ်

အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျက် အင်ဒိုနီးရှားနိုင်ငံ၏ စိတ်နေသဘောထား ဖွံ့ဖြိုးရန်နှင့် စည်းကမ်းကို ထိန်းသိမ်းလိုက်နာတတ်မှု ရှိရေးအတွက် သမ္မတမယ်ဂါဝတီဆိုကာနိုပူထရီက မေလ ၂ ရက်နေ့၌ သတိပေးပြောဆိုလိုက်သည်။ ဂျကာတာမြို့၌ ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ပညာရေးနေ့ အထိမ်းအမှတ် အခမ်းအနားတစ်ခု၌ မိန့်ခွန်းပြောကြားရာတွင် သမ္မတက ထိုသို့သတိပေးပြောဆိုလိုက်ခြင်းဖြစ်သည်။ မိမိတို့နိုင်ငံ၏ စွမ်းဆောင်မှုအရည်အချင်း ထိုးထွင်းသိမြင်တတ်မှု အရည်အချင်းနှင့် အောင်မြင်မှုများရှိလင့်ကစား တစ်ချိန်တည်း၌ မိမိတို့၏ စိတ်နေသဘောထားသည် ရုပ်ပိုင်းဆိုင်ရာနှင့် ရုပ်လောက၏ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ကိုက်ညီမှုမရှိကြောင်း သမ္မတက ပြောဆိုသည်။ သမ္မတမယ်ဂါဝတီသည် အင်ဒိုနီးရှား အစိုးရအပေါ် ပြစ်တင်ရှုတ်ချခံရခြင်းမှ ကင်းဝေးပြီး အနာဂတ် လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရုပ်ပိုင်းဆိုင်ရာနှင့်အတူ စိတ်ပိုင်းဆိုင်ရာများပါ ဖွံ့ဖြိုးပြောင်းလဲရန် လိုက်ကြောင်း ပြောဆိုသည်။

နိုင်ငံတကာဆက်ဆံရေး- သမ္မတမယ်ဂါဝတီဆိုကာနိုပူထရီသည် အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်လည်ပတ်နေသော ဧည့်သည်တော် နယူးဇီလန်ဝန်ကြီးချုပ် ဟယ်လင်ကလပ်နှင့် မေလ ၆ ရက်နေ့က တွေ့ဆုံကာ ဥပဒေမဲ့တရားမဝင် ဝင်ရောက်နေထိုင်သူများကိစ္စနှင့် အခြားသော နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။ မိမိတို့သည် နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်သည့် လူဝင်မှုကိစ္စရပ်များ အပါအဝင် ပညာရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ငါးဖမ်းဆီးရေးနယ်ပယ်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် သမ္မတက သတင်းထောက်များအား ပြောကြားသည်။



အင်ဒိုနီးရှားနိုင်ငံမြို့တော်ဂျကာတာ ရေလွှမ်းမိုးမှုခံရစဉ်

နယူးဇီလန်နိုင်ငံတွင် တရားမဝင်လာရောက် မှား ပြဿနာကိုဖြေရှင်းရာတွင် အင်ဒိုနီးရှားနိုင်ငံ နေထိုင်သည့် လူဝင်မှု ပြဿနာသည် တစ်နေ့တခြား ကြီးထွားလာသည့် ပြဿနာဖြစ်လာကြောင်း၊ သို့ရာတွင် မိမိတို့သည် ကုလသမဂ္ဂစည်းမျဉ်း စည်းကမ်းများနှင့်အညီ အိမ်နီးချင်းနိုင်ငံများနှင့် အတူ ယင်းလူဝင်မှု ပြဿနာကို ဖြေရှင်းနိုင်အောင် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်းဖြင့် နယူး ဇီလန်ဝန်ကြီးချုပ် ဟယ်လင်ကလပ်က ပြောသည်။ အာဖဂန်နစ္စတန်နိုင်ငံမှ တရားမဝင်လာရောက်သူ အားကူညီရန် နယူးဇီလန်ဝန်ကြီးချုပ်က သဘောတူ လက်ခံသည်ဟု အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး က သတင်းထောက်များအား ပြောကြားသည်။ နယူး ဇီလန်ဝန်ကြီးချုပ် ဟယ်လင်ကလပ်သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးအတွက် အင်ဒိုနီးရှား နိုင်ငံတွင် အစိုးရဧည့်သည်အဖြစ် သုံးရက်ကြာ လည်ပတ်ရန် ဂျကာတာမြို့သို့ မေလ ၅ ရက်နေ့က ရောက်ရှိလာခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် တရုတ်ဘာသာစကားကို သင်ကြားသုံးစွဲခြင်းသည် ပညာရေးအတွက် သာမက အင်ဒိုနီးရှားနှင့် တရုတ်ပြည်အကြား ခင်မင်ရင်းနှီးသော ဆက်ဆံရေးအတွက်ပါ ရည်ရွယ်ကြောင်း အင်ဒိုနီးရှားအရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံသည် လိုအပ်လျှင် တရုတ်ပညာရေးဆိုင်ရာ ဗဟိုဌာနကို မကြာမီတွင် ထားရှိမည်ဖြစ်ကြောင်း အမျိုးသား. ပညာရေးဝန်ကြီးဌာနအတွင်းဝန်ချုပ် မာ့စ်မူရီမူချလာ့စ်က ပြောကြားသည်ဟု ကျကာတာတွင် ထုတ်ဝေသည့် ကွမ်ပါစ် သတင်းစာက ဇူလိုင် ၁၁ ရက်နေ့က ဖော်ပြသည်။

စီးပွားရေး- ယမန်နှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံသို့ ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ၄၁ ဒသမ ၅ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ရကြောင်း အင်ဒိုနီရှား အစိုးရရင်းနှီးမြှုပ်နှံမှု ညှိနှိုင်းဆောင်ရွက်ရေးဘုတ် အဖွဲ့ (ဘီကေပီအမ်) က ဖော်ပြသည်။ ဘီကေပီအမ်မှ ထုတ်ပြန်ချက်အရ ယမန်နှစ်အတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာ ၁၀ ဒသမ ၁၆ ဘီလီယံရှိမည်ဟု လျှာထားခဲ့သော်လည်း စီမံကိန်းသစ်များအတွက် ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံသာ ရင်းနှီးနှံခဲ့သည်ကို တွေ့ရှိရကြောင်း ဖော်ပြပါရှိသည်။ လွန်ခဲ့သည့်နှစ်အတွင်းကမူ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဒေါ်လာ ၁၅ ဒသမ ၄၂ ဘီလီယံလျှာထားခဲ့ရာ ဒေါ်လာ ၁၀ ဒသမ ၁၆ ဘီလီယံ သို့မဟုတ် ၆၅ ရာခိုင်နှုန်းခန့် ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ ယင်းသတင်းနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်ကို ဘီကေပီအမ်က ဖော်ပြခြင်းမရှိကြောင်းနှင့် အရာရှိတစ်ဦးကမူ ယင်းရင်းနှီးမြှုပ်နှံမှုများမှာ ရေနံနှင့် မာတ်ဝွေ့မဟုတ်သော ရင်းနှီးမြှုပ်နှံမှုများသာ ဖြစ်ကြောင်း ကျကာတာပို့စ် သတင်းစာက ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံအတွက် ချေးငွေသစ်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၄၁ သန်းကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က အတည်ပြုလိုက်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဘိုဒီရိုနို က ပြောသည်။ အိုင်အမ်အက်ဖ်က အကူအညီပေးရေး အစီအစဉ်ကို ၂၀၀၃ ခုနှစ်တိုင် သဘောတူညီခဲ့ကြောင်း ဝန်ကြီးက ထပ်လောင်းပြောဆိုခဲ့ကြောင်း ဇန်နဝါရီလ ၃၀ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြထားသည်။

သမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီသည် နိုင်ငံတော် စီးပွားရေးလုပ်ငန်းများဆိုင်ရာ တွဲဖက်ဝန်ကြီး လာဆာမာနာဆူကာဒီ ဦးဆောင်သော အထူးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း၊ ထိုအဖွဲ့သည် ဂျပန်နိုင်ငံနှင့် စီးပွားရေးအရ ဆက်ဆံဆောင်ရွက်ရာတွင် မည်ကဲ့သို့ ပြုလုပ်ရမည်ကို အစိုးရအား အကြံဉာဏ်ပေးရန် ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာ ဧပြီလ ၃ ရက်နေ့က ဖော်ပြသည်။

နှစ်နိုင်ငံအကြား စီးပွားရေးဆက်ဆံမှုများ ပိုမိုတိုးတက်စေမည့် နည်းလမ်းများ ရှာဖွေရန် ဂျပန်နိုင်ငံမှ စီးပွားရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ စီးပွားရေးပညာရှင် ဆရီအဒင်းရှ်က ပြောကြားသည်ဟု သတင်းစာတွင် ဖော်ပြသည်။ ဂျပန်နိုင်ငံအသင်းတွင် တက္ကသိုလ်အသီးသီးမှ ကျွမ်းကျင်သူများ ပါဝင်သည်။ ဂျပန်နှင့် အင်ဒိုနီးရှားအသင်းတို့သည် မကြာခဏစီးပွားရေးလုပ်ငန်းများကိစ္စ၊ ဘဏ်လုပ်ငန်းများ ပြန်လည်ပြုပြင်ရေးကိစ္စ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ကိစ္စ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းကိစ္စများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ဆရီက ထပ်မံပြောကြားသည်။

သမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီသည် အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်ရန် အခွန်လွတ်နေ့အစီအစဉ်ကို သဘောတူညီလိုက်ကြောင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဥက္ကဋ္ဌသီယိုတိုမင်က ပြောကြားသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် "အခွန်လွတ်နေ့" အဖြစ် စီစဉ်ပေးရေးမိမိတို့၏ တင်ပြချက်ကို သမ္မတ မယ်ဂါဝတီက အခြေခံမှုအားဖြင့် သဘောတူညီလိုက်ကြောင်း ဂျကာတာတွင် ဧပြီ ၂၂ ရက်နေ့က သမ္မတမယ်ဂါဝတီနှင့်တွေ့ဆုံဆွေးနွေးအပြီးတွင် သတင်းထောက်များကို ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၀၃ ခုနှစ်တွင် ၄ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိ ရှိမည်ဟု အင်ဒိုနီးရှားအစိုးရက မျှော်လင့်ထားကြောင်း အင်ဒိုနီးရှားဘဏ္ဍာရေး

ဝန်ကြီးဌာနနှင့် အင်ဒိုနီးရှား လွှတ်တော်ဘတ်ဂျတ် ကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ဂျကာတာ မြို့တွင် မေလ ၂၁ ရက်နေ့က ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၇ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ ကျဆင်းမည်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသုံး ရူပီးယားငွေကြေးသည်လည်း ဆက်လက်ခိုင်မာလာမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် အမေရိကန်ဒေါ်လာနှင့် ငွေကြေးလဲလှယ်နှုန်းသည် လက်ရှိပေါက်စျေး အကြမ်းဖျင်းအားဖြင့် ရူပီးယား ၉၂၀၀ ရှိနေရာမှ ၈၅၀၀ နှင့် ၉၀၀၀ အကြားသာရှိလာမည်ဖြစ်ကြောင်းဖြင့်လည်း အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

သို့သော် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် အင်ဒိုနီးရှားအစိုးရသည် အောက်လွှတ်တော်အမတ်များ၏ စိန်ခေါ်မှုများကို မကြာခဏ ကြုံရကြောင်း ပြောဆိုပြီး ပါလီမန်အနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မစ္စတာနီလ်က တိုက်တွန်းပြောကြားသည်။ ဩဂုတ်လ ၁ ရက်နေ့၌ ပါလီမန်တွင် သမ္မတမယ်ဂါဝတီဆိုကာနိုပူထရီမိန့်ခွန်းပြောကြားရာတွင် ၂၀၀၃ ခုနှစ် ကုန်ပိုင်း၌ အင်ဒိုနီးရှားအစိုးရသည် အိုင်အမ်အက်ဖ် အကူအညီကို ဖြတ်တောက်လိုက်ရန် ဆုံးဖြတ်ထားကြောင်း ထည့်သွင်းပြောကြားသွားသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး - အင်ဒိုနီးရှားနိုင်ငံအစိုးရသည် တစ်နေ့တစ်ခြား ကြီးထွားလာနေသည့် မူးယစ်ဆေးဝါးအလွဲသုံးမှု တိုက်ဖျက်ခြေမှုန်းရေးအတွက် အာဏာပိုမို အပြည့်အဝရှိသော အဖွဲ့အစည်းတစ်ရပ် ထူထောင်လိုက်ပြီဖြစ်ကြောင်း နိုင်ငံတော် အုပ်ချုပ်ရေးပြုပြင် ပြောင်းလဲမှုဆိုင်ရာ တွဲဖက်ဝန်ကြီး ဖီဇယ်တာမင်းက ပြောသည်။ အသစ်ဖွဲ့စည်းထူထောင်လိုက်သော အဆိုပါ အဖွဲ့အစည်းသည် မူးယစ်ဆေးဝါးပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အာဏာပိုမို ရှိလာမည်ဖြစ်ကြောင်း၊ မူလဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် ညှိနှိုင်းရေးအာဏာပိုင်အဖွဲ့ သက်သက်အဖြစ်နှင့်သာ ရှိနေတော့မည်ဖြစ်ကြောင်း ပြောကြားသည်။ ထို ပြောကြားချက်များကို ဂျကာတာ ပို့စ်သတင်းစာတွင် မတ်လ ၂၇ ရက်နေ့က ဖော်ပြသည်။

မူးယစ်ဆေးဝါးဆိုင်ရာ အမျိုးသား အေဂျင်စီကို ဖွဲ့စည်းထူထောင်ကြောင်း၊ သမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီ၏ သမ္မတရုံးအမိန့်ဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်းဖြင့်လည်း ဆက်လက်ပြောကြားသည်။ အဆိုပါ အေဂျင်စီသည် မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ရောင်းဝယ်သူများအား စုံစမ်းစစ်ဆေးပိုင်ခွင့်နှင့် တရားဥပဒေအရ အရေးယူပိုင်ခွင့်များ ရှိသည်ဟု သိရသည်။

မူးယစ်ဆေးဝါး ပြဿနာသည် အဆောတလျင် အာရုံပြုဆောင်ရွက်ရန် လိုအပ်လာသည့် ပြဿနာဖြစ်ကြောင်း၊ ယင်းအခြေအနေကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် အာဏာပိုမိုရှိသော အဖွဲ့အစည်းတစ်ရပ် ထူထောင်သွားရန် လိုအပ်လာကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မူးယစ်ဆေးဝါးအလွဲသုံးသူ အရေအတွက်သည် တစ်နေ့တခြား တိုးပွားလာနေခြင်းကြောင့် ဖြစ်ကြောင်းဖြင့်လည်း ပြောကြားသွားသည်။ အထူးသဖြင့် ဂျကာတာမြို့ကဲ့သို့သော မြို့ကြီးပြကြီးများတွင် ဖြစ်ပွားနေသော အဓိကမူးယစ်ဆေးဝါးပြဿနာမှာ ဖက်တမင်း စိတ်ကြွရူးသွပ်ဆေးသုံးစွဲမှု တိုးလာနေခြင်းဖြစ်ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်သူများကို ကြီးလေးသော အပြစ်ဒဏ်ပြဋ္ဌာန်းသတ်မှတ်ပေးရန် ဥပဒေအရာရှိများကို သမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီက တိုက်တွန်းလိုက်ကြောင်း ဆင့်ပွားသတင်းက ဇွန် ၂၇ ရက်နေ့က ဖော်ပြလိုက်သည်။ သမ္မတ ဆိုကာနိုပူထရီက မူးယစ်ဆေးဆန့်ကျင် တိုက်ဖျက်ရေးကို ဆောင်ရွက်ခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ပြဿနာကို မဖြေရှင်းနိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် မူးယစ်ဆေးဝါး တရားမဝင်လှုပ်ရှားမှုအဆက်အသွယ်ကို ဖြတ်တောက်ပစ်ရန် တိကျထက်မြက်သော ဆုံးဖြတ်ချက်ကို ရှာဖွေရမည်ဖြစ်သည်။ မိမိတို့သည် ပင်မရေစီးကြောင်းမှ မူးယစ်ဆေး ရာဇဝတ်မှုခင်းများကို နှိမ်နင်းသွားရမည်ဖြစ်သည်။ ရာဇဝတ်မှုခင်း၏ အရင်းအမြစ်ကို ပိတ်ဆို့အောင်မြင်မည်ဆိုလျှင် မူးယစ်ဆေးတရားမဝင်ရောင်းချလည်ပတ်မှုသည် ရပ်တန့်သွားမည်

ဖြစ်သည်ဟု သမ္မတက ပြောကြောင်း အန်တာရာ သတင်းဌာနက ကိုးကားဖော်ပြသည်။

မူးယစ်ဆေးရာဇဝတ်မှုခင်းများကို နှိမ်နင်းရာတွင် အမျိုးသားရေးလှုပ်ရှားမှု အသွင်ဆောင်ရန် အတွက် နိုင်ငံတစ်ဝန်းလုံး၌ ဆောင်ရွက်သွားမည် ဖြစ်သည်။ အင်ဒိုနီးရှားမူးယစ်ဆေးဆန့်ကျင်ရေး အေဂျင်စီက ထုတ်ပြန်သည့် အချက်အလက်အရ အင်ဒိုနီးရှားရဲအဖွဲ့သည် မူးယစ်ဆေးရာဇဝတ် ကောင်များဟု မသက်သာသူ ၄၉၂၄ ဦးကို ဖော်ထုတ်ခဲ့ပြီး မူးယစ်ဆေးရာဇဝတ်မှု ၃၆၁၇ မှုကို ဖော်ထုတ်နိုင်ခဲ့သည့် ဖော်ပြပါ ကိန်းဂဏန်းမှာ ၁၉၉၉ ခုနှစ် ရှိခဲ့သည့် မူးယစ်ဆေးမှုနှင့် နှိုင်းယှဉ်လျှင် နှစ်ဆ နီးပါးဖြစ်သည်ဟု ဆိုသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း- အင်ဒိုနီးရှားအစိုးရသည် အင်ဒိုနီးရှားနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ရှင်သန်လာစေရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ၂၀၀၂ ခုနှစ်ကို အမျိုးသားသဘာဝအခြေခံ ကမ္ဘာလှည့်ခရီးသွားနှစ် အဖြစ် သတ်မှတ်ကြောင်း ကြေညာသည်။ အဆိုပါကြေညာချက်ကို စီးပွားရေးပူးတွဲ ညှိနှိုင်းရေးဝန်ကြီးဒိုရိုဂျာတွမ်ကွမ့်ဂျိုရိုဂျာကတိုက ခေါင်းဆောင်သော အဆင့်မြင့် စီးပွားရေးအရာရှိကြီးများ အစည်းအဝေးအပြီး ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ သဘာဝ အခြေခံကမ္ဘာလှည့်ခရီးသွားနှစ်သည် ဝန်ကြီးဌာနအားလုံး၊ အစိုးရအဖွဲ့အစည်းအားလုံး ပူးပေါင်း ဦးစားပေးလုပ်ဆောင်ရမည့် ကိစ္စဖြစ်သည်ဟု အဆိုပါအစည်းအဝေးက သဘောတူကြကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လေဆိပ်များ၊ သင်္ဘောဆိပ်များနှင့် ပို့ဆောင်ရေးကွန်ရက်များကို လွယ်လွယ်ကူကူ ချောချောမောမောသွားလာနိုင်မည့် အစီအစဉ်များကို အဓိကထား ပြုလုပ်ရလိမ့်မည်ဟု လည်း ကြေညာချက်တွင် ပါရှိကြောင်း ဖေဖော်ဝါရီ လ ၁၃ ရက်နေ့ထုတ် ဂျကာတာပို့စ် သတင်းစာက ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကမ္ဘာလှည့်ခရီးသည်များကို နိုင်ငံတကာနှင့်ယှဉ်ပြိုင် ဆွဲဆောင်နိုင်ရေးအတွက် ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားလာအောင် ဆောင်ရွက်ရန်လည်း အာရုံစိုက်ရလိမ့်မည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းအဖွဲ့သည် ၂၀၀၂ ခုနှစ်ကို နိုင်ငံတကာ သဘာဝ အခြေခံခရီးသွားနှစ်အဖြစ် စောစောပိုင်းက ကြေညာထားသည်။

လာမည့်လများအတွင်း စီးပွားရေးလုပ်ငန်းများကို ပိုမိုကမ်းလှမ်းဖိတ်ခေါ်ရန် စင်ကာပူ အရောင်းကိုယ်စားလှယ် အဖွဲ့ကြီးတစ်ဖွဲ့သည် စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ (အက်စ်တီဘီ) က နှီးဆော်ချက်ဖြင့် ဂျကာတာသို့ စက်တင်ဘာ ၃ ရက်နေ့က ရောက်ရှိလာခဲ့ကြသည်ဟု ဂျကာတာပို့စ်က စက်တင်ဘာ ၄ ရက်နေ့တွင် ရေးသားဖော်ပြလိုက်သည်။ အဆိုပါ အရောင်းကိုယ်စားလှယ်အဖွဲ့တွင် ခရီးသွားလုပ်ငန်းကုမ္ပဏီ ၄၀ မှ ကိုယ်စားလှယ် ၆၀ ပါဝင်သည်ဟု ဆိုသည်။ ခရီးသွားလုပ်ငန်းအဖွဲ့များတွင် ဟိုတယ်များနှင့် ခရီးသွားအေဂျင်စီများ ပါဝင်ကြသည်။ ယင်းအရောင်းကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံတွင် စက်တင်ဘာလ ၆ ရက်နေ့အထိ နေထိုင်မည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် စင်ကာပူ ခရီးသွားလုပ်ငန်းအတွက် အကြီးမားဆုံးဈေးကွက်ဖြစ်ပြီး၊ ယခု အင်ဒိုနီးရှားလူမျိုး အလည်အပတ်ခရီးထွက်သူ ၁ ဒသမ ၃ သန်းရှိခဲ့သည်ဟု စင်ကာပူခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သိန်းဝင်းဇော်

အောင်မြင့်၊ ဦး (ခရစ် ၁၉၄၆ - . . . .)။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ၁၉၉၇ ခုနှစ်မှ စ၍ အာဆီယံအသင်းဝင် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည့် အလျောက် အသင်းကြီးဖွဲ့ဖြိုးတိုးတက်ရေးကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့ရာတွင် ရှေ့တန်းမှပါဝင်ခဲ့သည့် နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံ အသင်းကြီးမှ ချမှတ်ထားသော မူဝါဒများကို တစ်သဝေမတိမ်းလိုက်နာ၍ အသင်းကြီးအား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးခဲ့ရာတွင် စီးပွားရေး၊ လူမှုရေး၊

အာဆီယံဆုရှင်
ဦးအောင်မြင့်

ယဉ်ကျေးမှု၊ ပညာရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ခဲ့သည့်နည်းတူ ဒေသတွင်းမှအနုပညာကိစ္စများကိုလည်း အတူတကွ ဖန်တီးဖော်ထုတ်ခဲ့သည်။

ထို့သို့ ဖန်တီးမှု အနုပညာရပ်များအား ဖော်ထုတ်ခဲ့ရာတွင် ပြိုင်ပွဲအသွင်သဏ္ဌာန်နှင့် ရုပ်လုံးဖော်ခဲ့ရာ၌ မိမိတို့နိုင်ငံတွင်း အဆင့်အနေနှင့် ပဏာမပြုလုပ်ပေးခဲ့မှုများ ရှိခဲ့သည်။

ထိုပြိုင်ပွဲများအနက် ပန်းဆယ်မျိုးစာရင်းဝင် ပန်းချီအနုပညာနှင့်ပတ်သက်၍ နိုင်ငံတွင်းပြိုင်ပွဲအဖြစ် ကျင်းပခဲ့ရာတွင် မြန်မာနိုင်ငံမှ ပန်းချီဆရာ ဦးအောင်မြင့် ၊ ဦးကြိုးမြင့်စော၊ ဦးနေမျိုးအေး၊ ဦးမင်းဇော်နှင့် ဦးမြတ်ကျော်တို့ အရွေးချယ်ခံရပြီး အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းသို့ သွားရောက်ယှဉ်ပြိုင်ခွင့် ရခဲ့သည်။

၂၀၀၂ ခုနှစ်၊ မေလ (၉) ရက်နေ့၌ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း၊ နူဆာနူအာကမ်းခြေရှိ ဘာလီနိုင်ငံတကာကွန်ဗင်းရှင်းခန်းမတွင် ကျင်းပသော (၈) ကြိမ်မြောက် အာဆီယံအနုပညာပြိုင်ပွဲသို့ တစ်နိုင်ငံလျှင် ပန်းချီဆရာ (၅) ဦး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည်နှင့်အညီ မြန်မာနိုင်ငံမှလည်း အထက်ပါ ပန်းချီဆရာ (၅) ဦး သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

ထိုပြိုင်ပွဲတွင် ပန်းချီဆရာဦးအောင်မြင့်က ဆုတစ်ဆုရခဲ့သည်။ ပြိုင်ပွဲတွင် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ အနုပညာရှင် (၅) ဦးစီ၏ လက်ရာပေါင်း (၄၀) ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ရာ အမြင့်ဆုံးဆုတစ်ဆုနှင့် အရွေးချယ်ခံဆု ငါးဆု ချီးမြှင့်ခဲ့သည်။ အမြင့်ဆုံးဆုကို စင်ကာပူနိုင်ငံမှ ဖရန့်စစ် နက်တက်ရောင်ကရရှိပြီး အရွေးချယ်ခံဆုကို မလေးရှားမှ မိုဟာမက်ဆူဟိုင်မီဘင်တိုဟစ်၊ မြန်မာမှ ဦးအောင်မြင့်၊ ဖိလစ်ပိုင်မှ ဘင်ကျာမင်ဒေရစ်အီလေဒါ၊ ထိုင်းမှ ကျာရဲဝပ်ဘွန်ဟေလွင်၊ ဗီယက်နမ်မှ ငုယင်ကွေဟိုင်းတို့က ရရှိခဲ့သည်။

အမြင့်ဆုံးဆုတစ်ဆုအတွက် ဆုရုပ်တုတစ်ခုနှင့် ဆုကြေး အမေရိကန်ဒေါ်လာ ၁၅၀၀၀၊ အရွေးချယ်ခံ ဆုတစ်ဆုအတွက် ဆုရုပ်တုတစ်ခုနှင့် ဆုကြေး အမေရိကန်ဒေါ်လာ ၅၀၀၀ စီ ချီးမြှင့်သည်။

ပန်းချီဆရာ ဦးအောင်မြင့်၏ ပြိုင်ပွဲဝင်ပန်းချီကားမှာ မိခင်များသို့ဂါရဝပြုခြင်း (Homage to the Mothers) အမည်ရှိ ပန်းချီကားဖြစ်သည်။

ထိုဆုရရှိခြင်းသည် မြန်မာနိုင်ငံ၏ အနုပညာလက်ရာအဆင့်အတန်း၊ အနုပညာ ဖွံ့ဖြိုးမှုကို အာဆီယံနိုင်ငံများသာမက တစ်ကမ္ဘာလုံးသို့တိုင်ပြသနိုင်လိုက်ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုကဲ့သို့ နိုင်ငံတော်၏ဂုဏ်ကို ဆောင်ပေးခဲ့သော ပန်းချီဆရာကြီး ဦးအောင်မြင့်ကိုလည်း နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများက ပြန်လည်အသိအမှတ်ပြုသောအားဖြင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပန်းချီဆရာအစည်းအရုံးမှ ပုဂ္ဂိုလ်များ၊ လုပ်ဖော်ကိုင်ဖက်နှင့် ပန်းချီဝါသနာရှင်များက ဂုဏ်ပြုပွဲများပြုလုပ်ပေးကြသည်။

ထိုသို့သော ပွဲများတွင် ပန်းချီဆရာကြီး ဦးအောင်မြင့်က မြန်မာနိုင်ငံအတွက် ဆုတစ်ဆုချိတ်နိုင်ခဲ့၍ ဝမ်းသာဂုဏ်ယူမိကြောင်း ဆုရသော ပန်းချီကားသည် မြန်မာနိုင်ငံထွက်ပစ္စည်းဖြစ်သည့် Shan Paper သို့မဟုတ် Hand made Paper ပေါ်တွင် ရေးဆွဲထားသောကြောင့် ပစ္စည်းရောလက်ရာပါ မြန်မာနိုင်ငံစစ်စစ်အနေနှင့် ဖန်တီး ထားခြင်းအား ပို၍ဂုဏ်ယူမိကြောင်း၊ အဓိကအားဖြင့် မိခင်များ၏ချစ်ခြင်းမေတ္တာကို လေးစားဦးညွတ်ပြီး ရေးဆွဲခြင်းဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ပန်းချီဆရာကြီး ဦးအောင်မြင့် ဆုရရှိခဲ့သော Homage to the Mothers ပန်းချီကားသည် ရှမ်းစက္ကူ (မိုင်းကိုင်စက္ကူ) ပေါ်တွင် တစ်ကြောင်းဆွဲကောက်ကြောင်းနှင့် ရေးဆွဲထားခြင်းဖြစ်သည်။ မူလက

09.a.m.2002
aung myint
solo show



" homage to the mothers"
acrylic on shan paper & canvas 184X184 cm
one of the ASEAN Jurors' choice award (2002)

october 4-27-2002
KENTLER INTERNATIONAL DRAWING SPACE
353 Van Brunt Street, RED HOOK, Brooklyn, New York 11231
718-875-2098 / info@kentlergallery.org / www.kentlergallery.org

အာဆီယံဆုရ ဦးအောင်မြင့်၏ ပန်းချီလက်ရာ

ပန်းချီကားငယ် (၆) ကား ဖြစ်ပြီးနောက်မှ ထို (၆) ကားကို ပူးပေါင်း၍တစ်ကားတည်းအဖြစ် ဖန်တီးဖော်ဆောင်ထားခြင်း ဖြစ်သည်။

ထိုပန်းချီကားသည် ပန်းချီဆရာကြီး ဦးအောင်မြင့်၏ တစ်ကိုယ်တော်ပန်းချီပြပွဲအတွက် ရေးဆွဲထားခြင်းဖြစ်သော်လည်း အာဆီယံပန်းချီပြိုင်ပွဲ ကျင်းပမည်ဆိုသောအခါ ပြိုင်ပွဲဝင်ရန်အသင့် တော်ဆုံးဖြစ်မည်ဟု ယူဆသဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

အနုပညာရှင် ကိုယ်၌က ပန်းချီကားပေါ်တွင် ကျေနပ်နှစ်သက်မှုရှိခြင်းနှင့် နိုင်ငံတော်အတွက် ဆုယူပေးနိုင်မည်ဟု ယုံကြည်ယူဆခဲ့သဖြင့် ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်သောကြောင့် ပန်းချီဆရာ၏အနုပညာစိတ်နှင့် အမိနိုင်ငံတော်အတွက် တာဝန်သိစိတ်များကလေးစားဖွယ်ကောင်းသည်ဟု ဆိုနိုင်သည်။

ထိုသို့သော ပန်းချီအနုပညာရှင်ကြီးသည် ပန်းချီမျိုးရိုးမရှိသော မိသားစုမှမွေးဖွားလာခဲ့သည်။ ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်နေ့တွင် ဦးကျော်စိန်နှင့် ဒေါ်စောသီတို့က မွေးဖွားခဲ့သည်။ ဟင်္သာတမြို့တွင် ကြီးပြင်းခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် တက္ကသိုလ်သို့ ရောက်ရှိကာ ပညာသင်ကြားခဲ့သည်။ ၁၉၆၇-၆၈ ပညာသင်နှစ်၌ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ စိတ်ပညာအဓိကဖြင့် M.A (Q) ဘွဲ့ကို ရရှိခဲ့သည်။

ပန်းချီဆရာကြီး ဦးအောင်မြင့်သည် ကျောင်းသားဘဝကပင် ပန်းချီပညာကိုစိတ်ဝင်စားခဲ့ရာမှ ပန်းချီကားများကိုရေးဆွဲခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် ဆီဆေးပန်းချီကားများကို စတင်ရေးဆွဲခဲ့သည်။

ပန်းချီရေးသက် ရလာသောအခါ ပန်းချီပြပွဲများတွင် ဝင်ရောက်ပြသခဲ့သည်။ ငွေရတု၊ မိုးရတု၊ ဆောင်းရတု ပန်းချီပြပွဲများတွင် ပါဝင်ပြသခဲ့ပြီး ခေတ်ပေါ်ပန်းချီလှုပ်ရှားမှုကို စိတ်အားထက်သန်လာရာမှ ဇင်္ဂမီ ခေတ်သစ်ပန်းချီပန်းပုပြပွဲတွင် (၁၁) ကြိမ်မြောက်အထိ ပါဝင်ပြသခဲ့သည်။

၁၉၇၅ ခုနှစ် ကာလပတ်ဝန်းကျင်များတွင် ဧရာဝတီ အနုပညာခန်းမနှင့် Parabeik De' pot စသည့် ပန်းချီဆိုင်ရာလုပ်ငန်းများကို မိတ်ဆွေသူငယ်ချင်းများနှင့် ပူးတွဲလုပ်ဆောင်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် ဇွဲသတ္တိဂျာနယ်၌ အယ်ဒီတာတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၈၉ ခုနှစ်မှစ၍ The Inya Gallary of Art ကို စတင်တည်ထောင်ခဲ့ပြီး ပန်းချီလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ ပန်းချီပြပွဲများကို မြန်မာနိုင်ငံတွင် သာမက ဂျပန်၊ စင်ကာပူ၊ ဂျာမနီ၊ ဟော်လန်နိုင်ငံများတွင် ကျင်းပပြုလုပ်ခဲ့သည်။

ပန်းချီဆရာကြီး ဦးအောင်မြင့်သည် သူ၏အနုပညာသက်တမ်းတစ်လျှောက်လုံးတွင် ခေတ်ပေါ်ပန်းချီများကို တစိုက်မတ်မတ် ရေးဆွဲခြင်းဖြင့် ရှင်သန်လာခဲ့သူဖြစ်သည်။ ခေတ်ပေါ်ပန်းချီပညာရပ်များကိုလည်း အမြဲမပြတ်လေ့လာကာ မိမိ၏အနုပညာဘဝကို တီထွင်ဆန်းသစ်မှုများနှင့် တည်ဆောက်ခဲ့သည်။

ပန်းချီဆရာကြီး ဦးအောင်မြင့်သည် Contemporary Art ဟုခေါ်သော ခေတ်ပြိုင်အနုပညာ၊ Instrallation Art ဟုခေါ်သော တင်ဆက်ပြသမှုအနုပညာ၊ Performance Art ဟုခေါ်သော သရုပ်ပြတင်ဆက်မှု အနု ပညာများကို လေ့လာလိုက်စား၍ ရေးဆွဲခဲ့သော ပန်းချီကားထဲတွင် ထိုသဘောများ ပါဝင်စေခဲ့သည်။

ဇော်ဝင်းထွန်း

အိန္ဒိယနိုင်ငံ ။ ။ ၂၀၀၁ခုနှစ် ဒီဇင်ဘာလအတွင်းက အကြမ်းဖက်သမားတစ်စုသည် နယူးဒေလီရှိ အိန္ဒိယပါလီမန်ကို ချဉ်းကပ်တိုက်ခိုက်ခဲ့ကြသည်။ ဤသို့တိုက်ခိုက်မှုကို အကြောင်းပြုပြီး ဇန်နဝါရီလ တစ်လျှောက်လုံးတွင် အိန္ဒိယနှင့် ပါကစ္စတန်တို့ အကြား စစ်ရေး၊ သံတမန်ရေးတို့အရ အလွန်တင်းမာခဲ့သည်။ သို့သော် စစ်ဖြစ်သည်အထိတိုးခဲ့မလာခဲ့ပေ။ ဇန်နဝါရီလ ၅-၆ ရက်များတွင် နီပေါနိုင်ငံတွင် ပြုလုပ်သော (၁၁) ကြိမ်မြောက်တောင် အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအသင်း၏ ထိပ်သီးအစည်းအဝေးသို့ အိန္ဒိယဝန်ကြီးချုပ် ဗာဂျ်ပေယီ တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေး၌ ပါကစ္စတန်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးမူရာရက်ဖ်က လက်ဆွဲနှုတ်ဆက်လိုကြောင်း အမူအရာများပြခဲ့သော်လည်း ဗာဂျ်ပေယီသည် တုံ့ပြန်

အိန္ဒိယ-ပါကစ္စတန်
နယ်စပ်ဒေသတွင်
ကင်းလှည့်နေသော
အိန္ဒိယ
စစ်သားများ

ခြင်းမပြုဘဲ နေခဲ့သည်။ ထိုအစည်းအဝေး၌ သူတို့ နှစ်ဦးသည် ဘေးချင်းယှဉ်၍ ထိုင်ခဲ့ကြသည်။

ဗာ့ဂျ်ပါယီနှင့် အိန္ဒိယဝန်ကြီးများသည် တင်းမာသော သဘောထားရှိသည်။ ရက်ဖ်က ကက်ရှ်မီးယားဒေသရှိ မွတ်ဆလင်ခွဲထွက်ရေးသမား များအား နိုင်ငံရေးနှင့် စိတ်ဓါတ်ရေးတို့ အရထောက် ခံဆဲဖြစ်စေကာမူ နှစ်နိုင်ငံတွေ့ဆုံ ဆွေးနွေးလို ကြောင်း၊ စစ်ရေးထိပ်တိုက်ရင်ဆိုင် တွေ့ကြုံမှုမှ ဆုတ် ခွာကြစေလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ သည်။

ဇန်နဝါရီ ၁၂ ရက်နေ့က မူရှာရက်ဖ်သည် သမိုင်းဝင်မိန့်ခွန်း ပြောကြားခဲ့သည်။ ထိုမိန့်ခွန်း၌ မူရှာရက်ဖ်က ပါကစ္စတန်သည် ဂိုဏ်းဂဏဝါဒကို လက်မခံကြောင်း၊ အကြမ်းဖက်သမားများကို နှိမ်နင်း သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ သို့ရာတွင် ပါကစ္စတန်ကို အခြေစိုက်လှုပ်ရှားခဲ့သော အကြမ်း ဖက်သမား ၂၀ ကိုမူ အိန္ဒိယသို့လွှဲပြောင်းပေးရန် ငြင်းဆန်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ မူရှာရက်ဖ်၏ အဆိုပါမိန့်ခွန်းကို အိန္ဒိယက ကြိုဆိုခဲ့သည်။ ရန်လို မုန်းတီးမှုလေသံများလည်း လျော့သွားခဲ့သည်။ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၊ အမေရိကန် နိုင်ငံခြား ရေးဝန်ကြီး ကောလင်းပါဝဲလ်တို့၏ ကြိုးပမ်းမှုများ ကြောင့်လည်း နှစ်နိုင်ငံတင်းမာ မှုများလျော့ပါးသွား ခဲ့သည်။

ဇန်နဝါရီ ၂၂ ရက်နေ့က မော်တော်ဆိုင် ကယ်စီးလာသော သေနတ်သမား ၄ ဦးသည် ကာလကတ္တားမြို့ရှိ အမေရိကန်ပြန်ကြားရေးရုံး ကို တိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ခိုက်မှုကြောင့် အမေရိကန်နိုင်ငံသား တစ်ဦးတစ်ယောက်မျှ ထိခိုက် သေဆုံးခြင်းမရှိသော်လည်း အိန္ဒိယအစောင့်ရဲတပ်ဖွဲ့ ၅ ဦးသေဆုံးပြီး လူပေါင်း ၂၅ ဦး ဒဏ်ရာရသွား ခဲ့ကြသည်။ တိုက်ခိုက်မှုကို အဖွဲ့နှစ်ဖွဲ့က ပြုလုပ်ခဲ့ ကြောင်း ရဲတပ်ဖွဲ့သို့ တယ်လီဖုန်းဖြင့် အကြောင်း ကြားသည်။ တစ်ဖွဲ့မှာ ဒေသခံလူဆိုးအဖွဲ့ဖြစ်သည်။ အဖွဲ့ခေါင်းဆောင် သည် အာရပ်စော်ဘွားများနိုင်ငံ ၏ မြို့တော်ဒူဘိုင်း တွင် အခြေစိုက်လှုပ်ရှားနေသူ ဖြစ်သည်။ အခြားတစ်ဖွဲ့မှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင်

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၃) ဆိုင်ရာ
အမှားပြင်ဆင်ချက်များ

စာမျက်နှာ	ကော်လံ/ကြောင်းရေ	အမှား	အမှန်
၉၈	၂/၁၉	... Rithts of the child	Rights of the child
၉၉	၁/၁၆	... Schizophrania	... Schizophrenia
၉၉	၂/၂၃	... Reserach	... Research...
၉၉	၂/၂၃	... Elaminating ...	... Eliminating
၉၉	၂/၃၆	Obescity ...	Obesity ...
၁၀၀	၁/၄	... Kisure...	... Leisure ...
၁၀၁	၁/၂၉	... Strengthning ...	... Strengthening ...
၁၅၁	၂/၈	မော်ပါဘွန်းကပ် . . .	မော်ပါဆွန်း၏ Moon Light
၁၅၁	၂/၁၀	၁၉၅၁ တွင် ရန်ကုန် တက္ကသုလ်မှ	၁၉၅၅ တွင် ရန်ကုန် တက္ကသိုလ်မှ . . .
၁၅၂	၁/၂၂	စွန့်စားရသောနွေညများ	စွန့်ခွာရသော နွေညများ
၁၅၂	၂/၁၉	ခပ်သိမ်းကဗျာ ရဲဖွယ်	ခပ်သိမ်းကလျာ ရှုဖွယ်
၁၅၂	၂/၂၀	တွံတေးကဗျာ မဂ္ဂဇင်း	ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း
၃၁၂	၁/၂၃	M.A (Q) ဘွဲ့ကို ရရှိခဲ့သည်။	M.A(Q)နှင့်အောင်မြင်ခဲ့သည်။
၃၁၂	၂/၁၇	Instrallation Art ...	Installation Art ...

အခြေစိုက်လှုပ်ရှားနေသော အစွန်လာမ်စစ်သွေးကြွအုပ်စုတစ်စု ဖြစ်သည်။ ရဲတပ်ဖွဲ့၏ ယူဆချက် အရ အစွန်လာမ်စစ်သွေးကြွများသည် ပါကစ္စတန်နိုင်ငံမှ စစ်တပ်ထောက်လှမ်းရေးအဖွဲ့နှင့်အဆက် အသွယ် ရှိကြသည်ဟုဆိုသည်။ ထို့ပြင် အနောက်ဘင်္ဂလား ပြည်နယ်ရှိ မြေအောက်ဒုစရိုက်ဂိုဏ်းနှင့်လည်းအဆက်အသွယ် ရှိကြသည်။

ပါကစ္စတန်နှင့် တင်းမာမှုဆက်လက် ဖြစ်ပေါ်နေချိန်တွင် စစ်ရေးထိန်းချုပ်မှု ပြုလုပ်ထားရန် နိုင်ငံတကာကပန်ကြားနေစဉ် အိန္ဒိယလွတ်လပ်ရေးနေ့မတိုင်မီ တစ်ရက်အလို ဇန်နဝါရီ ၂၅ ရက်နေ့တွင် အိန္ဒိယက တာလက်ပြေး ဒုံးကျည်တစ်လုံးကို ဘင်္ဂလားပင်လယ်အော်တွင် ပစ်လွှတ်ခဲ့သည်။ ထို ဒုံးကျည်သည် ကီလိုမီတာ ၇၀၀ ပြေးသည်။ ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်တို့က ယင်းလုပ်ရပ်ကို ဝေဖန်ပြစ်တင်ခဲ့သည်။ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးက အိန္ဒိယအနေဖြင့် ၁၉၉၈ ခုနှစ်တွင် လုံခြုံရေးကောင်စီက ချမှတ်ထားသော ဆုံးဖြတ်ချက်အမှတ် ၁၁၈၂ ကို လိုက်နာရန်တိုက်တွန်းခဲ့သည်။ အိန္ဒိယနှင့် ပါကစ္စတန်တို့ကို အဏုမြူလက်နက်တပ်ဆင်ပစ်လွှတ်နိုင်သော ဒုံးကျည်များကို ထုတ်လုပ်ခြင်းမပြုကြရန်လည်းတောင်းဆိုခဲ့သည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဂူဂျာရက်ပြည်နယ်၌ မီးရထားတစ်စင်းတိုက်ခိုက်ခံရမှုကို အကြောင်းပြုပြီး ဘာသာရေးဂိုဏ်း အဓိကရုဏ်း လှုပ်ရှားမှုပေါ်ပေါက်ခဲ့သည်။ ဟိန္ဒူ ဘာသာရေးစိတ်ပြင်းထန်သူတစ်စုသည် ဥတ္တရာ ပရာဒေ့ရှ်ပြည်နယ်ရှိ အယုဒ္ဓယမြို့သို့ သွား ရောက်ခဲ့ကြသည်။ ၁၉၉၂ ခုနှစ်က ဟိန္ဒူ လူအုပ်စုများသည် အယုဒ္ဓယမြို့ရှိ ဘာဘရီ အမည်ရှိ မွတ်ဆလင်ဗလီတစ်ခုကို ဖြိုဖျက်ပစ်ခဲ့ကြသည်။ ကမ္ဘာ့ဟိန္ဒူကောင်စီက ထိုနေရာတွင် ရာမအားရည်စူးလျက် ဟိန္ဒူဘုရားရှိခိုးကျောင်းဆောက်မည်ဟု အဓိဌာန်ပြုခဲ့ကြသည်။ ထိုသို့သမိုင်းကြောင်းရှိသော အယုဒ္ဓမြို့မှ ဟိန္ဒူခရီးသွားတစ်စု



ရွှေကောက်ပွဲအတွက် စည်းရုံးမဲဆွယ်ရန်ပြင်ဆင်နေသော ဘိဂျေပီဌာနခွဲတစ်ခုကို တွေ့ရစဉ်

သည် မီးရထား ဖြင့် ပြန်လာခဲ့ကြသည်။ ဂူဂျာရတ် ပြည်နယ်ရှိ ဘူတာသို့အရောက်တွင် မီးရထားပေါ်မှ ဟိန္ဒူ ခရီးသွားများက ဘူတာရှိ မွတ်ဆလင်များကို နောက်ပြောင်ခဲ့ကြသည်။ ဒေါသဖြစ်သွားသော မွတ်ဆလင်များက ရထားတွဲနှစ်တွဲကို မာတ်ဆီလောင်မီးရှို့ပစ်လိုက်ကြသည်။ မီးရထားပေါ်တွင် ပါလာသော ဟိန္ဒူ ၅၈ ဦးတို့ သည် အရှင်လတ်လတ် မီးလောင်သေဆုံး ခဲ့ရသည်။ ၄၃ ဦး ဒဏ်ရာရသည်။ ဤဖြစ်ရပ်ကို အကြောင်းပြုလုပ်၍ အဓိကရုဏ်း ဖြစ်သည်။

ဖေဖော်ဝါရီလအတွင်းက ပြည်နယ်လေးခု၌ လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲများ၌ အာဏာရ ညွှန့်ပေါင်းအဖွဲ့ကို ဦးဆောင်နေသည့် ဘီဂျေပီပါတီသည် ဆိုးဆိုး ဝါးဝါး ရှုံးနိမ့်လျက်ရှိသည်။ အိန္ဒိယတွင်လူဦးရေအများဆုံးဖြစ်သော ပြည်နယ်ဖြစ်သည့် ဥတ္တရာပရာဒေ့ရှ်တွင် အမတ်နေရာ ၁၄၆ နေရာဖြင့် ဆိုရှယ်လစ်ဝါဒီပါတီက ပထမရပြီး ဘီဂျေပီပါတီက အမတ်နေရာ ၁၀၇ ဖြင့် ဒုတိယ ရနေသည်။ ပန်ဂျပ် ပြည်နယ်တွင် ဘီဂျေပီပါတီက အမတ် ၃ နေရာသာရပြီး ကွန်ဂရက် ပါတီက ၆၂ နေရာရရှိထားသည်။ ဥတ္တရံချားလ်တွင် ဘီဂျေပီက ၁၉ နေရာ၊ ကွန်ဂရက်ပါတီက ၃၆ နေရာ အသီးသီးရရှိနေသည်။ မဏိပူရ်တွင် ဘီဂျေပီက ၄ နေရာ၊ ကွန်ဂရက်ပါတီက ၃၃ နေရာရရှိထားသည်။ ထို ပြည်နယ်ရွေးကောက်ပွဲများ၌ အခြားပါတီဝင်ယ်ကလေးများကလည်း အမတ်နေရာ တိုးတက်ရရှိနေကြသည်။ ထို့ကြောင့် ယင်းပြည်နယ်လေးခု၌ ဘီဂျေပီက အစိုးရဖွဲ့နိုင်ရန် အခွင့်အလမ်းလျော့နည်းသွားခဲ့သည်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီး ယာ့ရှ်ဝန်ဆင်ဟာက ၂၀၀၂ - ၂၀၀၃ ခုနှစ်အတွက် ဘတ်ဂျက်ကို တင်ပြခဲ့သည်။ အသုံးစရိတ်စုစုပေါင်း ရူပီ ၂၇၀၂ ဘီလီယံ ရှိသည်ဟု တင်ပြထားသည်။ ဘတ်ဂျက်လိုငွေမှာ ဂျီဒီပီ၏ ၅ ဒသမ ၃ ရာခိုင်နှုန်းဖြစ်သည်။ ယခု ဘတ်ဂျက်၏ ထူးခြားသောအချက်များမှာ ကာကွယ်ရေးအသုံးစရိတ် ၄ ဒသမ ၈ ရာခိုင်နှုန်းတိုးထားခြင်း၊ ဝင်ငွေခွန်အပေါ်နောက်ထပ် ၅ ရာခိုင်နှုန်းဆောင်းထားခြင်း စသည့်တို့ဖြစ်သည်။

အမေရိကန်ပူးတွဲစစ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ပိုလ်ချုပ်ကြီး ရစ်ချက်မိုင်းယားစ် အိန္ဒိယသို့ အလည်အပတ်ရောက်လာခိုက် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် အမေရိကန်က အိန္ဒိယသို့ လက်နက်ရှာရေဒါစနစ်ကို ရောင်းချပေးမည်ဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်းသွားလာရေးတွင် အကြမ်းဖက်မှုနှင့် ပင်လယ်ဓားပြတို့၏ ဘေးရန်ကာကွယ်ရေးတွင် နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အဏုမြူဒုံးကျည် ဖောက်ခွဲစမ်းသပ်ခဲ့မှုကြောင့် ပိတ်ပင်ထားခဲ့ရာမှ ယခုတစ်ကြိမ်သည် ပထမဆုံး စစ်လက်နက်ပစ္စည်း ရောင်းချပေးခြင်းဖြစ်သည်။ အိန္ဒိယသည် အစဉ်အလာ မဟာမိတ်ဖြစ်သောရုရှားနှင့်လည်း စစ်ရေးအရ ဆက်လက်ပူးပေါင်းလျက်ရှိသည်။ တိုက်လေယာဉ်အငယ်စား များ၊ တင့်ကား များနှင့် လေယာဉ်တင် သင်္ဘောကိုပါ ဝယ်ယူရန်စီစဉ်လျက်ရှိသည်။

ကမ္ဘာ့ဟိန္ဒူကောင်စီသည် အယုဒ္ဓယရှိ ဗလီပျက်နေရာတွင် ဟိန္ဒူနတ်ဘုရားရာမအား ရည်စူးလျက် ဘုရားကျောင်းတော်စတင်ဆောက်လုပ်ရန် မတ်လ ၁၅ ရက်နေ့ကို အခါကောင်းရွေးခဲ့သည်။ ဟိန္ဒူတို့က ဗလီပျက်နေရာသည် ရာမမွေးဖွားရာနေရာဟု စွဲမှတ်ထားကြသည်။ ဤကိစ္စနှင့် ပတ်သတ်၍ တရားရုံး၏အဆုံးအဖြတ်ကို စောင့်ဆိုင်းနေဆဲဖြစ်သည်။ ဤအတွင်းကျောင်းတော်ဆောက်မည်ဟု ဇွတ်တိုးခဲ့သဖြင့် အစိုးရက အရံစစ်သည် ၃၇၀၀ ပို့လွှတ်၍ ကျောင်းတော်မဆောက်ဖြစ်အောင် တားဆီးခဲ့သည်။ စေတနာ့ဝန်ထမ်းဆောက်လုပ်ရေးသမား ၁၀၀၀၀ကိုလည်း ကြိုတင်ထိန်းသိမ်းခဲ့သည်။ ဤသို့ဖြင့် ဘာသာရေး အဓိကရုဏ်းကြီးတစ်ခုကို ရှောင်ကွင်းနိုင်ခဲ့သည်။

ဂူလာရက်ပြည်နယ်တွင် ဘာသာရေး၊ လူမျိုးရေး အဓိကရုဏ်းများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် မတ်လ ၁၂ ရက်နေ့အထိ စာရင်းအရ လူပေါင်း ၇၀၀ ခန့် သေဆုံးခဲ့ရသည်။ မတ်လနှောင်းပိုင်းတွင် ဗဟိုအစိုးရက စစ်တပ်များစေလွှတ်လိုက်သဖြင့် ဆူပူသတ်ဖြတ်မှုများ လျော့နည်းသွားခဲ့သည်။ နေဝင်မီးငြိမ်းအမိန့်များထုတ်၍ လူစုလူဝေးဖြင့် လှုပ်ရှားမှုများကိုလည်း တားမြစ်ပိတ်ပင်ထားခဲ့သည်။

မတ်လ ၂၆ ရက်နေ့တွင် အိန္ဒိယပြည် ထောင်စုလွှတ်တော်၌ အထက်နှင့် အောက်လွှတ်တော်နှစ်ရပ်ပေါင်းကျင်းပကာ အကြမ်းဖက်ဝါဒကာကွယ်ရေးဥပဒေနှင့် သက်ဆိုင်သော ဥပဒေကြမ်းကို အတည်ပြုခဲ့ကြသည်။ လွတ်လပ်ရေးရပြီးခါနှစ်မှ စ၍ လွှတ်တော်နှစ်ရပ်ပေါင်းအတွင်း အစည်းအဝေးပြုလုပ်ခြင်းသည် ယခုတစ်ကြိမ်နှင့်မှ သုံးကြိမ်သာ ရှိသေးသည်။ အစိုးရက ဤဥပဒေသည် အိန္ဒိယ၌ အကြမ်းဖက်မှုများ ရှိနေသဖြင့် လည်းကောင်း၊ ကုလသမဂ္ဂဆုံးဖြတ်ချက်အရ နိုင်ငံတကာ ကတိကဝတ်များ ရှိနေသဖြင့်လည်းကောင်း လိုအပ်သည်ဟု ပြောခဲ့သည်။ အတိုက်အခံပါတီများက ဤဥပဒေကို အကြောင်းပြလျက် လူ့အခွင့်အရေးများ ဆုံးရှုံးခံရမည်ကို စိုးရိမ်ခဲ့ကြသည်။ လူနည်းစုတို့အပေါ် အနိုင်ကျင့်မှုများရှိလာမည်ဟု ဆိုခဲ့ကြသည်။

မေလတွင် အစွန်လာမ်စစ်သွေးကြွများက ကက်ရှ်မီးယားတွင် အခြေစိုက်ထားသည့် အိန္ဒိယစစ်စခန်းတစ်ခုကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူ ၃၄ ဦး သေဆုံးသွားခဲ့ရသည်။ ထိုအချိန်တွင် အိန္ဒိယနှင့် ပါကစ္စတန်နယ်နိမိတ်တစ်လျှောက်တွင်လည်းကောင်း၊ ကက်ရှ်မီးယားဒေသရှိ ထိန်းချုပ်ရေးမျဉ်းကြောင်းတွင်လည်းကောင်းနှစ်နိုင်ငံတို့မှ တပ်များစုပုံနေသည်မှာ အင်အားတစ်သန်းခန့် ရှိနေသည်။ သို့ဖြစ်၍ နိုင်ငံတကာမှ သံတမန်များသည် ထိုနှစ်နိုင်ငံသို့ အခေါက်ခေါက်အခါခါသွားလာလှုပ်ရှားခဲ့ကြသည်။ မေလကုန်အထိ နှစ်နိုင်ငံအကြားတင်းမာမှုသည် ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ ဇွန်လအတွင်း၌ အမေရိကန်၏ကြိုးပမ်းမှုကြောင့် နှစ်နိုင်ငံတင်းမာမှုလျော့ပါးသွားခဲ့သည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် သမ္မတရွေးကောက်တင်မြှောက်ရေးအဖွဲ့က အသက် ၇၀ အရွယ်ရှိ အဗ္ဗဒူလ်ကာလမ်အား သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ပြီးဖြစ်ကြောင်းကြေညာခဲ့သည်။ အဗ္ဗဒူလ်ကာလမ်အား သမ္မတလောင်းအဖြစ် အာဏာရညွှန့်ပေါင်းအဖွဲ့၊ အတိုက်အခံကွန်ဂရက်ပါတီနှင့် အခြားပါတီများကပါ ထောက်ခံခဲ့သည်။

စက်တင်ဘာလတွင် ကက်ရှ်မီးယားရွေးကောက်ပွဲများစတင်ကျင်းပခဲ့သည်။ ခွဲထွက်ရေးသမားတို့၏လက်ချက်ကြောင့် အမတ်လောင်းတစ်ဦး အပါအဝင်ပါတီလှုပ်ရှားသူများနှင့် အရပ်သားများ စုစုပေါင်း ၅၀၀ နီးပါးခန့်သေဆုံးခဲ့သည်။

စက်တင်ဘာအတွင်း မိုးခေါင်ရေရှားသည့် အိန္ဒိယတောင်ပိုင်းမှ ကာနာတာကာပြည်နယ်နှင့် တမီလ်နာဒူးပြည်နယ်တို့အကြား ရေအငြင်းပွားမှု ဖြစ်ခဲ့သည်။ ကောဝရီမြစ်ရေကို ခွဲဝေသုံးဆောင်ရေး၌ မြစ်ရေထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့၏ အမိန့်ကို ကာနာတာကာဝန်ကြီးချုပ်က မလိုက်နာဘဲနေခဲ့ရာ ဤသို့အငြင်းပွားမှုဖြစ်ပေါ်လာခဲ့သည်။ မြစ်ရေထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့၏ ဥက္ကဋ္ဌမှာ ဝန်ကြီးချုပ်ဟုဂ်္ဂပါယီဖြစ်သည်။ ဥက္ကဋ္ဌဟုဂ်္ဂပါယီက ကာနာကာတာဝန်ကြီးချုပ်အား အမိန့်ကိုလိုက်နာရန် ခေါ်ယူသတိပေးခဲ့ရသည်။

အောက်တိုဘာလ ၁၆ ရက်နေ့တွင် အိန္ဒိယကာကွယ်ရေးဝန်ကြီးက နှစ်နိုင်ငံနယ်နိမိတ်ရှိ အိန္ဒိယတပ်အင်အားကို လျှော့ချသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ကက်ရှ်မီးယားရှိ ထိန်းချုပ်ရေးမျဉ်းကြောင်းရှိတပ်များကိုမူ ဆက်လက်ထားရှိမည်ဖြစ်ကြောင်းကြေညာခဲ့သည်။ ပါကစ္စတန်ကလည်း နှစ်နိုင်ငံနယ်နိမိတ်ရှိတပ်များကို ငြိမ်းချမ်းရေးကာလတည်နေရာများသို့ ပြန်ဆုတ်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

နိုဝင်ဘာလ ၃ ရက်နေ့တွင် ဂျမ္မူ-ကက်ရှ်မီးယားပြည်နယ်တွင် ကွန်ဂရက်-မွတ်ဆလင် ပါတီမဟာမိတ်အဖွဲ့က အစိုးရအာဏာကို လွှဲပြောင်းရယူခဲ့သည်။ မဟာမိတ်အဖွဲ့သည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှုဆောင်ရွက်ခဲ့သည်။ သို့သော်ခွဲထွက်ရေးသမားများက အကြမ်းဖက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိကြသည်။ ဂျမ္မူးဒေသရှိ ဟိန္ဒူဘုရားဖူးခရီးသည် လာရောက်လေ့ရှိရာ ဟိန္ဒူဘုရားကျောင်းကို အစွန်လာမ်စစ်သွေးကြွများက နိုဝင်ဘာလ ၂၄ ရက်နေ့တွင် စီးနင်းသိမ်းပိုက်ထားခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့များက ထိုဘုရားကျောင်းကိုပြန်လည်သိမ်းယူနိုင်ခဲ့သည်။ ဤဖြစ်ရပ်တွင် စစ်သွေးကြွနှစ်ဦးအပါအဝင်လူပေါင်း ၁၂ ယောက်သေဆုံးပြီး ၅၀ ကျော်ဒဏ်ရာရခဲ့သည်။ ဤဖြစ်ရပ်ကို ပါကစ္စတန်အခြေစိုက်အစွန်လာမ်စစ်သွေးကြွများက ပြုလုပ်ခြင်းဖြစ်သည်ဟု အိန္ဒိယအစိုးရက စွပ်စွဲခဲ့သည်။

ဦးခင်မောင်မြ

အက္ခရာစဉ်အညွှန်း
မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၂၀၀၃)

ဤမြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ပါဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်းဖတ်ရှုလေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ လွယ်လင့်တကူ အလျင်အမြန်ရှာဖွေလိုပါကလည်း အက္ခရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏အမည်ကို ဖတ်ရှုနိုင်သည့်ဆိုင်ရာစာမျက်နှာအမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။

က

ကလပ်, ဟီလင် ၂၀၁၊ ၃၀၆။
ကာတာ, ဂျင်မီ ၂၇၄။
ကာဝါဂူချီ, ၂၀။
မစ္စယိုရီကိုကာဝါ
ကု(တ်)ဝါးလ်ဒ်ဟိုင်း(မ်) ၁၁၄။
ကုလသမဂ္ဂ ၁၁၀-၁၁၅။
ပိုစတာပြပွဲ
ကုအိဇုမိ,ဂျွန်နီချီရိ ၂၊၄၊၁၁၊၁၈၊ ၁၃၈။
ကေအင်ကား၊ ၁၄၃။
ဒေါက်တာ
ကိုဖီအန်နန် ၁၆၊ ၂၄၊ ၁၁၁၊ ၁၁၄၊ ၂၇၇၊ ၂၉၃၊ ၂၉၅။
ကက်စထရို,ဖီဒယ် ၅၊ ၁၀၊ ၂၇၃၊ ၂၇၄။
ကင်ဒေးဂျုံ ၁၈။
ကမ္ဘာ့ဆရာများနေ့ ၁၁၅၊ ၁၁၉။
ကမ္ဘာ့ဆီးချို သွေးချို ၁၁၉-၁၂၁။
ကာကွယ်ထိန်းသိမ်း
ရေးနေ့ အခမ်းအနား
ကျုံရုံကျိ ၁၀၊ ၂၈၊ ၁၄၇၊ ၁၄၈။
ကျော်စိန်၊ ၁၁၈။
ဒေါက်တာ
ကျန်ဇီမင်း ၁၀၊ ၁၆၊ ၂၀၊ ၁၃၅၊ ၁၄၄၊ ၁၄၅၊ ၁၅၀၊၂၁၀၊ ၃၀၄။
ကွယ်လွန်သူ ၁၂၁၊ ၁၂၄၊
ထင်ရှားသောပုဂ္ဂိုလ်များ ၁၂၉။

ခ

ခင်ညွှန့်၊ ဒုတိယ ၁-၃၊ ၅-၇၊ ၉၊
ဗိုလ်ချုပ်ကြီး ၁၀၊ ၁၂၊ ၁၃၊
(ယခု ဗိုလ်ချုပ်ကြီး)၁၅-၁၈၊ ၂၀၊ ၂၁၊ ၂၃၊ ၂၅-၂၉၊ ၃၁၊ ၃၂၊ ၁၁၀၊ ၁၁၂၊ ၁၁၄-၁၁၈၊ ၁၆၇၊ ၂၃၃၊ ၂၃၄၊ ၂၅၄၊ ၂၅၅၊ ၂၈၉၊ ၂၉၀။
ခမာဝုဓ၊ ဘဒ္ဒန္တ ၁၂၉၊ ၁၃၀။

ဂ

ဂုဏ်ထူးဆောင် ၁၃၀-၁၃၂။
ဘွဲ့များဂုဏ်ထူးဆောင်
တံဆိပ်များ (၂၀၀၂)
ဂုဏ်ဝင်း ၁၃၂၊ ၁၃၃။
ဂျာနင်ဒရာ ၁၀၊ ၁၈။
ဂျာမနီနိုင်ငံ ၁၃၃-၁၃၈။
ဂိုချောက်တောင် ၁၃၉၊ ၁၄၂။

င

ငုယင်ဗန်ဆန် ၂၁၀။

စ

စတိုင်ဂျာ,ရော့ ၁၂၅။
စာပေနှင့်သုတ ၉၂-၁၀၁။
ဆိုင်ရာစာတမ်း
ဖတ်ပွဲများ(၂၀၀၂)
စင်ကာပူနိုင်ငံ ၁၃၈၊ ၁၄၂။
စိန်မာဒင် ၁၆၅။
စိန်အောင်မင်း ၁၆၆။

ဆ

ဆချီဒနန္ဒာ,ဆွာမိ ၁၂၅။
ဆာဂျီအီဗန်နော့ဗ် ၂၆၆။
ဆက်ဒမ်ဟူစိန် ၂၉၃၊၂၉၆။
ဆန်းလွင်၊ ဦး ၁၄၂၊ ၁၄၄။
ဆယ့်လေးကြိမ်မြောက် ၇၂-၈၁။
အားကစားပြိုင်ပွဲနှင့်
မြန်မာ

ဇ

ရှာဖရူလာခန် ၁၉၅။
ဂျမာလီ
ဇီယာအူးလ်ဟပ် ၁၉၅။

ည

ညပ်ကြီး ၁၆၄။

တ

တရုတ်ပြည်သူ့ ၁၄၄-၁၅၀။
သမ္မတနိုင်ငံ
တက္ကသိုလ်ဘုန်းနိုင် ၁၅၁-၁၅၃။
တင်ထွန်းဦး၊ဒေါက်တာ ၁၈၁။
တင်ဘုန်းနွယ်၊ ဒေါ် ၂၃၅။
တင်မောင်၊ သူရဦး ၁၅၃၊ ၁၅၄။
တင်အေးကြည်၊ဒေါ် ၁၅၄၊၁၅၅။
တောင်အာဖရိက ၁၅၅-၁၅၈။
တန်ကြားရွှန် ၁၄။
တန်ယောင်မင်း ၁၄၇။

ထ

ထရန်ဗီလီ ၁၁၃။
ထရန်ဒတ်လောင် ၁၂၊ ၁၃၊ ၂၇၊ ၂၀၁၊ ၂၃၆။
ထီလာစစ်သူ ၁၈၁၊ ၁၈၂။
ထက်ထက်မိုးဦး ၅။
အကယ်ဒမီ
ထင်အောင်၊ဒေါက်တာ ၁၇၂။
ထိုင်းနိုင်ငံ ၁၅၈-၁၆၃။

ဒ

ဒလိုင်းလားမား ၁၅၀။
ဒံပေါက် ၁၆၄။
ဒက်စ်မွန်တူးတူး ၁၅၆။
ဒက်ဟစ်မားရှိုးလ် ၁၁၃။
ဒေါင်,ဗန်တီယင် ၁၂၅။
ဒစ်ချေနီ ၁၄၈၊ ၂၉၃။
ဓာတ်ဆံ ၁၆၄။
ဓာတ်ဆီ ၁၆၄။
ဓာတ်ရှင်၊ ဦး ၁၆၃-၁၆၆။
(ပကဘိုးဘိုးကြီး)

န

နေဝင်း၊ ဦး ၇၊၈။
နိုင်ငံတကာ ၁၆၇-၁၇၂။
စာတတ်မြောက်ရေးနေ့
နိုင်ငံတော်ပရိယတ္တိ ၁၀၂- ၁၀၈။
သာသနာ့တက္ကသိုလ်
ကြီးမှူး
နှစ်ငါးဆယ်ပြည့် ၁၇၂-၁၇၄။
ရန်ကုန်တက္ကသိုလ်
စိတ်ပညာဌာန
နှစ်ဆယ့်ငါးအုပ် ၁၇၄-၁၈၁။
မြောက် မြန်မာ့
စွယ်စုံကျမ်းနှစ်ချုပ်
နှစ်ဆယ့်တစ်ရာစု ၁၈၁၊ ၁၈၂။
စွမ်းဆောင်ရည်
ထူးချွန်ဆုရသူနှစ်ဦး
နန္ဒာမင်းခေါင် ၁၄၄။

ပ

ပခုက္ကူ၊ ဦးအုံးဖေ ၁၈၃- ၁၈၅။
စာပေဆု၊ ပညာ
ရည်ချွန်ဆုနှင့် ပခုက္ကူ
စာကြည့်တိုက်စာအုပ်ဆု
ပညာရေးစုံညီပွဲတော်၁၈၅-၁၉၁။
ပရိုခိုရော့ဗ်, ၁၂၅။
အလက်ဇန္ဒား
ပါကစ္စတန် ၁၉၁-၁၉၅။
ပါဝဲလ်,ကောလင်း ၁၂၊ ၂၇၅၊ ၃၁၃။
ပူတင်,ဗလာဒီမာ ၁၄၊ ၁၈၊ ၂၀၁၊ ၂၆၃။
ပဲရုဇ်, မက်စ် ၁၂၅။
ပန်တျာကြည်လင် ၁၆၅။
ပြင်သစ်နိုင်ငံ ၁၉၅-၁၉၉။

ဖ

ဖိလစ်ပိုင်နိုင်ငံ ၂၀၀-၂၀၅။
ဖူကူဒါ,ဘာကီယို ၁၃၈။
ဖူယာစတင်းဘွဲ့ဂ်, ၁၂၆။
ယိုရှင်းအဲဂွန်ဖူးအဲ့စ်ဖ်
ဖေအောင်၊ ဦး ၁၄၃။
ဖန်ဗန်ခိုင် ၁၁၊ ၂၀၆၊ ၂၀၇၊ ၂၀၉။
ဖျတ်စိန်၊ ကို ၁၆၄။

ဗ

ဗာနာရိ, ကျိုးဇက် ၁၁၁၊၁၁၄။
ဗဟ္ဂ်ပါယီ, ၁၀၊ ၃၀၊ ၃၂။
အတားလ်ဘီဟာရီ ၃၁၂၊ ၃၁၃။
ဗီယက်နမ်နိုင်ငံ ၂၀၅-၂၁၀။
ဗုဒ္ဓသာသနာတော် ၂၁၀-၂၁၇။
သန့်ရှင်းတည်တံ့
ပြန့်ပွားရေးဆောင်ရွက်
ချက်များ (၂၀၀၂)
ဗက်ဇယ်,ဟဲဟတ် ၁၂၆။

ဘ

ဘလဲ,တိုနီ ၂၃၊ ၁၉၉၊ ၂၉၃၊ ၃၁၃။
ဘလပ်စ်,ဘီလ် ၁၂၆။
ဘသောင်း၊ ဗိုလ်မှူး ၂၂၉။
ဘိခို့, အက်ဒွပ် ၁၂၆။
လာတီမာ
ဘုရှိ,ကျော့ဖဗလ္လ။ ၄၊ ၇၊ ၁၃၈၊ ၂၀၁၊ ၂၇၄၊ ၂၇၅။
ဘူးထရိုစ်ဂါလီ ၁၁၄။
ဘိုကေမောင် ၁၆၄။
ဘိုးအေး၊ ဒေါက်တာ ၂၄၅။
ဘက်ရှီးယား,တာရှင်း ၁၂၇။
ဘင်လာဒင်, ၂၈၅၊ ၂၈၆။
အိုစမာ
ဘဒ္ဒန္တသီလာနန္ဒာ ၂၁၆။
ဘိဝံသ၊ ဒေါက်တာ
ဘွန်ညန်ဘိုရာချစ် ၂၀၀။

မ

မရီနာဆာကား ၁၄၄။
မလေးရှားနိုင်ငံ ၂၁၇- ၂၂၁။
မဟာသီမိုဟာမက် ၁၂၊ ၂၁၊ ၂၁၇၊ ၂၁၈၊ ၂၃၆။
မီးထရောင်း ၁၉၉။
မူရာရက်ဖ်,ပါဗက်ဇ် ၂၊ ၁၀၊ ၁၃၊ ၂၀၊ ၂၉၊ ၁၉၁-၁၉၄။
မူးယစ်ဆေးဝါးနှင့် ၂၂၁-၂၂၈။
စိတ်ကိုပြောင်းလဲစေသော
ဆေးဝါးများအန္တရာယ်
တားဆီးကာကွယ်ရေး
(မြန်မာနိုင်ငံ) (၂၀၀၂)
မိုးကြည်၊ ဦး ၂၂၉။
(မေမြို့, မိုးကြည်)
မိုးပပအောင် ၂၁၇၊ ၂၁၉။
မိုးမမအောင် ၂၁၇-၂၁၉။
မင်ဒဲလား,နယ်ဆင် ၂၃၊ ၁၅၅။
မောင်အေး၊ ၄၊ ၈၊ ၁၁၊
ဗိုလ်ချုပ်ကြီး ၁၃၊ ၁၅၊ ၁၉၊
(ယခု ဒုတိယ ၂၃၊ ၂၄၊ ၃၀၊

ဗိုလ်ချုပ်မှူးကြီး) ၃၂၊ ၁၁၂။
မတ်ဆူး,ဂျက်စ် ၁၂၇။
မန္တလေးသိန်းဇော် ၁၆၆။
မယ်ဂါဝတီ ၄၊ ၃၀၃-၃၀၅၊
ဆိုကာနိုပူထရီ ၃၀၇၊ ၃၀၈။
မျိုးသန့်၊ ဦး ၁၈၃။
(မောင်ဆုရှင်)
မြတလေး ၁၆၅။
မြို့တော်အသံလွှင့် ၂၂၉-၂၃၂။
လုပ်ငန်း
မြန်မာနိုင်ငံ ၂၃၂-၂၃၅။
စာကြည့်တိုက်အသင်း
ဒုတိယအကြိမ်ညီလာခံ
မြန်မာနိုင်ငံတော်၊ ၂၃၆-၂၄၄။
ပြည်ထောင်စု
မြန်မာနိုင်ငံမိုးလေ ၂၄၄-၂၄၈။
ဝသ သတင်းရုပ်မြင်
သံကြားရိုက်ကူး ၂၄၄-၂၄၈။
ထုတ်လွှင့်မှု
မြန်မာနိုင်ငံ ၄၈-၅၇။
ရေကြောင်းပညာ
တက္ကသိုလ်
မြန်မာ့တိုင်းရင်းဆေး ၂၅၀-၂၅၃။
သမားတော်များ
ညီလာခံ
မြန်မာ့ပန်းဆယ်မျိုး ၂၅၃-၂၅၅။
အနုပညာပြပွဲ (၂၀၀၂)
မြန်မာ့ရုပ်ရှင် ၂၅၅-၂၅၇။
ထူးခွန်ဆု
မြန်မာ့သတင်းနှင့် ၈၂-၉၁။
ဆက်သွယ်ရေးနည်းပညာ
မြန်မာ့သမိုင်း ၂၅၇-၂၆၂။
မှတ်တိုင်ဖြစ်သော
ဆေးပညာလောက၏
အောင်မြင်မှုတစ်ခု
ယ
ယွန်းငဲ,ထရော့ဒါး ၁၂၇။
ရ
ရုရှားပြည်ထောင်စု ၂၆၂-၂၆၈။
ရိုမူဟွန် ၃၁။
ရောလ်စ်,ဂျွန် ၁၂၇။
ရည်ညွှန်းစာအုပ် ၆၄-၇၁။
များနှင့် မြန်မာ့
စွယ်စုံကျမ်းနှစ်ချုပ်၏
အခန်းကဏ္ဍ
ရန်ကုန်ပန်းခြံ ၅၈-၆၃။
ပန်းပုကျောင်းရွှေရတု
အထိမ်းအမှတ်
ပန်းခြံပန်းပုပြပွဲ
ရန်နီးဝိကရီမီဆင်ဂိ ၅။
ရမ်းစ်ဖဲလ်,ဒေါ်နယ်လ်၁၁၊ ၁၃၇။
ရှရှိဒါ ၁၃၅၊ ၁၃၆၊
၁၃၈။
ရှာရွန်,အေရီယယ် ၃။
ရှိရက် ၁၉၅-၁၉၈။
ရွှေတိဂုံစေတီတော် ၂၆၈-၂၆၉။
မော်ကွန်းမာတ်ပုံပြခန်း
ရွှေတိုင်ညွှန့် ၁၆၄။
ရွှေနန်းတင် ၁၆၆။
ရွှေမန်းကျော်အောင် ၁၆၅။
ရွှေမန်းတင်မောင် ၁၆၅။
ရွှေရတုပညာ ၃၄-၄၇။
ပညာတန်ဆောင်
လ
လော့ဒ်,ဝေါ်လတာ ၁၂၈။
လီဟန်ဒွန် ၁၀။
လူသားအကျိုးပြု ၂၆၉-၂၇၂။
မွေးနေ့အခမ်းအနား
လက်တင်အမေရိက ၂၇၂-၂၇၉။
လင်းယုန် ၂၇၉၊ ၂၈၀။
မောင်မောင်
လှမောင်၊ ဦး ၂၈၀။
(စာပေဗိမာန်)
ဝ
ဝေါ်လတာ,ဗာန္ဓန် ၁၂၈။
သ
သခင် ခင်ဇော် ၂၈၁-၂၈၃။
သက်ဆင်ရှင်နာဝပ် ၁၃၉၊ ၁၅၈၊
၁၅၉၊ ၁၆၂၊
၁၆၃။
သန့်၊ ဦး ၁၁၄။
သန်းဆွေ(ဒေါ်) ၂၈၃၊ ၂၈၄။
သန်းရွှေ၊ } ၁-၃၊ ၅၊ ၆၊
ဗိုလ်ချုပ်မှူးကြီး ၈-၁၃၊ ၁၆၊
၁၇၊ ၂၀၊ ၂၅၊
၂၇-၃၁၊ ၁၁၂၊
၁၆၉၊ ၁၇၀၊ ၂၃၆၊
၂၃၇၊ ၂၅၁၊ ၂၅၄။
ဟ
ဟာဗီးယားပီရက်ဇ် ၁၁၄။
ဒီကွေးလျား
ဟူကျင်တောင် ၁၈၊ ၁၄၂။
ဟွန်ဆန် ၂။
အ
အမေရိကန် ၂၈၄-၂၈၉။
ပြည်ထောင်စု
အမျိုးသားစာပေဆု ၂၈၉-၂၉၂။
စာပေဗိမာန်စာမူဆု၊
တစ်သက်သာစာပေဆု
အရှေ့အလယ်ပိုင်း ၂၉၂-၂၉၇။
ဒေသ
အာဆီယံလူငယ် ၂၉၇-၃၀၂။
ချစ်ကြည်ရေးစခန်း
ချပွဲ (၂၀၀၂)
အာလက်ဂျ်,ရွှန်နီ ၁၂၈။
အာရှိယို, ၁၆၊ ၂၀၀-၂၀၂၊
ဂလိုရီယာ ၂၀၄။
မကာပါဂါး
အင်ဂျင်နီယာ ၃၀၂၊ ၃၀၃။
လုပ်ငန်းထူးချွန်ဆု
အင်ဒိုနီးရှားနိုင်ငံ ၃၀၃-၃၀၉။
အောင်မောင်း၊ ဦး ၁၆၄။
အောင်မြင့်၊ ဦး ၃၀၉-၃၁၂။
အိန္ဒိယနိုင်ငံ ၃၁၂-၃၁၇။
အမ်ဘရော့စ်, ၁၂၉။
စတီဖန်

၂၅၉၁၈

မြန်မာ့
စွယ်စုံကျမ်း
နှစ်ချုပ်



၂၀၀၃